စေဒခေတ်

မှ

ဗုဒ္ဓခေတ်တိုင်အောင်

အတ္ထဝါဒမှ အနတ္တဝါဒသို့

ခရီးစဉ်

ဦးဇွေအောင်

မဟာဝိဇ္ဇာ (သက္ကဋ)

ဝဠုံသကာနှင့် သီဇရောမကို

သာသနာ ၂၅၂၉ ကောဇာ ၁၃၄၇ ခရစ် ၁၉၀၃

ဝေဒခေတ်

မှ

ဗုဒ္ဓခေတ်တိုင်အောင်

အတွင်းမှ အာနာပါနဿတိ ခရီးစဉ်

ဦးဇွေအောင်

မဟာဝိဇ္ဇာ (သက္ကဋ)

ဝဠုံသကာနှင့် သိရောမဏိ



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာနပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၁၂၉ ကောဇာ ၁၃၇၂ ခရစ် ၁၉၀၆

ရန်ကုန်မြို့ ကမ္ဘာအေး သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ဝ၂၄၀၅/ဝ၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

အတ္ထဝါဒမှ အနတ္ထဝါဒသို့

ခရီးစဉ်



မာတိကာ

	အကြောင်းအရာ		စာမျက်နှာ
၁။	ရှေးဦးအမှာ	....	(ခ)
၂။	နိဒါန်း	....	(ဌ)
	အပိုင်း (၁)		
	ဗုဒ္ဓခေတ်မတိုင်မီ ကိုးကွယ်ယုံကြည်မှုများ		
	အခန်း (၁)		
	ဝေဒနှင့် ဗြာဟ္မဏဝါဒ		
၃။	ကိုးကွယ်ယုံကြည်မှု	....	၃
၄။	ဘာသာတရား၏ အာသင်္(၂)မျိုး	....	၇
၅။	ဝေဒခေတ် ကိုးကွယ်ယုံကြည်မှု	....	၈
၆။	ဓမ္မ (၄)ပုံ	....	၁၁
၇။	ဒဿနသဘောတရားများ	....	၁၄
၈။	ဗြာဟ္မဏခေတ် ကိုးကွယ်ယုံကြည်မှု	....	၁၆
၉။	ဗြာဟ္မဏကျမ်းများ	....	၁၇
၁၀။	လူများစု ကိုးကွယ်ယုံကြည်မှု	....	၂၅

စဉ်　　အကြောင်းအရာ　　စာမျက်နှာ

အခန်း (၂)

အာရုဏကနှင့် ဥပနိသျှဒ်ဝါဒ

၁၁။ အာရုဏကခေတ်နှင့် ဥပနိသျှဒ်ခေတ်
ကိုးကွယ်ယုံကြည်မှု ၃၀
၁၂။ ဝေဒ၊ ဗြာဟ္မဏ၊ အာရုဏကနှင့် ဥပနိသျှဒ်ကျမ်းတို့၏
တူညီသော ရည်ရွယ်ချက် ၃၅
၁၃။ အာရုဏကကျမ်းများ ၃၈
၁၄။ ဒုက္ခသဘောတရား ၃၉
၁၅။ ဥပနိသျှဒ်၏ ဒုက္ခအမြင် ၄၄
၁၆။ ဒုက္ခ၏အကြောင်း ၄၆
၁၇။ ဗြဟ္မဉနှင့် ဖလဂတရား (၂)မျိုး ၄၈
၁၈။ အဝိဇ္ဇာ ၅၀
၁၉။ အဝိဇ္ဇာဝါဒ (၅)မျိုး ၅၂
၂၀။ အာတ္မချာတိဝါဒ(အစ္ဆတ္တသိဝါဒ) ၅၂
၂၁။ အသက်ချာဝတိဝါဒ(မရှိသိဝါဒ) ၅၅
၂၂။ အချာတိဝါဒ (မသိဝါဒ) ၅၆
၂၃။ အညထာချာတိဝါဒ (အမှန်မသိဝါဒ) ၅၈
၂၄။ အနိုပ္ပစနိယဝါဒ(ရှင်းပြ၍ မရသိဝါဒ) ၆၀
၂၅။ ဒုက္ခ၏ ချုပ်ငြိမ်းရာ(ဗြဟ္မဉ) ၆၂
၂၆။ ဗြဟ္မဉ၏ သဘာဝများ ၆၈
၂၇။ စိတ်၊ ဉာဏ်၊ ဝိညာဏ် ၇၀
၂၈။ ဘဝ ၇၃

မာတိကာ (ကို)

စဉ် အခြားအထူ စာမျက်နှာ

၂၉။ အရှိ ၂၃
၃၀။ အသိ ၂၄
၃၁။ အာနန္ဒ(ချမ်းမြေ့ခြင်း) ၂၅
၃၂။ အတ္တနှင့် ဇီဝ ၂၆
၃၃။ ဗြဟ္မာဖြစ်ကြောင်းနည်းလမ်း ၂၇
၃၄။ လမ်းစဉ် (၃)ချို့ ၂၄
၃၅။ ကမ္မယောဂ ၂၄
၃၆။ ဘတ္တိယောဂ ၂၉
၃၇။ ဉပါသနာ(ဆည်းကပ်ခြင်း) ၉၁
၃၈။ ဉာဏယောဂ ၉၂
၃၉။ ကမ္မယောဂကို ပြုပြင်အသုံးပြုခြင်း ၉၅
၄၀။ ယင်ပူဇော်မှုမှ လမ်းစဉ် (၃)ခု ခွဲထုတ်ခြင်း ၉၆
၄၁။ လောကသဘောတရား ၉၇
၄၂။ လောကလွန်သဘောတရား ၉၉
၄၃။ မဟာဝါကျ (၄)ဝါကျ ၁၀၀
၄၄။ ပထမ မဟာဝါကျ ၁၀၁
၄၅။ ဒုတိယ မဟာဝါကျ ၁၀၂
၄၆။ တတိယ မဟာဝါကျ ၁၀၃
၄၇။ စတုတ္ထ မဟာဝါကျ ၁၀၅
၄၈။ အသိနှင့်အဖြစ် ထပ်တူဖြစ်ခြင်း ၁၀၉
၄၉။ ချမ်းသာခြင်း ၁၁၂
၅၀။ လောကနှင့် မောက္ခ ၁၁၂

စဉ်	အကြောင်းအရာ			စာမျက်နှာ
	အခန်း (၅)			
	တိတ္ထိယဆရာကြီး (၆)ယောက်			
၈၆။	ပူရဏကဿပ	....	....	၁၈၈
၈၇။	သစ္စာ(၃)မျိုး	....	....	၁၉၂
၈၈။	အာကုသိုလ်သစ္စာ	....	....	၁၉၂
၈၉။	ကုသိုလ်သစ္စာ	....	....	၁၉၇
၉၀။	ကြိယာသစ္စာ	....	....	၁၉၉
၉၁။	မက္ခလိဂေါသာလ	....	....	၂၀၃
၉၂။	နိဂဏ္ဌတီ(သတ်မှတ်ချက်)	....	....	၂၀၅
၉၃။	သင်္ကတီ(ပေါင်းဆုံမှု)	....	....	၂၀၅
၉၄။	ဘဝ(ဖြစ်ပေါ်မြင်း)	....	....	၂၀၆
၉၅။	ပြုပြင်ပြောင်းလဲ၍ မရသောအပိုင်း(ဝတ္ထုတန်ဆာ)	....		၂၀၇
၉၆။	ပြုပြင်ပြောင်းလဲ၍ ရသောအပိုင်း(ပုဂ္ဂိုလ်တန်ဆာ)	....		၂၀၈
၉၇။	အဇိတကေသကမ္ဗလ	....	....	၂၁၅
၉၈။	ဘဝအာသိ (၅)မျိုး	....	....	၂၁၉
၉၉။	ရုပ်ပိုင်းဆိုင်ရာ ဘဝအာသိ	....	....	၂၁၉
၁၀၀။	ခံစားမှုပိုင်းဆိုင်ရာ ဘဝအာသိ	....	....	၂၂၀
၁၀၁။	မှတ်သားမှုပိုင်းဆိုင်ရာ ဘဝအာသိ	....	....	၂၂၁
၁၀၂။	ပြုပြင်မှုပိုင်းဆိုင်ရာ ဘဝအာသိ	....	....	၂၂၁
၁၀၃။	သိမှုပိုင်းဆိုင်ရာ ဘဝအာသိ	....	....	၂၂၃
၁၀၄။	ပဂုဏ်ကစ္စာယန	....	....	၂၂၅
၁၀၅။	သဉ္စယဗေလဋ္ဌပုတ္တ	....	....	၂၂၆
၁၀၆။	နိဂဏ္ဌနာဋပုတ္တ	....	....	၂၃၂

စဉ် ဏာကြောင်းအစု စာမျက်နှာ

အပိုင်း (၃)

ဗုဒ္ဓခေတ် ကိုးကွယ်ယုံကြည်မှုများ

အခန်း (၆)

ဝိပဿနာ

၁၀၇။ စစ်မှန်သော ချမ်းသာသုခ ၂၃၃
၁၀၈။ ကျင့်စဉ်များ ၂၄၁
၁၀၉။ ကာမသုခလွတ်ကျင့်စဉ် ၂၄၁
၁၁၀။ အတ္တကိလမထကျင့်စဉ် ၂၄၃
၁၁၁။ မဇ္ဈိမပဋိပဒါကျင့်စဉ် ၂၅၁
၁၁၂။ ကာမသုခလွတ်နှင့် အတ္တကိလမထရှထောင့် ၂၅၃
၁၁၃။ အဇ္ဈတ္တနှင့် ဗဟိဒ္ဓရှုထောင့် ၂၅၄
၁၁၄။ အာရမ္မဏာနုသယနှင့် သန္တာနာနုသယရှထောင့် ၂၅၈
၁၁၅။ အာဂုံနှင့် အာရမ္မဏိကရှထောင့် ၂၆၁
၁၁၆။ ဘဝနှင့် ပတ်ဝန်းကျင်ရှဆောင့် ၂၆၂
၁၁၇။ ဂဟ်တားနှင့် ကံရှထောင့် ၂၆၃
၁၁၈။ ပဝတ္တနှင့် နိဗ္ဗတ္တရှထောင့် ၂၆၃
၁၁၉။ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာရှထောင့် ၂၆၄
၁၂၀။ အဝိဇ္ဇာနှင့် တဏှာရှထောင့် ၂၆၇
၁၂၁။ ဇာနုမာနရှထောင့် ၂၇၀
၁၂၂။ ပစ္စက္ခရှထောင့် ၂၇၂
၁၂၃။ သင်္ခိတ္တရဏရှထောင့် ၂၇၅
၁၂၄။ ကုသိုလ်နှင့် မဟဂ္ဂုသိုလ်ရှထောင့် ၂၇၇
၁၂၅။ ကိစ္စ (၄)ချက် ၂၈၅
၁၂၆။ ဟင်းချက်နည်းဥပမာ ၂၈၆

(က) အတွဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁၂၇။	ဝိပဿနာဉာဏ်စဉ်များ	....	၂၀၈
၁၂၈။	အရှိန့်အသိ	....	၂၉၀
၁၂၉။	ဝိပဿနာဉာဏ်စဉ်များ၏ ပဓာနကိစ္စများ	....	၂၉၁
၁၃၀။	ဒုက္ခသစ္စာကို ပိုင်းခြားမှတ်သိခြင်း	....	၂၉၂
၁၃၁။	သမုဒယသစ္စာကို ပယ်စွန့်ခြင်း	....	၂၉၃
၁၃၂။	မဂ္ဂသစ္စာကို ပွားများခြင်း	....	၂၉၅
၁၃၃။	နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း	....	၂၉၇
၁၃၄။	ဂေါတြဘုဉာဏ်	....	၂၉၉
၁၃၅။	မျက်မှောက်ပြုခြင်း(သစ္ဆိကရဏ)	....	၃၀၀
၁၃၆။	လောကသိ	....	၃၀၃
၁၃၇။	သန္ဓတိဿန (ကာလအားဖြင့်တခုတည်း)	....	၃၀၃
၁၃၈။	သမ္မဟဿန(ဒေသအားဖြင့်တခုတည်း)	....	၃၀၄
၁၃၉။	ကိစ္စဿန(ကြိယာအားဖြင့်တခုတည်း)	....	၃၀၅
၁၄၀။	အာရမ္မဏဿန(အဆုံဝတ္ထုအားဖြင့်တခုတည်း)	....	၃၀၅
၁၄၁။	လောကဆဘာဝ	....	၃၀၈
၁၄၂။	ဗုဒ္ဓခေတ်၏ အမြင်သစ်	....	၃၁၃

အခန်း (၇)

သမထ

၁၄၃။	ဝိပဿနာ၏ ရှေးဦးလုပ်ငန်းများ	....	၃၁၉
၁၄၄။	သတိပဋ္ဌာန်ဒေသနာ	....	၃၂၅
၁၄၅။	ထုက်သက်ဝင်သက်ရှုနည်း	....	၃၂၆
၁၄၆။	ရေတွက်၍ မှတ်နည်း(ဂဏနာ)	....	၃၂၉
၁၄၇။	မရေတွက်ပဲ မှတ်နည်း(အနုဗန္ဓနာ)	....	၃၂၈

စဉ်	အကြောင်းအရာ		စာမျက်နှာ
၁၄၈။	ထိသိနည်း(ဖုသနာ)	....	၃၂၈
၁၄၉။	အာနာပါန(၄)စတုက္က	....	၃၃၀
၁၅၀။	ပထမစတုက္က	....	၃၃၀
၁၅၁။	နည်း (၁)	....	၃၃၁
၁၅၂။	နည်း (၂)	....	၃၄၁
၁၅၃။	သမ္မဇည(၄)ပါး	....	၃၄၅
၁၅၄။	သာတ္ထကသမ္မဇည	....	၃၄၅
၁၅၅။	သပ္ပါယသမ္မဇည	....	၃၄၆
၁၅၆။	ဂေါစရသမ္မဇည	....	၃၄၇
၁၅၇။	အသမ္မောဟသမ္မဇည	....	၃၄၇
၁၅၈။	နည်း (၃)	....	၃၄၈
၁၅၉။	နည်း (၄)	....	၃၅၀
၁၆၀။	နီမိတ်များ	....	၃၅၃
၁၆၁။	ပရိကမ္မနိမိတ်	....	၃၅၃
၁၆၂။	ဥဂ္ဂဟနိမိတ်	....	၃၅၃
၁၆၃။	ပဋိဘာဂနိမိတ်	....	၃၅၅
၁၆၄။	နိမိတ်များထင်ပုံ	....	၃၅၇
၁၆၅။	ဝိပဿနာဘက် ကူးနည်းများ	....	၃၅၈
၁၆၆။	လက္ခဏာများ	....	၃၆၂
၁၆၇။	ရုပ်နာမ်သိ	....	၃၆၄
၁၆၈။	လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်	....	၃၆၅
၁၆၉။	နိဗ္ဗာန်	....	၃၇၄
၁၇၀။	ကာယကံရှင်	....	၃၈၀
၁၇၁။	လောကသိန့် လောကုတ္တရာသိ	....	၃၈၄

အခန်း (၈)

လောကတရားများ

၁၇၂။ လူသား ၃၀၇
၁၇၃။ အရှိတရား(၂)မျိုး ၃၀၉
၁၇၄။ သက်ရောက်အား(၂)မျိုး ၃၁၂
၁၇၅။ အာသဝ ၃၁၆
၁၇၆။ သြဃ ၃၁၇
၁၇၇။ ယောဂ ၃၁၀
၁၇၈။ ဂန္ထ ၃၁၃
၁၇၉။ ဥပါဒါန် ၃၁၅
၁၈၀။ ပုဂ္ဂိုလ်(၃)မျိုး ၃၁၉
၁၈၁။ အနုသယကိလေသာ ၃၂၂
၁၈၂။ သံယောဇဉ် ၃၂၅
၁၈၃။ နီဝရဏ ၃၂၇
၁၈၄။ ဆန့်ကျင်ဘက်တို့၏ ပေါင်းစည်းရာ ၃၂၈
၁၈၅။ စျာန် ၃၂၉
၁၈၆။ ဗိုလ် ၃၃၉
၁၈၇။ အဓိပတိ ၃၄၀
၁၈၈။ ဗောဓပက္ခိယတရားများ ၃၄၁
၁၈၉။ သတိပဋ္ဌာန် ၃၄၂
၁၉၀။ သမ္မပ္ပဓာန် ၃၄၄
၁၉၁။ ဖြစ်ပြီးသော အကုသိုလ်ဒုစရိုက်တို့ကို
ပယ်ရန် အားထုတ်မှု ၃၄၅
၁၉၂။ မဖြစ်ဖူးသေးသော အကုသိုလ်
ဒုစရိုက်တို့ကို မဖြစ်ပေါ်စေရန် အားထုတ်မှု ၃၄၇

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁၉၃။	မဖြစ်ပူးသေးသော ကုသိုလ်တရားများကို ဖြစ်ပေါ်စေရန် အားထုတ်မှု	၄၂၈
၁၉၄။	ဖြစ်ပြီးသော ကုသိုလ်တို့ကို အဆင့်ဆင့်ပွားများစေရန် အားထုတ်မှု	၄၃၀
၁၉၅။	ဣဒ္ဓိပါဒ်	၄၃၀
၁၉၆။	ဣန္ဒြေနှင့် ဗိုလ်	၄၃၁
၁၉၇။	ဗေဇ္ဈင်	၄၃၃
၁၉၈။	မဂ္ဂင်	၄၃၈
၁၉၉။	အကျိုးတရားများ	၄၄၃
၂၀၀။	တန်ဖိုး၏ အကြောင်းတရားများ	၄၄၇
၂၀၁။	ကာလသမ္မတ္တိ	၄၄၈
၂၀၂။	ဂတိသမ္မတ္တိ	၄၄၉
၂၀၃။	ဥပမိသမ္မတ္တိ	၄၄၉
၂၀၄။	ပယောဂသမ္မတ္တိ	၄၅၀
၂၀၅။	ချမ်းသာသုခရကြောင်း	၄၅၁
၂၀၆။	သန္တောသတရား(၃)ပါး	၄၅၅
၂၀၇။	ယထာလာဘသန္တောသ	၄၅၇
၂၀၈။	ယထာဗလသန္တောသ	၄၅၈
၂၀၉။	ယထာသာရုပ္ပသန္တောသ	၄၅၉

အပိုင်း (၄)

အထွေထွေ

အခန်း (၉)

အမြင်၊ အယူဝါဒ၊ ပမာဏများ

၂၁၀။ လူသားတို့၏ ကျင့်စဉ်များ ၄၆၁

၂၁၁။ မေတ္တာ ၄၆၂

၂၁၂။ ကရုဏာ ၄၆၃

၂၁၃။ မုဒိတာ ၄၆၄

၂၁၄။ ဥပေက္ခာ ၄၆၅

၂၁၅။ လောကအမြင်များ ၄၆၆

၂၁၆။ တတ္ထဒဿန ၄၆၇

၂၁၇။ ပမာဏဒဿန ၄၆၈

၂၁၈။ တက္ကဒဿန ၄၆၉

၂၁၉။ အာစာရဒဿန ၄၇၁

၂၂၀။ ရသဒဿန ၄၇၂

၂၂၁။ စရိတဒဿန ၄၇၄

၂၂၂။ အယူဝါဒများ ၄၇၆

၂၂၃။ အဝစ္ဆဒဝါဒ ၄၇၆

၂၂၄။ ပဋိဗမ္ဘဝါဒ ၄၈၁

စဉ်	အကြောင်းအရာ		စာမျက်နှာ
၂၂၅။	အာဘာဝသဝါဒ	....	၄၈၂
၂၂၆။	ဝိဝတ္တဝါဒ	....	၄၈၄
၂၂၇။	ပရိဏာမဝါဒ	....	၄၈၄
၂၂၈။	အနိဗ္ဗစနီယဝါဒ	....	၄၈၅
၂၂၉။	အဇာတဝါဒ	....	၄၈၆
၂၃၀။	စိတ္တဝိလာသဝါဒ	....	၄၈၈
၂၃၁။	မာယာဝါဒ	....	၄၉၀
၂၃၂။	သဿတဝါဒ	....	၄၉၂
၂၃၃။	ဥစ္ဆေဒဝါဒ	....	၄၉၃
၂၃၄။	ဝိဘဇ္ဇဝါဒ	....	၄၉၅
၂၃၅။	အတ္တဝါဒ	....	၄၉၇
၂၃၆။	အနတ္တဝါဒ	....	၅၀၃
၂၃၇။	သုညဝါဒ	....	၅၀၅
၂၃၈။	ကာမသုခလ္လိကာနုယောဂဝါဒ	....	၅၀၉
၂၃၉။	အတ္တကိလမထာနုယောဂဝါဒ	....	၅၁၀
၂၄၀။	မဇ္ဈိမပဋိပဒါဝါဒ	....	၅၁၁
၂၄၁။	ဝါဒအုပ်စု (၆)မျိုး	....	၅၁၃
၂၄၂။	ပမာဏမျှား	....	၅၁၃
၂၄၃။	ပစ္စက္ခပမာဏ	....	၅၁၄

စဉ်	အခေါင်းအရာ		စာမျက်နှာ
၂၄၄။	အနုမာနပမာဏာ	....	၅၁၅
၂၄၅။	ဥပမာနပမာဏာ	....	၅၁၆
၂၄၆။	သဒ္ဒပမာဏာ	....	၅၁၆
၂၄၇။	အတ္ထာပတ္တိပမာဏာ	....	၅၁၈
၂၄၈။	အနုံပလဒ္ဓိပမာဏာ	....	၅၁၉
၂၄၉။	သမ္ဘဝပမာဏာ	....	၅၂၀
၂၅၀။	ဧတိဟျပမာဏာ	....	၅၂၁
၂၅၁။	သစ္ဆိကရဏပမာဏာ	....	၅၂၂
၂၅၂။	နိဂုံး	....	၅၂၃
၂၅၃။	ကျမ်းကိုးစာရင်း	....	၅၂၉
၂၅၄။	မှတ်သားဖွယ်အကွာရာစဉ်	....	၅၃၁

ရှေးဦးအမှာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဤစာအုပ်တွင် မူရင်းသက္ကဋ္ဌအက္ခရာများကို မြန်မာအက္ခရာများဖြင့် ဖလှယ်ထားပါသည်။ ဖတ်ရာ၌ အောက်ပါအတိုင်း အသံထွက် ဖတ်ရှုရန် ဖြစ်ပါသည်—

ယေဘုယျမူ

(က) ရ-ရစ်ကို ..... ရ-အသံဖြင့်၊

(ခ) အသတ်ကို ..... မတြာဝဝက်အသံဖြင့်၊

(ဂ) စ-ဝဂ်ကို ..... အစဉ်အဘိုင်း ကျ၊ ချ၊ ဂျ၊ ဃျ-အသံဖြင့်၊

(ဃ) ဂ-ကို ..... ရှ-အသံဖြင့်၊

(င) ဖ-ကို ..... ရှ-အသံဖြင့်၊

(စ) သ-ကို ..... ဆ-အသံဖြင့်၊

(ဆ) ဇ-ဆွဲကို ..... ရီ (သို့မဟုတ်) ရှ-အသံဖြင့်၊

(ဇ) အက္ခရာအထက်ရှိ

သဝေဆိုးကို .....မတြာဝဝက် "ရ်" အသံဖြင့်-

အသံထွက်ဖတ်ရှုရန် ဖြစ်ပါသည်။

အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

ပုံစံများ

စာလုံးပေါင်း		အသံထွက်
–ပြဂတ	.....	ပရဂတ
–စိတ်	.....	ကျိ (တ်)
–ကုတ	.....	ကရိတ (သို့မဟုတ်) ကရုတ
–ဓမ်	.....	ဓ(ရ်) မ
–ပြဝတ်ဓန္တ	.....	ပရဝ(ရ်)တ ဓန္တ
–ဆုတ	.....	ဆမရိတ (သို့မဟုတ်) ဆမရုတ
–ကုတ္ပ	....	ကရိတ္ပ (သို့မဟုတ်) ကရုတ္ပ
–ဂကွတ်	....	ဂ္ဂ(က်)တိ
–ဝိဖယ	....	ဝိရှယ
–ယသ္မ	.....	ယ(ဆ်)ယ
–သတ်	....	ဆ (တ်)

နိဒါန်း

လူသမိုင်းတွင် ဘာသာယဉ်ကျေးမှုအာရ ဒါနမှုပြုကြသည်မျှားလည်း ရှိပါသည်။ သီလမှုပြုကြသည်မျှားလည်း ရှိပါသည်။ ဘာဝနာမှုပြုကြသည်မျှားလည်းရှိပါသည်။သို့ထုတွင် ထိုကဲ့သို့ဒါနမှုပြုကြခြင်း၊သီလမှုပြုကြခြင်း၊ ဘာဝနာမှုပြုကြခြင်းမျှားသည် ဗုဒ္ဓခေတ်မတိုင်မီကာလနှင့် ဗုဒ္ဓခေတ်ကာလ တို့တွင် လုပ်ငန်းအသွင်အားဖြင့် အချင်းချင်းတူညီကြစေကာမူ သဘော အားဖြင့် ခြားနားမှုရှိကြပါသည်။

ဗုဒ္ဓခေတ်မတိုင်မီကာလတွင် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို ပြုကြ ထုံ့ အစွန်းတဘက်လွတ်ပြုနည်းဖြင့် ပြုကြပြီး ဗုဒ္ဓခေတ်ကာလတွင်မူ အစွန်းနှစ်ဘက်လွတ်ပြုနည်းဖြင့် ပြုကြပါသည်။ အစွန်းတဘက်လွတ်ပြုနည်းကို ကာမသုခလွှဲကာနုယောဂဟူ၍ ဖြစ်စေ၊ အတ္တကိလမထာနုယောဂဟူ၍ဖြစ်စေ သင့်သလို အမည်တမျိုးမျိုးဖြင့်သတ်မှတ်ပြီး အစွန်းနှစ်ဘက်လွတ်ပြုနည်းကိုမူ မဇ္ဈိမပဋိပဒါဟူ၍ ဆိုတ်မှတ်ပါသည်။

အစွန်းတဘက်လွတ်ပြုနည်းသည် အတ္တကို အခြေခံ၍ ပြုသည်နည်း ဖြစ်ပါသည်။ အတ္တကိုအခြေခံသောအခါ ပရသည် မလွဲသာမရှောင်သာ ပေါ်လာရပါသည်။ အတ္တနှင့်ပရဟူ၍ (၂)မျိုးကွဲပြားသွားသည်နှင့်တပြိုင်နက် ချစ်ခြင်းနှင့် မုန်းခြင်းတည်းဟူသော အစွန်း (၂) ခုသည်လည်း မလွဲသာမရှောင်သာပေါ်လာရပြန်ပါသည်။ အလိုပြည့်လျှင် ချစ်ခြင်းအစွန်းပေါ်လာပြီး အလိုမပြည့်လျှင် မုန်းခြင်းအစွန်း ပေါ်လာပါသည်။

အတ္တနှင့်စပ်၍ ယုတ္တိဗေဒရှုထောင့်မှ အာဘိဓမ္မာဆရာ ဓမ္မကိတ္တိ. က–

အာဝတ္တနီ သတိ ပရသညာ၊ သင်္ခပရဝိဘာဂါတ် ပရိဂြဟဒ္ဒေဖေါ်။

အာဝတ္တနီ၊ အတ္တသည်။ သတိ၊ ရှိသော်။ ပရသညာ၊ မိမိမှ တပါးဟူသော သညာသည်။ သျှာတ်၊ ဖြစ်ရာ၏။ သင်္ခပရဝိဘာ-

ဂါတ်၊ မိမိနှင့် သူတပါးဟူ၍ ကဲ့ပြားသွားခြင်းကြောင့်။ ပရိဂြ-
ဟဒဋ္ဌမေါ်၊ ချစ်ခြင်းနှင့် မုန်းခြင်းတည်းဟူသော အစွန်းနှစ်မျိုး
တို့သည်။ သျှောတာဝမ်၊ ဖြစ်ကုန်ရာ၏-
ဟူ၍ မိန့်ခဲ့ပါသည်။

"မိမိ"မှ တပါး "အခြား" ၌နေသေးလျှင် ချစ်ဖွယ်-ဟု နှလုံးသွင်း
မိပါက စိတ်နှလုံးသာယာမည်။ မုန်းဖွယ်-ဟု နှလုံးသွင်းမိပါက စိတ်နှလုံး
မသာမယာဖြစ်မည်။ ဤသည်မှာ ဓမ္မတာဖြစ်ပါသည်။ ကံသစ်များ
နောက်ထပ်ရရှိရေးအတွက် ကာမသုခလွှိကာနုယောဂ (ရယူရေး)ကျင့်စဉ်
ဖြင့် ကျင့်ရာ၌လည်း ချစ်ခြင်းနှင့်မုန်းခြင်းတည်းဟူသော အစွန်း(၂)ဘက်
မှ ရှောင်လွှဲ၍မရကောင်းပါ။ ကံဟောင်းများကုန်ခန်းရေးအတွက် အတ္တ-
ကိလမထာနုယောဂ (စွန့်လွှတ်ရေး)ကျင့်စဉ်ဖြင့် ကျင့်ရာ၌လည်း ချစ်ခြင်း
နှင့်မုန်းခြင်းတည်းဟူသော အစွန်း(၂)ဘက်မှ ရှောင်လွှဲ၍ မရကောင်းပါ။

ထို့ကြောင့် ထိုလမ်းစဉ်(၂)ရပ်တို့သည် မုန်းခြင်းအစွန်းမှ လွှတ်လျှင်
ချစ်ခြင်းအစွန်း၌ တည်ပါမည်။ ချစ်ခြင်းအစွန်းမှ လွှတ်လျှင် မုန်းခြင်း
အစွန်း၌ တည်ပါမည်။ အစွန်းနှစ်ဘက်တို့တွင် အစွန်းတဘက်ဘက်၌
တည်ပါမည်။ သို့ဖြစ်၍ ကာမသုခလွှိကာနုယောဂလမ်းစဉ်နှင့် အတ္တကိလ-
မထာနုယောဂလမ်းစဉ်တို့သည် အစွန်းတဘက်မှသာ လွှတ်အောင်ရှောင်
နိုင်ပြီး အစွန်းနှစ်ဘက်လုံးမှကား လွှတ်အောင် ရှောင်နိုင်ခြင်းမရှိကြပါချေ။
ဤသို့လျှင် မူလပဏ္ဏာသပါဠိတော်၊ ဓမ္မဒါယာဒသုတ်၌ ဟောကြားခဲ့
ပါသည်။

ဤနေရာ၌ အစွန်းဟူသည် မမှီဝဲအပ်သော သဘောအစုံဖြစ်ပါသည်။
ယင်းအစွန်းသည် ပဋိပတ်ရှုထောင့်မှကြည့်လျှင် ကာမသုခလွှိကာနုယောဂ
အစွန်းနှင့် အတ္တကိလမထာနုယောဂအစွန်းတို့ ဖြစ်ပါသည်။ ဝါဒရေးရာ
ရှုထောင့်မှကြည့်လျှင် သဿတဝါဒအစွန်းနှင့် ဥစ္ဆေဒဝါဒအစွန်းတို့ ဖြစ်ပါ
သည်။ အဘိဓမ္မာရှုထောင့်မှကြည့်လျှင် လောဘအစွန်းနှင့် ဒေါသအစွန်း
တို့ ဖြစ်ပါသည်။ ဤသို့စသည်ဖြင့် အစွန်းသည် သုံးရှုထောင့်နှင့်သုံးများစွာ

ရှိပါသည်။ သို့ရာတွင် အနှစ်သာရအားဖြင့်မူ မမှီဝဲအပ်သော သဘောအစုံ ဖြစ်ပါသည်။

မဇ္ဈိမပဋိပဒါကား ထိုကဲ့သို့ မဟုတ်။ အစွန်းနှစ်ဘက်လုံးမှ လွတ်ပါသည်။ မဇ္ဈိမပဋိပဒါဟူသော ဝေါဟာရကို ဓမ္မစက္ကပဝတ္တနသုတ်၌ စတင် အသုံးပြုပြီး မဇ္ဈိမပဋိပဒါသဘောတရားကို ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ဖြင့် အကျယ်ပြပါသည်။ အတ္တနှင့်ပတ်သက်၍ ပုဂ္ဂိုလ်သတ္တဝါဟူသော ပုဂ္ဂလ အတ္တကို အနုလောမ ပဋိစ္စသမုပ္ပါဒ်ဖြင့် လွတ်အောင် ရှောင်ခဲ့ပါသည်။ ဤသည်မှာ အတ္တ၏ ပဌမဆင့် အစွန်းကို ရှောင်ခြင်း ဖြစ်ပါသည်။ အတ္တ၏ ပထမဆင့် အစွန်းဖြစ်သည့် ပုဂ္ဂလအတ္တကို ရှောင်ခြင်းအားဖြင့် "ဤလောက၌ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ မရှိ။ ကြောင်းကျိုးဆက် အနေဖြင့် မေ့သာ၍သည်" ဟူသော သဘောကို ပြပါသည်။

ဗြာဟ္မဏဝါဒီတို့၏အယူအရ အတ္တသည် ဇီဝအတ္တနှင့် ပရမအတ္တဟူ၍ (၂) မျိုး ရှိပါသည်။ ထို (၂) မျိုးတို့တွင် ဇီဝအတ္တဟူသည် ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ သဘောဖြစ်ပါသည်။ ယင်း ဇီဝ-အတ္တသည် မပျက်မစီး အမြဲတည်ရှိနေသည်ဟု ယူလျှင် "သဿတအတ္တ" ဖြစ်၍ အမြဲမတည်ရှိပဲ တဘဝသာ တည်ရှိသည်ဟုယူလျှင် "ဥစ္ဆေဒအတ္တ" ဖြစ်ပါသည်။ ပရမအတ္တဟူသည် ဗြဟ္မာဖြစ်ပါသည်။ ဗြဟ္မာသည်လည်း ဂုဏ်တော်အနန္တနှင့်ပြည့်စုံသော ဖန်ဆင်းရှင်ဗြဟ္မာ (သဂုဏဗြဟ္မာ) နှင့် ဂုဏ်တော်ဟူ၍ စိုးစဉ်းမျှမရှိပဲ အချိုခတ် (သတ်)၊ အသီခတ် (စိတ်)၊ အလုခတ် (အာနန္ဒ)သက်သက်မျှသာဖြစ်သော ဗြဟ္မာ (နိဂ္ဂုဏဗြဟ္မာ) ဟူ၍ (၂) မျိုးရှိပါသည်။

ကိုအတ္တ (၂) မျိုးလုံးကိုပင် ထေရဝါဒ-က အစွန်းတရားများအဖြစ် သတ်မှတ်ပါသည်။ ထိုသို့သတ်မှတ်ရာတွင် ဇီဝအတ္တနှင့် သတ္တဝါသဘော ပါသော သဂုဏဗြဟ္မာ (ပရမအတ္တတပိုင်း) ကို ပထမဆင့်အစွန်း ပုဂ္ဂလ-အတ္တအဖြစ်ယူ၍ အနုလောမ ပဋိစ္စသမုပ္ပါဒ်ဖြင့် ရှောင်ခဲ့ပါသည်။ သတ္တဝါ

သဘောမပါသော နိဂ္ဂုဏ္ဍပြဟ္မာ (ပရမအတ္တတပိုင်း) ကို ဒုတိယဆင့် အစွန်း ဓမ္မအာတ္တအဖြစ်ယူ၍ ပဋိလောမပဋိစ္စသမုပ္ပါဒ်ဖြင့် ထပ်မံရှောင်ခဲ့ပါသည်။ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ မိမိအလိုအတိုင်းဖြစ်စေနိုင်သော အတ္တသဘောသည် ပုဂ္ဂိုလ်သဘ္ဘဝါ (ပုဂ္ဂလအတ္တ) အနေဖြင့်လည်း မရှိ၊ ဓမ္မ(ဓမ္မအတ္တ) အနေဖြင့်လည်း မရှိဟူ၍ သိအပ်ပါသည်။

ဤသို့လျှင် ထေရဝါဒသည် ပုဂ္ဂလအတ္တကို ပထမဆင့်အစွန်း၊ ဓမ္မအတ္တကို ဒုတိယဆင့်အစွန်းအဖြစ် ယူ၍ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ဖြင့် ယင်းအစွန်းနှစ်ဘက်မှ လွတ်အောင်ရှောင်ပြီးနောက် အတ္တကို အရဟတ္တမဂ်ဉာဏ်ဖြင့် မြစ်ပြတ်မပယ်နိုင်သေးသရွေ့ အတ္တကို အခြေခံပြီး ဖြစ်ပေါ်လာသော အကုသိုလ်တရား (အစွန်း) များမှ မဇ္ဈိမပဋိပဒါကျင့်စဉ် (ဝိပဿနာ၊ ဝိဇ္ဇနီသိတ၊ ဒါန၊ သီလ၊ သမထ) ဖြင့် လွတ်အောင်ရှောင်ရေးနှင့်ပတ်သက်၍ ဤသို့ ဖော်ပြခဲ့ပါသည်—

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါနသာသနံ။

သဗ္ဗပါပဿ၊ အကုသိုလ်ဟူသမျှကို။ အကရဏံ၊ သုဇရိုက်ကုသိုလ် သဘောအရ ရှောင်ကြဉ်ခြင်းဖြင့် မပြုခြင်းလည်းကောင်း။ ကုသလဿ၊ ပုညကိရိယာကုသိုလ်ဟူသမျှကို။ ဥပသမ္ပဒါ၊ ပြည့်စုံစေခြင်းလည်းကောင်း။ သစိတ္တပရိယောဒပနံ၊ မိမိစိတ်ကို မဂ်ကုသိုလ်၊ ဝိပဿနာကုသိုလ်၊ (အယုတ်ဆုံး) ဝိဝဋ္ဋနိသိတ ဒါနကုသိုလ်၊ သီလကုသိုလ်၊ သမထကုသိုလ်တို့ဖြင့် ဖြူစင်စေခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဧတံ၊ ဤကျင့်နည်း (၃) မျိုးသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမတော်ပေတည်း။

ဖော်ပြပါဂါထာသည် အတ္တကိုအခြေခံ၍ ဖြစ်ပေါ်နေသော အကုသိုလ်ဒုစရိုက်များပယ်ရှားရေးနှင့်ပတ်သက်၍ အကျဉ်းဆုံးသော မဇ္ဈိမပဋိပဒါကျင့်စဉ်ပြ ဂါထာဖြစ်ပါသည်။ မဇ္ဈိမပဋိပဒါကျင့်စဉ်အရ အကုသိုလ်

ဟူသမျှသည် ရှောင်ရှားအပ်သော ပထမဆင့်အစွန်းဖြစ်ပါသည်။ ယင်း အကုသိုလ်အစွန်းကို သုံစရိုက်ကုသိုလ်တရားဖြင့် ရှေးဦးစွာ ရှောင်ရှား အပ်ပါသည်၊ ပယ်အပ်ပါသည်။ ဤသည်မှာ "သဗ္ဗပါပဿ အကရဏံ" အရ ပထမဆင့်အစွန်း အကုသိုလ်ကို ပထမဆင့် ရှောင်ကြဉ်ခြင်း သုစရိုက် ကုသိုလ်ဖြင့် ပယ်ခြင်းဖြစ်ပါသည်။

အကုသိုလ်ဟူသမျှကိုပယ်ရန် ရှေးဦးစွာရှောင်ကြဉ်ခြင်းတည်းဟူသော သုစရိုက်ကုသိုလ်ကိုလုပ်ရပါသည်။ ထို့နောက် "ကုသလဿ ဥပသမ္ပဒါ" အရ ပုညကိရိယာကုသိုလ်ကို လုပ်ရပါသည်။ ပုညကိရိယာ ကုသိုလ်လုပ်မှုသာ အကုသိုလ်ကို အောင်ပြည့် အားပြည့် ပယ်ရာရောက်ပါသည်။ ပုညကိရိယာ ကုသိုလ်လုပ်ရာ၌လည်း ဒုတိယဆင့် အစွန်းသဘော သက်ရောက်သော "အဟ္ဟန္ဒိအတ္တနိယ" သည် ပါဝင်လာတတ်ပါသည်။ အတ္တသည် ဒိဋ္ဌိအတ္တ၊ မာနအတ္တ၊ တဏှာအတ္တ-ဟူ၍ အကြမ်းအနုလိုက်ပြီး (၃) မျိုးရှိပါသည်။ ယင်း (၃) မျိုးလုံးပင် အနုသယအဆင့်၌ ရှိသည်ဖြစ်ရာ၊ ပရိယုဋ္ဌာန အဆင့်၌ ရှိသည်ဖြစ်ရာ၊ ဝိတိက္ကမအဆင့်၌ ရှိသည်ဖြစ်စေ မဇ္ဈိမပဋိပဒါအရ ပယ်အပ်သော ဒုတိယဆင့် အစွန်းပင်ဖြစ်ပါသည်။

ကုသိုလ်အရာ၌အစွန်းအတွေ့ဝင်ရောက်သောအခါ မျှော်လင့်မှု(လာဘ) အလေးအမြတ် အပြုခံလိုမှု (သက္ကာရ)၊ ကျော်စော ထင်ရှားလိုမှု (သိလောက) တို့သည် ကုသိုလ်လုပ်ငန်း၌ အတ္တ၏ကိုယ်စားလှယ်အနေဖြင့် ပါဝင်လာကြပါသည်။ အတ္တသည် ဒိဋ္ဌိအတ္တဖြစ်ပါက ယင်း၏ကိုယ်စားလှယ်သည် "လူတော်" ဟူသော အမြင်မှားမှုသဘောဖြင့် မိမိ၏ လာဘ၊ သက္ကာရ၊ သိလောကတို့၌ ဦးဆောင်ပါသည်။ အတ္တသည် မာနအတ္တဖြစ်ပါက ယင်း၏ကိုယ်စားလှယ်သည် အာဏာပေးမှု၊ မောက်မာထောင်လွှားမှု၊ ပြိုင်ဆိုင်မှုသဘောဖြင့် မိမိ၏ လာဘ၊ သက္ကာရ၊ သိလောကတို့၌ ဦးဆောင်ပါသည်။ အတ္တသည် တဏှာအတ္တဖြစ်ပါက ယင်း၏ကိုယ်စားလှယ်သည် တပ်မက်စဲ့လမ်းမှုသဘောဖြင့် မိမိ၏ လာဘ၊ သက္ကာရ၊ သိလောကတို့၌ ဦးဆောင်ပါသည်။ "သူမျှားယောင်လိုယောင် အမောင် တောင်မှန်း

မြောက်မှန်းမသိ"ဟူသော ကုလာစာရသဘောဖြင့် ကုသိုလ်ပြုလျှင်မူ အတ္တအပေါ် မောဟ-က အပိုဆင့်ရာ ရောက်ပါသည်။

ထို့ကြောင့် ကုသိုလ်လုပ်ရာ၌ ပါဝင်လာတတ်သော အတ္တကို ဒုတိယဆင့် အစွန်းအဖြစ်ယူ၍ မိမိစိတ်ကို ဖြူစင်စေခြင်းဖြင့် ရှောင်ရှားအပ်ပါသည်။ ပယ်အပ်ပါသည်။ မိမိစိတ်ကို ဖြူစင်စေခြင်း (သစိတ္တပရိယောဒပန်) ဆိုသည်မှာ ဝိပဿနာပွားခြင်း၊ အယုတ်ဆုံးအားဖြင့် လာဘ်လာဘကို မငဲ့ကွက်မှု၊ အလေးအမြတ်အပြုံးရခြင်းကို မငဲ့ကွက်မှု၊ ထင်ရှားကျော်ကြားခြင်းကို မငဲ့ကွက်မှု၊ အားနာ၍မဟုတ်ပဲ စေတနာသက်သက်ဖြင့် ဆောင်ရွက်မှုတို့ဖြင့် ကုသိုလ်ပြု၍ ဒုတိယဆင့် အစွန်းအတ္တမှ လွတ်အောင် ရှောင်ခြင်းပင်ဖြစ်ပါသည်။ ပယ်ခြင်းပင်ဖြစ်ပါသည်။ ဤသည်မှာ ဒုတိယဆင့် အစွန်းကို ဒုတိယဆင့်အနေဖြင့် ပယ်ခြင်းဖြစ်ပါသည်။ ဤသို့ပယ်မှသာ အစွန်းနှစ်ဘက်မှ လွတ်သော မဇ္ဈိမပဋိပဒါအကျင့်ဖြင့် ကုသိုလ်ကို လုပ်ရာရောက်ပါသည်။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးရာရောက်ပါသည်။ သို့မဟုတ်ပါက ဗုဒ္ဓခေတ်မတိုင်မီကာလက ကုသိုလ်ပြုနည်းအတိုင်း ပထမဆင့်အစွန်းတဘက်လွတ် ကုသိုလ်မျိုးသာ ပြုလုပ်ရာရောက်ပါသည်။ ထိုသို့ဖြစ်လျှင် သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ရေးအတွက် အဓိပ္ပာယ်ရှိတော့မည်မဟုတ်ပါချေ။ ဤနေရာ၌ မဇ္ဈိမပဋိပဒါအဖြစ် ဝိပဿနာကို ဆိုပါသည်။ ဝိပဿနာ မဟုတ်သေးလျှင်လည်း ဝိပဿနာသို့ ရှေးရှုသော ဒါနကုသိုလ်၊ သီလကုသိုလ်မျိုးကိုလည်း ဆိုပါသည်။

မဇ္ဈိမပဋိပဒါအရ ကုသိုလ်လုပ်နည်းကို အကျဉ်းချုံး၍ ပြန်လည် ဖော်ပြရလျှင်—

(၁)　အကုသိုလ်မှန်သမျှသည် ပဌမဆင့်အစွန်းတဘက်၊
　　-ယင်းကို သုစရိုက်ကုသိုလ်ဖြင့် ပယ်သတ်ရမည်။
(၂)　ဒါန သီလ စသော ကုသိုလ်မှန်သမျှကို လုပ်ရမည်။

-ထို၌ ဝဋ္ဋနိဿိတ သဒ္ဒေဝေဒအရ ပါဝင်လျှောတတ်သော တဏှာ၊ မာန၊ ဒိဋ္ဌိ သည် ဒုတိယဆင့်အစွန်းတဘက်၊

-ယင်းကို ဝိပဿနာပွားခြင်း၊ အယုတ်ဆုံး ဝိဝဋ္ဋနိဿိတကုသိုလ် ပြုခြင်းဖြင့် ပယ်သတ်ရမည်-

ဟူ၍ ဖြစ်ပါသည်။ ဖော်ပြပါအတိုင်း အစွန်း(၂)ဘက်မှ လွှတ်သောမဇ္ဈိမ ပဋိပဒါ ကျင့်စဉ်အရ ကုသိုလ်လုပ်ခြင်းကို သိက္ခာ(၃)ပါးဖြင့်လည်း ဖော်ပြကြပါသည်။ အကုသိုလ်ဟူသမျှမပြုလုပ်ခြင်းကို သီလသိက္ခာဟူ၍လည်းကောင်း၊ ကုသိုလ်ဟူသမျှ ပြည့်စုံစေခြင်းကို သမာဓိသိက္ခာ ဟူ၍လည်းကောင်း၊ မိမိစိတ်ဖြူစင်စေခြင်းကို ပညာသိက္ခာဟူ၍လည်းကောင်း ဖော်ပြကြပါသည်။

မြတ်စွာဘုရားသည် မဇ္ဈိမပဋိပဒါ (ဝိပဿနာ) ကျင့်စဉ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ပြီး သဗ္ဗညုတဉာဏ်တော်ရှင်အဖြစ်သို့ ရောက်ခဲ့ပါသည်။ ထို့ကြောင့် မဇ္ဈိမပဋိပဒါဟူသည် ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်တည်းဟူသော ဘာဝနာကုသိုလ်တို့ပင်ဖြစ်ပါသည်။ သို့ရာတွင် ဝိဝဋ္ဋဒေဝေါ-မုခခေါ် သံသရာမှ ထွက်မြောက်ရေးအတွက် ကျေးဇူးပြုသော ဒါန၊ ကုသိုလ်၊ သီလကုသိုလ်ဘို့သည်လည်း အစွန်း(၂)ဘက်မှ ခေါင်းပါးသော "တန္နကရ" အနေဖြင့် လွှတ်လျှင် မဇ္ဈိမပဋိပဒါပင် မည်ပါသည်။ အစွန်း(၂)ဘက်မှ မလွှတ်လျှင်ကား ဗုဒ္ဓခေတ်မဘိုင်မီကာလက ပြုလုပ်သော ကုသိုလ်သဘောသက်ရောက်၍ ကာမသုခလွှိကာနုယောဂ သော်လည်း မည်ပါသည်။ အတ္တကိလမထာနုယောဂသော်လည်း မည်ပါသည်။ ကာမ-သုခလွှိကာနုယောဂမည်လျှင် ပြာဟ္မဏကုသိုလ်သဘောရှိပါသည်။ အတ္တ-ကိလမထာနုယောဂမည်လျှင် တိတ္ထိယကုသိုလ်သဘောရှိပါသည်။ အမြင့်ဆုံးအနေဖြင့် ဆိုရပါလျှင် မိုရိုးဖလာ ဗုဒ္ဓဘာသာကုသိုလ်သဘောသာ ရှိပါသည်။ ထို့ကြောင့် ဗုဒ္ဓ၏ အဆုံးအမတော်ကို တိတိကျကျ လိုက်နာပါလျှင် ဝိပဿနာကို အားထုတ်အပ်ပါသည်။ အကယ်၍ ဝိပဿနာကို အကြောင်းကြောင်းကြောင့် အားမထုတ်နိုင်ပါလျှင် မဇ္ဈိမပဋိပဒါကျင့်

(ခါး) အတ္ထဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

စဉ်အရ ကုသိုလ်ဘရားများကို ပြုလုပ်ရာတွင် လာဘ၊သက္ကာရ၊သိလောက၊ ကုလာစာရသဘောတို့ မပါဝင်စေရန် ပြုလုပ်အပ်ပါသည်။

ကုသိုလ်တရားများကို ပြုလုပ်သော အခါ မဇ္ဈိမပဋိပဒါ ကျင့်စဉ်ဖြင့် ပြုလုပ်မှသာ ဗြာဟ္မဏဝါဒကို လွန်ပါသည်။ တိတ္ထိယဝါဒကို လွန်ပါသည်။ မိရိုးဖလာ ဗုဒ္ဓဘာသာကို လွန်ပါသည်။ မဇ္ဈိမပဋိပဒါကျင့်စဉ်တွင် အစွန်း (၂)ဘက် ရှိပါသည်။ ယင်းတို့သည် အချင်းချင်း ဆန့်ကျင်ပါသည်။ ဤသဘောကို နားလည်ရန် လိုအပ်ပါသည်။

ငါးပါးသီလစောင့်ထိန်းရာတွင် သူအသက်ကိုသတ်ခြင်း ပါဏာတိပါတကံသည် အစွန်းတဘက် အကုသိုလ်ဖြစ်ပါသည်။ယင်းအကုသိုလ်ကို ဒုစရိုက်ဟု ခေါ်ပါသည်၊ သူအသက်ကိုသတ်ခြင်း ပါဏာတိပါတကံမှ ရှောင်ကြဉ်ခြင်းသည် သုစရိုက်ကုသိုလ်ဖြစ်ပါသည်။ သို့ရာတွင် ပါဏာတိပါတကံမှ ရှောင်ကြဉ်ရုံမျှနှင့် မဇ္ဈိမပဋိပဒါကျသောကုသိုလ် မဖြစ်သေးပါ။ အဘယ်ကြောင့်ဆိုသော် ရှောင်ကြဉ်ရုံသက်သက်သည် သုစရိုက်ဖြစ်သည်မှန်သော်လည်း ရပ်တန့်ခြင်းအဆင့်သာရှိသေး၍ အစွန်းတဘက်မျှကိုသာ ပယ်နိုင်သေးသောကြောင့် ဖြစ်ပါသည်။

သခ်ၤါသဘောအရ အပေါင်းနှင့်အနုတ်အကြားတွင် "သုည" သဘောသည် ကြားခံလျက်ရှိပါသည်။ ရောင်းဝယ်မှုသဘောအရ အရှုံးနှင့်အမြတ်အကြားတွင် "အရင်း"သဘောသည် ကြားခံလျက်ရှိပါသည်။ ဖြစ်စဉ်သဘောအရ အဖြစ်(ဥပါဒ်)နှင့် အပျက်(ဘင်)အကြားတွင် "ရပ်တန့်ခြင်း" (ဌိ)သည် ကြားခံလျက်ရှိပါသည်။ ကြားခံ"သုည" သဘောကို ဟိုဘက် သည်ဘက် ကျော်လွန်လိုက်သောအခါ အပေါင်းနှင့်အနုတ် ဖြစ်လာပါသည်။ ကြားခံ"အရင်း"သဘောကို ဟိုဘက် သည်ဘက် ကျော်လွန်လိုက်သောအခါ အရှုံးနှင့်အမြတ် ဖြစ်လာပါသည်။ ကြားခံ"ရပ်တန့်ခြင်း" သဘောကို ဟိုဘက် သည်ဘက် ကျော်လွန်လိုက်သောအခါ အဖြစ်(ဥပါဒ်)နှင့် အပျက်(ဘင်) ဖြစ်လာပါသည်။

သူ့အသက်ကိုသတ်ခြင်း ပါဏာတိပါတကံကို စောင့်ထိန်းရာ၌ ဒုစရိုက်နှင့် ပုညကိရိယာတို့အကြားတွင် ကြားခံ သုစရိုက်ကုသိုလ်ရှိပါသည်။ယင်း ကြားခံ သုစရိုက်ကုသိုလ်သည် အဘာဝမုခသဘောဖြင့် ရှောင်ကြဉ်ခြင်း (ဝိရတီ)ဖြစ်ပါသည်။ ယင်း ကြားခံဝိရတီသည် အဘာဝမုခသဘောဖြင့် ရှောင်ကြဉ်ရုံမျှဖြစ်သော်လည်း သုစရိုက်ကုသိုလ်သဘောရှိပါသည်။ ယင်း သုစရိုက်ကုသိုလ်သည် အစွန်းတဘက် အကုသိုလ်ကိုသာ ပယ်နိုင်ပါသည်။ မဇ္ဈိမပဋိပဒါ ဒေသနာတွင် "သဗ္ဗပါပဿ အကရဏံ" သဘောမျိုးဖြစ်ပါသည်။

အစွန်းနှစ်ဘက်ကို ပယ်သော မဇ္ဈိမပဋိပဒါကုသိုလ်မျိုး ဖြစ်စေရန် 'ကုသလဿဥပသမ္ပဒါ' သဘောမျိုးသက်ရောက်သောပုညကိရိယာကုသိုလ်ကို ဘာဝမုခသဘောဖြင့် ပြုလုပ်ရပါသည်။ သူ့အသက်ကိုသတ်ခြင်း၏ ဆန့်ကျင်ဘက် သူ့အသက်ကို ရှည်အောင် စောင့်ရှောက်ရပါသည်။ သူ့ဥစ္စာကိုခိုးယူခြင်း၏ ဆန့်ကျင်ဘက် မိမိ၏ဥစ္စာကို ပေးကမ်းရပါသည်။ သူသားမယားတို့၌ ကျူးလွန်ခြင်း၏ ဆန့်ကျင်ဘက် သူသားမယားမျှားကို စောင့်ရှောက်ရပါသည်။မုသားပြောခြင်း၏ ဆန့်ကျင်ဘက် အမှန်သစ္စာကို ပြောဆိုရပါသည်။ သေရည်သေရက်သောက်စားခြင်း၏ ဆန့်ကျင်ဘက် သေရည်သေရက် ဖျက်ဆီးရေးလုပ်ငန်းမျှား၌ ပါဝင်ဆောင်ရွက်ရပါသည်။ ထိုအခါမှသာ ဘာဝမုခသဘောရှိသော ပုညကိရိယာကုသိုလ်၌ ပါဝင်လာတတ်သော အတ္တနှင့်အတ္တနိယ ကျန်အစွန်းတဘက်ကို ပယ်ရေးသို့ ရှေးရှုနိုင်ပါသည်၊

"ဝတ္တံ အပရိပူရေန္တော သီလံ န ပရိပူရာဘိ=ငတ္တံ၊ ဝတ်တရားကို။ အပရိပူရေန္တော၊ မဖြည့်သော်သူသည်။ သီလံ၊ သီလကို။ န ပရိပူရတိ၊ ဖြည့်ရာမရောက်" ဟု ဆိုပါသည်။ အမှန်အားဖြင့် ကုသိုလ်တိုင်းတွင် စာရိတ္တ(ဆောင်)သဘောနှင့် ဝါရိတ္တ(ရှောင်)သဘောသည် ဒင်္ဂါးတပြားဧ၏ ခေါင်းဘက်နှင့်ပန်းဘက် မျက်နှာပြင်သဖွယ် ပူးတွဲ၍ ပါဝင်ပါသည်။ ခေါင်းဘက်နှင့်ပန်းဘက် နှစ်ဘက်လုံးပါဝင်သောဒင်္ဂါးသာ ဒင်္ဂါးကောင်း

ဖြစ်သကဲ့သို့ သဲစရိုက်(ဝါရိတ္တ)နှင့် ပုညကိရိယာ(စာရိတ္တ)တို့ နှစ်ဘက်လုံး ပါဝင်သော ကုသိုလ်မျိုးသည်သာ မဇ္ဈိမပဋိပဒါကုသိုလ် ဖြစ်ပါသည်။ မြတ်စွာဘုရား၏ အဆုံးအမတော်နှင့် အညီ ကျင့်ကြံသော ကုသိုလ်ဖြစ်ပါသည်။

ငါးပါးသီလဆောက်တည်ရာတွင် သမ္မာတ္တဝိရတိသီလမျိုးဖြစ်ပါက သုစရိုက် (ဝါရိတ္တ)နှင့် ပုညကိရိယာ (စာရိတ္တ)တို့ တပြိုင်နက်ရကောင်းသော ကြောင့် အစွန်း (၂)ဘက်ကို ရှောင်နိုင်ပါလျှင် မဇ္ဈိမပဋိပဒါသီလ ဖြစ်နိုင်ပါသည်။ သမာဒါနဝိရတိသီလမျိုးဖြစ်ပါက သုစရိုက်(ဝါရိတ္တ)သဘောသာ ပါဝင်၍ ပထမဆင့်အစွန်းတဘက်ကိုသာ ရှောင်နိုင်သဖြင့် မဇ္ဈိမပဋိပဒါကျသော သီလမျိုးမဖြစ်နိုင်ပါခေါ်။ မဇ္ဈိမပဋိပဒါကျသော သီလမျိုးဖြစ်စေရန်အတွက် ပုညကိရိယာ (စာရိတ္တ)ကို ပြုလုပ်ရပါသည်။ ထိုသို့ပြုလုပ်ရာ၌ အတ္တ (၎)နှင့် အတ္တနိယ (ငါ့ဥစ္စာ)တည်းဟူသော သိမ်းပိုက်ခြင်း (ပရိဂ္ဂဟ)သဘောမျိုး ပါဝင်တတ်ပါသည်။ ယင်းသည်လည်း ဒုတိယဆင့် အစွန်းတဘက်ဖြစ်ပါသည်။

ဒုတိယဆင့်အစွန်းကိုပယ်ရန် "သစိတ္တပရိယောဒပန်"အရ ကုသိုလ်လုပ်ငန်း၌ မိမိ၏စိတ်ကို ဖြူစင်စေရပါသည်။ မိမိ၏စိတ်ကို ဖြူစင်စေခြင်းဆိုသည်မှာ ဝိပဿနာပွားခြင်းနှင့် အကယ်၍ မပွားနိုင်သေးပါလျှင် တောင့်တမျော်ကိုးခြင်း (လာဘ)၊ လေးစားမြတ်နိုးမှုကို ခံယူလိုခြင်း (သက္ကာရ)၊ ထင်ပေါ်ကျော်ကြားလိုခြင်း (သိလောက)၊ အမျှားလုပ်၍ လိုက်လဲပ်ခြင်း (ကုလာစာရ)တို့ မပါဝင်ပဲ ကံနှင့် ကံ၏အကျိုး၊ ရတနာသုံးပါးတို့၌ ယုံကြည်မှု (သဒ္ဓါ) သက်သက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းကို အတ္တ (ငါ)နှင့် အတ္တနိယ (ငါ့ဥစ္စာ)မှ ထွက်မြောက်ခြင်း (နိတ္ထရဏ)သဘောဖြင့် ဆောင်ရွက်ခြင်းဟူ၍ ဆိုပါသည်း သို့မှသာ မဇ္ဈိမပဋိပဒါကျသော ကုသိုလ်ဖြစ်ပါသည်။ မြတ်စွာဘုရား၏ အဆုံးအမသာသနာတော်နှင့် ကြုံကြိုက်ခိုက် ဗုဒ္ဓခေတ်မတိုင်မီကာလနှင့် သာသနာပကာလတို့၌ ပြုကြသောအစွန်းတဘက်လွတ် ကုသိုလ်မျိုးကို မပြုကြပဲ အစွန်းနှစ်ဘက်လွတ် မဇ္ဈိမပဋိပဒါ ကုသိုလ်မျိုးကိုသာ

ပြုကြရန် ဖြစ်ပါသည်။ ထိုသို့ပြုသောအခါ ရှောင်ကြဉ်ခြင်း (သုစရိုက်) သဘောသက်သာက်ဖြင့် မလုံလောက်ပဲ ဆောင်ရွက်ခြင်း (ပုညကိရိယာ)ပါ လိုအပ်ကြောင်း သဘောပေါက်ရမည်ဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် ပုညကိရိယာဌသာ ဝဋ္ဋနိဿိတသဘောအရ ဒုတိယဆင့်အစွန်း အတ္တနှင့် အတ္တနိယပါဝင်ပြီး ယင်းဒုတိယဆင့်အနှန်း အတ္တနှင့် အတ္တနိယကို "ဇလေန ပကဘံ ပင်္ကံ ဇလေနေဝ ဝိသုဇ္ဈတိ=ခရေကြောင့်ဖြစ်သော နံ့ကို ရေဖြင့်ပင် ဆေးကြောရ၏" ဟူသောအဆိုအမိန့်အတိုင်း ဝိဝဋ္ဋနိဿိတ ပုညကိရိယာဖြင့်သာ သုတ်သင်နိုင်သောကြောင့် ဖြစ်ပါသည်။

အတ္တသည် စိုးမိုးသူဖြစ်ပါသည်။ အတ္တသည် ပရကို မိမိ၏ဥစ္စာ (အတ္တနိယ) အဖြစ် စိုးမိုးပါသည်။ ထိုအချိန်တွင်ပင် ပရ-ကလည်း အတ္တကို သူ၏ဥစ္စာအဖြစ် တန်ပြန်စိုးမိုးပါသည်။ ထို့ကြောင့် သတ္တဝါများသည် တပြိုင်နက်တည်း စိုးမိုးသူလည်းဖြစ်ပါသည်။ စိုးမိုးခံရသူလည်းဖြစ်ပါသည်။ မိမိသည် မိမိစာအုပ်ကို မိမိပစ္စည်းအဖြစ် စိုးမိုးနေစဉ် မိမိ၏စာအုပ်ကလည်း မိမိကို မိမိ၏ပိုင်ရှင်အဖြစ် တန်ပြန်စိုးမိုးပါသည်။ ဤသဘောကို သိပ်ပံဆရာကြီးချူးတန်က ရူပဗေဒရွေးထောင့်မှ "သက်ရောက်အားနှင့် တန်ပြန်သက်ရောက်အား" နိယာမဖြင့် ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် သတ္တဝါတို့သည် မိမိတို့၌ အာဏာရှိနေသရွေ့ ကာလပတ်လုံး ပရသဘောအလိုလို ပါဝင်နေရကား တပြိုင်နက်တည်း အကျဉ်းချသူ "မင်းကောင်" လည်းဖြစ်ပါသည်။ အကျဉ်းစံ "သုံ့ပန်း" လည်း ဖြစ်ပါသည်။ အကျဉ်းစံ "သုံ့ပန်း" ဘဝမှ လွတ်မြောက်လိုပါလျှင် အကျဉ်းချသူ "မင်းကောင်" ဘဝမှ ပဌမဦးစွာ လွတ်မြောက်ဖို့လိုပါသည်။ အဘယ့်ကြောင့်ဆိုသော် သက်ရောက်အားနှင့် တန်ပြန်သက်ရောက်အားတို့တွင် သက်ရောက်အားသည် ပဌမဖြစ်သကဲ့သို့ အကျဉ်းချသူ "မင်းကောင်"နှင့် အကျဉ်းစံ "သုံ့ပန်း"တို့တွင် အကျဉ်းချသူ "မင်းကောင်"သည် ပထမဖြစ်သောကြောင့် ဖြစ်ပါသည်။သို့ဖြစ်၍ လောကသံသရာမှ လွတ်မြောက်လိုပါလျှင် အတ္တကို ပထမဦးစွာ ပယ်သတ်ရန် လိုအပ်ကြောင်း ဗုဒ္ဓရှင်ဟော်ဘုရားက ဟောကြားတော်မူခဲ့ခြင်းဖြစ်ပါသည်။

လူတို့သည် အရာဝတ္ထုတနုကိုမြင်ရာ၌ ဖြစ်စေ၊ ဖြစ်ရပ်တခုကိုကြုံရာ၌ ဖြစ်စေ သူ့မူလပကတိအတိုင်း သိကြသည်မဟုတ်။ မိမိတို့၏ အာဋ္ဌတ္တ-သန္တာန်၌ရှိသော ဘဝရွယ်ထောင့် (အာသယ)၊ ဘဝအခြေခံ(အနုသယ)၊ ဝါသနာနှင့်စရိုက် (စရိတ) နှင့် နှလုံးသွင်း (အဓိမုတ္တိ) တို့ဖြင့် ဖြည့်စွက်၍ သိကြသည်သာဖြစ်၏။ ဥပမာအားဖြင့် မောင်ဘ ကားမောင်းရာ၌ "မောင်ဘ ကားမောင်းသည်"ဟူ၍လောက်သာ ပကတိအတိုင်းမသိပဲ "မောင်ဘ ကားမောင်းကောင်းသည်'ဟူ၍လည်းကောင်း၊ "မောင်ဘ ကားမောင်းမကောင်း"ဟူ၍လည်းကောင်း ဤသို့စသည်ဖြင့် ကောင်း၊ မကောင်း၊ မှန်၊ မမှန်၊ သင့်၊ မသင့်စသည်တို့ကိုပါ ဖြည့်စွက်၍ ဆိုကြပါ၏။ ဖြည့်စွက်ခြင်းမှာလည်း ဓမ္မတာအတိုင်း မဖြည့်စွက်ပဲမနေနိုင်၍သာ ဖြည့်စွက်ခြင်းဖြစ်ပါသည်။

ဤနေရာ၌ ကောင်း,မကောင်း၊ မှန်,မမှန်၊ သင့်,မသင့်၊ လှ,မလှ စသည်တို့ကို တိုင်းတာ၍ဆုံးဖြတ်ရာ၌ "စံ"ရှိပါသည်။ ယင်း"စံ"ကား "ဘာသာရေး" ပင်ဖြစ်ပါသည်။ ဘာသာရေး သွန်သင်ချက်အတိုင်း လူတို့သည် "ကောင်း၊မကောင်း"ကိုလည်း ဆုံးဖြတ်ကြပါ၏။ "မှန်၊မမှန်" ကိုလည်း ဆုံးဖြတ်ကြပါ၏။ "သင့်၊မသင့်"ကိုလည်း ဆုံးဖြတ်ကြပါ၏။ "လှ၊ မလှ"ကိုလည်း ဆုံးဖြတ်ကြပါ၏။ ထိုဆုံးဖြတ်ချက်များ အတိုင်း ဆောင်ရွက်ကြ၏။ သို့ဖြစ်၍ "ဘာသာရေး"သည် လူ့ဘဝ လူမှုဆက်ဆံရေးနယ်ပယ်၌ အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပတ်သက်ပါသည်။ မှန်ကန်သော ဘာသာရေးဖြစ်လျှင် ပစ္စုပ္ပန်သံသရာ (၂)ဖြာသော အကျိုးကိုရရှိ၍ မှားသောဘာသာရေးဖြစ်လျှင် ပစ္စုပ္ပန်သံသရာ (၂)ဖြာသော အကျိုးမဲ့ကိုရရှိမည် ဖြစ်ပါသည်။ ထို့ကြောင့် ဘာသာရေးကို အလေးအနက်ထား၍ ရွေးချယ်ယုံကြည်ရန် လိုအပ်ပါသည်။

ထေရဝါဒ ဗုဒ္ဓဘာသာ၌ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့ကို လွန်မြောက်နိုင်သောကျင့်စဉ်များ များစွာ ပါဝင်ပါသည်။ သို့ပါလျက် ထိုကျင့်စဉ်များ၌ သက်ဝင်ယုံကြည်ကြသော ဗုဒ္ဓဘာသာဝင် အများ

စုသည် သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့၏ နှိပ်စက်ခြင်းကို ခံနေရပါ၏။ ထိုသို့ခံနေရခြင်းမှာ "အဓိမာန"ခေါ် အထင်မှားမှုကြောင့်သာ ဖြစ်တန်ရာပါ၏။ ဤနေရာ၌ အဓိမာနကို ကျယ်ကျယ်ပြန့်ပြန့်အနက်ယူ၍ မိမိသန္တာန်၌ မရှိသော အရည်အသွေးမျှားကို ရှိသည်ဟု အထင်မှားခြင်း အဖြစ်ဆိုပါသည်။ အဓိမာန ဝင်လာလေသောအခါ သူတော်ကောင်း မဟုတ်သူမျှားကလည်း မိမိကိုယ်ကို တကယ့်သူတော်ကောင်းဟု ထင်မှတ်မှားကြ၏။ ပညာရှိ မဟုတ်သူမျှားကလည်း မိမိကိုယ်ကို တကယ့်ပညာရှိဟု ထင်မှတ်မှားကြ၏။ မတော်မတရား လုပ်သူမျှားကလည်း မိမိကိုယ်ကို တရားမမှအာကျဆုံးဟု ထင်မှတ်မှားကြ၏။ မျက်စိသည် မိမိကိုပြန်၍ မမြင်တတ်သကဲ့သို့ အဓိမာနရှိသူကလည်း မိမိကို အဓိမာနရှိနေသူအဖြစ် ပြန်၍ မမြင်သော်လည်း ပရိသတ်ကမူ သဲကဲ့စွာ မြင်လျက် ရှိပါသည်။ ထို့ကြောင့် အဓိမာနကို မျက်ခြည်ပြတ်မခံပဲ သတိဖြင့် ဆင်ခြင်အပ်ပါသည်။

မြတ်စွာဘုရား ညွှန်ကြားတော်မူခဲ့သည့် အတိုင်း သောက ပရိဒေဝ ဒုက္ခ ဒေါမနဿတို့ကို လွန်မြောက်ရန်အလို့ငှာ မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြင့် လောကကို ရှုမြင်အပ်ပါသည်။ ထိုသို့ရှုမြင်ရာတွင်—

–အကုသိုလ်ဟူသမျှကို မလုပ်နဲ့၊
–ကုသိုလ်ဟူသမျှကို လုပ်၊
–(ကုသိုလ်ဟူသမျှကို လုပ်ရာတွင်) မိမိ၏စိတ်ကို အာတ္တန္ဒှင့် အာတ္တနိယမှ လွှဲမြောက်သောအားဖြင့် ဖြူစင်ပါစေ–

ဟူသော ဘုရားရှင်တို့၏ အဆုံးအမတော်အတိုင်း တိတိကျကျလိုက်နာကျင့်သုံးလိုသော သဒ္ဓါတရားဖြစ်ပေါ်စေရန် ရည်သန်ချက်ဖြင့် ဤစာအုပ်ကို ဖြူစုတင်ပြခြင်းဖြစ်ပါသည်။ ဤစာအုပ်၏ ရည်သန်ချက်ပြည့်ဝမှုရှိ၊ မရှိကို စာဖတ်သူကိုယ်တိုင်က မိမိ၏သန္တာန်၌ ဘုရားရှင်တို့သာဟောဖော် ညွှန်ပြနိုင်သော မဇ္ဈိမပဋိပဒါခေါ် ဝိပဿနာ (သို့ဟုတ်) အယုတ်ဆုံး ဝိဝဋ္ဋနိဿိတကုသိုလ်ကို အားထုတ်လိုသော သဒ္ဓါတရားဖြစ်ပေါ်မှု ရှိ၊ မရှိနှင့် ချိန်ထိုး၍ ဆုံးဖြတ်ရန်ဖြစ်ပါသည်။

အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

ဤနေရာ၌ လောကကို ဝိပဿနာသိဖြင့်မဟုတ်ပဲ အတ္တ၊ အတ္တနိယသိဖြင့် ရှုမြင်ကြကုန်သောပုဂ္ဂိုလ်တို့၏ အသိတရားနှင့်ပတ်သက်၍ မိန့်ဆိုတော်မူကြသော ဝေဒန္တအဋ္ဌကထာဆရာ သင်္ကာဆစရိယနှင့် ပုဒ္ဓ၏ ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာတို့၏ အဆိုအမိန့်များကို ဖေးပြအပ်ပါသည်။ ဤနေရာ၌ ဆိုလိုသည်မှာ အသိ(ဝိဇ္ဇာ)ဖြစ်ခြင်း၊ အကျင့် (စရဏ) ဖြစ်စေ အတ္တနှင့်အတ္တနိယအပေါ် အခြေခံနေပါက ဟုတ်တိုင်းမှန်စွာသိတတ်သော အသိ(ဝိဇ္ဇာ)နှင့် အကျင့်(စရဏ)မဟုတ်ပဲ ဥပါဒါန်တန်းလန်းနှင့် အမည်ခံအသိ (ဝိဇ္ဇာ)နှင့် အမည်ခံအကျင့် (စရဏ)တို့သာဖြစ်သောကြောင့် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတို့ကို မည်သို့မျှမလွန်မြောက်နိုင်ကြောင်း၊ ဥပါဒါန်တို့၏ သဘောအရ လူနှင့်တိရစ္ဆာန်တို့ခြားနားမှုမရှိလှကြောင်း၊ တိရစ္ဆာန်တို့သည် မိမိတို့၏ လောဘ ဒေါသ မောဟများကို အရှိအတိုင်း ရိုးသားစွာ ဖော်ပြတတ်ကြပြီး လူတို့မှာမူ မိမိတို့၏ လောဘ ဒေါသ မောဟများကို ယုတ္တိဖြင့် ဖုံးအုပ်၍ မရိုးမသားဖော်ပြတတ်ကြခြင်းသာ ခြားနားမှုရှိကြောင်းဟူ၍ ဖြစ်ပါသည်။

ယထာ ဟိ ပဂ္ဂါဒယး ဂဗ္ဘာဒိဘိး ဂြောတြာဒိနဲ သမ္ဗန္ဓေ သတိ ဂဗ္ဘာဒိဝိညာနေ ပြတိကူလေ ဇာတေ ဒီတာတာ နိဝတ်န္တေ၊ အနုကူလေ ပြဝတ်န္တေ၊

ယထာ ဒဏ္ဍောဒျတကရံ ပုရုမမဘိမုခမုပလဘျ မဝံ ဟန္တွာမယ မိစ္ဆတိတိ ပလာယိတုမာရဘန္တေ၊ ဟရိတတုဏပုဏ်ပါဏိမုပလဘျ တံ ပြတျဘိမုခိဘဝန္တိ၊

ဧဝံ ပုရုဖါးအပိ ဗျာတွန္နစိတ္တား ကြူရဒုမိုနာကြောဂတး ခဒဂ်ါဒျတကဆုန် ဗလဒတး ဥပလဘျ တာတော နိဝတ်န္တေ၊ တဒ္ဒိပရိတာန် ပြတိ ပြဝတ်န္တေ။ အတး သမာနး ပဂ္ဂါဒိဘိး ပုရုဖါဏာံ ပြမာဏပြမေယျဝဟာရး။

(ဗြဟ္မသူတြဂါက်ရဘာဖျမ်၊ ပြမာဏဘာဖျမ်၊၁၀။)

ဟိ၊ ထင်ဂေးစေအုံ။ ရြောတာဒီနာမ်၊ သောတဒ္ဓါရုစသည်တို့၏။ ဂဗ္ဘာဒိဘိး၊ သဒ္ဒါဠုံစသည်တို့နှင့်။ သမ္မန္ဒေ၊ ဆက်စပ်သည်။ သတိ၊ ရှိဖေသာ်။ ပြတိကူလေ၊ အနိဋ္ဌဖြစ်သော။ ဂဗ္ဘာဒိဝိညာနေ၊ သောတဝိညာဏ်စသည်သည်။ ဇာတေ၊ ဖြစ်လတ်သော်။ ပဂ္ဂါဒယး၊ တိရစ္ဆာန်စသည်တို့သည်။ တတော၊ ထို့နေရာမှ။ နိဝတ်ဒွေ့ ယထာ၊ ထွက်ခြေးကုန်သကဲ့သို့။ အနုကူလေ၊ ၎င်ဖြစ်သော။ ဂဒ္ဘာဒိဝိညာနေ၊ သောတဝိညာဏ်စသည်သည်။ ဇာတေ၊ ဖြစ်လတ်သော်။ ပြဝတ်ဒွေ့ ယထာ၊ ရှေးရှုပြေးလာကုန်သကဲ့သို့။

ဒဏ္ဍောဒျုတကရံ၊ တုတ်ကိုမြောက်ထားသော လက်ရှိသော။ ပုရုဖံ၊ ယောကျ်ားကို။ အဘိမုခံ၊ ရှေးရှု။ ဥပလဘျ၊ မြင်၍။ အယံ၊ ဤသူသည်။ မံ၊ ငါ့ကို။ ဟန္တုံ၊ သွားဆဲခြင်းငှာ။ ဂ္ဟစ္ဆတိ၊ အလိုရှိ၏။ ဂ္ဟတိ၊ ဤသို့။ မတ္ဝာ၊ သိ၍။ ပလာယံတုံ၊ ထွက်ပြေးခြင်းငှာ။ အာရဘန္တေ ယထာ၊ အားထုတ်ကုန်သကဲ့သို့။ ဟရိတတ္တ ဏပူဏ်ပါဏိံ၊ စိမ်းစိုသောမြက် လက်၌ရှိသော။ ပုရုဖံ၊ ယောကျ်ားကို။ ဥပလဘျ၊ မြင်၍။ တံ ပြတိ၊ ထိုသူဆီသို့။ အဘိမုခီဘဝန္တိ ယထာ၊ ရှေးရှုဖြစ်ကုန်သကဲ့သို့။

ဧဝံ၊ ဤအတူ။ ဗျုတ္တုန္နစိတ္တား၊ ဗျုပ္ပတ်ကိုသိကုန်သော။ ပုရုဖါးအပိ၊ ယောကျ်ားတို့သည်လည်း။ ကြူရဒ္ဓမ္မိန်၊ ရက်စက်သောအသွင်ရှိကုန်သော။ ခဂေါဒျုတကရာန်၊ မြားကို မြောက်ထားသော လက်ရှိကုန်သော။ အာကြောဓတး၊ ဆဲဆိုကြိမ်းမောင်းကုန်သော။ ဗလဝတး၊ ခွန်အားဗလရှိကုန်သော။ ပုရုဖါန်၊ ယောကျ်ားတို့ကို။ ဥပလဘျ၊ မြင်၍။ တတော၊ ထို့နေရာမှ။ နိဝတ်ဒွေ့၊ ထွက်ပြေးကုန်၏။ တဒ္ဒိပရိတာန် ပြတိ၊ ထိုမှပြောင်းပြန်ဖြစ်ကုန်သော သူတို့ဆီသို့။ ပြဝတ်ဒွေ့၊ ရှေးရှုသွားကုန်၏။ အာဘး၊ ထို့ကြောင့်။ ပုရုဖါဏာံ၊ ယောကျ်းတို့၏။ ပြမာဏပြမေယျဝဟာဒး၊ ဒွါရအာရုံဘို့ကို အသုံးပြုခြင်းအားဖြင့် ရသောအသိသည်။ ပဂ္ဂါဒိဘိး၊ တိရစ္ဆာန်စသည်တို့နှင့်။ သမာနး၊ တူ၏။

ဥပါဒာသုတ်

ထိုအခါ အသျှင်ဥပဝါဏသည် အသျှင်သာဒိပတြာထံသို့ ချဉ်းကပ်ပြီးလျှင် အသျှင်သာရိပုတြာနှင့်အတူ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆို၏။ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားကို ပြီးဆုံးစေ၍ တဘုံသောနေရာ၌ ထိုင်လျက် အသျှင်သာရိပုတြာအား ဤစကားကိုလျှောက်၏– "ငါ့ရှင် သာရိပုတြာ....အသိဉာဏ်ဝိဇ္ဇာဖြင့် (ငဋ္ဌဆင်းရဲ၏) အဆုံးကိုပိုပါသလော"ဟု လျှောက်၏။ ငါ့သျှင်....ဤသို့အဆုံးကို ပိုခြင်းသည်မဖြစ်နိုင်။ "ငါ့သျှင်....အကျင့်(စရဏ)ဖြင့် (ငဋ္ဌဆင်းရဲ၏) အဆုံ ကို ပြုပါသလော" ဟု (လျှောက်၏)။ ငါ့သျှင်... ဤသို့ အဆုံးကိုပြုခြင်းသည် မဖြစ်နိုင်။ "ငါ့သျှင်....အသိဉာဏ် ဝိဇ္ဇာ)အကျင့်(စရဏ)ဖြင့် (ဝဋ္ဌဆင်းရဲ၏)အဆုံးကို ပြုပါသလော"ဟု (လျှောက်၏)။ ငါ့သျှင်.... ဤသို့အဆုံးကိုပြုခြင်းသည် မဖြစ်နိုင်။ "ငါ့သျှင်....အသိဉာဏ်(ဝိဇ္ဇာ) အကျင့်(စရဏ)ကို ဖယ်ထား၍ (ဝဋ္ဌဆင်းရဲ၏) အဆုံးကို ပြုပါသလော"ဟု (လျှောက်၏)။ ငါ့သျှင်.... ဤသို့ အဆုံးကိုပြုခြင်းသည် မဖြစ်နိုင်။

"ငါ့သျှင် သာရိပုတြာ.... အသိဉာဏ် (ဝိဇ္ဇာ)ဖြင့် (ဝဋ္ဌဆင်းရဲ၏) အဆုံးကိုပြုသလော"ဟု (ငါ)မေးအပ်သော် "ငါ့သျှင်....ဤသို့အဆုံးကို မပြုနိုင်"ဟု (သင်)ဆိုဘိ၏။ "ငါ့သျှင် သာရိပုတြာ....အကျင့် (စရဏ) ဖြင့် ဝဋ္ဌဆင်းရဲ၏ အဆုံးကိုပြုသလော"ဟု (ငါ)မေးအပ်သော် "ငါ့သျှင် ....ဤသို့ အဆုံးကိုမပြုနိုင်" ဟု (သင်) ဆိုဘိ၏။ ငါ့သျှင် သာရိပုတြာ ....အသိဉာဏ် (ဝိဇ္ဇာ) အကျင့် (စရဏ)ဖြင့် (ဝဋ္ဌဆင်းရဲ၏) အဆုံးကို ပြုသလော"ဟု (ငါ)မေးအပ်သော် "ငါ့သျှင်....ဤသို့အဆုံးကို-ပြုနိုင်"ဟု (သင်)ဆိုဘိ၏။ "ငါ့သျှင် သာရိပုတြာ....အသိဉာဏ် (ဝိဇ္ဇာ) အကျင့် (စရဏ)ကို ဖယ်ထား၍ (ဝဋ္ဌဆင်းရဲ၏)အဆုံးကိုပြုသလော"ဟု (ငါ)မေးအပ်သော် "ငါ့သျှင်.... ဤသို့အဆုံးကိုမပြုနိုင်"ဟု (သင်)ဆိုဘိ၏။ "ငါ့သျှင်....အဘယ်သို့လျှင် (ဝဋ္ဌဆင်းရဲ၏)အဆုံးကို ပြုပါသနည်း"ဟု လျှောက်၏။

"ငါ့သျှင်....အသင်ဉာဏ်(ဝိဇ္ဇာ)ဖြင့် (ဝဋ်ဆင်းရဲ၏)အဆုံးကို အကယ်၍ ပြုသည်ဖြစ်ခဲ့အံ့၊ စွဲလမ်းခြင်းဖြစ်လျက်သာလျှင် ဝဋ်ဆင်းရဲ၏ ဒုဆုံးကို ပြုသည်ဖြစ်ရာ၏။ ငါ့သျှင်....အကျင့်(စရဏ)ဖြင့် (ဝဋ်ဆင်းရဲ၏)အဆုံးကို အကယ်၍ ပြုသည်ဖြစ်အံ့၊ စွဲလမ်းခြင်းဖြစ်လျက်သာလျှင် ဝဋ်ဆင်းရဲ၏ အဆုံးကို ပြုသည်ဖြစ်ရာ၏။ ငါ့သျှင်....အသိဉာဏ်(ဝိဇ္ဇာ) အကျင့်(စရဏ)မှ ကင်း၏။ငါ့သျှင်....အကျင့်(စရဏ)မှခွါတဲ့သောသူသည် ဟုတ်တဲ့တိုင်းမှန်စွာ မသိ၊ မမြင်။ အကျင့်(စရဏ)နှင့် ပြည့်စုံသူသည်သာ ဟုတ်တိုင်းမှန်စွာ သိ၏၊ မြင်၏။ ဟုတ်တိုင်းမှန်စွာ သဲသည် မြင်သည်ဖြစ်၍ (ဝဋ်ဆင်းရဲ၏)ဒုဆုံးကို ပြု၏"ဟု (မိန့်ဆို၏)။

[အင်္ဂုတ္တိုရ်ပါဠိတော်မြန်မာပြန် ပထမတွဲ(၄၉၆)]

ဥပဝါဏ၏အာဘော်မှာ အတ္တဝါဒီတို့သည် မိမိတို့၏ ဝိဇ္ဇာစရဏဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသလား၊ဟူ၍ ဖြစ်ပါသည်။ ရှင်သာရိပုတ္တရာ၏အာဘော်မှာ အတ္တဝါဒုပါဒါန်တန်းသန်းပါဝင်သော ဝိဇ္ဇာစရဏသည် ဟုတ်တိုင်းမှန်စွာ မသိမမြင်နိုင်သဖြင့် နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဟူ၍ ဖြစ်ပါသည်။

ထို့အပြင် ဤစာအုပ်ကွင် ပါဝင်သော အကြောင်းအရာများနှင့် ပတ်သက်၍ တင်ပြရန် ရှိပါသေးသည်။ ယင်းတင်ပြချက်မှာ ခန္ဓာ၊ ဥပါဒါနက္ခန္ဓာ၊ အနုသယနှင့် မဂ္ဂင်များပေါ်တွင် အခြေပြု၍ အတ္တနှင့် အနတ္တသဘောကို ယနေ့ခေတ် ပုဂ္ဂိုလ်များနားလည်လွယ်အောင် မျက်မှောက်ခေတ်အရပ်သုံး ဝေါဟာရများဖြင့် ဘာသာပြန်ဆိုတင်ပြထားခြင်း ဖြစ်ပါသည်။

(၈၇)　　အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

ခန္ဓာဟူသည်မှာ သင္ခါယတနခေါ် ဒွါရခြောက်ပါး၌ လုံးဝ"ထင်"လာခြင်းမရှိသဖြင့် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ မိမိ ဘို့နှင့်လုံးဝမပတ်သက်သော ရုပ်နာမ်ဘရားများနှင့် ဒွါရခြောက်ပါး၌ ထင်လာသော်လည်း ဥပါဒါန်၏အာရုံအဖြစ်သို့ မရောက်တော့ပဲ ပြင်ပတွင် ကျန်ရစ်ခဲ့သော ရုပ်နာမ်တရားများဖြစ်ပါသည်။

ဒွါရခြောက်ပါး၌ လုံးဝမထင်လာသော ရုပ်နာမ်တရားများနှင့် ပတ်သက်၍ အထူးဆိုရန်မရှိသော်လည်း ဒွါရခြောက်ပါး၌ ထင်လာသော ရုပ်နာမ်တရားများနှင့် ပတ်သက်၍မူ အထူးဆိုရန်ရှိပါသည်။ ရုပ်နာမ်တရားများသည် ဒွါရခြောက်ပါး၌ ထင်လာသည်ဖြစ်စေ၊ မထင်လာသည်ဖြစ်စေ ပရမတ္ထတရားများဖြစ်ကြသဖြင့် ဥပါဒ်၊ဌိ၊ဘင်ခေါ် ဖြစ်၊တည်၊ပျက်သဘောရှိကြပါသည်။ ထို့ကြောင့် ရုပ်နာမ်တရားများသည် ဒွါရခြောက်ပါး၌ ထင်လာသောအခါ မိမိတို့၏"ဥပါဒ်"အခိုက်မှ ထင်လာသည်လည်း ရှိနိုင်ပါသည်။ "ဌ"အခိုက်မှ ထင်လာသည်လည်း ရှိနိုင်ပါသည်။ "ဘင်"အခိုက်မှ ထင်လာသည်လည်း ရှိနိုင်ပါသည်။ သို့ရာတွင် ဒွါရခြောက်ပါး၌ ထင်လာသောအခါ မိမိတို့၏ ဥပါဒ်အခိုက်မှ ထင်လာသည်ဖြစ်စေ၊ ဌအခိုက်မှ ထင်လာသည်ဖြစ်စေ၊ ဘင်အခိုက်မှ ထင်လာသည်ဖြစ်စေ ထင်လာသော ရုပ်နာမ်တရားများ၏ ထင်လာသောအခိုက်အတန့်ကို မယူပဲ ဒွါရခြောက်ပါး၌ ထင်ချိန်မှစ၍ ယင်း၏ ဥပါဒ်အဖြစ်သတ်မှတ်ပြီး အာရုံသက်ကို ဝိထိစိတ်များဖြင့် စတင်ရေတွက်ပါသည်။

သို့ဖြစ်၍ ဒွါရခြောက်ပါး၌ထင်လာသောအခါ ထိုထိုပုဂ္ဂိုလ်တို့၏ အဋ္ဌတ္တသန္တာန်ကို အလေးမထားပဲ မိမိဘို့၏ ဥပါဒ်၊ဌိ၊ဘင် အခိုက်အတန့်အဝှင်းဟတ်ခဏတွင် ကျန်ရစ်ခဲ့သည့် ရုပ်နာမ်တရားများက တမျိုး၊ ထိုဆိုပုဂ္ဂိုလ်တို့၏ အဋ္ဌဘ္ဘသန္တာန်ကို အလေးထားပြီး မိမိတို့၏အာရုံသက် မည်သို့ရှိသည်ဖြစ်စေ အဋ္ဌတ္တသန္တာန်ရှိ ဒွါရခြောက်ပါး၌ "ထင်"ချိန်မှစတင်၍ "ဥပါဒ်"အဖြစ် ရေတွက်အပ်ခဲသော ရုပ်နာမ်တရားများက တမျိုးဟူ၍ နှစ်မျိုးရှိပါသည်။ ထိုနှစ်မျိုးတွင် ပထမအမျိုးအစားကို "ခန္ဓာ"အဖြစ် သတ်မှတ်၍ ဒုတိယအမျိုးအစားကို "ဥပါဒါနက္ခန္ဓာ"အဖြစ် သတ်မှတ်ပါသည်။

ဥပါဒါနက္ခန္ဓာအဖြစ် သတ်မှတ်ခြင်းခံရသော ရုပ်နာမ်တရားများသည် ထိုထို့ဂို့လ်တို့၏ အဋ္ဌတ္တသန္တာန်ရှိ ဒုါရခြောက်ပါးတို့၌ ပရမတ္ထတရားများအနေဖြင့် "နိမိတ်ပုံသဏ္ဌာန်မဲ့" သဘောအတိုင်း စတင်၍ "ထင်"ကြသော်လည်း ဝိထိစိတ်များဖြင့် သိခြင်းခံရသောအခါ ပညတ်ဘရားများအနေဖြင့် "နိမိတ်ပုံသဏ္ဌာန်ရှိ" သဘောအတိုင်း ဖြစ်သွားကြပါသည်။ ဤသို့ နိမိတ်ပုံသဏ္ဌာန်ရှိ သဘောဖြစ်သွားခြင်းသည်ပင် ဥပါဒါန်၏အာရုံအဖြစ်သို့ ရောက်သွားခြင်းမည်ပါသည်။ ထို့ကြောင့် ဥပါဒါနက္ခန္ဓာဟု သတ်မှတ်ခြင်းဖြစ်ပါသည်။

အနုသယဟူသည် ထိုထိုပုဂ္ဂိုလ်တို့၏ အဋ္ဌတ္တသန္တာန်၌ အမြဲကိန်းနေသော သဘောဖြစ်ပါသည်။ ဤနေရာ၌ "ကာလ"နှင့်ပတ်သက်၍ အထူးဆိုရန်ရှိပါသည်။ ကာလသည် ပရိဏာမိကာလနှင့် ကူဋ္ဌဋ္ဌာယိကာလဟူ၍ (၂)မျိုးရှိပါသည်။ ပရိဏာမိကာလဟူသည် "ဖြစ်၊ တည်၊ ပျက်"သဘောနှင့် ယှဉ်သဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ အပိုင်းအခြားပြုကောင်းသောကာလ ဖြစ်ပါသည်။ ကူဋ္ဌဋ္ဌာယိကာလဟူသည် "ဖြစ်၊ တည်၊ ပျက်"သဘောနှင့် မယှဉ်သဖြင့် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ အပိုင်းအခြားမပြုကောင်းသောကာလ ဖြစ်ပါသည်။ ကူဋ္ဌဋ္ဌာယိကာလကို "ကာလဝိမုတ်"ဟူ၍လည်း ဆိုပါသည်။ ထာဝရပစ္စုပ္ပန်ဟူ၍လည်း ဆိုပါသည်။ ပရိဏာမိကာလဖြင့် ပရိယုဋ္ဌာနကိလေသာကို ဖုံးတာနိုင်ပါသည်။ ကူဋ္ဌဋ္ဌာယိကာလဖြင့် အနုသယကိလေသာကို တိုင်းတာနိုင်ပါသည်။ ထို့ကြောင့် ပရိယုဋ္ဌာနကိလေသာသည် သတ္တဝါတို့၏ သန္တာန်၌ အမြဲမရှိသောကိလေသာဖြစ်၍ အနုသယကိလေသာသည် သတ္တဝါတို့၏ သန္တာန်၌ အမြဲရှိသော ကိလေသာဖြစ်ပါသည်။

လောကီသိစိတ်တိုင်းတွင် သိစရာသဘာနှင့် သိတတ်သောသဘောတို့သည် တပေါင်းတည်းပါဝင်ပါသည်။ သဒ္ဒါသဘောအရ သိစရာသဘောကို "ဖလ"ဟု ခေါ်ပါသည်။ သိတတ်သောသဘောကို "ဗျာပါရ"ဟု ခေါ်ပါသည်။ သိစရာသဘော(ဖလ)နှင့် သိတတ်သောသဘော(ဗျာပါရ)တို့၏ ပေါင်းဆုံခြင်းကို သိခြင်းကြိယာ(စိတ်)ဟု ခေါ်ပါသည်။ တနည်း

အားဖြင့်ဆိုရလျှင် သိတတ်သော (ကတ္တား) သဘောမရှိပဲနှင့် သိခြင်း (ဉာဏ)ဟူ၍ မရှိနိုင်။ ထို့အတူ သိစရာ(ကံ)သ ဘောမရှိပဲနှင့်လည်း သိခြင်း(ကြိယာ)ဟူ၍ မရှိနိုင်။ ထို့ကြောင့် သိခြင်းကြိယာ(စိတ်)တွင် သိစရာသဘော(ကမ္မကာရက)လည်း ပါဝင်၏။ သိတတ်သောသဘော (ကတ္တုကာရက)လည်း ပါဝင်၏။ သဒ္ဒါသဘော အရ ယင်းကာရက သဘောများ သည် ကြိယာအပြင်သို့မခရောက်ပဲ တည်ရှိတူ(ဧကာသယ) အခန်းဖြင့် ကြိယာအတွင်းဌိတည်ရှိ ါက ဘေဒဟာ(ဘာဝဝါစ်)ဟု ခေါ်ပါသည်။ တည်ရာကဲ့(နာနာသယ)အနေဖြင့် ကြိယာအပြင်သို့ရောက်ပါက ထိုက်သင့်သလို ကတ္တားဟော(ကတ္တုဝါစ်)နှင့် ကံဟော(ကမ္မဝါစ်)တို့ ဖြစ်ပါသည်။ ဤနေရာ၌ သိခြင်းကြိယာ(စိတ်)ကို ဘောဟော(ဘာဝဝါစ်) အဖြစ် ယူပါသည်။ သို့ဖြစ်၍သာ သိစရာသဘော (ကမ္မကာရက) နှင့် သိတတ်သောသဘော(ကတ္တုကာရက)တို့သည် သိခြင်းကြိယာ(စိတ်)၌ အာရမ္မဏာနုသယနှင့် သန္တာနာနုသယသဘောဖြင့် အမြဲတမ်း ကိန်းနိုင် ကြောင်းဖြစ်ပါသည်။

လောကီသိစိတ်တွင် သိစရာသဘော (ကမ္မကာရက) သည် နိမိတ် ပုံသဏ္ဌာန်ရှိသဘောဖြင့် ပါဝင်၍ သိတတ်သောသဘော(ကတ္တုကာရက) သည် ပဂ္ဂိုလ်သတ္တဝါသဘော ဇီဝသဘောဖြင့် ပါဝင်ပါသည်။ ထို့ကြောင့် လောကီသိစိတ်များသည် မိမိတို့၏ သိခြင်းကြိယာအတွင်း၌ ကာရက သဘောများကို အမြဲကစေဆောင်ယူနေကြပါသည်။ ထို့ကြောင့် လောကီ သိစိတ်များကို "အနုသယသိ" သဘော ရှိသည်ဟု ဆိုအပ်ပါသည်။ ယင်း အနုသယသိတွင် သိစရာသဘော (ကမ္မကာရက) အနေဖြင့် ပါဝင်သော နိမိတ်ပုံသဏ္ဌာန်ရှိသဘောသည် နောင်အကြောင်းညီညွတ်လျှင် မိမိ၌ ပရိယုဋ္ဌာနကိလေသာများ ကို ဖြစ်ပေါ်စေနိုင်သောကြောင့် အာရမ္မဏာ-နုသယမည်ပါသည်။ ပဂ္ဂိုလ်သတ္တဝါသဘော၊ ဇီဝသဘောကား ပရိယုဋ္ဌာန ကိလေသာများ၏ ရေဒသာကဲ့မြစ်သဖွယ် ဖြစ်သောကြောင့် သန္တာနာ နုသယ မည်ပါသည်။

အတ္တနှင့် အတ္တနိယသဘောအဖ ဂေဟကိသိုဋ္ဌိတ်များဝင့် သိတတ် သောသဘော (ဂတ္တုကာရက) အမြဲ ပါဝင်နေသောကြောင့် အတ္တခြုံရုံသည်သာ မည်ပါသည်။ သိဂရာသဘော (ဂမ္မကာရက) အမြဲပါဝင်နေသောကြောင့် အတ္တနိ ပခြုံ သည်မှာပါသည်၊ ကျွဲနေရာ၌ သိတတ်သောသဘော (ဂတ္တား)ကို ဖော်ပြ(ဂါ)ဟု ဒုတိယာဝိဘတ်မှတစ်၍ သိဂရာသဘော (ဂမ္မ)ကို အတ္တနိယ (ဂါဂါဥစ္စာ)ဟု သတ်မှတ်ပါသည်။

လောကုတ္တရာ သိစိတ်များဖြင့် သိရာဠ်ကား သိစရာသဘော (နိဗ္ဗာန်) သည် နိမိတ်ပုံသဏ္ဌာန်ရှိ (အတ္တနိယ)သဘောဖြင့် မပါဝင်ပဲ နိမိတ်ပုံသဏ္ဌာန်မဲ့ သဘောဖြင့်သာ ပါဝင်သောကြောင့် အတ္တနိယမှ ဆိတ်သုဉ်းပါသည်။ ယင်းကို သုညဟုခေါ်ပါသည်။ သိတတ်သော သဘောသည် ပုဂ္ဂိုလ်သတ္တဝါ၊ ဇီဝ(အတ္တ) သဘော ဖြင့် မပါဝင်ပဲ စတုသစ္စညာဏသဘော ဖြင့်သာ ပါဝင်သောကြောင့် အတ္တမှ ဆိတ်သုဉ်းပါသည်။ ယင်းကို သုညဟု ခေါ်ပါသည်။

လောကုတ္တရာသိစိတ်တွင် သိစရာသဘော (အတ္တနိယ) ချုပ်ငြိမ်းလျှင် သိတတ်သောသဘော (အတ္တ)လည်း ချုပ်ငြိမ်းပါသည်။ သိစရာသဘောနှင့် သိတတ်သော သဘောတို့ ချုပ်ငြိမ်းသွားပါက မင်္ဂဏ်ဖိုလ်ဉာဏ်ကို သိခြင်းကြိယာ (ဘာဝဝါစ္စ)ဟူ၍ပင် မဆိုနိုင်တော့ပဲ သိစရာသင်္ခါရနိုဗ္ဗာန်ကို မရှိတော့သည့် သဘော သက်သက်မျှ ဖြစ်သော ငြိမ်းအေးခြင်းမျှကို မျက်မှောက်ပြုခြင်း (သစ္ဆိကရဏ)ဟူ၍သာ ဆိုနိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် နိဗ္ဗာန်နှင့် ပတ်သက်လျှင် လောကီအာရုံများကို ပီပီပြင်ပြင် ဖော်ပြနိုင်သကဲ့သို့ ပီပီပြင်ပြင် မဖော်ပြနိုင်ခြင်း ဖြစ်ပါသည်။ လောကီအာရုံများဝင့် သိစရာသဘော၊ သိတတ်သော သဘောနှင့် ယင်းတို့ ပေါင်းဆုံရာ သိခြင်းကြိယာသဘော (ဘာဝဝါစ္စ) ပါဝင်ပါသည်။ လောကုတ္တရာ အာရုံတွင်ကား သိစရာသဘောလည်း ချုပ်ငြိမ်းပြီး သိတတ်သော သဘောလည်း ချုပ်ငြိမ်းပြီး၊ ထို့အခါ ယင်းတို့၏ ပေါင်းဆုံရာ သိခြင်းကြိယာသည် မည်သို့မျှ ကြိယာသဘော (ဘာဝဝါစ္စ)ကို မဆောင်နိုင်ပါတော့ချေ။ အကယ်၍ ကြိယာသဘောကို

(ဃ၁) အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

ဆောင်နေသေးလျှင် ကာရကသဘောမျှားကိုလည်း မလွဲမသွေဆောင်ယူပြီး ဖြစ်ပျက်သဘောမှ လွတ်မြောက်နိုင်တော့မည် မဟုတ်ပါချေ။

အမှန်ဘရားဟူသည် ကာလမရှေး၊ ဒေသမရွှေးမှန်သော အမှန်တရား (ကူဋဋ္ဌဘာယီ)နှင့် ကာလအလိုက် ဒေသအလိုက်မှန်သော အမှန်တရား (ပရိဏာမီ)ဟူ၍ (၂)မျိုးရှိပါသည်။ ကူဋဋ္ဌဘာယီ အမှန်တရားကို သူ့ချည်း မသိနိုင်သည့်အဘွက် ပရိဏာမီအမှန်တရားတို့ဖြင့် ဝန်းရံ၍ ဖော်ပြကသည့် အစဉ်အလာ ရှိခဲ့ပါသည်။ မြတ်စွာဘုရား၏ ဒေသနာတော်သည် ကာလမရွေး၊ ဒေသမရွေး မှန်သော ကူဋဋ္ဌဘာယီ အမှန်တရား ဖြစ်ပါသည်။ သို့နာတွင် ထိုကူဋဋ္ဌဘာယီ အမှန်တရားကို ကာလအလိုက်၊ ဒေသအလိုက် ထိုုိုကာလ၊ ထိုထို့ဒေသရှိ ပုဂ္ဂိုလ်ဘို့ သိစေခြင်းငှာ ရွေးရွေးဆရာမြတ်တို့သည် မိမိတို့ကာလ၊ မိမိတို့ဒေသရှိ ပရိဏာမီအမှန်တရားတို့ဖြင့် ဝန်းရံ၍ ဖော်ပြခဲ့ကြပါသည်။

ဤစာအုပ်၌လည်း ထိုုိုဆရာမြတ်တို့၏ ထုံးကို နှလုံးမူ၍ မြတ်စွာဘုရား၏ ဒေသနာတော်လာ အတ္တနှင့် အနတ္တသဘောကို ယနေ့ခေတ်မြန်မာတို့ သိမြင်နားလည်စေရန် အနိုးစပ်ဆုံး ဘာသာပြန်သောအားဖြင့် ကြိုးပမ်းထားခြင်း ဖြစ်ပါသည်။ ထိုသို့ကြိုးပမ်းရာတွင် အတ္တနှင့် ပတ်သက်၍ ပြာဟ္မဏနှင့် တိတ္ထိယတို့၏ "အကောင်အဆည်အတ္တ" မှသည် ပုထုဇဉ်နှင့် သေက္ခာတို့၏ သန္တာန်၌ မလွဲသာ မရှောင်သာ ထာဝစဉ်ပါဝင်ကိန်းအောင်းနေသော "အနုသယအတ္တ" အထိ ဖော်ပြပြီး ထိုအတ္တမှကင်းငြိမ်းရာ အနတ္တသည်း ပါဝင်ကြောင်း ဖော်ပြအပ်ပါသည်။ သို့ရာတွင် အတ္တနှင့် အနတ္တကို စာပေသိမှ ကျော်လွန်ပြီး ကိုယ်တိုင်သိအဖြစ်သို့ ရောက်ရှိနိုင်စေရေးအတွက် မဇ္ဈိမပဋိပဒါ(ဝိပဿနာ)အကျင့်၊ အယုတ်ဆုံးအားဖြင့် ဝိဝဋ္ဋနိဿိတ ကုသိုလ်အကျင့်ကို စာဖတ်သူများ ကိုယ်တိုင် ကိုယ်ကျ ကျင့်သုံးဖြစ်ကြသည့် ဆိုလျှင်ပင် ဤစာအုပ်၏ ရည်ရွယ်ချက် ပြည့်မြောက်ပြီ ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ရွှေအောင်

(၁၃-၃-၈၅)

◆◆◆◆◆◆◆◆

ಅಂಚೆ-ಕಾರ್ಡ್ ಪೆಟ್ಟಿಗೆ



ಸ್ಟ್ಯಾಂಪ್ ಪೆಟ್ಟಿಗೆ ಪತ್ರ ಪೆಟ್ಟಿಗೆ

အခန်းကြီး (၁)

ဗုဒ္ဓခေတ်မတိုင်မီ ကိုးကွယ်ယုံကြည်မှုများ

အခန်း (၁)

ဝေဒနှင့် ဗြာဟ္မဏဝါဒ

ကိုးကွယ်ယုံကြည်မှု

လူတို့သည် နေ့စဉ်ဒုက္ခတိုင်း အရာဝတ္ထုတခုကို မြင်ကြပါသည်။ ဖြစ်ရပ်တခုကို တွေ့ကြုံကြပါသည်။ ထိုအခါ အရာဝတ္ထု၊ သို့မဟုတ် ဖြစ်ရပ်တခုကို သူ့အတိုင်းမဟုတ်ပဲ အပိုအရည်အသွေးများကို ထည့်သွင်း၍ ဆတ်မှတ်ကြပါသည်။ ဥပမာအားဖြင့် နှင်းဆီပန်းကိုမြင်သောအခါ နှင်းဆီပန်းကို နှင်းဆီပန်းအဖြစ်သာ မထားပဲ ယင်းနှင်းဆီပန်းကို လှသည်ဟူ၍လည်းကောင်း၊ ကောင်းသည်ဟူ၍လည်းကောင်း၊ စစ်မှန်သည်ဟူ၍ လည်းကောင်း သတ်မှတ်ကြပါသည်။ အမှန်အားဖြင့် လှခြင်း၊ ကောင်းခြင်း၊ မှန်ကန်ခြင်းတို့သည် နှင်းဆီပန်း၏ ပင်ကိုအရည်အသွေးမဟုတ်ပဲ နှင်းဆီပန်းပေါ်၌ အပိုဆောင်းထားသည့် အရည်အသွေးများဖြစ်ကြပါသည်။ ယင်းသို့ အပိုဆောင်းခြင်းမှာ လူသားတို့အနေဖြင့် မဆောင်းပဲမနေနိုင်၍ ဆောင်းခြင်းဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုရလျှင် လှခြင်း၊ ကောင်းခြင်း၊ မှန်ကန်ခြင်းတို့သည် အရာဝတ္ထုနှင့် ဖြစ်ရပ်တို့၏ ပင်ကိုအရည်အသွေးမဟုတ်ပဲ လူတို့၏ စိတ်ပိုင်းဆိုင်ရာ သတ်မှတ်ချက်များသာ ဖြစ်ပါသည်။

ကိုးကွယ်ယုံကြည်မှု၏ အမည်တမျိုးသည် "ဘာသာတရား" ဖြစ်ပါသည်။ အိန္ဒိယဒဿနပညာရှင်တို့၏ သတ်မှတ်ချက်အရ "ဘာသာတရား"တိုင်းတွင် သဒ္ဓာ(၃)မျိုး ပါဝင်ပါသည်။ ယင်းသဒ္ဓာ(၃)မျိုးမှာ-

(၁) လှုံ့ခြင်း၊

(၂) ကောင်းခြင်း၊

(၃) မှန်ကန်ခြင်း-

တို့ဖြစ်ပါသည်။ ဗုဒ္ဓအဘိဓမ္မာ ဝေါဟာရဖြင့် ပြောရလျှင်-

(၁) လှုံ့ခြင်းသည် "အသက်သွင်းမှု" စေတနာ၏ အမှတ်အသားဖြစ်ပါသည်။

(၂) ကောင်းခြင်းသည် "ယုံကြည်မှု" သဒ္ဓါ၏ အမှတ်အသားဖြစ်ပါသည်။

(၃) မှန်ကန်ခြင်းသည် "အမြင်" ဒိဋ္ဌိ၏ အမှတ်အသား ဖြစ်ပါသည်။

ထို့ကြောင့် ဘာသာတရားဟူသည် အမြင်(ဒိဋ္ဌိ)ပေါ်၌ အခြေခံသော ယုံကြည်မှု(သဒ္ဓါ)ကို စနစ်တကျအသက်သွင်းမှု(စေတနာ)ဖြစ်ပါသည်။ ဤသည်မှာ အဇ္ဈတ္တရူထောင့်မှ ဖွင့်ဆိုသည့် "ဘာသာတရား"၏ မူချတရားကိုယ်ဖြစ်ပါသည်။ ဗဟိဒ္ဓရူထောင့်မှ ဖွင့်ဆိုသည့် "ဘာသာတရား" ၏ ဥပဒေတရားကိုယ်မှာ ဘုရားရှင်၊ တန်ခိုးရှင်၊ ယင်း၏ အဆုံးအမနှင့် တပည့်သား သာဝကများ ဖြစ်ပါသည်။ ထို့ကြောင့် "ဘာသာတရား" ၏ တရားကိုယ်သည် ရှုထောင့်အရ

(၂)မျိုးကွဲသော်လည်း သဘောအားဖြင့်မူ (၂)မျိုးမကွဲပဲ တမျိုးတည်း (၁) လှုခြင်း၊ (၂) ကောင်းခြင်း၊ (၃) မှုန်ကန်ခြင်းပင် ဖြစ်ပါသည်။

လူတို့သည် အရာဝတ္ထုတခုကိုမြင်တိုင်း ဖြစ်ရပ်တခုကို တွေ့ကြုံတိုင်း လှ၊မလှ သို့မဟုတ် ကောင်း၊ မကောင်း သို့မဟုတ် မှုန်၊ မမှုန်တို့ကို မလွဲမသွေသတ်မှတ်ကြပါသည်။ လှခြင်း၊ ကောင်းခြင်း၊ မှုန်ခြင်းတို့သည် ဘာသာတရား၏ ပင်ကိုသဘောမျှဖြစ်လေရာ မည်သည့် အရာဝတ္ထုကိုမြင်မြင်၊ မည်သည့်ဖြစ်ရပ်ကိုကြုံကြုံ၊ လှ၊ မလှ၊ ကောင်း၊ မကောင်း၊ မှုန်၊ မမှုန်တို့ကို သတ်မှတ်ခြင်းသည် ဘာသာစမုန်းအဖြင် ဖြင့်သာ သတ်မှတ်သည်ဟု ဆိုအပ်ပါသည်။ ထိုသို့ သတ်မှတ်ရာတွင် စေတနာသည် ကုသိုလ်သဘောနှင့် အကုသိုလ်သဘော (၂)မျိုး ရှိသဖြင့် ငရဲပန်းကိုလည်း လှသည်ဟု သတ်မှတ်ကြပါသည်။ နတ်ပန်းကိုလည်း လှသည်ဟု သတ်မှတ်ကြပါသည်။ ငရဲပန်းနှင့် နတ်ပန်းတို့သည် အလှချင်းတူသော်လည်း သဘောချင်းကားမတူ။ ထိုသို့မတူသော်လည်း သူ့နှထောင့်မှ သူ "လှပသည်" ဟူ၍ကား သတ်မှတ်ကြသည်သာ ဖြစ်ပါသည်။ ကိုနည်းအလား ဘဝကောင်းနှင့်အမှုန်တို့ကို သတ်မှတ်ရာတွင်လည်း မိစ္ဆာသဒ္ဓါ (မိစ္ဆာဓိမောက္ခ)နှင့် သမ္မာသဒ္ဓါ၊ မိစ္ဆာဒိဋ္ဌိနှင့်သမ္မာဒိဋ္ဌိတို့ဟူ၍ သဘောချင်းမတူစေကာမူ သူ့နှထောင့်မှ သူ "ကောင်းသည်" "မှုန်သည်" ဟူ၍သတ်မှတ်ကြသည်ပင်ဖြစ်ပါသည်။ သို့ရာတွင် အလှ၊ အကောင်း၊ အမှုန်တို့သည် ကိုးကွယ်ယုံကြည်မှု ဘာသာတရား အားသုံးဘို့အတွက် ဓါတ်ပဒရုပ်၏ အနုတ်အနေဖြင့် တူညီကောင်းမှု သဘောအဓိပ္ပာယ်အနေဖြင့် တူညီခြင်း မရှိကြပါချေ။ ဆိုင်ရာဆိုင်ရာ ဘာသာတရားတို့၏ အနှစ်သာရအလိုက် ကွဲပြားနေကြမည်သာ ဖြစ်ပါသည်။

တနည်းအားဖြင့် ဆိုရလျှင် လူတို့သည် မိမိတို့၏အတွေ့အကြုံမျှားနှင့်ပတ်သက်၍ လှုံ့ဆော်လှုံ့ဆွေးခြင်း၊ ကောင်း၊ မကောင်းကိုလည်းကောင်း၊ မှန်၊မမှန်ကိုလည်းကောင်း မသတ်မှတ်ပဲမနေနိုင်ကြချေ။ အမှန်အားဖြင့် လှုံ့ဆော်ခြင်း၊ ကောင်းခြင်းနှင့် မှန်ကန်ခြင်းတို့သည် ဘာသာတရားအားလုံးတို့၏ အမြင့်ဆုံး ပုဂ္ဂိုလ်မျှားနှင့် အမြင့်ဆုံး သစ္စာတရားဖြစ်သော နိဗ္ဗာန်၊ ဗြဟ္မာ၊ ထာဝရဘုရား စသည်တို့၏ မူပိုင် အရည်အသွေး ဖြစ်သည်ဟု ဆိုင်ရာဆိုင်ရာ ဘာသာဝင်တို့က ယုံကြည်ကြပါသည်။ထို့သို့ယုံကြည်ပါလျှက် အမြင့်ဆုံးပုဂ္ဂိုလ်နှင့်အမြင့်ဆုံး သစ္စာတရား၏ မူပိုင်အရည်အသွေးကို လောကီအရာဝတ္ထုမျှားနှင့် လောကီဖြစ်ရပ်မျှားပေါ်၌ တင်၍ လှုသည်ဟူ၍ လည်းကောင်း၊ ကောင်းသည်ဟူ၍ လည်းကောင်း၊ မှန်သည်ဟူ၍ လည်းကောင်း သတ်မှတ်ကြခြင်းသည် အမြင့်ဆုံးပုဂ္ဂိုလ်နှင့် အမြင့်ဆုံးသစ္စာတရားမှ ခေတ္တဝေးရမ်း၍ သတ်မှတ်ခြင်းသာ ဖြစ်ပါသည်။ထို့ကြောင့် လောကီအရာဝတ္ထုမျှားနှင့် လောကီဖြစ်ရပ်မျှားသည် လှုသည်ဟု ထင်ရသော်လည်း တကယ်တမ်းမလှုကြပါ။ ကောင်းသည်ဟု ထင်ရသော်လည်း တကယ်တမ်းမကောင်းကြပါ။ မှန်သည်ဟု ထင်ရသော်လည်း တကယ်တမ်းမမှန်ကြပါ။ သို့ရာတွင် မည်သို့ဆိုစေ လူတို့သည် အမြင့်ဆုံးပုဂ္ဂိုလ်နှင့် အမြင့်ဆုံးသစ္စာတရား၏ မူပိုင်အရည်အသွေးကို အမြင့်ဆုံးပုဂ္ဂိုလ်နှင့် အမြင့်ဆုံးသစ္စာတရားမှ ခေတ္တဝေးရမ်း၍ လောကီအရာဝတ္ထုမျှားနှင့်လောကီဖြစ်ရပ်မျှားပေါ်၌ တင်၍ လှုသည်ဟူ၍လည်း ပြောဆိုကြပါသည်၊ ကောင်းသည်ဟူ၍လည်း ပြောဆိုကြပါသည်။ မှန်သည်ဟူ၍လည်း ပြောဆိုကြပါသည်။ ယင်းသို့ ပြောဆိုခြင်းမှာ ဘာသာရေး၏ အရည်အသွေးမျှားကို ခေတ္တဝေးရမ်း၍ ပြောဆိုခြင်းဖြစ်သဖြင့် "ဘာသာရေးအမြင်"ဖြင့် ပြောဆိုခြင်းဟူ၍ ယူဆပါသည်။

ဘာသာတရား၏ အသွင်(၂)မျိုး

ဒေါက်တာ ရာဓာခရစ်ရှနန်၏ "The philosophy of the Upanishads"၌ သတ်မှတ်ချက်အရ ဘာသာတရားတွင် အသွင်(၂)မျိုးရှိပါသည်။ ယင်းအသွင်(၂)မျိုးမှာ "ဘာသာတရားအဖြစ် အသိအမှတ်ပြုအသွင်"နှင့် "ဘာသာတရားအဖြစ် အသိအမှတ်မပြုအသွင်"တို့ဖြစ်ပါသည်။ ဤအသွင်(၂)မျိုးလုံးသည် အသွင်သဏ္ဌာန်အနေဖြင့် (၂)မျိုးဖြစ်သော်လည်း အနှစ်သာရအနေဖြင့် တမျိုးတည်းပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းအသွင်(၂)မျိုးလုံးသည် လောကကို ရှုမြင်သုံးသပ်ရာ၌ ဘာသာရေးနယ်ပယ်တွင် အမြင့်ဆုံးပုဂ္ဂိုလ်များနှင့် အမြင့်ဆုံးသစ္စာတရားတို့၏ ကိုယ်ပိုင်အရည်အသွေးဖြစ်သော "လှခြင်း, ကောင်းခြင်း, မှန်ကန်ခြင်း"တို့ကို ခေတ္တာ ဌာနရမ်းရှိ အသုံးပြုပါသည်။ ကောင်းခြင်း၏ အမှတ်အသားသည် "ယုံကြည်မှု"သဒ္ဓါဖြစ်ပါသည်။ မှန်ကန်ခြင်း၏ အမှတ်အသားသည် "အမြင်"ဒိဋ္ဌိဖြစ်ပါသည်။ လှခြင်း၏ အမှတ်အသားသည် "အသက်သွင်းမှု"စေတနာဖြစ်ပါသည်။ ယင်းသုံးမျိုးသည် ဘာသာတရား၏ အသွင်(၂)မျိုးလုံး၏ မူချတရားကိုယ်ချည်းဖြစ်သောကြောင့် ဖြစ်ပါသည်။ အချို့သော ဘာသာရေးကျမ်းတို့၌ စေတနာကို ကမ္မယောဂဟူ၍လည်းကောင်း၊ သဒ္ဓါကို ဘတ္တိယောဂဟူ၍လည်းကောင်း၊ ဒိဋ္ဌိကို ဉာဏယောဂဟူ၍လည်းကောင်း ဗဟုမည်တမျိုးဖြင့် သတ်မှတ်ကြပါသေးသည်။

ဤလောကတွင် ဘာသာရှိအမည်ခံသူများလည်း ရှိပါသည်။ ဘာသာမဲ့ အမည်ခံသူများလည်း ရှိပါသည်။ ထိုသူ(၂)မျိုးလုံးပင် မိမိဘို၏အမြင်(ဒိဋ္ဌိ)ပေါ်၌ အခြေခံသော မိမိတို့၏ယုံကြည်မှု(သဒ္ဓါ) အလိုက် မိမိတို့၏ အသက်သွင်းမှု(စေတနာ)ဖြင့် အမှုန်နှင့်အမှား၊

အကောင်းနှင့်အဆိုး၊ အလှနှင့်အကျည်းတန်တို့ကို သတ်မှတ်ကြသည် ချည်းဖြစ်ပါသည်။ သို့ရာတွင် ဘာသာရှိအမည်ခံသူတို့၏ သတ်မှတ် ချက်မှာ "ဘာသာတရားအဖြစ် အသိအမှတ်ပြုအသွင်" နှင့် ဆိုင်ပါ သည်။ ဘာသာမဲ့အမည်ခံသူတို့၏ သတ်မှတ်ချက်မှာ "ဘာသာတရား အဖြစ် အသိအမှတ်မပြုအသွင်" နှင့် ဆိုင်ပါသည်။ ထို့ကြောင့် လောကကို ရှုမြင်သုံးသပ်ရာတွင် ဘာသာတရားနှင့် ပတ်သက်၍ အမည်ခံယူမှုခြင်းခြားနားစေကာမူ တရားကိုယ်အားဖြင့်မူ အတူတူပင် ဖြစ်ပါသည်။

သို့ဖြစ်၍ လောကဖြစ်စဉ်မျှားအပေါ် အမှန်နှင့်အမှား၊အကောင်း နှင့်အဆိုး၊ အလှနှင့် အကျည်းတန်တို့ကို သတ်မှတ်နေသရွေ့ ကာလ ပတ်လုံး ဘာသာရှိအမည်ကို ခံယူသည်ဖြစ်စေ၊ ဘာသာမဲ့အမည်ကို ခံယူသည်ဖြစ်စေ ဘာသာတရားတို့၏ အမြင့်ဆုံးအာရည်အသွေး (လှ၊ ကောင်း၊ မှန်၊ ပင်းတို့၏ အမှတ်အသား တရားကိုယ် (စေတနာ၊ သဒ္ဓါဒ်ဥ)တို့ကို အသုံးပြုသည့်ချည်းဖြစ်သောကြောင့် လူမှုန်သမျှ သည့် ဘာသာတရားကို တနည်းမဟုတ် တနည်းဖြင့် ယုံကြည် သက်ဝင်သူမျှားသာ ဖြစ်သည်ဟု ဆိုအပ်ပါသည်။ ထို့ကြောင့် အမှန်နှင့်အမှားကိုဖြစ်စေ၊ အကောင်းနှင့် အဆိုးကိုဖြစ်စေ၊ အလှနှင့် အကျည်းတန်ကိုဖြစ်စေ၊ သတ်မှတ်ရာ၌ လူလိုသည် မိုမိတို့၏ "စံ" (ဘာသာဒေးရး ဖြင့် တိုင်းတာ သတ်မှတ်နေကြခြင်း ဖြစ်ကြောင်း နားလည်ဖတ်ပါသည်။

ဝေဒဓေတ် ကိုးကွယ်ယုံကြည်မှု

ဗုဒ္ဓဝါဒသည် ယနေ့ကမ္ဘာလူသား ငါးပုံတပုံမှန် ကိုးကွယ်ယုံကြည် နေသော ငါဒဖြစ်ပါသည်။ ဗုဒ္ဓဂါဒမတိုင်မီက မင်္ဂိမဒေသခေါ် ရှေး

ခေတ် အိန္ဒိယဘွင် မူရင်း ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဝါဒများ ရှိနှင့်ပြီး ဖြစ်ပါသည်။ ထိုရှိနှင့်ပြီး ဝါဒများထဲမှ တမူထူးခြားသော ဝါဒတရပ်အနေဖြင့် ဗုဒ္ဓဝါဒသည် ပေါ်ထွန်းလာခြင်းဖြစ်ရာ ဗုဒ္ဓဝါဒနောက်ခံအနေဖြင့် ထိုရှိနှင့်ပြီးဝါဒများကို လေ့လာဖို့လိုအပ်ပါသည်။ သို့မှသာ ဗုဒ္ဓဝါဒကို ပြည့်ပြည့်စုံစုံ နားလည်နိုင်ဖွယ်ရှိပါသည်။

ဓမ္မတာအားဖြင့် ဝါဒသည်လည်း အဆင့်ဆင့်တိုးတက်ဖြစ်ထွန်းမှုသဘောကို ဆောင်ပါသည်။ ထိုသို့ဆောင်ရွတ်ဉ် ရှိနှင့်ပြီးသားဝါဒများ မှားယှင်းသဖြင့် မကျေနပ်၍ ဆောင်ခြင်းမျိုးလည်း ရှိနိုင်ပါသည်။ သို့မဟုတ် ရှိနှင့်ပြီးသားဝါဒများ မပြည့်စုံသဖြင့် ပြည့်စုံအောင် အထွတ်တင်သောအားဖြင့် ဆောင်ခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ သို့မဟုတ် နှစ်မျိုးပေါင်းကို လိုအပ်သလို အသုံးပြုခြင်းအားဖြင့် ဆောင်ခြင်းမျိုးလည်း ရှိနိုင်ပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဝါဒဖြစ်ထွန်းပေါ်ပေါက်မှုကို လေ့လာရာ၌ ရှိနှင့်ပြီးသားဝါဒများနှင့် မည်သို့ဆက်နွယ်သည်ကို နှိုင်းယှဉ်လေ့လာအပ်ပါသည်။

မဇ္ဈိမဒေသ၌ ရှေးခေတ်အိန္ဒိယတွင် ရှေးအကျဆုံး ကိုးကွယ်ယုံကြည်မှုများအနက် ဗုဒ္ဓဝါဒနှင် ဆက်နွယ်သော ကိုးကွယ်ယုံကြည်မှုမှာ နတ်ကိုးကွယ်မှုပင် ဖြစ်ပါသည်။ သို့ရာတွင် ထိုနတ်များမှာ သူရဿတီ၊ ဂဝလိ၊ ဧန္ဒိဇသော ဧနှာင်းခေတ် အိန္ဒိယ နတ်မျာ မဟုတ်ကြပါ။ ရှေးခေတ် အိန္ဒိယနတ်များ ဖြစ်ပါသည်။ ထိုရှေးခေတ် အိန္ဒိယနတ်များကို ဝေဒခေတ်နတ်များဟု ခေါ်ကြပါသည်။ ဝေဒခေတ်နတ်များကို အုပ်စုသုံးစုခွဲကြပါသည်။ အုပ်စုတစုလျှင် နတ်ပေါင်း (၁၁) ယောက်ကျစီဖြင့် စုစုပေါင်း နတ်(၃၃)ယောက် ရှိခကြောင်း ဆိုကြပါသည်။ အုပ်စု သုံးစုအနက် ပထမအုပ်စုဝင် နတ်များကို မြေနတ်များ (ပထဝီဋ္ဌာနိက)ဟု ခေါ်ပါသည်။ ထိုမြေနတ်များ

အနက် ထင်ရှားသော နတ်များမှာ မြေနတ် (ပထဝီ)၊ **မီးနတ်** (အဂ္ဂိ)၊ သောမနတ်တို့ ဖြစ်ကြပါသည်။ ဒုတိယအုပ်စုဝင် နတ်များ အနက် ထင်ရှားသောနတ်များမှာ သိကြား (ဣန္ဒြ)၊ လေနတ် (ဝါယု)၊ မိုးနတ် (ပဇ္ဇုန္န)၊ ဧရနတ် (အာပေါ)တို့ ဖြစ်ကြပါသည်။ ယင်းတို့ကို ကောင်းကင်နတ်များ(အန္တလိက္ခဌာနိက)ဟု ခေါ်ကြပါသည်။ တတိယအုပ်စုဝင်နတ်များအနက် ထင်ရှားသော နတ်များမှာ နေနတ် (သူရိယ)၊ အရုဏ်နတ် (ဥသာ)၊ ညဉ့်နတ်(ရတ္တိ)တို့ဖြစ်ကြပါသည်။ ယင်းတို့ကို အာကာသနတ်များ (ဒျုဌာနိက)ဟု ခေါ်ကြပါသည်။ မြန်မာလူမျိုးတို့နှင့် မကျွမ်းသော သာဝိတ္ထိ၊ ပူရှန်၊ ဒျော်စသော ဝေဒခေတ် နတ်များကို ဤနေရာ၌ ဖော်ပြခြင်းမပြုတော့ပဲ ချန်ထားခဲ့ပါသည်။

ဝေဒ (၄)ပုံ

ဝေဒခေတ်တွင် နတ်များကို ကိုးကွယ်ကြပါသည်။ ထိုသို့ ကိုးကွယ်ကြသောအခါ နတ်တို့၏ ဘုန်းတော်ဘွဲ့များကို ရွတ်ဆိုကြရပါသည်။ နတ်တို့၏ ဘုန်းတော်ဘွဲ့များကို ဖော်ပြသောကျမ်းကို "ရိုက်ဝေဒ" (ဣရုဝေဒ)ဟု ခေါ်ပါသည်။ "ရိုက်"၏အနက်မှာ ဒေဝတာဘုန်းတော်ဘွဲ့ ဖြစ်ပါသည်။

နောက်ပိုင်း၌ ဘုန်းတော်ဘွဲ့ရွတ်ဆိုရုံနှင့် မပြီးတော့ပဲ လှူဒါန်း ပူဇော်ဖွယ် ပစ္စည်းဝတ္ထုများ ခြံရံ၍ရွတ်ဆိုကာ ပူဇော်ကြရပါသည်။ ဤသည်မှာ ဝေဒခေတ်၌ စွန့်ကြဲလှူဒါန်းမှု (ဗာဂ)သဘော ပထမ (ဦးဆုံး) စဘင်ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ပူဇော်သောအခါ၌ လည်း စည်းစနစ်ဘကျ သတ်မှတ်၍ ပူဇော်ရပါသည်။ နတ်အလိုက်၊ အခမ်းအနားအလိုက် ပူဇော်ပုံ၊ ပူဇော်နည်းများသည် ကွဲပြားခြား

နားမှု ရှိလာပါသည်။ ထိုကဲ့သို့ နတ်အလိုက် အခမ်းအနားအလိုက် ပူဇော်မှုများ စည်းစနစ်တက္၊ ဖြစ်ရေးအတွက် ပူဇော်ပုံ၊ ပူဇော်နည်း များကို ဖော်ပြသောကျမ်းကို "ယဇုဝေဒ"ဟု ခေါ်ပါသည်။ "ယဇု" ၏အနက်မှာ ပူဇော်ခြင်း (ယဇ်)ဖြစ်ပါသည်။ အမှန်အားဖြင့် ယဇု ဝေဒကျမ်းသည် ကိုးကွယ် ယုံကြည်မှုသမိုင်း၌ စွန့်ကြဲ လှူဒါန်းမှု (စာဂ)၏ အရေးပါမှုသဘောကို အစဆုံး ဖော်ပြသော ကျမ်းဖြစ်ပါသည်။

ဘာသာရေးနယ်ပယ်၌ စွန့်ကြဲလှူဒါန်းမှု (စာဂ)သဘော ပါဝင်လာသော အခါ ထိုစွန့်ကြဲလှူဒါန်းမှုသဘောကို ထက်သန်လာအောင် ဖန်တီးဖို့ လိုအပ်လာပါသည်။ နတ်များ၏ ဘုန်းတော်ဘွဲ့များကို ရွတ်ဆိုရုံ၊ ပစ္စည်းဝတ္ထုများကို ခမ်းခမ်းနားနား စည်းစနစ်တက္၊ စွန့်ကြဲလှူဒါန်းရုံမျှနှင့် ပူဇော်မှုကိစ္စ မပြီးတော့ပဲ စေတနာထက်သန်လာအောင် စိတ်ကြည်နူးလာအောင် ဆောင်ရွက်ရေးကို စဉ်းစားလာကြပါသည်။ ထိုအခါ သာယာငြိမ့်ညောင်းသော ဝေးဂီတများကို ထည့်သွင်းပူဇော်ဖို့ စီစဉ်ကြပါသည်။ သို့ဖြစ်၍ နတ်များပူဇော်ပွဲအတွက် ငြိမ့်ညောင်းသာယာသော ဝေးဂီတများကို ဖော်ပြသောကျမ်းကို "သာမဝေဒ"ဟု ခေါ်ပါသည်။ "သာမ"၏ အနက်မှာ ဝေးဂီတ ဖြစ်ပါသည်။

ငြိမ့်ညောင်းသာယာသော ဝေးဂီတများမှ "အသံ"၏ တန်ဖိုးကို သိလာကြပါသည်။ "အသံ"ကိုသာ ဌာန်၊ ကရိက်း၊ ပယတ်တို့ဖြင့် စည်းစနစ်တက္၊ ရွတ်ဆိုနိုင်ပါက လိုအင်ဆန္ဒကို "အသံ"ကပင် ပေးနိုင်ကြောင်း ယုံကြည်လာကြပါသည်။ သဒ္ဒါဗေဒရာများကမူ အသံကိုပင် ဗြဟ္မာ(သဒ္ဒဗြဟ္မာ)ဟု ယုံကြည်သတ်မှတ်ကြပါသည်။ အဘယ်ကြောင့် ဆိုသော် အသံသည် ဖြစ်ပျက်ခြင်းသဘောမရှိပဲ နိစ္စဟရုံးအနေဖြင့်

အရာရာတိုင်း နေရာတိုင်း၌ ပို့ချုံ့၍ တည်ရှိသောကြောင့် ဖြစ်ပါသည်။ ထိုဆရာတို့၏အလိုအရ အသံသည် အသစ်အသစ်ဖြစ်ပေါ်စေနိုင်သော (ဥပါဒက) တရားမဟုတ်ပဲ ထင်ရှားရုံသာ ထင်ရှားစေနိုင်သော (အဘိဗျဥ္ဇက) တရားမျိုးသာဖြစ်ပါသည်။ လူတို့ ကြားနိုင်၊ ရှုတ်ဆိုနိုင်သောအသံသည် နိစ္စအသံမှ ထင်ရှားဖြစ်ပေါ်လာသော အနိစ္စအသံသာ ဖြစ်ပါသည်။ နိစ္စအသံသည် ဥပါဒ်၊ ဌိ၊ ဘင် မရှိပါ။ အနိစ္စအသံသာ ဥပါဒ်၊ ဌိ၊ ဘင် ရှိပါသည်။ အကြောင်းတရားတို့ ပေါင်းဆုံညီညွတ်သောအခါ မထင်ရှားသော နိစ္စအသံသည် ထင်ရှားသော အနိစ္စအသံအဖြစ်သို့ ပြောင်းလဲသွားပါသည်။ ထို့နောက် ထင်ရှားသော အနိစ္စအသံသည် မထင်ရှားသော နိစ္စအသံအဖြစ်သို့ ပြန်လည် ဝုပ်လျှိုးသွားပါသည်။ ဤသို့လျှင် အသံ၏စွမ်းပကားကို သင်္ဘောသည် ဝေဒကျမ်းတခု အနေဖြင့် ပေါ်လာပါသည်။ ယင်းဝေဒကျမ်းကို "အထဗ္ဗဝေဒ"ဟု ခေါ်ပါသည်။ အထဗ္ဗဝေဒကျမ်း၏ အလိုအရ "အသံ" တခုသည် အမျှားနားလည်သော ရိုးရာအနက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ဌာန်၊ ကရိဏ်း၊ ပယတ် သို့မဟုတ် တုန်ခါနှုန်းတို့ဖြင့် မှန်ကန်စွာ ထွက်ပေါ်လာပါက လိုအပ်သောအကျိုးကို ပေးစွမ်းနိုင်ပါသည်။ အသံဖြင့် ဆင်ကို လာစေနိုင်ပါသည်။ အသံဖြင့် ဆင်ကို ပြေးစေနိုင်ပါသည်။

သို့ဖြစ်၍ အထဗ္ဗဝေဒအရှိန်အဝါကြီးမားလာပေးသောအခါ လူတို့သည် "အသံ"၏ အကူအညီဖြင့် မိမိတို့၏ စွမ်းပကားကို ကိုးစားလာကြပါသည်။ အသံ (ဂါထာ)ဖြင့် ရေဂါကို ကုစားလာကြပါသည်။ ရန်သူကို နှိုင်အောင် ရွတ်ဖတ်လာကြပါသည်။ ရာဇနာမိုးကို ရွာစေလာကြပါသည်။ မိန်းမပျို၏အချစ်ကိုပင် ရအောင် မန္တန်စုတ်လာ

ကြပါသည်။ နမူနာအားဖြင့် အထပ္ပဝေဒလာ အောက်ဖော်ပြပါ မန္တန် (၂) ပုဒ်ကို ဖော်ပြအပ်ပါသည်–

နှယ်ပင်သည် သစ်ပင်ကို လေးဘက်လေးတန်မှ ရစ်သိုင်း သကဲ့သို့ အို....အမျိုးသမီး....သင်သည် ကျွန်ုပ်ကို ရစ်သိုင်း ရမည်။ သင်သည် ကျွန်ုပ်ကို ချစ်ရမည်။ သင်သည် ကျွန်ုပ်ကို မဆန့်ကျင်ရ။

(အချစ်မန္တန်-၆၊ ဂ၊ ၁)

အို....ကောက်ပင်....သင်၏ စွမ်းအားဖြင့် ထောင်လိုက် စမ်းပါ၊ သန်စွမ်းစွာ ပေါက်သိုက်စမ်းပါ၊ အခံ့ကို ခွဲလိုက်စမ်း ပါ၊ ကောင်းကင်မှ လောင်မီးသည် သင့်ကို မဖျက်ဆီးစေရ။

(ကောက်ပင်မန္တန်-၆၊ ၁၄၂၊ ၁)

လောကကြီးတခုလုံးကို အဆီညှစ်၍အနှစ်ထုတ်လိုက်လျှင် နောက် ဆုံး "အသံ"သာ ကျန်ရစ်ကြောင်း၊ ထို"အ ံ"မှာ ဥဒ္ဓိထခေါ် "ဥ" သာဖြစ်ကြောင်းကို ဤကဲ့သို့ ဖော်ပြကြပါသည်–

–အားလုံးတို့၏ အဆီအနှစ်ကား မြေဖြစ်၏။

–မြေ၏အဆီအနှစ်ကား ရေဖြစ်၏။

–ရေ၏အဆီအနှစ်ကား သစ်ပင်ဖြစ်၏။

–သစ်ပင်၏အဆီအနှစ်ကား လူဖြစ်၏။

–လူ၏အဆီအနှစ်ကား စကားဖြစ်၏။

–စကား၏အဆီအနှစ်ကား ရိုက်ဝေဒဖြစ်၏။

–ရိုက်ဝေဒ၏အဆီအနှစ်ကား သာမဝေဒဖြစ်၏။

–သာမဝေဒ၏အဆီအနှစ်ကား ဥဒ္ဓိထဖြစ်၏။

– ဥဒ္ဒိဏသည် အဆိအနှစ်အားလုံးတို့တွင် အကောင်းဆုံး၊ အမြင့်ဆုံးဖြစ်သည့် အဋ္ဌမမြောက် "ဥ" အက္ခရာဖြစ်၏။

အထပ္ပဝေဒတွင် ရှေးဝေဒသုံးပုံတို့ကဲ့သို့ နတ်တို့၏ဘုန်းတော်ဘွဲ့ (ဒေဝတ္ထုတိ)လည်း ပါ၏။ ဓာတ်တမှု (ပတ္ထနာ)လည်း ပါ၏။ ရှေးဝေဒသုံးပုံနှင့်မတူပဲ ဂါထာမန္တရားများလည်း ပါ၏။ အတ္တသဘောတရား(အစ္စာတ္မ)လည်း ပါ၏။ အမှန်သိ(တတ္ဝဉာဏ)လည်း ပါ၏။ ဖန်ဆင်းမှုသဘောတရားလည်း ပါ၏။ ဤသို့လျှင် အထပ္ပဝေဒ၌ အကြောင်းအရာများစွာတို့ ပါဝင်ကြပါသည်။ ထို့ကြောင့် အထပ္ပဝေဒသည် ငွေကုန်ကြေးကျမများပဲ လူတန်းစားမရွေး၊ အလှဒမရွေး အသုံးပြုနိုင်သော ဝေဒကျမ်းဖြစ်သည်ဟု ပညာရှင်များက ဆိုကြခြင်းဖြစ်ပါသည်။

ဒဿနသဘောတရားများ

ဝေဒခေတ်အတွေးအခေါ်နှင့် ပတ်သက်၍ ပထမဦးဆုံးသော ဒဿနသဘောကို "ရိုက်ဝေဒ"၌ ဤသို့ ဖော်ပြထားပါသည်–

(၁) ထိုအခါက ဤလေးကသည် အရှိတရား(သတ်)လည်းမဟုတ်၊ မရှိတရား(အသတ်)လည်းမဟုတ်၊ .....

(၄) .....အရှိတရားနှင့် မရှိတရားတို့၏ ဆက်သွယ်မှု(ဗန္ဓု)ကို တွေ့ကြသည်.....

(၇) ဤလောကသည် မည်သည့်အရာဝတ္ထုမှ စတင်ဖြစ်ပေါ်လေသနည်း။ ဖန်ဆင်းမှု ဟုတ်ချင်လည်း ဟုတ်မည်၊ မဟုတ်ချင်လည်း မဟုတ်၊ ဤဓလောက၏ အကြီးအမှူး

ဖြစ်၍ အမြင့်ဆုံးကောင်းကင်၌ နေသူသည်သာ သိပေမည်။ သို့မဟုတ် သူသည်ပင် သိချင်မှ သိပေမည်။

(နာသဒီယသုတ္တ-၁၀၁၂၉)

အဝေဒုးအခေါ်ဟို၏ အဆင့်ဆင့်ဖြစ်ထွန်းတိုးတက်မှု နိယာမအရ ဝေဒခေတ်အစပိုင်းတွင် လောကဖြစ်ပေါ်မှုနှင့် ပတ်သက်၍ တိတိကျကျ အဖြေမပေးနိုင်သေးပဲ နောက်ပိုင်းကျမှ လောကသည် ကာလသုံးပါး၌ အမြဲတည်ရှိနေသည့် ဗြဟ္မာမှ ဖြစ်ပေါ်လာကြောင်း အဖြေပေးနိုင်ကြပါသည်။ သို့ရာတွင် ဗြဟ္မာဟူသောအမည်ကို မပေးနိုင်သေးမီ ဝေဒပညာရှင်တို့သည် မိမိတို့စိတ်ကူးတည့်ရာ အမည်များကို အသုံးပြုကြပါသည်။ ထိုအမည်မျာ့းမှာ "ဧက"(တခု)နှင့် "အာဘု" (ဖြစ်နိုင်သောအရာ)တို့ ဖြစ်ကြပါသည်။ ဝေဒပညာရှင်တို့၏အဆိုအရ—

အစဦးဆုံး အရှိ(သတ်) ဟူ၍လည်း မဆိုနိုင်၊ မရှိ(အသတ်)ဟူ၍လည်း မဆိုနိုင်သော တရားတခုရှိခဲ့ပါသည်။ ယင်းကို "ဧက"(တခု) သို့မဟုတ် "အာဘု" (ဖြစ်နိုင်သော အရာ)ဟူ၍ ခေါ်ပါသည်။ ထို "ဧက" သို့မဟုတ် "အာဘု" သည် အမိုက်တိုက်ရေပြင်(တမောသလိုလ)ဖြင့် ဖုံးလွှမ်းလျက်ရှိပါသည်။ နောက်ပိုင်း အပူရှိန်ကြောင့် "ဧက" သို့မဟုတ် "အာဘု"၌ စိတ်၏ဗီဇ(မနောရေတ)ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုစိတ်၏ဗီဇကို အလိုရမ်းက်(ကာမ)ဟူ၍ ခေါ်ပါသည်။ ကာမဖြစ်ပေါ်လာသည်နှင့် တပြိုင်နက် "ဧက" သို့မဟုတ် "အာဘု"မှ ပြုယတိ(ဖိုဓာတ်)နှင့် သ္ဒဓာ(မဓာတ်)နှစ်ခု ထွက်ပေါ်လာပြီး လောကသည်ဖြစ်ပေါ်လာခဲ့ပါသည်။

အတ္ထဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

ဝေဒခေတ် ကိုးကွယ်ယုံကြည်မှုသဘောကို လေ့လာလျှင် နတ်များကို ကိုးကွယ်ယုံကြည်မှုသဘောကို တွေ့ရပါသည်။ သို့ဖြစ်၍ ဝေဒခေတ်ကိုးကွယ်ယုံကြည်မှုကို "ဗဟုဒေဝဝါဒ" ဟု ခေါ်ကြပါသည်။ အထမ္ဘဝေဒအရ မိမိကိုယ်ကို အားကိုးသည့်သဘောများနှင့် တွေးခေါ်မြော်မြင်မှုသဘောများ အထိုက်အလျောက် ပေါ်ပေါက်ခဲ့သော်လည်း နတ်များကို အားကိုးသည့် ပူဇော်မှုသဘောလောက် အားကောင်းခြင်းမရှိခဲ့ကြောင်းတွေ့ရပါသည်။ တနည်းအားဖြင့် ဆိုရလျှင် ဝေဒ(၄)ပုံတို့တွင် ကျွန်ုပ်သာမတို့က အပေါ်စီးရ၍ အထမ္ဘဝေဒက အရေးနိမ့်ခဲ့ပါသည်။ အမှန်အားဖြင့် အထမ္ဘဝေဒတွင် ပါဝင်ခဲ့သည့် ဂါထာမန္တရားပိုင်းမှာ ဖြတ်လမ်းသဘောဆန်လွန်းသည့်အတွက် ထိုကဲ့သို့အရေးနိမ့်ခြင်း ဖြစ်ဟန်ရှိပါသည်။ ဆန်စပါး အထွက်ကောင်းအောင် ထွန်ယက်စိုက်ပျိုးခြင်းကို အားမကိုးပဲ ဂါထာမန္တရားကို အားကိုးခြင်းသည် အထမ္ဘဝေဒ၏ ပျော့ညံ့သည့်သဘော ဖြတ်လမ်းဆန်သည့်သဘောဖြစ်ပါသည်။

ဗြာဟ္မဏခေတ်ကိုးကွယ်ယုံကြည်မှု

ဗြာဟ္မဏခေတ် ကိုးကွယ်ယုံကြည်မှုကို ယဇ်ပူဇော်ကိုးကွယ်မှုဟု ခေါ်ကြပါသည်။ ထိုယဇ်ပူဇော်ကိုးကွယ်မှုသည် ဗုဒ္ဓဝါဒမပေါ်ထွန်းမီ နှစ်ရာပေါင်းများစွာတိုင်တိုင် အိန္ဒိယပြည်၌ အခြေစိုက်ခဲ့ပါသည်။ ဝေဒခေတ်တွင် ယဇ်ပူဇော်မှုများ ရှိခဲ့ပါသည်။ သို့ရာတွင် ဝေဒခေတ် ယဇ်ပူဇော်မှုသည် ဗြာဟ္မဏခေတ် ယဇ်ပူဇော်မှုနှင့်စာလျှင် ပြောပလောက်သည့် ယဇ်ပူဇော်မှုမျိုး မဟုတ်ပါ။ခမ်းနားကြီးကျယ်မှုလည်း မရှိပါ။ သာမန်ရိုးရိုး ပူဇော်မှုအဆင့်အတန်းမျိုး၌သာ ရှိပါသည်။ ပူဇော်နည်း ပူဇော်ဟန်မှာလည်း လူတိုင်းပူဇော်နိုင်သည့် သာမန်နည်းစနစ်မျိုးသာဖြစ်ပါသည်။ ဗြာဟ္မဏခေတ်တွင်မူ ယဇ်ပူဇော်မှုကို

ခမ်းနားသည်ထက် ခမ်းနားအောင်၊ ကြီးကျယ်သည်ထက် ကြီးကျယ်အောင် စီစဉ်လာကြပါသည်။ စည်းကမ်းချက်များကို သတ်မှတ်လာကြပါသည်။ ဝေဒခေတ်ကလို အများသူငါပူဇော်၍ ရနိုင်သည့် ပူဇော်မှုမျိုးမဖြစ်ရလေအောင် ခွဲထွင်လာကြပါသည်။ မူလရှိပြီးသား ဝေဒကျမ်းများမှ ယဇ်ပူဇော်မှုအပိုင်းကို ဖွင့်ဆို ရေးသားလာကြပါသည်။ ဤနည်းအားဖြင့် ဝေဒစာပေမှ ဗြာဟ္မဏစာပေသည် ဖြစ်ထွန်းပေါ်ပေါက်ခဲ့ပါသည်။ ဝေဒစာပေသည်(၄)ပုံရှိသကဲ့သို့ ယင်းဝေဒ(၄)ပုံကို ယဇ်ပူဇော်မှုရှုထောင့်မှ အသီးအသီး အကျယ်ဖွင့်ဆိုခဲ့သည့် ဗြာဟ္မဏစာပေသည်လည်း ဝေဒ(၄)ပုံအလိုက် (၄)စုဖြာထွက်ခဲ့ပါသည်။

ဗြာဟ္မဏကျမ်းများ

ရိုက်(ဂ္ဂရု) ဝေဒမှ အဲတရေယဗြာဟ္မဏကျမ်း၊ ကော်သိတကိ ဗြာဟ္မဏကျမ်းတို့ ပေါ်ထွက်လာကြပါသည်။ ယဇုဝေဒမှ သတပထ ဗြာဟ္မဏကျမ်း၊ တဲတိရိယဗြာဟ္မဏကျမ်းတို့ပေါ်ထွက်ခဲ့ပါသည်။ သာမဝေဒမှတာဏ္ဍ့ဗြာဟ္မဏကျမ်း၊ ဇဲမိနိယဗြာဟ္မဏကျမ်း၊ ဆဗ္ဗိသဗြာဟ္မဏကျမ်းတို့ ပေါ်ထွက်ခဲ့ပါသည်။ အထဗ္ဗဝေဒမှ ဂေါပထဗြာဟ္မဏကျမ်း ပေါ်ထွက်ခဲ့ပါသည်။

ဗြာဟ္မဏကျမ်းများသည် ပဓာနအားဖြင့် ယဇ်ပူဇော်မှုကိုပြသော်လည်း တခါတရံ အကြောင်းအရာအားလျော်စွာ နတ်နှင့် အသူရာတို့၏ စစ်ပွဲကိုလည်း ပြပါသည်။ ရှေးဟောင်း ပုံပြင်များကိုလည်း ပြပါသည်။

ယဇ်ပူဇော်မှုကို ပြသောအခါ ယဇ်ပူဇော်မှုအလိုက် ရွတ်ဆိုရမည့် မန္တန်အမျိုးအစား၊ အသံထွက်ပုံထွက်နည်း၊ ဆောင်ရွက်ရမည့် ရွာနောက်အစီအစဉ်၊ အချိန်ကာလတို့မှစ၍ တာသဝေမတိမ်း မလွဲမှားရ

လေအောင်အသေးစိတ်ဖော်ပြထားပါသည်။ဖော်ပြထားသည့်အတိုင်း အစီအစဉ်မလွဲမှားရအောင် ယင်ကိုပူဇော်နိုင်မှ လိုအပ်သောအကျိုးကျေးဇူးကို ရပါသည်။ အကယ်၍ အစီအစဉ်လွဲမှားသွားလျှင် အကျိုးမရသည်သာမက ဒုက္ခကိုပင် တွေ့နိုင်သည်ဟု ဆိုပါသည်။ သို့ဖြစ်၍ ယင်ပူဇော်မှုအတတ်သည် အလွန်ပင် ရှုပ်ထွေးခက်ခဲသော အတတ်ပညာတရပ်ဖြစ်ခဲ့ပါသည်။ သို့ဖြစ်၍ ယင်ပူဇော်မှုအတတ်ကို တတ်မြောက်နိုင်ရန် ဗြာဟ္မဏတို့သည် အချိန်များစွာနှင့် စဉ်းစားဉာဏ်များစွာကို အသုံးပြုခဲ့ကြရပါသည်။ ဗြာဟ္မဏလူမျိုးတို့သည် မိမိတို့၏ သက်တမ်း တလျှောက်လုံးတွင် ဤယင်ပူဇော်မှု အတတ်ပညာတခုတည်းကိုသာ လေ့လာသင်ယူယင်း၊ ယင်ပူဇော်မှု လုပ်ငန်းတခုတည်းကိုသာ လုပ်ကိုင် ဆောင်ရွက်ယင်း တန်ဖိုး ကြီးလှသည့် အချိန်ကာလများကို ကုန်လွန်စေကာ ထက်မြက်သည့် ကာယအားနှင့် ဉာဏအားများကို ကုန်ဆုံးစေခဲ့ကြပါသည်။ ဤသည်မှာ အိန္ဒိယဒဿန ဖြစ်ထွန်းပေါ် ပေါက်မှုအတွက် မိုးမှောင်ကျခြင်းပင် ဖြစ်သည်ဟု ပညာရှိများက ဆိုကြပါသည်။

ဗြာဟ္မဏများသည် မိမိတို့၏ ကာယအားနှင့် ဉာဏအားများကို အခြားသောဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ အတွေးအခေါ်ရေး စသည်တို့၌ အသုံးမပြုပဲ ယင်ပူဇော်ရေးတခုတည်း၌သာ နှစ်ရှာစုပေါင်းများစွာ အဘယ့်ကြောင့် အသုံးပြုခဲ့ကြလေသနည်း။ ဤမေးခွန်းကို မျက်မှောက်ခေတ် သုတေသီတို့က မေးမြန်းခဲ့ကြပါသည်။

ဤမေးခွန်း၏အဖြေ ဖြစ်နိုင်ကောင်းဖွယ်ရှိသည့် သဲလွန်စကို ရိုက်ဝေဒမှ ဤသို့ ထုတ်နုတ်၍ဆိုကြပါသည်–

(၆) နတ်မျှားသည် ဤ ပုရိသကို ယင်ပူဇော်သော အခါ ဝသန္တရာသီသည် ထောပတ်ဖြစ်သည်။ ဂိမှရာသီသည် ထင်းဖြစ်သည်။သရဒရာသီသည်လျှ။ဖွယ်ပစ္စည်းဖြစ်သည်။

(၇) ယင်ပူဇော်အပ်သော ပုရိသမှ ထောပတ်ဖြစ်လာသည်။ လေနေသတ္တဝါမျှား ဖြစ်လာသည်။တောနေသတ္တဝါမျှား ဖြစ်လာသည်။ ရွာနေသတ္တဝါမျှား ဖြစ်လာသည်။

(၉) ယင်ပူဇော်အပ်သော ပုရိသမှ ရိုက်ဝေဒနှင့် သာမဝေဒ ဖြစ်လာသည်။ ဆန်းကျမ်းမျှားဖြစ်လာသည်။ ယဇုဝေဒ ဖြစ်လာသည်။

(၁၂) ယင်ပူဇော်အပ်သော ပုရိသ၏ ပါးစပ်မှ ဗြာဟ္မဏ ဖြစ်လာသည်။လက်ရုံးနှစ်ဘက်မှ ခတ္တိယဖြစ်လာသည်။ခြေနှစ်ချောင်းမှ ဝေဿဖြစ်လာသည်။ ခြေဖဝါးနှစ်ဘက်မှ သုဒ္ဒ ဖြစ်လာသည်။

(၁၃) "လ"သည် သူ၏စိတ်မှ ဖြစ်လာသည်။ "နေ"သည် သူ၏ မျက်လုံးမှ ဖြစ်လာသည်။ ဣန္ဒြနှင့်အဂ္ဂိသည် သူ၏ပါးစပ်မှ ဖြစ်လာသည်။ "လေ"သည် သူ၏ အသက်ရှူမှုမှ ဖြစ်လာသည်။

(ပုရိသသုတ္တ—၁၀၊၉၀)

အရာရာတိုင်းကို ယင်ပူဇော်မှုဖြင့်သာ ဖြစ်ပေါ်စေနိုင်သည်ဟု ဗြာဟ္မဏတို့ ယုံကြည်ကြကြောင်း ရိုက်ဝေဒလာ ပုရိသသုတ္တကို အထောက်အထားပြု၍ ဆိုကြပါသည်။ နတ်မျှားသည်ပင် ယင်ပူဇော်မှုကြောင့် ထင်ရှားကျော်ကြားလာရခြင်းဖြစ်သည်။ ယင်ပူဇော်မှုကို ကျမ်းနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်လျှင် လိုအပ်သော အကျိုး

ဟူသမျှကို မုချမသွေ ရနိုင်သည်။ မည်သည့်နတ်မျှားမှ ယင်ပူဇော်မှု၏စွမ်းအင်ကို အနှမတုနိုင်။ ယင်ပူဇော်မှု၏ စွမ်းအင်သည် နတ်မျှား၏ ဘုံဗိမာန်ကိုပင် တုန်ခါစေနိုင်သည်။ နတ်မျှားသည် မိမိတို့ထက်ပို၍ တန်ခိုးတေဇော် အာနုဘော်ကြီးမားသော နတ်မင်းမျှားကို ယင်ပူဇော်ခြင်းအားဖြင့် မိမိတို့ကိုယ်တိုင် ပို၍ တန်ခိုးတေဇော် အာနုဘော်ကြီးမားလာကြသည်။ ဤသည်မှာ ယင်ပူဇော်မှုနှင့်ပတ်သက်၍ ဗြာဟ္မဏခေတ်၏ ယုံကြည်မှုဖြစ်ပါသည်။

ထိုခေတ်ယုံကြည်မှုအရ ယင်ပူဇော်မှုသည် လျှို့ဝှက် နက်နဲ၍ ဆန်းကြယ်သော အင်အားတရပ် ဖြစ်သည်။ ကောင်းကျိုး ဆိုးပြစ် နှစ်ရပ်လုံးအတွက် ယင်ပူဇော်မှုကို အသုံးပြုနိုင်သည်။ ထိုမျှထက်မြက်သော ယင်ပူဇော်မှုအာဘတ်ပညာကို ဗြာဟ္မဏတို့၏ လက်ထဲ၌ မူပိုင်သိမ်းပိုက်ထားကြပါသည်။ ဤသို့ဖြစ်၍ ယင်ပူဇော်မှုအပေါ် ကိုးကွယ်ယုံကြည်မှု အားကောင်းသည်နှင့်အမျှ ဗြာဟ္မဏတို့၏ အခန်းကဏ္ဍ ပြဋ္ဌာန်းလာမှုသည်လည်း အားကောင်းလာလေသည်။ ထိုနောက် ဗြာဟ္မဏတို့သည် နတ်မျှားနှင့် တတန်းတစားတည်း အပူဇော်ခံအဆင့်သို့ပင် ရောက်ခဲ့ကြပါသည်။ နောက်ဆုံး၌ ယင်ပူဇော်မှုဆိုင်ရာ ဂါထာမန္တန်တို့၏ တန်ခိုးသည် အလွန်ထက်မြက်လာသောကြောင့် နတ်မျှားသည် ဂါထာမန္တန်တို့၏ ရှေ့မှောက်၌ ဒူးထောက်အညံ့ခံကာ ဂါထာမန္တန်ပိုင်ရှင် ဗြာဟ္မဏတို့၏ စေလိုရာစေဘဝသို့ပင် ရောက်ခဲ့ကြပါသည်။ ဂါထာမန္တန်တို့၏ အကျိန်အဝါကြောင့် ဗြာဟ္မဏတို့၏ အလိုအတိုင်း နတ်မျှားသည် ကောင်းကျိုးကိုလည်း ပေးခဲ့ကြရပါသည်။ မကောင်းကျိုးကိုလည်း ပေးခဲ့ကြရပါသည်။ ဗြာဟ္မဏများစေခိုင်းသည့်အတိုင်း မဆိုင်းမတွ ဆောင်ရွက်ခဲ့ကြရပါသည်။

အစပထမ၌ ဗြာဟ္မဏတို့က အနန္တတန်ခိုးတော်သည် ယင်ပူဇော်မှု၌ရှိပြီး ယင်ပူဇော်မှုသည် အရာရာတိုင်းကို ဖန်ဆင်းနိုင်သည်ဟု ယုံကြည်ကြပါသည်။ ဤယုံကြည်ချက်မှာ ဝေဒမှကိုက်ရိုက်ဆင်းသက်သည့် ယုံကြည်ချက်ဖြစ်ပါသည်။ သို့ရာတွင် ယင်ကိုပူဇော်ရာမှ ရရှိသည့် အတွေ့အကြုံများအရ ရွှတ်ဆိုသည့် မန္တန်၊ ရွှတ်ဆိုပုံ ရွှတ်ဆိုနည်း၊ အသံထွက်၊ ရွေးနောက်အစီအစဉ်၊ အချိန်ကာလတို့ကိုလိုက်၍ အနန္တတန်ခိုးတော်သည့် အမျိုးမျိုး ပြောင်းလဲနိုင်ကြောင်း သိလာကြပါသည်။ ထိုအခါ ဗြာဟ္မဏတို့သည် အနန္တတန်ခိုးတော်ကို ယင်ပူဇော်မှု၌ မထားတော့ပဲ မိမိဘို့၌ ပြောင်းရွှေ့၍ ထားလာကြပါသည်။

ယင်ပူဇော်မှုနှင့်ပတ်သက်၍ အသေးစိတ် သိစွမ်းနိုင်မှု "ဉာဏ"၊ စနစ်တကျဆောင်ရွက်နိုင်စွမ်းမှု "ကမ္မ" တို့သည်သာ အရာရာကိုအဆုံးအဖြတ်ပေးနိုင်သောကြောင့် မိမိတို့၏ ဉာဏနှင့်ကမ္မစွမ်းအား ထက်သလောက် ယင်ပူဇော်မှု၏ အနန္တတန်ခိုးတော်လည်း စွမ်းအားထက်ကြောင်း ဗြာဟ္မဏတို့က ခံယူကြပါသည်။ ဤခံယူချက်အရ ဗြာဟ္မဏတို့သည် မိမိတို့ကိုယ်ကို ဤလောကတွင် စွမ်းအင်အကြီးမားဆုံး၊ အမြင့်မြတ်ဆုံးအဖြစ် သတ်မှတ်ကြပါသည်။ ဟောပြောကြပါသည်။

ဗြာဟ္မဏများသည် ဤသို့ ယုံကြည်ကြပါသည်—ယင်၏ လျှို့ဝှက်ချက်များကိုသိပြီး ယင်၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်အသုံးချနိုင်လျှင် ယင်ကိုပင် စိုးမိုးနိုင်ပါသည်။ ယင်ကို စိုးမိုးနိုင်လျှင် ယင်၏ အစေအပါးသဖွယ်ဖြစ်သည့် နတ်ဒေဝါများကိုလည်း စိုးမိုးနိုင်ပါသည်။ နတ်ဒေဝါများကို စိုးမိုးနိုင်လျှင် နတ်ဒေဝါများက ဖန်ဆင်းထားသည့် လောကကိုလည်း စိုးမိုးနိုင်ပါသည်။ ထိုအခါ အနန္တတန်ခိုးတော်သည် ဗြာဟ္မဏများ၌ အလိုအလျောက် ကိန်းအောင်းပြီးသားဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ဗြာဟ္မဏများသည် ယင်ပူဇော်မှု၏

လျှို့ဝှက်နက်နဲပြီး ဆန်းကြယ်သော တန်ခိုးအာနိသင်မျှားကို ယုံကြည်ကာ ယင်္ဂကို စိုးမိုးနိုင်ရေးအတွက် ယင်္ဂ၏လျှို့ဝှက်ချက်ကိုသိရန် "ဉာဏလမ်းစဉ်"ကို တီထွင်ကြပါသည်။ ယင်္ဂ၏လျှို့ဝှက်ချက်ကို ဖော်ထုတ်အသုံးချရန် "ကမ္မလမ်းစဉ်"ကို လက်တွေ့စူးစမ်းကြပါသည်။ ယင်္ဂ၏လျှို့ဝှက်ချက်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် ဉာဏကထွန်ခေါ် ဉာဏ်ပိုင်းနှင့် ကမ္မကထွန်ခေါ် ကံပိုင်းတို့သည် ပြာဟ္မဏခေတ်၏ တိုးတက်သော တီထွင်ချက်မျှားဖြစ်ပါသည်။ ဝေဒခေတ်၏ မပြည့်စုံမှုပေါ်၌ အထွတ်တင်ခြင်းဖြစ်ပါသည်။

ဝေဒခေတ်တွင် လူတို့သည် အနန္တတန်ခိုးတော်ကို ဗဟိဒ္ဓ၌ ထားခဲ့ကြပါသည်။ ဗဟိဒ္ဓဆိုသည်မှာ နတ်ဒေဝါမျှားပင်ဖြစ်ပါသည်။ အနန္တတန်ခိုးတော်ကို ဗဟိဒ္ဓဖြစ်သည့် နတ်ဒေဝါမျှား၌ ထားခဲ့ကြသဖြင့် နတ်ဒေဝါမျှား နှစ်သက်စေရန် ဘုန်းတော်ဘွဲ့ မျှားကို ရွတ်ဆို ပူဇော်ခဲ့ကြပါသည်။ ထိုထက်ပို၍ နှစ်သက်စေရန် ပူဇော်ဖွယ် ပစ္စည်းဝတ္ထုမျှား ထည့်သွင်း၍ ရွတ်ဆို ပူဇော်ခဲ့ကြပါသည်။ ထိုထက်ပို၍ နှစ်သက်စေရန် ငြိမ့်ညောင်းသော တေးဂီတ အဆဲအဆိုမျှားဖြင့် ရွတ်ဆိုပူဇော်ခဲ့ကြပါသည်။ ထိုထက်ပို၍ နှစ်သက်စေရန် ရှင်တွင်းခံစားချက်မျှားဖြင့် လှိုက်လှိုက်လှဲလှဲရွတ်ဆိုပူဇော်ကြပါသည်။ ဤသို့ နတ်ဒေဝါမျှားကို ရွတ်ဆိုပူဇော်ရာမှ ဝေဒလေးပုံသည် ဖြစ်ပေါ်ခဲ့ပါသည်။ ဝေဒလေးပုံတွင် ရိုက်(ဂ္ဂ္ဂေ)ဝေဒသည် နတ်ဒေဝါဘိုးအား ယင်းတို့၏ ဘုန်းတော် ဂုဏ်တော်ဘွဲ့ (သံဝါဒ) တို့ဖြင့် ပူဇော်သည့်သဘောရှိပါသည်။ ယဇုဝေဒသည် လူပ်ရှားမှု ဟန်ပန် (အဘိနယ)တို့ဖြင့် ပူဇော်သည့်သဘော ရှိပါသည်။ သာမဝေဒသည်

တေးဂီတ(သံဂီတ)တို့ဖြင့် ပူဇော်သည့်သဘောရှိပါသည်။ အထပ်ဝေဒသည် ရင်တွင်းခံစားချက်(ဘာဝ၊ရသ)တို့ဖြင့် ပူဇော်သည့် သဘောရှိပါသည်။

ဗြာဟ္မဏခေတ်တွင်မူ လူတို့သည် အနန္တတန်ခိုးတော်ကို ဗဟိဒ္ဓမ္မအဖြစ်တွေ့သို့ ရှေ့ပြောင်းထားလာကြပါသည်။ နတ်ဒေဝါများမှ ယင်ပူဇော်မှုသို့လည်းကောင်း၊ ယင်ပူဇော်မှုမှ ဉာဏ်နှင့် ကမ္မသို့လည်းကောင်း ရှေ့ပြောင်းထားလာကြပါသည်။ ဤသည်မှာ ဗြာဟ္မဏခေတ်၏အယူအဆရေးရာအရ တိုးတက်မှုပင်ဖြစ်ပါသည်။ဝေဒခေတ်၏ မပြည့်စုံမှုပေါ်တွင် အထွတ်တင်ခြင်းပင်ဖြစ်ပါသည်။ "လူသည် ပြင်ပထက် အတွင်းကို အားကိုးရမည်" ဟူသော အယူအဆသစ်တရပ်ကို အတွေးအခေါ်သမိုင်း၌ အစပျိုး ထူထောင်လိုက်ခြင်းပင်ဖြစ်ပါသည်။

ဗြာဟ္မဏများသည် ယင်ပူဇော်မှု၏ နက်နဲဆန်းကြယ်သောတန်ခိုးအာနိသင်များ၌ နက်နက်နဲနဲ ယုံကြည်ခဲ့ကြသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ရိုးသားသော လူထုအပေါ်၌ လိမ်ညာ လှည့်ဖြားသောအကြံအစည်များဖြင့် ယင်ပူဇော်မှုကို အမှမ်းတင်ခြင်း မဟုတ်ပါ။ သူတို့ကိုယ်တိုင်က တကယ်ပင် ယုံကြည်မိ၍ ယင်ပူဇော်မှုကို အမှမ်းတင်ကြခြင်းသာဖြစ်ပါသည်။ အမှန်အားဖြင့် ယင်ပူဇော်မှုကို စနစ်တကျ မှန်ကန်အောင် စီစဉ်ရခြင်းသည် လွယ်ကူသည့်အလုပ် မဟုတ်ပါ။ ထိုကဲ့သို့ စီစဉ်နိုင်အောင် နှစ်ပေါင်းများစွာတိုင်တိုင် သင်ယူရပါသည်။ ပျိုမျစ်လန်းဆန်းသည့် အရွယ်တုန်လုံးနှင့် ရင်းနှီးခဲ့ရပါသည်။ ကြမ်းတမ်းသည့်ကျင့်ဝတ်များကို ဇွဲမာန်ဖြင့် မဆုတ်မနစ် ကျင့်ရပါသည်။ ကျင့်ဝတ်သိက္ခာ အတတ်ပညာများနှင့် ပြည့်စုံကုံလုံသောအခါ ဆရာတဆူအဖြစ်ဖြင့် တပည့်များကို သင်ကြား ပို့ချပေးရပြန်ပါသည်။ ယင်ပူဇော်ပွဲများကို စီမံကွပ်ကဲရပြန်ပါသည်။ ယင်ပူဇော်ပွဲဆိုသည်

မှာလည်း အသေးစိတ် လိုက်နာဆောင်ရွက်ရသည့် အင်္ဂါရုပ်များ ကုဋ္ဌေကုဋ္ဌာချီလျက် ရှိပါသည်။ တချက်မျှ အတိမ်းအစောင်းမခံပါ။ သို့မှသာ လိုလားသော အကျိုးကျေးဇူးကို ရနိုင်သည်ဟု ဆိုပါသည်။ သို့ဖြစ်၍ ဗြာဟ္မဏများသည် ယဇ်ပုဏ္ဏော်မှုဌ် တကယ်ပင် နှစ်နှစ်ကာကာ ယုံကြည်မှုရှိခဲ့ကြကြောင်း ပေါ်လွင်ထင်ရှားခဲ့ပါသည်။

ဝေဒခေတ်တွင် ယဇ်ပုဏ္ဏော်မှုသည် ရိုးရိုးပင်ဖြစ်ခဲ့ပါသည်။ မုန့်များ၊ သောမရည်များ၊ ထောပတ်များနှင့် အခြားသက်မဲ့ပစ္စည်းများဖြစ်ကြပါသည်။ တိရစ္ဆာန်များကို သတ်ဖြတ်၍ ယဇ်ပုဏ္ဏော်မှုများမပေါ်ပေါက်ခဲ့သေးပါ။ သို့ရာတွင် ဗြာဟ္မဏခေတ်၌မူ တိရစ္ဆာန်များကို သတ်ဖြတ်၍ ယဇ်ပုဏ္ဏော်မှုများ ပေါ်ပေါက်လာပါသည်။ ပေါ်ပေါက်ရုံသာမက ခေတ်လည်းစားလာပါသည်။ ယဇ်ပုဏ္ဏော်ပွဲတခုတခု၌ ရာပေါင်းများစွာသော တိရစ္ဆာန်များကို သတ်ဖြတ်၍ ပုဏ္ဏော်ကြကြောင်း ဗုဒ္ဓစာပေကျမ်းဂန်များ၌ တွေ့မြင်ရပါသည်။ ဤအထိပင် ခေတ်စားလာပါသည်။ တိရစ္ဆာန်များကို သတ်ဖြတ်၍ ယဇ်ပုဏ္ဏော်ခြင်းကို သံယုတ္တနိကာယ်၊ ကောသလသံယုတ်၊ ယညသုတ်၌ ဤသို့ ဖော်ပြထားကြောင်း တွေ့ရပါသည်–

> ထိုအခါ၌ ပသေနဒိကောသလမင်းကြီးသည် ကြီးစွာသော ယဇ်ပုဏ္ဏော်ပသခြင်းကို ရွေးရွစိရင်အပ်၏။ ဥသဘငါးရာတို့ကို လည်းကောင်း၊ နွားထီးငယ် ငါးရာတို့ကိုလည်းကောင်း၊ နွားမငယ်ငါးရာတို့ကိုလည်းကောင်း၊ ဆိတ် ငါးရာတို့ကိုလည်း ကောင်း၊ သိုးငါးရာတို့ကိုလည်းကောင်း ယဇ်ပုဏ္ဏော်ပသခြင်း အလို့ငှာ ယဇ်တိုင်၌ ဖွဲ့ချည်ဆောင်ထားအပ်ကုန်၏။ ထိုမင်း၏ ကျွန်ယောကျ်ား ကျွန်မိန်းမ, အစေအပါး အလုပ်

သမားတို့သည်လည်း ဒဏ်ဖြင့် ခြိမ်းခြောက်အပ်ကုန်သည်၊ ဘေးဖြင့် ခြိမ်းခြောက်အပ်ကုန်သည်ဖြစ်၍ မျက်ရည်ဖြင့် ပြည့်သော မျက်နှာရှိကုန်လျက် ငိုကြွေးကြကာ ယင်အမှုတို့ကို ပြုကုန်၏။

ဗြာဟ္မဏခေတ်တွင် ယဇ်ပုဏ္ဏေါ်ကိုးကွယ်မှုသည် များစွာအရှိန်အဝါကြီးခဲ့ပါသည်။ အထက်တန်းလွှာတို့၏ ဘာသာရေးယုံကြည်မှုဌာန် များစွာအရေးပါခဲ့ပါသည်။ သို့ရာတွင် အခြားသော ဘာသာရေးယုံကြည်မှုများသည်သည်း ယဇ်ပုဏ္ဏေါ်ကိုးကွယ်မှုလောက် မထွန်းကားစေကာမူ ထုံခေတ်၌ ရှိကြပါသေးသည်။ ဘာသာရေးယုံကြည်မှုများသာမက အတွေးအခေါ်ဂိုဏ်းများသည်လည်း ထိုခေတ်၌ ရှိကြပါသေးသည်။ သို့ဖြစ်၍ ဗြာဟ္မဏခေတ်ဝမ်းပိုက်အတွင်း၌ပင် ယဇ်ပုဏ္ဏေါ်ကိုးကွယ်မှုကို ခြေဖျက်မည့် အခြားအခြားသော ဘာသာရေးယုံကြည်မှုများ၊ အတွေးအခေါ်များသည် ဝါးပင်ကိုသတ်သည့် ဝါးသီးပမာ သန္ဓေယူလျက် ရှိကြပါသည်။

လူမျိုးစုကိုးကွယ်ယုံကြည်မှု

လူမျိုးစုကိုးကွယ်ယုံကြည်မှုမှာ အမျိုးမျိုးသော နတ်သားများနှင့် နတ်သမီးများကို ကိုးကွယ်ယုံကြည်မှုပင် ဖြစ်သည်။ ဝေဒခေတ် ဘာသာယဉ်ကျေးမှု အထွတ်အထိပ်သို့ ရောက်စဉ်ကပင် အာရယန် နတ်များနှင့် ဘေးချင်းယှဉ်လျက် အာရယန်မဟုတ်သော တိုင်းရင်းသားနတ်များအချို့သည် ပျောက်ပျက်မသွားပဲ ရှိမြဲရှိကြပါသည်။ အာရယန်မဟုတ်သော တိုင်းရင်းသားများသည် အာရယန်များနှင့် နည်းတူမျိုးမျိုးဖြင့် ဆက်နွယ်ပေါင်းစပ်သွားသောအခါ သူတို့၏ မူလ

ယုံကြည်ကိုးကွယ်မှုမျာ့းကိုပါ တပါတည်း ဆောင်ကြဉ်းသွားကြပါသည်။ ဤနည်းအားဖြင့် အာရယန်မဟုတ်သော တိုင်းရင်းသားနတ်မျာ့းသည် အာရယန်နတ်မျာ့းဘဝသို့ ရောက်ရှိသွားကြပါသည်။

အမှန်အားဖြင့် ရှေးခေတ်အိန္ဒိယတွင် အစပထမ၌ အာရယန်မဟုတ်သူမျာ့းက အာရယန်မျာ့းထက် လူဦးရေအားဖြင့် မျာ့းပြား သာလွန်ကြပါသည်။ သို့ရာတွင် အာရယန်မျာ့း၏ စွမ်းရည်သတ္တိကြောင့် အာရယန်မဟုတ်သူမျာ့းသည် တဖြည်းဖြည်း အာရယန်မျာ့းနှင့် ရောနှော၍ အာရယန်လူ့ဘောင်တွင်းသို့ ဝင်ရောက်သွားခြင်းကြောင့် အာရယန်မဟုတ်သော တိုင်းရင်းသားမျာ့း၏ လူဦးရေသည် လျော့၍ လျော့၍သွားစဉ် အာရယန်နတ်မျာ့းနှင့်တကွ အာရယန်မျာ့း၏ လူဦးရေသည် တိုး၍တိုး၍ လာကြပါသည်။ အာရယန်လူဦးရေ တိုး၍တိုး၍လာသောအခါ မျိုးနွယ်စင်ကြယ်မှုကို အခြေခံ၍ အာရယန်လူမျိုးမျာ့းထဲတွင် ဘာရဒ္ဒါဇမျိုးနွယ်စု၊ ဝသိဋ္ဌမျိုးနွယ်စု စသည်ဖြင့် အာရယန်မျိုးနွယ်စုမျာ့းသည် ပေါ်ပေါက်လာကြပါသည်။ အာရယန်မျိုးနွယ်စုမျာ့း ပေါ်ပေါက်လာသည်နှင့် တပြိုင်နက် နတ်တပါးတည်းကပင် မျိုးနွယ်စုအလိုက် အမည်အမျိုးမျိုးကို ခံယူသွားပါသည်။

နတ်သမီး တပါးတည်းကပင် အချို့မျိုးနွယ်၌ စန္ဒီဟူ၍လည်းကောင်း၊ အချို့မျိုးနွယ်၌ ကာလီဟူ၍လည်းကောင်း၊ အချို့မျိုးနွယ်၌ ဒုရဂါဟူ၍လည်းကောင်း၊ အချို့မျိုးနွယ်၌ ပါရဝတီဟူ၍လည်းကောင်း

ခေါ်ဝေါ်သမုတ်၍ ကိုးကွယ်ကြပါသည်။ ဤသဘောမျိုးကို ရိုက်ဝေဒ သံဟိတာကျမ်းလာ အောက်ပါ စာပိုဒ်တခုက သက်သေပြလျက် ရှိပါသည်–

ကေ သတ် ဝိပြာ ဗဟုဓာ ဝဒန္တိ။

(ကေံ၊ တခုတည်းသော။ သတ်၊ အရှိတရားကို။ ဝိပြာ၊ ပညာရှိတို့သည်။ ဗဟုဓာ၊ အမျိုးမျိုး။ ဝဒန္တိ၊ ဆိုကြကုန်၏)။

(ရိုက်–၁၊၁၆၄၊၄၆)

ထိုစာပိုဒ်၏မူရင်း အဓိပ္ပာယ်မှာ နတ်တပါးတည်းကိုပင် အမည် အမျိုးမျိုးဖြင့် ခေါ်ကြကြောင်း ဆိုလိုရင်းဖြစ်သော်လည်း ဥပနိသျဒ် ခေတ်၌မူ ထိုသဘောကို တိုးခဲ့ပြုပြင်၍ လောကဘ္ဒ အရှိတရားဟူသည် တခုတည်းသာရှိကြောင်း၊ ထိုတခုတည်းဟူသည်မှာ အာတ္မန် သို့မဟုတ် ဗြဟ္မာသာဖြစ်ကြောင်း၊ သူသူငါငါ တွေ့ကြုံနေကြသော ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်း၊ သက်ရှိသက်မဲ့ဟူသော အမျိုးမျိုးတို့သည် တကယ် မရှိပဲ ထိုတခုတည်း၏အရိပ်မျှားသာဖြစ်ကြောင်း ဆိုကြပါသည်။

အာရယန်မဟုတ်သူမျှားသည် အာရယန်မျှားနှင့် ရောနှောသဖြင့် အာရယန်လူဦးရေ တိုးပွားလာသကဲ့သို့ အာရယန်နတ်မဟုတ်သော နတ်သားနတ်သမီးမျှားသည်လည်း အာရယန်နတ်မျှား ဖြစ်လာကြကာ အာရယန်နတ်ဦးရေ တိုးပွားလာကြပါသည်။ မူလဘူတအားဖြင့် အာရယန်မဟုတ်သော နတ်မျှား၊ သို့မဟုတ် ယုံကြည်မှုမျှားသည် ထိုအချိန်၌ ဖျောက်ဖျက်မရအောင် ခေတ်စားနေပါက ထိုနတ်မျှား၊ သို့မဟုတ် ထိုယုံကြည်မှုမျှားကို ဗြာဟ္မဏမျှားကိုယ်တိုင်က အာရယန် ဇာတ်သွင်း၍ရလျှင်လည်း တနည်းနည်းဖြင့် အာရယန်ဇာတ်သွင်း လိုက်ကြပါသည်။ အာရယန်ဇာတ်သွင်း၍ မရလျှင်လည်း တရားဝင် အာဃာတမွတ်ပြု၍ ကိုးကွယ်ယုံကြည်လိုက်ကြပါသည်။

ဤနည်းအားဖြင့် ဗြာဟ္မဏခေတ်တွင် ယဇ်ပူဇော်ကိုးကွယ်မှုသာမက အခြားအခြားသော နတ်ဒေဝါများ၊ ယုံကြည်ကိုးကွယ်မှုများ၊ အယူသည်းမှုများ၊ စွဲလမ်းမှုများ ပေါ်ပေါက်လာကြခြင်းဖြစ်ပါသည်။ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်၊ ဗြဟ္မဇာလသုတ်၌ ထိုခေတ်ဗြာဟ္မဏလောကတွင် ထွန်းကားလျက်ရှိသော ကိုးကွယ်မှုများ၊ ယုံကြည်မှုများ၊ အယူသည်းမှုများ၊ စွဲလမ်းမှုများကို တစ္ဆန်းတစအနေဖြင့် ဖော်ပြထားကြောင်း တွေ့မြင်ရပါသည်။

နတ်များနှင့်ပတ်သက်၍လည်း ဝေဒခေတ်၌ မပေါ်ပေါက်သေးသော နတ်ပေါင်းများစွာကို မဟာသမယသုတ်၌ ဖော်ပြထားကြောင်း တွေ့မြင်ရပါသည်။ မဟာသမယသုတ်လာ နတ်ပေါင်းများစွာတို့တွင် အချို့အချို့သော နတ်များသည် နောက်ပိုင်း၌ အာရယန်ဇာတ်သွင်းခြင်းခံရသော နတ်များဖြစ်၍ အချို့အချို့သောနတ်များသည် ဗြာဟ္မဏများက တရားဝင်အသိအမှတ်ပြု၍ ကိုးကွယ်ယုံကြည်ခြင်းခံရသော နတ်များဖြစ်ကြပါသည်။

ဗြာဟ္မဏခေတ်ရောက်သောအခါ ဝေဒခေတ်က တန်ခိုးရှိန်စော်အာနုဘော်ကြီးမားခဲ့သော ဣန္ဒြ၊ ပြဇာပတိ၊ ဗြဟ္မာ၊ အဂ္ဂိ၊ ဝရုဏ၊ ဝါယု စသော နတ်များသည် ဆက်လက်ကိုးကွယ်မှု ခံယူနေရစေကာမူ ဝေဒခေတ်လောက် ခေတ်မစားတော့ပါ။ ဒျော်၊ ပူရှန်၊ အာဒိတျ၊အရှိန်၊ မရုတ်၊ အဒိတိ၊ ဒိတိ၊ ဥရ်ဝသီစသော နတ်တို့သည် ပျောက်ကွယ်လုနီးပါး ရှိခဲ့ကြပါသည်။

ဤသို့လျှင် ဗြာဟ္မဏခေတ်၌ လူကုံထံတို့သည် ယဇ်ပူဇော်မှုကို ကိုးကွယ်ယုံကြည်နေကြစဉ် သာမန်လူတန်းစားတို့သည် အသစ်အသစ်သော နတ်များကိုးကွယ်မှု၊ အယူသည်းမှု၊ စွဲလမ်းမှု၊ တွေးခေါ်

မြော်မြင်မှုတို့ကို ပြုလုပ်လာကြပါသည်။ အမှန်အားဖြင့် ယင်္ဂပူဇော်မှုသည် စရိတ်စကမျှားပြားသည့်အပြင် ကရိကထလည်း အလွန်များပြားပါသည်။ အားလပ်ချိန်လည်းနည်း ဥစ္စာဓနလည်းနည်းပါးသော သာမန်လူတန်းစားတို့သည် ဘာသာရေးထုက်ပေါက်အနေဖြင့် ဘာသာရေးအသစ်များကို တီထွင်ကြံဆကာ ကိုးကွယ် ယုံကြည်လာကြသည်မှာ အံ့သြစရာ မဟုတ်ပါပေ။ အဘယ်ကြောင့်ဆိုသော် လူဟူသည် ဘာသာရေးကို အသင့်တမျှီးမျှီးဖြင့် မကိုးကွယ်ပဲ မနေနိုင်သော ဗီဇခေတ်ပါရှိသည့် သတ္တဝါတမျှီး ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

ဘခန်း (၂)

အာရညကနှင့် ဥပနိသျဒ်ဝါဒ

အာရညကခေတ်နှင့် ဥပနိသျဒ်ခေတ်ကိုးကွယ်ယုံကြည်မှု

အာရညကခေတ်ဆိုသည်မှာ တောပျော်ခေတ်ဖြစ်ပါသည်။ ဗြာဟ္မဏခေတ်တွင် ယဇ်ပုဏ္ဏော်မှသက်သက်ကိုသာ ဦးစားပေးပါသည်။ ယဇ်ပုဏ္ဏော်မှသက်သက်ဖြင့် အချိန်ကုန်လွန်ပြီး လူ့ဘဝ၏ နေဝင်ချိန်သို့ ရောက်ကုန်သော သူတို့သည် တောအရပ်သို့ ချဉ်းကပ်ကြပါသည်။ တောအရပ်တွင် ယဇ်ကိုလည်း ပုဏ္ဏော်ပါသည်။ သမထဘာဝနာကိုလည်း ပွားပါသည်။ သမထဘာဝနာပွားမှသည် တော၌ ယဇ်ပုဏ္ဏော်ရန် ပစ္စည်းဝတ္ထုနှင့် ဇဉ်ကြေးအင်အားနည်းပါးမှုကို အကြောင်းပြု၍ ပြတိကခေါ် ရည်ညွှန်းပုဏ္ဏော်ရာမှ ရရှိလာသောနည်းသစ်ဖြစ်ပါသည်။ အာဿမေဓခေါ် မြင်းယဇ်ကို အမှန်အတိုင်း ပုဏ္ဏော်လိုသော်လည်း မြင်းမရှိသဖြင့် အာကာသကို မြင်းအဖြစ်သဘောထား၍ ပုဏ္ဏော်ရပါသည်။ ထိုအခါ မြင်းနှင့်အာကာသကို မတူတူအောင် စဉ်းစားလာရပါသည်။ အာကာသကို မြင်းခေါင်း၊ နေနှင့်လကို မြင်း၏မျက်လုံး၊ လကို မြင်း၏အသက်၊ မြေကို မြင်း၏ခန္ဓာကိုယ် စသည်ဖြင့် မြင်းနှင့် အာကာသကို မတူတူအောင် စဉ်းစားရာမှ ကသိုဏ်းပေါက်ပြီး သမာဓိအားကောင်းလာပါသည်။ သမာဓိသည် အပွနာအဆင့်သို့ ရောက်၍ စျာန်အဘိညာဉ်အဖြစ်သို့ တိုးတက်လာပါသည်။ ဤသို့လျှင် အာရညကခေတ်၌ စျာန်သမာပတ်များကိုရရှိပြီး ဗြဟ္မာသဘောကို သိခဲ့ကြပါသည်။ ထို့ကြောင့် အာရညကခေတ်သည် တောပျော်ရသေ့

တို့၏ စျာန်သမာပတ်ခေတ် ဖြစ်ပါသည်။ ဗြဟ္မာကို တွေ့ရှိသောခေတ်လည်း ဖြစ်ပါသည်။ ဗြဟ္မာသည် ကြီးပွားခြင်းအနက်ကို ဟော၍ ကသိုဏ်းသည် အလုံးစုံအနက်ကို ဟောပါသည်။ ထို့ကြောင့် ကသိုဏ်း ပေါက်ထုမှ ဗြဟ္မာသဘောကို သိရှိလာခြင်း ဖြစ်ပါသည်။ အမှန်အား ဖြင့် အာရညကခေတ်သည် ယင်ပူဇော်မှုမှ သမထဘာဝနာကို ကြုံတွေ့လာရသည့် ခေတ်ဖြစ်ပါသည်။

ဗြာဟ္မဏခေတ်တွင် ယင်ပူဇော်ကိုးကွယ်မှုသည် ဉာဏကဏ္ဍနှင့် ကမ္မကဏ္ဍဟူ၍ ကဏ္ဍ(၂)ရပ်ဖွင့်ပြီး ကမ္မကဏ္ဍကို ဦးစားပေးကာ အထွတ်အထိပ်သို့ ရောက်ခဲ့ပါသည်။ အထွတ်အထိပ်ရောက်ပြီးနောက် ဓမ္မတာအတိုင်း အထွတ်အထိပ်နေရာမှ တဖြည်းဖြည်း လျော့ဆင်းခဲ့ ရပါသည်။ ဤကဲ့သို့ လျော့ဆင်းလာရခြင်းမှာ အတွေးအမြင်သစ် တရပ် ပေါ်ပေါက်လာခြင်းကြောင့် ဖြစ်ပါသည်။ အတွေးအမြင်သစ် တရပ် ပေါ်ပေါက်လာခြင်းကို ကဏ္ဍသစ်တရပ်ဖွင့်ခြင်းဟု ဆိုကြပါ သည်။ ဒဿနလောကတွင် ဥပနိသျှဒ်ခေတ်က ဖွင့်လိုက်သော ကဏ္ဍ သစ်ကို ဉာဏကဏ္ဍဟု သတ်မှတ်ပြီး ဗြာဟ္မဏခေတ်တွင် မှီးမှိန် ကျန်ရစ်ခဲ့သော ကဏ္ဍဟောင်းကို ကမ္မကဏ္ဍဟု ခေါ်ကြပါသည်။

ဗြာဟ္မဏခေတ်တွင်လည်း ဉာဏကဏ္ဍနှင့် ကမ္မကဏ္ဍ ရှိပါသည်။ ဗြာဟ္မဏခေတ်လာ ကမ္မကဏ္ဍဆိုသည်မှာ ယင်၏လျှိုဝှက်မှုအရ ပူဇော် ပသမှုကဏ္ဍဖြစ်၍ ဉာဏကဏ္ဍဆိုသည်မှာ ယင်၏လျှိုဝှက်မှုနှင့် ပတ်သက် ၍ အသိဉာဏ်ရရှိအောင် ကျင့်ကြံ အားထုတ်မှုကဏ္ဍ ဖြစ်ပါသည်။ ကမ္မကဏ္ဍသဘောအရ လိုအပ်သော အကျိုးကျေးဇူးကို ရရှိစေရန် ယင်၏ လျှိုဝှက်မှုကို ဖော်ထုတ်ကာ နတ်မျှားအား ပူဇော်ပသခြင်း ကို ပြုရပါသည်။ ဤကဲ့သို့ ပူဇော်ပသခြင်းသည် အရာရာတိုင်းကို အဆုံးအဖြတ် ပေးပါသည်။ လောကတွင် ယင်၏လျှိုဝှက်ချက်ကို

ဖော်ထုတ်ကာ ပူဇော်ခြင်းလုပ်ငန်းမှတပါး အခြားအားထားယုံကြည်စရာ ဘာမျှမရှိဟု ဗြာဟ္မဏခေတ်က ယုံကြည်ပါသည်။ ဥပနိသျဒ် ခေတ်တွင်မူ ထိုကဲ့သို့သောယုံကြည်မှုမျိုး မရှိတော့ပဲ လောကတွင် ဗြဟ္မာ သို့မဟုတ် အတ္တကို သိသည့် အသိဉာဏ်သည်သာ အထွတ်အမြတ်ဖြစ်သည်။ ဗြဟ္မာ သို့မဟုတ် အတ္တကို သိသည့် အသိဉာဏ်သည်သာ အရာရာတိုင်းကို အဆုံးအဖြတ်ပေးသည်ဟု ယုံကြည်လာကြပါသည်။ တနည်းအားဖြင့် ဆိုရလျှင် ဗြာဟ္မဏခေတ်လာ ကမ္မကဏ္ဍသည် ယင်၏ လျှို့ဝှက်ချက်နှင့် ပတ်သက်၍ အလုပ်ကဏ္ဍဖြစ်၍ ဉာဏကဏ္ဍသည် ယင်၏ လျှို့ဝှက်ချက်နှင့် ပတ်သက်သည့် အသိကဏ္ဍဖြစ်ပါသည်။ ဥပနိသျဒ်ကျမ်းလာ ကမ္မကဏ္ဍနှင့် ဉာဏကဏ္ဍတို့သည် လောက၏ လျှို့ဝှက်ချက်ဖြစ်သည့် ဗြဟ္မာ သို့မဟုတ် အတ္တနှင့် ပတ်သက်ကြပါသည်။ ဉာဏကဏ္ဍသည် နောက်ပိုင်းဒဿနကျမ်းများ၏ ရင်သောက်မြစ် ဖြစ်ပါသည်။

ဥပနိသျဒ်ကျမ်းများစွာတို့သည် ကဏ္ဍသစ်ဖြစ်သည့်ဉာဏကဏ္ဍကို အထူး အလေးထား၍ ဖော်ပြကြပါသည်။ ဥပနိသျဒ်၏ အဓိပ္ပါယ်ရင်းမှာ အနီးအပါး (ဥပ)၌ ထိုင်ခြင်း (နိသျဒ်) ဖြစ်ပါသည်။ အသိဉာဏ်ရလိုသူသည် ကလျာဏမိတ္တဖြစ်သည့် ဆရာသမားအနီးအပါး၌ ထိုင်နေရပါသည်။ ဆရာသမား အနီးအပါး၌ ထိုင်နေရခြင်းသည်ပင် ဆရာသမားထံမှ မြင့်မြတ်စင်ကြယ်သော ဉာဏ်အားကိုယ်အားများကို ခံယူနေခြင်း သို့မဟုတ် ကူးလူးဆက်သွယ်နေခြင်း သို့မဟုတ် ဓာတ်ကူးနေခြင်း မည်ပါသည်။ ထိုနည်းဖြင့် လောက၏ လျှို့ဝှက်ချက်ဖြစ်သည့် ဗြဟ္မာ သို့မဟုတ် အတ္တနှင့် ပတ်သက်သည့် ဉာဏ်ပညာများကို ရရှိနိုင်သည်ဟု ယုံကြည်ကြပါသည်။

ဥပနိသျှဒ်ကျမ်းများသည် ဗြဟ္မာ သို့မဟုတ် အတ္တနှင့်ပတ်သက်သည့် အသိဉာဏ်ရရှိခြင်းကို ဖော်ပြပါသည်။ ဥပနိသျှဒ်ကျမ်းများဌ် ဖော်ပြသော ဗြဟ္မာ သို့မဟုတ် အတ္တနှင့် ပတ်သက်သည့် အသိဉာဏ်မှာ အဆင့်(၃)ဆင့်ရှိပါသည်။ ထိုအဆင့်(၃)ဆင့်မှာ-

(၁) နာကြားခြင်း(သဝဏ)၊

(၂) စဉ်းစားခြင်း(မနန)၊

(၃) တရားထိုင်ခြင်း (နိဒိဓျာသန)-

တို့ဖြစ်ကြပါသည်။ ဥပနိသျှဒ်ကျမ်းများအလိုအရ ဆရာသမားမှပဲ တရားစာအုပ်များကို မိမိဘာသာ ဖတ်ခြင်းအားဖြင့် "နာကြားခြင်းအသိဉာဏ်"ကို မရနိုင်ပါ။ ဥပနိသျှဒ်ဟူသောဝေါဟာရ၏ အဓိပ္ပါယ်အဘိုင်း ဆရာသမား၏ အနီးဌ်ဆိုင်၍ ဟရားကို နာကြားမှသာ ပထမဆင့် "နာကြားခြင်းအသိဉာဏ်"ကို ရနိုင်ပါသည်။ "နာကြားခြင်းအသိဉာဏ်" အဓေါဌ် စဉ်းစားရပါသည်။ သဓေါသပေါက်ဓေါင် ကြံစည်ရပါသပ်။ ထိုအခါမှ ဒုတိယဆင့် "စဉ်းစားခြင်းအသိဉာဏ်"ကို ရပါသည်။ "စဉ်းစားခြင်းအသိဉာဏ်" အဓေါဌ်လည်း တရားထိုင်ကြသ့်ရပါသည်။ ထိုအခါမှ တတိယဆင့် "တရားထိုင်ခြင်းအသိဉာဏ်"ကိုရပါသည်။ "တရားထိုင်ခြင်းအသိဉာဏ်"ကို ရသောအခါ ဗြဟ္မာသို့မဟုတ် ဗြဟ္မာကိုမြင်၍ ဥပနိသျှဒ် ကျမ်းများ၏ သွန်သင်ချက်အတိုင်း အာတ္မဝိဒ်(အတ္တကိုသိသူ) သို့မဟုတ် ဗြဟ္မဝိဒ်(ဗြဟ္မာကိုသိသူ) ဖြစ်သွားပြီး အသိဉာဏ်ကိစ္စပြီးဆုံးသွားပါသည်။

ဥပနိသျှဒ် ကျမ်းလာ အသိဉာဏ် (၃) ဆင့်လုံးပင် အာတ္မဝါသို့မဟုတ် ဗြဟ္မာကို သိမှသို့ ဦးတည်သည်ချည်းသာ ဖြစ်ပါသည်။ အနှံ့နှင့် အထက်ကိုလိုက်၍ သုံးဆင့်ခဲ့ထားခြင်းဖြစ်ပါသည်။ နာကြား

သိဆိုသည်မှာလည်း အာတ္မဝါသိပင်ဖြစ်ပါသည်။ စဉ်းစားသိဆိုသည်မှာလည်း အာတ္မဝါသိပင်ဖြစ်ပါသည်။ တမူးထိုင်သိ ဆိုသည်မှာလည်း အာတ္မဝါသိပင်ဖြစ်ပါသည်။ အားလုံး အာတ္မဝါသိချည်းပင် ဖြစ်ကြပါသည်။

အာတ္မဥာဏ် သို့မဟုတ် ပြဟ္မဥာဏ်ရရှိရေးအတွက် အားမထုတ်မီ ကြိုတင်ပြင်ဆင်မှု အနေဖြင့် တရား(၄)ပါးကို ပြည့်စုံအောင် အားထုတ်ထားရမည်ဟု ဆိုပါသည်။ ထိုတရားလေးပါးမှာ-

(၁) နိစ္စဖြစ်သောပြဟ္မာနှင့် အနိစ္စဖြစ်သောလောကကို ခွဲခြားသိမြင်မှု (ဝိဓေက)၊

(၂) ပစ္စုပ္ပန် တမလွန် အကျိုးကျေးဇူးမျှားဌ် တပ်မက်ခြင်းကင်းမှု (ဝိရာဂ)၊

(၃) သာဓနတရားခြောက်ပါးနှင့် ပြည့်စုံမှု (သမ္ပတ္တိ)၊

(၄) လောကသံသရာမှ တကယ်တမ်းလွတ်မြောက်လိုမှု (မုမုက္ခုတ္ဒ)-

တို့ဖြစ်ကြပါသည်။

ကြိုတင်ပြင်ဆင်မှုတရား (၄)ပါးတို့တွင် ပါဝင်သည့် သာဓနတရားခြောက်ပါးနှင့် ပြည့်စုံမှု(သမ္ပတ္တိ) ဆိုသည်မှာ ကိုယ်ကျင့်တရားနှင့် ဆိုင်သည့်အပိုင်း ဖြစ်ပါသည်။ ထိုသာဓနတရား ခြောက်ပါးတို့မှာ-

(၁) လောကီအာရုံများမှ စိတ်ကို ထိန်းသိမ်းမှု (မနနိရောဓ)၊

(၂) လောကီအာရုံများမှ ဣန္ဒြေတို့ကို ထိန်းသိမ်းမှု (ဣန္ဒြိယ-နိရောဓ)၊

(၃) ဆဆုသမားအပေါ်၌ ယုံကြည်မှု(သဒ္ဓါ)၊

(၄) စိတ်တည်ကြည်မှု (သမာဓာန)၊

(၅) လောကသံသရာ၌ မပျော်မွေ့မှု (ဥပရတိ)၊

(၆) အနှောင့်အယှက် အဟန့်အတားများကို သည်းခံနိုင်မှု (တိတိက္ခာ)–

တို့ ဖြစ်ကြပါသည်။ ဗြဟ္မဉာဏ် သို့မဟုတ် အာတ္မဉာဏ်ကို ရလိုသော သူသည် ဤသာဓနာဆုး ခြောက်ပါးကို မဖြစ်မနေပြည့်စုံအောင် ကြိုးတင်ဖြည့်ဆည်းရမည်ဟု ဆိုပါသည်။ ဤသည်တို့မှာ ဥပနိသျှဒ် ကျမ်းများအလိုအရ ဗြဟ္မဉာဏ် သို့မဟုတ် အာတ္မဉာဏ်ရရှိရေး အတွက် ကျင့်စဉ်များဖြစ်ကြပါသည်။ ဤကျင့်စဉ်များအတိုင်း လိုက်နာ ကြင့်ကြံ၍ ဗြဟ္မဉာဏ် သို့မဟုတ် အာတ္မဉာဏ်ကို ရရှိသောအခါ လောကသံသရာမှ လွတ်မြောက်သည်ဟု ဆိုကြပါသည်။

ဥပနိသျှဒ်ကျမ်းများသည် အာရညကကျမ်းများထက် ဗြာဟ္မဏ ကျမ်းများ၏ ပင်ပူဇော်မှုကို ပို၍ ပစ်ပယ်ပါသည်။ ဒဿနသဘောကို ပို၍ ဦးစားပေးပါသည်။ သို့ဖြစ်၍ ဘာသာဝါဒဖြစ်စဉ် သမိုင်းအရ ဥပနိသျှဒ်ကျမ်းများသည် ဗြာဟ္မဏကျမ်းများထက်နောက်ကျပါသည်။ ဗြာဟ္မဏကျမ်းများကို ဝေဒစာရင်းဥ သွင်းထားပြီးဖြစ်သ ဖြင့် ဗြာဟ္မဏ ကျမ်းများ၏ နောက်ပိုင်းဥ ပေါ်ထွက်လာခဲ့သော ဥပနိသျှဒ် ကျမ်းများကို ဝေဒန္တ (ဝေဒနောက်ခံုးပိုင်း)ဟု ခေါ်ကြပါသည်။

တူညီသော ရည်ရွယ်ချက်

ဝေဒ၊ ဗြာဟ္မဏ၊ အာရညကနှင့်ဝေဒန္တကျမ်းတို့၏ ရည်ရွယ်ချက်မှာ တခုတည်းပင် ဖြစ်ပါသည်။ ယင်းတခုတည်းမှာ အဆုံးစွန်သော

အကျိုးတရားကိုရရှိမှု ဖြစ်ပါသည်။ အဆုံးစွန်သောအကျိုးကို ရရှိမှု ဆိုသည်မှာ နတ်ကိုသိမှုဖြစ်ပါသည်။ "ဇဝဒ" ဟူသော ဝေါဟာရသည် သီခြင်းအနက်ရှိသော (ဝိဒ်)ဓာတ်မှ ဆင်းသက်လာလော ဝေါဟာရ ဖြစ်ပါသည်။ ဇဝဒလေးပုံခေတ်တွင် မန္တန်များကို ရွတ်ဖတ်ပူဇော် ခြင်းအားဖြင့် နတ်များနှင့် ရင်းနှီးကာ နတ်များကို သိလာရသည်။ နတ်များကို သိလာရသော်လည်း အဆုံးစွန်သော အကျိုးတရားကို မရရှိချေ။ သို့ဖြစ်၍ ဝေဒများ၏ မန္တန်များကို ရွတ်ဖတ်ကာ လွယ်ကူ သောပူဇော်နည်းများဖြင့် ပူဇော်ခြင်းကို မကျေမနပ်ဖြစ်လာသဖြင့် မန္တန်များအလိုက် ခမ်းကြီးနားကြီး ယဇ်ပူဇော်မှုကို ပြာဟ္မဏကျမ်း များက ဖော်ထုတ်တင်ပြလာပြန်သည်။ ယဇ်ပူဇော်နည်းဖြင့် နတ်များ ကိုသိလာရသော်လည်း အဆုံးစွန်သော အကျိုးတရားကိုမူ မျှော်မှန်း သလို မရရှိခဲ့ပါချေ။ သို့ဖြစ်၍ ပြာဟ္မဏကျမ်းများ၏ ယဇ်ပူဇော်မှုကို မကျေမနပ် ဖြစ်လာပြန်သောကြောင့် အာရဏျကနှင့် ဥပနိသဒ်ကျမ်း များက တရားထိုင်ခြင်းအားဖြင့် နတ်သိုနည်းတမျိုးကို တင်ပြလာ ခြင်းဖြစ်ပါသည်။ အာရဏျကနှင့် ဥပနိသဒ် ကျမ်းများက တင်ပြ လာသော နတ်မှာ ဣန္ဒြ၊ ဝရုဏ စသော နတ်များ မဟုတ်ပဲ ပြဟ္မာသာဖြစ်ပါသည်။ပြဟ္မာမှာလည်း အခြားသူမဟုတ်ပဲမိမိကိုယ်တိုင် (အာတ္မာ) ပင်ဖြစ်ကြောင်း ဖော်ပြလာပါသည်။ မိမိကိုယ်(အာတ္မာ) ကိုသိခြင်းသည် ပြဟ္မာကို သိခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် တကယ်တမ်း အသိဟူသည် ပြင်ပဗဟိဒ္ဓကို သိခြင်းမဟုတ်၊ အတွင်း အဇ္ဈတ္တကို သိခြင်းဖြစ်ပါသည်။ အတွင်းအဇ္ဈတ္တဟူသော မိမိကိုယ်ကို တကယ်တမ်းသိပါက အဆုံးစွန်သော အကျိုးတရားကို မုချမသွေ ရနိုင်ပေသည်ဟု ဆိုပါသည်။ ဤသည်မှာ အာရဏျကနှင့် ဥပနိသဒ် ကျမ်းများ၏ သွန်သင်ချက်ဖြစ်ပါသည်။

အာရညကကျမ်းများ

ဥပနိသျဒ်ကျမ်းများမတိုင်မီ အာရညက ကျမ်းများ ပေါ်ပေါက်ခဲ့ပါသေးသည်။ အာရညကကျမ်းများသည် တောနေ သူတော်စင်များ၏ ဆောင်ရွက်ဖွယ်ကိစ္စများကို ဖော်ပြသည့် ကျမ်းများဖြစ်ပါသည်။ တောနေ သူတော်စင်များ၏ ဆောင်ရွက်ဖွယ် ကိစ္စများတွင် ဆရာဝတ်၊ တပည့်ဝတ်စသော ကျင့်ဝတ်များ၊ ပြဇာတ်ခေါ် "ရည်မှန်း" ယဇ်ပူဇော်နည်းများ၊ သမထဘာဝနာ ပုံးနည်းများနှင့် အခြားဘာသာယဉ်ကျေးမှုဆိုင်ရာ ကျမ်းများ ပြုစုခြင်း လုပ်ငန်းသည်လည်း တခုအပါအဝင် ဖြစ်ပါသည်။ အာရညကကျမ်းများနှင့် ဥပနိသျဒ် ကျမ်းများကို ဂဝဒန္တအမည်တခုတည်းဖြင့် ခေါ်ဝေါ်ကြပါသည်။ ထို့ကြောင့် ဘာသာယုံကြည်မှု အဆင့်ဆင့် ဖြစ်ထွန်းပေါ်ပေါက်မှု သမိုင်းကို ပြောသောအခါ အာရညကခေတ်ကို ဥပနိသျဒ်ခေတ်၌ သွင်း၍ ပြောကြခြင်းဖြစ်ပါသည်။

ဥပနိသျဒ်ကျမ်းများမှာ မည်မျှရှိခဲ့ဖူးသည်ဟု အတိအကျ မပြောနိုင်သော်လည်း လက်ဝဲအရေအတွက်အားဖြင့် (၁၀၈) ကျမ်းရှိသည်ဟု ဆိုပါသည်။ (၁၀၈)ကျမ်းအနက် (၁၆)ကျမ်းမှာ အိန္ဒိယဒဿနစာပေလောကတွင် အရေးပါသည့်ကဏ္ဍမှ ပါဝင်ပါသည်။ တဖန် (၁၆)ကျမ်းအနက် (၆)ကျမ်းကို ဗြဟ္မသုတ္တကျမ်းအဖွင့်တွင် ရှံကရာစရိယ-က အကီးကျမ်းများအနေဖြင့် အသုံးပြုပြီး ကျန် (၁၀) ကျမ်းကိုမူ တကျမ်းစီ တကျမ်းစီ အကျယ်ဖွင့်ဆို၍ ယင်းတို့၏သီးခြားအဖွင့်ကျမ်းများကို ပြုစုခဲ့ပါသည်။ အစောဆုံးသော ဥပနိသျဒ်ကျမ်းများကို ဘီ-စီ ၁၀၀၀-အထက်၌ ပြုစုခဲ့သည်ဟု ခန့်မှန်းကြပါသည်။ ဘာသာရေးကိုးကားမှုများသည် မိမိတို့၏ဥပနိသျဒ်ကျမ်းများကို ပြုစုခဲ့ရာ အက္ကဘာ(၁၅၄၂-၁၆၀၅)ပင်း၏ ခေတ်၌ပင် "ဇလ္လေပနိသျဒ်"

အမည်ဖြင့် ဥပနိသျှဒ်ကျမ်းကစောင်ကို ပြုစုခဲ့သည်ဟု ဆိုကြပါသည်။ သို့ရာတွင် များသောအားဖြင့် ဥပနိသျှဒ်ကျမ်းများသည် ဗုဒ္ဓခေတ်၏ အစပိုင်း၌ အရှိန်လျော့သွားခဲ့သဖြင့် ဥပနိသျှဒ်ခေတ်၏ အဆုံးကာလနှင့် ဗုဒ္ဓခေတ်၏ အစကာလကို ထပ်ဘူပြု၍ ဆိုကြပါသည်။ တနည်းအားဖြင့်ဆိုရလျှင် ဥပနိသျှဒ်ကျမ်း၏ အတ္တဝါဒကို မကျေနပ်၍ ဗုဒ္ဓ၏ အနတ္တဝါဒပေါ်လာရခြင်း ဖြစ်ပါသည်။ ဗုဒ္ဓဝါဒပေါ်ထွန်းလာသော အခါ ဥပနိသျှဒ်ဝါဒမှုးမှိန်၍ (၇)ရာစု ရှုံကဆုစရိယလက်ထက်ခေါက်သောအခါမှ တဖန်ပြန်လည်ခေါင်းထောင်လာခဲ့ပါသည်။

ဥပနိသျှဒ်ကျမ်းများသည် အမျိုးအစားများသလောက် ဒဿနရေးရာနှင့်ပတ်သက်၍ အမြင်များလည်း တကျမ်းနှင့်တကျမ်း မတူကြ။ ထိုမတူညီမှုကိုကို အခြေခံ၍ နောက်ပိုင်းဒဿနကျမ်းများကဲ့သွားကြခြင်း ဖြစ်ပါသည်။ ဒဿနဂိုဏ်းကွဲများ ပေါ်လာရခြင်း ဖြစ်ပါသည်။ ဒဿနဂိုဏ်းကွဲများအနက် ဥပနိသျှဒ်ကျမ်းများကိုသာ အခြေပြုသော ဝေဒန္တဂိုဏ်းသည်ပင် ဆရာတဦးနှင့်တဦး အယူချင်း၊ အမြင်ချင်းမကူပဲ များစွာငြင်းခုံလျက် ရှိကြပါသည်။ ထိုသို့ငြင်းခုံကြသော်လည်း ဥပနိသျှဒ်ကျမ်းများအားလုံး၏ မူရင်းအကြောင်းအရာမှာ လူသား(အတ္တ)၊ ဖန်ဆင်းရှင်(ဘုရား)နှင့် လောက ဤသုံးပါးတို့ပင် ဖြစ်ကြပါသည်။ "လောက၊ လူသား၊ ဘုရား" ဤသုံးပါးတို့သည် တခုတည်းလော၊ သုံးခုလောဟု အငြင်းပွား၍ ကွဲပြားကြခြင်းသာ ဖြစ်ပါသည်။

ဥပနိသျှဒ်ကျမ်းများသည် "လောက၊ လူသား၊ ဘုရား"ဤသုံးပါးကို ဦးတည်သော်လည်း ဗုဒ္ဓပိဋကတ်တော်ဟုခေါ်ဆိုသော အဝိဇ္ဇာ၊ တဏှာ၊ ကံစသော ဝေါဟာရများနှင့် ယင်းတို့၏အနက်များကိုပါ ဖွင့်ဆိုဖော်ပြလျက် ရှိပါသည်။ ထိုသို့ဖွင့်ဆိုဖော်ပြုရာတွင် ဥပနိသျှဒ်

ကျမ်းများက အတ္တဦးတည်ချက်ဖြင့် ဖော်ပြပြီး ဗုဒ္ဓပိဋကတ်တော် များက အနတ္တဦးတည်ချက်ဖြင့် ဖော်ပြကြပါသည်။ ဦးတည်ချက်ချင်း ခြားနားဇကာမူ ဂေါဟာဒရမှာ အတူတူပင်ဖြစ်သဖြင့် ဥပနိသျှဒ်နှင့် ပိဋကတ်တို့ ရောထွေးယှက်တင် ဖြစ်ဆွားနိုင်ဖွယ် ရှိပါသည်။ သို့ဖြစ်၍ ဗုဒ္ဓဝါဒဖြစ်ထွန်းပေါ် ပေါက်လာပုံကို ပိုမို၍အမြင်ရှင်းစေရန် ဥပနိသျှဒ် ကျမ်းများ၏ အဆိုအမိန့်ကို အထိုက်အလျောက် သိထားဖို့ လိုအပ်ပါသည်။

ဒုက္ခ

ဥပနိသျှဒ်ကျမ်းများ၌ ဒုက္ခကို ဖော်ပြထားပါသည်။ ဥပနိသျှဒ် ကျမ်းများ၌ ဖော်ပြထားသောဒုက္ခသည် ယခုလူတို့က ဒုက္ခအဖြစ် သိသော ဒုက္ခမဟုတ်။ ယာခုလူတို့က သုခအဖြစ်သိသော ဒုက္ခဖြစ်သည်။ လောကချမ်းသာများသည် စင်စစ်အားဖြင့် ဒုက္ခသာဖြစ်ကြောင်းကို ကဌဥပနိသျှဒ်ကျမ်း၌ ဤသို့ဖော်ပြထားပါသည်–

နစိကေတာ–

–ယာမမင်း–လူသေသောအခါ ဘာမျှမကျန်ရှိ (နတ္ထိ) ဟု အချို့က ဆိုကြပါသည်။ ကျန်ရှိသေးသည် (အတ္ထိ) ဟု လည်း အချို့က ဆိုကြပါသည်။ ဤအရာနှင့်ပတ်သက်၍ ယုံမှားခြင်း (ဝိစိကိစ္ဆာ) ရှိပါသည်။ သင်သည် ကျွန်ုပ်အား "ရှိ၊ မရှိ" နှင့် ပတ်သက်၍ တရားကို ဟောပါလေ။ ဤသည်မှာ ကျွန်ုပ်တောင်းသည့် တတိယဆု ဖြစ်ပါသည်။

ယမမင်း–

–နှ စိ ကေတာ–ဤတရားသည် သိမ်မွေ့၏။ သိရန်မလွယ်။ ရှေးအခါက နတ်မျှားသည်ပင် "ရှိ၊ မရှိ"နှင့် ပတ်သက်၍ ယုံမှားခြင်းဖြစ်ခဲ့ကြ၏။ သို့ဖြစ်၍ အခြားဆုကို သာ တောင်းပါလော့။ ဤဆုကို မတောင်းပါလင့်။

နှ စိ ကေတာ–

–ယမမင်း–နတ်မျှားသည်ပင် "ရှိ၊ မရှိ"နှင့် ပတ်သက်၍ ယုံမှားခြင်း ဖြစ်ခဲ့ကြ၏။ သိမ်မွေ့၏။ သိရန်မလွယ်ဟု သင်ဆိုပါသည်။ ထို့ကြောင့် အမှန်အားဖြင့် သင်နှင့်တူသော အခြားဆရာကို မရအပ်ပါ။ ဤဆုနှင့်တူသော အခြားဆုလည်း မရှိပါ။

ယမမင်း–

–နှ စိ ကေတာ–သင်၏သားမြေးတို့ အသက်ရာကျော်ရှည်စေရန် ဆုတောင်းပါလော့။ ဆင်, မြင်း, ကျွဲ, နွားတို့ ပေါများစေရန် ဆုတောင်းပါလော့။ ဤကမ္ဘာမြေထက် ကျယ်ဝန်းသော တိုင်းနိုင်ငံကို ပိုင်စေရန် ဆုတောင်းပါလော့။ ကိုယ်တိုင်လည်း အသက်ရှည်လိုသလောက် ရှည်စေရန် ဆုတောင်းပါလော့။

–နှ စိ ကေတာ–ထိုဆုနှင့်တူသောဆုကို အကယ်၍ စဉ်းစားနိုင်လျှင် ထိုဆုကို တောင်းပါလော့။ စည်းစိမ်ဥစ္စာ ရတနာရှေးဟောင်းများနှင့်တကွ အသက်ရှည်မှုကို တောင်းပါလော့။ ဤမဟာမြေပြင်၌ ကောဇင်မင်းအဖြစ်ကိုတောင်း

ပါလော့။ သင့်ကို လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့၏ပိုင်ရှင်အဖြစ် ကျွန်ုပ်ပြုလုပ်ပါအံ့။

–နစိ ကေတာ–ဤလောကဌာ လူသားတို့ မရကောင်းကုန်သော စည်းစိမ်ဥစ္စာတို့သည် ရှိပါကုန်၏။ ထိုစည်းစိမ်ဥစ္စာတို့ကို ဆန္ဒရှိသလို တောင်းပါလော့။ ယာဉ်ရထားနှင့်တကွကုန်သော၊ တူရိယာနှင့်တကွကုန်သော နတ်သမီးတို့သည် ရှိပါကုန်၏။ ထိုနတ်သမီးတို့ကို လူသားတို့သည် မရနိုင်ကုန်။ ထိုနတ်သမီးတို့ကို သင့်အား ကျွန်ုပ်ပေးပါအံ့။ ကျွန်ုပ်ပေးသော နတ်သမီးတို့ကို သင်၏အလုပ်အကျွေးအဖြစ် အသုံးပြုပါလော့။

–နစိကေတာ–သေခြင်းနှင့်ပတ်သက်၍ "ရှိ၊မရှိ" ဟူသောမေးခွန်းကို ကျွန်ုပ်အား မမေးပါလင့်။

နစိကေတာ–

–ယမမင်း–လောကစည်းစိမ်ဟူသမျှတို့သည် ခဏမျှသာတည်နိုင်ကုန်၏။ ဤနွေအားလုံးတို့၏ ထက်မြက်မှုသည် ရင့်ရော်ခြင်းသို့ ရောက်ရပါ၏။ ဘဝဟူသည်လည်း တိုတောင်းပါ၏။ သို့ဖြစ်၍ သင်ပေးမည့် တူရိယာ၊ ရထား၊ နတ်သမီးမျှားသည် သင့်အတွက်သာ ဖြစ်ပါစေကုန်လော့။

–ယမမင်း–လူသားသည် စည်းစိမ်ဥစ္စာ ရတနာမျှားနှင့် ရောင့်ရဲသည်ဟူ၍ မရှိပါ။ ကျွန်ုပ်တို့ဒေသ သည် သင်ယမမင်းကို မြင်နေကြရမည်ဆိုပါလျှင်, သင်ယမမင်း၏ခွင့်ပြုချက်အရ

သာ အသက်မွေးနေကြရမည်ဆိုပါလျှင် ကျွန်ုပ်တို့သည် စည်းစိမ်ဥစ္စာရတနာမျှားကို အဘယ်သို့လျှင် ရယူလိုခြိမ့်မည်နည်း၊ ခံစားလိုခြိမ့်မည်နည်း။

–ယမမင်း– မအိုရာ မသေရာသို့ ချဉ်းကပ်ပြီးနောက် အိုတတ် သေတတ်သော ပညာနှင့်ပြည့်စုံသော အဘယ်မည်သော လူသားသည် အဆင်းလှခြင်း၊ နှစ်သက်ခြင်း၊ မွေ့လျော်ပျော်ပါးခြင်းတို့ကို အဘိဇ္ဈာပဒါးလျက် မိမိ၏ အသက်ရှည်မှုဌ် ပျော်ပိုက်နိုင်ပါအံ့နည်း။

–ယမမင်း– "သေပြီးနောက် သတ္တဝါသည်ရှိသေးသလော၊ မရှိသလော" ဟူ၍ ပုဏ္ဏလောကနှင့်ပတ်သက်ပြီး အမျိုးမျိုးသော ယုံမှားခြင်း (ဝိစိကိစ္ဆာ) ကိုသည် ဖြစ်ကြပါကုန်၏။ တိုနှင့်ပတ်သက်၍ ကျွန်ုပ်အား ဟောကြားပါလော့။ ဤဆုသည် နက်နဲပါ၏၊ သိနိုင်ခဲပါ၏။ ထို့ကြောင့် ကျွန်ုပ် နစိ ကေတာသည် ဤဆုကိုသာ တောင်းပါ၏။ အခြားဆုကို မတောင်းပါ။

(ကဋ–၁၂၂၀-၂၉)

ယမမင်း–

–နစိ ကေဟာ–မြင့်မြတ်ခြင်း (သေယျ) သည် တမျိုးဖြစ်၏။ နှစ်သက်ဖွယ်ကောင်းခြင်း (ပိယ) သည် တမျိုးဖြစ်၏။ ထိုနှစ်မျိုးတို့သည် အချင်းချင်း ဖြောင့်ဖြောင့် ဆန့်ကျင်သော သဘောရှိကုန်၏။ လူသားတို့သည် မိမိတို့ ဆန္ဒအလျောက် ရွေးချယ်ကြကုန်၏။ ထိုနှစ်မျိုးတို့တွင်

"သေယျ"ကို ရွေးချယ်သူသည် လောကုတ္တရာအစီး အပွားနှင့် ပြည့်စုံ၏။ "ပိယ"ကို ရွေးချယ်သူသည် လောကုတ္တရာအစီးအပွားမှ ယုတ်၏။

(ကဌ - ၂၊၁)

ဥပနိသျှဒ်ခေတ် ပညာရှိတို့သည် လောကနှင့် လောကလွန်တရား တို့ကို စဉ်းစားခဲ့ကြပါသည်။ ထိုသို့စဉ်းစားရာတွင် "သခြင်း"နှင့် "မသေခြင်း" တို့ကို အခြေပြု၍ စဉ်းစားကြခြင်း ဖြစ်ပါသည်။ "သခြင်း"နှင့် "မသေခြင်း"တို့တွင် မမြဲခြင်း"အနိစ္စ"နှင့် မြဲခြင်း "နိစ္စ"သဘောတို့ ပါဝင်ကြပါသည်။ သခြင်းနှင့် မသေခြင်း သို့မဟုတ် မမြဲခြင်းနှင့် မြဲခြင်းတို့ကို ခဲခြားရ၍ သိနိုင်ရန် ကြိုးစားခဲ့ကြပါသည်။ ထိုသို့ခဲခြားရ၍ သိနိုင်သောဉာဏ်ကို "ဝိဝေက" ဟုခေါ်ပြီး ခဲခြားရ၍ သိနိုင်သူကို "ဝိဝေက်" ဟု ခေါ်ကြပါသည်။ ထို့ကြောင့် ဝိဝေက(ခဲခြားရ၍ သိခြင်း)နှင့် ဝိဝေကီ(ခဲခြားရ၍သိသူ)ဟူသော ဝေါဟာရ တို့သည် အိန္ဒိယဒဿနကျမ်းများ၌ လေးနက်သော အဓိပ္ပာယ်ကိုဆောင်သည့် ဝေါဟာရများ ဖြစ်လာကြပါသည်။

ယညဝါကျရသေ့နှင့် သူဇနီး မေတ္တေယျတို့သည် လောကနှင့် လောကလွန်တရားများကို ဤကဲ့သို့ စဉ်းစားခဲ့ကြကြောင်း ပြီဟဒါရဏ်ကဥပနိသျှဒ်ကျမ်း၊ စတုတ္ထကဏ္ဍ၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်-

ယညဝါကျ -

-မေတ္တေယျ-ငါသည် အိမ်ရာတည်ထောင် ဤလူ့ဘောင်မှ ထွက်ခွာ၍ သခ်ိမ်းကျောင်း(သညာသအာဿမ)၌နေထိုင်ကာ အကျင့်မြတ်ကို ကျင့်လိုပါသည်။ ငါ၏ဒုတိယ (

ကာတျာယဲ့နီနှင့်အတူ သင့်အား စည်းစိမ်ဥစ္စာမျှားကို ခွဲဝေပေးပါအုံး။

မေတ္တေယျ –

– အရှင်ယညဝါကျ – စည်းစိမ်ဥစ္စာရတနာမျှားနှင့်တကွ ဤမဟာပထဝီမြေပြင်သည် ကျွန်ုပ်ပိုင်ဖြစ်ခဲ့သော် ထိုပိုင်ဆိုင်မှုကြောင့် ကျွန်ုပ်သည် မသေခြင်း(အမတ)ကို ရနိုင်ပါမည်လော။

ယညဝါကျ –

– မေတ္တေယျ – ထိုကဲ့သို့ကား မဖြစ်နိုင်ပါ။ ချမ်းသာကြွယ်ဝသူတို့၏ဘဝသည် ဖြစ်သကဲ့သို့ သင်၏ဘဝသည် ဖြစ်ပေလိမ့်မည်။ စည်းစိမ်ဥစ္စာဖြင့် မသေခြင်း(အမတ)ကို ရယူနိုင်ကောင်း၏ဟူသော မျှော်လင့်ချက် (အာသာ) ဟူသည် မဖြစ်ကောင်းပေ။

(ဗြိဟဒ် – ၂၊၄၊၁၁·၂)

ဥပနိသျှဒ်၏ ဒုက္ခအမြင်

ဤလောကသည် အသွင်သဏ္ဌာန်မျှသာ ဖြစ်သည်။ အမှန်တကယ်မဟုတ်။ အသွင်သဏ္ဌာန်ဖြစ်၍သာ ဖြစ်ခြင်း၊ ပျက်ခြင်းတို့၏ လှုပ်မှိုးနှိပ်စက်ခြင်းကို ခံရခြင်း ဖြစ်သည်။ အကယ်၍ အမှန်တကယ်ဖြစ်ဘိမူထိုကဲ့သို့ ဖြစ်ခြင်း၊ ပျက်ခြင်းတို့၏ လှုပ်မှိုးနှိပ်စက်ခြင်းကို ခံရဖွယ်မရှိ။ သို့ရာတွင် အသွင်သဏ္ဌာန်၏နောက်ကွယ်၌ အမှန်တကယ်တရားသည် မုချပင်ရှိသည်။ ဤသို့ ဥပနိသျှဒ်ခေတ် ပညာရှင်မျှားက ယုံကြည်ခဲ့ကြပါသည်။

အသွင်သဏ္ဌာန်နှင့် အမှန်တကယ်ကို ခွဲခြားရှုလည်း ခေါ်ကြပါသည်။ အသွင်သဏ္ဌာန်ကို လောကဟုခေါ်ပြီး အမှန်တကယ်ကို ဗြဟ္မာဟု ခေါ်ကြပါသည်။ လောကသည် မိစ္ဆာဖြစ်၍ ဗြဟ္မာသည် သစ္စာဖြစ်ကြောင်းလည်း ဆိုကြပါသည်။ လောကသည် သေတတ်၍ ဗြဟ္မာသည် မသေတတ်ဟူ၍လည်း ဆိုကြပါသည်။ ဤသို့လျှင် သူတို့သည် သေခြင်းနှင့် မသေခြင်းကို နားလည်ကြပါသည်။ သဘောပေါက်ကြပါသည်။ သေခြင်းကို ဒုက္ခဟု ခံယူပြီး မသေခြင်းကို သုခဟု ခံယူကြပါသည်။ အမှန်အားဖြင့် လောကတခုလုံးသည် ဒုက္ခဖြစ်ကြောင်း သူတို့သတ်မှတ်ပြီး ဖြစ်ပါသည်။ ယုံကြည်ပြီး ဖြစ်ပါသည်။

အသွင်သဏ္ဌာန်နှင့် အမှန်တကယ် သို့မဟုတ် လောကနှင့်ဗြဟ္မာကို ခွဲခြားရှုသိမှုသည် အာသိဉာဏ်နယ်ပယ်၌ ကြီးမားသော အောင်မြင်မှုတရပ်ဟု ဆိုကြပါသည်။ ခေါမပညာရှိ "Parmenides" နှင့် "Plato" တို့သည်လည်းကောင်း၊ ဂျာမန်ပညာရှိ "Kant" နှင့် "Schopenhauer" တို့သည်လည်းကောင်း၊ ဤကဲ့သို့ပင် သစ္စာ၏အရိပ်နှင့် သစ္စာကို ခွဲခြားရှုသိခဲ့ကြသည်ဟု ဆိုကြပါသည်။ သို့ရာတွင် အိန္ဒိယ၊ ခေါမနှင့်ဂျာမန်တို့၏ အသိမျှားသည် တဦးနှင့်တဦး အဆက်အစပ်ရှိလေသလား၊ သီးခြားစီဖြစ်လေသလားဟူသော အချက်ကိုမူ တိတိကျကျ ဆိုရန် ခက်မည်ထင်ပါသည်။

ဥပနိသျှဒ်ကျမ်းများ၌ လောကကို ဒုက္ခဟု သတ်မှတ်ကြောင်း တွေ့ရပါသည်။ ထိုကဲ့သို့သတ်မှတ်ခြင်းမှာ အမြဲတစေပြောင်းလဲနေသည့်သဘော၊ မမြဲခြင်းသဘော၊ သေခြင်းသဘောတို့ကို အကြောင်းပြု၍ သတ်မှတ်ခြင်းဖြစ်သဖြင့် "ဒုက္ခဒုက္ခ" (လက်တွေ့ဆင်းရဲ)နှင့် "ဝိပရိဏာမဒုက္ခ" (အသွင်ပြောင်းဆင်းရဲ)အဆင့်မျိုးသာဖြစ်ပါသည်။ ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ အမြဲတစေ "ဖြစ်၊တည်၊ပျက်" (သင်္ခါရဒုက္ခ)

အဆင့်မျိုး မဟုတ်ပါ။ တနည်းအားဖြင့်ဆိုရလျှင် ဥပနိသျှဒ်ခေတ် ပညာရှိတို့သည် လောကကို ဒုက္ခသမုဒယအနေဖြင့်သာ မြင်ကြပြီး ဒုက္ခသစ္စာအနေဖြင့် မမြင်ကြသေးကြောင်း တွေ့ရပါသည်။ ထို့အပြင် ဥပနိသျှဒ်ကျမ်းများ၌ သစ္စာကထားအနေဖြင့် ပြဟ္မာတမျိုးတည်း ကိုသာ သတ်မှတ်ပြီး ပြဟ္မာမှတပါး ကျန်တထားများအားလုံးကို မိစ္ဆာတအနေဖြင့် သတ်မှတ်ထားသောကြောင့် ဗုဒ္ဓစာပေ၌ကဲ့သို့ သစ္စာ(၄)ပါးမရှိပဲ သစ္စာတပါးသာ ရှိပါသည်။ ဥပနိသျှဒ်ကျမ်းများ၏ သစ္စာတပါးအယူသည် နောင်မဟာယာနကျမ်းများ၌ပါ လွှမ်းမိုးသွားကြောင်း တွေ့ရပါသည်။

ဒုက္ခ၏အကြောင်း(တဏှာနှင့်အဝိဇ္ဇာ)

ဥပနိသျှဒ်ကျမ်းများ၌ ဒုက္ခ၏အကြောင်းကို တဏှာအဖြစ် မဖော်ပြပဲ အဝိဇ္ဇာအဖြစ်သာ ဖော်ပြကြပါသည်။ ထို့အပြင် တဏှာဟူသော အသုံးအနှုန်းသည်လည်း များစွာနည်းပါးပြီး ယင်းအစား ကာမ-ဟူသော အသုံးအနှုန်းသာ တွင်ကျယ်ကြောင်း တွေ့ရပါသည်။ ဗဒ္ဓခေတ်၌ "တဏှာ"ဟူလော ဗဝါဟာရ၏အနက်မှာ "ရေဆာခြင်း"သာ ဖြစ်ပါသည်။ ဥပနိသျှဒ်ခေတ်၌မူ "တဏှာ"ဟူသော ဗဝါဟာရမှာ မရှိသလောက်ရှားပါးပြီး နောက်ပိုင်းသက္ကဋ္ဌစာပေခေတ်၌သာ ယင်း ဗဝါဟာရကို ဆန္ဒအဓိပ္ပာယ်ဖြင့် သုံးနှုန်းကြောင်း တွေ့ရပါသည်။ သို့ဆိုတွင် ကာမကို တဏှာအဓိပ္ပာယ်ဖြင့် သုံးနှုန်းတတ်ကြကြောင်း ဤသို့ တွေ့ရပါသည်–

> အထော ခလ္ဒာဟုး ကာမမယး ဗဝါယံ ပုရုဖး ဣတိ သ
> ယထာကာမော ဘဝတိ တတ်ကြတုဘ်ဝတိ၊ယတ်ကြတုဘ်ဝတိ
> တတ် ကမ်မံ ကုရုတေ၊ ယတ် ကမ်မံ ကုရုမတ တဒဘိသံပဒျတေ။

(ဒီဃဆော၊ ထို့ပြင်။ ခလု၊ စင်စစ်။ အယံ ပုရိမဲ၊ ဤလူသားသည်။ ကာမမယော ဇော၊ ကာမဖြင့်ထုလုပ်အပ်သော ကာမနှပ်တုသာတည်း။ ဣတိ၊ ဤသို့။ ဒီဃာဟုံ၊ ဆိုကြောင်း၏။ ဇော၊ ထို့လူသားသည်။ ယထာကာမော၊ အကြင်သို့သောဆန္ဒရှိသည်။ ဘဝတိ၊ ဖြစ်၏။ တတ်ကြတုံး၊ ထို့ဆန္ဒနှင့်လျော်ညီသော ကြံစည်မှုသည်။ ဘဝတိ၊ ဖြစ်၏။ ယဲတ်ကြတုံး၊ အကြင်ကြံစည်မှုသည်။ ဘဝတိ၊ ဖြစ်၏။ တာတ် ကမ်၊ ထို့ကြံစည်မှုနှင့်လျော်ညီသောကံကို။ ကုရုတော၊ ပြု၏။ ယတ် ကမ်၊ အကြင်ကံကို။ ကုရုတော၊ ပြု၏။ ဘဒဘိသံပဒျတော၊ ထို့ပြုသောကံနှင့်လျော်ညီစွာ ဖြစ်ပေါ်လာရ၏)။

(ဗြိဟဒ် – ၄၊၄၊၇)

ဤအဆိုအမိန့်အရ အကျိုးပေးတခုနှင့် ပတ်သက်၍ အဆင့် (၃)ဆင့် သတ်မှတ်ယာဉ်ကြောင်း တွေ့ရသည်။ ထိုအဆင့်(၃)ဆင့် အနက် ပထမအဆင့်မှာ အလိုဆန္ဒ(ကာမ)အဆင့်ဖြစ်သည်။ ဒုတိယအဆင့်မှာ အလိုဆန္ဒနှင့်လျော်ညီစွာ ကြံစည်မှု(ကြတု)အဆင့် ဖြစ်သည်။ တတိယအဆင့်မှာ ကြံစည်သည့်အတိုင်း ဆောင်ရွက်မှု(ကမ္မ)အဆင့် ဖြစ်သည်။ ထိုအဆင့် (၃)ဆင့် ပြည့်စုံသောအခါမှသာ အကျိုးပေးမှု(ဖလ) သဘော ပေါ်ပေါက်လာသည်။ ဤသို့လျှင် ဥပနိသျှဒ်ခေတ် ပညာရှိတို့သည် သမုဒယသစ္စာထိုက်သည့် ကာမကို မသိသေးစေကာမူ ကာမသဘောကိုမူ နားလည်သဘောပေါက်ကြပါသည်။

တရာ (၂)မျိုး

ဥပနိသျှဒ်ခေတ် ပညာရှင်တို့၏အဆိုအရ တရား(၂)မျိုးရှိပါသည်။ တမျိုးမှာ ပြဟ္မာဖြစ်၍ အခြားတမျိုးမှာ လောကဖြစ်ပါသည်။

ဗြဟ္မာကို အာတ္မာ(အတ္တ)ဟူ၍လည်းကောင်း၊ လောကကို မာယာဟူ၍လည်းကောင်း ခေါ်ကြပါသေးသည်။ ဗြဟ္မာနှင့် အတ္တမှာ အတူတူပင်ဖြစ်သော်လည်း ဗြဟ္မာသည် ဗဟိဒ္ဓကိုးကွယ်စရာသဘောကို ရည်ညွှန်း၍ အတ္တသည် အဇ္ဈတ္တကိုးကွယ်သူသဘောကို ရည်ညွှန်းပါသည်။ ထိုနည်းအတူ လောကနှင့်မာယာမှာလည်း အတူတူပင် ဖြစ်ပါသည်။ သို့ရာတွင် လောကသည် အမြဲတစေ ဖြစ်၊ ပျက်၊ ပြောင်းလဲနေသည့်သဘောကို ရည်ညွှန်း၍ မာယာသည် အထည်ကိုယ်အစိုင်အခဲမဟုတ်ပါပဲလျက် အထည်ကိုယ်အစိုင်အခဲ ဖြစ်လေဟန် လှည့်စားခြင်းသဘောကို ရည်ညွှန်းပါသည်။

ထိုတရားနှစ်မျိုးတွင် ဗြဟ္မာသည် အမှန်ရှိတရားဖြစ်၍ လောကသည် အထင်ရှိတရား ဖြစ်ပါသည်။ အထင်ရှိတရားဆိုသည်မှာ အမှန်မရှိပါပဲလျက် အမှန်ရှိဘိသကဲ့သို့ ထင်ရခြင်းဖြစ်ပါသည်။ ယင်းအထင်ရှိသဘောကိုပင် အသင်္ခတဓာန်ဟူ၍လည်းကောင်း၊ အရိပ်ဟူ၍လည်းကောင်း ခေါ်ကြပါသည်။တရားကိုယ်အားဖြင့်စိစစ်လျှင် ထိုတရား(၂)မျိုးသည် တကယ်(၂)မျိုးမဟုတ်ပဲ တမျိုးတည်းသာ ဖြစ်ပါသည်။ ယင်းတမျိုးတည်းမှာ ဗြဟ္မာဖြစ်ပါသည်။ သို့ရာတွင် တမျိုးတည်းကို တမျိုးတည်းမှန်းမသိပဲ အမျိုးမျိုးအဖြစ် သိခြင်းသည် အဝိဇ္ဇာဖြစ်သည်ဟု ဥပနိသျှဒ်ကျမ်းများက ဆိုပါသည်။

ဤလောကတွင် ကျွန်ုပ်တို့၏အတွေ့အကြုံအရ အသီးများကိုလည်း တွေ့ပါသည်။ အပွင့်များကိုလည်း တွေ့ပါသည်။ အရွက်များကိုလည်း တွေ့ပါသည်။ သို့ရာတွင် ထိုအသီး၊ အပွင့်၊ အရွက်များသည် သီးခြားလွတ်လပ်စွာ တကယ်မရှိကြပါ။ သီးခြားလွတ်လပ်စွာ တကယ်ရှိသည့်အရာမှာ အပင်သာဖြစ်ပါသည်။ အသီး၊ အပွင့်၊ အရွက်များ

သည် အပင်ကိုမှီ၍ ရှိကြရခြင်းဖြစ်ပါသည်။ အကယ်၍ အပင်သာမရှိလျှင် အသီး၊ အပွင့်၊ အရွက်ဟူ၍ ရှိနိုင်တော့မည်မဟုတ်ပါ။ ဤဥပမာအတိုင်းပင် လောကသည် ဗြဟ္မာကိုမှီ၍ ရှိရခြင်းဖြစ်ပါသည်။ အကယ်၍ ဗြဟ္မာသာမရှိလျှင် လောကသည်လည်း ရှိနိုင်တော့မည်မဟုတ်ပါ။ သို့ပါလျက် ကျွန်ုပ်တို့သည် အသီးအပွင့်အရွက်တို့ကို အပင်အဖြစ်မသိသကဲ့သို့ လောကကိုလည်း ဗြဟ္မာအဖြစ် မသိကြပါ။ ဤသို့မသိခြင်းသည်ပင် အဝိဇ္ဇာဖြစ်သည်ဟု ဥပနိသျဒ်ကျမ်းများက ဆိုကြပါသည်။

အဝိဇ္ဇာ၏မူလအနက်မှာ မသိခြင်း(အပြတိပတ္တိ) ဖြစ်ပါသည်။ ထိုနောင်မှ အနက်နယ်နိမိတ် ကျယ်ဝန်းလာပြီး အမှားကိုသိခြင်း(မိထျာပြတိပတ္တိ)ဟူ၍လည်းကောင်း၊ ဖောက်ပြန်စွဲသိခြင်း(ဝိပြတိပတ္တိ)ဟူ၍လည်းကောင်း ဖြစ်လာပါသည်။ ဤသဘောကို ဣရုဝေဒ(၁၀၊၈၁၊၁)၌ ပထမ(မူလသဘော)ကို ဖုံးကွယ်ခြင်း(ပြထမဆဒ်)ဟု သုံးနှုန်းကြောင်း တွေ့ရပါသည်။ ဤနေရာ၌ ဗြဟ္မာ၏မူလသဘောကို ဖုံးကွယ်ခြင်းဆိုသည်မှာ ဗြဟ္မာကို ဗြဟ္မာအဖြစ် မသိခြင်းဖြစ်ပါသည်။ ဗြဟ္မာကို ဗြဟ္မာမှန်း မသိခြင်းသည် အဝိဇ္ဇာ၏ ပထမဦးဆုံးအနက်ဖြစ်ပါသည်။ ထိုနောက် ဗြိဟဒါရညကဥပနိသျဒ်(၁၊၆၊၃)၌ ဤသို့ဖော်ပြထားကြောင်း တွေ့ရပါသည် –

အမြီတံ သတျေန ဆန္နံ၊ ပြာဏော ဝါ အမြီတံ၊ နာမရူပေ သတံျ၊ တာဘျာံ အယံ ပြာဏော ဝါ အမြီတံ၊ နာမရူပေ ဟိ ပြာဏော ဝါ အမြီတံ။

(အမြီတံ၊ အမြိုက်သည်။ သတျေန၊ လောကသစ္စာနှင့်။ ဆန္နံ၊ ဖုံးကွယ်၏။ ဝါ၊ တနည်းအားဖြင့်။ ပြာဏော၊ ဗြဟ္မာသည်။ အမြီတံ၊ မသေတတ်သောအမြိုက်တည်း။ နာမရူပေ၊

အမည်နှင့်အသင်တို့သည်။ သတ်၊ လောကသစ္စာတည်း။ အယံ ပြာဏး၊ ဤဖြဟ္မာသည်။ တာဘျာ၊ ထိုအမည်နှင့် အသင်တည်းဟူလော လောကသစ္စာတို့ဖြင့်။ ဆန္ဒး၊ ဖုံးကွယ်၏)။

ဤနေရာ၌ ပရမတ္ထသစ္စာနှင့် လောကသစ္စာတို့ကို ခွဲခြားပြီး ဖော်ပြထားပါသည်။ ဖြဟ္မာသည် ပရမတ္ထသစ္စာဖြစ်၍ အမည်နှင့် အသင်သဏ္ဌာန်တို့သည် လောကသစ္စာများ ဖြစ်ကြပါသည်။ အမည်နှင့် အသင်သဏ္ဌာန်တည်းဟူသော လောကသစ္စာများ ဖုံးကွယ်ထားမှုကြောင့် ဖြဟ္မာကို ဖြဟ္မာမှန်းမသိတော့ပဲ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမစသည်ဖြင့် ဖောက်ပြန်စွာ သိလာကြပါသည်။ အမှားကို သိလာကြပါသည်။ ဤသည်မှာ အဝိဇ္ဇာ၏ နောက်ပိုင်းအနက် ဖြစ်ပါသည်။ ဤသို့လျှင် အဝိဇ္ဇာဟူသော ဝေါဟာရသည် အတ္ထဘာတိသယနည်းဖြင့် မသိခြင်းဟူသော ဝေဒခေတ်အနက်မှ အမှားကိုသိခြင်းနှင့် တလွဲတချော်သိခြင်းဟူသော ဥပနိသဒ်ခေတ်အနက်တို့ကို တိုးခဲ့ပေလာလာခဲ့ပါသည်။

အဝိဇ္ဇာ

အဝိဇ္ဇာ၏အနက်ကို ပေါင်းရုံး၍ ဥပနိသဒ်ကျမ်းများတွင် ဤသို့ရှင်းပြကြပါသည်။ အဝိဇ္ဇာဆိုသည်မှာ တလွဲတချော်သိခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုရလျှင် ထိုဟာမဟုတ်ပဲလျက် ထိုဟာဟုသိခြင်း (အတသ္မိံ တံဗုဒ္ဓိ)ဖြစ်သည်။ ကျွန်ုပ်တို့သည် ကြိုးကို မြင်ပါလျက် ကြိုးအဖြစ်မသိပဲ မြွေအဖြစ်သိသည်။ အမှန်အားဖြင့် ကြိုးသည် ကြိုးသာဖြစ်သည်။ မြွေမဟုတ်။ သို့ရာတွင် သိသူက ကြိုးကို ကြိုးအဖြစ် မသိပဲ မြွေအဖြစ်သိသည်။ ထို့ကြောင့် အဝိဇ္ဇာဆိုသည်မှာ ထိုဟာ

မဟုတ်ပဲလျက် ထိုဟာဟု သိခြင်းမျိုးဖြစ်ကြောင်း ဆိုကြခြင်း ဖြစ်ပါသည်။ [အတသို့၊ မြွေမဟုတ်သောကြိုးဌ်။ တံဗုဒ္ဓါ၊ မြွေဟု သိခြင်း။]

ကြိုးနှင့် မြွေဥပမာအတိုင်း ဗြဟ္မာနှင့်လောကသည် အချင်းချင်း ခြားနားပါသည်။ သို့ရာတွင် ဗြဟ္မာကို ဗြဟ္မာအဖြစ်မသိပဲ လောကအဖြစ်သာ သိကြသည်။ ဤသို့သိခြင်းသည် အဝိဇ္ဇာဖြစ်ပါသည်။ ဤအဝိဇ္ဇာကြောင့် ဗြဟ္မာစစ်စစ်က လောကဖြစ်နေရခြင်း ဖြစ်ပါသည်။ ကြိုးစစ်စစ်က မြွေဖြစ်နေရသည့်သဘောမျိုး ဖြစ်ပါသည်။ ကြိုးကို မြွေဟု အထင်မှားနေသမျှ ကာလပတ်လုံး မြွေနှင့်ပတ်သက်သည့် ကြောက်ခြင်း၊ လန့်ခုန်ခြင်းစသည့် ခံစားမှုမျှားရှိနေရသကဲ့သို့ ဗြဟ္မာကို လောကဟုထင်နေသမျှကာလပတ်လုံး လောကနှင့် ပတ်သက်သည့် ချစ်ခြင်း၊ မုန်းခြင်းစသည့် ခံစားမှုရှိနေမည်သာ ဖြစ်ပါသည်။ သို့ဖြစ်၍သာ ကျွန်ုပ်တို့သည် ဆင်းရဲနေရခြင်း ဖြစ်ပါသည်။

အကယ်၍ ကျွန်ုပ်တို့သည် ကြိုးကို မြွေမဟုတ်မှန်း သိသည်နှင့် တပြိုင်နက် ကြောက်ခြင်း၊ လန့်ခြင်းစသည့် ခံစားမှုမျှားကင်းဝေးပြီး ငြိမ်းချမ်းမှုရသွားသကဲ့သို့ ဗြဟ္မာကို လောကမဟုတ်မှန်း သိသည်နှင့် တပြိုင်နက် စိုးရိမ်ပူပန်မှုမျှားမှ ကင်းဝေးပြီး ငြိမ်းချမ်းမှုရသွားမည် ဖြစ်ပါသည်။ သို့ဖြစ်လေရာ ငြိမ်းချမ်းမှုမရခြင်းသည် အထင်မှားခြင်း၊ အသိမှားခြင်း၊ ထိုဟာမဟုတ်ပဲလျက် ထိုဟာဟုသိခြင်း အဝိဇ္ဇာ၏ လက်ချက်ပင် ဖြစ်ပါသည်။

ဤအဖွင့်ကျမ်းမျှား၏အလိုအရ လောကဌ် ကျွန်ုပ်တို့ တွေ့ကြုံသိရှိ ခံစားမှုမှန်သမျှသည် ကောင်းကောင်း ဆိုးဆိုး အားလုံး လောကသဘောရှိသောကြောင့် အဝိဇ္ဇာချည်းသာ ဖြစ်ပါသည်။ သိစရာအာရုံ၊ သိတတ်သူဟူ၍ အောက်ထစ်ဆုံး (၂)မျိုးရှိကြောင်း ယုံကြည်နေသမျှ ကာလပတ်လုံး တခုနှင့်တခု မှားယွင်းခြင်း သို့မဟုတ် ထိုဟာမဟုတ်

ပဲလျက် ထိုဟာဟု သိခြင်းရှိနေမည်သာ ဖြစ်ပါသည်။ (၂)မျိုးမရှိပဲ တမျိုးတည်းရှိမှ တခုနှင့်တခု မှားယွင်း၍ မရနိုင်တော့သည့်အတွက် အဝိဇ္ဇာမှ လွတ်မြောက်သည်ဟု ဆိုပါသည်။ သို့မဟုတ် ဗြဟ္မဉာဏ်ကို ရသည်ဟု ဆိုပါသည်။ ဗြဟ္မဉာဏ်ကို ရသည်ဆိုသည်မှာ အားလုံး လောကဟူ၍မရှိတော့ပဲ ဗြဟ္မာတခုတည်းသာ ရှိတော့သည့်အတွက် မည်သည့်အရာကို ကြည့်ကြည့် ဗြဟ္မာဟူ၍သာ မြင်ခြင်းမျိုး ဖြစ်ပါသည်။ သိခြင်းမျိုး ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုရလျှင် သိစရာအာရုံ၊ သိတတ်သည့်စိတ်နှင့် သိသူပုဂ္ဂိုလ်ဟူ၍ မကွဲပြားတော့ပဲ အားလုံး တခုတည်းဖြစ်သွားခြင်းမျိုးကို ဗြဟ္မဉာဏ်ရခြင်းဟု ဆိုကြပါသည်။

အဝိဇ္ဇာဝါဒ(၅)မျိုး

အဝိဇ္ဇာ၏အနက်အဓိပ္ပာယ်နှင့် ပတ်သက်၍ အယူဝါဒကွဲလွဲခြင်းမရှိသော်လည်း အဝိဇ္ဇာဖြစ်ပုံနှင့် ပတ်သက်၍မူ အယူဝါဒကွဲ(၅)မျိုးရှိပါသည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

(၁) အာတမ္ဘဝါတိဝါဒ (အစ္ဆတ္တသိဝါဒ)
(၂) အသတ်ဝါတိဝါဒ (မရှိသိဝါဒ)
(၃) အခဝါတိဝါဒ (မသိဝါဒ)
(၄) အညထာဝါတိဝါဒ (အမှန်မသိဝါဒ)
(၅) အနိဗ္ဗစနီယဝါတိဝါဒ (ရှင်းပြ၍ မရသိဝါဒ)

(၁) အာတမ္ဘဝါတိဝါဒ(အစ္ဆတ္တသိဝါဒ)

အဝိဇ္ဇာဟူသည် ထိုဟာမဟုတ်ပဲလျက် ထိုဟာဟုသိခြင်း သို့မဟုတ် အမှားသိခြင်းဟူသော အနက်ကိုမူ အားလုံးက လက်ခံကြပါသည်။ သို့ရာတွင် အမှားသိခြင်းနှင့် စပ်လျဉ်း၍ အယူအဆရေးရာ၌ ဝါဒကွဲ

(၅)မျိုး ရှိပါသည်။ ထို(၅)မျိုးအနက် ပဏမဝါဒကို "အာတ္မချာတိ" ဝါဒဟု ခေါ်ပါသည်။ ဤမနုဆွဲ့ "အာတ္မ" ဆိုသည်မှာ "စိတ်"ပင် ဖြစ်ပါသည်။ "ချာတိ"ဆိုသည်မှာ "သိခြင်း"ဖြစ်ပါသည်။ ထို့ကြောင့် "အာတ္မချာတိ"ဆိုသည်မှာ စိတ်က ကြံဆ၍ သိခြင်းဖြစ်ပါသည်။ ဤဝါဒအရ အမှားသိပုံမှာ ဤသို့ဖြစ်ပါသည် –

လောကတွင် ကျွန်ုပ်တို့သည် အိုးကိုသိသည်။ ပုဆိုးကိုသိသည်။ လူကိုသိသည်။ တိရစ္ဆာန်ကိုသိသည်။ သို့ရာတွင် အိုး၊ ပုဆိုး၊ လူ၊ တိရစ္ဆာန်ဟူသည် ပြင်ပဗဟိဒ္ဓဋ္ဌ တကယ်မရှိကြပါ။ ကျွန်ုပ်တို့၏မျက်စိ၊ နား စသော ဒွါရရုပ်များဋ္ဌ ထင်လာကြသော အဆင်း၊ အသံစသည့် အာရုံရုပ်များသာ ဖြစ်ပါသည်။ ပုံသဏ္ဌာန်များ မဟုတ်ကြပါ။ သို့ဖြစ်၍ ကျွန်ုပ်တို့ဟကယ်သိသင့်သော အရာများမှာ အဆင်းသက်သက်၊ အသံသက်သက် စသည်မျှသာ ဖြစ်ပါသည်။ ထိုအဆင်းသက်သက်၊ အသံသက်သက် စသည်တို့မှာ အမည် နာမလည်း မရှိပါ။ သဏ္ဌာန်ခြေပ်လည်း မရှိပါ။ သဓာဝသက်သက်မျှသာ ဖြစ်ပါသည်။ သို့ပါလျက် ကျွန်ုပ်တို့သည် အမျိုးအမည်နှင့်တကွ သဏ္ဌာန်ခြေပ်နှင့်တကွ အိုး၊ ပုဆိုး၊ လူ၊ တိရစ္ဆာန်ဟူ၍ သိကြပါသည်။ ထို့ကြောင့် အိုး၊ ပုဆိုး၊ လူ၊ တိရစ္ဆာန်တို့မှာ ပြင်ပဗဟိဒ္ဓဋ္ဌ တကယ်ရှိကြပဲ မိမိ၏စိတ်ဆဲ့သာ ရှိကြပါသည်။ မရှိပဲ အရှိလုပ်ကြီး စိတ်က မိမိဘာသာ မိမိဝန်ဆင်း၍ သိခြင်းဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုရလျှင် အိုး၊ ပုဆိုး၊လူ၊တိရစ္ဆာန်မဟုတ်သော သဓောသက်သက်ဋ္ဌ အိုး၊ပုဆိုး၊လူ၊ တိရစ္ဆာန်အဖြစ်ကိုတင်၍ အိုး၊ပုဆိုး၊လူ၊ တိရစ္ဆာန်ဟု သိခြင်း ဖြစ်ပါသည်။ ဤသို့သိခြင်းကို အဝိဇ္ဇာဟု ခေါ်ပါသည်။ ပြင်ပဗဟိဒ္ဓဋ္ဌ မရှိပဲလျက် စိတ်က အရှိလုပ်၍ သိခြင်းဖြစ်သဖြင့် ဤသိခြင်းမျိုးကို "အာတ္မချာတိ" ဟု ခေါ်ပါသည်။

(၂) အသတ်ချာတိဝါဒ (မရှိသိဝါဒ)

ဒုတိယဝါဒမှာ "အသတ်ချာတိ" ဝါဒ ဖြစ်ပါသည်။ ဤနေရာ၌ "အသတ်" ဆိုသည်မှာ မရှိခြင်းပင်ဖြစ်ပါသည်။ "ချာတိ" ဆိုသည်မှာ "သိခြင်း" ဖြစ်ပါသည်။ ထို့ကြောင့် "အသတ်ချာတိ" ဆိုသည်မှာ မရှိကို အရှိလုပ်၍သိခြင်းဖြစ်ပါသည်။ ဤဝါဒမှာ ရှေးအာတ္မချာတိဝါဒနှင့် တူသယောင်ယောင်ရှိပါသည်။ သို့ရာတွင် မတူပါ။ အာတ္မချာတိဝါဒ၌ ကျန်ုပ်တို့သိနေသော အရာဝတ္ထုများသည် ပြင်ပဗဟိဒ္ဓ၌မရှိပဲ စိတ်ထဲ၌သာရှိသည်ဟု ခံယူပါသည်။ ဤ "အသတ်ချာတိ" ဝါဒ၌ ကျန်ုပ်တို့သိနေသော အရာဝတ္ထုများသည် ပြင်ပဗဟိဒ္ဓ၌လည်းမရှိပါ။ စိတ်ထဲ၌လည်း မရှိပါ။ ဤသို့ ယူပုံချင်း ခြားနားပါသည်။ ဤဝါဒအရ အမှားသိပုံမှာ ဤသို့ဖြစ် ၏သည် –

လောက၌ ကျန်ုပ်တို့ တွေ့ကြုံသိရှိနေသော အရာဝတ္ထုများသည် အာတ္မချာတိဝါဒ၌ ဖော်ပြထားသည့်အတိုင်း ပြင်ပဗဟိဒ္ဓ၌ တကယ် မရှိကြပါ။ လူသည်စားမှု မာယာသာဖြစ်ပါသည်။ တကယ်မရှိပဲလျက် ရှိဟန်ဆောင်ခြင်းမျှသာ ဖြစ်ပါသည်။ ပြင်ပဗဟိဒ္ဓ၌ မရှိပဲလျက် စိတ်က သိနေသည့်အတွက် စိတ်ထဲ၌ရှိသည်ဟု အာတ္မချာတိဝါဒီများက ဆိုခဲ့ကြပါသည်။ ထိုအဆိုသည်လည်း မမှန်ကန်ပါ။ လက်တွေ့ကို အထောက်အထားပြု၍ ဆိုရလျှင် ကျန်ုပ်တို့၌ မျက်စိရှိပါသည်။ ထိုမျက်စိသည် မြင်တတ်ပါသည်။ သို့ရာတွင် မျက်စိသည် မိမိကို မိမိပြန်မြင်နိုင်ခြင်းမရှိပါ။ မျက်စိသည် ပြင်ပကိုသာ မြင်နိုင်ပြီး မိမိကို မိမိပြန်မမြင်နိုင်ကြောင်း အတွေ့အကြုံက သက်သေခံလျက်ရှိပါသည်။ ထို့ကြောင့် မြင်တတ်သောအရာသည် မြင်တတ်သည့် သဘောသာရှိပြီး အမြင်ခံရသည့် သဘောမရှိဟု ဆိုကြပါသည်။ သို့ဖြစ်၍ အမြင်ခံရသော အရာဝတ္ထုများသည် ရှိခြင်းရှိလျှင် ပြင်ပ

ဗဟိဒ္ဓဋ္ဌသာ ရှိနိုင်ပြီး အတွင်းအဇ္ဈတ္တဋ္ဌ ရှိနိုင်ရန် ပိုရှိခဲယဉ်းပါသည်။ ထို့ကြောင့် အမြင်ခံရသော အရာဝတ္ထုများသည် ပြင်ပဗဟိဒ္ဓဋ္ဌ မရှိကြောင်း ခံယူနိုင်လျှင် အဘွင်းအဇ္ဈတ္တဋ္ဌလည်း မရှိကြောင်း ပိုရှိခိုင်မာစွာ ခံယူရပါမည်။

မျက်စိဥပမာနည်းတူ စိတ်ဆိုသည်မှာ သိတတ်သောသဘောသာရှိပြီး အသိခံရသော သဘောမရှိသဖြင့် စိတ်ကသိနေသော အရာဝတ္ထုများသည် ပြင်ပဗဟိဒ္ဓဋ္ဌ မရှိနိုင်လျှင် အတွင်းအဇ္ဈတ္တဖြစ်သည့် စိတ်ထဲဋ္ဌလည်း မရှိနိုင်ဖို့ ပိုရှိသေချာပါသည်။ အဘယ့်ကြောင့်ဆိုသော် စိတ်သည်လည်း မျက်စိကဲ့သို့ပင် ပြင်ပကိုသာ သိနိုင်ပြီး မိမိကို မိမိပြန်၍ မသိနိုင်သောကြောင့် ဖြစ်ပါသည်။ သို့ပါလျက် ကျွန်ုပ်တို့သည် သိနေကြသည်ဟု ခံယူကြပြီးဖြစ်ပါသည်။သို့ဖြစ်၍ ကျွန်ုပ်တို့ခံယူချက်များသည် အမှားစင်စစ် ဖြစ်ကြပါသည်။ ထို့ကြောင့် သိစရာအာရုံများသည် ပြင်ပဋ္ဌသော်လည်းကောင်း၊ အတွင်းဋ္ဌသော်လည်းကောင်း တကယ်မရှိပဲလျက် ရှိဟန်ဆောင်နေသည့် မာယာဝတ္ထုများသာဖြစ်ပါသည်။ထိုနည်းအတူ သိတတ်သော စိတ်ကလည်း မည်သည့်နေရာဋ္ဌမျှ မရှိသော သိစရာအာရုံများကို မသိနိုင်ပါပဲလျက် သိဟန်ဆောင်နေသည့် မာယာဝတ္ထုသာ ဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုရလျှင် ပြင်ပဟူသည်မှာလည်း မာယာသာဖြစ်ပါသည်။ အဘွင်းဆိုသည်မှာလည်း မာယာသာဖြစ်ပါသည်။

သို့ဖြစ်၍သာ သိစရာအာရုံများသည် မိမိတို့တမျိုးတည်းဖြစ်ပါလျက် တမျိုးတည်းအနေဖြင့် တာလမတ်တည်း ရပ်တည်ခြင်းမရှိပဲ ဝေဒနာတမျိုး သညာတမျိုး သင်္ခါရတမျိုး ဝိညာဏ်တမျိုး ဝေဒနာမှန်းစရာကောင်းလိုက် ဝေဒနာ ချစ်စရာဇာဝင်းလိုက်ဖြင့် အမျိုးမျိုး လှည့်စားကြသလို သိတတ်သော စိတ်များကလည်း မိမိတို့ဟာမျိုးတည်း ဖြစ်ပါလျက်

တမျိုးတည်းအနေဖြင့် တသမတ်တည်း ရပ်တည်ချက်မရှိပဲ တော်ကြာ တမျိုးသိလိုက် တော်ကြာ တမျိုးသိလိုက် တော်ကြာ မုန်းလိုက် တော်ကြာချစ်လိုက်ဖြင့် အမျိုးမျိုး လှည့်စားကြပါသည်။ သိစရာ အာရုံကလည်း မာယာ၊ သိတက်သည့် စိတ်ကလည်း မာယာ၊ သိသူ ပုဂ္ဂိုလ်ကလည်း မာယာ၊ ဤသုံးချိုးအပေါင်းဖြစ်သည့် လောကတခု လုံးသည် မာယာဖြစ်ပါသည်။

ဤအသတ်ချာတိဝါဒအရ အဝိဇ္ဇာဆိုသည်မှာ တကယ်မရှိပဲလျက် ရှိဟန်ဆောင်နေသည့် သိစရာ အာရုံများကို တကယ် မသိပဲလျက် သိဟန်ဆောင်နေသည့် စိတ်က မရှိပေါ်၌ အရှိုးလုပ်၍ သိခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ဤဝါဒကို တကယ်မသိသော စိတ်က မရှိပေါ်၌ အရှိုးလုပ်၍ အမှန်မဟုတ်ပဲလျက် အမှန်ဟု သိခြင်း အသတ်ချာတိဝါဒဟု ခေါ်ခြင်းဖြစ်ပါသည်။

(၃) အချာတိဝါဒ(မသိဝါဒ)

အဝိဇ္ဇာဖြစ်ပေါ်ပုံနှင့်ပတ်သက်၍ ဤဝါဒက တမျိုးဖွင့်ဆိုပါသည်။ ဤဝါဒကို အချာတိဝါဒဟု ခေါ်ပါသည်။ ဤနေရာ၌ အချာတိဆိုသည်မှာ မသိခြင်းပင် ဖြစ်ပါသည်။ မသိခြင်းဆိုသည်မှာ ခဲ့ခြားရှိ မသိခြင်း သို့မဟုတ် မခဲ့ခြားနိုင်ခြင်း ဖြစ်ပါသည်။ အမှောင်ထဲ့တခုကို စတွေ့မြင်သောအခါ "ထိုဟာ-ဤဟာ" ဟု မခဲ့ခြားနိုင်ပါက တပေါင်းတည်းလုံးထွေးရှိ ယူတတ်ပါသည်။ ဤသို့ လုံးထွေးရှိ ယူတတ်ခြင်းသည် အမြင်မှားခြင်းပင်ဖြစ်ပါသည်။ အမြင်မှားခြင်းများလည်း တခုနှင့်တခု မခဲ့ခြားနိုင်ခြင်းကြောင့် ဖြစ်ရကား ဤဝါဒအရ မခဲ့ခြားနိုင်ခြင်းသည် အဝိဇ္ဇာ၏မူရင်းအနက်(အညာဏ) ဖြစ်ပါသည်။ အမှားသိခြင်းမှာ အဝိဇ္ဇာ၏ ဆင့်ပွားအနက် (မိစ္ဆာညာဏ) ဖြစ်ပါသည်။ ဤဝါဒအရ မခဲ့ခြားနိုင်ပုံမှာ ဤသို့ဖြစ်ပါသည်-

ဗြဟ္မာကို လောကဟု အမှားသိပုံနှင့်စပ်လျဉ်း၍ ကြိုးနှင့်မြွေကို ဥပမာပြုပြီး ရှင်းပြခဲ့ရှိကြပါသည်။ ဤဥပမာအရ ကျွန်ုပ်တို့သည် ကြိုးကိုခံတွေ့ပါသည်။ ကြိုးကိုခံတွေ့သောအခါ မြင်သိစိတ်ဖြစ်ပါသည်။ ဤမြင်သိစိတ်သည် ကြိုးကို ကြိုးအဖြစ်မဟုတ်ပဲ သာမညအရာဝတ္ထု အဖြစ်သာသိပါသည်။ ဤသာမညသိသည် ပစ္စက္ခသိ ဖြစ်ပါသည်။ ဤပစ္စက္ခသိတွင် ကြိုးအမည်နှင့် ကြိုးအသွင်သဏ္ဌာန်ကို သိသော ဝိသေသသိ သဒ္ဒါဒလက္ခဏာ မပါဝင်ပါ။ ထို့အပြင် အခြားအသိ တခုလည်းဖြစ်ပေါ်ပါသေးသည်။ထို အခြားအသိတခုမှာ မြွေ-ဟူသော အသိဖြစ်ပါသည်။ မြွေ-ဟူသော အသိမှာ ယခုလက်ရှိတွေ့ကြုံရသော အသိမဟုတ်ပါ။ လွန်ခဲ့သော တချိန်ချိန်က သိခဲ့ဖူးသော မြွေကို ပြန်လည်အမှတ်ရသော အသိ၊ မှတ်မိသိဖြစ်ပါသည်။

ဤနေရာတွင် အသိ(၂)ခု ရောနှောသွားပုံကို ဤသို့ ဖော်ပြကြပါသည်။ "ဤဟာသည် မြွေ"ဟု ဆိုရာ၌ "ဤဟာ"ဟူသော အသိမှာ လက်တွေ့ပစ္စက္ခသိ ဖြစ်ပြီး "မြွေ"ဟူသောအသိမှာ မှတ်မိသိ ဖြစ်ပါသည်။ ပစ္စက္ခသိနှင့် မှတ်မိသိကို မခွဲခြားနိုင်ပဲ (၂) မျိုးလုံးကို တခုတည်းသော ပစ္စက္ခသိအဖြစ် လုံးဝထင်လိုက်သောကြောင့် အသိမှား ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ ထို့ကြောင့် အသိမှားဆိုသည်မှာ စင်စစ်အားဖြင့် ရှေးအသိနှင့် နောက်အသိ သို့မဟုတ် သာမညသိနှင့် ဝိသေသသိ သို့မဟုတ် ပဥ္စာရုံသိနှင့် ဓမ္မာရုံသိတို့ကို တခုနှင့်တခု မခွဲခြားနိုင်ခြင်းဖြစ်ကြောင်း ဖွင့်ဆိုကြပါသည်။ ဤသို့ မခွဲခြားနိုင်ခြင်းကို မသိခြင်းဟူ၍ လည်းကောင်း၊ အသိမှားခြင်း ဟူ၍ လည်းကောင်း ပြောဆိုကြပါသည်။

လောကဒေတွေအကြုံသိဟူသည်မှာ ဤသဘောချည်းဖြစ်ပါသည်။ **အသိတခုနှင့် တခုကို ဖြတ်မထားပဲ တသားတည်း တခုတည်းကဲ့သို့**

လုံးထွေးရောနှောလိုက်ခြင်း ဖြစ်ပါသည်။ ထိုသို့ လုံးထွေးရောနှော လိုက်၍လည်း သူ၊ ငါ စသည်ဖြင့် ပြောဆိုနိုင်ခြင်း ဖြစ်ပါသည်။ သို့မဟုတ်ပါက ပြောစရာအရာဝတ္ထုမရှိတော့ပဲ "စိတ်"ချည်းသက်သက် ရှိနေမည် ဖြစ်ပါသည်။ အလင်းရောင်ကျရောက်စရာ အရာဝတ္ထုများ လုံးဝမရှိပဲ နေမင်းချည်းသက်သက် ရှိဘိသကဲ့သို့ သိစရာအာရုံများ မရှိပဲ သိစိတ်ချည်းသက်သက် ရှိနေမည် ဖြစ်ပါသည်။ ထိုအခါ လောကဟူ၍လည်း ရှိတော့မည်မဟုတ်ပါ။ ထိုအခါကမှသာ အဝိဇ္ဇာမှ ကင်းလွတ်သည့် အမှန်သိ ဖြစ်ပေါ်လာပေမည်။ အဘယ့်ကြောင့် ဆိုသော် လောကဟူ၍ မရှိတော့သည့်နောက် "ထိုဟာ နှင့် ဤဟာ" ဟူ၍ ခဲ့ခြားစရာ အရာဝတ္ထုများ လုံးဝမရှိတော့သည့်အတွက် ခဲ့ခြားခြင်းကိစ္စလည်း လုံးဝမရှိတော့သောကြောင့် ဖြစ်ပါသည်။

လောကတွင် လှည့်စားမှုမာယာကြောင့် သိစရာအာရုံဝတ္ထုများ အသစ်သစ် အနန္တရှိလေရာ ယင်းအသစ်သစ် အနန္တတို့ကို တခုနှင့်တခု ခဲ့ခြားရန် သိနိုင်ရန် မဖြစ်နိုင်သောကြောင့် ဤဝါဒကို မသိ(အဝိဇ္ဇာတိ) ဝါဒဟု ခေါ်ဝေါ်ခြင်း ဖြစ်ပါသည်။

(၄) အညထာဝိဇ္ဇာတိဝါဒ (အမှန်မသိဝါဒ)

လောကသိဟူသမျှသည် ထိုဟာကို ထိုဟာအတိုင်းသိသည့် အသိမဟုတ်ပဲ အခြားတမျိုးပြောင်းလဲ၍ သိသည့် အသိများသာ ဖြစ်ပါသည်။ ထို့ကြောင့် လောကသိကို "အညထာဝိဇ္ဇာတ်"ဟု ခေါ်ခြင်း ဖြစ်ပါသည်။ ဤနေရာ၌ အညထာဆိုသည်မှာ "အခြားတမျိုးဖြင့်" ဟူ၍ အဓိပ္ပါယ်ရှိပါသည်။ ဝိဇ္ဇာတိဆိုသည်မှာ "သိခြင်း"ဖြစ်ပါသည်။ အညထာဝိဇ္ဇာတိဆိုသည်မှာ သူ့အတိုင်းမဟုတ်ပဲ အခြားတမျိုးအနေဖြင့် သိခြင်းဟူ၍ အဓိပ္ပါယ်ရှိပါသည်။

ဤဝါဒမှာ အာတ္မချာတံဝါဒနှင့် တူသယောင်ရှိသည်။ အာတ္မ-ချာတိဝါဒအရ သီစရာ အာရုံများသည် ပြင်ပ၌မရှိပဲ စိတ်ထဲ၌သာ ရှိသည်။ သို့ပါလျက် ပြင်ပ၌ ရှိသကဲ့သို့ ယူဆသည်။ ဤအညထာချာ-တိဝါဒအရ သီစရာအာရုံများသည် စိတ်ထဲ၌မရှိပဲ အခြားတနေရာ၌ ရှိခြင်းကိုသာ ဆိုသည်။ ကြိုးကို မြွေထင်ရာ၌ မြွေသည် ကြိုးပေါ်၌ မရှိပဲ တွင်း၊ တောချုံ၊ လယ်ကွင်း စသော အခြား တနေရာရာ၌သာ ရှိသည်။ သို့ပါလျှက် အခြားတနေရာရာ၌ရှိသော မြွေကို ကြိုးပေါ်၌ လှမဲးခြုံ၍ ကြိုးကို မြွေအဖြစ် သိသည်။ ဤသို့သိခြင်းမှာ အခြား တမျိုးအနေဖြင့် သိခြင်းဖြစ်သည်။ ထို့ကြောင့် ဤသို့သော သိခြင်း မျိုးကို အခြားတမျိုးအနေဖြင့် သိခြင်း "အညထာချာတိ"ဟု ခေါ် သည်။

အခြားတမျိုးအနေဖြင့် သိခြင်းကို လောက၏ မလွဲမရှောင်နိုင် သော အပြစ်များကြောင့် သိခြင်းဖြစ်ကြောင်းဖြင့် ရှင်းပြကြသည်။ လောကတွင် သိတတ်သူ၊ သီစရာအာရုံနှင့် သိုကြောင်း ဒဋိရများဟူ၍ (၃)မျိုးသာရှိသည်။ ထို(၃)မျိုးအနက် သိတတ်သူ၌ လောဘ၊ ဒေါသ စသော ဝါသနာများ စရိုက်များ ရှိသည်။ သိတတ်သူသည် ထိုစရိုက် များ ဝါသနာများ၏ လွှမ်းမိုးမှုကို မလွန်ဆန်နိုင်ပဲ စရိုက်များ ဝါသနာများနှင့် လျော်ညီစွာသာ သိနိုင်သည်။ အရာဝတ္ထုတခုတည်း ကိုပင် ရာဂဝါသနာ၊ ရာဂစရိုက် လွှမ်းမိုးခြင်းခံရပါက တမျိုးမြင်ပြီး ဒေါသဝါသနာ၊ ဒေါသစရိုက်လွှမ်းမိုးခြင်းခံရပါက တမျိုးမြင်တတ်ပါ သည်။ သို့ဖြစ်၍ အရာဝတ္ထုကို သူ့အတိုင်းမဟုတ်ပဲ အခြားတမျိုး အနေဖြင့် သိခြင်း၌ သိတတ်သူ၏ ဝါသနာများ၊ စရိုက်များသည် အားကြီးသော အကြောင်းများ ဖြစ်ကြသည်။ ထို့အပြင် သီစရာ အာရုံများ၌လည်း အပြစ်များ ရှိကြသည်။ ထိုအပြစ်များမှာ တခုနှင့်

တခု အသိမှားလောက်အောင် တူညီမှု (သာဒိသျ)သဘော၊ အလင်းအမှောင်၊ အက္ခာအဝေး စသည်တို့ကို မှန်ကန်စွာ မရရှိသည့်သဘောတို့ ဖြစ်ပါသည်။ ကြိုးကို မြွေထင်လောက်အောင် ကြိုးနှင့်မြွေတို့ အချင်းချင်း တူသည့်သဘောနှင့် အလင်းရောင်မပြည့်စုံသည့်သဘော မျိုး ဖြစ်ပါသည်။ ဤသဘောမျှားသည့် အသိမှားခြင်း၏အကြောင်းတရားများ ဖြစ်ကြပါသည်။ ထို့အပြင် သိကြောင်းဒ္ဓါရမျှားဌ်လည်း အပြစ်များ ရှိကြပါသည်။ ဤနေရာဌ် သိကြောင်းဒ္ဓါရဟူသည်မှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်တို့ ဖြစ်ကြပါသည်။ ထိုဒ္ဓါရများသည် အမြဲတစေ ကြည့်လင်သန့်ရှင်းသည့်သဘော မရှိကြပါ။ တခါတရံ မျက်စိဝေ၍ လူတယောက်တည်းကိုပင် လူနှစ်ယောက်သဖွယ် မြင်တတ်ပါသည်။ သို့ဖြစ်၍ မျက်စိစသော ဒ္ဓါရများ၏ မကြည့်လင် မသန့်ရှင်းခြင်းသည်လည်း အသိမှားခြင်း၏ အကြောင်းဖြစ်ပါသည်။

ထို့ကြောင့် သိဘတ်သူ(ပမာတာ) သိစရာအာရုံ (ပမေယျ)နှင့် သိကြောင်းဒ္ဓါရ (ပမာဏ)ဟူ၍ အစိတ်အပိုင်း (၃)မျိုးတို့ပါဝင်သော လောကတခုလုံးသည် အပြစ်အနာအဆာများနှင့် ပြည့်နှက်နေသောကြောင့် လောကသိဟူသမျှသည် သူ့အတိုင်းမဟုတ်ပဲ အခြားတမျိုးအနေဖြင့် သိခြင်းဖြစ်၍ "အညထာချာတိ"မည်၏ဟု ဤဝါဒက ဆိုပါသည်။

(၅) အနိဗ္ဗစနီယချာတိဝါဒ (ရှင်းပြ၍ မရသိဝါဒ)

ဥပနိသျှဒ်ကျမ်းများ၌ အိပ်မက်နှင့် စပ်လျဉ်း၍ ဤသို့လာရှိသည့်ကို တွေ့ရ၏ –

တတြ နာ ရထား၊ နာ ရထယောဂါး၊
အထ ရထာန် ရထယောဂါနံ် ပထး သုဇတေ။

(တတြ၊ အိပ်မက်၌။ ရထား၊ ရထားတို့သည်။ နာ၊ မရှိကုန်။ ရထယောဂါး၊ ရထားလမ်းတို့သည်။ နာ၊ မရှိကုန်။ အထ၊ ထိုသို့ဖြစ်ပါလျက်။ ရထာန်၊ရထားတို့ကိုလည်းကောင်း။ ရထယောဂါန်၊ ရထားနှင့်ပတ်သက်ကုန်သော။ ပထး၊ လမ်းတို့ကိုလည်းကောင်း။ သုဇတေ၊ ဖန်ဆင်း၏)။

(တက္ကဘာသာ-၂၂၉)

အိပ်မက်ထဲ၌ ကျွန်ုပ်တို့သည် ရထားများ၊ မြင်းများနှင့် ရထားလမ်းများကို တွေ့ကြ၏။ မောင်းနှင်ကြ၏။ စီးကြ၏။ ကိုရထားများ၊ မြင်းများနှင့် ရထားလမ်းများသည် အိပ်မက်ထဲ၌သာ ရှိကြသည်။ နိုးလာသော အခါ တကယ် မရှိကြချေ။ သို့ရာတွင် မနိုးသေးပဲ အိပ်မက်ထဲ၌မူ တကယ်ပင်ရှိကြပါ၏။ ရထားနှင့်ပတ်သက်သော ခံစားမှုများကိုလည်း တကယ်ပင် ခံစားကြရပါ၏။ သို့ဖြစ်လျှင် အိပ်မက်ထဲ၌ ကျွန်ုပ်တို့ တွေ့ကြုံရသော ရထားများ၊ မြင်းများနှင့် ရထားလမ်းများသည် တကယ်ပင် ရှိကြပါသည်ဟူ၍လည်း မဆိုနိုင်။ အဘယ့်ကြောင့်ဆိုသော် နိုးသောအခါ ထိုရထားများ၊ မြင်းများနှင့် ရထားလမ်းများ လုံးဝမရှိကြောင်း တွေ့ရသောကြောင့် ဖြစ်ပါသည်။ လုံးဝမရှိဟူ၍လည်း မဆိုနိုင်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ကိုယ်တိုင် အိပ်မက်ထဲ၌ မျက်ဝါးထင်ထင် တွေ့ကြုံခံစားရသောကြောင့် ဖြစ်ပါသည်။

မိထိလာပြည့်ရှင် ဘုရင်ဇနကမင်းကြီးသည် တည၌ အိပ်မက်မြင်မက်သည်။ အိပ်မက်ထဲ၌ သူသည် အလွန်ဆင်းရဲသော သူတောင်းစားတယောက်ဖြစ်သည်။ နံနက် ညီလာခံကျင်းပသောအခါ ဘုရင်ကြီးက မိန့်တော်မူသည်–

မင်းကြီးတို့-ညက အိပ်မက်ထဲ၌ ငါသည် အလွန်ဆင်းရဲသော သူတောင်းစားတယောက် ဖြစ်ခဲ့သည်။ ယခုညီလာခံကျင်းပသောအချိန်၌ ငါသည် မိထိလာပြည်ကို အစိုးရသော ဘုရင်မင်းမြတ်ဖြစ်နေပြန်သည်။ သို့ဖြစ်ရာ ငါသည် အိပ်မက်ထဲကအတိုင်း တကယ်ပင် သူတောင်းစားလော။ သို့မဟုတ် ယခုအတိုင်း တကယ်ပင် မိထိလာပြည်ရှင် ဘုရင်မင်းမြတ်လော။ ဤဖြစ်ရပ် (၂)ခုအနက် မည်သည့်ဖြစ်ရပ်က အမှန်ဖြစ်သည်ဟု မည်သို့ ဆုံးဖြတ်ရမည်နည်း။

ဇနကမင်းကြီး၏ ဆိုလိုရင်းမှာ ဖြစ်ရပ် (၂) ခုသည် အမှန်ပင် တွေ့ကြုံခံစားခဲ့ရသော ဖြစ်ရပ်များချည်း ဖြစ်သည်။ ကိုယ်တွေ့ (အနုဘဝသိဒ္ဓ) ဖြင့် မှန်ကန်ကြောင်း သက်သေပြနိုင်သည်ချည်း ဖြစ်သည်။ သို့ဖြစ်၍ ယင်းတို့ကို မမှန်ကန်ဟူ၍ မဆိုနိုင်။ သို့ရာတွင် ဖြစ်ရပ် တခုက အခြား ဖြစ်ရပ်တခုကို ချေဖျက်နိုင်ကြောင်းလည်း တွေ့ရပြန်သည်။ သို့ဖြစ်၍ ယင်းတို့ကို မှန်ကန်သည်ဟူ၍လည်း မဆိုနိုင်။ အမှန်အားဖြင့် လောကအတွေ့အကြုံများကို အိပ်မက်အတွေ့အကြုံကပင် ချေဖျက်နိုင်လေရာ ပြဟ္မ(သစ္စာ)ဉာဏ်ကိုရသော အချိန်၌ ပြဟ္မအတွေ့အကြုံက ပို၍ပင် ချေဖျက်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် လောကအတွေ့အကြုံများကို ထာဝရ အမှန်တရားများဟူ၍ မယူမှတ်အပ်ကြောင်း ဖော်ပြခြင်း ဖြစ်ပါသည်။

ဇနကမင်းကြီး၏ ဘဝအဓိပ္ပါယ်ဖွင့်ဆိုချက်အတိုင်း လောကအတွေ့အကြုံများသည် အိပ်မက်ပမာသာ ဖြစ်၏။ သစ္စာဉာဏ်ကိုရချိန်၌ မှားယွင်းကြောင်း ပေါ်လွင်ပြီး အလိုအလျောက် ကျေပျက်သွားမည်သာ ဖြစ်၏။ သို့ဖြစ်၍ ယင်းတို့ကို ထာဝရအမှန်တရားများအဖြစ် မစဲယူထိုက်ကြောင်း၊ မသိမ်းပိုက်ထိုက်ကြောင်း မှန်၏။ သို့မှန်စေကာမူ

ယင်းတို့ကို လျစ်လျူရှုထား၍မရ၊ အိုင်မက်သည် မနိုးသေးသမျှကာလ ပတ်လုံး အပြည့်အဝမှန်ကန်နေဘိသကဲ့သို့ လောကအတွေ့အကြုံများသည်လည်း သစ္စာဉာဏ်ကို မရသေးသမျှ ကာလပတ်လုံး အပြည့်အဝ မှန်ကန်နေမည်သာ ဖြစ်ပါသည်။

လောကအတွေ့အကြုံများသည် ထာဝရအမှန်များ မဟုတ်စေကာမူ တဒင်္ဂအမှန်များ ဖြစ်ကြ၏။ တဒင်္ဂအမှန်များသာဖြစ်၍ ထာဝရအမှန်မဖြစ်ကြသည့်အလျောက် သစ္စာဉာဏ်ဖြင့် ချေဖျက်၍ ရ၏။ သစ္စာဉာဏ်ဖြင့် ချေဖျက်ရာတွင် အသားထဲသို့ စူးဝင်နေသော အပ်ကို မျိုးတူအပ်ဖြင့်ပင် နုတ်ယူရသကဲ့သို့ မကောင်းသော လောကအတွေ့အကြုံများကို ကောင်းသော လောကအတွေ့အကြုံများဖြင့်ပင် ချေဖျက်ကြရ၏။ ထိုသို့ တဆင့်ပြီးတဆင့် ချေဖျက်ယင်း နောက်ဆုံး၌ ဗြဟ္မ (သစ္စာ)ဉာဏ်ဖြင့် အပြီးတိုင် ချေဖျက်ရလေသည်။ ထိုအခါမှသာ လောကအတွေ့အကြုံများကို အမှားစစ်စစ် ဆိုနိုင်ပါသည်။ သစ္စာဉာဏ်ကို မရသေး၍ အပြီးတိုင် မချေဖျက်နိုင်သေးမီ လောကအတွေ့အကြုံများကို လုံးလုံးမှားသည်ဟူ၍လည်း မဆိုနိုင်။ လုံးလုံးမှန်သည်ဟူ၍လည်း မဆိုနိုင်။

ဤနေရာ၌ လောကအတွေ့အကြုံများကို တဆင့်ပြီးတဆင့် ချေဖျက်သည့်နည်းကို "သောပါနာရောဟနည်း"ဟု ခေါ်ကြသည်။ [သောပါန = စောင်းတန်း - လှေကား+အာရောဟ = တက်နည်း] အမြင့်ကိုတက်ရာတွင် လှေကားထစ်များကို တထစ်ပြီးတထစ် နင်း၍ တက်ယင်း နောက်ဆုံး၌ အမြင့်ဆုံးသို့ ရောက်ရသကဲ့သို့ လောကအတွေ့အကြုံများကို ချေဖျက်ရာတွင် မကောင်းရာမှ ကောင်းရာသို့၊ ကောင်းရာမှ ပို၍ကောင်းရာသို့ ရောက်ရလေအောင် တဖြည်းဖြည်း

ချင်း ခေျဖျက်ရသည်။ နောက်ဆုံး၌ ပြဟ္မာဉာဏ်ကိုရပြီး လော်က အတွေ့အကြုံအားလုံးကို ခေျဖျက်နိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် အိပ်မက်ပမာသာဖြစ်သော လောကအတွေ့အကြုံ များကို လုံးလုံးမှားသည်ဟူ၍လည်း မဆိုအပ်။ အမှန်ချည်းဖြစ်သည် ဟူ၍လည်း မဆိုအပ်။ ဤသို့ မဆိုအပ်သည့်သဘောကို "အနိဗ္ဗစနိယ" ဟု ခေါ်ကြသည်။ ဤဝါဒအရ လောကသိဟူသမျှကို "အနိဗ္ဗစနိယ-ချာတိ" ဟု ခေါ်ကြသည်။ အနိဗ္ဗစနိယဆိုသည်မှာ မှားသည်ဟူ၍ လည်းကောင်း၊ မှန်သည်ဟူ၍လည်းကောင်း တိတိကျကျ မဆိုနိုင်သော လောကအတွေ့အကြုံများပင် ဖြစ်သည်။ ချာတိဆိုသည်မှာ သိခြင်းဖြစ်သည်။ ထို့ကြောင့် အနိဗ္ဗစနိယချာတိဆိုသည်မှာ မှန်သည်၊ မှားသည် မဆိုသာသော လောကအတွေ့အကြုံများကို သိခြင်း ဖြစ်ပါသည်။

လောကအတွေ့အကြုံများကို မှန်သည်ဟူ၍လည်းကောင်း၊ မှား သည်ဟူ၍လည်းကောင်း တိတိကျကျ မဆိုနိုင်ခြင်းမှာ အကြောင်းရှိပါသည်။ ထိုအကြောင်းကို အနိဗ္ဗစနိယဝါဒီများက ဤသို့ ဆိုကြပါသည်—

လောကအတွေ့အကြုံဟူသမျှတွင် အပိုင်း (၂)ပိုင်း ရှိပါသည်။ တပိုင်းမှာ ပြဟ္မာပိုင်းဖြစ်၍ အခြားတပိုင်းမှာ မာယာပိုင်းဖြစ်ပါသည်။ ပြဟ္မာပိုင်းမှာ တကယ်မှန်ကန်သည့် သစ္စာပိုင်းဖြစ်၍ မာယာပိုင်းမှာ မှန်ကန်သည့်သစ္စာ၏ အရိပ်ပိုင်းဖြစ်ပါသည်။ ကြိုးကို မြွေထင်ရာ၌ ကြိုးသည် ပြဟ္မာပိုင်း၊ သစ္စာပိုင်းဖြစ်၍ မြွေသည် မာယာပိုင်း၊ သစ္စာ၏ အရိပ်ပိုင်း ဖြစ်ပါသည်။ သစ္စာမရှိပဲ သစ္စာ၏အရိပ်မရှိကောင်း သလို ကြိုးမရှိပဲ မြွေထင်၍ မရကောင်းပေ။ ထို့ကြောင့် ယင်းအထင်

ကို လုံးလုံးမှားသည်ဟူ၍ မဆိုနိုင်ခေ့။ မြေမဟုတ်ပါပဲလျက် မြေဟု ထင်မှတ်ခြင်းဖြစ်သဖြင့် ယင်းအထင်ကို လုံးလုံးမှန်သည်ဟူ၍လည်း မဆိုနိုင်ခေ့။ တနည်းအားဖြင့်ဆိုရလျှင် လောကသီဟူသမျှ၌ ပါဝင်သည့် ဗြဟ္မာ (သစ္စာ) ပိုင်းကို ထောက်ထား၍ လုံးလုံးမှားသည်ဟူ၍လည်း မဆိုအပ်။ မာယာ (သစ္စာရိပ်)ပိုင်းကို ထောက်ထား၍ လုံးလုံးမှန်သည်ဟူ၍လည်း မဆုံအပ်ပါခေ့။

ထို့အပြင် ဗြဟ္မာ (သစ္စာ)နှင့် မာယာ (သစ္စာရိပ်) တို့သည် ဗြဟ္မာ ဉာဏ်ကို မရသေးသူများအတွက် ထာဝစဉ်ခဲမရပဲ ဒွန်တွဲနေသည့် သဘောမျိုး ဖြစ်ကြပါသည်။ ဗြဟ္မဉာဏ်ကို မရသေးသူများသည် ဗြဟ္မာ (သစ္စာ)ကို မြင်ပါလျက် ဗြဟ္မာ (သစ္စာ)မှန်း မသိပဲ မာယာ (သစ္စာရိပ်)ကိုသာ သိပါသည်။ ကြိုးစစ်စစ်ကိုမြင်ပါလျက် ကြိုးမှန်း မသိပဲ မြွေဟုသိခြင်းမျိုးဖြစ်ပါသည်။ မြင်သည်က ကြိုး၊သိသည်က မြွေ၊ အမြင်တခြား၊ အသိတခြား၊ လောကသီဟူသမျှတို့ကား ဤသဘော မျိုးတို့သာတည်း။ အမှန်ကိုမြင်ပါလျက် အမှန်ဟူ၍ မသိကြ။ တနည်း အားဖြင့်ဆိုရလျှင် မြင်သည်ကို မသိ၊ မမြင်သည်ကိုသာ သိကြသည်။

အမှန်အားဖြင့် လောကဟူသည် တကယ်မရှိ။ တကယ်ရှိသည် ကား ဖန်ဆင်းရှင် ဗြဟ္မာကြီးနှင့် ဗြဟ္မာကြီး၏ စိတ်ကူး(သင်္ကပ္ပ) သာတည်း။ ဝတ္ထုရေးဆရာတို့သည် စိတ်ကူးကြ၏။ ထိုစိတ်ကူးအရ ဝတ္ထုလောကသည် ဖြစ်ပေါ်လာရ၏။ ဝတ္ထုလောကထဲ၌ ဝတ္ထုဇာတ် ကောင်တို့သည် ဖြစ်ပေါ်လာကြ၏။ ဝတ္ထုဇာတ်ကောင် တို့သည် အချင်းချင်း ပြောကြ၏၊ ဆိုကြ၏။ သို့ရာတွင် ထိုဝတ္ထုဇာတ်ကောင် များကား တကယ်ရှိကြသည်မဟုတ်။ တကယ်ပြောကြသည်၊ ဆိုကြ သည် မဟုတ်။ တကယ်ရှိသည်ကား ဝတ္ထုရေးဆရာနှင့် ဝတ္ထုရေး

ဆရာ၏ စိတ်ကူး။ တကယ်ပြောကြ၊ တကယ်ဆုံကြသည်ကား ဝတ္ထုဇာတ်ကောင်များ မဟုတ်၊ စိတ်ကူးတတ်သော စာရေးဆရာ ကိုယ်တိုင်သာဘည်း။ အလားတူစွာပင် ကျွန်ုပ်တို့သည် ဝတ္ထုရေးဆရာ၏စိတ်ကူးအရ ဖန်ဆင်းထားသည့် ဝတ္ထုဇာတ်ကောင်များသဖွယ် ဖန်ဆင်းရှင်ဗြဟ္မာ၏စိတ်ကူးအရ ဖန်ဆင်းထားသည့် လောကဇာတ်ကောင်များသာ ဖြစ်ကြပါ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် တကယ်မရှိကြ။ တကယ်ရှိကြသည်ကား ကျွန်ုပ်တို့မဟုတ်။ ဖန်ဆင်းရှင် ဗြဟ္မာနှင့် ဗြဟ္မာ၏စိတ်ကူး(သင်္ကပ်ပ)သာတည်.။ ကျွန်ုပ်တို့ ပြောကြ၊ ဆိုကြ၊ လုပ်ကိုင်ကြ၊ တွေးခေါ်ကြသည်မှာလည်း ကျွန်ုပ်တို့၏ ကိုယ်ပိုင်ပြောခြင်း၊ ကိုယ်ပိုင်ဆိုခြင်း၊ ကိုယ်ပိုင်လုပ်ကိုင်ခြင်း၊ ကိုယ်ပိုင်တွေးခေါ်ခြင်းများ မဟုတ်ကြ။ ဖန်ဆင်းရှင်ဗြဟ္မာ၏ ပြောခြင်း၊ ဆိုခြင်း၊ လုပ်ကိုင်ခြင်း၊ တွေးခေါ်ခြင်းများသာ ဖြစ်ကြပါ၏။ သို့ရာတွင် တကယ်ရှိသည့်ဝတ္ထုရေးဆရာကို ထောက်ထား၍ ဝတ္ထုရေးဆရာ ဖန်ဆင်းလိုက်သည့် ဝတ္ထုလောကနှင့် ဝတ္ထုဇာတ်ကောင်များကို လုံးလုံးမှားသည်ဟူ၍ မဆိုအပ်။ တကယ်မရှိပဲ စိတ်ကူးထဲ၌သာရှိသည့် အတ္တက် ဝတ္ထုလောကနှင့် ဝတ္ထုဇာတ်ကောင်များကို လုံးလုံးမှန်သည်ဟူ၍လည်း မဆိုအပ်။ ထိုနည်းအတူ ဖန်ဆင်းရှင်(ဗြဟ္မာ)ကို ထောက်ထား၍ လောကကို အမှားလုံးလုံးဟူ၍လည်း မဆိုအပ်။ ဖန်ဆင်းခြင်း(မာယာ)ကို ထောက်ထား၍ လောကကို အမှန်လုံးလုံးဟူ၍လည်း မဆိုအပ်။ ဤသဘောများမှာ လောကအမြင်နှင့် ပတ်သက်၍ အနိဗ္ဗစနိယချာတိဝါဒ၏ အမြင်များဖြစ်ပါသည်။ ရှင်းလင်းချက်များဖြစ်ပါသည်။

ဤသို့လျှင် ဥပနိသျှဒ်ခေတ် ပညာရှင်တို့သည် လောကသိဟူသမျှကို အမှားသိ(အဝိဇ္ဇာ)ဟူ၍ခေါ်ရာ၌ မိမိတို့၏ရှုထောင့်အရ အယူ

ဝါဒကဲ့ (၅)မျိုးကို တင်ပြကြပါသည်။ ထိုသို့တင်ပြရာတွင် တင်ပြပုံ တင်ပြနည်းအရ (၅)မျိုး ကဲ့ပြားစေကာမူ "အဝိဇ္ဇာဟူသည်မှာ ထိုဟာ မဟုတ်ပါပဲလျက် ထိုဟာဟု သိခြင်းမျိုး ဖြစ်ကြောင်း" ကိုမူ အားလုံး တညီတညွတ်တည်း လက်ခံသဘောတူကြပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဥပနိဿဒ်ကျမ်းများတွင် ဒုက္ခ၏ အကြောင်းကို ဖော်ပြရာ၌ တဏှာကိုအလေးထားမဖော်ပြပဲ အဝိဇ္ဇာကိုသာ အလေးထားဖော်ပြကြကြောင်း တွေ့ရပါသည်။ တနည်းအားဖြင့်ဆိုရလျှင် ဥပနိဿဒ်ခေတ်ပညာရှင်တို့သည် ဝိသေသအကြောင်းကို အလေးမထားပဲ သာမညအကြောင်းကို အလေးထားခဲ့ကြပါသည်။ အဝိဇ္ဇာချုပ်ငြိမ်းလျှင် လောကသည် ချုပ်ငြိမ်းပေလိမ့်မည်ဟူသော သဘောကို ဦးစားပေးပြီး ထိုကဲ့သို့ ဖော်ပြကြဟန်ရှိပါသည်။ ခန္ဓာအိမ်ကို တည်ဆောက်ရာ၌ လက်သမား(နိဗ္ဗတ္တကာရက)ကို ပစာန်မပြုပဲ သစ်ဝါး၊အုတ်(ဥပါဒါနကာရက)ကို ပစာနပြုသည့်သဘောမျိုး ဖြစ်ပါသည်။ သို့ရာဘွင် မည်သို့ပင်ဖြစ်စေ ထိုခေတ်၌ အဝိဇ္ဇာကို ဒုက္ခ၏ အနကြောင်းအဖြစ် ရှာဖွေတွေ့ရှိခဲ့သည်မှာ ဘာသာရေးကဏ္ဍ၌ ကြီးမားသည့် ဒေသာင်မြင်မှုတရပ်ပင် ဖြစ်ပါသည်။

ဒုက္ခ၏ ချုပ်ငြိမ်းရာ(ငြဟ္မာ)

ဥပနိဿဒ်ခေတ်တွင် ဒုက္ခ၏ချုပ်ငြိမ်းရာကို ရှာဖွေတွေ့ရှိခဲ့၏။ သူတို့ တွေ့ရှိခဲ့သော ဒုက္ခ၏ချုပ်ငြိမ်းရာကား ငြဟ္မာဖြစ်သည်။ သူတို့တွေ့ရှိခဲ့သော ငြဟ္မာကား ကျန်ုပ်တို့သိသော ငြဟ္မာမျိုးမဟုတ်။ သူတို့တွေ့ရှိခဲ့သော ငြဟ္မာကား ဗြိဟ်-ဓာတ်၊ မန်-ပစ္စည်းဖြင့်ပြီးသည့် "ကြီးမားခြင်း"အနက်ဟော"ငြဟ္မာ"ဖြစ်သည်။ ငြဟ္မာသည် အိုခြင်း၊ နာခြင်း၊ သေခြင်း စသည့် ဒုက္ခညဿုတို့၏ ချုပ်ငြိမ်းရာသဘော ဖြစ်သည်။

သို့ဖြစ်၍ ပြဟ္မဉာဏ်ကိုရသဖြင့် ပြဟ္မဝါကိုသိသူ (ပြဟ္မဝိဒ်) သည်လည်း အိုခြင်း၊ နာခြင်း၊ သေခြင်းစသည့် ဒုက္ခမျိုးစုံတို့မှ လွတ်မြောက်သွားခြင်း ဖြစ်လေသည်။

ဥပနိသျဒ်ပညာရှင်တို့၏ဝါဒအရ ပရမတ္ထတရားသည် တပါးတည်းသာ ရှိသည်။ ယင်းပရမတ္ထဘရားကား ပြဟ္မာဖြစ်သည်။ပြဟ္မာသည် -

(၁) အလုံးစုံကိုသိ၏ (သဗ္ဗည)၊
(၂) အလုံးစုံသောစွမ်းအားရှိ၏ (သဗ္ဗသတ္တိမာ)၊
(၃) နေရာတိုင်းဌိရှိ၏ (သဗ္ဗဗျာပီ)၊
(၄) ကာလတိုင်းဌိရှိ၏(နိစ္စ)၊
(၅) တခုတည်းဖြစ်၏(နိရဝယဝ)။

ဤကား ဥပနိသျဒ်ပညာရှင်တို့ ဖွင့်ဆိုသည့် ပြဟ္မာဖြစ်ပါသည်။

ပြဟ္မာ၏သဘာဝများ

ကွရွဝေဒ၊ ဒသမ မဏ္ဍလ (၁၂၉၊ ၁) ဌ် ပြဟ္မာသည် အရှိတရား (သတ်)ဟူ၍လည်း မဆိုနိုင်။ မရှိတရား (အသတ်) ဟူ၍လည်း မဆိုနိုင်ဟု ဖော်ပြထား၏။ ဤသို့ဖော်ပြခြင်းမှာ လောက ကမ္ဘာ စတင်ဖြစ်ပေါ်လာပုံကို ရည်ညွှန်း၍ ဖော်ပြထားခြင်းဖြစ်ပါသည်။ အမှန်အားဖြင့် ဤလောက ကမ္ဘာသည် တခုသောအချိန်ဌ် စတင်ဖြစ်ပေါ်လာခြင်းဖြစ်လေရာ ယင်းလောက ကမ္ဘာ စတင် မဖြစ်ပေါ်မီကာလဌ် လောက ကမ္ဘာအနေဖြင့် ဘာမျှမရှိသေးပဲ နောက်မှ လောက ကမ္ဘာအနေဖြင့် စတင်ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ သို့ဖြစ်လျှင် မရှိတရားထဲမှ အရှိတရားဖြစ်ပေါ်လာသည်ဟု ဆိုရာ ရောက်ပါသည်။ ထိုသို့ရောက်လျှင် လောက ကမ္ဘာသည် "အမြုံမ၏သား" သဖွယ်သာဖြစ်

ပေလိမ့်မည်။ ယခုမူ ထိုသို့မဟုတ် လောက ကမ္ဘာသည် ကျွန်ုပ်တို့၏ ဣန္ဒြေမျှားဖြင့် ထိတွေ့ခံစားနိုင်သည့် တကယ် အရှိတရားဖြစ်ပါသည်။ ထို့ကြောင့် ဤလောက ကမ္ဘာသည် အရှိတရားထဲမှ ဖြစ်ပေါ်လာသည့် အရှိတရားဟု ဆိုရမလိုဖြစ်ပါသည်။ သို့ဆိုလျှင်လည်း လောက ကမ္ဘာ စတင်ဖြစ်ပေါ်လာခြင်းမရှိတော့ပဲ အစဉ်တစိုက်တည်ရှိနေသည့် သဘောသာ ရှိပေတော့မည်။

ထို့ကြောင့် လောက ကမ္ဘာ စတင်မဖြစ်ပေါ်မီကာလ၌ အရှိတရားဟူ၍လည်းကောင်း၊ မရှိတရားဟူ၍လည်းကောင်း မသတ်မှတ်နိုင်သော အခြေအနေတမျိုးသည် ရှိခဲ့ပါ၏။ ထိုအခြေအနေကို ပြဟ္မာဟူ၍ ခေါ်ကြပါသည်။ ဤနေရာ၌ ပြဟ္မာဆိုသည်မှာ လောကကမ္ဘာ၏ အကြောင်းတရားဖြစ်ပါသည်။ အကြောင်းတရားဟူသည် အကျိုးတရားမဖြစ်ပေါ်သေးမီကာလ၌ အကျိုးတရားအနေဖြင့် ရှိနေပြီးဖြစ်သည်ဟူ၍လည်းကောင်း၊ မရှိသေးဟူ၍လည်းကောင်း မဆိုနိုင်ကြောင်း ထိုခေတ်ပညာရှင်များက ဆိုကြခြင်းဖြစ်ပါသည်။ ရှိ-မရှိ ဟူသည် မှာလည်း အကြောင်း (ပြဟ္မာ) ကို ထောက်လျှင် မရှိဟူ၍ မဆိုထိုက်ကြောင်းနှင့် အကျိုး(လောက) ကို ထောက်လျှင် ရှိသည်ဟူ၍ မဆိုထိုက်ကြောင်း ပရမတ္ထသစ္စာနှင့် သမ္မုတိသစ္စာကို ခွဲ၍ဆိုသော စကားဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုရလျှင် ဤလောကရှိ အရာရာတိုင်း၌ အရှိ (ပြဟ္မာ) သဘောနှင့် မရှိ(မာယာ) သဘောတို့ အမြဲတစေ ဒွန်တဲ့လျက်ရှိကြပြီး အရှိသဘောကို မရှိသဘောက ဖုံးကွယ်လျက် ရှိကြကြောင်း ဖော်ညွှန်းလိုရင်းဖြစ်ပါသည်။

အမြိတံ သတ္တေန ဆန္နံ=အဝိဇ္ဇာ၊ အမြိုက်ဓာတ်ပြဟ္မာ (အရှိဘာဂ) သည်။ သတ္တေန၊ လောကသစ္စာဖြစ်သည့် မာယာ (မရှိတရား) ဖြင့်။ ဆန္နံ၊ ဖုံးကွယ်ခြင်းခံရ၏။

ဤနေရာ၌ ရှိ၊ မရှိသဘောမှာ အကျိုးဖြစ်သည့် လောကကမ္ဘာမှ ရွှမြင့်သုံးသပ်သည့်သဘောဖြစ်ပါသည်။ အကြောင်းဖြစ်သည့် ဗြဟ္မာမှ ရွှမြင့်သုံးသပ်လျှင်မူ ဗြဟ္မာသည် ပရမတ္ထသစ္စာထိုက်သည့် တခုတည်း သောအရှိဘုရားဖြစ်ပါသည်။

သတ် ၉၀ ဣဒံ အဧြ အာသိတ်။

(ဣဒံ သတ် ၉၀၊ ဤ အရှိတရားတခုတည်းသာလျှင်။ အဧြ၊ အစဦး၌။ အာသ်တ်၊ ရှိခဲ့၏)။

(ဆန္ဒော-၆၊၂၊၁)

စိတ်၊ ဉာဏ်၊ ဝိညာဏ်

ဗြဟ္မာသည် အလင်းသဘောရှိ၏။ဗြဟ္မာကို စိတ်ဟူ၍လည်းကောင်း၊ ဉာဏ်ဟူ၍လည်းကောင်း၊ ဝိညာဏ်ဟူ၍လည်းကောင်း ခေါ်၏။ အမှန်အားဖြင့် တကယ်လင်းသည်မှာ ဗြဟ္မာသာဖြစ်၏။ နေ၊ လ၊ နက္ခတ်၊ တာရာတို့မဟုတ်။ နေ၊ လ၊ နက္ခတ်၊ တာရာတို့သည် ဗြဟ္မာထံမှ အလင်းကိုငှားရှ၍ လင်းကြရခြင်းဖြစ်၏။ ကိုယ်ပိုင်အလင်းဖြင့် လင်းကြခြင်းမဟုတ်။ ထိုနည်းအတူပင် တကယ်သိသည်မှာ ဗြဟ္မာသာဖြစ်၏။ ကျွန်ုပ်တို့မဟုတ်၊ ကျွန်ုပ်တို့သည် ဗြဟ္မာထံမှ အသိကို ငှားရှ၍ သိကြရခြင်းဖြစ်၏။ ကိုယ်ပိုင်အသိဖြင့် သိကြခြင်းမဟုတ်။

ဗြဟ္မာနှင့်အတ္တမှာ အတူတူပင်ဖြစ်၏။ ကာလအားဖြင့် ဗြဟ္မာဟူသောဝေါဟာရမှာ ပိုမိုရှေးကျ၍ အတ္တဟူသောဝေါဟာရမှာ ပိုမိုနောက်ကျသည်။ အတွေ့အကြုံသိဖြင့် ဆင်ခြင်စူးစမ်းရာ၌ ဗြဟ္မာ၏သဘောသည် ပိုမိုခက်ခဲ၍ အတ္တ၏သဘောသည် ပိုမိုလွယ်ကူသည်။ ဗြဟ္မာသည် လောကအားလုံးကို ခြုံငုံရည်ညွှန်း၍ အတ္တသည် သူတ္တ-လောကကို ရည်ညွှန်းသည်။ ထို့ကြောင့် အတ္တက ဗြဟ္မာထက်

လူနှင့်ပိုမိုနီးစပ်သဖြင့် အတ္တဟူသော ဝေါဟာရကို နောက်ပိုင်းကာလ၌ ပိုမိုအသုံးပြုလာကြခြင်းဖြစ်ပါသည်။ သို့ဖြင့်၍ ဗြဟ္မာသည် စိတ်၊ ဉာဏ်၊ ဝိညာဏ်ဖြစ်လျှင် အတ္တသည်လည်း စိတ်၊ ဉာဏ်၊ ဝိညာဏ်ပင် ဖြစ်ပါသည်။ ဗြဟ္မာသည် အလင်းဖြစ်လျှင် အတ္တသည်လည်း အလင်းပင် ဖြစ်ပါသည်။ ဗြဟ္မာ သို့မဟုတ် အတ္တသည် အလင်းသဘောဖြစ်ကြောင်းကို ဤသို့ ဖော်ပြကြပါသည်–

ဗြိဟဒ် (၄၊၄၊၆၆) ၌ ဗြဟ္မာကို "အလင်းတို့၏ အလင်း (ဇောတိသံ ဇောတိး)" ဟူ၍ ဖော်ပြထားကြောင်းကိုလည်း တွေ့ရ၏။ ထို့အပြင်–

> နံ တတြ သုယော် ဘာတိ၊ နံ စန္ဒြတာရကံ၊ နေမာ ဝိဒျုတး ဘာန္တိ၊ ကုတော ယမဂ်ိး၊ တမေဝ ဘာန္တံ အနုဘာတိ သဝ်ိ၊ တသျ့ ဘာသာ သဝ်ိ ဣဒံ ဝိဘာတိ။

(တတြ၊ ထိုဗြဟ္မာ၌။ သုယော်၊ နေမင်းသည်။ နံ ဘာတိ၊ မထွန်းလင်း။ စန္ဒြံတာရကံ၊ လနှင့်တာရာအပေါင်းသည်လည်း။ နံ ဘာတိ၊ မထွန်းလင်း။ ဣမာ ဝိဒျုတး၊ ဤလျှပ်စစ် လျှပ်နွယ်တို့သည်။ နံ ဘာန္တိ၊ မထွန်းလင်းကြကုန်။ အယံ အဂ်ိး၊ ဤမီးသည်။ ကုတော ဘာတိ၊ အဘယ်မှာထွန်းလင်းပါအုံနည်း။ ဘာန္တံ၊ ထွန်းလင်းသော်။ တမေဝ၊ ထိုဗြဟ္မာကို သာလျှင်။ သဝ်ိ၊ အလုံးစုံသည်၌။ အနုဘာတိ၊ နောက်ယောင်ခံ၍ထွန်းလင်းရ၏။ တသျ့၊ ထိုဗြဟ္မာ၏။ ဘာသာ၊ အလင်းဖြင့်။ ဣဒံ သဝ်ိ၊ ဤလောကတခုလုံးသည်။ ဝိဘာတိ၊ ထွန်းလင်းရ၏)။

(သတ–၆း၁၄)

ဗြဟ္မာသည် အလင်းတရားဖြစ်၏။ ဗြဟ္မာသည် အသိတရားဖြစ်၏။ ကျွန်ုပ်တို့၏ အတ္တသည် ဗြဟ္မာဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အတ္တမှ အလင်းကိုငှဲ့၍ မြင်ကြ၏။ အသိကိုငှဲ့၍ သိကြ၏။ ထိုအတ္တသည် ကကယ်မှန်ကန်သည့် ပရမတ္ထဆိုစ္စာဖြစ်သည်။ မျက်စိသည် မြင်တတ်၏။ သို့ဖြစ်၍ မြင်စရာအားလုံးကို မြင်၏။ သို့ရာတွင် မျက်စိသည် မိမိကို ပြန်မမြင်။ မိမိမှတပါး အခြားအရာဝတ္ထုများကိုသာ မြင်လေသည်။ ထို့ကြောင့် မြင်တတ်သောသဘောသည် အမြင်ခံရသောသဘော ဖြစ်မလာနိုင်ချေ။ ထိုနည်းအားဘူ အတ္တသည် သိတတ်သောသဘောဖြစ်၍ မိမိမှတပါး အခြားသိစရာများကို သိသည်။ မိမိကိုမူ ပြန်၍မသိနိုင်ချေ။ အဘယ့်ကြောင့်ဆိုသော် သိတတ်သောသဘော သည် အသိခံရသောသဘော ဖြစ်မလာနိုင်သောကြောင့် ဖြစ်သည်။ သို့ရာတွင် ပရမဘ္ဌသစ္စာတရားအနေဖြင့် တကယ်ရှိသည်ကား အတ္တသာ ဖြစ်သည်။ သို့ဖြစ်လျှင် အတ္တသည် တကယ်သစ္စာဆိုက်သည့် အတ္တကို မသိပဲ တကယ်သစ္စာမဆိုက်သည့် အမှားများကိုသာ သိခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုရလျှင် ကျွန်ုပ်တို့သိကြသည်ကား သစ္စာတရားများမဟုတ်၊ အတုအယောင်များ၊ အရိပ်များ၊ အမှားများသာဖြစ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် တကယ်မှန်သည့်တရား၊ တကယ်ရှိသည့် တရားကား တခုသာရှိသည်၊ နှစ်ခုမရှိ။ ယင်းတခုကား အတ္တဖြစ်သည်။ အတ္တမှလွဲလျှင် အခြား မည်သည့်တရားမျှ တကယ်မမှန်၊ တကယ်မရှိ။ သို့ဖြစ်၍ အတ္တသည် မိမိမှတပါး အခြားသိစရာဘာမျှ မရှိတော့ပဲ မိမိချည်းသာ ကျွန်ရစ်လေသောအခါ အခြားဘာကိုမျှ မသိသည့် "အသိတုံး၊ အသိခဲ" အနေဖြင့်သာ ကျန်ရစ်ပါသည်။

ဘဝ

ဘဝဟူသည် ပန်းတိုင်မဟုတ်။ လျှောက်သွားရမည့် လျှောက်လမ်းသာ ဖြစ်၏။ **ပန်း**တိုင်မှာ ဗြဟ္မာ သို့မဟုတ် အတ္တသာ ဖြစ်၏။ ကျန်ုပ်တို့သည် ပန်းတိုင်သို့ရောက်ရန် လျှောက်လမ်းပေါ်၌ မလွဲမသွေ လျှောက်သွားရပေမည်။ လျှောက်လမ်းပေါ်၌ လျှောက်စဉ် ဓမ္မတာ **အား**ဖြင့် မောကြသည်။ ပန်းကြသည်။ ပန်းတိုင်သို့ရောက်မှသာ အမောပြေသည်။ အပန်းပြေသည်။ ထို့ကြောင့် လျှောက်လမ်းနှင့် တူသောဘဝကို ဒုက္ခဟု သတ်မှတ်ပြီး ပန်းတိုင်နှင့်တူသော ဗြဟ္မာကို သုခဟု သတ်မှတ်ခြင်းဖြစ်ပါသည်။

အသနာယာပိပါသေ သောကံ မောဟံ ဇရာံ မုတ္ယုမတျတိ။

(ဗြဟ္မ၊ ဗြဟ္မာသည်။ အသနာယာပိပါသေ၊ ဆာလောင်ခြင်းနှင့် မွတ်သိပ်ခြင်းတို့ကို လည်းကောင်း။ သောကံ၊ သောကကိုလည်းကောင်း။ မောဟံ၊မောဟကိုလည်းကောင်း။ ဇရာံ၊ အိုမင်းရင့်ရော်ခြင်းကိုလည်းကောင်း။ မုတျုံ၊သေခြင်းကိုလည်းကောင်း။ အတျေတိ၊ လွန်မြောက်၏)။

(ဗြိဟဒ် – ၃၊၅၊၁၁)

အရှိ

ဗြဟ္မာသည် "အရှိတရား"ဖြစ်၏။ သို့ဖြစ်၍ ဗြဟ္မာသည် နေရာတိုင်းမှာရှိ၏။ ကာလတိုင်းမှာရှိ၏။ အပြောင်းအလဲမရှိ၊ တသားတည်းဖြစ်၏။ နေရာတိုင်းမှာရှိသည့်အတွက် ဒေသလွန် (ဒေသဝိမုတ္တ) ဟု ခေါ်ရ၏။ ကာလတိုင်းမှာရှိသည့်အတွက် ကာလလွန် (ကာလ-ဝိမုတ္တ)ဟု ခေါ်ရ၏။ အပြောင်းအလဲမရှိပဲ အမြဲတစေ တသား

တည်းဖြစ်သည့်အတွက် ကြောင်းကျိုးဆက်လွှန် (နိမိတ္တဝိမုတ္တ)ဟု ခေါ်ရ၏။ သို့ဖြစ်၍ ပြဟ္မာရှိသည့် အရှိတရားသည် ကျွန်ုပ်တို့သိဘာသည့် အရှိတရားမျိုးမဟုတ်။ ကျွန်ုပ်တို့သိသည့် အရှိတရားကား ဒေသအတွင်း၊ ကာလအဘွင်း၊ ကြောင်းကျိုးဆက်အတွင်း၌သာ ရှိ၏။ ယင်းတို့၏အလွန်၌ မရှိချေ။ သို့ရာတွင် ပြဟ္မာရှိသည့် အရှိတရားကား ယင်းတို့၏အလွန်၌လည်းရှိ၏။ ယင်းတို့၏အတွင်း၌လည်းရှိ၏။ သို့ဖြစ်၍သာ ပြဟ္မာသည် နေရာတိုင်း၌ အမြဲတမ်း တသမတ်တည်း ရှိခြင်းဖြစ်လေသည်။

အသိ

ပြဟ္မာသည် "အသိတရား"ဖြစ်၏။ သို့ဖြစ်၍ ပြဟ္မာသည် အရာရာတိုင်းကို သိ၏။ အမြဲတမ်းသိ၏။ အတိမ်အနက်မရှိ၊ တသားတည်းဖြစ်၏။ အရာရာတိုင်းကို သိသည့်အတွက် သဗ္ဗညု (ဒေသဝိမုတ္တ)ဟု ခေါ်ရ၏။ အမြဲတမ်းသိသည့်အတွက် ဗုဒ္ဓ(ကာလဝိမုတ္တ)ဟု ခေါ်ရ၏။ အတိမ်အနက်မရှိ တသားတည်းဖြစ်သည့်အတွက် အဇ(နိမိတ္တဝိမုတ္တ)ဟု ခေါ်ရ၏။ သို့ဖြစ်၍ ပြဟ္မ သိသည့် အသိတရားသည် ကျွန်ုပ်တို့သိသည့် အသိတရားမျိုးမဟုတ်။ ကျွန်ုပ်တို့သိသည့် အသိတရားကား ဒေသအတွင်း၊ ကာလအတွင်း၊ ကြောင်းကျိုးဆက် အတွင်း၌သာ သိ၏။ ယင်းတို့ကို ကျော်လွှန်၍ မသိ။ ယင်းတို့ကို ကျော်လွှန်၍ မသိခြင်းမှာ သိစရာအာရုံနှင့် သိတတ်သူဟူ၍ အမြဲတမ်း (၂)မျိုး ကွဲပြားပြီး ထို (၂)မျိုးတို့ အချင်းချင်း ဆက်သွယ်မှုမရှိသော "သိခြင်း"သဘောတရား ဖြစ်ပေါ်နိုင်သောကြောင့် ဖြစ်ပါသည်။ ပြဟ္မာသိသည့် အသိတရားကား သိစရာအာရုံနှင့် သိတတ်သူဟူ၍ (၂)မျိုး မကွဲပြားပဲ အသိတုံး၊ အသိခဲအဖြစ် တမျိုးတည်းသာရှိပြီး သိစရာအာရုံတည်းဟူသော ကမ္မသဘောမျိုးလည်းမဟုတ်။ သိတတ်

သူတည်းဟာသော ကတ္တားသဘောမျိုးလည်း မဟုတ်။ တနည်းအားဖြင့် ဆိုရလျှင် ဗြဟ္မာသိဟူသည့် အသိတုံး၊ အသိခဲအနေမှတပါး အခြား ဘာမျှမရှိသည့် တခုတည်းသော အသိတရားသဘောသက်သက်မျှသာ ဖြစ်ပါသည်။ ထို့ကြောင့် ဗြဟ္မာသိသည့် အသိတရားသည် ဒေသ၊ ကာလနှင့် နိမိတ်တို့၏ အလွန်ဌာလည်း သိပါသည်။ ယင်းတို့၏ အတွင်းဌာလည်း သိပါသည်။ သို့ဖြစ်၍သာ ဗြဟ္မာသည် အလုံးစုံကို အမြဲတမ်း တသမတ်တည်း သိခြင်းဖြစ်လေသည်။

အာနန္ဒ (ချမ်းမြေ့ခြင်း)

ဗြဟ္မာသည် "ချမ်းမြေ့ခြင်းဘရား"ဖြစ်၏။ သို့ဖြစ်၍ အရာရာတိုင်းဌာ ချမ်းမြေ့ခြင်းသဘော ရှိလေသည်။ ချမ်းမြေ့ခြင်းသဘောကို နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျခြင်းဌာ အထိုက်အလျောက်တွေ့ရသည်။ နှစ်ခြိုက်စွာ အိပ်မောကျခြင်းကို ချမ်းမြေ့ခြင်းဟူ၍လည်း ခေါ်ကြသည်။ ချမ်းသာခြင်းဟူ၍လည်း ခေါ်ကြသည်။ ငြိမ်းချမ်းခြင်းဟူ၍လည်းခေါ်ကြသည်။ယင်းသို့ ခေါ်ကြခြင်းမှာ လောကသစ္စာအနေဖြင့် ခေါ်ကြခြင်းသာ ဖြစ်ပါသည်။ ပရမတ္ထသစ္စာအနေဖြင့် ခေါ်ကြခြင်း မဟုတ်။ ကျွန်ုပ်တို့သည် နှစ်ခြိုက်စွာအိပ်မောကျသောအခါ သိစရာ အာရုံနှင့် သိတတ်သောသဘောသည့် အချင်းချင်း ပိပြင်စွာ မဆက်သွယ်နိုင်သဖြင့် "သိခြင်း"သဘောတရား မပေါ်လွင်သောကြောင့် ဖြစ်သည်။ တနည်းအားဖြင့်ဆိုရလျှင် သိစရာအာရုံနှင့် သိတတ်သော သဘောတို့သည် (၂)မျိုး မကွဲပြားပဲ တမျိုးတည်းသဖွယ် ဖြစ်နေသောကြောင့် ဖြစ်သည်။ ဤသဘောကို အခြေခံ၍ သိစရာအာရုံနှင့် သိတတ်သူဟူ၍ (၂)မျိုး မကွဲပြားပဲ တမျိုးတည်းစစ်စစ်ဖြစ်သော ဗြဟ္မာကို ချမ်းမြေ့ခြင်း (အာနန္ဒ)ဟူ၍ ခေါ်ကြခြင်း ဖြစ်ပါသည်။ ယင်းသို့ ခေါ်ကြခြင်းမှာ ပရမတ္ထသစ္စာအနေဖြင့် ခေါ်ကြခြင်းဖြစ်

သည်။ လောကသစ္စာအနေဖြင့် ခေါ်ကြခြင်းမဟုတ်။ တနည်းအား ဖြင့် ဗြဟ္မာအဖြစ် ချမ်းမြေ့သည့် ချမ်းမြေ့ခြင်း (အာနန္ဒ) ဆိုသည် မှာ ဖြစ်ပျက်မှုမရှိခြင်းပင် ဖြစ်ပါသည်။ ဖြစ်ပျက်မှုမရှိခြင်းဟူသည် မှာလည်း ကြောင်းကျိုးဆက်သွယ်မှုမှ လွတ်မြောက်ခြင်း သို့မဟုတ် ဆန့်ကျင်ဘက်တို့၏ ပေါင်းဆုံမှုမှ ဆိတ်သုဉ်းခြင်းဖြစ်သည်။ ဗြဟ္မာ အဖြစ် ချမ်းမြေ့သည့် ချမ်းမြေ့ခြင်းသည် ကျွန်ုပ်တို့ချမ်းမြေ့သည့် ချမ်းမြေ့ခြင်းနှင့်မတူပါ။ ဗြဟ္မာအဖြစ်ချမ်းမြေ့သည့် ချမ်းမြေ့ခြင်း သည် "မဖြစ်မှု"ကို ကိုယ်ထည်ပြုပါသည်။ ကျွန်ုပ်တို့ ချမ်းမြေ့သည့် ချမ်းမြေ့ခြင်းသည် "ဖြစ်မှု"ကို ကိုယ်ထည်ပြုပါသည်။ "ဖြစ်မှု"ကို ကိုယ်ထည်ပြုသည့် ချမ်းမြေ့ခြင်းသည် ဒေသ၊ ကာလနှင့် ကြောင်း ကျိုးဆက်အတွင်း၌သာ ချမ်းမြေ့နိုင်ပါသည်။ "မဖြစ်မှု"ကို ကိုယ် ထည်ပြုသည့် ချမ်းမြေ့ခြင်းသည်ကား ယင်းတို့၏ အလွန်၌လည်း ချမ်းမြေ့သည်။ ယင်းတို့၏ အတွင်း၌လည်း ချမ်းမြေ့သည်။ ဤ ဒေသာ "မဖြစ်မှု"ဟူသည် လုံးလုံးမရှိမှု မဟုတ်။ မူလပကတိ သဘောမှ မပြောင်းလဲမှု ဖြစ်သည်။ ထို့ကြောင့် ဗြဟ္မာအဖြစ် ချမ်းမြေ့သည့် ချမ်းမြေ့ခြင်းကို အရာရာတိုင်း အချိန်တိုင်း၌ ရနိုင် ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍သာ ကျွန်ုပ်တို့သည် ဗြဟ္မာထံမှ ချမ်းမြေ့ ခြင်းကို ငှားရမ်း၍ တခါတရံ ချမ်းမြေ့နိုင်ကြခြင်း ဖြစ်ပါသည်။ ကိုယ်ပိုင်မဟုတ်ပဲ အငှားဖြစ်သဖြင့် ထာဝရ ချမ်းမြေ့နိုင်ကြမည်တော့ မဟုတ်ပါခြေ။

အတ္တနှင့်ဇီဝ

အတ္တနှင့်ဗြဟ္မာသည် အတူတူဖြစ်သည်။ ဇီဝနှင့် အတ္တကား မတူ၊ အနည်းငယ်ထူးသည်။ အတ္တသည် မူလခကာင်းကင်ပြင်နှင့်တူသည်ဟု ဆိုလျှင် ဇီဝသည် အိုးထဲက ကောင်းကင်နှင့်တူသည်ဟု ဆိုနိုင်သည်။

သို့ဖြစ်၍ ကောင်းကင်ပြင်အာကာသသည် အဆုံးအစမရှိ၊ အပိုင်းအခြားမရှိ၊ တခုတည်းဖြစ်သော်လည်း အိုးထဲက ကောင်းကင်မှုကား အဆုံးအစရှိသည်။ အပိုင်းအခြားရှိသည်။ အိုးကို ရိုက်ခဲ့လိုက်သော အခါမှသာ အိုးထဲက ကောင်းကင်သည် မူလကောင်းကင်ပြင်နှင့် တခုတည်း တသားတည်း ဖြစ်သွား၏။ သို့ဖြစ်၍ သီးခြားရှိနေသည့် အခိုက်အတန့်ကို ဇီဝဟု ခေါ်၍ သီးခြားမရှိပဲ တခုတည်း ဖြစ်သည့် သဘောကို အတ္တဟု ခေါ်သည်။ ထို့ကြောင့် ဇီဝသည် အခိုက်အတန့်နှင့် အခြေအနေအရ အတ္တနှင့် ခြားနားသော်လည်း အတ္တ၏ အကျိုးတရားမဟုတ်။ အစိတ်အပိုင်းမဟုတ်။ ဇီဝနှင့် အတ္တကား တရားကိုယ်အားဖြင့်အတူတူပင်ဖြစ်၏။တခုတည်းပင်ဖြစ်၏။ ယင်းတခုတည်း သည်သာလျှင် ပရမတ္ထသစ္စာဖြစ်လေသည်။ ပရမတ္ထသစ္စာထိုက်သည့် ဟခုတည်းကို ဘာသာရေးရှုထောင့်မှ ဗြဟ္မာဟူ၍ လည်းကောင်း၊ အတ္တဟူ၍လည်းကောင်း ခေါ်ကြသည်။ ဒဿနရှုထောင့်မှ အရှိတရားဟု ခေါ်ကြသည်။ စိတ္တဗေဒရှုထောင့်မှ စိတ်ဟူ၍လည်းကောင်း၊ ဉာဏ်ဟူ၍လည်းကောင်း၊ ဝိညာဏ်ဟူ၍လည်းကောင်း ခေါ်ကြသည်။ အနုပညာ(ရသာ) ရှုထောင့်မှ ချမ်းမြေ့ခြင်း (အာနန္ဒ)ဟု ခေါ်ကြသည်။

ဗြဟ္မာဖြစ်ကြောင်းနည်းလမ်း

လောကသည် ဒုက္ခဖြစ်သည်ဟူ၍လည်းကောင်း၊ အဝိဇ္ဇာသည် ဒုက္ခ၏အကြောင်းဖြစ်သည်ဟူ၍လည်းကောင်း၊ ဗြဟ္မာသည် ဒုက္ခ၏ချုပ်ငြိမ်းရာဖြစ်သည်ဟူ၍ လည်းကောင်း ဥပနိသျဒ်ခေတ် ပညာရှိတို့သည် သိမြင်ကြပါသည်။ သို့ဖြစ်၍ ဒုက္ခ၏ချုပ်ငြိမ်းရာ ဗြဟ္မာဖြစ်ရေးအတွက် လမ်းစဉ်မျှားကို သတ်မှတ်ခဲ့ကြပါသည်။ ထိုလမ်းစဉ်အတိုင်း လိုက်နာကျင့်သုံးပါက ကျင့်သူကိုယ်တိုင် ဗြဟ္မာဖြစ်ပြီး ဒုက္ခ

အပေါင်းမှ လွတ်မြောက်သည်ဟု ယုံကြည်ကြပါသည်။ ငြဟ္မာဖြစ်အောင် ကျင့်ရာတွင် သတ်မှတ်ထားသည့် စည်းကမ်းများ ရှိပါသည်။ ကျင့်သူသည် ထိုစည်းကမ်းများကို လိုက်နာရပါသည်။

ငြဟ္မာဖြစ်အောင် ကျင့်ရာတွင် ဆရာတပည့် သတ်မှတ်ချက်ရှိသည်။ ဆရာဖြစ်သူက တပည့်တိုင်းကို ငြဟ္မာဖြစ်နည်း သင်မပေးရ။ ငြဟ္မာဖြစ်နည်း သင်ပေးမှုနှင့် ပတ်သက်၍ ဆန္ဒောဂျဉပနိသျဒ်၌ ဤသို့လာရှိသည်ကို တွေ့ရသည်–

ထိုငြဟ္မာဖြစ်နည်းကို ငြဟ္မာက ပဇာပတိအား သင်ပေး၏။ ပဇာပတိက မနုအား သင်ပေး၏။ မနုက သူ၏ အဆက်အနွယ်များအား သင်ပေး၏။ ထိုတွင် ဖခင်က သူ၏အကြီးဆုံးသား ဥဒ္ဒါလက အာရုဏိကို သင်ပေး၏။(၄)

ဖခင်သည် ဤငြဟ္မာဖြစ်နည်းကို မိမိ၏ အကြီးဆုံးသား အားလည်းကောင်း၊ ထိုက်တန်သော အတွင်းနေတပည့် (အန္တေဝါသိက)အားလည်းကောင်းသင်ပေးခွင့်ရှိသည်။(၅)

အခြားသူတဦးတယောက်ကိုမျှ သင်မပေးရ။ အကယ်၍ အခြားတဦးတယောက်က သမုဒ္ဒရာတို့ဖြင့် ဝန်းရံအပ်သော၊ ရတနာတို့ဖြင့် ပြည့်သော ဤပထဝီမြေပြင်ကို နှင်းဆက်မည်ဆိုစေဦး၊ (သင်မပေးရ)။ ဤငြဟ္မာဖြစ်နည်းသည် ထိုကမ္ဘာမြေပြင်ထက် ပို၍ကြီးမြတ်၏။ (၆)

(ဆန္ဒော-၃-၁၁၊ ၄-၆)

သံသရာ၌ ကျင်လည်နေရသူများအတွက် ကိုယ်တိုင် ငြဟ္မာဖြစ်အောင် ကျင့်နိုင်ပုံနှင့်ပတ်သက်၍ ဆန္ဒောဂျဉပနိသျဒ်၌ ဥဒ္ဒါလက-အာရုဏိ-က သား သွေတကေတုအား ညွှန်ကြားသော အောက်ပါ

ဥပမာကို လေ့လာခြင်းဖြင့် ဥပနိသျဒ်ခေတ် ပညာရှိတို့၏ ခံယူချက်ကို နားလည်နိုင်ပေသည်—

ချစ်သား သွေတဇကတု– ယောကျား တယောက်ကို ဂန္ဓာရတိုင်းမှ အဝေးတဖြင့် မျက်စိပိတ်ပြီးခေါ်ခဲ့၍ သူ့ကို လူသူမနီး တောကြီးမျက်မည်းထဲ၌ ပစ်ခဲ့ရာ၏။ မျက်စိပိတ်၍ ခေါ်ဆောင်ခြင်း ခံရသူဖြစ်သဖြင့် ဂန္ဓာရကိုင်းသို့ မပြန်တတ်ပဲ အရှေ့၊ အနောက်၊ တောင်၊ မြောက်သို့သို့ မြည်တမ်းလှည့်လည်ရာ၏။ (၁)

ထိုအခါ တဦးတယောက်က သူ၏မျက်စိ၌ စည်းနှောင်ထားသော အဝတ်ကို ဖယ်ရှားပြီး ဤသို့ပြောရာ၏ "ဂန္ဓာရတိုင်းသည် ဤအရပ်မျက်နှာ၌ရှိ၏။ ဤအရပ်မျက်နှာဘက်သို့သွားခြေ"။ ထိုအခါ မူလက မှက်စိပိတ်ခြင်း ခံရသူသည် ယခု မျက်စိ၌ စည်းနှောင်ထားသောအဝတ် မရှိတော့သည့်အပြင် ဂန္ဓာရတိုင်းရှိရာ အရပ်မျက်နှာကိုပါ သိပြီးဖြစ်သဖြင့် တရွာမှတရွာသို့ မေးမြန်းစုံစမ်းယင်း သွားလေရာ နောက်ဆုံး၌ ဂန္ဓာရတိုင်းသို့ ရောက်ရာ၏။ ချစ်သား သွေတကေတု– ဤဥပမာကဲ့သို့ တိုင်း ဆရာကောင်းရှိသူသည် ဖြဟ္မာမဖြစ်သေး သမျှ ကာလပတ်လုံး သံသရာ၌ လှည့်လည်သွားလာနေရစေကာမူ အဆုံးတနေ့၌ ဖြဟ္မာဖြစ်၍ သံသရာမှ လွတ်မြောက်၏။ (၂)

(ဆန္ဒော-၆-၁၄၊ ၁-၂)

ဥပနိသျဒ်ကျမ်းများအဆိုအရ ဤလောကနှင့်တကွ လောကတွင်းရှိ သက်ရှိသက်မဲ့ အရာဝတ္ထုအားလုံးတို့သည် ဖြဟ္မာသာလျှင်

ဖြစ်၏။ ပြဟ္မာမှတပါး အခြား ဘာမျှမရှိ။ သို့ဆုတ်ငင် ပြဟ္မာကို ပြဟ္မာမှန်း မသိပဲ သူသူ ငါငါ ထိုဟာ ဤဟာအဖြစ်သာ သိကြသည်။ ထိုသို့သိခြင်းသည် အဝိဇ္ဇာပင် ဖြစ်၏။ ပြဟ္မာကို ပြဟ္မာမှန်းသိမှသာ ဝိဇ္ဇာဖြစ်လေသည်။ ပြဟ္မာကို ပြဟ္မာမှန်းသိအောင် အားထုတ်ဆုတ်ငင် စာပေကျမ်းဂန်သိသည် အားကိုးလောက်သော အသိမဟုတ်ပဲ ကိုယ်တိုင်ကိုယ်ကျ တရားအားထုတ်၍ရသော အသိမှသာ အားကိုးလောက်သော အသိဖြစ်ကြောင်းကို သနတ်ကုမာရနှင့် နာရဒတို့၏ အမေးအဖြေဖြင့် ဤကဲ့သို့ သရုပ်ဖော်ခဲ့သည်-

နာရဒ-

-အရှင်သနတ်ကုမာရ-ကျွန်ုပ်သည် ဣရု၊ ယဇု၊ သာမ၊ အထဗ္ဗဝေဒတို့ကို သိပါ၏။ ပဉ္စမဝေဒဖြစ်သည့် ဣတိဟာသ-ပုရာဏ်ကျမ်းကိုလည်း သိပါ၏။ ထို့အပြင် ဝေဒတို့၏ ဝေဒဖြစ်သည့် သဒ္ဒါကျမ်း၊ တမလွန်ဘဝဆိုင်ရာကျမ်း၊ သင်္ချာကျမ်း၊ လက္ခဏာကျမ်း၊ ဗေဒင်ကျမ်း၊ ဘေဂဗေဒကျမ်း၊ တက္ကဗေဒကျမ်း၊ ဒဿနကျမ်း၊ ဘာသာဗေဒကျမ်း၊ ပြဟ္မာဖြစ်အောင် အားထုတ်နည်းကျမ်း (ပြဟ္မဝိဇ္ဇာ)၊ ရူပဗေဒကျမ်း၊ သေနင်္ဂဗျူဟာကျမ်း၊ နက္ခတ္တဗေဒကျမ်း၊ အဆိပ်ဖြေကျမ်း၊ အနုပညာကျမ်းတို့ကိုလည်း သိပါ၏။

-အရှင်သနတ်ကုမာရ- ကျွန်ုပ်သည် စာပေသိသမား (မန္တဇ္ဈဝိဒ်)သာ ဖြစ်ပါ၏။ ပြဟ္မာကိုသိသူ (အာတ္မဝိဒ်) မဖြစ်ခဲ့ပါ။ ပြဟ္မာကိုသိသူသည် သောကကို လွန်မြောက်၏ဟု အရှင်တို့ကဲ့သို့သော ပညာရှိများထံမှ ကြားဖူးပါ၏။

–အရှင်သနတ်ကုမာရ–ကျွန်ုပ်သည် ကျမ်းတတ်အကျော်ပညာမော်ဖြစ်သော်လည်း သောကဖြင့် နှိပ်စက်ခြင်းကို ခံနေရပါ၏။ အရှင်သည် ကျွန်ုပ်အား သောက၏ တဘက်ကမ်းကို ပို့ဆောင်တော်မူပါလော့။

သနတ်ကုမာရ–

–နာရဒ–သင်သိသော အတတ်ပညာ အားလုံးတို့သည် အမည်မျှသာတည်း (နာမမေဝ)။

(ဆန္ဒော–၇-၁၊ ၂-၃)

စာပေသိမှုန်သမျှသည် "အသိ" ဟူ၍ ပြောရရုံမျှသာ ဖြစ်၏။ "အသိ" ဟူသောအမည်ကို ခံယူရရုံမျှသာ ဖြစ်၏။ တကယ် မှုန်ဂုန် သော "အသိကိုယ်ထည်" ဖြစ်မလာနိုင်။ ထို့ကြောင့် မိုးထဲ လေထဲ၌ အကျဉ်းအကျပ် ကြုံသောအခါ "အမည်ခံအသိ"သည် အားကိုး လောက်သော အသိမဟုတ်ဘဲပဲ သောကတို့၏ လွှမ်းမိုးနှိပ်စက်ခြင်းကို ခေါင်းငုံ၍ ခံယူရ၏။ သို့ဖြစ်၍ အခါခပ်သိမ်း အားကိုးလောက်သော သောကပရိဒေဝတို့ကဲ့ လွန်မြောက်နိုင်သော အာဒစ်၊ အသိမှုန်ဖြစ်သည့် "အသိကိုယ်ထည်" ကို စာပေကျမ်းဂန် သင်ကြားတတ်ခြင်းကျွမ်းကျင်ခြင်းဖြင့် မရနိုင်ပဲ တရားအား ထုတ်ခြင်းဖြင့် သာ ရနိုင်ကြောင်း ဥပနိသျဒ်ပညာရှိများက သွန်သင်ကြခြင်း ဖြစ်ပါသည်။

ဥပနိသျဒ် ကျမ်းများ၏ အလိုအရ အမည်ခံသိ သို့မဟုတ် စာပေသိကို ဘေဒဉာဏ်ဟု သတ်မှတ်ပြီး အထည်ကိုယ်သိ သို့မဟုတ် တရားအားထုတ်သိကို အဘေဒဉာဏ်ဟု သတ်မှတ်ပါသည်။ ဘေဒဉာဏ်ဆိုသည်မှာ သိသူနှင့် သိစရာဘုံတို့ကို တမျိုးကသည်း ဖြင့်မသွား စေနိုင်ပဲ နှစ်မျိုးကွဲပြားနေစေသည့် အပိဉာဏ်ဖြစ်ပါသည်။ ဥပမာ–

ပန်းကိုသိသောအခါ သိသူက ပန်းဖြစ်မသွားပဲ သိသူက သတ်သတ် ပန်းက သတ်သတ် နှစ်ကျိုးကွဲပြားနေသည့်သဘော ဖြစ်ပါသည်။ ထို့ကြောင့် ပန်းကိုသိသော်လည်း လှပခြင်း၊ မွှေးကြိုင်ခြင်း စသည့် ပန်း၏ စွမ်းအင်သတ္တိများကို သိသူက မရရှိနိုင်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဤအသိမျိုးကို အမည်ခံသိ သို့မဟုတ် စာပေသိဟု ဥပနိသျှဒ် ကျမ်းများ၌ ဆိုခြင်းဖြစ်ပါသည်။ ဤအမည်ခံသိဖြင့် ကျွန်ုပ်တို့သည် ခန္ဓိတရားကို သိကြရာတွင် ခန္ဓိတရားနှင့် ကျွန်ုပ်တို့ တသားတည်း ဖြစ်မသွားပဲ နှစ်မျိုးကွဲပြားနေသည့်အတွက် ထိုအကွဲကြားမှ ဒေါသ-ကဝင်ရောက်ပြီး နှိပ်စက်နိုင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် သိသူနှင့် သိဖရာဝတ္ထုတို့ကို တသားတည်း ဖြစ်မသွားစေနိုင်ပဲ နှစ်မျိုးကွဲပြားနေစေသည့် အသိဉာဏ်ကို ဘေဒဉာဏ် (ကွဲပြားသိ)ဟု ခေါ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဘေဒဉာဏ်ကို ကိုယ်တိုင် ဖြစ်မသွားခြင်းဖြင့် သိခြင်းဟု အဓိပ္ပာယ်ဖွင့်နိုင်ပါသည်။ ယင်းဘေဒဉာဏ်သည် စာပေကျမ်းဂန်၏ နယ်နိမိတ်အတွင်း၌ ရှိပါသည်။

အဘေဒဉာဏ် ဆိုသည်မှာ သိသူနှင့် သိစဖာဝတ္ထုတို့ နှစ်မျိုးမကွဲပြားစေပဲ တသားတည်းဖြစ်သွားစေနိုင်သည့် အသိဉာဏ်ဖြစ်ပါသည်။ ဥပမာ - ဤအသိဉာဏ်မျိုးဖြင့် ပန်းကိုသိသောအခါ သိသူကိုယ်တိုင်က ပန်းသဘောဖြစ်သွားပြီး ပန်းလိုလှ၍ ပန်းလိုမွှေးရသည်။ ပန်း၏ စွမ်းအင်သတ္တိများကို ပိုင်ဆိုင်ရရှိသည်။ သိသူနှင့် သိစဖာအဖာဝတ္ထု အကြား အကွဲအပြားမရှိ တသားတည်း ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဤအသိမျိုးဖြင့် ခန္ဓိတရားကို သိကြပါက ကျွန်ုပ်တို့နှင့် ခန္ဓိတရား နှစ်မျိုးမပြားပဲ ကျွန်ုပ်တို့သည်ပင် ခန္ဓိတရား၊ ခန္ဓိတရားသည်ပင် ကျွန်ုပ်တို့ ဖြစ်လာ၍ ဒေါသဝင်စဖာ အကြားအလပ် မရှိနိုင်တော့ချေ။ ထိုအခါ ကျွန်ုပ်တို့သည် ဒေါသကို ဒေါသိုင်သူ ဖြစ်လာ

ပေလိမ့်မည်။ထို့ကြောင့် အဘေဒဉာဏ်ကို ကိုယ်တိုင်ဖြစ်သွားခြင်းဖြင့် သိခြင်းဟု အဓိပ္ပာယ် မော်နှိုင်ပါသည်။

သို့ရာတွင် ဤ အဘေဒဉာဏ်ကို ရနိုင်ရန် အားကောင်းသော သမာဓိကို လိုအပ်သည်။ အာရုံနှင့် အာရမ္မဏိကကို တသားတည်း ဖြစ်သွားစေရေးအတွက် ကေဂ္ဂတာကို လိုအပ်သည်။ ဆမာဓိ သို့မဟုတ် ကေဂ္ဂတာ၏ အကျိုးအညီဖြင့် အဘေဒဉာဏ်သည် သိစရာအာရုံနှင့် သိစိတ်ဘို့ကို အကွဲအပြားမရှိ တသားတည်း ပြုစုမ်းနိုင်လေသည်။ တနေရာတည်း၌ တမျိုးတည်းအဖြစ် ထားစုမ်းနိုင်လေသည်။ ဥပနိသျှဒ် ကျမ်းများ၏ အလိုအရ ဤလောကတွင် ဗြဟ္မာမှတပါး အခြား ဘာမျှမရှိ။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အစုဝတ္ထု ဟူသမျှသည် ဗြဟ္မာ၏ အရိပ်မျှသာ ဖြစ်ကြ၏။ အရိပ်ကိုဖယ်လိုက်လျှင် ဗြဟ္မာကို တွေ့ရမည် ဖြစ်၏။ သို့ဖြစ်၍ မူလနဂိုကဘည်းက တမျိုးတည်းရှိနေပြီးသားကို ယခု တခြိုးတည်းဖြစ်အောင် ပြန် ပုပ်ခြင်းမှာ လုပ်၍ရနိုင်သည့်သဘော အရ လုပ်ဆောင်ခြင်းပင် ဖြစ်သည်။

အမှန်အားဖြင့် အဘေဒဉာဏ်သည် စာပေကျမ်းဂန်၏ နယ်နိမိတ် အလွန်၌ ရှိ၏။ ထို့ကြောင့် စာပေကျမ်းဂန်၏ နယ်နိမိတ်ကို ဖြတ်သန်း၍ တနားအားထုတ်မှုနယ်နိမိတ်အတွင်း၌သာ အဘေဒဉာဏ်ကို ဖွဲ့ရှာရမည်ဟု ဥပနိသျှဒ်ကျမ်းများက ဆိုကြပါသည်။ ထိုသို့ရှာဖွေသည့်အခါလျှက် အဘေဒဉာဏ်ကို ရသောအခါ ဘေဒဉာဏ်ကဲ့သို့ ဘာဘာ ညာညာ အချိုးအမည်ခွဲခြားရှိ သင်ခြင်းမျိုး မရှိပေ။ ခွဲခြေ။ ဘာဘာ ညာညာ ခွဲခြားစရာလည်း မရှိ၊ အားလုံး ဗြဟ္မာမျှသာ ဖြစ်လေသည်။ သိစရာကလည်း ဗြဟ္မာ၊ သိသူကလည်း ဗြဟ္မာ၊ တနည်းအားဖြင့်ဆိုရလျှင် မျက်စိသည် မိမိမျက်စိမှတပါး ဒေါ့ခြုံး မြင်စရာ ဘာမျှ မရှိတော့သည့် အခြေအနေ၌ မြင်တတ်သည့်

မျက်စိဖြစ်နေခြင်းမျိုးသာ ဖြစ်ပါသည်။ သဒ္ဒါကျမ်းဝေါဟာရဖြင့် ပြောရလျှင် ကတ္တားသည် ကတ္တားသာ ဖြစ်နိုင်ပြီး ကမ္မ မဖြစ်နိုင်သဖြင့် မျက်စိသည် မိမိကိုယ်ကို ပြန်၍ မမြင်နိုင်ခြင်း ဖြစ်ပါသည်။ ပြန်၍ မမြင်နိုင်သဖြင့်သာ မျက်စိသည် မိမိ၏မြင်တတ်သောသဘောမှ လွဲ၍ အခြား အခြေအနေများကို ပြောနိုင်စွမ်းမရှိခြင်းဖြစ်ပါသည်။ အခြားအခြေအနေများကို ပြောနိုင်စွမ်းမရှိသော်လည်း မျက်စိ၏ မြင်တတ်သောသဘော အထင်အရှားရှိကြောင်းကိုကား အတွေ့အကြုံအရ မျက်စိကိုယ်တိုင်က ပြောနိုင်ပါသည်။ ဤသို့သောသဘောမျိုးကို သက္ကဋဝေါဟာရဖြင့် "သာဓျာတ်ကာရ" (မျက်မှောက်ပြုသိ)ဟု ခေါ်ပါသည်။

လမ်းစဉ်(၃)မျိုး

ဗြဟ္မဝါဖြစ်နည်းနှင့် ပတ်သက်၍ လမ်းစဉ်(၃)မျိုးကို ဥပနိသဒ်ကျမ်းများ၌ ဖော်ပြကြပါသည်။ ထိုလမ်းစဉ်(၃)မျိုးတို့မှာ-

(၁) ကမ္မယောဂ၊
(၂) ဘတ္တိယောဂ၊
(၃) ဉာဏယောဂ-

တို့ဖြစ်ကြပါသည်။

(၁) ကမ္မယောဂ

ကမ္မယောဂသည် အဓိကအားဖြင့် ဝေဒနှင့် ပြာဟ္မဏကျမ်းတို့၌ ဦးစားပေးထားသော လမ်းစဉ်ဖြစ်ပါသည်။ ထိုလမ်းစဉ်၏ အဓိက ရည်ရွယ်ချက်မှာ ယင်၏လျှို့ဝှက်ချက်ကို ဖော်ထုတ်ကာ နတ်များအား ပူဇော်ခြင်းဖြင့် လိုအပ်သော အကျိုးတရားကို ရရှိအောင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ဝေဒခေတ်တွင် ယင်ပူဇော်မှုကို လူတိုင်းလိုလို

လုံ်နိုင်အောင် ရိုးရိုးစင်းစင်း စီမံခဲ့သော်လည်း ဗြာဟ္မဏခေတ်တွင် ကား ဘုရင်များ၊ သင်္ဃးသူကြွယ်များနှင့် လူကုံထံမျှသာ ယင်ပူဇော်မှုကို ဆောင်ရွက်နိုင်အောင် ခမ်းကြီးနားကြီး စီမံခဲ့ကြကြောင်း တွေ့ရပါသည်။ ထိုသဘောကို မကျေနပ်သဖြင့် အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ်တွင် ယင်၏လျှို့ဝှက်ချက်ကိုအလေးမထားပဲ လောကီ လျှို့ဝှက်ချက်ကို အဓိကထားပြီး ယင်ပူဇော်မှုကို မှုးမှိန်အောင် ပြုလုပ်ကာ တနားကျင့်ကြံမှုကို အစားထိုးခဲ့ကြပါသည်။ ထို့ကြောင့် ဒေဒခေတ်နှင့် ဗြာဟ္မဏခေတ်ကို ကမ္မယောဂခေတ်ဟု သတ်မှတ်ပြီး အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ်ကို ဉာဏယောဂခေတ်ဟု သတ်မှတ်ခဲ့ကြပါသည်။

ဥပနိသျှဒ်ခေတ်တွင် ကမ္မယောဂကို ဦးစားပေး အလေးမထား သော်လည်း ခေတ်နှင့်လျော်ညီအောင် ကမ္မယောဂ၏အနက်အဓိပ္ပါယ်ကို ပြုပြင်ပြောင်းလဲ၍ ဆောင်ရွက်ခဲ့ကြပါသည်။ ဒေဒခေတ်နှင့် ဗြာဟ္မဏခေတ်တွင် ကမ္မယောဂ၏ အနက်အဓိပ္ပါယ်မှာ လိုအပ်သော အကျိုးအာနိသင်ကို ရရှိနိုင်စေရန် ယင်၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်ကာ နတ်များအား ပူဇော်ပသခြင်းဖြစ်၍ ဥပနိသျှဒ်ခေတ်တွင်မူ လောက၏ လျှို့ဝှက်ချက်ဖြစ်သည့် ဗြဟ္မာ သို့မဟုတ် အတ္တဉာဏ်ရရှိရေး အဘက် အဆောက်အကူပြုစေရန် ယင်ပူဇော်ခြင်း ဖြစ်လာပါသည်။ ဒေဒခေတ်နှင့် ဗြာဟ္မဏခေတ်တွင် အလိုဆန္ဒကို ရွှေတန်းတင်၍ ယင်ပူဇော်ကြသော်လည်း ဥပနိသျှဒ်ခေတ်တွင် အလိုဆန္ဒကို နောက်တန်းသို့ ပို့၍ ယင်ပူဇော်ကြပါသည်။ ဖြစ်နိုင်လျှင် အကျိုးတရားကို လုံးဝ မတွယ်တာ မမျှော်ကိုးဘဲ တာဝန်တရပ်အနေဖြင့် ယင်ပူဇော်ရန် သွန်သင်ခဲ့ကြပါသည်။ ဤသဘောကို "နိကာမကမ္မ" (မျှော်ကိုးချက်မပါသည့် ဆောင်ရွက်မှု)ဟု ခေါ်ပါသည်။

ကမ္မယောဂတွင် ကမ္မ၏အဓိပ္ပါယ်မှာ ဓမ္မနှင့် အဓမ္မ ဖြစ်ပါသည်။ ထိုစဉ်က ကုသိုလ်နှင့် အကုသိုလ်-ဟူသော အသုံးအနှုန်း ရှိသေးပဲ ဓမ္မနှင့် အဓမ္မဟူသော အသုံးအနှုန်းသာရှိပါသည်။ မွေမှာ ဆောင်ရမည့် တရားဖြစ်၍ အဓမ္မမှာ ရှောင်ရမည့်တရား ဖြစ်ပါသည်။ ဓမ္မကို ဆောင်ထူတွင် ဆောင်သူ၏ နှလုံးသွင်းကိုလွှဲ၍ သံသရာချမ်းသာနှင့် မောက္ခချမ်းသာ (၂) မျိုးကို ရနိုင်ကြောင်း ဥပနိသျှဒ်ခေတ် ပညာရှိများက လက်ခံပါသည်။

ဖြေးစ ပြေးစ မနုံ့ တေး၊
တော် သမ္မရိတ္ဘ ဝိဝိနက္ကို ဓိရုး၊
ဖြေယော ဟိ ဓိရောဘိပြေယသော ဝဏ္ဏီတော၊
ပြေယော မန္ဒော ယောဂက္ခေမာဒ် ဝဏ္ဏီတေ။

(ဖြေးစ၊ မြတ်သော မောက္ခသုခသည်လည်းကောင်း။ ပြေးစ၊ ချစ်နှစ်သက်အပ်သော သံသရာသုခသည်လည်းကောင်း။ မနုံ့၊ လူထံသို့။ တေး၊ ရောက်၏။ ဓိရုး၊ ပညာရှိသည်။ တော်၊ ထိုသုခနှစ်မျိုးကို။ သမ္မရိတ္ဘ၊ ကောင်းစွာစူးစမ်းဆင်ခြင်၍။ ဝိဝိနက္ကို၊ ခွဲခြား၏။ ဟိ၊အမှန်အားဖြင့်။ ဓိရော၊ပညာရှိသည်။အဘိပြေယသော၊ ချစ်နှစ်သက်အပ်သော သံသရာသုခထက်။ ဖြေယော၊ မြတ်သော မောက္ခသုခကို။ ဝဏ္ဏီတေ၊ ရွေးချယ်၏။ မန္ဒော၊ လူညံ့သည်။ယောဂက္ခေမာဒ်၊ မြတ်သော မောက္ခ သုခထက်။ ပြေယော၊ ချစ်နှစ်သက်အပ်သော သံသရာသုခကို။ ဝဏ္ဏီတေ၊ ရွေးချယ်၏ ။

(ကဋ္ဌ—၁၂၂၂)

ကမ္မယောဂနည်းအရ ဓမ္မကို ကျင့်ကြံ အားထုတ်ရာတွင် ယင်ပူဇော်ခြင်းနှင့် တာဝန်ဝတ္တရားများ ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ယင်ပူဇော်ခြင်းနှင့် တာဝန်ဝတ္တရားများ ဆောင်ရွက်ခြင်းကို "ကမ္မ" ဟု ခေါ်ပါသည်။ ကမ္မယောဂခေါ် ကမ္မလမ်းစဉ်ဖြင့် ယင်ပူဇော်မှုကို ပြုသည်ဖြစ်စေ၊ သတ်မှတ်ထားသည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်သည်ဖြစ်စေ နောင် ရရှိမည့် အကျိုးတရားများအပေါ် တွယ်တာ ကပ်ငြိုခြင်း မရှိပဲ ပြဟ္မာဖြစ်ရေးအတွက် သက်သက်ရည်စူး၍ ဆောင်ရွက်လျှင် မောက္ခသုခကို ရရှိနိုင်ပါသည်။ အကယ်၍ နောင် ရရှိမည့် အကျိုးတရားများအပေါ် တွယ်တာကပ်ငြိပြီး ဆောင်ရွက်လျှင် သံသရာသုခကို ရရှိနိုင်ပါသည်။ ဤသည်မှာ ဥပနိသျဒ်ဧတေ် ပညာရှိတို့၏ သွန်သင်ချက်ဖြစ်ပါသည်။

စာရိတ္တရွေထောင့်မှကြည့်လျှင် ဥပနိသျဒ်ခေတ် ပညာရှိတို့၏ သွန်သင်ချက်သည် များစွာပင် မြင့်မားကြောင်း တွေ့ရပါသည်။ လူမှန်လျှင် လူ့တာဝန်ကို မလွဲမသွေဆောင်ရွက်ရမည် ဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တာဝန်ဝတ္တရား၏ အကြီးအသေးထက် ဆောင်ရွက်သူ၏ နှလုံးသွင်း ခံယူချက်ကို ပိုမိုး၍ အလေးထားကြောင်း တွေ့ရပါသည်။ မည်မျှလောက်ကြီးမားသော တာဝန်ဝတ္တရားများကို ဆောင်ရွက်နေသူပင်ဖြစ်စေ မိမိအတွက်ဦးတည်ချက် (အတ္တသင်္ဂဟ) ဖြင့်သာ ဆောင်ရွက်ခြင်းမျိုးဖြစ်ပါက ထိုလူကို လူညံ့ (မန္ဒ)ဟု သတ်မှတ်ပြီး မည်မျှလောက်သေးငယ်သော တာဝန်ဝတ္တရားများကို ဆောင်ရွက်နေသူပင်ဖြစ်စေ လောကအတွက်ဦးတည်ချက် (လောကသင်္ဂဟ) ဖြင့် ဆောင်ရွက်ခြင်းမျိုးဖြစ်ပါက ထိုလူကို လူကောင်း (ဒေ့ရ)ဟုသတ်မှတ်ပါသည်။ တနည်းအားဖြင့်ဆိုရလျှင် လူညံ့ လူကောင်းသတ်မှတ်မှုနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်ရသည့် လုပ်ငန်းကြီးမှု၊သေးမှုကို

အဓိ ဂမထားပဲ နှလုံးသွင်းခံယူချက်ကိုသာ အဓိကထားကြောင်း တွေ့ရပါသည်။

ထို့အပြင် "အရာရာကို စွန့်လွှတ်ထားသည်" ဟူသော သူတော်ကောင်းခံယူချက်မျိုးဖြင့် မိမိအပေါ် ကျရောက်သည့် တာဝန်ကို မဆောင်ရွက်လျှင် ထိုသူတော်ကောင်းကို မှန်ကန် မြင့်မြတ်သည့် သူတော်ကောင်းဟု သတ်မှတ်ခြင်းမျိုး ဥပနိသျှဒ်ကျမ်းမှုးဌ် မတွေ့ရပေ။ ဥပနိသျှဒ်ကျမ်းများ၏အလိုအရ မည်သူမဆို အလုပ်ကိုမစွန့်ရ။ ရရှိမည့် အကျိုးတရားပေါ်၌ မျှော်ကိုးခြင်းကိုသာ စွန့်ရမည်။ မိမိတို့၏တာဝန်အရ မိမိတို့၏အလုပ်ကို လုပ်ရမည်။အမျှားဆုံးလုပ်ရမည်။ သို့ရာတွင် ထိုအလုပ်မှ ရရှိမည့်အကျိုးတရားများအပေါ် ငြိကပ်တွယ်တာမှုအနည်းဆုံး ရှိရမည်။ ထိုသို့ လုပ်ရာတွင် မိမိအပေါ် တာဝန်ကျရောက်သည့် မိမိအလုပ်သည် မည်မျှပင် သိမ်ဖျင်းစေကာမူ ဂုဏ်သရေရှိသော အခြားအလုပ်ထက် ပို၍ မြင့်မြတ်သည်။

သေယျော သဓမ္မော ဝိဂုဏော ပရဓမ္မော သွနုဋ္ဌိတော။

(သဓမ္မော၊ မိမိအလုပ်သည်။ ဝိဂုဏော၊ ဂုဏ်သိန်းကင်းဖေါကာမူ။ သွနုဋ္ဌိတာ၊ ကောင်းစွာ ဆောင်ရွက်ထိုက်သဖြင့် ဂုဏ်ရှိသော။ ပရဓမ္မော၊ သူတပါးအလုပ်ထက်။ သေယျော၊ မြတ်၏)။

(ဂီတာ-၁၈၊၄၇)

ယဉ်ကျေးမှု အရာ၌လည်း ထိုနည်းတူပင် ဖြစ်ကြောင်း ဆိုကြပါသည်။ ဥပနိသျှဒ်ကျမ်းများ၏ သွန်သင်ချက်အရ မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို အခြားသူများ၏ ယဉ်ကျေးမှုထက် တန်ဖိုးထား၍ စောင့်ရှောက်ထိန်းသိမ်းရန် တာဝန်ရှိပါသည်။ မိမိတို့၏ ရိုးရာယဉ်ကျေးမှု

သည်လည်း "သဓမ္မ" ခေါ် မိမိတို့၏တရားပင်ဖြစ်ပါသည်။ လူမျိုးနွယ်တစုအတွက် ဖြစ်စေ၊ မျိုးနွယ်တစုထဲမှ လူတဦးအတွက် ဖြစ်စေ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ထားသည့် သတ်မှတ်ချက် မှန်သမျှသည် "သဓမ္မ" မည်ပါသည်။

(၂) ဘတ္တိယောဂ

ဘတ္တိသဒ္ဒါသည် ဘင်္-ခာတ်၊ တိ-ပစ္စည်းဖြင့်ပြီးသော ပုဒ်ဖြစ်သည်။ ဘင်္-ခာတ်၏ မူရင်းအနက်မှာ ခွဲဝေခြင်းဖြစ်သည်။ ဆင့်ပွားအနက်မှာ ဆည်းကပ်ခြင်းဖြစ်သည်။ ခွဲဝေခြင်းဆိုသည်မှာ အာရုံပြုအပ်သော အရာဝတ္ထု သို့မဟုတ် ပုဂ္ဂိုလ်၏ အနှစ်သာရကို အာရုံပြုသူက ခွဲဝေယူခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုရလျှင် အာရုံပြုသူသည် အာရုံပြုအပ်သော အရာဝတ္ထု သို့မဟုတ် ပုဂ္ဂိုလ်၏ အင်္ဂါဒေစိတ်အပိုင်း ဖြစ်လာခြင်းဖြစ်သည်။ ယင်းသဘောကိုပင် ဆည်းကပ်ခြင်းဟုဆိုပါသည်။ ဘဘ္တိယောဂနည်းတွင် ယုံကြည်လေးမြတ်မှု သဒ္ဓါတရားသည် အဓိကဖြစ်ပါသည်။ ကြည်ညိုခြင်း၊ မြတ်နိုးခြင်းဟု မြန်မာဘာသာဖြင့် ဆိုနိုင်ဖွယ်ရှိပါသည်။ အမှန်အားဖြင့် ဘာသာရေးဌာန ဖြစ်စေ၊ လူမှုရေးဌာန ဖြစ်စေ၊ နိုင်ငံရေးဌာန ဖြစ်စေ ယုံကြည်မှု၊ လေးစားမှု၊ မြတ်နိုးမှုတို့သည် မရှိမဖြစ်သော အင်္ဂါရုပ်များ ဖြစ်ကြပါသည်။

လက်တွေ့ အမြင်အရ လုပ်ငန်းတိုင်းဌာန ဘတ္တိသဘောသည် မလွဲမသွေပါရသည်ချည်း ဖြစ်သော်လည်း ပဓာနလမ်းစဉ်တရပ်အနေဖြင့်မူ ဘတ္တိယောဂကို ဝေဒခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့တွင် ထင်ထင်ရှားရှား ဖော်ပြထားခြင်းမရှိပေ။ သို့ဖြစ်၍ ဘတ္တိယောဂကို အာရယန်တို့အိန္ဒိယသို့ မဝင်ရောက်မီကတည်းကပင် ကျင့်ကြပါသည်။ သို့ရာတွင် ဝေဒခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့၌ အပဓာနလမ်းစဉ် တရပ်အဖြစ်

လိုက်နာကျင့်သုံး၍ မဟာဘာရတခေတ် ရောက်ခါမှ ပဓာနလမ်းစဉ် အဖြစ် ထင်ထင် ရှားရှား လိုက်နာ ကျင့်သုံးကြသည်ဟု ပညာရှင် များကဆိုကြပါသည်။

ဒဿနသဘောတရားများ မြင့်မားလာသည်နှင့်အမျှ ခေတ်စနစ် နှင့် မကိုက်ညီ သည့် ယုံကြည်ကိုးကွယ်မှုများ၊ အစဉ်အလာများ၊ တွေး ခေါ်မြော်မြင်မှုများကို ခေတ်စနစ်နှင့်ဲ့ ကိုက်ညီအောင် ပုံဖော်ကြပါ သည်။ ဤသည်မှာ ဓမ္မတာဖြစ်စဉ်ပင် ဖြစ်ပါသည်။ ဤဓမ္မတာဖြစ်စဉ် အရ ဘတ္တာယောဂလမ်းစဉ် ပေါ်ပေါက်လာခြင်း ဖြစ်သည်ဟု ဆိုကြ ပါသည်။ သက်သေသာဓကအဖြစ်လည်း ထုတ်ပြကြပါသည်။ ထိုခေတ် လူတို့သည် ကမ္ဘာလောက၏ စစ်မှန်သည့် အနှစ်သာရကို ရှာကြ ပါသည်။ ထာဝစဉ် ပြုပြင်ပြောင်းလဲနေသည့် အသွင်သဏ္ဌာန်များ၏ နောက်ကွယ်၌ ထာဝစဉ်မပြုပြင် မပြောင်းလဲပဲ အမြဲ ရှိသည့် မှန်ကန် နေသည့် အနှစ်သာရသည် ရှိရမည်ဟု သူတို့ယုံကြည်ကြပါသည်။ ထို ယုံကြည်ချက်အရ အနှစ်သာရကို ရှာသောအခါ သူဘုံဇွတ်ပါသည်။ သူတို့တွေ့သော အနှစ်သာရကို ပဘဖဒိုးဆုံး "ဥဒ္ဓိထ" ဟုခေါ်ပါသည်။ ဥဒ္ဓိထဆိုသည်မှာ "ဥ" အက္ခရာ ဖြစ်ပါသည်။ "ဥ" အက္ခရာသည် အမြဲ ဘစေ ပြောင်းလဲနေသည့် ကမ္ဘာလောကတည်းဟူသော အသွင် သဏ္ဌာန်၏ နောက်ကွယ်၌ မည်သည့်အခါမှ မပြောင်းလဲပဲ အမြဲတည် ရှိသည့် အနှစ်သာရ ဖြစ်ပါသည်။ ထို့နောက် ယင်းအနှစ်သာရကို အာပေါ်၊ ဝါယု၊ ပါဏ နှင့် အသတ် (ထင်ရှားမရှိ)ဟူ၍ အဆင့်ဆင့် ပြောင်းလဲကာ ပုံဖော်ကြပါသည်။

ထိုမှတဖန် ပဇာပတိ၊ ထိုဒနောက် ဗြဟ္မာတို့သည် ကမ္ဘာလောက၏ အနှစ်သာရ ဖြစ်လာပါသည်။ ဗြဟ္မာ၏အနက်သည် အစပထမ၌ မန္တန်

ဖြစ်ပါသည်။ ထို့နောက် ဝေဒ (၄) ပုံ ဖြစ်လာပါသည်။ ထို့နောက် ဗြာဟ္မဏကျမ်းဂန်များ ဖြစ်လာပါသည်။ ထို့နောက် ဒဿနိကျမ်းဂန်များ ဖြစ်လာပါသည်။ ဤအဆင့်အထိ လောက၏ အနှစ်သာရကို ဗဟိဒ္ဓဋ္ဌသာ ထားကြပါသည်။ နောက်ပိုင်း ဥပနိသျှဒ်ခေတ်ရောက်သောအခါမှသာ လောက၏ အနှစ်သာရကို ဗဟိဒ္ဓမှအတွင်းသို့ ရွှေ့ပြောင်းပြီး အာတ္မာဒ ဖြစ် သတ်မှတ်ခြင်း ဖြစ်ပါသည်။ ဒဿနိကျမ်းဂန်တရားသည် အနှစ်သာရအနေဖြင့် မပြောင်းလဲသော်လည်း အသွင်သဏ္ဌာန်အနေဖြင့်မူ ကာလနှင့်ဒေသကိုလိုက်၍ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေးစသော ရှုထောင့်အထွေထွေမှ အသွင်သဏ္ဌာန် အမျိုးမျိုးကို အဝတ်အထည် လဲလှယ်ဝတ်ဆင်သကဲ့သို့ ပြောင်းလဲ၍ ဆောင်ယူဝတ်ပါသည်။ ဤသဘောကို သာဓကပြု၍ ဘတ္တိယောဂလမ်းစဉ်ကို နောက်ပိုင်း၌ သဘာ ဖြစ်ဧဉ်မှ ဘာသာရေး ကျင့်စဉ်အဖြစ်သို့ ပြောင်းလဲ၍ သတ်မှတ်ခြင်းဖြစ်ပါသည်။

ဥပါသနာ (ဆည်းကပ်ခြင်း)

ဥပါသနာသည် ဥပဓ္ဓေးရှိသော အာသ်ဓာတ်၊ ယု-ပစ္စည်းဖြင့် ပြီးသောပုဒ် ဖြစ်သည်။ မုခ္ဖအနက်အားဖြင့် အနီး၌ထိုင်ခြင်းဖြစ်၍ ဆင့်ပွားအနက်အားဖြင့် လက်တွေ့လိုက်နာဆောင်ရွက်ခြင်းဖြစ်သည်။ ဗြဟ္မဖြစ်ချန် ကမ္မယောဂနည်းလမ်းဖြင့် ကျင့်သုံးသည်ဖြစ်စေ၊ ဘတ္တိယောဂနည်းလမ် ဖြင့် ကျင့်သုံးသည်ဖြစ်စေ ဥပါသနာခေါ် လက်တွေ့လိုက်နာဆောင်ရွက်ခြင်း သဘာဝသည် လိုအပ်သော်သာ ဖြစ်သည်။ ကမ္မယောဂနည်းလမ်းဖြင့် ကျင့်သုံးရာ၌ ရရှိမည့်အကျိုးတရားအပေါ် တွယ်တာ ငြိတပ်မှု "ရာဂ" ကို ပယ်စွန့်ရန် သုံ့သင် ထားရာ သွန်သင်သည့်အတိုင်း တွယ်တာငြိတပ်မှု "ရာဂ" ကို စွန့်လွှတ်နိုင်မှုသည် ရိုးရိုးစာသိပေသိဖြင့် လုံးလောက်မည်မဟုတ်။ အမှန်အားဖြင့်

စာသီ ပေသီသည့် မိုးထဲ လေထဲ၌ အကျပ်အတည်း ကြုံသောအခါ အားကိုးလောက်သော အသိဗစ် အသိမုန်မဟုတ်တော့ပဲ မာယာမျှသာဖြစ်ကြောင်း ကိုယ်တွေ့ကြုံကြရ၏။ ထို့ကြောင့် ကမ္မယောဂလမ်းစဉ်ဖြင့် ကျင့်သုံးဆုတွင် ဥပါသနာခေါ် လက်တွေ့လိုက်နာဆောင်ရွက်ခြင်းကို အကူအညီအဖြစ် လိုအပ်ပါသည်။ သို့မှသာ ကမ္မယောဂသည် ဥပနိဿဒ်ခေတ် ပညာရှိများ သွန်သင်သည့်အတိုင်း "ဝိဆာဂ" ခေါ် အကျိုးဘရားပေါ်၌ တင်မက်မှု "ရာဂ" မှ ကင်းလွတ်ခြင်းကို ဖြစ်ပေါ်စေနိုင်ပေမည်။ ဘတ္တိဒယောဂလမ်းစဉ်ဖြင့် ကျင့်သုံးဆုတ်၌လည်း အလားတူ ဥပါသနာခေါ် လက်တွေ့ လိုက်နာဆောင်ရွက်မှု၏ အကူအညီကို လိုအပ်သည်သာဖြစ်ပေသည်။ အမှန်အားဖြင့် ဥပါသနာသည် ဗြဟ္မာဖြစ်ကြောင်း လမ်းစဉ်သုံးသွယ်တိုင်း၏ လှုံ့ဆော်မှုထစ်များသဖွယ် ဖြစ်ပါသည်။

(၃) ဉာဏယောဂ

ဉာဏယောဂဆိုသည်မှာ ဉာဏ်လမ်းစဉ်ဖြစ်သည်။ ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်တို့တွင် ကံလမ်းစဉ်ကိုအလေးထားခဲ့သည်။ အာရဏ်ကခေတ်နှင့် ဥပနိဿဒ်ခေတ်ရောက်မှ ဉာဏ်လမ်းစဉ်ကို ဦးစားပေးလာသည်။ ကံလမ်းစဉ်မှ ဉာဏ်လမ်းစဉ်ပေါ်လာအောင် ဖော်ဆောင်ကြသည်။ ထိုသို့ ဖော်ဆောင်ရာတွင် ကြားခံလမ်းစဉ်တမှကို စတင်ဖော်ဆောင်သည်။ ထိုကြားခံလမ်းစဉ်ကို ဥပါသနာဟုခေါ်သည်။ ကံလမ်းစဉ်နှင့် ဉာဏ်လမ်းစဉ်တို့သည် ဥပါသနာ၌ ဆုံ၍ ဥပါသနာ၌ပင် လမ်းခွဲကြသည်။ ထို့ကြောင့် ဥပါသနာသည် ကံလမ်းစဉ်နှင့် ဉာဏ်လမ်းစဉ်တို့၏ ဆုံရာနှင့်ခွဲထွက်ရာ လမ်းဆုံဖြစ်လေသည်။ ဥပါသနာသည် ကံလမ်းစဉ်နှင့် ဉာဏ်လမ်းစဉ်တို့၏ ဆုံရာနှင့်ခွဲထွက်ရာ ဖြစ်သည်သာမက

နောက်ပိုင်း ပေါ်ထွက်လာသည့် ဘတ္တိလမ်းစဉ်အပါအဝင် လမ်းစဉ် (၃)ခုတို့၏ ဆုံရာနှင့် ခွဲဆွက်ပျံလည်းဖြစ်သည်။

ဝေဒခေတ်နှင့် ပြာဟ္မဏခေတ်တွင် ယဇ်ပူဇော်မှုကို ပြုကြသည်။ ထိုသို့ပြုရာ၌ "အမတ" ခေါ် မသေရသဘောကို နားမလည်ကြသေးသည့်အတွက် အမတကို ရည်မှန်း၍ ပြုကြသည်မဟုတ်။ ဤဘဝတွင် အသက်ရာကျော်ရှည် ပိုင်ကြောင်း၊ ချမ်းသာစွာ နေထိုင်ရလိုကြောင်း၊ စည်းစိမ်ဥစ္စာကြွယ်ဝလိုကြောင်း၊သားသမီးကောင်းမွေးရလိုကြောင်း ရည်မှန်း၍ ပြုကြခြင်းဖြစ်သည်။ "အမတ" သဘောကို အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ်ရောက်မှ သိလာကြခြင်းဖြစ်သည်။ ဥပနိသျှဒ်ခေတ် ပညာရှိတို့သည် အဓမတသဘောကို နားလည်လာကြသောအခါ ဝေဒခေတ်က လိုက်နာကျင့်သုံးကြသည့် ကံလမ်းစဉ်၏ အနက်အဓိပ္ပါယ်ကို ပြင်ဆင်လာကြသည်၊ အမတသဘောနှင့် လုံးဝလျော်ညီထိုက်စေရန် ကြိုးပမ်းလာကြသည်။ ဥပနိသျှဒ်ခေတ် ပညာရှိတို့၏ ရည်မှန်းချက်ပန်းတိုင်မှာ "အမတ" ဖြစ်လာပြီး လောကီစည်းစိမ်ချမ်းသာတို့သည် ထိုပန်းတိုင်သို့ သွားရာခရီးလမ်းမအဖြစ်သို့ လျှောကျသွားခဲ့လေသည်။

ယဇ်ပူဇော်ခြင်း၏ မူရင်းအဓိပ္ပာယ်မှာ ပေးခြင်းနှင့် ယှဉ်ခြင်းဖြစ်သည်။ ဘောဂဗေဒဝေါဟာရအရဆိုလျှင် အရင်းအနှီးနှင့် အကြွတ်ဖြစ်သည်။ ဝေဒခေတ်နှင့် ပြာဟ္မဏခေတ်တွင် လောကီချမ်းသာများရလို၍ နတ်များအား ပစ္စည်းဝတ္ထုများကို ပူဇော်ခြင်းဖြစ်သည်။ လက်တွေ့အားဖြင့် ပစ္စည်းဝတ္ထုများကို ရင်းနှီးမြှုပ်နှံလိုက်သည်။ ထိုအရင်းအနှီးမှ အမြတ်များကို ရလာသည်။ ရလာသော အကြွတ်များကား လောကီချမ်းသာများ ဖြစ်ပေလသည်။ အရင်းအနှီးသည် လောကီချမ်းသာတည်းဟူသော အမြတ်၌ လမ်းဆုံးသည်။ အာရညကခေတ်

နှင့် ဥပနိသျှဒ်ခေတ်ရောက်သောအခါ လောကီချမ်းသာထက် ပိုလွန်သော လွတ်မြောက်မှု ချမ်းသာကို နားလည်လာသည်။ ထိုအခါ ယဒ်ပုဏ္ဏော်မှသဘောကို ပြုပြင်ဖို့လိုလာသည်။ ယဒ်ပုဏ္ဏော်မှကို ပြုသော အခါ ပုဏ္ဏော်သူနှင့် ပုဏ္ဏေခံသူတို့၏ စိတ်ပိုင်းဆိုင်ရာ သဘောဝရားများကိုပါ မလွဲမသွေ ပြုပြင်ရန်လိုသည်။ ကိုယ်ကျင့်ဘရားများ၊ အသိဉာဏ်ပညာများကို ဖွံ့ဖြိုးတိုးဘက်အောင် အားထုတ်လာကြလေသည်။ ကိုယ်ကျင့်တရား ဓာတ်မန်လာစေရန်၊ အသိဉာဏ်ပညာ ဖွံ့ဖြိုးတိုးတက်လာစေရန် အားထုတ်ရာတွင် ရိုးရိုးစာပေသီ၊ လောက အတွေ့အကြုံသိဖြင့် မသုံလောက်ကြောင်း တွေ့မြင်ရသဖြင့် တရားဘာဝနာ ပွားများ အားထုတ်သည့်သဘောကို ဆောင်ရွက်လာကြသည်။ တရားဘာဝနာ ပွားများသိဖြင့်သာ ကံသမ်းစဉ်ကို ပြုပြင်ရန် ကြိုးစားကြခြင်း ဖြစ်ပါသည်။

ဤနေရာ၌ တရားဘာဝနာ ပွားများခြင်းဆိုသည်မှာ ဥပါသနာခေါ် ဗြဟ္မာဖြစ်မှန် လက်တွေ့ လုံ့ကနာဆောင်ရွက်ခြင်းဖြစ်ပါသည်။ ကမ္မယောဂခေါ် ကံသမ်းစဉ်ဖြင့် အားထုတ်ရာတွင် ဝေဒခေတ်နည်းနှင့် ဥပနိသျှဒ်ခေတ်နည်းကို ခြားနားခြင်း ရှိပါသည်။ ဝေဒခေတ်နည်းတွင် လောကီချမ်းသာကို ပန်းတိုင်အဖြစ် ဒ တ်မှတ်၍ ယဒ်ပုဏ္ဏော်ခြင်း ဖြစ်ပြီး ဥပနိသျှဒ်ခေတ်နည်းတွင်မူ ခရီးဂမ်းမအဖြစ်သာ သတ်မှတ်၍ ယဒ်ပုဏ္ဏေခြင်း ဖြစ်ပါသည်။ လောကအတွေ့အကြုံအရ ပြောရလျှင် ရိုးရိုးလယ်သမား စပါးစိုက်နည်းနှင့် သုဇာသနပညာရှင်တို့ စပါးစိုက်နည်းချင်း ခြားနားသလိုပင် ဖြစ်ပါသည်။ ဝေဒခေတ် ယဒ်ပုဏ္ဏော်ခြင်းသည် ရိုးရိုးလယ်သမား စပါးစိုက်ခြင်းနှင့် တူပါသည်။ ရိုးရိုးလယ်သမားသည် မျိုးစေ့ကောင်းကို ရှာသည်။ မျိုးပွားသည်။ စိုက်ပျိုးသည်။ သူ၏ရည်မှန်းချက်ကား စပါးမျိုးမျိုးထွက်ဖို့နှင့် သူခံစားဖို့ပင်

ဖြစ်ပါသည်။ သုတေသနပညာရှင်ကား မျိုးစေ့ကောင်းကို ရှာသည်။ မျိုးပွားသည်။ စိုက်ပျိုးသည်။ သို့ရာတွင် သူ၏ ရည်မှန်းချက်ကား စပါးများများ ထွက်ရေးအတွက် သုတေသနပြုခြင်း ဖြစ်သည်။ သူခံစားဖို့ မဟုတ်။ စပါးများများ ထွက်ရေးအတွက် စပါးများကို ဆက်ကာ ဆက်ကာ သုတေသနပြုရန်သာ ဖြစ်လေသည်။ နောက်ဆုံးအဆင့်သို့ မရောက်မချင်း မျိုးစပါးကိုလည်း သုတေသနပြုသည်။ မြေဩဇာကိုလည်း သုတေသနပြုသည်။ စပါးခိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ဖောက်ဖောက်မှ သုတေသနပြုသည်။ ဤနည်းအတိုင်းပင် ဝေဒခေတ် ပညာရှိတို့သည် ရိုးရိုးလေးသာမားကဲ့သို့ ယဇ်ပူဇော်မှုကို ပြုကြသည်။ ဥပနိသျဒ်ခေတ် ပညာရှိတို့သည် သုတေသနပညာရှင်ကဲ့သို့ ယဇ်ပူဇော်မှုကို ပြုကြသည်။ သို့ဖြစ်၍သာ ဥပနိသျဒ်ခေတ်၌ ယဇ်ပူဇော်မှုကို အကြောင်းပြု၍ ဒဿနဆိုင်ရာ သဘော တရားများ၊ အကျင့်သီလဆိုင်ရာ သဘောတရားများ၊ စိတ်ပိုင်းဆိုင်ရာ သဘောဘရားများ၊ အသိဉာဏ်ပညာဆိုင်ရာ သဘောတရားများ၊ တွေးခေါ်ဖြောင့်မှုဆိုင်ရာ သဘော တရားများ စသည်ဖြင့် သဘောတရားများသည် ဘက်စုံမှ စတင် ပေါ်ပေါက်လာကြခြင်း ဖြစ်ပါသည်။

ကမ္မယောဂကို ပြုပြင်အသုံးပြုခြင်း

ဝေဒခေတ် ပညာရှိတို့သည် လောကီသုခကို မြတ်နိုးတွယ်တာစရာ ပန်းတိုင်အဖြစ် သတ်မှတ်ကြသည်။ ရရှိအောင် အားထုတ်ကြသည်။ ရရှိအောင် အားထုတ်ရာတွင် ယဇ်ပူဇော်မှုတည်းဟူသော ကမ္မလမ်းစဉ်ကို အသုံးပြုကြသည်း။ ယဇ်ပူဇော်သောအခါ ကျမ်းအဆိုနှင့် တသဝေမတိမ်း ကိုက်ညီအောင် ပူဇော်ကြသည်။ တနည်းအားဖြင့်ဆိုရလျှင် ထိုခေတ်သည် ကမ္မယောဂကို အသုံးပြုရာ၌ ဗဟိဒ္ဓကို အာရုံစိုက်သော ခေတ် ဗဟိဒ္ဓပြုပြင်ရေးခေတ် ဖြစ်သည်။ ဥပနိသျဒ်ခေတ် ပညာရှိ ဩ

ကား ထိုကဲ့သို့ မဟုတ်၊ ကမ္မလမ်းစဉ်ကိုပင် တမျိုးတမည် [illegible]
ခဲ့ကြသည်။ ထိုသို့ သုံးရာတွင် လောကီသုခကို ပန်းတိုင်အဖြစ်
မသတ်မှတ်။ လမ်းကြောင်းအဖြစ်သာ သတ်မှတ်သည်။ သဲလွန်စ
အဖြစ်သာ သတ်မှတ်သည်။ ပန်းတိုင်ကား သီးခြားရှိသည်။ ပန်းတိုင်
သည် လောကမှထွက်မြောက်မှု "မောက္ခ"ဖြစ်သည်။ မောက္ခတည်းဟူ
သော အမှန်တရားကို ရှာလိုလျှင် လောကတည်းဟူသော သဲလွန်စကို
စေ့စေ့ငုပ်စပ် လေ့လာဖို့လိုသည်။ မောက္ခသို့ ရောက်လိုလျှင် လမ်းရှိမှ
ဖြစ်သည်။ လမ်းမရှိလျှင် မောက္ခသို့ မရောက်ပဲ ရောက်ချင်ရာရောက်
သွားနိုင်သည်။ မောက္ခသို့ သွားရာလမ်းကား လောကပင်ဖြစ်သည်။
လမ်းရှိသည်ဆိုဦး လမ်းပေါ်၌ စီးစရာယာဉ်ရှိဖို့ လိုသေးသည်။
ထိုယာဉ်ကား ကမ္မဃယာဂခေါ် ကံ-ယာဉ်ဖြစ်လေသည်။ဥပနိဿဒ်ခေတ်
ပညာရှိတို့သည် ကံ ယာဉ်ကို တည်ဆောက်နာ၌ တပ်မက်မှု "ရာဂ" ကို
မာဂါရလေအောင် အထူးဂရုစိုက်ကြသည်။ "ဝိရာဂ" ခေါ် တပ်မက်မှု
ကင်းခြင်းသည် ကံ-ယာဉ်၏ ကိုယ်ထည်ဖြစ်လေသည်။ ထို့ကြောင့်
ဥပနိဿဒ်ခေတ်သည် ကမ္မယောဂကို အသုံးပြုရာ၌ အဇ္ဈတ္တကို အားရုံစိုက်
သောခေတ် အဇ္ဈတ္တပြုပြင်ရေးခေတ် ဖြစ်သည်ဟု ဆိုကြခြင်းဖြစ်သည်။

ယင်ပူဇော်မှုမှ လမ်းစဉ်သုံးခုခွဲထွက်ခြင်း

ယင်ပူဇော်ရာတွင် တပ်မက်မှု ရာဂကင်းအောင် အားထုတ်ရာ၌
လက်တွေ့ လိုက်နာဆောင်ရွက်မှု "ဥပါသနာ"၏ အကူအညီကို
ယူရသည်။ ဥပါသနာသည် လှူဖွယ်ပစ္စည်းဝတ္ထုများ၊ အလှူပေးသူ
များနှင့် အလှူခံပုဂ္ဂိုလ်များ ပါဝင် ပြဋ္ဌာန်းလာခြင်း ဒံရပါက
ထိုပူဇော်မှုကို "ကမ္မယောဂ"ဟု ခေါ်သည်။ ပစ္စည်းဝတ္ထုများ ပါဝင်
ပြဋ္ဌာန်းခြင်းမခံရပဲ ကြည်ညိုမြတ်နိုးမှု သဒ္ဓါတရား သဘောသက်သက်
သာ ဖြစ်ပါက ထိုပူဇော်မှုကို "ဘတ္တိယောဂ"ဟု ခေါ်သည်။ ကိုယ်တိုင်

ပြဟ္မာဖြစ်လာအောင် အသိဉာဏ် ပြဋ္ဌာန်းခြင်းမျိုးဖြစ်ပါက ထိုပူဇော်မှုကို "ဉာဏယောဂ" ဟု ခေါ်သည်။

ဘတ္တိယောဂတွင် ဆည်းကပ်သူ၏ ဆန္ဒအတိုင်း အာရုံယူလိုရာယူ၍ ဆည်းကပ်နိုင်သည်။ ဥပမာ–နေကို ပြဟ္မာဟူ၍လည်းကောင်း၊ ဥ-ကို ပြဟ္မာဟူ၍ လည်းကောင်း၊ စိတ်ကို ပြဟ္မာဟူ၍လည်းကောင်း အာရုံယူ၍ ဆည်းကပ်ခြင်းမျိုးဖြစ်သည်။ သို့ဖြစ်၍ ဘတ္တိယောဂသည် ဆည်းကပ်သူ၏ ဆန္ဒပေါ်၌ တည်သည်။ ဉာဏယောဂကား ထိုကဲ့သို့ မဟုတ်။ ဆည်းကပ်ခံရသူအပေါ်၌ တည်သည်။ ဆည်းကပ်သူကိုယ်တိုင်က ဆည်းကပ်ခံရသူ ဖြစ်သွားခြင်းသည် ဉာဏယောဂ ဖြစ်လေသည်။ ဥပမာ–နေကို ပြဟ္မာဟူ၍ ဆည်းကပ်ပါက ဆည်းကပ်သူ ကိုယ်တိုင်က နေ၏ စွမ်းအားများကို ရရှိပြီး နေဖြစ်သွားခြင်းမျိုးဖြစ်သည်။ ဘတ္တိယောဂတွင် ဆည်းကပ်သူနှင့် ဆည်းကပ်ခံရသူ နှစ်မျိုးကွဲနေသည်။ ဉာဏယောဂတွင် ဆည်းကပ်သူနှင့် ဆည်းကပ်ခံရသူ နှစ်မျိုးမကွဲ၊ တမျိုးတည်း တသားတည်း ဖြစ်သည်။ ကမ္မယောဂတွင်မူ ပူဇော်ခံ၊ ပူဇော်သူနှင့် ပူဇော်ပစ္စည်းများ ထားဝစဉ်ကွဲပြားနေပြီး အာရုံမှာလည်း ပူဇော်သူ၏ ဆန္ဒအတိုင်း ဖြစ်သည်။ ရည်ရွယ်ချက်မှာမူ တပ်မက်မှု "ရာဂ" ကင်းရေးအတွက် ဖြစ်ပါသည်။

လောက သဘောတရား

လောကတွင် လက္ခဏာသုံးခုရှိသည်။ ထိုလက္ခဏာသုံးခုမှာ–

(၁) ကာလ၊
(၂) ဒေသ၊
(၃) ကြောင်းကျိုးဆက်တို–

ဖြစ်သည်။ သဒ္ဒပေဒနည်းအရ ကာလဟူသည် ကြိယာပင်ဖြစ်သည်။ [ကရဏံ ကာရော၊ ကာရေ ဧဝ ကာလော။ ကရဏံ၊ ပြုခြင်း။ ကာရော၊ ပြုခြင်း။ ကာရော ဧဝ၊ ပြုခြင်းသည်ဝင်လျှင်။ ကာလော၊ အချိန်ကာလ] ဤသို့လျှင် သဒ္ဒါဆရာတို့သည် ကာလကို ဝိဂြိုဟ်ဆိုကြသည်။ ထို့ကြောင့် ကာလ ဟူသည် ဖြစ်ခြင်း၊ ပျက်ခြင်းတည်းဟူသော ကြိယာပင်ဖြစ်သည်။ လောကတွင် ကာလရှိသရွေ့ ဖြစ်ခြင်း၊ ပျက်ခြင်းတို့ ရှိကြမည်သာ ဖြစ်သည်။ ကာလသည်လည်း လောကတွင် အမြဲရှိနေမည်သာ ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ကာလသည် လောက၏ ပထမလက္ခဏာ ဖြစ်သောကြောင့်ပင် ဖြစ်သည်။

လောကတွင် ဖြစ်ခြင်း၊ ပျက်ခြင်းကြိယာများ ရှိနေသရွေ့ ထိုဖြစ်ခြင်း ပျက်ခြင်းတို့၏ တည်ရာ ဖြစ်တတ်၊ ပျက်တတ်သည့် အရာဝတ္ထုများလည်း ရှိနေမည်သာ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဖြစ်ခြင်း၊ ပျက်ခြင်းကြိယာတို့နှင့် ဖြစ်ကတ်၊ ပျက်တတ်သည့် အရာဝတ္ထုတို့သည် အချင်းချင်းကင်း၍ မဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။ ဤဖြစ်ခြင်း၊ ပျက်ခြင်းတို့၏ တည်ရာ ဖြစ်တတ်၊ ပျက်တတ်သည့် အရာဝတ္ထုများကို ဒေသ ဟု ခေါ်ပါသည်။ ထို့အပြင် ထိုအရာဝတ္ထုများ ဖြစ်ရာ၊ ပျက်ရာဌာနများကိုလည်း ဒေသဟု ခေါ်ပါသေးသည်။ ဤဒေသသည် လောက၏ ဒုတိယလက္ခဏာ ဖြစ်ပါသည်။ ဤဒုတိယလက္ခဏာအရ ကြိယာမှန်သမျှသည် သဏ္ဌာန်ဒြပ် မရှိသော်လည်း သဏ္ဌာန် ဒြပ်ရှိဘိသကဲ့သို့ ပုံဆောင်နေခြင်း ဖြစ်ပါသည်။

ဖြစ်တတ်၊ ပျက်တတ်သော အရာဝတ္ထုများ ဖြစ်ပေါ်ပျက်လိုက် ဖြစ်နေသည်မှာ ကာလသဘောအားဖြင့်လည်းကောင်း၊ အရာဝတ္ထု (ဒေသ)သဘောအားဖြင့်လည်းကောင်း ရှေ့နောက်အစဉ်အတန်းပင် ဖြစ်ပါသည်။ ယင်းရှေ့နောက်အစဉ်အတန်းကို ကြောင်းကျိုးဆက်ဟု

ခေါ်ပါသည်။ မရှုးဖြစ်သောအရာဝတ္ထုနှင့် ယင်း၏ဖြစ်ပျက်စဉ်ကို အကြောင်းဟူ၍ လည်းကောင်း၊ နောက်ဖြစ်သော အရာဝတ္ထုနှင့် ယင်း၏ဖြစ်ပျက်စဉ်ကို အကျိုးဟူ၍လည်းကောင်း ခေါ်ကြပါသည်။ ထို့အပြင် အတူဘက္ခ ဖြစ်ဖော်ဖြစ်ဖက်အချင်းချင်းကိုလည်းကောင်း၊ မှီရာနှင့် မှီတတ်သော အရာဝတ္ထုအချင်းချင်းကို လည်းကောင်း အကြောင်းအကျိုးဟူ၍ ခေါ်ကြသည်မျှားလည်း ရှိကြပါသေးသည်။ ဤကြောင်းကျိုးဆက်သည် လောက၏တဒ်ယလက္ခဏာ ဖြစ်ပါသည်။ ဤကတိယလက္ခဏာကြောင့် လောကသည် မမြဲသောသဘောခုတမျိုး နောင်တမျိုး ဖြစ်တတ်သည့်သဘောကို ဆောင်ခြင်း ဖြစ်ပါသည်။ ဤလက္ခဏာသုံးပါးသည် လောက၏လက္ခဏာနှင့် လောက၏နယ်နိမိတ်များ ဖြစ်ကြပါသည်။

လောကလွန်သဘောတရား

လောကလွန်သဘောတရားဆိုသည်မှာ လောက၏ ကာလ၊ ဒေသနှင့် ကြောင်းကျိုးဆက်နယ်နိမိတ်တို့ကို လွန်မြောက်သည့် သဘောတရားဖြစ်ပါသည်။ ကာလနယ်နိမိတ်ကို လွန်မြောက်သောအခါ အမြဲတည်ရှိနေသည့် ထာဝရပစ္စုပ္ပန်ဖြစ်လာပါသည်။ ဒေသနယ်နိမိတ်ကို လွန်မြောက်သောအခါ နေရာတိုင်း၌ ရှိနေသည့် "အနန္တ" ဖြစ်လာပါသည်။ ကြောင်းကျိုးဆက်နယ်နိမိတ်ကို လွန်မြောက်သောအခါ ပြုပြင်ပြောင်းလဲခြင်းမရှိပဲ တသမတ်တည်း၊ တမျိုးတည်း၊ တခုတည်း အမြဲတည်နေသည့် "အမတ" သဘော ဖြစ်လာပါသည်။ ဥပနိသျှဒ်ခေတ်ပညာရှိတို့သည် လောက၏နယ်နိမိတ် သုံးမျိုးအတွင်း၌ရှိသည့် လောက၏ပစ္စည်းဝတ္ထုများဖြစ်သော ဒဗ္ဗ၊ ရုဏများဖြင့် လောကလွန်သဘောကို မြင်အောင်ကြည့်ရာ၌ အခက်အခဲများစွာနှင့် ရင်ဆိုင်ခဲ့ကြရပါသည်။ လောက၏ပစ္စည်းဝတ္ထုများဖြစ်သော စကားလုံးများ၊

ဝေါဟာရမျှားဖြင့် လောကလွန်သဘောကို ရှင်းပြရာ၌လည်း အခက်အခဲမျှားစွာနှင့် ရင်ဆိုင်ခဲ့ကြရပါသည်။ သို့ရာတွင် လောက၏ပစ္စည်းဝတ္ထုမျှားဖြင့် မြင်အောင်မကြည့်နိုင်သော လောကဝေါဟာရမျှားဖြင့် နားလည်အောင် မရှင်းပြနိုင်သော လောကလွန် သဘောတရားရှိကြောင်းကိုကား အခိုင်အမာ ဆိုခဲ့ကြပါသည်။ သူတို့သည် ယင်းလောကလွန်သဘောတရားကို "ဗြဟ္မာ"ဟူ၍ အမည်နာမ သတ်မှတ်ခဲ့ကြပါသည်။

မဟာဝါကျ (၄)ဝါကျ

ဥပနိသျဒ်ခေတ် ပညာရှိတို့သည် ဗြဟ္မာကို ရှာခဲ့ကြပါသည်။ ဗြဟ္မာဖြစ်အောင် ကြိုးစားခဲ့ကြပါသည်။ ဗြဟ္မာကိုရှာရာ၌ သို့မဟုတ် ဗြဟ္မာဖြစ်အောင် ကြိုးစားရာ၌ အဆင့် (၄)ဆင့်ထား၍ ရှာကြပါသည်၊ အဆင့် (၄)ဆင့်ထား၍ ကြိုးစားကြပါသည်။ ထိုအဆင့် (၄)ဆင့်ကိုပင် မဟာဝါကျ (၄)ဝါကျဟူ၍ သတ်မှတ်ခြင်း ဖြစ်ပါသည်။ ထိုမဟာဝါကျ (၄)ဝါကျတို့မှာ ဤသို့ ဖြစ်ပါသည်—

(၁) တတ် တုံ အသိ။
(တုံ၊ သင်သည်ပင်။ တတ်၊ ထိုဗြဟ္မာသည်။ အသိ၊ ဖြစ်၏)

(၂) အဟံ ဗြဟ္မ အသ္မိ။
(အဟံ၊ ငါသည်ပင်။ ဗြဟ္မ၊ ဗြဟ္မာသည်။ အသ္မိ၊ ဖြစ်၏)

(၃) အယံ အာတ္မာ ဗြဟ္မ။
(အယံ အာတ္မာ၊ ဤအတ္တသည်ပင်။ ဗြဟ္မ၊ ဗြဟ္မာတည်း)

(၄) သဝ်ဳ ခလု ဣဒံ ဗြဟ္မ။
(ခလု၊ အမှန်အားဖြင့်။ ဣဒံ သဝ်ဳ၊ ဤလောကတခုလုံး သည်ပင်။ ဗြဟ္မ၊ ဗြဟ္မာတည်း)

ပထမ မဟာဝါကျ

ဉာဏယော ဂလမ်းစဉ်အရ ဗြဟ္မာကိုအာရုံပြု၍ ဆည်းကပ်ပါသည်။ ထိုသို့ ဆည်းကပ်ရာတွင် မည်သည့် အရာဝတ္ထုကို ဗြဟ္မာအဖြစ် အာရုံယူ၍ ဆည်းကပ်ရမည်နည်း။ ဤမေးခွန်းမှာ သာဒြစ်သူ သေတကေတု- က ဖခင်ဖြစ်သူ ဥဒ္ဒါလကအာရုဏိအား မေးသည့် မေးခွန်းဖြစ်ပါသည်။ ဖခင်ကလည်း သားအား“ သင့်ကိုယ်သင် ဗြဟ္မာအဖြစ်အာရုံယူ၍ ဆည်းကပ်”ဟူ၍ ဥပဒေသပေးခဲ့ပါသည်။ ဤပထမ မဟာဝါကျအရ လောကတွင် လူသည် အကြီးမြတ်ဆုံး ဖြစ်သည်။ ဗြဟ္မာဟူသည် သီးခြားမရှိ၊ လူပင်ဖြစ်သည်။ လူကို ဆည်းကပ်ခြင်းသည်ပင် ဗြဟ္မာကို ဆည်းကပ်ခြင်းဖြစ်သည်။ လူကို ပူဇော်ခြင်းသည်ပင် ဗြဟ္မာကို ပူဇော်ခြင်းဖြစ်သည်။ မိမိမျက်မှောက်၌ လူတည်းဟူသော“ဗြဟ္မာ”များ အထင်အရှားရှိနေပါလျက် အဘယ်ကြောင့် ထင်ရှားမရှိသည့် နတ်ဒေဝါများကို ဗြဟ္မာအဖြစ် ဆည်းကပ်လိုဘိသနည်း။ ဤသို့ ဆည်းကပ်လိုခြင်းသည်ပင် အဝိဇ္ဇာဖြစ်လေသည်။ အမှန်အားဖြင့် လူသည် လူကိုဆည်းကပ်ရမည်။မိမိကိုယ်ကိုဆည်းကပ် ထိုက်သည့် ဂုဏ်အရည်အချင်းများရှိအောင် ကျင့်ကြံရမည်။ နောက်ဆုံး၌ မိမိသည်ပင် ဗြဟ္မာဖြစ်ကြောင်း သိရှိလာအောင် အားထုတ်ရမည်။ ဤသည်မှာ ဥပနိသျခေတ် ပညာရှိတို့ပေးခဲ့သည့် ပထမဆုံး ဥပဒေသဖြစ်ပါသည်။ ဤဥပဒေသအရ ဆည်းကပ်သူနှင့် ဆည်းကပ်ခံရသူ သို့မဟုတ် အာရမ္မဏိကနှင့် အာရုံတို့ နှစ်ခုမကွဲပဲ တခုတည်းဖြစ်သွားအောင် အားထုတ်ရမည်ဖြစ်ပါသည်။ ထိုသို့ အားထုတ်ခြင်းဖြင့် အာရုံနှင့် အာရမ္မဏိကတို့ တသားတည်း ဖြစ်သွားကြောင်းကို ကိုယ်တွေ့ ခံစားရမည်ဖြစ်သည်။

ဒုတိယ မဟာဝါက္ကျ

ပရာဥ္စို ခါနိ ဗျတ္ဂဏာတ် သွယံဘူး၊ တသွာတ် ပရာင် ပဂျတိ နာန္တရာ၊ ကဝ့ို မိရး ပြတျာတွာနံ အဲကွတ် အာဝဇ္ဇတ္တစက္ခုး အမ့ငတတ ဂ္ဂစ္ဆန။

(သွယံဘူး၊ လောကကိုဖန်ဆင်းသောဗြဟ္မာသည်။ ခါနိ၊ ဂ္ဂန္ဒြေတို့ကို။ ပရာဥ္စို၊ ပြင်ပတို့သို့။ ဗျတ္ဂဏာတ်၊ မျက်နှာမူ အောင်ပြုလုပ်ထား၏။ တသွာတ်၊ ထို့ကြောင့်။ ဇီဝေါ၊ သတ္တဝါသည်။ ပရာင်၊ ပြင်ပတို့ကို့။ ပဂျတိ၊ မြင်တတ်၏။ အန္တရာ၊ အတွင်းပိုင်းတို့ကို။ နာ၊ မမြင်တတ်။ ကဝ့ို၊ တစုံတယောက်သော။ ဓီရး၊ ပညာရှိသည်။ အမ့ငတတ့ံ၊ အမတတရားကို။ ဂ္ဂစ္ဆန်၊ အလို့ရှိပါက။ အာဝဇ္ဇတ္တစက္ခုး၊ မျက်စိကို ပြောင်းပြန်လှည့်လျက်။ ပြတျာတွာနံ၊ အတွင်းပိုင်း၌ရှိသော အတ္တကို။ အဲကွတ်၊ ကြည့်ရှု၏)။

(က၅-၂၊၁၊၁)

လူသည် သဘာဝအားဖြင့် ပြင်ပသို့သာကြည့်တတ်၏။ မိမိကိုယ်ကို မိမိပြန်၍ မကြည့်တတ်။ ထိုသို့ဖြစ်အောင်လည်း ဖန်ဆင်းရှင် ဗြဟ္မာက နား၊မျက်စိ စသော ဂ္ဂန္ဒြေတို့ကို ပြင်ဘက်သို့ မျက်နှာဝလှည့်ပြီး ဖန်ဆင်းထား၏။ ပြင်ပသည် သစ္စာမဟုတ် မာယာမျသာ ဖြစ်၏။ ပြင်ပကိုကြည့်လျှင် သစ္စာကို မြင်မည် မဟုတ်။ မာယာကိုသာ မြင်မည်။ သစ္စာတရားကား ပြင်ပ၌မရှိ အတွင်း၌သာ ရှိသည်။ သစ္စာဟူသည် အတ္တပင် ဖြစ်သည်။ မာယာကို ကြည့်လျှင် အမတတရားကို မတွေ့၊ သစ္စာကိုကြည့်မှ အမတတရားကိုတွေ့မည်။ မာယာသည် သုခမဟုတ်၊ သုခယောင်ဆောင်ထားသည့် ဒုက္ခသာ ဖြစ်၏။ သစ္စာသည်သာ သုခဖြစ်သည်။ သုခယောင်ဆောင်ထားသော ဒုက္ခသည်

ဖြစ်ကတ်၊ ပျက်ဘတ်သည်။ စစ်မှန်သော သုခသည် မဖြစ်တတ်၊ မပျက်တတ်၊ အမြဲတမ်း တသမတ်တည်း ဖြစ်သည်။ ထို့ကြောင့် စစ်မှန်သောသုခကို အမတဟု ဆိုခြင်းဖြစ်သည်။ အမတကိုအလိုရှိပါက အတ္တင်းကို ကြည့်ရမည်။ အတ္တင်းကို ကြည့်နိုင်အောင် ဣန္ဒြေတို့၏ မျက်နှာဝကို အတ္တင်းဘက်သို့ လှည့်ပေးရမည်။ အတ္တင်းဌ် အတ္တရှိသည်။ သို့ဖြစ်၍ အတ္တင်းကိုကြည့်လျှင် အတ္တကိုမြင်နိုင်သည်။အတ္တကိုမြင်လျှင် ဗြဟ္မာဖြစ်သည်။ ဗြဟ္မာဖြစ်လျှင် အမတချမ်းသာကို ခံစားရသည်။

သေ့တကေတုသည် ဤသဘောအရ အတ္တင်းကိုကြည့်လေသည်။ အတ္တင်းကို ဗြဟ္မာအဖြစ် အာရုံယူ၍ ဒေးကပ်လေသည်။ စစ်မှန်သော ချမ်းသာသည် ပြင်ပဌ်မရှိ၊ အတ္တင်းဌ်သာရှိသည်။ နောက်ဆုံးဌ် သေ့တကေတုသည် အတ္တင်းပိုင်းဌ် အတ္တကိုတွေ့လေသည်။ "ဗြဟ္မာဟူသည် အခြားသူမဟုတ်၊ သင်ပင်ဖြစ်သည်" ဟူသော ဖခင်၏ဥပဒေသအတိုင်း သေ့တကေတုသည် မိမိကိုယ်တိုင် ဗြဟ္မာဖြစ်ကြောင်း ခံစားရလေသည်။ ဤခံစားမှုကို ဗြဟ္မာနုဘဝ (ကိုယ်တိုင်ဗြဟ္မာဖြစ်ခြင်း)ဟု ခေါ်ပါသည်။ ထို့ကြောင့် သေ့တကေတု-က "အဟံ ဗြဟ္မ အသ္မိ" (ငါဗြဟ္မာဖြစ်၏)ဟု ကြေးမကြဲနိုင်ခြင်း ဖြစ်ပါသည်။ ဤအဆင့်တွင် အာရမ္မဏိကနှင့် အာရုံတို့ နှစ်ခုမကွဲပဲ တခုတည်း ဖြစ်သွားကြောင်း ကိုယ်တိုင် တွေ့ကြုံခံစားရသည့် သဘောဖြစ်ပါသည်။

တတိယ မဟာဝါကျ

အတ္တကို မြန်မာဘာသာဖြင့် "ငါ"ဟူ၍ ပြန်ဆိုကြသည်။ "ငါ"သည် အမတခေတ် ချမ်းသာမြတ် ဖြစ်သည်။ တကယ် စစ်မှန်သည့် ချမ်းသာဖြစ်သည်။ လောကရှိ ချမ်းသာဟူသမျှတို့သည် စစ်မှန်သည့် ချမ်းသာများ မဟုတ်ကြ။ ကိုယ်ပိုင်ချမ်းသာများ မဟုတ်ကြ။ "ငါ" ဟူသော ချမ်းသာခေတ်မှ ခေတ္တငှားယူ၍ ချမ်းသာကြရခြင်း ဖြစ်သည်။

လောကတွင် ကိုယ်ပိုင် ချမ်းသာ မရှိ။ အဝှမ်းချမ်းသာ-သာ ရှိသည်။ "ငါ"တွင်သာ ကိုယ်ပိုင်ချမ်းသာ ရှိလေသည်။ ထို့ကြောင့် လောကရှိသက်၍၊ သက်မဲ့ အရာဝတ္ထုအားလုံးတို့သည် "ငါ"ဟူသော သဘောနှင့် စပ်၍ တန်ဖိုးရှိကြခြင်း ဖြစ်သည်။ "ငါ" ဟူသော သဘောကို မကျိုင်ပြု၍ ရုန်းကန်လှုပ်ရှားကြခြင်း ဖြစ်သည်။ အကယ်၍ လောကရှိ ချမ်းသာဟူသမျှသည် "ငါ"မဟုတ်ပါက အနည်းဆုံး "ငါ"နှင့် မစပ်ပါက မည်သည့် ချမ်းသာကိုမျှ ချမ်းသာအဖြစ် ခံစား၍ ရနိုင်မည် မဟုတ်။ ဤသဘောမှာ လူတိုင်းတွေ့ကြုံ ခံစားနေရသည့် ကိုယ်တွေ့ ခံစားချက်ပင် ဖြစ်သည်။ သို့ဖြစ်၍ "ငါ"ဟူသော သဘောသည် အရာရာတိုင်း၏ အနှစ်သာရ၊ အရာရာတိုင်း၏ အမြုတေ၊ အရာရာတိုင်း၏ "စံ"ဖြစ်လေသည်။

သို့တကေတုသည် ဤ "ငါ"ဟူသော အတ္တ၏ ပြဋ္ဌာန်းမှု သဘောကို တွေ့သည်။ ဤ "ငါ" ဟူသော သဘောသည် ထာဝရ ပစ္စုပ္ပန်ဖြစ်သည်။ သတ္တဝါတို့သည် ဤဘဝမှ ထိုဘဝသို့ ပြောင်းရွှေ့သွားကြသည်။ ပြောင်းရွှေရာ ဘဝအလိုက် ပုံသဏ္ဌာန်မျှား၊ အရည်အသွေးမျှားလည်း ပြောင်းလဲသွားကြသည်။ သို့ရာတွင် "ငါ"ဟူသော သဘောကား မည်သည့်အခါမျှ မပြောင်းလဲ၊ သတ္တဝါတိုင်း၌ အခါခပ်သိမ်း ရှိလေသည်။ သို့ဖြစ်၍သာ ဤ "ငါ" ဟူသော သဘောကို မသေသော တရား "အမတ" ဟု ခေါ်ခြင်း ဖြစ်လေသည်။ အမတ ဟူသည် – တရံတခဏမျှ ပြောင်းလဲခြင်း မရှိပဲ အမြဲတစေ တသမတ်တည်းရှိသည့် သဘောဖြစ်ပါသည်။

အတ္တနှင့် ပြဟ္မာတွင် အစ ပထမ၌ အတ္တသည် အာရုံပြုတတ်သည့် တရားဖြစ်၍ ပြဟ္မာသည် အာရုံပြုခံရသည့်တရား ဖြစ်ပါသည်။ ဤအဆင့်တွင်မူ အတ္တနှင့် ပြဟ္မာတို့သည် အချင်းချင်း အာရုံ အာရမ္မ-

ဏိက အဖြစ် ပြောင်းလဲနိုင်သော သဘောရှိလာပါသည်။ အတ္တ-က ဗြဟ္မာကို မြင်ပါသည်။ ဗြဟ္မာ-ကလည်း အတ္တကို ပြန်မြင်ပါသည်။ မှန်ရိပ်နှင့် မှန်ကြည့်သူတို့ကဲ့သို့ ဖြစ်ပါသည်။ မှန်ကြည့်သူကလည်း မှန်ရိပ်ထဲက သူကို မြင်ပါသည်။ မှန်ရိပ်ထဲက သူကလည်း မှန်ကြည့်သူကို မြင်ပါသည်။ တခုက အာရုံဖြစ်လျှင် တခုက အာရမ္မဏိက ဖြစ်ပါသည်။ သို့ရာတွင် "သိမှု" သဘောအရ မှန်ရိပ်လူနှင့် မှန်ကြည့်သူတို့ကဲ့သို့ (၂)မျိုးကွဲသော်လည်း "ဖြစ်မှု" သဘောအရ တရားကိုယ်အား ဖြင့်မူ မှန်ရိပ်လူနှင့် မှန်ကြည့်သူတို့ကဲ့သို့ တခုတည်းပင် ဖြစ်ပါသည်။ အတ္တဟူသည်လည်း ဗြဟ္မာ၊ ဗြဟ္မာဟူသည်လည်း အတ္တပင်။ ဤအဆင့်အရ "တကယ်သိခြင်း" ဆိုသည်မှာ "ကိုယ်တိုင်ဖြစ်ခြင်း"ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဥပနိသျှဒ်ကျမ်းများ၌ "အယံ အာတ္မာ ဗြဟ္မ= ဤအတ္တသည်ပင် ဗြဟ္မာတည်း" ဟု ဆိုခြင်း ဖြစ်ပါသည်။

စတုတ္ထ မဟာဝါကျ

လောကတခုလုံးကို ခြုံ၍ ပြောရလျှင်—

(၁) သတ္တဝါ၊

(၂) ဗြဟ္မာ(ဘုရား)၊

(၃) ပတ်ဝန်းကျင်လောက—

ဟူ၍ သုံးမျိုးရှိပါသည်။ ထိုသုံးမျိုးအနက် သတ္တဝါနှင့် ဗြဟ္မာ(ဘုရား)မှာ အတူတူဖြစ်ကြောင်း ရှေးမဟာဝါကျများက ပြောပါသည်။ ဤစတုတ္ထမဟာဝါကျကမူ သုံးခုလုံးအတူတူဖြစ်ကြောင်း ပြောပါသည်။ စတုတ္ထမဟာဝါကျအရ ကျွန်ုပ်တို့သည် သစ်ပင်ကို မြင်ပါသည်။ သစ်ပင်ကလည်း ကျွန်ုပ်တို့ကို ပြန်၍မြင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သက်ရှိသက်မဲ့ အရာဝတ္ထုတို့သည် အားလုံး မှန်ရိပ်နှင့် မှန်ကြည့်သူ

သဖွယ် အချင်းချင်း အာဃာတနှင့် အာရမ္မဏကအဖြစ် ပြောင်းလဲ၍ ရသောကြောင့် ဖြစ်ပါသည်။ သို့ရာတွင် ဤအသိမျိုးကိုမူ စတုတ္ထ အဆင့်ရောက်မှ ရရှိနိုင်ပါသည်။

ဤလောကတွင် ဗြဟ္မာသာ အမှန်တကယ်ရှိပြီး ကျန်အရာဝတ္ထုများမှာ ဗြဟ္မာ၏အရိပ်၊ ဗြဟ္မာ၏ စိတ်ကူးများသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျန်အရာဝတ္ထုများကို "မာယာ" ဟူ၍ ခေါ်ခြင်း ဖြစ်ပါသည်။ဗြဟ္မာသည် စာရေးဆရာနှင့် တူသည်ထင်ပါသည်။စာရေးဆရာသည် ဝတ္ထုလောကနှင့် ဝတ္ထုဇာတ်ကောင်များကို ဖန်ဆင်းပါသည်။ ဝတ္ထုလောကထဲ၌ ဝတ္ထုဇာတ်ကောင်များသည် အချင်းချင်း ပြောကြသည်၊ ဆိုကြသည်၊ သွားလာလှုပ်ရှားကြသည်။ သို့ရာတွင် ထိုဝတ္ထုဇာတ်ကောင်များကား တကယ် ထင်ရှား မရှိကြပါ။ ဖန်ဆင်းသူ စာရေးဆရာသာ ထင်ရှား ရှိပါသည်။ အမှန်အားဖြင့် ထိုဝတ္ထုဇာတ်ကောင်များနှင့် ဝတ္ထုလောကသည် စာရေးဆရာ၏ အရိပ် စာရေးဆရာ၏ စိတ်ကူးများသာ ဖြစ်ပါသည်။ ထို့ကြောင့် ဝတ္ထုလောကနှင့် ဝတ္ထုဇာတ်ကောင်များကို မာယာဟူ၍ ခေါ်အပ်ပါသည်။ သို့ရာတွင် မာယာဖြစ်သည့် ဝတ္ထုလောကနှင့် ဝတ္ထုဇာတ်ကောင်များမှ တဆင့် မူရင်းစာရေးဆရာကို မြင်အောင် ကြည့်နိုင်ပါသည်။ ကြည့်၍လည်း ရပါသည်။

အလားတူပင် ဗြဟ္မာသည် ကျွန်ုပ်တို့နှင့်တကွ ကျွန်ုပ်တို့၏ လောကကို ဖန်ဆင်းပါသည်။ ဗြဟ္မာသည် စာရေးဆရာနှင့် တူလျှင် ကျွန်ုပ်တို့နှင့်တကွ ကျွန်ုပ်တို့၏ လောကသည် ဝတ္ထုလောက၊ ဝတ္ထုဇာတ်ကောင်များနှင့် တူပေလိမ့်မည်။ ကျွန်ုပ်တို့ ပြောကြ၊ ဆိုကြ၊ လှုပ်ရှားကြသည်ကား ဝတ္ထုဇာတ်ကောင်များ ပြောကြ၊ ဆိုကြ၊ လှုပ်ရှားကြသည့်နှယ် ဖြစ်ပါ၏။ သို့ရာတွင် ဗြဟ္မာသည် စာရေးဆရာ

ထက် ပို၍တန်ခိုးကြီး၏။ ထို့ကြောင့် ဗြဟ္မာဖန်ဆင်းသည့် ကျွန်ုပ်တို့သည် စာရေးဆရာဖန်ဆင်းသည့် ဝတ္ထုဇာတ်ကောင်တို့ထက် ပို၍ တန်ခိုးကြီးကြ၏။ ဤမျှသာ ထူးခြားမည် ထင်ပါသည်။ ဝတ္ထုလောကနှင့် ဝတ္ထု ဇာတ်ကောင်မျှားမှ တဆင့် မူရင်း စာရေးဆရာကို မြင်စေအောင် ကြည့်နိုင်သလို၊ မြင်အောင်ကြည့်၍ရသလို ဤလောကနှင့် တကွ ကျွန်ုပ်တို့မှ တဆင့် ဗြဟ္မာကို မြင်ရအောင် ကြည့်နိုင်ပါသည်။ မြင်အောင်ကြည့်၍ ရပါသည်။

ဗြဟ္မ သတ္ဝ ဇဂတ် မိထျာ၊ ဇီဝေါ ဗြဟ္မ ဧဝ နာပရး။

ဗြဟ္မ၊ ဗြဟ္မာသည်။ သတ္ဝ၊ သစ္စာတည်း။ ဇဂတ်၊ လောကသည်။ မိထျာ၊ မိစ္ဆာတည်း။ ဇီဝေါ၊ သူသူငါငါသတ္တဝါသည်။ ဗြဟ္မ ဧဝ၊ ဗြဟ္မာသာတည်း။ အပရး၊ အခြားတပါးသည်။ န၊ မဟုတ်ချေ။

(ဗြဟ္မသူတြ)

စတုတ္ထမဟာဝါကျအရ ဗြဟ္မာသည်သာလျှင် တခုတည်းသော သစ္စာတရားဖြစ်၍ လောကသည် အမှားတရားဖြစ်သည်။ အမှားတရားဆိုသည်မှာ ဗြဟ္မာ၏ အသွင်ဘဏ္ဍာန် သို့မဟုတ် သစ္စာ၏အရိပ်ဖြစ်သည်။ ဇီဝခေါ် သူသူငါငါ သတ္တဝါဟူသည်ကား ပရမတ္ထသစ္စာအနေဖြင့် ဗြဟ္မာ သို့မဟုတ် သစ္စာတရားပင်ဖြစ်သည်။ အသွင်သဏ္ဌာန်မှ အနှစ်သာရကို ရှာဖွေနိုင်သကဲ့သို့ "အရိပ်" မှ "အကောင်"ကို ရှာဖွေနိုင်သကဲ့သို့ လောကမှ ဗြဟ္မာကို ရှာဖွေနိုင်ပါသည်။ မိစ္ဆာမှ သစ္စာကို ရှာဖွေနိုင်ပါသည်။

လောကမှ ဗြဟ္မာကို ရှာဖွေတွေ့ရှိသော အခါ ဗြဟ္မဉာဏ်ကို ရသည်ဟု ဆိုပါသည်။ မိစ္ဆာမှ သစ္စာကို ရှာဖွေတွေ့ရှိသော အခါ

သစ္စာဉာဏ်ကို ရသည်ဟု ဆိုပါသည်။ ပြဟ္မဉာဏ်ကို ရခြင်းနှင့် သစ္စာဉာဏ်ကို ရခြင်းမှာ အနက်အဓိပ္ပါယ်အားဖြင့် အတူတူပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြဟ္မာနှင့်သစ္စာမှာ ဝေါဟာရကဲ့သော်လည်း အနက်တူသောကြောင့် ဖြစ်ပါသည်။

ဇီဝခေါ် သူသူငါငါ သတ္တဝါသည် ပြဟ္မဉာဏ် သို့မဟုတ် သစ္စာဉာဏ်ကို ရလျှင် ပြဟ္မာ ဖြစ်သွားပါသည်။ ပြဟ္မဉာဏ် သို့မဟုတ် သစ္စာဉာဏ်ကို ရခြင်းဆိုသည်မှာ ပြဟ္မာကို ပြဟ္မာအဖြစ်အမှန်အတိုင်း သိခြင်း (ဝိဇ္ဇာ) ဖြစ်ပါသည်။ ပြဟ္မာကို ပြဟ္မာအဖြစ် မသိပဲ ပြဟ္မာကို လောကအဖြစ်သိခြင်းကိုမူ အမှားသိ (အဝိဇ္ဇာ)ဟု ခေါ်ပါသည်။ ဇီဝခေါ် သူသူငါငါ သတ္တဝါသည် ပြဟ္မာကို ပြဟ္မာအဖြစ် အမှန်အတိုင်း သိလိုက်သည်နှင့် တပြိုင်နက် ဇီဝအဖြစ်မှ ပြဟ္မာအဖြစ်သို့ ကူးပြောင်းပြီး မသေခြင်း (အမတ) သဘောကို ရရှိသွားပါသည်။ ပြဟ္မာကို လောကအဖြစ်သာ အမှားအတိုင်းသိနေသေးသရွေ့ ကာလပတ်လုံး မသေခြင်း (အမတ) သဘောမရှိပဲ ဇီဝခေါ် သူသူငါငါ အဖြစ်နှင့်သာ သံသရာတလျှောက် ဤဘဝမှ ထိုဘဝသို့၊ ထိုဘဝမှ ဤဘဝသို့ ကျင်လည်ကျက်စား ပြေးသွားနေရမည်သာ ဖြစ်ပါသည်။

"သိခြင်း" သည် "ဖြစ်ခြင်း"အဖြင့်သို့ ကူးပြောင်းပြီး"အသိ"နှင့် "အဖြစ်" ထပ်တူကသဘောတည်းကျလေသောအခါမှသာ ထိုအသိကို အမှန်သိ (ဝိဇ္ဇာ) ဟု ခေါ်ပါသည်။ သိခြင်းက သိခြင်းသတ်သတ်၊ ဖြစ်ခြင်းက ဖြစ်ခြင်းသတ်သတ် ကွဲပြားနေသေးလျှင် ထိုအသိမျိုးကိုမူ အမှန်သိ (ဝိဇ္ဇာ)ဟု မခေါ်ကြပါ။ ဥပနိသျှဒ်ကျမ်းများ၌ ဤသို့သောအသိမျိုးကို အောက်ပါအတိုင်း ဖော်ပြထားကြောင်း တွေ့ရပါသည်-

အန္ဒံ တမး ပြဝိဂန္တိ၊ ယေ' ဝိဒျာမုပါသတေ။
တတော ဘူယး ဇ္ဇဝ ဓတ တမး၊ ယေဉ ဝိဒျာယံ ရတား။

(ယေ၊ အကြင်သူတို့သည်။ အဝိဒျာမ်၊ အဝိဇ္ဇာကို။ ဥပါသတေ၊ ဆည်းကပ်ကုန်၏ (ဗဟုဝုစ်)။ တေ၊ ထိုသူတို့သည်။ အန္ဓံ၊ မိုက်မျောင်သော။ တမး၊ အမိုက်တိုက်သို့။ ပြဝိဂန္တိ၊ ဝင်ကြရကုန်၏။ ယေ ဉ၊ အကြင်သူတို့သည်ကား (ဉ–နိပါတ်)။ ဝိဒျာယံ၊ ဝိဇ္ဇာ "စာသိပေသိ" ၌။ ရတား၊ ပန်းတိုင်အဖြစ် မေ့လျော့ကြကုန်၏။ တေ၊ ထိုသူတို့သည်။ တတော၊ ထိုအဝိဇ္ဇာမျောင်ထက်။ ဘူယး ဇ္ဇဝ၊ ပို၍ မိုက်မျောင်သကဲ့သို့ ဖြစ်သော။ တမး၊ အမိုက်တိုက်သို့။ ပြဝိဂန္တိ၊ ဝင်ကြရကုန်၏)။

(ဤသာဥပနိသျဒ်–၉၊၁၂၂)

အသိနှင့် အဖြစ်ကို ထပ်တူတသားတည်းကျအောင် ကျင့်ကြံအားထုတ်ခြင်းမရှိပဲ အသိကို အသိအတိုင်းထားပြီး "ဝိနည်းတတ်ကြက်သတ်" ဆိုသကဲ့သို့ ဆင်ခြေဆင်လက် များစွာဖြင့် နေချင်သလို နေ၊ လုပ်ချင်သလိုလုပ်၊ ကျင့်ချင်သလိုကျင့်ကြသော ပညာရှိ အမည်ခံသူတို့၏ အသိ(ဝိဇ္ဇာ)သည် ရိုးရိုးသာမန် ပုဂ္ဂိုလ်တို့၏ မသိ (အဝိဇ္ဇာ) ထက် ပို၍ မိုက်မျောင်ပါသည်။ ပို၍ အန္ဓကာယ်ကြီးမားပါသည်။ ပညာရှိလမ်းလွဲသည် ပညာမဲ့လမ်းလွဲထက် ပို၍ သံသရာသက် ရှည်လျားပါသည်။

အသိနှင့်အဖြစ် ထပ်တူဖြစ်ခြင်း

အသိနှင့်အဖြစ် ထပ်တူဖြစ်ခြင်းဆိုသည်မှာ သိစရာအာရုံနှင့် သိတတ်သူပုဂ္ဂိုလ်တို့ အချင်းချင်း မကွဲပြားပဲ ထပ်တူတသားတည်း

ဖြစ်သွားခြင်းကို ဆိုလိုပါသည်။ ပန်းကိုသီသည်ဆိုလျှင် ထိုသို့သီသည် နှင့်တပြိုင်နက် သီသူပုဂ္ဂိုလ်သည် ပန်း၏မွှေးပျံ့ခြင်းသဘော၊ လန်း ဆန်းခြင်းသဘော၊ လှပခြင်းသဘောတို့ကို ပိုင်ဆိုင်သွားခြင်းမျိုး ဖြစ်ပါသည်။ လေကိုသီသည်ဆိုလျှင်လည်း ထိုနည်းအတူ သီသူပုဂ္ဂိုလ် သည် လေ၏လျင်မြန်ခြင်းသဘော၊ ပေါ့ပါးခြင်းသဘော၊ တိုက်လှုပ် နှိုင်ခြင်းသဘောတို့ကို ပိုင်ဆိုင်သွားခြင်းမျိုး ဖြစ်ပါသည်။

သမထ ဝေါဟာရအရ စျာန်အဘိညာဉ်ရခြင်းမျိုး ဖြစ်သည်ဟု ဆိုလျှင် ပို၍ နားလည်နိုင်ဖွယ် ရှိပါသည်။ စျာန်အဘိညာဉ်ရသူသည် ပထဝီကသိုဏ်းစျာန်ဝင်စား၍ လေဟာပြင်ကို မြေသားအသွင်သိပြီး ခြေများဖြင့် လှမ်းသွားနိုင်စွမ်း ရှိပါသည်။ အာပေါကသိုဏ်းစျာန် ဝင်စား၍ မြေပြင်ကို ရေအသွင်သိပြီး ငုပ်လျှိုးနိုင်စွမ်းရှိပါသည်။ ဤ သဘောများကို ရည်ညွှန်း၍ ဥပနိသျှဒ်ကျမ်းများ၌ အသိနှင့်အဖြစ် ထပ်တူဖြစ်ခြင်းဟု ဆိုပါသည်။

အသိနှင့်အဖြစ် ထပ်တူဖြစ်ရာ၌ သိစရာအာရုံနှင့် သိတတ်သူ ပုဂ္ဂိုလ်တို့ အားလုံး တခုမကျန် ထပ်တူတသားတည်း ဖြစ်သွားရမည် မဟုတ်ပါ။ သို့ရာဝှင် ထို(၂) ခုတို့ တသားတည်း ဖြစ်ရေးအတွက် ယူသင့်သည့်သဘောကို ယူ၍ စွန့်သင့်သည့်သဘောကို စွန့်ရပါသည်။ ဤသို့ ယူခြင်းနှင့် စွန့်ခြင်းကို "ဇဟာဇဟ" နည်းဟူ၍လည်းကောင်း၊ "ဟာနေဘပါဒါန" နည်းဟူ၍လည်းကောင်း ခေါ်ပါသည်။ "ဇဟာ-ဇဟ"ဆိုသည်မှာ ဇဟ (စွန့်ခြင်း)နှင့် အဇဟ (မစွန့်ခြင်း)တို့ ဖြစ်ပါသည်။ "ဇဟ"နှင့် "အဇဟ"ကို ပေါင်း၍ "ဇဟာဇဟ"ဟု ခေါ်ခြင်း ဖြစ်ပါသည်။ ထိုနည်းအတူ "ဟာနေဘပါဒါန" ဆိုသည်မှာ ဟာန (စွန့်ခြင်း)နှင့် ဥပါဒါန (ယူခြင်း)တို့ ဖြစ်ပါသည်။ ဟာနနှင့် ဥပါဒါနကိုပေါင်း၍ "ဟာနေဘပါဒါန"ဟု ခေါ်ခြင်းဖြစ်ပါသည်။

ဇဟာဇဟနည်းနှင့် ဟာနောပါဒါနနည်းမှာ အနက်အဓိပ္ပါယ်အားဖြင့် အတူတူပင် ဖြစ်ပါသည်။

အဆိုပါနည်းမျှားဒါရ ဇီဝခေါ် သူသူငါငါသည် ဗြဟ္မာကိုသိ၍ ဗြဟ္မာဖြစ်သွားသောအခါ ဇီဝနှင့် ဗြဟ္မာတို့သည် တခုတည်း တသားတည်း ဖြစ်သွားကြပါသည်။ မူလ-က ဇီဝနှင့် ဗြဟ္မာဟူ၍ (၂) မျိုးရှိရာ ဇီဝ-က သိတတ်သူပုဂ္ဂိုလ်ဖြစ်ပြီး ဗြဟ္မာ-က သိစရာအာရုံ ဖြစ်ပါသည်။ ထို (၂)မျိုးတို့ တခုတည်း တသားတည်းဖြစ်ရေးအတွက် ဇီဝဘက်မှ စွန့်သင့်သည့် လောဘ၊ ဒေါသ၊ မောဟစသည်တို့ကို စွန့်ရမည် ဖြစ်ပါသည်။ ဗြဟ္မာဘက်မှလည်း အဆုံး အပိုင်းအခြား မရှိခြင်း၊ မလှုပ်ရှားခြင်းစသည်တို့ကို စွန့်ရမည် ဖြစ်ပါသည်။ နောက်ဆုံး ဇီဝနှင့် ဗြဟ္မာတို့သည် မိမိတို့ (၂)ဘက်လုံးမှ လက်ခံနိုင်သော စင်ကြယ်ခြင်း၊ လွတ်မြောက်ခြင်း၊ ချမ်းအေးခြင်း စသည်တို့ကိုယူပြီး တခုတည်း တသားတည်း ဖြစ်သွားကြရပါသည်။ ဤတခုတည်း တသားတည်းကို ဗြဟ္မာဟူ၍လည်းကောင်း၊ အတ္တဟူ၍လည်းကောင်း ခေါ်ပါသည်။ ဤသို့လျှင် ဇာသိနှင့် အဖြစ်တို့ ထပ်တူတသားတည်း ဖြစ်သွားခြင်းကို ဥပနိသျှဒ်ခေတ် ပညာရှိတို့ ညွှန်ပြကြပါသည်။

"သဗ္ဗံ ခလု ဣဒံ ဗြဟ္မ=ဤလောကတခုလုံးသည် 'ပရမတ္ထ သစ္စာအားဖြင့်' ဗြဟ္မာသာတည်း" ဟူသော စတုတ္ထ မဟာဝါကျအရ ပုဂ္ဂိုလ်သတ္တဝါ သူသူငါငါတို့သည် ဗြဟ္မဉာဏ်ကိုရ၍ ဗြဟ္မာဖြစ်သွားသောအခါ သေခြင်းတရားကိုလွန်မြောက်၍ ထာဝစဉ် ချမ်းသာသုခအစစ်အမှန်ကို ရရှိကြပါသည်။ ထိုအခါမှသာ တကယ်ရှိသည့်သဘော (သတ်)ဟူ၍လည်းကောင်း၊ တကယ်သိသည့်သဘော (စိတ်) ဟူ၍လည်းကောင်း၊ တကယ် ချမ်းသာသည့်သဘော (အာနန္ဒ) ဟူ၍လည်းကောင်း သတ်မှတ်ကြပါသည်။ "သတ်၊ စိတ်၊ အာနန္ဒ" ဟူ၍

သတ်မှတ်အပ်ဓေသာ "ဗြဟ္မာ"သည် ဥပနိသျဒ်ခေတ်၏ နောက်ဆုံး ရည်မှန်းချက် ဖြစ်ပါသည်။

ချမ်းသာခြင်း

လောကအတွေ့အကြုံအရ ကျွန်ုပ်တို့သည် ချမ်းမြေ့စရာ အာရုံများကို အာရုံပြုသောအခါ ချမ်းမြေ့ခြင်းကို ခံစားရပါသည်။ ပူဆွေးစရာအာရုံများကို အာရုံပြုသောအခါ ပူဆွေးခြင်းကို ခံစားရပါသည်။ ကျွန်ုပ်တို့၏ ခံစားမှုများသည် အာရုံ၏ အမျိုးအစားပေါ် ၌ တည်ပါသည်။ အာရုံ၏အမျိုးအစားပေါ် ၌ တည်သည်ဆိုသော်လည်း အာရုံနှင့် စိတ်တို့ အာရုံအာရမ္မဏိကအဖြစ် ဆက်သွယ်စဉ် ကာလအတွင်း၌သာ ဆိုင်ရာခံစားမှုများကို ခံစားရခြင်း ဖြစ်ပါသည်။ အာရုံနှင့် စိတ်တို့ ဆက်သွယ်မှု ပြတ်တောက်သွားသည်နှင့် တပြိုင်နက် ခံစားချက် သည်လည်း ပျောက်ကွယ်သွားပါသည်။ ဤလောကအတွေ့အကြုံကို ထောက်ထား၍ အလွန်ချမ်းမြေ့သည့် "ဗြဟ္မာ" အာရုံနှင့် စိတ်တို့ မည်သည့်အခါမျှ ဆက်သွယ်မှု မပြတ်တောက်တော့ပဲ အမြဲတမ်း တခုတည်း တသားတည်း ဖြစ်သွားပါက မည်မျှလောက် ချမ်းမြေ့နေမည်ကို ခန့်မှန်း၍ သိနိုင်ကြောင်း ဆိုကြပါသည်။

လောကနှင့်မောက္ခ

လောကနှင့် ပတ်သက်၍ ဥပနိသျဒ် ပညာရှင်တို့ ဖွင့်ဆိုကြရာတွင် လောကဟူသည် ဗြဟ္မာ၏အရိပ်၊ ဗြဟ္မာ၏ အသွင်သဏ္ဌာန်သာ ဖြစ်၏ ဟူ၍လည်းကောင်း၊ လောကနှင့် ဗြဟ္မာသည် ပရမတ္ထသစ္စာအားဖြင့် တခုတည်းသာဖြစ်၏ဟူ၍လည်းကောင်း ဖွင့်ဆိုကြပါ၏။ ထိုဖွင့်ဆိုချက်နှင့်ပတ်သက်၍ မှတ်သားဖွယ် (၂)ဂါထာကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

အဒ္ဓယံ စ ဒ္ဒယာဘာသံ၊ မနး သ္ဒပ္ပေ နှ သံသယး။
အဒ္ဓယံ စ ဒ္ဒယာဘာသံ၊ တထာ ဇာဂြဒ် နှ သံသယး။

ယထာ သ္ဒပ္ပေ ဒ္ဒယာဘာသံ၊ သ္ဒန္ဒတေ မာယယာ မနး။
တထာ ဇာဂြဒ် ဒ္ဒယာဘာသံ၊ သ္ဒန္ဒတေ မာယယာ မနး။

(သ္ဒပ္ပေ မနး၊ အိပ်မက်စိတ်သည်။ အဒ္ဓယံ စ၊ နှစ်ခု မဟုတ် တခုတည်း ဖြစ်ပါလျက်။ ဒ္ဒယာဘာသံ၊ အာရုံနှင့် အာရမ္မဏိကအားဖြင့် (၂)ခုသဖွယ် ဖြစ်၏။ နှ သံသယး၊ သံသယဖြစ်ဖွယ်မရှိ။ တထာ၊ ထို့အတူ။ ဇာဂြဒ် မနး၊ နိုးစိတ်သည်။ အဒ္ဓယံ စ၊ နှစ်ခုမဟုတ် တခုတည်းဖြစ်ပါလျက်။ ဒ္ဒယာဘာသံ၊ (၂) ခုသဖွယ်ဖြစ်၏။ နှ သံသယး၊ သံသယ ဖြစ်ဖွယ်မရှိ။

သ္ဒပ္ပေ မနး၊ အိပ်မက်စိတ်သည်။ မာယယာ၊ အဝိဇ္ဇာ မာယာဖြင့်။ ဒ္ဒယာဘာသံ၊ (၂)ခုသဖွယ် ဖြစ်အောင်။ သ္ဒန္ဒတေ ယထာ၊ လူပ်ရှားသကဲ့သို့။ တထာ၊ ထို့အတူ။ ဇာဂြဒ် မနး၊ နိုးစိတ်သည်။ မာယယာ၊ အဝိဇ္ဇာမာယာဖြင့်။ ဒ္ဒယာဘာသံ၊ (၂)ခုသဖွယ်ဖြစ်အောင်။သ္ဒန္ဒတေ၊လူပ်ရှား၏)။
(ဂါဒု-၃၊ ၂၉-၃၀)

လူတ်မြောက်မှုမောက္ခနှင့် ပတ်သက်၍ ဥပနိသျှဒ် ပညာရှင်တို့ ဖွင့်ဆိုကြရာတွင် လောကဟူသည် ပရမတ္ထသစ္စာအားဖြင့်တကယ်မရှိပဲ ဗြဟ္မာ၏ အရိပ်သဖွယ်သာဖြစ်၍ ဗြဟ္မာအပေါ် ၌ မည်သို့မျှ အကျိုးသက်ရောက်မှု မပြုလုပ်နိုင်သဖြင့် ပရမတ္ထသစ္စာအရ တကယ်မရှိသည့် လောကကို ချုပ်ငြိမ်းစေရန် တကူးတက ကြိုးပမ်းဖို့ မလိုကြောင်း၊ စိတ်သည် မလှုပ်ရှားတော့ပဲ ငြိမ်သက်သွားသည်နှင့် တပြိုင်နက်

"အဒ္ဓယ"ခေါ် ပြဟ္မာအဖြစ်သို့ ရောက်သွားကြောင်း ဖွင့်ဆိုကြပါသည်။ ထိုဖွင့်ဆိုချက်နှင့် ပတ်သက်၍ မှတ်သားဖွယ် (၃)ဂါထာကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်—

နာ နိဏောဓော နာဉပပတ္တိး၊ နာ ဗဒ္ဓါ နာ စ သာဓကော။
နာ မှု မုက္ခုး နာ ဝေ မုက္ကး၊ ဣတ္တေသာ ပရမတ္ထတာ။
မနောဒိသံ့ ဣဒံ ဒ္ဝိတ္တံ၊ ယံကိဉ္စိတ် သစရာစရံ။
မနသော ဟျမနီဘာဝေ၊ ဒ္ဝိတ္တံ နေဝေါပလဘျတေ။
အာဒိဗုဒ္ဓါး ပြကုတ္တေ၀၊ သဗ္ဗေ ဓမ္မား သုနိစ္ဆိတား။
ယသ္သေဝံ ဘဂတိ ခန္တီး၊ သော'မ့တတ္တာယ ကလ္ပတေ။
(ဂေါဒ္ဓ-၂၊၃၂၂။၃၊၆၂)

နာ နိဏောဓော၊လောကချုပ်ခြင်းဟူ၍လည်းမရှိ။ နာ ဉပပတ္တိး လောကဖြစ်ခြင်းဟူ၍လည်းမရှိ။ နာ ဗဒ္ဓါ၊ အဝိဇ္ဇာနှောင်ဖွဲ့ခံရခြင်းဟူ၍လည်းမရှိ။ နာ စ သာဓကော၊ လွတ်မြောက်အောင် အားထုတ်သူဟူ၍လည်းမရှိ။ နာမု မုက္ခုး၊ မောက္ခကို့ရလိုသူဟူ၍လည်း မရှိ။ ဝေ၊ စင်စစ်။ နာ မုက္ကး၊ လွတ်မြောက်ပြီးသူဟူ၍ လည်းမရှိ။ ဣတိ ဧသော၊ ဤသည်ပင်။ ပရမတ္ထတာ၁၊ ပရမတ္ထသစ္စာဘာသုးပေတည်း။ [ပရမတ္ထသစ္စာအားဖြင့် လောကဟူ၍ မရှိပေ။]

သစရာစရံ၊ သက်ရှိသက်မဲ့နှင့်တကွဖြစ်သော။ ယံကိဉ္စိတ်၊ အလုံးစုံသော။ ဣဒံ ဒ္ဝိတ္တံ၊ သိစရာအာရုံနှင့် သိတတ်သူဟူ၍ အနည်းဆုံး (၂)မျိုးရှိသော ဤလောကသည်။ မနောဒိသံ့၊ စိတ်က မိမိဘာသာ မိမိဖန်ဆင်း၍ မြင်နေခြင်းမျှသာတည်း။ ဟိ၊ မှန်၏။ မနသော၊ စိတ်၏။ အမနီဘာဝေ၀၊ စိတ်မဟုတ်တော့

သည့်အခါ၌၊ ဒိဋ္ဌံ၊ လောကကို။ နှစ ဥပလဘျတော၊ မရအပ်သည့်သဟတည်း။ [အာရုံမရှိပဲ စိတ်အာဿုံးတိုင်း တခုတည်းရှိနေခြင်းသည်ပင် မောက္ခမည်၏။]

သဗ္ဗေ ဓမ္မာ၊ အလုံးစုံသော သင်္ခတဝါတို့သည်။ ပြကဋတျာဧဝ၊ ပကတိသဘောအားဖြင့်သာလျှင်။ အာဒိဗုဒ္ဓါး၊ အစကတည်းက ဗုဒ္ဓဖြစ်ပြီးသားတို့ပေတည်း။ သုနိစ္ဆိတား၊ ကျိသို့ဆုံးဖြတ်အပ်ကုန်၏။ ယသျ၊ အကြင်သူအား။ ဧဝံ ခန္တိး၊ ကျိသို့ ဆုံးဖြတ်ခြင်းသည်။ ဘဝတိ၊ ဖြစ်၏။ သော၊ ထိုသူသည်။ အမုတတ္တာယ၊ အမတအကျိုးငှာ။ ကလ္ပတေ၊ သင့်လျော်လျောက်ပတ်၏။ [ပကတိသဘောအားဖြင့် လောကဟူ၍ မရှိပဲ ဗြဟ္မာသာရှိနေကြောင်း သိမြင်ခြင်းသည် မောက္ခဖြစ်၏။]

အဓိဂၢး (၂)

တိတ္ထိယဝါဒ

အခန်း (၃)

တိဘ္ထိယတို့၏ ကျင့်စဉ်မျှား

တိတ္ထိယတို့၏ အမြင်နှင့် အကျင့်

တိတ္ထိယ ဟူသောပုဒ်သည် တိတ္ထ ပုဒ်နှင့် ကွယ-ပစ္စည်းတို့ ပါဝင် ပေါင်းစပ်ထားသည့် တဒ္ဓိတ်ပုဒ် ဖြစ်ပါသည်။ တိတ္ထပုဒ်၏ အနက်မှာ "အယူဝါဒ" ဖြစ်၍ ကွယ-ပစ္စည်း၏ အနက်မှာ "ရှိသူ" ဖြစ်ပါသည်။ ထို့ကြောင့် တိတ္ထိယဆိုသည်မှာ "အယူဝါဒရှိသူ" ဖြစ်ပါသည်။ ဤနေထွဋ္ဌ အယူဝါဒရှိသူ ဆိုသည်မှာ မိမိတို့၏ ကျင့်စဉ်မျှားနှင့် အယူဝါဒ မျှားကို လွတ်လပ်စွာ ထူထောင်ကြသူမျှား ဖြစ်ပါသည်။ ဥပနိဿဒ် ခေတ်တွင် လောကမှ လွတ်မြောက်ရေးအတွက် အဝိဇ္ဇာကို သတ်ရန် အားထုတ်ခဲ့ကြပါသည်။ အဝိဇ္ဇာသည်သာလျှင် လောက၏ အကြောင်း ရင်း ဖြစ်သည်ဟု မှတ်ယူခဲ့ကြပါသည်။ တနည်းအားဖြင့်ဆိုရလျှင် လောကဟူသည် အခြားမဟုတ်၊ အဝိဇ္ဇာ၏ ရုပ်လုံး၊အဝိဇ္ဇာ၏ ဒြပ်ဖြစ်ပါ သည်။ သို့ဖြစ်၍ လောကကို ချုပ်ငြိမ်းစေလိုလျှင် အဝိဇ္ဇာကို ချုပ်ငြိမ်း အောင် အားထုတ်ရမည် ဖြစ်ပါသည်။ တိတ္ထိယခေတ်တွင်မူ အဝိဇ္ဇာ ထက် တဏှာကို ပို၍ အလေးထားလာပါသည်။ တဏှာသည်သာလျှင် လောက၏ အကြောင်းရင်းဖြစ်သည်ဟု မှတ်ယူခဲ့ကြပါသည်။ တိတ္ထိယ ဝါဒအရ လောကဟူသည် တဏှာ၏ ရုပ်လုံး၊ တဏှာ၏ဒြပ် ဖြစ်ပါသည်။ ထို့ကြောင့် လောကကို ချုပ်ငြိမ်းစေလိုလျှင် တဏှာကို သတ်ဖို့လိုပါ

သည်။ သို့ဖြစ်၍ တဏှာကိုသတ်ရန် တပ (ကျင့်စဉ်မျှား)ကို ပြောင်းလဲ၍ ကျင့်ကြခြင်း ဖြစ်ပါသည်။

ယုံကြည်မှု ပြောင်းလဲခြင်း

လူတို့သည် သဘာဝအားဖြင့် အသက်ရှည်စွာ နေလိုကြ၏။ အသက်ရှည်စွာနေရစဉ် ကာလအတွင်း၌ ချမ်းမြေ့ပျော်ရွှင်စွာ နေလိုကြ၏။ ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်နိုင်ရေးအတွက် သားသမီးနှင့် စည်းစိမ်ဥစ္စာ ရတနာဧရှင်၊ အခြံအရံ ပရိသတ်များနှင့် ပြည့်စုံလိုကြ၏။ ဤတောင့်တချက် (၃)မျိုးတို့သည် ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်တွင် ပန်းတိုင်များ ဖြစ်ခဲ့ကြ၏။ ဤပန်းတိုင်များသို့ ရောက်နိုင်ရန် ယဇ်ပူဇော်မှုကို အမျိုးမျိုး ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသည်။ ယဇ်၏ လျှို့ဝှက်ချက်ကို သိရန် အမျိုးမျိုး ကြိုးစားခဲ့ကြခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ် ကိုးကွယ်ယုံကြည်မှုကို အဆိုပါ တောင့်တမှု (၃)မျိုး၌ အခြေစိုက်၍ ဖြစ်ပေါ်လာသည့် နတ်ကိုးကွယ်မှုဝါဒ သို့မဟုတ် ယဇ်ပူဇော်မှုဝါဒဟု ခေါ်ခြင်းဖြစ်ပါသည်။ ဘာသာရေးစာပေသမိုင်းတွင် ဤခေတ်ကို ကမ္မကဏ္ဍခေတ်ဟု ခေါ်ပါသည်။

အာရညကခေတ်နှင့် ဥပနိသဒ်ခေတ်တွင်မူ ယုံကြည်မှုသည် ပြောင်းလဲသွားခဲ့ပါသည်။ ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်က ပန်းတိုင်အဖြစ် သတ်မှတ်ခဲ့သည့် အသက်ရှည်မှု၊ ပျော်ရွှင်ချမ်းမြေ့စွာ နေရမှုနှင့် စည်းစိမ်ဥစ္စာ ပြည့်စုံမှုတို့ကို ပန်းတိုင်အဖြစ် ဆက်လက် မသတ်မှတ်ပဲ လမ်းစဉ်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ပါသည်။ ထို့အပြင် ယင်းတို့ကို ဒုက္ခအဖြစ် မြင်လာခဲ့ပါသည်။ ဤသည်မှာ အာရညကခေတ်နှင့် ဥပနိသဒ်ခေတ်၏ ပြောင်းလဲတိုးတက်လာသည့် ယုံကြည်မှုဖြစ်၏။

အာရည်ကခေတ်နှင့် ဥပနိသျှဒ်ခေတ်တွင် မသေမှု (အမတ)ကို ပန်းတိုင်အဖြစ်သတ်မှတ်လာကြပါသည်။ မသေမှု (အမတ)ကိုရရှိမှသာ လူသားတို့ မျှော်မှန်းအပ်သည့် တကယ်ချမ်းသာစစ်၊ ချမ်းသာမှန်ကို ခံစားရမည်ဖြစ်ကြောင်း ယုံကြည်လာကြပါသည်။ ထိုသို့ယုံကြည်သည့် အလျောက် မသေမှု (အမတ)ကို ရရှိရေး အတွက် တရားဘာဝနာ ပွားများအားထုတ်မှုကို ပြုလုပ်လာကြပါသည်။ တရားဘာဝနာ အားထုတ်မှုကို ပြုရာတွင် အရာရာကိုင်းကို ဗြဟ္မာအဖြစ် မြင်အောင် ကြိုးစား၍ အာရုံပြုကြပါသည်။ ဤခေတ်၏ယုံကြည်မှုအရ လောကဟူသည် ဗြဟ္မာပင်ဖြစ်ရာ "ဖြစ်၊ တည်၊ ပျက်" တို့ဖြင့် အမြဲတမ်း လှုပ်ရှားပြောင်းလဲနေခိုက် လောကသည် လောကဖြစ်၍ "ဖြစ်၊ တည်၊ ပျက်"တို့ဖြင့် မလှုပ်ရှားမပြောင်းလဲခိုက် လောကသည် ဗြဟ္မာဖြစ်ပါသည်။ ထို့ကြောင့် လောကကို ရှုမှတ်ပွားများရာတွင် ဗြဟ္မာအဖြစ် အာရုံယူ၍ "ဖြစ်၊ တည်၊ ပျက်သဘောမှ ကင်းပြီး" မလှုပ်ရှားမပြောင်းလဲခိုက် အားလုံး တခုတည်း၊ တသားတည်း၊ တမျိုးတည်းအဖြစ်ကို မြင်အောင် ရှုမှတ် ပွားများရပါသည်။ ဤသို့ မြင်မှသာ ဗြဟ္မာကို မြင်သည် မည်ပါသည်။

ဤခေတ် တရားဘာဝနာ ပွားများနည်းကို ဗုဒ္ဓခေတ်သမထ ဘာဝနာ ပွားများနည်းနှင့် နှိုင်းယှဉ်ကြည့်လျှင် ဤခေတ် ပညာရှင် တို့၏ နှလုံးသွင်းပုံဘောဝကို ပို၍ နားလည် သဘောပေါက်နိုင်ဖွယ် ရှိပါသည်။ဗုဒ္ဓခေတ် သမထ ဘာဝနာပွားများနည်းအရ သမထအာရုံကို ရွှေပွားရာဘွင် စျာန်သမာဓိကို ရအောအခါ လောကနှင့် သမထအာရုံ သည် တခုတည်း၊ တသားတည်း၊ တမျိုးတည်း ဖြစ်သွားပါသည်။ ပထဝီ ကသိုဏ်းကို အာရုံပြု၍ ရွှေပွားလျှင် အရာရာတိုင်းသည် ပထဝီ ဖြစ်သွားပါအည်။ အာပေါကသိုဏ်းကို ရွှေပွားလျှင် အရာရာတိုင်းသည်

အာဇာပေါဖြစ်သွားပါသည်။ အဘိညာဉ် အဆင့်သို့ ရောက်သောအခါ၌မူ သိခြင်းနှင့်ဖြစ်ခြင်းတို့သည် တခုတည်း၊ တသားတည်း ဖြစ်သွားသည့် သဘောရှိပါသည်။ဂဠုန်ကိုသိလျှင်လည်း မိမိကိုယ်တိုင် ဂဠုန်ဖြစ်သွားပါသည်။ ပန်းကိုသိလျှင်လည်း မိမိကိုယ်တိုင် ပန်းဖြစ်သွားပါသည်။ ဤသဘောကို ဖန်ဆင်းခြင်းဟူ၍ ခေါ်ကြပါသည်။ ထို့ကြောင့် သမထဘာဝနာအရ ရရှိလာသည့် စျာန်အဘိညာဉ် စွမ်းအားကြောင့် လောကသည် နှစ်ခုမခြား တသားတည်းဖြစ်သွားသည့် သဘောကို လည်းကောင်း၊ သိစရာအာရုံနှင့် သိတတ်သူပုဂ္ဂိုလ်တို့ နှစ်မျိုးမပြား တသားတည်း ဖြစ်သွားသည့် သဘောကိုလည်းကောင်း တွေ့ကြုံသိရှိလာနိုင်ပါသည်။ ဤသဘောမျှားကို ဥပနိဿဒ်ခေတ် ဝေါဟာရဖြင့် ဖြဟ္မာဟူ၍ ခေါ်နိုင်ပါသည်။ ဘာသာရေး စာပေသမိုင်းတွင်မူ ဤခေတ်ကို ဉာဏကဏ္ဍခေတ်ဟု ခေါ်ပါသည်။

လက်ရှိယုံကြည်မှုမျှားအပေါ် မကျေနပ်ကြခြင်း

ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်တွင် ယဇ်ပူဇော်မှုကို အထွတ်အမြတ် ထားကြောင်း တွေ့ခဲ့ရပါသည်။ ယဇ်ပူဇော်မှုကို အကြောင်းပြု၍ ဗြာဟ္မဏမျှားသည် ဤနှတ်နှင့် တကွသော လောက၌ မိမိတို့ကိုယ်ကို အမြင့်မြတ်ဆုံးသော လူတန်းစားတရပ် အဖြစ် ထူထောင်ခဲ့ကြောင်းလည်း တွေ့ခဲ့ရပါသည်။ သို့ဖြစ်၍ ဤဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်မှာ ဘာသာရေးအမြင်အရဖြစ်စေ၊ လူတန်းစားအမြင်အရဖြစ်စေ မျှားစွာ ကျေနပ်ဖွယ်ရာ မရှိကြောင်း ခံယူပြီး အာရဏ်ကခေတ်နှင့် ဥပနိဿဒ် ခေတ်ကို ထူထောင်ကြခြင်း ဖြစ်ပါသည်။

ဘာသာရေးအမြင်အရ ဝေဒခေတ်ယဇ်ပူဇော်မှုမှာ ရိုးသားလွယ်ကူပြီး ဗြာဟ္မဏခေတ် ယဇ်ပူဇော်မှုမှာ ခက်ခဲရှုပ်ထွေးလှပါသည်။ သို့ရာ

တွင် ခေတ်(၂)ခေတ်လုံးဌ ဘာသာရေးယုံကြည်မှုမှာ အနှစ်သာရအား ဖြင့် ယင်ပူဇော်မှုချည်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ဗြာဟ္မဏခေတ် ဘာသာရေးယုံကြည်မှုမှာ ဝေဒခေတ်၏ မပြည့်စုံသော ဘာသာရေး ယုံကြည်မှုကို ပိုမိုပြည့်စုံအောင် အထွတ်တင်သောအားဖြင့် တိုးတက် ဖြစ်ထွန်းမှုသဒ္ဘာကိုဆောင်သည့် ဘာသာရေးယုံကြည်မှုဖြစ်ပါသည်။ သို့ရာတွင် ယင်ပူဇော်ခြင်းအားဖြင့် လူသားတို့ မျှော်လင့်တောင့်တသည့် ချမ်းသာစစ် ချမ်းသာမှန်ကို ရရှိရေးနှင့် ပတ်သက်၍ အနှောင့်အယှက်များကို တွန်းကြုံလာရာမှ ယင်ပူဇော်မှုဝါဒကို တဖြည်းဖြည်း စွန့်လွှတ်လာခြင်း ဖြစ်ပါသည်။

လူတန်းစားအမြင်အရ ယင်ပူဇော်မှုဝါဒမှာ ဗြာဟ္မဏတို့က **လက်** ဝါးကြီးအုပ် စနစ်ဖြင့် မူပိုင်ရယူထားသည့် ဝါဒဖြစ်ပါသည်။ ယင် ပူဇော်မှုနှင့် ပတ်သက်လာလျှင် ဘုန်းတန်ခိုးကြီးသော ခတ္တိယပြည့်ရှင် **မင်း**များသည်ပင် ဗြာဟ္မဏတို့၏ **အာဆိုအမိန့်**အတိုင်း လိုက်နာဆောင် ရွက်ရသည့် သဘောရှိပါသည်။ ဘာသာရေးယုံကြည်မှုအရ မိမိတို့ ဘာသာ မိမိတို့ လွတ်လပ်စွာ တိုက်ရိုက်ကိုးကွယ် ယုံကြည်ခွင့်မရပဲ ဗြာဟ္မဏ ဘို့မှတဆင့် လက်ပေခံ ကိုးကွယ်ယုံကြည်ခဲ့ရပါသည်။ ဤသည်မှာ ခတ္တိယပြည့်ရှင် မင်းများအတွက် များစွာအခံရခက်သည့် အချက်ပင်ဖြစ်ပါသည်။ ထို့အပြင် ယင်ပူဇော်မှုမှာ ဥကုန်ကြေးကျ များလှသဖြင့် ပစ္စည်းမဲ့ လူများစုအတွက် ယင်ပူဇော်မှုကို ဆောင်ရွက်ရန် ခဲယဉ်းသောကြောင့် ပြည်သူပြည်သားအများစုမှာ ဘာသာယုံကြည်မှုအရ မျှော်မှန်း တမ်းတအပ်သည့် ချမ်းသာသုခတို့မှ ကင်းဝေးရမည့် **အနေအထား**တွင် ရှိလာပါသည်။ ဤသည်မှာ ပစ္စည်းမဲ့လူများစုအတွက် များစွာ အခံရခက်သည့် အချက်ပင်ဖြစ်ပါသည်။ ထို့ကြောင့်

ယဇ်ပုဏ္ဏော်မှဝါဒ မေးမိုန်ပြီး တရားဘာဝနာ ပွားများမှုဝါဒ တိုးတက်ပေါ်ထွန်းလာခြင်း ဖြစ်ပါသည်။

တရားဘာဝနာ ပွားများမှုဝါဒမှာ အာရည်ကခေတ်နှင့် ဥပနိသျှဒ်ခေတ်၏ ဝါဒဖြစ်ပါသည်။ တရားဘာဝနာ ပွားများမှု ဝါဒသည် ယဇ်ပုဏ္ဏော်မှဝါဒနှင့် စာလျှင် လိုက်နာကျင့်သုံးရန် များစွာ ပိုမိုလွယ်ကူသည့် ဝါဒဖြစ်ပါသည်။ လူများစုနှင့် များစွာ ပိုမိုနီးကပ်သည့် ဝါဒဖြစ်ပါသည်။ ထို့အပြင် အာရည်ကခေတ် ယုံကြည်မှုနှင့် ဥပနိသျှဒ်ခေတ် ယုံကြည်မှုတို့မှာ အနှစ်သာရအားဖြင့် တရားဘာဝနာ ပွားများမှုချည်းသာ ဖြစ်သော်လည်း အာရည်ကခေတ် ယုံကြည်မှုမှာ ကျင့်ဝတ်ဖြည့်မှုအပိုင်းနှင့် ပိုမိုသက်ဆိုင်ပြီး ဥပနိသျှဒ်ခေတ် ယုံကြည်မှုမှာ အတ္တကို ရှာဖွေမှုအပိုင်းနှင့် ပိုမိုသက်ဆိုင်ပါသည်။ ထို့ကြောင့် အာရည်ကခေတ် ယုံကြည်မှုမှာ ဥပနိသျှဒ်ခေတ် ယုံကြည်မှု၏ အရွက်ဦးဖြစ်ပြီး တဖန် ဥပနိသျှဒ်ခေတ် ယုံကြည်မှုသည် ဝေဒနှင့် ဗြာဟ္မဏခေတ် ယုံကြည်မှုတို့၏ နိဂုံးဖြစ်ပါသည်။

အာရည်ကခေတ်နှင့် ဥပနိသျှဒ်ခေတ်တွင် သစ်တပင်ရိပ်၊ ဝါးတပင်အောက်၊ မြစ်ကမ်းပါးတို့၌ သခင်မ်းကျောင်း ဆောက်ကာ တရားဘာဝနာများကို မိမိတို့စိတ်တိုင်းကျ ပွားများ အားထုတ် နိုင်ကြပါသည်။ ဗြာဟ္မဏခေတ်၌ကဲ့သို့ ဌေကုန်ကြေးကျ ခံရန်လည်း မလို။ ဗြာဟ္မဏဘို့ကို အားကိုးရန်လည်းမလို။ သို့ဖြစ်၍ အာရည်ကခေတ်နှင့် ဥပနိသျှဒ်ခေတ် ယုံကြည်မှုသည့် ဗြာဟ္မဏခေတ် ယုံကြည်မှုထက် ပို၍ လွတ်လပ်ပါသည်။ ပို၍ လွယ်ကူပါသည်။ ထို့ကြောင့် ဗြဟ္မဏခေတ် ယုံကြည်မှုသည့် ပို၍ပို၍ မေးမိုန်သွားစဉ် ဥပနိသျှဒ်ခေတ် ယုံကြည်မှုသည် ပို၍ ပို၍ ထွန်းပလာခဲ့ပါသည်။

ဘာသာရေးအမြင်အရ ဗြာဟ္မဏခေတ်၌ အထွတ်အထိပ်ထား၍ သတ်မှတ်ခဲ့သည့် "သုခ" မျှားသည် ဥပနိသျှဒ်ခေတ်၌ "ဒုက္ခ"မျှား ဖြစ်လာ၍ကြပါသည်။ ဗြာဟ္မဏခေတ်၌ မမြင်ခဲ့သည့် မသေမှု(အမတ) တရားကို ဥပနိသျှဒ်ခေတ်၌ မြင်လာကြပါသည်။ သို့ဖြစ်၍ ယုံကြည်မှုအဆင့်အတန်းအရ ဥပနိသျှဒ်ခေတ်သည် ဗြာဟ္မဏခေတ်ထက် မျှားစွာ ပိုမိုမြင့်မားခဲ့ပါသည်။ ထို့အပြင် လူတန်းစား အမြင်အရလည်း ဗြာဟ္မဏခေတ်၌ ဗြာဟ္မဏဘိုးဘေး ယဇ်ပူဇော်မှုကို ဆောင်ရွက်နိုင်ခွင့် ရှိခဲ့ပါသည်။ဥပနိသျှဒ်ခေတ်၌မူ မင်းမျှားနှင့် ကုန်သွယ်လယ်လုပ်သမား မျှားပင် တောရိပ်ခိုမှီး၍ တရားဘာဝနာ ပွားမျှား အားထုတ်နိုင်ကြပါသည်။ ထို့ကြောင့် လူတန်းစား အမြင်အရလည်း ဥပနိသျှဒ်ခေတ်သည် ဗြာဟ္မဏခေတ်ထက် ပိုမို တရားမျှတမှု ရှိလာပါသည်။ ပိုမို တိုးတက်လာပါသည်၊

ဥပနိသျှဒ်ခေတ်တွင် အတ္တ သို့မဟုတ် ဗြဟ္မာကို ရှာဖွေပါသည်။ အတ္တ သို့မဟုတ် ဗြဟ္မာကို တွေ့မြင်လျှင် မသေမှု (အမတ)ကို ရရှိသည်ဟု ဆိုပါသည်။ သို့ရာတွင် တကယ်လက်တွေ့၌ကား မသေမှု (အမတ) ကို မရရှိပဲ ရရှိသည်ဟု အာဆင်မှားခြင်းသာ ဖြစ်ပါသည်။ ဥပနိသျှဒ် ခေတ်၌ အမြင့်ဆုံးရရှိနိုင်သည့် တရားမှာ မသေမှု (အမတ) မဟုတ်ပဲ လောကီစျာန်သမာပတ်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဥပနိသျှဒ်ခေတ် လာ တရားဘာဝနာ အားထုတ်မှုကို အယုံအကြည် နည်းပါးစ ပြုလာပါသည်။ မဒသမှု (အမတ)အစစ်အမှန်ကို လိုလားရှာဖွေသူမျှားသည် ဥပနိသျှဒ်ခေတ်လာ တရားဘာဝနာ အားထုတ်နည်းမျှားမှ တပါး အခြားသော တရားဘာဝနာ အားထုတ်နည်းမျှားကို ကြံစည်ကြိုးစား လာကြပါသည်။ ထိုသို့ ကြံစည် ကြိုးစားသောအခါ တရားဘာဝနာ အားထုတ်နည်းသစ်တမျိုးကို ဖွေတွေ့မြင်သိရှိ လာကြပါသည်။ ထိုနည်း

သစ်မှာ "တပ"ခေါ် ပြင်းထန်သော ကျင့်စဉ်များကို ကျင့်ကြံ အား ထုတ်ခြင်းပင် ဖြစ်ပါသည်။

"တပ" ခေါ် ပြင်းထန်သောကျင့်စဉ်များ

တပ သည် တပ်-ဓာတ်၊ အ-ပစ္စည်းဖြင့် ပြီးသော ပုဒ်ဖြစ်ပါ့သည်။ တပပုဒ်၏ မူရင်းအနက်မှာ အပူ (၀ါ) ပူခြင်းဖြစ်ပါသည်။ သို့ရာတွင် ဤနေရာ၌ ဆိုလိုရင်းအနက်မှာ မိမိကိုယ်ကို ထိန်းကွပ်ခြင်း ဖြစ်ပါသည်။ လူတို့တွင် သဘာဝအားဖြင့် တောင့်တခြင်း သုံးမျိုးရှိပါသည်။ ထိုသုံးမျိုးမှာ—

(၁) အသက်ရှည်လိုခြင်း၊

(၂) လှတ်လပ်စွာ ပျော်ရွှင် ချမ်းမြေ့လိုခြင်း၊

(၃) စည်းစိမ်ဥစ္စာ ပြည့်စုံလိုခြင်းတို့-

ဖြစ်ပါသည်။ ထိုတောင့်တခြင်း သုံးမျိုးတို့သည် နောင်ဗုဒ္ဓခေတ်၌-

(၁) အသက်ရှည်လိုခြင်းမှ "ဘဝတဏှာ" သို့လည်းကောင်း၊

(၂) လှတ်လပ်စွာ ပျော်ရွှင် ချမ်းမြေ့လိုခြင်းမှ "ကာမတဏှာ" သို့လည်းကောင်း၊

(၃) စည်းစိမ်ဥစ္စာ ပြည့်စုံလိုခြင်းမှ "ဝိဘဝတဏှာ" သို့ လည်းကောင်း၊

အနက်အဓိပ္ပာယ်ပြောင်းလဲသွားကြောင်း တွေ့ရပါသည်။ ဤပြောင်းလဲချက်များမှာ ဗုဒ္ဓခေတ်၏ ပြောင်းလဲချက်များ ဖြစ်ပါသည်။

တပ – ဝေါဟာရသမိုင်း

"တပ"ဝေါဟာရနှင့် ယင်း၏အနက်ကို စူးစမ်းရှာဖွေလျှင် ဤသို့ တွေ့ရမည် ဖြစ်ပါသည်—

တပသး တတ် မဟိနာ အဇာယဟ ဧကမ်။

(တတ်၊ ထိုအရှိတရားသည်။ တပသး၊ အကျင့်၏။ မဟိနာ၊ တန်ခိုးကြောင့်။ ဧကမ်၊ တနုသည်။ အဇာယတ၊ ဖြစ်ပေါ်ခဲ့၏။) (ရိက်ဝေဒ–၁၀၊ ၁၂၉၊ ၃)

တပသာ ယေ အနာဓိသျားး၊ တပသာ ယေ သုး ယယုး၊ တပး ယေ စကြိရေ မဟား၊ တာဉ်တ် ဧဝ အပိ ဂစ္ဆတာတ်။

(ယေ၊ အကြင် သူတို့သည်။ တပသာ၊ အကျင့်မြတ်ကြောင့်။ အနာဓိသျားး၊ ရန်သူတို့ လွှမ်းမိုးခြင်းကို မခံရကုန်။ ယေ၊ အကြင်သူတို့သည်။ တပသာ၊ အကျင့်မြတ်ကြောင့်။ သုး၊ နေမင်းတန်ခိုးသို့။ ယယုး၊ ရောက်ရှိကုန်၏။ ယေ၊ အကြင်သူတို့ သည်။ တပး၊ အကျင့်မြတ်ကို။ မဟား၊ တန်ခိုးအဖြစ်။ စကြိရေ၊ ပြုလုပ်ကြကုန်၏။ တာဉ်တ် ဧဝ အပိ၊ ထိုသူတို့ထံသို့ပင်လျှင်။ ယမ၊ အိုယမမင်း။ တုံ၊ သင်သည်။ ဂစ္ဆတာတ်၊ ရောက်နိုင်ပါ၏)။

(ရိက်ဝေဒ–၁၀၊၁၅၄၊ ၂)

ဤ၌ တပ–ဝေါဟာရသည် အကျင့်မြတ်အနက်ကို ဟောပါသည်။

တြယော ဓမ်္မာန္ဓား၊ ယညော'ဓျယနံ ဒါနံ ဣတိ ပြထမး၊ တား ဧဝ ဒွိတီယး၊ ဗြဟ္မစာရိ အာစာယ်ကုလဝါသီ တတိယး။

(ဓမီာန္ဓား၊ ဓမ္မကွန္ဓာတို့သည်။ တြယော၊ သုံးပါးတို့တည်း။ ယညး၊ ယဇ်ပူဇော်ခြင်းလည်းကောင်း။ အဓျယနံ၊ ဝေဒကို သင်ယူလေ့လာခြင်းလည်းကောင်း။ ဒါနံ၊ လှူဒါန်းခြင်းလည်းကောင်း။ ဣတိ၊ ဤသုံးမျိုးတို့သည်။ ပြထမး၊ ပထမဓမ္မကွန္ဓာမည်၏။ တပး ဧဝ၊ အတ္တကိလမထအကျင့်သည်

သာယျင်။ ဒိုတိယး၊ ဒုတိယ ဓမ္မက္ခန္ဓာမည်၏။ အာစာယိ ကုလဝါသီ၊ ဆရာ၏အိမ်၌နေသော။ ဗြဟ္မစာရီ၊ မေထုန်မှုကို ရှောင်သောအားဖြင့် မြတ်သောအကျင့်ကို ကျင့်သူသည်။ တုတိယး၊ တတိယ ဓမ္မက္ခန္ဓာမည်၏။)

(ဆန္ဒေဝျဉ္ဇပနိသျှဒ် - ၂၊၂၃၊၁)

ဤ၌ တပ - ဝေါဟာရကို အတ္တကိလမထအကျင့် (ကိုယ်ပင်ပန်းဆင်းရဲသောအကျင့်)၌ ဖြစ်ကြောင်း တွေ့ရပါသည်။

ယေ စ ဣမေ အရညေ့ ဂဒ္ဒါ တပး ဣတိ ဥပါသတေ၊ တေ အစိ်ဝံ အာဘိသမ္ဘဝန္တိ။

(ယေ စ ဣမေ၊ အကြင်သူတို့သည်။ အရညေ့၊ တောင်၌။ ဂဒ္ဒါ၊ သဒ္ဓါတရားကို။ တပး ဣတိ၊ အကျင့်မြတ်ဟူ၍။ ဥပါသတေ၊ ဆည်းကပ်ကုန်၏ (ဗဟုဝုစ်)။ တေ၊ ထိုသူတို့သည်။ အစိ်ဝ ၊ အလင်းသို့။ အာဘိသမ္ဘဝန္တိ၊ ရောက်ကုန်၏။)

(ဆန္ဒေဝျဉ္ဇပနိသျှဒ် - ၅၊၁၀၀၊၁)

ဤ၌ တပ - ဝေါဟာရကို သဒ္ဓါတရား၌ဖြစ်ကြောင်း တွေ့ရပါသည်။

တေဒ် ဝေ ပရမံ တပေါ၊ ယဒ် ဗျာဟိတော တးပျတော၊ ပရမံ ဟ ဇေ လောကံ ဇယတိ ယော ဧဝံ ဝေဒ။

ဇေတဒ် ဝေ ပရမံ တပေါ၊ ယံ ပြေတံ အရညံ့ ဟရန္တိ၊ ပရမံ ဟ ဇေ လောကံ ဇယတိ ယော ဧဝံ ဝေဒ။

ဇေတဒ် ဝေ ပရမံ တပေါ၊ ယံ ပြေတံ အဂ္ဂေါ အာဘျာဒမတိ၊ ပရမံ ဟ ဇေ လောကံ ဇယတိ ယော ဧဝံ ဝေဒ။

(ဗြိဟဒါရဏျကဉ္ဇပနိသျှဒ်-၅၊၁၁)

(ယဒ်၊ အကြင်သို့လျှင်။ ဗျာဟိတော၊ ရောဂါဖိစီးခံရသူသည်။ တပျတော၊ ပူလောင်၏။ တေဒ်၊ ကျိုသို့ပူလောင်ခြင်းသည်း ဝေ၊ စင်စစ်။ ပရမံ၊ မြတ်သော။ တပေါ၊ အကျင့်တည်း။ ယော၊ အကြင်သူသည်။ ဝံ၊ ကျိုသို့။ ဝေဒ၊ သိ၏။ သော၊ ထိုသူသည်။ ဟ ဝေ၊ မုချအားဖြင့်သာလျှင်။ ပရမံ၊ မြတ်သော။ လောကံ၊ လောကကို။ ဇယတိ၊ အောင်၏။

ပြေတံ၊ ကွယ်လွန်သော။ ယံ၊ အကြင်သူကို။ အရဏ္ဏေ၊ မီးဌာ်။ အဘျာဒဓတိ၊ ထားကုန်၏ (ဗဟုဝုစ်)။ တေဒ်၊ ကျိုသို့ထားခြင်းသည်။ ဝေ၊ စင်စစ်။ ပရမံ၊ မြတ်သော၊။ တပေါ၊ အကျင့်တည်း။ ယော၊ အကြင်သူသည်။ ဝံ၊ ကျိုသို့။ ဝေဒ၊ သိ၏။ သော၊ ထိုသူသည်။ ဟ ဝေ၊ မုချအားဖြင့်သာလျှင်။ ပရမံ၊ မြတ်သော။ လောကံ၊ လောကကို။ ဇယတိ၊ အောင်၏။

ပြေတံ၊ ကွယ်လွန်သော။ ယံ၊ အကြင်သူကို။ အဂ္ဂေါ၊ မီးဌာ်။ အဘျာဒဓတိ၊ ထားကုန်၏ (ဗဟုဝုစ်)။ တေဒ်၊ ကျိုသို့ထားခြင်းသည်။ ဝေ၊ စင်စစ်။ ပရမံ၊ မြတ်သော၊။ တပေါ၊ အကျင့်တည်း။ ယော၊ အကြင်သူသည်။ ဝံ၊ ကျိုသို့။ ဝေဒ၊ သိ၏။ သော၊ ထိုသူသည်။ ဟ ဝေ၊ မုချအားဖြင့်သာလျှင်။ ပရမံ၊ မြတ်သော။ လောကံ၊ လောကကို။ ဇယတိ၊ အောင်၏)။

ကျိုဌ် တပ-ဝေါဟာရကို သံဝေဂတရားဌ်ဖြစ်ကြောင်း တွေ့ရပါသည်။ ခြိုးခြံခြင်းသည်လည်း တပ-ခေါ် အကျင့်တမျိုးပင်ဖြစ်ကြောင်းကို ဆန္ဒောဂျဉပနိသျှဒ် ဥပကောသလဝတ္ထုဌ် ကျိုသို့လာရှိသည်ကို တွေ့ရပါသည်—

အခါတပါး၌ ကမလာ၏သား ဥပကောသလသည် ဆရာဖြစ်သူ သတျကာမဇာဗာလာ၏အထံ၌ ပြဟ္မစာရိအကျင့်ကို ကျင့်သုံးလျက်နေထိုင်၏။ သူသည် (၁၂)နှစ်တို့ကာလပတ်လုံး မီးကိုလုပ်ကျေး၏။ သတျကာမသည် ဥပကောသလမှတပါး အခြားသော ကျောင်းသားများအတွက် ကျောင်းဆင်းအခမ်းအနားနှင့် ပြည်တော်ပြန်အခမ်းအနားကို ကျင်းပပေး၏။ သို့ရာတွင် ဥပကောသလအတွက်မူ ကျောင်းဆင်းအခမ်းအနားနှင့် ပြည်တော်ပြန်အခမ်းအနားကို ကျင်းပပေးခြင်းမပြုခဲ့ချေ။ (၄-၁၀-၁)

ဇနီးဖြစ်သူက သတျကာမအား ဤသို့ပြော၏ – "ဥပကောသလသည် ခိုင်းခြံ၏။ မေထုန်မှ ရှောင်ကြဉ်ခြင်း ပြဟ္မစာရိအကျင့်ကိုကျင့်၏။မီးကိုကောင်းမွန်စွာလုပ်ကျေး၏။ (သို့ဖြစ်၍) မီးနတ်က အရှင်သတျကာမကို ကဲ့ရဲ့ခြင်းမပြုနိုင်လောင် ဥပကောသလအား (ကျောင်းဆင်းအခမ်းအနားနှင့် ပြည်တော်ပြန်အခမ်းအနား ကျင်းပပေးနိုင်သည်အထိ) ပညာသင်ကြားပေးပါလော့"။ ဤသို့ တိုက်တွန်းအပ်သော်လည်း သတျကာမသည် ဥပကောသလအား တစုံတရာသင်ကြားပေးခြင်းမပြုပဲ ခရီးထွက်ခွါသွားလေ၏။ (၄-၁၀-၂)

ဥပကောသလသည် စိတ်ဆင်းရဲမှုရောဂါ (ဗျာဓိ)ကြောင့် အစာမစားရန် ဆောက်တည်၏။ ဆရာဖြစ်သူ သတျကာမ၏ ဇနီးက ဥပကောသလအား ဤသို့ပြော၏ – "ပြဟ္မစာရိအကျင့်ကိုကျင့်သူ ဥပကောသလ.... အစာကို စားပါလော့။ အဘယ်ကြောင့် သင်သည် အစာကို မစားဘိသနည်း"။

ဥပကောသလ-က ဤသို့ပြန်ကြား၏—"ဤလူသတ္တဝါဌ္ဌများစွာကုန်သော အလိုဆန္ဒ(ကာမ)တို့သည် အမျိုးမျိုးသောအပြစ်အနာအဆာများဖြစ်ကြပါကုန်၏။ ကျွန်ုပ်သည် စိတ်ဆင်းရဲမှုဆောဂါ (ဗျာဓိ)ဖြင့် ပြည့်နှက်နေပါ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် အစာကို စားနိုင်တော့မည်မဟုတ်ပါ။ (၄-၁၀-၃)

ထိုအခါ မီးနတ်သည် ဤသို့ မိမိဘာသာ မိမိပြော၏—"ဤသူသည် ခိုးခြံ၏။ ဗြဟ္မစာရီအကျင့်ကိုကျင့်၏။ ကျွန်ုပ်တို့အား ကောင်းမွန်စွာ လုပ်မကျွေး၏။ (သို့ဖြစ်၍) သူ့အားပညာသင်ကြားပေးသင့်၏"။ ဤသို့ ပြော၍ "ထုက်သက် ဝင်သက် (ပြာဏ) သည် ဗြဟ္မာဖြစ်၏။ သုမ (ကံ) သည် ဗြဟ္မာဖြစ်၏။ အာကာသ (ခံ) သည် ဗြဟ္မာဖြစ်၏" ဟူ၍ သင်ကြားပေး၏။ (၄-၁၀-၄)

ဥပကောသလ-က ဤသို့ပြော၏—"ထုက်သက် ဝင်သက် (ပြာဏ) သည် ဗြဟ္မာဖြစ်သည်ကို သိပါ၏။ သို့ရာတွင် သုခ (ကံ) သည် လည်းကောင်း၊ အာကာသ (ခံ) သည် လည်းကောင်း ဗြဟ္မာဖြစ်သည်ကိုမူ မသိပါ"။ မီးနတ်က ဤသို့ပြန်ပြော၏—"သုခ ဟူသမျှသည် အာကာသပင်ဖြစ်၏။ အာကာသဟူသမျှသည် သုခပင်ဖြစ်၏"။ ဤသို့လျှင် မီးနတ်သည် ဥပကောသလ အား ထုက်သက် ဝင်သက် (ပြာဏ)နှင့် အာကာသတို့ကို သင်ပေး၏။ (၄-၁၀-၅)

တပေါသဒွေ ယေ ဟိ ဥပဝသန္တိ အရဇက္ခေ သန္တေဝိဒ္ဒံ ါသေ ဘိက္ခာစယ်ံ စရန္တေ၊သူယိဒ္ဓါရေဏ တေ ဝိရဇေဝေ ပြယာန္တိ၊ ယတြ အမူတေ သေ ပုရိသေ ဟျဗျယာတွေ။

(သန္တဝး၊ ငြိမ်သက်သော သမာဓိတရား ရှိကုန်သော။ ဝိဒွံ ဒါသး၊ ပညာရှိကုန်သော။ ဘိက္ခာစယိဝံ၊ ဆွမ်းခံခြင်း အာကျင့်ကို။ စရန္တး၊ ကျင့်ကုန်သော။ ယေ၊ အကြင်သူတို့ သည်။ တပေါသဒ္ဓေ၊ ရိုးရာအကျင့် (တပ) နှင့် သဒ္ဓါတရား တို့ကို။ ဟိ၊ တိကျစွာ။ အရဏ္ဍေ၊ တောဌ်။ ဥပဝသန္တိ၊ ကျင့် သုံးကြကုန်၏။ တေ၊ ထိုသူတို့သည်။ ဝိရဇား၊ ကောင်းမှု (ပုည) နှင့် မကောင်းမှု (ပါပ) တို့မှ ကင်းကုန်သည်ဖြစ်၍။ ယတြ၊ အကြင်အရပ်၌။ အမှတး၊ သေခြင်းကင်းသော။ အဗျယာတ္ဝာ၊ မပျက်စီးသောအတ္တရှိသော။ သော ပုရိသော၊ ထိုယောကျ်ားမြတ် ဟိရညဂ္ဃသည်။ ဟိ၊ အမှန်အားဖြင့်။ ဝသတိ၊ နေ၏။ တတြ၊ ထိုအရပ်သို့။ သူယိဒ္ဓါရေဏ၊ နေမင်း တံခါးဖြင့် (ဝါ) ဥတ္တရုယာဉ်ခေါ် မြောက်ဘက်လမ်း ကြောင်းဖြင့်။ ပြယာန္တိ၊ သွားကြကုန်၏)။

(မုဏ္ဍကဥပနိသျှဒ်–၁-၂-၁၁)

ဤ၌ တပ-ဒေါဟာရကို မိမိတို့၏ ရိုးရာအာကျင့် (သဓမ္မ) ၌ ဖြစ် ကြောင်း တွေ့ရပါသည်။

အထ ဥတ္တရေဏ တပသာ ပြုဟ္မစယေဏ သဒ္ဓယာ ဝိဒျယာ အာတ္မာနံ အန္ဝိသျ အာဒိတျံ အာဘိဇယန္တေ။ တေဒ် ဝေ ပြာဏာနံ အာယတနံ၊ တေဒ် အမှတံ အဘယံ၊ တေဒ် ပရာယဏံ၊ တေသ္မာတ် န ပုနရာဝတ်္တေ။ ဣတျေသး နိဇောမး။

(ပြဿဥပနိသျှဒ်–၁၊၁၀)

(အာဆ၊ ထို့ ပြင်။တပသာ၊ ကုန်ကြေးကို ဈောင့်ထိန်းခြင်းဖြင့် လည်းကောင်း။ ဗြဟ္မစယော်ဏာ၊ ဗြဟ္မစရိယအကျင့်ဖြင့် လည်းကောင်း။ သဒ္ဓယာ၊ သဒ္ဓါတရားဖြင့် လည်းကောင်း။ ဝိဒျယာ၊ ဝိဇ္ဇာဉာဏ်ဖြင့်လည်းကောင်း။ အာတပ္ပဉာနံ၊ အတ္တကို။ အန္ဝဿျ။ ရှာဖွေတတ္ပရှိ၍။ ဥတ္တရေဏာ၊ နေမင်းတံခါးဖြင့် (ဝါ)မြောက်ဘက်လမ်းကြောင်းဖြင့်။ အာဒိတျ၊ နေ မင်း လော က သို့။ အာဘိဇယန္တော်၊ ရောက်ကြကုန်၏။ ဇေတဒ်၊ ဤသည်ပင်။ ဂေ၊ အမှန်အားဖြင့်။ ပြာဏာနံ၊ သတ္တဝါတို့၏။ အာယတနံ၊ နေရာတည်း။ ဇေတဒ်၊ ဤသည်ပင်။ အမ့ုတံ၊ သေခြင်းကင်းရာတည်း။ အဘယံ၊ ဘေးကင်းရာတည်း။ ဇေတဒ်၊ ဤသည်ပင်။ ပရာယဏံ၊ လဲလျောင်းရာတည်း။ တေသ္မာတ်၊ ဤနေရာမှ။ ပုနး၊ တဖန်။ နအာဝတ်တော်၊ ပြန်မလည်ကုန်။ ဤတျသး၊ ဤသည်ပင်။ နိရောဓး၊ လောက၏ ချုပ်ခြင်းတည်း)။

ဤဌ် တပ-ဝေါဟာရသည် ဤန္ဒြိယသံဝရတရားဌ် ဖြစ်ကြောင်းကို တွေ့ရပါသည်။

ဤသို့လျှင် တပ–ကျင့်စဉ်ကို တိတ္ထိယခေတ်ဌ်သာမက ဝေဒခေတ်နှင့် ဥပနိသျဒ်ခေတ်တို့ဌ်လည်း ကျင့်သုံးကြကြောင်း တွေ့ရပါသည်။ သို့ရာတွင် ထိုဝေဒခေတ်နှင့် ဥပနိသျဒ်ခေတ်တို့ဌ် တပကျင့်စဉ်သည် ရှေဘန်းဌ်နေရာမရပဲ နောက်ဘန်းဌ်သာ နေရာရခဲ့ပါသည်။ ဥပနိသျဒ်ခေတ် နောက်ပိုင်းကာလဌ်သာ တပကျင့်စဉ်သည် နောက်တန်းမှ ရှေ့ကန်းသို့ တဟုန်တိုးတက်လာပြီး လူတန်းစား အားလုံးတို့၏ အမြတ်တနိုး ကျင့်စဉ်အဖြစ်သို့ ရောက်ရှိသွားပါသည်။ မသေမှု (အမတ)သို့ ရောက်ရှိနိုင်သည့် ကျင့်စဉ်မှာ တခုတည်းသော တပ-

ကျင့်စဉ်သာ ဖြစ်ကြောင်း ထို ခေတ် လူတန်းစား အားလုံးက အလေးအနက်ထား၍ လက်ခံယုံကြည်ခဲ့ကြပါသည်။

ဗုဒ္ဓခေတ် မတိုင်မီကာလတွင် ဗြာဟ္မဏပညာရှိ ပဉ္စဝင်္ဂိ ငါးဦးတို့သည်လည်း ထိုတပ-ကျင့်စဉ်ကို လက်ခံယုံကြည်ခဲ့ကြပါသည်။ မြတ်စွာဘုရားအလောင်းတော် ခတ္တိယနွယ်ဖွား သိဒ္ဓတ္ထ မင်းသားသည်လည်း ထိုတပ-ကျင့်စဉ်ကို (၆)နှစ်တိုင်တိုင် လက်ခံယုံကြည်ကာ ကျင့်သုံးခဲ့ပါသည်။ ထို့ကြောင့် ထိုဟပ-ကျင့်စဉ်သည် ဥပနိသျှဒ်ခေတ်နှင့် ဗုဒ္ဓခေတ်ကြားကာလတွင် ဘာသာရေးနယ်ပယ်၌ လူတန်းစားမရွေး လက်ခံယုံကြည်ခြင်း ခံရသည့် ကျင့်စဉ်ဖြစ်ခဲ့ကြောင်း ပညာရှင်များက ဆိုခြင်းဖြစ်ပါသည်။

တပ- ကျင့်စဉ်သည် လူတန်းစားမရွေး လက်ခံကျင့်သုံးလာသည့် လမ်းစဉ် ဖြစ်လာသောအခါ ဗြာဟ္မဏများသည် ထိုတပ-ကျင့်စဉ်ကို လက်ဝါးကြီးအုပ်ရန် ကြိုးပမ်းကြကြောင်း တွေ့ရပါသည်။ အထောက်အထားအဖြစ် ရာမာယဏတွင် သမ္ဘူကဝတ္ထုကို တွေ့ရပါသည်။ သမ္ဘူကသည် ဆင်းရဲသား လူဘန်းစား(သုဒ္ဒ) ဖြစ်ပါသည်။ သူသည် မသေမူ(အမတ)ကိုရှာရန် ဒဏ္ဍကတောင်၌ ပြင်းထန်သော တပအကျင့်ကို ကျင့်ခဲ့ပါသည်။ ထိုအခါ အယုဒ္ဓယ နေပြည်တော်တွင် ဗြာဟ္မဏတဦး၏ သားငယ်တယောက် သေဆုံးခဲ့ပါသည်။ ထိုသို့ ဗြာဟ္မဏတဦး၏ သားငယ်သေဆုံးရခြင်းသည် ဆင်းရဲသား သမ္ဘူက၏ ပြင်းထန်သော တပ-အကျင့်ကြောင့် ဖြစ်ကြောင်းဖြင့် ဗြာဟ္မဏများသည် ရာမမင်း၏ ညီလာခံသို့ ဝင်ရောက်၍ စွဲချက်ဘင်ခဲ့ပါသည်။ ထိုစွဲချက်အရ ရာမမင်းသည် ဒဏ္ဍကတောသို့ သွားရောက်၍ သူတော်စင်သမ္ဘူကကို ကိုယ်တိုင် သတ်ခဲ့ရပါသည်။ ထိုသို့ သတ်ရခြင်းမှာ

ထိုခေတ်ဓမ္မသတ်ကျမ်းလာ ပြစ်ဒဏ်သတ်မှတ်ချက်အရ သတ်ရခြင်းဖြစ်ပါသည်။ ထိုခေတ် ဓမ္မသတ်ကျမ်းဆိုသည်မှာ ဗြာဟ္မဏ ပညာရှင်တို့ ရေးသားပြုစုထားသည့် ကျမ်းသာဖြစ်ပါသည်။ ထို့ကြောင့် ဗြာဟ္မဏ မျှားသည် တပကျင့်စဉ်ကို လက်ဝါးကြီးအုပ်ရန် ကြိုးပမ်းကြသည်ဟု ဆိုခြင်းဖြစ်ပါသည်။

လူတို့တွင် သဘာဝအားဖြင့် တောင့်တခြင်း (၃)မျိုးရှိကြောင်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုတောင့်တခြင်း(၃)မျိုးကြောင့် သေခြင်းတရားနှင့် ရင်ဆိုင်ခြင်းဖြစ်ကြောင်း ထိုခေတ်လူတို့ သိကြပါသည်။ သေခြင်းတရားသည် ဒုက္ခဖြစ်၍ ထိုဒုက္ခမှ လွတ်မြောက်ရန် မသေခြင်းတရားကို ရှာဖွေခဲ့ကြပါသည်။ ထိုသို့ရှာဖွေသောအခါ မသေခြင်းတရားကို တွေ့ရှိရန် တောင့်တခြင်း (၃)မျိုးကို စွန့်နိုင်ဖို့ လိုအပ်ပါသည်။ တောင့်တခြင်း (၃)မျိုးကို စွန့်ရေးနှင့်ပတ်သက်၍ ဓဝဒခေတ်တွင် တဒင်္ဂပဟာနခေါ် အခိုက်အတန့်စွန့်နည်းကို တွေ့ရှိခဲ့ပါသည်။ ဥပနိသျှဒ်ခေတ်တွင်မူ ဝိက္ခမ္ဘနပဟာနခေါ် ပို၍အဆင့်မြင့်သည့် ခွါစွန့်နည်းကို ထပ်မံတွေ့ရှိခဲ့ပါသည်။ ထိုခွါစွန့်နည်းမှာလည်း ကျွန်ုပ်လောက်သည့် သဘာဝမရှိသောကြောင့် အဆင့်အမြင့်ဆုံး သမုစ္ဆေဒပဟာနခေါ် အမြစ်ဖြတ်စွန့်နည်းကို ဆက်လက် ရှာဖွေကြပါသည်။ တိတ္ထိယခေတ်တွင် အမြစ်ဖြတ် (သမုစ္ဆေဒ) စွန့်နည်းအဖြစ် တပကျင့်စဉ်ကို တွေ့ရှိကြပါသည်။

တပ-ကျင့်စဉ်၏ မူရင်းရည်ရွယ်ချက်

လူသည် သဘာဝအားဖြင့် ရယူလိုသော သဘောရှိပါသည်။ ရယူလိုသည့် သဘာဝကြောင့် ရယူရန် ကြိုးပမ်းသောအခါ သဘာဝလမ်းကြောင်းအတိုင်း "စုန်"ရောရောက်ပါသည်။သဘာဝလမ်းကြောင်း

အတိုင်း "စုန်" နေပါက သံသရာမှ မလွတ်တော့ပဲ "ထိုဘဝမှ ဤဘဝသို့၊ ဤဘဝမှ ထိုဘဝသို့" ကျင်လည်ကျက်စား ပြေးလွှားနေရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် သံသရာမှ လွတ်ရေးအတွက် သဘာဝလမ်းကြောင်းအတိုင်း "မစုန်"ပဲ သဘာဝလမ်းကြောင်းကို "ဆန်" ရမည်ဖြစ်ပါသည်။ ပါဠိဝေါဟာရဖြင့် သဘာဝလမ်းကြောင်းအတိုင်း "စုန်"သူကို အနုသောတဂါမီဟု ခေါ်ပြီး သဘာဝလမ်းကြောင်းအတိုင်း "မဟုန်"ပဲ "ဆန်"သူကို ပဋိသောတဂါမီဟု ခေါ်ပါသည်။ သဘာဝလမ်းကြောင်းကို "ဆန်" နိုင်ရေးအတွက် **ရယူလိုသောသဘော** (တဏှာ)ကို အမြစ်ဖြတ်ရမည် ဖြစ်ပါသည်။ တဏှာကို အမြစ်ဖြတ်နိုင်ရေးအတွက် ရယူလိုသည့်သဘောမှ စွန့်လွှတ်လိုသည့်သဘောသို့ ပြောင်းလဲ၍ ကျင့်ကြံရမည်ဖြစ်ပါသည်။ စွန့်လွှတ်လိုသည့် သဘောကို ကျင့်သုံးနိုင်ရေးအတွက်—

(၁) မိမိကိုယ်ကို ထိန်းကွပ်နိုင်စွမ်းရှိရန် လိုအပ်ပါသည်။

(၂) မိမိဆန္ဒကို ချုပ်ကိုင်နိုင်စွမ်းရှိရန် လိုအပ်ပါသည်။

(၃) မိမိစိတ်ကို ဆုံးမနိုင်စွမ်းရှိရန် လိုအပ်ပါသည်။

ဤသို့ မိမိကိုယ်ကို ထိန်းကွပ်ခြင်း၊ မိမိဆန္ဒကို ချုပ်ကိုင်ခြင်း၊ မိမိစိတ်ကို ဆုံးမခြင်းသည် တပ—ကျင့်စဉ်၏ မူရင်းရည်ရွယ်ချက် ဖြစ်ပါသည်။

လူသည် သံယောဇဉ်ကြိုးတို့ဖြင့် အထပ်ထပ် ရစ်ပတ်နှောင်ဖွဲ့ခြင်း ခံနေရသည့် သဘာဝအကျဉ်းသား ဖြစ်ပါသည်။ ဤနေရာ၌ သဘာဝဆိုသည်မှာ အကြောင်းအကျိုး ဖြစ်စဉ်အရ မလွဲမသွေ ဖြစ်ရခြင်း ဖြစ်ပါသည်။ သဘာဝကို လောကဟူ၍ လည်းကောင်း၊ ပဋိစ္စသမုပ္ပါဒ်ဟူ၍လည်းကောင်း အမည်တမျိုးဖြင့်လည်း ခေါ်ကြပါသည်။ သဘာဝ

အကျဉ်းသားအဖြစ်မှ လွတ်မြောက်လိုလျှင် သံယောဇဉ် ကြိုးများကို တခဲ့ချောင်းပြီးတခဲ့ချောင်း ဖြတ်တောက်ရန်လိုအပ်ပါသည်။ သံယောဇဉ် ကြိုးများကို ဖြတ်တောက်ခြင်းဟူသည် တောင့်တခြင်း (၃)မျိုးကို (သို့မဟုတ်) တဏှာ (၃)မျိုးကို အမြစ်ဖြတ်၍ သတ်ခြင်းပင် ဖြစ်ပါသည်။ အမြစ်ဖြတ်၍ သတ်ခြင်းဟူသည်မှာ ရယူခြင်းမဟုတ်ပဲ စွန့်လွှတ်ခြင်း ဖြစ်ပါသည်။ ဤခေတ်၌ ဆိုလိုသည့် ရယူခြင်းနှင့် စွန့်လွှတ်ခြင်း၏ အဓိပ္ပါယ်ကို နားလည်သဘောပေါက်စေရန် ပိုက်ကွန်တွင်းမှ ငှက်ငယ်ဥပမာကို ဆိုကြပါသည်။

ငှက်ငယ်သည် မိမိကိုယ်ကို အထပ်ထပ် ရစ်ပတ်နှောင်ဖွဲ့ထားသည့် ပိုက်ကွန်တွင်းမှ လွတ်မြောက်ရေးအတွက် အပြင်းအထန် ကြိုးစား၍ ရုန်းကန် လှုပ်ရှားပါသည်။ ထိုသို့ ရုန်းကန် လှုပ်ရှားခြင်းအားဖြင့် မိမိကိုယ်ကို ပိုက်ကွန်တွင်းမှ လွတ်မြောက်အောင် လုပ်ဆောင်ရာ မရောက်ပဲ ပိုက်ကွန် ကြိုးများ ထပ်၍ထပ်၍ ရစ်ပတ်နှောင်ဖွဲ့အောင် လုပ်ဆောင်ရာရောက်ခြင်းနှင့်တူပြီး ရုန်းကန်လှုပ်ရှားခြင်းမပြုပဲပိုက်ကွန်ကြိုးများကို တခဲ့ချောင်းပြီးတခဲ့ချောင်း အပြင်းအထန် ကြိုးစား၍ဖြတ်တောက်ခြင်းဖြင့်သာ ပိုက်ကွန်တွင်းမှ လွတ်မြောက်အောင် လုပ်ဆောင်ရာရောက်ခြင်းနှင့် တူပါသည်။ ဤဥပမာအရ ဥပနိဿဒ်ခေတ်လာ စျာန်သမာပတ်များကို ရအောင် အားထုတ်ခြင်းသည် သံယောဇဉ် ကြိုးသစ်များဖြင့် ထပ်၍ထပ်၍ ရစ်ပတ်နှောင်ဖွဲ့အောင် လုပ်ဆောင်ရာရောက်ခြင်းနှင့်တူပြီး ဤခေတ်လာ အရာရှိတိုင်းကို စွန့်လွှတ်သည့် တပ-ကျင့်စဉ်ကို ကျင့်ခြင်းသည် မူလကတည်းက ရှိပြီးသား၊ ရစ်ပတ်နှောင်ဖွဲ့ပြီးသား သံယောဇဉ် ကြိုးများကို ဖြတ်ရာရောက်ခြင်းနှင့် တူပါသည်။ အရာရှိတိုင်းကို စွန့်လွှတ်ရန် အားထုတ်သောအခါ စွန့်လွှတ်၍ ရကောင်းသည့် မရကောင်းသော တရားဆိုးများသည် အမြစ်

ပြတ်ချုပ်ငြိမ်းသွားပြီး စွန့်လွှတ်၍ မရကောင်းသည့် ကောင်းသော တရားကောင်းမျှားသည် အမြဲတစေတတ်အဖြစ် ကူးနှင်ရစ်ပေလိမ့်မည်။ ဤကျွန်ရစ်သော အမြဲတစေတတ်သည်ပင် မသေမှု (အမတ) တရားမည်ဟုသည်။ မကောင်းသော တရားဆိုးမျှား အမြစ်ပြတ် ချုပ်ငြိမ်းသွားခြင်းသည်ပင် လွတ်မြောက်ခြင်းမည်ပါသည်။ ဤခေတ်တွင် နားလည်သည့်ရယူခြင်းနှင့်စွန့်လွှတ်ခြင်းကို ဗုဒ္ဓခေတ်တွင်မူ မကောင်းသော အနက်အဓိပ္ပာယ်တမျိုးဖြင့် နားလည်ကြပြန်ပါသည်။ ဗုဒ္ဓခေတ်တွင် ရယူခြင်းကို ကာမသုခလွတ် ဟူ၍လည်းကောင်း၊ စွန့်လွှတ်ခြင်းကို အတ္တကိလမထ ဟူ၍လည်းကောင်း နားလည်ကြပါသည်။ ယင်းရယူခြင်းနှင့် စွန့်လွှတ်ခြင်းကို အစွန်းရောက်တရားမျှား ဟူ၍လည်း သတ်မှတ်ကြပါသည်။

ပြင်းထန်သော တပ-ကျင့်စဉ်

ပြင်းထန်သော တပ ကျင့်စဉ်ဟူသည် အကျဉ်းချုပ်အားဖြင့် မရှိသေးသော အသစ်အသစ်များကို ရယူရန် အားတုတ်ခြင်း မဟုတ်ပဲ ရှိပြီးသား အဟောင်း အဟောင်းများကို စွန့်လွှတ်ရန် အားထုတ်ခြင်းဖြစ်ပါသည်။ ဤသဘောပါဝင်သော ကျင့်စဉ်များအားလုံးကို ပြင်းထန်သော တပ-ကျင့်စဉ်၌ ထည့်သွင်းဖော်ပြကြပါသည်။ ဤနေရာ၌ အသစ်နှင့် အဟောင်းတို့၏ သဘောကို ပြာဟ္မဏဝါဒကျမ်းများ၌ ဤသို့ အဓိပ္ပာယ်ဖွင့်ဆိုကြပါသည်။ ပရမတ္ထသစ္စာအားဖြင့် အသစ် ဟူ၍လည်း မရှိ၊ အဟောင်းဟူ၍လည်း မရှိ၊ အသစ်နှင့် အဟောင်း (၂)မျိုးလုံးသည် မာယာမျှသာ ဖြစ်၏။ သို့ဖြစ်၍ မရှိသေးသော အသစ် အသစ်ကို ရယူရန် အားထုတ်ခြင်းသည် မာယာကြွေကွင်း၌ ဝဲ၍ တိုး၍ ဝင်သည်နှင့်သာ တူပါသည်။ မာယာကြွေကွင်း၌ တိုး၍ တိုး၍ ဝင်ပါက လွတ်မြောက်မှု "မောက္ခ" မှ ပို၍ ပို၍ ဝေးမည်ဖြစ်ပါ

သည်။ လွတ်မြောက်မှု "မောက္ခ"နှင့် ပို၍ ပို၍ နီးလိုပါက ရှိပြီးသား အဟောင်း အဟောင်းကို စွန့်လွှတ်ရန် အားထုတ်ရမည် ဖြစ်ပါသည်။ ရှိပြီးသား အဟောင်း အဟောင်းကို စွန့်လွှတ်ခြင်းသည် ကိုးဝင်မိ ရက်သားဖြစ်သည့် မာယာကြွေကွင်းကို ဖြုတ်ခြင်းပင် ဖြစ်ပါသည်။ ဤသဘောနှင့် ပတ်သက်၍ ထိုဧတ် ပညာရှိများ၏ အဆိုကို ဤသို့ တွေ့ရပါသည်—

သတော ဟိ မာယယာ ဇန္တု ယုဇျတေ နု တု တတ္ထတး၊
တတ္ထတော ဇာယတေ ယသျ၊ ဇာတံ တသျ ဟိ ဇာယတေ။

အသတော မာယယာ ဇန္တု တတ္ထတော ဇနေဝ ယုဇျတေ၊
ဝန္ဓျာပုတြော နု တတြေန မာယယာ ဝါပိ ဇာယတေ။

(သတော၊ အရှိတရုးမှ။ ဇန္တု၊ အသက် အသစ် ဖြစ်ပေါ် လာခြင်းသည်။ မာယယာ ဟိ၊ မာယာအားဖြင့် သာလျှင်။ ယုဇျတေ၊ သင့်လျော်၏။ ကတ္ထတော တု၊ ပရမတ္ထသစ္စာ အားဖြင့်မူကား။ နု ယဇျကေ၊ မသင့်လျော်။ ယသျ၊ အကြင် သူ၏။ မတေ၊ အယ္ယဉ်။ တတ္ထတော၊ ပရမတ္ထသစ္စာအားဖြင့်။ ဇာယတေ၊ အသစ် အသစ် ဖြစ်ပေါ်လာ၏။ ဣတိ ဧတော၊ ဤသို့ယူခြင်းဖုံ။ တသျ၊ ထိုသူ၏။ မတေ၊ အယ္ယဉ်။ ဇာတံ ဟိ၊ ဖြစ်ပြီးသားသည်ပင်။ ဇာယတေ၊ ထပ်၍ဖြစ်၏။ ဧတံ၊ ဤအဓိပ္ပာယ်သည်။ သျာတ်၊ ဖြစ်ရာ၏။

[အိုးသည် အိုးမဖြစ်သေးကာ မြေညက်မှ အိုးအဖြစ်သို့ ရောက်ရှိးဖြစ်သော်လည်း ဤဝါဒအရ အုံးသည် အိုးမဖြစ်သေးသော မြေညက်မှ အိုးအဖြစ်သို့ ရောက်လာသည်မဟုတ်ပဲ

အိုးဖြာ်ပြီးသား အိုးမှ အိုး ထပ်၍ ဖြစ်လာသည်ဟု ဆိုရာ ရောက်သည်။]

အသတော၊ မရှိတရားမှ။ ဇန္မ၊ အသစ် အသစ် ဖြစ်ပေါ် လာခြင်းသည်။ မာယယာ၊ မာယာအားဖြင့် လည်းကောင်း။ တတ္ထတော၊ ပရမတ္ထသစ္စာအားဖြင့် လည်းကောင်း။ နေ၀ယုဇ္ဈတေ၊မသင့်လျော်သည်သာတည်း။ ၀န္ဓျာပုတ္တော၊ အမြဲမ၏ သားသည်။ တတော့နု ၀ါပိ၊ ပရမတ္ထသစ္စာအားဖြင့် လည်းကောင်း။ မာယယာ ၀ါပိ၊ မာယာအားဖြင့် လည်းကောင်း။ နု ဇာယတေ၊ မဖြစ်ပေါ်)။

(ဂေါဒု-၃၊ ၂၇-၂၈)

ထိုခေတ်ပညာရှိတို့၏အလိုအရ မရှိတရားမှ အသစ် အသစ်တို့ ဖြစ်ပေါ်လာသည်ဟူ၍လည်း မဆိုကောင်း။ အရှိတရားမှ အဟောင်း အဟောင်း၀ို့ ပျက်သုဉ်းသွားသည်ဟူ၍လည်း မဆိုကောင်း။ ပရမတ္ထသစ္စာအားဖြင့် အသစ်၊ အဟောင်းဟူ၍ မရှိ။ အသစ်၊ အဟောင်းဟူသည် မာယာမျှသာတည်း။ ပရမတ္ထသစ္စာအားဖြင့် အရှိတရားဟူသည် သစ်သည်း မသစ်၊ ဟောင်းသည်း မဟောင်း။ ဖြစ်လည်း မဖြစ်၊ ပျက်လည်း မပျက်။ ထာ၀စဉ် တသမတ်တည်းသာဇာတည်း။

နာသတော ဝိဒျတေ ဘာ၀ေါ၊ နာဘာ၀ေါ ဝိဒျတေ သတော။

(အသတော၊ မရှိတရားမှ။ ဘာ၀ေါ၊ အသစ်ဖြစ်ပေါ်လာခြင်းသည်။ နု ဝိဒျတေ၊ မရှိ။ သတော၊ အရှိတရားမှ။ အဘာ၀ေါ၊ ဟောင်းနွမ်းပျက်စီးသွားခြင်းသည်။ နု ဝိဒျတေ၊ မရှိ)။

(ဂီတာ-၂၊ ၁၆)

တပ-ကျင့်စဉ်၏ မူရင်းရည်ရွယ်ချက်မှာ မသေမှု (အမတ)သို့ ရောက်ရှိရေးအတွက် တဏှာ (၃)မျိုးကို ဒဿမြစ်ဖြတ်၍ သတ်ရန် မိမိကိုယ်ကို ထိန်းကွပ်ခြင်း၊ မိမိဆန္ဒကို ချုပ်ကိုင်ခြင်း၊ မိမိစိတ်ကို ဆုံးမခြင်း ဖြစ်ပါသည်။ ထိုအဆင့်တွင် တပ-ကျင့်စဉ်ကို ကွန်ဖြူးထိန်းချုပ်ခြင်းဟူ၍ ဆိုနိုင်ပါသည်။ သို့ရာတွင် နောင်အဆင့်မြင့်လာသောအခါ တပ-ကျင့်စဉ်ကို ကိုယ်ခန္ဓာညှဉ်းပန်းမှု (အတ္တကိလမထ) အဖြစ်သို့ ပြောင်းလဲလိုက်ကြောင်း ဖွင့်ရပါသည်။ ဆံပင်ကိုနုတ်ခြင်း၊ အပူခံခြင်း၊ ခုန်ဆွခုန်ဆွသွားခြင်း၊ တခြိန်လုံး မတ်တတ်ရပ်နေခြင်း၊ ဆူးခင်းခုတ်၌ အိပ်ခြင်း၊ အစာကို ဖြတ်တောက်ခြင်း စသည်ဖြင့် ကိုယ်ခန္ဓာညှဉ်းပန်းမှု ကျင့်စဉ်များစွာကို ထိုခေတ်တွင် ကျင့်သုံးကြကြောင်း ဖော်ပြရပါသည်။ ထိုသို့ကျင့်ကြံရာတွင် အာသာယုံကြည်မှုအရ ရိုးသားစွာ ကျင့်ကြံသူများရှိသကဲ့သို့ လိမ်ညာကောင်ကွက်၍ မရိုးမသား ကျင့်ဟန်ဆောင်သူများလည်း ရှိကြကြောင်း ဖော်ပြရပါသည်။

တပ-ကျင့်သူ(၂)မျိုး

တပ-ကျင့်သူများမှာ အမျိုးအစားအားဖြင့် (၂)မျိုး ရှိပါသည်။ တမျိုးမှာ အတည်တကျနေထိုင်သူ ရဿေ ဖြစ်၍ အခြားတမျိုးမှာ လှည့်လည်သွားလာသူ ပရိဗိုဇ်ဖြစ်ပါသည်။ ရဿေများမှာ တောတွင်း၌ ဖြစ်စေ၊ မြစ်ကမ်းပါး၌ဖြစ်စေ သင်္ဘမ်းကျောင်း ဆောက်လုပ်နေထိုင်ပြီး တရားဘာဝနာများကို ကျင့်ကြံ အားထုတ်ကြပါသည်။ တပ-ကျင့်စဉ်များကိုလည်း ကျင့်ကြပါသည်။ အခွံခြောသာ ရဿေများသည် စာပေပို့ချခြင်း၊ အတာ်ပညာ သင်ကြားခြင်းနှင့် ကျမ်းစာများ ရေးသားပြုစုခြင်းကိုလည်း ပြုလုပ်ကြပါသည်။ ထိုရဿေများကို ကွသိများသို့မဟုတ် ဝါနပြဿများဟူ၍ ခေါ်ကြပါသည်။ ကွသိ-ပုဏ္ဏသာဝေါဟာရမှာ ပါဠိဝေါဟာရဖြစ်ပြီး ဝေဒဝေါဟာရ ရိသိ နှင့် အနက်

တူပါသည်။ သံသရာ၏ တဘက်ကမ်းကို သွားတတ်သူဟူ၍ သင်္ကေတ အဘိဓာန်ကျမ်းမျှားဌ် အနက်ဖော်ပါသည်။ ဝါနပြဿ ဟူသော ဝေါဟာရမှာ ဥပနိသျဒ်ခေတ်သုံး ဇဝါဟာရဖြစ်ပါသည်။ သင်္ကေတ-အဘိဓာန်ကျမ်းမျှားဌ် တောနေသူတော်စင် ဟူ၍ အနက်ဖော်ပါသည်။ အစာအာဟာရနှင့် ပတ်သက်၍ ရသေ့များသည် သစ်သီး သစ်ဥများ နှင့် အခြားရရာ အစားအစာများကို မှီဝဲသုံးဆောင်ကြပါသည်။ တခါတရံ ချဉ်ဆား မှီဝဲအံ့သောငှာ မင်းဥယျာဉ်နှင့် မြို့ရွာဇနပုဒ်သို့ လည်း ချဉ်းကပ်တတ်ပါသည်။ ရသေ့များသည် တပကျင့်စဉ်ဖြင့် မသေမှု(အမတ)ကို ရရှိနိုင်ရန် ရည်မှန်းခဲ့သော်လည်း သူတို့ အမြင့်ဆုံး ရရှိသည့် တရားထူးမှာ သမာပတ်ရှစ်ပါး စျာန်အဘိညာဉ်တရားသာ ဖြစ်ပါသည်။

ပရိဗိုဇ်များမှာ အပြုနေထိုင်ရာ သခိမ်းကျောင်းမရှိပဲ တနေရာမှ တနေရာသို့ လှည့်လည်သွားလာနေထိုင်သူ သူတော်စင်များ ဖြစ်ကြပါသည်။ သူတို့သည် တပကျင့်စဉ်များကိုလည်း ကျင့်ကြံပါသည်။ တရားဒေသနာများကိုလည်း ဟောပြောကြပါသည်။ ဒဿနရေးရာများ၊ ဘာသာရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပွဲများကိုလည်း ပြုလုပ်ကြပါသည်။ သူတို့သည် ခေါမခေတ် "S ɲthist" များနှင့်တူကြောင်း ပညာရှင်များက ဆိုကြပါသည်။ သင်္ကေတအဘိဓာန်ကျမ်းများအရ ပရိဗိုဇ်ဆိုသည်မှာ အလုံးစုံသော လောကီအာရုံကာမဂုဏ်တရားများကို ပယ်စွန့်၍ အိမ်ရာတည်ထောင် လူတို့ဘောင်မှ ထွက်ခွာသွားသူ ဖြစ်ပါသည်။ ထိုခေတ်တွင် ပရိဗိုဇ်များမှာ လူတို့၏ ကြည်ညိုလေးစားခြင်းကို ခံရပြီး လူတို့၏ သဒ္ဓါဘရားပေါ်၌ မှီခို အားထားသူ သူတော်စင်များ ဖြစ်ကြပါသည်။ ဥပနိသျဒ်ခေတ်သုံး ဇဝါဟာရဖြင့် ပရိဗိုဇ်များကို သညာသီများဟူ၍လည်း ခေါ်ကြ

ပါသည်။ သညာသီ၏အနက်မှာ လောကီအာရုံ ကာမဂုဏ်တရားများကို စွန့်လွှတ်ပြီးသူဟူ၍ ဖြစ်ကြပါသည်။ ယိုခေတ် ဘာသာရေးအယူအဆအရ ပရိဗိုဇ်သည် ရသေ့ထက် အဆင့်မြင့်ပါသည်။ လူ့ဘဝ၏ အဆင့် (၄)ဆင့်တွင် ရသေ့သည် တတိယအဆင့်၌ရှိပြီး ပရိဗိုဇ်သည် စတုတ္ထ အဆင့်၌ ရှိပါသည်။

လူ့ဘဝ၏ အဆင့် (၄)ဆင့်

ထိုခေတ်ယဉ်ကျေးမှုအရ လူ့ဘဝကို အဆင့်(၄)ဆင့်ဖြင့် သတ်မှတ်ကြပါသည်။ သာမန်အကြမ်းဖျင်းအားဖြင့် လူ့သက်တမ်းကို အနှစ် (၁၀၀) သတ်မှတ်ပြီး အဆင့်တဆင့်လျှင် အနှစ်(၂၅)နှစ်စီ ပိုင်းခြား၍ အဆင့် (၄) ဆင့် သတ်မှတ်ခြင်း ဖြစ်ပါသည်။ ထိုအဆင့် (၄)ဆင့်တို့မှာ—

(၁) ပဌမဆင့်(ဗြဟ္မစရိယ)၊

(၂) ဒုတိယဆင့်(ဂဟဋ္ဌ)၊

(၃) တတိယဆင့်(ဝါနပ္ပ)၊

(၄) စတုတ္ထဆင့်(သညာသ)–

တို့ ဖြစ်ကြပါသည်။

ပထမဆင့်(ဗြဟ္မစရိယ)

ပထမဆင့်(ဗြဟ္မစရိယ)ဆိုသည်မှာ ကျောင်းသားဘဝ ဖြစ်ပါသည်၊ နှစ်ကာလအပိုင်းအခြားအားဖြင့် အသက်(၂၅)နှစ်အရွယ်အထိ ဖြစ်ပါသည်၊ ကျောင်းသားဘဝတွင် အိမ်ထောင်မရှိသဖြင့် မေထုန်အပြုမှကင်းသောကြောင့် ထိုပထမအဆင့်ကို ဗြဟ္မစရိယ (မြတ်

သောအကျင့်ကို ကျင့်ခြင်း)ဟူ၍ ခေါ်ခြင်းဖြစ်ပါသည်။ ထိုခေတ် ပညာရေးစနစ်အရ ကျောင်းသားဘဝတွင် စာပေပညာ(ပရိယတ်)ကို လည်း သင်ယူရပါသည်။ အကျင့်သိက္ခာ(ပဋိပတ်)ကိုလည်း အားထုတ် ရပါသည်။ ထိုခေတ်က ဇရာများမှာ ရသေ့သူတော်စင်များ ဖြစ်ကြ ပါသည်။

စာပေပညာ(ပရိ က်)ပိုင်းတွင် အင်္ဂဝရုသသိပ္ပခေါ် (၁၈)ရပ် သော အတတ်ပညာရပ်များပါဝင်ပါသည်။ ထို့အပြင် အနာဂတ်ဘဝ အတွက် လက်တွေ့လေ့ကျင့်ခန်းများအနေဖြင့် ဆွမ်းခံခြင်း၊ ထမင်း ချက်ခြင်း၊ ဥယျာဉ်စိုက်ပျိုးခြင်း၊ နွားကျောင်းခြင်း၊ ရေခပ်ခြင်း စသည့် အိမ်မှုဆောင်တာ လုပ်ငန်းအဝဝကိုလည်း လုပ်ဆောင်ရပါ သည်။ အကျင့်သိက္ခာ(ပဋိပတ်)ပိုင်းတွင် ဣန္ဒြေကိုစောင့်ထိန်းခြင်း၊ ခြိုးခြံစွာနေထိုင်ခြင်း၊ ကိုယ်စိတ်နှစ်ပါးဖြူစင်အောင် ထားခြင်းစသည့် တပ-ကျင့်စဉ်များ ပါဝင်ပါသည်။ ကျောင်းသားဘဝတွင် ထိုကဲ့သို့ စာပေပညာနှင့် အကျင့်သိက္ခာကို သင်ကြားလေ့ကျင့်ပေးခြင်းမှာ ဒိမ်ထောင်သည်ဘဝတွင် ကိုယ်စိတ်(၂)ပါး ဖြူစင်စွာထား၍ အိမ် ထောင်သည်ဘဝ၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင် နိုင်ရေးအတွက် ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုလျှင် ထိုခေတ်ပညာ ရေးသည် အသိ(ဝိဇ္ဇာ)နှင့် အကျင့်(စရဏ)ကို တသားတည်းဖြစ် အောင် ဖန်တီးခဲ့သည့် ပညာရေးပင် ဖြစ်ပါသည်။ ထိုကဲ့သို့သော ပညာရေးစနစ်ကို ကျင့်သုံးခြင်းမှာ အကျင့်(စရဏ)ပေါ်၌ တည် ဆောက်သည့် အသိ(ဝိဇ္ဇာ)သည်သာ မှန်ကန်သောအသိ ဖြစ်သည်ဟု ယုံကြည်သောကြောင့် ဖြစ်ပါသည်။ သင်ကြားသူ ဆရာများကိုယ်တိုင် ကလည်း အသိနှင့်အကျင့်(၂)ပါးစုံ တသားတည်းဖြစ်နေသည့် ရသေ့ သူတော်စင်များ ဖြစ်ကြပါသည်။

ဒုတိယဆင့်(ဂဟဋ္ဌ)

ဒုတိယဆင့်(ဂဟဋ္ဌ)ဆိုသည်မှာ အိမ်ထောင်သည်ဘဝ ဖြစ်ပါသည်။ ဂဟဋ္ဌသဒ္ဒါ၏ တိုက်ရိုက်အနက်မှာ အိမ်၌တည်ရှိသူဟူ၍ ဖြစ်ပါသည်။ နှစ်ကာလအပိုင်းအခြားအားဖြင့် အသက်(၂၆)နှစ်အရွယ်မှ(၅၀)နှစ် အရွယ်အထိ ဖြစ်ပါသည်။ ထိုခေတ် ယဉ်ကျေးမှုအရ အိမ်ထောင်ပြုခြင်းသည် ကာမဂုဏ်ခံစားခြင်းအတွက်မဟုတ်ပဲ လောကလူ့ဘောင်ကို အကျိုးပြုနိုင်သည့် သားသမီးရတနာများ ထွန်းကားစေရန်အတွက်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ ဇနီးသည်ကို တရုးကွင့်ဖက် (သဟဓမ္မစာရိနီ)ဟူ၍ လည်းကောင်း၊ ကောင်းမှုပြုဖက် (သဟပုညကာရိနီ) ဟူ၍လည်းကောင်း ခေါ်ကြခြင်းဖြစ်ပါသည်။

ကြီးမြတ်သောပူဇော်ခြင်း(၅)မျိုး

လူ့ဘဝတွင် လူသားတန်းယောက်အဖြစ် ရပ်တည်နိုင်ရေးအတွက် အထောက်အပံ့ပြုသည့် ကျေးဇူးရှင်(၅)မျိုးရှိပါသည်။ ထို(၅)မျိုးကို အိမ်ထောင်သည်ဘဝတွင် စတင်၍ နေ့စဉ် ကျေးဇူးဆပ်ရပါသည်။ နေ့စဉ်ကျေးဇူးဆပ်သော်လည်း ထိုဓကျေးဇူးများကား ကုန်နိုင်သည်ဟူ၍ မရှိပါ။ ထို့ကြောင့် ထိုကျေးဇူးရှင်(၅)မျိုးကို **သံသရာကျေး**ဇူးရှင်(၅)မျိုးဟူ၍လည်း ခေါ်ကြပါသည်။ ထိုသံသရာကျေးဇူးရှင်(၅)မျိုးအား နေ့စဉ် ကျေးဇူးဆပ်ခြင်းကို ကြီးမြတ်သောပူဇော်ခြင်း (မဟာယဇ္ဉ) (၅)မျိုးဟု သတ်မှတ်ပါသည်။ ထိုကြီးမြတ်သော ပူဇော်ခြင်း(မဟာယဇ်ည)(၅)မျိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ဒေဝယဇ်ည(နတ်ဗြဟ္မာများအား ပူဇော်ခြင်း)
(၂) ဣသိယဇ်ည(ဆရာသမားများအား ပူဇော်ခြင်း)
(၃) ပိတုယဇ်ည(မိဘများအား ပူဇော်ခြင်း)

(၄) နရယည(လူသားအချင်းချင်း ပူဇော်ခြင်း)

(၅) ဘူတယည(တိရစ္ဆာန်နှင့်သက်မဲ့ရုပ်လောကအား ပူဇော်ခြင်း)

ဒေဝယည (နတ်ဗြဟ္မာများအား ပူဇော်ခြင်း)

ဒေဝ-ဆိုသည်မှာ ဖန်ဆင်းရှင်ဗြဟ္မာကို ဆိုလိုရင်းဖြစ်ပါသည်။ အခြားသော လောကစောင့်နတ်များကိုလည်း ဒေဝ-အရယူပါသည်။ ဖန်ဆင်းရှင်ဗြဟ္မာနှင့် အခြားသော လောကစောင့်နတ်များကြောင့် ကျွန်ုပ်တို့သည် ဤလောကၦ လူဖြစ်လာရခြင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အဒန္နာင့်အယုတ်ကင်းစွာ နေထိုင်နိုင်ကြခြင်း ဖြစ်ပါသည်။ ကျွန်ုပ်ဘို့သည် မိမိအိမ်ဆောင်စုနှင့်တကွ လောကလူ့ဘောင်အတွက် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဖန်ဆင်းရှင်ဗြဟ္မာနှင့် လောကစောင့်နတ်များအား နေ့စဉ်ကျေးဇူးဆပ်အပ်ပါသည်။ ဖန်ဆင်းရှင်ဗြဟ္မာနှင့် လောကစောင့်နတ်များအား နေ့စဉ်ကျေးဇူးဆပ်ခြင်းဆိုသည်မှာ ဘုရားရှိခိုးခြင်း၊ ဘုရားရှိခိုးလက်ဝါးများကို ရွတ်ဆိုခြင်း၊ တရားဘာဝနာ အားထုတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ အမျှဝေခြင်း၊ တပ-အကျင့်ကို ကျင့်ခြင်းတို့ ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းများကို ဒေဝယညဟု ခေါ်ပါသည်။ ထို့အပြင် ယင်းသို့ဆောင်ရွက်ခြင်းသည်ပင် ဖန်ဆင်းရှင်ဗြဟ္မာနှင့် လောကစောင့်နတ်များအား ကြီးမြတ်သော ပူဇော်ခြင်းဖြင့် ပူဇော်ရာရောက်သည့် ပထမပူဇော်ခြင်း ဖြစ်ပါသည်။

ဂ္ဂသိယည(ဆရာသမားများအား ပူဇော်ခြင်း)

ဂ္ဂသိ-ဆိုသည်မှာ ရသေ့သူတော်ဗင်ကို ဆိုလိုရင်း ဖြစ်ပါသည်။ အခြားသော ဆရာသမားများကိုလည်း ဂ္ဂသို့-အရ ယူပါသည်။

ရဿေသူတော်စင်များနှင့် အခြားသော ဆရာသမားများကြောင့် ကျွန်ုပ်တို့သည် အဋ္ဌာရသသိပ္ပဒေါ် (၁၈)ရပ်သော အတတ်ပညာရပ်များကို တတ်မြောက်လာရခြင်း ဖြစ်ပါသည်။ အကျင့်သိက္ခာများကို တတ်သိနားလည်၍ ကျင့်ကြံနိုင်ကြခြင်း ဖြစ်ပါသည်။ သိမ္မု(ဝိဇ္ဇာ)နှင့် အာကျင့်(စရဏ)ကို တသားတည်းဖြစ်အောင် ဆောင်ရွက်နိုင်ကြခြင်း ဖြစ်ပါသည်။ ကောင်း၊မကောင်းကို ခွဲခြားဝေဖန်၍ အကောင်းကိုဆောင်၊ မကောင်းကို ရှောင်နိုင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဣသိများနှင့် အခြားဓသာဆရာသမားများအား နှေစဉ်ကျေးဇူးဆပ်အပ်ပါသည်။ ဤနေရာ၌ နှေစဉ်ကျေးဇူးဆပ်ခြင်း ဆိုသည်မှာ ကျမ်းပြုပညာရှင်ရဿေများနှင့် အခြားသော ဆရာသမားများ၏ ကျမ်းဂန်စာပေများကို လေ့လာသင်ယူခြင်း၊ ပို့ချခြင်း၊ မတိမ်ကော မပျောက်ပျက်အောင် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းများကို ဣသိယညဟု ခေါ်ပါသည်။ ထို့အပြင် ယင်းသို့ဆောင်ရွက်ခြင်းသည်ပင် ရဿေသူဧဘော်စင်များနှင့် အခြားသော ဆရာသမားများအား ကြီးမြတ်သောပူဇော်ခြင်းဖြင့် ပူဇော်ရာရောက်သည့် ဒုတိယပူဇော်ခြင်း ဖြစ်ပါသည်။

ပိတုယည(မိဘများအား ပူဇော်ခြင်း)

ပိတု–ဆိုသည်မှာ ဖခင်ကိုဆိုလိုရင်းဖြစ်ပါသည်။ဘိုးဘွားစဉ်ဆက်ကိုလည်း ပိတု-အာရယူပါသည်။ မိမိဘို့မိဘများကြောင့် မိမိတို့လူဖြစ်လာရခြင်းဆိုသည်မှာ ငြင်းဆိုချက်မထုတ်နိုင်သည့် အလိုအလျောက်သက်သေပြပြီးသား သက်သေပြချက်(သယံသိဒ္ဓ) ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အပေါ်၌ ကျေးဇူးများလှသော မိဘများကို နှေစဉ် ကျေးဇူးဆပ်အပ်ပါသည်။ ဤနေရာ၌ ကျေးဇူးဆပ်ခြင်းဆိုသည်မှာ မိဘများကို ရိုသေစွာလုပ်ကျေးမွေးမြူခြင်း၊ ကွယ်

လွန်သွားသော မိဘများကို ရည်စူး၍ ကောင်းမှုကုသိုလ်ပြုလုပ်ခြင်း၊ မိဘများ၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိဘများနှင့် တကွ ဘိုးဘေးစဉ်ဆက်တို့၏ ရိုးရာဓလေ့များ၊ တုံးတမ်းစဉ်လာများ၊ ယဉ်ကျေးမှုများကို ထိန်းသိမ်းသိုက်နာခြင်း၊ မိဘတို့လိုက်နာခဲ့သည့် ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်များကို အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားဓလေ့စဉ်ဂုဏ် ဖြစ်စေ ဂုဏ်သူဌေးထိန်းသိမ်းခြင်းတို့ ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းများကို ပဲဘုဃသည်ဟု ခေါ်ပါသည်။ ထို့အပြင် ယင်းသို့ ဆောင်ရွက်ခြင်းသည်ပင် မိခင်ဖခင်နှင့်တကွ မျိုးနွယ်စဉ်ဆက် တို့အား ကြီးမြတ်ခေသာပူဇော်ခြင်းဖြင့် ပူဇော်ရာရောက်သည့် တတိယ ပူဇော်ခြင်း ဖြစ်ပါသည်။

နရယည (လူသားအချင်းချင်း ပူဇော်ခြင်း)

နရ–ဆိုသည်မှာ လူသားအချင်းချင်းကို ဆိုလိုရင်း ဖြစ်ပါသည်။ ကျွန်ုပ်ဘို့သည် တယောက်ထီးတည်း နေထိုင်နိုင်ကြသူများ မဟုတ်ပဲ လူ့ဘောင် အဖွဲ့အစည်းအတွင်း၌ အချင်းချင်းမှီခိုကာ နေထိုင်ကြသူများဖြစ်ပါသည်။ အခြားသောလူသားများမရှိပဲ မိမိတဦးတည်း သာလျှင် ကျွန်ုပ်တို့ဘဝသည် ယခုကဲ့သို့သော အနေအထားမျိုး၌ နေထိုင်နိုင်ကြမည်မဟုတ်ပါ။ ထို့ကြောင့် အခြားသော လူသားများသည် ကျွန်ုပ်ဘို့အပေါ်၌ ကျေးဇူးများလှပါကြောင်း ငြင်းဆိုဖွယ်မရှိပ။။ ထို့ကြောင့် ကျွန်ုပ်ကိုသည် မိမိတို့အပေါ် ကျေးဇူးများသော လူသား အချင်းချင်းအပေါ် တုံ့ပြန်၍ ကျေးဇူးဆပ်အပ်ပါသည်။ ဤနေရာ၌ ကျေးဇူးဆပ်ခြင်းဆိုသည်မှာ တိုင်းပြည်နှင့် လူမျိုးကို ချစ်ဝတ်သော စိတ် မွေးမြူခြင်း၊ တိုင်းပြည်နှင့် လူမျိုးအတွက် မွန်မြတ်သော စေတနာဖြင့် အနစ်နာခံ၍ ဆောင်ရွက်ခြင်း၊ ရသင့်ရထိုက်သော မိမိ၏ အခွင့်အရေးများကို ရှေဟန်းတင်၍ ရတိုင်းမယူပဲ အများအတွက်

လိုက်လဲ့ဝမ်းမြောက်စွာ ခွဲဝေပေးခြင်း၊ အဂတိတရား မလိုက်စားပဲ တရားလမ်းကြောင်း ဖြောင့်မတ်စေခြင်းငှာ တရားသဖြင့် ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။ နောင်ဗုဒ္ဓဓေတ် ရောက်သောအခါ ဤသဘောတရား (၄)မျိုးကို ပြဟ္မစိုရ်တရား (၄)ပါးအဖြစ် ပြောင်းလဲ၍ ကျင့်သုံးကြပါသည်။ ဤသို့ ဆောင်ရွက်ခြင်းကို နရယညဟု ခေါ်ပါသည်။ ထို့အပြင် ယင်းသို့ ဆောင်ရွက်ခြင်းသည်ပင် လူသားအချင်းချင်း အပေါ် ကြီးမြတ်သော ပူဇော်ခြင်းဖြင့် ပူဇော်ရာ ရောက်သည့် စတုတ္ထပူဇော်ခြင်း ဖြစ်ပါသည်။

ဘူတယည (တံရစ္ဆာန်နှင့် သက်မဲ့ချပ်လောကအား ပူဇော်ခြင်း)

ဘူတ-ဆိုသည်မှာ တိရစ္ဆာန်၊ သစ်ပင်နှင့် ဘေဘောင်ရေမြေ သဘာဝ ပတ်ဝန်းကျင်တို့ ဖြစ်ပါသည်။ ကျန်ုပ်တို့ ဘဝသည် နတ် ဗြဟ္မာများ၊ သူဒေဘော်စင် ဆရာသမားများ၊ ဆွေစဉ်မျိုးဆက်များ၊ လူ့ဘောင် အဖွဲ့အစည်းများပေါ်သာမက တိရစ္ဆာန်၊ သစ်ပင်နှင့် ဘေဘောင်ရေမြေ သဘာဝ ပတ်ဝန်းကျင်တို့ အပေါ် ၌လည်း မှီပါသည်။ ထို့ကြောင့် တိရစ္ဆာန်၊ သစ်ပင်နှင့် ဘေဘောင်ရေမြေ သဘာဝပတ်ဝန်းကျင်တို့အပေါ် တုံ့ပြန်၍ ကျေးဇူးဆပ်အပ်ပါသည်။ ဤနေရာ၌ ကျေးဇူးဆပ်ခြင်းဆိုသည်မှာ တိရစ္ဆာန်များအား ဘေးမဲ့ပေးခြင်း၊ မွေးမြူခြင်း၊ အစားအစာပေးခြင်း၊ သစ်ပင်ပန်းမာလ်များ စိုက်ပျိုးခြင်း၊ ရေဘူင်းရေကန် တူးခြင်း၊ ရေမြောင်းဖောက်ခြင်းတို့ ဖြစ်ပါသည်။ ဤသို့ ဆောင်ရွက်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် သက်ရှိ သက်မဲ့ ပတ်ဝန်းကျင် လောကဘခုလုံးနှင့် ရင်းနှီးသော ဆက်သွယ်မှုကို ရရှိပြီး ဆိုသက်ရှိသက်မဲ့ ပတ်ဝန်းကျင်လောကမှ ဖြစ်စင်သော၊ လန်းဆန်းသော၊ ဖြောင့်မတ်သော သဘာဝ အားအင်သစ်များကို ရရှိနိုင်ပါသည်။ အမှန်အားဖြင့် နတ်ဗြဟ္မာများနှင့်တကွ လူသားများ

အပါအဝင် သက်ရှိ သက်မဲ့ လောကတခုလုံးသည် မူလစတင်ရာ တခု တည်းသော အကြောင်းအရင်းမှ ဖြာထွက်လာကြသည့် အကျိုးတရား အစိတ်အပိုင်းများသာဖြစ်၍ မိမိတို့အချင်းချင်း တနည်းမဟုတ်တနည်း ဖြင့် ဆက်သွယ်မှုကျေးဇူးပြုမှု ရှိကြပါသည်။ ထိုဆက်သွယ်မှု ကျေးဇူးပြု မှုကို တိတိကျကျ ကျွန်ုပ်တို့မသိစေကာမူ ကျွန်ုပ်တို့၏ရင်တွင်း၌ ရှိသော ဖြူစင် မြင့်မြတ်သော စေတနာဖြင့် ထိုထို သက်ရှိ သက်မဲ့ ပတ်ဝန်းကျင် ကို အလေးအနက်ထားကာ တုံ့ပြန်၍ ဆက်ဆံအပ်ပါသည်။ ထိုသို့ တုံ့ပြန်၍ ဆက်ဆံခြင်းကို ဘုတယညု ဟု ခေါ်ပါသည်။ ထို့အပြင် ယင်းသို့ ဆောင်ရွက်ခြင်းသည်ပင် တိရစ္ဆာန်များ၊ သစ်ပင် ပန်းမာလ် များနှင့် တောတောင် ရေမြေ သဘာဝပတ်ဝန်းကျင်အပေါ် ကြီးမြတ် သော ပူဇော်ခြင်းဖြင့် ပူဇော်ရာရောက်သည့် ပဉ္စမ ပူဇော်ခြင်း ဖြစ်ပါသည်။

လောကလူ့ဘောင်အတွင်းသို့ လူသားတယောက်အဖြစ် ဝင်ရောက် လာသူသည် ဒုကိယအဆင့် (ဂဟဋ္ဌ) ခေါ် အိမ်ထောင်သည် ဘဝသို့ ရောက်သည်နှင့် တပြိုင်နက် ထိုခေတ် ယဉ်ကျေးမှုနှင့် ယုံကြည်မှုအရ မဟာယညု ခေါ် ကြီးမြတ်သော ပူဇော်ခြင်း (၅) မျိုးကို နေ့စဉ် မပြတ် ပြုအပ်ပါသည်။ ထိုသို့ပြုရန်လည်း သတ်မှတ် ပြဋ္ဌာန်းထား ရှိပါသည်။ အိမ်ထောင်သည် ဘဝကား လေ့ကားထစ်၏ အလယ်ဗဟို၌ ရှိသူကဲ့သို့ ဖြစ်ပါသည်။ အထက်ကို တက်သူဟူ၍ ဆိုလိုကလည်း ဆိုနိုင်ပါသည်။ အောက်ကို ဆင်းသူဟူ၍ ဆိုလိုကလည်း ဆိုနိုင်ပါသည်။ အထက်နှင့် အောက် သို့မဟုတ် သစ္စာနှင့် မာယာတို့၏ ဆုံရာ ဌာနကား အိမ်ထောင်သည်ဘဝ ဖြစ်ပါသည်။ အရာရာတိုင်းတွင် အထက်နှင့် အောက် သို့မဟုတ် သစ္စာနှင့် မာယာတို့ ရှိကြပါသည်။ အထက်နှင့် အောက် သို့မဟုတ် သစ္စာနှင့်မာယာတို့သည် မျက်နှာမူရာချင်းဆန့်ကျင်

သော်လည်း တည်ရာဌာနကား တခုတည်းသာ ဖြစ်ပါသည်။ ထိုတခုတည်းကား အိမ်ထောင်သည် ဘဝ ဖြစ်ပါသည်။ သို့ဖြစ်၍ အထက်နှင့် အောက် သို့မဟုတ် သစ္စာနှင့် မာယာတို့၏ ဆုံရာ အိမ်ထောင်သည် ဘဝမှ အထက်သို့ မျက်နှာမူ၍ တက်ရောက်နိုင်စေခြင်းငှာ သို့မဟုတ် သစ္စာ၏ မျက်နှာမူရာဘက်သို့ လျှောက်လှမ်းနိုင်စေခြင်းငှာ ထိုခေတ် ပညာရှိတို့သည် အိမ်ထောင်သည် ဘဝကို အလေးအနက်ထား၍ မဟာယညခေါ် ကြီးမြတ်သော ပူဇော်ခြင်း (၅) မျိုးဖြင့် အဝိဇ္ဇာ မုခ်ဦးကိုပိတ်၍ ဝိဇ္ဇာမုခ်ဦးကို ဖွင့်ပေးခဲ့ခြင်း ဖြစ်ပါသည်။

တတိယဆင့် (ဝါနပဋ္ဌ)

တတိယဆင့် (ဝါနပဋ္ဌ) ဆိုသည်မှာ တောနေ သူတော်စင်ဘဝ ဖြစ်ပါသည်။ သက္ကဋ္ဌ ဝေါဟာရဖြင့် ဝါနပြဿဟူ၍ ခေါ်ပါသည်။ အိမ်ထောင်သည် ဘဝကို ကျော်လွန်သောအခါ ဤအဆင့်သို့ ရောက်ပါသည်။ နှစ်ကာလအားဖြင့် အသက် (၅၁)နှစ်မှ (၇၅)နှစ် အရွယ် အထိ ဖြစ်ပါသည်။ ဤအဆင့်တွင် အိမ်ထောင်ရှင်သည် အိမ်ထောင်၏ တာဝန် ဝတ္တရားများကို မိမိ၏ သား သမီးများအား လွှဲအပ်၍ တောထွက်ပါသည်။

တောထဲ၌ သစ်မိုးကျောင်းဆောက်၍ တရားဘာဝနာ ဒါနထုတ်ခြင်း၊ တပ-ကျင့်စဉ်များကို ကျင့်ကြံ အားထုတ်ခြင်းဖြင့် ဤတတိယဆင့်၏ လုပ်ငန်းများကို ဆောင်ရွက်ပါသည်။ မဟာယညခေါ် ကြီးမြတ်သော ပူဇော်ခြင်း (၅)မျိုးကိုလည်း နေ့စဉ် ဆောင်ရွက်ပါသည်။ ဤသည်များမှာ မိမိအတွက် ဆောင်ရွက်သည့် လုပ်ငန်းများ ဖြစ်၏သည်။ ထို့အပြင် လောက လူ့ဘောင်အကျိုး ဂုရုကုလခေါ် ပညာသင်ဌာန ဖွင့်လှစ်၍ တပသ်များ ကို မွေးမြူလက်ခံကာ (၁၈)ရပ်

သော အတတ်ပညာများအနက် မိမိကွမ်းကျင်ရာ အတတ်ပညာများကို သင်ကြားပေးပါသည်။ ဇာခါဝရံ ဆွေးနွေးပွဲများကို ကျင်းပ၍ လူမှုရေးနှင့် အမျိုးသားရေးဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်သည့် နည်းပညာများကို ချမှတ်ပါသည်။ ကျွမ်းစာများ ရေးသားခြင်းသည် ဤဘတိယဆင့်၏ အဓိကကျသော လုပ်ငန်းတရပ် ဖြစ်ပါသည်။ အကျဉ်းအားဖြင့် ဤတတိယဆင့်သည် မိမိအတွက် တရားဘာဝနာ အားထုတ်ခြင်း၊ ပညာရပ်များကို စူးစမ်းလေ့လာခြင်းနှင့် အခြားသူများအတွက် သင်ကြားပေးခြင်း ဖြစ်ပါသည်။

ဂုရုကုလ၏ မူရင်းအနက်မှာ ဆရာ၏ အမျိုးဖြစ်ပါသည်။ နာလန္ဒနှင့် တက္ကသိလတို့သည် ထင်ရှားသော ဂုရုကုလများ ဖြစ်ပါသည်။ ထို့အပြင် ဒုရဝါသ၏ဂုရုကုလမှာ ကျောင်းသားပေါင်း ခြောက်သောင်း အထိ ရှိ၍ ယဉ်ဝါကျ၏ ဂုရုကုလမှာ ကျောင်းသားပေါင်း နှစ်သောင်း ရှစ်ထောင်အထိ ရှိသည်ဟု ဆိုပါသည်။ သို့ဖြစ်၍ ဂုရုကုလဟူသည် ယနေ့ခေတ် အဓိပ္ပါယ်အားဖြင့် တက္ကသိုလ်များပင် ဖြစ်ပါသည်။

စတုတ္ထဆင့် (သညာသ)

စတုတ္ထဆင့် (သညာသ) ဆိုသည်မှာ လောကီစွမ်းအား အားလုံးကို စွန့်ပြီးသူ၏ဘဝ ဖြစ်ပါသည်။အသက်အရွယ် အပိုင်းအခြားအားဖြင့် အသက် (၇၆)နှစ်မှ အထက် ဖြစ်ပါသည်။ ဤအဆင့်တွင် လောကီဆိုင်ရာ အရာရာဘိုင်းကို စွန့်ပါသည်။ မဟာယညခေါ် ကြီးမြတ်သော ပုဂ္ဂိုလ်ခြင်း (၅)မျိုးကိုပင် စွန့်ပါသည်။ မသေမှု (အမတ)ကို ရရှိရေးမှလွဲ၍ အခြားဘာကိုမျှ အရေးစိုက်သူ မဟုတ်ပါ။ သူ၏ခန္ဓာကိုယ်ကိုလည်း ဂရုမစိုက်ပါ။ သူ၏ဘဝကိုလည်း အရေးမစိုက်ပါ။ အမှန်အားဖြင့် အမတတရားကို သူ၏ဘဝဖြင့် ဝယ်ယူရန် အားထုတ်နေသူသာ ဖြစ်ပါသည်။ အသက် ပိုင်းခြားခြင်းသည် ယောဂုပျ သဘော

ဖြစ်ပါသည်။ နုပျိုလန်းဆန်းသော အရွယ်မှ စ၍ သညာသအကျင့်ကို ကျင့်သူများလည်း ရှိပါသည်။

ဤစတုတ္ထဆင့် (သညာသ)တွင် ရှိသူကို သညာသီ ဟူ၍လည်း ခေါ်ပါသည်။ ပရိဗ္ဗာဇက ဟူ၍လည်း ခေါ်ပါသည်။ ဘိက္ခု ဟူ၍ လည်း ခေါ်ပါသည်။ သညာသီဟူ၍ ခေါ်ခြင်းမှာ လူ့တာဝန်၊ လူ့ဝတ္တရားအပါအဝင် လူ့ဘောင်ကိစ္စအားလုံးနှင့်တကွ လူ့ပိုင်ဆိုင်မှု အားလုံးကို စွန့်လွှတ်ထားသောကြောင့် ဖြစ်ပါသည်။ ပရိဗ္ဗာဇကဟူ၍ ခေါ်ခြင်းမှာ အိုးခြေ အိမ်ခြေမရှိ ခြေသလုံးအိမ်တိုင်ပြု၍ ၎ည့်လည် သွားလာ နေသောကြောင့် ဖြစ်ပါသည်။ ဘိက္ခုဟူ၍ ခေါ်ခြင်းမှာ ရ-ရာကို တောင်း၍ စားသောကြောင့် ဖြစ်ပါသည်။ ပုဒ္ဓဓေတ်ရောက် သောအခါ သညာသီနှင့်ပရိဗ္ဗာဇကကို ဆက်လက် အသုံးမပြုသော် လည်း ဤဘိက္ခုဟူသော ဝေါဟာရကိုမူ ဆက်လက်၍ အသုံးပြု ပါသည်။

သဘာဝ (၂) မျိုး

သဘာဝသည် (၂)မျိုးရှိပါသည်။ ထို(၂)မျိုးအနက် ၀ မျိုးမှာ ရယူလိုခြင်းဖြစ်ပါသည်။ ယင်းကို အစုန်သဘာဝဟု ခေါ်ပါသည်။ အစုန်သည် နိမ့်သော ပို၍နိမ့်သောအဆင့်သို့ သက်ဆင်းပါသည်။ အခြား၀ မျိုးမှာ စွန့်လွှတ်လိုခြင်းဖြစ်ပါသည်၊ ယင်းကို အဆန်သဘာဝ ဟုခေါ်ပါသည်။ အဆန်သည် မြင့်သော ပို၍မြင့်သောအဆင့်သို့ တက် ပါသည်။ ရယူလိုခြင်းကို လောကသဘာဝဟု ခေါ်ပါသည်။ စွန့်လွှတ် လိုခြင်းကို လောကုတ္တရာသဘာဝဟု ခေါ်ပါသည်။ ရယူလိုခြင်းသည် ဥပပါဒသဘောရှိပါသည်။ စွန့်လွှတ်လိုခြင်းသည် နိရောသေဘောရှိပါ သည်။ ထိုခေတ်ယုံကြည်မှုအရ အရာရာတိုင်းတွင် လောကသဘာဝ နှင့် လောကုတ္တရာသဘာဝ သို့မဟုတ် ဥပပါဒသဘာဝနှင့် နိရောဓ

သဘာဝတို့သည် အစုံ အစုံရှိကြပါသည်။ လောကသဘာဝ သို့မဟုတ် ဥပါဒသဘာဝသည် မာယာ၏အမှတ်အသား ဖြစ်ပါသည်။ မာယာသည် အစုန်သဘောဌ ချမ်းသာကို တွေ့အောင် ရှာတတ်ပါသည်။ လောကုတ္တရာသဘာဝ သို့မဟုတ် နိဗ္ဗာနသဘာဝသည် သစ္စာ(ဗြဟ္မာ)၏ အမှတ်အသားဖြစ်ပါသည်။ သစ္စာ(ဗြဟ္မာ)သည် အဆန်သဘောဌ ချမ်းသာကို တွေ့အောင်ရှာတတ်ပါသည်။ မာယာရှာသည့် ချမ်းသာသည် အမတမဟုတ်ပါ။ သစ္စာ (ဗြဟ္မာ)ရှာသည့် ချမ်းသာသည်သာ အမတဖြစ်ပါသည်။ ဤသို့သော အမြင်မျိုးကို ထိုခေတ် ပညာရှင်များသည် အနုမာနအနေဖြင့် မြင်ခဲ့ကြပါသည်။

ထို့ကြောင့် စတုတ္ထဆင့်(သညာသ)ဌာနိသူသည် အရာရာတိုင်းကို အဆန်သဘောဖြင့် ကြည့်ပါသည်။ အရာရာတိုင်းဌာ အဆန်သဘောဖြင့် ကျင့်ပါသည်။ အဆန်သဘောဖြင့်ကြည့်ခြင်း၊ အဆန်သဘောဖြင့် ကျင့်ခြင်းဆိုသည်မှာ လောကချမ်းသာကို အနှောင်အဖဲ့အဖြစ်မြင်ပြီး ထိုလောကချမ်းသာမှ လွတ်မြောက်အောင် အားထုတ်ခြင်းပင်ဖြစ်ပါသည်။ လောကချမ်းသာသည် အမြှောင်နှင့်တူပြီး လောကုတ္တရာချမ်းသာသည် အလင်းနှင့်တူပါသည်။ ဤခေတ်ယုံကြည်မှုအရ လောကုတ္တရာချမ်းသာဟူသည် တမင်အားထုတ်ရသည့်ချမ်းသာမဟုတ်ပဲ လောကချမ်းသာ၏ ချုပ်ငြိမ်းကုန်ဆုံးမှုပင် ဖြစ်ပါသည်။ အမှောင်ကုန်ဆုံးသွားခြင်းသည်ပင် အလင်းဖြစ်သည့်သဘောမျိုးဖြစ်ပါသည်။

သို့ဖြစ်၍ ဤစတုတ္ထဆင့် (သညာသ)ဌာနိသူ သညာသီ သို့မဟုတ် ပရိဗိုဇ်တို့သည် လောကချမ်းသာ ကုန်ဆုံးချုပ်ငြိမ်းရေးအဟုက် ပြင်းထန်သော တပကျင့်စဉ်များကို ကျင့်ကြခြင်းဖြစ်ပါသည်။ လောကသဘာဝ သို့မဟုတ် ဥပါဒသဘာဝ ကုန်ဆုံး ချုပ်ငြိမ်းရေးအတွက် ပြင်းထန်သော တပ-ကျင့်စဉ်များကို ကျင့်ကြခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ ကျင့်ခြင်းမှာ အမှောင်ဆုံးခြင်းသည်ပင် အလင်းရောက်ခြင်း ဖြစ်သကဲ့သို့ လောကသဘာဝ ကုန်ဆုံးခြင်းသည်ပင် လောကုတ္တရာ သဘာဝဖြစ်သည်ဟု ခံယူထားသောကြောင့်ဖြစ်ပါသည်။အကျဉ်းအားဖြင့်ဆိုရလျှင် ဤခေတ်၏ခံယူချက်မှာ ခန္ဓာတို့၏ဆန္ဒမှန်သမျှ တောင့်တခြင်း မှန်သမျှကို ဆန့်ကျင်ဘက်ပြု၍ ကျင့်ခြင်းအားဖြင့် ခန္ဓာတို့၏ ချုပ်ငြိမ်းမှုကို ရနိုင်သည်။ ခန္ဓာတို့၏ ချုပ်ငြိမ်းမှုသည်ပင် အမတဖြစ်သည်ဟူသော ခံယူချက်ပင် ဖြစ်ပါသည်။ ဤခံယူချက်အရ ပြင်းထန်သော တပ–ကျင့်စဉ်ကို ကျင့်ခြင်း ဖြစ်ပါသည်။

တိတ္ထိယများသည် သံသရာမှ လွတ်မြောက်ရေးအတွက် ကျင့်ကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် သံသရာမှ မလွတ်မြောက်ပဲ စျာန်သမာပတ်၌သာ အဆုံးသတ်သွားကြပြီး လောက၌ ပြန်လည်လာသူများသာ ဖြစ်ကြပါသည်။ ကာဠဒေဝိလရသေ့၊ အာဠာရ ရသေ့၊ ဥဒကရာမပုတ္တ ရသေ့ စသည်တို့သည် “အမတ”တရားကို ရရှိရန် အားထုတ်ကြသော်လည်း စျာန်သမာပတ်၌ အဆုံးသတ်၍ “မဘ” တရား၏ နယ်နိမိတ် အတွင်းသို့ ပြန်လည်သက်ဆင်းကြရသူများ ဖြစ်ကြပါသည်။

ထို့အပြင် တိတ္ထိယများသည် လောကအတွက် စာပေကျမ်းဂန်များစွာကိုလည်း ပြုစုခဲ့ကြပါသည်။ အာဠာရသသိပ္ပဂေါ် တဆယ့်ရှစ်ရပ်သော ပညာရပ်များသည် တိတ္ထိယတို့ ပြုစုခဲ့သော ပညာရပ်များ ဖြစ်ကြပါသည်။ တိတ္ထိယတို့သည် အတွေးအခေါ် ဒဿနဂိုဏ်းများကိုလည်း ထူထောင်ခဲ့ကြပါသည်။ အာဠာရ ရသေ့သည် “သင်္ချဒဿန” ဂိုဏ်း၏ မူလဆရာဖြစ်သည်ဟု ဆိုပါသည်။ ထို့အပြင် ပါဏဝါဒ၊ ဘူတဝါဒ၊ ဂုဏဝါဒ၊ တတ္ထပါဒ၊ ပါဒဝါဒ၊ ဇိသုယဝါဒ၊ လောကဝါဒ၊ ဒေဝဝါဒ၊ ဝေဒဝါဒ၊ ယညဝါဒ၊ ဘောတ္တာဝါဒ၊ ဘောဂဝါဒ၊ သုခုမဝါဒ၊ ထူလဝါဒ၊ ကာလဝါဒ၊ ဒေသပါဒ၊ ဓာတုဝါဒ၊ မန္တဝါဒ၊ မန(သက်ပွ)

ဝါဒ၊ ဗုဒ္ဓဝါဒ၊ ဧတ္တဝါဒ၊ ကမ္မ(ဓမ္မ၊ အမွေ)ဝါဒ စသော ဂါဒမျှားနှင့် ယင်းတို့ဆိုင်ရာ စာပေမျှားသည် တိတ္ထိယတို့၏ ဝါဒနှင့် စာပေမျှား ဖြစ်ကြပါသည်။ သို့ဖြစ်၍ တိတ္ထိယတို့သည် ဘာသာရေး သဘောအရ လူသားတို့အပေါ် လောကုတ္တရာဆန်သော ရာရှိရေးနှင့် ပတ်သက်၍ ကျေးဇူး မပြုနိုင်ခဲ့သော်လည်း ပညာရေးသဘောအရ လောကဓံသော ရှိရေးနှင့် ပတ်သက်၍ အထိုက်အလျောက် ကျေးဇူးပြုနိုင်ခဲ့ကြပါသည်။

ဗုဒ္ဓပိဋကတ်တော်လာ တိတ္ထိယကျင့်စဉ်မျှား

တိတ္ထိယတို့၏ ခံယူချက်မျှားနှင့် ပတ်သက်၍ မူလပဏ္ဏာသပါဠိတော် မဟာသီဟနာဒသုတ် မြန်မာပြန်၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရ၏—

> ဒုက္ကရသုဒ္ဓိ ခေါ် ပြုနိုင်ခဲသော အမှုဖြင့် စင်ကြယ်နည်းနှင့် ပတ်သက်၍ မြတ်စွာဘုရား အလောင်းတော်သည် ခြိုးခြံသော အကျင့်ကို ကျင့်ဆုတွင် အဝတ်မဝတ်ပဲ နေ၍လည်း၊ ကုန်ခဲ့ဖူး၏။ ၁၅-ရက်တကြိမ်စား၍လည်း ကျင့်ခဲ့ဖူး၏။ ဆူးအင်းပေါ်၌ နေ၍လည်း ကျင့်ခဲ့ဖူး၏။ ခေါင်းပါးသောအကျင့်ကို ကျင့်ရာတွင် နှစ်ပေါင်းများစွာ မြူမှုန်အညစ်အကြေးသည် ကိုယ်၌ စုဝေးကာ အပေါ်တက်သကဲ့သို့ ဖြစ်အောင်လည်း ကျင့်ခဲ့ဖူး၏။ မကောင်းမှုမှ စက်ဆုပ်သော အကျင့်ကို ကျင့်ရာတွင် ရေပေါက်ပေါ်၌ပင် သနားခြင်းကရုဏာဖြစ်လျက် "ငါသည် ရေပေါက်အပါအဝင် သတ္တဝါငယ်မျှားကို ဖျက်ဆီးခြင်းသို့ မရောက်ပါစေလင့်" ဟု နှလုံးသွင်းကာ သတိရှိလျက် ရှေ့သို့ တက်၏။ သတိရှိလျက် နောက်သို့ဆုတ်၏။ ဤသို့လည်း

ကျင်းခဲ့ဖူး၏။ ဆိတ်ငြိမ်သောအကျင့်ကို ကျင့်ထုတ်ခင် နွားကျောင်းသား၊ မြက်ထမ်းသမား၊ ထင်းခွေသမား၊ တောအမှုလုပ်တို့ကိုပင် မတွေ့မြင်ရလေအောင် တတောမှတတောသို့၊ တချုံမှတချုံသို့၊ တချိုင့်မှတချိုင့်သို့၊ တကုန်းမှတကုန်းသို့ ရှောင်ရှားခဲ့လည်း ကျင့်ခဲ့ဖူး၏။

ထိုကဲ့သို့သော ကျင့်စဉ်များကို ကျင့်ခြင်းအားဖြင့် သစ္စာဏ်ကို မရခဲ့။ ထိုကဲ့သို့မရခြင်းသည်အဘယ်ကြောင့်နည်း။ ထိုကဲ့သို့ကျင့်သော သူအား ဝဠဆင်းရဲကုန်ခြင်းအကျိုးငှာ ကောင်းစွာ ထုတ်ဆောင်နိုင်သော အရိယာပညာကို မရခဲ့သောကြောင့်တည်း။

ထို့အပြင် မူလပဏ္ဏာသဟိုဠ်တော် စုဠဒုက္ခက္ခန္ဓသုတ်မြန်မာပြန်၌ တပကျင့်စဉ်များနှင့်ပတ်သက်၍ ဤသို့ဖော်ပြထားသည်ကို တွေ့ရ၏–

> ရှေးဦးပြုထားသောမကောင်းမှုကံသည် ရှိသည်သာတည်း။ ထိုမကောင်းမှုကံကို ပြင်းထန်သော ပြုနိုင်ခဲသော အကျင့်ကို ကျင့်ခြင်းဖြင့် ချေဖျက်ကြကုန်လော့။ ယခုဘဝ၌ ကိုယ်ဖြင့်စောင့်စည်းခြင်း၊ နှုတ်ဖြင့်စောင့်စည်းခြင်း၊ စိတ်ဖြင့်စောင့်စည်းခြင်းသည်ပင် နောင်ဘဝအတွက် မကောင်းမှုကံကို မပြုခြင်းဖြစ်၏။ ဤသို့လျှင် ကံဟောင်းတို့ကို အကျင့်ဖြင့် ဖျက်ဆီးခြင်း, ကံသစ်တို့ကို မပြုခြင်းကြောင့် နောင်ဘဝ၌ မတိုးပွားခြင်းဖြစ်၏။ နောင်ဘဝ၌ မတိုးပွားခြင်းကြောင့် ကံကုန်၏။ ကံကုန်ခြင်းကြောင့် ဆင်းရဲဒုက္ခကုန်၏။ ဆင်းရဲဒုက္ခကုန်ခြင်းကြောင့် ခံစားခြင်း ဝေဒနာကုန်၏။ ဝေဒနာကုန်ခြင်းကြောင့် ဆင်းရဲဒုက္ခအားလုံးသည် ပျက်ပြုန်း၏။

ဤသို့ တိတ္ထိယများက ယုံကြည်ကြပါသည်။

ထို့အပြင် ချမ်းသာသုခဖြင့် ချမ်းသာသုခကို မရနိုင်။ ဆင်းရဲဒုက္ခဖြင့်သာ ချမ်းသာသုခကို ရနိုင်သည်။ အကယ်၍ ချမ်းသာသုခဖြင့် ချမ်းသာသုခကို ရနိုင်သည်ဆိုအံ့။ ကေရာင်မင်းတို့သည် ချမ်းသာသုခကို ရနိုင်ရာ၏။ ဤသို့သောဆင်ခြင်မှုဖြင့် တိတ္ထိယတို့သည် ကာမသုခလွတ်ကင်းကိုပယ်၍ အတ္တကိလမထအကျင့်ကို ကျင့်ကြခြင်းဖြစ်ပါသည်။

ထိုအခါနိန်က အတ္တကိလမထအကျင့်သည်အလွန်ခေတ်စားကြောင်းတွေ့ရ၏။ တဦးနှင့်တဦး အပြိုင်အဆိုင်ကျင့်သည့် သဘောမျိုးဟုပင် ယူဆနိုင်၏။ အာဟာရနှင့်ပတ်သက်၍ တဦးက ဆီးသီးတလုံးမျှဖြင့် ရောင့်ရဲလျှင် အခြားတဦးက ဆီးသီးတခြမ်းဖြင့် ရောင့်ရဲ၏။ ဤသို့လျှင် အာဟာရဘက်၌လည်း အပြိုင်အဆိုင်ကျင့်ကြ၏။ အဝတ်အစားနှင့်ပတ်သက်၍ တဦးက လျော်တေသက်နံးဖြင့် တင်းတိမ်လျှင် အခြားတဦးက အဝတ်မဝတ်ပဲနေ၍ကျင့်၏။ ဤသို့လျှင် အဝတ်အစားဘက်၌လည်း အပြိုင်အဆိုင်ကျင့်ကြ၏။ အနေအထိုင်နှင့်ပတ်သက်၍ တဦးက မြေပြင်၌ နေ၍ကျင့်လျှင် အခြားတဦးက ဆူးခင်းပေါ်၌ နေ၍ကျင့်၏။ ဤသို့လျှင် အနေအထိုင်ဘက်၌လည်း အပြိုင်အဆိုင်ကျင့်ကြ၏။ ခေါင်းပါးသောအကျင့်နှင့်ပတ်သက်၍ တဦးက မြေပြင်ပေါ်၌ ထိုင်၍ ကျင့်လျှင် အခြားတဦးက ကိုယ်ပေါ်၌ မြူမှုန်များစုဝေးကာ တောင်ပိုဖြစ်လာသည့်တိုင်အောင် ထိုင်၍ကျင့်၏။ ဤသို့လျှင် ခေါင်းပါးသောအကျင့်ဘက်၌လည်း အပြိုင်အဆိုင်ကျင့်ကြ၏။ သူတပါးထိခိုက်မည်စိုးရိမ်၍ လုပ်သင့်သည်ကိုမလုပ်ပဲ မကောင်းမှုရောင်ကြဉ်မှုနှင့်ပတ်သက်၍ တဦးက လောကဖျက် လူယုတ်မာပေါ်၌ ကရဏာဖြစ်လျက် ကျင့်လျှင် အခြားတဦးက ရေပေါက်ပေါ်၌ ကရဏာဖြစ်လျက်ကျင့်၏။ ဤသို့လျှင် မကောင်းမှုမှ ရှောင်ကြဉ်မှုဘက်၌လည်း

အပြိုင်အဆိုင်ကျင့်ကြ၏။ ဆိတ်ငြိမ်သောအကျင့်နှင့်ပတ်သက်၍ တဦးက တောတွင်းတနေရာ၌နေ၍ကျင့်လျှင် အခြားတဦးက နွားကျောင်းသား၊ မြက်ထမ်းသမား၊ ထင်းခွဲသမား၊ တောအမှုလုပ်တို့မမြင်မတွေ့ရလေအောင် တတောမှတတော၊ တတောင်မှတတောင်၊ တချုံမှတချုံ၊ တချိုင့်မှတချိုင့်၊ တကုန်းမှတကုန်းသို့ ရှောင်ရှား၍ ကျင့်၏။ ဤသို့လျှင် ဆိတ်ငြိမ်သော အကျင့်ဘက်၌လည်း အပြိုင်အဆိုင်ကျင့်ကြ၏။

ထိုခေတ်က ခေတ်စားသော အတ္တကိလမထ ကျင့်စဉ်များတွင် အောက်ပါကျင့်စဉ်များ ပါဝင်ကြောင်း ပိဋကတ်စာပေများ၌ တွေ့ရ၏—

အာဟာရသုဒ္ဓိ — အာဟာရကိုရှေးချယ်၍ဖြစ်စေ၊ ခိုးခြံ၍ ဖြစ်စေ မှီဝဲခြင်းဖြင့် ကိလေသာမှ စင်ကြယ်မှု

ဥဒကသုဒ္ဓိ — ဂင်္ဂါမြစ်ရေကို ချိုးခြင်းဖြင့် ကိလေသာမှ စင်ကြယ်မှု

သံသာရသုဒ္ဓိ — သံသရာကာလ အပိုင်းအခြား ကုန်ဆုံးခြင်းဖြင့် ကိလေသာမှ စင်ကြယ်မှု

ဥပပတ္တိသုဒ္ဓိ — ဘဝပဋိသန္ဓေ အပိုင်းအခြား ကုန်ဆုံးခြင်းဖြင့် ကိလေသာမှ စင်ကြယ်မှု

အာဝါသသုဒ္ဓိ — ဘုံဘဝအပိုင်းအခြား ကုန်ဆုံးခြင်းဖြင့်ကိလေသာမှစင်ကြယ်မှု

ယညသုဒ္ဓိ – ယဇ်ပူဇော်ခြင်းဖြင့် ကိလေသာမှ စင်ကြယ်မှု

အဂ္ဂိသုဒ္ဓိ – မီးကို လုပ်ကျွေးခြင်းအားဖြင့် ဖြစ်စေ၊ မီးလှုံခြင်းအားဖြင့်ဖြစ်စေ ကိလေသာမှ စင်ကြယ်မှု

အခေလာင်းတော်မင်းသားသည် ဘုရားအဖြစ်သို့မရောက်မီ ခြောက်နှစ်ကာလပတ်လုံး ထိုခေတ်က ခေတ်စားသော ဒုတ္တကိလမထကျင့်စဉ်မျိုးကို ကျင့်ခဲ့၏။ အာဟာရသုဒ္ဓိကျင့်စဉ်ကို ကျင့်ရာတွင် အာဟာရနည်းပါးမှုကြောင့် ဝမ်းရေသည် ကျောက်ကုန်းရိုးသို့ကပ်သည်အထိ ဖြစ်ခဲ့၏။ ကျောက်ကုန်းရိုးသည် ပုတီးကုန်းကဲ့သို့ အနိမ့်အမြင့်ဖြစ်ခဲ့၏။ ကျင်ကြီးကိုဖြစ်စေ၊ ကျင်ငယ်ကိုဖြစ်စေ စွန့်အံ့ဟု ထသွားသော အခါ ထိုနေရာ၌ပင် မှောက်ခုံလဲကျခဲ့၏။ ဤသို့အထိ ကျင့်ခဲ့ဖူး၏။ သာမန်ပုဂ္ဂိုလ်များကိုမဆိုထား ဘီ သဗ္ဗညုတညာဏ်ရှင်အလောင်းတော်ကိုပင် ဆွဲဆောင်နိုင်လောက်အောင် ခေတ်စားနေသော အတ္တကိလမထကျင့်စဉ်များသည် ဗုဒ္ဓခေတ်မတိုင်မီကာလ၌ ရှေးခေတ်အိန္ဒိယတွင် ခေတ်စားခဲ့ကြပါ၏။

အခန်း (၄)

တိဘိုယတို့၏ အတွေးအခေါ်များ

ဒဿနဆိုင်ရာ မေးခွန်းများ

ဗုဒ္ဓခေတ်ပတ်ဝန်းကျင်ရှိ လူများသည် ဆိုခဲ့ပြီးသည့်အတိုင်း ကျင့်စဉ်များ၌ ဇဲလုံ့လရှိသူများဖြစ်ကြရုံသာမက အတွေးအခေါ်အားဖြင့်လည်း အဆင့်အတန်း မြင့်မားသူများ ဖြစ်ကြ၏။ ပါရမီရှိသူများ ဖြစ်ကြ၏။ ကျင့်စဉ်သာမှန်ကန်လျှင် တို့တောင်းသော ကာလအပိုင်းအခြားအတွင်း စျာန်အဘိညာဉ်များကိုလည်း ရနိုင်စွမ်းရှိကြ၏။ သစ္စာလေးပါးကိုလည်း ထိုးထွင်း၍ သိနိုင်စွမ်းရှိကြ၏။ ထိုကဲ့သို့သော ပါရမီရှင်ပုဂ္ဂိုလ်များဆဲတွင် လောကုတ္တရာအဘွဲ့ကို ကျင့်ကြံအားထုတ်သူ လက်ခွတ္ဖပညာရှိများနှင့် လောကအတွက် စဉ်းစားမြော်မြင်သူ အတွေးအခေါ်ပညာရှိများ ပါဝင်ကြ၏။

အခေတ်အခေါ် ပညာရှိများသည် မိမိဘို့ မျက်မှောက်၌ရှိသည့် လောကအကြောင်းကိုလည်း တွေးခေါ်ကြ၏။ အတ္တအကြောင်းကိုလည်း တွေးခေါ်ကြ၏။ သူသူငါငါ သတ္တဝါအကြောင်းကိုလည်း တွေးခေါ်ကြ၏။ ခန္ဓာကိုယ်အကြောင်းကိုလည်း တွေးခေါ်ကြ၏။ အမှန်အားဖြင့် လောက၊ အသက်၊ ခန္ဓာကိုယ်၊ သတ္တဝါ၊ သေခြင်း ဤတရားများသည် အမှန်ပင် ကွဲကြုံနေရသော တရားများဖြစ်ကြ၏။ ထို့ကြောင့် ထိုခေတ်ပညာရှိများသည် အဆိုပါ တရားများနှင့်ပတ်သက်၍ တွေးခေါ်ကြခြင်းဖြစ်ပါသည်၊ ဤသို့ တွေးခေါ်ကြခြင်းသည် လောကသူသားတို့၏ အစုန်သဘာဝ (အနုသောတဂါမီ)ဖြစ်၍ အဆန်သဘာဝ (ပဋိသောတဂါမီ)မှ သွေးသည်ကြခြင်းဖြစ်ပါသည်။ ပုဆုဇဉ်တို့သဘာဝအရ အစုန်နှင့်အဆန်နှစ်မျိုးတွင် အစုန်က လွယ်ကူ သက်သာပြီး အဆန်က ခက်ခဲ ပင်ပန်းသဖြင့် အစုန်လမ်းကို လိုက်ခြင်းဖြစ်ပါသည်။

ထိုခေတ် အတွေးအခေါ်ပညာရှိများအတွင်း စိတ်ဝင်စားခဲ့ကြသော မေးခွန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

(က) ကာလနှင့်ပတ်သက်၍

(၁) လောကသည် အမြဲရှိနေသလား၊
(၂) အမြဲမရှိပဲ တနေ့ဘွင် ပျက်သုဉ်းသွားမည်လား၊
(၃) အချို့သောအပိုင်းသည် အမြဲရှိ၍ အချို့သောအပိုင်းသည် ပျက်သုဉ်းသွားမည်လား၊
(၄) မြဲသည်ဟူ၍လည်းကောင်း၊ ပျက်သုဉ်းသွားမည်ဟူ၍လည်းကောင်း မဆိုနိုင်ဘူးလား။

(ခ) ဒေသနှင့်ပတ်သက်၍

(၁) လောကသည် အဆုံးအပိုင်းအခြားရှိ (အန္တ)လား၊
(၂) လောကသည် အဆုံးအပိုင်းအခြားမဲ့ (အနန္တ)လား၊
(၃) အချို့သည် အဆုံးအပိုင်းအခြားရှိ (အန္တ)ဖြစ်၍ အချို့သည် အဆုံးအပိုင်းအခြားမဲ့ (အနန္တ)လား၊
(၄) အဆုံးအပိုင်းအခြားရှိ (အန္တ)ဟူ၍လည်းကောင်း၊ အဆုံးအပိုင်းအခြားမဲ့ (အနန္တ)ဟူ၍လည်းကောင်း မဆိုနိုင်ဘူးလား။

(ဂ) သေခြင်းနှင့်ပတ်သက်၍

(၁) သတ္တဝါသည် သေပြီးနောက် ရှိသေးသလား၊
(၂) သတ္တဝါသည် သေပြီးနောက် ပြတ်သွားပြီလား၊
(၃) အချို့သည် သေပြီးနောက်ရှိသေး၍ အချို့သည် သေပြီးနောက် ပြတ်သွားပြီလား၊
(၄) ရှိသေးသည်ဟူ၍လည်းကောင်း၊ ပြတ်သွားပြီဟူ၍ လည်းကောင်း မဆိုနိုင်ဘူလား။

(ဃ) ခန္ဓာကိုယ်နှင့်မတ်သက်၍

(၁) အသက်ဇီဝသည် ခန္ဓာကိုယ်ပင်ဖြစ်သလား၊

(၂) အသက်ဇီဝသည် ခန္ဓာကိုယ်မှ တခြားလား။

ဤမေးခွန်း (၁၇)ခုသည် အလွန်ခေတ်စားသော မေးခွန်းမျိုးဖြစ်ခဲ့ကြပါသည်။ မြတ်စွာဘုရား လက်ထက်တော်တိုင်အောင်ပင် မြတ်စွာဘုရားအား မေးမြန်းခဲ့ကြပါသည်။ သို့ဆုတ်ခွင် မြတ်စွာဘုရားက ထိုမေးခွန်း (၁၇)ခုကို ဖြေကြားခြင်း မပြုခဲ့ပါ။ ဖြေကြားခြင်း မပြုသည်မှာလည်း "ယုန်၏ဦးချိုသည် ရှည်သလော၊ တိုသလော"ဟူသော မေးခွန်းကဲ့သို့ ဖြေရန်မလိုအပ်သောကြောင့် ဖြစ်ပါသည်။ ဖြေရန်မလိုအပ်သည်မှာလည်း ဤမေးခွန်းများသည် "တက္ကာဝစရ"ဓလေ့ ဒဿနသဘောသက်သက်ကို ဆောင်သောကြောင့်ဖြစ်ပါသည်။ဒဿနသဘောဆိုသည်မှာ "အတက္ကာဝစရ"ဓလေ့လောကုတ္တရာသဘောသို့ တက္ကာဝစရဓလေ့ ကြောင်းကျိုးဆင်ခြင်နည်းဖြင့် ခုခံကြပ်မှုပင်ဖြစ်ပါသည်။

မေးခွန်း (၁၇)ခုတို့၏ အကြောင်းအရာကို အကျဉ်းချုပ်၍ သုံးသပ်လျှင် (၃)မျိုးသာရှိကြောင်း တွေ့ရပါသည်။ ထို (၃)မျိုးဆိုသည်မှာ-

(၁) သိစရာအာဂုံ၊

(၂) သိတတ်သူ၊

(၃) သိခြင်း-

တို့ပင် ဖြစ်ပါသည်။ ဤနေရာ၌ သိစရာအာဂုံဆိုသည်မှာ "လောက"ဖြစ်ပါသည်။ သိတတ်သူ ဆိုသည်မှာ"သတ္တဝါ"ဖြစ်ပါသည်။ သိခြင်းဆိုသည်မှာ "အသက်ဇီဝ"ဖြစ်ပါသည်။ ဤအကြောင်းအရာ (၃)ခုကို အခြေခံ၍ အောက်ပါအတိုင်း ဒဿနဂိုဏ်း (၄)ဂိုဏ်း ကွဲပြားသွားခဲ့ကြပါသည်—

(၁) အရှိဝါဒကို စွဲကိုင်သည့် ဒဿနဂိုဏ်း၊

(၂) မရှိဝါဒကို စွဲကိုင်သည့် ဒဿနဂိုဏ်း၊

(၃) ရှိ၊ မရှိ (၂)မျိုးလုံးကို တပေါင်းတည်းပြု၍ စဲ့ကိုင်သည့် ဒဿနကိုဏ်း၊

(၄) ရှိ၊ မရှိ (၂)မျိုးလုံး တပေါင်းတည်း ပြုထားသည်ကို ငြင်းပယ်သည့် ဒဿနကိုဏ်း။

ထိုဒဿနကိုဏ်း (၄)ကိုဏ်းတို့အနက် "အရှိဝါဒ"ကို စဲ့ကိုင်သောကိုဏ်းမှာ သခ်္ခဒဿနကိုဏ်းဖြစ်ပါသည်။ သခ်္ခဒဿနကိုဏ်းသည် များစွာရှေးကျသော ကိုဏ်းကကိုဏ်းဖြစ်ကြောင်း ဆိုကြပါသည်။ ဒုက္ကရစရိယာကျင့်စဉ်ကာလ-က အဖေါ်ဖော်တော်နည်းခဲ့ခဲ့သော အာဠာရကာလာမရဘော့နှင့် ဥဒကရာမပုတ္တရဖခင်တို့သည် သခ်္ခဒဿနဝါဒီများ ဖြစ်ကြသည်ဟု ဆိုကြပါသည်။ "အရှိဝါဒ"နှင့် ဆန့်ကျင်ဘက် "မရှိဝါဒ"ကို စဲ့ကိုင်သောကိုဏ်းမှာ အဇိတကေသကမွှေလကိုဏ်းဖြစ်ပါသည်။ ထိုကိုဏ်းသည် ဋ္ဌပ်ဝါဒီတို့၏ ရှေးဆောင်ကိုဏ်းဖြစ်ပါသည်။ "အရှိဝါဒ"နှင့် "မရှိဝါဒ"(၂)မျိုးလုံးကို တပေါင်းတည်းပြု၍ စဲ့ကိုင်သောကိုဏ်းမှာ နိဂဏ္ဌနာဋပုတ္တကိုဏ်း ဖြစ်ပါသည်။ ယနေ့ခေတ်တွင် ဟောဂယ်လ်၏ အယူဝါဒမျိုးဖြစ်ပါသည်။မူလနှင့် ပဋိပက္ခကို ပေါင်းစပ်လိုက်လျှင် အဆင့်မြင့်သမူဟကို ရသည်ဟု ဆိုကြပါသည်။ သို့ရာတွင် နိဂဏ္ဌနာဋပုတ္တ၏ ပေါင်းစပ်နည်းမှာ မူလနှင့်ပဋိပက္ခတို့ကို ရောနှောထားသည့် ပေါင်းစပ်နည်း (သံယောဇဉသမ္ပန္နဲ)ဖြစ်ပါသည်။ ယင်းပေါင်းစနစ်နည်းမှာ ဆန့်နှင့်စပ်းလုံး ရောနှောထားသကဲ့သို့ မူလနှင့် ပဋိပက္ခကို အလွယ်တကူခွဲထုတ်၍ရသော ပေါင်းစပ်နည်းဖြစ်ပါသည်။ဟေဂယ်လ်၏ သမူဟပေါင်းစပ်နည်းမှာ မူလနှင့် ပဋိပက္ခတို့ကို တသားတည်းပြုထားသည့် ပေါင်းစပ်နည်း(သဓဝါယသမ္ပန္နဲ)ဖြစ်ပါသည်။ ယင်းပေါင်းစပ်နည်းမှာ ဆားနှင့်သကြားကိုရော၍ အရည်ကြိုထားသကဲ့သို့ မူလနှင့်ပဋိပက္ခကို အလွယ်တကူခွဲထုတ်၍မရသော ပေါင်းစပ်နည်းဖြစ်ပါသည်။ ရှိ၊မရှိ (၂)မျိုးလုံး တပေါင်းတည်းပြုထားသည်ကို ငြင်းပယ်သည့် ဒဿနကိုဏ်းမှာ သဉ္ဇယဗေလဋ္ဌပုတ္တကိုဏ်း ဖြစ်ပါသည်။ သဉ္ဇယဗေလဋ္ဌပုတ္တ၏ ဝါဒကို ရှုး

ခေတ်တွင် အမဆုဝိကွေ့ပဝါဒဟုခေါ်၍ နှောင်းခေတ်တွင် အညာကဝါဒ ဟူ၍လည်းကောင်း၊ သံသယဝါဒဟူ၍လည်းကောင်း ခေါ်ကြပါသည်။

မေးခွန်းများ၏ ဆိုလိုရင်းအနက်များ

မိမိ၏မျက်စေ့ကာက်ဘွင် သက်ရှိသက်မဲ့ အရာဝတ္ထုများကို တွေ့ပါသည်။ ထိုအရာဝတ္ထုများ ပည် လောကဖြစ်ပါသည်။ လောကတွင် မိမိလည်း ပါဝင်ပါသည်။ လောကသည် သိစရာအာရုံ ဖြစ်ပါသည်။ သိစရာအာရုံ ဖြစ်သည့် လောက၏ အဆုံးစွန်သဘောကို သိချင်ပါသည်။ အဆုံးစွန် သဘောဆိုသည်မှာ မည်သို့မျှ ပြောင်းလဲခြင်းမရှိသည့် သဘောဖြစ်ပါသည်။ အရာရာတိုင်းတွင် ပါဝင်ပျံနှံနေသည့် အနှစ်သဘောဖြစ်ပါသည်။ ထိုသဘောကို သခ်္ခဒဿနဂိုဏ်းက "ပကတိ" ဟု ခေါ်ပါသည်။ပကတိသည် ရုပ်ပိုင်းအနေဖြင့် အရာရာဘိုင်း၏ အဆုံးစွန်သဘောဟူရာ အမြဲတေဖြစ်ပါသည်။ မျက်မြင်အားဖြင့် အရာဝတ္ထုဘို့သည် ခဏတိုင်းခဏတိုင်း ပြောင်းလဲနေကြပါသည်။ သို့ရာတွင် ထိုပြောင်းလဲနေကြသော အရာဝတ္ထုတို့၏ နောက်ကွယ်၌ တခုံတဆစ်မျှ မပြောင်းလဲဘဲ နေရာအနှံတည်ရှိနေသည့် ပကတိခေါ် အမြဲတေခတ်သည် ရှိပါသည်၊ ဤသို့ သခ်္ခဒဿနဝါဒီများက ယုံကြည်ကြပါသည်။ ထိုသို့ယုံကြည်သည့်အဘိုင်း မှန်ပ၊သလော။ ဤမေးခွန်းသည် ထိုခတ်ဘွင် ခေတ်စားခဲ့ပါသည်။အချို့သောတွေးခေါ်ရှင်များက "မှန်သည်"ဟု လက်ခံကြပါသည်။ ထိုကဲ့သို့သော တွေးခေါ်ရှင်များကို သဿတဝါဒီများ သို့မဟုတ် အရှိဝါဒီများဟု သတ်မှတ်ခဲ့ကြပါသည်။

အချို့သော တွေးခေါ်ရှင်များလည်း ရှိကြပါသေးသည်။ မိမိတို့၏ မျက်မြင်လက်တွေ့သဘောအရ အရာဝတ္ထုတို့သည် ခဏတိုင်း ခဏတိုင်း ပြောင်းလဲနေကြပါသည်။ ထိုသို့ ပြောင်းလဲနေသည်မှာ မငြင်းနိုင်သော သက်သေခံချက်ပင်ဖြစ်သည်။ ပြောင်းလဲနေသော အရာဝတ္ထုများ၏ နောက်ကွယ်၌ အစဉ်ထာဝရဘည်ရှိနေသည့် သဘောကို မသိနိုင်ကြသဖြင့် အရှိဝါဒီများဆိုသည့်အတိုင်း မမှန်ကန်။ အရာဝတ္ထု မှန်သမျှသည်

သတ်မှတ်ထားသည့်ကာလအတွင်း၌သာ ရှိသည်။ ထို့နောက်မရှိ။ သတ်မှတ်ထားသည့် ဒေသအတွင်း၌သာရှိသည်။ ထိုထက်ပို၍မရှိ။ ဤသို့ ရုပ်ဝါဒီများက ယုံကြည်ကြပါသည်။ ထိုသို့ယုံကြည်သည့်အတိုင်း မှန်ပါလေသလော။ ဤမေးခွန်းသည်လည်း ထိုခေတ်ဘုင် ခေတ်စားခဲ့ပါသည်။ အချို့သော တွေးခေါ်ရှင်များက "မှန်သည်"ဟု လက်ခံကြပါသည်။ ထိုကဲ့သို့သော တွေးခေါ်ရှင်များကို ဥစ္ဆေဒဝါဒီများ သို့မဟုတ် မရှိဝါဒီများဟု သတ်မှတ်ခဲ့ကြပါသည်။

သိခြင်းနှင့်ပတ်သက်၍လည်း တွေးခေါ်ခဲ့ကြပါသည်။ သိခြင်းဆိုသည်မှာ အသက်ဇီဝဖြစ်ပါသည်။ အသက်ဇီဝသည် ခန္ဓာကိုယ်နှင့် ဆက်စပ်နေသော်လည်း ခန္ဓာကိုယ်မှ သီးခြားဖြစ်ပါသည်။ ခန္ဓာကိုယ်သည် အိုခြင်း၊ နာခြင်း၊ သေခြင်းတို့ကြောင့် ပြောင်းလဲနေသော်လည်း အသက်ဇီဝကား ထိုကဲ့သို့ ပြောင်းလဲခြင်း မရှိပါ။ အိုလည်း မအိုပါ။ နာလည်း မနာပါ။ သေလည်း မသေပါ။ ထာဝစဉ် တသမတ်တည်းရှိပါသည်။ အသက်ဇီဝကို သခ်္ခဒဿနဂိုဏ်းက ပုရိသဟု ခေါ်ပါသည်။ ပုရိသကို ဝန်းရံနေသည့် စေတသိက်တရားများနှင့် ရုပ်တရား၏ ပြောင်းလဲပျက်စီးခြင်းကို မြင်၍ အသက်ဇီဝကို ပြောင်းလဲပျက်စီးနေသည်ဟု ထင်ခြင်းမျှသာဖြစ်ပါသည်။ အမှန်အားဖြင့် အသက်ဇီဝသည် နာမ်ပိုင်းအနေဖြင့် တရံတဆစ်မျှ ပြောင်းလဲပျက်စီးခြင်း မရှိသည့် သိမှုဆိုင်ရာ အမြဲတခาတ်ပင် ဖြစ်ပါသည်။ ဤသို့ သခ်္ခဒဿနဝါဒီများက ယုံကြည်ကြပါသည်။ ထိုသို့ယုံကြည်သည့်အတိုင်းမှန်ပါလေသလော။ ဤမေးခွန်းသည်လည်း ထိုခေတ်တွေးခေါ်ရှင်များလောကတွင် ခေတ်စားသည့် မေးခွန်းတခု ဖြစ်ခဲ့ပါသည်။ အချို့သော တွေးခေါ်ပညာရှင်များက "မှန်သည်"ဟု လက်ခံကြပါသည်။ ထိုကဲ့သို့သော တွေးခေါ်ရှင်များကို သဿတဝါဒီများ သို့မဟုတ် အရှိဝါဒီများဟု သတ်မှတ်ခဲ့ကြပါသည်။

သိခြင်းနှင့် ပတ်သက်၍ ဤသို့တွေးခေါ်သူ ပုဂ္ဂိုလ်များလည်း ရှိကြပါသေးသည်။ ထိုပုဂ္ဂိုလ်တို့၏ အလိုအရ အသက်ဇီဝသည် သီးခြားမရှိပဲ စေတသိက်တရားများနှင့် ရုပ်တရားများ၏ အစုအပေါင်းမျှသာ ဖြစ်ပါ

သည်။ ထို့ကြောင့် ခန္ဓာကိုယ်ပျက်စီးလျှင် အသက်ဇီဝလည်း ပျက်စီးပါသည်။ ခန္ဓာကိုယ်သည်လည်း ကာလ၊ ဒေသ တို့၏ အကန့်အသတ် အတွင်း၌သာရှိပါသည်။ ဤသို့ ရုပ်ဝါဒီအဇိတကေသကမွေလက ယုံကြည်ပါသည်။ ထိုသို့ယုံကြည်သည့်အတိုင်း မှန်ပါ၏လေသလော။ ဤမေးခွန်းသည်လည်း ထိုခေတ် တွေးခေါ်ရှင်များ လောကဌ် ခေတ်စားခဲ့ပါသည်။ အခြို့သော တွေးခေါ်ရှင်များက "မှန်သည်"ဟု ယုံကြည်ကြပါသည်။ ထိုကဲ့သို့သော တွေးခေါ်ရှင်များကို ဥစ္ဆေဒဝါဒီများ သို့မဟုတ် မရှိဝါဒီများဟု သတ်မှတ်ခဲ့ကြပါသည်။

သိတတ်သူ သတ္တဝါနှင့် ပတ်သက်၍လည်း တွေးခေါ်ကြပါသည်။ သတ္တဝါဆိုသည်မှာ သိစရာအာရုံနှင့်သိခြင်းတို့ပေါင်းစပ်ထားသည့် နုပ်နာမ် အစုအဝေးမျှသာ ဖြစ်ပါသည်။ နုပ်နာမ်(၂)မျိုးလုံးပင် သဿတဝါဒီတို့ အလိုအရ အဆုံးစွန်သဘောတရားအနေဖြင့် တရံတဆစ်မျှ မပြောင်းလဲ၊ မပျက်စီးသည့် အမြဲတေခေတ်ချည်းဖြစ်ရာ ယင်းတို့ဖြင့် ပေါင်းစပ်ထားသည့် သိတတ်သူ သတ္တဝါလည်း ထာဝရဉာဏ်ရှိနေသည့် အမြဲတေပင် ဖြစ်ပါသည်။ မျက်မြင်အားဖြင့် သတ္တဝါများ ဆေးကြသည်ကို တွေ့ကြရပါသည်။ ထိုသို့ သေဆုံးကြရခြင်းမှာ အပြင်ဘက်အလှာအနေဖြင့် ပျက်စီးခြင်းသာဖြစ်ပါသည်။ သဿတဝါဒီတို့၏ အလိုအရ သတ္တဝါတွင် အလှာ(၃) လှာရှိပါသည်။ ထိုအလှာ (၃)လှာမှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

(၁) အကြမ်းလှာ (ထူလသရီရ)
(၂) အနုလှာ (သုခုမသရီရ)
(၃) အသင်္ခလှာ (လိင်္ဂသရီရ)

အကြမ်းလှာ(ထူလသရီရ)

အကြမ်းလှာ(ထူလသရီရ)ဆိုသည်မှာ သတ္တဝါ၏အပြင်ဘက်အကျဆုံး အလှာဖြစ်ပါသည်။ ထိုအလှာတွင် မဟာဘုတ်နုပ်များနှင့် ဥပါဒါနုပ်များ ပါဝင်ပါသည်။ သတ္တဝါများ သေဆုံးသောအခါ ထို အကြမ်းလှာ

(ထူလသရီရ)ကို စွန့်ရပါသည်။ ယင်းအကြမ်းလွှာကို ခန္ဓာအိမ်ဟု ခေါ်ပါသည်။ အဝတ်အထည်နှင့် နှိုင်းယှဉ်၍ ဆိုကြပါသည်။ သတ္တဝါသည် သံသရာတလျှောက် ဘဝတိုင်းဘဝတိုင်း၌ ခန္ဓာအိမ်ကို တလုံးပြီး တလုံး ဆောက်ကြရပါသည်။ ခန္ဓာအိမ်တလုံးကို တဘဝဟု ဆိုလိုပါသည်။ တနည်းအားဖြင့်ဆိုရလျှင် သတ္တဝါသည် ဝတ်စုံမျိုးကို တစုံပြီးတစုံ လဲလှယ်၍ ဝတ်ဆင်သကဲ့သို့ ခန္ဓာကိုယ်ကိုလည်း တခုပြီးတခု ဖန်တီးယူပါသည်။ ဤနေရာ၌ ဝတ်စုံတစုံကို တဘဝဟု ဆိုလိုပါသည်။ဥပစာဝေါဟာရ အားဖြင့် ခန္ဓာအိမ်ပြောင်းခြင်း သို့မဟုတ် ဝတ်စုံပြောင်းခြင်းကိုပင် မုချ ဝေါဟာရအားဖြင့် သေခြင်းဟု ဆိုပါသည်။ ထို့ကြောင့် ခန္ဓာအိမ် ပြောင်းခြင်း၊ ဝတ်စုံပြောင်းခြင်းကို မျက်မြင်ကိုယ်တွေ့ သိရှိရသကဲ့သို့ သေခြင်းကိုလည်း မျက်မြင်ကိုယ်တွေ့ သိနိုင်ရပါသည်။ ဤအကြမ်းလွှာ (ထူလသရီရ)ပျက်စီးမှုကို အကြောင်းပြု၍ သာမန်လူသားတို့က သတ္တဝါပျက်စီးသည်ဟု ဆိုကြခြင်းဖြစ်ပါသည်။ ဒီမှန်အားဖြင့် တော့ခေါ်ရှင် သဿတဝါဒီတို့၏ အလိုအရ သတ္တဝါသည် မပျက်မစီး အမြဲရှိနေသည့် အမြဲတခောတ် ဖြစ်ပါသည်။

အနုလွှာ(သုခုမသရီရ)

သတ္တဝါသေဆုံး၍ အကြမ်းလွှာ (ထူလသရီရ)ကို စွန့်ခွာသွားသော အခါ အသက်ဇီဝသည် မိမိနှင့်အတူ ကမ္မဘတ်မျိုး၊ ဝါသနာမျိုး၊ ပါရမီ မျိုး၊ ကိလေသာမျိုးကို ယူဆောင်သွားပါသည်။ ယင်းကမ္မသတ္တိစသည် တို့သည် သံသရာတလျှောက်လုံး ဒီသက်ဇီဝ၏ ယာဉ်သဖွယ် ဖြစ်ပါသည်။ ကမ္မသတ္တိစသောယာဉ်နှင့်တကွသော အသက်ဇီဝကိုပင် သတ္တဝါဟု ခေါ်ပါသည်။ ထိုကမ္မသတ္တိစသောအလွှာသည် သတ္တဝါ၏အလယ်လွှာ ဖြစ်ပါသည်။ယင်းအလယ်လွှာကို အနုလွှာ(သုခုမသရီရ)ဟုခေါ်ပါသည်။အနုလွှာ (သုခုမသရီရ)သည် သံသရာတလျှောက်လုံး အသက်ဇီဝနှင့်အတူ ရှိနေမည်ဖြစ်ပါသည်။ သို့ရှိနေရာတွင် နှံ့ခြင်း၊ ထက်ခြင်းတို့ဖြင့် အထိုက် အလျောက်ပြောင်းလဲမှုရှိနေမည်ဖြစ်သော်လည်း သံသရာ၌ ကျင်လည်နေ သရွေ့ ကာလပတ်လုံး အပြီးတိုင် ပျက်စီးသွားခြင်းမျိုးသို့ မရောက်နိုင်

ပါခဲ့။ သို့ဖြစ်၍သာ သတ္တဝါကို မပျက်မစီး အမြဲရှိနေသည့် အမြဲတော်တော်ဟု သတ်မှတ်ခြင်းဖြစ်ပါသည်။ အနုလ္တာ (သုခုမသရီရ)ကို သတ္တဝါသည် စွန့်ခြင်းမရှိသဖြင့် ယင်းအဆင့်တွင် သတ္တဝါသည် သေဆုံးခြင်းမရှိပါ။

အသွင်လ္တာ(လိင်္ဂသရီရ)

အသွင်လ္တာ (လိင်္ဂသရီရ)ဆိုသည်မှာ သတ္တဝါအသွင်အနေဖြင့် သီအပ်သည့် နောက်ဆုံးအလ္တာဖြစ်ပါသည်။ ထိုအလ္တာသည် မပျက်မစီး အမြဲတည်ရှိသည့်အလ္တာဖြစ်ပါသည်။ ထိုအလ္တာတွင် ကံ၊ ကိလေသာ၊ ဝါသနာစသော အနုလ္တာ(သုခုမသရီရ)အားလုံး ခုံ့ပ်ငြိမ်းသွားပါသည်။သို့ရာတွင် သတ္တဝါအသွင်၊ သတ္တဝါသဘောကား ရှိမြဲရှိပါသည်။ထိုအဆင့်တွင်ရှိသော သတ္တဝါကို အလွယ်ဆုံးဝေါဟာရဖြင့် "ထာဝရဘုရား"ဟု ခေါ်နိုင်မည်ဖြစ်ပါသည်။ ထာဝရဘုရားသည် မည်သည့်အခါမျှ သေဆုံးခြင်း မရှိပဲ အစဉ်ထာဝရတည်ရှိနေသည့် အမြဲတမတ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ထာဝရဘုရားသဘောသည် သံသရာ၌ ကျင်လည်ကျက်စားပြေးသွားနေကြသည့် သတ္တဝါအားလုံးတို့၏ အတွင်းပိုင်းအကျဆုံးအလ္တာ ဖြစ်ပါသည်။ အကယ်၍ သတ္တဝါသည် ဇာ ကြမ်းလ္တာနှင့် အနုလ္တာကို စွန့်လွှတ်ပြီးဖြစ်ပါက ထိုသတ္တဝါသည် သံသရာမှ လွတ်မြောက်ပြီးသော ထာဝရဘုရားဇာတ်စင်ဖြစ်ပါသည်။ မစွန့်လွှတ်သေးနိုင်ပါက ထိုသတ္တဝါသည် သံသရာ၌ အကြမ်းလ္တာ အနုလ္တာတို့ဖြင့် နှောင်ဖွဲ့ခြင်းခံနေရသည့် ထာဝရဘုရားဖြစ်ပါသည်။ အမှန်အားဖြင့် လွတ်မြောက်ပြီးသူရော၊ မလွတ်မြောက်သေးသူရော (၂) မျိုးလုံး သူ့နည်းသူ့ဟန်ဖြင့် ထာဝရဘုရားများချည်းဖြစ်ကြပါသည်။

အသိပညာရဇကြောင်းပမာဏများ

မှန်ကန်ဇသော အသိဉာဏ်ပညာရဇကြောင်းတရားများကို ဒဿနကျမ်းများတွင် "ပမာဏများ"ဟု ခေါ်ကြပါသည်။ ထိုပမာဏများတွင် အရေးအကြီးဆုံး ပမာဏများမှာ (၃)မျိုးရှိပါသည်။ ထို(၃)မျိုးမှာ—

(၁) ပစ္စက္ခပမာဏ(မျက်မြင်ကိုယ်တွေ့)၊
(၂) အနုမာနပမာဏ(အကြောင်းအကျိုးဆက်သွယ်မှု)၊
(၃) သစ္ဆိကရဏပမာဏ(မျက်မှောက်ပြုမှု)–
တို့ဖြစ်ပါသည်။ ထို(၃)မျိုးတို့အနက် ပစ္စက္ခပမာဏ(မျက်မြင်ကိုယ်တွေ့)ကို ရုပ်ဝါဒီများက အားထားကြပါသည်။ တွေးခေါ်ရှင်များကမူ အနုမာန ပမာဏ (အကြောင်းအကျိုးဆက်သွယ်မှု) ကို အလေးထားကြပါသည်။ ပဋိပတ်ကျင့်စဉ်၌ ယုံကြည်အားထုတ်ကြသူများက သစ္ဆိကရဏပမာဏ (မျက်မှောက်ပြုမှု)ကိုသာ လက်ခံကြပါသည်။ ပမာဏများသဘောကို နောက်ဆုံးပိုင်း၌ သီးခြားဖော်ပြထားပါသည်။

တွေးခေါ်ရှင်များသည် သိစရာအာရုံကိုဖြစ်စေ၊ သိတတ်သူကိုဖြစ်စေ၊ သိခြင်းကိုဖြစ်စေ တွေးခေါ်စဉ်းစားသောအခါ အဆုံးစွန်အဆင့်အထိ တွေးခေါ်စဉ်းစားကြပါသည်။ ထိုသို့ တွေးခေါ်စဉ်းစားရာတွင် သူတို့ အသုံးပြုသော ကိရိယာတန်ဆာပလာမှာ အနုမာနပမာဏ ဖြစ်ပါသည်။ အနုမာနပမာဏသည် အကြောင်းအကျိုးဆက်သွယ်မှု ဖြစ်ပါသည်။ တဖန် အကြောင်းအကျိုးဆက်သွယ်မှုသည် ကာလနှင့်ဒေသကို မှီရပါသည်။ ထို့ကြောင့် အနုမာနပမာဏဖြင့် ရအပ်သော အသိပညာသည် ကာလနှင့် ဒေသဘောင်အတွင်း၌ရှိသည့် အသိပညာမျိုးသာ ဖြစ်ပါသည်။ ထိုကဲ့သို့သော အသိပညာမျိုးကို တက္ကာဝစရဟု ခေါ်ပါသည်။ ဤနေရာ၌ တက္က ဆိုသည်မှာ တွေးခေါ်ခြင်း သို့မဟုတ် ကြံစည်ခြင်းဖြစ်ပါသည်။ အဝစရ ဆိုသည်မှာ ကျက်စားရာသဘောတရား ဖြစ်ပါသည်။ ထို့ကြောင့် တက္ကာ-ဝစရဆိုသည်မှာ တွေးခေါ်ခြင်း သို့မဟုတ် ကြံစည်ခြင်း၏ကျက်စားရာ သဘောတရား ဖြစ်ပါသည်။ အရပ်သုံးဝေါဟာရဖြင့် ရှင်းပြရလျှင် တက္ကာဝစရ(တက္က+အဝစရ)ဆိုသည်မှာ တွေးခေါ်မြော်မြင်မှုဖြင့် သိအပ်သည့် အသိပညာများ ဖြစ်ပါသည်။ ဤဖြစ်၍ အနုမာနပမာဏဖြင့် တွေးခေါ်ကြောင်းကျိုးဆက်သွယ်မှုဖြင့် တွေးခေါ်ပညာရှင်များသိအပ်သည့် အသိပညာသည်, တက္ကာဝစရတွေးခေါ် တွေးခေါ်မြော်မြင်မှုဖြင့် သိအပ်သည့် ကာလနှင့်ဒေသဘောင်အတွင်းရှိ အသိပညာမျိုးသာ ဖြစ်ပါသည်။

တွေးခေါ်ရှင်များသိလိုသည့်အဆင့်မှာ အမြုတေစတ်ခေါ် အဆုံးစွန်အဆင့်ဖြစ်ပါသည်။ ထိုအဆုံးစွန်အဆင့်ကို အတက္ကာဝစရဟု ခေါ်ပါသည်။ ဤနေရာ၌ အတက္ကဆိုသည်မှာ တွေးခေါ် မြော်မြင်ခြင်း သို့မဟုတ် ကြံစည် စိတ်ကူးခြင်းမဟုတ်ပဲ ကိုယ်တိုင်မျက်မှောက်ပြုခြင်း ဖြစ်ပါသည်။ အဝစရဆိုသည်မှာ ကျက်စားရာသဘောတရားပင် ဖြစ်ပါသည်။ ထို့ကြောင့် အတက္ကာဝစရဆိုသည်မှာ ကိုယ်တိုင်မျက်မှောက်ပြုခြင်း၏ ကျက်စားရာသဘောတရား ဖြင့်ပါသည်။ ဗုဒ္ဓဘာသာဝေါဟာရဖြင့် ရှင်းရလျှင် အတက္ကာဝစရ(အတက္က+အဝစရ)ဆိုသည်မှာ မုချအားဖြင့် မင်ကြာ်၊ ဖိုလ်ကြာ်တို့၏ ကျက်စားရာသဘောတရား (နိဗ္ဗာန်)ဖြစ်ပါသည်။ နိဗ္ဗာန်ကို တွေးခေါ်ရှင်တို့အသုံးပြုသည့် အနုမာနပမာဏခေါ် ကြောင်းကျိုး ဆက်သွယ်မှုဖြင့် မသိနိုင်ပဲ ပဋိပတ်ကျင့်ဉာဉ် ယုံကြည်အားထုတ်ကြသူ အရိယာပုဂ္ဂိုလ်များ အသုံးပြုသည့် သစ္စဏုမာန ခေါ် ကိုယ်တိုင် မျက်မှောက်ပြုမှုဖြင့်သာ သိနိုင်ပါသည်။ ထို့ကြောင့် တွေးခေါ်ရှင်များက ငါမိတို့၏ အနုမာနပမာဏအရ အဆုံးစွန်အဆင့်ဟု ယူဆသတ်မှတ်ထားသည့် အသိပညာသည် တကယ်တမ်းအဆုံးစွန်အဆင့်မဟုတ်ပဲ အထင် အဆုံးစွန်အဆင့်သာ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တွေးခေါ်ရှင်တို့ အသုံးပြုသည့် အနုမာနပမာဏ(ကြောင်းကျိုးဆက်သွယ်မှု)မှာ ကာလတွင်း ဒေသတွင်းရှိ တက္ကာဝစရတရားများကိုသာ သိနိုင်ပြီး ကာလလွန် ဒေသလွန်ဖြစ်သည့် အတက္ကာဝစရတရားကို မသိနိုင်သောကြောင့် ဖြစ်ပါသည်။ ထို့အပြင် အမြင့်ဆုံးအဆင့် တက္ကာဝစရတရားမှာ အထင် အဆုံးစွန်အဆင့်ဖြစ်၍ အတက္ကာဝစရဝေးရာသာလျှင် အမှန် အဆုံးစွန်အဆင့် ဖြစ်ပါသည်။

အစွန်းလေးသွယ်(စတုကောဋိ)

တွေးခေါ်ရှင်တို့၏ အယူဝါဒမှန်သမျှသည့် အစွန်းလေးသွယ်မှ လွတ်မြောက်နိုင်ခြင်းမရှိပဲ အစွန်းလေးသွယ်အတွင်း၌ ကျရောက်နေရမည်သာ ဖြစ်ပါသည်။ အစွန်းလေးသွယ်ကို ဒဿနကျမ်းများ၌ စတုကောဋိဟု

ခေါ်ကြပါသည်။ စတုကောဋ္ဌိ၏ မြန်မာအနက်မှာ အစွန်းလေးခု ဖြစ်ပါသည်။ ယင်းအစွန်းလေးခုမှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

(၁) အရှိ (အတ္ထိ)

(၂) မရှိ (နတ္ထိ)

(၃) ရှိသည်လည်းဟုတ်၏၊ မရှိသည်လည်းဟုတ်၏ (အတ္ထိ စေဝ နတ္ထိ စ)

(၄) ရှိသည်လည်းမဟုတ်၊ မရှိသည်လည်းမဟုတ် (နေဝ အတ္ထိ န နတ္ထိ)

ထိုအစွန်းလေးခုတွင် အခြေခံအစွန်းနှစ်ခုမှာ "အရှိ" နှင့် "မရှိ" ဖြစ်ပါသည်။ ယင်းအစွန်းနှစ်ခုကို ပေါင်းလိုက်ပါက တတိယအစွန်းကိုရပါသည်။ တဖန် တတိယအစွန်းကို ငြင်းပယ်လိုက်ပါက စတုတ္ထအစွန်းကို ရပါသည်။ ထို့ကြောင့် ပထမအစွန်း "အရှိ" နှင့် ဒုတိယအစွန်း "မရှိ" တို့သည် မူလအစွန်းများဖြစ်ပြီး တတိယအစွန်းနှင့် စတုတ္ထအစွန်းတို့မှာ ဆင့်ပွားအစွန်းများ ဖြစ်ကြပါသည်။ ဗုဒ္ဓခေတ်မတိုင်မီ တွေးခေါ်ရှင်များ၏ ဝါဒများကို အုပ်စုခွဲလိုက်လျှင် အထက်ဖော်ပြပါအတိုင်း အမျိုးအစားလေးမျိုးသာရှိပြီး မည်သည့်တွေးခေါ်ရှင်၏ ဝါဒမဆို အစွန်းလေးခုအနက် အစွန်းတခုခုဌာန် ပါဝင်နေမည်သာ ဖြစ်ပါသည်။ ဗုဒ္ဓခေတ်နောက် ပိုင်းဌာနလည်း တွေးခေါ်ရှင်များ၏ ဝါဒမှန်ပါက ထိုနည်းအတူ ဝါဒလေးအုပ်စုအနက် အုပ်စုတခုခုဌာန် ပါဝင်နေမည်သာ ဖြစ်ပါသည်။

နိဒါနဝဂ္ဂသံယုတ်၊ ကစ္စာနဂေါတ္တသုတ်ဌာန–လောကတွင် အယူဝါဒများနှင့် ပတ်သက်၍ ငြင်းခုံမှုမှန်သမျှသည် "အရှိ" နှင့် "မရှိ" ကိုအခြေတည်၍ ငြင်းခုံခြင်းဖြစ်ကြောင်း၊ အရှိ-ဟူသည် သဿတဝါဒဆိုင်ရာ အစွန်းတစွန်းဖြစ်၍ "မရှိ" ဟူသည် ဥစ္ဆေဒဝါဒဆိုင်ရာ အစွန်းတစွန်းပင်ဖြစ်ကြောင်း၊ သမ္မာဒိဋ္ဌိမှန်ပါက ထိုအစွန်းနှစ်စွန်းလုံးကို ပယ်ရမည်ဖြစ်ကြောင်း၊ မဇ္ဈိမ

ပဋိပဒါဟူသည် ထိုအစဉ်နှစ်စဉ်နှင်းကို ပယ်ခြင်းပင်ဖြစ်ကြောင်းဖြင့် မြတ်စွာဘုရားက ကစ္စာနဂေါတ္တပရိဗိုဇ်အား ဟောကြားတော်မူထားသည်ကို တွေ့ရှိရပါသည်။ ထို့အပြင် ဥဒါန်းပါဠိတော် ဇစ္စန္ဓဝဂ်၊ နာနာတိတ္ထိယသုတ်တို့၌ – လောကမြဲ၊ မမြဲစသည်ဖြင့် အထက်ဖော်ပြပါ မေးခွန်း(၁၄)ခုတို့နှင့် ပတ်သက်၍ မြတ်စွာဘုရားဖြကြားခြင်းမပြုပဲ ယင်းမေးခွန်း(၁၄)ခုတို့သည် မျက်မြင်ပုဏ္ဏားခြောက်ယောက်တို့ ဆင်ကိုစမ်းသပ်၍ ဟိုပြော၊ သည်ပြော ပြောကြသည်နှင့်တူကြောင်း ဥပမာပြု၍ ဟောကြားထားသည်ကိုလည်း တွေ့ရှိရပါသည်၊ အမှန်အားဖြင့် မေးခွန်း(၁၄)ခုမှာ တွေးခေါ်မြင်မှုမှန်သမျှသည် ဝါဒရေးရာအုပ်စုလေးခုတွင် တခုခု၌ မလွဲမသွေပါဝင်ကြောင်း ဖော်ပြထားသည့် နမူနာများသာ ဖြစ်ပါသည်။

အကြောင်းနှင့်အကျိုး

အကြောင်းနှင့်အကျိုးသည် လောကတစ်စင်တွင် အခြေခံအကျဆုံးအချက်အလက်များ ဖြစ်ပါသည်။ တွေးခေါ်ရှင်များသည် လည်းအကြောင်းနှင့်အကျိုးတို့၏ ဆက်စပ်မှုကိုအားကိုးပြု၍ တွေးခေါ်ကြခြင်းဖြစ်ပါသည်။ ထိုသို့တွေးခေါ်ရာတွင် အကြောင်းနှင့်အကျိုးတို့၏ဆက်စပ်မှုသဘောဖြင့် လောကတွင်းတရားများကိုသာ တွေးခေါ်သင့်သော်လည်း ဒဿနပညာရေပ်တို့၏ အငြင်အလဲအတိုင်း အဆုံးစွန်အဆင့်ရှိ လောကလွန်တရားများကိုပါ တွေးခေါ်သောအခါ ထိုတွေးခေါ်မှုသည် မမှန်ကန်သည့်သဘောကို ဆောင်လာပါသည်။ နှိုင်းယှဉ်နှင့် ချီသည်နှင့်တူလာပါသည်။ အဆုံးစွန်အဆင့်ရှိ လောကလွန်တရားများကို အကြောင်းအကျိုးဆက်စပ်မှုသဘော(အနုမာနပမာဏ)ဖြင့် ရောက်နိုင်သည်မဟုတ်၊ ပဋိပတ်ကျင့်စဉ်အရ ကိုယ်တိုင်ထိုးထွင်း၍ မျက်မှောက်ပြုခြင်းသဘော(သစ္ဆိကရဏပမာဏ)ဖြင့်သာ ရောက်နိုင်ပါသည်။အဘယ့်ကြောင့်ဆိုသော် အကြောင်းအကျိုးဆက်စပ်မှုသည် အဆုံးစွန်အဆင့်ရှိ လောကလွန်တရား၌ မရှိသောကြောင့် ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုရလျှင် အကြောင်းအကျိုးသဘောကို အဆုံးစွန်အဆင့်အထိ စိစစ်ကြည့်သောအခါ ယင်းအကြောင်းအကျိုးသဘောကို မတွေ့ရသောကြောင့် ဖြစ်ပါသည်။

သို့ဖြစ်လျှင် အကြောင်းအကျိုးသည် နောက်ဆုံးလောကလွန် သစ္စာတရားအနေဖြင့် တကယ်ရှိပါလေသလော။ ဤမေးခွန်းကိုဖြေရန် ပညာရှင်များ အားထုတ်ခဲ့ကြပါသည်။ သူတို့အားထုတ်သောအခါ "စတုကောဋိ" ပုံစံကို သုံးကြပါသည်။ စတုကောဋိပုံစံကို အသုံးပြုသောအခါ စိစစ်မှသဘောသည် အောက်ပါအတိုင်း လေးမျိုးဖြစ်လာပါသည်—

(၁) အကြောင်းနှင့်အကျိုးသည် တခုတည်းဖြစ်၏၊
(၂) တခုတည်းမဟုတ်ပဲ သီးခြားဖြစ်၏၊
(၃) တခုတည်းလည်းဟုတ်၏၊ သီးခြားလည်းဟုတ်၏၊
(၄) တခုတည်းလည်းမဟုတ်၊ သီးခြားလည်းမဟုတ်။

ပထမကောဋိ

ပထမကောဋိမှာ အကြောင်းနှင့် အကျိုးသည် တခုတည်းဖြစ်သည်ဟူသော အယူဖြစ်ပါသည်။ ယင်းအယူကို သခ်္ခဒဿနဝါဒီများက လက်ခံယုံကြည်ကြပါသည်။ နှမ်းကိုသာ ဆီကြိတ်၍ရပြီး ကျောက်ခဲကို ဆီကြိတ်၍ မရခြင်းမှာ အကြောင်းနှင့် အကျိုး တခုတည်းဖြစ်သည့် သဘောကို ဖော်ပြပါသည်။ တနည်းအားဖြင့်ဆိုရလျှင် နှမ်းသည်ပင် ဆီ၊ ဆီသည်ပင် နှမ်းဖြစ်ပါသည်။ ဤသို့ သခ်္ခဒဿနဝါဒီတို့က ဆိုကြပါသည်။

နှမ်းနှင့်ဆီသည် အသွင်သဏ္ဌာန်အားဖြင့် အချင်းချင်း ခြားနားနေကြပါသည်။ ထိုသို့ ခြားနားနေကြခြင်းသည်မင်း အနှစ်သာရအားဖြင့် ခြားနားရာရောက်ပါသည်။ ထို့ကြောင့် နှမ်း၏ အကျိုးအာနိသင်နှင့် ဆီ၏ အကျိုးအာနိသင်တို့ ခြားနားခြင်းဖြစ်ပါသည်။ အကယ်၍ နှမ်းနှင့် ဆီတို့သည် တခုတည်းဖြစ်ပါက အသွင်သဏ္ဌာန်အားဖြင် ခြားနားရန် အကြောင်းမရှိပါချေ။ အသွင်သဏ္ဌာန်အားဖြင့် ခြားနားနေခြင်းသည် အနှစ်သာရအားဖြင့် ခြားနားနေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့်

အကြောင်းသည် သီးခြားဖြစ်ပါသည်။ အကျိုးသည် သီးခြားဖြစ်ပါသည်။ တခုတည်းမဟုတ်ပါ။ အကယ်၍ တခုတည်း ဆိုလျှင်လည်း အဓိပ္ပာယ်မဲ့အလုပ်ကို လုပ်ခြင်းသာ ဖြစ်ပါသည်။ အကြောင်းအကျိုး သဘောမရှိပါ။ အိုးမဖြစ်ရခေါ်းသည့် ရွံမှုသာ အိုးကိုလုပ်ရန် လိုအပ်ပါသည်။ အိုးဖြစ်ပြီးသားအိုးမှ အိုးကိုလုပ်ရန် မလိုအပ်ပါ။ ဤနေရာ၌ ရွံနှင့်အိုးသည် အခြေအနေအရနှင့် တည်ဆောက်မှုအရ အချင်းချင်း မတူသည့်အတွက် တခုတည်းမဟုတ်ပါ။ ရွံအဆင့်တွင် ဂုဏ်သတ္တိသီးခြားရှိပြီး အိုးအဆင့်တွင် ဂုဏ်သတ္တိသီးခြားရှိပါသည်။

တခုတည်းသောအိုးသည်ပင် ကာလကိုလိုက်၍ ပထမဧကာ၌ ဂုဏ်သတ္တိသီးခြား၊ ဒုတိယခဏ၌ ဂုဏ်သတ္တိသီးခြား ဖြစ်ပါသည်။ သို့ဖြစ်၍သာ အိုးသည် ပထမခဏ၌ ပို၍ခိုင်ခံ့သစ်လွင်ပြီး ဒုတိယခဏ၌ အနည်းငယ် ယိုယွင်း၍ ဟောင်းနွမ်းသွားခြင်း ဖြစ်ပါသည်။ နေရာဒေသကို လိုက်၍လည်း အိုးသည် တလုံးတည်းဖြစ်သော်လည်း ဂုဏ်သတ္တိချင်း ခြားနားပါသည်။ နေရာဒေသ ခြားနားသည်နှင့်အမျှ အနာဝတ္ထု၏ တန်ဖိုးနှင့် အသုံးဝင်မှုလည်း ခြားနားပါသည်။ သောက်ရေအိုးသည် သောက်ရေအိုးစင်၌ ရှိနေသောအခါ အာနိသင်တမျိုးရှိပြီး ယင်းသောက်ရေအိုးကိုပင် သန့်သက်ရေအိုးအဖြစ် အသုံးပြုရန် ရေအိမ်အတွင်း၌ ထားလိုက်ပါက အာနိသင်တမျိုးရှိလာပါသည်။ ထို့ကြောင့် သခ်ၤဒဿနဝါဒီတို့၏ ပထမကောဋ္ဌိကို မှန်သည်ဟု လက်မခံခြင်းဖြစ်ပါသည်။

ဤသို့လျှင် အကြောင်းအကျိုး ဆက်စပ်မှုကို စိစစ်သောအခါ အကြောင်းနှင့်အကျိုးသာည် တခုတည်းမဟုတ်ပဲ ခြားနားသည့်အပိုင်း၌ အချင်းချင်းခြားနားကြောင်း တွေ့ရပါသည်။ ယင်းသို့ ခြားနားသည့်အပိုင်း၌ ခြားနားသော်လည်း တူညီသည့်အပိုင်း၌ တူညီကြောင်းကို တွေ့ရပါသည်။ ဤသို့ ခြားနားခြင်းနှင့် တူညီခြင်းသည် ကာလ ဒေသနှင့် အခြေအနေတို့ကိုမှီ၍ ဖြစ်ပေါ်ရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အကြောင်းအကျိုးဆက်စပ်မှုသည် ကာလ ဒေသနှင့် အခြေအနေတို့ကို ကျော်လွန်နိုင်မှုမရှိပဲ ယင်းတို့၏ ကန့်သတ်မှုဝောင်အတွင်း၌သာ ရှိပါ

သည်။ တနည်းအားဖြင့် ဆိုရလျှင် အကြောင်းအကျိုး ဆက်စပ်မှုသည် ကာလတွင်း၊ ဒေသတွင်းတရားများနှင့် အခြေအနေအလိုက် ဆက်စပ်ရသည့် သဘောသာ ဖြစ်ပါသည်။ ထို့ကြောင့် အကြောင်းအကျိုး ဆက်စပ်မှုသည် လောကသစ္စာအနေဖြင့်သာ လောကတွင်းတရားများဌာ မှန်ကန်ပြီး လောကလွန် သစ္စာအနေဖြင့်၊ လောကလွန်တရားများဌာ မှန်ကန်ခြင်းမရှိကြောင်း တွေ့ရပါသည်။ သို့ဖြစ်၍ အရာဝတ္ထုတခုကို စိစစ်သုံးသပ်ရာ၌ လောကတွင်း အဆင့်အထိသာ အကြောင်းအကျိုး ဆက်စပ်မှု(အနုမာနပမာဏ)ကို အသုံးပြုနိုင်ပြီး နှောက်ဆုံး လောကလွန် အဆင့်အတွက် ယင်းပမာဏကို အသုံးမပြုနိုင်ကြောင်း တွေ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော် အကြောင်းအကျိုး ဆက်စပ်မှုသည် ကာလ၊ ဒေသ၊ အခြေအနေ၊ အရာဝတ္ထုတို့နှင့် ကင်းကွာ၍ မရကောင်းပဲ ယင်းကာလ၊ ဒေသ၊ အခြေအနေနှင့် အရာဝတ္ထုတို့သည် လောကတွင်း၌သာရှိပြီး လောကလွန်၌ မရှိသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အကြောင်းအကျိုးသည် ပထမဓာတ်ရှိ အရာ စိစစ်ကြည့်သောအခါ လောကသစ္စာအနေဖြင့်သာ ရရှိပြီး နောက်ဆုံး လောကလွန်သစ္စာအနေဖြင့် တကယ်မရှိကြောင်း ဆိုကြပါသည်။

ဒုတိယကောဋ္ဌိ

ဒုတိယကောဋ္ဌိမှာ အကြောင်းနှင့်အကျိုးသည် တခုတည်းမဟုတ်ပဲ သီးခြားစီဖြစ်သည်ဟူသော အယူဖြစ်ပါသည်။ ယင်းအယူကို ရုပ်ဝါဒီများနှင့် ဉာဃဒဿနဝါဒီများက လက်ခံယုံကြည်ကြပါသည်။ ဤယုံကြည်မှုနှင့်ပတ်သက်၍ ထင်ရှားသော ကန့်ကွက်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်—

သဗ္ဗတော သဗ္ဗသမ္ဘဝပသင်္ဂေါ။

(သဗ္ဗတော၊ အလုံးစုံမှ။ သဗ္ဗသမ္ဘဝပသင်္ဂေါ၊ အလုံးစုံဖြစ်ကောင်းဏီဟူသော လျှဉ်းပါးဖွယ်သည်။ သိယာ၊ ဖြစ်ရာ၏။)

(မာဓျမိကကာရိကာဝုတ္တိ-၃၆)

ဒုတိယကောဋ္ဌိအရ ကျောက်ခဲမှလည်း ဆီဖြစ်၏။ ရွှေမှလည်း ဆီဖြစ်၏ စသည်ဖြင့် အကြောင်းနှင့် အကျိုးတို့သည် ဖြစ်ချင်သလိုဖြစ်ကြကုန်၏ဟု ဆိုရာရောက်သဖြင့် ဤလောက၌ အကြောင်းနှင့်အကျိုးတို့အတူတက် ဆက်စပ်မှုဆိုင်ရာ ပုံသေသတ်မှတ်ချက် မရှိသောကြောင့် အကြောင်းနှင့်အကျိုးဟူ၍ ဆိုရန်ပင် မဖြစ်နိုင်တော့ချေ။ ဤအယူအရ ဆိုလျှင် ဤလောက၌ တစုံတခုသော တူညီမှုကိုအကြောင်းပြု၍ အချင်းချင်း နှိုင်းယှဉ်စရာ အရာဝတ္ထုဟူ၍လည်း မရှိ၊ မျိုးတူစု အရာဝတ္ထုဟူ၍လည်း မရှိ။ ဤအယူမှာ အဆုံးစွန်သစ္စာ သို့မဟုတ် လောကလွန်သစ္စာကို အခြေးထားလွန်းသဖြင့် လောကသစ္စာကို ဆန့်ကျင်ရုံသာမက လောကလွန်သစ္စာကိုပါ ရှုပ်ပျက်ဆင်းပျက် ဖြစ်စေပါသည်။ အဘယ့်ကြောင့် ဆိုသော် လောကလွန်အဆင့်၌ ဘယ်သူ၊ ဘယ်ဝါ၊ ဘာ-ဟူ၍ တိတိကျကျ သတ်မှတ်ပြောဆိုရန် မရှိသောကြောင့်ဖြစ်ပါသည်။ တိတိကျကျ သတ်မှတ်ပြောဆိုနိုင်မှု မှန်သမျှသည် ကာလကိုလည်း မှီရ၏၊ ဒေသကိုလည်း မှီရ၏၊ အခြေအနေကိုလည်း မှီရ၏၊ အရာဝတ္ထုကိုလည်း မှီရ၏။ ထို့ကြောင့် ကာလ၊ ဒေသ၊ အခြေအနေနှင့် အရာဝတ္ထုတို့ကိုမှီ၍ သတ်မှတ်အပ်သော အရာဝတ္ထုများ၊ ဖြစ်ရပ်များသည် လောကသစ္စာအနေဖြင့်သာ ရှိပြီး လောကလွန် သစ္စာအနေဖြင့် မရှိဟု ပညာရှင်များက ဆိုကြခြင်းဖြစ်ပါသည်။

ဒုတိယကောဋ္ဌိအရ အရာဝတ္ထုတခုကို ကိုယ်တိုင်မျက်မှောက်ပြုခြင်း (သစ္ဆိကရဏပမာဏ)ဖြင့် မဟုတ်ပဲ ကြောင်းကျိုးဆက်စပ်မှု (အနုမာန ပမာဏ)ဖြင့် အဆုံးစွန်အဆင့်အထိ တွေးခေါ်မြော်မြင်လိုက်သောအခါ ထိုတွေးခေါ်မြော်မြင်မှုသည် မဇ္ဈိမပဋိပဒါကျသော တွေးခေါ်မြော်မြင်မှု ဖြစ်မလား၏ အစွန်းရောက် တွေးခေါ်မြော်မြင်မှုသာ ဖြစ်သွားပါသည်။ ထို့ကြောင့် အကြောင်းအကျိုးသည် ဒုတိယကောဋ္ဌိအရ စိစစ်ကြည့်သောအခါ လောကသစ္စာအနေဖြင့်သာရှိပြီး နောက်ဆုံး လောကလွန်သစ္စာအနေဖြင့် တကယ်မရှိကြောင်း ဆိုကြပါသည်။

တတိယကောဋိ

တတိယကောဋိမှာ အကြောင်းနှင့် အကျိုးသည် တခုတည်းလည်းဟုတ်၏၊ သီးခြားလည်းဟုတ်၏ဟူသော အယူဖြစ်ပါသည်။ ယင်းအယူကို နိဂဏ္ဌနာဋပုတ္တဂိုဏ်းက လက်ခံယုံကြည်ပါသည်။ ဂျိန်းဝါဒဟူ၍လည်း ဆိုပါသည်။ မူလနှင့် ပဋိပက္ခကို ပေါင်းစပ်လိုက်ပါက သမူဟကိုရသည်ဟူသော ဟေဂယ်လ်နှင့် ဘရက်ဒလတို့၏ ဝါဒမျိုးကိုလည်း ဤတတိယကောဋိဝါဒမျိုးက ထည့်သွင်း ဆွေးနွေးကြပါသည်။ ဤအယူနှင့်ပတ်သက်၍ ထင်ရှားသော ကန့်ကွက်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်—

ပရသ္မရဝိရုဒ္ဓံ ဟိ သစ္စာသစ္စေကတော ကုတော။
(မာဓျမိကာဝတာရိကာ–ဂ၊၇)

ဘဝေဒဘာဝေါ ဘာဝေါ စ နိဗ္ဗာနံ ဥဘယံ ကထံ၊
န တယေား ကေတြ အတ္ထိတံ့၊ အာလောကတမသေား ယထာ။
(မာဓျမိကာဝတာရိကာ–၂၅၊၁၄)

ဝိခာနပြြတိသေခေါ် ဟိ ပရသ္မရဝိရောဓိနော်
ဂကျော် ကေတြ နော ကတိုံ ကေနစိတ် သဋ္ဌစေတသာ။
(တတ္တသင်္ဂဟ–၁၇၃၀)

(သတ် စ၊ "အရှိ" ဟူ၍လည်းကောင်း။ အသတ် စ၊ "မရှိ" ဟူ၍လည်းကောင်း။ ပရသ္မရဝိရုဒ္ဓံဟိ၊ အချင်းချင်းဆန့်ကျင်သော သဘောသည်။ ကေတော၊ တဖေါင်းတည်း။ ကုတော၊ အဘယ်မှာလျှင် ဖြစ်နိုင်ပါအံ့နည်း။

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ အဘာဝေါ စ၊ "မရှိ" တရားဟူ၍လည်းကောင်း။ ဘာဝေါ စ၊ "အရှိ" တရားဟူ၍လည်းကောင်း။ ဥဘယံ၊ နှစ်ပါးစုံ။ ကထံ ဘဝေတ်၊ အဘယ်မှာလျှင် ဖြစ်နိုင်ပါအံ့နည်း။ တယေား၊ ထို "ရှိ၊ မရှိ" တရား (၂)မျိုးတို့၏။ ကေတြ၊

တနေရာဘည်း၌။ အသို့တံ့၊ ရှိကောင်းသည့်သဘောသည်။ နှ၊ မသင့်လျော်ချေ။ အာလောကဘမသေး၊ အလင်းနှင့်အမှောင် (၂)မျိုးတို့၏။ ကေတြ၊ တနေရာတည်း၌။ အသို့တံ့၊ ရှိကောင်းသည့်သဘောသည်။ နှ ယဒၶာ၊ မသင့်လျော်သကဲ့သို့တည်း။

ပရသ္ဘရဝိရောဓိနော်၊ အချင်းချင်း ဆန့်ကျင်ကုန်သော။ ဝိဓာနပြုတိသေဓော်၊ ရှိ-မရှိ (၂) မျိုးတို့ကို။ သ့ဿ္ဌစေတသာ၊ မူမှန်သောစိတ်ဓာတ်ရှိသော။ ဓေနစိတ်၊ တစုံတယောက်သည်။ ဓကေတြ၊ တနေရာတည်း၌။ ကတိုံ၊ ပြုခြင်းငှာ။ နော ဓကျော်၊ မဘတ်ကောင်းကုန်သည်သာတည်း)။

ပထမကောဋ္ဌိနှင့် ဒုတိယခကောဋ္ဌိအရ အကြောင်းနှင့်အကျိုးတို့ကို တခုတည်းယူလျှင်လည်း မသင့်ကြောင်း ဟော်ခဲ့ရသည်။ သီးခြားစီယူလျှင်လည်း မသင့်ကြောင်း ဟော်ခဲ့ရသည်။ ထို့ကြောင့် အကြောင်းနှင့်အကျိုးတို့ကို တနည်းပါင်းတည်းပြု၍ယူလျှင် ဖော်ပြပါ အပြစ်ဒေါသတို့မှ လွတ်ကင်းရာ၏ဟု ကြံ၍ ဤတတိယကောဋ္ဌိကို ယူခြင်းဖြင့်ပါသည်။ ဤတတိယကောဋ္ဌိအရ အကြောင်းနှင့် အကျိုးတို့သည် တူသည့်အပိုင်း၌ တူ၍ မတူသည့်အပိုင်း၌ မတူသဖြင့် တနုတည်းလည်း ဟုတ်၏။ သီးခြားလည်း ဟုတ်၏ဟု ဆိုခြင်း ဖြစ်ပါသည်။ ထိုဝါဒကို ကြားထိုင်ဝါဒဟု သတ်မှတ်ပြီး ဓရှးဓခတ် ပညာရှင်များက လက်မခံကြခြင်း ဖြစ်ပါသည်။ ကြားထိုင်သဘောသည် လောကသစ္စာအနေဖြင့် မှန်ကန်သော်လည်း လောကလွန်သစ္စာအနေဖြင့်ကား မှန်ကန်ခြင်း မရှိပါချေ။

အသင့်သဘောန်အားဖြင့်ဖြစ်စေ၊ အနှစ်သာရအားဖြင့်ဖြစ်စေ၊ အခြားတမျိုးမျိုးအားဖြင့်ဖြစ်ဒစ တခုနှင့်တခု အချင်းချင်း ဆန့်ကျင်သော သဘော (၂)မျိုးတို့ကို တနေရာတည်း၌ တမျိုးတည်းပြု၍ မရကောင်းဟု ဆတ်မှတ်ကြပါသည်။ အကယ်၍ တမျိုးတည်းရကောင်းသည်ဟု ယူလျှင်လည်း ထိုအယူသည် "အထင်"မျှသာ ဖြစ်ပါသည်။ တကယ် "အမှန်" မဟုတ်ပါ။ တနည်းအားဖြင့်ဆိုရလျှင် "ယာယီသစ္စာ"မျှသာ ဖြစ်ပါသည်။

"ထာဝရသစ္စာ" မဟုတ်ပါ။ ဤနေရာ၌ "ယာယီသစ္စာ" ဆိုသည်မှာ လောကသစ္စာ ဖြစ်ပါသည်။ "ထာဝရသစ္စာ" ဆိုသည်မှာ လောကလွန်သစ္စာ၊ နောက်ဆုံးအဆင့်သစ္စာ ဖြစ်ပါသည်။ နောက်ဆုံးအဆင့်သစ္စာတွင် အနှစ်၊ အကာ သဘောမရှိ၊ အားလုံး တမျိုးတည်း၊ တစားတည်းသာ ရှိပါသည်။ အစိတ်အပေါင်းသဘောလည်း မရှိ၊ အားလုံး တသားတည်း၊ တခုတည်းသဘောသာရှိပါသည်။ ထိုသဘောတွင် ကာလသဘောလည်း မပါသဖြင့် ကာလကိုလည်း လွန်ပါသည်။ ဒေသသဘောလည်းမပါသဖြင့် ဒေသကိုလည်း လွန်ပါသည်။ အခြေအနေသဘောလည်းမပါသဖြင့် အခြေအနေကိုလည်း လွန်ပါသည်။ အရာဝတ္ထုသဘောလည်းမပါသဖြင့် အရာဝတ္ထုကိုလည်း လွန်ပါသည်။ သို့ဖြစ်လျှင် ထို့လောကလွန်သစ္စာသည် ကာလ၊ ဒေသ၊ အခြေအနေ၊ အရာဝတ္ထုတို့၏ အကူအညီဖြင့်သာ သိနိုင်သည့် လောကသိ(လောကညာဏ) တို့၏အလွန် သစ္စာတရားသာ ဖြစ်ပါသည်။ ထို့ကြောင့် အသွင်သဏ္ဌာန်အားဖြင့်ဖြစ်စေ၊ အနှစ်သာရအားဖြင့်ဖြစ်စေ၊ အခြားတမျိုးမျိုးအားဖြင့်ဖြစ်စေ တခုနှင့်တခု အချင်းချင်း ဆန့်ကျင်သည့်သဘော (၂)မျိုးကို တနေရာတည်း၌ တမျိုးတည်းပြု၍ မရကောင်းဟု ဆိုခြင်းဖြစ်ပါသည်။ အကယ်၍ ဆန့်ကျင်သည့်သဘော (၂)မျိုးပါဝင်နေလျှင် ထိုတရားသည် တခုတည်း မဟုတ်ပါ။

ယော ဝိရုဒ္ဓမိဿကသဝါန် နာသာဓေကး။

(ယော၊ အကြင်တရားသည်။ ဝိရုဒ္ဓမိဿကသဝါန်။ အချင်းချင်း ဆန့်ကျင်သည့် သဘောလက္ခဏာတို့ စုပေါင်းပါဝင်ခြင်း ရှိ၏။ အသော်၊ ထိုတရားသည်။ နာ ဓေကး၊ တခုတည်းမဟုတ်။)

တဒုးခေါ် မြော်မြင်မှု သဘောတရားအနေဖြင့် ဤတတိယကောဋိအရ အနှစ်သာရကို ပဓာနပြု၍ အသွင်သဏ္ဌာန်ကို အပဓာနပြုပြီးလျှင် အကြောင်းနှင့်အကျိုးတို့သည် အနှစ်သာရအားဖြင့် တခုတည်းဖြစ်သည်၊ အသွင်သဏ္ဌာန်အားဖြင့်မူ သီးခြားစီ ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ သို့ရာတွင် အနှစ်သာရနှင့် အသွင်သဏ္ဌာန်တို့သည် တခုအပေါ် တခု

အချင်းချင်း အမှီသဟဲပြုနေကြသည်ဖြစ်ရာ အနှစ်သာရ-က ပဓာနကျသည်။ အသွင်သဏ္ဌာန်က အပဓာနကျသည်ဟု မည်သို့ဆိုနိုင်ပါမည်နည်း။ ပဓာနကျသည်ဆိုသည်မှာ မရှိလျှင်မဖြစ်ဟူသော အဓိပ္ပာယ်ကိုဆောင်၍ အပဓာနကျသည်ဆိုသည်မှာ မရှိလျှင်လည်း ဖြစ်သည်ဟူသော အဓိပ္ပာယ်ကိုဆောင်ပါသလော။ အမှန်အားဖြင့် အနှစ်သာရနှင့် အသွင်သဏ္ဌာန်တို့သည် တခုမရှိလျှင် တခုမရှိနိုင်သော သဘောချည်းဖြစ်လေရာ မည်သည်က ပဓာနကျ၍ မည်သည်က အပဓာနကျသည်ဟု မည်သို့လျှင် ဆိုနိုင်ပါအံ့နည်း။ ထို့အပြင် အပြိုင်ပဓာနကျသည်ဟု ဆိုလျှင်လည်း ယင်းအဆိုသည် လောကအဆိုသာ ဖြစ်ပါသည်။ ဒဿနအဆိုမဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ဒဿနသဘောတရားအရ အဆုံးစွန် အဆင့်ရှိတရားဟူသမျှသည် နှစ်မျိုးမပြား (အဒွယ) တမျိုးတည်းသာ ရှိကောင်းသောကြောင့် ဖြစ်ပါသည်။

အကြောင်းနှင့်အကျိုးသည် အနှစ်သာရအားဖြင့် နှစ်မျိုးမပြား (အဒွယ)တမျိုးတည်းသာဖြစ်ပြီး အသွင်သဏ္ဌာန်အားဖြင့်သာ အမျိုးမျိုးဖြစ်တတ်ကြောင်း တွေ့ရပါသည်။ အသွင်သဏ္ဌာန်တမျိုးကိုယူခိုက် အခြားအသွင်သဏ္ဌာန်တမျိုးကို မယူနိုင်သဖြင့် အနှစ်သာရသည် အသွင်သဏ္ဌာန်မရှိပဲ တည်ရှိသည်။ သို့ဖြစ်၍ အနှစ်သာရကို ပဓာန၊ အသွင်သဏ္ဌာန်ကို အပဓာနဟု ဆိုခြင်းဖြစ်ကြောင်း ငြင်းဆိုနိုင်ပါသည်။ ထိုငြင်းဆိုချက်အတိုင်း အကြောင်းတရားသည် မိမိအနေဖြင့် ပြီးပြည့်စုံပြီး (နိပ္ပန္န) ဖြစ်ရှိးမှန်လျှင် အသွင်သဏ္ဌာန်တမျိုးမဟုတ် တမျိုးကိုယူရာ၌ အဓိပ္ပာယ်မဲ့ကို ဆောင်ရွက်ရာ မရောက်ပါသလော။ အဓိပ္ပာယ်မဲ့ကို ဆောင်ရွက်ရာမရောက်ပါဟုဆိုလျှင် အနှစ်သာရသည် မိမိချည်း မပြည့်စုံမှု (အနိပ္ပန္န) သဘောသက်ရောက်၍ အနှစ်သာရကလည်း သီးခြားအပဓာန၊ အသွင်သဏ္ဌာန်ကလည်း သီးခြားအပဓာနဖြစ်ပြီး မိမိတို့ချည်းဆိုလျှင် မပြည့်စုံမှု (အနိပ္ပန္န)သဘောချည်းသာ ဖြစ်ကြပါသည်ဟု ဆိုရာမရောက်ပါသလော။ သို့ဖြစ်လျှင် မိမိတို့ (၂) မျိုးလုံး အမှီသဟဲပြုရန်အတွက် အခြားပဓာန ဝတ္ထုတမျိုးကိုရှာရန် လိုအပ်လာပြန်ပါသည်။ ထိုပဓာနဝတ္ထုသည်လည်း

အနှစ်သာရလော၊ အသွင်သဏ္ဌာန်လောဟု စိစစ်ရန် လိုအပ်လာပြန်ပါသည်။ ဤနည်းအားဖြင့် ပဓာန၀တ္ထုကို ရှာဖွေစိစစ်ခြင်းသည် မီးခိုးမဆုံး၊ မိုးမဆုံး ဖြစ်ပါလေသည်။ ထို့ကြောင့် အကြောင်းအကျိုးသည် တတိယကောဋိအရ စိစစ်ကြည့်သောအခါ လောကသစ္စာအနေဖြင့်သာ ရှိပြီး နောက်ဆုံး လောကလွန်သစ္စာအနေဖြင့် တကယ်မရှိကြောင်း ဆိုကြပါသည်။

စတုတ္ထကောဋိ

စတုတ္ထကောဋိမှာ အကြောင်းနှင့်အကျိုးသည် တခုတည်းလည်းမဟုတ်၊ သီးခြားလည်းမဟုတ်ဟူသော အယူဖြစ်ပါသည်။ ယင်းအယူကို အညာဏဝါဒဟူ၍လည်းကောင်း၊ သံသယ၀ါဒဟူ၍လည်းကောင်း ခေါ်ကြပါသည်။ ဗုဒ္ဓ၏ ပိဋကတ်စာပေများတွင် အမရာဝိက္ခေပ၀ါဒဟု ခေါ်ပြီး သဉ္ဇယဗေလဋ္ဌပုတ္တကိုဏ်းက လက်ခံကျင့်သုံးပါသည်။ ဤ၀ါဒအရ လောကရှိ အရာဝတ္ထုတို့သည် အကြောင်းနှင့်အကျိုးဟူ၍ အတိအကျ သတ်မှတ်ခြင်းမရှိပဲ ဖြစ်ချင် ယလိုဖြစ်ကြသည်ဟု ဆိုရာရောက်သဖြင့် လောကလွန်သစ္စာအနေဖြင့် အထူးစိစစ်ရန်ပင် မလိုတော့ချေ။ သို့ရာတွင် လောကသစ္စာအနေဖြင့်ကား ဤ၀ါဒသည်လည်း ထင်ရှားသော ၀ါဒတရပ်ပင် ဖြစ်ပါသည်။

စတုကောဋိ အရ အကြောင်း အကျိုးသဘောကို လောကလွန်အဆင့်ထိ စိစစ်ကြည့်သောအခါ အကြောင်းအကျိုးသည် လောကသစ္စာအနေဖြင့်သာရှိပြီး လောကလွန်သစ္စာအနေဖြင့် တကယ်မရှိကြောင်း ဆိုကြပါသည်။ အကြောင်းအကျိုးသဘောနှင့် ပတ်သက်၍ ဒဿနပညာရှင်တို့၏ အဆိုကို ဤသို့ တွေ့ရပါသည်—

> ကိဘာ၀ေန ၀ါ သိဒ္ဓိး နာနာဘာ၀ေန ၀ါ ယယေဘး၊
> နု ၀ိဒျတေ တယေဘး သိဒ္ဓိး ကထံ နု ခလု ၀ိဒျတေ။
>
> (မာဓျမိကကာရိကာ–၂၊၂၁)

သဟာရေျာရေျန ဝါ သိဒ္ဓိး ဝိနာရေျာရေျန ဝါ ယယေား နှ ဝိဒျတေ၊ တယေား သိဒ္ဓိး ကထံ နု ခလု ဝိဒျတေ။

(မာရျမိကကာရိကာ–၁၉၊ ၆)

(ယယေား၊ အကြင်အကြောင်းအကျိုးတို့၏။ ကေဘာဝေန ဝါ၊ တခုတည်းအဖြစ်ဖြင့် လည်းကောင်း။ နာနာဘာဝေန ဝါ၊ သီးခြားစီအဖြစ်ဖြင့်လည်းကောင်း။ သိဒ္ဓိး၊ ပြီးစီးခြင်းသည်။ နှ၊ ဝိဒျတေ၊ မရှိ။ တယေား၊ ထိုအကြောင်းအကျိုးတို့၏။ သိဒ္ဓိး၊ ပြီးစီးခြင်းသည်။ ခလု၊ စင်စစ်အားဖြင့်။ ကထံ နု၊ အဘယ်သို့လျှင်။ ဝိဒျတေ၊ ရှိနိုင်ပါအံ့နည်း။

ယယေား၊ အကြင်အကြောင်းအကျိုးတို့၏။ အရေျာရေျန၊ အချင်းချင်းနှင့်။ သဟ ဝါ၊ အတူတကွလည်းကောင်း။ အရေျာ-ရေျန၊ အချင်းချင်းနှင့်။ ဝိနာ ဝါ၊ ကင်းၝလည်းကောင်း။ သိဒ္ဓိး၊ ပြီးစီးခြင်းသည်။ နှ စိဒျတေ၊ မရှိ။ တယေား၊ ထို အကြောင်းအကျိုးတို့၏။ သိဒ္ဓိး၊ ပြီးစီးခြင်းသည်။ ခလု၊ စင်စစ် အားဖြင့်။ ကထံ နု၊ အဘယ်သို့လျှင်။ ဝိဒျတေ၊ရှိနိုင်ပါအံ့နည်း)။

ကာလ

လောကသိ၏ အခြံအရံများတွင် ကာလနှင့် ဒေသသည်လည်း အရေး ကြီးသောအခန်းက ပါဝင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကာလ၊ ဒေသနှင့် အရာဝတ္ထုတို့ မပါဝင်ပဲ လောကသိဟူ၍ မရှိကောင်းသော ကြောင့် ဖြစ်ပါသည်။ ယင်းကာလ၊ ဒေသနှင့် အရာဝတ္ထုတို့တွင် အရာ ဝတ္ထုနှင့် ပတ်သက်၍ ဤသို့ ဆိုကြပါသည်။ အရာဝတ္ထုမှန်သမျှသည် အကြောင်းသော်လည်း ဖြစ်ရပါမည်။ အကျိုးသော်လည်း ဖြစ်ရပါမည်။ အကြောင်းအကျိုးမှ အလွတ်ဖြစ်သော အရာဝတ္ထုဟူ၍ ဤလောက၌ မရှိကောင်းပါချေ။ သို့ရာတွင် အကြောင်းအကျိုးသဘောကို စိစစ် ကြည့်သော အခါ လောကသစ္စာအနေဖြင့်သာ ရှိပြီး လောကလွန်

သစ္စာအနေဖြင့် မရှိကြောင်း ဆိုကြပါသည်။ ထို့ကြောင့် အကြောင်း အကျိုးသဘောသည် လောကလွန် သစ္စာအနေဖြင့် မရှိခဲ့သော် အကြောင်းအကျိုး (၂)မျိုးတွင် တမျိုးမျိုးဖြစ်ရမည် ဖြစ်သော အဏု ဝတ္ထုသည်လည်း လောကလွန် သစ္စာ အနေဖြင့် အမှန်မရှိကောင်းဟု ဆိုအပ်ပါသည်၊

ကာလသည် လောက သို့မဟုတ် လောကတွင်းရှိ အဏုဝတ္ထုကို ဖြစ်ပေါ် စေတတ်သော၊ တည်စေတတ်သော၊ ပျက်စေတတ်သော သဘောတခုဖြစ်သည်ဟု ဆိုကြပါသည်။ ထို့အပြင် ကာလသည် မပြောင်း လဲပဲ တသမတ်တည်း၊ ဟသားတည်းရှိသော သဘောဖြစ်သည်ဟုလည်း ဆိုကြပါသည်။ အမှန်အားဖြင့် လောကသစ္စာအရ ဤလောကနှင့်တကွ လောကရှိ အဏုရုတိုင်းသည် ကာလ၏ လက်အောက်ခံများသာ ဖြစ်ကြ ပါသည်။ ကာလကြောင့် နုပျိုလန်းဆန်းခြင်း၊ အိုမင်းရင့်ရော်ခြင်းတို့ ဖြစ်ကြရပါသည်း ကာလကြောင့် ဖြစ်ခြင်း၊. တည်ခြင်း၊ ပျက်ခြင်းတို့ ဖြစ်ကြရပါသည်။ ထို့ကြောင့် ကာလသည် ပြောင်းလဲခြင်း၏ မဏ္ဍိုင် ဖြစ်သည်ဟု သတ်မှတ်ကြပါသည်။ တနည် အားဖြင့်ဆိုရလျှင် ကာလသည် အကြောင်းအကျိုး(၂)မျိုးတွင် အကြောင်းတရား ဖြင့်ပါသည်။

ထိုသတ်မှတ်ချက်အတိုင်း ကာလသည် အမှန်ပင်အကြောင်းတရားဖြစ် ပါသလော။ ကာလသည် မပြောင်းလဲပဲ တသမတ်တည်း တသားတည်း ဖြစ်သည့် အကြောင်းတရားဖြစ်ရိုးမှန်လျှင် ကာလကြောင့်ဖြစ်ပေါ်ရသည့် အကျိုးတရားတို့သည်လည်း မပြောင်းလဲပဲ တသမတ်တည်း တသားတည်း ဖြစ်ရပေမည်။ သို့ရာတွင် ကျွန်ုပ်တို့မျက်မှောက်၌ တွေ့မြင်နေရသည့် အကျိုးတရားများကား ပြောင်းလဲနေကြပါသည်။ တသမတ်တည်းဖြစ် မနေကြပါ။ တသားတည်းဖြစ်မနေကြပါ။ မီးကြောင့် ပူလောင်ခြင်းဖြစ် ရာ၌ မီးတည်းဟူသော အကြောင်းတရားရှိနေသမျှ ကာလပတ်လုံး ပူလောင်ခြင်းတည်းဟူသော အကျိုးတရားရှိနေရမည်သာ ဖြစ်ပါသည်။ မီးတည်းဟူသော အကြောင်းတရား မရှိသောအခါမှသာ ပူလောင်ခြင်း တည်းဟူသော အကျိုးတရားမရှိပဲ ဖြစ်နိုင်ပါသည်။ ဤမျက်မြင်အတွေ့

အကြုံအရ ကာလသည် ဖြစ်စေတတ်သော အကြောင်းတရား ဖြစ်ရိုးမှန်လျှင် အကျိုးတရားတို့သည် တသမတ်တည်းဖြစ်နေရမည်သာ ဖြစ်ပါသည်။ အိုမင်းရင့်ရော်ခြင်း၊ ပျက်စီးခြင်းတို့ ဖြစ်ကြလိမ့်မည့် မဟုတ်ပါ။ အိုမင်းရင့်ရော်ခြင်း၊ ပျက်စီးခြင်းတို့ ဖြစ်ကြရသည်မှာ ဖြစ်စေတတ်သော အကြောင်းတရားမရှိသောကြောင့်သာဖြစ်ပါသည်။ ဤသို့ဆိုလျှင် ကာလသည် ရှိသည့်အခါ၌ မရှိသည့်အခါ မရှိဟု ဆိုရာရောက်ပါသည်။ သို့ဖြစ်လျှင် ကာလသည် ထာဝစဉ်အမြဲရှိနေသည့်တရား မဟုတ်တော့ပါ။ကာလအပေါ် အကြောင်းအကျိုး သတ်မှတ်ချက်နှင့်ပတ်သက်၍ ဒဿနပညာရှင်များက ဤသို့ဆိုကြပါသည်—

> ဥပပ္ပန္နး သာသ္ဝတာတ် ဘာဝါတ် ကထံ အသာသ္ဝတော ဘဝေတ်၊ ဝဲလက္ခဏျ ဒ္ဝယေား ဟေတုဖလယေား ဇာတု နေဗျတေ။
>
> (သာသ္ဝတာတ်၊ အမြဲတည်ရှိသော။ ဘာဝါတ်၊ တရားမှ။ ဥပပ္ပန္နး၊ ဖြစ်ပေါ်လာသော။ ဘာဝေါ၊ တရားသည်။ အသာသ္ဝတော၊ ဒုံမြဲမတည်ရှိသည်။ ကထံ ဘဝေတ်၊ အဘယ်သို့လျှင် ဖြစ်နိုင်ပါအံ့နည်း။ ဒ္ဝယော၊ နှစ်ခုကုန်သော၊ ဟေတုဖလယော၊ အကြောင်းအကျိုးတို့၏။ ဝဲလက္ခဏျ၊ အချင်းချင်း မတူသည့်သဘောကို။ ဇာတု၊ စင်စစ်။ နဂျဗျတေ၊ အလိုမရှိအပ်။)
>
> (စတုသာတက–၉၊၂)

ထို့အပြင် ကာလကို အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍လည်း ခွဲခြမ်းစိတ်ဖြာကြ၏။ အမှန်အားဖြင့် ယင်းတို့သည် တခုနှင့်တခု အချင်းချင်း အမှီပြု၍ တည်ရှိနေကြခြင်းဖြစ်၏။ သို့ဖြစ်လျှင် ပစ္စုပ္ပန်နှင့် အနာဂတ်တို့သည် အတိတ်အတွင်း၌ ရှိကြရာရောက်၏။ အဘယ့်ကြောင့်ဆိုသော် ပစ္စုပ္ပန်သည် အတိတ်ကို အမှီပြု၍ရှိပြီး အနာဂတ်သည် ပစ္စုပ္ပန်ကိုအမှီပြု၍ ရှိခြင်းကြောင့် ဖြစ်ပါသည်။ ဤသို့ ပစ္စုပ္ပန်နှင့် အနာဂတ်တို့သည် အတိတ်အတွင်း၌ ရှိနေကြလျှင် ပစ္စုပ္ပန်နှင့် အနာဂတ်တို့ကို အတ်တ်မှ

မည်သို့ ခွဲခြားရ သိနိုင်ပါမည်နည်း။ အကယ်၍ ပစ္စုပ္ပန်နှင့် အနာဂတ် တို့သည် အတိတ်အတွင်း၌ မရှိဟုဆိုပါလျှင် ယင်း ပစ္စုပ္ပန်နှင့် အနာဂတ် တို့သည် အတိတ်ကို မည်သို့အမှီပြု၍ ရှိလာပါသနည်း။ အမှီမပြုပဲ တည်ရှိလာသည်ဟုဆိုလျှင်လည်း ယင်းအဆိုသည် သာမန် လောကအဆို သာ ဖြစ်ပါသည်။ ဒဿနအဆို မဟုတ်ပါ။ ထို့အပြင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် မခွဲခြားပဲ ကာလကို သိရှိလည်းမရပါ။ ထို့ကြောင့် ကာလ ဟူသည် လောကသိ၏ အခြံအရံသာဖြစ်၍ လောကသစ္စာအနေဖြင့်သာ ရှိကောင်းပါသည်။ လောကလွန်သ၏ - အခြံအရံမဟုတ်၍ လောကလွန် သစ္စာအနေဖြင့် မရှိကောင်းပါ။ ဤကာလနှင့်ပတ်သက်၍ ဆိုကြသော ဒဿနပညာရှင်တို့၏ အဆိုအမိန့်ကို ဤသို့ဖော်ပြအပ်ပါသည်—

ပြတျုတွန္နော နာဂတော စ ယဒိ အတီတံ အပေက္ခု ဟိ၊
ပြတျုတွန္နော နာဂတော စ ကာလော တိတေ ဘဝိသျတိ။
(စတုသတက-၁၁၊ ၁)

ပြတျုတွန္နော နာဂတော စ နတ္ထိ တြ ပုန ယဒိ၊
ပြတျုတွန္နော နာဂတော စ သျာတံ ကထံ အပေက္ခု တံ။
(မာဓျမိကကာရိကာ-၁၇၊ ၂)

အနပေက္ခ ပုန သိဒ္ဓိ နာတီတံ ဝိဒျတေ တာယေ၊
ပြတျုတွန္နော နာဂတော စ တသ္မာတ် ကာလော နာ ဝိဒျတေ။
(မာဓျမိကကာရိကာ-၁၉၊ ၃)

အပြတီတျာသ္တိတာ နာသ္တိ ကဒါစိဒ် ကသျစိတ် ကဿစိတ်၊
န ကဒါစိတ် ကဿစိတ် ကောစိတ် ဝိဒျတေ တေန သာသ္တတော။
(စတုသတက-၉၊ ၂)

(ယဒိ ဟိ၊အကယ်၍သာလျှင်။ ပြတျုတွန္နော စ၊ ပစ္စုပ္ပန်သည်လည်းကောင်း။ အနာဂတော စ၊ အနာဂတ်သည်လည်းကောင်း။ အတီတံ၊ အတိတ်ကို။ အပေက္ခု၊ အမှီပြု၍။ သျာတာမ်၊ ဖြစ်ကုန်

ငြားအံ့။ ပြတ္တုတွန္နော၊ ပစ္စုပ္ပန်ဖြစ်သော။ ကာလော စ၊ ကာလသည်လည်းကောင်း။ အနာဂတော၊ အနာဂတ်ဖြစ်သော။ ကာလော စ၊ ကာလသည်လည်းကောင်း။ အတီတော၊ အတိတ် အတွင်း၌။ ဘဝိသျတး၊ ဖြစ်ကုန်ရာ၏။

ပြတ္တုတွန္နော၊ ပစ္စုပ္ပန်သည်လည်းကောင်း။ အနာဂတော စ၊ အနာဂတ်သည် လည်းကောင်း။ တတြ၊ ထိုအတိတ်အတွင်း၌။ ပုန်း၊ တဖန်။ ယဒိ နဿ။ အကယ်၍ မဖြစ်ကုန်ငြားအံ့။ ပြတ္တု-တွန္နော စ၊ ပစ္စုပ္ပန်သည်လည်းကောင်း။ အနာဂတော စ၊ အနာဂတ်သည်လည်းကောင်း။ တံ၊ ထိုအတိတ်ကို။ အပေက္ခ၊ အမှီပြု၍။ ကထံ သျာတာမ်၊ အဘယ်သို့လျှင် ဖြစ်နိုင်ပါအံ့နည်း။

တယော၊ ထိုပစ္စုပ္ပန်အနာဂတ်တို့၏။ ပုန်း၊ တဖန်။ အတီတံ၊ အတိတ်ကို။ အနပေက္ခ၊ အမှီမပြုမူ၍။ သိဒ္ဓိး၊ ပြီးပြည့်စုံခြင်းသည်။ နဝိဒျတော။ မရှိ။ တသ္မာတ်၊ ထို့ကြောင့်။ ပြတ္တုတွန္နော၊ ပစ္စုပ္ပန်ဖြစ်သော။ ကာလော စ၊ ကာလသည်လည်းကောင်း။ အနာဂတော၊ အနာဂတ်ဖြစ်သော။ ကာလော စ၊ ကာလသည် လည်းကောင်း။ နဝိဒျတော၊ မရှိ။

အပြတီတ္ပ၊ တစုံတခုကိုအမှီမပြုမူ၍။ ကသ္မစိတ်၊ တစုံတခု၏။ အသ္တိတာ၊ ရှိသည်၏အဖြစ်သည်။ ကဒါစိတ်၊ မည်သည့်အခါမျှ။ ကုစိတ်၊ မည်သည့်နေရာ၌မျှ။ နာသ္တိ၊ မရှိသည်သာတည်း။ တေန၊ ထို့ကြောင့်။ သာသ္ဝတော၊ အမြဲတည်ရှိသော။ ကောစိတ်၊ တစုံတခုသောတရားသည်။ ကဒါစိတ်၊ မည်သည့်အခါမျှ။ ကုစိတ်၊ မည်သည့်နေရာ၌မျှ။ နဝိဒျတော၊ မရှိသည်သာတည်း)။

ဒေသ

ဒေသ သည်လည်း လောကသိ၏အခြံဒ့ရံတွင် ကာလနည်းတူ အရေးပါသည်သာဖြစ်၏။ ဤနေရာ၌ အာကာသကိုလည်း ဒေသတွင် ထည့်သွင်း၍ ယူအပ်ပါသည်။ အမှန်အားဖြင့် ဒေသဟူသည်မှာ အရာဝတ္ထုတို့၏

တည်ရာသဘော ဖြစ်ပါသည်။ သဒ္ဒါဝေါဟာရဖြင့် ဆိုရလျှင် ဖြစ်ပျက် (ကြိယာ) တို့၏ အစဉ်ကို ကာလဟု ခေါ်၍ ဧရာဝတ္ထု(နာမ်) တို့၏ အစဉ်ကို ဒေသဟုခေါ်ပါသည်။ ယင်းဒေသသည် အရာဝတ္ထုအားလုံးတို့၏ တည်ရာဖြစ်သဖြင့် အားလုံး ပံ့နှုံ၍တည်ရှိသည်ဟု ဆိုပါသည်။ ထို့အပြင် ဒေသသည် နိစ္စအကြောင်းတရား ဖြစ်သည်ဟုလည်း ဆိုပါသည်။ နိစ္စအကြောင်းတရားဟူသည် အားလုံးပံ့နှုံ၍ တည်ရှိခြင်း (သဗ္ဗဗျာပီ)၊ အစိတ်အပေါင်း သဘောမရှိခြင်း (အပရဒေသီ) အင်္ဂါနှင့် ပြည့်စုံသည့် တရားမျိုးဖြစ်ပါသည်။

လောကမျက်မြင်အားဖြင့် ဒေသ၌ အစိတ်အစိတ်များ ပါဝင်ကြောင်း တွေ့ရပါသည်။ အိုး၏နေရာ၊ ပုဆိုး၏နေရာ စသည်ဖြင့် ကဲ့ပြားမှုမျိုးဖြစ်ပါသည်။ အိုး၊ ပုဆိုး စသည့် အရာဝတ္ထုတို့သည် အချင်းချင်း ကဲ့ပြားသဖြင့် ယင်းတို့၏ နေရာများသည်လည်း အချင်းချင်းကဲ့ပြားကြပါသည်။ ဤသည်မှာ လောကမျက်မြင် ဖြစ်ပါသည်။ ဒဿနအမြင်အားဖြင့်ဆိုလျှင် အရာဝတ္ထု အားလုံးတို့သည်ပင် ဒေသဖြစ်ပါသည်။ တည်ရာမရှိပဲ တည်တတ်သော အရာဝတ္ထုများ မရှိကောင်းသောကြောင့် ပရမာဏုမြူမှုန်များ စုဝေးပြီး အရာဝတ္ထုများအဖြစ် တည်ရှိနေခြင်းကပင် မိမိတို့ကိုယ်တိုင် ဒေသဖြစ်ကြောင်း ဖော်ပြနေပါသည်။ တနည်းအားဖြင့် ဆိုရလျှင် တည်ရာနှင့်တည်တတ်သော အရာဝတ္ထုတို့သည် အထင်အားဖြင့် နှစ်မျိုးဖြစ်သော်လည်း အမှန်အားဖြင့် တမျိုးတည်းသာ ဖြစ်ပါသည်။ ဤသို့ ဒဿနပညာရှင်များက ဆိုကြပါသည်။ ဤအဆိုအတိုင်းပင် စိစစ်ကြည့်သောအခါ အနုဝတ္ထုမှန်သမျှသည် လောကလွန်သစ္စာအနေဖြင့် တကယ် မရှိသောကြောင့် ယင်းတို့၏တည်ရာဒေသသည်လည်း လောကလွန်သစ္စာအနေဖြင့် တကယ်မရှိကြောင်း လက်ခံရမည် ဖြစ်ပါသည်။

ဖြစ်ပျက် (ကြိယာ) တို့၏ အစဉ်မှတပါး ကာလဟူသည် မရှိကောင်းသကဲ့သို့ ဖြစ်တတ် ပျက်တတ်သော အရာဝတ္ထု (နာမ်)တို့၏ အစဉ်မှတပါး ဒေသဟူသည်လည်း မရှိကောင်းပါချေ။ သို့ရာတွင် ဖြစ်ပျက်အစဉ်နှင့် ကင်းလျှက်လည်းကောင်း၊ ဖြစ်တတ် ပျက်တတ်သော အရာဝတ္ထုအစဉ်နှင့်

ကင်းရှင်လည်းကောင်း လောကသိသည် မဖြစ်ပေါ်နိုင်ပါခြေ။ ထို့ကြောင့် လောကသိဟူသည် တကယ်မရှိသည့် ကာလ၊ ဒေသ၊ အရာဝတ္ထုတို့ဖြင့် ပုံဖော်ထားသည့် အဝိဇ္ဇာသာ ဖြစ်ပါသည်။ ယင်း အဝိဇ္ဇာသည် မိမိ ကိုယ်တိုင်က လောကတွင်းအသိကိုသာ သိနိုင်ပါလျက် လောကလွန် အသိကို သိဘိသကဲ့သို့ စွဲမြဲစွာ ယုံကြည်တတ်ပါသည်။ ခံယူတတ်ပါသည်။ ဤသည်ကိုပင် မာယာဟု ဆိုကြပါသည်။

အခန်း (၅)

တိတ္ထိယဆရာကြီး (၆) ယောက်

ဗုဒ္ဓမြတ်စွာ ပွင့်တော်မူသည့်ကာလအထိ အထွဋ်ထွဋ်သော အယူဝါဒများကို တွေးခေါ်ခဲ့ကြ၏။ထိုအယူဝါဒများကို အကျဉ်းချုံး၍ဆိုရလျှင် အယူဝါဒ (၄)မျိုးသာ ဖြစ်ပါသည်။ ထိုအယူဝါဒ (၄)မျိုးတို့မှာ—

(၁) အတ္ထိရှိသည်၊

(၂) အတ္ထိမရှိ၊

(၃) အတ္ထိရှိသည်လည်း ဟုတ်၏၊ မရှိသည်လည်း ဟုတ်၏၊

(၄) အတ္ထိရှိသည်ဟူ၍လည်း မဆိုအပ်၊ မရှိဟူ၍လည်း မဆိုအပ်—

ဟူသည်တို့ပင် ဖြစ်ပါသည်။ ထိုအယူဝါဒ (၄)ရပ်ကို အကျယ်ခွဲလိုက်လျှင် (၆၂)ပါးသော အယူဝါဒများဖြစ်လာကြောင်း ဒီဃနိကာယ် ဗြဟ္မဇာလ သုတ်၌ ဟောထားသည်ကို တွေ့ရပါသည်။ ထို (၆၂)ပါးသော အယူဝါဒများကို တည်ထောင်သူ ဂိုဏ်းဆရာကြီးများအနက် ထင်ရှားသော ဂိုဏ်းဆရာကြီး (၆)ယောက်တို့ကို ဗုဒ္ဓစာပေများ၌ ဖော်ပြထာ့းသည်ကို တွေ့ရပါသည်။ ဂျိန်းစာပေများ၌လည်း ဖော်ပြထာ့းသည်ဟု ဆိုပါသည်။ ထိုဂိုဏ်းဆရာကြီး (၆)ယောက်တို့၏ ဝါဒများမှာ ဤသို့ဖြစ်ကြပါသည်—

(၁) ပူရဏကဿပ

ပူရဏကဿပသည် ထင်ရှာ့းသောဂိုဏ်းဆရာကြီး တဦးဖြစ်ပါသည်။ ပူရဏကဿပ၏ ဂုဏ်သတင်းနှင့် ပတ်သက်၍ အဇာတသတ်မင်းကြီး၏ အမတ်တယောက်က အဇာတသတ်မင်းကြီးအာ့း ဤသို့ လျှောက်ထာ့းဖူးကြောင်း ဒီဃနိကာယ် သာမညဖလသုတ်၌ တွေ့ရပါသည်—

မင်းမြတ် – ဤပူရဏကဿပ သည် တပည့် အပေါင်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းဆရာလည်း ဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒ တိတ္ထိသူဖြစ်၏။ သူတော် ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ရဟန်းဝါရုဏ်၏။ ရဟန်းသက်ရှည်၏။ ရွှေးမိ၏။ အဆုံးအရွယ်သို့ ရောက်လျက်ရှိ၏။ မင်းမြတ်သည် ထို ပူရဏကဿပကို ဆည်းကပ်တော်မူပါ။ ပူရဏကဿပကို ဆည်းကပ်လျှင် မင်းမြတ်၏စိတ်သည် ကြည်လင်တန်ရာပါ၏။

ပူရဏကဿပသည် ထင်ရှားသော ဂိုဏ်းဆရာတဦး ဖြစ်သော်လည်း ယင်း၏ ဝါဒဆိုင်ရာစာပေများကို သီးခြားတွေ့မြင်နိုင်ခြင်း မရှိတော့ပါချေ။ ဗုဒ္ဓစာပေများ၌သာ တွေ့ရ၏။ ဂျိန်းစာပေများ၌လည်း တွေ့ရသည်ဟု ဆိုကြ၏။ အမှန်အားဖြင့် ပူရဏကဿပသည် "အသင်္ဂါ အယံ ပုရိသော= ဤအတ္တသည် ကုသိုလ်ကံ အကုသိုလ်ကံတို့နှင့် ငြိကပ်ခြင်းမရှိ" ဟူသော အယူကို ယူသူဖြစ်၏။ ကံမဲ့ (အကြိုယ) ဝါဒ၌ ယုံကြည်သူဖြစ်၏။ ပူရဏကဿပ၏ ဝါဒအရ သတ္တဝါတိုင်း၌ အတ္တရှိ၏။ ထိုအတ္တသည် အာကာသနှင့် တူ၏။ အရာဝတ္ထုတိုင်း၌ အာကာသရှိ၏။ အာကာသကို ညစ်ညမ်းသော အရာဝတ္ထုတို့ဖြင့် ပိတ်ဆို့ ဝန်းရံထားသော်လည်း အာကာသသည် မညစ်ညမ်း၊ ညစ်ညမ်းမှုသည် အာကာသ၏ အပြစ် မဟုတ်။ အာကာသသည် မည်သည့်အရာဝတ္ထုတို့ဖြင့် ပိတ်ဆို့ ဝန်းရံထားစေကာမူ အာကာသချင်း သဘောအားဖြင့် အတူတူပင်ဖြစ်၏။ ထိုနည်းအတူပင် အတ္တသည် မည်သည့်ခန္ဓာတို့ဖြင့် ပိတ်ဆို့ ဝန်းရံထားစေကာမူ အတ္တချင်း သဘောအားဖြင့် အတူတူပင်ဖြစ်၏။ ထို့ကြောင့် အတ္တကိုအကြောင်းပြု၍ သတ္တဝါတိုင်းသည် အယုတ်၊ အလတ်၊ အမြတ် မရှိ၊ အားလုံးအတူတူပင်ဖြစ်၏။ သတ္တဝါတိုင်းကို ထပ်တူထပ်မျှ သဘောထားအပ်၏၊ ဆက်ဆံအပ်၏။ အာကာသနှင့် အာကာသ မဟုတ်သော တရားကို ခွဲခြား၍ သိအပ်သကဲ့သို့ အတ္တနှင့်အတ္တမဟုတ်သော ကုသိုလ် အကုသိုလ်ကို ခွဲခြား၍သိအပ်၏။ ဤသို့သိခြင်းသည်ပင် "ဝိဇ္ဇာကြာက်"

မည်၏။ ဝိဝေကဉာဏ်သည် သံသရာမှ လွတ်မြောက်ခြင်း၏ အကြောင်း ဖြစ်၏။

အတ္တသည်သာ မဖောက်ပြန်သော ပရမတ္ထသစ္စာတရားဖြစ်၏။ ကုသိုလ် အကုသိုလ်တို့သည်ကား မဖောက်ပြန်သော ပရမတ္ထသစ္စာ တရား မဟုတ်။ လူတို့သတ်မှတ်ချက်သာဖြစ်၏။ အတ္တ၏အနှောင်အဖွဲ့သာဖြစ်၏။ သမ္မုတိသစ္စာတရားသာဖြစ်၏။ လူတို့က ကုသိုလ်ဟု သတ်မှတ်လျှင် ကုသိုလ်ဖြစ်၏။အကုသိုလ်ဟုသတ်မှတ်လျှင် အကုသိုလ်ဖြစ်၏။လောကအတွေ့အကြုံအရ လုယက်ယူငင်ရှိလည်း စီးပွားဥစ္စာဖြစ်ထွန်း၏။လိမ်ညာကောက်ကျစ်ရှိလည်း ရာထူးရာခံမြင့်မား၏။ စီးပွားဥစ္စာ ဖြစ်ထွန်းခြင်း၊ ရာထူးရာခံမြင့်မားခြင်းကို ကုသိုလ်၏အကျိုးဟု လူတို့က သတ်မှတ်၏။ လုယက်ယူငင်ခြင်း၊ လိမ်ညာ ကောက်ကျစ်ခြင်းကို အကုသိုလ်ဟု လူတို့က သတ်မှတ်၏။ ဤအတွေ့အကြုံအရ သုံးသပ်လျှင် စီးပွားဥစ္စာ ဖြစ်ထွန်းခြင်း၊ ရာထူး ရာခံမြင့်မားခြင်းတို့သည် ကုသိုလ်၏ အကျိုးမှန်ပါက ယင်း၏ အကြောင်းဖြစ်သော လုယက်ယူငင်ခြင်းနှင့် လိမ်ညာကောက်ကျစ်ခြင်းတို့သည် ကုသိုလ်ပင်ဖြစ်ရပေမည်။ သို့ရာတွင် ကုသိုလ်ဖြစ်သည်ဟု လူတို့က မသတ်မှတ်။ ထို့ကြောင့် ကုသိုလ် အကုသိုလ်ဟူသည်မှာ အမြဲမအမောက် တည့်သည့် ပရမတ္ထသစ္စာတရား မဟုတ်။ အမြဲမအမောက် မတည့်သည့် သမ္မုတိသစ္စာတရားသာ ဖြစ်၏။

သမ္မုတိသစ္စာတရား မှန်သမျှသည် အတ္တနှင့်မည်သို့မျှ မပတ်သက်ချေ။ အကယ်၍ပတ်သက်လျှင်လည်း ထိုပတ်သက်မှုသည် အထင်မျှသာဖြစ်၏။ အမှန်မဟုတ်ချေ။အဘယ့်ကြောင့်ဆိုသော် အတ္တသည် လောကုတ္တရာတရား ဝိဇ္ဇာတရားဖြစ်၍ ကုသိုလ် အကုသိုလ်တို့သည် အမှန် ပယ်စွန့်အပ်သည့် သံသရာတရား အဝိဇ္ဇာတရားများ ဖြစ်သောကြောင့် ဖြစ်ပါသည်။

ပူရဏကဿပ၏ ဝါဒအရ လောကတွင် အကြောင်း (လမ်းစဉ်)နှင့် အကျိုး (ပန်းတိုင်)ဟူ၍ (၂)မျိုးရှိရာ အကျိုး(ပန်းတိုင်)သာပြဋ္ဌာန်းပြီး အကြောင်း (လမ်းစဉ်)သည် မပြဋ္ဌာန်းချေ။ အကြောင်း(လမ်းစဉ်) မှန်

မမှန် ဆုံးဖြတ်သောအခါ ထုတ်ပေါ်လာသည့် အကျိုး (ပန်းတိုင်)ကို သုံးသပ်၍ ဆုံးဖြတ်ရသည်။ ရည်ရွယ်ထားသော အကျိုး (ပန်းတိုင်)သို့ ရောက်လျှင် ယင်း၏ အကြောင်း (သမ်းစဉ်)ကို မှန်သည်ဟု ဆုံးဖြတ်ရသည်။ အဘကို သတ်၍ပဲ ဘုရင်ဖြစ်ဖြစ်၊ ရွေးကောက် တင်မြှောက်ခြင်း ခံရ၍ပဲ ဘုရင်ဖြစ်ဖြစ် ဘုရင်ဖြစ်မှုသည် အကျိုး (ပန်းတိုင်) ဖြစ်သည်။ ဘုရင်ဖြစ်မှု အကျိုး (ပန်းတိုင်)သို့ ရောက်လျှင် ယင်းပန်းတိုင်သို့ သွားရာ အဘကို သတ်မှု လမ်းစဉ်လည်းမှန်သည်။ ရွေးကောက် တင်မြှောက်ခံရမှု လမ်းစဉ်လည်း မှန်သည်။ အဘယ့်ကြောင့်ဆိုသော် လမ်းစဉ်မှန်မှ ပန်းတိုင်သို့ ရောက်နိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ပန်းတိုင်သို့ရောက်သည့် လမ်းစဉ်မှန်သမျှသည် မည်သည့် လမ်းစဉ်ပင် ဖြစ်စေ သူ့နည်းနှင့် သူ အားလုံး မှန်သည်ချည်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ကောင်းမှု၊ မကောင်းမှုနှင့် ပတ်သက်၍ ဆုံးဖြတ်ရာ၌ ဒီကျိုးကို အဓိကထား၍ ဆုံးဖြတ်ရသည်။ အကျိုးကောင်းလျှင် အကြောင်းကောင်းသည်။ အကျိုးမကောင်းလျှင် အကြောင်းမကောင်း။ အကျိုးနှင့် အကြောင်းတို့တွင် ညီညွတ်သော ဆက်သွယ်မှုရှိသည်။ ထို့ကြောင့် အဘကို သတ်၍ မင်းဖြစ်လာသော အဘာတသတ် မင်းကြီးအတွက် အဘကို သတ်ခြင်းသည် မှန်ကန်သော အကြောင်းတရားပင် ဖြစ်ပါသည်။ ထို့အတွက် စိတ်ညစ်ညူးရန် အကြောင်းမရှိ။

ပူရဏကဿပသည် အကြောင်းတရားတို့၏ မပြဋ္ဌာန်းမှုကို အကြောင်းပြု၍ ဤကဲ့သို့ ကံမဲ့ “အကြိုယ” ဝါဒကို ထူထောင်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အဘာတသတ်မင်းကြီးအား ပူရဏကဿပ-က “မကောင်းမှုကို ပြုသော်လည်း ပြုသည် မမည်။ ဤမြေပေါ်ရှိ သတ္တဝါတို့ကို သင်တုန်းသွေးစက်ဖြင့် ဝေခုတည်းသော အသားပုံ အသားပုံဖြစ်အောင် အကယ်၍ ပြုစေကာမူ ထိုအကြောင်းကြောင့် မကောင်းမှု မရှိ၊ မကောင်းမှု ဖြစ်ခြင်း မရှိ” ဟု ဟောကြားကြောင်း သာမညဖလသုတ်၌ တွေ့ရခြင်း ဖြစ်ပါသည်။ လူတယောက်ကို ဆရာဝန်ကလည်း ဓားနှင့် ထိုးပါသည်။ လူသတ်သမားကလည်း ဓားနှင့် ထိုးပါသည်။ သို့ရာတွင် ဓားနှင့်ထိုးခြင်းအတူတူ

ဆရာဝန်က ဓားနှင့် ထိုးခြင်းကို ကောင်းမှုဟု သတ်မှတ်၍ လူသတ်သမား က ဓားနှင့် ထိုးခြင်းကို မကောင်းမှုဟု သတ်မှတ်ကြပါသည်။ ထိုသို့ ခွဲခြား သတ်မှတ်ခြင်းမှာ ထုက်ပေါ်လာသည့် အကျိုး (ပန်းတိုင်) ကဲ့ပြားမှု ကြောင့် ဖြစ်ပါသည်၊ ဤသည်မှာ ပုဂ္ဂလအသိပ္ပါယ်၏ လောကအမြင် ဖြစ်ပါသည်။ ဒဿနဆရာများကမူ ပုဂ္ဂလကဿပကို သခ်္ခဒဿနဝါဒီဟု သတ်မှတ်ကြပါသည်။ သခ်္ခဒဿနသည် မပြောင်းလဲသော နိစ္စ (ကူဋဋ္ဌဥ-ယိနိစ္စ)နှင့် ပြောင်းလဲသော နိစ္စ (ပရိဏာမိနိစ္စ)ဟူ၍ **နိစ္စတရား**ကို (၂)မျိုး ခွဲခြားပြီး ဥပနိသျှဒ်ဝါဒကို ဖွင့်ဆိုပါသည်။ ထိုသို့ ဖွင့်ဆိုရာတွင် ပုရိသနှင့် ပကတိသည် သခ်္ခဒဿန၏ ပရမတ္ထဓာတ်များ (၂) ပါး ဖြစ်ပါသည်။ ပုရိသ သည် မပြောင်းလဲသော နိစ္စတရားဖြစ်၍ နာမ်သဘော ရှိပါသည်။ ပကတိသည် ပြောင်းလဲသော နိစ္စတရားဖြစ်၍ ရုပ်သဘော ရှိပါသည်။

သစ္စာ (၃)မျိုး

ပုဂ္ဂလကဿပ၏ဝါဒကို သဘောပေါက်နိုင်ရန် လောကနှင့်ပတ်သက်၍ ဗုဒ္ဓဘာသာဝင်တို့ ယုံကြည်လက်ခံထားသော သစ္စာ (၃) မျိုးကို နား လည်ဖို့ လိုအပ်ပါသည်။ ထိုသစ္စာ (၃) မျိုးမှာ ဗုဒ္ဓစာပေကျမ်းဂန်များ၌ သဒ္ဒါအားဖြင့် တိုက်ရိုက်မလာသော်လည်း အနက်အားဖြင့် တိုက်ရိုက်လာ ပါသည်။ အဘိဓမ္မာဝေါဟာရကို အသုံးပြုရလျှင် ထိုသစ္စာ (၃) မျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

(၁) အကုသိုလ်သစ္စာ၊
(၂) ကုသိုလ်သစ္စာ၊
(၃) ကြိယာသစ္စာ။

အကုသိုလ်သစ္စာ

အကုသိုလ် သစ္စာ၏ အကျဉ်းသဘောမှာ "ကျွန်လောကၠ ဘယ်သူ သေသေ ငတေမာပြီးရော" ဟူသော ခံယူချက်ဖြစ်ပါသည်။ ဤခံယူချက် ဖြင့် လောကၠ လူပ်ရှားရှုန်းကန်သင်း သာယာဖွယ်များကို ရှာဖွေခံစား ကြပါသည်။ သာယာဖွယ်၊ ကြည်နူးဖွယ်၊ ဝမ်းမြောက်ဖွယ်များသည်

အကုသိုလ်ဥစ္ဆေလည်း ရှိပါသည်၊ ကုသိုလ်ဥစ္ဆေလည်း ရှိပါသည်။ ယင်းတို့မှာ စေတသိက်မျှားဖြစ်၍ အကုသိုလ်စိတ်နှင့်လည်း ယှဉ်နိုင်ပါသည်၊ ကုသိုလ်စိတ်နှင့်လည်း ယှဉ်နိုင်ပါသည်။ အဘိဓမ္မာ ဝေါဟာရအားဖြင့် ပီတိ, (နှစ်သက်ကျေနပ်မှု)၊ သုခ (ချမ်းသာမှု)၊ သောမနဿ (ဝမ်းမြောက်မှု) တို့ ဖြစ်ပါသည်၊ နေ့စဉ်သုံး ဝေါဟာရဖြင့် ထိုကဲ့သို့သော ခံယူချက်ရှိသူများကို ရေသာခို လှေကြုံလိုက်သူများ ဟူ၍လည်း ခေါ်ဝေါ်ကြပါသည်၊ အခြောင်အမားများ ဟူ၍လည်း ခေါ်ဝေါ်ကြပါသည်။ ထိုပုဂ္ဂိုလ်များသည် ကိုယ်ကျိုးကိုယ်စီးပွား တခုတည်းကိုကြည့်၍ ဘာမဆိုလုပ်မည့်သူများ ဖြစ်ပါသည်။

အကုသိုလ်သစ္စာရှင်များသည် လုယက်ယူငင်၍ စီးပွားဥစ္စာကို ရှာကြပါသည်။ လိမ်လည်ဟန်ဆောင်၍ လောက၏ပူဇော်သက္ကာရကို ရှာကြပါသည်။ လူကြီးသူမများကို ဆန္ဒဂတိလိုက်ဖောင် ဖြားယောင်း၍ ရာထူးဂုဏ်သိန်ကို ရှာကြပါသည်။ တာဝန်နှင့် ရပိုင်ခွင့်တွင် တာဝန်ကို လုံးဝ မယူပဲ ရပိုင်ခွင့်ကိုသာ အမိအရဆုပ်ကိုင်၍ လုပ်ဖော်ကိုင်ဖက်များမှ အရှက်အကြောက်ကင်းမဲ့စွာ ထွက်ခွာ၍ မိမိ၏သက်သာရာ သက်သာကြောင်းကို ရှာကြပါသည်။ သူတော်ကောင်းယောင်ဆောင်၍ ကိုယ်ကျိုး ကိုယ့်စီးပွားကို ရှာကြပါသည်၊ ကရုဏာရှင်ယောင်ဆောင်၍ ကိုယ်ကျိုး ကိုယ့်စီးပွားကို ရှာကြပါသည်။ ဤသည်တို့မှာ အကုသိုလ် သစ္စာရှင်များ၏ လုပ်နည်းလုပ်ဟန်များ ဖြစ်ပါသည်။ ဤလုပ်နည်း လုပ်ဟန်များအတိုင်း လိုက်နာဆောင်ရွက်လျှင် လူ့လောက၌ အသက်မွေးမြူမှုလွယ်ကူကြောင်း ဗုဒ္ဓစာပေ၌ ဤသို့ဆိုတွေ့ရပါသည်—

သုဇီဝံ အဟိရိကေန၊ ကာကသူရေန ဓံသိနာ။
ပက္ခန္ဒိနာ ပဂဗ္ဘေန၊ သံကိလိဋ္ဌေန ဇီဝိတံ။

(အဟိရိကေန၊ အရှက်အကြောက် ကင်းမဲ့သဖြင့် လည်းကောင်း။ ကာကသူရေန၊ ကျီးကဲ့သို့ လုယူရဲသဖြင့်လည်းကောင်း။ ဓံသိနာ၊ သူတပါး ပျက်စီးအောင် ချောက်ဆွန်းသဖြင့် လည်း

ကောင်း။ ပက္ခန္ဒိနာ၊ အခွင့်အလမ်း သာယာသို့ ပြေးဝင်သဖြင့် လည်းကောင်း။ ပဂဗ္ဘေန၊ ရက်စက်သဖြင့် လည်းကောင်း။ သံကိလိဋ္ဌေန၊ အကုသိုလ်နည်းလမ်းဖြင့် လည်းကောင်း။ ဇိဝိတံ၊ အသက်မွေးသည်ရှိသော်။ သုဇီဝံ၊ အသက်မွေးမှုလွယ်၏)။

(ဓမ္မပဒ–၁၀၊၆၊၂၄၄)

အကုသိုလ် သစ္စာရှင်များ အနေဖြင့် လောကဌ် အထက်ဖော်ပြပါ လုပ်နည်းလုပ်ဟန်အတိုင်း လိုက်နာဆောင်ရွက်ပါက တကယ်ပင်ချမ်းသာကြ၏။ စီးပွားဥစ္စာ ဖြစ်ထွန်းကြ၏။ ရာထူးဂုဏ်သိန် တိုးတက်ကြ၏၊ ဤသည်များမှာ မျက်မြင်အတွေ့အကြုံအရ မငြင်းနိုင်သော အမှန်တရားများဖြစ်ကြ၏။ သို့ဖြစ်၍သာ ယင်းတို့ကို သစ္စာဟု သတ်မှတ်ခြင်းဖြစ်ပါသည်။ သို့ရာတွင် ဤသစ္စာကား ကာလအားဖြင့်လည်း တိုတောင်း၏။ ဒေသအားဖြင့်လည်း နယ်ကျဉ်း၏။ ပုဂ္ဂိုလ်အားဖြင့်လည်း အရေအတွက်နည်း၏။ ကာလအားဖြင့် မှန်လျှင်လည်း တခဏသာမှန်၏။ အလွန်ဆုံးမှန်လျှင် တဘဝသာ မှန်ပါသည်။ တိုတိကျကျ ဆို၊လျှင် အကုသိုလ်နည်းလမ်းကြောင့်ရသော ချမ်းသာသုခ စည်းစိမ်ဥစ္စာနှင့် ရာထူးဂုဏ်သိန်တို့သည် မီဆွာဇီဝသာတည်း။ အကုသိုလ်သစ္စာရှင်၏ တဘဝ အဆုံးတိုင်အောင် သစ္စာဘရားအနေဖြင့် မှန်ကန်ခြင်း မျှားစွဲခဲသည်းပါသည်။ ဒေသအားဖြင့် မှန်လျှင်လည်း ဝိပဿနာဘရား ထွန်းကားရာ ဒေသ၌သာ မှန်ကန်ပါသည်။ ဒေသအားလုံး၌ မှန်ကန်မှုမရှိပါ။ ပုဂ္ဂိုလ်အားဖြင့် မှန်လျှင်လည်း ရသာခို လျှောက်လိုက် အခြောင်သမားး တကိုယ်ကောင်း ကျင့်သုံးမျှားအတွက်သာ မှန်ပါသည်၊ လောကသား အားလုံးအတွက် မမှန်ပါ။ လောကသား အားလုံးက ထိုကဲ့သို့သော တကိုယ်ကောင်းသမားးများကို နှစ်နှစ်ကာကာ မြာန်းမှုမရှိကြပါ။ လေးစားမှုမရှိကြပါ။

အရပ်သုံး ဝေါဟာရများဖြင့် ဆိုရလျှင် အကုသိုလ်နည်းလမ်းများဖြင့် ချမ်းသာသုခ စည်းစိမ်ဥစ္စာနှင့် ရာထူးဂုဏ်သိန်ကို ရှာဖွေကြသူများသည် အကုသိုလ်သစ္စာရှင်များသာဖြစ်ကြ၏။ ယင်းတို့၏ ချမ်းသာသုခ စည်းစိမ်

ဥစ္စာနှင့် ရာထူးဂုဏ်သိန်တို့ကား တဒဂ်မျှသာ တည်နိုင်ကြ၏။ သံသရာတလျှောက်လုံးတည်ရှိရန် မဆိုထား၊ ဘီ၊ မိမိတို့၏ ဘဝသက်တမ်းဆုံးအောင်ပင် တည်ရှိရန် ခဲယဉ်းပါသည်။ မိမိတို့၏ ဘဝနှင့် လိုက်လျောညီထွေရှိနိုင်သည့် ပတ်ဝန်းကျင်၌သာ ချမ်းသာသုခ ဖြစ်နိုင်ပါသည်။ သူတော်စင် ပတ်ဝန်းကျင်၌ကား ထိုကဲ့သို့သော ချမ်းသာသုခသည် စိတ်နှလုံးကို ပွားစေတတ်သော၊ မြတ်နိုးအပ်သော၊ နှစ်လိုအပ်သော ချမ်းသာသုခမျိုးမဟုတ်။ ထို့အပြင် ယင်း ချမ်းသာသုခသည် ထိုသူတယောက်တည်း အတွက်သာ ချမ်းသာသုခဖြစ်၏။ ထိုသူတယောက်တည်း အတွက်သာ သစ္စာထိုက်၏။ ချမ်းသာသုခအနေဖြင့် ထိုသူတယောက်တည်းဘာ ခံစား ရ၏။ ဝမ်းမြောက်ကြည်နူးရ၏။ ကျေနပ်နှစ်သိမ့်ရ၏။ လောကလူသား အားလုံးအတွက်ကား စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် ဒုက္ခသာတည်း။ သုခမဟုတ်ပါချေ။ ထို့ကြောင့် ထိုကဲ့သို့သော ချမ်းသာသုခမျိုးကို "ခွေးရူးကောင်းစား တမွှန်းတည့်" ဟု သတ်မှတ်ကြခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် အကုသိုလ်သစ္စာဟူသည် တဒဂ်မျှသာ သစ္စာဖြစ်၏။ တဦးတယောက်တည်းအတွက်သာ သစ္စာဖြစ်၏။ မသူတော်ပတ်ဝန်းကျင်၌သာ သစ္စာဖြစ်၏။

အဘိဓမ္မာ သဘောအရ ရာထူး ဂုဏ်သိန် စည်းစိမ် ဥစ္စာတို့သည်ကား ဗဟိဒ္ဓတရားအနေဖြင့် ကံ၏အကျိုးဆက် (ကမ္မပစ္စယ ဥတုဇ) မျှားသာ ဖြစ်၏။ အဇ္ဈတ္တဘရားအနေဖြင့် ကံ၏အကျိုးရင်း (ကမ္မဝိပါက) မျှား မဟုတ်ချေ။ ကံ၏ အကျိုးဆက်မျှားသည် မူလကံတရားနှင့် အလှမ်းဝေးသဖြင့် တိုက်ရိုက် မဆက်စပ်နိုင်ပဲ အကြားတွင် အကြောင်းတရားမျိုးစုံပါဝင်ပတ်သက်နိုင်ပါသည်။ ကံ၏ အကျိုးရင်းမျှားသာ မူလကံတရားနှင့် တိုက်ရိုက်ဆက်စပ်နိုင်ပါသည်။ ထို့ကြောင့် "ဝိပါက်အမှန် ဇောအပြန်" ဟူသော နိယာမအရ မိဒိတို့ နှလုံးသွင်းအလျောက် မြတ်နိုးအပ်သော အာရုံမျှားအဖြစ်ကြုံဆ၍ အကုသိုလ်ဇောမျှားဖြင့် ပီတိ၊ သုခ၊ သောမနဿတို့ကို ခံစားခြင်း ဖြစ်ပါသည်။ ဝိပါက်မျှားဖြင့် ခံစားခြင်းမဟုတ်ပါ။ အမှန်အားဖြင့် ဇောသာလျှင် အာရုံ၏အရသာကို ခံစားပါသည်။ လောကီ

ဝိပါက်များက မခံစားကြပါ။ စိတ္တက္ခဏ အရေအတွက်အား ဖြင့် ဓိထိစိတ် တွင် ဇောသာလျှင် (၇) ကြိမ် အထိ ဖြစ်နိုင်ပါသည်။ လောကီဝိပါက်က မဖြစ်နိုင်ပါ။ ဆိုလိုရင်းမှာ ကံ၏ အကျိုးရင်း (ကမ္မဝိပါက)များဌ်သာ အကြောင်းအကျိုး ဆက်သွယ်မှုကို သဘာဝအား ဖြင့် တိုက်ရိုက်ရနိုင်ပါသည်။ အကုသိုလ်ကံသည် အကုသိုလ်ဝိပါက်ကို ဖြစ်စေပြီး ကုသိုလ်ကံသည် ကုသိုလ်ဝိပါက်ကို ဖြစ်ပေါ်သည်။ ကံ၏အကျိုးဆက် (ကမ္မပစ္စယဥတ္တိ) များဌ်ကား အကြောင်းအကျိုး ဆက်သွယ်မှုကို သဘာဝအား ဖြင့် တိုက်ရိုက်မရနိုင်ပါ။ အားကြီးသော အထောက်အပံ့ (ပကတူပနိဿယ) အနေဖြင့် အခြားအကြောင်းတရားများနှင့် ပေါင်းစပ်ပြီး သင့်လျော်သလို သွယ်ဝိုက်၍ရပါသည်။သို့ဖြစ်၍သာ အကုသိုလ်နည်းလမ်းများဖြင့် ကြီးပွားခြင်း၊ ကုသိုလ်နည်းလမ်းများဖြင့် မကြီးပွားခြင်းတို့ကို လောကဌ် တွေ့မြင်နေရခြင်း ဖြစ်ပါသည်။ သို့ရာတွင် ကြီးပွားခြင်း၊ မကြီးပွားခြင်းတို့သည် ရုပ်ပိုင်းဆိုင်ရာ သက်သက်သာ ဖြစ်ပါက ဇဟိဒ္ဓသဘောရှိ၍ ပစ္စုပ္ပန်သံသရာ (၂) ဖြာသောဘဝဌ် အားကိုးထိုက်သော အကြောင်းတရားများ မဟုတ်ကြပါချေ။ နာမ်ပိုင်းဆိုင်ရာ ကြီးပွားခြင်း သဘောသည်သာလျှင် အဇ္ဈတ္တသဘောရှိ၍ ပစ္စုပ္ပန်သံသရာ (၂) ဖြာသော ဘဝဌ် အား ကိုးထိုက်သော အကြောင်းတရားများ ဖြစ်ကြပါသည်။ ပါရမီသဘောသက်သက် ရောက်လာကြပါသည်။ ထို့ကြောင့် တဦး တခဏ တဒေသ အတွက်သာ ချမ်းသာသုခသဘော ဖြင့် မှန်ကန်သည့် အကုသိုလ်သစ္စာကို သူတော်ကောင်းများက မမြတ်နိုးကြပဲ မသူတော်များကသာ မြတ်နိုးကြခြင်းဖြစ်ပါသည်။ မသူတော်များတွင် အယောင်ဆောင် သူတော်ကောင်းများ၊ မိမိကိုယ်ကို သူတော်ကောင်းဟု အမှန်တကယ်ထင်နေသူ တဝန်ရှောင်ပညာရှင်များ ပါဝင်ကြပါသည်။ တဝန်ရှောင် ပညာရှင်များဆိုသည်မှာ လုပ်ခဖ်ကိုင်ဖက်များအပေါ် ထောက်ထားညှာတာမှု လုံးဝမထားပဲ သို့မဟုတ် ထားဟန်ဆောင်ပြီး မိမိ "ရ"ဖို့၊ မိမိ "ဝ"ဖို့ ဦးတည်ချက်ဘခုတည်းဖြင့် ဆောင်ရွက်တတ်သူများ ဖြစ်ပါသည်။ ဤသဘောများကို အကုသိုလ်သစ္စာဟု ခေါ်ကြပါသည်။

ကုသိုလ်သစ္စာ

ကုသိုလ်သစ္စာမှာ အကုသိုလ်သစ္စာနှင့်ဆန့်ကျင်ဘက်(ပဋိပက္ခ)ဖြစ်၏။ အကုသိုလ်သစ္စာနှင့် ကုသိုလ်သစ္စာ(၂)မျိုးလုံးတွင် ဇီတိ၊သုခ၊သောမနဿတို့ ရှိကြသည်ချည်း ဖြစ်ကြ၏။ သို့ရာတွင် အကုသိုလ်သစ္စာကား အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာရှိ၏။ ကုသိုလ်သစ္စာကား အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးကိုပေးခြင်း လက္ခဏာရှိ၏။ ပေဂယျလ်၏ ဝေါဟာရကို အသုံးပြု၍ဆိုရလျှင် အကုသိုလ်သစ္စာက မူလဖြစ်၍ ကုသိုလ်သစ္စာက ပဋိပက္ခဖြစ်ပါသည်။ မူလနှင့် ပဋိပက္ခကို ပေင်းလိုက်ပါက အဆင့်မြင့် သမ္မာကို ရပါသည်။ ဤနေရာ၌ သမ္မာဆိုသည်မှာ ကြီးပွားသစ္စာဖြစ်ပါသည်။ အကုသိုလ်သစ္စာနှင့်ကုသိုလ်သစ္စာတို့မှာ သံသရာ၌ ကျင်လည်စေတတ်သော အချင်းချင်း ဆန့်ကျင်မှုသဘောရှိ၍ ကြီးပွားသစ္စာမှာ သံသရာ၌ မကျင်လည်စေတတ်ပဲ လွတ်မြောက်မှုသဘောရှိပါသည်။

အကုသိုလ်သစ္စာအရလည်း ချမ်းသာသုခကို ခံစားရပါသည်။ ကုသိုလ်သစ္စာအရလည်း ချမ်းသာသုခကို ခံစားရပါသည်။ အကုသိုလ်ချမ်းသာသည် မိမိတဦးတည်းအတွက် ရယူသိမ်းပိုက်ခြင်း၌ ခံစားရသည့်ချမ်းသာဖြစ်ပါသည်။ ကုသိုလ်ချမ်းသာကား လောကအတွက် စွန့်လွှတ်ခြင်း၌ ခံစားရသည့်ချမ်းသာဖြစ်ပါသည်။ ရယူသိမ်းပိုက်ခြင်းသည် ဇလာဘ၏သဘောဖြစ်၍ စွန့်လွှတ်ခြင်းသည် အဇလာဘ၏သဘောဖြစ်ပါသည်။ လောဘသည် ကိုယ်ကျိုး ကိုယ့်စီးပွားအတွက် တဦးတည်းအတွက်ဦးတည်ခြင်းရှိ၍ အလောဘသည် လောကအတွက် အများအတွက် ဦးတည်ခြင်းဖြစ်ပါသည်။ ကုသိုလ်သဘောနှင့် အကုသိုလ်သဘောတို့သည် ထာဝစဉ် အချင်းချင်း ပဋိပက္ခသဘောကို ဆောင်ကြပါသည်။

လူသားတို့သည် သံသရာ၌ကျင်လည်နေရသရွေ့ လုံလုံလဲလဲဟာကြီးစွာဖြင့် စီးပွားဥစ္စာကို ရှာဖွေကြပါသည်။ မြတ်နိုးခြင်းကြီးစွာဖြင့် အိုးအိမ်ထူထောင်မှုကို ပြုကြပါသည်။ စီးပွားဥစ္စာရှာခြင်း၊ အိုးအိမ်ထူထောင်

ခြင်းတို့သည် လောကီသားတို့အတွက် အတူတူပင်ဖြစ်သော်လည်း သစ္စာတရားအနေဖြင့် ခံယူချက်ကိုထား၍ ခြားနားပါသည်။ အကုသိုလ်သစ္စာရှင်မျှားသည် စီးပွားဥစ္စာရှာရာ၌ဖြစ်စေ၊ အိုးအိမ်ထူထောင်ရာ၌ဖြစ်စေ မိမိခံစားရန် ဦးတည်ချက်ဖြင့် ရှာကြပါသည်။ ကုသိုလ်သစ္စာရှင်များကား အများအတွက် တိုင်းပြည်အတွက် ပေးကမ်းစွန့်ကြဲရန် ဦးတည်ချက်ဖြင့် ရှာကြပါသည်။ ဦးဇာတ်ချင်း ခြားနားပါသည်၊ သို့ဖြစ်၍ ခံစားရသည့် ပိတိ၊ သုခ၊ သောမနဿတို့ချင်းလည်း ခြားနားကြခြင်း ဖြစ်ပါသည်။

အကုသိုလ်ချမ်းသာသည် ရယူပိုင်ဆိုင်ခြင်းသဘောဖြင့် အသားစံထသည့် အသွင်ရှိသော်လည်း တဒင်္ဂသာ ချမ်းသာဖြစ်ပြီး အဆုံးတန့်၌ နှလုံးမသာယာခြင်း ဒုက္ခနှင့် ရင်ဆိုင်ရပါသည်။ ကုသိုလ်ချမ်းသာကား စွန့်လွှတ်ခြင်းသဘောဖြင့် အနှံခံရသည့်အသွင်ရှိသော်လည်း သံသရာတလျှောက် လုံး၌ ထာဝစဉ် ချမ်းမြေ့သည့်သဘော ရှိပါသည်။အကုသိုလ်ချမ်းသာသည် တဦးတယောက်တည်း၏ အကျိုးစီးပွားအတွက် ချမ်းသာသုခသဘောဖြင့် မှန်ကန်သော်လည်း လောက၏ အကျိုးစီးပွားအတွက် ချမ်းသာသုခသဘောဖြင့် မှန်ကန်မှုမရှိပါ။ ကုသိုလ်ချမ်းသာကား တဦးတယောက်တည်း၏ အကျိုး စီးပွားအတွက် နှစ်နာမှုအသွင် ဆောင်စေကာမူ လောက၏ အကျိုးစီးပွားအတွက် ချမ်းသာသုခသဘောဖြင့် မှန်ကန်ပါသည်။ အကုသိုလ်ချမ်းသာသည် မသူတော်လောက၌သာ ခန့်ညားထယ်ဝါပြီး သူတော်ကောင်းလောက၌ ယုတ်ညံ့သေးသိမ်ပါသည်။ ကုသိုလ်ချမ်းသာကား နေရာမရွေး၊ ဒေသမရွေး ခန့်ညားထယ်ဝါပါသည်။ ထို့ကြောင့် နတ် နှင့်တကွသော လူအပေါင်းတို့က ကာလအား ဖြင့်လည်း သံသရာဆုံးသည့်တိုင်အောင်၊ ဒေသအားဖြင့်လည်း ဘဝဂ်တိုင်အောင်၊ ပုဂ္ဂိုလ်အားဖြင့်လည်း အရိယာပုဂ္ဂိုလ်များတိုင်အောင် ချမ်းသာသုခသဘောဖြင့် မှန်ကန်သည့်ကုသိုလ်သစ္စာကို မြတ်နိုးကြခြင်း၊ ချီးမွမ်းကြခြင်းဖြစ်ပါသည်။ ဤသဘောများကို ကုသိုလ်သစ္စာဟု ခေါ်ကြပါသည်။

ကြိယာသစ္စာ

သစ္စာနှင့်ပတ်သက်၍ ပညာရှင်များသည် ပရမတ္ထသစ္စာနှင့် သမ္မုတိသစ္စာဟူ၍ သုံးနှုန်းခဲ့ကြပါသည်။

လယ်တီဆရာတော်ဘုရားကြီးကမူ အရိယာသစ္စာ၊ သဘာဝသစ္စာ၊ သမ္မုတိသစ္စာဟူ၍ သုံးနှုန်းခဲ့ပါသည်။

ဝေဒန္တဒဿနတွင် ပရမတ္ထသစ္စာ၊ဝေါဟာရသစ္စာ၊ပဋိဘာသသစ္စာဟူ၍ သုံးနှုန်းပါသည်။

ဤနေရာ၌ အကုသိုလ်သစ္စာ၊ ကုသိုလ်သစ္စာ၊ ကြိယာသစ္စာဟူ၍ သုံးနှုန်းခြင်းမှာ ပူရဏကဿပ၏ဝါဒကို ပို၍ သဘောပေါက် နားလည်စေရန် ယနေ့ လူအများ အသုံးပြုနေကြသော "မူလ၊ ပဋိပက္ခ၊ သမ္မုဟ" ဟူသော အညမညနည်းဖြင့် နှိုင်းယှဉ်၍ ပြလိုသောကြောင့် ဖြစ်ပါသည်။

ယင်းအညမညနည်းကို အိန္ဒိယဒဿနလောကတွင် မာဓျမိက၊ ယောဂါစာရနှင့် ဝေဒန္တကိုဏ်းတို့က အသုံးပြုခဲ့သည်ဟု ဆိုပါသည်။ အနောက်တိုင်းဒဿနလောကတွင်လည်း ဟာဂယ်လ်နှင့် ဘရက်ဒလေတို့က အသုံးပြုခဲ့သည်ဟု ဆိုပါသည်။

ကြိယာသစ္စာဆိုသည်မှာ အကုသိုလ်(မူလ)နှင့် ကုသိုလ်(ပဋိပက္ခ)တို့မှ အလွတ်ဖြစ်သော သမ္မုဟအမှန်တရား ဖြစ်ပါသည်။ ရဟန္တာ မပြစ်သေးသူတို့၏ သန္တာန်၌ဖြစ်သော ဒုကုသိုလ်နှင့် ကုသိုလ်တို့သည် မိမိတို့၏ မူလအမည်အတိုင်း အကုသိုလ်နှင့် ကုသိုလ်တို့ ဖြစ်ကြပါသည်။ သို့ရာတွင် ယင်းတို့သည် ရဟန္တာသန္တာန်၌ဖြစ်ပါက ကြိယာဟူသော အမည်ကို ရပါသည်။ အဘယ့်ကြောင့်ဆိုသော် ယင်းတို့သည် အသင်္ခတဓာတ်အားဖြင့်သာ အကုသိုလ်မှု၊ ကုသိုလ်မှုနှင့် တူသော်လည်း သဘောအားဖြင့် အကုသိုလ်သဘောနှင့် ကုသိုလ်သဘော လုံးဝ မရှိတော့သောကြောင့် ဖြစ်ပါသည်။ တခါတရံ ဘုရားရှင်သော်မှ "မောဃ၊ တုစ္ဆ" (အချည်းအနှီးပုဂ္ဂိုလ်)ဟူ၍ အထိုက်အလျောက် ကြမ်းတမ်းသော ဝေါဟာရဟုံဖြင့်

ဆုံးမတတ်ပါသည်။ ပိလိန္ဒဝစ္ဆရဟန္တာကြီးက တွေ့သမျှပုဂ္ဂိုလ်များကို ဝသလ (သူယုတ်မာ)ဟု သုံးနှုန်းတတ်ပါသည်။ ထိုသို့ဆုံးမခြင်း၊ သုံးနှုန်းခြင်းသည် စိတ်ဆိုးခြင်း(အကုသိုလ်)အသွင်ရှိသော်လည်း အမှန်အားဖြင့် စိတ်ဆိုးခြင်း (အကုသိုလ်) မဟုတ်ပါ။ အလားတူပင် လှုံ့ဒါန်းပေးကမ်းခြင်း၊ တရားဒေသနာဟောခြင်းတို့ကို ပြုလုပ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် ကုသိုလ်အသွင်ရှိသော်လည်း အမှန်အားဖြင့် ကုသိုလ်မဟုတ်ပါ။ ဘုရားရှင်၏ ဆောင်ရွက်မှုများအားလုံး၊ ရဟန္တာပုဂ္ဂိုလ်များ၏ ဆောင်ရွက်မှုများအားလုံးသည် ကြိယာစိတ်ဇစတသိက်များသာ ဖြစ်ပါသည်။

ဒဿနကျမ်းလာ အညမညဝါဟာရအရ မူလအကုသိုလ်သည် ပဋိပက္ခကုသိုလ်နှင့် ပေါင်းလိုက်ပါက အဆင့်မြင့် သမ္မာကြိယာ ဖြစ်လာပါသည်။ တနည်းအားဖြင့်ဆိုရလျှင် ကြိယာ(သမ္မာ)ဟူသည် အကုသိုလ် (မူလ)နှင့် ကုသိုလ် (ပဋိပက္ခ)တို့ ပေါင်းစပ်ရာမှ ဖြစ်ပေါ်လာသည့် အဆင့်မြင့်တရားဖြစ်ပါသည်။ ယင်းကို သင်္ချာနည်းဖြင့် ဖော်ပြရလျှင် အောက်ပါအတိုင်း တွေ့ရမည် ဖြစ်ပါသည်—

အကုသိုလ် (မူလ) + ကုသိုလ် (ပဋိပက္ခ) = ကြိယာ(သမ္မာ)

အထက်ပါညီမျှခြင်းအရ ကြိယာသည် ပယ်အပ်ပယ်တတ်သောသဘောဖြင့် အကုသိုလ်နှင့် ကုသိုလ် ပေါင်းစပ်ရာမှ ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။ ထိုသို့ ပေါင်းစပ်ရာတွင် ရောနှောခြင်းအားဖြင့် ပေါင်းစပ်ခြင်း (သံယောဂသမ္မန္ဓ)မဟုတ်။ ဇာမျိုးတည်းကျန်အောင် ပြုရှိ ပေါင်းစပ်ခြင်း (သမ်မဝါယသမ္မန္ဓ) ဖြစ်ပါသည်။ ထို့ကြောင့် ကြိယာတွင် အကုသိုလ်နှင့် ကုသိုလ်တို့သည် အသွင်အနေဖြင့် ပါဝင်ယောင်ရှိသော်လည်း သဘောအနေဖြင့် လုံးဝမပါဝင်ခြင်းဖြစ်ပါသည်။ ယင်းကိုပင် အကုသိုလ်နှင့် ကုသိုလ်သဘောမှ ကြိယာသဘောသို့ ကြောင်လိမ်လှည့်ကားသဖွယ် အဆင့်မြင့် တိုးတက်ခြင်းဟု အညမညဒဿနဆရာများက သတ်မှတ်ကြပါသည်။

ကြိယာဟူသည်မှာလည်း ကာယကံမှု၊ ဝစီကံမှုနှင့် မနောကံမှုတို့ဟူ၍ (၃)မျိုးပင်ရှိရာ ယင်း (၃) မျိုးတို့သည် မကောင်းဆိုးဝါး အသွင်နှင့်

ကောင်းသောအသင်္ဂဟ၌ (၂)မျိုးပင် ထင်မံ၍ အုပ်စုကွဲသွားနိုင်ပါသည်။ ရဟန္တာ မဟုတ်သူတို့၏ သန္တာန်၌ ဖြစ်မှု မကောင်းသောအသင်္ဂကို အကုသိုလ်ဟု သတ်မှတ်ပြီး ကောင်းသောအသင်္ဂကို ကုသိုလ်ဟု သတ်မှတ်ပါသည်။ ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်မှု ထိုအသင်္ဂ(၂)မျိုးလုံးကိုပင် ကြိယာဟု သတ်မှတ်ပါသည်။ ရဟန္တာမဟုတ်သူတို့၏ သန္တာန်၌ဖြစ်သော အသင်္ဂနှင့် ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော အသင်္ဂတို့သည် လှုပ်ရှားမှုအသင်္ဂအား ဖြင့် အတူတူပင်ဖြစ်ပါသည်။ သို့ရာတွင် အကြောင်းခံမူလ သဘောအား ဖြင့်ကား လုံးဝပင် ခြားနားသွားပါတော့သည်။ ထို့ကြောင့် သဘောအား ဖြင့် ခြားနားပြီး လှုပ်ရှားမှုအသင်္ဂအား ဖြင့် တူသော အသင်္ဂကောင်းနှင့် အသင်္ဂဆိုး (၂)မျိုးလုံးကို ကုသိုလ်နှင့် အကုသိုလ်ဟု၍ မခေါ်တော့ပဲ ကြိယာဟု၍ ခေါ်ခြင်းဖြစ်ပါသည်။

ကုသိုလ်နှင့်အကုသိုလ်တို့သည် ပဋိပက္ခနှင့် မူလသဘောအရ တမျိုးတည်း ကုန်အောင်ပြု၍ သမ္မာသဘောအရ ကြိယာဖြစ်သွားပါသည်။ ထိုသို့ ဖြစ်သွားသောအခါ နယ်နိမိတ်ခွင်း ခြားနားသွားပါသည်။ ဤနေရာ၌ နယ်နိမိတ်ဆိုသည်မှာ ရဟန္တာမဟုတ်သူတို့၏ သန္တာန် သို့မဟုတ် အနှယ်နှင့် ရဟန္တာတို့၏သန္တာန် သို့မဟုတ် အနှယ်ပင်ဖြစ်ပါသည်။ နယ်နိမိတ်ခြားနားသွား၍ သဘောသဘာဝ ခြားနားသွားခြင်းဖြစ်ရာ ရဟန္တာ မဟုတ်သူတို့၏ ဒန္ဒယိန်ဖြစ်သည့် အသင်္ဂကောင်း(ကုသိုလ်)နှင့် အသင်္ဂဆိုး(အကုသိုလ်)တို့သည် ရဟန္တာတို့၏အနှယ်၌ ဖြစ်သော ကြိယာ၌ အားလုံးပုံစံတူမဖြစ်နိုင်တော့ချေ။ အဘယ့်ကြောင့် ဆိုသော် နယ်နိမိတ်ခြင်း ခြားနားသွားသောကြောင့် ဖြစ်ပါသည်။ နယ်နိမိတ်ချင်း ခြားနားသွား၍သော ဟန္တာတို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှု၊ မကောင်းသော အသင်္ဂကို ဆောင်သည်ဖြစ်စေ၊ မကောင်းသောအသင်္ဂကို ဆောင်သည်ဖြစ်စေ ရဟန္တာ မဟုတ်သူတို့၏ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့နှင့်ကား သဘောသဘာဝချင်းမတူ၊ ထူးခြားခြင်းဖြစ်ပါသည်။ ဤသဘောကိုပင် အဆင့်မြင့်ဟု သတ်မှတ်ကြပါသည်။ သို့ဖြစ်၍သော ဟန္တာပုဂ္ဂိုလ်တို့သည် သဘောအားဖြင့် အလွန်

ဖြစ်သော ကာယကံမှု,ဝစီကံမှု,မနောကံမှု ရှိကြပြီး ရဟန္တာမဟုတ်သူ တို့နှင့် အဘက်ဘက်မှ ခြားနားကြခြင်းဖြစ်ပါသည်။ ဤသဘောမျှားကို ကြိယာသစ္စာဟု ခေါ်ကြပါသည်။

သစ္စာ(၃)ရပ်တွင် အကုသိုလ်သစ္စာရှင်သည် မိမိဘက်မှကြည့်တတ်ပါသည်။ ကုသိုလ်သစ္စာရှင်သည် သူတပါးဘက်မှ ကြည့်တတ်ပါသည်။ ကြိယာသစ္စာရှင်သည် မိမိ သူတပါးမခဲ့ခြားပဲ ကြည့်တတ်ပါသည်။ ပုဏ္ဏကသဿပသည် ကြိယာသစ္စာကို အလေးထား၍ သူ၏ဝါဒကို ဝင်ပြခြင်းဖြစ်ပါသည်။ သို့ဖြစ်၍သာ "မကောင်းမှုပြုသော်လည်း မကောင်းမှုပြုထုမရောက်"ဟု ဆိုခြင်းဖြစ်ပါသည်။ ဗုဒ္ဓဒေသနာတော်အရ ကြိယာဟူသည် အကုသိုလ်တရားတို့ကို ကုသိုလ်တရားတို့က အကြွင်းမဲ့ပယ်သတ်ပြီးမှ ဖြစ်ပေါ်လာနိုင်သော တရားဖြစ်ပါသည်။ အကုသိုလ်သည် ပယ်သတ်ခြင်းခံရသည့် ကိစ္စရှိသော တရားဖြစ်ပါသည်။ ထိုကိစ္စရှိနေသေး သရွေ့ကာလပတ်လုံး လုပ်ငန်းတာဝန် မပြီးဆုံးသေး၍ အကုသိုလ်သာ ဖြစ်ပါသည်။ ထိုကိစ္စ လုံးဝမရှိတော့သည်နှင့် တပြိုင်နက် လုပ်ငန်းတာဝန် ပြီးဆုံး၍ အကုသိုလ်မဟုတ်တော့ပဲ အဆင့်မြင့်သောဖြင့် ကြိယာအဖြစ်သို့ ပြောင်းလဲသွားပါသည်။ ထိုနည်းအတူ ကုသိုလ်သည် ပယ်သတ်ခြင်းကိစ္စရှိသော တရားဖြစ်ပါသည်။ထိုကိစ္စရှိနေသေးသမျှ ကာလပတ်လုံး လုပ်ငန်းတာဝန်မပြီးဆုံးသေး၍ ကုသိုလ်သာဖြစ်ပါသည်။ ထိုကိစ္စလုံးဝမရှိတော့သည်နှင့် တပြိုင်နက် လုပ်ငန်းတာဝန်ပြီးဆုံး၍ ကုသိုလ်မဟုတ်တော့ပဲ အဆင့်မြင့်သောဖြင့် ကြိယာအဖြစ်သို့ ပြောင်းလဲသွားပါသည်။ တနည်းအားဖြင့် ဆိုရလျှင် ပယ်သတ်ခံရခြင်းနှင့် ပယ်သတ်ခြင်းလုပ်ငန်းတာဝန်များ ပြီးဆုံးသွားသဖြင့် ပယ်သတ်ခံရခြင်းကိစ္စနှင့် ပယ်သတ်ခြင်းကိစ္စတို့ လုံးဝမရှိတော့သည်နှင့် တပြိုင်နက် အကုသိုလ်နှင့် ကုသိုလ်တို့သည် မိမိတို့၏ သဘောသဘာဝများ လုံးဝပျောက်ပျက်၍ အဆင့်မြင့်သောဖြင့် ကြိယာအဖြစ်သို့ ရောက်ပါသည်၊ ထိုအခါမှသာ အကုသိုလ်အသင့်သည်လည်း အကုသိုလ်မဟုတ်ပါ။ ကုသိုလ်အသင့်သည်လည်း ကုသိုလ်မဟုတ်ပါ။ ထို့ကြောင့် ဗုဒ္ဓဒေသနာတော်အရ အကု-

သိုလ်နှင့် ကုသိုလ်မရှိပဲ ကြိယာဟူ၍ လုံးဝမရှိနိုင်ပါ။ ဤဆရာတွင် ပူရဏ-ကဿပသည် အကုသိုလ်နှင့် ကုသိုလ်မရှိပဲ ကြိယာကိုဖော်ပြခဲ့ပါသည်။ ထိုသို့ ဖော်ပြခြင်းအားဖြင့် ပူရဏကဿပသည် စောင့်စည်းခြင်းသီလသိက္ခာကို မယုံကြည်သူဖြစ်ကြောင်း တွေ့ရပါသည်။ ပူရဏကဿပ၏ဝါဒအတိုင်း သီလသိက္ခာကိုအခြေမခံပဲ သမာဓိသိက္ခာနှင့် ပညာသိက္ခာကို တည်ဆောက်ရန် ကြိုးစားပါက ထိုသို့ကြိုးစားခြင်းသည် ပူရဏကဿပ ဂိုဏ်းဝင်တယောက်၏ ကြိုးစားမှုသာ ဖြစ်ပေလိမ့်မည်။

(၂) မက္ခလိဂေါသာလ

မက္ခလိဂေါသာလသည် အာဇီဝကတဏ္ဍတွန်းဂိုဏ်းကို တည်ထောင်သူ ဖြစ်သည်ဟု ဆိုကြ၏။ ထို့အပြင် သူသည်အကြောင်းအကျိုးမဲ့(အဟေတုက)ဝါဒ၌ သက်ဝင်ယုံကြည်သူဖြစ်၏။ သူ၏ဂုဏ်သတင်းနှင့်ပတ်သက်၍ အဇာတသတ်မင်းကြီး၏ အမတ်တယောက်က အဇာတသတ်မင်းကြီးအား ဤသို့ လျှောက်ထားသည်ကို ဒီဃနိကာယ် သာမညဖလသုတ်၌ တွေ့ရပါသည်—

> မင်းကြီး-ဤမက္ခလိဂေါသာလသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းနှင့်လည်းပြည့်စုံ၏။ ဂိုဏ်းဆရာလည်းဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒတီထွင်သူဖြစ်၏။ သူတော်-ကောင်းဟု လူအများက သမုတ်ထားသူဖြစ်၏။ ရဟန်းဝါရင့်၏။ ရဟန်းသက်ရှည်၏။ ရွေးမီ၏။ အဆုံးအရှယ်သို့ရောက်လျက်ရှိ၏။ မင်းမြတ်သည် ထိုမက္ခလိဂေါသာလကို ဆည်းကပ်တော်မူပါ။ မက္ခလိဂေါဆာလက်ို ဆည်းကပ်လျှင် မင်းမြတ်၏ စိတ်သည် ကြည်လင်တန်ရာပါ၏။

ထို့အပြင် သာမညဖလသုတ်၌ မက္ခလိဂေါသာလ၏ ဝါဒကို ဤသို့ ဖော်ပြထား၏—

ရှစ်သန်းလေးသိန်းသော ၂ မဟာကပ်များ ကာလပတ်လုံး လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ တဘဝမှ တဘဝသို့ ပြေးသွား ကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ပြုလတ္တံ့။ ထိုအတွင်း ဆင်းရဲကုန်ဆုံးခြင်းမည်သည် မရှိ။ "ငါသည် ဤသီလဖြင့်သော် လည်းကောင်း၊ ဤကျင့်ဝတ်ဖြင့်သော်လည်းကောင်း၊ ဤခြိုးခြံမှုဖြင့် သော်လည်းကောင်း၊ ဤအကျင့်မြတ်ဖြင့် သော်လည်းကောင်း မရင့်သေးသော ကံကိုမူလည်း ရင့်စေမည်။ ရင့်ပြီးသော ကံကိုမူလည်း တွေ့၍တွေ့၍ ပျက်စီးစေမည်" ဟု ဤသို့ ပြုပြင်နိုင်ခြင်းမရှိ။ ချမ်းသာ ဆင်းရဲသည် တင်းတောင်းဖြင့် ခြင်ထောင်းသကဲ့သို့ဖြစ်၏။ သံသရာသည် အပိုင်းအခြားပြုထားပြီးဖြစ်၏။ အတိုးအဆုတ်မရှိ။ အလွန်အယုတ်မရှိ။ ချည်လုံးကိုပစ်လိုက်သော် ချည်ရှိသရွေ့သော ပြေလျက် ပြေးသွားသကဲ့သို့ ဤအတူ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ တဘဝမှ တဘဝသို့ ပြေးသွားကျင်လည်၍ ဆင်းရဲကုန်ဆုံးခြင်းကို ဖြစ်စေလတ္တံ့။

မက္ခလိဂေါသာလ၏ ဝါဒအရ သတ္တဝါအားလုံးတို့သည် မဟာကပ် ရှစ်သန်းလေးသိန်း ကုန်ဆုံးချိန်၌ အလိုအလျောက် သံသရာမှ လွတ်မြောက်ကြမည်ဖြစ်၏။ ထိုအတွင်း မည်သို့မျှ ကြိုးစား၍မရ။ မကြိုးစားလျှင်လည်း လွတ်မြောက်မည်ပင်ဖြစ်၏။ ထို့အပြင် သတ္တဝါတဦးအတွက် ဆင်းရဲချမ်းသာတို့သည် ခြင်တွယ်ထားဘိသကဲ့သို့ဖြစ်၏။ အတိုးအဆုတ် မရှိ။ ထိုအတိုင်း ခံစားရမည်သာ ဖြစ်၏။ ငြှာင်လှဲ၍မရ။ သံသရာကား အပိုင်းအခြားပြုထားပြီးဖြစ်၏။ အတိုးလည်းမခံ၊ အလျော့လည်းမခံ၊ သတ္တဝါတဦးသည် မဟာကပ် ရှစ်သန်းခေါ်သိန်းပြည့်၍ သံသရာမှ ထွက်မြောက်သွားသည်နှင့် တပြိုင်နက် ထိုသူ၏နေရာကို အစားဖြည့်ရန် သတ္တဝါ အသစ်တဦးသည် သံသရာတွင်းသို့ ဝင်လာမည်ဖြစ်၏။ ဤနည်းအားဖြင့် သံသရာသည် မည်သည့်အခါမျှ ဆိတ်သုဉ်းသွားမည်မဟုတ်ချေ။

သံသရာသက်တမ်းနှင့်တကွ သုခ ဒုက္ခတို့ကို သတ်မှတ်ပိုင်းခြားထားသည်မှန်၏။ သို့ရာတွင် သံသရာတွင်း၌ ကျင်လည်ကြကုန်စားပြေးသွား

နေစဉ်ကာလအတွင်း သက်ရှိသတ္တဝါများနှင့် သက်မဲ့အရာဝတ္ထုများသည် တည်ရှိမှုအဆင့် (၃)ဆင့်တို့နှင့်အညီ ဖြစ်ပေါ်လှုပ်ရှား ကြရ၏။ ယင်း တည်ရှိမှုအဆင့် (၃)ဆင့်တို့မှာ အောက်ပါအတိုင်း ဖြစ်၏-

(၁) နိယတိ (သတ်မှတ်ချက်)
(၂) သင်္ဂတိ (ပေါင်းဆုံမှု)
(၃) ဘာဝ (ဖြစ်ပေါ်ခြင်း)

နိယတိ(သတ်မှတ်ချက်)

မက္ခလိဂေါသာလ၏ ဝါဒအရ လောကရှိ သက်ရှိသက်မဲ့အားလုံးတို့သည် မူလသတ်မှတ်ချက်အတိုင်းဖြစ်ကြရ၏။ ယင်းမူလသတ်မှတ်ချက်မှာ "သာမည" သဘောဖြစ်၏။ မက္ခလိဂေါသာလ-ကမူ ယင်းမူလသတ်မှတ်ချက်ကို "နိယတိ" ဟု ခေါ်သည်။ သက်ရှိသတ္တဝါများသည် မူလသတ်မှတ်ချက်နိယတိအတိုင်း ဖြစ်ကြရ၏၊ ယင်းကို ကျော်လွန်၍မရ။ ယင်းကို ကျော်လွန်သည်နှင့်တပြိုင်နက် သက်ရှိသတ္တဝါ၏ ဘဝသည် ပျက်သုဉ်းပြီးသား ဖြစ်ရသည်။ သက်မဲ့အရာဝတ္ထုများသည်လည်း မူလသတ်မှတ်ချက် နိယတိအတိုင်းပင် ဖြစ်ရ၏၊ ယင်းကို ကျော်လွန်၍ မရ။ ယင်းကို ကျော်လွန်သည်နှင့် တပြိုင်နက် သက်မဲ့အရာဝတ္ထု၏ ဘဝသည် ပျက်သုဉ်းပြီးသားဖြစ်ရ၏။ယင်းမူလသတ်မှတ်ချက် "နိယတိ" သည် နိစ္စတရားဖြစ်၏။ နိစ္စတရားဖြစ်သော်လည်း ပြုပြင်ပြောင်းလဲ၍ ရ၏၊ ထို့ကြောင့် ထိုနိစ္စတရားမျိုးကို ပြုပြင်ပြောင်းလဲ၍ရသော နိစ္စတရား (ပရိဏာမီနိစ္စ)ဟု ခေါ်ကြပါသည်။ ထို့အပြင် နိယတိ၏ တည်ရှိမှုအဆင့်ကို အဗျတ္တ (မထင်ရှားမှု)အဆင့်၌ ထားသည်။ မက္ခလိဂေါသာလ၏ ဝါဒအရ နိယတိသည် သက်ရှိသက်မဲ့အားလုံးတို့၏ ပထမဆုံးတည်ရှိမှုအဆင့် ဖြစ်ပါသည်။

သင်္ဂတိ(ပေါင်းဆုံမှု)

ဤလောကတွင် သက်ရှိသက်မဲ့ အားလုံးတို့သည် တခုတည်းသဘော မရှိကြပဲ အစိတ်အစိတ်တို့၏ အစုအဝေးပါင်းသာဖြစ်ကြပါသည်။ ထို့ကို

စုပေါင်းဆုဌ်လည်း သံယောဂသမ္မန္ဓခေါ် အဆုဝတ္ထုသစ်တမျိုး ပေါ်ပေါက်ခြင်းမရှိပဲ ယှဉ်တွဲထားရုံသဘောမျိုး မဟုတ်မူ၍ သမဝါယသမ္မန္ဓခေါ် အဆုဝတ္ထုသစ်တမျိုး ပေါ်ပေါက်လာအောင် ပေါင်းဆုံခြင်းမျိုး ဖြစ်ပါသည်။ ဤသဘောကို မက္ခလိဂေါသာလ-က သင်္ဘတိဟု ခေါ်ပါသည်။ သက်မဲ့လောကတွင် အဌကသာပ် ရုပ်ဘရားကြီးသာဖြစ်ပါလျက် အချို့က သရက်ပင်၊အချို့က မန်ကျည်းပင်၊ အချို့က နှင်းဆီပင် စသည်ဖြင့် ကွဲပြားခြင်းမျိုးသည်လည်းကောင်း၊ အချို့က ဌ္ဌ၊ အချို့က ဌ္ဌ၊ အချို့က ခဲ စသည်ဖြင့် ကွဲပြားခြင်းမျိုးသည်လည်းကောင်း သင်္ဘတိ၏ တည်ရှိမှုအဆင့်အရ ကွဲပြားခြင်းဖြစ်ပါသည်။ ယင်းသို့ ကွဲပြားသော်လည်း နိယတိသဘောအရ သာမညအားဖြင့် အဌကလာပ်ရုပ်တရားများသာ ဖြစ်ပါသည်။ အားလုံး အတူဘူပင်ဖြစ်ပါသည်။ သက်ရှိလောကဌ်လည်း ခန္ဓာချင်းတူပါလျက် အလားတူကွဲပြားမှုမျိုး ရှိပါသည်။ ဤသို့သော ကွဲပြားမှုမျိုးကို ဂတိ (ဒေသ)၊ ကာလ၊ ဥပဓိ (ပင်ကိုအရည်အသွေး)၊ ပယောဂ (စွမ်းဆောင်မှု)တို့၏ ပေါင်းဆုံမှုအလိုက် ကွဲပြားခြင်းမျိုးဟု ဆိုကြပါသည်။ ထို့ကြောင့် သက်ရှိသက်မဲ့အားလုံးတို့သည် နိယတိအဆင့်မှ သင်္ဘတိအဆင့်သို့ မလွဲမသွေ ကူးပြောင်းကြရပါသည်။ ဤသင်္ဘတိအဆင့်သည် သက်ရှိသက်မဲ့အားလုံးတို့အတွက် ဒုတိယတည်ရှိမှုအဆင့် ဖြစ်ပါသည်။

ဘဝ(ဖြစ်ပေါ်ခြင်း)

ဤအဆင့်မှာ တတိယဆင့်ဖြစ်ပါသည်။တတိယဆင့်တွင် သက်ရှိသက်မဲ့အားလုံးတို့သည် သီးခြားစီ တခုချင်း တခုချင်း တည်ရှိကြပါသည်။ ထင်ရှားမှု (ဗျတ္တ) သဘောကိုလည်း ဆောင်ပါသည်။ သီးခြားစီဖြစ်မှု (ဝိသေသ) သဘောကိုလည်း ဆောင်ပါသည်။ အသံ (သဒ္ဒရုပ်)သည် နိယတိသဘောအရ အဗျတ္တ၊သာမညအနေဖြင့် တခုတည်းဖြစ်သော်လည်း သင်္ဘတိသဘောအရ ကာလ၊ ဒေသ၊ဌာန်၊ကရိုဏ်း၊ပယတ်တို့နှင့် ပေါင်းဆုံမိခြင်းကြောင့် ဗျတ္တ၊ ဝိသေသအနေဖြင့် အင်္ဂလိပ်အသံ၊ အင်္ဂလိပ်သဒ္ဒါ၊ မြန်မာအသံ၊ မြန်မာသဒ္ဒါစသော အမျိုးမျိုးအဖြစ်သို့ ပြောင်းလဲသွားခဲ့ပါသည်။ထို့နည်းအားဖြင့် သတ္တဝါသည် နိယတိသဘောအရ တမျိုးတည်း

ဖြစ်သော်လည်း ဆိုင်ရာ ဂတိ၊ ကာလ၊ ဥပဓိ၊ ပယောဂတို့နှင့် ပေါင်းဆုံမိခြင်းကြောင့် တိရစ္ဆာန်၊ လူ၊ နတ်စသော အမျိုးမျိုးအဖြစ်သို့ ပြောင်းလဲသွားခဲ့ပါသည်။ သာမညအဆင့် (နိယတိ)သည် နိစ္စတရားဖြစ်သော်လည်း အမျိုးမျိုးသောအဆင့် (ဘာဝ)သည် အနိစ္စတရား ဖြစ်ခဲ့ပါသည်။ ဤနေရာ၌ နိစ္စတရားဆိုသည်မှာ ပြုပြင်ပြောင်းလဲ၍ရသော "ပရိဏာမီ" သဘောကိုသာ ဆိုပါသည်။ ပြုပြင်ပြောင်းလဲ၍မရသော "ကူဋဋ္ဌာယီ" သဘောကို မဆိုပါ။ ပေါင်းဆုံမှု (သင်္ဂတိ)ကိုမူ မူလနိယတိကိုထောက်၍ အနိစ္စဟုဆိုရန်လည်း မသင့်ပါ။ အခြားသောကာလ၊ ဒေသစသည်တို့ကို ထောက်၍ နိစ္စဟုဆိုရန်လည်း မသင့်ပါ။ ထို့ကြောင့် ထိုသင်္ဂတိကို အတိအကျဆုံး၍ မရသောတရား (အနိဗ္ဗစနိယ)ဟု ဆိုကြပါသည်။ ဤသည်မှာ မက္ခလိဂေါသာလ၏ ဝါဒဖြစ်ပါသည်။ မက္ခလိဂေါသာလ၏ ဝါဒအရ သက်ရှိသက်မဲ့အားလုံးတို့သည်ရှင်ရွယ်ချက်မဲ့ဖြစ်နေကြသည်မဟုတ်။ ရည်ရွယ်ချက်နှင့် ဖြစ်နေကြခြင်းဖြစ်ပါသည်။ ပရမ်းပတာဖြစ်နေကြခြင်း မဟုတ်။ စည်းစနစ်တကျ ဖြစ်နေကြခြင်း ဖြစ်ပါသည်။

မက္ခလိဂေါသာလသည် သူ၏ဝါဒကို ထုတ်ဖော်ရာ၌ အပိုင်း (၂)ပိုင်းကို ပမာနထား၍ တင်ပြထား၏။ ထိုအပိုင်း (၂)ပိုင်းတို့မှာ ပြုပြင်ပြောင်းလဲ၍ မရသောအပိုင်း (ဝတ္ထုတန္တြ)နှင့် ပြုပြင်ပြောင်းလဲ၍ရသော အပိုင်း (ပုရိသတန္တြ)တို့ ဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲ၍ မရသောအပိုင်း (ဝတ္ထုတန္တြ)

ပြုပြင်ပြောင်းလဲ၍ မရသောအပိုင်း (ဝတ္ထုတန္တြ) ဆိုသည်မှာ ဗဟိဒ္ဓရုပ်ပိုင်းဖြစ်ပါသည်။ ထိုအပိုင်းကို ပြုပြင်ပြောင်းလဲ၍ မရပါ။ မူလသတ်မှတ်ချက် နိယတိအတိုင်း ဖြစ်ကြရ၏။ ကောင်းချိန်တန်လျှင် ကောင်း၍ မကောင်းချိန်တန်လျှင် မကောင်းပါ။ ကောင်းခြင်းနှင့် မကောင်းခြင်း သို့မဟုတ် ချမ်းသာနှင့်ဆင်းရဲသည် မူလသတ်မှတ်ချက် နိယတိအတိုင်း ဖြစ်ပါသည်။ ထို့ကြောင့်ပင် ချမ်းသာဆင်းရဲသည် တင်းတောင်းဖြင့် ခြင်ထားသကဲ့သို့ ဖြစ်၏ဟု မက္ခလိဂေါသာလ-က သင်ကြားခြင်းဖြစ်ပါသည်။

ပြုပြင်ပြောင်းလဲ၍ ရသောအပိုင်း (ပုရိသတန္တြ)

ပြုပြင်ပြောင်းလဲ၍ ရသောအပိုင်း (ပုရိသဘန္တြ) ဆိုသည်မှာ ကိုယ်တွင်း အင္ဂါတ္တစိဘ်ပိုင်း ဖြစ်ပါသည်။ ထိုအပိုင်းဌ စိတ်၊ စေတသိက် သဘောများ အားလုံးပါဝင်ပါသည်။ ကျွန်ုပ်တို့သည် တံလှပ်ကိုရေထင်၍ ချမ်းသာကို ခံစားရပါသည်။ ကြိုးကိုမြွေထင်၍ ဒုက္ခကို ခံစားရပါသည်။ တံလှပ်ကိုရေထင်ရာ၌ တံလှပ်သည် ရေဖြစ်မသွားပါ။ တံလှပ်သည် တံလှပ်သာဖြစ်ပါသည်။ကြိုးကိုမြွေထင်ရာ၌ ကြိုးသည်မြွေဖြစ်မသွားပါ။ကြိုးသည် ကြိုးသာဖြစ်ပါသည်။ တံလှပ်နှင့် ကြိုးတို့သည် ပြုပြင်ပြောင်းလဲ၍ မရသော အပိုင်း (ဝတ္ထုတန္တြ) ဖြစ်၍ ရေနှင့်မြွေတို့သည် ပြုပြင်ပြောင်းလဲ၍ ရသောအပိုင်း (ပုရိသတန္တြ) ဖြစ်ပါသည်။ ကျွန်ုပ်တို့ခံစားရသော ချမ်းသာနှင့် ဆင်းရဲတို့သည် ရေနှင့် မြွေကြောင့်ဖြစ်ပါသည်။ တံလှပ်နှင့် ကြိုးကြောင့် မဟုတ်ပါ။ သို့ရာတွင် တံလှပ်နှင့်ကြိုးမရှိပဲ ရေနှင့်မြွေကို ထင်၍မရပါ။ထို့ကြောင့် ပြုပြင်ပြောင်းလဲ၍ မရသောအပိုင်း(ဝတ္ထုတန္တြ) မှ ပြုပြင်ပြောင်းလဲ၍ ရသောအပိုင်း (ပုရိသတန္တြ) သို့ ပြောင်းလဲရာ၌ လူ၏စွမ်းအားကို အသုံးပြုနိုင်ခြင်းဖြစ်ပါသည်။

ဤနေရာ၌ တံလှပ်နှင့် ကြိုးတို့သည် ပြုပြင်ပြောင်းလဲ၍ မရသော အပိုင်း(ဝတ္ထုတန္တြ)ဖြစ်သဖြင့် ယင်းတို့ကြောင့် ဖြစ်ပေါ်လာသည့် သုခနှင့် ဒုက္ခတို့သည်လည်း ပြုပြင်ပြောင်းလဲ၍ မရသောအပိုင်း (ဝတ္ထုတန္တြ) ပင် ဖြစ်ပါသည်။ ဤသဘောအတိုင်းပင် ကျွန်ုပ်တို့သည် ကြွက်ကိုသတ်၍ ဘုရားကိုပူဇော်၏။ထိုသို့ပူဇော်ရာ၌ကုသိုလ်ရသည်ဟု ယုံကြည်၍ ချမ်းသာသုခကို ခံစားရ၏။ ကျွန်ုပ်တို့သည် ကြွက်ကိုသတ်၍ ချက်စားကြ၏။ ထိုသို့ ချက်စားရာ၌ အကုသိုလ်ဖြစ်သည်ဟု ယုံကြည်၍ ဆင်းရဲဒုက္ခကို ခံစားရ၏။ ဤနေရာ၌ ကျွန်ုပ်တို့ခံစားရသော ချမ်းသာသုခနှင့် ဆင်းရဲဒုက္ခတို့သည် ကုသိုလ်ရသည်ဟု ယုံကြည်ခြင်းနှင့် အကုသိုလ်ဖြစ်သည်ဟု ယုံကြည်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ ကြွက်ကိုသတ်ခြင်းကြောင့် မဟုတ်ပါ။ ကြွက်ကိုသတ်ခြင်းကား ရှောင်လွှဲ၍ မရကောင်းသည့် မူလသတ်မှတ်ချက် နိယတိဖြစ်ပါသည်။ ကြွက်ကိုသတ်ခြင်းသည် ပြုပြင်ပြောင်းလဲ၍ မရသော

အပိုင်း (ဝတ္ထုတန္တ)ဖြစ်၍ ကုသိုလ်ရသည်ဟု ယုံကြည်ခြင်းနှင့် အကုသိုလ်ဖြစ်သည်ဟု ယုံကြည်ခြင်းတို့သည် ပူပြင်ပြောင်းလဲ၍ ရသောအပိုင်း (ပုရိသတန္တ) ဖြစ်ပါသည်။ အရပ်သုံးစကားဖြင့် ဖော်ပြရလျှင် ကျွန်ုပ်တို့သည် ကြက်ကိုသတ်ခြင်းကြောင့် စိတ်ချမ်းမြေ့ခြင်းမဟုတ်။ ကုသိုလ်ရသည်ဟု ယုံကြည်ခြင်းကြောင့်သာ စိတ်ချမ်းမြေ့ခြင်းဖြစ်ပါသည်။ ကြက်ကိုသတ်ခြင်းကြောင့် စိတ်ညစ်ညူးခြင်းမဟုတ်။ အကုသိုလ်ဖြစ်သည်ဟု ယုံကြည်ခြင်းကြောင့်သာ စိတ်ညစ်ညူးခြင်း ဖြစ်ပါသည်။ ကုသိုလ်ရသည်ဟု ယုံကြည်ခြင်းနှင့် အကုသိုလ်ဖြစ်သည်ဟု ယုံကြည်ခြင်းတို့ကို စဲ့လမ်းမှု (ဥပါဒါန်) ဟူ၍လည်း ခေါ်ကြပါသည်။ အမှန်အားဖြင့် ကြက်သတ်ခြင်းသည် လူသားစွမ်းအားဖြင့် ပူပြင်ပြောင်းလဲ၍ မရသောအပိုင်း (ဝတ္ထု-တန္တ)ဖြစ်ပါသည်။

မက္ခလိဂေါသာလ၏ ဝါဒအရ သံသရာသက်တမ်း တလျှောက်လုံး၌ ထာဝလုံးသတ်မှတ်ပြီးသားဖြစ်၏။ မည်သည့်အချိန်တွင် ရှင်ဘုရင်ဖြစ်မည်၊ ခွေးကိုက်ခံရမည်၊ နွားကိုသတ်ရမည်၊ ကြက်ကိုသတ်ရမည် စသည်ဖြင့် အားလုံးသတ်မှတ်ပြီးသားဖြစ်၏။ ထိုသတ်မှတ်ချက်အတိုင်း သတ္တဝါတို့သည် မလွဲမသွေ တွေ့ကြုံခံစားရခြင်းဖြစ်၏။ ထိပေါက်ရန် သတ်မှတ်ချက်ပါလျှင် ထိပေါက်၏။ နွားဝှေ့ခြင်းခံရမည့် သတ်မှတ်ချက်ပါလျှင် နွားဝှေ့ခံရ၏၊ အားလုံး မူလသတ်မှတ်ချက်အတိုင်းပင် ဖြစ်ကြရ၏။ ဝှေ့ကြုံကြရ၏။ ဤသဘောကို သတ်မှတ်ချက် (နိယတိ)ဟု ခေါ်သည်။ ဤသတ်မှတ်ချက် (နိယတိ)အတိုင်း ဆောင်ရွက်ခြင်းဖြင့် သတ္တဝါတဦး၏ သံသရာသက်တမ်းသည် တိုးလည်းမလာ၊ ဆုတ်လည်းမသွား။ ထိုနှင့်ပတ်သက်သော သုခနှင့် ဒုက္ခသည်လည်း အတိုးအဆုတ်မရှိ။ အဇာတသတ်မင်းကြီးသည် အဘကို သတ်ရန် နိယတိပါသဖြင့် အဘကို သတ်ရခြင်း ဖြစ်ပါသည်။ အဘကို သတ်ခြင်းဖြင့် အဇာတသတ်မင်းကြီးအတွက် မကောင်းမှု အတိုးအဆုတ် မရှိပါ။ သံသရာသက်တမ်း အတိုးအဆုတ်မရှိပါ။ သတ်မှတ်ချက် (နိယတိ)၊ ပေါင်းဆုံမှု (သင်္ဂတိ)နှင့် တခုချင်း (ဘာဝ)တို့သည် လူသားတို့ မပြုပြင်နိုင်သော အပိုင်းဖြစ်၏။ သို့ရာတွင် ယင်းတို့ကို လက်ရှိအခြေအနေနှင့် လိုက်

လျောအောင် ကြံဆမှု(ပရိကပ္ပ)ပြုရန်ကား လူသားတို့ ပြုပြင်နိုင်သော အပိုင်းဖြစ်၏။ ထို့ကြောင့် ကြက်သတ်ရန်သတ်မှတ်ချက်ပါသဖြင့် ကြက်ကိုသတ်ရလျှင် ချမ်းမြေ့စရာ လုပ်ငန်းအဖြစ် ကြံဆယုံကြည်၍ ကြက်ကိုသတ်ပါက စိတ်ချမ်းမြေ့မှုကို ခံစားရမည်ဖြစ်ပါသည်။ ဤနေရာ၌ ကြက်ကိုသတ်ခြင်းနှင့် ယင်း၏ အကျိုးသုခ၊ ဒုက္ခတို့သည် လွန်ခဲ့သော မဟာကပ်ရွစ်သန်းလေးသိန်းအစကပင် တရားသော သတ်မှတ်ချက်များဖြစ်၍ အတိုးအဆုတ် မရှိပါ။ ကုသိုလ်လုပ်ငန်း၊ အကုသိုလ်လုပ်ငန်းအဖြစ် ယုံကြည်ခြင်းနှင့် ယင်းတို့၏ အကျိုး သုခ၊ဒုက္ခတို့သည် ယခုချက်ချင်း လက်ငင်း အကြောင်းအကျိုးအစုံအဖြစ် အကျိုးပေးပြီး ခံစားပြီးဖြစ်၍ ဘာမျှမကျန်တော့ပဲ ပြီးဆုံးပြီး၊ ချုပ်ငြိမ်းပြီး ဖြစ်ပါသည်။ ဤသို့လျှင် မက္ခလိဂေါသာလ-က သွန်သင်ခဲ့ပါသည်။

မက္ခလိဂေါသာလ၏အယူအရ ဘဝတွင် ကောင်းမှုမျှးကိုလည်း လုပ်ဆောင်ရ၏။မကောင်းမှုမျှးကိုလည်း လုပ်ဆောင်ရ၏။ ထိုသို့လုပ်ဆောင်ရသည်မှာ မိမိ၏ လုတ်သပ်စွာ ဆုံးဖြတ်ချက်အရ ရွေးချယ်၍ လုပ်ဆောင်ရခြင်းမဟုတ်၊ အချိန်အခါ အခြေအနေနှင့် ပတ်ဝန်းကျင် သွန်သင်ချက်တို့၏ လွှမ်းမိုးမှုအောက်၌ အတွက်ကို ဦးစားပေးသော ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်၍ လုပ်ဆောင်ရခြင်းဖြစ်၏။ ယင်းကိုပင် မက္ခလိဂေါသာလ-က "နိယတိ" "သင်္ဂတိ" "ဘာဝ"ဟူ၍ သမုတ်ခဲ့၏။ ထိုနိယတိ၊ သင်္ဂတိ၊ ဘာဝတို့အရ ဆောင်ရွက်ခဲ့ရသည့် ကောင်းမှုလုပ်ငန်း၊ မကောင်းမှု လုပ်ငန်းတို့သည် သေနတ်ပြောင်းဝမှ ထွက်သွားပြီးဖြစ်သော ကျည်ဆန်ကဲ့သို့ ပြန်လည်ပြုပြင်ရန် တတ်ကောင်းသော အထုမျှးမဟုတ်တော့ချေ။ မူလကပင် လုပ်ဆောင်ရန် သတ်မှတ်ပြီးသားဖြစ်၏၊ ခြင်ထားပြီးသားဖြစ်၏။ ယမ်းအားရှိသလောက်သွားမည်သာဖြစ်၏။ တိုးအောင်လည်း လုပ်၍မရ။ လျော့အောင်လည်း လုပ်၍မရ။ မတတ်ကောင်းသော အပိုင်းဖြစ်၏။ ထို မတတ်ကောင်းသောအပိုင်းကို မတတ်ကောင်းအပိုင်းအဖြစ် သဘောထား၍ စိတ်အာရုံမှ အပြီးတိုင် မေ့ဖျောက်သင့်ပေသည်။ အကယ်၍

မမေ့ခဖျောက်နိုင်လျှင်လည်း ကုသိုလ်အာရုံအဖြစ် ကြံဆပြောင်းလဲ၍ ပီတိသုခကို ခံစားနိုင်အောင် ဆောင်ရွက်သင့်ပေသည်။

အဇာတသတ်မင်းအဘွက် အဘကိုသတ်မိခြင်းသည် အဘသတ်ရန် သတ်မှတ်ချက်ပါ၍ သတ်မိခြင်းဖြစ်ပါသည်။ ထိုအဘွက် တိုး၍လည်း မရကောင်း၊ ဆုတ်၍လည်း မရနဘကောင်း၊ ထိုလုပ်ငန်းသည် မိမိ၏အရှိန်အဟုန်အတိုင်း မလွဲမသွေ အကျိုးခပးမည်ဖြစ်ပါသည်။ လူဘို့၏ စွမ်းအားဖြင့် မပြုပြင်နိုင်ခတာ့။ ထို့ခကြောင့် ပြီးပြီးသားကိစ္စအခနဖြင့် လည်းကောင်း၊ ဘာအကျိုးပေးအခနဖြင့်သည်းခကောင်း သူအဘို့ ဆားရုံသာရှိသည်။ ထိုကိုအခကြောင်းပြု၍ နောင်တတမန် ပူပန်ခြင်းဖြင့် စိတ်ဒုက္ခခံစားရုံသာရှိသည်၊ အဘအားသတ်မိခြင်းကို မေ့ဆားသျှင် ထိုကို အခကြောင်းပြု၍ ဒုက္ခတရားသည် ပေါ်ပေါက်လာစရာအခကြောင်းမရှိခတာ့ခေ၊ အာဃယ်၍ မားမ့ဆားနိုင်သျှင်လသည် ချမ်းခြောက်ချမ်းခမြဲသာ မင်းစည်းစိမ်ကို ခံစားစရာအဖြစ် ယူဆ၍ မင်းစည်းစိမ်ကို ချမ်းသာစွာ ခံစားသင့်ပေသည်။ ဘဝဘင် မခပြောင်းလဲနိုင်သည့် အပိုင်းကို သူ့အတိုင်းဆားပြီး ပြောင်းလဲနိုင်သည့်အပိုင်းကိုသာ ပြောင်းလဲရန် အားထုတ်သင့်သည် ဟူသော ဝါဒသည် မကွလိခကါသာလ၏ ဝါဒဖြစ်ပါသည်။

မကွလိခကါသာလ၏ ဝါဒ၌ ချုတ်ယှင်းချက် များစွာ ပါဝင်ပါသည်။ မကွလိဂေါသာလ၏ ဝါဒသည် အကြောင်းအကျိုးမဲ့ တရားသေဝါဒ ဖြစ်ပါသည်။ လူသည် ကံကို မပြုပြင်နိုင်ပဲ ကံကသာ လူကို ပြုပြင်နိုင်သည်ဟူ၍ မကွလိဂေါသာလက ယုံကြည်ပါသည်။ ပတ်ဝန်းကျင်အခြေအနေနှင့် အချိန်အခါတို့ကို ကံ၌ ထည့်သွင်းရေတွက်ထားပါသည်။ နေ့စဉ်ဘော်ကြုံရသည့် အခတွအကြုံများအားလုံးသည် ကံကြောင့် တွေ့ကြုံရသည့် အခတွအကြုံများသာဖြစ်သည်ဟု မကွလိခကါသာလက ဆိုခြင်းဖြစ်ပါသည်။ ဆူးစူးလျှင်လည်း ကံမကောင်းလို့ ဆူးစူးခြင်းဖြစ်သည်။ ထခင်းကောင်း၊ ဟင်းကောင်းစားရလျှင်လည်း ကံခကောင်းလို့ ထမင်းခကောင်း၊ ဟင်းခကောင်းစားရခြင်းဖြစ်သည်ဟူခသာ ယုံကြည်ချက်မျိုး ဖြစ်ပါသည်။

ဗုဒ္ဓဒေသနာတော်အရ လူ၏စွမ်းအားဖြင့် မပြုပြင်နိုင်သောအရာဟူ၍ ဘာမျှမရှိခေ့။ ကုသိုလ်ကံ အကုသိုလ်ကံတို့ကိုလည်း ပြုပြင်နိုင်သည်သာ ဖြစ်ပါသည်။ အကုသိုလ်ကံဟူသမျှသည် တနည်းနည်းဖြင့် ပယ်သတ်ခြင်း ခံရမည့်သဘောရှိသည်ချည်းသာဖြစ်ပါသည်။ အကုသိုလ်ကံသည် ပယ်သတ်ခြင်းမခံရပဲ အဆုံးစွန်အဆင့်အထိ ရပ်တည်နိုင်သော သဘာဝမရှိ။ တဒင်္ဂပဟာန်နည်းဖြင့်ဖြစ်စေ၊ ဝိက္ခမ္ဘနပဟာန်နည်းဖြင့်ဖြစ်စေ၊ သမုစ္ဆေဒပဟာန်နည်းဖြင့်ဖြစ်စေ တခုသောနေ့၊ တခုသောအချိန်ဘင့် ပယ်သတ်ခြင်းခံရမည်ဖြစ်ပါသည်။ အကုသိုလ်ကံကို ပယ်သတ်ခြင်း မရှိပဲ လောကမှ ထွက်မြောက်ခြင်းဟူ၍ မရှိကောင်းပေ။ ထို့ကြောင့်အစမဆင် သံသရာမှ စ၍ မိမိပြုခဲ့မိသော အကုသိုလ်ကံအမျိုးမျိုးကို ပယ်သတ်နိုင်ရန် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုမျှားကို ကြိုးစားအားထုတ်ရခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ ကြိုးစားအားထုတ်မှ အကုသိုလ်တရားများ ကင်းရှင်းပပျောက်သွားမည် ဖြစ်ပါသည်။

အကုသိုလ်တရားများကို ဖယ်ရှားရာတွင် အဆင့် (၃)ဆင့် ထားပါသည်။ ထိုအဆင့်(၃)ဆင့်မှာ သီလအဆင့်၊ သမာဓိအဆင့်၊ ပညာအဆင့်တို့ဖြစ်ပါသည်။ သီလအဆင့်ဖြင့် အကုသိုလ်တရားများကို မပြုခြင်း(သဗ္ဗ-ပါပဿ အကရဏံ)၊ သမာဓိအဆင့်ဖြင့် ကုသိုလ်တရားများကို ပြည့်စုံစေခြင်း(ကုသလဿ ဥပသမ္ပဒါ)၊ ပညာအဆင့်ဖြင့် အကုသိုလ် အညစ်အကြေးမှ ကင်းစင်စေခြင်း(စိတ္တပရိယောဒပနံ)တို့ ဖြစ်ပါသည်။ သို့ဖြစ်၍ သီလအဆင့်၊ သမာဓိအဆင့်၊ ပညာအဆင့်တို့ဖြင့် ကြိုးစားအားထုတ်မှ မရှိပဲ အကုသိုလ်တရားကို မဲ့ထားရုံသက်သက်ဖြင့် ဖြစ်စေ၊ ကုသိုလ်အာရုံအဖြစ် နှစ်နှစ်ကာကာ ယုံကြည်၍ဖြစ်စေ ထိုအကုသိုလ်၏ စက်ဝန်းမှ ရှောင်ထွက်ရန် မတတ်ကောင်းပါဓေ့။

အမှန်အားဖြင့် ကောင်းမှု၊ မကောင်းမှုဟူသည် သူ့သဘော သူ့ဆောင်၍ ကောင်းမှု၊ မကောင်းမှုဖြစ်ကြရခြင်းဖြစ်၏။ လူတို့၏ ယုံကြည်ချက်ကြောင့် ကောင်းမှု၊မကောင်းမှုဖြစ်ကြရခြင်းမဟုတ်ပါ။မီးကို မီးမှန်း

မသိ၍ ကိုင်သည်ဖြစ်စေ၊ မီးမှုန်းသို၍ကိုင်သည်ဖြစ်စေ မီးသဲ့သည် မိမိ၏ သဘောအတိုင်း ပူသည်သာဖြစ်ပါ!သည်။ မီးမှုန်းမသို၍ ကိုင်လျှင် အယူမှားမှုသဘောထပ်ဆင့်ခြင်းကြောင့် စိတ်ရှိလက်ရှိ ကိုင်မိသဖြင့် ပို၍ ပူပါသည်။ အကုသိုလ်အရာ၌ အယူမှားမှုကို ဒိဋ္ဌိစေတသိက်ဟု ဆိုပါသည်။ ကြက်ကိုသတ်ရာ၌ ကုသိုလ်ရသည်ဟု ယုံကြည်၍ပဲ သတ်သည်ဖြစ်စေ၊ အကုသိုလ်ဖြစ်သည်ဟု ယုံကြည်၍ပဲ သတ်သည်ဖြစ်စေ ကြက်သတ်ခြင်းသည် သူသဘောသူဆောင်၍ ကြက်သတ်ခြင်းသာဖြစ်ပါသည်။အဘိဓမ္မာဒေသနာတော်အရ အကုသိုလ်တရားပင်ဖြစ်ပါသည်။

ကမ္ဘာမြေကြီးတွင် ဆွဲငင်အားစက်ဝိုင်း ရှိသကဲ့သို့ ကံမျှားတွင်လည်း အကျိုးပေးစက်ဝိုင်း ရှိပါသည်။ ထိုအကျိုးပေးစက်ဝိုင်းကို "နာနာကွဲ-ထိုက ကမ္မသတ္တိ"ဟု ခေါ်ပါသည်။ ကံမျှား၏ အကျိုးပေးစက်ဝိုင်းသည် ကံပြုသူမျှား၏ ခန္ဓာမျှားပတ်ပတ်လည်တွင် ဝန်းရံလျက် ရှိပါသည်။ ထို စက်ဝိုင်းကို အဘိညာဉ်ဖြင့် မြင်နိုင်ကြောင်း ပဋ္ဌကတ် ကျမ်းစာမျှား၌ လာရှိပါသည်။ ထို့ကြောင့် ကံတခုကို ပြုထားမိပါက ထိုကံကို မေ့ဖျောက်ထားစေကာမူ ထိုကံ၏ စက်ဝိုင်းသည် ကံပြုသူ၏ ခန္ဓာမျှား ပတ်ပတ်လည်တွင် အရိပ်သဖွယ် အစဉ်တစိုက် လိုက်နေမည်ဖြစ်ပါသည်။

ဗုဒ္ဓပဋ္ဌကတ်တော်မျှား၌ မေ့ပျောက်ခြင်း (ပမာဒ)ကို အကုသိုလ်တရားအဖြစ် သတ်မှတ်ပါသည်။ မကွလိဂေါသာလယူသကဲ့သို့ စိတ်ချမ်းမြေ့ရာအကြောင်းအဖြစ် မသတ်မှတ်ပါ။ အကုသိုလ်လုပ်ငန်း ဖြစ်လျက် ကုသိုလ်လုပ်ငန်းသဖွယ် ယူဆခြင်းကိုလည်း ဒိဋ္ဌိစေတသိက်အဖြစ် သတ်မှတ်ပါသည်။ မကွလိဂေါသာလယူသကဲ့သို့ စိတ်ချမ်းမြေ့ရာ လုပ်ငန်းအဖြစ် မသတ်မှတ်ပါ။ လောကဝေါဟာရအားဖြင့်ဆိုရလျှင် ကြက်ကိုသတ်ပြီး မေ့မေ့ပျောက်ပျောက် ထားခြင်းသည် အကုသိုလ်တရား (ပမာဒ)သာ ဖြစ်ပါသည်။ ကြက်သတ်သူက ကြက်သတ်ခြင်းကို မေ့နေသော်လည်း ကြက်သတ်ခြင်း အကုသိုလ်ကံက မမေ့ပဲ သူသဘောကိုသူဆောင်၍ ကြက်သတ်သူနောက်သို့ အရိပ်သဖွယ်လိုက်နေမည်သာဖြစ်ပါသည်။ အခွင့်ရလျှင် အကျိုးပေးမည်သာဖြစ်ပါသည်။ အမှန်အားဖြင့် လုပ်သင့်သည်

မှာ မိမိပြုထားခဲ့သော မကောင်းမှုကံကို မေ့ဖျောက်ထားရန် မဟုတ်ပဲ သတိသံဝေဂယူ၍ ထိုအကုသိုလ်အကျိုးပေးခွင့်မရအောင် ကုသိုလ်ကံများဖြင့် ပယ်သတ်ရန်သာ ဖြစ်ပါသည်။ ထို့အပြင် သာမန်အားဖြင့် သူတပါး အသက်ကိုသတ်ခြင်းမှာ မကောင်းမှုမှန်း အားလုံးအသိပင် ဖြစ်ပါသည်။ သို့ပါလျက် ဘုရားကိုပူဇော်လို၍ သတ်လျှင် ယင်ပူဇော်မှုသဘောကြောင့် ကုသိုလ်ရသည်ဟူသော ယုံကြည်ချက်ဖြင့် သူတပါးအသက်ကို သတ်ခြင်းမှာလည်း အယူဝါဒဖောက်ပြန်မှုသာ ဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် ကောင်းမှု၊ မကောင်းမှုသဘောသည် လူတို့၏စိတ်ဆန္ဒနှင့် ယုံကြည်မှုတို့မှ ကင်းလွတ်စွာတည်ရှိမသာ၊ သူသဘောကိုသူဆောင်သော၊ မဲဖောက်မပြန် မှန်ကန်သော ပရမတ္ထတရားဖြစ်သောကြောင့် ဖြစ်ပါသည်။

မက္ခလိဂေါသာလ၏ ဝါဒဌ် နောင်တ တဖန် ပူပန်ခြင်းနှင့် သံဝေဂရခြင်းကို ကဲ့ပြားဌေ ဖော်ပြထားခြင်း မရှိပဲ မိုင်ပြုံခဲ့မိသော မကောင်းမှုကံကို ပြန်လည်အမှတ်မရစေရန် သွန်သင်ထားခြင်းကို တွေ့ရပါသည်။ နောင်တ တဖန် ပူပန်ခြင်းမှာ အကုသိုလ် "ကုက္ကုစ္စ" စေတသိက်ဖြစ်၍ သံဝေဂရခြင်းမှာ ကုသိုလ် "ဉာဏ်" စေတသိက်ဖြစ်ပါသည်။ ထိုသဘောကို ကဲ့ပြားစွာမဖော်ပြပဲ လုံး၍ သွန်သင်ခြင်းမှာ အကုသိုလ်ကုက္ကုစ္စစေတသိက်နှင့် ကုသိုလ်သံဝေဂဉာဏ်တို့ကို မခွဲခြားနိုင်ခြင်း၏ အပြစ်ပင်ဖြစ်ပါသည်။ အကုသိုလ်တရားများတွင်လည်း မိုဝဲသင့်သော (သေဝိတဗ္ဗ) သဘောနှင့် မမှီဝဲသင့်သော (အသေဝိတဗ္ဗ) သဘောတို့ ရှိကြသည်ဖြစ်ရာ မမေ့မလျော့သော အပြမာဒတရားနှင့် သံဝေဂဉာဏ် ပွားများနိုင်ပါက မက္ခလိဂေါသာလယူသကဲ့သို့ စိတ်ဒုက္ခရောက်စရာအကြောင်း မရှိပါဧခု။ သို့ဖြစ်၍ မက္ခလိဂေါသာလ၏ဝါဒကို မမှန်ကန်သော သီလသိက္ခာကို ဆန့်ကျင်သော တိတ္ထိယဝါဒအဖြစ် ပိဋကတ်တော်၌ ဖော်ပြထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် မက္ခလိဂေါသာလ ထူထောင်ခဲ့သော အာဇီဝကတက္ကတွန်း ကိုဏ်းသည် ဗုဒ္ဓဒိ ၁၂-ရာစုဝိုင်အောင် ရှိကြသေးသဖြင့် ယင်းဝါဒသည် သူ့ခေတ်သူအဓိက အထိုက်အလျောက် လူအများလက်ခံသည့် ဝါဒတရပ် ဖြစ်ဟန်ရှိသည်ဟု ပညာရှင်များက ခန့်မှန်းကြပါသည်။

(၃) အဇိတကေသကမ္မလ

အဇိတကေသကမ္မလသည် ရုပ်ဝါဒီသမားဃက်သက်ဖြစ်၏။ အကျိုးမဲ့ (နတ္ထိက)ဝါဒ၌ သက်ဝင်၏။ သူ၏ဂုဏ်သတင်းနှင့် ပတ်သက်၍ အင်္ဂါတသတ်မင်းကြီး၏ အမတ်တယောက်က အင်္ဂါတသတ်မင်းကြီးအား ဤသို့ လျှောက်ထားသည်ကို ဒီဃနိကာယ် သာမညဖလသုတ်၌ တွေ့ရပါသည်—

မင်းမြတ်–ဤ အဇိတကေသကမ္မလသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏။ ဂိုဏ်းနှင့်လည်းပြည့်စုံ၏။ ဂိုဏ်းဆရာလည်းဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒကို တီထွင်သူ ဖြစ်၏။ သူတော်ကောင်းဟု လူအများက သမုတ်ထားသူ ဖြစ်၏။ ရဟန်းဝါရင့်၏။ ရဟန်းသက်ရှည်၏။ ရွေးမီ၏။ အဆုံးအရှယ်သို့ ရောက်လျက်ရှိ၏။ မင်းမြတ်သည် ထိုအဇိတကေသကမ္မလကို ဆည်းကပ်တော်မူပါ။ အဇိတကေသကမ္မလကို 'ဆည်းကပ်လျှင် မင်းမြတ်၏စိတ်သည် ကြည်လင်တန်ရာပါ၏။'

သာမညဖလသုတ်လာ 'အဇိတကေသကမ္မလ၏ဝါဒအရ ပေးလှူခြင်းသည် မရှိ၊ ယဇ်ပူဇော်ခြင်းသည် မရှိ၊ ကောင်းမှု၊ မကောင်းမှုတို့၏ အကျိုးဝိပါက်သည် မရှိ၊ ဤလောကလည် မရှိ၊ တပါးသောလောကသည် မရှိ၊ အမိသည် မရှိ၊ အဘသည် မရှိ၊ သေ၍တဖန်ဖြစ်သော သတ္တဝါတို့သည် မရှိကုန်။ ဤလောကကိုလည်းကောင်း၊ တပါးသောလောကကိုလည်းကောင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိ၍ မှုတ်မျောက်ပြုလျက် ဟောကြားနိုင်ကုန်သော ဖြောင့်မှန်သော အရိယာမင်္ဂလိုရောက်ကုန်သော ကောင်းသောအကျင့်ရှိကုန်သော သမဏဗြာဟ္မဏတို့သည် လောက၌ မရှိကုန်။ ဤသတ္တဝါသည် မဟာဘုတ်လေးပါးအစုအဝေးသာ ဖြစ်၏။ သေသောအခါ မြေဓာတ်သည် ငြေဓာတ်အစုသို့ဆိုက်၏။ ရေဓာတ်သည် ရေဓာတ်အစုသို့ဆိုက်၏။ မီးဓာတ်သည် မီးဓာတ်အစုသို့ဆိုက်၏။ လေဓာတ်သည် လေဓာတ်အစုသို့ ဆိုက်၏။ နာမ်ကာယဆယ်တို့သည် ကောင်းကင်သို့ ပြောင်းရွှေ့ကုန်၏။ ညောင်စောင်းလျှင် ငါးခုမြောက်ဖြစ်သော ယောကျ်းတို့သည် သူ့သေကောင်ကိုယူ၍ သွားကုန်၏။ သခြိုင်းတိုင်အောင် သူသော

ကောင်တို့သည် ထင်ကုန်၏။ အရိုးတို့သည် ခိုအဆင်းကဲ့သို့ ဖြစ်ကုန်၏။ အလှူတို့သည် ပြာအဆုံးရှိကုန်၏။ အလှူပေးခြင်းကို လူမိုက်တို့က ပညတ်ဆင်းကုန်၏။ အခွါသူတို့သည် ပေးလှူခြင်းစသည်တို့၏ အကျိုးတရားမျှားရှိကြောင်း ဟောပြောကုန်၏။ ထိုသူတို့၏စကားသည် အချည်းနှီးဖြစ်၏။ မှားယွင်း၏။ ယောင်ယမ်းပြောဆိုသော စကားဖြစ်၏။ လူမိုက်ဖြစ်စေ၊ ပညာရှိဖြစ်စေ ခန္ဓာကိုယ်ပျက်စီးလျင် ပြတ်စဲကုန်၏။ သေသည်မှ နောက်၌ မရှိကုန်။

အဇိတကေသကမ္ဗလ၏အယူအရ လောက၌ တကယ်တမ်းအရေးကြီးသည်မှာ ရုပ်တရားမျှားသာ ဖြစ်၏။ လူသည်ပင် ရုပ်တရားတို့၏ အစုအဝေးဖြစ်၏ စိတ်ဆိုသည်မှာ ထိုရုပ်တရားတို့၏ ဓာဘ်ပေါင်း(သမဋ္ဌိ)အနေဖြင့် ပေါင်းစပ်ရာမှ ထွက်ပေါ်လာသည့် သတ္တိထူးတမျိုးသာ ဖြစ်၏။ ကွမ်း၊ ကွမ်းသီး၊ ထုံးတို့ကို ဓာတ်ပေါင်း(သမဋ္ဌိ)အနေဖြင့် ပေါင်းစပ်လိုက်သောအခါ မူလက မရှိသည့် အနီရောင် ကွမ်းသွေးသည် ဖြစ်ပေါ်လာရ၏။ ထိုနည်းအတူပင် ရုပ်တရားမျှားကို ဓာတ်ပေါင်း(သမဋ္ဌိ)အနေဖြင့် ပေါင်းစပ်လိုက်ပါက စိတ်တရားသည် ဖြစ်ပေါ်လာရ၏၊ ထို့ကြောင့် စိတ်တရားသည် တကယ်တမ်းအရေးကြီးသည်မဟုတ်။ ရုပ်တရားသာ တကယ်တမ်းအရေးကြီး၏။

လုပ်ငန်းမျှားကို ဆောင်ရွက်ရာတွင် စိတ်တရားသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သည်မှန်၏။ သို့မှန်သော်လည်း ထိုစိတ်တရားသည် မူရင်းအရှိတရားမဟုတ်၊ အဖြစ်တရားသာ ဖြစ်၏။ အဖြစ်တရားတို့၏ သဘာဝအတိုင်း မိမိနှစ်သက်သလိုဖြစ်အောင် ဖန်တီး၍ရ၏။ ဥပမာအားဖြင့် သေရည်သေချာက် ဖော်စပ်သောအခါ မူးယစ်သတ္တိကို မိမိနှစ်သက်သလိုဖြစ်အောင် ဖော်စပ်၍ရ၏။ မူးယစ်သတ္တိသည် အရှိတရားမဟုတ်၊ အဖြစ်တရားသာဖြစ်၏။ ထို့ကြောင့် မူးယစ်သတ္တိသည် စိတ်နှင့်တူ၏။

ပင်ကိုမူလက မရှိသော အဖြစ်တရားတခုကို ဖြစ်ပေါ်လာအောင် ဖန်တီးဆောင်ခြင်း ပေါင်းစပ်မှုသည် အရေးကြီး၏။ ထိုပေါင်းစပ်မှုသည် (၂)မျိုး ရှိ၏၊ ထို(၂)မျိုးအနက် ပထမတမျိုးမှာ ဓာတ်ရောအနေဖြင့် ပေါင်းစပ်မှုဖြစ်သည်။ ယင်းကို အဇိတကေသကမ္ဗလ၏အယူအရ သင်္ကဋ္ဌဝေါဟာရဖြင့် "ဗျဋ္ဌိ"ဟု ခေါ်၏။ ဒုတိယတမျိုးမှာ ဓာတ်ပေါင်းအနေဖြင့် ပေါင်းစပ်မှုဖြစ်၏။ ယင်းကို သင်္ကဋ္ဌဝေါဟာရဖြင့် "သမဋ္ဌိ"ဟု ခေါ်၏။ ထို(၂)မျိုးအနက် ဗျဋ္ဌိနည်းအရ ပေါင်းစပ်မှုသည် အဖြစ်တရားတခုကို မိမိဆန္ဒအတိုင်းဖြစ်လာအောင် ဖန်တီးခြင်းမရှိ။ သမဋ္ဌိနည်းအရ ပေါင်းစပ်မှုသည်သာ အဖြစ်တရားတခုကို မိမိဆန္ဒအတိုင်းဖြစ်လာအောင် ဖန်တီးခြင်းရလေသည်။ ထို့ကြောင့် လုပ်ငန်းများကို ဆောင်ရွက်ရာ၌ လိုအပ်သော သိစိတ်များကို ဖန်တီးနိုင်ရန် ပတ်ဝန်းကျင်ရုပ်ဝတ္ထုများကို သမဋ္ဌိနည်းအရ ပေါင်းစပ်နိုင်ဖို့ လိုအပ်ပါသည်။ ထိုကဲ့သို့ပေါင်းစပ်နိုင်ပါက မည်သည့် လုပ်ငန်းများကိုမဆို ဆောင်ရွက်နိုင်စွမ်းရှိသည့် သိစိတ်များသည် လူသား တို့၏သန္တာန်၌ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ဤသို့ အဇိတကေသကမ္ဗလက ယူပါသည်။

ထို့အပြင် လူသားတို့၏ ရည်မှန်းချက်အနေဖြင့်လည်း မွေးသည်မှသေသည်တိုင်အောင်သော ကာလအကွင်းဆက်သာ ပို၍အာရုံစိုက်သင့်ပါသည်။ မမြင်နိုင်သည့် တမလွန်ကာလကို အာရုံစိုက်ခြင်းအားဖြင့် အချိန်လည်းကုန်သည်။ လူလည်း ပန်းသည်။ မျှော်မှန်းသည့်အကျိုးကို ရမည်၊ မရမည်ဟူ၍လည်း မည်သို့မျှ အသေအချာမသိနိုင်ချေ။ ထို့ကြောင့် ယောင်ယမ်း၍ ပြောဆိုသည်နှင့်တူလှသည်။ တမလွန်ကောင်းကျိုး၊ ဆိုးပြစ်တို့နှင့် ပတ်သက်၍ ယုံရမည်ဆိုလျှင် သဒ္ဓေယျသိဒ္ဓေါ် ပြောသူအပေါ် ၌ မမှားနိုင်သူအဖြစ် အလျင်ဦးစွာ လက်ခံယုံကြည်ထားပြီးမှသာ ယုံကြည်ရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိမိတို့၏ကိုယ်ပိုင်ဉာဏ်ဖြင့် ထိုတမလွန်လောကအကြောင်းကို မကျက်စားနိုင်သောကြောင့် ဖြစ်ပါသည်။ အမှန်အားဖြင့် အကြောင်းအရာတရပ်ကို ကိုယ်ပိုင်ဉာဏ်ဖြင့် ကျက်စားနိုင်မှသာ ထိုအကြောင်းအရာကို အခြေခံပြီး ယင်းနှင့် ပတ်

သင်၌ ဟောပြောသူ၏ ဉာဏ်ပညာ အတိမ်အနက်ကို သိနိုင်မည် ဖြစ်ပါသည်။ ယခုမူ ထိုသို့မဟုတ်ပဲ ပြောသူကိုယုံကြည်ပြီး အကြောင်းအရာကို ယုံကြည်ရသည်မှာ ကြက်နှင့်ကြက်ဥတို့၏ အစကို ရှာသည်နှင့်တူပါသည်။ ထို့ကြောင့် တမလွန်လောကသည်လည်းကောင်း၊ တမလွန်လောကအကြောင်းကို ပြော ဟော သူသည် လည်းကောင်း မိမိတို့၏ ဉာဏ်ဖြင့် မကျက်စားနိုင်သော အရာများဖြစ်၍ လုံးဝ မရှိသကဲ့သို့ သဘောထားရုန် အဇိတကေသကမွလ-က သင်ကြားခြင်းဖြစ်ပါသည်။ လက်တွေ့ မျက်တွေ့ဖြစ်သည့် ဤလောကနှင့် ဤဘဝကို အာရုံစိုက်ခြင်းသည် တမလွန်လောကနှင့် ထိုဘဝကို အာရုံစိုက်ခြင်းထက် များစွာ ပိုမို အဓိပ္ပာယ်ရှိပါသည်။

လူသားတို့၏ ရည်မှန်းချက်မှာလည်း ရုပ်ပိုင်းဆိုင်ရာ ချမ်းသာမှု (အတ္ထ)နှင့် စိတ်ပိုင်းဆိုင်ရာ ချမ်းသာမှု(ကာမ)တို့သာ ဖြစ်သည်။ ဓမ္မမဟုတ်။ ဓမ္မကြောင့် ချမ်းသာ၍ အဓမ္မကြောင့် ဆင်းရဲသည်ဆိုသည်မှာ မျက်မြင်အားဖြင့် သက်သေမပြနိုင်သော အဆိုသာဖြစ်၏၊ ဤလောက၌ ချမ်းသာဆင်းရဲဆိုသည်မှာ လောကဓံခေါ် သဘာဝတရားများကြောင့် သာဖြစ်၏။ ဓမ္မ၊ အဓမ္မနှင့် မည်သို့မျှ မပတ်သက်ချေ။ ဥဩင့်၏အသံသည် ချို၏၊ ဥဒေါင်းငှက်၏အမွေးသည် လှ၏၊ မီးသည် ပူ၏၊ ရေသည် အေး၏၊ ဤသည်တို့မှာ ဓမ္မ၊ အဓမ္မကြောင့်မဟုတ်၊ သဘာဝကြောင့်သာ ဖြစ်၏။ ထို့ကြောင့် ဆင်းရဲ၊ ချမ်းသာကိုဖန်တီးလိုလျှင် သဘာဝကိုအသုံးချတတ်ရန်သာလိုသည်။ ဓမ္မ၊ အဓမ္မကို လိုက်နာကျင့်သုံးရန်မလို။ သဘာဝကို အသုံးချတတ်ရန် ရည်ရွယ်ချက်ဖြင့် ဤလောကကို လူသားတို့၏ ပျော်မွေ့စရာဌာနအဖြစ် ခံယူထားရန် လိုအပ်ပါသည်။

အယံ သံသာရော ဓဝ အာတမနော ကြီဒှာသ္ဍလံ။

(အယံ သံသာရော၊ ဤလောကသည်။ အာတမနော၊ လူသား၏။ ကြီဒှာသ္ဍလံ ဓဝ၊ ပျော်မွေ့စရာဌာနတည်း)။

(ပဇ္ဈ-၁၅၀)

ထို့အပြင် လောကဌ္ဌ အသက်မွေးမြူမှုနှင့်ပတ်သက်၍ ရုပ်ဝါဒီတို့က အောက်ပါအတိုင်း ကြွေးကြော်ခဲ့ကြပါသည်—

ယာဝဇီဝံ သုခံ ဇီဝေ၊ ဣဏံ ကတ္ဝာ ဃတံ ပိဝေ။
ဘသ္မီဘူတသ္ဿ ဒေဟဿ၊ ပုနရာဂမနံ ကုတော။

(ယာဝဇီဝံ၊ သက်ဆုံးတိုင်။ သုခံ၊ ချမ်းသာစွာ။ ဇီဝေ၊ အသက်မွေးမြူရ၏။ ဣဏံ၊ ကြွေးမြီကို။ ကတ္ဝာ၊ ပြု၍။ ဃတံ၊ ထောပတ်ကို။ ပိဝေ၊ သောက်ရ၏။ ဘသ္မီဘူတဿ၊ ပြာဖြစ်သွားသော။ ဒေဟဿ၊ ခန္ဓာကိုယ်၏။ ပုနရာဂမနံ၊ တဖန်ပြန်လာခြင်းသည်။ ကုတော၊ အဘယ်မှာဖြစ်နိုင်ပါအံ့နည်း။)

(ပဗန္ဓ-၁၅၇)

ဘဝအသိ (၅) မျိုး

လူသည် ခန္ဓာ (၅) ပါးတို့၏ အစုအပေါင်းဖြစ်၏။ ထို့ကြောင့် လူ၏ အသိတွင် ခန္ဓာ (၅) ပါးတို့၏ သဘောသတ္တိသည် မလွဲမသွေပါဝင်ရမည်သာဖြစ်၏။ ထိုခန္ဓာ (၅) ပါးတို့၏ သဘောသတ္တိကိုလိုက်၍ ဖြစ်ပေါ်လာသည့် လူ့အသိကို ဤနေရာ၌ ဘဝအသိ (၅) မျိုးဟု သုံးနှုန်းခြင်းဖြစ်ပါသည်။ ထိုဘဝအသိ (၅) မျိုးမှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

(က) ရုပ်ပိုင်းဆိုင်ရာ ဘဝအသိ၊
(ခ) ခံစားမှုပိုင်းဆိုင်ရာ ဘာဝအသိ၊
(ဂ) မှတ်သားမှုပိုင်းဆိုင်ရာ ဘဝအသိ၊
(ဃ) ပြုပြင်မှုပိုင်းဆိုင်ရာ ဘဝအသိ၊
(င) သိမှုပိုင်းဆိုင်ရာ ဘဝအသိ။

(က) ရုပ်ပိုင်းဆိုင်ရာ ဘဝအသိ

လူ့ဘဝတွင် ရုပ်တရား အစုအဝေးမျှားပါဝင်ကြ၏။ ယင်းကို ပါဠိဘာသာဖြင့် "ရူပက္ခန္ဓာ"ဟု ခေါ်၏။ ထို့ရူပက္ခန္ဓာခေါ် ရုပ်တရား အစု

အဝေးမျှားကြောင့် လူ့ဘဝအသိတွင် ရုပ်ပိုင်းကို ဦးစားပေးသော သဘာဝအသိများ ပါဝင်ကြခြင်းဖြစ်ပါသည်။ ရုပ်ပိုင်းကိုဦးစားပေးသော သဘာဝအသိများကြောင့် လူသည် ဝဝစား၊ လှလှဝတ်၍ ကျန်းကျန်းမာမာနှင့် ကောင်းကောင်းနေလိုကြခြင်းဖြစ်၏။ အုပ်ချုပ်သူများကလည်း မိမိတို့၏ တိုင်းသူပြည်သားများအတွက် ဝဝစား၊ လှလှဝတ်၍ ကျန်းကျန်းမာမာနှင့် ကောင်းကောင်းနေနိုင်အောင် စီမံဖန်တီးကြခြင်းဖြစ်ပါသည်။ ဤသည်မှာ ရုပ်တရားများ၏ သဘာဝသတ္တိလွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသည့် လူ့ဘဝအသိတမျိုးဖြစ်ပါသည်။ ယင်းအသိကို ပြုစုပျိုးထောင်ထားမှ ဆုမှ လူ့ဘောင်အဖွဲ့အစည်း၊ မြို့ရွာ၊ တိုက်တာအိမ်ခြေ၊ လယ်ယာစိုက်ပျိုးမှုစသော ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုပစ္စည်းများ ပေါ်ထွန်းလာခြင်းဖြစ်သည်ဟု ဆိုကြပါသည်။

(ခ) ခံစားမှုပိုင်းဆိုင်ရာ ဘဝအသိ

လူ့ဘဝတွင် ရုပ်တရားအစုအဝေးများသာမက ခံစားမှုပိုင်းဆိုင်ရာ ဝေဒနာအစုအဝေးများလည်း ပါဝင်ကြ၏။ ယင်းကို ပါဠိဘာသာဖြင့် "ဝေဒနာက္ခန္ဓာ"ဟု ခေါ်၏။ ထိုဝေဒနာက္ခန္ဓာခေါ် ဝေဒနာအစုအဝေးများကြောင့် လူ့ဘဝအသိတွင် ခံစားမှုပိုင်းကို ဦးစားပေးသော သဘာဝအသိများ ပါဝင်ကြခြင်းဖြစ်ပါသည်။ ရုပ်ပိုင်းဆိုင်ရာ ဝတ္ထုပစ္စည်းများပြည့်စုံရုံနှင့် မဝကျနပ်သေးပဲ ပျော်ရွှင်ချမ်းမြေ့လိုကြခြင်း ဖြစ်ပါသည်။ ပျော်ရွှင်ချမ်းမြေ့လိုခြင်းကြောင့် မိမိဘို့စရိုက်ဝါသနာအလိုက် ပျော်ရွှင်ချမ်းမြေ့စရာများကို လေ့လာလိုက်စားကြခြင်း ဖြစ်ပါသည်။ အုပ်ချုပ်သူများကလည်း မိမိတို့၏ တိုင်းသူပြည်သားများအတွက် ပျော်ရွှင်ချမ်းမြေ့စရာများကို စီမံဖန်တီးပေးကြခြင်းဖြစ်ပါသည်။ ဤသည်မှာ ခံစားမှုဝေဒနာတရားများ၏ သဘာဝသတ္တိလွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသည့် လူ့ဘဝအသိတမျိုးဖြစ်ပါသည်။ ယင်းအသိကို ပြုစုပျိုးထောင်ရာမှ တေးဂီတ၊ ပန်းချီစသော အနုပညာပိုင်းဆိုင်ရာ ယဉ်ကျေးမှုပစ္စည်းများ ပေါ်ထွန်းလာခြင်းဖြစ်သည်ဟု ဆိုကြပါသည်။

(ဂ) မှတ်သားမှုပိုင်းဆိုင်ရာ ဘဝအသိ

လူ့ဘဝတွင် အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ မှတ်သားမှုသည် အစုအဝေးမျှားလည်း ပါဝင်ကြပါသည်။ ယင်းကို ပါဠိဝေါဟာရဖြင့် "သညာက္ခန္ဓာ"ဟု ခေါ်သည်။ ယင်းသညာက္ခန္ဓာခေါ် အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ မှတ်သားမှုသည် အစုအဝေးမျှားကြောင့် လူမျှားသည် ရုပ်ပိုင်းချမ်းသာမှုနှင့် စိတ်ပိုင်းချမ်းသာမှုမျှားကို စနစ်တကျ ခံစားနိုင်ကြခြင်းဖြစ်ပါသည်။ သို့မဟုတ်ပါက ရုပ်ပိုင်းချမ်းသာမှုနှင့် စိတ်ပိုင်းချမ်းသာမှုမျှားသည် ပရမ်းပတာ ဖြစ်ချင်ရာဖြစ်သဘောကို ဆောင်သွားကြမည် ဖြစ်ပါသည်။ သို့ဖြစ်၍ အုပ်ချုပ်သူမျှားကလည်း မိမိတို့၏ တိုင်းသူပြည်သားမျှားအတွက် အသိပညာဆိုင်ရာ လေ့လာစရာမျှားနှင့် အတတ်ပညာဆိုင်ရာ လေ့လာစရာမျှားကို စီမံဖန်တီးပေးကြခြင်းဖြစ်ပါသည်။ ဤသည်မှာ အသိပညာ၊ အတတ်ပညာပိုင်းဆိုင်ရာ မှတ်သားမှုသညာတရားများ၏ သဘာဝသတ္တိလက္ခဏာမိုးမှကြောင့် ဖြစ်ပေါ်လာသည့် လူ့ဘဝ အသိတမျိုးဖြစ်ပါသည်။ ယင်းအသိကို ပြုစုပျိုးထောင်ထူမှ ဝိဇ္ဇာ-သိပ္ပံ ဟူသော အသိပညာပိုင်းဆိုင်ရာနှင့် အတတ်ပညာပိုင်းဆိုင်ရာ ယဉ်ကျေးမှုပစ္စည်းမျှား ပေါ်ထွန်းလာခြင်းဖြစ်သည်ဟု ဆိုကြပါသည်။

(ဃ) ပြုပြင်မှုပိုင်းဆိုင်ရာ ဘဝအသိ

လူ့ဘဝတွင် ရုပ်၊ ဝေဒနာ၊ သညာတို့အပြင် ပြုပြင်မှုပိုင်းဆိုင်ရာ သင်္ခါရအစုအဝေးမျှားလည်း ပါဝင်ကြပါသည်။ ယင်းကို ပါဠိဝေါဟာရဖြင့် "သင်္ခါရက္ခန္ဓာ"ဟု ခေါ်၏။ သင်္ခါရက္ခန္ဓာ၏ တရားကိုယ်မှာ ဗုဒ္ဓအဘိဓမ္မာအရ ဝေဒနာ၊ သညာမှ ကြွင်းသော စေတသိက် (၅၀)တို့ပင် ဖြစ်သည်။ သို့ဖြစ်၍ ပြုပြင်မှုသဘောတရားသည် အမျိုးပေါင်း (၅၀)ရှိလေသည်။ အမျိုးပေါင်း(၅၀)ရှိသော်လည်း အဓိကအချုပ်မှာ"စေတနာ" ဖြစ်ပါသည်။ စေတနာကို မြန်မာဝေါဟာရဖြင့် "စေ့ဆော်ခြင်း"ဟု ပြန်ဆိုကြပါသည်။ ခေတ်သုံးဝေါဟာရဖြင့် ပြန်ဆိုရလျှင် အသက်သွင်းခြင်းဖြစ်ပါသည်။ ယင်းအသက်သွင်းခြင်းတည်းဟူသော စေ့ဆော်မှု

"စေတနာ" ကြောင့် ယှဉ်ဖက်တရားများသည် မိမိတို့၏ ဆိုင်ရာဆိုင်ရာ တာဝန်များကို ဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် လုပ်ငန်းပိုင်းဆိုင်ရာ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့တွင် "စေတနာ"သည် တာဝန်အရှိဆုံးဖြစ်ပါသည်။ သို့ဖြစ်၍သာ လုပ်ငန်းတရပ်၌ မည်သည့်တရားများက မိမိတို့၏ ဆိုင်ရာဆိုင်ရာတာဝန်များကို စုံမ်းဥမ်းတမံ ဆောင်ရွက်ကြစေကာမူ ထိုသို့ဆောင်ရွက်ရာ၌ လုပ်ငန်းတဦုပ်အနေဖြင့် တာဝန်အရှိဆုံးစေတနာကို ခေါင်းတပ်၍ **ကောင်းသောလုပ်ငန်း** (ကုသလကမ္မ)၊ **မကောင်းသောလုပ်ငန်း**(အကုသလကမ္မ)ဟု ဒေသနာတော်၌ ဟောတော်မူခြင်း ဖြစ်ပါသည်။ ဤနေရာ၌ ကမ္မဆိုသည်မှာ စေတနာပင်ဖြစ်ပါသည်။

ဥပမာအားဖြင့် ဆိုရသျှင် တိုက်ပဲ့တပဲ့ကို တိုက်ရာ၌ သူရဲကောင်းတပ်သားများသည် မိမိတို့၏ ကျဆုကဏ္ဍမှနေ၍တိုက်ကြရ၏။ထို့ကြောင့် သူရဲကောင်းတပ်သားများသည် မိမိတို့၏ ကျဆုကဏ္ဍအဘွက် တာဝန်ရှိကြပါသည်။ သို့ရာဘွင် တိုက်မိန့်ပေးသူ တပ်မှူးကား တိုက်ပဲ့တခုလုံးအတွက် တာဝန်ရှိပါသည်။ ဤနေရာ၌ တိုက်မိန့်ပေးသူတပ်မှူးသည် စေတနာနှင့်တူပါသည်။ သူရဲကောင်း တပ်သားများသည် ယှဉ်ဖက်တရားများနှင့် တူပါသည်။ ထို့ကြောင့် "စေ့ဆော်ခြင်း"ဆိုသည်မှာ လုပ်ငန်းဆောင်ရွက်ရန် တာဝန်ခံအနေဖြင့် အမိန့်ပေးခြင်း၊ အဆုံးအဖြတ်ပေးခြင်း၊ အသက်သွင်းခြင်း၊ ညွှန်ကြားခြင်းသဘောမျိုး ဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုရသျှင် လုပ်ငန်းတခုလုံးအတွက် စေတနာသည် တာဝန်ရှိ၍ ထိုလုပ်ငန်းတွင်ပါဝင်သည့် အစိတ်အစိတ်အတွက် ယှဉ်ဖက်တရားများသည် တာဝန်ရှိကြပါသည်။

စစ်မှန်သော ချမ်းသာသုခကွင် သဘော (၃)ခုပါဝင်သည်ဟု ဆိုကြပါသည်။ ထိုသဘော (၃)ခုတို့မှာ-

(၁) လွတ် ပပ်ခြင်း(မောက္ခ)၊
(၂) မသေခြင်း(အမတ)၊
(၃) အားကိုးခြင်း(သရဏ)-

တို့ဖြစ်ပါသည်။ ယင်း(၃)ခုတို့မှာ အသွင်အပြင်အားဖြင့် အချင်းချင်းမတူသယောင်ရှိသော်လည်း နောက်ဆုံး အနှစ်သာရအနေဖြင့် တူသည်ဟုဆိုကြပါသည်။ လူတို့သည် ခန္ဓာကိုယ်ဖွဲ့စည်းမှုသဘောအရ ရုပ်၊ ဝေဒနာ၊ သညာတို့၏ သဘာဝသတ္တိ လှုပ်မိုးမှုကြောင့် ဘဝအသီအမျိုးမျိုးကို ရယူနေကြသော်လည်း အဆိုပါသဘော(၃)ခုဘို့အပေါ်၌ အခြေခံ၍ စေတနာ၏စေ့ဆော်မှုအရ လှုပ်ရှားဆောင်ရွက်နေကြခြင်းဖြစ်ပါသည်။အုပ်ချုပ်သူများကလည်း မိမိဘို့၏ တိုင်းသူပြည်သားများအတွက် လုတ်လပ်စွာနေနိုင်အောင် မျိုးဆက်မပျောက်အောင် တိုင်းပြည်က အားကိုးထိုက်သူများဖြစ်အောင် စီမံဖန်တီးပေးကြခြင်းမှာ အဆိုပါသဘော(၃)ခုကို အခြေခံ၍ ဖြစ်ပေါ်လာသည့် စေတနာ၏ စေ့ဆော်မှုကြောင့်ဖြစ်ပါသည်။ ဤသည်မှာ ပြုပြင်မှုသဒ္ဓါရဘရားများ၏ သဘာဝသတ္တိ လှုပ်မိုးမှုကြောင့် ဖြစ်ပေါ်လာသည့် လူ့ဘဝအသီတမျိုးဖြစ်ပါသည်။ ယင်းအသီကို ပြုစုပျိုးထောင်ရာမှ သုတေသနသဘောအရ ရုပ်ပိုင်းဆိုင်ရာ၌ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာ၌ဖြစ်စေ ပုံတူကူးချခြင်းမျိုးမဟုတ်ပဲ တဆင့်ထက်တဆင့် ဆန်းသစ်မြင့်မားသော ဆိုင်ရာဆိုင်ရာ ယဉ်ကျေးမှုပစ္စည်းများ ပေါ်ထွန်းလာခြင်းဖြစ်သည်ဟု ဆိုကြပါသည်။

(c) သိမ္မပိုင်းဆိုင်ရာ ဘဝအသီ

လူ့ဘဝဘွဲ့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရဘို့အပြင် သိမ္မပိုင်းဆိုင်ရာ ဝိညာဏ်သို့ဟုဆိုစိတ်ဘုရားသည်း ပါဝင်ပါသည်။ ယင်းကို ပါဠိဘာရဖြင့် "ဝိညာဏကာ့ခန္ဓာ" ဟု ခေါ်၏၊ ဝိညာဏကာ့ခန္ဓာခေါ် သိမ္မသဘောသည် မိမိ၏ ပကတိသဘောအားဖြင့် ညစ်ကြေးမဆင် အလွန်ပင်သန့်ရှင်းစင်ကြယ်၏။ထို့ကြောင့် ဗုဒ္ဓပိဋကတ်စာတော်၌ စိတ်နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရ၏—

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။

(ဘိက္ခဝေ၊ ရဟန်းတို့။ ကုဒံ စိတ္တံ၊ ဤစိတ်သည်။ ပဘဿရံ၊ ပြိုးပြိုးပြက် တခဲနက်တောက်ပ၏။ အာဂန္တုကေဟိ၊ လွှဲသည် ဖြစ်ကုန်သော။ ဥပက္ကိလေသေဟိ၊ ကိလေသာတရားတို့ကြောင့်။ ဥပက္ကိလိဋ္ဌံ၊ ညစ်နွမ်းရခြင်းဖြစ်၏။) (ကောဂုံတ္တရပါဠိ-၉)

လူ့ဘဝအသိတွင် ဖြူစင်မြင့်မြတ်မှုကို မြတ်နိုးခြင်း၊ တရားလမ်းမှန်ကျမှုကို လေးစားခြင်း စသည်ဖြင့် တရားဓမ္မဆိုင်ရာသဘောမျိုး ပါဝင်လာကြခြင်းမှာ ဤသိမ္မပိုင်းဆိုင်ရာ ဝိညာဏ် သို့မဟုတ် စိတ်၏ ပင်ကိုမူလအစွမ်းသတ္တိကြောင့် ဖြစ်ပါသည်။ ယင်းအစွမ်းသတ္တိကြောင့်သာ လူတို့သည် မိမိတို့၏ဆောင်ရွက်မှုကို တရားသမ်းမှန်ကျသည်၊ မှားသည်ဟု ထင်ကြခြင်းဖြစ်ပါသည်။ အကယ်၍ တရားလမ်းမှန်မကျကြောင်း၊ မမျှတကြောင်းသိပါလျက် ယာယီအခက်အခဲများကြောင့် မျက်စိမှိတ်၍ ဆောင်ရွက်ရလျှင်လည်း ယင်းဆောင်ရွက်ချက်ကို မိမိကိုယ်တိုင်က ဘဝင်ခိုက်သည်အထိ ကျေကျေနပ်နပ် လက်မခံနိုင်ခြင်းမှာ ဤသိမ္မပိုင်းဆိုင်ရာ ဝိညာဏ် သို့မဟုတ် စိတ်၏ ညစ်ကြေးမထင် သန့်ရှင်းစင်ကြယ်သော ပင်ကိုမူလသဘောသတ္တိကြောင့် ဖြစ်ပါသည်။ အုပ်ချုပ်သူများကလည်း မိမိတို့၏ တိုင်းသူပြည်သားများအတွက် အမှန်တရားကို မြတ်နိုးတတ်သူများဖြစ်လာအောင် စီမံဖန်တီးကြခြင်းမှာ ဤသိမ္မပိုင်းဆိုင်ရာ ဝိညာဏ် သို့မဟုတ် စိတ်၏ ပင်ကိုမူလသဘောသတ္တိကြောင့်ပင်ဖြစ်၏။ ဤသည်မှာ သိမ္မပိုင်းဆိုင်ရာ ဝိညာဏ် သို့မဟုတ် စိတ်၏သဘာဝသတ္တိလွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသည့် လူ့ဘဝအသိတမျိုး ဖြစ်ပါသည်။ ယင်းအသိကို ပြုစုပျိုးထောင်ရာမှ ကိုးကွယ်ယုံကြည်မှုစသော ဓမ္မပိုင်း သို့မဟုတ် သစ္စာပိုင်းဆိုင်ရာ ယဉ်ကျေးမှုပစ္စည်းများ ပေါ်ထွန်းလာခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။

လူ့ဘဝအသိတွင်ဖော်ပြပါအတိုင်း အသိအုပ်စုအားဖြင့် (၅)မျိုးပါဝင်ပါသည်။ ထို(၅)မျိုးမှာ ခန္ဓာကိုယ်ဖွဲ့စည်းပုံအရ မလွဲမသွေ ကွဲပြားသွားခြင်းဖြစ်ပါသည်။ ထိုသို့ကွဲပြားရာတွင် ခန္ဓာ (၅)ပါးတို့သည် မိမိတို့၏

ပင်ကိုမူလသတ္တိအားဖြင့် တခုထက် တခု လွန်ကဲမှုကိုလိုက်၍ ဘဝအသီးမျှားသည်လည်း တမျိုးထက် တမျိုး လွန်ကဲသွားကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဖြစ်ပေါ်လာသော ဘဝအသီးမျှားတွင် ဖြူစင်မြင့်မြတ်မှုကို မြတ်နိုးတတ်သောဝိညာဏ် သို့မဟုတ် စိတ်၏ မူလသတ္တိကိုအခြေခံသည့် ဘဝအသီးကို ဦးစားပေးယင်း ခန္ဓာငါးပါးဆိုင်ရာ ဘဝအသီးမျှားကို စည်းကိုက် ဝါးကိုက်ဖြစ်အောင် သခ်ါရကွန္ဓာဘဝအသီးဖြင့် ထိန်းကွပ်အပ်ပါသည်။ သို့မှသာ အမြင့်မားဆုံးဖြစ်သော လောကုတ္တရာအသီးကို ရရှိနိုင်မည်ဖြစ်ပါသည်။

အဇိတကေသကမ္ဗလသည် ရုပ်ဝါဒီဖြစ်သည့်အပြင် ဥစ္ဆေဒဝါဒီ (တမလွန်ကို မယုံကြည်သူ)လည်း ဖြစ်ပါသည်။ ထို့ကြောင့် သူ၏သင်ကြားချက်မျှားဌ ဓမ္မကိုမြတ်နိုးတတ်သည့်စိတ်၏ ပင်ကိုအခန်းကဏ္ဍကို သေးသိမ်အောင်ပြု၍ တဦး တဘဝ တသက်တာ ကောင်းစားရေးကို ရှေတန်းတင်ထားခြင်းဖြစ်ပါသည်။ "ယခုကောင်းအောင်လုပ်၊ ရှေးနှင့်နောက်ကို ဦးစားပေးစဉ်းစားရန်မလို"ဟူသော ဝါဒမှာ အဇိတကေသကမ္ဗလ၏ ဝါဒဖြစ်ပါသည်။ သို့ရာတွင် အဇိတကေသကမ္ဗလအတွက် "ကောင်းခြင်း"ဟူသည်မှာ "မှန်ကန်ခြင်း"နှင့် လုံးဝမပတ်သက်သည့် "တဦး တအုပ်စု ကောင်းခြင်း"သာဖြစ်၍ သူ၏ဝါဒသည် အကျင့်သိလရှုထောင့်မှ ကြည့်လျှင် မျှားစွာအန္တရာယ်ကြီးသော ဝါဒဖြစ်ပါသည်။ သိက္ခာ(၃)ပါးတွင် အခြေခံအကျဆုံးဖြစ်သောသီလသိက္ခာကို ရိုက်ချိုးသောဝါဒဖြစ်ပါသည်။

(၄) ပကုဓကစ္စာယန

ပကုဓကစ္စာယနသည် ဗုဒ္ဓရှင်တော်ဘုရားထက် အတန်ငယ်ဦးသည်ဟု ဆိုကြသည်။ ပြဂ္ဂဥပနိသျှဒ်ကျမ်းတွင် ပကုဓကစ္စာယနကို ကကုဒကာတျာယနအဖြစ် ဖော်ပြထားပါသည်။ ပကုဓကစ္စာယန၏ ဝါဒမှာ သဿတဝါဒဖြစ်ပါသည်။ ထို့အပြင် ပကုဓကစ္စာယန၏ ဝါဒသည် နောက်ပိုင်း ဝိဓသိကဒဿန၏ ရေသောက်မြစ်သဖွယ် ဖြစ်သည်ဟုလည်း ဆိုကြပါသည်။ သူ၏ ဂုဏ်သတင်းနှင့်ပတ်သက်၍ အင်္ဂုတ္တရသတ်မင်းကြီး၏ အမတ်

တယောက်က အဇာတသတ်မင်းကြီးအား ဤသို့လျှောက်ထားသည်ကို ဒီဃနိကာယ် သာမညဖလသုတ်၌ တွေ့ရပါသည်—

> မင်းမြတ်–ဤပကုဓကစ္စာယနသည် တပည့်အပေါင်းနှင့်လည်း ပြည့်စုံ၏။ ကိုးနှင့်လည်းပြည့်စုံ၏။ ကိုးဆရာလည်း ဖြစ်၏။ ထင်ရှား၏။ ကျော်စော၏။ အယူဝါဒတိတ္ထိုဆူဖြစ်၏။ သူတော်ကောင်းဟု လူအများက သမုတ်ထားသူဖြစ်၏။ ရဟန်းဝါရင့်၏။ ရဟန်းသက်ရှည်၏။ ရွေးမီ၏။ အဆုံးအရှယ်သို့ရောက်လျက်ရှိ၏။ မင်းမြတ်သည် ထို ပကုဓကစ္စာယနကို ဆည်းကပ်တော်မူပါ။ ပကုဓကစ္စာယနကို ဆည်းကပ်လျှင် မင်းမြတ်၏စိတ်သည် ကြည်လင်တန်ရာပါ၏။

သာမညဖလသုတ်လာ ပကုဓကစ္စာယန၏ ဝါဒအရ ဤလောကတွင် အမှန်တကယ်ရှိသော အမြဲတေဝရား(၇)ပါးရှိပါသည်။ ယင်းတို့မှာ—

(၁) မြေ၊
(၂) ရေ၊
(၃) မီး၊
(၄) လေ၊
(၅) သုခ၊
(၆) ဒုက္ခ၊
(၇) ဇီဝ–

တို့ဖြစ်ပါသည်။ယင်း(၇)ပါးတို့မှာ အမြဲတရားများဖြစ်ကြ၏။အကြောင်းအဖြစ်သည်း မဆောင်ရွက်၊ အကျိုးအဖြစ်လည်း အဆောင်ရွက်မခံ၊ မိမိတို့ဘာသာ မိမိတို့လွတ်မြောက်ပြီးသား ဖြစ်ကြ၏။ တုန်လှုပ် ဖောက်ပြန်ခြင်းမရှိ၊ ပကတိငြိမ်သက်ကုန်၏။ အမှန်အားဖြင့် ဤဟရား (၇)ပါးမှလွဲ၍ အခြား မည်သည့်တရားမျှ မရှိခေ့။ ရှိသည်ဟု ထင်နေခြင်းမျှသာ ဖြစ်၏။ သို့ပါလျက် လူတို့သည် မရှိကို အရှိလုပ်လျက် ပူဆွေးကြ၏၊

ငိုကြွေးကြ၏။ ဤသို့ဖြစ်ရခြင်းမှာ မိမိတို့၏ မသိမိုက်မဲမှုကြောင့်သာ ဖြစ်၏၊ အခြားအကြောင်းမရှိ။ ယင်းတရား (၇) ပါးကို သူအတိုင်းတိုင်း ထားနိုင်ပါက အလိုလို လွတ်မြောက်ပြီးသား ဖြစ်၏။ အစကတည်းက လွတ်မြောက်ပြီးသားဖြစ်၏။ ယခုလည်း လွတ်မြောက်ပြီးသား ဖြစ်၏။ နောင်လည်း လွတ်မြောက်ပြီးသားဖြစ်၏။ ထာဝစဉ် လွတ်မြောက်ပြီးသား ဖြစ်၏။ ပူပင်ကြောင့်ကြရန် ပူဆွေးသောကရောက်ရန် အကြောင်းဘာမျှ မရှိချေ။

ဤတရား (၇) ပါး တို့သည် ပကတိငြိမ်သက်သော ရေပြင်နှင့် တူ၏။ ကြည်လင်၏။ အေးမြ၏။ သို့ရာတွင် လေပြင်းတို့ တိုက်ခတ်သောအခါ ပကတိရေပြင်မှ လှိုင်းတံပိုးတို့သည် ထကုန်၏။ လေပြင်းတို့ မတိုက်ခတ်သောအခါ လှိုင်းတံပိုးတို့ ပျောက်ပျက်၍ ပကတိရေပြင်သည် ငြိမ်သက်မြဲ ငြိမ်သက်၏။ ထိုဥပမာအားတိုင်း လောဘ၊ ဒေါသ၊ မောဟ စသော လေပြင်းတို့ကြောင့်သာ လှိုင်းတံပိုးနှင့်တူသော သောက၊ ပရိဒေဝတို့ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် လောကနှင့် လောကုတ္တရာဆိုသည်မှာ တခုတည်းပင်ဖြစ်၏။ လှိုင်းလေကင်း၍ ငြိမ်သက်သောရေပြင်သဖွယ်ဖြစ်သည့် အဆိုပါဘရား (၇) ပါးတို့သည်ပင် လောကုတ္တရာဖြစ်၏။ လှိုင်းလေဆန်သည့် ရေပြင်သဖွယ်ဖြစ်သည့် ယင်းတရား (၇) ပါးတို့သည်ပင် လောက ဖြစ်၏။

ယင်း တရား (၇) ပါးတို့၏ ငြိမ်သက်ခြင်း "သန္တိ"၊ အကျိုးကို မဖြစ်စေနိုင်ခြင်း "အမြဲ" သဘောကို သိသောသူအား ငြိမ်းချမ်းခြင်း "အမတ" သဘောသည်ဖြစ်၏။ အကယ်၍ ထက်စွာသောလက်နက်ဖြင့် ဦးခေါင်းကို ဖြတ်စေကာမူ ယင်းတရား (၇) ပါးတို့၏ ငြိမ်သက်ခြင်း "သန္တိ"၊အကျိုးကို မဖြစ်စေနိုင်ခြင်း "အမြဲ" သဘောကို သိသောသူအား တဦးတယောက်သည် တဦးတယောက်ကို သတ်သည်မမည်ပဲ လက်နက်သည် တရား (၇) ပါးတို့၏အကြား ဟင်းလင်းပြင်သို့ ကျရောက်သကဲ့သို့ သိမြင်နားလည်ပြီး "အမတ" သဘောကို ခံစားရ၏။

ဤသည်မှာ ပကုဓကစ္စာယန၏ ဝါဒဖြစ်ပါသည်။ ပကုဓကစ္စာယနသည် မိမိ၏ဝါဒဖြင့် အဘာသတ်ကံကြောင့် ဆင်းရဲပင်ပန်းနေသော အဇာတသတ် မင်းကြီးအား ထိုဆင်းရဲပင်ပန်းခြင်းမှ လွတ်မြောက်စေရန် ကြိုးပမ်းခြင်း ဖြစ်ဟန်ရှိပါသည်။ သို့ရာတွင် အဇာတသတ် မင်းကြီးသည် ပကုဓကစ္စာယန မျှော်မှန်းသည့်အတိုင်း ဆင်းရဲပင်ပန်းခြင်းမှ လွတ်မြောက်နိုင်ခြင်း မရှိခဲ့ပါ။ ထို့အပြင် ပကုဓကစ္စာယနသည် သုခနှင့် ဒုက္ခကို သူ၏ အမတ တရား (၇)ပါးဌ ထည့်သွင်း ရေတွက်ထားခြင်းမှာ သုခနှင့် ဒုက္ခကို ဒဂ်ိုးပြား၏ ခေါင်းဘက်နှင့် ပန်းဘက်သဖွယ် အမြဲဒွန်တဲ့နေမှ တန်ဖိုးရှိသည့် သဘောကို ဖော်ဆောင်လိုသောကြောင့် ဖြစ်ဟန်ရှိပါသည်။ တနည်းအား ဖြင့် ဆိုရလျှင် ခေါင်းဘက်ချည်းသာပါသော ဒဂ်ိုးသည်လည်း သုံး၍မရ။ ပန်းဘက်ချည်းသာပါသော ဒဂ်ိုးသည်လည်း သုံး၍မရ။ ခေါင်းဘက်နှင့် ပန်းဘက် (၂) မျိုးစုံ ပါသော ဒဂ်ိုးမှသာ သုံး၍ရသကဲ့သို့ သုခချည်း သက်သက်ရှိသော အမတသည်လည်း မြတ်နိုးစရာ မဟုတ်၊ ဒုက္ခချည်း သက်သက်ရှိသော အမတသည်လည်း မြတ်နိုးစရာမဟုတ်။ သုခနှင့် ဒုက္ခ (၂) မျိုးစုံ ပါသော အမတတရားသည်သာ မြတ်နိုးစရာ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဒုက္ခကိုခံစားဖူးမှ သုခကိုနားလည်ပြီး သုခကို ခံစားဖူးမှ ဒုက္ခကို နားလည်သည်ဟူသော သဘောကို ဖော်ဆောင်လို သောကြောင့် ဖြစ်ဟန်ရှိပါသည်။

ပကုဓကစ္စာယန၏ ဝါဒအရ လောကရှိ သက်ရှိသက်မဲ့အားလုံးကိုခြုံ၍ အုပ်စုဖွဲ့လိုက်လျှင်—

(၁) အရာဝတ္ထုများ (ဝိသေသ)၊
(၂) ယင်းတို့၏ ဂုဏ်များ (ဝိသေသန)၊
(၃) အရာဝတ္ထုနှင့် ဂုဏ်တို့၏ ဆက်သွယ်မှုများ (သမ္ဗန္ဓ)—

တို့ဟူ၍ အုပ်စု သုံးမျိုးသာရှိပါသည်။ ထိုအုပ်စု သုံးမျိုးတွင် အရာဝတ္ထု များသည် အမတတရားများဖြစ်ပြီး ငြိမ်သက်သောရေပြင်နှင့် တူပါသည်။ ဂုဏ်တို့သည် အရာဝတ္ထုများကို တခုတည်းသဘောမှ အမျိုးမျိုးသဘော

သို့ ရောက်စေပြီး မတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်တတ်သောကြောင့် လေ့ပြင်းမုန်တိုင်းနှင့် တူပါသည်။ ဆက်သွယ်မှုမျှားသည် ငြိမ်သက်သော ရေပြင်နှင့် လေပြင်းမုန်တိုင်းတို့ ဆုံမိခြင်းနှင့်တူပါသည်။

ငြိမ်သက်သောရေပြင်ဖြစ်စေရန် လေပြင်းမုန်တိုင်း မခုိဖို့လည်း လိုပါသည်။ ရေပြင်နှင့် လေပြင်းမုန်တိုင်းတို့ မဆက်သွယ်မိဖို့လည်း လိုပါသည်။ လက်ရှိလောကကား လေပြင်းမုန်တိုင်းတို့ကြောင့် လှိုင်းဝဲပိုးများ ထန်နေသော ရေပြင်သာ ဖြစ်ပါသည်။ ငြိမ်သက်နေသော ရေပြင်မဟုတ်ပါ။ လေပြင်းမုန်တိုင်းစဲ၍ လှိုင်းတံပိုးများပျောက်ပျက်သောအခါ ရေပြင်သည် မူလပကတိအဘိုင်း ငြိမ်သက်သွားပေလိမ့်မည်ဟု သိရှိမျှနှင့် ရေပြင်သည် ငြိမ်သက်သွားမည် မဟုတ်ပါ။ လေပြင်းမုန်တိုင်းစဲအောင် လှိုင်းတံပိုးများ ပျောက်ပျက်သွားအောင် လက်တွေ့ကျကျ ဆောင်ရွက်ဖို့လိုပါသည်။ သို့ ထုတ္ထဝ် ပကုဏ္ဏကစ္စာယနသည် လက်တွေ့ကျကျ ဆောင်ရွက်ဖို့ နည်းလမ်းများကို ညွှန်ပြထားခြင်းမရှိပါ။ သို့ဖြစ်၍ ပကုဏ္ဏကစ္စာယနသည် လက်တွေ့ဆေးတိုက်ကျွေးခြင်းမပြုပဲ ဆေးနည်းများကိုသာ ရွတ်ဆို၍ကုသသော ဆေးဆရာနှင့် တူပါသည်။ ဆေးနည်းကိုသိရုံနှင့် ရောဂါသည် ပျောက်ကင်းသွားမည် မဟုတ်ပါ။ ဆေးကို ဖော်စပ်၍မှီဝဲမှသာ ရောဂါသည် ပျောက်ကင်းသွားမည် ဖြစ်ပါသည်။ တနည်းဗာဟုဖြင့် ဆိုရလျှင် ပကုဏ္ဏကစ္စာယန၏ ဝါဒသည် လမ်းစဉ်မရှိသော ပန်းတိုင်ဝါဒ ဖြစ်ပါသည်။ ထို့ကြောင့် ပိဋ္ဌကတ်တော်၌ ပကုဏ္ဏကစ္စာယန၏ ဝါဒကို သီလသိက္ခာနှင့် သမာဓိသိက္ခာကိုကျော်၍ ပညာသိက္ခာကို ညွှန်ပြသည့်ဝါဒ ဖြစ်သောကြောင့် တိတ္ထိယဝါဒအဖြစ် သတ်မှတ်ခြင်းဖြစ်ပါသည်။

(၅) သဉ္ဇယဗေလဋ္ဌပုတ္တ

သဉ္ဇယဗေလဋ္ဌပုတ္တသည် သံသယဝါဒီ သို့မဟုတ် အညာဏဝါဒီ ဖြစ်ပါသည်။ ဗုဒ္ဓပိဋကတ်တော်၌မူ သူ့ကို အမရာဝိက္ခေပဝါဒီအဖြစ် ဖော်ပြထားပါသည်။ အမရာဝိက္ခေပဝါဒီ၏ အနှီးစပ်ဆုံးသော မြန်မာဝေါဟာရမှာ "ဝဲလည်ချောင်ပတ်ဂါဒီ" ဖြစ်ပါသည်။ သူ၏ ဂုဏ်သတင်းနှင့် ပတ်

သက်၍ အဇာတဲသတ်မင်းကြီး၏ အမတ်တယောက်က အဇာတသတ်မင်းကြီးအား ဤသို့ လျှောက်ထားသည်ကို ဒီဃနိကာယ် သာမညဖလသုတ်၌ တွေ့ရပါသည်—

> မင်းမြတ်– ဤသဉ္ဇယဗေလဋ္ဌပုတ္တသည် တပည့် အပေါင်းနှင့်လည်း ပြည့်စုံ၏။ ကိုဏ်းနှင့်လည်း ပြည့်စုံ၏။ ကိုဏ်းဆရာလည်းဖြစ်၏။ ကင်ရှား၏။ ကျော်စော၏။ အယူဝါဒ တိတ္ထင်သူဖြစ်၏။ သူတော်ကောင်းဟု လူအများက သမုတ်ထားသူဖြစ်၏။ ရဟန်းဝါရင့်၏။ ရဟန်းသက်ရှည်၏။ ရွေးမီ၏။ အဆုံးအရွယ်သို့ ရောက်လျက်ရှိ၏။ ထိုသဉ္ဇယဗေလဋ္ဌပုတ္တကို ဆည်းကပ်တော်မူပါ။ သဉ္ဇယဗေလဋ္ဌပုတ္တကို ဆည်းကပ်လျှင် မင်းမြတ်၏စိတ်သည် ကြည်လင်တန်ရာပါ၏။

ဒီဃနိကာယ်သာမညဖလသုတ်အရ သဉ္ဇယဗေလဋ္ဌပုတ္တတို့၏ခေတ်တွင် တွေးခေါ်မြော်မြင်မှုသဘောသည် အလွန်ပင် ခေတ်စားခဲ့ပါသည်။ သဉ္ဇယဗေလဋ္ဌပုတ္တသည် "အမြဲရှိဝါဒ" ၌ သက်ဝင်ယုံကြည်ကြသူ ဥပနိသျှဒ်ပညာရှင်များကိုလည်း ကြုံဖူး၏။ "အမြဲမရှိဝါဒ" ၌ သက်ဝင်ယုံကြည်ကြသူ ဗုဒ္ဓဝါဒီများကိုလည်း တွေ့ဖူး၏။ "အချို့အမြဲရှိ၊ အချို့အမြဲမရှိဝါဒ"၌ သက်ဝင် ယုံကြည်ကြသူ နိဂဏ္ဌနာဋပုတ္တဝါဒီများကိုလည်း တွေ့ဖူး၏။ အဆိုပါ ဝါဒီသုံးဦးတို့သည် မိမိတို့ရှုထောင့်မှ မိမိဝို့၏ဝါဒများကို မှန်ကန်ကြောင်း ဖော်ထုတ်ခဲ့ကြလေရာ သဉ္ဇယဗေလဋ္ဌပုတ္တသည် ယင်းဝါဒ (၃) မျိုးလုံးကို အခြေခံ၍ ယင်းဝါဒ (၃) မျိုးလုံးကို ခွဲငုံမိသော စတုတ္ထဝါဒကို တိတ္ထင်လိုက်ပါသည်။ ထိုအခါ သူ၏ဝါဒမှာ ဤသို့ဖြစ်လာပါသည်—

(က) "အမြဲရှိ" ဟူ၍လည်း မဆိုနိုင်၊
(ခ) "အမြဲမရှိ" ဟူ၍လည်း မဆိုနိုင်၊
(ဂ) "အချို့အမြဲရှိ၊ အချို့အမြဲမရှိ" ဟူ၍လည်း မဆိုနိုင်၊
(ဃ) "ဘာမျှမရှိ" ဟူ၍လည်း မဆိုနိုင်၊
(င) "ဘာမျှမရှိသည်မဟုတ်" ဟူ၍လည်း မဆိုနိုင်။

သဋ္ဌယဗေလဋ္ဌပုတ္တ၏ ဝါဒသည် သူမျှော်မှန်းသည့်အတိုင်း အာဘက်ဘက်မှ ယိုပေါက်မရှိ ပြီးပြည့်စုံသည်မှန်၏။ သို့ရာတွင် ထိုကဲ့သို့ပြီးပြည့်စုံခြင်းမှာ "တက္ကာဝဝစရ" တွေးခေါ် မြော်မြင်မှုဘောင်အတွင်းဌိသာ ပြီးပြည့်စုံခြင်းဖြစ်၏။ အမှန်အားဖြင့် နောက်ဆုံး ပရမတ္ထသစ္စာတရားဟူသည် တွေးခေါ် မြော်မြင်မှုဘောင်၏အလွန်ဌိသာ ရှိ၏။ ထိုအတွင်းဌိ မရှိခဲ့ချေ။ ထိုအတွင်းဌိရှိသည်ဟုထင်လျှင် ထိုအထင်သည် အထင်မှသာဖြစ်၏။ အမှန်မဟုတ်။ အမှန်ဟုဆိုလျှင်လည်း ထိုအမှန်သည် သမ္မုတိသစ္စာ အမှန်မျှသာဖြစ်၏။ ပရမတ္ထသစ္စာ အမှန်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် တက္ကာဝစရအမှန်သည် သူ့ယုတ္တိနှင့် သူမှန်ပြီး ငြင်းခုံ၍မဆုံးနိုင်သော အမျိုးမျိုးသော "အမှန်"များဖြစ်သောကြောင့်ဖြစ်ပါသည်။

လောကီရေးရာအသိဉာဏ်ဟူသမျှတို့သည် လောကဆိုင်ရာ ကန့်သတ်ချက်ဘောင်အတွင်းဌိသာ ကျက်စားနိုင်ကြ၏။ ထိုဘောင်ကို ကျော်လွန်၍ လောကုတ္တရာဆိုင်ရာတရားဓမ္မမျှားဌိ မကျက်စားနိုင်ကြချေ။ လောကုတ္တရာဆိုင်ရာ တရားဓမ္မမျှားဌိ ကျက်စားနိုင်ရန် သူတို့အတွက် "စက္ခုံဉဒပါဒိ" ခေါ် လောကုတ္တရာမျက်စိသည် မဖြစ်ပေါ်သေးချေ။ သူတို့ဌိ ရှိသည့် မျက်စိကား လောကဆိုင်ရာ တရားဓမ္မမျှားဌိသာ ကျက်စားနိုင်သည့် လောကမျက်စိ သာတည်း။ လောကမျက်စိဖြင့် လောကုတ္တရာတရားကို ကြည့်၍ မမြင်။ အကယ်၍ မြင်လျှင်လည်း ထိုအမြင်သည် လောကုတ္တရာတရားမဟုတ်။

အိပ်မက်ဌိဖြစ်ပေါ်သော အသိဉာဏ်သည် အိပ်မက်ဘောင် အတွင်းဌိသာ ကျက်စားနိုင်၏။ အိပ်မက်ဘောင်ကိုကျော်လွန်၍ မကျက်စားနိုင်။ ထို့ကြောင့် အိပ်မက်အသိသည် အိပ်မက်အတွင်းဌိသာ မှန်သည်။ နိုးကြားချိန်ဌိမူ အိပ်မက်အသိသည် အမှားဝင်စစ်သာဖြစ်၏။ ဤဥပမာအရ သဋ္ဌယဗေလဋ္ဌပုတ္တ၏ အသိသည် အိပ်မက်ဒသိမျိုးသာဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် အဝိဇ္ဇာ၏ ညှဉ်အမှောင်တိုက်ဌိ အိပ်ပျော်နေကြသူမျှားသာ ဖြစ်၍ ကျွန်ုပ်တို့၏ဘဝသည် အိပ်မက်သာ ဖြစ်

သောကြောင့်ဖြစ်ပါသည်။ အဝိဇ္ဇာ၏ညွှန်အမှောင်ကို ပယ်ဖျောက်ရန် "အာလောကော ဥဒပါဒိ" ခေါ် လောကုတ္တရာအလင်းရောင် မပေါ်ပေါက်သေးသရွေ့ ကာလပတ်လုံး ကျွန်ုပ်တို့သည် အဝိဇ္ဇာ၏ညွှန်အမှောင်တိုက်၌ အိပ်ပျော်ခြင်းမှ နိုးကြလိမ့်မည်မဟုတ်ပါ။ သို့ပါလျက် သဉ္ဇယ-ဗေလဋ္ဌပုတ္တသည် သူ၏အသိကို လောကုတ္တရာသိဟုမှတ်ယူပြီး သူ၏သံသယဝါဒ သို့မဟုတ် အညာဏဝါဒကို ပြီးပြည့်စုံသောဝါဒအဖြစ် တီထွင်ခဲ့လေသောကြောင့် အဇာတသတ်မင်းကြီးကပင် သဉ္ဇယဗေလဋ္ဌပုတ္တကို "ဤသူကား ဤသမဏဗြာဟ္မဏတို့တွင် ပညာအမဲ့ဆုံးဖြစ်၏။ အတွေ့ဝေဆုံးဖြစ်၏" ဟူ၍ မှတ်ချက်ချခြင်းဖြစ်ပါသည်။

(၄) နိဂဏ္ဌနာဋပုတ္တ

နိဂဏ္ဌနာဋပုတ္တသည် ဗုဒ္ဓရှင်တော်ဘုရားထက် အတန်ငယ် ရှေးကျ၏။ စံလွန်တော်မူသောအခါလည်း ဗုဒ္ဓရှင်တော်ဘုရားထက် အတန်ငယ်ရှေးကျ၏။ နိဂဏ္ဌနာဋပုတ္တ၏ အခြားအမည်များမှာ မဟာဝီရနှင့် ဇိနတို့ဖြစ်၏။ ဇိနကို ယခုခေတ်၌ "ဂျိန်း" ဟူ၍ ခေါ်ကြ၏။ ယင်းဂျိန်းဝါဒသည် ယနေ့တိုင် အိန္ဒိယ၌ ထင်ရှားဆဲဖြစ်၏။ စာပေကျမ်းဂန်များလည်း ထင်ရှားဆဲဖြစ်၏။ ဂျိန်းစာပေများမှာ အဒွမာဂဓီခေါ် ပြာကရစ်ဘာသာဖြင့် ရှိလေသည်။

ဂျိန်းဝါဒီများသည် ပြင်းထန်သောအကျင့်ရှိသူများဖြစ်၏။ သူတို့၏ကျင့်စဉ်၌ "မောက္ခသာဓန" ခေါ် သိက္ခာ (၃)ပါးရှိ၏။ ယင်း သိက္ခာ (၃)ပါးမှာ—

(၁) သမ္မာဒဿန၊

(၂) သမ္မာဉာဏ၊

(၃) သမ္မာစာရိတ္တ—

တို့ဖြစ်သည်။ သူတို့၏ကျင့်စဉ်အရ သမ္မာဒဿနဟူသည် သမ္မာသဒ္ဓါ ပင်ဖြစ်၏။ ဒဿနနှင့် သဒ္ဓါသည် ဂျိန်းစာပေအရ အနက်တူ ပရိယာယ်ပုဒ်ဖြစ်၏။ ယင်းသိက္ခာ (၃)ပါးကို ရတနတ္တယ (ရတနာသုံးပါး) ဟူ၍လည်းခေါ်၏။

သမ္မာစာရိတ္တခေါ် ကိုယ်ကျင့်တရားကောင်းမှုနှင့် ပတ်သက်၍ နိဂဏ္ဌနာဋပုတ္တသည် "ပဉ္စ မဟာဝတ္တ"ခေါ် ဝတ္တရားငါးပါးကို ပြဋ္ဌာန်းထား၏။ ယင်းဝတ္တရား ငါးပါးမှာ—

(၁) အဟိ သာ (မညှဉ်းဆဲခြင်း)၊
(၂) သစ္စာ(မှန်ကန်ခြင်း)၊
(၃) အဆေယျ(မခိုးခြင်း)၊
(၄) ဗြဟ္မစရိယ(မေထုန်မမှီဝဲခြင်း)၊
(၅) အပရိဂ္ဂဟ(မသိမ်းပိုက်ခြင်း)-

တို့ဖြစ်ပါသည်။ ဤ ပဉ္စ မဟာဝတ္တ ကျင့်စဉ်အရ ဂျိန်းဝါဒီများသည် ဒိဂမ္ဗရ(အဝတ်မဝတ်ဂိုဏ်း)နှင့် သေတမ္ဗရ (အဝတ်ဖြူဝတ်ဂိုဏ်း)ဟူ၍(၂) ဂိုဏ်းကွဲသွားခြင်းဖြစ်ပါသည်။ "သိမ်းပိုက်ခြင်းမပြုရ"ဟူသော ကျင့်စဉ်၏ အတိမ်အနက်ကိုလိုက်၍ အချို့က ဒိဂမ္ဗရ (ဒိဂ်=အရပ်မျက်နှာ+အမ္ဗရ=အဝတ်)ဂိုဏ်း ကျင့်စဉ်ကို နှစ်သက်ကြပါသည်။ အချို့က သေတမ္ဗရ (သေတ=အဖြူ+အမ္ဗရ=အာဘ)ဂိုဏ်း ကျင့်စဉ်ကို နှစ်သက်ကြပါသည်။

ဂါဒရေးရာဂိုဏ်းနှင့်ပတ်သက်၍ နိဂဏ္ဌနာဋပုတ္တသည် အိန္ဒိယတွင် တတိယဝါဒဂိုဏ်းကို ကည်ထောင်သူဟု ဆိုကြပါသည်။ ဒဿနပညာရှင် တို့၏ အဆိုအရ အိန္ဒိယတွင် ဒဿနရေသောက်မြစ်ကြီး(၂)ခုရှိခဲ့ပါသည်။ ရေသောက်မြစ်တခုမှာ ဥပနိသျှဒ်ကျမ်းများ၌ တွေ့ရှိရသော "အတ္တဝါဒ" ရေသောက်မြစ်ဖြစ်ပါသည်။ အခြားရေသောက်မြစ်တခုမှာ ဗုဒ္ဓပိဋကတ် ဂေဒ်များ၌ တွေ့ရှိရသော "အနတ္တဝါဒ"ရေသောက်မြစ်ဖြစ်ပါသည်။ ဤ ရေသောက်မြစ်(၂)ခုမှ နောက်ပိုင်းဒဿနကျမ်းများ ထွက်ပေါ်လာခြင်း ဖြစ်သည်ဟု ဆိုကြပါသည်။ သို့ရာတွင် တမူထူးစွာ နိဂဏ္ဌနာဋပုတ္တသည် ဤဝါဒ(၂)ရပ်ကို ဖေါင်းစည်းရန် အားထုတ်ခဲ့ပါသည်။ထို့ကြောင့် သူ၏ ဝါဒကို "အနေကန္တဝါဒ"ဟု ခေါ်ကြခြင်းဖြစ်ပါသည်။အနေကန္တဝါဒအရ နိဂဏ္ဌနာဋပုတ္တသည် အတ္တကိုလည်း လက်ခံသည်။ အနတ္တကိုလည်း

လက်ခံသည်။ ထို့ကြောင့် နိဂဏ္ဌနာဋပုတ္တသည် အိန္ဒိယတွင် ဝါဒရေးရာ အရ တတိယဝါဒဂိုဏ်းကို တည်ထောင်သူဟု ဆိုကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် သူ၏ဝါဒသည် ဒဿနရေသောက်မြစ်အဖြစ်သို့ ရောက်လောက်အောင် ထင်ပေါ်ခြင်းမရှိခဲ့ချေ။

နိဂဏ္ဌနာဋပုတ္တ၏ဝါဒ အရအတ္တမရှိပဲနှင့်အနတ္တဟူ၍မရှိကောင်း၊အနတ္တ မရှိပဲနှင့်လည်းအတ္တဟူ၍မရှိကောင်း၊အမှန်တရားဟူသည် သဘောမျှားစ့ာ ပါဝင်၏။တပြိုင်နက်တည်းပင် အတ္တလည်းဟုတ်၏။အနတ္တလည်း ဟုတ်၏။ တခုတည်းလည်းဟုတ်၏။အမျိုးမျိုးလည်းဟုတ်၏။သာမည်လည်းဟုတ်၏။ ဝိသေသလည်း ဟုတ်၏။ နိစ္စလည်း ဟုတ်၏။ အနိစ္စလည်း ဟုတ်၏။ အရှိ တရားလည်းပဲဟုတ်၏။ အဖြစ်ဓာတ်လည်းဟုတ်၏။ ဤသည်မှာ အတ္တဝါဒ နှင့် အနတ္တဝါဒကို ပေါင်းစည်းရာမှ ထွက်ပေါ်လာသည့် နိဂဏ္ဌနာဋပုတ္တ၏ ဝါဒဖြစ်ပါသည်။ နိဂဏ္ဌနာဋပုတ္တ၏ ပေါင်းစည်းနည်းမှာ သမဝါယသမ္မန္ဓ ခေါ် တသားတည်းဖြစ်ခြင်းအာဝင်ပေါင်းစည်းနည်းမဟုတ်ပဲ သံယောဂသမ္မန္ဓ ခေါ် စုပြုံရောနှောရှိ ပေါင်းစည်းနည်း ဖြစ်ပါသည်။ သူ၏ ပေါင်းစည်း နည်းကို "သတ္တဘင်္ဂီနယ"ဟူ၍လည်း ခေါ်ကြပါသည်။ သတ္တဘင်္ဂီနယ ဆိုသည်မှာ သဒ္ဒဘာ သို့မဟုတ် ရူပဇောင့်(၇)မျိုးပါဝင်သောပေါင်းစည်း နည်းဟု ဆိုလိုပါသည်။

နိဂဏ္ဌနာဋပုတ္တ၏ဝါဒ၌ စာရိတ္တရေးရာနှင့်ပတ်သက်၍ ကောင်းသော အချက်များပါဝင်ပါ၏။ သို့ရာတွင် သူ၏ဝါဒသည် အတ္တကိုအဓိကထား၍ တည်ဆောက်ထားသည့် ဝါဒ ဖြစ်သောကြောင့် ပိဋကတ်တော်၌ သူ၏ ဝါဒကို "တိတ္ထိယ ဝါဒ" သို့မဟုတ် "မိစ္ဆာဒိဋ္ဌိဝါဒ"ဟူ၍ သတ်မှတ်ခြင်း ဖြစ်ပါသည်။

ထိုခေတ်တွင် ဝါဒရေးရာကိုးကွဲများနှင့်ပတ်သက်၍ ပဓာနအားဖြင့် ကိုးကြိမ်း(၂)ခုရှိပါသည်။ တကိုးမှာ "ပြာဟ္မဏ"ကိုးဖြစ်၍ အခြား တကိုးမှာ "သမဏ"ကိုးဖြစ်ပါသည်။ ပြာဟ္မဏကိုးသည် ဖန်ဆင်းရှင် ဗြဟ္မာကို ယုံကြည်ပါသည်။ သမဏကိုးသည် ဖန်ဆင်းရှင်ဗြဟ္မာကို မယုံ

ကြည်ပါ။ တိတ္ထိယများသည် ဖန်ဆင်းရှင် ဗြဟ္မာကို မယုံကြည်သူများဖြစ်ကြသဖြင့် ဝါဒရေးရာနှင့်ပတ်သက်၍ သမဏကိုဏ်း၌ ပါဝင်သူများဖြစ်ကြပါသည်။ ဗြဟ္မာကို ယုံကြည်ကြသော ဗြာဟ္မဏကိုဏ်းဝင်များသည်ပင် နောက်ပိုင်း၌ ဗြဟ္မာနှင့် အတ္တကို တဦးတည်းအဖြစ် ပြောင်းလဲသတ်မှတ်လိုက်သဖြင့် ဗြဟ္မာကို သီးခြားအဖြစ် မယုံကြည်ရာရောက်၍ သမဏနှင့် ဗြာဟ္မဏဟူသော ဝေါဟာရ(၂)ခုသည် အနက်တူသဘောကိုဆောင်ခဲ့ကြပါသည်။ သို့ရာတွင် မည်သို့ဆိုစေ တိတ္ထိယတို့သည် "တပ" အကျင့်ဖြင့် "မောက္ခ"ကို ရရန် အားထုတ်ကြသော ပုဂ္ဂိုလ်များဖြစ်ကြောင်း ထို ခေတ်က ယုံကြည်ခြင်းကို ခံရသူများဖြစ်ကြပါသည်။

❖❖❖❖❖❖❖

အဓိဋ္ဌာန်း (၃)

ဗုဒ္ဓဓေတ် ကိုးကွယ်ယုံကြည်မှုများ

အခန်း (၆)

ဝိပဿနာ

စစ်မှန်သော ချမ်းသာသုခ

လူတို့သည် မိမိတို့၏သဘာဝအားဖြင့် စစ်မှန်သော ချမ်းသာသုခကို လိုလားကြ၏။ ဗုဒ္ဓဓေတ်နှင့် ဗြာဟ္မဏဓေတ်တွင် စစ်မှန်သော ချမ်းသာသုခကို—

(၁) အသက်ရှည်ခြင်း၊

(၂) လွတ်လပ်စွာ ပျော်ရွှင်ချမ်းမြေ့ခြင်း၊

(၃) စည်းစိမ်ဥစ္စာ ပြည့်စုံခြင်း ဟူ၍—

အနက်အဓိပ္ပါယ် ဖွင့်ဆိုသတ်မှတ်ပြီး ထိုစစ်မှန်သော ချမ်းသာသုခကို ရရှိစေရန် ယင်ပူဇော်မှုကို ပြုခဲ့ကြ၏။ ယင်ပူဇော်မှုသည် စစ်မှန်သော ချမ်းသာသုခကို ရရှိကြောင်းအကျင့်ဟူ၍ ယုံကြည်ကြ၏။ ယုံကြည်သည့်အတိုင်းလည်း ဗုဒ္ဓဓေတ်နှင့် ဗြာဟ္မဏဓေတ် လူတို့သည် ယင်ပူဇော်မှုအကျင့်ကို ကျင့်ခဲ့ကြပါသည်။

ယင်ပူဇော်မှုအကျင့်ကို မည်သို့ပင်ကျင့်ကြစေကာမူ ဗုဒ္ဓဓေတ်နှင့် ဗြဟ္မာဏဓေတ်လူတို့သည် စစ်မှန်သောချမ်းသာသုခကို မရရှိခဲ့ကြခေ။ အသက်ရှည်သင့်သလောက် ရှည်ကြပါ၏။ သို့ရာတွင် သူတို့

မျှော်မှန်းသလောက် မရှည်ကြချေ။ လွတ်လပ်စွာ ပျော်ရွှင်ချမ်း မြေ့သင့်သလောက် ပျော်ရွှင်ချမ်းမြေ့ကြပါ၏။ သို့ရာတွင် သူတို့ မျှော်မှန်းသလောက် မပျော်ရွှင်ကြချေ။ စည်းစိမ်ဥစ္စာ ပြည့်စုံသင့် သလောက် ပြည့်စုံကြပါ၏။ သို့ရာတွင် သူတို့မျှော်မှန်းသလောက် မပြည့်စုံကြချေ။ ထိုအခါ သူတို့သည် စစ်မှန်သောချမ်းသာသုခ၏ အနက်အဓိပ္ပါယ်ကို တမျိုးပြင်ဆင်၍ ဖွင့်ဆိုကြ၏။ လမ်းစဉ်ကို တမျိုးပြင်ဆင်၍ သတ်မှတ်ကြ၏။ မူလ ဖွင့်ဆိုခဲ့သည့် အနက် အဓိပ္ပါယ်နှင့် လမ်းစဉ်ကို အမှား (**အဝိဇ္ဇာ**) ဟု ထုတ်ဖော်ကြ၏။ သူတို့ပြင်ဆင်ဖွင့်ဆိုသည့် "စစ်မှန်သော ချမ်းသာသုခ" တွင် လွတ် မြောက်ခြင်း (**မောက္ခ**)၊ မသေခြင်း (**အမတ**)၊ အားကိုးရာဖြစ် ခြင်း (**သရဏ**)တို့ ပါဝင်ပါသည်။ ပြင်ဆင်သတ်မှတ်သည့် လမ်းစဉ် မှာလည်း ယင်ပူဇော်မှု (ကမ္မလမ်းစဉ်) မဟုတ်ပဲ တရားဘာဝနာ အားထုတ်မှု (ဉာဏလမ်းစဉ်) ဖြစ်ပါသည်။ ယင်းသို့ အာဘက်ဘက်မှ ပြင်ဆင်လိုက်ခြင်းကို အမှန် (**ဝိဇ္ဇာ**) ဟု ထုတ်ဖော်ခဲ့ကြပါသည်။ ဤခေတ်ကို အာရည်ကခေတ်နှင့် ဥပနိဿဒ်ခေတ်ဟု ခေါ်ပါသည်။

အာရည်ကခေတ်နှင့် ဥပနိဿဒ်ခေတ်တွင် လောကကို အဝိဇ္ဇာဟု သတ်မှတ်ပြီး လောကမှ လွတ်မြောက်ရေးအတွက် အဝိဇ္ဇာကို ပယ် သတ်ရန် တရားဘာဝနာကို အားထုတ်ခြင်းဖြစ်ပါသည်။ စစ်မှန် သော ချမ်းသာသုခကို ဖြဟ္မာ သို့မဟုတ် **အတ္တ** ဟူ၍ အရကောက်ခဲ့ ပါသည်။ သို့ရာတွင် အာရည်ကခေတ်နှင့် ဥပနိဿဒ်ခေတ် ပညာ ရှင်တို့ မျှော်မှန်းသည့်အတိုင်း လွတ်မြောက်ခြင်း(မောက္ခ)၊ မသေ ခြင်း (အမတ)၊အားကိုးရာဖြစ်ခြင်း (သရဏ)တို့ ပါဝင်သည့် စစ်မှန်

သောချမ်းသာသုခကို မရရှိခဲ့ချေ။ အလှန်ဆုံးရရှိခဲ့သည့် ချမ်းသာသုခကား စျာန်သမာပတ်ချမ်းသာသာ ဖြစ်လေသည်။ ဤသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းကို စိစစ်လိုက်သောအခါ တဏှာကို မပယ်သတ်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း တွေ့ရှိရလေသည်။ ထို့ကြောင့် စစ်မှန်သော ချမ်းသာသုခကို ရရှိရေးအတွက် တဏှာကို ပယ်သတ်နိုင်ရန် ထိုခေတ်လူတို့သည် "တပ" ခေါ် ပြင်းထန်သောကျင့်စဉ်မျိုးကို ပြောင်းလဲ၍ ကျင့်ခဲ့ကြပါသည်။ ဘုရားအလောင်းတော်သည်ပင် ထိုခေတ်က ခေတ်စားခဲ့သည့် "တပ" ကျင့်စဉ်၏ဝဲဂယက်၌ (၆)နှစ် တိုင်တိုင် လည်ခဲ့ရပါသည်။ ဤတပကျင့်စဉ် ခေတ်စားသောကာလကို **တိတ္ထိယခေတ်**ဟု သတ်မှတ်ပါသည်။ တိတ္ထိယခေတ်ပညာရှင်တို့သည် ဗြဟ္မဇာလသုတ်လာ (၆၂)ပါးသော အယူဝါဒတို့တွင် တမျိုးမျိုး၌ သက်ဝင်ယုံကြည်ပြီး အတ္တဝါဒကို အခြေခံကြ၏။ ဗြဟ္မာကို အခြေမခံကြချေ။ အာရုညကခေတ်နှင့် ဥပနိသျှင်ခေတ်တွင် ဗြဟ္မာနှင့်အတ္တကို အတူတူဟု သတ်မှတ်၍ တိတ္ထိယခေတ်တွင်မူ ဗြဟ္မာနှင့်အတ္တကို သီးခြားစီသတ်မှတ်ပါသည်။

ဘုရားအလောင်းတော်သည် မိမိကိုယ်တိုင် (၆)နှစ်တို့ကာလပတ်လုံး ထိုခေတ်က ခေတ်စားသော "တပ"ကျင့်စဉ်များကို အပြင်းထန်ဆုံးကျင့်ခဲ့၏။ သူမတူအောင် ကျင့်ခဲ့၏။ သို့ရာတွင် သူရှာဖွေနေသော လွတ်မြောက်ခြင်း (မောက္ခ)၊ မသေခြင်း (အမတ)၊ အားကိုးရာဖြစ်ခြင်း (သရဏ)သဘောတို့ ပါဝင်သော စစ်မှန်သော ချမ်းသာ (သန္တိသုခ)ကို မြင်နိုင်သော မျက်စိမဖြစ်ပေါ်သေးသောကြောင့် မမြင်ခဲ့။ သိနိုင်သောဉာဏ် မဖြစ်ပေါ်သေးသောကြောင့် မသိခဲ့။ တွေ့ကြုံနိုင်သောပညာ မဖြစ်ပေါ်သေးသောကြောင့် မတွေ့ကြုံခဲ့။ မျက်မှောက်ပြုနိုင်သော ဝိဇ္ဇာမဖြစ်ပေါ်သေးသောကြောင့်

မျက်မှောက် မပြုခဲ့။ လောကကိုကျော်၍ လင်းနိုင်သော အလင်းရောင် မဖြစ်ပေါ်သေးသောကြောင့် လောကုတ္တရာကို အကောင်အထည် မဖော်နိုင်ခဲ့။ ထိုအခါ ဘုရားအလောင်းတော်သည် "တပ" ကျင့်စဉ်ကို ပယ်စွန့်၍ မဇ္ဈိမပဋိပဒါကျင့်စဉ်ကို ပြောင်းလဲကျင့်သုံးခဲ့ပါသည်။ ဝိပဿနာသဘောကို ဖော်ထုတ်ခဲ့ပါသည်။ လောကကို ဝိပဿနာအမြင်ဖြင့် ကြည့်ခဲ့ပါသည်။ ဝိပဿနာအမြင်ဖြင့် ကြည့်သောအခါ ဒုက္ခသဘောကို တွေ့ခဲ့ပါသည်။ ထိုအခါမှသာ စစ်မှန်သော ချမ်းသာ (သန္တိသုခ)ကို မြင်ခဲ့ပါသည်။ သိခဲ့ပါသည်။ တွေ့ကြုံခဲ့ပါသည်။ မျက်မှောက်ပြုခဲ့ပါသည်။ အကောင်အထည် ဖော်ခဲ့ပါသည်။

ထိုအခါ ဘုရားအလောင်းတော်သည် သဗ္ဗညုတဉာဏ်ရှင် ဘုရားစင်စစ်အဖြစ်သို့ ရောက်တော်မူပြီး စစ်မှန်သော ချမ်းသာသုခကို **နိရောဓသစ္စာ**အဖြစ် လည်းကောင်း၊ နိရောဓသစ္စာသို့ရောက်ရာ ကျင့်စဉ် ၈ ပွါးမဇ္ဈိမပဋိပဒါကို **မဂ္ဂသစ္စာ**အဖြစ်လည်းကောင်း၊ လောကကို **ဒုက္ခသစ္စာ**အဖြစ်လည်းကောင်း၊ လောက၏ အကြောင်းရင်း တဏှာကို **သမုဒယသစ္စာ**အဖြစ်လည်းကောင်း ထုတ်ဖော်ဟောကြားတော်မူခဲ့ပါသည်။ ဤအချိန်မှစ၍ ဗုဒ္ဓဝါဒသည် လောကသုံးပါးခွင် ဖေါ်ထွန်းခဲ့ပါသည်။ ဗောဓိပက္ခိယတရား (၃၇) ပါးတို့သည် ထင်ရှားလာကြပါသည်။ ဤတရားများကြောင့် တသောင်းသောလောကဓာတ်သည် တုန်လှုပ်ခဲ့ပါသည်။ ပြင်းစွာ တုန်လှုပ်ခဲ့ပါသည်။ ထိုမှ ဤမှ တုန်လှုပ်ခဲ့ပါသည်။ လောကသုံးပါးခွင် အနှံ့အပြား၊ အတုမဲ့ မြင့်မြတ်သော ဓမ္မရောင်ခြည်သည် ထင်ရှားစွာ ပေါ်လာခဲ့ပါသည်။ ထိုဓမ္မရောင်ခြည်ကား အနတ္တဓမ္မရောင်ခြည်ဖြစ်ပါသည်။

ကျင့်စဉ်များ

မြတ်စွာဘုရားသည် သူ၏ကျင့်စဉ်ကို "မဇ္ဈိမပဋိပဒါ"ဟု ထုတ်ဖော်ဟောကြားတော်မူခဲ့ပါသည်။ တပည့်သာဝကတို့အား စစ်မှန်သောသန္တိသုခကို ရရှိနိုင်စေရေးအတွက် မဇ္ဈိမပဋိပဒါကျင့်စဉ်ကို ကျင့်စေခဲ့ပါသည်။ မဇ္ဈိမပဋိပဒါကျင့်စဉ်သည် မြတ်စွာဘုရားတော်ရှိခဲ့သော် ကျင့်စဉ် ဖြစ်ပါသည်။ ထိုကျင့်စဉ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိမြင်၍ သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ မဇ္ဈိမပဋိပဒါကျင့်စဉ် မတိုင်မီက အစဉ်နှုန်းရောက်ကျင့်စဉ် (၂)မျိုး ရှိခဲ့ပါသည်။ ထိုကျင့်စဉ် (၂)မျိုးမှာ ကာမသုခလွတ်ကျင့်စဉ်နှင့် အတ္တကိလမထကျင့်စဉ်တို့ ဖြစ်ပါသည်။

ကာမသုခလွတ်ကျင့်စဉ်

ကာမသုခလွတ် ကျင့်စဉ် ဟူသည်မှာ [ကာမသုခ= ရလိုသောချမ်းသာ+အလွတ် =တမ်းတမ်းစွဲ] ရလိုသော ချမ်းသာသုခကို မရမနေ တမ်းတမ်းစွဲကျင့်သည့် ကျင့်စဉ် ဖြစ်ပါသည်။ ဤ ကျင့်စဉ်သည် ဝေဒခေတ်၊ ဗြာဟ္မဏခေတ် ၊အာရညကခေတ်နှင့် ဥပနိသဒ်ခေတ်တို့၌ ခေတ်စားခဲ့သည့် ကျင့်စဉ် ဖြစ်ပါသည်။ မြတ်စွာဘုရားအလောင်းတော်သည်လည်း အာဠာရနှင့် ဥဒကရဿေဘို့ထံ၌ ဤကျင့်စဉ်ကို ကျင့်ဖူးပါသည်။ ကာမသုခလွတ်ကျင့်စဉ်ကား လောကဲစည်းစိမ်ချမ်းသာသုခကို ရှာရာ၌ ယနေ့ ရိုးရိုးလူသားတို့ကျင့်သုံးသည့် ကျင့်စဉ်ပင် ဖြစ်ပါသည်။ အရပ်သူ အရပ်သားတို့၏ သမားရိုးကျ ကျင့်စဉ် ဖြစ်ပါသည်။ တရားအားထုတ်သူတို့၏ ထူးမြတ်သော ကျင့်စဉ် မဟုတ်ပါ။

ကာမသုခလွတ်ကျင့်စဉ်၏ အကျဉ်းချုပ်မှာ "ရယူရေး" ကျင့်စဉ် ဖြစ်ပါသည်။ ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်တို့၌ လူတို့သည် မိမိတို့

ရလိုသော ချမ်းသာသုခကို ရရှိနိုင်ရေးအတွက် နတ်ဒေဝါများအား အမျိုးမျိုးပူဇော်ကြပါသည်။ ပသကြပါသည်။ နတ်ဒေဝါများအား ပူဇော်ခြင်း၊ ပသခြင်းဖြင့် မိမိတို့ရလိုသော ချမ်းသာသုခကို နတ် ဒေဝါများက မိမိတို့အား ချီးမြှင့်လိမ့်မည်ဟု ယုံကြည်ကြပါသည်။ သို့ရာဘုန် ထိုယုံကြည်ချက်အတိုင်း မိမိတို့ရလိုသော ချမ်းသာသုခကို နတ်ဒေဝါများထံမှ မရရှိသောအခါ ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ် လူတို့သည် ပူဇော်နည်းကို တမျိုးပြောင်းလိုက်ပါသည်။

ဝေဒခေတ်နှင့် ဗြာဟ္မဏခေတ်တို့တွင် ရလိုသောချမ်းသာသုခကို ရရှိနိုင်ရေးအတွက် ကျင့်စဉ်မှာ ကုန်သွယ်မှုသဘောမျိုး သက်ဝင်ပါသည်။ လူတို့က မှန်မြတ်သော ပစ္စည်းဝတ္ထုများဖြင့် နတ်ဒေဝါများအား ပူဇော်ပသမည်။ နတ်ဒေဝါများကလည်း လူတို့အား သူတို့တောင့်တသော ချမ်းသာသုခကို ပြန်လည်ချီးမြှင့်မည်။ သို့ဖြစ်၍ ဝေဒခေတ်နှင့်ဗြာဟ္မဏခေတ်ကျင့်စဉ်သည် "ဘာသာရေးကုန်သွယ်မှု" သဘော သက်ရောက်သောကျင့်စဉ် ဖြစ်ပါသည်။

ဝေဒခေတ်နှင့်ဗြာဟ္မဏခေတ်တို၌ ခေတ်စားသော "ဘာသာရေးကုန်သွယ်မှု" ကျင့်စဉ်ကို အာရဏကခေတ်နှင့် ဥပနိသျဒ်ခေတ်တို့တွင် တမျိုးတမည် ပြောင်းလိုက်ပါသည်။ နတ်ဒေဝါများအား မှန်မြတ်သော ပစ္စည်းဝတ္ထုများဖြင့် ပူဇော်ခြင်း၊ ပသခြင်းတို့ကို မပြုလုပ်တော့ပဲ တရားအားထုတ်ခြင်းကို ပြုလုပ်လာကြပါသည်။ ထိုခေတ် တရားအားထုတ်နည်းမှာ နတ်ဒေဝါများကို အာရုံပြုခြင်းဖြစ်ပါသည်။ ဤနေရာ၌ နတ်ဒေဝါများဆိုသည်မှာ ဗြဟ္မာဖြစ်ပါသည်။ အာရဏကခေတ်နှင့် ဥပနိသျဒ်ခေတ်တို့တွင် နတ်ဒေဝါများနေရာ၌ ဗြဟ္မာကို အစားသွင်းလာပါသည်။ နတ်ဒေဝါများကို ပစ္စည်းဝတ္ထုများဖြင့်

ပူဇော်ခြင်းအစား ဗြဟ္မာကို မြင်အောင် အာရုံပြုလာပါသည်။ စိတ်ဖြင့် အဖန်ဖန်အောက်မေ့လာပါသည်။ ဗြဟ္မာကို မြင်အောင် အာရုံပြုခြင်း၊ ဗြဟ္မာကို အဖန်ဖန်အောက်မေ့ခြင်းသည် အာရုံကခေတ်နှင့် ဥပနိဿဒ်ခေတ်တို့၏ တရားအားထုတ်နည်းဖြစ်ပါသည်။ထိုတရားအားထုတ်နည်းဖြင့် တရားအားထုတ်၍ ဗြဟ္မာကို မြင်လာလျှင် တရားအားထုတ်သူကိုယ်တိုင် ဗြဟ္မာဖြစ်သွားပြီး ရသိုသော ချမ်းသာသုခကို ရရှိသည်ဟု ဆိုပါသည်။

ထိုခေတ်တွင် အဝိဇ္ဇာသဘောကို သိကြပါသည်။ လောကကိုရှုမြင်သုံးသပ်ရာ၌ လူတို့သိသော အသိတရားသည် မှန်ကန်သောအသိ (ဝိဇ္ဇာသိ) မဟုတ်။ မှားသောအသိ (အဝိဇ္ဇာသိ)သာ ဖြစ်ပါသည်။ အမှန်တရားဟူသည်မှာလည်း လူတို့ တွေ့ကြုံနေကြသည့် သက်ရှိသက်မဲ့ အရာဝတ္ထုမျှားမဟုတ်။ ယင်း သက်ရှိသက်မဲ့ အရာဝတ္ထုမျှားသည် အမြဲတစေ ဖြစ်၊ ပျက်၊ ပြုပြင်ပြောင်းလဲနေကြပါသည်။ ထို့ကြောင့် ယင်းတို့သည် နောက်ဆုံး အမှန်တရားမဟုတ်။ နောက်ဆုံးအမှန်တရားဟူသည် ဖြစ်၊ ပျက်၊ ပြုပြင်ပြောင်းလဲခြင်းမရှိပဲ အမြဲထာဝစဉ် တသမတ်တည်း တည်ရှိသည့်သဘောသာ ဖြစ်ပါသည်။ သို့ရာတွင် ယင်း နောက်ဆုံးအမှန်တရားကို လူတို့မသိကြ။ လူတို့ မသိကြသော်လည်း နောက်ဆုံး အမှန်တရားကား ရှိသည်သာ ဖြစ်ပါသည်။ နောက်ဆုံး အမှန်တရားကို ထိုခေတ်ဝေါဟာရဖြင့် "ဗြဟ္မာ" ဟူ၍ ခေါ်ပါသည်။ ဗြဟ္မာခေါ် နောက်ဆုံး အမှန်တရားသည် နေရာတိုင်းမှာ ရှိပါသည်။ ကာလတိုင်းမှာ ရှိပါသည်။ ထို့ကြောင့် ယင်း အမှန်တရားသည် နေရာဒေသဘောင်ကို လွှန်သဖြင့် **ဒေသဝိမုတ္တ** (ဒေသလွှတ်)လည်းဖြစ်ပါသည်။ ကာလဘောင်ကိုလွှန်သဖြင့် **ကာလ ဝိမုတ္တ** (ကာလလွှတ်)လည်းဖြစ်ပါသည်။ဒေသလွှတ်ဆိုသည်မှာ နေရာ

ဒေသတို့ဖြင့် ကန့်သတ်၍မရပဲ အလုံးစုံတို့၌ တသားတည်း တသမတ်တည်း တည်ရှိသည့်သဘော ဖြစ်ပါသည်။ ကာလလွှတ် ဆိုသည်မှာ ဖြစ်၊ ပျက်၊ ပြုပြင်ပြောင်းလဲခြင်းမရှိပဲ အမြဲထာဝစဉ် တည်ရှိသည့် သဘောဖြစ်ပါသည်။ ယင်းသဘောသည် ဗြဟ္မာဖြစ်ပါသည်။ တရားကိုယ်အားဖြင့်ဆိုရလျှင် သက်ရှိသက်မဲ့ အားလုံးတို့သည်ပင် ဗြဟ္မာဖြစ်ပါသည်။

သို့ပါလျက် လူတို့သည် ဗြဟ္မာကို ဗြဟ္မာအဖြစ်မမြင်၊ ဗြဟ္မာအဖြစ်မသိ၊ဗြဟ္မာကို လောကအဖြစ်သာမြင်သည်။ လောကအဖြစ်သာသိသည်။ မှုန်ဝါးဝါးအလင်းဆောင်၌ ကြိုးကို မြွေထင်သည့် သဘောမျိုးဖြစ်ပါသည်။ ထို့ကြောင့် လူတို့သိသော လောကသိမှုန်သမျှသည် မှားသောအသိ (အဝိဇ္ဇာသဲ)သာ ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကြိုးကို ကြိုးအဖြစ်မမြင်ပဲ မြွေအဖြစ်မြင်သကဲ့သို့ ဗြဟ္မာကို ဗြဟ္မာအဖြစ်မမြင်ပဲ လောကအဖြစ် မြင်နေသမျှ ကာလပတ်လုံး ယင်းအသိအားလုံးသည် မှားသောအသိသာဖြစ်ပြီး မှန်သောအသိမဖြစ်ကောင်းသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် မှန်သောအသိ (ဝိဇ္ဇာသဲ)ဖြစ်စေရန် ဗြဟ္မာကို လောကဒေဖြစ်မမြင်ပဲ ဗြဟ္မာအဖြစ်မြင်ရန် လိုအပ်ပါသည်။ ဗြဟ္မာကို ဗြဟ္မာအဖြစ်မြင်ရန် ဗြဟ္မဉာဏ်ကို ရဖို့လိုအပ်ပါသည်။ သို့မှသာ မှန်သောအသိ(ဝိဇ္ဇာသိ) ဖြစ်ပါမည်။ ဤသို့လျှင် ထိုခေတ်ပညာရှင်များသည် အဝိဇ္ဇာသဘောကို သိကြပါသည်။ ထို့၏ဆန့်ကျင်ဘက်ဝိဇ္ဇာသဘောကို သိကြပါသည်။ အဝိဇ္ဇာပျောက်၍ ဝိဇ္ဇာရောက်ရန် ရိုးရိုးစာပေသိ၊ ဆင်ခြင်သိတို့ဖြင့် မကတ်ကောင်းပဲ တရားဘာဝနာ အားထုတ်ခြင်းဖြင့်သာ တတ်ကောင်းကြောင်း သိမြင်ကြပါသည်။ သိမြင်သည့်အလျောက်လည်း တရားဘာဝနာကို အားထုတ်ကြပါသည်။

ကာမသုခလွှိကကျင့်စဉ်၏ ဟရုးဘာဝနာ အားထုတ်နည်းကား အရာရာတိုင်းကို ဗြဟ္မာအဖြစ်မြင်နိုင်ရေးအတွက် ဗြဟ္မဉာဏ်ကို ရရှိရန် အားထုတ်ခြင်းပင် ဖြစ်ပါသည်။ အမှန်အားဖြင့် အရာရာတိုင်းသည် အမှန်တရားမဟုတ်၊ အမှားတရားသာဖြစ်သည်။ အမှန်တရားသည် အမျိုးမျိုးမရှိ၊ တခုတည်းသာရှိသည်။ အရာရာတိုင်း၏နောက်ကွယ်၌ တခုတည်းသဘောရှိသည်။ အမှားတရား၏ နောက်ကွယ်၌ အမှန်တရားရှိသည်။ အမှန်တရားသဘော၊ တခုတည်းသဘောကို ထွင်းဖောက်၍ သိရန်လိုသည်။ ထွင်းဖောက်၍ သိနိုင်ရေးအတွက် ထိုခေတ် ပညာရှင်တို့သည် မိမိတို့တွေ့ကြုံသိရှိကြသော အရာရာတိုင်းကို ပင် ဗြဟ္မာအဖြစ်အာရုံယူကြသည်။ နွားကိုမြင်လျှင်လည်း နွားအဖြစ် ကိုကျော်လွန်၍ ဗြဟ္မာအဖြစ်အာရုံပြုသည်။သစ်ပင်ကိုမြင်လျှင်လည်း သစ်ပင်အဖြစ်ကို ကျော်လွန်၍ ဗြဟ္မာအဖြစ်အာရုံပြုသည်။ ဤနည်း အားဖြင့် အရာရာတိုင်းကိုမြင်လျှင် ယင်းတို့၏အရာရာတိုင်းသဘောကို ကျော်လွန်၍ ယင်းတို့၏နောက်ကွယ်ရှိ တခုတည်းအဖြစ် သို့မဟုတ် ဗြဟ္မာအဖြစ် အာရုံပြုသည်။ ဤသည်မှာ ထိုခေတ် တရားဘာဝနာ အားထုတ်နည်းဖြစ်ပါသည်။

ဤတရားဘာဝနာအားထုတ်နည်းအရ အားထုတ်၍ ထိုခေတ် ပညာရှင်တို့သည် အထိုက်အလျောက် ဗြဟ္မဉာဏ်ကို ရခဲ့ကြပါသည်။ သို့ရာတွင် သူတို့ရသော ဗြဟ္မဉာဏ်ကား သူတို့မျှော်မှန်းထားသည့် အတိုင်း အဝိဇ္ဇာကို မြစ်ပြတ်ပယ်နိုင်သော လောကုတ္တရာဝိဇ္ဇာဉာဏ် မဟုတ်။အဝိဇ္ဇာကို ယာယီအခိုက်အတန့်အားဖြင့် ခွါနိုင်သော **လောကီ** **စျာန် ဝိဇ္ဇာဉာဏ်**သာဖြစ်ပါသည်။ သို့ဖြစ်၍သာ ထိုခေတ် ပညာရှင် တို့သည် သူတို့မျှော်မှန်းထားသည့် လောကမှ လွတ်မြောက်ခြင်း "မောက္ခ"၊ မသေခြင်း "အမတ"၊ ကိုးကွယ်ရာဖြစ်ခြင်း "သရဏ" တို့ကို

မျှော်မှန်းထားသည့်အတိုင်း မရရှိခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ဤကျင့်စဉ်ကို မြတ်စွာဘုရားအလောင်းတော်သည် မှားယွင်းသောကျင့်စဉ် (အစွန်းရောက်ကျင့်စဉ်) အဖြစ် ပစ်ပယ်ခဲ့ခြင်းဖြစ်ပါသည်။

ကာမသုခလွတ်ကျင့်စဉ်၏သဘောကို အကျဉ်းချုပ်၍ ဆိုရလျှင် ယင်းကျင့်စဉ်သည် ဘဝနှင့်ပတ်ဝန်းကျင်တွင် ပတ်ဝန်းကျင်ကို အလေးထားသော ကျင့်စဉ်ဖြစ်ပါသည်။ အာရမ္မဏ်ကနှင့်အာရုံတွင် အာရုံပိုင်းကို လေးထားသော ကျင့်စဉ်ဖြစ်ပါသည်။ အဇ္ဈတ္တနှင့်ဗဟိဒ္ဓတွင် ဗဟိဒ္ဓကို အလေးထားသော ကျင့်စဉ်ဖြစ်ပါသည်။ ကတ္တားနှင့် ကမ္မတွင် ကမ္မကို အလေးထားသော ကျင့်စဉ်ဖြစ်ပါသည်။ ပဝတ္တနှင့် နိမိတ္တတွင် နိမိတ္တကိုအလေးထားသော ကျင့်စဉ်ဖြစ်ပါသည်။ တဏှာနှင့်အဝိဇ္ဇာတွင် အဝိဇ္ဇာကို အလေးထားသော ကျင့်စဉ်ဖြစ်ပါသည်။ စွန့်လွှတ်ရေးနှင့် ရယူရေးတွင် ရယူရေးကို အလေးထားသော ကျင့်စဉ်ဖြစ်ပါသည်။

မဇ္ဈိမပဋိပ ၏ သဘောမှာ အစွန်းနှစ်ဘက်မှ လွှတ်မြောက်ခြင်း (ဥဘတောဝုဋ္ဌာန) ဖြစ်ပါသည်။ ဤအမြင်အရ အထက်ဖော်ပြပါ အစုံတဏှား (၂)ပါးတို့မှာ အချင်းချင်း ဆန့်ကျင်သည့် အစုံတရားများဖြစ်ပါသည်။ ထို့ကြောင့်ယင်းအစုံတရားများကို အစွန်းတရားများဟူ၍ ဆိုအပ်ပါသည်။ အစွန်းတရားနှစ်မျိုးအနက် တမျိုးမျိုးမှ လွှတ်မြောက်ရုံမျှနှင့် ယင်းလွှတ်မြောက်ခြင်းကို မဇ္ဈိမပဋိပဒါအရ အဆုံးစွန်မှန်ကန်သည့် ကျင့်စဉ်အဖြစ် သတ်မှတ်မည်မဟုတ်ပဲ အစွန်းရောက်ကျင့်စဉ်အဖြစ်သာ သတ်မှတ်မည်ဖြစ်ပါသည်။ ဤကာမသုခလွတ်ကျင့်စဉ်အရ လောကဒုက္ခအပေါင်းမှ လွှတ်မြောက်ရေးအတွက် ကျင့်သုံးရာ၌ အကယ်၍လွှတ်မြောက်သည်ဆိုပါလျှင် ဘဝနှင့်ပတ်ဝန်း

ကျင်တွင် ပတ်ဝန်းကျင်သာ လွှတ်မြောက်ပြီး ဘဝမှာ တန်းလန်း ကျန်ရစ်နေမည် ဖြစ်ပါသည်။ အာရမ္မဏိကနှင့်အာရုံတွင် အာရုံပိုင်း သာလွှတ်မြောက်ပြီး အာရမ္မဏိကမှာ တန်းလန်းကျန်ရစ်နေမည် ဖြစ်ပါသည်။

အဋ္ဌတ္တနှင့် ဗဟိဒ္ဓတွင် ဗဟိဒ္ဓသာ လွှတ်မြောက်ပြီး အဋ္ဌတ္တမှာ တန်းလန်း ကျန်ရစ်နေမည် ဖြစ်ပါသည်။ ကတ္တားနှင့် ကမ္မတွင် ကမ္မသာ လွှတ်မြောက်ပြီး ကတ္တားမှာ တန်းလန်း ကျန်ရစ်နေမည် ဖြစ်ပါသည်။ ပဝတ္တနှင့် နိမိတ္တတွင် နိမိတ္တသာ လွှတ်မြောက်ပြီး ပဝတ္တမှာ တန်းလန်းကျန်ရစ်နေမည် ဖြစ်ပါသည်။ တဏှာနှင့် အဝိဇ္ဇာတွင် အဝိဇ္ဇာသာ လွှတ်မြောက်ပြီး တဏှာမှာ တန်းလန်းကျန်ရစ်နေ မည် ဖြစ်ပါသည်။ ဤနေရာ၌ လွှတ်မြောက်ခြင်း ဆိုသည်မှာ တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်ဖြင့် လွှတ်မြောက်ခြင်းကို ဆိုပါသည်။ တန်းလန်းကျန်ခြင်း ဆိုသည်မှာ အနုသယသဘောဖြင့် ကျန်ခြင်းကို ဆိုပါသည်။ စွန့်လွှတ်ရေးနှင့် ရယူရေးတွင် ရယူရေးသာ လွှတ်မြောက်ပြီး စွန့် လွှတ် ရေး မှာ တန်း လန်း ကျန် ရစ် နေ မည် ဖြစ်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရားအလောင်းတော်သည် အစွန်းတဘက် ဖြစ်သည့် ကာမသုခလွှဲကကျင့်စဉ်ကို ပယ်၍ အစွန်းတဘက်ဖြစ်သည့် အတ္တကိလမထကျင့်စဉ်ကို ကျင့်သုံးခဲ့ခြင်းဖြစ်ပါသည်။

အတ္တကိလမထကျင့်စဉ်

အတ္တကိလမထကျင့်စဉ်ဟူသည်မှာ[အတ္တ=ခန္ဓာကိုယ်+ကိလမထ =ညှဉ်းပန်းခြင်း] မိမိ၏ခန္ဓာကိုယ်ကို ညှဉ်းပန်းသည့် လမ်းစဉ် ဖြစ်ပါသည်။ ဤကျင့်စဉ်သည် တိတ္ထိယဂေတ်တွင် ဂေတ်စားသည့် ကျင့်စဉ် ဖြစ်ပါသည်။ မြတ်စွာဘုရားအလောင်းတော်သည်လည်း ဤကျင့်စဉ်

ကို ကျင့်ဖူးပါသည်။ ပဉ္စဝဂ္ဂီ ငါးဦးတို့ နောက်ဆုံး ခဲ့ခဲ့ချိန်အထိ အလောင်းတော်သည် ဤကျင့်စဉ်ကို ကျင့်ခဲ့ပါသည်။ ဤကျင့်စဉ်၏ ထင်ရှားသောအမည်မှာ "တပ" ဖြစ်ပါသည်။ ကျင့်စဉ်သမိုင်းအရ ဆိုရလျှင် "တပ" ကျင့်စဉ်သည် ထိုခေတ်၌ အထင်ရှားဆုံးကျင့်စဉ် ဖြစ်ပါသည်။ မှန်ကန်သော ကျင့်စဉ်အဖြစ် ထိုဇခတ် တရားအားထုတ်သူများက လက်ခံထားသည့် ကျင့်စဉ် ဖြစ်ပါသည်။

ချမ်းသာသုခရရှိရေးနှင့် ပတ်သက်၍ ကျင့်နည်းမှာ (၂)မျိုး ရှိပါသည်။ တမျိုးမှာ သာမန်အရပ်သား ကျင့်နည်း ဖြစ်ပါသည်။ အခြားတမျိုးမှာ တရားအားထုတ်သူတို့၏ ကျင့်နည်း ဖြစ်ပါသည်။ သာမန်အရပ်သားကျင့်နည်းမှာ စီးပွားဥစ္စာရရှိရေးအတွက် အရပ်သူ အရပ်သားတို့ ကျင့်သုံးသည်နည်းအတိုင်း ပုံသေသတ်မှတ်ချက်မရှိပဲ အလျဉ်းသင့်သလို ကျင့်သုံးသည့် ကျင့်နည်းဖြစ်ပါသည်။ တရား အားထုတ်သူတို့၏ကျင့်နည်းမှာ ပုံသေသတ်မှတ်ချက်ဖြင့်ကျင့်သုံးသည့် ကျင့်နည်းဖြစ်ပါသည်။ အတ္တကိလမထ ကျင့်စဉ်သည် တရားအားထုတ် သူတို့၏ ကျင့်နည်းဖြစ်ပါသည်။ ယင်းကျင့်နည်းဒုရ ကျင့်လျှင် ပုံသေ သတ်မှတ်ချက် "တပ"ကျင့်စဉ်အတိုင်း ကျင့်ရပါ ည်။

အတ္တကိလမထ ကျင့်စဉ်၏ အကျဉ်းချုပ်မှာ "စွန့်လွှတ်ရေး" ကျင့်စဉ် ဖြစ်ပါသည်။ တိတ္ထိယခေတ်၌ လူတို့သည် မိမိတို့ရလိုသော ချမ်းသာသုခကို ရရှိနိုင်ရေးအတွက် "တဏှာ"ကို ပယ်စွန့်ရန် အရေး ကြီးကြောင်း သတ်မှတ်ကြပါသည်။ ထို့ကြောင့် တိတ္ထိယခေတ်၌ အဝတ်အထည်မှ စ၍ နောက်ဆုံး အာဟာရအထိ ပယ်စွန့်ရန် ကြိုး ပမ်းကြခြင်းဖြစ်ပါသည်။ တဏှာကိုပယ်စွန့်ယင်း ဒုက္ခတရားအမျိုးမျိုး ကို ခံယူရာမှ နောက်ဆုံး "ဂံ"သစ် မဖြစ်တော့ပဲ "ဂံ"ဟောင်း၏

အကျိုးတရား ဒုက္ခများ အားလုံး ချုပ်ငြိမ်းသွားမည် ဖြစ်ပါသည်။ ဤနည်းအားဖြင့် စစ်မှန်သော ချမ်းသာသုခကို ရရှိနိုင်သည်ဟု ယုံကြည်ကြပါသည်။

တိတ္ထိယခေတ်အမြင်အရ အဝိဇ္ဇာနှင့် တဏှာတွင် အဝိဇ္ဇာထက် တဏှာက ပို၍အရေးကြီးပါသည်။ ဝေဒခေတ်၊ ဗြာဟ္မဏခေတ်၊ အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ်တလျှောက်လုံးတွင် အဝိဇ္ဇာကိုပယ်သတ်ရန် ကြိုးစားခဲ့ကြပါသည်။ ကြိုးစားခဲ့သည့်အလျောက်လည်း အဝိဇ္ဇာကို အထိုက်အလျောက် ပယ်သတ်နိုင်ခဲ့ကြပါသည်။ သို့ရာတွင် ထို့သို့ပယ်သတ်နိုင်ခြင်းကား သမုဒ္ဆေဒပဟာန်ဖြင့် မြစ်ပြတ်ပယ်သတ်နိုင်ခြင်းမဟုတ်၊ အလွန်ဆုံး ဝိက္ခမ္ဘနပဟာန်ဖြင့် ယာယီပယ်သတ်နိုင်ခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် အဝိဇ္ဇာသည် မြစ်ပြတ်အနေဖြင့် မသေပဲ သင့်လျော်သောအကြောင်းကိုရလျှင် (အနုရူပံ ကာရဏံ လဘိတ္ဝာ) ခေါင်းထောင်၍ ထ-နိုင်ခဲ့ခြင်းဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုရလျှင် အဝိဇ္ဇာသည် နိဝရဏသဘောဖြင့် သေသော်လည်း အနုသယသဘောဖြင့် မသေပဲ ရှင်သန်နေခြင်းဖြစ်ပါသည်။ အဝိဇ္ဇာသည် မြစ်ပြတ်မသေသေးသမျှ ကာလပတ်လုံး ရရှိသောချမ်းသာသုခသည် စစ်မှန်သော ချမ်းသာသုခမဟုတ်။ ထို့ကြောင့် ဝေဒခေတ်၊ ဗြာဟ္မဏခေတ်၊ အာရညကခေတ်နှင့် ဥပနိသျှဒ်ခေတ်တို့၌ ကာမသုခလွတ်ကျင့်စဉ်ဖြင့် ရအပ်သော ချမ်းသာသုခသည် စစ်မှန်သော ချမ်းသာသုခမဟုတ်ကြောင်း မျက်ဝါးထင်ထင် တွေ့ကြုံကြသော တိတ္ထိယခေတ် ပညာရှင်တို့သည် အဝိဇ္ဇာထက် တဏှာကို အလေးထား၍ တဏှာကိုပယ်သတ်ရန် အားထုတ်ကြခြင်း ဖြစ်ပါသည်။

တိတ္ထိယခေတ် အတ္တကိလမထကျင့်စဉ်အရ တရားအားထုတ်နည်းကား အရာရာတိုင်းကိုမကြည့်ပဲ ယင်းတို့၏ နောက်ကွယ်၌ရှိသော အမှန် (သစ္စာ) တရားကိုမြင်ရန် အားထုတ်ခြင်းမျိုးမဟုတ်။ လောကကိုမကြည့်ပဲ ယင်းတို့၏နောက်ကွယ်၌ရှိသော အမှန် (သစ္စာ) တရားကိုမြင်ရန် အားထုတ်ခြင်းမျိုးမဟုတ်။ ဖြစ်, ပျက်, ပြုပြင်ပြောင်းလဲနေသော သင်္ခတတရားများကိုမကြည့်ပဲ ယင်းတို့၏နောက်ကွယ်၌ရှိသော မဖြစ် မပျက် မပြုပြင်မပြောင်းလဲသော အသင်္ခတတရားကို မြင်ရန် အားထုတ်ခြင်းမျိုးမဟုတ်။ အဆိုပါအားထုတ်နည်းများကား မှားယွင်းသော အားထုတ်နည်းများဖြစ်ကြောင်း ဝေဒခေတ်၊ ဗြာဟ္မဏခေတ်၊ အာရဏ်ကခေတ်နှင့် ဥပနိဒ်ခေတ် ကာမသုခလွှိက ကျင့်စဉ်များက သက်သေထူခဲ့ပြီး ဖြစ်ပါသည်။ ထိုသို့ သက်သေထူခဲ့ခြင်းကို တိတ္ထိယခေတ် ပညာရှင်များက သိမြင်ခဲ့ပြီးဖြစ်ပါသည်။ ထိုကြောင့် တိတ္ထိယခေတ် ပညာရှင်တို့သည် စစ်မှန်သောချမ်းသာသုခကို ရရှိရေးအတွက် တဏှာကို ပယ်သတ်ကာ အမှန် (သစ္စာ) တရားကို မြင်ရန် အားထုတ်ကြခြင်း ဖြစ်ပါသည်။ "ရယူရေး" ကျင့်စဉ်ဖြစ်သည့် ကာမသုခလွှိက ကျင့်စဉ်ကို ပယ်စွန့်၍ "စွန့်လွှတ်ရေး" ကျင့်စဉ်ဖြစ်သည့် အတ္တကိလမထကျင့်စဉ်ကို ကျင့်သုံးခြင်း ဖြစ်ပါသည်။

ဤကျင့်စဉ်၏ အနှစ်သာရမှာ ဘဝနှင့်ပတ်ဝန်းကျင်တွင် ဘဝကို အလေးထားခြင်းဖြစ်ပါသည်။အာရမ္မဏိကနှင့်အာရုံတွင် အာရမ္မဏိကကို အလေးထားခြင်းဖြစ်ပါသည်။ အင္ဂါတ္တနှင့် ဗဟိဒ္ဓတွင် အင္ဂါတ္တကို အလေးထားခြင်း ဖြစ်ပါသည်။ ကတ္တာနှင့် ကမ္မတွင် ကတ္တာကို အလေးထားခြင်း ဖြစ်ပါသည်။ ပဝတ္တနှင့် နိမိတ္တတွင် ပဝတ္တကို အလေးထားခြင်း ဖြစ်ပါသည်။ ဤနေရာ၌ ပဝတ္တ ဆိုသည်မှာ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ဖြစ်သည့် နာမ်တရားများ ဖြစ်ပါ

သည်။ နိမိတ္တ ဆိုသည်မှာ ဒ စိုင်အခဲသဏ္ဌာန်၊ ဒြပ်သဖွယ် စိတ်ဝယ် ထင်သာ အာရုံ သခ်ါရတရားများ ဖြစ်ပါသည်။ ထို့အပြင် တဏှာ နှင့် အဝိဇ္ဇာတွင် တဏှာကို အလေးထားခြင်း ဖြစ်ပါသည်. ဤကျင့်စဉ် သည်လည်း မဇ္ဈိမပဋိပဒါအရ အစုန်းတရားတပါးပင် ဖြစ်ပါသည်။ ထို့ကြောင့် မြတ်စွာဘုရား အလောင်းတော်သည် နောက်ဆုံး၌ ဤ ကျင့်စဉ်ကို ပယ်စွန့်ခဲ့ခြင်းဖြစ်ပါသည်။ ဧမ္မစက္ကုပဝတ္တနသုတ်၌ ဤ အစုန်းရောက် ကျင့်စဉ် (၂)မျိုးလုံးကိုပင် အရိယသစ္စာကို မမြင် နိုင်သော ကျင့်စဉ် (အနရိယ)ဟူ၍ လည်းကောင်း၊ စစ်မှန်သော အကျိုးစီးပွားကို မဖြစ်စေနိုင်သော ကျင့်စဉ် (အနတ္ထသံဟိတ)ဟူ၍ လည်းကောင်း ဖော်ပြထားပါသည်။

မဇ္ဈိမပဋိပဒါ ကျင့်စဉ်

မဇ္ဈိမပဋိပဒါကျင့်စဉ်ကို အလယ်အလတ်ကျင့်စဉ်ဟု သဒ္ဒါနက် အားဖြင့် မြန်မာပြန်ကြပါသည်။ အဓိပ္ပါယ်အားဖြင့်မူ အစုန်း (၂)ဘက်မှ လွှတ်မြောက်သည့် ကျင့်စဉ်ဖြစ်ပါသည်။ ယင်းကျင့်စဉ် တွင် မျိုးတူသဘော (၃)မျိုးပါဝင်ပြီး (၂)မျိုးကို အစုန်းတရားများ အဖြစ် သတ်မှတ်၍ ကျန်တမျိုးကို မဇ္ဈိမပဋိပဒါအဖြစ် သတ်မှတ် ပါသည်။ ၄ စုန်းတရား (၂)မျိုးတို့သည် အချင်းချင်း ဆန့်ကျင်ကြ ပါသည်။ မဇ္ဈိမပဋိပဒါမှာမူ ယင်းအစုန်းတရားနှစ်ပါးတို့မှ ထွက်ပေါ် လာခြင်းဖြစ်သဖြင့် အသွင်သဏ္ဌာန် ၄ ဘောအရ အစုန်းတရား (၂) ပါးနှင့် မဆန့်ကျင်သော်လည်း အနှစ်သာရ သဘောအရ အစုန်းတရား (၂)ပါးနှင့် လုံးဝ ဆန့်ကျင်ပါသည်။ **မဇ္ဈိမပဋိပဒါ၏ အရကောက်မှာ** မုချအားဖြင့် မဂ်စိတ်နှင့်ယှဉ်သော မဂင်(၈)ပါး ဖြစ်ပါသည်။ ဖလူပစာရအားဖြင့် မဂ်စိတ်၏ရှေ့၌ဖြစ်သော ဝိဝဋ္ဋ-နိဿိတကုသိုလ်နှင့် ယှဉ်သော မဂင်(၈)ပါးဖြစ်ပါသည်။ ကာရဏူ-

ပစာရအားဖြင့် မဂ်စိတ်၏ နောက်၌ ဖြစ်သော ဖိုလ်စိတ် ကြိယာစိတ် တိန့် ယှဉ်သော မဂ္ဂင်(၈)ပါး ဖြစ်ပါသည်။ ပါဠိဘာသာဖြင့် ဥာဏတောဝုဋ္ဌာန(အစွန်းနှစ်ဘက်မှ ထမြောက်ခြင်း)ဟု ခေါ်ပါသည်။

မဇ္ဈိမပဋိပဒါဟူသော ဝေါဟာရကို ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဓမ္မစက္ကပဝတ္တနသုတ်၌ စတင်အသုံးပြုသော်လည်း ယနေ့ခေတ်တွင်မူ ယင်းဝေါဟာရကို ဝါဒရေးရာများ၌ပါ အသုံးပြုနေကြကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ယင်းဝေါဟာရ၏ အနက်အဓိပ္ပါယ်ကို ပေါ်လွင်စေရန် အောက်ပါရှုထောင့်များမှ သုံးသပ်တင်ပြအပ်ပါသည်-

(၁) ကာမသုခလ္လိကနှင့်အတ္တကိလမထဟူသော ကျင့်စဉ်ရှုထောင့်၊

(၂) အတ္ထတ္တနှင့် ဗဟိဒ္ဓဟူသော သန္တာန်ရှုထောင့်၊

(၃) အာရမ္မဏာနုသယနှင့် သန္တာနာနုသယဟူသော အနုသယရှုထောင့်၊

(၄) အာရုံနှင့် အာရမ္မဏိကဟူသော အဘိဓမ္မာရှုထောင့်၊

(၅) ဘဝနှင့် ပတ်ဝန်းကျင်ဟူသော လောကရှုထောင့်၊

(၆) ကတ္တားနှင့် ကံဟူသော သဒ္ဒါရှုထောင့်၊

(၇) ပဝတ္တနှင့် နိမိတ္တဟူသော ဝိပဿနာရှုထောင့်၊

(၈) ဒုက္ခသစ္စာနှင့် သမုဒယသစ္စာဟူသော သစ္စာရှုထောင့်၊

(၉) အဝိဇ္ဇာနှင့် တဏှာဟူသော ပဋိစ္စသမုပ္ပါဒ်ရှုထောင့်၊

(၁၀) ကုသိုလ်နှင့် အကုသိုလ်ဟူသော စိတ္တဗေဒရှုထောင့်။

(၁) ကာမသုခလွိကန္ဒ့် အတ္တကိလမထရူထော်ဒ့်

ဗုဒ္ဓခေတ်မတိုင်မီကာလ၌ လူသားတို့သည် ချမ်းသာသုခ ရရှိရေးအတွက် အားထုတ်ကြပါသည်။ ထိုကဲ့သို့အားထုတ်ရာတွင် သာမန်အရပ်သားတို့၏ အားထုတ်နည်းဖြင့် ရရှိရေးအတွက် အားထုတ်ကြသည်လည်း ရှိပါသည်။ သာမန်အရပ်သားတို့၏ အားထုတ်နည်းမဟုတ်သော "တပ"ကျင့်နည်းဖြင့် စွန့်လွှတ်ရေးအတွက် အားထုတ်ကြသည်လည်း ရှိပါသည်။ ဗုဒ္ဓခေတ်ရောက်သောအခါ ထိုနည်း (၂) မျိုးလုံးကို "အစွန်းရောက်" နည်းများအဖြစ် ပစ်ပယ်သိုက်ပါသည်။ မမှီဝဲထိုက်သော (အသေဝိတဗ္ဗ) နည်းများအဖြစ် သတ်မှတ်သိုက်ပါသည်။ သာမန်အရပ်သားတို့၏ အား:ထုတ်နည်းကို မူလအစွန်းအဖြစ် လည်းကောင်း၊ "တပ" ကျင့်နည်းကို ပဋိပက္ခအစွန်း အဖြစ် လည်းကောင်း သတ်မှတ်၍ ပယ်ခြင်း ဖြစ်ပါသည်။

အမှန်အားဖြင့် ချမ်းသာသုခကိုရှာရာတွင် အသွင်သဏ္ဌာန်အားဖြင့် အဆိုပါနည်း (၂)မျိုးလုံးကိုပင် သင့်လျော်သလို အသုံးပြုရမည်ဖြစ်ပါသည်။ ထိုသို့အသုံးပြုသော်လည်း အနှစ်သာရအားဖြင့် ခေတ်အချင်းချင်း ရည်ရွယ်ချက်ခြားနားပါသည်။ ဗုဒ္ဓဒေတ်မတိုင်မီကာလက အသုံးပြုနည်းမှာ ပုဂ္ဂိုလ်အနေ၊အတ္တအနေဖြင့် ရရှိခံစားရန် အသုံးပြုသည့် အသုံးပြုနည်းဖြစ်ပါသည်။ ထိုအသုံးပြုနည်းအရ အသုံးပြုလျှင် မည်မျှပင်အားကောင်းသော ကာမကုသိုလ်၊ ရူပကုသိုလ်နှင့် အရူပကုသိုလ်ပင်ဖြစ်စေကာမူ သံသရာဝဋ်အတွင်း၌ ကျင်လည်နေရခြင်းအကျိုးကိုသာ ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓခေတ်၌ ထိုနည်း (၂)မျိုးလုံးကို အစွန်းရောက် (အန္တ)နည်းများဟူ၍ လည်းကောင်း၊ ရရှိသောကုသိုလ်များကိုလည်း ဝဋ္ဌနိဿိတ (ဝဋ်လည်)ကုသိုလ်များဟူ၍လည်းကောင်း၊ ရရှိသော ချမ်းသာသုခများကိုလည်း

သံသရာသုခများ သုခယောင်ဆောင်နေသော ဒုက္ခများဟူ၍ လည်းကောင်း သတ်မှတ်ခြင်း ဖြစ်ပါသည်။

ဗုဒ္ဓခေတ်၌လည်း ကုသိုလ်မှု၊ အကုသိုလ်မှုများကို ပြုကြသည်ပင် ဖြစ်ပါ၁ ည်။ သို့ရာတွင် ရည်ရွယ်ချက်ချင်း ခြားနားပါသည်။ ဗုဒ္ဓခေတ်၏ ရည်ရွယ်ချက်မှာ ပုဂ္ဂိုလ်အနေ၊ အတ္တအနေဖြင့် ရရှိခံစားရန် မဟုတ်။ ပုဂ္ဂိုလ်အနေ၊ အတ္တအနေမှ လွတ်မြောက်ရန် (၀ါ) ငါ သီလဆောက်တည်သည်၊ ငါ ဒါနပြုသည်၊ ငါ ဘာ၀နာတရား ပွားများသည် ဟူသော "ငါစဲ့" ပါ၀င်မှုမှ လွတ်မြောက်ရန် ဖြစ်ပါသည်။ ပုဂ္ဂိုလ်အနေ၊ အတ္တအနေမှ လွတ်မြောက်သော (၀ါ) ငါစဲ့ပါ၀င်မှုမှ လွတ်မြောက်သော ကုဒ္ဓိလ်သည် ဝိဝဋ္ဋနိဿိတ (၀ဋ်ပြတ်) ကုသိုလ် ဖြစ်ပြီး လောကုတ္တရာသုခ (သန္တိသုခ)ကို ရရှိစေနိုင်ပါသည်။ သန္တိသုခ ရရှိရေးနှင့်ပတ်သက်၍ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သောနည်းကို မဇ္ဈိမပဋိပဒါဟု ခေါ်ပါသည်။

မဇ္ဈိမပဋိပဒါတွင် သာမန်အရပ်သားတို့၏ အားထုတ်နည်းဖြစ်သော ကာမသုခလွှဲကနည်းသည် အသွင်သဏ္ဌာန်အနေဖြင့် သင့်သလို ပါ၀င်ပါသည်။ သို့ရာတွင် အနှစ်သာရအနေအားဖြင့်မူ လုံး၀ပါ၀င်ခြင်း မရှိပါ။ ထို့ကြောင့် ရဟန်းတော်များအား ပိုးဖဲကတ္တီပါ၊ တိုက်ကျောင်း၊ ပဏီတဘောဇဉ် စသည်တို့ကို ခွင့်ပြုခြင်း ဖြစ်ပါသည်။ ယင်းတို့ကို သုံးဆောင်နည်းနှင့် ပတ်သက်၍ မဇ္ဈိမပဋိပဒါကျစေရန် ပစ္စ၀ေက္ခဏာ ဆင်ခြင်နည်းတို့ကို ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။ သာမန် အရပ်သားတို့၏ အားထုတ်နည်း မဟုတ်သော "တပ"ကျင့်နည်းဖြစ်သည့် အတ္တကိလမထနည်းသည်လည်း အသွင်သဏ္ဌာန်အနေဖြင့် သင့်သလို ပါ၀င်ပါသည်။ သို့ရာတွင် အနှစ်သာရ

အနေဖြင့်မူ လုံးဝပါဝင်ခြင်းမရှိပါ။ ထိုကြောင့် ရဟန်းတော်များအား ဓုတင်အကျင့် စသည်တို့ကို ခွင့်ပြုခြင်းဖြစ်ပါသည်။

ကုသိုလ်၊ အကုသိုလ်ကို ပြုလုပ်ကြခြင်းတူသော်လည်း ပြုလုပ်နည်း နှင့်ပတ်သက်၍ အစွန်းနည်း (၂)မျိုးနှင့် မဇ္ဈိမပဋိပဒါတို့၏ ခြားနား ခြင်းသည် ဤသို့ဖြစ်ပါသည်။ အစွန်းနည်း (၂)မျိုးသည် သတ္တ၊ ဇီဝ သဘောဖြင့် အတ္တကိုအခြေခံ၍ အတ္တဖြင့် သိမ်းပိုက်နိုင်ရေးအတွက် ဦးတည်ပါသည်။ မဇ္ဈိမပဋိပဒါသည် နိဿတ္တ၊ နိဇ္ဇီဝ သဘောဖြင့် အနတ္တကိုအခြေခံ၍ အတ္တမှလွတ်မြောက်ရေးအတွက် ဦးတည်ပါသည်။ မဇ္ဈိမပဋိပဒါနည်းအရကျင့်သုံးသော ကုသိုလ်နှင့်ပတ်သက်၍ ပိဋကတ် စာပေမျာ်း၌ ဤသို့တွေ့ရပါသည်—

ကုလ္လုပမော မယာ ဓမ္မော ဒေသိတော နိတ္ထရဏတ္ထာယ၊ နော ဂဟဏတ္ထာယ။ ကုလ္လုပမံ ဝေါ ဘိက္ခဝေ ဓမ္မံ ဒေသိတံ အာဇာနန္တေဟိ ဓမ္မာပိ ဝေါ ပဟာတဗ္ဗာ၊ ပဂေဝ အဓမ္မာ။

(ကုလ္လုပမော **ဖေ**၁င်ဥပမာရှိ၎င်သာ။ ဓမ္မော၊ တရား**ကို**။ နိတ္ထရဏတ္ထာ**ယ**၊ သံသရာမှ လွတ်မြောက်ခြင်း၌ (ဝါ) ပုဂ္ဂိုလ် အနေ၊ အတ္တအနေဖြင့် သိမ်းပိုက်ခံစားခြင်းမှ လွတ်မြောက်ခြင်း၌။ ဒေသိတော၊ ဟော**တော်မူ**အပ်၏။ ဂဟဏတ္ထာယ၊ ပုဂ္ဂိုလ်အနေ၊ အတ္တအနေဖြင့် သိမ်းပိုက်ခံစားခြင်း၌။ နော ဒေသိ**တော**၊ ဟော**တော်မူ**အပ်သည်း**ဟုတ်**။ ဘိက္ခဝေ၊ ရဟန်း**တို့**။ ဒေသိတံ၊ ဟော**တော်မူ**အပ်၏။ ကုလ္လုပမံ၊ ဖော**င်**ဥပမာရှိလော။ ဓမ္မံ၊ တရား**ကို**။ အာဇာနန္တေဟိ၊ သိ**ကြ**ကုန်သော။ ဝေါ၊ သင်တို့သည်။ ဓမ္မာပိ၊ ကုသိုလ်တရား**တို့ကို**သော်လည်း။ ပဟာတဗ္ဗာ၊ ပယ်အပ်ကုန်၏။ အဓမ္မာ၊ အကုသိုလ်

တရားတို့ကိုမူ။ ပဂေဝ၊ အဘယ်ဆိုဖွယ်ရာရှိကုန်အံ့နည်း။ ပဟာ-တဗ္ဗာ ဧဝ၊ ပယ်အပ်ကုန်သည်သာတည်း)။

(မူလပဏ္ဏာသပါဠိ-၁၈၈)

ကွဒံ ခေါ မေ ဒေါမနဿံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ကုသလာ ဓမ္မာ အဘိဝုန္တိတိ ဧဝရူပံ ဒေါမနဿံ သေဝိတဗ္ဗံ။

(ခေါ၊စင်စစ်။ကွဲဒံ ဒေါမနဿံ၊ကျိန်လုံးမသာယာမှု အကုသိုလ် ဝေဒနာကို။သေဝတော၊ မှီဝဲသော။ မေ၊ ငါ့အား။အကုသလာ ဓမ္မာ၊အကုသိုလ်တရားတို့သည်။ပရိဟာယန္တိ၊ဆုတ်ယုတ်ကုန်၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ အဘိဝုန္တိ၊တိုးပွားကုန်၏။ ကွတိ ဝေရူပံ၊ကျိသို့သဘောရှိသော။ဒေါမနဿံ၊ အကုသိုလ်ဒေါမနဿဝေဒနာကို။သေဝိတဗ္ဗံ၊ မှီဝဲအပ်၏)။

(ဒီဃနိကာယမဟာဝဂ္ဂ-၂၂၂)

ဗုဒ္ဓခေတ်မတိုင်မီကာလ-က လူသားတို့သည် ကုသိုလ်၊ အကုသိုလ်တို့ကို ပြုလုပ်ကြပါ၏။ ထိုကုသိုလ်၊ အကုသိုလ်တို့သည် ပဋိသန္ဓေတွဲ(အတ္တ)အနေဖြင့် ခံစားနိုင်မှုကို အခြေခံ၍ ပြုလုပ်သော ကုသိုလ်၊ အကုသိုလ်တို့ဖြစ်သောကြောင့် အစွန်းရောက်သဘောရှိကြ၏သည်။ သို့ဖြစ်၍ ယင်းတို့ကို မမှီဝဲအပ်ကြောင်း ဟောကြားခြင်းဖြစ်ပါသည်။ ဗုဒ္ဓခေတ်ဦးကား ကုသိုလ်၊ အကုသိုလ်တို့ကို ပဋိသန္ဓေတွဲ(အတ္တ)အနေဖြင့် ခံစားမှု (ဂဟဏတ္ထ) မဟုတ်ပဲ သံသရာမှ လွတ်မြောက်မှု (ဝါ) ပဋိသန္ဓေတွဲ(အတ္တ) အနေဖြင့် ခံစားမှုမှ လွတ်မြောက်မှု (နိဗ္ဗာနတ္ထ)ကိုအခြေခံ၍ လုပ်ခြင်းဖြစ်သဖြင့် ယင်းတို့သည် မစ္စီမပဋိပဒါသဘော ရှိလာပါသည်။ ထို့ကြောင့် မှီဝဲအပ်ကြောင်း ဟောကြားခြင်း ဖြစ်ပါသည်။

အကျဉ်းချုပ်အားဖြင့်ဆိုရလျှင် မဇ္ဈိမပဋိပဒါတွင် အနှစ်သာရအနေဖြင့် အစွန်းတရားများ လုံးဝမပါဝင်သော်လည်း အသွင်သဏ္ဌာန်အနေဖြင့်မူ ကာမသုခလွှိကအသွင်လည်းပါဝင်ပါသည်။အတ္တကိလမထအသွင်လည်းပါဝင်ပါသည်။ ကာမသုခလွှိကအသွင်ပါဝင်သဖြင့် အလောင်းတော်ကို မဇ္ဈိမပဋိပဒါ နည်းအရ ကျင့်နေခြင်းဖြစ်ပါလျက် ကာမသုခလွှိကလမ်းစဉ်ကို လိုက်သွားသူအဖြစ် ပဉ္စဝဂ္ဂိတို့က စွပ်စွဲခြင်းဖြစ်ပါသည်။ အတ္တကိလမထအသွင်ပါဝင်သဖြင့် မဇ္ဈိမပဋိပဒါနည်းအရ ပြင်းထန်စွာ ကျင့်ကြသော ယောဂီတို့အား အတ္တကိလမထလမ်းစဉ်ကို လိုက်သူများအဖြစ် အထင်မှားခြင်းဖြစ်ပါသည်။ သိဖြစ်သော်လည်း မဇ္ဈိမပဋိပဒါကို အစွန်း (၂)ဘက်မှ လွှတ်သောကျင့်စဉ်အဖြစ် သတ်မှတ်အပ်ပါသည်။

(၂) အဇ္ဈတ္တနှင့် ဗဟိဒ္ဓရွှေထောင့်

အဇ္ဈတ္တဟူသည် (အဓိ+အတ္တ)ဟူသော ပုဒ်(၂) ပုဒ်စပ်ထားသော သမာသ်ပုဒ်ဖြစ်ပါသည်။ အနတ္တဒေသနာတော်အရ အတ္တမှ ဆိတ်သုဉ်းလျှင် အတ္တနှင့်ပတ်သက်သည့် (အဓိ+အတ္တ=အဇ္ဈတ္တ)သည်လည်း ဆိတ်သုဉ်းရမည်ပင်ဖြစ်ပါသည်။ အဇ္ဈတ္တကိုထောက်ဆ၍ ရရှိလာသည့် ဗဟိဒ္ဓသည်လည်း မိမိထောက်ဆရာ အဇ္ဈတ္တမရှိတော့လျှင် အလိုအလျောက်မရှိတော့သည်သာ ဖြစ်ပါသည်။ အမှန်အားဖြင့် အဇ္ဈတ္တနှင့် ဗဟိဒ္ဓတို့သည် ပုဂ္ဂိုလ်သတ္တဝါကိုအရှိထား၍ ရရှိလာသည့်သဘောများ ဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါ မရှိတော့သောအခါ၌ ယင်းတို့သည်လည်း ဓမ္မတာအားဖြင့် မရှိကြတော့ချေ။

မဇ္ဈိမပဋိပဒါသည် မဂ္ဂင်(၈)ပါးဖြစ်ပါသည်။ယင်းသည် ဝိပဿနာဉာဏ်စဉ်များမှ စတင်ပါသည်။ ဝိဝဋ္ဋဖြစ်သော ဒါနကုသိုလ်၊ သီလ၊

ကုသိုလ်၊သမထကုသိုလ်များလည်း ရှိပါသည်။ သိရာတွင် ယင်းတို့မှာ ဥာဏတောဝုဋ္ဌာနခေါ် အစွန်း(၂)ဘက်မှ လွှတ်သည့်သဘော မထင်ရှားသောကြောင့် ယင်းတို့ကို သီးခြားမဆိုတော့ပဲ ဝိပဿနာ၏ အခြေခံအဖြစ် သတ်မှတ်၍ ဝိပဿနာဥ္စိ ထည့်သွင်းရေတွက်ပါသည်။

ဝိပဿနာရှုရာတွင် ဗဟိဒ္ဓအာရုံများကိုလည်းရှုပါသည်။ အဇ္ဈတ္တအာရုံများကိုလည်းရှုပါသည်။ ထိုသို့ရှုသောအခါ ဤလောကတွင် ပုဂ္ဂိုလ်သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဟူ၍ မရှိကြောင်း၊ ရုပ်နာမ်မမျှများသာရှိကြောင်း တွေ့ရှိလာမည်ဖြစ်ပါသည်။ ယင်းသို့ တွေ့ရှိခြင်းသည် အဇ္ဈတ္တအစွန်းမှလွှတ်ခြင်းဖြစ်ပါသည်။ အဇ္ဈတ္တအစွန်းမှလွှတ်လျှင် ယင်းကိုထောက်ဆ၍သိအပ်သော ဗဟိဒ္ဓအစွန်းမှလည်း လွှတ်ပါသည်။ အဇ္ဈတ္တအစွန်းနှင့် ဗဟိဒ္ဓအစွန်းမှလွှတ်ခြင်းသည် အနှစ်သာရအနေဖြင့် လွှတ်ခြင်းဖြစ်ပါသည်။ အနှစ်သာရအနေဖြင့်လွှတ်သော်လည်း အသွင်သဏ္ဌာန်အနေဖြင့် လွှတ်ခြင်းမရှိပါ။ သို့ဖြစ်၍ ဝိပဿနာခေါ် မဇ္ဈိမပဋိပဒါတွင် ဗဟိဒ္ဓအာရုံများနှင့်အဇ္ဈတ္တအာရုံများကို ရှုမှတ်နေရခြင်းဖြစ်ပါသည်။ သို့ရာတွင် မဇ္ဈိမပဋိပဒါသည် အဇ္ဈတ္တအစွန်းနှင့် ဗဟိဒ္ဓအစွန်းမှ လွှတ်သည်ဟု ဆိုအပ်ပါသည်။ ဒဿနစာပေသမိုင်းတွင်မူ ဗဟိဒ္ဓ(အာရုံ)အစွန်းသည် **မူလအစွန်း**ဖြစ်၍ ယင်းအစွန်း-မှ ပထမလွှတ်ပါသည်။ အဇ္ဈတ္တ (အာရမ္မဏိက) အစွန်းသည် **ပဋိပက္ခအစွန်း**ဖြစ်၍ ယင်းအစွန်းမှ ဒုတိယလွှတ်ပါသည်။

(၃) အာရမ္မဏာနုသယနှင့် သန္တာနာနုသယရှုထောင့်

အာရမ္မဏာနုသယ ဆိုသည်မှာ အာရုံ၌ ကိန်းသော ကိလေသာအကိန်းဓာတ်ဖြစ်ပါသည်။ အာရုံများသည် အပိုင်းအပိုင်း အပြတ်အပြတ်အနေဖြင့် လည်းကောင်း၊ သီးခြားစီ သီးခြားစီ အနေဖြင့် လည်းကောင်း၊ ဓာတ်သဘာဝအနေဖြင့်လည်းကောင်း၊ အစိုင်အခဲမဲ့

ဒြပ်သဏ္ဌာန်မဲ့ အနေဖြင့်လည်းကောင်း ထင်ဟပ်ခြင်းမရှိပဲ တစပ်တည်း အနေ၊ တပေါင်းတည်းအနေ၊ အရာဝတ္ထုအနေ၊ အစိုင်အခဲအနေ၊ ဒြပ်သဏ္ဌာန်အဓနတို့ဖြင့် ထင်ဟပ်နေကြပါသည်။ ယင်းသို့ ထင်ဟပ်နေခြင်းအားဖြင့်နှအတ္တနိယသဘောကို ဆောင်ကြပါသည်။ ထို့ကြောင့် နောင်အခါ ထိုဒ ဘရုံကို ပြန်၍နှလုံးသွင်းမိတိုင်း ကိလေသာများ ဖြစ်ပေါ်လာနိုင်ကြပါသည်။ ယင်းသို့ ထိုအာရုံနှင့်စပ်၍ ကိလေသာ ဖြစ်ပေါ်ခွင့် ရသွားသည်ကိုပင် ထိုအာရုံ၌ ကိလေသာကိန်းသည်ဟု ဆိုရပါသည်။ ဤအာရုံ၌ ကိန်းသော ကိလေသာအကိန်းဓာတ်ကို "အာရမ္မဏာနုသယ" ဟု ခေါ်ပါသည်။

ဝိပဿနာဉာဏ်ဖြင့် ရှုမိသောအာရုံမှာမူကား ယင်း တစပ်တည်း တပေါင်းတည်း အရာဝတ္ထု အစိုင်အခဲ ဒြပ်သဏ္ဌာန်အနေဖြင့် ထင်ဟပ်ခြင်းမရှိတော့ပဲ အပိုင်းအပိုင်း အပြတ်အပြတ် သီးခြားစီ သီးခြားစီ ဓာတ်သဘာဝအနေ အစိုင်အခဲမဲ့ ဒြပ်သဏ္ဌာန်မဲ့အနေဖြင့်သာ ထင်ဟပ်ခြင်းကြောင့် ကိလေသာ မကိန်းနိုင်တော့ပါ။ ထိုအာရုံနှင့် စပ်၍ နောင်အခါ ကိလေသာဖြစ်ခွင့် မရတော့ပါ။ ဤသို့ ထိုအာရုံနှင့် စပ်၍ ကိလေသာဖြစ်ခွင့်မရသည်ကိုပင် "ဝိပဿနာဉာဏ်က အာရမ္မဏာနုသယကို ပယ်သည်" ဟု ဆိုရပါသည်။ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသော ဒ ခါဠိကား ယင်း အာရမ္မဏာနုသယသည် မည်သည့်အာရုံ၌မျှ မကိန်းနိုင်တော့ပဲ လုံးလုံးလျားလျား ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။ ယင်းသို့ ပျောက်သွားခြင်းသည် အာရမ္မဏာနုသယအစွန်းမှ လွတ်သည်မည်ပါသည်။ အာရမ္မဏာနုသယသဘောကို နောက်၌ အကျယ်ဆိုပါမည်။

သန္တာနာနုသယဆိုသည်မှာ မဂ်ဖြင့် မပယ်ရသေးသဖြင့် သတ္တဝါတို့ သန္တာန်၌ အစဉ်တစိုက်ကိန်းသော ကိလေသာအကိန်းဓာတ်ဖြစ်

ပါသည်။ ယင်း ကိလေသာအကိန်းဓာတ် သန္တာနဒုသယ ရှိနေသည့်အတွက် သတ္တဝါတို့၏ အာရုံမကိုကစိတ်များသည် အာရုံများကဲ့သို့ပင် အပိုင်းငှ ပိုင်း အပြတ်အပြတ်အနေ၊ သီးခြားစီ သီးခြားစီ အနေ၊ ဓာတ်သဘာဝအနေ၊ အစိုင်အခဲမဲ့အနေ၊ ဒြပ်သဏ္ဌာန်မဲ့အနေ တို့ဖြင့် ထင်ဟပ်ခြင်းမရှိပဲ တစပ်တည်းအနေ၊ တပေါင်းတည်းငှ နေ၊ အာရုဝတ္ထုအနေ၊ အစိုင်အခဲဒ နေ၊ ဒြပ်သဏ္ဌာန်အနေတို့ဖြင့် ထင်ဟပ်နေကြပါသည်။ ယင်းသို့ ထင်ဟပ်နေခြင်းအားဖြင့် အတ္တသဘောကို ဆောင်ပါသည်။ ဝိပဿနာဉာဏ် ရင့်သန်သောအခါ အဆိုပါ သန္တာနဒုသယသဘောများ တဖြည်းဖြည်းပါးသွားမည်ဖြစ်ပါသည်။ အရှုံ ဟတ္ထမဂ်ဖြင့် နိဗ္ဗာန်ကို တိုက်ရိုက်မျက်မှောက်ပြုသော အခါ၌ကား လုံးလုံးလျားလျား ပျောက်သွားမည်ဖြစ်ပါသည်။ ယင်းသို့ ပျောက်သွားခြင်းသည် သန္တာနဒုသယအစုန်းမှ လွတ်သည် မည်ပါသည်။ သန္တာနဒုသယသဘောကို နောက်၌ အကျယ်ဆိုပါမည်။

ဝိပဿနာဒုဿသောအခါ ဘင်ဉာဏ် နောက်ပိုင်းမှ စ၍ အာရုံနှင့် အာရမ္မဏိကတို့၏ တခဲနက်(ဃန)သဘောသည် ပျက်ပြယ်၍ အနိစ္စ ဒုက္ခ၊အနတ္တသဘောသည် ထင်ရှားလာပါသည်။ ထို့ကြောင့် ထိုဉာဏ်စဉ်အဆင့်မှ စ၍ မဇ္ဈိမပဋိပဒါ(ဝိပဿနာ)သည် အာရမ္မဏာနုသယအစုန်းနှင့် သန္တာနာနုသယအစုန်းမှ တဖြည်းဖြည်းချင်း လွတ်သည် မည်ပါသည်။ လုံးလုံးလျားလျား လွတ်ခြင်းကိုကား နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက်ပြုသောအခါမှ ရနိုင်ပါသည်။ အာရမ္မဏာနုသယအစုန်းနှင့် သန္တာနာနုသယအစုန်းတို့မှ အနှစ်သာရအနေဖြင့် လွတ်သော်လည်း အာဒီနဝဉာဏ်အနေဖြင့် လွတ်ခြင်းမရှိသေးကြောင်း ဒုတိယပါအတိုင်း သိအပ်ပါသည်။ သို့ရာတွင် မဇ္ဈိမပဋိပဒါ

(ဝိပဿနာ)သည် အဆိုပါ အစွန်း(၂)ဘက်မှ လွတ်သည်ဟု-ဆိုအပ်ပါသည်။

(၄) အာရုံနှင့် အာရမ္မဏိကရှုထောင့်

အာရုံတို့သည် ပုထုဇဉ်တို့၏ ဒုါရများဌ အမှန်အတိုင်း ထင်သော်လည်း ထင်သည့်အဘိုင်း သိလာခြင်းမရှိပဲ အသုံးအခဲ အနေဖြင့်သာ သိလာကြပါသည်။ ယင်းသဒ္ဒာဘာကို ဥပနိဿဒ်ခေတ်ကပင် သိခဲ့ကြပါသည်။ မြင်သည်က တမျိုး၊ သိသည်က တမျိုးဖြစ်ပါသည်။ ဥပနိဿဒ်ခေတ် ပညာရှင်တို့သည် ထိုသို့သိလာသော အာရုံများကို အမှန်တရား၏ အရိပ်များ၊ မာယာများအဖြစ် သတ်မှတ်ပြီး ယင်းတို့၏နောက်ကွယ်ရှိ အမှန်တရားကို ရှာဖွေခဲ့ကြပါသည်။ ထိုသို့ရှာဖွေခြင်းသည် အမှန်တရား၏ အရိပ်မာယာ အာရုံများမှ လွတ်မြောက်ရန် ကြိုးစားခြင်းပင် ဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုရလျှင် အာရုံအစွန်းတဘက်မှ လွတ်မြောက်ရန် အားထုတ်ခြင်းဖြစ်ပါသည်။

တိတ္ထိယခေတ်သို ရောက်သောအခါ အာရမ္မဏိက အစွန်းတဘက်မှ လွတ်ရန် ကြိုးစားကြပြန်ပါသည်။ မိမိတို့၏သန္တာန်၌ ကံ၊ ကိလေသာတရားများ ကန်းအောင်းနေသရွေ့ကာလပတ်လုံး အမှန်အတိုင်း သိတတ်သော သိစိတ်များ ဖြစ်ပေါ်နိုင်ခြင်း မရှိကြောင်း တိတ္ထိယခေတ် ပညာရှင်များ သဘောပေါက်ပြီး ကံ၊ ကိလေသာများကို ကုန်ခန်းသွားစေရန် အားထုတ်ကြပါသည်။ "တပ"ကျင့်စဉ်များကို အပြင်းအထန်ကျင့်ကြပါသည်။ ထိုသို့ကျင့်ကြံခြင်းသည် အာရမ္မဏိက အစွန်းတဘက်မှလွတ်ရန် အားထုတ်ခြင်းပင်ဖြစ်ပါသည်။

ဗုဒ္ဓခေတ်တွင်မူ ဥပနိသျှဒ်ခေတ်၌ကဲ့သို့ အမှန်တရား၏အရိပ်၊ မာယာ အာရုံများမှ လွတ်မြောက်ရန် ယင်းတို့၏ နောင်ကွယ်ရှိ အမှန်တရားကို မရှာဖွေပဲ အာရုံတရားများကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘော ပေါ်လာအောင် တိုက်ရိုက်ရှုလာပါသည်။ တိတ္ထိယခေတ်၌ကဲ့သို့ မိမိတို့သန္ဓာန်ရှိ ကံ၊ ကိလေသာများ ကုန်ခန်းသွားစေရန် "တပ" ကျင့်စဉ်များကို မကျင့်ပဲ အဇ္ဈတ္တအာရမ္မဏိကများကိုပင် အာရုံဒ ဖြစ်ယူ၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော ပေါ်အောင် ရှုလာပါသည်။ အာရုံနှင့် အာရမ္မဏိ၊ (၂) မျိုးစုံမှ လွတ်မြောက်ရေး အတွက် ယင်း (၂)မျိုးစုံကိုပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘော ပေါ်ဒေ ၁င်ရှုပါသည်။ ဤသည်ကိုပင် မဇ္ဈိမပဋိပဒါဟု ခေါ်ပါသည်။ မဇ္ဈိမပဋိပဒါ (ဝိပဿနာ) ကျင့်စဉ်ဖြင့် မရှုမှတ်မီကာလ-က အာရုံတို့သည် လည်းကောင်း၊ အာရမ္မဏိကတို့သည် လည်းကောင်း ဃန သဘောကို ဆောင်ကြပါသည်။ ဝိပဿနာဉာဏ်စဉ် ရင့်သန်သော အခါမှသာ ဃန (အစိုင်အခဲ) သဘော ကွဲပျက်ပါသည်။ ထိုကြောင့် မဇ္ဈိမပဋိပဒါ (ဝိပဿနာ) သည် အာရုံအစုန်းနှင့် အာရမ္မဏိကအစုန်းမှ အနှစ်သာရအနေဖြင့် လွတ်မြောက် ၁ည်ဟု ဆိုအပ်ပါသည်။သို့ရာတွင် အသွင်သဏ္ဌာန်အားဖြင့်မူ "အာရုံ"အစုန်းနှင့် "အာရမ္မဏိကအစုန်းမှ လွတ်မြောက်ခြင်းမရှိပါ။ အာရုံနှင့် အာရမ္မဏိကတို့၏ ဆက်သွယ်မှုသည် ရှိမြဲ ရှိနေမည် ဖြစ်ပါသည်။

(၅) ဘဝနှင့် ပတ်ဝန်းကျင်ရှုထောင့်

ဘဝနှင့် ပတ်ဝန်းကျင် ဟူသော ဝေါဟာရသည် လောကရေးရာ ဝါဒသုံး ဖြစ်ပါသည်။ ယင်းကို ပိဋကတ်သုံးအနေဖြင့် ဆိုရလျှင် ဘဝသည် အဇ္ဈတ္တ၊ သန္ဓာနာနုသယ၊ အာရမ္မဏိက၊ ပဝတ္တတို့နှင့် တူပါသည်။ သဒ္ဒါသုံးအနေဖြင့်မူ "ကတ္တား"နှင့်တူပါသည်။ **ပတ်ဝန်း**

ကျင်သည် ဗဟိဒ္ဓ၊ အာရမ္မဏာနုသယ၊ အာရုံ၊ နိမိတ္တတို့နှင့် တူပါသည်။ သဒ္ဒါသုံးအနေဖြင့်မူ "က" နှင့်တူပါသည်။ ထို့ကြောင့် မဇ္ဈိမပဋိပဒါသည် ဘဝအစွန်းနှင့် ပတ်ဝန်းကျင်အစွန်းမှ အနှစ်သာရအားဖြင့် လွတ်မြောက်ပုံ၊ အသွင်သဏ္ဌာန်အားဖြင့်မူ မလွတ်မြောက်ပုံတို့ကို အထက်ဖော်ပြပါအတိုင်း နည်းမှီ၍ နားလည်အပ်ပါသည်။

လောကရေးရာ ဝါဒသုံးအနေဖြင့်လည်း ပတ်ဝန်းကျင်ကို ပြုပြင်ပြောင်းလဲရန်ကြိုးစားသောအခါ ကြိုးစားသူ၏ဘဝကိုပါ ပြောင်းလဲရန် ကြိုးစားပါမှ မဇ္ဈိမပဋိပဒါသဘော သက်ဝင်နိုင်ပါသည်။ သို့မဟုတ်ပါက အစွန်းတဘက်မှ မလွတ်မြောက်နိုင်သည့်အတွက် ဗုဒ္ဓခေတ်မတိုင်မီကာလက ပညာရှင်များ၏ ကြိုးစားချက်နှင့်တူမည်သာဖြစ်ပါသည်။

(၆) ကတ္တားနှင့် ကံရှုထောင့်

ကတ္တားနှင့်ကံရှုထောင့်မှာ သဒ္ဒါရှုထောင့်ဖြစ်ပါသည်။ ဝေါဟာရအနေဖြင့်ထူးသော်လည်း အဓိပ္ပါယ်အားဖြင့်မူ အထက်ပါအတိုင်းပင်ဖြစ်ပါသည်။ ကတ္တားသည် ဒ ဏ္ဍတ္တ၊ သန္တာနာနုသယ၊ အာရမ္မဏိက၊ ဘဝ၊ ပဝတ္တနှင့် တူပါသည်။ ကံသည် ဗဟိဒ္ဓ၊ အာရမ္မဏာနုသယ၊ အာရုံ၊ ပတ်ဝန်းကျင်၊ နိမိတ္တနှင့်တူပါသည်။ ထို့ကြောင့် မဇ္ဈိမပဋိပဒါအနေဖြင့် ကတ္တားနှင့်ကံမှ လွတ်မြောက်ပုံကို နားလည်နိုင်ပါသည်။

(၇) ပဝတ္တနှင့် နိမိတ္တရှုထောင့်

ပဝတ္တနှင့် နိမိတ္တမှာ ဝိပဿနာရှုထောင့် ဖြစ်ပါသည်။ ဝိပဿနာဉာဏ်စဉ်များကို ဖေါ်ပြရာတွင် ယင်းဝေါဟာရကို သုံးပါသည်။ သဘောအားဖြင့်မူ ပဝတ္တသည် အဇ္ဈတ္တ၊ သန္တာနာနုသယ၊ အာရမ္မ-

ထိုက၊ ဘာဝ၊ ကတ္တားနှင့် တူပါသည်။ နိမိတ္တသည် ဗဟိဒ္ဓ၊ အာရမ္မဏာနုသယ၊ အာရုံ၊ ပတ်ဝန်းကျင်၊ ကံနှင့် တူပါသည်။ ထို့ကြောင့် မဇ္ဈိမပဋိပဒါသည် ပဝတ္တနှင့် နိမိတ္တမှ လွတ်မြောက်ပုံကို နားလည်နိုင်ပါသည်။

မဇ္ဈိမပဋိပဒါအနေဖြင့် ပဝတ္တ နှင့် နိမိတ္တမှ လွတ်မြောက်ပုံကို ဝိပဿနာအခန်းတွင် အကျယ် ဖော်ပြထားပါသည်။

(ဂ) ဒုက္ခသစ္စာနှင့် သမုဒယသစ္စာရှင်းထောင့်

ဒုက္ခသစ္စာနှင့် သမုဒယသစ္စာသည် ဒ ချင်းချင်း အကျိုး အကြောင်း ဆက်သွယ်မှုကို အခြေခံသော လောကီသစ္စာများ ဖြစ်ကြပါသည်။ သတ္တဝါတို့သည် ယင်းသစ္စာနှစ်ပါး၏ အကျဉ်းသား များ ဖြစ်ကြပါသည်။ ဥပနိဿဒ်ခေတ်တွင် ဒုက္ခသစ္စာကို ပိုင်းခြားဖြ သိခြင်းအားဖြင့် ဒုက္ခသစ္စာမှ လွတ်မြောက်ရန် ကြိုးစားပြီး တိတ္ထိယ ခေတ်တွင် သမုဒယသစ္စာကို ပယ်ခြင်းအားဖြင့် သမုဒယသစ္စာမှ လွတ်မြောက်ရန် ကြိုးစားခဲ့ကြပါသည်။ သို့ရာတွင် ထိုသစ္စာ(၂)ပါး သည် အစွန်း (၂) ဘက် သ ဘော ရှိသဖြင့် အစွန်းတဘက်မှ လွတ် သော်လည်း အခြား အစွန်းတဘက်သည် တန်းလန်းကျန်ရစ်ပါသည်။ ထို့ကြောင့် တန်းလန်းကျန်ရစ်ခြင်း ည် အစွန်း(၂)ဘက်မှ လွတ်သော မဇ္ဈိမပဋိပဒါ(ဝိပဿနာ)ကို မတွေ့ရှိခဲ့သောကြောင့် ဖြစ်ပါသည်။

ဗုဒ္ဓခေတ်တွင်မူ မဇ္ဈိမပဋိပဒါ(ဝိပဿနာ)ကို တွေ့ရှိခဲ့ပါသည်။ ဒုက္ခ သစ္စာမှလွတ်မြောက်ရန် သစ္စာထိုက်သည့် ဒုက္ခတရား အာရုံသင်္ခါရ (နိမိတ္တ) များကို လောကီလူသားတို့ သိမြင်နေကြသည့်အတိုင်း အကောင်းထည် အစိုင်အခဲအနေဖြင့် မမြင်မိရန် လိုအပ်ပါသည်။ သစ္စာထိုက်သည့် ဒုက္ခတရားများကို အနိစ္စသဘော၊ ဒုက္ခသဘော၊

အနတ္တသဘောပေါ်လာအောင် ကြည့်ရန်လိုအပ်ပါသည်။ ဝိပဿနာသည် ထိုအတိုင်းကြည့်ခဲ့ပါသည်။

သမုဒယသစ္စာမှ လွတ်မြောက်ရန် သစ္စာထိုက်သည့် သမုဒယတရားအာရမ္မဏိကသခ်ါရ(ပဝတ္တ)များကိုပါ လောကီလူသားတို့ သိမြင်နေကြသည့်အတိုင်း အကောင်အထည် အစိုင်အခဲအနေဖြင့် မမြင်ရန်လိုအပ်ပါသည်။ယင်းတို့ကိုအနိစ္စသဘော၊ဒုက္ခသဘော၊အနတ္တသဘောပေါ်လာအောင် ကြည့်ရန်လိုအပ်ပါသည်။ ဝိပဿနာသည် ထိုအတိုင်းကြည့်ခဲ့ပါသည်။

ဝိပဿနာသည် ထိုအတိုင်းကြည့်သောအခါ ဝိပဿနာဥပါဝင်သောမဂ္ဂင်တရားများသည် ဗောဓိပက္ခိယအဆင့်သို့တဖြည်းဖြည်းရောက်လာပါသည်။ ဥပစာရ မဇ္ဈိမပဋိပဒါမှ မုချ မဇ္ဈိမပဋိပဒါသို့ သက်ဝင်လာပါသည်။ ထိုသို့ သက်ဝင်လာသည်နှင့် တပြိုင်နက် ပဂ္ဂိုလ်၊ သတ္တဝါ(အတ္တ)သဘောသည် ပျောက်ကွယ်သွားပါသည်။ ပဂ္ဂိုလ်၊ သတ္တဝါ(အတ္တ)သဘော ပျောက်ကွယ်သွားခြင်းသည်ပင် သမုဒယသစ္စာ(ပဝတ္တ)တည်းဟူသော အစွန်းတဘက်မှ လွတ်မြောက်ခြင်းမည်ပါသည်။ ပဂ္ဂိုလ်၊ သတ္တဝါ(အတ္တ)သဘော ပျောက်ကွယ်သွားသည်နှင့် တပြိုင်နက် သိမ်းပိုက်စရာ(အတ္တနိယ)သဘောသည်လည်း ပျောက်ကွယ်သွားပါသည်။ သိမ်းပိုက်စရာ(အတ္တနိယ)သဘော ပျောက်ကွယ်သွားခြင်းသည်ပင် ဒုက္ခသစ္စာ(နိမိတ္တ)တည်းဟူသော အစွန်းတဘက်မှ လွတ်မြောက်ခြင်းမည်ပါသည်။

ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ(၂)ပါးမှ လွတ်မြောက်ရေးအတွက် မဂ္ဂင်(၈)ပါးတည်းဟူသော မဂ္ဂသစ္စာကို ပွားများရန် လိုအပ်ပါသည်။ သာမန်လောကီအဆင့်မှ ဗောဓိပက္ခိယအဆင့်သို့ ရောက်လာအောင်

ကျင့်ကြံရန်လိုအပ်ပါသည်။ နာနာရဿအဆင့်မှ ဧကရဿအဆင့်သို့ ရောက်လာအောင် အားထုတ်ရန်လိုအပ်ပါသည်၊ထိုသိအားထုတ်သော အခါ မဂ္ဂင်(၈)ပါးမစ္ဆိမပဋိပဒါတရားတို့သည် အရည်အသွေးပွားများခြင်း (ဘာဝနာ)ကိစ္စပြည့်စုံ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုက်သည်နှင့်တပြိုင်နက် ဒုက္ခသစ္စာ(နိမိတ္တ)နှင့် သမုဒယသစ္စာ (ပဝတ္တ) တို့မှ တပြိုင်နက် (ဧကက္ခဏ) တချက်တည်း (ဧကရဿ) သဘောဖြင့် လွတ်မြောက်ကြပါသည်။

ဤနေရာ၌ လွတ်မြောက်ခြင်းဆိုသည်မှာ မစ္ဆိမပဋိပဒါ(မဂ်)သည် ဒုက္ခသစ္စာအုပ်စုတည်းဟူသော အာရုံသင်္ခါရများကို အာရုံမပြုတော့သည့်အတွက် အာရုံသင်္ခါရမှ လွတ်မြောက်ခြင်း၊ သမုဒယသစ္စာအုပ်စုတည်းဟူသော သိမ်းပိုက်တတ်သော အာရမ္မဏိကသင်္ခါရများ အနေဖြင့် အစဉ်အလာ သိမ်းပိုက်နေကျဖြစ်သော သိမ်းပိုက်စရာ အာရုံသင်္ခါရအုပ်စု မရှိတော့သည့်အတွက် မသိမ်းပိုက်နိုင်တော့၍ သိမ်းပိုက်တတ်သောသဘောမှ လွတ်မြောက်ခြင်းကို ဆိုခြင်းဖြစ်ပါသည်။ ထိုသို့ လွတ်မြောက်ရာတွင် မဂ်သည် နိဗ္ဗာန်ကို အာရုံပြုပြီး မိမိကိုယ်ကို ဧကရဿ (ဝိမုတ္တိရဿ) ဖြစ်အောင် ပွားစည်းနိုင်မှ လွတ်မြောက်ခြင်းဖြစ်နိုင်သဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းနှင့် မိမိကိုယ်ကိုပွားစည်းခြင်း ကိစ္စ(၂)ရပ်လည်း မူလင ခြေခံအနေဖြင့် ပါဝင်ပါသည်။

ဤနည်းအားဖြင့် မစ္ဆိမပဋိပဒါ(မဂ်)သည် သင်္ခါရကို အာရုံမပြုတော့ပဲ နိဗ္ဗာန်ကိုအာရုံပြုပြီး သမုဒယသစ္စာကိုပယ်သဖြင့်သင်္ခါရတရားတည်းဟူသော ဒုက္ခသစ္စာမှလည်း လွတ်ပါသည်။ အနုသယကိလေသာတည်းဟူသောသမုဒယသစ္စာမှလည်း လွတ်ပါသည်။ထိုကြောင့် မဂ်ကို ဒုက္ခသစ္စာအစွန်းနှင့် သမုဒယသစ္စာအစွန်းတည်းဟူသော အစွန်းနှစ်

ဘက်မှ လွှတ်ခြင်း(ဥဘတော ဝုဋ္ဌာန)ကြောင့် မဇ္ဈိမပဋိပဒါဟု ခေါ်ခြင်းဖြစ်ပါသည်။မင်္ဂလာရှေးဦးဖြစ်သော ဝိပဿနာကုသိုလ်များကို ဒုက္ခသစ္စာပိုင်းအာရုံများ၏ "ဃန" အစုန်းနှင့် သမုဒယသစ္စာပိုင်းအာရမ္မဏိကတို့၏ "အတ္တအစုန်းမှ" လွှတ်မြောက်သောကြောင့် အကျိုး၏အမည်ကို အကြွင်းဒု တင်စားခြင်း(ဖလူပစာရ)အားဖြင့် မဇ္ဈိမပဋိပဒါဟု ဆိုပါသည်။မင်္ဂလာနောက်ဦးဖြစ်သောဖိုလ်စိတ်နှင့်ကြိယာဇောစိတ်များကိုမူ မိမိတိုအနေဖြင့် နောက်ထပ်ဆောင်ရွက်ရန် လွှတ်မြောက်မှု လုပ်ငန်းမရှိသော်လည်း ဓာတ်စိတ်အခိုက်ကပင် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတည်းဟူသော အစွန်းနှစ်ဘက်တိမှ လွှတ်မြောက်ပြီး ဖြစ်ခြင်းကြောင့် အကြောင်း၏ အမည်ကို အကျိုးဒု တင်စားခြင်း (ကာရကူပစာရ) အားဖြင့် မဇ္ဈိမပဋိပဒါဟု ဆိုပါသည်။ ဤနေရာဒု်လည်း အနှစ်သာရအားဖြင့် လွှတ်မြောက်ပုံ၊ အသွင်သဏ္ဌာန်အားဖြင့် မလွှတ်မြောက်ပုံတို့ကို နားလည်အပ်ပါသည်။

(၉) အဝိဇ္ဇာနှင့် တဏှာရှုထောင့်

အဝိဇ္ဇာသည် သံသရာ(ဘဝစ ်)၏ ရှေးပိုင်းမူလ(ပုဗ္ဗန္တသ အဝိဇ္ဇာ မူလ)ဖြစ်၍ တဏှာသည် သံသရာ(ဘဝစက်)၏ နောက်ပိုင်းမူလ (အပရန္တသ တဏှာ မူလ)ဖြစ်ပါသည်။ ထို့ကြောင့် လောကသံသရာမှလွှတ်မြောက်လိုလျှင် ယင်းမူလအစွန်း(၂)ဘက်မှ လွှတ်မြောက်ရန်လိုအပ်ပါသည်။ ဤနေရာ၌ အဝိဇ္ဇာနှင့်တဏှာသည် အစွန်းတရား(၂)ပါးဖြစ်သော်လည်း အဘိဓမ္မာသဘောအားဖြင့် အချင်းချင်း ပဋိပက္ခအသွင်ကိုမဆောင်ပဲအမြဲတမ်းယှဉ်တွဲသည့်သဘောကိုဆောင်ပါသည်။ သို့ရာတွင် ဓမ္မဒါယာဒသုတ်စသော ကျမ်းဂန်များ၌မူ အဘိဇ္ဈာနှင့် ဒေါမနဿအနေအားဖြင့်လည်းကောင်း၊လောဘနှင့်ဒေါသအနေအားဖြင့်လည်းကောင်း တဏှာအရ အဝိဇ္ဇာယှဉ်သော လောဘမူစိတ်နှင့်

အဲဝိဇ္ဇာအရ အဝိဇ္ဇာယဉ်သော ဒေါသမူစိတ်တို့ကိုယူပြီး သုတ္တန်သဘော အားဖြင့် အချင်းချင်းဆန့်ကျင်သော ပဋိပက္ခအသွင်ကိုလည်းကောင်း၊ ဥပနိဿဒ်ခေတ်ကျင့်စဉ်နှင့် တိတ္ထိယခေတ် ကျင့်စဉ်သမိုင်းအရ အချင်းချင်းဆန့်ကျင်သောပဋိပက္ခအသွင်ကိုလည်းကောင်း ဆောင်ခဲ့ပါသည်။

ကျင့်စဉ်သမိုင်းအရ ဥပနိဿဒ်ခေတ်တွင် လောကသည် အဝိဇ္ဇာဖြစ်၍ ဗြဟ္မာသည် ဝိဇ္ဇာဖြစ်သည်ဟု ယုံကြည်ကြပါသည်။ ထို့ကြောင့် လောကမှ လွတ်မြောက်ရေးအတွက် လောကနောက်ကွယ်ရှိဗြဟ္မာကို သိရန် အားထုတ်ကြခြင်းဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုရလျှင် အာရုံပိုင်းကို အလေးထားခြင်းဖြစ်ပါသည်။ ဤသည်ကိုပင် လောက၏ အစွန်းတဘက်မှ လွတ်မြောက်ရန် အားထုတ်ခြင်းဟု ဆိုအပ်ပါသည်။

တိတ္ထိယခေတ်တွင်မူ အာရမ္မဏိကပိုင်းကို အလေးထားခဲ့ပါသည်။ လိုချင်တပ်မက်မှုများ အားလုံးကို ပယ်ရန် ကြိုးစားခဲ့ပါသည်။ ဤသည်ကိုလည်း လောက၏ အစွန်းတဘက်မှ လွတ်မြောက်ရန် အားထုတ်ခြင်းဟု ဆိုအပ်ပါသည်။

ဗုဒ္ဓခေတ်ရောက်သောအခါ ဥပနိဿဒ်ခေတ် အစွန်းတဘက်နှင့် တိတ္ထိယခေတ်အစွန်းတဘက်မှ လွတ်မြောက်ရန် ပဋိစ္စသမုပ္ပါဒ်ဒေသနာကို ဟော ကြား တော် မူ ခဲ့ ပါ သည်။ ဥပနိဿဒ်ခေတ် ပညာရှင်တို့ နားလည်စေရန် ဥပနိဿဒ်ခေတ်အစွန်းကို အဘိဓမ္မာဝေါဟာရများဖြင့် အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ဝေဒနာ ဟူ၍ ဖော်ပြပြီး တိတ္ထိယခေတ်အစွန်းကိုမူ တိတ္ထိယခေတ် ပညာရှင်တို့ နားလည်စေရန် ထိုခေတ် အရပ်သုံး ဝေါဟာရများဖြင့် တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ ပရဏာဟူ၍ ဖော်ပြခဲ့ပါသည်။ ဗုဒ္ဓခေတ် ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အကြောင်းအကျိုး အုပ်စုအားဖြင့်

(၂)မျိုးခွဲပြီး ယင်းဒေသနာတော်အရ အကြောင်းအကျိုးဆက်သွယ်မှုသဘောကို အပြည့်အစုံ ဖော်ပြနိုင်ပါသည် –

(က) အကြောင်းအုပ်စု

ဒေါသ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကမ္မဘဝ။

(ခ) အကျိုးအုပ်စု

ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊

(ဥပပတ္တိဘဝ၊ ဇာတိ၊ ဇရာ မရဏ)

ဥပနိဿဒ်ခေတ်တွင် အကြောင်းအုပ်စုအတွက် အဝိဇ္ဇာနှင့် သင်္ခါရကိုသာ နားလည်ပြီး တိတ္ထိယခေတ်တွင် အကြောင်းအုပ်စုအတွက် တဏှာနှင့် ဥပါဒါန်ကိုသာ နားလည်ခဲ့ပါသည်။ ပုဒ္ဓခေတ်တွင်မူ အကြောင်းအုပ်စုအတွက် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ကမ္မဘဝတို့ကို အပြည့်အစုံ ဖော်ပြခဲ့ပါသည်။ လောကဓဝါဟာရအားဖြင့် အောက်ပါအတိုင်းဖြစ်ပါသည်—

- မသိလျှင် (အဝိဇ္ဇာ) လိုချင် (တဏှာ)
- လိုချင်လျှင် (တဏှာ) စွဲလမ်း (ဥပါဒါန်)
- စွဲလမ်းလျှင် (ဥပါဒါန်) အားထုတ် (သင်္ခါရ)
- အားထုတ်လျှင် (သင်္ခါရ) အလုပ်ဖြစ်၏ (ကမ္မဘဝ)

အကျိုးအုပ်စုအတွက် ခေတ်အလိုက် နားလည်စေရန် အသုံးပြုထားသော ဝေါဟာရချင်းမတူသော်လည်း အရကောက်မှာမူ အတူတူပင်ဖြစ်ပါသည်။ ဥပပတ္တိဘဝ၊ ဇာတိ၊ ဇရာ မရဏဟူသည် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတို့ပင် ဖြစ်ပါသည်။

ဝါဒရေးရာအရ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် သဿတဝါဒ အစွန်းနှင့် ဥစ္ဆေဒဝါဒအစွန်းတည်းဟူသော အစွန်း (၂) ဘက်တို့မှ လွတ်မြောက်သော မဇ္ဈိမပဋိပဒါဖြစ်ပါသည်။ ယင်းကို ဓိဘင်္ဂဝါဒဟူ၍လည်း ခေါ်ပါသည်။ ဤနေရာ၌ ဥပနိဿဒ်ခေတ်ကျင့်စဉ် (အဝိဇ္ဇာပဓာန)အစွန်းနှင့် တိတ္ထိယခေတ်ကျင့်စဉ်(တဏှာပဓာန) အစွန်းတို့မှ လွတ်မြောက်မုံကိုသာ ပြလိုရင်းဖြစ်ပါသည်။

မဇ္ဈိမသမုပ္ပါဒ်ဒေသနာတော်ကို မည်သူ့ဆွေးတို့သည် ရှုထောင့် (၃) မျိုးမှ ချဉ်းကပ်ကြပါသည်။ ယင်းရှုထောင့်(၃)မျိုးတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည် —

(က) အနုမာနရှုထောင့် (လောက)
(ခ) ပစ္စက္ခရှုထောင့် (ဝိပဿနာ)
(ဂ) သစ္ဆိကရဏရှုထောင့် (လောကုတ္တရာ)

အနုမာနရှုထောင့်

လောက(ဘဝစက်)သည် ကြောင်းကျိုးဆက် သဘောအရသာဖြစ်၏။ ထာဝရဘုရားသခင် ဖန်ဆင်း၍ ဖြစ်သည်မဟုတ်။ ထိုသို့ဖြစ်ရာတွင် အကြောင်းရှိမှ အကျိုးဖြစ်ပြီး အကြောင်းမရှိလျှင် အကျိုးမဖြစ်ပေါ်နိုင်သဖြင့် မမြဲခြင်း (အနိစ္စ)သဘောကိုလည်း ပြပါသည်။ ဆင်းရဲခြင်း(ဒုက္ခ)သဘောကိုလည်း ပြပါသည်။ ထို့အပြင် တိတ္ထိတို့ကြုံဆအယ်သော အလိုသို့ လိုက်စေနိုင်သည့် အသက် လိပ်ပြာ အတ္တကောင်ဟူသော အနှစ်သာရမရှိသည့် (အနတ္တ) သဘောကိုလည်း ပြပါသည်။

ပဋိစ္စသမုပ္ပါဒ်သည် သဿတနှင့် ဥစ္ဆေဒတည်းဟူသော အစွန်း(၂)ဘက်မှ လွတ်သည့် မဇ္ဈိမပဋိပဒါဖြစ်ပါသည်။ ဤနေရာ၌ မဇ္ဈိမ

ပဋိပဒါကို အဓိပ္ပါယ် (၂) မျိုး ယူကြပါသည်။ ပုဂ္ဂိုလ်သဘောနှင့် ဓမ္မသဘောတို့ဖြစ်ပါသည်။ ပုဂ္ဂိုလ်သဘော အရ သဿတနှင့် ဥစ္ဆေဒ တို့မှလွတ်စေရန် ဤလောကဌ် ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိပဲ ရုပ်နာမ်ဓမ္မ တို့သာရှိပြီး ယင်းရုပ်နာမ်ဓမ္မတို့သည်လည်း ကေတ္တာ၊ နာနတ္တာ၊အဘျာပါရ၊ ဝေဝံဓမ္မတာနည်း တို့အရ ကြောင်းကျိုးဆက်နွယ်မှုသဘောအတိုင်းသာ ဖြစ်ကြပါသည်။ ဤသည်မှာ မဇ္ဈိမပဋိပဒါ၏ ပထမအဓိပ္ပာယ်ဖြစ်ပါသည်။ ယင်းကို "ပုဂ္ဂလအနတ္တာ၊ ပုဂ္ဂလသုညတာ"ဟူ၍လည်း ခေါ်ပါသည်။ ထို့အပြင် ဓမ္မသဘော အရ ရုပ်နာမ်တို့သည်လည်း ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေကြသည်သာဖြစ်ပါသည်။ ပထမခဏဌိဖြစ်သော ရုပ်နာမ်တို့သည် ပထမခဏဌိသာ ပျက်ကြပါသည်။ ဒုတိယခဏသို့ မကူးပါ။ အကယ်၍ ပထမခဏဌိ ဖြစ်သော ရုပ်နာမ်တို့သည်ပင် ဒုတိယခဏသို့ကူး၍ ဖြစ်ကြသည်ဟုယူလျှင် သဿတဝါဒကို လက်ခံရာ ရောက်ပါသည်။ ပထမခဏဌိဖြစ်သော ရုပ်နာမ်များက သတ်သတ်၊ ဒုတိယခဏဌိဖြစ်သော ရုပ်နာမ်များက သတ်သတ်၊ ယင်းတို့အကြား ဘာမျှ ဆက်နွယ်မှုမရှိဟုယူလျှင်လည်း ဥစ္ဆေဒဝါဒကို လက်ခံရာရောက် ပါသည်။ ထို့ကြောင့် ထိုဝါဒအစွန်း (၂) ဘက်မှ လွတ်စေရန် ပထမခဏဌိဖြစ်သော ရုပ်နာမ်တို့နှင့် ဒုတိယခဏဌိဖြစ်သော ရုပ်နာမ် တို့သည် အနုလောမ ပဋိစ္စသမုပ္ပါဒ်သဘောအရ ကြောင်းကျိုးဆက် နွယ်မှုသဘောအတိုင်းဖြစ်သော်လည်း ပဋိလောမပဋိစ္စသမုပ္ပါဒ် သဘောအရ ကြောင်းကျိုးဆက်နွယ်မှုသဘော ပြတ်တောက်ပြီး ချုပ်ငြိမ်းကြပါသည်။ ဤသည်မှာ မဇ္ဈိမပဋိပဒါ၏ ဒုတိယအဓိပ္ပါယ်ဖြစ် ပါသည်။ ယင်းကို "ဓမ္မအနတ္တာ၊ ဓမ္မသုညတာ"ဟူ၍လည်း ခေါ်ပါသည်။ ဤသည်မှာ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အနုမာနရူဏောင့်မှ ချဉ်းကပ်နည်းဖြစ်ပါသည်။

ပစ္စက္ခရူထောင့်

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို လေ့လာလျှင် အဖွဲ့တွဲသန္ဓာန်ရှိ ရုပ်နာမ်တရားများကိုသာ အလေးထားပြီး ဖော်ပြထားကြောင်းတွေ့ ရပါသည်။ အမှန်အားဖြင့် ဗဟိဒ္ဓသန္တာန်ရှိ ရုပ်နာမ်တရားများသည် ခန္ဓာရုံ (၆) ပါးဌာ သူ့သဘော သူဆောင်ကာ အမှန်အတိုင်းထင်လာသော်လည်း ထင်သည့်အတိုင်းမသိပဲ တလဲ့တချော်သိသောကြောင့် ဘာဝစက်ဖြစ်ပေါ်လာရခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် သစ်ငုတ်တိုကို မြင်ပါလျက် လူထင်သူက ထင်၍ သရဲထင်သူက ထင်သည့်သဘောမျိုး ဖြစ်ပါသည်။ ထို့ကြောင့် ဘာဝစက်မှ လွတ်ထွက်လိုပါလျှင် အာရုံပိုင်းကိုပြင်ရန် မလိုပဲ အာရုံမဏ္ဍိကပိုင်းကိုသာ ပြင်ရန်လိုပါသည်။ အာရုံမဏ္ဍိက (သီစိတ်) များသည် အမှန်အတိုင်း သိမြင်သွားသောအခါ ဘဝစက်မှ မလွဲမသွေလွတ်မည်ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုရလျှင် အာရုံမဏ္ဍိကပိုင်းကို ပြင်လိုက်ပါက အာရုံပိုင်းသည် အလိုလိုပြင်ပြီးသားဖြစ်ပါသည်။

သံသရာဘဝစက်တွင် အဝိဇ္ဇာသည် ပဓာနကျပါသည်။ ဤနေရာ၌ အဝိဇ္ဇာဆိုသည်မှာ အနုသယအဆင့် အဝိဇ္ဇာကို ဆိုလိုပါသည်။ အနုသယအဆင့်အဝိဇ္ဇာကို သမုစ္ဆေဒပဟာန်ဖြင့် မပယ်နိုင်သေးသရွေ့ ကာလပတ်လုံး ရုပ်နာမ်အာရုံများကို အမှန်အတိုင်း မသိအောင် အဝိဇ္ဇာက ဝင်ရောက် နှောင့်ယှက်နေမည် ဖြစ်ပါသည်။ အနုသယ-အဝိဇ္ဇာ၏ လုပ်ငန်းမှာ ဝင်ရောက်နှောင့်ယှက်ခြင်း ဖြစ်ပါသည်။ ဝင်ရောက် နှောင့်ယှက်ခြင်းဆိုသည်မှာ အာရုံပိုင်းတွင် အာရုံမဏ္ဍာ-နုသယ အနေဖြင့် အပိုင်းပိုင်းအပြတ်ပြတ်သဘော မပေါ်အောင်၊ အာရုံမဏ္ဍိက(သီစိတ်)ပိုင်းတွင် သန္ဓာနာနုသယအနေဖြင့် ပဋိပုဂ္ဂိုလ်သိ သဘောပေါ်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ အဝိဇ္ဇာနုသယ

သည် ဒုက္ခသစ္စာနည်းတူ အခြားသစ္စာမျှားနှင့်ပတ်သက်ရာဌာလည်း ဝင်ရောက် နှောင့်ယှက်ခြင်းလုပ်ငန်းကို ဆောင်ရွက်သည်ပင် ဖြစ်ပါသည်။

အဝိဇ္ဇာအရ တဏှာနှင့်ဥပါဒါန်ကိုလည်း ယူရပါသည်။ ယင်းတို့ကို **ကိလေသဝဋ်**ဟု ခေါ်ပါသည်။ ကိလေသဝဋ်သည် အနုသယသဘော ဖြင့် "ငါ" ယောင်ဆောင်ပါသည်။ ကိလေသဝဋ် ရှိနေသေးသရွေ့ အနုသယအနေဖြင့် "ငါ"ရှိနေမည်ဖြစ်ပါသည်။ ထို့ကြောင့် ကုသိုလ်လုပ်ငန်း၌ ဖြစ်စေ၊ အကုသိုလ်လုပ်ငန်း၌ ဖြစ်စေ ကိလေသဝဋ်သည် ကာရက၊ ဝေဒက(ငါ)အနေဖြင့် ပါဝင်နေခြင်းဖြစ်ပါသည်။ ယင်းကဲ့သို့ ကိလေသဝဋ်က အနုသယက်လေသာ "ငါ"အနေဖြင့် ပါဝင်နေသောကြောင့်သာ ထိုထို စိတ် စေတသိက်တို့က မိမိတို့သဘော အတိုင်း မသိနိုင်ပဲ အတုံးအခဲလိုက်၊ အကောင်အထည်လိုက် သိနေခြင်း ဖြစ်ပါသည်။ လောဘစိတ်က ဓမ္မအနေဖြင့် လိုချင်ခြင်းမဟုတ်ပဲ "ငါ"အနေဖြင့် လိုချင်ခြင်း(တဏှာနုသယ)၊ဒုက္ခဖြစ်ပါလျက် သုခဟု မှတ်ထင်၍ လိုချင်ခြင်း (အဝိဇ္ဇာနုသယ)၊ ဒြပ်၊ ပုံသဏ္ဌာန် မရှိပါပဲလျက် ဒြပ်၊ ပုံသဏ္ဌာန်ဟု မှတ်ထင်၍ လိုချင်ခြင်း (အနုသယအဆင့် ဥပါဒါန်)မျိုး ဖြစ်ပါသည်။

အနုသယအဆင့် ကိလေသာဆိုသည်မှာ စိတ် စေတသိက်တို့၏ လုပ်ငန်း၌ ဥပါဒ်၊ ဌီ၊ ဘင် အနေဖြင့် တိုက်ရိုက်ပါဝင်ခြင်းမရှိပဲ ပုဂ္ဂိုလ် (ကာရက၊ ဝေဒက) သဘော ပါဝင်အောင်၊ အတုံးအခဲ (ဃန) သဘောပါဝင်အောင် အရှိန်အဝါပေးခြင်း ဖြစ်ပါသည်။

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ သက်ရှိ ရုပ်နာမ် (အင္ဂါတ္တ-သန္တာန်) သည်သာ ဘဝစက်လည်ခြင်းဖြစ်သဖြင့် ယင်း ဘဝစက်ရပ်တန့်စေရန် ပစ္စုပ္ပန်အကျိုးတရား (၅)ပါးကို ဝိပဿနာ ရှုရမည်

ဖြစ်ပါသည်။ ဥပါဒါနပစ္စယာ ဘဝေါအရ ပစ္စုပ္ပန်အကျိုးတရား၌(၅) ပါးသည် ဥပါဒါနကွန်ဒ ဖြစ်ပါသည်။ အဘယ့်ကြောင့် ဆိုသော် ပစ္စုပ္ပန်အကျိုး (၅)ပါးတွင် အတိတ်အကြောင်း (၅)ပါး၊ ပစ္စုပ္ပန် အကြောင်း (၅)ပါးနှင့် အနာဂတ်အကျိုး (၅)ပါးတို့ ပါဝင်သော ကြောင့် ဖြစ်ပါသည်။ စကြဝဠာ (Macrocosm) နှင့် အဏုမြူ (Microcosm)တို့သည် အရှယ်အစားချင်း မတူသော်လည်း သဘောချင်း တူသကဲ့သို့ ပဋိစ္စသမုပ္ပါဒ်တခုလုံး (Macrocosm) နှင့် ပစ္စုပ္ပန်အကျိုး (၅)ပါး (Microcosm)တို့သည် အရေအတွက် ချင်း မတူသော်လည်း သဘောအားဖြင့် တူပါသည်။ ထို့ကြောင့် ပစ္စုပ္ပန်အကျိုး (၅) ပါးကို အမှန်အတိုင်းသိလျှင် ပဋိစ္စသမုပ္ပါဒ် (ဘဝစက်) တခုလုံးကို အမှန်အတိုင်း သိပါသည်။

ပစ္စုပ္ပန်အကျိုးတရား (၅)ပါးတွင် အလယ်ချက် သဋ္ဌာယတန (ဒွါရဲ့ခြောက်ပါး)၌ ပစ္စုပ္ပန်ကျကျ ထင်လာသော ဝိညာဏ်၊ နာမ် ရူပ်၊ ဖဿ၊ ဝေဒနာ တို့ကို အမှန်အတိုင်း အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော ပေါ်လာအောင် ရှုမြင်နိုင်ပါက အနုလောမ ပဋိစ္စ-သမုပ္ပါဒ်ကို သိမြင်နားလည်ပြီး ဘဝစက် ချုပ်ငြိမ်းသွားမည်ဖြစ်ပါသည်။ အနုလောမ ပဋိစ္စသမုပ္ပါဒ်ကို နားလည်လျှင် ဤသို့ သိမြင်လာမည်ဖြစ်ပါသည်—

ကမ္မံ နတ္ထိ ဝိပါကမ္မိ၊ ပါကော ကမ္မေ နု ဝိဇ္ဇတိ။
အညမညံ ဥဘော သုညာ၊ နု စ ကမ္မံ ဝိနာ ဖလံ။
(ဝိသုဒ္ဓိမဂ္ဂ၊ ဒုတိယတွဲ-၂၃၈)

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ။
(သဂါထာဝဂ္ဂသံယုတ္တပါဠိ-၁၃၇)

(ဝိပါကမ့်၊ အကျိုးတရား၌။ ကမ္မံ၊ အကြောင်းတရားသည်။ နတ္ထိ၊ မရှိ။ ကမ္မေ၊ အကြောင်းတရား၌။ ပါကော၊ အကျိုးတရားသည်။ နော ဝိဇ္ဇတိ၊ မရှိ။ ဥဘော၊ အကြောင်းအကျိုး (၂)မျိုးတို့သည်။ အညမညံ၊ အချင်းချင်း။ သုညာ၊ ဆိတ်သုဉ်းကုန်၏။ စ၊ ထိုသို့ဖြစ်ပါလျက်။ ဖလံ၊ အကျိုးသည်။ ကမ္မံ၊ အကြောင်းကို။ ဝိနာ၊ ကြဉ်၍။ နော၊ မဖြစ်)။

(ဒုက္ခမေဝ ဟိ၊ ဒုက္ခသည်သာလျှင်။ သမ္ဘောတိ၊ ဖြစ်၏။ ဒုက္ခံ၊ ဒုက္ခသည်။ တိဋ္ဌတိ စ၊ တည်လည်းတည်၏။ ဝေတိ စ၊ ပျက်လည်းပျက်၏။ ဒုက္ခာ၊ ဒုက္ခမှ။ အညတြ၊ တပါး။ နသမ္ဘောတိ၊ မဖြစ်။ ဒုက္ခာ၊ ဒုက္ခမှ။ အညံ၊ တပါး။ နနိရုဇ္ဈတိ၊ မချုပ်)။

ဤသည်မျှားမှာ ပစ္စုပ္ပန်အကျိုး (၅)ပါးမှနေ၍ ဝိပဿနာရှုလျှင် အနုလောမပဋိစ္စသမုပ္ပါဒ်(ဘဝစက်) တခုလုံးကို ပစ္စုပ္ပန်ကျကျ သိမြင်နားလည် နိုင်သောကြောင့် ပဋိစ္စသမုပ္ပါဒ်ကို ပစ္စက္ခရှုထောင့်မှ ချဉ်းကပ်နည်း ဖြစ်ပါသည်။

သစ္ဆိကရဏရှုထောင့်

ပဋိစ္စသမုပ္ပါဒ်သည် မဇ္ဈိမပဋိပဒါကိုပြသော ဒေသနာဖြစ်ပါသည်။ မဇ္ဈိမပဋိပဒါ၏ သဘောအရ အစွန်းတရား (၂) ပါးရှိပြီး ယင်းတရားများကို (၂)ကြိမ် ပယ်ရပါသည်။ ထို့ကြောင့် မဇ္ဈိမပဋိပဒါကို ပဋိသေဓ၏ ပဋိသေဓဟူ၍လည်း ခေါ်ကြပါသည်။

ဗုဒ္ဓခေတ်မတိုင်မီက လောကတွင် ရုပ်နာမ်များအပြင် ရုပ်နာမ်များကို စေစားသော ပုဂ္ဂိုလ်၊ သတ္တဝါ (အတ္တ) ရှိသည်ဟု ယုံကြည်

ကြပါသည်။ ဗုဒ္ဓမြတ်စွာ ပေါ်ထွန်းလာသောအခါ ပုဂ္ဂိုလ်၊ သတ္တဝါ (အတ္တ) ရှိသည်ဟူသော အယူကို ပယ်မြစ်ရန် အနုလောမ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောကြားတော်မူခြင်း ဖြစ်ပါသည်။ အနုလောမပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ (အတ္တ) ကို ပယ်မြစ်၍ ပုဂ္ဂလသုညတာ၊ ပုဂ္ဂလအနတ္တသဘောကို ဖော်ပြခဲ့ပါသည်။ ဤသည်မှာ မဇ္ဈိမပဋိပဒါ၏ ပထမအကြိမ် ပယ်မြစ်ခြင်း "ပထမ ပဋိသေဓ" ဖြစ်ပါသည်။

အနုလောမပဋိစ္စသမုပ္ပါဒ်သည် "ဘဝဝမုခ" ခေါ် ကြောင်းကျိုး ဖြစ်စဉ်ကို ဖော်ပြပါသည်။ အကြောင်းဖြစ်လျှင် အကျိုးဖြစ်သည်။ အကြောင်းကောင်းလျှင် အကျိုးကောင်းသည်။ အကြောင်းမကောင်းလျှင် အကျိုးမကောင်း။ အကြောင်းကို ကောင်းအောင်လည်း လုပ်၍ရသည်။ မကောင်းအောင်လည်း လုပ်၍ရသည်။ ဤသို့ ညွှန်ကြားခြင်း ဖြစ်ပါသည်။

အနုလောမပဋိစ္စသမုပ္ပါဒ်အရ ကြောင်းကျိုးဖြစ်စဉ်ဟူသည်မှာ— ကိလေသဝဋ်၊ ကမ္မဝဋ်နှင့် ဝိပါကဝဋ်တို့၏ အမြဲမပြတ် တရစပ် လည်ပတ်နေခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဝဋ် (၃)ပါးမှ ထွက်မြောက်ရန် ဝဋ် (၃)ပါးကို ပယ်ဖို့လိုအပ်ပါသည်။ ဝဋ် (၃)ပါးကို ပယ်သောအခါ အကြောင်းမဖြစ်လျှင် အကျိုးမဖြစ်၊ အကြောင်းချုပ်လျှင် အကျိုးချုပ်၏ ဟူသော ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ အကြောင်းတရားများကို ပယ်ရမည်ဖြစ်ပါသည်။ အကြောင်းတရားများကို ပယ်ရန် ဝိပဿနာရှုမှတ် ပွားများရပါသည်။ ဝိပဿနာပွားများသောအခါ ဓမ္မများသည်လည်း ကာရက၊ ဝေဒက (အတ္တ) မဟုတ်ကြောင်း သိမြင်လာပါသည်။ ထို့သို့ သိမြင်နိုင်စေရန် ပဋိလောမပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ဟောတော်မူခြင်းဖြစ်ပါသည်။

ပဋိလောမပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ဖြင့် ဓမ္မသုညတာ၊ ဓမ္မအနတ္တသဘောကို ဖော်ပြခဲ့ပါသည်။ ဤသည်မှာ မဇ္ဈိမပဋိပဒါ၏ ဒုတိယအကြိမ် ပယ်မြစ်ခြင်း "ဒုတိယ ပဋိသေဓ" ဖြစ်ပါသည်။

ကြောင်းကျိုးဆက်တရား ဝဋ်(၃)ပါးကို ပယ်ခြင်း ဆိုသည်မှာ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤအဓိပ္ပါယ်ဖွင့်ဆိုနည်းသည် ပဋိစ္စသမုပ္ပါဒ်ကို သစ္ဆိကရဏ္ဍုထောင့်မှ ချဉ်းကပ်နည်းမည်ပါသည်။

မဇ္ဈိမပဋိပဒါကို အဝိဇ္ဇာနှင့် တဏှာရှုထောင့်မှ ဖော်ပြရာ၌ ပဋိစ္စသမုပ္ပါဒ်ကိုပါ ထည့်သွင်းဖော်ပြခဲ့ပါ၏ ည်။ ထို့အပြင် ပဋိသေဓ၏ ပဋိသေဓသဘောဖြင့် မဇ္ဈိမပဋိပဒါဟူသည် မူလအစွန်းကိုတကြိမ်၊ပဋိပက္ခအစွန်းကို တကြိမ် (၂)ကြိမ် ပယ်ရသည့်သဘော ရှိကြောင်းလည်း ဖော်ပြခဲ့ပါသည်။ ဤနေရာ၌ ဆိုလိုသည်မှာ "ပဋိသေဓ၊ နှစ်ချက်ပြု၊ ပကတျတ္ထထုတ်မြဲ" ဟူသော နိယာမအရ ပဋိသေဓနှစ်ဆင့်သဘော ပါဝင်သော မဇ္ဈိမပဋိပဒါဖြင့် ရအပ်သော နိဗ္ဗာန်သည် အဘာဝမဟုတ်ပဲ ပကတျတ္ထ (သန္တိသုခ) ဖြစ်ကြောင်း ဖော်ပြလိုရင်းဖြစ်ပါသည်။

(၁၀) ကုသိုလ်နှင့် အကုသိုလ်ရှုထောင့်

ကံမ္မာဉီးကာလမှစ၍ လူတို့သည် (ဥပလက္ခဏနည်း) အမြဲတစေ ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုကို ပြုနေကြပါသည်။ ထိုကာယကံမှု ဝစီကံမှု၊ မနောကံမှုတို့ကို သရုပ်ခွဲလိုက်လျှင် ကုသိုလ်သော်လည်း ဖြစ်ပါမည်။ အကုသိုလ်သော်လည်း ဖြစ်ပါမည်။ ကုသိုလ်နှင့် အကုသိုလ်ကို ရှောင်လွှဲ၍ မရပါခြေ။ ကုသိုလ် အဖြစ်မျှားလျှင်

ကောင်းရာဘုံဘဝသို့ရောက်၍ ကောင်းကျိုးသုခကို ခံစားရပါသည်။ ဒေကုသိုလ် အဖြစ်မျှားလျှင် မ ကောင်း ရာ ဘုံ ဘ ဝ သို့ရောက် ၍ မကောင်းကျိုးဒုက္ခကို ခံစားရပါသည်။ သို့ရာတွင် ထိုခေတ် ကုသိုလ် ဒေကုသိုလ်ပြုနည်းကား မဇ္ဈိမပဋိပဒါသဘောမသက်ဝင်သောကြောင့် ကုသိုလ်ပြုလျှင်လည်း ရသင့်သလောက် အကျိုးသုခမရရှိ၊ ကကုသိုလ် လုပ်လျှင်လည်း ရ င့်သည်ထက် ပို၍ အပြစ်ဒုက္ခကို ခံယူရလေသည်။ အဘယ့်ကြောင့်ဆိုသော် ဗုဒ္ဓခေတ် မတိုင်မီကာလ-က လူတို့သည် ကုသိုလ်နှင့်ဒေကုသိုလ်ကို ပဂ္ဂိုလ်၊ သတ္တဝါ(ဒေတ္တ)အပေါ် အခြေခံ၍ ပြုကြသောကြောင့် ဖြစ်ပါသည်။ ပဂ္ဂိုလ်၊ သတ္တဝါ (ဒေတ္တ) အပေါ် အခြေခံ၍ လုပ်ပါက ကုသိုလ်သည် မိမိသဘောအရ "အတက်" ဖြစ်သဖြင့် ဒေရှိန်အဟုန်နှေးပါသည်။ တဖန် "ဒေတ္တ" ဝန်ထုပ်ဝန်ပိုးက ဆင့်သောကြောင့် "တက်"သင့်သလောက် မတက်နိုင်ခဲ့။ ဒေကုသိုလ် သည် မိမိသဘောအရ "အဆင်း"ဖြစ်သဖြင့် အရှိန်အဟုန်မြန်ပါသည်။ တဖန် "အတ္တ" ဝန်ထုပ်ဝန်ပိုးက ဆင့်သောကြောင့် ပို၍ အရှိန်အဟုန် ပြင်းစွာ "ဆင်း"ခဲ့ရလေသည်။

ဗုဒ္ဓခေတ်ရောက်သောအခါ မဇ္ဈိမပဋိပဒါ (ဝိပဿနာ)ကို ညွှန်ပြခဲ့ပါသည်။ ကိုယ်တိုင်လည်း မဇ္ဈိမပဋိပဒါဖြင့် သဗ္ဗညုဘုရားအဖြစ်သို့ **ရောက်တော်မူခဲ့ပါသည်**။ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်လာ ဘဝင်္ဂစ္ဆေ-ပစ္စယာ သင်္ခါရာဒေရ အဝိဇ္ဇာရှိနေသေးသရွေ့ အကုသိုလ်ကား ဒေထူးပြောဖွယ်မလို သဘာဝအားဖြင့် ဖြစ်နေမည်သာ ဖြစ်ပါသည်။ ကုသိုလ်နှင့်ပတ်သက်လျှင်မူ မည်သည့် ကောင်းမှုမျိုးကိုပင် လုပ်လုပ် ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်တို့အနက် တမျိုးမျိုးဖြစ်ပြီး ဘဝစက်အတွင်း၌ လည်ပတ်နေမည်ဖြစ်ပါသည်။ ထို့ကြောင့် ဘဝစက် ရပ်တန့်စေလိုလျှင် အဝိဇ္ဇာကို ပယ်ရမည် ဖြစ်ပါသည်။ အဝိဇ္ဇာကို

ပယ်လိုက်လျှင် အကုသိုလ်မျှားသာမက ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ် တည်းဟူသော သခ်ါရတို့ပါ "အရင်းလဲလျှင် အဖျားထင်းဖြစ်"ဟူသည့်အတိုင်း အလိုလိုပယ်ပြီးသား ဖြစ်ပါသည်။

အဝိဇ္ဇာကို ပယ်သတ်ရန် လောကကို ကြည့်သောအခါ မင်္ဂျိမ-ပဋိပဒါ (ဝိပဿနာ သမ္မာဒိဋ္ဌိ) အမြင်မှန်ဖြင့် ကြည့်ဖို့လိုပါသည်။ မောင်ဖြူ မနီ စသော ပုဂ္ဂိုလ် သတ္တဝါ၊ ရွှေငွေ စသော ကရုဝတ္ထု အနေဖြင့် ကြည့်နေသရွေ့၊ မြင်နေသရွေ့၊ သိနေသရွေ့ မိမိတို့၏ သန္တာန်ရှိ အဝိဇ္ဇာကို မည်သည့်နည်းနှင့်မျှ ပယ်နိုင်မည်မဟုတ်ပါ။ အဝိဇ္ဇာကို မပယ်နိုင်လျှင် ဒဝိဇ္ဇာကို အကြောင်းခံ၍ ဖြစ်ပေါ်လာကြသည့် တပ်မက်ခြင်း၊ စော်ကားခြင်း၊ မောက်မာခြင်း စသော အကုသိုလ်ဘရားတို့သည် ဖြစ်ပေါ်လာကြမည် ဖြစ်ပါသည်။

အမှန်အားဖြင့် မိမိ ပါအဝင် လောကဟူသည့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အရာဝတ္ထု မဟုတ်ပါ။ ရုပ်နာမ် အစုအဝေးမျှသာဖြစ်ပါသည်။ ယင်းတို့သည်လည်း အမြဲတစေ ဖြစ်၊တည်၊ပျက်နေသော အနိစ္စ၊ဒုက္ခ၊အနတ္တ သဘောမျှားသာ ဖြစ်ပါသည်။ မြင်စရာ ဘဝရုံမျှားလည်း တမျှိုး ကစားတည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ မြင်သူ ဘဝရုမ္မတိ ကမျှားကလည်း တမျှိုးတစားတည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ အားလုံး အားပြောင်းအလဲ မရှိ၊ ကမျှိုးတစားတာ်း။ အားပြောင်းအလဲမရှိသော တမျှိုးတစား တည်းကို ထပ်ကြန်တလဲလဲ မြင်ရသော ဘခါ တွေ့ရသော ဘခါ ကြုံရသော ဘခါ ဝေဘာကွဲ ပြီးဝွေ့ ဘမသွဲ့ ဖြစ်ပါသည်။ တပ်မက်ခြင်း ကင်းသောမည်သ ဖြစ်ပါသည်။ ဒွေဘက်ဝေဘာ်ဘာမသွဲ့ ဖြစ်ပါသည်။ ဤသည်ပင် မင်္ဂျိမပဋိပဒါ (ဝိပဿနာ) ၏ ဘာဘာကာပြောင်ဖြစ်ပါသည်။ မင်္ဂျိမပဋိပဒါ အမြင်ဖြင့် ဘောဘာကို မြင်နိုင်ပျော် အကုသိုလ်တရားတို့ ဆုတ်ယုတ်ပြီး ကုသိုလ်ကာခားပို့ ပြီးပဲ ... မည်ဖြစ်ပါသည်

ဗုဒ္ဓခေတ်မတိုင်မီက လောကကို ဤသို့မြင်ရန် ညွှန်ကြားခဲ့ခြင်း မရှိပါ။ လောကကို ဤသို့ မမြင်ခဲ့သဖြင့် လောကဌ္ဌ ငြီးငွေ့ခြင်း၊ တပ်မက်မှုကင်းခြင်း၊ လွတ်မြောက်ခြင်း မဖြစ်ပေါ်ခဲ့ပဲ အပုညာဘိသင်္ခါရ(အကုသိုလ်)၊ပုညာဘိသင်္ခါရ(ကာမကုသိုလ်နှင့်ရူပကုသိုလ်)၊ အာနေဉ္ဇာဘိသင်္ခါရ (အရူပကုသိုလ်) တို့ကို ဝဋ္ဋနိဿိတသဘောဖြင့် ဆောင်ရွက်ယင်း လောကဌ္ဌ ထပ်ပြန်တလဲလဲဖြစ်နေရခြင်းဖြစ်ပါသည်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာအရ ကာမကုသိုလ်၊ ရူပကုသိုလ်၊ အရူပကုသိုလ်တို့သည်လည်း အဝိဇ္ဇာကြောင့်ပင် ဖြစ်ကြရပါသည်။ အကုသိုလ်ကား အထူးဆိုဖွယ်မရှိပါ။ ထို့ကြောင့် လောကမှ မလွတ်မြောက်နိုင်ခြင်းဖြစ်ပါသည်။

ဗုဒ္ဓခေတ်၏အမြင်သစ် မဇ္ဈိမပဋိပဒါ (ဝိပဿနာ)ဖြင့် လောကကို အမှန်အတိုင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ အဖြစ် အပြောင်းအလဲ မရှိ၊ ထပ်ပြန်တလဲလဲ မြင်သောအခါ လောကဌ္ဌ ငြီးငွေ့မှု(နိဗ္ဗိန္ဒ)၊ တပ်မက်ခြင်းကင်းမှု (ဝိရာဂ)၊ လောကမှ လွတ်မြောက်မှု(ဝိမုတ္တိ)တို့ဖြစ်ပေါ်လာကြပါသည်။ ဝိဝဋ္ဋနိဿိတသဘောဖြင့် အကုသိုလ်တို့ဆုတ်ယုတ်ပြီး ကုသိုလ်တို့ တိုးပွားလာမည် ဖြစ်ပါသည်။ ဤသည်ကိုပင် မဇ္ဈိမပဋိပဒါဟု ခေါ်ပါသည်။

အကုသိုလ်ကို ဝိပဿနာကုသိုလ်က တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်တို့ဖြင့် ပယ်ခြင်းသည် မဇ္ဈိမပဋိပဒါ၏ ပထမပယ်ခြင်း "ပထမပဋိသေဓ" ဖြစ်ပါသည်။ မဂ်ကုသိုလ်က သမုစ္ဆေဒပဟာန်ဖြင့် ပယ်ခြင်းသည် မဇ္ဈိမပဋိပဒါ၏ ဒုတိယပယ်ခြင်း"ဒုတိယပဋိသေဓ"ဖြစ်ပါသည်။ အရဟတ္တမဂ်က အကုသိုလ်ကို သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ပယ်လိုက်သည်နှင့်တပြိုင်နက် ကုသိုလ်သင်္ခါရများ အားလုံးကိုလည်း ပယ်ပြီးသား ဖြစ်သွားပါသည်။ ထို့ကြောင့် မဇ္ဈိမပဋိပဒါ(မဂ်)သည်

ကိလေသဝင်္ခမ္ဘလည်း လုတ်သည်၊ ကမ္မဝင်္ခမ္ဘလည်း လုတ်သည်ဟု ဆိုအပ်ပါသည်။ ကိလေသဝင်္ခန့် ကမ္မဝင်္ခမ္ဘလုတ်လျှင် ဝိပါကဝင်္ခမ္ဘလည်း လုတ်ပြီးသားပင် ဖြစ်ပါသည်။ ထိုအာခါ ဝင်္ခသုံးပါးမှ လုတ်ပြီးသော ရဟန္တာပုဂ္ဂိုလ်၏သန္တာန်၌ ကံဇောစိတ်တို့သည် ပဋိသေဓသဘောအရ "အဘာဝ"မဟုတ်ပဲ ပကတျတ္ထသဘောအရ ဒုဆင့်မြင့် "ကြိယာဇောစိတ်"များ ဖြစ်သို့ ပြောင်းသွားပါတော့သည်။

မင်္ဂလမပဋိပဒါကို စိတ္တဇေဒရူထောင့်မှ သုံးသပ်လျှင် ကြိယာစိတ်နှင့် အလားတူကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ကြိယာစိတ်သည် ကုသိုလ်သဘောမှလည်း ထမြောက်ပြီး ဖြစ်ပါသည်။ အကုသိုလ်သဘောမှလည်း ထမြောက်ပြီး ဖြစ်ပါသည်။ ကုသိုလ်သဘောမှ ထမြောက်ခြင်း ဆိုသည်မှာ ရဟန္တာပုဂ္ဂိုလ်များအနေဖြင့် ဒါနမှု၊ သီလမှု၊ ဘာဝနာမှုများကို ပြုလုပ်စေကာမူ ယင်းသို့ပြုလုပ်ခြင်းသည် ကုသိုလ်သဘောမရှိတော့ပဲ ကြိယာသဘော ရှိသွားခြင်းပင် ဖြစ်ပါသည်။ အသွင်အနေဖြင့် ကုသိုလ်အသင်္ခကို ဆောင်သော်လည်း အနှစ်သာရအနေဖြင့် ကုသိုလ်မဟုတ်ပဲ ကြိယာသာ ဖြစ်ပါသည်။ ဤသည်ကိုပင် ကုသိုလ်သဘောမှ ထမြောက်ခြင်းဟူ၍ ဆိုအပ်ပါသည်။ အကုသိုလ်သဘောမှ ထမြောက်ခြင်းဆိုသည်မှာ ရဟန္တာပုဂ္ဂိုလ်များအနေဖြင့် တုစ္ဆ (အသုံးမကျသူ)၊ ဝသလ (သူယုတ်) စသည်ဖြင့် ပရိသတ်များအပေါ် ကြမ်းတမ်းသော ဝေါဟာရများကို အသုံးပြုသော်လည်း ယင်းသို့သော အသုံးပြုမှုများသည် အကုသိုလ်သဘောမရှိတော့ပဲ ကြိယာသဘောရှိသွားခြင်းပင် ဖြစ်ပါသည်။ အသွင်အနေဖြင့် အကုသိုလ်အသင်္ခကို ဆောင်သော်လည်း အနှစ်သာရအနေဖြင့် အကုသိုလ်မဟုတ်ပဲ ကြိယာသာ ဖြစ်ပါသည်။ ဤသည်ကိုပင် အကုသိုလ်သဘောမှ ထမြောက်ခြင်းဟူ၍ ဆိုအပ်ပါသည်။

အာကျဉ်းချုပ်အားဖြင့်ဆိုရလျှင် စိတ္တဇေဒရူထောင့်မှ ကြိယာစိတ်သည် ကုသိုလ်အသင့်နှင့် အကုသိုလ်အသင့်ကိုဆောင်သော်လည်း ကုသိုလ်သဘောနှင့် အကုသိုလ်သဘောမရှိတော့သဖြင့် စိတ္တဇေဒနယ်ပယ်၌ ကြိယာစိတ်သည် မဇ္ဈိမပဋိပဒါနှင့် အလားတူ၍ဟူ၍ ဆိုနိုင်ပါသည်။

စိတ္တဇေဒရူထောင့်မှ ကြိယာစိတ်၏သဘောကို နားလည်သော အခါ ကျင့်စဉ်ပဋိပတ်ရူထောင့်မှ မဇ္ဈိမပဋိပဒါ၏သဘောကို နားလည်နိုင်ပါသည်။ ကြိယာစိတ်၌ ကုသိုလ်အသင့်နှင့် အကုသိုလ်အသင့် (၂)မျိုးတို့အနက် တပျိုးမျိုးပါဝင်သော်လည်း အနှစ်သာရအားဖြင့်မူ ကြိယာစိတ်သည် ကုသိုလ်သဘောနှင့် အကုသိုလ်သဘောနှစ်မျိုးလုံးမှ လွတ်မြောက်ပြီး ဖြစ်သကဲ့သို့ ထို့အတူ မဇ္ဈိမပဋိပဒါ ကျင့်စဉ်၌လည်း ကာမသုခလ္လိကအသွင်နှင့် အတ္တကိလမထအသွင်တို့ ပါဝင်နိုင်ပါသည်။ သို့ရာတွင် အနှစ်သာရအနေဖြင့်မူ မဇ္ဈိမပဋိပဒါကျင့်စဉ်သည် ထို အစွန်းရောက်ကျင့်စဉ် (၂)မျိုးမှ လွတ်မြောက်ပြီးဖြစ်ပါသည်။

ကာမသုခလ္လိကကျင့်စဉ်ဖြင့် အမတ(မသေရာ)၊မောက္ခ(သံသရာမှ လွတ်မြောက်ရာ)၊ သရဏ (ကိုးကွယ်အားထားရာ) တရားကို ရှာဖွေကြပါသည်။ ယင်း အမတ၊ မောက္ခ၊ သရဏတရားသည် ဗြဟ္မာအဖြစ်ဖြင့် ဘုရားတိုင်း၏နောက်ကွယ်၌ ဘမုန်(သစ္စာ)တရား အနေဖြင့်လည်းကောင်း၊ လောက၏ နောက်ကွယ်၌ လောကုတ္တရာ အနေဖြင့်လည်းကောင်း၊ ဖြစ်၊ ပျက်၊ ပြုပြင် ပြောင်းလဲတတ်သော သင်္ခတတရားတို့၏ နောက်ကွယ်၌ မဖြစ်၊ မပျက်၊ မပြုပြင် မပြောင်းလဲတတ်သော အသင်္ခတတရားအနေဖြင့် လည်းကောင်း ရှိသည်ဟု ယုံကြည်၍ "နောက်ကွယ်တရား"ကို တွေ့မြင်ရန် ကြိုးစားခဲ့ကြပါသည်။ "အမြင်"ကို ကျော်၍ "မမြင်"ကို ရှာဖွေခဲ့ကြပါသည်။ မဇ္ဈိမပဋိပဒါ

ကျင့်စဉ်ဖြင့်မူ ယင်း အမတ၊ မောက္ခ၊ သရဏာတရားကို တွေ့မြင်ရန် "နောက်ကွယ်တရား" ကို ရှေ့ရမ်း၍ မရှု၊ မျက်မြင်တရားကိုသာ ပစ္စုပ္ပန်ကျကျ အမှန်အတိုင်း မြင်ရန်ရှုသည်။ လောကုတ္တရာတရားကို ရှေ့ရမ်း၍မရှု၊ လောကီတရားကိုသာ ပစ္စုပ္ပန်ကျကျ အမှန်အတိုင်း မြင်ရန်ရှုသည်။ အသစ်တတရားကို ရှေ့ရမ်း၍ မရှု၊ သစ်တတရားတိ၏ ဖြစ်၊ ပျက်၊ ပြုပြင်ပြောင်းလဲမှုကို ပစ္စုပ္ပန်ကျကျ အမှန်အတိုင်းမြင်ရန်ရှုသည်။ တနည်းအားဖြင့် ဆိုရလျှင် ကာမသုခလွှိက ကျင့်စဉ်သည် "မမြင်တရား"ကို ရှေ့ရမ်း၍ ရှုခြင်းဖြင့် ကျင့်စဉ်ဖြစ်ပါသည်။ မဇ္ဈိမပဋိပဒါကျင့်စဉ်သည် "မြင်တရား"ကို တိုက်ရိုက်ရှုမြင်သည့် ကျင့်စဉ်ဖြစ်ပါသည်။ အနှစ်သာရအားဖြင့် ဤသို အချင်းချင်း ခြားနားပါသည်။ အနှစ်သာရအားဖြင့် ခြားနားသော်လည်း အသွင်သဏ္ဌာန်အားဖြင့်မူ တရားအားဆုတ်မှု၊ အဝိဇ္ဇာ ပယ်သတ်ရန် ကြိုးပမ်းမှုတို့၌ တူကြပါသည်။ ဤတူနည်းကား ကြိယာစိတ်၌ ပေါ်ပြခဲ့သည့်အတိုင်း ဟုသိလိ၊ အကုသိုလ်နှင့် ကြိယာစိတ်တို့အသွင်ဘူသဘောမျိုးဟာတည်း။

အခုတွေ့ရဲသမထ ကျင့်စဉ်ဖြင့်သည်း အမတတရား၊ မောက္ခတရား၊ သရဏာတရားကို ရှုမြင်ခဲ့ကြပါသလဲ။ ထိုသို့ရှုမြင်ခဲ့ရာ၌ "တပ"ခေါ် ခြိုးခြံသော အကျင့်ကိုကျင့်၍ ရှုမြင်ကြပါသည်။ တပ-ကျင့်ခြင်း၏ ရည်ရွယ်ချက်ကား "ဟာကာ" ဟုခေါ်သမားအား "ခန္ဓာ" ဝိမ်ကို ဆောက်ခွင့်မပေးရန် ဖြစ်ပါသည်။ ထို့ရည်ရွယ်ချက်ဖြင့် "ဟာကာ"ကို ပယ်သတ်ရန် ကြိုးစားခဲ့ကြပါသည်။ နဖူးတိုက်၊ ဒူးတိုက် တိုက်ကြပါသည်။ "ဟာကာ"၏ တပ်မက်မှုမှန်သမျှကို ဇွတ်အတင်း ဆန့်ကျင်ကြပါသည်။ "တကာ"၏ သရဏာဂရ မှန်သမျှကို ရက်စက်စွာ ဖြတ်တောက်ပစ်ကြပါသည်။ ထို့သို့ "တကာ"ကို ပယ်သတ်ရန်

တိုက်ခိုက်ခဲ့ကြသော်လည်း "တဏှာ"ကား မသေခဲ့။ ဒဏ်ရာရရုံသာ ရခဲ့ပါသည်။ "တဏှာ"ဒဏ်ရာရသော်အခါ "တဏှာ"နှင့်ပတ်သက်ရာ အခြားသော စိတ်၊ စေတသိက်များလည်း ကူးစက်၍ ဒဏ်ရာရကြပါသည်။ အဟုန်ပြင်းစွာ စီးဆင်းလာသော ရေအလျဉ်ကို ဆီး၍ ပိတ်သောအခါ ထိုရေအလျဉ်သည် ထွက်မိထွက်ရာ လှုံ့၍ ထွက်သည့်နှယ် "တဏှာ"ကို အသေသတ်သောအခါ "တဏှာ"သည် မသေပဲ ကျားနာကဲ့သို့ ခဲမိခဲရာ၊ တပ်မိတပ်ရာ တဲပ်မက်ခဲ့ပါသည်။ ဤနည်းအားဖြင့် "တဏှာ"နှင့် ပတ်သက်ရာ အခြားသော စိတ်၊ စေတသိက်များသည်း ကမောက်ကမဖြစ်ပြီး ထိုခေတ် တရားအားထုတ်သူများသည် အထူးအဆန်းပုဂ္ဂိုလ်များ ဖြစ်သွားတတ်ကြပါသည်။ စိတ္တဇဒပညာရှင်များ၏ဝေါဟာရကို ယူ၍သုံးရလျှင် ထိုခေတ်တရားအားထုတ်သူများသည် များသောအားဖြင့် စိတ်ဝေဒနာရှင်များ ဖြစ်သွားတတ်ကြပါသည်။ မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြင့် အမတတရား၊ မောက္ခတရား၊ သရဏာတရားကို ရှာဖွေရာ၌လည်း "တဏှာ"ကို အသေသတ်ရန် ကြိုးပမ်းသည်ပင် ဖြစ်ပါသည်။ သို့ရာတွင် ကြိုးပမ်းပုံချင်း မတူပါ။ "တဏှာ"က တပ်မက်သည့် အာရုံများကို "မတပ်မက်ရ"ဟု အတွေ့-ကိုလမထကျင့်စဉ်ဖြင့် ဇွတ်အတင်း တားမြစ်၍ "တဏှာ"ကို အသေသတ်ပါသည်။မဇ္ဈိမပဋိပဒါကျင့်စဉ်ဖြင့်"တဏှာ"ကို အသေသတ်ရာ၌မူ "တဏှာ"က တပ်မက်သည့် အာရုံများကို တကယ် တပ်မက်စရာကောင်း သည့်သဘော မရှိကြောင်း၊ စက် ဆုပ် ဖွယ် ရာ များ သာ ဖြစ်ကြောင်း မြင်စေပြီး "တဏှာ"ကို အားနည်းသည်ထက်အားနည်း အောင်ပြုလုပ်၍ နောက်ဆုံး၌ မြစ်ပြတ် သေစေခြင်း ဖြစ်ပါသည်။ အနှစ်သာရအားဖြင့် ကျင့်စဉ် (၂)မျိုးသည် မိမိတို့အချင်းချင်း ဤသို့ ခြားနားပါသည်။ အနှစ်သာရအားဖြင့် အချင်းချင်း **ခြားနားသော်လည်း အသွင်သဏ္ဌာန်အားဖြင့်မူ တရားအားထုတ်မှု၊** တဏှာကို

အသေသတ်ရန် **ကြိုးပမ်းမှုတို့၌** တူကြပါသည်။ ဤတူနည်းကား ကြိယာစိတ်၌ ဖော်ပြခဲ့သည့်အတိုင်း ကုသိုလ်၊အကုသိုလ်နှင့် ကြိယာစိတ်တို့ အသွင်တူသဘောမျိုးသာ ဖြစ်ပါသည်။

မဇ္ဈိမပဋိပဒါကျင့်စဉ်တွင် ယင်း၏ လွန်မြောက်ရာ အချင်းချင်း ဆန့်ကျင်သည့် အစွန်းတရား (၂)ပါးတို့သည် မိမိတို့၏ **သင့်လျော်ရာ ဆွဲသင်သဖွာနှန်အနေဖြင့်** ပါဝင်ခွင့်ရှိသော်လည်း **အနှစ်သာရအနေဖြင့်** လုံးဝ ပါဝင်ခွင့်မရှိခြင်းပင် ဖြစ်ပါသည်။ ဤကဲ့သို့ဖြစ်ခြင်းကိုပင် အစွန်းတရား(၂)ပါးမှ ထမြောက်ခြင်း (ဥဘတော ဝုဋ္ဌာန)ဟူ၍ သတ်မှတ်ခြင်းဖြစ်ပါသည်။ ဓမ္မစက္ကပဝတ္တနသုတ်၌ မဇ္ဈိမပဋိပဒါ၏ ဒေသနာကို မဂ္ဂင် (၈)ပါးဟူ၍ ဟောကြားတော်မူခဲ့သဖြင့် မဇ္ဈိမပဋိပဒါ၏ သဘောကို ကျင့်စဉ်အရ နားလည်လိုလျှင် မဂ္ဂင်(၈)ပါးကို နားလည်ရန် လိုအပ်ပါသည်။တဖန် မဂ္ဂင်(၈)ပါးကို နားလည်လိုလျှင် ဝိပဿနာသဘောကို နားလည်ရန် လိုအပ်ပါသည်။ တဖန် ဝိပဿနာသဘောကို နားလည်လိုလျှင် ဉာဏ်စဉ်(၁၀)ပါးကို နားလည်ရန် လိုအပ်ပါသည်။ မဇ္ဈိမပဋိပဒါ၏သဘောသည် ဉာဏ်စဉ်(၁၀)ပါး၌ အဓိဋ္ဌာန်တည်ပါသည်။ ဉာဏ်စဉ်(၁၀)ပါးတို့သည် ဝိမုတ္တိရသခေါ် ဧကရသနည်းဖြင့် ပေါင်းမိလေသောအခါ မဇ္ဈိမပဋိပဒါ သို့မဟုတ် မဂ္ဂင် (၈)ပါး သို့မဟုတ် သစ္စာ (၄)ပါး မြတ်တရားတို့သည် မျက်မှောက် (သစ္ဆိကရဏ) အနေဖြင့် ထင်ရှားဖြစ်ပေါ်လာကြပါသည်။

ကိစ္စ (၄)ချက်

မဇ္ဈိမပဋိပဒါခေါ် မဂ္ဂင် (၈)ပါး သို့မဟုတ် သစ္စာ (၄)ပါး မြတ်တရားတို့သည် လောကုတ္တရာဒေးဆင့်တွင် ထင်ရှားဖြစ်ပေါ်လာသော အခါ ကိစ္စ (၄) ချက်ကို တပြိုင်နက် ဆောင်ရွက်ကြပါသည်။ ဤနေရာ၌ ကိစ္စ (၄)ချက်ဆိုသည်မှာ—

(၁) ဒုက္ခသစ္စာကို ပိုင်းခြားဝျဲသိခြင်း၊
(၂) သမုဒယသစ္စာကို ပယ်သတ်ခြင်း၊
(၃) မဂ္ဂသစ္စာကို ပွားများခြင်း၊
(၄) နိဗ္ဗာန်သစ္စာကို မျက်မှောက်ပြုခြင်း -

တိဖြစ်ပါသည်။ ဤသို့ ကိစ္စ(၄)ချက် တပြိုင်နက် ဆောင်ရွက်ခြင်းကိုပင် "ဧကရသ" (တမျိုးတည်းသော ရသ) ဟူ၍လည်းကောင်း၊ "ဝိမုတ္တိရသ" (သံသရာမှ လွတ်မြောက်မှုရသ) ဟူ၍လည်းကောင်း ဆိုကြပါသည်။ ယင်း "ဧကရသ" သို့မဟုတ် "ဝိမုတ္တိရသ"သည် လောကုတ္တရာအဆင့်၌သာ ရနိုင်ပါသည်။ လောကီအဆင့်၌ကား တမျိုးတည်းသောရသ(ဧကရသ) သို့မဟုတ် သံသရာမှလွတ်မြောက်မှုရသ(ဝိမုတ္တိရ)ကိုမရကောင်းပဲ အမျိုးမျိုးသောရသ(နာနာရသ) ကိုသာ ရကောင်းပါသည်။ ဤသဘောကို ပေါ်လွင်စေရန် "ဟင်းချက်နည်း"ဥပမာကို ထုတ်ဆောင်၍ဆိုကြပါသည်။

ဟင်းချက်နည်းဥပမာ

ဟင်းချက်ရာတွင် ငရုတ်၊ကြက်သွန်ကိုလည်းထည့်ပါသည်။ဆီ၊ဆားကိုလည်းထည့်ပါသည်။ အမဲ သား ငါးမျှားကိုလည်းထည့်ပါသည်။ ဟင်းခတ် ဓမ္မေးအကြိုင်မျှားကိုလည်းထည့်ပါသည်။ ထို့နောက် ဟင်းကိုချက်ပါသည်။ ထိုသို့ချက်ရာတွင်"ဟင်းကောင်း"အဖြစ်သို့ မရောက်သေးမီကာလ၌ ငရုတ်၊ကြက်သွန်၊ဆီ၊ဆား၊ အမဲ၊ သား၊ ငါးမျှားသည် မိမိတို့၏ သီးခြားဓာတ်ရသများကိုသာ ဆောင်ကြပါသည်။ တခုတည်းသောအရသာကို မဆောင်နိုင်ကြပါ။ "ဟင်းကောင်း" အဖြစ်သို့ ရောက်သွားသည်နှင့် တပြိုင်နက် ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆား၊ အမဲ၊ သား၊ ငါးမျှားသည် မိမိတို့၏ သီးခြားဓာတ်ရသများကို ပယ်စွန့်ပြီး

တခုတည်းသော "ဟင်း၏အရသာ"ကိုသာ ဆောင်ပါသည်။ တနည်း အားဖြင့်ဆိုရလျှင် "ဟင်း"မဖြစ်မီကာလ၌ ငရုတ်၊ ကြက်သွန်၊ ဆီ၊ ဆား၊အမဲ၊သား၊ငါးမျှားသည် မိမိတို့၏သီးခြားအရသာ(နာနာရသ) ကိုဆောင်ပါသည်။ "ဟင်း"ဖြစ်ပြီးနောက်ပိုင်း၌မူ၎င်းအဆိုပါ ဟင်းလျာ ပစ္စည်းမျှားသည် မိမိတို့၏ သီးခြားအရသာ(နာနာရသ)ကို စွန့်၍ တခုတည်းသော "ဟင်း၏အရသာ" (ဧကရသ)ကို ဆောင်ပါသည်။ ဤဟင်းချက်နည်းဥပမာအတိုင်း ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်း၊ သမုဒယသစ္စာကိုပယ်ခြင်း၊ မဂ္ဂသစ္စာကိုပွားမျှားခြင်း၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း–တည်းဟူသော ကိစ္စ(၄)ချက်တို့သည် လောကီ အဆင့်၌ မိမိတို့၏ သီးခြားရသ (နာနာရသ)ကို ဆောင်ပါသည်။ **လောကုတ္တရာအဆင့်၌မူ မိမိတို့၏ သီးခြားရသ (နာနာရသ)**ကို စွန့်၍ တခုတည်းသော ရသ(ဧကရသ)ကို ဆောင်ပါသည်။ ထိုတခုတည်း သော ရသ (ဧကရသ)သည် ဝိမုတ္တိရသမည်ပါသည်။

ဟင်းချက်ရာ၌ ငရုတ်၊ကြက်သွန်၊ဆီ၊ဆားစသည်မျှားသည် မိမိတို့၏ သီးခြားရသာမျှားကို မဖော်ဆောင်ပဲ တခုတည်းသော "ဟင်း၏ အရသာ"ကို ဖော်ဆောင်မှ "ဟင်း"မည်သကဲ့သို့ ထို့အတူ ဝိပဿနာ ရှုရာ၌လည်း ဒုက္ခသစ္စာကို ပိုင်းခြား၍ သိခြင်းစသော ကိစ္စ(၄)ရပ် တို့သည် မိမိတို့၏ သီးခြားရသကို မဖော်ဆောင်ပဲ တခုတည်းသော "ဝိမုတ္တိရသ"ကို ဖော်ဆောင်မှ "လောကုတ္တရာ"မည်ပါသည်။ မြတ်စွာ ဘုရားသာသနာတော်၏ နောက်ဆုံး တခုတည်းသော ဦးတည်ချက် မှာလည်း ဝိမုတ္တိရသခေါ် သံသရာမှ လွတ်မြောက်မှုပင်ဖြစ်ပါသည်။ အမျိုးမျိုးသောရသ(နာနာရသ)မှ တခုတည်းသောရသ (ဧကရသ) ဖြစ်သို့ ကူးပြောင်းသွားမှုနှင့် ပတ်သက်၍ လက်တွေ့သဘောအရ "ဟင်း"ချက်သည့်လုပ်ငန်းတွင် ငရုတ်၊ကြက်သွန်၊ဆီ၊ဆား၊အမဲ၊သား၊

ငါးများကို "အိုး"ထဲ၌ စုပေါင်းပြီး ထည့်သည့်သဘောကို ဒဿန ဝေါဟာရဖြင့် "သံယောဂသမ္မန္ဓ"ဟု ခေါ်ပါသည်။ ယင်းအဆင့်တွင် အမျိုးမျိုးသော ရသ-သာ ထွက်ပါသည်။ တခုတည်းသော ရသ မထွက်ပါ။ မီးဖြင့် အချိန်လုံလောက်စွာ ချက်လိုက်သောအခါမှသာ "ဟင်း"အဖြစ်သို့ရောက်၍ တခုတည်းသော ရသ ထွက်ပေါ်လာပါသည်။ အမျိုးမျိုးသောရသမှ တခုတည်းသော ရသအဖြစ်သို့ ရောက်ပြီးနောက် ဆိုင်ရာပစ္စည်းများ၊ စုပေါင်းခြင်းကို ဒဿနဝေါဟာရဖြင့် "သမဝါယသမ္မန္ဓ"ဟု ခေါ်ပါသည်။ ဟင်းချက်ရာ၌နည်းတူ ဝိပဿနာ ရှုရာ၌လည်း ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်းစသော ကိစ္စ (၄)ရပ်တို့ကရသဖြစ်အောင် ဤသမဝါယသမ္မန္ဓသဘောဖြင့် ပေါင်းစပ်မှုကို ဖော်ပြနိုင်ကြောင်း တွေ့ရပါသည်။

ဝိပဿနာဉာဏ်စဉ်များ

ဝိပဿနာဉာဏ်စဉ်များဆိုသည်မှာ ဒဿိရ(၄)ပါး၌ ထင်လာသော ရုပ်၊ နာမ် ၉ ခ်ိရတရားများ၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို ပစ္စုပ္ပန်ကျကျမြင်လာအောင် ရှုမှတ်သော ဉာဏ်စဉ်များဖြစ်ပါသည်။ သံသရာမှ ထွက်မြောက်ရေးအတွက် ရုပ်၊ နာမ် သခ်ိရတရားများကို ယင်းကဲ့သို့ ဝိပဿနာရှုမှတ်ပုံများရာ၌ ဝိပဿနာဉာဏ်စဉ်များကို (၁၀)မျိုးအဖြစ် ဖော်ပြကြပါသည်။ ဝိပဿနာဉာဏ်စဉ် (၁၀)မျိုးမတိုင်မီ ဝိပဿနာအခြေခံအနေဖြင့် ဝိသုဒ္ဓိ(၄)မျိုးကို ပြည့်စုံစေရန် အားထုတ်ရပါသည်။ ဝိသုဒ္ဓိ (၄)မျိုးကို ပြည့်စုံစေရန် အားထုတ်သောအခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူ၍ မရှုသေးပဲ—

(၁) သီလဝိသုဒ္ဓိအတွက် သီလစင်ကြယ်အောင်

(၂) စိတ္တဝိသုဒ္ဓိအတွက် သမာဓိရအောင်

(၃) ဒိဋ္ဌိဝိသုဒ္ဓိအတွက် ရုပ်၊ နာမ်ကိုသိခအောင်

(၄) ကင်္ခါဝိတရဏဝိသုဒ္ဓိအတွက် ရုပ်၊နာမ်တို့၏ အကြောင်း အကျိုးဆက်ကို သိအောင်-

အားထုတ်ရသည့်သဘောရှိသဖြင့် အဆိုပါ ဝိသုဒ္ဓိ (၄)ပါးဆိုင်ရာ အားထုတ်မှုများကို ဝိပဿနာအဖြစ် မသတ်မှတ်ကြခြင်းဖြစ်ပါသည်။ သို့ရာတွင် ဒိဋ္ဌိဝိသုဒ္ဓိအဆင့်၌ "ဒိဋ္ဌိ"ကို၊ ကင်္ခါဝိတရဏဝိသုဒ္ဓိအဆင့်၌ "ဝိစိကိစ္ဆာ"ကို အထိုက်အလျောက်ပယ်နိုင်သော သဘောရှိသဖြင့် "စုဥ္စသောတာပန်"ဟူ၍ ကျမ်းဂန်များ၌ ဖော်ပြထားသောကြောင့် ယင်းတို့ဆိုင်ရာ နာမ်၊ ရုပ်သဘာဝ (နာမရူပပရိစ္ဆေဒဉာဏ) နှင့် နာမ်ရုပ်တို့၏ အကြောင်းအကျိုးဆက်သဘာဝ (ပစ္စယပရိဂ္ဂဟဉာဏ) တို့ကိုလည်း ပဋိပတ္တိဉာဏ်အနေဖြင့် ယူ၍ ဝိပဿနာဉာဏ်စဉ်များ၌ ထည့်သွင်းကြခြင်းများလည်း ရှိပါသည်။ သို့ရာတွင် ဤနေရာ၌ကား- သဒ္ဓိဟ်ကျမ်းလာအတိုင်း ဉာဏ်စဉ် (၁၀)ပါးကိုသာ ဖော်ပြမည် ဖြစ်ပါသည်။ ဉာဏ်စဉ် (၁၀)ပါးတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပထမအုပ်စု
- (၁) သမ္မသနဉာဏ် = ရုပ်၊ နာမ်တို့အပေါ်၌ အနိစ္စ ဒုက္ခ၊ အနတ္တဟု သုံးသပ်သောဉာဏ်

ပရိဇာနန ကိစ္စ
- (၂) ဥဒယဗ္ဗယဉာဏ် = ရုပ်၊ နာမ်တို့အပေါ်၌ ဖြစ်ပျက်ကို သိသော ဉာဏ်
- (၃) ဘင်္ဂဉာဏ် = ရုပ်၊နာမ်တို့အပေါ်၌ အပျက်ကို သိသော ဉာဏ်

ဒုတိယအုပ်စု
- (၁) ဘယညာဏ် =ရုပ်၊ နာမ်တို့ အပေါ်၌ ကြောက်စရာ "ဘေး" ဟု မြင်သောညာဏ်
- (၂) အာဒီနဝညာဏ် =ရုပ်၊ နာမ်တို့အပေါ်၌ အပြစ် မြင်သောညာဏ်
- (၃) နိဗ္ဗိဒါညာဏ် =ရုပ်၊ နာမ်တို့အပေါ်၌ ငြီးငွေ့ဖွယ်ဟု မြင်သောညာဏ်

တတိယအုပ်စု ဘာဝနာကိစ္စ
- (၁) မုစ္စိတုကမျတာညာဏ်=ရုပ်၊ နာမ်တို့မှ လွတ်မြောက်လိုသော ညာဏ်
- (၂) ပဋိသင်္ခါညာဏ် =ရုပ်၊ နာမ်တို့အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ထပ်မံ ရှုသော ညာဏ်
- (၃) သင်္ခါရုပေက္ခာညာဏ်=ရုပ်၊ နာမ်တို့ အပေါ်၌ လျစ်လျူရှုသောညာဏ်

စတုတ္ထအုပ်စု သစ္စိကရဏ ကိစ္စ
- အနုလောမညာဏ် =ရှေးဝိပဿနာမျှားနှင့် နောက် ဗောဓိပက္ခိယ တရားမျှားအား လျော်သောညာဏ်

အရှိနှင့် အသိ

လောကတွင်အရှိတရားမျှားနှင့်ပတ်သက်၍ အမှန်တကယ် ရှိ၊ မရှိ၊ "အသိ" တရားဖြင့် သက်သေပြရပါသည်။ လက်တွေ့နည်းအားဖြင့် "ဒုံး" ရှိ၊ မရှိကို "ဒုံး"ကို သိသော "သိစိတ်"ဖြင့် သက်သေပြရပါသည်။ ဒုံးရှိလျှင် ရှိကြောင်း သိ၍ ရပါသည်။ ဒုံးမရှိလျှင်လည်း

မရှိကြောင်း သိ၍-ရပါသည်။ ဤ "သိစိတ်"ကို "အာရုံသိစိတ်" အဆင့်ဟု ခေါ်ပါသည်။ ဤအဆင့်တွင် "အိုးရှိ မရှိ"ကိုသာ သက်သေပြနိုင်ပါသည်။ တဖန် "အိုး" ရှိ၊ မရှိ ပို၍ သေချာစေရန် "အိုး" ရှိ၊ မရှိကိုသိသော "သိစိတ်"အမှန်တကယ်ဖြစ်ခဲ့ပါရဲ့လားဟု ပထမသိစိတ်ကို ဒုတိယသိစိတ်ဖြင့် ထပ်၍အာရုံပြုပြီး "သိကြည့်"ရပြန်ပါသည်။ ဤသိစိတ်ကို "အာရမ္မဏိကသိစိတ်"အဆင့်ဟု ခေါ်ပါသည်။ အာရမ္မဏိကသိစိတ်အဆင့်ရောက်မှသာ "အိုး" ရှိ၊ မရှိသေချာပါသည်။ ထို့ကြောင့် ရှိ၊ မရှိနှင့်ပတ်သက်၍ "သိစိတ်"ဖြင့် သက်သေပြရာတွင် "သိစိတ်" နှစ်ကြိမ်ဖြစ်ပါသည်။ ပထမသိစိတ်မှာ အာရုံသိစိတ်၊ ဒုတိယသိစိတ်မှာ အာရမ္မဏိကသိစိတ် ဖြစ်ပါသည်။ အာရမ္မဏိကသိစိတ်ဆိုသည်မှာ မူလအာရုံကိုသိသော သိစိတ်ကို အာရုံပြု၍ ဒုတိယအကြိမ်သိသော သိစိတ်ဖြစ်ပါသည်။ ဤလက်တွေ့နည်းအရ ဝိပဿနာရူရာဌ် မူလရုပ်၊ နာမ်အာရုံကိုလည်းကောင်း၊ ယင်းရုပ်၊ နာမ်ကို ရှုသော အာရမ္မဏိကကိုလည်းကောင်း (၂)ဆင့် (၂)ဆင့် ရှုပါသည်။ သို့မှသာ "ကမ္မ"အစွန်းနှင့် "ကတ္တား" အစွန်းမှ လွတ်သော မဇ္ဈိမပဋိပဒါး(ဉာဏတောဝုဋ္ဌာန) ဖြစ်ပါမည်။ ဤသဘောကို ပထမအုပ်စုအဆုံး "ဘင်္ဂဉာဏ်"၌ ဂဂဏ်တွေ့ရပြီး ဒုတိယအုပ်စု၌မူ ပီပီပြင်ပြင်တွေ့ရမည်ဖြစ်ပါသည်။

ဝိပဿနာဉာဏ်စဉ်များ၏ ပဓာနကိစ္စများ

ဝိပဿနာဉာဏ်စဉ် (၁၀)ပါးတို့ကို ပဓာနကိစ္စအလိုက် အုပ်စုခဲ့လျှင် အုပ်စု (၄)ခု ရပါသည်။ ထို အုပ်စု (၄)ခုတို့သည် မိမိတို့၏ဆိုင်ရာ ပဓာနကိစ္စများကို ဆောင်ရွက်ကြပါသည်။ ပဓာနကိစ္စများသည် (၄)မျိုး ရှိပါသည်။ ယင်း (၄)မျိုးတို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

(က) ဒုက္ခသစ္စာကို ပိုင်းခြားချဲသိခြင်း၊
(ခ) သမုဒယသစ္စာကို ပယ်စွန့်ခြင်း၊
(ဂ) မဂ္ဂသစ္စာကို ပွားများခြင်း၊
(ဃ) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း။

(က) ဒုက္ခသစ္စာကို ပိုင်းခြားချသ်ခြင်း

ဒုက္ခသစ္စာကို ပိုင်းခြားချသိခြင်းကိစ္စသည် ဉာဏ်စဉ်ပထမအုပ်စု၏ ပဓာနလုပ်ငန်းဖြစ်ပါသည်။ ဉာဏ်စဉ်ပထမအုပ်စုတွင် ဉာဏ်(၃) မျိုး ပါဝင်ပါသည်။ ၎င်းဉာဏ် (၃) မျိုးတို့သည် ရုပ်၊ နာမ် (သခ်ါရ) တရားများအပေါ်၌ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော တို့ကို မိမိတို့၏ ဉာဏ်အနုအရင့်အလိုက် ပေါ်လွင်လာအောင် ရှုမှတ်ကြပါသည်။ ဤသို့ရှုမှတ်ခြင်းသည် သခ်ါရဟူးတို့၏"ဒုက္ခသစ္စာ"ကို ဖော်ထုတ်ခြင်းပင် ဖြစ်ပါသည်။ ဒုက္ခသစ္စာကို ဖော်ထုတ်ခြင်းသည် လည်း အစွန်း(၂)ဘက်မှ ထမြောက်ခြင်း(ဥဘတောဝုဋ္ဌာန)သဘော ရှိသည့် မဂ်ဉာဏ်(မဇ္ဈိမပဋိပဒါ)အရ အာရုံသခ်ါရနိမိတ်မှ ထမြောက်ရန် ကြိုးပမ်းမှု ဖြစ်ပါသည်။ အာရုံသခ်ါရနိမိတ်သည် နိမိတ္တာနှင့် ပဝတ္တဟူသော အစွန်း(၂)ဘက်အနက် နိမိတ္တ အစွန်းတဘက် ဖြစ်ပါသည်။ ထို့ကြောင့် ပထမအုပ်စု ဉာဏ်စဉ် (၃) မျိုးတို့သည် မဇ္ဈိမပဋိပဒါသဘောအရ နိမိတ္တဟူသောအစွန်းတဘက်မှ ထမြောက်ရေး အတွက် သခ်ါရတရားများအပေါ်၌ ဒုက္ခသစ္စာကို ပိုင်းခြားချ သိလာအောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် ရှုမှတ်ခြင်းဖြစ်ပါသည်။

ဟင်းချက်နည်းဥပမာဖြင့် ရှင်းလင်းဖေါ်ပြရလျှင် ပထမဉာဏ်စဉ် အုပ်စုသည် "ဟင်းလျာ"တမျိုးကို စုသည့်သဘောဖြစ်ပါသည်။ ဤ

ဓနဏာ၌ စုသည့်ဟင်းလျာမှာ "ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်းကိစ္စ" ဖြစ်ပါသည်။ ဤကိစ္စကို မဇ္ဈိမပဋိပဒါရှုထောင့်မှ ချဉ်းကပ်လျှင် "နိဒ္ဒေတ္တ" ဟူသော အစွန်းတဘက်မှ ထမြောက်ရန် အားထုတ်မှုဟူ၍ ဆိုအပ်ပါသည်။ ဟင်းချက်နည်းဥပမာအရ ဧကရသ (ငံမုတ္တိရသ) ရှုထောင့်မှ ချဉ်းကပ်လျှင် "ဟင်းလျာ" တမျိုးသဖွယ်ဖြစ်သည့် "ဒုက္ခသစ္စာကို ပိုင်းခြားသိခြင်း" ဟူသော "ရသ" တမျိုးကို စုဆောင်းခြင်းဟူ၍ ဆိုအပ်ပါသည်။ လောကီအာဆင့်ဒိဋ္ဌသာရှိသေး၍ အမျိုးမျိုးသောရသ(နာနာရသ)ကို ဆောင်နိုင်ခြင်းဖြစ်ပါသည်။

(ခ) သမုဒယသစ္စာကို ပယ်စွန့်ခြင်း

သမုဒယသစ္စာကို ပယ်စွန့်ခြင်းကိစ္စသည် ဉာဏ်စဉ်ဒုတိယအုပ်စု၏ ပဓာနလုပ်ငန်းဖြစ်ပါသည်။ ဉာဏ်စဉ်ဒုတိယအုပ်စုတွင် ဉာဏ် (၃)မျိုး ပါဝင်ပါသည်။ ယင်းဉာဏ် (၃)မျိုးတို့သည် ရုပ်၊ နာမ် သင်္ခါရတရား များအပေါ်၌ တပ်မက်ခြင်းကင်းအောင် ကြိုးပမ်းကြပါသည်။ ဤသို့ကြိုးပမ်းခြင်းမှာ သမုဒယသစ္စာကို ပယ်စွန့်ခြင်းဖြစ်ပါသည်။ သမုဒယသစ္စာကို ပယ်စွန့်ခြင်းသည် အဇ္ဈတ္တသဘောရှိပါသည်။ ယင်းကို ဝိပဿနာဓဝါဟာရဖြင့် "ပဝတ္တ" ဟူ၍ ခေါ်ပါသည်။ ဤဉာဏ်စဉ်ဒုတိယအုပ်စု အဆင့်ဘွင် မဇ္ဈိမပဋိပဒါအရ ကျန်အစွန်းတဘက်ဖြစ်သည့် "ပဝတ္တ"မှ ထမြောက်ရန် ကြိုးပမ်းပါသည်။

ဉာဏ်စဉ်ပထမအုပ်စုဖြစ်သော ဓမ္မဋ္ဌာနဉာဏ်ကွင် မဇ္ဈိမပဋိပဒါအရ အစွန်းတဘက်ဖြစ်သော "နိမိတ္တ" မှ ထမြောက်ရန် ပဓာနအားဖြင့် အားထုတ်ရပါသည်။ "နိဒ္ဒေတ္တ" ဟူသည် အဘိဓမ္မာဝေါဟာရကရ အာရုံဖြစ်ပါသည်။ ထို့ကြောင့် ကာရုံသင်္ခါရတရားများ၏ ဖြစ်ပျက်ကိုရမှတ်ရန် ဉာဏ်စဉ်ပထမအုပ်စု၏ တာဝန်ဖြစ်ပါသည်။ ပဓာနလုပ်ငန်းမှာလည်း ဒုက္ခ

သံစွာကို ပိုင်းခြားရှု၍ သိရန်ဖြစ်ပါသည်။ ဒုက္ခသစ္စာကို ပိုင်းခြားရှု၍ သိခြင်းသည် ဗဟိဒ္ဓသဘော သက်ရောက်သည့် အာရုံသခ်ါရတရား များနှင့် ဆိုင်ပါသည်။ ဤဉာဏ်စဉ်ဒုတိယအုပ်စုအဆင့်၌ ကျန်အစုန်း တဘက်ဖြစ်သော "ပဝတ္တ"မှ ထမြောက်ရန် ပဓာနအားဖြင့် အား ထုတ်ရပါသည်။ "ပဝတ္တ" ဟူသည် အဘိဓမ္မာဝေါဟာရအရ အာရမ္မ-ဏိကဖြစ်ပါသည်။ ထို့ကြောင့် ဉာဏ်စဉ် ဒုတိယအုပ်စုအဆင့်တွင် "နိမိတ္တ" မှလည်း ထ-ရန်လိုပါသည်။ "ပဝတ္တ"မှလည်း ထ-ရန်လိုပါ သည်။ "နိမိတ္တ"မှ ထ-ရန်လုပ်ငန်းမှာ လုပ်ငန်းဟောင်းဖြစ်ပါသည်။ ယင်းလုပ်ငန်းကို ဉာဏ်စဉ်ပထမအုပ်စုက လုပ်ဆောင်ခဲ့ပြီး ဖြစ်ပါ သည်။ ယခု ဉာဏ်စဉ်ဒုတိယအုပ်စုက ဉာဏ်စဉ်ပထမအုပ်စု၏ လုပ် ငန်းဟောင်းကို ဟင်းချက်နည်း ဥပမာအတိုင်း "ဟင်းလျာ" တမျိုး သဖွယ် ဆက်လက်၍ စုပေါင်းလုပ်ဆောင်ခြင်းဖြစ်ပါသည်။ သို့ရာတွင် "ပဝတ္တ" မှ ထ-ရန်လုပ်ငန်းမှာ လုပ်ငန်းသစ်ဖြစ်ပါသည်။ ယင်း လုပ်ငန်းကို ဤဉာဏ်စဉ် ဒုတိယအုပ်စုက စတင်လုပ်ဆောင်ပါသည်။ ထို့ကြောင့် အစုန်း(၂) ဘက်မှ ထမြောက်ခြင်း (ဥာဘတောဝုဋ္ဌာန) သဘောသည် ဉာဏ်စဉ် ဒုတိယအုပ်စုအဆင့်တွင် စတင်ပေါ်ပေါက်ပါ သည်။သို့ဖြစ်၍ ဉာဏ်စဉ် ဒုတိယအုပ်စုအဆင့်သည် အစုန်းတဘက်ဖြစ် သော "နိမိတ္တ"မှ ထမြောက်ရေးအတွက် အာရုံသခ်ါရတရားများ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောများကို ရှုမှတ်ရပါသည်။ ကျန်အစုန်း တဘက်ဖြစ်သော "ပဝတ္တ" မှ ထမြောက်ရေးအတွက် အာရုံမဏိက သခ်ါရတရားများ၏ လက္ခဏာယာဉ် (၃)ပါးဖြစ်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောများကို ရှုမှတ်ပွားများရပါသည်။ တနည်းအားဖြင့် ဆိုရလျှင် ဉာဏ်စဉ်ဒုတိယအုပ်စုသည် ရှုမှတ်ဈာန အာရုံတရားများ၏ ဖြင်၊ ပျက်နှင့် ယင်းတို့၏ ဖြစ်၊ပျက်ကို ရှုမှတ်နေသော အာရုံမဏိက လားများ၏ ဖြစ်၊ ပျက်ကိုပါ ရှုမှတ်ရပါသည်။

ရှုမှတ်စရာ အာရုံတရားများ၏ ဖြစ်၊ ပျက်ကို ရှုမှတ်ခြင်းသည် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိရန်နှင့် နိမိတ္တမှ ထမြောက်ရန်ဖြစ်ပါသည်။ ထို့အပြင် အာရုံသင်္ခါရတရားများ၏ ဖြစ်၊ ပျက်ကို မှတ်သိနေသော အာဒါနမှတိကသင်္ခါရတရားများ၏ ဖြစ်၊ ပျက်ကိုပါ ဆင့်၍ ဆင့်၍ ရှုမှတ်ခြင်းသည် သမုဒယသစ္စာကို ပယ်ရန်နှင့် ပဝတ္တမှ ထမြောက်ရန် ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုရသျှင် ဟင်းချက်နည်းဥပမာအတိုင်း ဉာဏ်စဉ်ဒုတိယအုပ်စုသည် ဟင်းမဖြစ်မီ ဟင်းလျာပစ္စည်းများကို စုပေါင်းထည့်သည့်သဘောဖြင့် မဇ္ဈိမပဋိပဒါအရ နိမိတ္တမှ ထရန်လည်း လုပ်ဆောင်ရသည်။ ပဝတ္တမှ ထရန်လည်း လုပ်ဆောင်ရသည်။ ကေရသ (ဝိမုတ္တိရသ) အရ ဒုက္ခသစ္စာကို ပိုင်းခြား၍ သိရန်လည်း လုပ်ဆောင်ရသည်။ သမုဒယသစ္စာကို ပယ်စွန့်ရန်လည်း လုပ်ဆောင်ရသည်။ ဤသို့လုပ်ဆောင်ရခြင်းသည် ဟင်းမဖြစ်မီ ဟင်းလျာပစ္စည်းများကို စုပေါင်းရသည့် သဘောဖြစ်သည် ဟူ၍လည်း ဆိုကြပါသည်။ လောကုတ္တရာအဆင့်၌ တာမျိုးတည်းသောရသ (ဝိမုတ္တိရသ) မတိုင်မီ လောကီအဆင့်၌ အမျိုးမျိုးသောရသ(နာနာရသ)ကို စုပေါင်းသည့် သဘောဖြစ်သည်ဟူ၍လည်း ဆိုကြပါသည်။

(၈) မဂ္ဂသစ္စာကို ပွားများခြင်း

မဂ္ဂသစ္စာကို ပွားများခြင်းကိစ္စသည် ဉာဏ်စဉ်တတိယအုပ်စု၏ ပဓာနလုပ်ငန်းဖြစ်ပါသည်။ ဉာဏ်စဉ်တတိယအုပ်စုတွင် ဉာဏ်(၃)မျိုး ပါဝင်ပါသည်။ ယင်းဉာဏ် (၃)မျိုးသည် အာရုံသင်္ခါရတရားများနှင့် အာရမ္မဏိကသင်္ခါရတရားများ၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောများကို ရှုမှတ်ယင်း နိမိတ္တမှ ထ-ရန်လည်း ကြိုးမ်းပါသည်။ ပဝတ္တမှ ထရန်လည်း ကြိုးပမ်းပါသည်။ နိမိတ္တမှ ထမှန် ကြိုးပမ်းယင်း

ဒုက္ခသစ္စာကို ပိုင်းခြားမြင်သိရန် အားထုတ်ပါသည်။ ပဝတ္တမှ ထ-ရန် ကြိုးပမ်းယင်း သမုဒယသစ္စာကို ပယ်စွန့်ရန် အားထုတ်ပါသည်။

ဟင်းချက်နည်းဥပမာအတိုင်း ဟင်းချက်ရန် အားထုတ်သောအခါ ဟင်းအိုးတွင် ဟင်းလျာပစ္စည်းများကို စုပေါင်း ထည့်ရပါသည်။ ထိုနည်းအတူ "ဝိမုတ္တိရသ" ရရန်အားထုတ်သောအခါ ဝိပဿနာ လုပ်ငန်းတွင် သစ္စာဆိုင်ရာကိစ္စ(၄)ချက်တို့ကို စုပေါင်းထည့်ရပါသည်။ ဟင်းချက်သောအခါ မီးဖြင့်ချက်သကဲ့သို့ ဝိပဿနာအားထုတ်သော အခါ သီလ၊ သမာဓိ၊ ပညာမျှားဖြင့် အားထုတ်ရပါသည်။ ဟင်းချက်ရာ၌ ဟင်း၏ရသ ပေါ်လာအောင် မီးကို လိုအပ်သောအတိုင်း အတာအထိ ပေးရသကဲ့သို့ ဝိပဿနာအားထုတ်ရာ၌ ဝိမုတ္တိရသပေါ် လာအောင် သီလ၊ သမာဓိ၊ ပညာတို့ကို လိုအပ်သောအတိုင်းအတာ အထိ ပွားများရပါသည်။ ဤသို့ သီလ၊ သမာဓိ၊ ပညာတို့ကို ပွားများ စေနိုင်သည်နှင့်အမျှ ဒုက္ခသစ္စာကို ပိုင်းခြားမြင်သိခြင်းကိစ္စနှင့် သမုဒယ သစ္စာကို ပယ်စွန့်ခြင်းကိစ္စ ပြီးသည် ပို၍ထင်ရှားလာမည် ဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုရလျှင် ဒုက္ခသစ္စာကို ပိုင်းခြားမြင်သိခြင်းကိစ္စနှင့် သမုဒယသစ္စာကို ပယ်စွန့်ခြင်းကိစ္စတို့သည် ကေရသသဘောဖြင့် မဟုတ်ခစကာမူ နာနာရသသဘောဖြင့် မဂ္ဂသစ္စာကို ပွားများခြင်း ကိစ္စနှင့် ရောနှောသွားမည်ဖြစ်ပါသည်။

ဟင်းချက်နည်းဥပမာအရဆိုရလျှင် ဟင်းစည်တစ်လုံးအုပ်စုံ၌ ကို စုံ(၄)ချက်တို့ စုပေါင်းမိုပြုဖြစ်ပါသည်။ ကိစ္စ(၄)ချက်တို့ စုံညီပေါင်းမိ သွားသောအခါ "သမထဝိပဿနာသမ္မန္ဓ" သဘောဖြင့် နောက်ဆုံး၌ "ကေ ရသ" ထွက်ပေါ်လာမည် ဖြစ်ပါသည်။ ယခု အဆင့်၌မူ "သံယောဂ သမ္မန္ဓ" သဘောဖြင့် ပေါင်းစပ်ခြင်းဖြစ်၍ "ကေရသ" ထွက်ပေါ် သေးပဲ "နာနာရသ"သာ ထွက်ပေါ်မည် ဖြစ်ပါသည်။ "ကေရသ"

မထုတ်ပေါ်သေးပဲ "နာနာရဿ"သာ ထုတ်ပေါ်နိုင်သောကြောင့် မဇ္ဈိမပဋိပဒါအရ နိမိတ္တာနှင့် ပဝတ္တာမှ ထရာဒ္ဓိလည်း တပြိုင်နက်တည်း (ကေကွဏ)မထနိုင်သေးပဲ ရှေ့ဆင့်နောက်ဆင့် (နာနာကွဏ)အနေဖြင့်သာ ထနိုင်မည်ဖြစ်ပါသည်။ ဉာဏ်စဉ်တတိယအုပ်စုသည် ဤမျှသာ စွမ်းဆောင်နိုင်မည် ဖြစ်ပါသည်။ ဤဉာဏ်စဉ်တတိယအုပ်စုအဆင့်ကို ပဓာနလုပ်ငန်းအားဖြင့် မဂ္ဂင်္ဂစွာကို ပွားများမှုဖြစ်ပေါ်လာရေးအတွက် လက္ခဏာများပေါ်လာအောင် ရှုမှတ်ပွားများသောအဆင့်ဟူ၍လည်း ဆိုကြပါသည်။

(ဃ) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်း

နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စသည် ဉာဏ်စဉ်စတုတ္ထအုပ်စု၏ ပဓာနလုပ်ငန်း ဖြစ်ပါသည်။ ဉာဏ်စဉ်စတုတ္ထအုပ်စုတွင် ပါဝင်သော ဉာဏ်များကို အနုလောမဉာဏ်များဟု ခေါ်ပါသည်။ "အနုလောမ"ဟူသော ပါဠိဝေါဟာရ၏အနက်မှာ "လျော်ခြင်း"ဟု၍ ဖြစ်ပါသည်။ ယင်းဉာဏ်များသည် ရှေ့ပိုင်း လောကီသဘောရှိသည့် ဝိပဿနာဉာဏ်များနှင့်လည်း လျော်ပါသည်။ နောက်ပိုင်း လောကုတ္တရာသဘောရှိသည့် မဂ်ဉာဏ်အပါအဝင် ဗောဓိပက္ခိယတရားများနှင့်လည်း လျော်ပါသည်။ တနည်းအားဖြင့်ဆိုရလျှင် အနုလောမဉာဏ်များသည် သင်္ခါရတရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တအခြင်းအရာများကို တဘက်ကရှုယင်း အခြားတဘက်က သင်္ခါရတရားတို့၏ ငြိမ်းရာနိဗ္ဗာန်ကို ရွာရှာနေနသဖြင့် လောကီလောကုတ္တရာ(၂)မျိုးလုံးနှင့် လိုက်လျောညီညွတ်ပါသည်။ ယင်းအနုလောမဉာဏ်များသည် ဉာဏ်ထက်သူများအတွက် ဥပစာ၊ အနုလုံးဟူ၍ (၂)ကြိမ်ဖြစ်ပါသည်။ ဉာဏ်နှံ့သူများအတွက် ပရိကမ်၊ ဥပစာ၊ အနုလုံးဟူ၍ (၃)ကြိမ်ဖြစ်ပါသည်။

ဟင်းချက်နည်းဥပမာအရဆိုရလျှင် ဤအဆင့်တွင် "ဟင်းလျာ" သဖွယ်ဖြစ်သည့် ကိစ္စ(၄)ချက် စုံသင့်သလောက်စုံပြီ ဖြစ်ပါသည်။ ကိစ္စ(၄)ချက်ဘို့ စုံသင့်သလောက် စုံသော်လည်း "ဒကရသ"အဖြစ်သို့ မရောက်သေးပဲ "နာနာရသ" သဇာဘာသာ ရှိပါသေးသည်။ ဒုက္ခသစ္စာကိုပိုင်ခြားချိသိခြင်းကိစ္စအားဖြင့် "နိမိတ္တ"မှ ဇာမြောက်တော့မည် ဖြစ်ပါသည်။ သမုဒယသစ္စာကို ပယ်စွန့်ခြင်းကိစ္စအားဖြင့် "ပဝတ္တ"မှ ထမြောက်တော့မည် ဖြစ်ပါသည်။ နိမိတ္တနှင့် ပဝတ္တမှ တပ်ိုင်နက် ထမြောက်ရေးအတွက် ဖော်ပြပါကိစ္စ(၂)ခုတို့ တသားတည်းပေါင်းစပ်သုံးစွဲတော့မည်ဖြစ်ပါသည်။ ထိုကဲ့သို့ ပေါင်းစပ်နိုင်ရေးအတွက် အပူဒီဂရီသဖွယ်ဖြစ်သည့် မဂ္ဂသစ္စာကို ပွားများခြင်း ကိစ္စသည်လည်း တဖြည်းဖြည်း လုံလောက်ပြည့်စုံလာပြီ ဖြစ်ပါသည်။ သို့ဆိုတွင် ဤအဆင့်၌ နိဒ္ဒာဝသစ္စာကို မျက်မှောက်ပြုခြင်းကိစ္စသည့် လုံလောက်ခြင်းမရှိသေးပဲ အခြေပျိုးရုံမျှသာ ရှိပါသေးသည်။ ဝေနည်းအားဖြင့် ဆိုရလျှင် ဤအဆင့်၌ ပရိဇာနနကိစ္စ၊ ပဟာနကိစ္စနှင့် ဘာဝနာကိစ္စ (၃)မျိုးသာ ပေါ်ပေါ်ထင်ထင်ရှိပြီး သစ္ဆိကရဏကိစ္စမှာ ပေါ်ပေါ်ထင်ထင် မရှိသေးကြောင်း တွေ့ရပါသည်။

ဟင်းချက်နည်းဥပမာအရ ပရိဇာနနကိစ္စနှင့် ပဟာနကိစ္စတို့မှာ မူရင်းဟင်းလျာပစ္စည်းများနှင့်တူပြီး ဘာဝနာကိစ္စမှာ မီးအပူချိန်နှင့် တူပါသည်။ သစ္ဆိကရဏကိစ္စမှာ အခြေအနေသစ်တရပ်ကို ဖြစ်ပေါ်စေမည့် ပြောင်းလဲမှုနှင့် တူပါသည်။ ဟင်းအိုးထဲ၌ ဟင်းလျာပစ္စည်းများကို ထည့်၍ ချက်လိုက်သောအခါ "ဟင်း" ဖြစ်လာသည့်နှယ် ဒုဓိရ(၆)ပါးတို့၌ ပစ္စုပ္ပန်ကျကျထင်လာသော ရုပ်၊ နာမ်သဘာဝတရားများအပေါ် ပရိဇာနနကိစ္စ(နိဗ္ဗိတ္တဝုဋ္ဌာန)နှင့် ပဟာနကိစ္စ (ပဝတ္တဝုဋ္ဌာန)တို့ တပ်ိုင်နက်ဖြစ်ရေးအတွက် ဘာဝနာကိစ္စ(ပဋိပဒါ)

သည် အပူချိန်ဒီဂရီသဖွယ် တဖြည်းဖြည်း ပွားယင်း ပွားယင်း သစ္ဆိကရဏကိစ္စတည်းဟူသော နောက်ဆုံး ပြောင်းလဲမှုသဘောကို ကြုံလိုက်သည်နှင့်တပြိုင်နက် တခုတည်းသော ရသ (ဝိမုတ္တိရသ) သည် ပေါ်ထွက်လာပြီး လောကုတ္တရာဖြစ်လာမည် ဖြစ်ပါသည်။

ဤဉာဏ်စဉ်စတုတ္ထအုပ်စုဌ် ပရိဇာနနကိစ္စ၊ ပဟာနကိစ္စနှင့်ဘာဝနာကိစ္စ (၃)မျိုးတို့သည် ပေါ်ပေါ်ထင်ထင်ထွက်ပေါ်ပြီး လောကုတ္တရာတည်းဟူသော အဓိခြအနေသစ်တရုပ်ကို ဖန်တီးရန် အသင့်အနေအထားတွင် ရှိနေကြပြီ ဖြစ်ပါသည်။ ပေါ်ပေါ်ထင်ထင် ဖြစ်လာမည့် သစ္ဆိကရဏကိစ္စကို ဆောင်ဆိုင်းနေသည့်သဘော ဖြစ်ပါသည်။ သစ္ဆိကရဏကိစ္စသည် မထင်ရှား သောအဆင့်မှ ထင်ရှားသောအဆင့်သို့ ရောက်လာသည်နှင့် တပြိုင်နက် ဥာဘတော်ဝဋ္ဌာနခေါ် မဂ္ဂိမပဋိပဒါသည် နိဗိတ္တာအစွန်းနှင့် ပဝတ္တာအစွန်းမှ တပြိုင်နက်ထမြောက်၍ အခြေအနေသစ်တရပ်ဟူသော လောကုတ္တရာသဘောကို ဆောင်မည် ဖြစ်ပါသည်။ လောကုတ္တရာသဘောဟူသည်မှာ နာနာရသတည်းဟူသော "ရသ" (၄)မျိုးမှ ဝိမုတ္တိရသကြီးဟူသော တခုတည်းသော ကောရသသို့ တပြိုင်နက်ပြောင်းသွားခြင်း ဖြစ်ပါသည်။ ကောရသသို့ ပြောင်းသွားမီ ဤစတုတ္ထဉာဏ်စဉ်အုပ်စုဌ် နာနာရသသဘောကို ဆောင်ဆဲဖြစ်ပါသည်။

ဂေါတြဘုဉာဏ်

ဂေါတြဘုဉာဏ်ကား ပေါ်ကူးမော်ကူးသဘောရှိသော ဉာဏ်ပင် ဖြစ်၏။ အာရုံမဖြစ်ကသဘောအရ လောကီဖြစ်၏။ အာရုံသဘောအရ လောကုတ္တရာ ဖြစ်၏။ တနည်းအားဖြင့်ဆိုရလျှင် လောကီဉာဏ် ဂေါတြဘုသည် လောကုတ္တရာအာရုံ နိဗ္ဗာန်ကို အာရုံပြုလာသော် နိဗ္ဗာန်ကို အာရုံပြုသည့်အတွက် ဂေါတြဘုဉာဏ်ကို ဝိပဿနာဉာဏ်

စဉ်၌ ထည့်သွင်းရေတွက်ခြင်း မပြုကြပါ၊ချေ။ ဝိပဿနာဉာဏ်ဟူသည်မှာ သခ်ၤါရအာရုံဘို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာအားဖြင့် သိသောဉာဏ်မျိုးသာ ဖြစ်ပါသည်၊ နိဗ္ဗာန်ကိုသိသော ဉာဏ်မျိုးမဟုတ်။ ဂေါတြဘုဉာဏ်ကား သခ်ၤါရကိုမသိ၊ နိဗ္ဗာန်ကိုသာသိသည်။ ထို့ကြောင့် ဂေါတြဘုဉာဏ်ကို ဝိပဿနာဉာဏ်စဉ်၌ မထည့်သွင်းခြင်းဖြစ်ပါသည်။

သခ်ၤါရဟူသော်ငြားပေါ် ဝိပဿနာရှုရာ၌ ဂေါတြဘုဉာဏ်ဖြစ်ပေါ်လာသောအခါ သစ္ဆိကရဏကိစ္စသည် ပီပီပြင်ပြင် ဖြစ်လာပါသည်။ ထင်ရှားသောအဆင့်သို့ ရောက်လာပါသည်။ ကိစ္စ(၄)ချက်သည် ပြည့်စုံလာပြီ ဖြစ်ပါသည်။ ကိစ္စ(၄)ချက်ပြည့်စုံလာသည်နှင့် တပြိုင်နက် နာနာရုဿမှ ကေရသို့ ကူးပြောင်းသွားပြီ ဖြစ်ပါသည်။ လောကအခြေအနေမှ လောကုတ္တရာအခြေအနေသို့ ကူးပြောင်းသွားပြီဖြစ်ပါသည်။ ပိဋကတ်စာပေမျှားတွင် နာနာရုဿမှ ကေရသို့ ကူးပြောင်းသွားခြင်းကို ရဿ(ကိစ္စ)ရှုထောင့်မှ "ဝိမုတ္တိရဿ"ဟု ခေါ်ပါသည်။ လောကအခြေအနေမှ လောကုတ္တရာအခြေအနေသို့ ကူးပြောင်းသွားခြင်းကို ပဋိလဒ္ဓထောင့်မှ "အရိယာ"ဟုခေါ်ပါသည်။ ဤသဘောကိုပင် ဓမ္မရှထောင့်မှ "မဂ်"ဟု ခေါ်ကြပါသည်။ အမှန်အားဖြင့် မဂ်စိတ်ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက် အစွန်း(၂)ဘက်မှ တပြိုင်နက်တည်း လွတ်မြောက်ပါသည်။ ထို့ကြောင့် မဂ်စိတ်ကို အစွန်း(၂)ဘက်မှ လွတ်မြောက်ခြင်း(ဥဘတောဝုဋ္ဌာန)ဟူ၍လည်းကောင်း ခေါ်ပါသည်။ အလယ်ကျင့်စဉ်(မဇ္ဈိမပဋိပဒါ)ဟူ၍လည်းခေါ်ပါသည်။

မျက်မှောက်ပြုခြင်း(သစ္ဆိကရဏ)

မျက်နှောက်ပြုခြင်းကို ပါဠိဝေါဟာရဖြင့် "ပစ္စက္ခ" ဟူ၍လည်းကောင်း ခေါ်ပါသည်။ "သစ္ဆိကရဏ"ဟူ၍လည်း ခေါ်ပါသည်။ ပစ္စက္ခနှင့်

သစ္ဆိကရဏတို့သည် မြန်မာဝေါဟာရဖြင့် "မျက်မှောက်ပြုခြင်း" ချည်းဖြစ်စေကာမူ ဆိုလိုရင်းအဓိပ္ပာယ်အားဖြင့် ခြားနားပါသည်။

"ပစ္စက္ခ" မျက်မှောက်ပြုခြင်းမှာ ကာယကံရှင်များ အဖြစ် မျက်မှောက်ပြုခြင်းဖြစ်ပါသည်။ ဤနေရာ၌ ကာယကံရှင်များဆိုသည်မှာ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော၊ အစိုင်အခဲသဘောတို့ ပါဝင်နေခြင်းကို ဆိုလိုပါသည်။ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော၊ အစိုင်အခဲသဘောတို့ ပါဝင်နေပါကလည်း လုပ်သူ(ကတ္တား)နှင့် ခံရသူ(ကမ္မ)တည်းဟူသော ကာရကသဘောတို့ ပါဝင်မည်ဖြစ်ပါသည်။ ယင်း ကာရကသဘောကိုပင် အစွန်းတရားများဟူ၍ ဆိုလိုပါသည်။ တနည်း အားဖြင့် ဆိုရလျှင် ကတ္တား(လုပ်သူ)အုပ်စုဌာ ပါဝင်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ အစိုင်အခဲများကို ပဝတ္တ (အဇ္ဈတ္တ)အစွန်းဌာ ထည့်ပါသည်။ ကမ္မ(ခံရသူ)အုပ်စုဌာ ပါဝင်သော ပုဂ္ဂိုလ်၊ သတ္တဝါ၊ အစိုင်အခဲများကို နိမိတ္တ(ဗဟိဒ္ဓ)အစွန်းဌာ ထည့်ပါသည်။ ဤသည်ပင်လျှင် အစွန်း(၂)ပါးဖြစ်ပါသည်။ ထို့ကြောင့် "ပစ္စက္ခ"မျက်မှောက်ပြုခြင်းဆိုသည်မှာ ပုဂ္ဂိုလ်၊ သတ္တဝါ၊ အစုဝတ္ထုများက ကာယကံရှင် (ကာရက)များအနေဖြင့် မျက်မှောက်ပြုခြင်းမျိုးကို ဆိုပါသည်။ ယင်းကို လောက မျက်မှောက်ပြုခြင်းဟူ၍ ခေါ်နိုင်ပါသည်။

"သစ္ဆိကရဏ" မျက်မှောက်ပြုခြင်းမှာ ကာယကံရှင်များသဘော မပါဝင်ပါ။ ကာရကသဘောများ မပါဝင်ပါ။ ပုဂ္ဂိုလ်သတ္တဝါသဘော၊ အစိုင်အခဲသဘောများ မပါဝင်ပါ။ ထို့ကြောင့် အစွန်း(၂)ဘက်မှ လွှတ်ပါသည်။ အစွန်း(၂)ဘက်မှ လွှတ်သဖြင့် နိမိတ္တ(ဗဟိဒ္ဓ)အုပ်စုဌာလည်း မပါဝင်။ ပဝတ္တ(အဇ္ဈတ္တ) အုပ်စုဌာလည်း မပါဝင်။ တနည်းအားဖြင့်ဆိုရလျှင် "သစ္ဆိကရဏ"မျက်မှောက်ပြုခြင်းဟူသည် ပုဂ္ဂိုလ်၊ သတ္တဝါ၊ အစိုင်အခဲများ အနေဖြင့် မဟုတ်ပဲ ဓမ္မသဘာဝသက်သက်

အနေဖြင့်သာ မျက်မှောက်ပြုခြင်းမျိုး ဖြစ်ပါသည်။ ယင်းကို လောကုတ္တရာမျက်မှောက်ပြုခြင်းဟူ၍ ဓေါ်နိုင်ပါသည်။

ဤသည်မှာ "ပစ္စက္ခ" မျက်မှောက်ပြုခြင်းနှင့် "သစ္ဆိကရဏ" မျက်မှောက်ပြုခြင်းတို့၏ ခြားနားမှုဖြစ်ပါသည်။ ဤခြားနားမှုအရ လောကမျက်မှောက်ပြုခြင်းနှင့် လောကုတ္တရာမျက်မှောက်ပြုခြင်းတို့ကို ခွဲခြား၍ နားလည်အပ်ပါသည်။ ဤသို့နားလည်လျှင် ဟင်းချက်နည်း ဥပမာအတိုင်း အမျိုးမျိုးသောရသ(လောက)မှ တခုတည်းသောရသ (လောကုတ္တရာ)သို့ ကူးပြောင်းပုံသဘောကို နားလည်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အစွန်း(၂)ဘက်မှ လွတ်မြောက်ပုံ (မစ္ဆိမပဋိပဒါ) သဒ္ဒာကိုလည်း နားလည်မည် ဖြစ်ပါသည်။ ထိုသို့နားလည်လျှင် သာသနာတော်၌"သဒ္ဓါ"တရားကို ထူထောင်နိုင်ပြီဖြစ်၍ "ပိပဿနာ" လမ်းစဉ်ဖြင့် ပစ္စက္ခဉာဏ်၊ အန္ဒယဉာဏ်၊ သစ္ဆိကရဏဉာဏ်တို့ကို အစဉ်အတိုင်း ရနိုင်တော့မည်ဖြစ်ပါသည်။

ရုပ်၊ နာမ်တရားများကို ဝိပဿနာရှုခွဲ၍ ပစ္စုပ္ပန်ကျကျသိသောဉာဏ်ကို"ပစ္စက္ခ"ဉာဏ်ဟု ခေါ်ပါသည်။ ယင်းပစ္စက္ခဉာဏ်သည် အသီးအသီးကို ပစ္စုပ္ပန်ကျကျသိပါသည်။ ဝိပဿနာရှုခွဲ၍ အသီးသီးကို ပစ္စုပ္ပန်ကျကျသိရုံနှင့် မလုံလောက်သေးသဖြင့် အလုံးစုံကို ပေါင်းရုံး၍ သိရန်လည်း လိုအပ်ပါသည်။ ယင်းကဲ့သို့ ပေါင်းရုံး၍ သိခြင်းသည် ပစ္စက္ခဉာဏ်ကို အခြေခံ၍ သိခြင်းဖြစ်ပါသည်။ ထို့ကြောင့် ယင်းကို "အန္ဒယဉာဏ်"ဟု ခေါ်ပါသည်။ ဝိပဿနာရှုခွဲ၍ ဤကဲ့သို့ ပစ္စက္ခဉာဏ်ဖြင့် အစိတ်စိတ်သိလိုက်၊အန္ဒယဉာဏ်ဖြင့် ပေါင်းရုံး၍သိလိုက်ဖြင့် နောက်ဆုံးခွဲ၍ "သစ္ဆိကရဏဉာဏ်"ကို ရပါသည်။ ထိုဉာဏ်သုံးမျိုးတို့တွင် ပစ္စက္ခဉာဏ်နှင့် အန္ဒယဉာဏ်သည် လောကီဉာဏ်များဖြစ်၍ သစ္ဆိကရဏဉာဏ်သည် လောကုတ္တရာဉာဏ်ဖြစ်ပါသည်။

လောကသိ

ဤလောကဌ် သိစရာအာရုံများနှင့်ပတ်သက်၍ ပုထုဇဉ်ပုဂ္ဂိုလ်တို့သိသောအသိဟူသမျှသည် အမှန်(ပရမတ္ထ)သိမဟုတ်ပဲ အတုအယောင် (ပညတ္တိ)သိများသာဖြစ်ပါသည်။ အတုအယောင် (ပညတ္တိ)သိဆို သည်မှာ ဤလောကရှိ သိစရာ သက်ရှိ၊ သက်မဲ့အားလုံးတို့ကို တခု တည်းအနေဖြင့် သိခြင်းဖြစ်ပါသည်။ ယင်းကို ဗုဒ္ဓစာပေများဌ် (၄) မျိုးခဲ့ခြားဌ် ဖော်ပြထားပါသည်။ ယင်း (၄)မျိုးမှာ အောက်ပါ အတိုင်းဖြစ်ပါသည်—

(၁) သန္ဓတိဃန = ကာလအားဖြင့် တခုတည်း၊
(၂) သမူဟဃန = ဒေသ(သဘာဝ)အားဖြင့်တခုတည်း။
(၃) ကိစ္စဃန = ကြိယာ (ဗျာပါရ) အားဖြင့် တခု တည်း၊
(၄) အာရမ္မဏဃန = အရာဝတ္ထု (အာရုံ) အားဖြင့် တခု တည်း။

(၁) သန္ဓတိဃန = ကာလအားဖြင့် တခုတည်း

သန္ဓတိ-ဟူသည် မပြတ်စပ်လျက်ဖြစ်သော ရှေးနောက်အစဉ်ဖြစ် သည်။ ဃန-ဟူသည် တလုံးတစည်းတည်း၊ တခုတည်းဖြစ်သည်။ ဖြစ် ရပ်များသည် ကာလအလိုက် ရှေးနောက်အစဉ်အားဖြင့် တခုစီ တခုစီ၊ အပိုင်းအပိုင်း၊ အပြတ်အပြတ်ဖြစ်ပါလျက် တခုတည်းဆဖွဲယ်ဖြစ်ပေါ် နေကြဏ်။ ဤသန္ဓတိဃနသည် ကာလ၏ သရုပ်ဆောင်မှု ဖြဲ့ပါသည်။ ဖြစ်ရပ်(ကြိယာ)များ၏ အစဉ်အဆက်နှင့်သည်ပင် "ကာလ" ဖြစ်သည် ဟု ဆိုကြပါသည်။ ထိုကာလ၏ စွမ်းအင်ကြောင့် ပုထုဇဉ်တို့သည် အစိတ်အစိတ်ဖြစ်သော ဖြစ်ရပ်များကို အစိတ်အစိတ်ခဲ့၍ မမြင်ပဲ

တခုတည်း၊ တပေါင်းတည်းကဲ့သို့ မြင်ကြပါသည်။ သိကြပါသည်။ လျှပ်စစ်မီးဆိုင်းဘုတ်ကဲ့သို့ တလုံးစီ တလုံးစီ ရှေ့နောက်စဉ်ကာ လင်းခြင်းဖြစ်ပါလျက် တဒုတည်းက တပြိုင်နက်လင်းခြင်းဟု ထင်မှတ်ရခြင်းမျိုးဖြစ်ပါသည်။ ထို့ကြောင့် သန္ဋတိဃနကို အဓိပ္ပာယ်နက်အရ "ကာလအားဖြင့် တခုတည်း" ဟု ဖော်ပြခြင်းဖြစ်ပါသည်။

(၂) သမူဟဃန=ဒေသ(သဘာဝ)အားဖြင့် တခုတည်း

သမူဟ-ဟူသည် အရာဝတ္ထုတို့၏ အပေါင်းဖြစ်သည်။ ဃန-ဟူသည် တလုံးဟစည်းတည်း၊ တခုတည်းဖြစ်သည်။ ဤလောက၌ ရုပ်ဖြစ်စေ၊ နာမ်ဖြစ်စေ တခုတည်းအနေဖြင့် မတည်နိုင်ပါ အပေါင်းအစုအနေဖြင့်သာ တည်နိုင်သည်။ ရုပ်ဖြစ်လျှင်လည်း အဝိနိဗ္ဘောဂရုပ် (၈) ခု ပါဝင်သည်။ နာမ်ဖြစ်လျှင်လည်း အနည်းဆုံး သဗ္ဗစိတ္တသာဓာရဏ စေဘသိက်(၇)လုံးနှင့်ဘက္ခု စိတ်တလုံး၊ စုစုပေါင်း စိတ်၊ စေတသိက် (၈)လုံးပါဝင်သည်။ သို့ပါလျက် တဒုတည်းကဲ့သို့ မြင်ရသည်။ သိရသည်း ဤသမူဟဃနသည် ဒေသ၏သရုပ်ဆောင်မှုဖြစ်သည်။ ဖြစ်တတ်သော အရာဝတ္ထု(ကာရက)များ၏ အစဉ်အဆက်နီးသည်ပင် "ဒေသ" ဖြစ်သည်ဟု ဆိုကြသည်။ ဖြစ်တတ်သောအရာဝတ္ထု (ကာရက) များ မရှိလျှင် ဖြစ်ခြင်း(ကြိယာ)မရှိ၊ ဖြစ်ခြင်း (ကြိယာ) မရှိလျှင်လည်း ဖြစ်တတ်သောအရာဝတ္ထု(ကာရက)များမရှိ။ ထို့ကြောင့် ဖြစ်တတ်သောအရာဝတ္ထု(ကာရက)များနှင့်ဖြစ်ခြင်း(ကြိယာ)တို့သည် အချင်းချင်း မှီနေကြသည်။ ခွဲ၍ မရ။ ထိုတွင် ဖြစ်တတ်သော အရာဝတ္ထု (ကာရက)များသည် "သမူဟဃန"၏ အထိမ်းအမှတ် ဖြစ်သည်။ ဖြစ်ခြင်း(ကြိယာ)သည် "သန္ဋတိဃန"၏ အထိမ်းအမှတ် ဖြစ်သည်။ ထို့ကြောင့် သမူဟဃနကို အဓိပ္ပါယ်နက်အရ "ဒေသ (သဘာဝ) အားဖြင့် တခုတည်း" ဟု ဖော်ပြခြင်းဖြစ်ပါသည်။

(၃) ကိစ္စဃန=ကြိယာ(ဗျာပါရ)အားဖြင့် တခုတည်း

ကိစ္စဃန-ဟူသည် သန္ဓတိဃန၏ ဆင့်ပွားဖြစ်သည်။ တနည်းအားဖြင့်ဆိုရသျင် "ကာလ"၏သရုပ်ဖြစ်ပါသည်။ သန္ဓတိဃနတွင် "ကာလ"၏ အဓိပ္ပါယ်ကို အဓိကထား၍ ရည်ညွှန်းသော်လည်း ဤကိစ္စဃနတွင် "ကြိယာ"၏အဓိပ္ပါယ်ကို အဓိကထား၍ ရည်ညွှန်းပါသည်။ ဤနေရာ၌ ကိစ္စဟူသည် ကြိယာ၏ဆင့်ပွားပင်ဖြစ်ပါသည်။ အရာဝတ္ထုတခုကို မြင်ရာ၌ ကိစ္စ သို့မဟုတ် ကြိယာ မျှားစ့ဉ်ပါဝင်ပါသည်။ မြင်သည်-ဟူသည် မှာ ဗုဒ္ဓအာဘိဓမ္မာလာ ဓမ္မသင်္ဂဟဝဏ္ဏနာ ဝိထိစိတ်တခု၏ ကိစ္စ ဖြစ်ပါသည်။ ထိုဝိထိစိတ်၌ စိတ်ပေါင်းမျှားစ့ဉ ပါဝင်ပါသည်။ ထိုပါဝင်သော စိတ်မျှားသည်လည်း မိမိတို့၏ သီးခြားကိစ္စမျှားကို ဆောင်ရွက်ပါသည်။ သို့ဖြစ်၍ မြင်သည်-ဟူရာ၌ မိမိတို့၏ သီးခြားကိစ္စမျှားကို ဆောင်ရွက်ကြသော စိတ်၊ စေတသိက်မျှား မျှားစ့ဉပါဝင်ပါလျက် "မြင်ခြင်း" ကိစ္စတခုတည်းကဲ့သို့ မြင်ပါသည်၊ သိပါသည်။ ခဲ့၍ မမြင်၊ ခဲ့၍ မသိ။ အလားတူပင် သ့ဉးသည်-ဟူရာ၌ လောက သဘာဝအရ ခြေကို မ-ခြင်း၊ လှမ်းခြင်း၊ ချခြင်းစသည်ဖြင့် ကိစ္စမျှားစ့ဉ ပါဝင်သော်လည်း "သ့ဉးခြင်း"ကိစ္စ တခုတည်းကဲ့သို့ မြင်ပါသည်၊ သိပါသည်။ ခဲ့၍ မပြင်၊ ခဲ့၍ မသိ။ ဤသဘောကို "ကိစ္စဃန"ဟု ခေါ်ပါသည်။ ထို့ကြောင့် ကိစ္စဃနကို အဓိပ္ပာယ်နက်အရ "ကြိယာ(ဗျာပါရ)အားဖြင့် တခုတည်း"ဟု ဖော်ပြခြင်းဖြစ်ပါသည်။

(၄) အာရမ္မဏဃနဃန=အရာဝတ္ထု(အာရုံ)အားဖြင့် တခုတည်း

အာရမ္မဏဃနဃန-ဟူသည် သမူဟဃန၏ ဆင့်ပွားဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုရလျှင် "ဒေသ"၏ သရုပ်ဖြစ်ပါသည်။ သမူဟဃနတွင် "ဒေသ"၏ အဓိပ္ပာယ်ကို အဓိကထား၍ ရည်ညွှန်းသော်လည်း ဤအာရမ္မဏဃနတွင် "အရာဝတ္ထု"၏ အဓိပ္ပာယ်ကို အဓိကထား၍

ရည်ညွှန်းပါသည်။ ဤနေရာ၌ အာရမ္မဏ-ဟူသည့် အဆုဝတ္ထု၏ ဆင့်ပွားပင်ဖြစ်ပါသည်။

ဤလောက၌ ရှိရှိသမျှနှင့် ဖြစ်ဖြစ်သမျှ အဆုဝတ္ထုများကို အုပ်စု အားဖြင့် (၂)အုပ်စု ခွဲနိုင်ပါသည်။ ယင်း (၂) အုပ်စုကို ဒဿန ဝေါဟာရအားဖြင့် ကာလအုပ်စုနှင့် ဒေသအုပ်စုဟူ၍လည်းကောင်း၊ သဒ္ဒဝေါဟာရအားဖြင့် ကြိယာအုပ်စုနှင့်နာမ်အုပ်စုဟူ၍လည်းကောင်း၊ လောကဝေါဟာရအားဖြင့် လှုပ်ရှားအုပ်စုနှင့် တည်ငြိမ်အုပ်စုဟူ၍ လည်းကောင်း ခေါ်ကြပါသည်။

ထိုအုပ်စု (၂)အုပ်စု တို့တွင် သန္ဓတိဃနနှင့် ကိစ္စဃနကို့သည့် ကာလအုပ်စု သို့မဟုတ် ကြိယာအုပ်စု သို့မဟုတ် လှုပ်ရှားအုပ်စု၌ ပါဝင် ကြပြီး သမ္ဘဟဃနနှင့် အာရမ္မဏဃနတို့သည့် ဒေသအုပ်စု သို့မဟုတ် နာမ်အုပ်စု သို့မဟုတ် တည်ငြိမ်အုပ်စု၌ ပါဝင်ပါသည်။ ထို့ကြောင့် သန္ဓတိဃနနှင့် ကိစ္စဃနတို့သည် ကာလသဘော၊ ကြိယာသဘော၊ လှုပ်ရှားမှုသဘောအားဖြင့် တခုတည်းမဟုတ်ပါပဲလျက် တခုတည်း အာသင်္ကို ဆောင်နေကြခြင်းဖြစ်ပါသည်။ သမ္ဘဟဃနနှင့် အာရမ္မဏဃနတို့သည် ဒေသသဘော၊ နာမ် (အဆုဝတ္ထု) သဘော၊ တည်ငြိမ်သဘောအားဖြင့် တခုတည်းမဟုတ်ပါပဲလျက် တခုတည်းအာသင်္ကို ဆောင်နေကြခြင်းဖြစ်ပါသည်။

အာရမ္မဏဃနသဘာဝရ မြင်သည်-ဟူ၍ခွဲ မြင်စိတ် (စက္ခုဝိညာဉ်) ဖြင့် အာဘင်းရှပါရုံကိုသာ မြင်နိုင်ပါသည်။ အကောင်အထည်၊ ခြုပ်သဏ္ဌာန်များကို မမြင်နိုင်ပါ။ ပုဂ္ဂိုလ်၊ သတ္တဝါများကို မမြင်နိုင်ပါ။ လှုခြင်း၊ အကျည်းတန်ခြင်းများကို မမြင်နိုင်ပါ။ သို့ပါလျက် လောကအတွေ့အကြုံအရ အဆင်း ရှပါရုံကိုသာမက

အကောင်အထည်ကိုလည်း မြင်ပါသည်။ ဒြပ်သဏ္ဌာန်များကိုလည်း မြင်ပါသည်။ ပုဂ္ဂိုလ်၊ သတ္တဝါများကိုလည်း မြင်ပါသည်။ လှုခြင်း၊ အကျွေးတာန်ခြင်းများကိုလည်း မြင်ပါသည်။ သို့ရာတွင် လောက အတွေ့အကြုံဖြစ်ရ အကောင်အထည်၊ ဒြပ်သဏ္ဌာန်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လှုခြင်းနှင့်အကျွေးတာန်ခြင်းတို့ကို မြင်ခြင်းမှာ အဆင်းရုပါရုံအနေဖြင့် အမှန်တကယ်မြင်ခြင်းမဟုတ်။ အတုအယောင်မြင်ခြင်းမျိုးသာဖြစ်၏။ အမှန်အားဖြင့် အကောင်အထည်၊ ဒြပ်သဏ္ဌာန်၊ ပုဂ္ဂိုလ်၊ သတ္တဝါ၊ လှုခြင်းနှင့် အကျွေးတာန်ခြင်းတို့သည် ရုပါရုံများမဟုတ်ကြ။ စမ္မာရုံများသာဖြစ်ပါသည်။ ကို့ကြောင့် မြင်သည်–ဟူသော် ရုပါရုံနှင့်စမ္မာရုံတို့ သီးခြားစီပါဝင်ကြပါသည်။ သို့ပါဝင်သော်လည်း ပုထုဇဉ်တို့၏ လောကသိသောအရ ခွဲခြားရှုမမြင်ပဲ၊ ခွဲခြားရှုမသိပဲ အာရုံတခုတည်းကဲ့သို့ ပေါင်းရှုမြင်ပါသည်၊ ပေါင်းရှုသိပါသည်။ ဤသည်မှာ ခမ္မသဘာဝအရ အာရုံတများတည်းမဟုတ်ပါပဲလျက် အာရုံတမျိုး တည်းကဲ့သို့ မြင်ခြင်း၊ သိခြင်းဖြစ်ပါသည်။

လောကသဘာဝဟုဆိုရလျှင် မြင်သည်–ဟူဆုခွဲ မြင်စရာအဆုဝတ္ထုကို တခုလုံး တပြိုင်နက် မြင်သည်မဟုတ်ပါ။ တစိတ်တဒေသစီအားဖြင့်သာ သီးခြားစီ ခွဲခြားရှု မြင်ခြင်းဖြစ်ပါသည်။ သို့ပါလျက် တခုလုံးကို တပြိုင်နက်တည်းမြင်သကဲ့သို့ ခံစားရပါသည်။ ကြုံတွေ့ရပါသည်။ မြင်စရာအာရုံများသည် သီးခြားစီဖြစ်သော်လည်း တခုတည်း တပြိုင်နက်တည်းကဲ့သို့ဖြစ်ပါသည်။ အလားတူပင် အခြား ကြားစရာ အာရုံများ၊ နံစရာ အာရုံများ စသည်ကို၌လည်း ယင်းတို့သည် သီးခြားစီ သီးခြားစီ၊ အပိုင်း အပိုင်း၊ အပြတ် အပြတ်ဖြစ်ပါလျက် ထိုကဲ့သို့မထင်လာပဲ တခုတည်းကဲ့သို့ထင်လာပါသည်။ ဤသဘောကို "အာရမ္မဏသန" ဟု ခေါ်ပါသည်။ ထို့ကြောင့် အာရမ္မဏသနကို

အဓိပ္ပာယ်နက်အရ "အဆုဝတ္ထု (အာရုံ) အားဖြင့် တခုတည်း"ဟု ဖော်ပြခြင်း ဖြစ်ပါသည်။

လောကသဘာဝ

ဤလောကဌ် ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် ချမ်းသာစစ်၊ ချမ်းသာမှန်ကို ပုဂ္ဂိုလ်အနေ၊ သတ္တဝါအနေဖြင့် ခံစားလိုကြပါသည်။ ထိုသို့ခံစားလို၍ ချမ်းသာစစ်၊ ချမ်းသာမှန်ကို ရှာဖွေကြသည်။ ထိုသို့ရှာဖွေ၍ရရှိသော ချမ်းသာကား ချမ်းသာစစ်၊ ချမ်းသာမှန်မဟုတ်။ အဘယ့်ကြောင့် ဆိုသော် ထိုချမ်းသာသည် ပုဂ္ဂိုလ်အနေ၊ သတ္တဝါအနေဖြင့် ရှာဖွေရရှိ၍ ပုဂ္ဂိုလ်အနေ၊ သတ္တဝါအနေဖြင့် ခံစားနိုင်သောကြောင့်ဖြစ်ပါသည်။ အမှန်အားဖြင့် စစ်မှန်သောချမ်းသာဟူသည် ဓမ္မအနေဖြင့်သာ ရှာဖွေရရှိပြီး ဓမ္မအနေဖြင့်သာ ခံစားနိုင်ပါသည်။ စစ်မှန်သောချမ်းသာကို ရှာဖွေခံစားမှု၌ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောတို့ လုံးဝပါဝင်နိုင်ခွင့်မရှိပါခေ။ ထို့ကြောင့် စစ်မှန်သော ချမ်းသာသုခ ရှာဖွေရေးလုပ်ငန်းဖြစ်သော "ဝိပဿနာ" လုပ်ငန်းမျိုး၌ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောမျိုးကို မပါဝင်နိုင်စေရန် ကြိုးစားအားထုတ်ရပါသည်။ ဓမ္မသဘောသက်သက်ကိုသာ သိမြင်နိုင်ရန် ရှုမှတ်ရပါသည်။ ဤသည်မှာ ဗုဒ္ဓမြတ်စွာ၏ အတုမဲ့ ထူးခြားသော သွန်သင်ချက် "ဒေသနာ"ဖြစ်ပါသည်။ ဗြာဟ္မဏလမ်းစဉ်နှင့် တိတ္ထိယလမ်းစဉ်တွင် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောသည် အဓိုင်အမာရှိပါသည်။ ဗုဒ္ဓလမ်းစဉ်တွင် အခိုင်အမာမရှိပါ။ ထို့ကြောင့် ဗုဒ္ဓလမ်းစဉ်သည် ဗြာဟ္မဏနှင့်တိတ္ထိယတို့၏ လမ်းစဉ်ဟောင်းမှ ခွဲထွက်လာသည့် လမ်းစဉ်သစ်ဖြစ်ပါသည်။

သတ္တဝါမှန်သမျှသည် ချမ်းသာသုခကို ရှာဖွေကြသည်ချည်းဖြစ်ပါ၏။ ရှာဖွေသည့်ချမ်းသာသုခကိုလည်း စစ်မှန်သောချမ်းသာသုခအဆင့်သို့ မရောက်မချင်း ရှာဖွေကြသည်ချည်းပင်ဖြစ်ပါ၏။ ထိုသဘောကို ဝေဒနာခံစားလည်း တွေ့ခဲ့၏။ ဗြာဟ္မဏခံစားလည်း တွေ့ခဲ့၏။ အာရညကခံစားလည်း တွေ့ခဲ့၏။ ဥပနိဿဒ်ခံစားလည်း တွေ့ခဲ့၏။ တိတ္ထိယခံစားလည်း တွေ့ခဲ့၏။ ဗုဒ္ဓခံစားလည်း တွေ့ခဲ့၏။ အမှန်အားဖြင့် လောကမဆုံးသေးရ. တွေ့နေရမည်သာဖြစ်ပါ၏။ ထိုသို့တွေ့နေရခြင်းသည် ဓမ္မဘာအရ တွေ့နေခြင်းဖြစ်၏။ ရွှောင်လွဲ၍မရ ကောင်းသော တွေ့ခံနရခြင်းမျိုးဖြစ်ပါ၏။ စစ်မှန်သောချမ်းသာသုခကိုဖြစ်စေ၊ မစစ်မှန်သော ချမ်းသာသုခကိုဖြစ်စေ မရှာဖွေပဲ ရခြင်းဟူ၍လည်း ဤလောကဌာန၌ မရှိနိုင်ကောင်းပါခေ။ ထို့ကြောင့် သတ္တဝါမှန်သမျှ ရှာဖွေနေကြခြင်းဖြစ်ပါသည်။ ဤသည်မှာ လောကသဘာဝဖြစ်ပါသည်။

ထိုသို့ ရှာဖွေရာတွင် ရုပ်ပိုင်းဆိုင်ရာများ ဖုံ့ဖြိုးကိုးတက်ပြည့်စုံလေလေ၊ ချမ်းသာသုခ စစ်မှန်လေလေဟူသော ခံယူချက်ဖြင့် ရှာဖွေကြခြင်းမျိုးလည်း ရှိပါသည်။ နာမ်ပိုင်းဆိုင်ရာများ ဖုံ့ဖြိုးကိုးတက်ပြည့်စုံလေလေ၊ ချမ်းသာသုခ စစ်မှန်လေလေဟူသော ခံယူချက်ဖြင့် ရှာဖွေကြခြင်းမျိုးလည်း ရှိပါသည်။ ရုပ်ပိုင်းဆိုင်ရာများနှင့် နာမ်ပိုင်းဆိုင်ရာများပါ ဘက်စုံ ဖုံ့ဖြိုးကိုးတက်ပြည့်စုံလေလေ၊ ချမ်းသာသုခ စစ်မှန်လေလေဟူသော ခံယူချက်ဖြင့် ရှာဖွေကြခြင်းမျိုးလည်း ရှိပါသည်။ သို့ရာတွင် မည်သို့သောခံယူချက်ဖြင့် ရှာဖွေကြစေကာမူ ပုဂ္ဂိုလ်သဘောနှင့် သတ္တဝါသဘောတို့ သိပ်သည်း ဖုဆပ်နေသမျှ ကာလပတ်လုံး အသုံးပြုသော ချမ်းသာသုခရှာဖွေနည်းသည်လည်း စစ်မှန်သော ချမ်းသာသုခရှာဖွေနည်းမဟုတ်ပါ။ ရရှိသော ချမ်းသာ

သုခသည်လည်း စစ်မှန်သောချမ်းသာသုခမဟုတ်ပါ။ အမှန်အားဖြင့် ပုဂ္ဂိုလ်သဘောနှင့် သတ္တဝါသဘောတို့ တဖြည်းဖြည်းချင်း ပါးလွှာသွားလေလေ အသုံးပြုသော ချမ်းသာသုခခံစားမှုနည်းသည်လည်း ပို၍မှန်ကန်လေလေဖြစ်ပါသည်။ ထို့အပြင် အသုံးပြုသော ချမ်းသာသုခခံစားမှုနည်းသည် ပို၍မှန်ကန်လေလေ ရရှိသော ချမ်းသာသုခသည်လည်း ပို၍စစ်မှန်လေလေဖြစ်မည် ဖြစ်ပါသည်။ ချမ်းသာသုခကို ခံစားမှုဆုံ၌ လောဘကို ပို၍ထိန်းကျောင်းနိုင်မှု (ရာဂဝိနယ)၊ ဒေါသကို ပို၍ထိန်းကျောင်းနိုင်မှု (ဒေါသဝိနယ)၊ မောဟကို ပို၍ထိန်းကျောင်းနိုင်မှု (မောဟဝိနယ) အသုံးပြုသော ခံစားမှုနည်းသည်လည်း ပို၍မှန်ကန်ပြီး ရရှိသောချမ်းသာသုခသည်လည်း ပို၍ စစ်မှန်မည်ဖြစ်ကြောင်း ပဋ္ဌာန်းတော်များ၌ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ စစ်မှန်သောချမ်းသာသုခသည် ရုပ်ပိုင်းဆိုင်ရာပြည့်စုံမှုများနှင့် နာမ်ပိုင်းဆိုင်ရာ ပြည့်စုံမှုများအပေါ်၌ မတည်ပဲ ပုဂ္ဂိုလ်သဘောနှင့် သတ္တဝါသဘောတို့၏ သိပ်သည်းမှုနှင့် ပါးလွှာမှုအပေါ်၌သာ တည်ကြောင်း တွေ့ရှိရပါသည်။ ပုဂ္ဂိုလ်သဘောနှင့် သတ္တဝါသဘောတို့ သိပ်သည်းထူထပ်လာပါက ရုပ်ပိုင်းဆိုင်ရာများ ပို၍ပြည့်စုံမှု(လောဘဂ္ဂမဟာတ္တ)နှင့် နာမ်ပိုင်းဆိုင်ရာများ ပို၍ပြည့်စုံမှု (ဗာဟု-သစ္စမဟာတ္တ)တို့သည် သာဝါနာတော်၌ အနန္တဆုယ်(အာသဝက္ခယဉာနိယ) ဖြစ်လာနိုင်သဖြင့် ရဟန်းတော်များအတွက် ဆိုက္ခာပုဒ်တော်များကို ပညတ်ရန်လိုအပ်ကြောင်း ရှင်တော်မြတ်ဘုရားက ရှင်သာရိပုတ္တရာအား ဟောတော်မူကြောင်း ဝိနယပိဋကက ပါရာဇိကကဏ္ဍပါဠိတော်(၁၁)၌ လာရှိပါသည်။ ထို့ကြောင့် ချမ်ပိုင်းဆိုင်ရာ ပြည့်စုံမှုများနှင့် ပြည့်စုံသော သန်းကြွယ်သဒ္ဒေးကြီးပင်ဖြစ်စေ၊ နာမ်ပိုင်းဆိုင်ရာပြည့်စုံ

မှုများနှင့်ပြဿနာစုံသော အသိပညာရှင်၊ အတတ်ပညာရှင် ပါမောက္ခ ကြီးပင်ဖြစ်စေ ပုဂ္ဂိုလ်သစ္စာနှင့် သတ္တဝါသဘောတို့ကို ပိုရှိသိပ်သည်းစေသော ပိုင်ဆိုထုထပ်စေသော တွေးခေါ်မြော်မြင်မှုမျိုးဖြင့်သာ စစ်မှန်သော ချမ်းသာသုခကို ရှာဖွေနေပါက သူရှာဖွေနေသည့် စစ်မှန်သော ချမ်းသာသုခကို မည်သည့် အခါမျှ ရနိုင်လိမ့်မည် မဟုတ်ချေ။

ထို့ကြောင့် စစ်မှန်သော ချမ်းသာသုခကို ရရှိနိုင်စေရန် ပုဂ္ဂိုလ် သဒ္ဒဘာနှင့် သတ္တဝါသဘောကို ပါးလွှာလာဖို့လိုအပ်၏။ ပုဂ္ဂိုလ် သဘောနှင့် သတ္တဝါသဘောကို ပါးလွှာလာစေရန် သင်္ခါရတရားတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့ကို မြင်ဖို့လိုအပ်၏။ သင်္ခါရတရားတို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာတို့ကို မြင်နိုင်ရန် ရှု၊ နာမ်တရားတို့၏ ဖြစ်ပျက်ကို မြင်ဖို့လိုအပ်၏။ ရုပ်၊ နာမ်တရားတို့၏ ဖြစ်၊ ပျက်ကိုမြင် နိုင်ရန် ပဋိပတ္တိကျင့်စဉ်ဖြင့် ဝိပဿနာရှုဖို့လိုအပ်၏။ ပဋိပတ္တိကျင့်စဉ် ဖြင့် ဝိပဿနာရှုမှသာ သင်္ခါရတရားတို့၌ တသုံးတည်း တစ္ဆုံးကလုံး တခုတည်းဖြစ်သော "ဃန" သဘောကဲ့ပျက်မည် ဖြစ်ပါသည်။ "ဃန" သဘောကဲ့ပျက်မှသာ ပရမတ္ထသဘော ပေါ်လာမည် ဖြစ်ပါသည်။ ပရမတ္ထသဘော ပေါ်လာမှသာ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော ကဲ့ပျက်မည်ဖြစ်ပါသည်။ပုဂ္ဂိုလ်ဒိဋ္ဌိ၊ သတ္တဝါဒဒိဋ္ဌိ ဘေးဝိဒုက္ခာနှင့်တကွ ချုပ်ငြိမ်း၍ "ကိ" ၏ ဒုက္ခမိုးများ သိသိသာသာ လွတ်ငြိမ်းနိုင်မည်ဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီး (ကြောင်းကျိုးဆက် သွယ်မှု) ရပ်တန့်မည်ဖြစ်ပါသည်။ ထို့အခါမှသာ တကယ်စစ်မှန်သော ချမ်းသာ (သန္တိသုခ) ပေါ်လာမည်ဖြစ်ပါသည်။ တကယ်စစ်မှန်သော ချမ်းသာ (သန္တိဝန်းခ) သည် ဥပါဒိဒေး သဘောဖြင့် ပေါ်လာသော အခါ၌ ယင်းကို ခံစားတတ်သော ပုဂ္ဂိုလ်၊ သတ္တဝါမရှိပေးသဖြင့်

ပုဂ္ဂိုလ်အနေ၊ သတ္တဝါအနေဖြင့် ခံစားခြင်းမရှိတော့ပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသော ဓမ္မအနေဖြင့်သာ ခံစားမည်ဖြစ်ပါသည်။ ယင်းသန္ဓိသုခသည် အနုပါဒိန္နသဿ သဘောဖြင့် ပေါ်လာသောအခါ ဌိမ္မ ယင်းကိုခံစားတတ်သော ပုဂ္ဂိုလ်၊ သတ္တဝါမရှိတော့သဖြင့် ပုဂ္ဂိုလ် အနေ၊ သတ္တဝါအနေဖြင့် ခံစားခြင်းလည်းမရှိတော့ချေ။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် (ကြောင်းကျိုးဆက်သွယ်မှု) ရပ်တန့်သွားပြီဖြစ်သဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တည်းဟူသော ဓမ္မဒေးနေဖြင့် ခံစားခြင်းလည်း မရှိတော့ချေ။ အားလုံးသည်သာ သန္ဓိသုခ၊ သန္ဓိသုခသည်သာ အားလုံးဖြစ်တော့သည်။ သန္ဓိသုခမှတပါး အခြားဘာမျှ မရှိတော့ချေ။ ဤသည်ပင် စစ်မှန်သောခရမ်းသာသုခ ဖြစ်ပါသည်။ အကယ်၍ လောက၏အဆုံး၌ သန္ဓိသုခမှတပါး အခြားတစုံတရာ ရှိသေးသည် ဆိုလျှင် ယင်းသန္ဓိသုခသည် တကယ်စစ်မှန်သော သန္ဓိသုခမဖြစ်နိုင်ပါချေ။ ဆိုလိုသည်မှာ လောက၏အဆုံး၊ သံသရာ၏အဆုံး၌ အနုပါဒိသေသ သဘောဖြင့် သန္ဓိသုခတမျိုးတည်းသာ ရှိနိုင်မည်ဖြစ်ပါသည်။ ဤဟာက ထိုဟာထက် ပို၍စစ်မှန်သည်ဟု ဆိုဖွယ်ဖြစ်အောင် အခြားတရားတမျိုး မရှိကောင်းပါချေ။

စစ်မှန်သော ချမ်းသာ(သန္ဓိသုခ)ကို ရရှိရေးအတွက် ပုဂ္ဂိုလ် သဘော၊ သတ္တဝါသဘောကို ပယ်ရှင်းမည်ဆိုသော်လည်း အစပထမ၌ လုံးလုံးလျားလျား ပယ်ရှင်းမည်မဟုတ်ချေ။ ပုဂ္ဂိုလ်သဒ္ဒါ၊ သတ္တဝါသဒ္ဒါဖြင့်ပင် စရမည်ဖြစ်၏။ "အပ်"စွဲဝင်နေသည်ကို "အပ်"ဖြင့်ပင် ထွင်ရသကဲ့သို့ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော စွဲဝင်နေသည်ကို ပုဂ္ဂိုလ် သဘော၊ သတ္တဝါ သဘောဖြင့်ပင် ထုံင်ရမည် ဖြစ်၏။ "အပ်"ချင်း တူသော်လည်း စွဲဝင်သော "အပ်"နှင့် ထွင်သော "အပ်" ခြားနားသကဲ့သို့ စွဲဝင်သော "ပုဂ္ဂိုလ်သဘော၊ သတ္တဝါ

သဘော” နှင့် ထွင်သော “ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော” တို့ အချင်းချင်း ခြားနားနေကြမည် ဖြစ်ပါသည်။ ပါဠိဝေါဟာရဖြင့် စူးဝင်သောသဘောကို “ အာနုဿောတဂါမီ ”ဟု ခေါ်ရ၍ ထွင်သော သဘောကို “ ပဋိဿောတဂါမီ ”ဟု ခေါ်ပါသည်။ ဤသို့လျှင် စူးဝင်သော သဘောမှ ထွင်သောသဘော သို့မဟုတ် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော (ပုဂ္ဂလဗျာပါရ)မှ ဓမ္မသဘော (ဓမ္မဗျာပါရ)သို့ ကူးပြောင်းသွားအောင် ဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဗုဒ္ဓဓေတ်၏ အမြင်သစ်

ဝေဒဓေတ်မှစ၍ တိတ္ထိယဓေတ်တိုင်အောင် ဓေတ်အဆက်ဆက် ကိုးကွယ်ယုံကြည်မှုတို့၌ အာဿာကို အခြေခံ၍ ကိုးကွယ်ယုံကြည်ခဲ့ကြကြောင်း တွေ့ရ၏။ အတ္တ ကို အခြေခံ၍ တွေးခေါ်အမြင်ခဲ့ကြကြောင်း တွေ့ရ၏။ ဗုဒ္ဓဓေတ်၌မူ ထိုသို့မဟုတ် ပြုပြင်ပြောင်းလဲမှုကို ပြုခဲ့၏။ ထိုပြုပြင်ပြောင်းလဲမှုကား အတ္တကို အခြေခံခြင်း၊ အတ္တကို ငယ်ဖျက်ရန် အားထုတ်ခြင်းပင်ဖြစ်ပါသည်။ အမှန်အားဖြင့် အတ္တကို အခြေခံခြင်းသည် သတ္တဝါတို့၏ ပကတိသဘောဖြစ်၏။ သံသရာ၌ အစုန်သဘော (အနုဿောတဂါမိ)ဖြစ်၏။ သံသရာမှထွက်မြောက်၍ စစ်မှန်သော ချမ်းသာ (သန္တိသုခ) ကို ရရှိနိုင်ရန် မိမိတို့၏ ပကတိ သဘောဖြင့် အားထုတ်၍ရ၏။ အစုန်သဘောဖြင့် အားတုတ်၍မရ။ အဆန်သဘော (ပဋိဿောတဂါမိ) ဖြင့်သာ အားထုတ်အပ်လေသည်။ အဆန်သဘောဖြင့် အားဆုတ်ခြင်းဟူသည်မှာ အတ္တကိုပယ်ဖျက်ရန် အားထုတ်ခြင်းပင်ဖြစ်၏။

အတ္တကိုပယ်ဖျက်ရန် အားထုတ်သောအခါ ဤလောက၌ ပုဂ္ဂိုလ် သတ္တဝါမရှိကြောင်း၊ သခ်ါရတရားမျှသာရှိကြောင်း၊ သခ်ါရတရား

မျှားဟူသည် သတ္တဝါမဟုတ်ကြောင်း၊ အသက်ဇီဝမဟုတ်ကြောင်း သိမြင်ရန်လိုအပ်ပါသည်။ ထိုကဲ့သို့သိမြင်နိုင်ရန် မြတ်စွာဘုရားသည် ဝိပဿနာကို ဟောကြားတော်မူခဲ့ပါသည်။ ဝိပဿနာသည် ပုဒ္ဓခေတ်၌သာ ပေါ်လာသည့်အမြင်သစ်ဘုရပ်ဖြစ်ပါသည်။ ပုဒ္ဓခေတ်မတိုင်မီ ခေတ်အဆက်ဆက်၌ အမြင့်ဆုံးသောအမြင်အဖြစ် သမထသာ ပေါ်ပေါက်ခဲ့ပါသည်။ သမထ၌သာ လမ်းဆုံးခဲ့ပါသည်။ သမထကျင့်စဉ်ဖြင့် သန္တိသုခကို မရနိုင်ပဲ ဝိပဿနာကျင့်စဉ်ဖြင့်သာ သန္တိသုခကို ရနိုင်ကြောင်း ကိုယ်တော်တိုင် သိမြင်တော့ကြုံပြီး မြတ်စွာဘုရားက ဝိပဿနာတရားကို ဖော်ထုတ်ဟောကြားခဲ့ခြင်းဖြစ်ပါသည်။

ဝိပဿနာကျင့်စဉ်အရ အသိသည် (၂)မျိုး ရှိပါသည်။ ထို (၂) မျိုးအနက် ပထမအသိမှာ ပုဂ္ဂိုလ်သတ္တဝါသိ ဖြစ်ပါသည်။ ဒုတိယအသိမှာ ဓမ္မသိ ဖြစ်ပါသည်။ *ပထမအသိအမြင်အစား အရကျွန်ုပ်ဘို့သည် အရှုဝတ္ထုတခုကို သိတိုင်း သို့မဟုတ် ဖြစ်ရပ်တခုကို

---

* အမှာ။။ ။အာရမ္မဏာနုသယဆိုသည်မှာ အာရုံ၌ အစဉ်တစိုက် ကပ်နေသော ကိလေသာ အကိန်းဝင်ဖြစ်သည်ကိုလည်းကောင်း၊ သန္တာနာနုသယဆိုသည်မှာ သတ္တဝါတို့၏သန္တာန်၌ အစဉ်တစိုက်ကိန်းသော ကိလေသာ အကိန်းဝင်ဖြစ်သည်ကိုလည်းကောင်း စာမျက်နှာ (၂၅၈)၌ အကျဉ်းပြဆိုခဲ့ပြီး ဖြစ်ပါသည်။ သို့ရာတွင် ယနေ့ခေတ်လူများသည် ယင်းကိလေသာအကိန်းဝင်ဆိုသည်ကို သဘောပေါက်ရန် ခဲယဉ်းနေကြပါသည်။ သို့ဖြစ်၍ ဤကျမ်းစာ၌ ယနေ့ခေတ်လူတို့ သဘောပေါက်လွယ်စေရန် "အာရမ္မဏာနုသယ"ကို နိမိတ် ပုံသဏ္ဌာန် အစိုင်းအခဲ "ဃန" သဘောဟုလည်းကောင်း၊ "သန္တာနာနုသယ"ကို ပုဂ္ဂိုလ်သတ္တဝါသဘော "ငါ၊ သင်၊ သူ၊ ပိုင်ရှင်"ဟုလည်းကောင်း သုံးနှုန်းထားပါသည်။ ဤသို့သုံးနှုန်းခြင်းသည် ပိဋကတ်တော်လာ "အနုသယ"ဝေါဟာရကို တိုက်ရိုက်ဘာသာပြန်ခြင်းမဟုတ်ပဲ ယနေ့ခေတ်သုံး မြန်မာဝေါဟာရဖြင့် အနီးကပ်

သိကိုင်း ထိုအသိဉ် ပဋိလ်သဖောဘ၊ သတ္တဝါသဘော အမြဲပါဝင်ပါသည်။ ပဋိလ်သဘော၊ သတ္တဝါသဘောဆိုသည်မှာ "ငါသိ၊ ငါလုပ်သည်၊ သူသိသည်၊ သူလုပ်သည်"ဟူသော "ငါ-သူ"သဘော

ဆုံး ဘာသာပြန်ခြင်း ဖြစ်ပါသည်။ ရှင်းပြပါဦးမည်၊ လောကသိဟူသမျှဉ် သိခြင်းကြိယာ သက်သက်မျှသာမက၊ ယင်းအသိတရားတိုင်းတွင် ကတ္တားပိုင်း ဟိုင်ရာ (ကာရက)သဘောအားနဲ့ဖြင့် ပဋိလ်သိသဘောနှင့် ကမ္မပိုင်း ဆိုင်ရာ (ကာရက) အနေဖြင့် နိမိတ်ပုံသဏ္ဌာန်သိသဘောဟူ အမြဲတမ်း အပိုဆောင်း၍ ပါဝင်ကြပါသည်။ ဆိုလိုသည်မှာ လောကဉ်ဟူသမျှတွင် ကြိယာများသည် သူချည်းသန့်သန့်မဖြစ်ပဲ ကာရကသဘောများကို အပို ထည့်၍ သိကြပါသည်။ လောကုတ္တရာ(နိဗ္ဗာန်)ကို သိရာဌာနကား ယင်း ကတ္တားနှင့်ကံ ကာရကသဘောများ လုံးဝမပါဝင်တော့၊ သဘ်မှသဘော သက်သက်မျှ ဖြစ်ပါသည်။ ကမ္မပိုင်းဆိုင်ရာ နိမိတ်ပုံသဏ္ဌာန်သဘောလည်း မပါဝင်ပါ။ ကတ္တားပိုင်းဆိုင်ရာ ပဋိလ်သတ္တဝါသဘောလည်း မပါဝင်ပါ။ ဤသည်ကိုပင် အနုသယဖယ်ခြင်းဟု ဆိုပါသည်။ အနှစ်အားဖြင့် နိမိတ်ပုံသဏ္ဌာန်သဘောနှင့် ပဋိလ်သတ္တဝါ သဘောတို့သည် နှောင်အခါ အဖြောင်းတိုက်ဆိုင်လာပါက ကိလေသာတို့ကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် လောကသိဟူသမျှတွင် အပိုဆောင်း၍ ပါဝင်ကြသော ကတ္တားပိုင်းဆိုင်ရာ ပဋိလ်သတ္တဝါသဘောနှင့် ကမ္မပိုင်းဆိုင်ရာ နိမိတ်ပုံသဏ္ဌာန်သဘောများကို ယနေ့ခေတ်လူတို့ နားလည်သဘော ပေါက်လွယ်စေရန် "အနုသယ"ဟူ၍ သုံးနှုန်းခြင်းဖြစ်ပါသည်။ ထို့အပြင် လောကသိ စိတ်တိုင်း၌ အမြဲတမ်းပါဝင်သော ကမ္မပိုင်းဆိုင်ရာ နိမိတ်ပုံသဏ္ဌာန်သဘောကို အာရမ္မဏာနုသယဟူ၍လည်းကောင်း၊ ကတ္တားပိုင်းဆိုင်ရာ ပဋိလ်သတ္တဝါ၊ ဇီဝသဘောကို သန္တာနာနုသယဟူ၍လည်းကောင်း သုံးနှုန်းခြင်းသည် ပိဋကတ်တော်လာ "အနုသယ"ဝေါဟာရကို ယနေ့ခေတ်သုံး မြန်မာဝေါဟာရဖြင့် အနီးကပ်ဆုံး ဖြစ်နိုင်သမျှဖြစ်အောင် ဘာသာပြန်ခြင်းဖြစ်ပါသည်။

ဖြစ်ပါသည်။ အမှန်အားဖြင့် ဤလောကဌ် သင်္ခါရတရားများမှလွဲ၍ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မရှိပါပဲလျက် မိုးကို အရှိလုပ်ပြီး ထိုးထိုး ကားယက်မှု၊ ဝစီကံမှု၊ မနောကံမှုကိုဌ် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကို ကျွန်ုပ်တို့သည် မလွဲမသွေထည့်သွင်းကြပါသည်။ ထို့ကြောင့် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကို ထိုးထိုးကားတို့ဌ် ထည့်သွင်းကြသဖြင့် ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်များအနေဖြင့် သတ္တဝါများအနေဖြင့် သံသရာဌ် ကျင်လည်ကျက်စား ပြေးသွားနေရခြင်းဖြစ်ပါသည်။ သံသရာဌ် ကျင်လည်ကျက်စား ပြေးသွားနေရအောင် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောပါဝင်သောထိုးထိုးကားများက အကျိုးပေးနေကြခြင်းဖြစ်ပါသည်။ ပုဂ္ဂိုလ်သဘော၊သတ္တဝါသဘောတို့သည် ကာမကုသိုလ်ကံ၊အကုသိုလ်ကံ တို့ဌ်လည်းကောင်း၊ ရူပကုသိုလ်ကံတို့ဌ်လည်းကောင်း၊အရူပကုသိုလ်ကံ တို့ဌ်လည်းကောင်း အမြဲမပြတ် တရစပ်ပါဝင်နေကြပါသည်။ ထို့ကြောင့် ထိုးထိုးကားတို့ဌ် အမြဲမပြတ် တရစပ် ပါဝင်နေသော ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကို " အနုသယကိလေသာ "ဟု ခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်။ အနုသယ ကိလေသာ၏ အနက်အဓိပ္ပာယ်မှာ သတ္တဝါတို့၏ သန္တာန်ဌ် အစဉ်တစိုက် ကိန်းနေသည့် ကိလေသာ ဖြစ်ပါသည်။ အစဉ်တစိုက်ကိန်းနေသည့် ကိလေသာဆိုသည်မှာ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောပင် ဖြစ်ပါသည်။ ယင်းကို ပါဠိစကားပေသုံး ဝေါဟာရဖြင့် "အနုသယ"ဟု ခေါ်ပြီး အရပ်သုံး ဒေါဟာရဖြင့် "ငါ၊ သင်၊ သူ"ဟု ခေါ်ပါသည်။ ယင်းကိလေသာကို ထိုးထိုးမင်္ဂဖြင့် အကြွင်းမဲ့ မပယ်သတ်နိုင်သေးသရွေ့ ကာလပတ်လုံး ထိုးထိုးသတ္တဝါတို့သည် ထိုးထိုးကားတို့ဌ် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကို အမြဲတစေ ထည့်သွင်းနေကြမည်သာဖြစ်ပါသည်။ဗုဒ္ဓဒေသနာတော်အရ အနာဂါမ် ပုဂ္ဂိုလ်များသည်ပင် မိမိတို့၏ ရူပကုသိုလ်၊ အရူပကုသိုလ်တို့ဌ် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကို ဖယ်ထည့်သွင်းပဲ မနေနိုင်သည့်အတွက်

မိမိတို့၏စျာန်ဆိုင်ရာ ရူပဘဝ၊ အရူပဘဝတို့၌ ကျင်လည်ကျက်စား ပြေးသွားကြရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ထိုအနုသယကိလေသာကို အလွန်အစွမ်းကောင်းသော ဂ်ိလေသာ(ထာမဂတကိလေသာ) အဖြစ် ဗုဒ္ဓပိဋကတ်တော်၌ ဟော်ပြထားခြင်း ဖြစ်ပါသည်။

အနုသယကိလေသာကို မပယ်သတ်နိုင်သေးသရွေ့ သံသရာမှ အပြီးထွက်မြောက်ရန် မဖြစ်နိုင်သဖြင့် အနုသယကိလေသာကို ပယ်သတ်နိုင်ရန် မြတ်စွာဘုရားသည် ဝိပဿနာကျင့်စဉ်ကို ဟောတော်မူခြင်းဖြစ်ပါသည်။ ဝိပဿနာကျင့်စဉ်အရ အနုသယကိလေသာကို ပယ်သတ်နိုင်ရန် ထိုတိုက်တို့၌ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကို အပိုမဟာညဏ်သွင်းမိရန် အရေးကြီးပါသည်။ စင်စစ်အားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါဟူသည့် တကယ်တမ်းရှိသည်မဟုတ်။တကယ်တမ်းမရှိပါပဲလျက် တကယ်တမ်းအရှိလုပ်၍ ရုပ်က ပြသည်ကို "ငါက ပြသည်၊ သူက ပြသည်"ဟူ၍လည်းကောင်း၊ ဝေဒနာက ခံစားသည်ကို "ငါက ခံစားသည်၊ သူက ခံစားသည်"ဟူ၍လည်းကောင်း၊ သညာက မှတ်သည်ကို "ငါက မှတ်သည်၊ သူက မှတ်သည်"ဟူ၍လည်းကောင်း၊ စေတနာက လုပ်သည်ကို "ငါက လုပ်သည်၊ သူက လုပ်သည်"ဟူ၍ လည်းကောင်း၊ ဝိညာဏ်က သိသည်ကို"ငါကသိသည်၊ သူကသိသည်" ဟူ၍လည်းကောင်း စသည်ဖြင့် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ လုပ်ဆောင်မှုအပေါ်၌ "ငါ၊ သူ"ဟူသော ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကို ကျွန်ုပ်တို့သည် မှားယွင်းစွာ အပိုထည့်သွင်းမိကြပါသည်။ ထိုအမှားကို ပယ်ဖျောက်ရန် ရုပ်နာမ်မှ သင်္ခါရတို့ကို ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော မပါဝင်စေပဲ ရှုမှတ်ရပါမည်။ ထိုအခါ ရုပ်ဟရူး၏ လုပ်ဆောင်မှုကို "ငါ၊ သူ"၏ လုပ်ဆောင်မှု မဟုတ်ပဲ ရုပ်တရား၏ လုပ်ဆောင်မှုအဖြစ် မြင်လာပါမည်။ နာမ်တရား၏

လုပ်ဆောင်မှုကို "ငါ၊သူ"၏ လုပ်ဆောင်မှု မဟုတ်ပဲ နာမ်တရား၏ လုပ်ဆောင်မှုအဖြစ် မြင်လာပါမည်။ ထိုအခါ ဒုတိယအသိ အမှိုးအစားဖြစ်သည့် "စမ္မသီ" သည် ဖြစ်ပေါ်လာပါမည်။ စမ္မသိဖြစ်ပေါ်လာသောအခါ ပုဂ္ဂိုလ်သိ၊ သတ္တဝါသိသည် အလင်းရောက်လျှင် အမိုက်ပျောက်သကဲ့သို့ ပျောက်ကွယ် သွားပါမည်။ ပုဂ္ဂိုလ်သိ၊ သတ္တဝါသိးပျောက်လျှင် ယင်းနှင့်အတူ "ပုဂ္ဂိုလ်ရှိ၊ သတ္တဝါရှိ" ဆိုတော်လည်း အလိုအလျောက် ရှင်းလင်းသွားပါလိမ့်မည်။ ဤနည်းအားဖြင့် လောကဌ္ဌ ပုဂ္ဂိုလ်သတ္တဝါဟူသည် အမှန်မရှိပဲ ခွပ်နာမ်ခမ္မ သဒ္ဒါရမျှးသာရှိကြောင်း၊ ယင်းရုပ်နာမ်ခမ္မ သဒ္ဒါရမျှးသည်လည်း ဒုက္ခသာဖြစ်ကြောင်း၊ ဒုက္ခ၏ အဆုံးဌ် "သန္တိသုခ" ရှိကြောင်း ကိုယ်တိုင် မျက်မှောက်ပြုနိုင်ပါလိမ့်မည်။သန္တိသုခကို ကိုယ်တိုင်မျက်မှောက် ပြုနိုင်စေရန် လောကဘောင်ကို ကျော်လွှန်၍ လင်းနိုင်သည့် လောကုတ္တရာအလင်းသည် ဖြစ်ပေါ်လာပေလိမ့်မည်။ ထိုအလင်း ဖြစ်ပေါ်လာ၍သာ ဒုက္ခကို ကြည့်ယင်း၊ ကြည့်ယင်း၊ ဒုက္ခကိုကျော်လွှန်ပြီး ဒုက္ခ၏တဘက်ကမ်းရှိ သန္တိသုခကို မြင်ခြင်းဖြစ်ပါသည်။ သန္တိသုခကို မျက်မှောက်ပြုခြင်း ဖြစ်ပါသည်။ သန္တိသုခကို မျက်မှောက်ပြုနိုင်ရန် ဝိပဿနာကျင့်စဉ်မှတပါး အခြားနည်းမရှိပေ။

အခန်း (၇)

သမထ

ဝိပဿနာ၏ ရှေးဦးလုပ်ငန်းများ

ဝိပဿနာ အားထုတ်ခြင်း ရပ်၊ နာမ်ကို သိရန်လို၏။ ယင်းတို့၏ အကြောင်းကိုလည်း သိရန်လို၏။ ကျွန်လေးကတွင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမဟူ၍ မရှိ၊ သန်ဂါရတရားသက်သက်များသာ ရှိကြ၏။ ယင်းသန်ဂါရဘများသည်လည်း "ဤမည်သို့ ဖြစ်တိုင်း ဤဒုက္ခဟောတိ=ကျိုဟာဖြစ်လျှင် ကျိုဟာဖြစ်ရ၏" ဟူသော ပြောင်းကျိုးဆက်နိယာမများအရသာ ဖြစ်ပြန်၏။ ဖြစ်ပြောင်းမှု (အပေါတုက) သဘောဖြင့် ဖြစ်ကြရသည်မဟုတ်။ မမှန်ကန်သော အကြောင်း (ဝိသမဟေတုက) သဘောဖြင့် ဖြစ်ကြရခြင်းလည်း မဟုတ်။

အကြောင်းဖြစ်လျှင် အကျိုးဖြစ်၏။ အကြောင်းမရှိလျှင် အကျိုးမဖြစ်။ အကြောင်းဟူသော်မူလည်း ပရမတ္ထသစ္စာအားဖြင့် ရှိပါ၊ နာမ်သာတည်း။ ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်။ အကျိုးဟူသည်မှာလည်း ပရမတ္ထသစ္စာအားဖြင့် ရှိပါ၊ နာမ်သာတည်း။ ပုဂ္ဂိုလ်၊ သတ္တဝါမဟုတ်။ ပရမတ္ထသစ္စာအားဖြင့် လောဘဟူသည်မှာ ကံ ကမ္မ) နှင့် ကံ၏အကျိုး (ဝိပါက)၊ ကံစက်ဝန်း (ကမ္မဝဋ္ဋ) နှင့် ကံ၏အကျိုးစက်ဝန်း (ဝိပါကဝဋ္ဋ)၊ ကံဖြစ်ရပ် (ကမ္မပဝတ္တ)နှင့် ကံ၏အကျိုးဖြစ်ရပ်(ဝိပါကပဝတ္တ)၊ကံအစဉ်(ကမ္မသန္တတိ) နှင့် ကံ၏အကျိုးစဉ် (ဝိပါကသန္တတိ)၊ ပြုလုပ်ခြင်း (ကိရိယာ)နှင့် ပြုလုပ်ခြင်း၏အကျိုး(ကိရိယ ဖလ)တို့၏မပြတ်ဖြစ်ပေါ်နေခြင်းပင် ဖြစ်၏သည်။ ဟောင်းကုပင် "စက်ရဟတ်ပမာ သံသရာ" ဟု၍ ဘုရားပါသည်။ ယောင်းစက်ရပ်တိ ပမာ သံသရာသည် သစ်ဝေနှင့် သက်ပင်တို့တွင် မည်သည်က အလျင် အဦးဟု မဆိုနိုင်သကဲ့သို့ မိမိ၏ အစအဦး(ပုဗ္ဗကောဋိ)ကို မဆိုနိုင်သော သဘောရှိပါသည်။ ထို့အပြင် အကြောင်းအကျိုးဖြစ်စဉ်နှင့် ပတ်သက်၍ ဗုဒ္ဓပိဋကတ်တော်၌ ဤသို့လာရှိပါသည်—

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။

(ကမ္မဿ၊ ကံကို။ ကာရကော၊ ပြုတတ်သူသည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ၊ အကျိုးကို။ ဝေဒကော စ၊ ခံစားတတ်သူသည်လည်း။ နတ္ထိ၊ မရှိ။ သုဒ္ဓမ္မာ၊ ပုဂ္ဂိုလ် သတ္တဝါမဖက် သက်သက်သော ကံနှင့် ကံ၏အကျိုးတရားတို့ချည်းသာလျှင်။ ပဝတ္တန္တိ၊ တပြန်စီ လည်ပတ်လျက် မပြတ်ဖြစ်ကြကုန်၏။ ဧဝံ၊ ဤသို့။ ဧတံ ဒဿနံ၊ ဤအမြင်သည်။ သမ္မဒဿနံ၊ မဖောက်မပြန် မှန်ကန်သော အမြင်ပေတည်း။)

(ဝိသုဒ္ဓိမဂ်-၂၊ ၂၃၇)

ဤဒေသနာတော်အရ ပရမတ္ထသစ္စာအားဖြင့် ဤလောကဌာ် ကံမှတပါး ပြုလုပ်တတ်သော အခြား ပုဂ္ဂိုလ်၊ သတ္တဝါမရှိ။ ကံ၏အကျိုးမှတပါး ခံစားတတ်သော အခြားပုဂ္ဂိုလ်၊ သတ္တဝါမရှိ။ သမ္မုတိသစ္စာအနေဖြင့်သာ ကံဖြစ်ခိုက်၌ ပြုလိုသောစိတ် စေတနာနှင့် ကိုယ်၊ နှုတ်အမူအရာတည်းဟူသော ရုပ်၊ နာမ် (၂)ပါးကိုပင် စွဲမှီ၍ ပုဂ္ဂိုလ်က လုပ်သည်ဟု ပြောဆိုကြရ၏။ သို့ပြောဆိုကြရသော်လည်း ကံ-မည်သော ထိုရုပ်နာမ်ကို ပြုတတ်သော ပုဂ္ဂိုလ်၊ သတ္တဝါကား သိမ်းခြားမရှိ။ သမ္မုတိသစ္စာအနေဖြင့် ပြောဆိုရုံသက်သက်မျှသာ ရှိချေသည်။

ကံ၏အကျိုးတရားကို ခံစားတတ်သော ပုဂ္ဂိုလ်၊ သတ္တဝါမရှိ။ သမ္မုတိသစ္စာအနေဖြင့် ပြောဆိုရုံသက်သက်မျှသာ ရှိချေသည်။

ထို့ကြောင့် ဝိပဿနာအားထုတ်ရာ၌ အမှန်မရှိသော ပုဂ္ဂိုလ်၊ သတ္တဝါသဘောကို ဖယ်ရှားရန်၊ ဤလောက၌ ရုပ်၊ နာမ် (၂)ပါးသာရှိကြောင်း သိမြင်ရန် လိုအပ်ပါသည်။ ယင်း ရုပ်၊ နာမ် (၂)ပါးသည်လည်း အကြောင်း

အကျိုး ဖြစ်စဉ်အရ အကြောင်းတရားအနေဖြင့်လည်းဖြစ်ပါသည်။အကျိုး တရားအနေဖြင့်လည်း ဖြစ်ပါသည်။ သို့ရာတွင် "ဖြစ်သည်" ဟု ဆိုသည်နှင့် တပြိုင်နက် "ဣမသ္မိံ သတိ ဣဒံ ဟောတိ=ဤဟာဖြစ်လျှင် ဤဟာဖြစ်သည်"ဟူသော ကြောင်းကျိုးဆက်နိယာမသည် မလွဲမသွေ ဝင်ရောက်လာမည် ဖြစ်ပါသည်။ ကြောင်းကျိုးဆက်နိယာမ ဝင်ရောက်လာသည်နှင့် တပြိုင်နက် သံသရာစက်ရဟတ်သည် "ခြားရဟတ်" ပမာ မပြတ်လည်တော့မည် ဖြစ်ပါသည်။ ထို့ကြောင့် သံသရာစက်ရဟတ်ကို "ခြားရဟတ်" ပမာ လည်စေတတ်သော အယူအမြင်ကို ဖယ်ရှင်းရန် လိုအပ်ပါသည်။ သံသရာစက်ရဟတ်ကို ရပ်တန့်စေသော အယူအမြင်ကို ထူထောင်ရန် လိုအပ်ပါသည်။

သံသရာစက်ရဟတ်ကို ရပ်တန့်စေသော အယူအမြင်ကို ထူထောင်ရာ၌ အကြောင်းနှင့်အကျိုးကို အမှန်အတိုင်းသိရန် လိုအပ်ပါသည်။ အမှန်အတိုင်း သိလေသော အခါ လောကဖြစ်စဉ်နှင့် ပတ်သက်၍ ယုံမှားမှု "ဝိစိကိစ္ဆာ" သည် အထိုက်အလျောက် ကင်းကွာလေပြီ။ "ဤလောက၌ ကြောင်းကျိုးဆက်နိယာမအရ နာမ်ရုပ် အဆက်ဆက်မျှသာ ရှိသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ မရှိ" ဟူ၍ အမြင်မှန်ကို ထူထောင်နိုင်ပြီဖြစ်ပါသည်။ ဤသို့ အမြင်မှန် ထူထောင်နိုင်ခြင်းကိုပင် ဗုဒ္ဓစာပများ၌ ပစ္စယပရိဂ္ဂဟဉာဏ် (အကြောင်းကို သိမ်းဆည်းသိ) ဟူ၍လည်းကောင်း၊ ဓမ္မဋ္ဌိတိဉာဏ် (ရုပ်၊နာမ် ဖြစ်စဉ်သိ) ဟူ၍လည်းကောင်း၊ ယထာဘူတဉာဏ် (အဖြစ်အတိုင်းသိ) ဟူ၍လည်းကောင်း၊ သမ္မာဒဿန (အမှန်အတိုင်းမြင်) ဟူ၍လည်းကောင်း ဖော်ပြကြပါသည်။ စင်ကြယ်မှု (ဝိသုဒ္ဓိ)နှင့် ပတ်သက်၍ ယင်းဉာဏ်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိ (ယုံမှားကို လွန်မြောက်လွှတ်စင်ကြယ်သောဉာဏ်)ဟု ဆိုပါသည်။

ဝိပဿနာအားထုတ်ရာ၌ ရှုမှတ်ရသော တရားများကိုလည်း သိရန် လိုအပ်ပါသည်။ ယင်းတရားများကား ရုပ်၊ နာမ်များသာ ဖြစ်ပါသည်။ ထို့ကြောင့် ဝိပဿနာအားမထုတ်မီ ဝိပဿနာ၏ ရှေးဦးလုပ်ငန်းများ အနေဖြင့် ရုပ်၊ နာမ်တရားတို့ကို ပိုင်းခြား၍သိထားရန် လိုအပ်ပါသည်။

ဝိပဿနာအမြင်ဖြင့် မဟုတ်ပဲ လောကအမြင်ဖြင့် ပြောရလျှင် မိမိတို့၏ ဒွါရ (၆)ပါးဌ် ထင်လာသော ဗဟိဒ္ဓအာရုံသဒ္ဒါရတရား (နိမိတ္တ)များကို အသီးအသီး အပိုင်းအပိုင်း အပြတ်အပြတ် မမြင်ပဲ တလုံးတစည်းတည်း၊ တခုတည်း "ဃန" အနေဖြင့် မြင်ကြပါသည်။ ဤသို့မြင်ရာဌ် အာရုံပိုင်းတွင် တလုံးတစည်းတည်း၊ တခုတည်း "ဃန" သဘောကို ဗုဒ္ဓစာပေဝေါဟာရဖြင့် "အာရမ္မဏာနုသယ" ဟု ခေါ်ပါသည်။ ယင်း အာရမ္မဏာနုသယကြောင့် အမြဲတစေ ဖြစ်ပျက်နေသော ဗဟိဒ္ဓအာရုံသဒ္ဒါရတရား (နိမိတ္တ)များ အပေါ်ဌ် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု မမြင်ပဲ နိစ္စ၊ သုခ၊ အတ္တဟု မြင်ခြင်း ဖြစ်ပါသည်။ ထို့အတူ မိမိတို့၏ ဒွါရ (၆)ပါးဌ် ထင်လာသော ဗဟိဒ္ဓအာရုံသဒ္ဒါရတရား (နိမိတ္တ)များအပေါ်ဌ် ရှုမြင်တတ်သော မိမိတို့၏ ဇင်္ဃတ္တအာရမ္မဏိကသဒ္ဒါရတရား (ပဝတ္တ)များကိုလည်း အသီးအသီး၊ အပိုင်းအပိုင်း၊ အပြတ်အပြတ် မမြင်ပဲ တလုံးတစည်းတည်း၊ တခုတည်း "ဃန" အနေဖြင့်ပင် မြင်ကြပါသည်။ ဤသို့မြင်ရာဌ် အာရမ္မဏိကပိုင်းတွင် တလုံးတစည်းတည်း၊ တခုတည်း "ဃန" သဘောကို ဗုဒ္ဓစာပေဝေါဟာရဖြင့် "သန္တာနာနုသယ" ဟု ခေါ်ပါသည်။ ယင်းသန္တာနာနုသယကြောင့် အမြဲတစေ ဖြစ်ပျက်နေသော အဇ္ဈတ္တအာရမ္မဏိကသဒ္ဒါရတရား (ပဝတ္တ)များအပေါ်ဌ် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု မမြင်ပဲ နိစ္စ၊ သုခ၊ အတ္တဟု မြင်ခြင်း ဖြစ်ပါသည်။

တနည်းအားဖြင့်ဆိုရလျှင် အသိခံ (အာရုံ) သဒ္ဒါရဖြစ်စေ၊ သိစိတ် (အာရမ္မဏိက) သဒ္ဒါရဖြစ်စေ သဒ္ဒါရတရားများအားလုံးတို့သည် အသီးအသီး၊ အပိုင်းအပိုင်း၊ အပြတ်အပြတ်သဘောဖြင့် အမြဲတစေ ဖြစ်ပျက်နေကြပါ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို ဆောင်ကြပါ၏။ သို့ပါလျက် ယင်းသဒ္ဒါရတရား (နိမိတ္တ၊ ပဝတ္တ) များအပေါ်ဌ် အသီးအသီး၊ အပိုင်းအပိုင်း၊ အပြတ်အပြတ် မမြင်ပဲ တလုံးတစည်းတည်း၊ တခုတည်း "ဃန" အနေဖြင့်သာ မြင်ကြပါ၏။ အနိစ္စ၊ ဒုက္ခ၊ အနတ္တအနေဖြင့် မမြင်ပဲ နိစ္စ၊ သုခ၊ အတ္တအနေဖြင့်သာ မြင်ကြပါ၏။ ဤသို့မြင်ရာတွင် အမြင်ခံအာရုံ (နိမိတ္တ)ပိုင်းဌ် တလုံးတစည်းတည်း၊ တခုတည်းသဘောကို ဗုဒ္ဓစာပေသုံး

ဝေါဟာရဖြင့် "အာရမ္မဏာနုသယ" ဟု ခေါ်ကြောင်း ဆိုခဲ့ပြီးဖြစ်ပါသည်။ မြင်တတ်သည့် အာရမ္မဏိက (ပဝတ္တ)ပိုင်းခွဲ တလုံးတစည်းတည်း၊ တခုတည်း သဘောကို ဗုဒ္ဓစာပေသုံးဝေါဟာရဖြင့် "သန္တာနာနုသယ" ဟု ခေါ်ကြောင်း ဆိုခဲ့ပြီး ဖြစ်ပါသည်။ ဤနေရာ၌ တလုံးတစည်းတည်း၊ တခုတည်း "ဃန" သဘောဆိုသည်မှာ အရပ်သုံးဝေါဟာရဖြင့် သက်ရှိမျိုး အတွက် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူဘပါး၊ ယောကျ်ား၊ မိန်းမသဘောကို ဆိုခြင်း ဖြစ်ပါသည်။ သက်မဲ့မျိုးအတွက် အရာဝတ္ထု၊ ဒြပ်၊ သဏ္ဌာန် သဘောမျိုးကို ဆိုခြင်းဖြစ်ပါသည်။

အာရမ္မဏာသန္တာနာနုသယနေသူတို အာရမ္မဏာနုသယနှံ့ သန္တာနာနုသယနန္တိ ဒ္ဒိသု အနုသယနေသု။

(အာရမ္မဏာသန္တာနာနုသယနေသူတို၊ ဟူသည်ကား။ အာရမ္မဏာနုသယနှံ့၊ အာရုံ၌ကိန်းခြင်း။ သန္တာနာနုသယနှံ့၊ သန္တာန်၌ကိန်းခြင်း။ ဤတို၊ ဤသို့။ ဒ္ဒိသု အနုသယနေသု၊ နှစ်မျိုးသောကိန်းခြင်းတို့တွင်)။

(ဝိဘင်းအဖွင့်အနုဋ္ဌီကာ-၂၁၂)

လောကအမြင်ပျံ့ခြင်း ချမ်းသာသုခကို ရှာခဲ့ကြပါသည်။ ထိုသို့ ရှာခဲ့ကြသည်မှာ မဝဒခေတ်မှ တိတ္ထိယမေတ်တိုင်အောင် ဖြစ်ပါသည်။ သို့ရာတွင် ချမ်းသာသုခ အစစ်အမှန်ကို မတွေ့ခဲ့ကြပါ။ ထိုသို့ မတွေ့ခြင်းမှာလည်း အသိခံပိုင်းအတွက် အာရမ္မဏာနုသယသဘောဖြင့်လည်းကောင်း၊ သိစိတ်ပိုင်းအတွက် သန္တာနာနုသယသဘောဖြင့်လည်းကောင်း ရှာဖွေကြသောကြောင့် ဖြစ်ပါသည်။ ဤနေရာ၌ **အာရမ္မဏာနုသယနှင့် သန္တာနာနုသယ** ဆိုသည်မှာ သက်ရှိမျိုးအတွက် ပုဂ္ဂိုလ်၊သတ္တဝါ၊ငါ၊သူတပါး ယောကျ်ား၊ မိန်းမအနေဖြင့်လည်းကောင်း၊ သက်မဲ့မျိုးအတွက် အရာဝတ္ထု၊ ဒြပ်၊ သဏ္ဌာန်အနေဖြင့်လည်းကောင်း တလုံးတစည်းတည်း၊ တခုတည်းသဘောဖြစ်ပါသည်။

ဗုဒ္ဓခေတ်တွင်မူ လောကအမြင်ဖြင့် ချမ်းသာစစ် ချမ်းသာမှန်ကို ရှာဖွေ၍ မရနိုင်ကြောင်း၊ ဝိပဿနာအမြင်ဖြင့်သာ ချမ်းသာစစ်၊ချမ်းသာမှန်ကို ရှာဖွေ၍ရနိုင်ကြောင်း ထိုးထွင်း၍သိတော်မူသော မြတ်စွာဘုရားသည် မဇ္ဈိမပဋိပဒါကျင့်စဉ်ကို ဖော်ထုတ်၍ ဟောတော်မူခဲ့ပါသည်။ ထို့အပြင် မဇ္ဈိမပဋိပဒါကို ဝိပဿနာလုပ်ငန်းစဉ်ဖြင့် စတင်ခဲ့ပါသည်။ ဝိပဿနာလုပ်ငန်းစဉ်ကို မစတင်မီ ဒိဋ္ဌိဝိသုဒ္ဓိစနေ်းကို ဖွင့်ခဲ့ပါသည်။ ဒိဋ္ဌိဝိသုဒ္ဓိဆိုသည်မှာ လောကတခုလုံးကို ခြုံ၍သုံးသပ်လျှင် ပရမတ္ထသစ္စာအားဖြင့် အသိခံပိုင်းနှင့် သိစိတ်ပိုင်း (၂)ပိုင်းလုံးအတွက် ရုပ်နှင့်နာမ်သာရှိသည်။ ရုပ်နှင့်နာမ်မှတပါး အခြား ဘာမျှမရှိ-ဟူသော အမြင်ပင်ဖြစ်ပါသည်။ ယင်းအမြင်သည် စင်ကြယ်သော အမြင်ဖြစ်၍ ဝိပဿနာအတွက် အမှန်လိုအပ်သော အမြင်ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဝိပဿနာရှုရာ၌ ရုပ်နှင့်နာမ်မှလွဲ၍ အခြားဝိပဿနာရှုစရာ ဘာမျှမရှိသောကြောင့် ဖြစ်ပါသည်။ ဤအဆင့်တွင် လောကဖြစ်စဉ်နှင့် ပတ်သက်၍ အမြင်မှား(ဒိဋ္ဌိ)သည် အထိုက်အလျောက် ကင်းကွာလေပြီ။

စင်ကြယ်မှု(ဝိသုဒ္ဓိ)သဘောအရ စိတ်စင်ကြယ်မှု(စိတ္တဝိသုဒ္ဓိ)နှင့် သီလစင်ကြယ်မှု(သီလဝိသုဒ္ဓိ)တို့သည်လည်း ဝိပဿနာ ရှေးဦးလုပ်ငန်းများအနေဖြင့် လိုအပ်ပါသည်။ ဤနေရာ၌ စိတ်စင်ကြယ်မှု(စိတ္တဝိသုဒ္ဓိ)ဆိုသည်မှာ သမာဓိနှင်မာမှုပင် ဖြစ်ပါသည်။ သီလစင်ကြယ်မှု(သီလဝိသုဒ္ဓိ)ဆိုသည်မှာ ရှောင်ခြင်း(ဝါရိတ္တ)နှင့် ဆောင်ခြင်း(စာရိတ္တ)တို့ကို ကျင့်သုံးခြင်းဖြစ်ပါသည်။ သီလစင်ကြယ်မှုသည် ဝိပဿနာလုပ်ငန်း၌ ပထမဦးဆုံးလိုအပ်သော လုပ်ငန်းဖြစ်သည်။ စင်ကြယ်မှု အဆင့်အရဆိုရလျှင် သီလစင်ကြယ်မှ စိတ်စင်ကြယ်မည်၊ စိတ်စင်ကြယ်မှ အမြင်စင်ကြယ်မည်၊ အမြင်စင်ကြယ်မှ လောကဖြစ်စဉ်များ၁ပါ၌ ယုံမှားကင်းမည်၊ ယုံမှားကင်းမှ ဝိပဿနာအားထုတ်ရှုမည်။ ဤသည်နှာ မြတ်စွာဘုရား ညွှန်ပြတော်မူခဲ့သော ကျင့်စဉ်ဖြစ်ပါသည်။

သီလစင်ကြယ်မှု၊ စိတ်စင်ကြယ်မှု၊ အမြင်စင်ကြယ်မှုတို့သည် ဗုဒ္ဓခေတ်မတိုင်မီက ရှိခဲ့ပါသည်။ သို့ရာတွင် ထိုစင်ကြယ်မှုများကား ရိုးရိုးစင်ကြယ်

မှုမျှားသာ ဖြစ်ကြပါသည်။ ရိုးရိုးစင်ကြယ်မှုမျှားသာ ဖြစ်ကြသဖြင့် ဝိပဿနာအဆင့်သို့ ကူးပြီး မဂ်,ဖိုလ်ကိုရရန် မစွမ်းနိုင်ခဲ့ကြခြင်းဖြစ်ပါသည်။ ဗုဒ္ဓခေတ်တွင်မူ ထိုစင်ကြယ်မှုမျှားသည် အထူတ်တင်သော စင်ကြယ်မှုမျှား ဖြစ်ကြပါသည်။ ဤနေရာ၌ "အထူတ်တင်ခြင်း" ဆိုသည်မှာ စင်ကြယ်မှုမျှားအပေါ်၌ "ရတနာသုံးပါးယုံကြည်မှု"ကို ဦးသျှောင်ပြုထားခြင်းပင် ဖြစ်ပါသည်။ အမှန်အားဖြင့် ဝိပဿနာ၊ မဂ်၊ ဖိုလ်ဆိုသည်မှာ မြတ်စွာဘုရားသာသနာတော်၌သာရှိကောင်းသော တရားမျှားဖြစ်သဖြင့် မြတ်စွာဘုရား၊ မြတ်စွာဘုရား၏တရားတော်၊ မြတ်စွာဘုရား၏ တပည့်သံဃာတော်မျှားတည်းဟူသော ရတနာသုံးပါး၌ သက်ဝင်ယုံကြည်မှု မရှိပါက မည်သို့လျှင် မြတ်စွာဘုရား၏ သာသနာဟော်၌သာ ရကောင်းသော ဝိပဿနာ၊ မဂ်၊ ဖိုလ်တို့ကို ပွနိုင်ပါအုံးနည်း။ အလွန်ဆုံးရနိုင်ပါက လောကီစျာန်၊ အဘိညာဉ်အဆင့်မျှသာတည်း။ ထို့ကြောင့် စင်ကြယ်မှုနှင့် ပတ်သက်၍ ဝိပဿနာ၊ မဂ်၊ ဖိုလ်တို့ကိုရနိုင်သော သီလ၊ သမာဓိ၊ ပညာတို့ကို အထူတ်တင်သော သီလ(အဓိသီလ)၊ အထူတ်တင်သော သမာဓိ(အဓိစိတ္တ)၊ အထူတ်တင်သော ပညာ(အဓိပညာ)ဟူ၍ သတ်မှတ်ခြင်းဖြစ်ပါသည်။

သတိပဋ္ဌာန်ဒေသနာ

ဝိပဿနာကျင့်စဉ်အရ သတိပဋ္ဌာန်ဒေသနာတော်သည် ဝိပဿနာလုပ်ငန်းနှင့် ဝိပဿနာ၏ ရှေးဦးလုပ်ငန်းမျှားကို ညွှန်ပြသည့်ဒေသနာဖြစ်ပါသည်။ ယင်းဒေသနာတော်ကို အကျဉ်းချုံး၍ ဖေါ်ပြအပ်ပါသည်-

ရုပ်၊နာမ်သဘာဝကို အကြောင်းနှင့်တကွ ပိုင်းခြား၍သိနိုင်လျှင် ယင်းပုဂ္ဂိုလ်ကို စူဠသောတာပန်ဟု ခေါ်ပါသည်။ ကလျာဏပုထုဇဉ်ဟူ၍လည်း ခေါ်ကြပါသေးသည်။ စူဠသောတာပန်အဆင့်သို့ ရောက်လျှင် သာသနာတော်၌ ထောက်တည်ရာရပြီ ဖြစ်ပါသည်။ လိုချင်တပ်မက်မှုစသော ကိလေသာတို့၏ နှိပ်စက်သွဉ်းပန်းမှုတို့မှ သက်သာရာရပြီ ဖြစ်ပါသည်။ သေချိန်အာဆိ ယင်းအမြင်မျိုး၊ ယင်းအသိမျိုးပြင့် လောကကို မြင်နိုင်၊

သိန့်ငင်လျှင် အပါယ်ဒုက္ခလေးပါးသို့လည်း မကျရောက်နိုင်တော့သဖြင့် "နိဗ္ဗာန-ဂတ်" ခေါ် သုဂတိသို့ရောက်ရန် သေချာပြီဖြစ်ပါသည်။ ထို့ကြောင့် အနည်းဆုံး စူဠသောတာပန်အဆင့်သို့ရောက်အောင် တိုးအားထုတ်သင့်ပါသည်။ စူဠသောတာပန်အဆင့်ကို ဒိဟိတ်မုဂ္ဂိုလ်မျှားပင် ရောက်နိုင်ကြောင်း ဆိုကြပါသည်။ စူဠသောတာပန်အဆင့်ဟူသည် ဝိသုဒ္ဓိအဆင့်အားဖြင့် ကခ်ါဝိတရဏဝိသုဒ္ဓိခေါ် ယုံမှားမှုကိုလွန်မြောက်သည့် အဆင့်၌ သာရှိပြီး ဝိပဿနာ၏ အခြေပျိုးအဆင့်သာ ဖြစ်ပါသေးသည်။ မည်သူမဆို အားထုတ်လျှင် ဖြစ်နိုင်သောအဆင့် ဖြစ်ပါသည်။ စူဠသောတာပန်ကို ပဋ္ဌကတ်တော်၌ "လဒ္ဓဿာသ" သက်သာရာကိုရပြီးသူ ဟူ၍လည်းကောင်း၊ "လဒ္ဓပတိဋ္ဌ" ထောက်တည်ရာကိုရပြီးသူဟူ ၍လည်းကောင်း၊ "နိဗ္ဗာနဂတ်-က" သုဂတိမြဲသူဟူ၍လည်းကောင်း ဖော်ပြထားပါသည်။ သို့ရာတွင် တရား အားမထုတ်ပဲ စာပေကျွမ်းကျန်သိသက်သက်ဖြင့် စူဠသောတာပန်အဆင့်သို့ ရောက်ရန် မဖြစ်နိုင်ကြောင်း မှတ်ယူသင့်ပါသည်။

ထုတ်သက်ဝင်သက်ရှုနည်း

ထုတ်သက် ဝင်သက်ရှုရာတွင် ပဋ္ဌကတ်စာပေများ၌ ဆိတ်ငြိမ်ရာ အရပ်၌ လုပ်ရမည်ဟူ၍လည်းကောင်း၊ ကိုယ်ကိုဖြောင့်မတ်စွာ ထားရမည် ဟူ၍လည်းကောင်း ဖော်ပြထားခြင်းများ ရှိပါသည်။ ထိုသို့ဖော်ပြထား ခြင်းမှာ အာနာပါနခေါ် ထုတ်သက်ဝင်ဆက်ရှုရာ၌ အသင့်လျော်ဆုံးကို ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ထုတ်သက်ဝင်သက် သို့မဟုတ် ထုတ်လေဝင်လေကို ရှုရာ၌ အခြေအနေအရ ကြုံသလို ရှုနိုင်ပါသည်။ ထုတ်သက်ဝင်သက်ရှုရာတွင် သတ်မှတ်နည်း (၈)နည်းရှိပါသည်။ ထို (၈)နည်းတွင် အစဦးယောဂီများအတွက် အသင့်လျော်ဆုံးနည်း(၃)နည်း ရှိပါသည်။ ထိုနည်း (၃)နည်းအနက် မိမိတို့နှင့် သင့်လျော်ရာနည်းကို အသုံးပြုနိုင်ပါသည်။ ထိုနည်း (၃)နည်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

(က) ရေတွက်၍မှတ်နည်း (၈ဏန၁)

(ခ) မရေတွက်ပဲမှတ်နည်း (အနုဗန္ဓန၁)

(ဂ) ထိသိနည်း (ဖုသန၁)

(က) ရေတွက်၍ မှတ်နည်း (၈ဏန၁)

ရေတွက်၍ မှတ်နည်း ...သည် ပုတီးစိပ်သည်နှင့်တူပါသည်။ စိတ်ပျံ့လွင့်နေသောအခါ ကျိန်းသည် ...သုံးကျပါသည်။ မိမိတို့အသက်ရှူသောအခါ ဝင်သက်ကိုလည်း ရှုပါသည်။ ထွက်သက်ကိုလည်း ရှုပါသည်။ ထိုဝင်သက်ထွက်သက်(၂)မျိုးတွင် ထင်ရှားရာက ၍ မှတ်ရပါသည်။ အကယ်၍ ထွက်သက် ...ထင်ရှားသဖြင့် ထွက်သက်က စ၍မှတ်လျှင် ပထမဆုံးထွက်သက်ကို (၁) ဟု ရေတွက်၍ မှတ်ရပါသည်။ နောက်တခါ မထွက်မချင်း (၁) ဟုပဲ မှတ်ထားရပါသည်။ နောက်တခါ ဒုတိယထွက်သက်ကို (၂) ဟု မှတ်ရပါသည်။ ကျိန်းအား...ဖြင့် တတိယထွက်သက်ကို (၃) ဟုလည်းကောင်း၊ စတုတ္ထထွက်သက်ကို (၄) ဟုလည်း...ကောင်း၊ ပဉ္စမထွက်သက်ကို (၅)ဟုလည်းကောင်း မှတ်ရပါသည်။ ကျိတွင် (၁) မှ စ၍ (၅) အထိကို တဝါရဟု ခေါ်ပါသည်။

ထိုနည်းအတူ (၁) မှစ၍ (၆) ထိအောင် တဝါရ၊ (၁) မှစ၍ (၇) အောင် တဝါရ၊ (၁) မှစ၍ (၈) ထိအောင် တဝါရ၊ (၁) မှစ၍ (၉) ထိအောင် တဝါရ၊ (၁) မှစ၍ (၁၀) ထိအောင် တဝါရ စုစုပေါင်း (၆) ဝါရကို ရေတွက်၍ မှတ်ရပါသည်။ ထိသို့မှတ်ရာတွင် (၅) အောက်လည်း မလျော့စေရ။ (၁၀) ထက်လည်း မတက်စေရ။ (၆) ဝါရပို့ကို ...နှံ့၍ရေတွက်လျှင် အောက်ပါအတိုင်း ဖြစ်ပါသည်။ ဃင်း (၆)ဝါရတို့အနက် မိမိနှင့် သင့်လျော်ရာဝါရကို ယူ၍ မှတ်ရန်ဖြစ်ပါသည်။ အရေးကြီးသည်မှာ "သတိ"ကို ထူထောင်ရန်ဖြစ်ပါသည်—

၁ မှ ၅—တဝါရ
၁ မှ ၆—တဝါရ
၁ မှ ၇—တဝါရ
၁ မှ ၈—တဝါရ
၁ မှ ၉—တဝါရ
၁ မှ ၁၀—တဝါရ

စုစုပေါင်း (၆) ဝါရ ဖြစ်ပါသည်။ ထုက်သက် ဝင်သက်ကို မှတ်ရာ၌ ထင်ရှားရာက စ၍ မှတ်ရပါသည်။ ဝင်သက်ထင်ရှားလျှင် ဝင်သက်က စ၍ မှတ်ပြီး ထုက်သက်ထင်ရှားလျှင်လည်း ထုက်သက်က စ၍ မှတ်ရပါသည်။ သို့မဟုတ်ပါက ဆုံးနှောရှုပ်ထွေးသွားလိမ့်မည်။ ဤသည်မှာ ရေတွက်၍ မှတ်သည့်နည်းဖြစ်ပါသည်။ဤနည်းဖြင့်မှတ်လျှင် ၅-မှတ်လိုက်၊ ၆-မှတ်လိုက် စသည်မလုပ်ရပဲ ၅-ဆို ၅၊ ၆-ဆို ၆ မှတ်ရပါသည်။ သို့မှသာ သမာဓိရနိုင်ပါသည်။

(ခ) မရေမတွက်ပဲမှတ်နည်း (အနုဗန္ဓနာ)

ဤနည်းသည် စိတ်ပုံလွှင့်မှုမရှိတော့သော ယောဂီများအတွက် ဖြစ်ပါသည်။ အကယ်၍ စိတ်ပုံလွှင့်မှုရှိသော ယောဂီများအတွက် အထက်ပါရေတွက်၍ မှတ်နည်း(ဂဏနာ)ကို သုံး၍ မှတ်ရာမှ စိတ်ပုံလွှင့်မှု မရှိတော့လျှင် ဤနည်းကို အသုံးပြု၍ မှတ်နိုင်ပါသည်။ ဤနည်းအရ မှတ်ရာတွင် ထုက်သက်ဝင်သက် သို့မဟုတ် ထုက်လေ ဝင်လေကို နှာသီးဖျားမှစောင့်၍ ထုက်တိုင်းသိ၊ ဝင်တိုင်းသိဖြစ်အောင် မှတ်ရပါသည်။ သတိမလစ်အောင် ဂရုစိုက်ရပါသည်။ ထိုသို့မှတ်ရာတွင် မိမိတို့စွမ်းနိုင်သမျှ မှတ်ရပါသည်။

(ဂ) ထိသိနည်း (ဖုသနာ)

ဤနည်းသည် ထုက်လေ၊ဝင်လေနှင့်နှာသီးဝတို့ ထိသည်ကို အာရုံပြု၍ မှတ်သည့်နည်းဖြစ်ပါသည်။ ဤနည်းသည် အထက်ပါနည်း (၂) မျိုးတို့၌

ပါဝင်ပြီးဖြစ်သည်။ ထိုသိကို အလေးထား၍ မလွတ်တမ်းမှတ်သောနည်းကို ဝိပဿနာနည်းဟု ခေါ်ပါသည်။ ထိုသိကို အလေးမထားပဲ ထွက်လေ၊ ဝင်လေကိုသာ အလေးထားပြီး မှတ်သောနည်းကို သမထနည်းဟု ခေါ်ပါသည်။ မိမိတို့နှင့်သင့်လျော်သလို မှတ်ရန်ဖြစ်ပါသည်။ ထိုသိဖြစ်လျှင် ပို၍ကောင်းကြောင်း ဆိုကြပါသည်။ ထိုသိမဖြစ်သော်လည်း သမာဓိရနိုင်ပါသည်။

ထွက်သက်၊ ဝင်သက်ကိုမှတ်ရာတွင် သိစရာအာရုံ (၃) မျိုးရှိပါသည်။ ထိုအာရုံ (၃) မျိုးမှာ—

(၁) နှာသီးဖျားခွံ တိုးထိမှုသဘော၊

(၂) ထွက်သက်၊

(၃) ဝင်သက်ဘို့ဖြစ်ပါသည်။

ထိုတရား (၃) မျိုးကို တပြိုင်နက်သိသလို ထင်ကြပါသည်။ ယောင်လဲ့ဥပမာ၊ တံခါးစောင့်ဥပမာ၊ လှတိုက်ဥပမာတို့အရ သိစရာအာရုံ (၃) မျိုးကို တပြိုင်နက်တည်းသိသလို သဘောမျိုးဖြစ်ပါသည်။ ယောင်လဲ့ဥပမာအရ ယောင်လဲ့သူသည် ကနေရာတည်းခွံ ထိုင်ယင်း ယောင်၏ ဟိုဘက်နှုတ်ခမ်း၊ ဒီဘက်နှုတ်ခမ်း၊ အလယ်ချက်တို့ကို တပြိုင်နက်တည်း သိပါသည်။ တံခါးစောင့်ဥပမာအရ တံခါးစောင့်သည် တံခါးဝခွံနေယင်း ဝင်သူ၊ ထွက်သူနှင့် ယင်းတို့၏ ဖြတ်သန်းသွားလာခြင်းကို တပြိုင်နက်သိပါသည်။ လှတိုက်ဥပမာအရ လှတိုက်သူသည် သစ်တုံးခွံ လှသွားထိခိုက်နေခြင်းကို သတိထားနေယင်းကပင် လှအသွား၊ လှအပြန်နှင့် လှနှင့်သစ်တုံးတို့၏ ထိခိုက်ခြင်းကို တပြိုင်နက်သိပါသည်။ ယင်းသို့ တပြိုင်နက်သိသော်လည်း သိစရာ အာရုံက (၃) မျိုး ပြားသဖြင့် သိစိတ် (၃) ခု ဖြစ်၍ သိခြင်းသာ ဖြစ်သည်ဟု ပိုင်းခြားပြီး မြင်နိုင်မှ အာနာပါနသတိဘာဝနာပြည့်စုံပါမည်။ ဆိုလိုရင်းမှာ မိမိ၌ထင်လာသော အာရုံများကို တခုစီ တခုစီခွဲခြားပြီး သိနိုင်သောအဆင့်ရောက်မှ ယင်းသတိကို ဘာဝနာနှင့်ပြည့်စုံသော သတိဟု ဆိုရပါသည်။ သတိသည်

ဘာဝနာနှင့် ပြည့်စုံလာပါက ဆိုင်ရာ ဆိုင်ရာ ကမ္မဋ္ဌာန်းနိမိတ်များပေါ်လာမည်ဖြစ်ပါသည်။ ဤနေရာ၌ အာနာပါနခေါ် ထုတ်သက် ဝင်သက် ဘာဝနာဖြစ်၍ ယင်း၏ဆိုင်ရာ ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်များပေါ် လာမည်ဖြစ်ပါသည်။

အာနာပါန (၄)စတုက္က

အာနာပါနခေါ် ထုတ်သက်ဝင်သက်ရှုနည်းနှင့်ပတ်သက်၍ နည်းပေါင်း (၁၆) နည်းရှိပါသည်။ ယင်းနည်းပေါင်း (၁၆) နည်းကို ထိုထိုအာနာပါန ဆိုင်ရာသုတ္တန်များ၌ ဟောကြားတော်မူပြီး သတိပဋ္ဌာန်သုတ္တန်၌မူ ပထမစတုက္ကကိုသာ ပဓာနထား၍ ဟောကြားတော်မူပါသည်။ လုပ်ထုံးလုပ်နည်းနှင့်ပတ်သက်လျင် ပထမ စတုက္က၌သာ လုပ်ထုံးလုပ်နည်းကို ဖော်ပြထားပါသည်။ ကျန် စတုက္ကများအတွက် လုပ်ထုံးလုပ်နည်းသီးခြားမရှိပဲ ပထမ စတုက္ကအတိုင်းပင်ဖြစ်ပါသည်။ စုစုပေါင်း(၁၆)နည်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်—

ပထမ စတုက္က	၄–နည်း
ဒုတိယ စတုက္က	၄–နည်း
တတိယစတုက္က	၄–နည်း
စတုတ္ထ စတုက္က	၄–နည်း
စုစုပေါင်း	၁၆–နည်း

ပထမစတုက္က

အာနာပါနခေါ် ထုတ်သက် ဝင်သက်နှင့်ပတ်သက်၍ စတုက္ကပေါင်း (၄) မှုရှိပါသည်။ ထို စတုက္ကပေါင်း (၄) ခုလုံးသည် သမထယာနိက ယောဂီများအတွက် လိုအပ်ပါသည်။ ဝိပဿနာယာနိကယောဂီများအတွက် စတုက္ကပေါင်း (၄) ခုလုံး မလိုအပ်ပဲ ပထမ စတုက္ကတခုတည်းသာ လိုအပ်ပါသည်။ ထို့ကြောင့် သတိပဋ္ဌာန်ဒေသနာတော်၌ ပထမစတုက္က

တခုတည်းကို ပဓာနထား၍ ဟောကြားခြင်းဖြစ်ပါသည်။ ပထမ စတုက္ကဋ္ဌ နည်းဓပါင်း (၄) နည်းပါဝင်ပါသည်။ ယင်း နည်းပေါင်း (၄) နည်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်—

နည်း (၁)

(၁) ဝင်လျှင် ဝင်မှန်းသိအောင် သတိထား၊

(၂) ထွက်လျှင် ထွက်မှန်းသိအောင် သတိထား။

နည်း (၂)

(၁) ရှည်လျှင် ရှည်မှန်းသိ၊

(၂) တိုလျှင် တိုမှန်းသိ။

နည်း (၃)

(၁) ဝင်လျှင် စ၊ လယ်၊ ဆုံးကို သိအောင်လေ့ကျင့်၊

(၂) ထွက်လျှင် စ၊ လယ်၊ ဆုံးကို သိအောင်လေ့ကျင့်။

နည်း (၄)

(၁) ဝင်လျှင် ဝင်သက်ကို ငြိမ်းအောင်လေ့ကျင့်၊

(၂) ထွက်လျှင် ထွက်သက်ကို ငြိမ်းအောင်လေ့ကျင့်။

ပထမ စတုက္ကလာ နည်းပေါင်း (၄)နည်းနှင့် ပတ်သက်၍ လယ်တီဆရာတော်ဘုရားကြီးက "သတိမြဲရာ၊ ပထမဘ၊ ဒုမှာ ရှည်, တိုသိ။ လုံးစုံလင်းဆု၊ တ-ခ်ိဳသာ၊ စ-မှာ ငြိမ်းလေဘိ" ဟူ၍ မြန်မာသံပါက်ကဗျာဖြင့် မှတ်ထမ်းတင်ခဲ့ပါသည်။

နည်း (၁)

ပထမ စတုက္ကသည် သတိထူထောင်မှု (သတောကာရီ) စတုက္ကဖြစ်ပါသည်။ ဤနေရာ၌ စတုက္ကဟူသည်မှာ (၄)ခုတို့၏အပေါင်းဖြစ်ပါသည်။

ပထမ စတုက္ကဋ္ဌ နည်းပေါင်း (၄)နည်း ပါဝင်သည်ဟု ဆိုလိုပါသည်။ ထိုနည်းပေါင်း (၄)နည်းတွင် ပထမနည်းမှာ-

(၁) ဝင်္ဂလျင် ဝင်မှန်းသိအောင် သတိထား၊

(၂) ထွက်လျှင် ထွက်မှန်းသိအောင် သတိထား-

ဟူသော နည်းပင်ဖြစ်ပါသည်။ဤနည်းအရ အသက်ကို ရှူ။ သွင်းသောအခါ ရှူ။သွင်းမှန်းသိအောင် သတိထားရပါသည်။ အသက်ကို ရှူ။ထုတ်သော အခါဦးလည်း ရှူ။ထုတ်မှန်းသိအောင် သတိထားရပါသည်။ ဤသို့ သတိထားရာ၌ မိမိတို့၏အလိုဆန္ဒအရ "ဂဏန" နည်းခေါ် ရေတွက်၍မှတ် နည်းကိုဖြစ်စေ၊ "အနုဗန္ဓန"နည်းခေါ် မရေတွက်ပဲမှတ်နည်းကိုဖြစ်စေ သုံးနိုင်ပါသည်။ ဂဏနာနည်းကိုသုံးလျှင်လည်း "ထိ-သိ-သတိ" ဟူသော ဖုသနာနည်း ပါဝင်အောင် အားထုတ်နိုင်ပါသည်။ အနုဗန္ဓနာနည်းကို သုံးလျှင်လည်း ဖုသနာနည်းပါဝင်အောင်အားထုတ်နိုင်ပါသည်။သို့ရာတွင် မည်သည့်နည်းကို သုံးသည်ဖြစ်စေ အရေးကြီးသည်မှာ"သတိ"ထူထောင် မိဖို့ပင်ဖြစ်ပါသည်။ သတိကို ခိုင်ခိုင်မာမာထူထောင်မိလျှင် ယင်းနည်း သည် အကောင်းဆုံးဖြစ်ပါသည်။ ထို့အပြင် ဝင်သက်၊ ထွက်သက်ကို မှတ်ဆဲ့ နာသီးဖျားမှနေ၍ မှတ်ရပါသည်။ ဝင်သက် ထွက်သက် သို့မဟုတ် ဝင်လေ ထွက်လေနောက်ကို စိတ်ကလိုက်ပြီး မှတ်မနေရပါ။ နာသီးဖျားမှနေ၍ မှတ်ယင်း ဝင်သက်ကိုလည်း သိပါသည်။ ထွက်သက် ကိုလည်းသိပါသည်။ ဝင်သက်နှင့် နာသီးဖျား သို့မဟုတ် ထွက်သက်နှင့် နာသီးဖျား ထိသည်ကိုလည်းသိပါသည်။ သတိကောင်းလေ ပို၍ထင်ရှား လေဖြစ်လာပါသည်။

ထွက်သက်ဝင်သက်တို့ကို နာသီးဖျားမှနေ၍ ရှုမှတ်ဆဲ့ ဂဏနာနည်း အရဖြစ်စေ၊ အနုဗန္ဓနာနည်းအရဖြစ်စေ အားထုတ်သောအခါ "ထိသိ" (ဖုသနာ)ပါဝင်အောင် အားထုတ်လျှင် သတိထူထောင်မှုအားကောင်းပြီး ဝိပဿနာလုပ်ငန်းအတွက် အကျိုးများပါသည်။ အကယ်၍ "ထိသိ" ပါဝင်အောင် အားမထုတ်နိုင်သေးလျှင်လည်း ထွက်လေသိ ဝင်လေသိ ကိုပင် ကြိုးစားအားထုတ်သင့်ပါသည်။ ထိုသို့အားထုတ်ယင်း အားဒုတ်

ယင်း ထိသိမှုသဘော ထင်ရှားလာပါလိမ့်မည်။ ထိသိသဘောထင်ရှားလာသည်နှင့်အမျှ သတိအားကောင်းပြီး ဝိပဿနာအတွက် အကျိုးများလာမည်ဖြစ်ပါသည်။

ပထမနည်းအရ ထုတ်သက်ဝင်သက်ကုံမှတ်သောအခါ နှာသီးဖျားခေါ် နှာခေါင်းဝ၏ အောက်တည့်တည့် နှာရည်ယိုစီးကျသည့် အထက်နှုတ်ခမ်းသားဌိစိတ်စိုက်ထားပြီး ထုက်လေ၀င်လေကို "ထုက်လျှင် ထုက်မှန်းသိ၀င်လျှင်၀င်မှန်းသိ" ဖြစ်အောင်မှတ်သားနေစဉ် စိတ်သည်လွှင့်ထုက်သွားတတ်ပါသည်။ ထိုသို့ လွှင့်ထုက်သွားလျှင်လည်း လွှင့်ပါစေ၊ လွှင့်ထုက်သွားသည်ကိုတော့ သိအောင်မှတ်ရပါသည်။ အာရုံတပါးသို့ ရောက်သွားလျှင်လည်း ရောက်ပါစေ၊ ရောက်သွားသည်ကိုတော့ သိအောင်မှတ်ရပါသည်။ အာရုံဟူသမျှကို သတိလွတ်မခံပဲသိနေလျှင် တရားမှတ်ခြင်း အလုပ်ပင်ဖြစ်ပါသည်။ ထုက်လေ ၀င်လေကို ရှုမှတ်နေစဉ် စိတ်စိုက်ထားရာနှာသီးဖျားမှ စိတ်လွှင့်သွားခြင်း၊ အာရုံတပါးသို့ ရောက်သွားခြင်းတို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရန် မလိုပါ။ မူလရှုမှတ်နေကျအတိုင်း ဆက်လက်ရှုမှတ်ရန်သာလိုပါသည်။ လွှင့်ချင်ရာလွှင့်၊ ရောက်ချင်ရာရောက်၊ လွှင့်မှန်းရောက်မှန်းသိလျှင် တရားမှတ်ခြင်းပင်ဖြစ်ပါသည်။ လွှင့်မှန်း ရောက်မှန်းမသိမှသာ တရားမှတ်ခြင်းမဟုတ်ဟု မှတ်ယူရပါသည်။ ထို့ကြောင့် နှာသီးဖျားဌိ စိတ်စိုက်ထားပြီး ထုက်သက် ၀င်သက်ကို "ထုက်မှန်းသိ၊ ၀င်မှန်းသိ" ဖြစ်အောင် မှတ်နေစဉ် ဘာမျှမသိလိုက်သည့်သဘောဖြစ်ပေါ်လာလျှင်လည်း ယင်းဘာမျှမသိသည့် သဘောကိုပင် "ဘာမျှမသိသည့်သဘောမှန်း" သိလာအောင် မှတ်ရပါမည်။ သို့မှသာ သတိထူထောင်မှုလုပ်ငန်းအောင်မြင်မည် ဖြစ်ပါသည်။

တရားအားမထုတ်ခင်ကာလ-က စိတ်သည် လွှင့်ချင်ရာလွှင့် ဖြစ်ချင်ရာဖြစ် သဘောရှိပါသည်။ သို့ရာတွင် သတိမထားသည့်အတွက် "လွှင့်မှန်းဖြစ်မှန်း" မသိခြင်းဖြစ်ပါသည်။ ယခု တရားအားထုတ်သောအခါမှ သတိထားနေသည့်အတွက် "လွှင့်မှန်း ဖြစ်မှန်း" သိလာခြင်းဖြစ်ပါသည်။ ဤသည်ပင်လျှင် တရားအားထုတ်ရခြင်း၏ အကျိုးတရားဖြစ်ပါသည်။ သတိသည်

အာရုံအမျှားနှင့် ဆက်ဆံပါသည်။ မည်သည့်အာရုံရောက်ရောက်၊ ရောက်လာသမျှအာရုံမျှားကို သတိမလွတ်ပဲ မှတ်နိုင်မှသာ သတိထူထောင်မှုကောင်းလာမည်ဖြစ်ပါသည်။ သတိထူထောင်ရာ၌ အာရုံမျှားမျှားသိနိုင်လေလေ သတိအားကောင်းလေလေဖြစ်ပါသည်။ထို့ကြောင့် ထွက်လေ၊ ဝင်လေကို မှတ်ရာ၌ စိတ်အပြင်ထွက်ချင်ထွက်၊ မထွက်ချင်နေ၊ လွှဲချင်လွှဲ၊ မလွှဲချင်နေ၊ ထွက်လျှင်လည်း ထွက်သည့်စိတ်၊ လွှဲလျှင်လည်း လွှဲသည့်စိတ်ကို ပြန်သိမ်းရန် ဇွတ်အတင်းမကြိုးစားပဲ အလိုက်သင့်မှတ်နေကျ မူလထွက်သက် ဝင်သက်ကိုသာ "ထွက်မှန်းသိ၊ ဝင်မှန်းသိ" ဖြစ်အောင် ကြိုးစားနေရပါမည်။ ထိုအခါ ထွက်လေဝင်လေကို "ထွက်မှန်းသိ၊ ဝင်မှန်းသိ" သိနေစဉ် စိတ် အပြင်ထွက်နေသည်ကိုလည်း သိပါသည်။ စိတ်လွှဲနေသည်ကိုလည်း သိပါသည်။ ဖြစ်ပေါ်လာသည့် အာရုံမျှားကို ကျဲကျဲမှ စိပ်စိပ်၊ စိပ်စိပ်မှ ပိုင်းပိုင်းခြားခြား သိလာမည်ဖြစ်ပါသည်။

ဣမသ္မိံ သတိ ဣဒံ ဟောတိ (ဤဟာဖြစ်လျှင် ဤဟာဖြစ်မည်) ဟူသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်အရ လောကဖြစ်စဉ် တရားမျှားသည် ကြောင်းကျိုးဆက်အနေဖြင့် တဒုအပေါ်တခု အမှီသဟဲပြုပြီးဖြစ်နေခြင်း၊ ပျက်နေခြင်းဖြစ်ပါသည်။ မည်သူက ဖန်ဆင်း၍မျှ ဖြစ်နေခြင်း၊ ပျက်နေခြင်း မဟုတ်ပါ။ ဤသည်ကိုပင် **ဓမ္မဗျာပါရ** ဟု ခေါ်ပါသည်။ သူသ ဘောကို သူဆောင်သည်ဟု ခေါ်ပါသည်။ ဤသို့လျှင် ဓမ္မဗျာပါရအရ သူသဘောကို သူဆောင်ကာ ဖြစ်ပျက်နေသော လောကဖြစ်စဉ်ပေါ်၌ တကယ်မရှိသော ပုဂ္ဂလဗျာပါရကို အပိုထည့်သွင်းလိုက်သည်နှင့်တပြိုင်နက် "ပုဂ္ဂိုလ်၊သတ္တဝါ" သဘောသည် ပေါ်လာမည်ဖြစ်ပါသည်။ ယင်းကိုအခြေခံ၍ 'ကြိုက်၊မကြိုက်" သဘောသည် ပေါ်လာမည်ဖြစ်ပါသည်။ ပင်းကိုအခြေခံ၍ "ဤဟာဖြစ်စေ၊ ထိုဟာပျက်စေ" ဟူသော ဖန်ဆင်းမှုလုပ်ငန်းကို လုပ်တတ်သည့် "အတ္တ"သည် ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် လောကသည် ဖြစ်ပေါ်လာခဲ့ပါသည်။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ စိတ်လွှင့်ခြင်း၊ စိတ်အပြင်ထွက်ခြင်းတို့သည် ဓမ္မဗျာပါရသဘောအတိုင်း အကြောင်းရှိ၍ လွှင့်ခြင်း၊ထွက်ခြင်းတို့ဖြစ်ပါသည်။ အကြောင်းချုပ်ခဲ့သော် စိတ်လွှင့်ခြင်း၊ စိတ်အပြင်ထွက်ခြင်းတို့ ဖြစ်ပေါ်ကြမည်မဟုတ်။ ထို့ကြောင့် အကျိုးတရားပေါ်၌ပုဂ္ဂလဗျာပါရကိုထည့်၍ ကြိုက်,မကြိုက်သဘောဖြင့် ထိန်းချုပ်ရန် မကြိုးစားပဲ ဓမ္မဗျာပါရအတိုင်း ဖြစ်ပေါ်နေသည့် စိတ်လွှင့်ခြင်းနှင့် စိတ်အပြင်ထွက်ခြင်းတို့ကို "လွှင့်မှန်း၊ အပြင်ထွက်မှန်း"သိအောင် ကြိုးစားရန်သာ ဖြစ်ပါသည်။ အကယ်၍ ပုဂ္ဂလဗျာပါရသဘောဖြင့် စိတ်မလွှင့်အောင်၊ စိတ်အပြင်မထွက်အောင် ထိန်းချုပ်ရန် ကြိုးစားခဲ့ပါလျှင် "အနာမြုံသည့်သဘောမျိုး"ဖြစ်သွားနိုင်ပါသည်၊"အတ္တ"သဘောထပ်ဆင့်ယူရောက်သွားနိုင်ပါသည်။ ဖန်ဆင်းမှုသဘော ပေါ်ပေါက်လာနိုင်ပါသည်။ စိတ်ပညာရှင်တို့၏ အဆိုအရ ကျွဲကဲ့သို့သော ထိန်းချုပ်မှုမျိုးသည် အန္တရာယ်ကြီးပါသည်။ တနည်းနည်းဖြင့် ထွက်ပေါက်ရှာတတ်ပါသည်။ ထိုသို့ထွက်ပေါက်ရှာခြင်းကြောင့် စိတ်ရောဂါဖြစ်လာတတ်ပါသည်။

ထို့ကြောင့် လွှင့်စရာအကြောင်းရှိ၍ လွှင့်ခြင်းဖြစ်သဖြင့် လွှင့်ပါစေ၊ အပြင်ထွက်စရာအကြောင်းရှိ၍ အပြင်ထွက်ခြင်းဖြစ်သဖြင့် ထွက်ပါစေ၊ အကြောင်းတရားများကို မြုံသွားအောင်မလုပ်ပဲ စိတ်အလွှင့်ခံ၊ စိတ်အပြင်ထွက်ခံပြီး ထွက်သက်၊ ဝင်သက်ကို "ထွက်မှန်းသိ၊ ဝင်မှန်းသိ" ဖြစ်အောင် နှာသီးဖျားခ်ဥ် စိတ်စိုက်ပြီး မှတ်ရန်ကြိုးစားရမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ကြိုးစားခြင်းဖြင့် မိမိတို့၏သန္တာန်၌-

(၁) သဒ္ဓါ၊

(၂) ဝီရိယ၊

(၃) ဒန္ဓ်၊

(၄) သတိ၊

(၅) ပညာ[illegible]-

တိုးတက်လာမည်ဖြစ်ပါသည်။ ယင်းသို့ တိုးတက်လာသောအခါ စိတ်ကြည်လင်လာပါမည်။ စိတ်အားထက်သန်လာပါမည်။ အပင်ပန်းခံနိုင်လာပါမည်။ အာရုံများထင်ရှားလာပါမည်။ ပုဂ္ဂိုလ်အနေဖြင့် သိခြင်းမျိုးမဟုတ်ပဲ ဓမ္မအနေဖြင့် သိခြင်းမျိုးဖြစ်လာပါမည်။ တနည်းအားဖြင့် ဆိုရလျှင် ပညတ်မပါပဲ သဘာဝသက်သက်ကို သိခြင်းမျိုး ဖြစ်လာပါမည်။ "ခါးက နာသည်"ဆိုရာ၌ "ခါး"က သတ်သတ်၊ "နာခြင်း"က သတ်သတ် ခွဲခြားပြီး ခါးနှင့် နာခြင်းကို သိလာပါမည်။ "နာခြင်း"၌ "ခါး"ကို မဆည့်သွင်းပဲ သိလာပါမည်။ ဤသို့သိခြင်းကိုပင် ပညတ်မပါပဲ ပရမတ်ကို သိခြင်း၊ သဘာဝသက်သက်ကို သိခြင်းဟူ၍ ဆိုကြပါသည်။

ထုတ်သက် ဝင်သက်ကို ရှုမှတ်ရာ၌ သတိကို အမြဲတမ်းအခြေခံရမည် ဖြစ်ပါသည်။ သတိကို သမာဓိက မဖုံးသွေးအောင် သတိကို ဝီရိယက မဖုံးသွေးအောင် အမြဲတမ်း သတိရှိရမည်ဖြစ်ပါသည်၊ သတိကို သမာဓိက ဖုံးသွေးလျှင် သတိအားသေးသွေးပြီး ငိုင်တိုင်တိုင် ငေးတေးတေး ဖြစ်သွားတတ်ပါသည်။ တယောက်တည်း နေချင်သလိုလို၊ သံဝေဂ ဖြစ်သယောင်ယောင် ဖြစ်လာတတ်ပါသည်။သတိကို ဝီရိယက ဖုံးသွေးပြန်လျှင်လည်း သတိအားသေးသွေးပြီး စိတ်ကြွ လူကြွ ဖြစ်လာတတ်ပါသည်။ ဤနေ့မှစ၍ ဖြစ်လာတတ်ပါသည်။ ထို့ကြောင့် သမာဓိနှင့် ဝီရိယကို သတိပေါ်၌ အမြဲတမ်း အခြေခံရပါမည်။ အကယ်၍ သတိပေါ်၌အခြေမခံလျှင် သမာဓိနှင့် ဝီရိယသည် ကုသိုလ်နှင့် အကုသိုလ် နှစ်မျိုးလုံးနှင့် ဆက်ဆံသောကြောင့် မှားယွင်းသော သမာဓိနှင့် မှားယွင်းသော ဝီရိယ ဖြစ်သွားနိုင်ပါသည်။ သတိသည် အကုသိုလ်နှင့် မဆက်ဆံသဖြင့် သတိပေါ်၌ အမြဲတမ်းအခြေခံသော သမာဓိနှင့် ဝီရိယသည် မှားယွင်းသော သမာဓိနှင့် မှားယွင်းသော ဝီရိယ ဖြစ်မလာနိုင်ပါချေ။ ဤနေရာ၌ သတိကို အခြေခံရမည်ဟု ဆိုရာတွင် ပုဂ္ဂိုလ်အနေဖြင့် အာရုံများကို ကြောင့်ကြစိုက်ပြီး လိုက်မှတ်မနေရတော့ပဲ ဓမ္မအနေဖြင့် အာရုံများသည် သူ့အလိုလို ထင်လာခြင်းမျိုး ဖြစ်ပါသည်။ ဤသို့ ဖြစ်လာမှသာ သတိ၏ ဥပဒ္ဒါနကိစ္စပြည့်စုံလာပါမည်။ "ဥပဒ္ဒါန"ဆိုသည်မှာ စိတ်က

အာရုံသို့ မသွားပဲ အာရုံက စိတ်သို့လာ၍ စိတ်ထဲ၌ အလိုလို ပေါ်လာခြင်း ဖြစ်ပါသည်။ အာရုံက စိတ်ထဲ၌ အလိုလိုထင်လာအောင် ဟောတိုက ဆောင်ရွက်ပေးပါသည်။ တနည်းအားဖြင့်ဆိုရလျှင် ပဋိစ္စသမုပ္ပါဒ အနေဖြင့် ဆောင်ရွက်ခြင်းမျိုးမဟုတ်ပဲ သတိက ဓမ္မဗျာပါရအနေဖြင့် ဆောင်ရွက်ခြင်းမျိုး ဖြစ်ပါသည်။ ဤသည်ကိုပင် ဥပဒ္ဓဝန (အာရုံရှေးရှု ထင်ခြင်း)ဟု ဆိုပါသည်။ သစ်ငုတ်အာမုံများနော်ဒီ စိတ်က လိုက်နေသမျှ စိတ်က ယင်းအာရုံ၌ မြဲမြံနေသမျှ ညွှတ်ဆောင်းမှု (နတိ)ဖြစ်၍ စိတ်သည် လွှမ်းရှားနေပေမည်။ အာနိသာ ပြင့် စိတ်က မသွားပဲ အာရုံကသာ လာ၍ စိတ်၌ မှီဝဲယဉ်သည့်အခြင်းကို ကျော်မှသာ စိတ်သည် မလွှမ်းရှားသော သဘောကို ဆောင်နိုင်သော်မည်၊ ကြံဆ်းအားသော သဘောကို ဆောင်နိုင်လာမည်၊ မည်တော်တိမ်းသော သဘောကို ဆောင်နိုင်လာမည်၊ ဆိုးရွားအာရုံများကို ခွာချနိုင်သည်သာဟု ဆိုနိုင်လေသည်။

ဓမ္မဗျာပါရသဘောကို မေတ္တာသုတ္တတွင်အကြိုမျှးဖြင့်လည်း ရှင်းပြသည်။ ဟောကားခြင်းယင်း လမ်းခရီးမျှ ကသွားခြင်းမျိုး၌ ပုဂ္ဂိုလ်က ဂရုမစိုက်ရပဲ ကြိုးပမ်းသူအလိုလို ဂရုစိုက်ပြီးလျှောက်သွားခြင်းမျိုး ဖြစ်ပါသည်။ သို့ရာတွင် ဂျွတ်ကဲသို့သော ဝေယျာဝစ္စကိုးခြင်းမျိုးသည် "သတိ" လုပ်ငန်းမဟုတ်သဖြင့် တမူးအားထုတ်မှုလုပ်ငန်းမျိုးမဟုတ်၊ ပုဂ္ဂလဗျာပါရအနေဖြင့် ဓမ္မဗျာပါရဘာကို ခြားနားမှုကို ရိုးစာမ်း စေရန် ပုံစံသုံးမျိုးသာ ဖြစ်ပါသည်။ တရာအားထုတ်မှုလုပ်ငန်းမှ အာရုံများသည် သတိ၏ဂိုက်ဒန်းအားဖြင့် စိတ်၌ အလိုလိုထင်လာခြင်းဖြစ်၍ ဤသည် ကျွန်ုပ်ကမယူသည်း ဘရားအားထုတ်မှုလုပ်ငန်း ရှုကျက်မျိုးဖြစ်ပါသည်။ သို့ပေမဲ့ လက်တွေ့အားဖြင့် အမြတ်မြင်းယူခြင်းမှသာ ဘာဟုတ်သလဲဆိုသော သဘောကို ဘဒန်ကြောင်းကြီး မှန်းဟန်သောလုပ် နှုံးအားဖြစ် စိတ်ချလက်ချ လေ့လာမှတ်နိုင်ပါမည်။

ကြက်စွာသူ၊ ဒါ၏ ဘရာအားထုတ်မှုလုပ်ငန်းအဖုံ၌ "ပြုန်းရှိုးသိပ်ကို ဟုတ်လိုလဲဖြင့်၊ ပေးတွေ့ပါ၊ ကြာဖိုပုန်းရှိုးမှ ကြိုးပမ်းမှုကို ဖတော်မူလေပြီ"ဟု ပြုဆိုပြုပါသည်၊ ပြုဆိုချက်အရ ကိုက်ညီသော

တို့ကို ဖျက်ဆီးရာ၌ သီလသည် မြေပြင်နှင့်တူပါသည်။ ဝီရိယသည် ခြေနှင့် တူပါသည်။ သင်္ခါသည် လက်နှင့်တူပါသည်။ ဉာဏ်သည် ပုဆိန်နှင့်တူပါသည်။ ပုဆိန်ဖြင့်ခုတ်ဖြတ်ရာ၌ ရေပေါ်ရာမြေကလည်း မာရန်လိုပါသည်။ ခြေကလည်း ခိုင်ရန်လိုပါသည်။ လက်ကလည်း သန်မာရန်လိုပါသည်။ ပုဆိန်ကလည်း ဒဆွေးသက်ရန်လိုပါသည်။ သို့မှသာ ကံကိလေသာကို အမြစ်ပြတ်ခအောင် ခုတ်ဖြတ်နိုင်မည်ဖြစ်ပါသည်။ ထိုတွင် မြေသည် ပဓာန အာကျဆုံးဖြစ်ပါသည်။ ထို့ကြောင့် ဇရားဒေါးထုတ်ရာ၌ မြေနှင့်တူသော သီလကို ခိုင်မာအောင်လုပ်ရန်လိုပါသည်။ သီလကို ခိုင်မာအောင်လုပ်ခြင်း ဆိုသည်မှာ သီလကို လုံခြုံအောင် စင်ကြယ်အောင် လုပ်ခြင်းပင် ဖြစ်ပါသည်။

သီလဆိုသည်မှာ ကိုယ်ကျင့်တရားကောင်းမွန်မှုဖြစ်ပါသည်။ ကိုယ်ကျင့် တရားကောင်းမွန်အောင် ပါတိမောက္ခသံဝရသီလ၊ ဣန္ဒြေသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလကို စောင့်ထိန်းရပါသည်။ သီလကို စောင့်ထိန်းရာ၌ မကောင်းသောကိုယ်အမှုအရာ၊ နှုတ်အမှုအရာများမဖြစ်ပေါ်အောင် ထိန်းသိမ်းခြင်းနှင့် ကောင်းသောတရားတရားများကို ဖြည့်ဆည်းခြင်း တို့ပါဝင်ပါသည်။ ဤသည်ကိုပင် သီလကိုလုံခြုံအောင် စင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဟူ၍ ဆိုကြပါသည်။ သီလကိုလုံခြုံအောင် စင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ကို လိုလားတောင့်တ၍ ဆောက်တည်သောသီလကို နိဒ္ဒိတ (ကဲ့ရဲ့အပ်သော) သီလ၊ ယင်းကဲ့သို့ တောင့်တခြင်းမရှိပဲ သီလပင်ကြယ်ရေးအတွက် သက်သက်ဆောက်တည်သောသီလကို အနိဒ္ဒိတ (မကဲ့ရဲ့အပ်သော) သီလဟူ၍ ကျမ်းဂန်များ၌ ဖော်ပြထားပါသည်။ တနည်းအားဖြင့်ဆိုရလျှင် ကဲ့ရဲ့အပ်သော သီလကို ဇဉ္ဇနိဿိတ (သံသရာလည်) သီလဟုခေါ်လည်းကောင်း၊ မကဲ့ရဲ့အပ်သောသီလကို ဝိဝဋ္ဋ-နိဿိတ(သံသရာလွတ်) သီလဟူ၍ လည်းကောင်း ဆိုကြပါသေးသည်။ တရားအားထုတ်ရာ၌ သံယမဝဝင်္ဂမုလ္ဝဝံမြောက်ရေးကိုရည်မှန်း၍ သီလကို ဆောက်တည်ခြင်းဖြစ်သဖြင့် မကဲ့ရဲ့အပ်သော (အနိဒ္ဒိတ) သီလ၊ သံသရာ-

လုတ် (ဝိဝဒ္ဓနိဿိတ) သီလမျိုးကိုသာ ဆောက် ကျင့်အပ်ပါသည်၊ သို့မဟုတ် စင်ကြယ်သော သီလဖြစ်ပြီး ဗာဓကျောသော ဖြစ်ခြင်း တူမည် ဖြစ်ပါသည်။

လောကစည်းစိမ်များကို ထောင့်တချို့ လွန်ဆောက်တည်နေခြင် ဆောက် တည်သူ၏အသိတွင် တကယ်တမ်းမရှိပဲ အပုဒ်ဆောင်းတားသည့် "သူ သူ၊ ငါ ငါ" ဟူသော မူဂ္ဂိုလ်သတော်၊ သတ္တဝါသဘော ပါဝင်နေသည်ကို တွေ့ရမည် ဖြစ်ပါသည်။ ဤသို့ပါင်သော ပုဂ္ဂိုလ်သဘော၊ သတ္တဝါ သဘောကိုပင် အနုသယကိလေသာဟူ၍ ဆိုကြပါသည်။ အသိတွင် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောပါင်းသည်နှင့်တပြိုင်နက် ယင်တို့အပေါ် တွင် ထပ်ဆင့်၍ ဝါနေသောသဘော၊ စရိုက်သဘော၊ ဓမ္မထုံစံသဘော စသည်တို့သည် မလွဲသာ မရှောင်သာ ပါဝင်လာကြမည် ဖြစ်ပါသည်။ သို့ဖြစ်၍သာ သိစရာအပုံ တခုကြည့်ပြီးပါလျှင် ယင်းကို သံရုံ့ပ် ပါသနာ၊ စရိုက်၊ ဓလေ့ သုံးစံ၊ ယဉ်ကျေးမှု လူတန်းစားအလိုက် အသုံး တိုင်းသားအသိနှင့် အဓိပ္ပာယ်ဖုံးလွှမ်း၊ ကာလ အသိနှင့် မြန်မာ အသိပညာသို့သည် အချင်းချင်း ခြားနားကြခြင်းဖြစ်ပါသည်။ ဤသို့ ခြားနားခြင်းမှာ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောအရ မဟုတ် အလုပ်၍ မိမိဘို့၏သဏ္ဌာန်၌ ထိုထိုသဘောမျိုးဟု အပိုဆောင်းယူခြင်းဖြင့်သာ ဖြစ်ပါသည်။ ဤသို့ အပိုဆောင်းစွဲခြင်းမှာလည်း သတ္တဝါဟူ၍ သတ္တဝါ အရ မလွဲမသွေ ဆောင်ရွက်ရသည့် မဖြစ်မနေ ဖြစ်ပါသည်။

တရားအားယူကြခြင်း လုပ်ငန်းမျိုးမှတပါး အခြားသောလုပ်ငန်းများ၌ ကျွန်ုပ်တို့သည် "သူ သူ၊ ငါ ငါ၊ ဖေဖေကျွန်း ဖိုးဖိုး" ဟူသော ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောကို သိသာထင်ရှားစွာ ဖြစ်စေ သဘာဝအရ အခြေခံမိုးထည့်သွင်းကြရာ ပေလေ့ကျင့်ခြင်းလုပ်ငန်း ဖြစ်လည်း ယင်းတို့ကို မလွဲမသွေ ထည့်သွင်းကြမည် ဖြစ်ပါသည်။ သီလဆောင်တည်ခြင်း လုပ်ငန်း၌ ဖြတ်ကျဲသွဲ့ ပုဂ္ဂိုလ်သဘော၊ သတ္တဝါ သဘောတို့ ပါဝင်နေသရွေ့ ကာလပေါ်လိုး သိမ်းဆည်းကြမည် (သီလသုံး) သည် အားနည်းနေမည် ဖြစ်ပါသည်။ ထို့ကြောင့် သီလဆင်ကြယ်မှု

အားဖော်ငင်းလာစေရန် "သတိ" ကို တူထောင်ခြင်းဖြစ်ပါသည်။ သတိထူထောင်မှု အောင်မြင်လေအခါ ဆိုင်ရာသိကွာပုဒ်များဖြင့် စောင့်ထိန်းခြပ်သော သိလသည်—

သတိဖြင့် စောင့်စည်းမှု = သတိသံဝရ

ဝိရိယဖြင့် စောင့်စည်းမှု = ဝိရိယသံဝရ

ခန္တီဖြင့် စောင့်စည်းမှု = ခန္တီသံဝရ

ညာဏ်ဖြင့် စောင့်စည်းမှု = ညာဏသံဝရ—

သဖော သက်ဝင်လာမည် ဖြစ်ပါသည်။ ထိုအခါ အသိဉာဏ် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောတို့ ဇာတ်ပြည်ပြည်း ကင်းဝေးလာပြီး ပရမတ္ထသဘော၊ သဘာဝသဘောတို့ တဖြည်းဖြည်း ပေါ်လွင်လာမည် ဖြစ်ပါသည်။ သိလဆောက်တည်ခြင်းဌာန် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောတို့ ကင်းဝေးပြီး ပရမတ္ထသဘော ပေါ်လွင်လာသည်နှင့်အမျှ ဘဝစည်းစိမ်ကို တောင့်တမှုသည် ဒေါလိုအလျောက် ပျောက်ကွယ်သွားပြီး သံသရာဝဋ်မှ ထွက်မြောက်လိုမှုသည် ဒေါလိုအလျောက် ဖြစ်ပေါ်လာပါမည်။ ထိုအခါ သိလဝင်ကြွယ်မှု (သိလဝိသုဒ္ဓိ)သည် အာဒေါကာင်းလာပါမည်။ သိလစင်ကြွယ်မှု (သိလဝိသုဒ္ဓိ) အာဒေါကာင်းလာသည်နှင့် အမျှ သိလဇာဉ်းဟူသော ကြိမ်သည် မာပေါပါမည်။ ဝိရိယဇာဉ်းဟူသော ခြေသည် ခိုင်လာပါမည်။ သဒ္ဓါတည်းဟူသောလက်သည် ယုန်မာတော်ပါမည်။ ဉာဏ်တည်းဟူသော သူသည် အသွားထက်လာပါမည်။ ထိုအခါ ကံကိလေသာတို့ကို အမြစ်ပြတ်အောင် ခုတ်ဖြတ်နေ ဓါဇဉ်းဇေးမည် ဟုတ်ကြောင်း တွေ့ရှိလာမည် ဖြစ်ပါသည်။ ထို့ကြောင့် တရားအားထုပ်ရာ၌ ကြိုးစားသူတိုသော သိလမာလေးဆေးအတွက် သတိကို တူးဖောင်ရန် တွက်ဆက်၊ ဝင်သက်ကို "ထွက်မှန်းသိ၊ ဝင်မှန်းသိ" ဖြစ်အောင် ရှုမှတ်ရခြင်းဖြစ်ပါသည်။

"သတ်မြဲရာ ထမာ" ဟူသော ယထာမနသိုးအရ ထွက်သက်ဝင်သက်ကို ရှုမှတ်ရာ၌ ထွက်လျှင် ထွက်မှန်းသိအောင်၊ ဝင်လျှင် ဝင်မှန်းသိအောင် သတိထား၍ ရှုမှတ်သောအခါ ပရမတ္ထဝင် ယောဂီဏသန္တာန်၌ သတိသည်

ခိုင်မြဲလာမည်ဖြစ်ပါသည်။ မိမိ၏ ရှုမှတ်နောက်အာရုံမျှားဌ် သတိခိုင်မြဲလာသောအခါ ပြင်ပဗဟိဒ္ဓအာရုံမျှ ၊ကိုလည်း အလိုလိုသိလာမည်ဖြစ်ပါသည်။ ကုံလျင် ကိုင်မှုံးဘိလာ'မည်။ ထိလျင် ထိမှုန်းသိလာပါမည်။ ကျိသို့လျင် ပြောမှု၊ ဆိုမှု၊ လုပ်မှု၊ ကိုင်မှု၊ ၁ားမှု၊ လာမှု၊ စား၊မှု၊ သောက်မှု၊ အိပ်မှု၊ လျောင်းမှ စသည်တို့ဌ် သတိလည် အလိုလို လိုက်ပါလာမည်။ အလိုလိုသိလားပါမည်။ ထို့ဖြစ်ခဲ့ ပာ၊မှုနည်းအရ သဝေါဇူထောင်မှုအထမြောက်လာပြီဟု ဆိုအပ်ပါသည်။ ထိုသို့မှုမဖြစ်သေးလျင် သတိထူထောင်မှု အတာ မရြောက်သေးဟု မှတ်ရပါ၎ည်။ အကျဉ်းအား၊ဖြင့် ဆိုရလျင် အာဘွင်းသတိရှိပါက ဇာပြင်သတိလည်း ရှိပါသည်။ အပြင်သတိမပါသေးလျင် ဥာဘွင်းသတိ မရှိသော်ဟောင်ကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အာဘွင်းတိပါလ ၁အာ်အာဘွင်းသတိ၊ ၊ပြင်သတိ (၂)မျိုး လုံး ရြိလာ၊အာင် ဖေ၁ဝိပုဂ္ဂိုလ်၁ည် ဇူက်ခာက်၊ ဂင်သက်ကို ရှုမှတ်ရာဌ်၌-

(၁) ဝင်လျင် ဝင်မှန်းသိ၊အာင် သတိ၁ား၊ရပါမည်၊

(၂) တွက်လျင် ထွက်မှန်းသိ၁အာင် သတိထား၊ပါ၎ည်။

သတိသည် သီသကိုလည်း ၁စာ်ထိန်းပါသည်။ သမာဓိကိုလည်း ၁စာင့်၊ နိန်းပါသည်၊ ဥာဏ်ကိုလည်း ၁စာ်ထိန်းပါ၁ည်။ သတိသည် သီက္ခာ (၃)ပါး လုံး၊ကိုပင် ၁စာ်ထိန်းပါ၁ည်၊ သတိသည် အတွင်းအပြင် အာ၊ရုံတို့ဌ် အလို၊ကိုအဆို၊က်ပါလာ၊သာအခါ သီပါမဂ္ဂင် ဖြစ်လာပါသည်။ ပြော၊မှု (သမ္မာဝါစာ)၊ လုပ်ကို၊မှု (သမ္မာကမ္မန္တ)၊ အသက်မွေး၊မှု (သမ္မာ-အာဇီဝ) တို့သည် ၁ရွာင်ကြဉ်မှု (သီလ)ဌ် ၁ကရုသအ၁နေဖြင့် စုရုံး၊မိလာပါသည်း ထို့ကြာင့် သီလဂိဝဇ်ကို ဖြစ်သည်ဟု မည်ပါသည်း

နည်း (၂)

ဝေဒဂိပုဂ္ဂိုလ်၁ာ်ကို ပဝေဒနာသ်အရ အာ၊းကုန်သောအခါ အပြင်သဘာဝတို့၏ အ ဂ္ဂိုဂ္ဂိုဝေဒနာပြီး သတ်ဖြုလာ၊ခြင်းကို ကြား "ဒုက္ခာ ရှုပ်ဝိုသ်" ဟူ၁ောသာ ပုဂ္ဂိုယနည်း၊အရ ထွန်း၁ေ၊ ဂင်လာကို ရှုသ်လျင် ရှုသ်မှုန်း

သိလာ ါမည်။ တိုလျှင် ကိုမှန်း သိလာပါ။ ဒုတိယာနည်း၏ အကျဉ်း ချုပ်မှာ ထွက်လေ၊ ဝင်လေကို မှတ်ရာ၌ အောက်ပါအတိုင်း မှတ်ရန် ဖြစ်ပါသည်—

(၁) ရှည်လျှင် ရှည်မှန်းသိ၊
(၂) တိုလျှင် တိုမှန်းသိ။

ပထမနည်းအရ ထွက်သက် ဝင်သက်ကို ရှုမှတ်ရာ၌ "သတိ" ကို ထူထောင်မိအောင် လုပ်ရပါသည်။ ဒုတိယနည်းဖြင့် ပဂ္ဂလဗျာပါရပြင့် ပဂ္ဂိုလ်က လုပ်ရပါသည်။ သတိပဋ္ဌာန်ပဌာနစသဲ့ လွှတ်လေကို ထွက်မှန်းသိအောင် သတိနှင့် ကပ်ကားရပါသည်။ ဝင်လေကို ဝင်မှန်းသိအောင် သတိနှင့် ကပ်ထားရပါသည်။ ထိုကြောင့်လဲ တခြားအာရုံမျှားသို့ စိတ်ရောက်သွားပြန်လျှင်လည်း စိတ်ရောက်သွားမှန်းသိအောင် သတိနှင့် ကပ်ထားရပါသည်။ ဤနည်းအားဖြင့် သတိကို ထောင်ရပါသည်။ အကျဉ်းအားဖြင့်ဆိုရလျှင် ပထမနည်းမှာ သတိကို ဦးဘဲပေးထူထောင်သည့် နည်းဖြစ်ပါသည်။ ထိုသတိသည် ဇာဖြည်းဖြည်း ဂုဏ်ကျွက်လာပါသည်။ မိမိ၏မူလအာရုံ၌သာ မက ပြင်ပအာရုံမျှားနှင်ပါ သတိကပ်လာပါသည်။ ထိုအခါ သတိသည် ပဂ္ဂလဗျာပါရပြင့် လုပ်ယူရသည့်အဆင့်ကို ကျော်လွန်လာပါသည်။ သတိသည် ပဂ္ဂလဗျာပါရပြင့် လုပ်ယူသည့်အဆင့်ကို ကျော်လွန်သောအခါ ဓမ္မဗျာပါရပြင့် "သမ္မဇည" ၏ အသိနှင့် ယှဉ်တွဲလာပါသည်။

သတိသည် သမ္မဇညနှင့် ယှဉ်တွဲလာသောအခါ ထွက်လေ၊ ဝင်လေကို ဒုတိယနည်းအရ အားထုတ်ရန်လိုအပ်လာပါသည်။ ဒုတိယနည်းအရ ဆိုးညှာ ထွက်လေ ဝင်လေကို "ရှည်လျှင် ရှည်မှန်းသိ၊ တိုလျှင် တိုမှန်းသိ" သော နည်းဖြစ်ပါသည်။ ပထမနည်းအရ သတိထူထောင်မှုလုပ်ငန်းတွင် ပါဠိတော်၌—

သတော၁ အဿသက်၊

သတော၁ ပဿသတိ။

သဓေဘာဝ၊ သတိထားရှိသာလျှင်။ အဿသတိ၊ ဝင်လေကို ရှုသွင်း၏၊ သဓေဘာဝ၊ သတိထားရှိသာလျှင်။ ပဿသတိ၊ ထွက်လေကို ရှုထုတ်၏-

ဟူ၍ သတိကိုသာ ပဓာနထား၍ ဖော်ပြထားပါသည်။ ထို့ကြောင့် ဤ ပဌမနည်းအရ ဖြစ်ပေါ်လာသည့်သတိကို ပုဂ္ဂလဗျာပါရဖြင့် လုပ်ယူရသောသတိဟူ၍ ခေါ်ခြင်းဖြစ်ပါသည်။ ဒုတိယနည်းအရ "သတိ"ကို ထင်လာအောင် အားထုတ်ရာတွင် ပါဠိတော်၌-

-ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊
-ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊
-ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊
-ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

ဒီဃံ၊ ရှည်ရှည်၊ အဿသန္တော၊ ရှူသွင်းသည်ရှိသော်။ ဒီဃံ၊ ရှည်ရှည်၊ အဿသာမီတိ ဝါ၊ ရှူသွင်း၏ဟူ၍လည်း၊ ပဇာနာတိ၊ သိ၏။ ဒီဃံ၊ ရှည်ရှည်။ ပဿသန္တော၊ ရှုထုတ်သည်ရှိသော်၊ ဒီဃံ၊ ရှည်ရှည်။ ပဿသာမီတိ ဝါ၊ ရှုထုတ်၏ဟူ၍လည်း။ ပဇာနာတိ၊ သိ၏၊ ရဿံ၊ တိုတို။ အဿသန္တော၊ ရှူသွင်းသည်ရှိသော်။ ရဿံ၊ တိုတို။ အဿသာမီတိ ဝါ၊ ရှူသွင်း၏ဟူ၍လည်း။ ပဇာနာတိ၊ သိ၏၊ ရဿံ၊ တိုတို။ ပဿသန္တော၊ ရှုထုတ်သည်ရှိသော်။ ရဿံ၊ တိုတို။ ပဿသာမီတိ ဝါ၊ ရှုထုတ်၏ဟူ၍လည်း။ ပဇာနာတိ၊ သိ၏-

ဟူ၍ သတိနှင့်တကွ သမ္မာညာ ပါဟာပုံကို "ပဇာနာတိ" ကြိယာဖြင့် ဖော်ပြထားပါသည်။ ထို့ကြောင့် ဒုတိယနည်းအရ ဖြစ်ပေါ်လာသည့် သတိကို "ဥပဓာနသေဝိ=ပုဂ္ဂလဗျာပါရဖြင့် လုပ်မယူရပဲ ဓမ္မဗျာပါရဖြင့် သူအလိုလိုထင်လာသော သတိ"ဟူ၍ ခေါ်ခြင်းဖြစ်ပါသည်။

သတိ၊ ညည် "ဥပဒေသတ်" အဆင့်သို့ရောက်ရှိ "သမ္မာ" နှင့် ယှဉ်တဲ့ နိဉ်ခံ ညွှန့်တဖြိုင်နက် သိက္ခာ(၃)ပါးတွင် သမာဓိသိက္ခာနယ်သို့ ပင်လာဖြို့ ဖြစ်ပါသည်၊ ထိုအခါ ဝိပဿနာဉာဏ်များ ပွားများနာဖြင့် ဆိုင်ရာတရား များကို ထောက်ပံ့လာပါသည်။ ဘဝ်ကာလသုံး ဥပဒေသနာဘာဝနာဖြင့် ဆိုင်ရာအရာရှိ ရားများကို စိတ်၌ ဖြေလိုလိုထင်လာအောင် ဖေဆောင်ရွက်လာပါသည်။ ဆ မာဓိ လည်း အဝိက္ခေပသာဝနာဖြင့် စိတ်ကို မပျံ့လွင့်အောင် ကြိမ်းကွပ်နေအောင် ထိန်းသိမ်းလာပါသည်။ ဤနည်းအားဖြင့် ဝိရိယ၊ သတိ၊ သမာဓိတို့သည် မိဒိတ္ထိ၏ သီးခြားကိစ္စများကို ဆောင်ရွက်ယင်း တည်ကြည်မှု (သမာဓိ)၌ ကောသဇ္ဇမနှင့် စုံဖွဲ့မိလာပါသည်။ ထိုအခါ စိတ္တဝံသုဒ္ဓိ ဖြစ်သည်မည်ပါသည်။

စိတ္တဝိသုဒ္ဓိ ဝိရိယ (သမ္မာဝါယာမ)၊ သတိ (သမ္မာသတိ)၊ ကေဂ္ဂတာ (သမ္မာသမာဓိ)တို့ ပါဝင်ကပါသည်။ ယင်းတို့သည် မိမိတို့၏ သီးခြား ကိုယ်ကျင့်သိမ်းကို စင်ကြယ်လာစေမည် ဖြစ်ပါသည်၊ သတိတရား အာဝေ ကောင်းမှု၊ အားမနာကောင်းကို လိုက်၍ သီလစောင့်ထိန်းမှုသည်လည်း ပုဂ္ဂိုလ်အာရုံဖြင့် ဆောင့်ထိန်းမှု၊ သုအလုံအလျောက် စောင့်ထိန်းမှုသဘော ဖြင့် တာဝဲပြီးတာဆင့် စင်ကြယ်လာမည်ဖြစ်ပါသည်။ ဤနည်းအားဖြင့် သီလသိက္ခာကို မြင့်မားခိုင်မာလာစေမည် ဖြစ်ပါသည်။

ဒုတိယနည်းအရ လုက်သက်ဝင်သက်ကို အားထုတ်ရာ၌ သတိနှင့်တွဲ၍ သမ္မာဉာဏ်ကို ပညာပါဝင်လာသော်လည်း ဟင်းပညာသည် ဝိပဿနာ ပညာမဟုတ်သေးပဲ သမာဓိပညာမျှသာ ဖြစ်ပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ

လက္ခဏာမ်ားကို မသိသေးသရွေ့ ဘယ်လောက်ပဲ လုံးဝပယ်ပယ်ပယ်ပယ် မရောက်သေးဘူး မှတ်ယူရပါမယ်။ ကြိုးစားခဲ့ သမ်းသည့် ဟာတွေညှိနှင့် တွဲနေသော်လည်း သမာဓိသိပ်ကို ဖြည့်ဖြင်း ဆင့်ခဲ့သော ရှိပါသေး သည်။ ပညာသင်္ခါရကို ဖြည့်ဖြင်းသော ဆင်ခဲ့ ဟုသေးဟု မှတ်ယူရပါမည်။ ဒီဋ္ဌိဝိသုဒ္ဓိ (နာမရူပပရိစ္ဆေဒဉာဏ်)နှင့် စ၍ ဉာဏ်ပိုင်းများခဲ့သော ပညာ သင်္ခါရကို ဖြည့်ဖြင်းခြင်းဟာ ဒီနှစ် ဒီလပါးပဲ။

သမ္ပဇည (၄)ပါး

သတိသည် ပုဂ္ဂလဗျူဟာနှင့် ဧမမျှပါရာဇေသို့ သင်္ဂဇင် လားလျှင် သမ္မာသတိမရှင် ဖိုက်လ ဖြည့်ပါသည်။ ထို့ပါ ယင်း၏ တွဲဖက် ဝိရိယသည်လည်း သမ္မာဝါယာမ ဟု ဆိုကဲ့သို့ သမ္မာဝါ-ယာမ မရှင်ဘိုးလားဆိုသည်နှင့် ပုဂ္ဂလဗျူဟာ ဧမမျှပါရာဇေ ဖြစ်ကြောင်း ရှင်းပြပါသည်။ ကုသိုလ် အကုသိုလ်တရားများနှင့်ပတ်သက်၍ သတ္တဝါနှစ်ဖြာ ကဲ့သို့ တစ်နည်းမျှမရှိသည်ကို သတ္တဝါ ဖြစ်ခြင်းလားဟု သို့ အလိုလို သတိရှိသူ (ခရီးပေါ်) ဂိုက်ကားတစ်ခု နှင့် (ကားတိုက်) ဖြစ်လာပါမည်။ အာတာပီဖြစ်လာလျှင် ကိုက်ကား (ကားတိုက်) သည် (၇)ကိုး ပြားပါသည်။ ယင်းတို့ကို

(က) သာတ္ထကသမ္ပဇည၊
(ခ) သပ္ပါယသမ္ပဇည၊
(ဂ) ဂေါစရသမ္ပဇည၊
(ဃ) အသမ္မောဟသမ္ပဇည။

(က) သာတ္ထကသမ္ပဇည

သမ္ပဇဉ်-သိတဲ့ပညာ ဝိပဿနာဉာဏ်ဖြစ်ပေါ်ရာတွင် အကျိုးရှိမှုကိုသိသော ပညာဖြစ်ပါသည်။ ကောင်းသော ကုသိုလ်

မနောကံမှဟူ၍ လုပ်ငန်းများ ရှိကြပါသည်။ ယင်းလုပ်ငန်းများကား ရှောင်ကြဉ်၍မရကောင်းသည့် လုပ်ငန်းများဖြစ်ကြပါသည်။ရှောင်ကြဉ်၍ မရကောင်းသည့် လုပ်ငန်းများနှင့် တွေ့ကြုံရသောအခါ အကျိုးရှိအောင် အသုံးချတတ်ရန် လိုအပ်ပါသည်။ ဇရာသို့ဘက်ခြင်း၊ နောက်သို့ဆုတ်ခြင်း စသည်တို့၌ပင် ဓမ္မရှုထောင့်မှ အသုံးကျအောင် အသုံးချနိုင်မှု ရှိရပါမည်။ အသုံးကျအောင် အသုံးချနိုင်ရန် "သတ်" ရှိရပါမည်။ သတိဆိုသည်မှာ ပုဂ္ဂလဗျာပါရကိုကျော်လွှန်၍ ဓမ္မဗျာပါရအနေဖြင့် သူအလိုလို ထင်လာသော သတိဖြစ်ပါသည်။ယင်းသဘောမျိုးနှိုလျှင် တက်ကြွမှု(ဝီရိယ) လည်းရှိလာပါမည်။ တက်ကြွမှုရှိလာလျှင် သည်းခံနိုင်မှု(ခန္တီ)သည် အလိုလို ဖြစ်လာပါမည်။ ဤသို့လျှင် သတိ၊ဝီရိယ၊ ခန္တီတို့ သူအလိုလိုဖြစ်လာသောအခါ ဤနှစ်ခုတို့ အလိုလိုယက်သာပြီး ထက်သန်ကြင်သက် ရှုမှတ်မှု လုပ်ငန်း၌ သမာဓိသီကျောသည် ပြည့်စုံလာမည်ဖြစ်ပါသည်။

ဓမ္မဓရေးရာ လုပ်ငန်းတိုင်း လုပ်ငန်းတိုင်း၌ ပုဂ္ဂလဗျာပါရဖြင့် စ၍ ဆောင်ရွက်ရသော်လည်း ယင်းပုဂ္ဂိုလ်သဘောသည် တဖြည်းဖြည်းကွယ်ပျောက်၍ ဓမ္မဗျာပါရသာ တဖြည်းဖြည်း တိုးပေါက်လာရမည်ဖြစ်ပါသည်။ သို့မှသာ ဤဓာတ်၌ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ မရှိ၊ ဓမ္မ ဓာတ်သက်သာရှိသည့်ဘုရားသာ ဓဒေ နာဂေဝ်ကို ကိုယ်တိုင် ကိုယ်ကျ မျှော်မှန်းပြီးဖြစ်ပါသည်။ ဤသို့ မျက်မှောက်ပြုနိုင်မည်ဖြစ်ပါသည်။ ဤသို့ မျက်မှောက်ပြုနိုင်အောင် သမာဓိသမ္ဗောဇ္ဈင်သဘောကို နားလည်အပ်ပါသည်။

(ခ) သပ္ပါယသမ္ဗောဇ္ဈင်

သပ္ပါယသမ္ဗောဇ္ဈင်ဆိုသည်မှာ လုပ်ငန်းနှင့်ပတ်သက်၍ သင့်လျော်အောင် အံဝင်ခွင်ကျဖြစ်အောင် ခွင်ချနိုင်မှုဖြစ်ပါသည်။ မည်သည့်လုပ်ငန်းမျိုး၌မဆို အံဝင်ခွင်ကျ နှင်ချတတ်ရန်လိုပါသည်။ ရသဓဝါဟာရဖြင့် ဆိုရလျှင် နှင်ချကတ်နှသာ အချိုးအဆစ်ပြေပြစ်လာပါမည်။ လှပလာပါမည်။ ဟရူးမပူဝံ့ဖလာပါမည်။ ဤနည်းအားဖြင့် ဓမ္မရှုတောင့်မှ သပ္ပါယသမ္ဗောဇ္ဈင်ကို နားလည်အပ်ပါသည်။

(ဂ) ဂါဝစရသမ္ပဇည

ဂေါစရသမ္ပဇည-ဆိုသည်မှာ လုပ်ငန်းနှင့်ပတ်သက်၍ လိုအပ်သော ဝတ္ထုကို သိမှုဖြစ်ပါသည်။ မေမ့အရာ၌ ကမ္မဋ္ဌာန်းအာရုံကို သင်ခြင်းဖြစ်ပါသည်။ ဤကမ္မဋ္ဌာန်းအာရုံဖြင့် တရားအားထုတ်မှုကို ပြုမည်ဖြစ်ပါသည်။ တရားအားထုတ်နိုင်ရေးအတွက် ကမ္မဋ္ဌာန်းအာရုံကို ဂေါစရသမ္ပဇညဖြစ်ပါသည်။

(ဃ) အသမ္မောဟသမ္ပဇည

အသမ္မောဟသမ္ပဇည-ဆိုသည်မှာ မတွေ့ဝေသောအားဖြင့် သိမှုဖြစ်ပါသည်။ ဤလောက၌ မြေသင်္ချိုင်းလောင်းရှိသည်။ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ မရှိဟူသော သင်ခြင်းမျိုးကို မတွေ့ရသောသိခြင်းဟု ဆိုပါသည်။ ဤသို့ သိခြင်းမျိုးသည်လည်း ပုဂ္ဂိုလ်က ဓမ္မကို သိခြင်းမျိုးမဟုတ်ပဲ ဓမ္မသဘာဝသက်သက်က ဓမ္မသဘာဝကိုသာ သင်ခြင်းမျိုးသာ ဖြစ်ပါသည်။ ပုဂ္ဂိုလ်က ဓမ္မကို သိခြင်းမျိုးသည် "အသမ္မောဟသမ္ပဇည" မဟုတ်ပဲ သဒ္ဓမ္မောဟသမ္ပဇည (ခန္ဓဝေဒနာအားဖြင့်သိမှု)သာ ဖြစ်ပါသည်။ အရပ်သုံးပကား ဖြင့်ဆိုရလျှင် ဟောင်းသို့ ပုဂ္ဂိုလ်သိသာဖြစ်ပါသည်။ တရားသိ၊ ဓမ္မသိ ပဟုတ်ပါ။ ငါးသိ၊ ဓမ္မဒိဋ္ဌဟုတ်ခေးလျှင် သတိပဋ္ဌာန်အရာ၌ အသုံးမဝင်ပဲ ဟောကနေးရာ၌သာ အသုံးဝင်ပါသည်။ ဓမ္မဒိဋ္ဌဆောင့်မှ သုံးသပ်လျှင် သင်္ချိုင်းဟူသော ပုဂ္ဂိုလ်သိမှုန်သမျှကို သဒ္ဓမ္မောဟသမ္ပဇည(ဇာတ်သိ) ဟုရှိသာ သတ်မှတ်ပါသည်။

သမ္ပဇည(၄)ပါးကို ခပသာအားဖြင့် အကြုံမျှးနှင့်နိုင်းယှဉ်၍ ထိုရသျှင် စားပွဲဥမဘဲဖြင့် ဆိုနိုင်ပါသည်။ စားပွဲတွင် လက်သုံးအတတ်ပညာသည် အသမ္မောဟသမ္ပဇညနှင့်တူပါသည်။ သစ်သားသည် ဂေါစရသမ္ပဇညနှင့်တူပါသည်။ စားပွဲပုံစံ ဒေါင်းခြင်း၊ ဂဝိုဏ်းစသည်သည် သပ္ပါယသမ္ပဇညနှင့်တူပါသည်။ စားရန်၊ ကမ်းစားရန် စသည့်အတွက် အသုံးပြုခြင်းသည် သာတ္ထကသမ္ပဇညနှင့်တူပါသည်။ ဒေသနဝေါဟာရဖြင့်, အသမ္မောဟသမ္ပ-

ဇာတ်ကို နိဒါန်း၊ ဂါထာရသမ္ဘဝတ်ကို ဥပါဒါန်း၊ သပ္ပါယသမ္ဘဝတ်ကို အသမဝါယ်၊ သဘင်္ဂသမ္ဘဝတ်ကို လက္ခဏဟာရ၏ ဆိုကြပါသည်။ စာပဲ့ဥပမာတွင် စကားဒေသနာကြောင်း ဟိတ္ထ (၄)မျိုးကို တန်ဖိုးထားခဲ့ခြင်းရှိ ပြောနိုင်သော်လည်း လက်မတွေ့အားဖြင့်မူ ထပေါင်းတည်းဖြစ်ပါသည်။ ဤနည်း အတိုင်းပင် သမ္ဘဇ (၄)ပါးကို ပရိပာတ်အနေဖြင့် ခဲခြားရှိပြောနိုင်သော်လည်း ပဋိပတ်အနေဖြင့် တပေါင်းတည်းပင် ဖြစ်ပါသည်။ ဤသည်ကိုပင် ဧကရသဟု ဆိုကြပါသည်။

ထိုက်လေဝင်္ဂလေကိုမှတ်ချုပ်၍ ပဌမနည်းဖြင့် “ထိုက်မှန်းသိ၊ ဝင်မှန်းသိ”ဖြစ်အောင် သင်ကြားပို့ထုံးယောင်ရန် အားထုတ်ရပါသည်။ ထိုသို့အားထုတ်သော အခါ ပဂ္ဂလဗျာပါရဖြင့် သတိကို ထူထောင်ရပါသည်။ ထိုသို့ထူထောင်ယင်း သတိအားကောင်းပြီး အတွင်းသတိ၊ အပြင်သတိနှင့် ပြည့်စုံလာပါက၎င်း၊ ဤခါ ဒုတိယနည်းအရ “ရှည်၊တိုသိ”သဘော သည် အလိုလိုဝင်ရောက်လာပါသည်။ ပဂ္ဂလဗျာပါရအနေဖြင့် တမင်ကြိုးစား ပမ်းစား အားထုတ်ရသည်မဟုတ်ပဲ ဓမ္မဗျာပါရအနေဖြင့်သာ ပေါဂီပဂ္ဂိုလ်က အလိုလိုသိလာခြင်းဖြစ်ပါသည်။ ထိုက်လေ ဝင်လေကို မှတ်ရာ၌ ထိုက်လေဝင်လာသည် ဓမ္မာသအကိုး တိုသည့်အခါလည်း တိုပဲ၎င်း၊ ဇိုလျှင်လည်း ဇိုမှန်းသိသည်။ ရှည်သည့်အခါလည်း ရှည်သည်။ ရှည်သွင်လည်း ရှည်မှန်းသိသည်။ ဤနည်းအားဖြင့် ဒုဂီဟာနည်းသည် ပြီးပြည့်စုံလာပါသည်။

နည်း (၃)

ယောဂီပဂ္ဂိုလ်သည် ဒုတိယနည်းဖြင့် အသုံးထုတ်ခဲ့သောအခါ ထိုက်လေ၊ ဝင်လေကို “ရှည်မှန်း၊တိုမှန်း”သိလာပါသည်။ “ရှည်မှန်း၊တိုမှန်း” သိပြီးနောက် “တ-မှာ လုံးစုံသိ”ဟူသော လယ်တီဆရာတော်ဘုရားကြီး၏ လက်ဝဲအတိုင်း တတိယနည်းအရ ထိုက်လေဝင်လေ၏ အစ အလယ်၊ အဆုံး (၃)ပျိုးလုံးကို သိလာပါသည်။ တတိယနည်း၏ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်—

(၁) ဝင်လျှင် စာလယ်ဆုံးကို သိစေအောင်လေ့ကျင့်။
(၂) ထွက်သွင် စာလယ်ဆုံးကို သိအောင်လေ့ကျင့်။
ပါဠိတော်၌မူ—
သမ္ဖကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊
သမ္ဖကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

သမ္ဖကာယပဋိသံဝေဒီ၊ ပ။ လုံစုံ ထွက်သက် ဝင်ကက်၏ အစ၊ အလယ်၊ အဆုံး သုံးပါးလုံးကို ပင်ရှုနေလတ်၊ အသိသဿာမီတိ၊ ထွက်သက်ပို ဖြစ်နေအံ့ဟု၎င်း၊ ဝင်တွင်း၊ လေလွှဲ၏။ ပဿသိယာမီတိ၊ ဝင်သက်ကို ဖြစ်နေအံ့ဟု၎င်း၊ သင်တွင်း၊ လေ့ကျင့်၏။

ယုပ်ဒေါပင်လေတို့ အာနိသုတ်ဆွဲ ပတမနည်းဖြင့် "ဒုတ်" ကို ယူထောင်ရာ၏။ ဂိုယနုည်းဖြင့် သတိသမ္ပဇညပါလေသော်။ ဤဂိုယနုည်းဖြင့် လေကျင့်မှု (သင်တွင်း) ကို ညွှန်ကြားခြင်းဖြစ်ပါသည်။ ဝင်ရသည်ကို "သတ်" ဟု ယူထောင်ရာ၏။ သတိကိုကပ်ကား၊ ဒုတိယဆင့်၌ ယင်း ဝင်ရသည်ကိုပင် "ရှည်မှန်း၊ တိုမှန်" သိစေသည်မှာ ယခု ဇဝေါယဆင့်၌ ယင်းဝင်ရသည်ကို ထွက်သလောက်ပင် "ရှည်မှန်း၊ တိုမှန်း" သိစေသကဲ့သို့ သုံးပါးလုံးကိုပါ သိလေအောင် လေ့ကျင့်ကြပါသည်။

ဒုတိယဆင့်၌ "ရှည်မှန်း၊ တိုမှန်း" ကဲ့သို့ သိ၏။ ဝင်ရသည်၊ အဆုံး သုံးပါးလုံးကို သိလေအောင်။ ဒီစက်ဘာ သိလည်းသိ၏။ အလယ်ကိုမူ သိသုလည်းသိ၏။ ကဆုံးကိုမူ သိကလည်း သိ၏။ ဒီစက်ဘာ အလယ်၊ ဒီစနှင့် ဒီဆုံးအား ယှဉ်နှိုင်းသုံးသပ်ကြည့်ရာ၏။ ထိုးကွဲလမ်းမှားခဲ့သော် ဤဇဝေါယဆင့်၌ ဖြစ်၏။ ပဿဒ္ဓိဆင့်၏ "သတ်" ကောင်းလာသည်။ ယုပ်ဒေါဆွဲအရ

"ဉာဏ်"ပါဝင်လာသည်။ တတိယအဆင့်အရ "သတိနှင့်ဉာဏ်"ကို လေ့ကျင့်သည်။ ဤနည်းအားဖြင့် အာနာပါန၏ တတိယနည်းကို အားထုတ်အပ်ပါသည်။ ထိုသို့ အားထုတ်သောအခါ ထုက်သင်္ကန်းဝင်သင်္ကန်း၏ အစ၊ အလယ်၊ အဆုံးကို နှာသီးဖျားတွေ့နေရာတည်းမှ မနေ၍ ဓမ္မဗျာပါရဖြင့် အာလိုအလျောက်သိလာမည်ဖြစ်ပါသည်။ အလိုအလျောက်သိလာအောင်လည်း လေ့ကျင့်ရမည်ဖြစ်ပါသည်။

နည်း (၄)

တတိယနည်းအရ အားထုတ်ပြီးသောအခါ သတိနှင့်သမာဓိတို့သည် အလွန်အားကောင်းလာပါသည်။ သို့ရာတွင် ထုက်သင်္ကန်းဝင်သင်္ကန်းကို နှုတ်နှင်းမရှိသေးပါ။ ယောဂီ၏ဆန္ဒအတိုင်း ဖြစ်စေနိုင်ခြင်း မရှိသေးပါ။ ထို့ကြောင့် ထုက်သင်္ကန်းဝင်သင်္ကန်းကို နှုတ်နှင်းအောင် ယောဂီ၏ဆန္ဒအတိုင်း ဖြစ်လာစေနိုင်အောင် လေ့ကျင့်ရန် စတုတ္ထနည်းကို ညွှန်ကြားခြင်း ဖြစ်ပါသည်။ "စ-မှာ ငြိမ်းလေဘိ" ဟူသော ယေဘုယျဆရာတော်ဘုရားကြီး၏ လက်ဝဲအတိုင်း စတုတ္ထနည်း၏ အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ဝင်လျှင် ဝင်သကဲ့ကို ငြိမ်းအောင်လေ့ကျင့်၊
(၂) ထုက်လျှင် ထုက်သကဲ့ကို ငြိမ်းအောင်လေ့ကျင့်။

ပါဠိတော်၌မူ—

ပဿမ္ဘယံ ကာယသင်္ခါရံ ဒဿသိဿာမီတိ သိက္ခတိ၊
ပဿမ္ဘယံ ကာကသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။

ကာယသင်္ခါရံ၊ ရှုနှင်းသောကာယသင်္ခါရ (ထုက်လေ၊ ဝင်လေ)ကို။ ပဿမ္ဘယံ၊ ငြိမ်းစေလျက်။ အဿသိဿာမီတိ၊ ထုက်သကဲ့ကိုဖြစ်စေအံ့ဟူ၍။ သိက္ခတိ၊ လေ့ကျင့်၏။ ပဿသိဿာမီတိ၊ ဝင်သကဲ့ကိုဖြစ်စေအံ့ဟူ၍။ သိက္ခတိ၊ လေ့ကျင့်၏။

ဤစတုတ္ထဈာန်းဌ်လည်း တတိယဈာန်းအဝိုင်း လေ့ကျင့်ရမည် ဖြစ်ပါသည်။ ထိုသို့ လေ့ကျင့်ရာတွင် ပဋိလဘ္ဘပါရဂိုကျော်လွန်၍ မွေဗျာပါရသဘောသက်ရောက်အောင် လေ့ကျင့်ရမည်ဖြစ်ပါသည်။ ပဋိလဘ္ဘပါရဟူသည် အာနုဿယသဘောဖြစ်ပါသည်။ ဒုးနုဿယသဘောဖြစ်ပါက သဒ္ဒါကျမ်းဝေါဟာရဖြင့် ကတ္တား၊ ကံ၊ ဧယော ကာရက(အတ္တ) သဘောမျိုးပါဝင်လာပြီး အလိုအလျောက် ကာယကံရှင်မျိုးဖြစ်လာပါမည်။ ကာယကံချင်မျိုးဖြစ်လာပါက မဇ္ဈိမပဋိပဒါ၏ ဘစ္ဆန်းတရား(၂)ပါး ဖြစ်သည့် "နိမိတ္တာနုဗ္ယဉ်ပဝတ္တ" သဘောသက်ရောက်လာပါမည်။ ထို့ကြောင့် အစ္ဆန်းတရား(၂)ပါးမှ လွတ်ကြောက်ရန် ကာယကံရှင်သဘောဖြင့် ပဋိလဘ္ဘပါရကို ကျော်လွန်၍ မွေဗျာပါရသဘောသက်ရောက်အောင်လေ့ကျင့်ရခြင်းဖြစ်ပါသည်။ဒုမွေဗျာပါရသဘောသက်ရောက်ခြင်းဆိုသည်မှာ အစ္ဆန်းတရား(၂)ပါးမှ လွတ်ကြောက်ခြင်း "ဥဘာတာဝုဋ္ဌာန" ဖြစ်ပါသည်။ ကျမ်းကန်သုံး ဝေါဟာရဖြင့်ဆိုရလျှင် အစ္ဆန်းတရား(၂)ပါးမှ လွတ်ကြောက်ခြင်းကိုပင် မျက်မှောက်ပြုခြင်း "သစ္ဆိကရဏ" ဟု ဆိုကြပါသည်။ အနုပဿုံဝေါဟာရဖြင့် ဆိုရလျှင် ကာယကံရှင် (အတ္တ)များအဖြစ်မှ လွတ်ကြောက်ခြင်းပင် ဖြစ်ပါသည်။

ဤကဲ့သို့ သစ္ဆိကရဏ မျက်မှောက်ပြုခြင်း "သစ္ဆိကရဏ" သဘောကို မရနားစောင့်မသေးပါ။ မျက်မှောက်ပြုခြင်း "သစ္ဆိကရဏ" သဘောသည် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၏သဘောဖြစ်ပါသည်။ လွတ်သက် ဝင်သက်သည် သမာဓိ၏သဘော ဖြစ်ပါသည်။ သို့ရာတွင် မြတ်စွာဘုရား၏ လမ်းညွှန်ခြင်း လုပ်ငန်းဟူသ မျှသည် ဒေရဟတ္တုပ္ပလ်ကဲ့သို့ထွတ်တင်ရန် ဦးဇ ည် ချက် ရှိသည့်ခြင်းပါ ည်။ ဒေရဟတ္တုပ္ပလ်ကို အလွတ်သင်ပေးသည်ဆိုပါက "အတ္တ"မှ ကင်းဆိတ်နေသည့် ပဓာနလုပ်ငန်းဖြစ်ပါသည်။ ထို့ကြောင့် "အတ္တ"သဘောသက်ရောက်သောပဋိဝေဓမျာပါရကို ကျော်လွန်ရန် "သတ်" ဖြင့် သမာဓိကို ထူထောင်ခြင်းဖြစ်သည့် ပဋိဝေဓ ဝင်သက် ဖွဲ့ခြင်း မတုိင်မီ အာနာပါနဿတိ ဘာဝနာတို့၏လှုံးဖြားဖွဲ့ပါသည်။ ဤဖွဲ့ခြင်း မတိုင်မီ အာနာပါနဿတိသည် ကာယကံရှင် (အတ္တ)သဘော "ပစ္စက္ခဉာဏ" သို့

ဦးတည်၍ ပုဒ္ဓမေတ် အာနာပါနသည် ကာယကံရှင်လွတ် (အနတ္တ)သို့ "သစ္ဆိကာရကဉ္ဇာ"သို့ ဦးတည်ပါသည်။

ထွက်သက်ဝင်သက်သည် ခန္ဓာကိုယ်ကို မှီ၏။ ခန္ဓာကိုယ်နှင့် စပ်နေ၏။ ထို့ကြောင့် ပါဠိတော်၌ "ကာယာနုပဿီ" ဟုဆိုခြင်းဖြစ်ပါသည်။ ကြမ်းအောင်လည်းလုပ်တတ်၏။ နူးညံ့သိမ်မွေ့အောင်လည်း လုပ်တတ်၏။ ထွက်သက်ဝင်သက် ကြမ်းလျှင် ခန္ဓာကိုယ်ကြမ်း၏။ ထွက်သက် ပင်သက် ကြမ်း၏။ ကတ်သက်ဝင်သက်သိမ်မွေ့လျှင် ခန္ဓာကိုယ်သိမ်မွေ့၏။ ခန္ဓာကိုယ်သိမ်မွေ့လျှင် ထွက်သက်ဝင်သက် သိမ်မွေ့၏။ ထို့ကြောင့် ကိုယ်၏ပူပန်ခြင်း၊ စိတ်၏ပူပန်ခြင်း၊ ကိုယ်၏ပင်ပန်းခြင်း၊ စိတ်၏ ပင်ပန်းခြင်း ကင်းသွားစေရန် ထွက်သက်ဝင်သက်ကို နှိုင်နှင်းဖို့ လိုအပ်ပါသည်။ ထွက်သက်ဝင်သက်ကို နှိုင်နှင်းသောအခါ ကိုယ်၏ငြိမ်းအေးခြင်း၊ စိတ်၏ငြိမ်းအေးခြင်းကို ရရှိမည်ဖြစ်ပါသည်။

ထွက်သက်ဝင်သက်ရှုမှတ်ခြင်း၏ ပူရောင်းရည်ရွယ်ချက်မှာ သမာဓိရရှိရန်ဖြစ်ပါသည်။ သမာဓိရရှိရန်အတွက်-

(၁) အပြစ်ကင်းစင်မှု(သီလ)၊
(၂) စိတ်နှလုံးကြည်သာမှု (အဝိပ္ပဋိသာရ)၊
(၃) ဂမ်းမြောက်မှု(ပါမောဇ္ဇ)
(၄) နှစ်သက်မှု (ပီတိ)၊
(၅) ငြိမ်းအေးမှု(ပဿဒ္ဓိ)၊
(၆) ချမ်းသာမှု(သုခ)တို့-

လိုအပ်ကြောင်း ပိဋကတ်တော်များဌ ဖော်ပြထားပါသည်။ သို့ဖြစ်၍ ထိုလိုအပ်ချက်များကို ထွက်သက် ဝင်သက်နည်းဖြင့် ဖြည့်ဆည်းနည်းကို ဟောကြားခြင်းဖြစ်ပါသည်။

နိမိတ်များ

ထုက်သက်ဝင်သက် မှဘ်ခြင်းဖြင့် သမာဓိ ရရှိသောအခါ ရရှိသော သမာဓိကိုလိုက်၍ နိမိတ်များ ထင်လာတတ်ပါသည်။ သမာဓိ ရရှိရန် သမာဓိကို ထူထောင်ရန်၊ သမာဓိသိက္ခာကို ဖြည့်ရန် သတိပဋ္ဌာန် ပါဠိတော်၌ ထုက်သက်ဝင်သက် ရှုမှတ်နည်းကို ပြည့်ပြည့်စုံစုံ ဟောကြားတော်မူခဲ့ပါသည်။ ထိုနည်းများအနက် အခရးအကြီးဆုံး နည်း (၄)မျိုးကို ဖော်ပြပြီးဖြစ်ပါသည် ထိုနည်း (၄)မျိုးသည် သတိကို အခြေခံ၍ သမာဓိကို ထူထောင်သည့်နည်း ဖြစ်ပါသည်။ ထိုနည်းများဖြင့် သမာဓိကို ထူထောင်သည့်အခါ ရရှိသော သမာဓိအလိုက် ထင်လာသည့် နိမိတ်များမှာ အောက်ပါအတိုင်း (၃)မျိုးရှိပါသည်--

(က) ပရိကမ္မနိမိတ်၊

(ခ) ဥဂ္ဂဟနိမိတ်၊

(ဂ) ပဋိဘာဂနိမိတ်။

(က) ပရိကမ္မနိမိတ်

ထုက်သက်ဝင်သက်အရာ၌ ပရိကမ္မနိမိတ်ဆိုသည်မှာ ထုက်လေဝင်လေပင် ဖြစ်ပါသည်။ ယင်းထုက်လေဝင်လေကို "ထုက်မှန်းသိ၊ ဝင်မှန်းသိ" ဖြစ်အောင် သတိကပ်ပြီးမှတ်ပါသည်။ ဆိုကဲ့သို့ မှတ်ခြင်းဖြင့် သမာဓိကို ရပါသည်။ ယင်းသမာဓိကို ပရိကမ္မသမာဓိဟု ခေါ်ပါသည်။ ဤနေရာ၌ ပရိကမ္မဆိုသည်မှာ မြန်မာဝေါဟာရဖြင့် "မူလအခြေခံ" ဖြစ်ပါသည်။ ထို့ကြောင့် ပရိကမ္မနိမိတ်ဆိုသည်မှာ အစဦးဆုံးမူလအခြေခံအာရုံဖြစ်သည်။ ပရိကမ္မသမာဓိဆိုသည်မှာ အစဦးဆုံး မူလအခြေခံ သမာဓိဖြစ်သည်။

(ခ) ဥဂ္ဂဟနိမိတ်

ဥဂ္ဂဟနိမိတ်ဆိုသည်မှာ မဒနာဒ္ဓါရဖြင့်သာ သူအပ်သော အာရုံဖြစ်ပါသည်၊ ယင်းအာရုံသည် မူလအခြေခံအာရုံကို ကျော်လွန်သွားသည့် အာရုံဖြစ်ပါသည်။ ပရိကမ္မနိမိတ်အဆင့်၌ မဒ္ဓါရတို့ဘက် သင့်လျော်သော

ဒဿဂြိုဟ်ဖြင့်ယူနိုင်ပြီး ဥဂ္ဂဟနိမိတ်အဆင့်တွင် ထိုကဲ့သို့မယူနိုင်ပဲ မနောဒ္ဓါဂြိုဟ်ဖြင့်သာ ယူနိုင်ပါသည်။

ဥဂ္ဂဟနိမိတ်များသည် အမျိုးမျိုးအဖုံဖုံ ဖြစ်ပါသည်။ ဘုမ်ကျင်းဝိပဿနာကျမ်းဥ် ဥဂ္ဂဟနိမိတ်ဖြစ်နှင့် ပတ်သက်၍ မိုန်မှုန်အလင်းရောင်၊ ပိုးစုန်းကြူးအုပ်ကြီး ပျံဝဲနေသကဲ့သို့ ပေးပေးမှားမှား အလင်းရောင်၊ တောက်ပသော ဝိုင်းဝိုင်းအဖြူရောင်၊ လုံးလုံးအဖြူရောင်၊ ဖြူးဆေး-ကြီးကြီး-မှုံးမှုံး - သုံးဖယောင်ခွန်း - ကွက်တိကွက်ကျား- အဖြူရောင်၊ ရုပ်ပုံဂား၊ ဆေတီတော်၊ ဘုန်းကြီး၊ ရဟန်း၊ လူသူတော်ကောင်း သိဒ္ဓတ္ထ်၊ နတ်ရုပ်၊ အုတ်တံတိုင်း၊ အုတ်ပုံ၊ အုတ်ပုံ၊ အုတ်တိုက်ပျက်၊ လှေကားထစ်၊ လှေကားလက်ရုံး၊ အိပ်နံရံ၊ ခေါင်းနံရံ၊ သပိတ်၊ သင်္ကန်း၊ သင်္ဘောတ်တို့၊ သစ်တိုင်၊ သစ်ပင်အမျိုးမျိုး၊ စမ်းမြောင်း၊ ရေကန်၊ ပင်လယ်ရေပြင်၊ ကျောက်ဂူ၊ အုတ်ဂူ၊ မြေပြင်၊ မြက်ခင်းပြင်၊ ကောင်းကင်ပြင်၊ မိုးကုတ်စက်ဝိုင်း၊ မောင်ကောင်းကား၊ မီးရထား၊ လူခေါ်သေ၊ လူရှင်၊ အဘိုးအို၊ အဘွားအို၊ မိန်းမပျို၊ ကခေါင်းငယ်၊ မိန်းမရွယ်၊ မိန်းခေါက်စေ့ မိမိနဖူး၊ မိမိမျက်လုံး၊ မိမိနှာခေါင်း၊ မိမိ ၊ မိမိလက်ဖြူ၊ မိမိခြေ၊ မိမိမိုက်၊ အရိုးစုစသည်ဖြင့် မရေမတွက်နိုင်အောင် များပေါင်းစုံကြောင်း ဖော်ပြထားပါသည်။

အဘိဓမ္မတ္ထသင်္ဂဟ ကျမ်းနှင့် အဘိဓမ္မာတ္ထဝိဘာဝနီကျမ်း ဘိုဋ္ဌံ ညီး ဥဂ္ဂဟနိမိတ်နှင့် ပတ်သက်၍—

> စက္ခုနာ ပဿန္တော မနောဒ္ဓါရော အာဝဇ္ဇနဝီထိမာဂတံ၊ တဒါ တဒေဝါရမ္မဏံ ဥဂ္ဂဟန်ိတ်တံ နာမ။
>
> စက္ခုနာ၊ ဖွင့်ထားသော မျက်စိဖြင့် ပဿန္တော်၊ ကြည့်သူ၏။ မနောဒ္ဓါရော၊ စက္ခုဒ္ဒါရအာဝဇ္ဇန်။ အာဝဇ္ဇနဝီထိ၊ ထင်ခြင်းသို့။ အာဂတံ ကွာ၊ ရောက်လာသကဲ့သို့။ မနောဒ္ဓါရော မနောဒ္ဓါရအာဝဇ္ဇန်။ အာဝဇ္ဇနဝီထိ၊ ထင်ခြင်းသို့။ အာဂတံ၊ ရောက်လာ၏။ တဒါ၊ ထိုအခါ၌၊ တဒေဝါရမ္မဏံ၊ ဒပါလာသောထိုအာရုံ၊ မြင်ရသောထိုအာရုံသည်။ ဥဂ္ဂဟနိမိတ်တံ နာမ၊ ဥဂ္ဂဟနိမိတ်မည်၏။

(အဘိဓမ္မတ္ထသင်္ဂဟ)

ထာ ဥမ္မိလိုတ ကာလေ၊ တထာပ်ါထန္တု ယာတိ စေ။
တဒါ ဥဂ္ဂဟာနိမိတ္တံ၊ ဥပ္ပဇ္ဇန္တိ ပဝုစ္စတိ။

ဥမ္မိလိဘေ ကာလေ၊ မျက်စိဖွင့်ထားခြင်း အာပါထံ၊ ထင်ခြင်းသို့။ ယဒါတိ ယထာ၊ နေ့ ကလာသကဲ့သို့။ တထာ၊ ထို့အတူ။ နိမ္မိလိယေ ကာလေ၊ မျက်စိမှိတ်ထားခြင်း၊ အာပါထံ၊ ထင်ခြင်းသို့။ စေ ယာတိ၊ အကယ်၍ရောက်လာငြားအံ့။ တဒါ၊ ထိုအခါ၌။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပြီဟူ၏။ ပဝုစ္စတိ၊ ဆိုအပ်၏။

အာဘိဓမ္မာဝတာရ)

ဥဂ္ဂဟနိမိတ်မျိုးသည် ကသိုဏ်မြဲခြင်းမရှိကြသေးပဲ ပေါလိုက်၊ ပျော့ကဲ့လိုက်၊ နီးလိုက်၊ ဝေးလိုက်၊ ကြုံးလိုက်၊ ငယ်လိုက်၊ ထက်အောက်စသော နေရာပြောင်းရွေ့ကြသည်၊ မဟည်မဥိမ်ဖြစ်နေပါသည်။ ထိုအဆင့်တွင် ရသေ့သမာဓိသည် ပရိကမ္မသမာဓိပင် ဖြစ်ပါသည်။ သို့ဆိုတွင် ရှေ့သမာဓိထက် မျှားစွာပို၍ ဟည်းညည်းလာပါသည်။

(၈) ပဋိဘာဂနိမိတ်

ပဋိဘာဂနိမိတ်ဆိုသည်မှာ ဥဂ္ဂဟနိမိတ်အဆင့်ကို ကျော်လွန်လာသည့် နိမိတ်ဖြစ်ပါသည်၊ ဥဂ္ဂဟအဆင့်တွင် မှီနေသည်။ ပဋိဘာဂအဆင့်တွင် ထင်ရှားနေသည်။ ဥဂ္ဂဟအဆင့်တွင် မဟည်မဥိမ်၊ လှုပ်ရှားနေသည်၊ ပဋိဘာဂအဆင့်တွင် မလှုပ်ရှားပဲ ငြိမ်နေသည်။ ဥဂ္ဂဟအဆင့်တွင် ပေါလိုက်၊ ပျော့ကဲ့လိုက်ဖြစ်နေသည်။ ပဋိဘာဂအဆင့်တွင် မပေါ့ကဲ့ပဲ ပေါနေသည်။ ထိုအဆင့်တွင် ရသေ့သမာဓိကို ဥပစာရ၊ ဘဝင်ဟု ခေါ်ပါသည်။ ဥပစာရစျာန်ဟုလည်း ခေါ်ပါသည်။ ပဋိဘာဂနိမိတ်နှင့် ပတ်သက်၍—

ဘာဝနာမယမာရုမ္ဘဏံ စိတ္တံ သန္ဓိသိန္ဒံ သမပ္ပံတံ ပေါတဲ့၊
တဒါ တံ ပဋိဘာဂနိမိတ္တံ သမုပ္ပဇ္ဇန္တိ ဝုစ္စတိ။

ဘာဝနာမယံ၊ ပရိကမ္မဘာဝနာကြောင့်ဖြစ်လာသော။ အာ-
ရမ္မဏံ၊နိမိတ်သည်။ စိတ္တော၊ ယောဂီ၏စိတ်၌။ သန္နိသိန္နံ၊ ငြိလျှပ်ရှားပဲ
တည်ငြိမ်သည်။ သမပ္ပိတံ၊ မပျောက်ကွယ်ပဲ ပေါ်နေသည်။
ဖောတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ တံ ပဋိဘာဂနိမိတ္တံ၊ ထို
ပဋိဘာဂနိမိတ်သည်။ သမုပ္ပန္နန္တိ၊ ကောင်းစွာဖြစ်လာပြီဟူ၍။
ဝုစ္စတိ၊ ဆိုအပ်၏။

(အာဘိဓမ္မတ္ထသင်္ဂဟ)

ပဋိဘာဂနိမိတ်နှင့်ပတ်သက်၍ အာရုံတမျိုးဘည်း ဖြစ်ပေါ်လည်း သမာဓိမှာ (၂)မျိုးကွဲပါသည်. အနုအရင့်သဘော ဖြစ်ပါသည်။ အနု သမာဓိကို ဥပစာရသမာဓိဟုခေါ်ပြီး အရင့်သမာဓိကို အပ္ပနာသမာဓိဟု ခေါ်ပါသည်။ ဥပစာရသမာဓိဖြင့် ပဋိဘာဂနိမိတ်ကို မြင်ရာ၌—

(က) မမှိန်ထင်ရှား၊

(ခ) မလှုပ်တည်ငြိမ်-

ဟူသော အင်္ဂါ(၂)ရပ်နှင့် ညီအောင် မြင်နေပါက ယင်း သမာဓိကို ဥပစာရသမာဓိ ခေါ်ကြောင်း၊ အပ္ပနာသမာဓိဖြင့် ပဋိဘာဂနိမိတ်ကို မြင်ရာ၌—

(က) မမှိန်ထင်ရှား၊

(ခ) မလှုပ်တည်ငြိမ်၊

(ဂ) မပျောက်ခိုင်မြဲ-

ဟူသော အင်္ဂါ(၃)ရပ်နှင့်ညီအောင် မြင်နေပါက ယင်းသမာဓိကို အပ္ပနာ သမာဓိခေါ်ကြောင်း ဘုမ်ကျွင်းဝိပဿနာကျမ်း၌ ဖော်ပြထားပါသည်။ ထို့အပြင် ဥပစာရသမာဓိအဆင့်၌ ပဋိဘာဂနိမိတ်ကို အလွန်ဆုံး မိနစ် သုံးဆယ်ကျော်သာမြင်ရပြီး ပျောက်ကွယ်သွားကြောင်း၊ ထိုနိမိတ် ပြန်ပေါ်လာအောင် အာရုံပြုနှလုံးသွင်းသော်လည်း ချက်ချင်းပြန်ပေါ် မလာကြောင်း၊ ထွက်လေ ဝင်လေ ရှူမှုတ်မှုစသော မူလကမ္မဋ္ဌာန်းကို

ပဉ်းများသော်လည်း ခုက်ချင်းပြန်ပေါ်မလာကြောင်း၊ အပ္ပနာသမာဓိ အဆင့်၌မူ ပဋိဘာဂနိမိတ်ကို တဖန်လုံးကြည့်နေလျှင်လည်း ညောင်း၊ ကိုက်၊ နာကောင်၊ ပင်ပန်းမှု အိပ်ငိုက်မှုမရှိပဲ ထင်ထင်ရှားရှား၊ ခိုင်ခိုင်မြဲမြဲ မြင်နေရကြောင်း၊ အာရုံဖြတ်ကာအနားယူပြီး နောက်ထပ်ပြန်ကြည့်လျှင်လည်း ခုက်ချင်းထင်ထင်ရှားရှား ပြန်မြင်နေကြောင်း ဖော်ပြထားပါသည်။

အပ္ပနာသမာဓိ(စျာန်)ရမှုနှင့် ပတ်သက်၍ ဝေဠုဝတီဝိပဿနာကျမ်း၌ ထုက်သက်ဝင်သက်ကို သိပ်ဂရုမစိုက်ပဲ အလိုက်သင့် သူဟာသူ ရှူနေစေပြီး ပဋိဘာဂနိမိတ်ပေါ်၌ စိတ်ကိုထားရမည်ဖြစ်ကြောင်း၊ စျာန်ကိုရလိုသူသည် ပဋိဘာဂနိမိတ်ပေါ်၌ စိတ်ကိုထားရကြောင်း၊ ပဋိဘာဂနိမိတ်ပေါ်၌ စိတ်ကိုထား၍ အားထုတ်ခြင်းသည် ဌပနာနည်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

နိမိတ်များထင်ပုံ

နိမိတ်များထင်ပုံနှင့်ပတ်သက်၍ ဝေဠုဝတီဝိပဿနာကျမ်း၏အလိုအရ "သကောဝ အာသာဝတိ၊ သကောဝ ပဘာသတိ" ဝင်မှန်းသိ၊ထုက်မှန်းသိ-ကြောင်းထားဟူသော ပကတမနသိးဖြင့် အားထုတ်သောအခါ အချိုပုဂိုလ်များသည် နိမိတ်(၁)မျိုးလုံးကို ရနိုင်သည်။ သို့ရာတွင် ထိုပုဂိုလ်မျိုးသည် ကလ္ဓနိနည်းပါးပါသည်။ များသောအားဖြင့် "ရှည့်တို သဲ" ဟူသော ဒုဇ္ဈယနည်းဖြင့် အားထုတ်သောအခါမှာ နိမိတ်(၃)မျိုးကို ရပါသည်။

ဒုတိယနည်းဖြင့် နိမိတ်(၃)ပါးရပြီးသည့်နောက် "စ၊လယ်၊ဆုံး၊သိ" ဟူသော ကတိယနည်းဖြင့် အားထုတ်သောအခါ ရပြီးသောနိမိတ်နှင့် အတူတကွ ထွက်လေဝင်လေကို စ၊လယ်၊ဆုံး-သိ ဖြစ်အောင် လေ့ကျင့်ရပါသည်။ ပင်းထွက်လေဝင်လေကိုပင် စတုတ္ထနည်းဖြင့်အားထုတ်သောအခါ ကိုယ်ကာယစင်ကြယ်ပြီး ကိုယ်၌ပူပန်ခြင်း၊ စိတ်၏ပူပန်ခြင်းများကင်းလာသည်။ ထွက်လေဝင်လေသည် နူးညံ့လာသည်။ သိမ်မွေ့လာသည်။ နောက်ဆုံး ငြိမ်းသွားသည်အထိ သိမ်မွေ့လာသည်။ ထွက်သက်

ဝင်သာက်၏မှီရာ ကိုယ်ကာယစင်ကြယ်လျှင် ထွက်သက်ဝင်သက် နူးညံ့သိမ်မွေ့ ၍ သည်မှာ ဓမ္မတာပင်ဖြစ်ပါသည်။

ဥပမာအားဖြင့် အညစ်အကြေး မကင်းသေးရှိသည့် အထု မခံ၊ ထုလျှင်ကွဲသည်။ ဆွဲချင်တိုင်း ဆွဲ၍မရ၊ ဆွဲလျှင်ပြတ်သည်။ အညစ်အကြေးကင်းသောရှိသည့် အထုခံသည်၊ ထုလျှင်မကွဲ။ ဆွဲနှင်တိုင်း ဆွဲ၍ရသည်၊ ဆွဲလျှင်မပြတ်။ ထို့နည်းတူစွာ ခန္ဓာကိုယ်သည် ကိုယ်၏ပူပန်မှု၊ စိတ်၏ပူပန်မှုကဲ့သို့သော အညစ်အကြေးမျိုး ကင်းစင်ပြီး စင်ကြယ်သွားသောအခါ ထုကဲ့လေ့ငင်ခေါ်လေသည့် နူးညံ့လာသည်။ သိမ်မွေ့လာသည်။ ယောဂီပုဂ္ဂိုလ်၏ဆန္ဒအဘိုးဖြစ်လာသည်။ လုပ်သလိုရလာသည်။ ထို့အခါ ယောဂီပုဂ္ဂိုလ်သည် ထွက်လေဝင်လေကို သိပ်ရုမစိုက်တော့ပဲ သူဟာ သူ အလိုက်သင့်ထားပြီး စိတ်ကို ပဋိဘာဂနိမိတ်ပေါ်၌ထားရသည်။ ဤသို့ပဋိဘာဂနိမိတ်ပေါ်၌ စိတ်ကိုထား၍ အားထုတ်ခြင်းကို ဌပနာနည်းဟုခေါ်သည်။ ဌပနာနည်းဖြင့် ရှေ့ဆက်အားထုတ်လျှင် ဈာန်ကိုရပါသည်။

ဝိပဿနာဘက်ကူးနည်းများ

ဗုဒ္ဓပိဋကတ်တော်များ၌ ဝိပဿနာအားထုတ်နည်းနှင့် ပတ်သက်၍ အဆင့်များရှိပါသည်။ ကိုယ်နှုတ်ဝင်ကြယ်မှု (သီလဝိသုဒ္ဓိ)၊ စိတ်နှလုံးစင်ကြယ်မှု (စိတ္တဝိသုဒ္ဓိ) တို့ကို ထူထောင်ပြီးနောက် နာမ်ရုပ်ကို သိမှု (ဒိဋ္ဌိဝိသုဒ္ဓိ)နှင့် နာမ်ရုပ်၏အကြောင်းကိုသိမှု (ကင်္ခါဝိတရဏဝိသုဒ္ဓိ) တို့ကို ထူထောင်ရပါသည်။ ထို့နောက် ဝိပဿနာကို အားထုတ်ရပါသည်။ အကြမ်းအားဖြင့်ဆိုရလျှင် ဝိပဿနာအားမထုတ်မီ ပြည့်စုံရသည့်အဆင့်များမှာ (၄)မျိုးရှိပါသည်။ ယင်း (၄) မျိုးကဲ့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်—

(က) သီလရှိခြင်း၊

(ခ) သမာဓိရှိခြင်း၊

(ဂ) ဒိဋ္ဌိကင်းခြင်း၊

(ဃ) ဝိစိကိစ္ဆာကင်းခြင်း။

ထုတ်လေ့ဝင်းလကို သတိဖြင့်ထိန်းနိုင်လျှင် တဖြည်းဖြည်း ကိုယ်နှုတ်တို့ စင်ကြယ်လာသည်။ ဒုစရိုက်မျှားကင်းလာသည်။ ဒုရာဇီဝဓေါ် အသက်မွေးမြူမှု သန့်ရှင်းလာသည်။ မှန်ကန်လာသည်။ ဤသည်ကိုပင် သီလစင်ကြယ်မှုဟု ဆိုကြပါသည်။ ကိုယ်နှုတ်တို့စင်ကြယ်ပြီးနောက် စိတ်နှလုံးပါ စင်ကြယ်လာသည်။ သတိအားဒေါင်းလေလေ စိတ်နှလုံးစင်ကြယ်လေလေဖြစ်ပြီး ထုတ်လေ့၊ ဝင်လေအပြင် အာရုံနိမိတ်မျှား ပေါ်လာကာ နောက်ဆုံး၌ ပဋိဘာဂနိမိတ်မျှား ဝင်လာသည်။ ဤသည်ကိုပင် စိတ်စင်ကြယ်မှု "သမာဓိရှိမှု" ဟု ဆိုကြသည်။

စိတ်နှလုံးစင်ကြယ်မှု **"သမာဓိ"** ရှိပြီးနောက် ဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကင်းရန် အတွက် ဂိုဟ်ဿနာဒက်သို့ လှုံ့လိက ကူးနိုင်သည်။ ဘာန်ဈာန်ရေးအတွက် ဆက်လက်အားထုတ်လိုကလည်း "ထုတ်လေ့ဝင်လေ" ကိုပင် ဆက်လက်အားထုတ်နိုင်သည်။ ဝိပဿနာဘက်သို့ ကူးလိုသူမျှားအတွက် ဝေဠုဂဏ္ဍိ ဝိပဿနာကျမ်း၌ ဤသို့ဖော်ပြထားပါသည်—

ပရိကမ္မနိမိတ်ဖြစ်တဲ့ ဗောနာပါနမှာ သတိကပ်ပြီးနေခဲ့သော် ပရိကမ္မသမာဓိ၊ ဥပစာရ ပရိကမ္မသမာဓိကနေပြီးကူးလဲ ရတာပဲ။ တုတ်ဘိုင်း ဝင်ဘိုင်း ထုတ်ဖလ ဝင်လေမှာ သတိကပ်နေရင် ဒီပုဂ္ဂိုလ်ရဲ့စိတ်မှာ ကိလေသတရားတွေ မရှိသလောက်ပါး။ မပြိမ်သာက်ဘူးလား၊ အဲဒီပုဂ္ဂိုလ် ကိလေသတရားလို ငြိမ်သက်နေခြင်း ဂိုဟ်ဿနာဘက်ကူးပေတာ့။ ဂုဏ်ဆန့်သာဂနလို့လဲ မြေလျှိုးမိုးပုံ့တန်ခိုးအာဇာနည်နဲ့ နေ့ပေမဲ့ စိတ်မငြိဘူး။ ဒီဋ္ဌိကင်းသည့် နာမ်ရုပ်ကိုလည်း၊ ဝိစိကိစ္ဆာကင်းသည့် နာမ်ရုပ်ကို၏အကြောင်းသိ ဝေဒနာပါးမှ ဝိပဿနာဘက်သို့ ကူးရာ၌ ခရီးကမာ ဆိုးဆေးမှုတ်လား ကူးနိုင်ကြည်။ ဥပစာရစျာန်သမာဓိအဆင့်မှလည်း အဆင့်မှလည်း ကူးနိုင်သည်။ အပ္ပနာစျာန်သမာဓိအဆင့်မှလည်း

ကူးနိုင်သည်။ ခဏိကသမာဓိအဆင့်မကူးခြင်းကို သီလစင်ကြယ်မှု (သီလဝိသုဒ္ဓိ)အဆင့်မှ ကူးခြင်းဟု ဆိုပါသည်။ ဥပစာရစျာန် သမာဓိနှင့် အပ္ပနာစျာန်သမာဓိအဆင့်မှ ကူးခြင်းကို စိတ်နှလုံးစင်ကြယ်မှု (စိတ္တဝိသုဒ္ဓိ) အဆင့်မှ ကူးခြင်းဟု ဆိုပါသည်။ သီလစင်ကြယ်မှု "ခဏိကသမာဓိ" အဆင့်မှကူးလျှင် "သုဒ္ဓဝိပဿနာယာနိက" လမ်းဟု ခေါ်ပါသည်။ စိတ်နှလုံးစင်ကြယ်မှု "ဥပစာရစျာန်နှင် အပ္ပနာစျာန်သမာဓိ" အဆင့်မှ ကူးလျှင် "သမထယာနိက" လမ်းဟု ခေါ်ပါသည်။ ဤနေရာ၌ ခဏိကသမာဓိအဆင့်ဟူသည်မှာ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်အဆင့် ဖြစ်ပါသည်။ ဥပစာရစျာန်နှင့် အပ္ပနာစျာန်သမာဓိအဆင့်ဟူသည်မှာ ပဋိဘာဂနိမိတ်အဆင့် ဖြစ်ပါသည်—

ခဏိကသမာဓိနှင့် ပဲတ်သက်၍ ဝိသုဒ္ဓိမဂ်မဟာဋီကာ ပထမတွဲ(၃၄၂)၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်—

ခဏိကစိတ္တက္ခဏာတိ ခဏမတ္တဋ္ဌိတိကော သမာဓိ။ သောပိ ဟိ အာရမ္မဏေ နိရန္တရံ ကာကာရေန ပဝတ္တမာနော ပဋိပက္ခေန အနဘိဘူတော အပ္ပိတော ပ်ယ စိတ္တံ နိစ္စလံ ဌပေတိ။

ခဏိကစိတ္တေကက္ခဏာတိ၊ ခဏိကစိတ္တေကက္ခဏာဟူသည်ကား။ ခဏမတ္တဋ္ဌိတိဓာ၊ ခဏမျှသာတည်သော။ သမာဓိ၊ သမာဓိတည်း။ ဟိ၊ အကျယ်အားဖြင့်။ သောပိ၊ ထိုခဏိကသမာဓိသည်လည်း။ အာရမ္မဏေ၊ အာရုံ၌။ နိရန္တရံ။ အကြားမရှိ။ ကာကာရေန၊ တခုတည်းသော အခြင်းအရာအားဖြင့်။ ပဝတ္တမာနော၊ ဖြစ်သော။ ပဋိပက္ခေန၊ ပဋိပက္ခတရားသည်။ အနဘိဘူတော၊ မလွှမ်းမိုးနိုင်သည်ဖြစ်၍။ အပ္ပိတော ဝိယ၊ အပ္ပနာသမာဓိကဲ့သို့။ စိတ္တံ၊ စိတ်ကို။ နိစ္စလံ၊ ငြိမ်သက်စွာ။ ဌပေတိ၊ တည်စေ၏။

အာနာပါနမှ ဝိပဿနာသို့ကူးရာ၌ သင့်လျော်သော သမာဓိအဆင့်သည် သမ္မာဇာန်ခါ ဉာဏ်ပါလာသောအဆင့် ဖြစ်ပါသည်။ သမ္မာဇာန်ခါ ဉာဏ်ပါဝင်လာသောအဆင့်သည် ပီဋကတ်တော်၌ "ရှုည့်-တို့-သိ" ဟူသော ဒုတိယနည်းဖြင့် အားထုတ်သည့်အဆင့် ဖြစ်ပါသည်။ ဝင်အဆင့်တွင် ကိုယ်နှုတ်စင်ကြယ်မှု(သီလဝိသုဒ္ဓိ)၌၎င်း စိတ်နှလုံးစင်ကြယ်မှု(စိတ္တဝိသုဒ္ဓိ)လည်း အထိုက်အလျောက် ရှိလာပါသည်။ ထိုအခါ ဝိပဿနာနှုတ်ကပ်များဖြစ်သည့် နာမ်၊ရုပ်များကို အာရုံပြုနိုင်လာပါသည်။ ထိုအဆင့်အာရုံပြုမှုနှင့်ပတ်သက်၍ ဘဒ္ဒန္တဝိဝိပဿနာကမ္မဋ္ဌာန်းဆရာတော်ကြီးဘုရားပါသည်-

ဒီတော့ ကမ္မဋ္ဌာန်းအားထုတ်ရာမှာ ကိုယ်သိမ်းဆည်းမှု၊ စိတ်သိမ်းဆည်းမှု ( )မျိုးလုံးနဲ့ ကိုယ်ရောစိတ်ရော သိမ်းဆည်းလိုက်တဲ့အခါကျတော့ ခန္ဓာကိုယ်က မသန့်ရှင်းတဲ့အတွက် ဖောက်ဖောက်ပြန်ပြန်တတ္တ ဖြစ်လာတယ်။ နာကျင်မှုတတ္တ ဖြစ်လာတယ်။ ကိုက်ခဲမှုတတ္တ ဖြစ်လာတယ်။ ထုံကျဉ်မှုတတ္တ ဖြစ်လာတယ်။ အဲဒီဖောက်ဖောက်ပြန်ပြန်တတ္တ ဖြစ်လာတဲ့အခါ သတိထားစမ်းပါ၊ ဖောက်ဖောက်ပြန်ပြန်တတ္တ ဖြစ်မှုထဲမှာ ကိုယ်ခန္ဓာ မပါစေနဲ့။ ခုတော့ ဖောက်ဖောက်ပြန်ပြန်တတ္တ ဖြစ်မှုထဲမှာ ကိုယ်ခန္ဓာပါနေတယ်။ ငရဲကြီး နာတယ်။ လက်က ကျဉ်ကယ် စသည်ဖြင့် ကိုယ်ခန္ဓာပါနေတယ်။ ပါနေရင် ဒါသမ္မာညမဖြစ်သေးဘူး။ သမ္မာညမဖြစ်ရောဘာ သတိအားသေးလို့။ သတိအားသေးလို့ သမ္မာညမဖြစ်မှန်းသိရင် အာနာပါန ကြိုးစားလုပ်၊ အလုပ်ကိုလျှော့မထားနဲ့။ အာနာပါနတိုးလုပ်၊ အာနာပါနသတိအားကောင်းမှသာလျှင် ဒီသဘာဝတွေကို သမ္မာညဖြစ်ခဲ့ရာဝင် ကိုယ်ခန္ဓာနဲ့မကွဲမစပ်ခဲ့ကာဝင် သိမှာ။ အာနာပါန အာဆေမြောက်တာထက် ဖြစ်ဖြစ်သမျှသဘာဝတွေထဲမှာ ကိုယ်ခန္ဓာမပါဘူးလို့ သိတဲ့အသိက အထက်တန်းကျတယ်။

ထို့အပြင် ယင်းကျမ်းကြားကနေရာ၌လည်း ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်—

ခန္ဓာကိုယ်ဖြစ်ဖြစ်သမျှ သဘာဝတွေထဲမှာ ကိုယ်ဧကောင် မရော နှောပဲ ခေါင်းကဖြစ်လဲ ခေါင်းမပါပဲ၊ ကိုယ်ကဖြစ်လဲ ကိုယ်မပါပဲ၊ လက်ကဖြစ်လဲ လက်မပါပဲ၊ ခြေကဖြစ်လဲ ခြေမပါပဲ ဖြစ်ခြင်း သဘာဝသက်သက်ကိုသာသိရင် ဒီသမ္မာဟာ သမ္မုဇ္ဇဉ်အသိဖြစ်တဲ့ အတွက် အားကောင်းဆုံးဖြစ်ပေါ်၊ ဒီဒိဋ္ဌိ သတိသမ္မုညာက နေပြီး ရုပ်နာမ်ခွဲလိုက်ရင် ဝိပဿနာဉာဏ်က တက်သွားမှာ။

ထို့အပြင် ယင်းကဲ့မ်းအခြားတနေရာ၌လည်း အာသမ္မောဟသမ္မုဇ္ဇဉ် နှင့် ပတ်သက်၍ ဤသို့ဖော်ပြထားသည်ကို တွေ့ရပါသည်-

အာသမ္မောဟသမ္မုဇ္ဇဉ်ကျတော့ ပညတ်မပါပဲ သဘာဝသက် သက်ကိုသိတယ်။ ဒါ။ သူတပါး၊ ယောကျ်ားမိန်းမ မပါတော့ဘူး၊ သဘာဝတို့၏ ဖြစ်ခြင်းသက်သက်ကိုသိတဲ့ သမ္မုဇ္ဇဉ်ကို အာသမ္မော-ဟသမ္မုဇ္ဇဉ်လို့ ခေါ်တယ်၊ ပဋိလ်၊ သတ္တဝါအနေနဲ့ သိမနဂသေးရင် အသနမ္မောဟ မဆိုနိုင်သေးဘူး၊ သမ္မောဟပဲရှိသေးတယ်။ ခေါင်း ကိုယ် ခြေ လက် စသောပညတ်စင်ပြီး သဘာဝသက်သက်ကိုသိတဲ့ အဖြစ်ရောက်မှ အာသမ္မောဟသမ္မုဇ္ဇဉ်ဖြစ်တယ်။

လက္ခဏာများ

အာနာပါန "ထွက်လေဝင်လေ"မှ ဝိပဿနာဘက်သို့ကူးရန် အားထုတ် သောအခါ အယုတ်ဆုံးသတိသမ္မုညဉ်ဖြင့် ထိန်းချုပ်သာ ခဏိကသမာဓိ အဆင့်ကို ရပြီးဖြစ်ရပါမည်။ ဥပစာရသမာဓိအဆင့်ကို နှိုင်းလျှင်ကား ပို၍ ကောင်းပါသည်။ ထိုထက်ပို၍ ကောင်းသည်ကား အပ္ပနာသမာဓိအဆင့် ဖြစ်ပါသည်။ သို့ရာတွင် အပ္ပနာသမာဓိအဆင့်ကို သမထယာနိကလမ်း အနေဖြင့် မကြုံကသူများလည်း ရှိကြပါသည်။

ဤလောက၌ တမလွန်ဘဝအတွက် စိတ်ချနိုင်စေမှန် နာမ်ရုပ်ကို ပိုင်းခြားရှု သိနိုင်သောဉာဏ် (နာမရူပပရိစ္ဆေဒဉာဏ်)နှင့် နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းနိုင်သောဉာဏ် (ပစ္စယပရိဂ္ဂဟဉာဏ်)ကို ရဖို့ လိုအပ်ပါသည်။ ထိုဉာဏ်များကိုရမှသာ စူဠသောတာပန်ခေါ် ကလျာဏ-

ပုထုဇဉ် ဖြစ်ပါမည်။ ဤအဆင့်တွင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို သမုစ္ဆေဒပဟာန်ဖြင့် မပယ်နိုင်သေးစေကာမူ တဒင်္ဂပဟာန်ဖြင့်ဖြစ်စေ၊ ဝိက္ခမ္ဘနပဟာန်ဖြင့်ဖြစ်စေ ပယ်နိုင်ပြီဖြစ်သောကြောင့် ဒုတိယဘင်အတွက် စိတ်အေးရပြီဖြစ်ပါသည်။ ထို့ကြောင့် စဋ္ဌသောတာပန် ကလျာဏပုထုဇဉ် ဖြစ်ရေးအတွက် နာမ် ရုပ်တို့ကို လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်နှင့်တကွ သိရှုနိုင်အပ်ပါသည်။

ဤနေရာ၌ **လက္ခဏ** ဟူသည် ရုပ်နာမ်တို့၏ အမှတ်အသားဖြစ်ပါသည်။ ယင်းအမှတ်အသားသည် သာမညလက္ခဏာနှင့် သဘာဝလက္ခဏာဟူ၍ (၂)မျိုးရှိပါသည်။ သာမညလက္ခဏာသည် ဝိပဿနာဉာဏ်အာဒုက်ဖြစ်၍ သဘာဝလက္ခဏာသည် နာမရူပပရိစ္ဆေဒဉာဏ် အတွက် ဖြစ်ပါသည်။ သဘာဝလက္ခဏာကို ဝိဘာဝလက္ခဏာဟူ၍လည်း ဆိုကြပါသည်။ သာမညလက္ခဏာဟူသည် ရုပ်၊ နာမ်အားလုံးတို့နှင့် သက်ဆိုင်သော လက္ခဏာဖြစ်ပါသည်။ ယင်းသာမညလက္ခဏာကား အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ ဖြစ်ပါသည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့ကို ဝိပဿနာဉာဏ်များဖြင့် သာ မြင်နိုင်ပါသည်။ ဝိပဿနာဉာဏ်အဆင့်သို့ မရောက်သေးမီ ဝိပဿနာရွေ့ပြောင်းဖြစ်သော နာမ်ရုပ်သိ(နာမရူပပရိစ္ဆေဒဉာဏ်)ကို ဦးစွာထူထောင်ရပါမည်။ ထို့ကြောင့် ဤအဆင့်၌ သဘာဝလက္ခဏာကို သိအပ်ပါသည်။ သဘာဝလက္ခဏာကိုသိပြီးမှ သာမညလက္ခဏာကို သိနိုင်ပါသည်။

နာမ်၊ ရုပ်တို့တွင် ဟခုနှင့်တခု အခြင်းခြင်း တူညီသောလက္ခဏာများ (သာမညလက္ခဏာ) ရှိသကဲ့သို့ တခုနှင့်တခု အခြင်းခြင်း မတူညီသော လက္ခဏာများ (သဘာဝလက္ခဏာ)လည်း ရှိကြပါသည်။ ရုပ်၌လည်း ရုပ်ဆိုင်ရာ သီးခြားလက္ခဏာရှိပါသည်။ နာမ်၌လည်း နာမ်ဆိုင်ရာ သီးခြားလက္ခဏာရှိပါသည်။ ရုပ်ကဲ့သို့ ပထဝီ၌ ပထဝီသီးခြားလက္ခဏာ၊ အာပေါ်၌ အာပေါသီးခြားလက္ခဏာ စသည်မျိုးရှိကြပြီး နာမ်တွင်လည်း ဇော်ဌ်၌ ဖဿသီးခြားလက္ခဏာ၊ ဝေဒနာ၌ ဝေဒနာသီးခြားလက္ခဏာစသည်များ ရှိကြပါသည်။ ဤနည်းအားဖြင့် ရုပ်၊ နာမ်များ ကဲ့ပြားသလောက် သီးခြားလက္ခဏာများသည်း ကဲ့ပြားပါသည်။ အမှန်

အားဖြင့်ဆိုလျှင် သီးခြားလက္ခဏာများကဲ့ပြားခြားနားလာက် ရုပ်နာမ်များကဲ့ပြားကြခြင်းဖြစ်ပါသည်။

လူဟူသော သာမညလက္ခဏာပါဉ် အင်္ဂလိပ်၊ မြန်မာ စသော သီးခြားလက္ခဏာများ ထပ်ဆင့်ရှိနေသကဲ့သို့ ရုပ်နာမ်တိုင်း ရုပ်နာမ်တိုင်းဉ် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော သာမညလက္ခဏာများအပေါ်တွင် ကော်မာခြင်း၊ ခံစားခြင်း စသော သီးခြားလက္ခဏာများသည် ထပ်ဆင့်၍ ရှိနေကြပေသည်။ ဤထပ်အလှဘအနေဖြင့် သာမညလက္ခဏာသည် အောက်ပိုင်းဉ်ဖြစ်၍ သီးခြားလက္ခဏာသည် အပေါ်ပိုင်းဉ်ရှိပါသည်။ ဝိညာဏနာဘက်သို့ ကူးရာဉ် ရှေးဦးစွာ ဝိပဿနာမတိုင်မီ အပေါ်ပိုင်း သီးခြားလက္ခဏာများကို မြင်အောင် အားထုတ်ရပါသည်။ ပူလျှင် ပူသည်၊ အေးလျှင် အေးသည်၊ နာလျှင် နာသည် စသော အသိများသည် ဝိပဿနာမတိုင်မီ သီးခြားလက္ခဏာသိများဖြစ်ပါသည်။ ယင်းသီးခြားလက္ခဏာသိများသည် နာမ်ရုပ်သိ (နာမရူပပရိစ္ဆေဒဉာဏ်) အဆင့်ဉ် ရှိပါသည်။ ထို့နောက် ယင်းနာမ်ရုပ်တို့ကိုပင် အကြောင်းအကျိုးဆက်သဘောဖြင့် သိသောအခါ အကြောင်းကို သိမ်းဆည်းသိ (ပစ္စယပရိဂ္ဂဟဉာဏ်) အဆင့်သို့ ရောက်ပါသည်။ထို့နောက် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော သာမညလက္ခဏာများသည် သဘာဝလက္ခဏာခါ သီးခြားလက္ခဏာများဒေါ်သို့ တက်လာပါသည်။ ထိုအခါ ယင်းသာမညလက္ခဏာကို သိသောအသိ ဖြစ်လာပါသည်။ ယင်းအသိသည် ဝိပဿနာသိ ဖြစ်ပါသည်။ ဤနည်းအားဖြင့်ဆိုလျှင် အပေါ်ပိုင်း သီးခြားလက္ခဏာကို ဝိပဿနာမတိုင်မီ နာမ်ရုပ်သိဉာဏ်နှင့် နာမ်ရုပ်တို့၏ အကြောင်းသိဉာဏ်များက ရှေးဦးစွာသိပြီး အောက်ပိုင်း သာမညလက္ခဏာကိုမူ ဝိပဿနာဉာဏ်များကသာ သိပါသည်။ ဤသို့သိခြင်းကိုပင် လက္ခဏာဒုရုး (၃)ပါးတင်၍ သိခြင်းဟု ဆိုကြပါသည်။

ရုပ်၊ နာမ်သိ

ဤလောကဉ် ပရမတ္ထအနေဖြင့် ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိ။ ရုပ်နာမ်တရားများသာရှိသည်။ ယင်းရုပ်နာမ်တရားမျိုးသည်လည်း ပုဂ္ဂိုလ် မဟုတ်။ သတ္တဝါမဟုတ်။ အသက်ဇီဝိတလည်းမဟုတ်။ ရုပ်နာမ်တရားများကို သိရန်

အတွက် ယင်းတို့၏ လက္ခဏာ၊ ရာ၊ ပစ္စုပဋ္ဌာန်း ပဒဋ္ဌာန်တို့ကို သိရန်လိုအပ်ပါသည်။ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်ကိုသိလျှင် နာမ်ရုပ်ကိုပိုင်းခြားသိ (နာမရူပပရိစ္ဆေဒဉာဏ်)ကို ရသည် မည်ပါသည်။ ပဒဋ္ဌာန်ကိုသိလျှင် အကြောင်းကို သိမ်းဆည်းသိ (ပစ္စယပရိဂ္ဂဟဉာဏ်)ကို ရသည်မည်ပါသည်။ ယင်းဉာဏ် (၂) ပါးကို ရသောအခါ ဒုတိယဘဝအတွက် စီတဲ့ခွဲရသော စုဥဒ္ဓသောတာပန် ဖြစ်သည်မည်ပါသည်။ စုဥဒ္ဓသောတာပန်ကို ကလျာဏပုထုဇဉ်ဟူ၍လည်း ခေါ်ဝှေ့ပါသည်။ ဤနေရာ၌ ဆိုလိုသော နာမ်ရုပ်သိဟူသည်မှာ သင်္ခါရဒဿနာပေါ်ရ အယုတ်ဆုံး သင်္ကန်းမွေညှောင့်ပြည့်စုံသော ပရိကမ္မ (ခဏိက) သမာဓိဖြင့်မှ ဝိပဿနာဘက်သို့ ကူးပြောင်းရှုမှတ်သောယောဂီပုဂ္ဂိုလ်၏ နာမ်ရုပ်ကို အကြောင်းနှင့်တကွ သိမှုပင်ဖြစ်ပါသည်။ စာပေသုံးခေါ်ဟာရဖြင့်ဆိုရလျှင် လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာနဲ့ဘို့ကို သိမှုဖြစ်ပါသည်။ ထိုအသိမျိုးကို တကယ်တမ်းအားထုတ်ပါက ဒိဋ္ဌိတ်ုဂ္ဂိုလ်လျော့ပင် ရနိုင်ကြောင်း မိုးကုတ်ဝိပဿနာကျမ်းစသော ထိုထိုဝိပဿနာကျမ်းများ၌ တွေ့ရပါသည်။

လက္ခဏ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်

ရုပ်၊ နာမ်တရားဘို့နှင့်ပတ်သက်၍ လက္ခဏာဟူသည် မှတ်သားကြောင်း အမှတ်အသားဖြစ်၏။ ရသသည် ရုပ် နာမ်ဘို့၏ ဂုဏ်ယင်္ကိစ္စဖြစ်၏။ ပစ္စုပဋ္ဌာန်သည် တရား၊ အားထုတ်သူ ယောဂီပုဂ္ဂိုလ်ဘို့၏ ဉာဏ်ဝင့်ထင်လာသော အခြင်းအရာဖြစ်၏ ပဒဋ္ဌာန်သည် ရုပ်နာမ်တို့၏ နီးကပ်သော အကြောင်းဖြစ်၏။

သဒ္ဒါ ကျမ်းများအရ ခေါ်ဆောတွင် ပခေါနအသားဖြင့် ဖြစ်တတ်သော သဒ္ဒေါနှင့် ဖြစ်ခြင်း ဘိယောဟူ၍ (၂)မျိုးရှိ၏။ ဖြစ်ပေါ်သော သဒ္ဒေါ မရှိပဲ ဖြစ်ခြင်း ဘိ သာ ဟူ၍လည်း မရှိနိုင်။ ဖြစ်ခြင်းကြိယာမရှိပဲ ဖြစ်တတ်သော သဒ္ဒေါကိုလည်း ခေါ်ဆိုနိုင်ပါ။ ဤ (၂)မျိုးသည် အချင်းချင်း မကွေ့ မကွာ ရှိကြ၏ ထို (၂)မျိုးဘို့ ဘွင် ဖြစ်တတ်သော သဒ္ဒေါ" ဟုဆို လက္ခဏာ၏ အထိမ်းအမှတ်ဖြစ်၏။ "ဖြစ်ခြင်းကြိယာ" သည် ရသ၏

အထိမ်းအမှတ်ဖြစ်၏။ လောကတွင် ဖြစ်တတ်သောလဘောရှိ၍ ဖြစ်ရာ၌ ဖြစ်တတ်သောဘောဟူသည် တခုတည်းမဟုတ်၊ အဖေပါင်းအစုသဘော ဖြစ်၏။ ရုပ်ပိုင်းဆိုင်ရာတွင် ဒေနည်းဆုံး အဋ္ဌကလာပ်ရုပ်(၈)မှုပါဝင်၏။ နာမ်ပိုင်းဆိုင်ရာတွင် အနည်းဆုံး စိတ်တခုနှင့် ဧစေတသိက် (သဗ္ဗစိတ္တ-သာဓာရဏ၊ (၇)ခု၊ စုစုပေါင်း (၈)ခုတို့ ပါဝင်၏။ ထို့အပြင် ဖြစ်ခြင်းကြိယာသည်လည်း တခုတည်း၏ ဖြစ်ခြင်းကြိယာမဟုတ်ပဲ အပေါင်းအစု၏ ဖြစ်ခြင်းကြိယာသာ ဖြစ်၏။ သို့ရာတွင် အပေါင်းဒေသအနေဖြင့် ဖြစ်ရေကာမူ ယင်းအပေါင်းအစုတွင် တခုသောသဘော သည် ပြဋ္ဌာန်း၍ အခြားသဘောများသည် အထောက်အကူများသာဖြစ်ကြ၏။

ဇာရုးဒေသထုတ်သော အခါ ဖြစ်ဖာတ်သော အပေါင်းအစု ရုပ်နာမ်တရားများအနက်မှ ပြဋ္ဌ နိုးသော တရားသဘာဝတခုသည် အာရုံဒေလိုက်ထင်ရှား စွာပေါ်လာ၏ ယင်းကို ပစ္စုပဋ္ဌာန်းဟု ခေါ်ပါသည်။ ကိစ္စဃနတွင် ဖေဝ်ပြခဲ့သည့်အတိုင်း အာရုံသခုကို အာရုံပြုရာ၌ ကိစ္စပေါင်းများစွာ ပါဝင်ပါသည်။ ရုပ်ပိုင်းဆိုင်ရာတွင် ဘူတရုပ်ကိစ္စ၊ ဥပါဒါရုပ်ကိစ္စအားလုံးကောင်း ဘူတရုပ်တွင်လည်း ပထဝီကိစ္စ၊အာပေါကိစ္စ စသည်အားဖြင့်လည်းကောင်း၊ ဥပါဒါရုပ်တွင်လည်း ဝဏ္ဏကိစ္စ၊ ဂန္ဓကိစ္စ စသည်အားဖြင့်လည်းကောင်း နာမ်ပိုင်းဆိုင်ရာတွင် စိတ်ကိစ္စ၊ စေတသိက်ကိစ္စအားဖြင့်လည်းကောင်း၊ စိတ်တွင်လည်း ဘဝင်ကိစ္စ၊ အာဝဇ္ဇန်းကိစ္စ စသည်အားဖြင့်လည်းကောင်း စေတသိက်တွင်လည်း ဖဿကိစ္စ၊ ဝေဒနာကိစ္စ စသည် အားဖြင့်လည်းကောင်း ရုပ်နာမ်တရားတို့သည် မိမိတို့၏ ဆိုင်ရာဆိုင်ရာကိစ္စများကို ဆောင်ရွက်ကြပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဟင်းချက်နည်းဥပမာအရ ကိစ္စများစွာတို့သည် အာရုံအလုံက် ကေရသ-ခေါ် တခုတည်းသောကိစ္စအဖြစ်သို့ရောက်အောင် ပေါင်းညီးကြပါသည်။ ယင်းသို့ ပေါင်းစည်း၍ ကေရသအနေဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်တွင် ထင်လာခြင်းသည် ပစ္စုပဋ္ဌာန်မည်ပါသည်။

ရုသနှင့် ပစ္စုပဋ္ဌာန်တို့၏ နာမ်ရုပ်တို့၏ သီးခြားဆိုင်ရာကိစ္စများသည် "ရသ"ဖြစ်ပါသည်။ ဟင်းချက်ရာတွင် ဟင်းမဖြစ်မီ ဟင်းလျာပစ္စည်း

အသိုးသိုးဘို့သည် မိမိတို့၏ ဆိုင်ရာဆိုင်ရာ "ရသ"များကို သိုးခြားစိ သိုးခြားစိမသောင်နေကြ ည့် သဘောမျိုး ဖြစ်ပါသည်။ နာမ်ရုပ်ဘို့သည် မိမိတို့၏ သိုးခြားဆိုင်ရာကိစ္စ များကို ဒကမုသခေါ် တခုတည်းသောကိစ္စ အဖြစ်သို့ဆောက်မသောင်ခေါင်းစည်းလုံက်ပြီး ဒကရသခေါ် တမူသော ဂုဏ်များ အနေဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဘွဲ့ ထသလသေါ်သည်။ယင်းသို့ ထင်လာ ခြင်းသည် ပစ္စုပ္ပန်ဒုက္ခဖြစ်ပါသည်။ ဟင်းချက်ရာ၌ ဟင်းဖြစ်ပြီးနောက် ဟင်းလျာပမ္မည်းဒေသီ သိုးတို့သည် မိမိတို့ဝိုင်း သိုးခြားရသမျိုးကို ပယ် ဖျန်၍ ဒကရသခေါ် ဟင်း၏ လုံးဝတည်းဒသ ရသကို ပေါင်းစည်း၍ ဖော်ဆောင်သည့် သဘော ရှိပြီးပါသည်။ ဂဠာဇာသည်လည်း ရသ နည်းတူပင် တခုတည်းအဖြစ်သို့ ရောက်မသောင် ပေါင်းစည်းသည့်သဘော ကို မဆောင်မီ သိုးခြားသဘော ဆောင်သည့်အဆင့်ဖြစ်ပါသည်။

ပဒဋ္ဌာန်ဟူသည်မှာ နာမ်ရုပ်တို့ကို ဒဋ္ဌာပဒအကြောင်း ဖြစ်ပါသည်။ နာမ်ရုပ်တို့ကို ဖြစ်သည်လည်း မဟုတ်။ ဖန်ဆင်းရှိဖြစ်သည်လည်း မဟုတ် ဘီလျာဒသာ အကြောင်းများ ကြောင့်သာ ဖြစ်ပေါ်လာရခြင်း ဖြစ်ပါသည်။ ထို ဆီလျော်သော အကြောင်း များသည်လည်း ပီးသာအကြောင်းနှင့်ဒေးယသာအကြောင်း ဟူ၍ (၂)မျိုးရှိပါသည်။ ထို( )မျိုးဟူင် နီးသာကြောင်းကို ပဒဋ္ဌာန် ဟူ၍ ခေါ်ဆိုပါသည်။

ပစ္စယပရိဂ္ဂဟဉာဏ်ကို ကြည့်ခြင်းကို ဂိမ်းဆယ်ပါးမျှဝင် နီးသော အကြောင်းကိုသာသဲ့ သိမ်းဘသဲ့ရှုပါကဘဲ့ အကြောင်းကိုလည်း သိမ်းဘည်းရှုပါဘဲ့။ ထိုဘို့သိမ်းဆည်းရာတွင် နီးသောအကြောင်းကို သိမ်းဆည်းရခြင်းထက် ဝေးသော အကြောင်းကိုသိမ်းဆည်းရခြင်းက ပို၍ လုယ်ကူပါသည်။ ထို့ကြောင့် နီးသော အကြောင်းပဒဋ္ဌာန်ကိုသိမ်းဆည်း နိုင်ပါက ဒေသအကြောင်းကို သိမ်းဆည်းနိုင်ပြီးသား ဖြစ်ပါသည်။ သို့ဖြစ်၍ ပစ္စယပရိဂ္ဂဟဉာဏ်ရသူ ပို၍ ဂင်ရှာဖွေရန် အားထိုစမ္မာနည်း ရရ ပဒဋ္ဌာန်ကို မဖော်ချေပြီးပါသည်။ သို့ရာတွင် ပဒဋ္ဌာန်ကိုသိမ့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရသည်ဟူ၍ မဆိုလိုပါ။ နီးသည်ဖြစ်စေ၊ ဝေးသည်

ဖြစ်စေ မှန်ကန်သော ကြောင်းကျိုးဆက်ကို သိလျှင်ပင် ပစ္စယပရိဂ္ဂဟ ဉာဏ်ကို ရသည်မည်ပါသည်။ ဤနေရာတွင် မှန်ကန်သော ကြောင်းကျိုး ဆက်နှင့်ပတ်သက်၍ ဘုမ်ကျဉ်းဝပ်ယနာကျမ်း၌ ဤသို့ ဖော်ပြထားသည် ကို တွေ့ရပါသည်—

လောကမှာ ကြောင်းကျိုးဆက်ဟာ (၄)မျိုးရှိပါတယ်–

(၁) အကြောင်းတခုကြောင့် အကျိုးတခုဖြစ်တယ်၊

(၂) အကြောင်းတခုကြောင့် အကျိုးအများဖြစ်တယ်၊

(၃) အကြောင်းအများကြောင့် အကျိုးတခုဖြစ်တယ်၊

(၄) အကြောင်းအများကြောင့် အကျိုးအများဖြစ်တယ်။

ဖော်ပြပါကြောင်းကျိုးဆက်(၄)မျိုးအနက် ပထမ၊ ဒုတိယ၊ တတိယကြောင်းကျိုးဆက်များသည် လောကရဲ့ သဘာဝမှန်နှင့် မညီတာကြောင့် ဗုဒ္ဓဝါဒမဟုတ်၊ စတုတ္ထ ကြောင်းကျိုးဆက်သာ လောကရဲ့ သဘာဝမှန်နှင့်ညီညွတ်ဘာကြောင့် ဗုဒ္ဓဝါဒပဋိစ္စသမုပ္ပါန် ဖြစ်ပါတယ်။

ပစ္စယပရိဂ္ဂဟဉာဏ်အတွက် ကြောင်းကျိုးဆင်ခြင်မှုနှင့် ပတ်သက်၍ သင်္ဂိုဟ်ဘာသာဋီကာ၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်—

ဆီလျော်သော အကြောင်းကို ရှာဖွေ၍ အဝိဇ္ဇာကြောင့် ကုသိုလ်ကံ၊အကုသိုလ်ကံဖြစ်၏ စသော ပဋိစ္စသမုပ္ပါဒ်နည်း၊ဟေတု ပစ္စည်းစသော ပဋ္ဌာန်းနည်းတို့အရ ဆင်ခြင်နိုင်လျှင် ကောင်းစွာ ထင်မြင်လွယ်၏။ သို့သော် အဘိဓမ္မာသဘောကို မနှိုင်လျှင် ဆင်ခြင်ဖို့ခဲယဉ်းသောကြောင့် ရုပ်ခန္ဓာအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်း၊ နာမ်ခန္ဓာအတွက် ယောနိသော မနသိကာရစသော အကြောင်းများကို ဆင်ခြင်ရ၏။

နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်အစဉ်က စ၍ အားထုတ်သောအခါ အယုတ်ဆုံး သတိသမ္ပဇညနှင့်ပြည့်စုံသော ခဏိကသမာဓိအဆင့်မှ စ၍ အားထုတ်ရပါသည်။ အာနာပါန်ကို မူလကမ္မဋ္ဌာန်းအဖြစ် သတ်မှတ်၍ အားထုတ်လျှင် ယင်းအာနာပါန်ကို စ၍ မှတ်ရပါမည်။ ထို့နောက် ဒွါရ(နှာပါးဦး ထင်လာသော ရုပ်နာမ်တို့ကို အစဉ်အတိုင်း မှတ်ရပါမည်။ အဂ္ဂယ်၍ ခန္ဓာကိုယ်တနေရာရာမှ ညောင်းမှု ထင်ရှားလာလျှင် ညောင်းမှုကို မှတ်ရပါမည်။ ထို့သို့မှတ်နေစဉ် ညောင်းမှုသည် ကွယ်ခဲပျောက်သွားမည်ဖြစ်ပါသည်။ အကယ်၍ ညောင်းမှုသည် မကွယ်ပျောက်ဘဲ လွန်ကဲ၍လာပါက ဤရိယာပုထ်းပြောင်းပဲ အတတ်နိုင်ဆုံး သည်းခံ၍မှတ်ရပါမည်။ သည်းမခံနိုင်အောင် ညောင်းလာပါက ဤရိယာပုထ်ကို ကဖြည်းဖြည်း ပြင်ရပါမည်။ ထို့သို့ပြုရ၌ ပြင်ချင်သောစိတ်၊ ပြင်သော ကိုယ်အမူအရာတို့ကိုပါ ဉာဏ်လိုက် အဆင့်လိုက် မလွတ်အောင် မှတ်ရပါမည်။ ညောင်းမှုပျောက်သွားပါက အခြားထင်ရှားသော အာရုံထူးမရှိလျှင် မူလကမ္မဋ္ဌာန်း အာနာပါနကို ပြန်၍မှတ်ရပါမည်။

ခန္ဓာကိုယ်ထဲ၌ နာဂမျှင်မှစသော မခံသာမသာ ဝေဒနာတမျိုးမျိုးပေါ်လာလျှင် ထိုမခံသာသောဝေဒနာကို စူးစိုက်၍မှတ်ရပါမည်။ထိုအခါ **မခံသာသာ**သည့် ဝေဒနာသည် ကွယ်ပျောက်မည် ဖြစ်ပါသည်။ အဂ်ပ်၍ မပျောက်ကွယ်ပဲ ယင်းဝေဒနာသည် မခံသာနိုင်လောက်အောင် လွန်ကဲလာပါက ထိုဝေဒနာကို နှလုံးမသွင်းတော့ပဲ မူလကမ္မဋ္ဌာန်းဘာနာပါနကို အထူးဂရုစိုက်၍ မှတ်ရပါမည်။

အချို့သောယောဂီပုဂ္ဂိုလ်တို့အတွက် သမာဓိအင်္ဂါန်းတက်လွယ်အောင် အချို့တို့ကောင်းချီန်တွင် အလွန်မခံသာသော ဝေဒနာတမျိုးမျိုး ပေါ်လာတတ်၏။ ရင်ဝဋ်၌ ဂလုံးကြီးဆောင့်ပတ်လာသကဲ့သို့ ညည်းဂကောင်း၊ အသားထဲသို့ ဓားချွန်ဖြင့်ထိုးသွင်းသကဲ့သို့ ညည်းဂကောင်း၊ ဗကိုယ်လုံး ပူလောင်နေသကဲ့သို့လည်းကောင်း၊ အပ်ဖျားများဖြင့် ထိုးဆွနေသကဲ့သို့ လည်းကောင်း၊ ပိုးကောင်ငယ်များ ဗရွရွတက်နေသကဲ့သို့လည်းကောင်း

ပေါ်လာတတ်၏။ ထိုအခါ မမှတ်ပဲရပ်နားလိုက်လျှင် ထိုဝေဒနာသည် ချက်ချင်းပင် ပျောက်ကွယ်သွားတတ်၏။ တဖန် မှတ်၍အရှိန်ကောင်းလာလျှင် ယင်းဝေဒနာသည် ပေါ်မြဲ ပြန်ပေါ်လာတတ်၏။

ထိုဝေဒနာမျိုးသည် ကြောက်စရာကောင်းသော ဝေဒနာမျိုးလည်း မဟုတ်။ ရောဂါဒဏမျိုးအား ဝေဒနာမျိုးလည်းမဟုတ်။ ကြီးကြပ်သော ဝေဒနာမျိုးလည်းမဟုတ်။ ခန္ဓာကိုယ်ထဲ၌ ဒုက္ခကပင်ဖြစ်ပေါ်ကြွက်ရှိနေသော သာမညဖြစ်ရိုးဖြစ်စဉ် ဝေဒနာမျိုးသာဖြစ်၏။ သို့ဆုတ်ငင် တရားမမှတ်သာသို့ အတွက် သမာဓိအရှိန်မကောင်းမူကြောင့် မသိနိုင်ပဲ မြုပ်ကွယ်နေခြင်းသာဖြစ်၏။ ယခုတရားမှတ်ခဲသောအခါ သမာဓိအရှိန်တက်၍ ယခင်မြုပ်ကွယ်နေသော ဝေဒနာသည် တရားသဘောအတိုင်း ထင်ရှားပေါ်လာခြင်းဖြစ်ပါသည်။ သမာဓိသည် အလွန်အားကောင်းလာပါက အလွန်ဝေးသောအာရုံ၊ အလွန်မှုန်မှဲ့သောအာရုံမျိုးကို ယူနိုင်စွမ်းရှိပါသည်။ ထို့ကြောင့် ထိုဝေဒနာမျိုးနှင့်ကြုံတွေ့ရပါက စူးစိုက်၍လွန်မြောက်အောင် မှတ်ရမည်ဖြစ်ပါသည်။

မမှတ်ပဲ ရပ်နားနေလျှင်ကား နောင်အခါ၌လည်း မှတ်တိုင်းမှတ်တိုင်း ထိုမျှလောက်ကောင်းသော သမာဓိအဆင့်သို့ရောက်လျှင် ထိုဝေဒနာမျိုးနှင့် ပြန်လည်တွေ့ရမည်သာဖြစ်၏။ မလျှော့သောင့်လုံ့လဖြင့် အတင်းမှတ်နေလျှင်ကား ထိုဝေဒနာသည် မကြာမီကာလအတွင်း၌ ယူပစ်လိုက်သကဲ့သို့ ပျောက်ကွယ်သွားမည်ဖြစ်၏။ ထိုအခါမှ စ၍ ထိုဝေဒနာမျိုးသည် တဖန် မဖြစ်ပေါ်တော့ပဲ ငြိမ်းသွားမည်ဖြစ်၏။

မှတဲ့နည်းမျှားကို အကျဉ်းချုပ်၍ဖော်ပြရလျှင် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ စိတ်ကူးတိုင်း၊ ကြံစည်တိုင်း၊ ဒဉ်းစားတိုင်း၊ဆင်ခြင်တိုင်း စိတ်အမူအရာကို မှတ်ရမည်။ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ပြုပြင်လုပ်ရှားတိုင်း ကိုယ်အမူအရာကို မှတ်ရမည်။ ကိုယ်ထဲ၊ စိတ်ထဲ၌ ကောင်းသည် ခံသာသည်ဖြစ်စေ၊ မကောင်းဘူးသည် မခံသာဘူးသည်ဖြစ်စေ ဝေဒနာ

ဟူသမျှကို ဖြစ်ပေါ်လာတိုင်း မှတ်ရမည်။ ကောင်းသည်ဖြစ်စေ၊ဆိုးသည်ဖြစ်စေ ဒုါရ(၆)ပါး၌ ထင်ပေါ်လာသော အာရုံဟူသမျှကို မှတ်ရမည်။ ဤသို့ မှတ်နှယ်အထူးမရှိသောအခါ မူလကမ္မဋ္ဌာန်းအာရုံဖြစ်သည့် အာနာပါန ထွက်လေဝင်လေကို မှတ်ရမည်။ ဤနည်းအားဖြင့် အိပ်ပျော်ခိုက်မှ တပါး နေ့ရောညဉ့်ပါ မပြတ်မစဲ့ တမှတ်တည်း မှတ်နေလျှင် တိဟိတ်ပုဂ္ဂိုလ်ဖြစ်ပါက နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် အဆင့်ကို ကျော်လွန်၍ ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာကို သိမြင်သော ဝိပဿနာဉာဏ်များသို့ အစဉ်အတိုင်း ရောက်လာမည်ဖြစ်ပါသည်၊ ထိုသို့ ရောက်လာခြင်းကို ကိုယ်တိုင် ကိုယ်ကျ ပိမြင်လာမည်ဖြစ်ပါသည်။ ဤသို့ ဝိပဿနာရှုနည်းကျမ်း၌ ဖေါ်ပြစားသည်ကို တွေ့ရပါသည်။

ဒုါရ(၆)ပါး၌ ဝင်လာသော အာရုံများကို သတိပဋ္ဌာန်ဒေသနာတော်အရ ဖေါ်ပြရလျှင် ကာယ၊ ဝေဒနာ၊ စိတ္တ မမ္မဟူ၍ (၄)မျိုးရှိပါသည်။ ယင်း(၄)မျိုးတို့ဘွင် ကာယသည် ထွက်ဝင်လေလုံးလ ကာယ၊ ဥ -ဝေဒနာ ဌာသ ကာယ၊ ဘူတရုပ်, ဥပါဒါရုပ်ကာယဟူ၍ (၃)မျိုးခွဲခြားပြီး၊ ဝေဒနာသည်လည်း ဒုက္ခ၊သုခ၊ ဥဒေပက္ခာဟူ၍ (၃)မျိုးခွဲခြား၊ စိတ္တသည်လည်း ရာဂစိတ်၊ ဒေါသစိတ်၊ မောဟစိတ်စသော စိတ်ကိုဖြစ်စေ ခြင်း၊ မမ္မသည်လည်း နိဝရဏ၊ ခန္ဓာ၊ အာယတန၊ ဓာတ် ၇ ပါး သဗ္ဗဟူ၍ (၅)မျိုးလား ခွဲခြား၊ ထိုဘွဲ့လည်း ဝင်ရောက်ဆက်သွယ်မှုကို သတိမူ၍ ဖြစ်စေခြင်း ဟူသည်ချဲ့ ခန္ဓာပဝတ်ဒီဃနာကျမ်း၌ ဖေါ်ပြစားပါသည်။

ထိုသို့ ရှုမှတ်ရာတွင် ဖြစ် (သမုဒယ) နှင့် ပျက် (ဝယ) တို့ကိုပါ အကြောင်းနှင့်တကွ ရှုမှတ်ရပါမည်။ ထိုသို့ရှုမှတ်ရာတွင်လည်း အဇ္ဈတ္တ၊ ဗဟိဒ္ဓနှင့် အဋ္ဌတ္တ ဒဟိဒ္ဓဘို့ကို အစဉ်အတိုင်း ရှုမှတ်ရပါမည်။ ဤသို့ရှုမှတ်ခြင်းအားဖြင့် ပစ္စုပ္ပန်ကျကျ သိမြင်ခြင်း (ပစ္စက္ခဉာဏ်)ကို ရပါမည်။ ထို့နောက် ခြုံငုံသိ(အန္ဒယဉာဏ်)ကို ရပါမည်။ ထို့နောက် ကိုယ်တိုင်သိ (သစ္ဆိကရဏဉာဏ်)ကို ရပါမည်။ ဤနေရာ၌ ပစ္စုပ္ပန်ကျကျ သိခြင်း ဆိုသည်မှာ အနုပဿနာ ဉာဏ်ကို ဆိုလိုသည်။ ခြုံငုံသိ (ပဋိသန္ဓေဝိဒ်ဉာဏ်)၊ သန္တတိ ပစ္စုပ္ပန်သိ

(သမ္မသနဉာဏ်)၊ ခန္ဓာပဉ္စပ္ပဒါန်သိ(ဥဒယဗ္ဗယဉာဏ်)ဟိုဖြစ်သည်ဟု ဝေဠု-
ဒေတိဝိပဿနာဂဏ္ဌမ်းက ဆိုပါသည်။

နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ်ကိုရသောအခါ လောက
ဖြစ်စဉ်ကြောင့် ဒီဋ္ဌိ၊ ဝိစိကိစ္ဆာသည် ဘဒင်္ဂပဟာန်အားဖြင့်ဖြစ်စေ၊ ဝိကွမ္ဘန-
ပဟာန်အားဖြင့်ဖြစ်စေ ကွာပါသည်။ ထိုအခါ လောကဌ် ပုဂ္ဂိုလ်၊သတ္တဝါ၊
ငါ၊သူတပါး၊ ယောကျ်ား၊ မိန်းမဟူ၍ ပရမတ္ထအနေအားဖြင့် မရှိစေကာမူ
ခန္ဓာအစဉ်အားဖြင့်မူ ဟစ်တည်း တဆက်တည်းဖြစ်နေသည့် "ကေတ္တ"
သဘောကို နားလည်ပေါ်ပါသည်။ ထိုသဘောကို နားလည်ခြင်းအားဖြင့်
သံသရာ၏ အဒ္ဓါပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန်၊ ခဏပစ္စုပ္ပန်တို့ဖြင့် တစပ်တည်း
ဆက်စပ်နေသည့်သဘောကို သိမြင်လာပါသည်။ "ဤဘဝ၊ ဤသတ္တဝါ၊
ဤခန္ဓာအစဉ်သည် ဤဘဝဆုံးလျှင်ပြတ်၏။ နောက်ဘဝ၊နောက်သတ္တဝါ၊
နောက်ခန္ဓာအစဉ်သည် အသစ်ဖြစ်ပြန်၏။ ဘဝ-ဟူသည် ပုခက်နှင့်
လုပ်တိုင်းအကြားသာဖြစ်၏" ဟူသော ဥစ္ဆေဒဒိဋ္ဌိအယူမှားသည် အလို
အလျောက် ကင်းပျောက်ပါသည်။

ခန္ဓာအစဉ်အားဖြင့် တစပ်တည်းတဆက်တည်းဖြစ်မေကာမူ တခုတည်း
အနေဖြင့် မပြောင်းလဲ ထပ်ကာထပ်ကာဖြစ်နေသည်မဟုတ်၊ ကြောင်း
ကျိုးသဘော အရ သဘောလက္ခဏာချင်း ကွဲပြားကြ၏။ ရှေးခဏဌိတ်ဖြစ်
သော ရုပ်နာမ်ခန္ဓာနှင့် နောက်ခဏဌိတ်ဖြစ်သော ရုပ်နာမ်ခန္ဓာတို့သည်
တခုတည်းမဟုတ်ပေါ်။ ဤသို့ တခုတည်းမဟုတ်သော "နာနတ္တ" သဘော
ကို နားလည်လာပါသည်။ ထိုသဘောကိုနားလည်ခြင်းအားဖြင့် "ဤဘဝ၊
ဤသတ္တဝါ၊ ဤခန္ဓာသည် ဘဝအနေဖြင့် မြေအရေလဲသကဲ့သို့ တဘဝပြီး
တဘဝ ပြောင်းလဲနေသော်လည်း အနုစ်သာရအနေဖြင့် မပြောင်းမလဲ
အမြဲတည်နေသည်" ဟူသော သဿတဒိဋ္ဌိအယူမှားသည် အလိုအလျောက်
ကင်းပျောက်ပါသည်။

ရုပ်နာမ်ခန္ဓာအစဉ်တို့သည် အကြောင်းအကျိုးဆက်သွယ်မှု သဘော
အရ ဖြစ်ပေါ်ရာတွင် အကြောင်းတရား၌လည်း "အလိုအတိုင်းဖြစ်စေ

မည်”ဟူသော ကြောင့်ကြမျှပါရမဲ့။ အကျိုးတရားဌာနလည်း “အလို အတိုင်း တည်ပြုမည်”ဟူသော ကြောင့်ကြမျှပါရမဲ့။ အမှန်အားဖြင့် အကြောင်းနှင့်ဒုက္ခိုးတို့သည် မိမိသဘောကို မိမိတို့ဖန်ဆင်းကာ မိမိတို့ ဘာသာ မိမိတို့ဖြစ်နေကြခြင်းသာဖြစ်၏။ ဤကဲ့သို့ ကြောင့်ကြမဲ့စိုးပိုင်မှု မဲ့သဘောဖြင့် မိမိသဘော မိမိဆောင်ကာ မိမိဘာသာ မိမိဖြစ်ခြင်းကို “အဗျာပါရ”ဟု ခေါ်ပါသည်။ ရုပ်နာမ်ခန္ဓာတို့သည် အဗျာပါရသဘော ဖြင့် ဖြစ်ပျက်ခြင်းကိုနားလည်ပါက ဖန်ဆင်းရှင်အယူမှား“ဣသရနိမ္မာန-ဒိဋ္ဌိ”သည် အလိုအလျောက်ကင်းပျောက်ပါသည်။

ဤသို့လျှင် ရုပ်နာမ်ခန္ဓာတို့သာ မိမိဘာဝောမ်မိုးဆောင်ကာ ဖြစ်နေ ကြသော်လည်း စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ ဖြစ်ချင်တိုင်းဖြစ်နေကြသည် မဟုတ်။ သူ့စည်း သူ့ကမ်း သူ့နိယာမနှင့်သူ ဖြစ်နေကြခြင်းသာ ဖြစ်၏။ နို့ ရည်မှသာ နို့ ဓမ်းဖြစ်ရ၏။ နှမ်းမှသာ ဆီဖြစ်ရ၏။ ဤသို့ စသည်ဖြင့် သူ့နိယာမနှင့်သူဖြစ်ရခြင်းကို “ဓမ္မတာ”ဟု ခေါ်ပါသည်။ လောကသည် ကြောင်းကျိုးဆက်နွယ်မှုအရ ဖြစ်ရာ၌ သူ့နိယာမနှင့်သာ ဖြစ်ရသည့် “ဓမ္မ-တာ”သဘောကို နားလည်ပါက“အဟေတုကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ၊နတ္ထိကဒိဋ္ဌိ” ဟူသော အယူမှားများသည် အလိုအလျောက်ကင်းပျောက်ကြပါသည်။ ဤသည်များမှာ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် တို့၏ အကျိုးဆက်များဖြစ်ပါသည်။

ဗုဒ္ဓခေတ်မတိုင်မီကာလ-က စိတ္တဝိသုဒ္ဓိ(စိတ်နှလုံးစင်ကြယ်မှု)သဘော ကို သိကြပါသည်။ ရလာ်း ရခဲ့ကြပါသည်။ ဤနေရာ၌ စိတ်နှလုံး စင် ကြယ်မှုဆိုသည်မှာ သမာဓိနှင့် ပြည့်စုံခြင်းပင် ဖြစ်ပါသည်။ သမာဓိနှင့် ပြည့်စုံပါက စျာန်အဘိညာဉ်များကို ရနိုင်ပါသည်။ သို့ရာတွင် ထိုသို့ ရသော စျာန်အဘိညာဉ်များသည် လောကီစျာန် အဘိညာဉ်များသာ ဖြစ်ပါသည်၊ လောကီစျာန် အဘိညာဉ်များသည် သံသရာမှ မထွက် မြောက်စေနိုင်ပဲ အလွန်ဆုံး ဗြဟ္မာ့ပြည်သို့ ရောက်စေခြင်းဖြင့် သံသရာ၌ ကျင်လည်စေသည်သာဖြစ်ပါသည်။ သံကြိုးဖြင့် ခွေညှောင်ရာမှ ငွေကြိုး

ဖြင့်ပြောင်းလဲခံယူနှောင်သည့်သဘောမျိုး ဖြစ်ပါသည်။ ခံယူနှောင်သည့် သဘောချင်းကား အတူတူပင်။

ထို့ကြောင့် ဗုဒ္ဓဝေါဒီသို့ရောက်ခဲ့သော ဒိဋ္ဌိဝသုဒ္ဓိ(အမြင်စင်ကြယ်မှု)ကို ထူထောင်ခဲ့ပါသည်။ ဒိဋ္ဌိဝသုဒ္ဓိ(အမြင်စင်ကြယ်မှု)ကို ထူထောင်နိုင်မှ ကျိလောကတွင် ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်သတ္တဝါမရှိပဲ ရုပ်နှင့်နာမ်သာ ရှိသည်ဟူသော သဘောကို နားလည်လာပါမည်။ ဤသည်မှာ ဗုဒ္ဓဝေါဒီနှင့် ဗုဒ္ဓမတိုင်မီဝေါဒီတို့၏ ခြားနားမှုဖြစ်ပါသည်။ ဤခြားနားမှုမှတဆင့်တက်၍ စင်ကြယ်မှုအဆင့်ဆင့်ကို ထူထောင်ခဲ့ပါသည်။ နောက်ဆုံး၌ ဉာဏဒဿနဝိသုဒ္ဓိ (ဉာဏ်အမြင် စင်ကြယ်မှု) အဆင့်ကို ရောက်ခဲ့ပါသည်။ ဤနေရာ၌ ဉာဏဒဿနဝိသုဒ္ဓိ(ဉာဏ်အမြင်စင်ကြယ်မှု)ဟူသည်မှာ ဓင်္ဂဏ်ပင် ဖြစ်ပါသည်။ မင်ဉာဏ်ဖြင့်လေ့သောအခါ နိဗ္ဗာန်ကို တိုးဝဲရိုက်မျက်မှောက်ပြုပါသည်။ နိဗ္ဗာန်ကို တိုက်ရိုက် မျက်မှောက်ပြုနိုင်မှုအတွက် ရုပ်နာမ်တရားတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောကို ပစ္စုပ္ပန်ကျကျ မြင်သိအောင် ရှုရပါသည်။ ဤသို့ခြင်းကို ဝိပဿနာအားထုတ်သည်ဟု ဆိုကြပါသည်။ ဝိပဿနာအားမထုတ်မီ ရှေးဦးလုပ်ငန်းအနေဖြင့် နာမ်ရုပ်သိ "နာမ်ရုပပရိစ္ဆေဒဉာဏ်" နှင့် ယင်းတို့၏ ကြောင်းကျိုးဆက်သိ "ပစ္စယပရိဂ္ဂဟဉာဏ်"တို့ ဖြစ်ပေါ်လာအောင် အားထုတ်ရပါသည်။ ဤသည်မှာ ဓဒ္ဓဏေတ်၏ ထူးခြားသော လမ်းစဉ်၊ ဗုဒ္ဓဝေတ်၌သာ ရကောင်းသောလမ်းစဉ်ဖြစ်ပါသည်။ ဤလမ်းစဉ်ဖြင့် ချီတက်သောအခါ သံသရာမှ ထွက်မြောက်ရာ "နိဗ္ဗာန်"ကို မုချဆတ်ဆတ် တိုက်ရိုက်မျက်မှောက်ပြုရမည်ဖြစ်ပါသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်းသည် စစ်မှန်သော အတုမဲ့ချမ်းသာသုခကို ရရှိခြင်းဖြစ်ပါသည်။

နိဗ္ဗာန်

နိဗ္ဗာန်နှင့်ပတ်သက်၍ ဝိပဿနာရှုနည်းကျမ်းနိဗ္ဗာနကထာ၌ မဟာစည်ဆရာတော်ကြီး ဖွင့်ဆိုထားသော ဒုနက အဓိပ္ပါယ်ဟူကို အကျဉ်းချုံး၍ ဤနေရာ၌ပြဆိုမည်ဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဖွင့်ဆိုချက်အရ နိဗ္ဗာန်ဟူသည် ရုပ်နာမ်သန္တာန်ရှိ ဝဋ်ဆင်းရဲဟူသမျှ၏ ငြိမ်းရာ ငြိမ်းကြောင်း

ငြိမ်းခြင်းသဘောမျှသာ ဖြစ်ပါသည်။ ယင်းသဘောသည် အဓိကကျောဝစန "ကြံစည်စဉ်းစား၍ သိနိုင်သောသဘော မဟုတ်"။ ဂမ္ဘီရ "နက်နဲ၏"။ ဒုဒ္ဒသ "ပကတိဉာဏ်ဖြင့်သိနိုင်သော သဘော မဟုတ်"။ အမှန်အားဖြင့် ဝိပဿနာအကျင့်မှန်ကို ကျင့်ရှု မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် ပြည့်စုံသော ပညာရှိတို့သည်သာ မျက်မှောက်သိမြင်အပ်သော အသခ်ိတပရမတ်တရား ဖြစ်ပါသည်။

နိဗ္ဗာန်နှင့်ပတ်သက်၍ မိလိန္ဒပဉှာ (၃၀၃)၌—

မင်းကြီး–နိဗ္ဗာန်သည် တူသောဥပမာမရှိ။ နိဗ္ဗာန်၏ အဆင်း ကိုလည်းဖကောင်း၊ ပုံပန်းသဏ္ဌာန်ကိုလည်းကောင်း၊ အဖယ်အစား ကိုလည်းကောင်း၊ အတိုင်းအမျှသဖွယ်မာဏကို လည်းကောင်း ဥပမာဖြင့်လည်းကောင်း၊ဥပတ္ထမ္ဘက(အဓိဌာန်အခြေ)အားကြောင်း ဖြင့်လည်းကောင်း၊ ဇနက (ဖြစ်စေသော) အကြောင်းဖြင့် လည်း ကောင်း၊ သိကြောင်းမည်းဖြင့်လည်းကောင်း ဖော်ပြခြင်းငှာ မတတ်ကောင်း။

ထို့အပြင် ဥဒါန်းပါဠိတော် (၁၇၄-၂၂၀)၌—

ရဟန်းတို့–နိဗ္ဗာန်သည် အသင် အသစ်ဖြစ်လာသော တရား မဟုတ်။ ထင်ရှားဖြစ်ပေါ်လာသော တရားမဟုတ်။ ဟစုံတခုသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော တရားမဟုတ်။ မျှားစွာသော အကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသော တရားမဟုတ်။ သို့ရာတွင် ထိုနိဗ္ဗာန်သည် ပရမတ္ထအားဖြင့် ရှိသည်သာတည်း။ အကယ်၍ နိဗ္ဗာန်သည် ပရမတ္ထအားဖြင့် မရှိပဲ အဘာဝပညတ် သက်သက်သာဖြစ်ပါလျှင် လောက၌ အသစ်အသစ်ဖြစ်လာသော၊ ထင်ရှားဖြစ်ပေါ်လာသော၊ တစုံတခုသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော၊ မျှားစွာသောအကြောင်းတို့ကြောင့် ဖြစ်ပေါ်လာသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အပြီးသတ် ချုပ်ငြိမ်းခြင်းသည် မဖြစ်ကောင်းတော့ပေ၊ လောကမှ လွတ်ကင်းခြင်း မည်သည့် မရှိကောင်းတော့ပေ၊

နိဗ္ဗာန်သည် မဂ်ဖိုလ်တို့၏ အာရုံအကြောင်းအနေဖြင့် ထင်ရှားရှိ၏။ ထို့နိဗ္ဗာန်၌ ကာမဘဝဆိုင်ရာ ရုပ်နာမ်တရားများ မရှိ၊ ရူပဘဝဆိုင်ရာ ရုပ်နာမ်တရားများမရှိ၊ အရူပဘဝဆိုင်ရာ နာမ်တရားများ မရှိ။ လောကသံသရာဆိုင်ရာ သိသူ၊ သိစရာအာရုံ၊ သိခြင်း ဟူ၍ အင်္ဂါသုံးရပ်တို့ ပေါင်းစုံခြင်းသဘောမရှိ။

ရဟန်းတို့–နိဗ္ဗာန်သို့ လာရောက်ခြင်း၊ နိဗ္ဗာန်မှ ပြောင်းရွှေ့သွားခြင်း၊ နိဗ္ဗာန်၌ တည်နေခြင်း၊ နိဗ္ဗာန်၌ စုတေခြင်း၊ နိဗ္ဗာန်၌ ပဋိသန္ဓေနေခြင်းဟူ၍ မရှိ။ အမှန်အားဖြင့် နိဗ္ဗာန်သည် ဒေသလွန် (အပတိဋ္ဌ)၊ ကာလလွန် (အပဝဋ္ဂ) တရားသာဖြစ်၏။ သို့မှန့်ပင် ပတ်သက်၍ သိသူ၊ သိစရာအာရုံ၊ သိခြင်းဟူ၍ အင်္ဂါသုံးရပ်တို့ ပေါင်းဆုံမှုမရှိခြင်းကြောင့် သိမှုလွန် (အနာဝရမ္မဏ) တရားသာဖြစ်၏။

ပဋိသမ္ဘိဒါမဂ်ပါဠိတော် (၅၈)၌—

သင်္ခါရတရားသည် အသစ်အသစ် ဖြစ်ပေါ်တတ်၏။ နိဗ္ဗာန်သည် ထိုကဲ့သို့ မဖြစ်ပေါ်တတ်။ သင်္ခါရတရား သည် အလျဉ်မပြတ် ဖြစ်ဘတ်၏။ နိဗ္ဗာန်သည် ထိုကဲ့သို့ မဖြစ်တတ်။ သင်္ခါရတရားသည် ပုံသဏ္ဌာန် အထည်ကိုယ်ရှိသ လို ထင်ရ၏။ နိဗ္ဗာန်သည် ထိုကဲ့သို့ မထင်ရ။ သင်္ခါရတရားသည် ချမ်းသာရန် ရည်သန်၍ အားထုတ်တတ်၏။ နိဗ္ဗာန်သည် ထိုကဲ့သို့ အားမထုတ်တတ်။ သင်္ခါရတရားသည် ရွှေ့နောက်ဆက်စပ်၍ ဖြတ်တာက်၏။ နိဗ္ဗာန်သည် ထိုကဲ့သို့ မဖြတ်တတ်။

ဥဒါန်းပါဠိတော် (၈၆) ၌—

ဗာဟိယ–သင်သည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟူသော ဒွါရတို့၌ မရှိ၊ ယင်းတို့ဆိုင်ရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့၊ သဘောဟူသော အာရုံတို့၌ မရှိ၊ စိတ်

စေတသိက်ဟူသော အာရမ္မဏိကတို့၌ မရှိ။ ထိုသို့ ဒဠှရ၊ အာရုံ၊ အာရမ္မဏိကတို့၌ သင်မရှိခြင်းသည်ပင် ဒုက္ခ၏အဆုံး "နိဗ္ဗာန်" ပေတည်း။

သဋ္ဌာယတန သံယုတ်ပါဠိတော် (၃၁၇) ၌—

ရဟန်းတို့– နိဗ္ဗာန်၌ မျက်စိနှင့်မြင်မှုဆိုင်ရာ မှတ်သားမှုသည် ချုပ်၏။ နားနှင့် ကြားမှုဆိုင်ရာ မှတ်သားမှုသည် ချုပ်၏။ နှာခေါင်းနှင့် နံမှုဆိုင်ရာ မှတ်သားမှုသည် ချုပ်၏။ လျှာနှင့် စားမှုဆိုင်ရာ မှတ်သားမှုသည် ချုပ်၏။ ကိုယ်နှင့် ထိမှတ်မှုဆိုင်ရာ မှတ်သားမှုသည် ချုပ်၏။ စိတ်နှင့် သိမှုဆိုင်ရာ မှတ်သားမှုသည် ချုပ်၏။

ဥဒါနအဋ္ဌကထာ (၃၅၃) ၌—

သင်္ခါရနှင့် နိဗ္ဗာန်တို့သည် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်ကြ၏။ ထို့ကြောင့် သင်္ခါရတရားတို့၌ နိဗ္ဗာန်သည် မရှိသကဲ့သို့ ထို့အတူ နိဗ္ဗာန်၌လည်း သင်္ခါရတရားတို့သည် မရှိကြကုန်။ အမှန်အားဖြင့် သင်္ခါရတရားနှင့် နိဗ္ဗာန်တို့၏ ပေါင်းဆုံမိခြင်းသည် မဖြစ်ကောင်းပေ။

နိဗ္ဗာန်သည် အမှန်ရှိပါသည်။ သို့ရာတွင် နိဗ္ဗာန်၏သဘောကို မိလိန္ဒပဉ္ဟာ၌ ရှင်နာဂသိန် မိန့်ခဲ့သည့်အတိုင်း ပေါလှုင်အောင် ပြောရန်ခက်ပါသည်။ လန်ဒန်မြို့ကို မရောက်ဖူးပဲ လန်ဒန်မြို့၏သဘောကို ပေါလှုင်အောင် ပြောရန် ခက်သကဲ့သို့ပင် ဖြစ်ပါသည်။ နိဗ္ဗာန်ရှိ၍သာ နိဗ္ဗာန်ကို အာရုံပြု၍ မဂ်စိတ်၊ ဖိုလ်စိတ်တို့ ဖြစ်ပေါ်လာပြီး လောကသံသရာမှ လွတ်မြောက်သွားခြင်း ဖြစ်ပါသည်။ နိဗ္ဗာန်မရှိလျှင် မဂ်စိတ် ဖိုလ်စိတ်လည်း မဖြစ်ပေါ်လည်း ဖြစ်ပေါ်လာကြမည်မဟုတ်။ မဂ်စိတ် ဖိုလ်စိတ်တို့ မဖြစ်ပေါ်လျှင်လည်း ကိလေသာကို ပယ်သတ်နိုင်မည်မဟုတ်။ ကိလေသာကို မပယ်သတ်နိုင်လျှင်လည်း လောကသံသရာမှ လွတ်မြောက်နိုင်မည်မဟုတ်ပါချေ။

လောကသိန့် ပတ်သက်၍ဆိုရလျှင် သိယူလည်း ရှိရပါမည်၊ သိစရာ အာရုံလည်း ရှိရပါမည်။ သိစိတ်လည်း ရှိရပါမည်။ ဤအင်္ဂါ (၃) မျိုး ပေါင်းဆုံခြင်းကိုပင် "သိသည်" ဟု ဆိုကြပါသည်။ ဤသုံးမျိုးသည် ဒေသန္တင့်ကာလ ဧဘာင်အတွင်း၌သာ ဖြစ်ရပါသည်။ ဒေသန္တင့်ကာလ ဘောင်အတွင်း၌ ဖြစ်ပေါ်သမျှ သက်ရှိ သက်မဲ့ ဇရားဓမ္မများသည် "ဃန" လေးခု စက်ဝန်းမှ လွှတ်ကင်းရန် မဖြစ်ကောင်းပါချေ။ "ဃန" လေးခု စက်ဝန်းအတွင်း၌ ကျရောက်သော ဇရားဓမ္မများကိုသာ နှုတ်ဖြင့် ပေါ်လွင်အောင် ပြောဆို၍ရပါသည်။ ယင်းသို့ ပြောဆိုသဖြင့် သိရသောအသိကို စာပေဝေါဟာရဖြင့် "ပရိယတ္တိအသိ" ဟု ဆိုကြပါသည်။ "ဃန" လေးခုစက်ဝန်းကို ကျော်လွှန်၍ "ဃန" လေးခုစက်ဝန်းအပြင်၌ ကျရောက်သောဇရားဓမ္မများကိုမူ နှုတ်ဖြင့် ပေါ်လွင်အောင် ပြောဆို၍ မရပဲ မှန်းဆန်သောကျင့်စဉ်ဖြင့် သိစေရပါသည်။ နားလည်စေရပါသည်။ သဘောပေါက်စေရပါသည်။ ယင်းသို့ ကျင့်စဉ်ဖြင့် သိရသော အသိကို စာပေဝေါဟာရဖြင့် "ပဋိပတ္တိအသိ" ဟု ဆိုကြပါသည်။

သမ္မုတိသစ္စာအရ ဤလောကဌ် သိတတ်သူပုဂ္ဂိုလ်၊ သိစရာအာရုံနှင့် သိစိတ်တို့သည် အမှန်ပင်ရှိကြပါသည်။ ယင်းသို့ သုံးမျိုးပေါင်းဆုံလိုက်ပါက သိမှုသဘောသည်လည်း အမှန်ပင် ဖြစ်ပေါ်လာပါသည်။ သို့ရာတွင် ယင်းတို့ သုံးမျိုးသည် ကာမဘဝဆိုင်ရာ၊ ရူပဘဝဆိုင်ရာနှင့် အရူပဘဝ ဆိုင်ရာ သုံးမျိုးတို့ဝင် တမျိုးမျိုး၌ ပါဝင်ကြသကဲ့သာ ဖြစ်ပါသည်။ နိဗ္ဗာန်ကား ထိုဘဝသုံးမျိုးဆိုင်ရာတို့မှ အလွတ်ဖြစ်သဖြင့် မိမိတို့ဘဝ သုံးမျိုးဆိုင်ရာ နယ်နိမိတ်မှနေ၍ မိမိတို့နယ်နိမိတ်အလွန်၌ရှိသော နိဗ္ဗာန်ကို မည်သို့လျှင် သိနိုင်ပါမည်နည်း။ အကယ်၍ သိနိုင်သည်ဆိုလျှင်လည်း ထိုအသိသည် မည်သို့သော အသိမျိုးဖြစ်ပါမည်နည်း။

ဒဿနဆရာတို့၏ သတ်မှတ်ချက်အရ မှန်ကန်သော လောကသိ မှန်သမျှသည် ပဓာနဒ္ဓားဖြင့် ကာယကံရှင်တို့၏ ကိုယ်တွေ့ဖြင့် သက်သေ ပြနိုင်သည့်သဘော(ပစ္စက္ခသိဒ္ဓ)၊ ကြောင်းကျိုးဆက်နွယ်မှုဖြင့် သက်သေ

ပြန်ိုင်သည့် သဘော (အနုမာနသိဒ္ဓ)၊ ပညာရှင်တို့၏ အဆိုအမိန့်ဖြင့် သက်သေပြန်ိုင်သည့်သဘော(သဒ္ဒေယျသိဒ္ဓ)ဟူ၍ သဘောသုံးမျိုးတို့တွင် တမျိုးမျိုးနှင့် ပါဝင်ရမည်ဖြစ်ပါသည်။ ထိုသဘောသုံးမျိုးတို့တွင် ပစ္စက္ခ-သိဒ္ဓသည် အခြေခံအကျဆုံးဖြစ်ပါသည်။ သိမှုဆိုင်ရာသဘောတရားအရ လောကသိဟူသမျှသည် သိတတ်သူ၊ သိစရာအာရုံ၊ သိစိတ်ဟူသော အင်္ဂါသုံးရပ်တို့တွင် "သိတတ်သူ" ဟူသော အင်္ဂါရပ်၌ ပဓာနအားဖြင့် မှီပါသည်။ သိတတ်သူဟူသော အင်္ဂါရပ်ထင်ရှားသလောက် သိမှုသည် လည်း ထင်ရှားပါသည်။ ဤနေရာ၌ "သိတတ်သူ" ဆိုသည်မှာ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမဟူသော ပုဂ္ဂိုလ်သတ္တဝါတို့၏ ကာယကံရှင် သဘောဖြစ်ပါသည်။ နှစ်ခြိုက်စွာ အိပ်မောကျချိန်ကလည်း "သိမှု" သဘောမထင်ရှားသည်မှာ "သိစရာအာရုံနှင့် သိစိတ်"တို့ ထင်ရှားသော်လည်း သိတတ်သူဟူသော ကာယကံရှင်သဘောမထင်ရှားသောကြောင့် ဖြစ်ပါသည်။ အိပ်မောကျချိန်၌ သံစဆုအာရုံဆိုသည်မှာ ပုဒ္ဓအဘိဓမ္မာဝေါဟာရဖြင့် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်တို့ဖြစ်ပါသည်။ သိစိတ်ဟူသည်မှာ ဒွဝင်စိတ်ဖြစ်ပါသည်။

လောကဝေါဟာရဖြင့် သိတတ်သူ- ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမဟူသော ကာယကံရှင်သဘောကို အဘိဓမ္မာဝေါဟာရဖြင့် ဒုနုသယဟုခေါ်ပါသည်။ သိမှုနှင့်ပတ်သက်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိသည် အနုသယတို့ ဖြစ်ပြဋ္ဌာန်းဆုံးဖြတ်ပါသည်။ ယင်းသုံးမျိုးကို သံသရာခဲ့ (ပပဉ္စ) တရားများဟုခေါ်ဆိုသည်။ ဤဘဝမာန၊ ဒိဋ္ဌိသည် မှာ ငါဉစ္စာငါ၊ ဒုတိယဟူသော ကာယကံရှင်သဘောဖြစ်ပါသည်။ ယင်းသဘောများရှိနေသဖြင့်သာ လောကနှင့် လောကသိများ ရှိနေခြင်းဖြစ်ပါသည်၊ ယင်းတို့မရှိလျှင် လောကသိများဆိတ်သုဉ်းပြီး လောကုတ္တရာသိများသာ ရှိကျန်မည်ဖြစ်ပါသည်။ ထို့အပါ နိဗ္ဗာန်နှင့် နိဗ္ဗာန်သိသည် ထင်ရှားလာမည်ဖြစ်ပါသည်။

လောကသိနှင့်သမျှတွင် "သိသူ" ဟူသော ကာယကံရှင်သဘောအမြဲ ပါဝင်နေသဖြင့် ယင်းသိမှု "ပြောသူ"က ပြောပြန်ိုင်ပြီးနောက်ပြော

သူက နားလည်နိုင်ခြင်းဖြစ်ပါသည်။ နီဗွာန်သည် လောကုတ္တရာသဘော သက်သက်ဖြစ်သဖြင့် ယင်းနိဗ္ဗာန်ကိုသိရာတွင် "သိသူ" ဟူသော ကာယကံရှင် "အနုသယ" သဘောမျိုး မပါဝင်တော့ပဲ သိစိတ် (မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်)နှင့် သိစရာအာရုံ(နိဗ္ဗာန်)တို့သာပါဝင်တော့သဖြင့် နိဗ္ဗာန်နှင့် ပတ်သက်၍ ပြောသူက ပြောနိုင်သလောက် နာကြားသူက နားမလည်နိုင်ခြင်းဖြစ်ပါသည်။ ထိုသို့နားမလည်နိုင်ခြင်းသည် သိမှုသဘောတရား အရ လိုအပ်သော ပစ္စက္ခသိဒ္ဓကို အခြေမခံနိုင်သောကြောင့်ဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုရလျှင် နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မသိဖူးသေးသောကြောင့် ဖြစ်ပါသည်။

ကာယကံရှင်

လောကသိမှုနှင့်ပတ်သက်၍ ကာယကံရှင်ဆိုသည်မှာ အနုသယဖြစ်ပါသည်။ ယင်းအနုသယသည် အုပ်စုအားဖြင့် အာရမ္မဏာနုသယနှင့် သန္တာနာနုသယဟူ၍(၂)မျိုးရှိပါသည်။ အာရမ္မဏာနုသယသည် အာရုံပိုင်းဆိုင်ရာ သဘောဖြစ်ပါသည်။ အာရုံပိုင်းဆိုင်ရာ သဘောအရ အာရုံတခုကို သိရာတွင် တလုံးတစည်းတည်း၊ တခုတည်း(ဃန)အနေဖြင့် သိပါသည်။ အပိုင်းပိုင်း၊ အပြတ်ပြတ်အနေဖြင့် မသိပါ။ အမှန်အားဖြင့် အာရုံတခုသည် ကာလအားဖြင့်လည်း တခုတည်းမဟုတ်ပါ။ အပိုင်းပိုင်း အပြတ်ပြတ်ဖြစ်ပါသည်။ ကာလအားဖြင့် တခုတည်းဟုမြင်လျှင် သန္တတိ-ဃနသဘော သက်ရောက်၍ အာရမ္မဏာနုသယအရ အာရုံပိုင်းဆိုင်ရာ ကာယကံရှင်ဖြစ်ပါသည်။ ဒေသအားဖြင့်လည်း တခုတည်းမဟုတ်ပါ။ အပိုင်းပိုင်း အပြတ်ပြတ်ဖြစ်ပါသည်။ ဒေသအားဖြင့် တခုတည်းဟုမြင်လျှင် သမူဟဃနသဘော သက်ရောက်၍ အာရမ္မဏာနုသယအရ အာရုံပိုင်းဆိုင်ရာ ကာယကံရှင် ဖြစ်ပါသည်။ ကြိယာအားဖြင့်လည်း တခုတည်းမဟုတ်ပါ။ အပိုင်းပိုင်း အပြတ်ပြတ်ဖြစ်ပါသည်။ ကြိယာအားဖြင့် ဟခုတည်းဟုမြင်လျှင် ကိစ္စဃနသဘောသက်ရောက်၍ အာရမ္မဏာနုသယအရ အာရုံပိုင်းဆိုင်ရာ ကာယကံရှင်ဖြစ်ပါသည်။ အရာဝတ္ထု

အားဖြင့်လည်း တခုတည်းမဟုတ်ပါ။ အပိုင်းပိုင်းအပြတ်ပြတ်ဖြစ်ပါသည်။ အရာဝတ္ထုအားဖြင့် တခုတည်းဟု မြင်လျှင် အာရုံမဏ္ဍိသနသဘော သက်ရောက်၍ အာရုံမဏ္ဍာနုသယအရ အာရုံပိုင်းဆိုင်ရာ ကာယကံရှင်ဖြစ်ပါသည်။

အာရုံတခုသည် ဥဒယဗ္ဗယဉာဏ်စဉ်အဆင့်သို့ရောက်သောအခါ တလုံးတစည်းတည်း၊ တခုတည်းသဘောမှ အပိုင်းပိုင်း အပြတ်ပြတ်သဘောကို ဆောင်လာပါသည်။ ဖြစ်၊ ပျက်သဘောဖြင့် ပစ္စုပ္ပန်ကျကျ မြင်နိုင်သည့် အနေအထားသို့ ရောက်လာပါသည်။ ဃန(ပညတ်)နှင့်ကွဲ၍ ဝေဗ္ဘဝ် ထင်လာပါသည်။ ထိုအခါ အာရုံမဏ္ဍာနုသယသဘျုပ်ငြိမ်း၍ ဒုက္ခသစ္စာသဘော ထင်ရှားလာပါသည်။ အာရုံပိုင်းဆိုင်ရာ ကာယကံရှင်သဘော ကွယ်ပျောက်ပါသည်။ ယင်းကဲ့သို့ အာရုံပိုင်းဆိုင်ရာကာယကံရှင်သဘော ကွယ်ပျောက်ခြင်းကို မစ္ဆိမပဋိပဒါအရ သန္ဓိဂရုနိမိတ်အာရုံမှ ထမြောက်ခြင်း (နိမ်တ္တဝုဋ္ဌာန)ဟု ခေါ်ပါသည်။ ကို့ကြောင့် ဝိပဿနာရှုနည်းကျမ်းဋ္ဌ မဟာစည်ဆရာတော်ကြီးက—

အကြောင်းညီညွတ်လျှင် ဖြစ်ပေါ်နိုင်သော ကိလေသာသည် ဖြစ်ပြီးမဟုတ်သောကြောင့် အတိတ်လည်း မဟုတ်။ ဧကန်ဖြစ်လတ္တံ့မဟုတ်သောကြောင့် အနာဂတ်လည်း မဟုတ်။ ဖြစ်ဆဲမဟုတ်သောကြောင့် ပစ္စုပ္ပန်လည်း မဟုတ်။ ကာလသုံးပါးမှ လွတ်သော အနုသယကိလေသာပေတည်း။ ဤအနုသယာသည်လည်း သန္တာန်၌ ကပ်နေခြင်း၊ ဆာရုံ၌ ကပ်နေခြင်းအားဖြင့် (၂)မျိုး ပြား၏။ ထို(၂)မျိုးတို့တွင် မင်္ဂလာဥပဒ်သားသောကြောင့် ပုထုဇဉ်သေကွဲတို့၏သန္တာန်၌ ဘယ်အချိန်မဆို အကြောင်းညီညွတ်ကဖြစ်ပေါ်နိုင်သော ကိလေသာသည် သန္တာန်၌ကပ်နေသော သန္တာနာနုသယမည်၏။ ထိုပုထုဇဉ်သေကွဲတို့သည်ပင် ဝိပဿနာမရှုမိ၍ "အနိစ္စာဒုက္ခာအနတ္တာ"ဟု မှန်စွာ မသိအပ်သော အာရုံတိုင်း၌ ဘယ်အချိန်မဆို အကြောင်းညီညွတ်ကာ "နိစ္စာသုခါအတ္တာ"ဟု ပြန်လည် စဉ်းစားလျက် ဖြစ်ပေါ်နိုင်သော ကိလေသာသည် မရှုမိ

သည့်အာရုံ၌ ကိန်းသော **အာရမ္မဏာနုသယမည်**။ ၎င်းကိုပင် အာရမ္မဏာဓိဂုဟိတုပ္ပန္နဟူ၍လည်း ခေါ်၏။ ဝိပဿနာက ဤ အာရမ္မဏာနုသယကိလေသာကို သာ ပယ်သည်ဟု သိအပ်၏–

ဟူ၍ ဖော်ပြထားပါသည်။

သန္တာန၁နုသယသည် သိသူပုထုဇဉ်သေဂ္ဂတို့၏ သန္တာန်၌ ကိန်းသော ကိလေသာသဘောဖြစ်ပါသည်။ ယင်းကိလေသာသည် ကာလသုံးပါးမှ အလွတ်ဖြစ်ပါသည်။ကာလသုံးပါးမှအလွတ်ဆိုသည်မှာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ ကာလအားဖြင့် ခွဲခြားရှု မဆုံကောင်း သည့် သဘောဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုရလျှင် ကာလသုံးပါးမှ အလွတ် ဆိုသည်မှာ ထာဝရပစ္စုပ္ပန် သို့မဟုတ် အမြဲထာဝစဉ်ရှိနေသည့် ပစ္စုပ္ပန် ဖြစ်ပါသည်။ ပုထုဇဉ် သေကွတို့၏ သန္တာန်၌ အမြဲထာဝစဉ် ရှိနေသည့် ကိလေသာဆိုသည်မှာ တဏှာ၊မာန၊ဒိဋ္ဌိဟူသော ပပဉ္စတရား သုံးပါးတို့၌ အခြေခံသည့် “ငါ သူဘပါး ယောကျ်ား မိန်းမ”ဟူသော ပုဂ္ဂိုလ်သဘော သတ္တဝါသဘောဖြစ်ပါသည်။ ယင်းသဘောသည် မက်ဖြင့် မယ်နိုင်သေး သရွေ့ကာလပတ်လုံး ပုထုဇဉ်သေကွတို့၏ သန္တာန်ဝယ် ကာယကံမှဉ်ဖြစ်စေ၊ ဝစီကံမှဉ်ဖြစ်စေ၊ မနောကံမှဉ်ဖြစ်စေ အမြဲထာဝစဉ်ရှိနေပါသည်။ သံသရာတလျှောက်လုံး သို့မဟုတ် ဘဝတလျှောက်လုံး ပုဂ္ဂိုလ်တည်းတည်း၊ သတ္တဝါတဦးဦးအနေဖြင့် လုပ်ကိုင်၊ ဆက်ပြောဆို၊ ကြံစည် တွေးခေါ်သည့် သဘောဖြစ်ပါသည်။ ယင်းသဘောကို ကာယကံရှင်ဟု ခေါ်ပါသည်။

ဝိပဿနာရှုရာ၌ ဒုတိယဉာဏ်စဉ် ဒုပ်စု ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်တို့မှ စ၍ သိသူပုဂ္ဂိုလ်အနေဖြင့် ကဦးတည်း တယောက်တည်း မဟုတ်ပဲ သိစိတ်အနေဖြင့် တခုစီ ဟခုစီ အပိုင်းပိုင်း အပြတ်ပြတ် မြင်လာပါသည်။ သိသူ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မရှိပဲ သိစိတ်သာ ရှိပြီး ယင်း သိစိတ်သည်လည်း ဖြစ်၊ ပျက် အစုအဖြင့် ထလုံးတစည်း တည်း၊ တခုတည်းမဟုတ်ပဲ တခုစီ တခုစီ အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်သည်ဟု မြင်လာပါသည်။ယင်းသို့မြင်ခြင်းသည် ဟင်းချက်နည်းဥပမာ

အရ သမုဒယသစ္စာကိုပယ်ခွါန် ဒုတိယညာဏ်စဉ်အုပ်စု၌ ထင်ရှားသော်လည်း ဒုက္ခသစ္စာကို ပိုင်းခြားခြင်းသို့ ရောက်ခြင်း ပထမညာဏ်စဉ်အုပ်စု၏အဆုံး ဘင်္ဂညာဏ်မှ စတင်ဖြစ်ပေါ်ပါသည်။ ဝိပဿနာရှုနည်းကျမ်းအရ ဖော်ပြရလျှင် သိသူ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မရှိပဲ သိစိတ်သာရှိပြီး ယင်းသိစိတ်သည်လည်း ဖြစ်၊ ပျက်သဘောအရ တလုံးတစည်းဟုသိ၊ တခုတည်းအနေဖြင့် မဟုတ်ပဲ တခုစီတခုစီ အပိုင်းပိုင်း အပြတ်ပြတ်အနေဖြင့်သာ ဖြစ်သည် ဟူ၍ မြင်ခြင်းသည် ပဟမညာဏ်စဉ်အုပ်စုအဆုံး ဘင်္ဂညာဏ်၌ စတင်ဖြစ်ပေါ်ပြီး ဒုတိယညာဏ်စဉ်အုပ်စု ဘယညာဏ်မှ စတင်၍ ထင်ရှားပါသည်။

ထိုထိုကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့၌ ပုဂ္ဂိုလ်၊ သတ္တဝါအနေဖြင့် တခုဟုသိ၊ တယောကျဉ်းတည်းဟုမြင်သူင် "သန" သဘောသက်ရောက်၍ သန္ဓာနာနသဟာအရ သန္ဓာန်ပိုင်းဆိုင်ရာ ကာယကံရှင် ဖြစ်ပါသည်။ ဘင်္ဂညာဏ် သို့မဟုတ် ဘယညာဏ်အဆင့်သို့ရောက်သောအခါ သိသူ ပုဂ္ဂိုလ် သတ္တဝါဟူ၍မရှိပဲ သိစိတ်သာရှိသည်ဟူ၍ မြင်လာပါသည်။ သန္ဓသဘော ကွယ်ပျောက်၍ ပရမတ်သဘာဝရောက်လာပါသည်။ ထိုအခါ ဒုက္ခသစ္စာကို ပိုင်းခြားခြင်းနှင့် သမုဒယသစ္စာကို ပယ်စွန့်ခြင်းသဘော (၂)ရပ်တို့ ထင်ရှားလာပါသည်။ သန္ဓာန် သို့မဟုတ် ပရမတ္ထကိုကပိုင်းဆိုင်ရာ ကာယကံရှင်သဘော ကွယ်ပျောက်ပါသည်။ ယင်းကဲ့သို့ သန္ဓာန် သို့မဟုတ် အာရမ္မဏိကပိုင်းဆိုင်ရာ ကာယကံရှင်သဘော ကွယ်ပျောက်ခြင်းကို မဇ္ဈိမပဋိပဒါဂရ ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်ဟူသော ဝဋ်သုံးပါး ထွေပြားကွာခြင်း (ပဝတ္တဝုဋ္ဌာန)ဟု ခေါ်ပါသည်။

ဝိပဿနာရှုရာ၌ ဒဿနသဘောအရ ဗဟိဒ္ဓအာရုံဖြစ်သော သင်္ခါရနိမိတ်ကို ပထမဆင့်အရ အာရုံပြုရပါသည်။ ယင်းအာရုံကို သမ္မသနညာဏ်၊ ဥဒယဗ္ဗယညာဏ်၊ ဘင်္ဂညာဏ်ဟူသော ပရမတ္ထညာဏ်စုံမျှားဖြင့် အာရုံပြုပါသည်။ ယင်းဗဟိဒ္ဓသင်္ခါရနိမိတ်ကို ဒုက္ခသစ္စာသဘောပေါ်လာပါသည်။ ဒုတိယဆင့်အရ အတ္တဟုအာရမ္မဏိကပြုနိုင်သော ပထမညာဏ်စုံမှုပဲစုံကို အာရုံအဖြစ်ယပ်ဆင့်၍ အာရုံပြုရပြန်ပါသည်။ ယင်းသို့ အာရုံပြုလိုက်သောအခါ

သမုဒယသစ္စာသဘောပေါ်လာပါသည်။ ဒုက္ခသစ္စာသည် မူလပထမဆင့် ရိုးရိုးအာရုံနှင့်ဆိုင်ပါသည်။ သမုဒယသစ္စာသည် မူလအာရမ္မဏိကမှ အာရုံအဖြစ်သို့ ပြောင်းလဲသွားသော ဒုတိယအဆင့်အာရုံနှင့် ဆိုင်ပါသည်။ ဒုတိယဆင့်အာရုံတွင် အာရမ္မဏိကသဘောလည်း ပါဝင်ပါသည်။ အာရုံသဘောလည်း ပါဝင်ပါသည်။ အာရမ္မဏိကသဘောပါဝင်နေခြင်းကြောင့် အဇ္ဈတ္တသဘောရှိသော သမုဒယသစ္စာကို ပယ်နိုင်ခြင်းဖြစ်ပါသည်။ အာရုံသဘောပါဝင်နေခြင်းကြောင့် ဗဟိဒ္ဓသဘောရှိသော ဒုက္ခသစ္စာကို ပိုင်းခြား၍ သိနိုင်ခြင်းဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုရလျှင် အာရုံကိုသိသော ဗာဆင့်၌ ဒုက္ခသစ္စာသဘောထင်ရှားပါသည်။ ယင်းအသိကိုပင် ထပ်၍ သိသောအဆင့်၌ သမုဒယသစ္စာသဘော ထင်ရှားပါသည်။ ဟင်းချက်နည်းဥပမာအရ အာရုံ၏အသိအဆင့်၌ ဒုက္ခသစ္စာသာထင်ရှားပြီး အသိ၏အသိအဆင့်၌မူ ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ (၂)မျိုးလုံး ထင်ရှားပါသည်။ ဤနည်းအားဖြင့် သစ္စာ (၄)ပါးလုံး ထင်ရှားအောင် ဝိပဿနာရှုနိုင်ပါသည်။ ဤသည်မှာ ဒဿနရှုထောင့်မှ ဝိပဿနာဉာဏ်စဉ်များကို တင်ပြခြင်းဖြစ်ပါသည်။

လောကသိနှင့် လောကုတ္တရာသိ

လောကသိဆိုသည်မှာ အကျဉ်းအားဖြင့် သင်္ခါရတရားများကိုသိသောအသိဖြစ်ပါသည်၊ လောကုတ္တရာသိဆိုသည်မှာ သင်္ခါရတရားများ၏ ငြိမ်းရာနိဗ္ဗာန်ကိုသိသော အသိဖြစ်ပါသည်၊ သင်္ခါရတရားများတွင် ချစ်ခင်ရာနှင့် မုန်းစရာ၊ တပ်မက်စရာနှင့် စက်ဆုပ်စရာ၊ ပျော်ရွှင်စရာနှင့် ငြီးငွေ့စရာ စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ ဆန့်ကျင်ဘက်အာရုံများ ပါဝင်ပါသည်။ ထို့ကြောင့် လောကသိသဘောအရ လောဘ၌ ချစ်ခင်ခြင်း မုန်းကြခြင်း ဖြစ်ပါသည်။ တပ်မက်ခြင်း စက်ဆုပ်ခြင်းဖြစ်ပါသည်။ ပျော်ရွှင်ခြင်း ငြီးငွေ့ခြင်းဖြစ်ပါသည်။ သင်္ခါရတရားများငြိမ်းရာ နိဗ္ဗာန်၌ကား ချစ်စရာနှင့် မုန်းစရာ စသော သင်္ခါရသဘောများ လုံးဝ မရှိပေ။ သင်္ခါရတို့၏ ငြိမ်းခြင်းသက်သက်မျှသာရှိပါသည်။ ထို့ကြောင့် လောကသိအမြင်ဖြင့်ဆိုရလျှင် နိဗ္ဗာန်ဟူသည် ချစ်စရာ၊ မုန်းစရာလည်း မဟုတ်။

တပ်မက်စရာ၊ စက်ဆုပ်စရာသည်း မဟုတ်။ ပျော်ရွှင်စရာ၊ ငြီးငွေ့စရာလည်း မဟုတ်။ လောကခံစားချက်ဖြင့် ခံစားရသည့် အခြားသောအရာဘာမျှမဟုတ်။ သို့ရာဘုင် ယင်းတို့၏ ချုပ်ငြိမ်းခြင်းသဘော သက်သက်မျှသာဟုတ်၏။ ထို့ကြောင့် နိဗ္ဗာန်ကို လောကသီအတွေအကြုံဖြင့် သိ၍မရကောင်းခြင်းဖြစ်ပါသည်။

ထို့အပြင် လောကသိမှန်သမျှသည် ကာယကံရှင်တို့၏ ကိုယ်ဇင်ကိုယ်ကျ အတွေအကြုံဖြင့် သက်သေပြနိုင်သည့်သဘော (ပစ္စက္ခသိဒ္ဓ) သော်လည်း ဖြစ်နေပါမည်။ ကိုယ်ဘိုင်ကိုယ်ကျမတွေ့ကြုံရစေကာ ကိုယ်တွေ့ကို အခြေခံ၍ အကြောင်းအကျိုးဆက်နွယ်မှုဖြင့် သက်သေပြနိုင်သည့်သဘော (အနုမာနသိဒ္ဓ) သော်လည်း ဖြစ်နေပါ သည်။ ကိုယ်တွေ့နှင့် အကြောင်းအကျိုးဆက်နွယ်မှုဖြင့် သက်သေမပြနိုင်စေကာမူ ကိုယ်စေ့နှင့် အကြောင်းအကျိုးဆက်နွယ်မှုနှစ်မျိုးကိုအခြေခံ၍ အသိပညာရှင်၊ အတတ်ပညာရှင်တို့၏ အာဇာနည်ပြုချက်ဖြင့် သက်သေပြနိုင်သည့်သဘော (သဒ္ဒေယျသိဒ္ဓ) သော်လည်း ဖြစ်နေပါမည်။ သို့ရာတွင် လောကုတ္တရာ (နိဗ္ဗာန်) သိကား သခါရဓာတ်ဟူ၍ဖြစ်ခြင်းနှင့် မပတ်သက်၍ သခါရဓာတ်တို့၏ ချုပ်ငြိမ်းခြင်းနှင့် ပတ်သက်သဖြင့် သခါရဆိုရာ သက်သေပြချက်မျိုးဖြင့် သောကုယ်တွေ့ဖြင့်လည်း သက်သေပြ၍ မရ။ အာသိပညာရှင် အတတ်ပညာရှင်တို့၏ အာဇာနည်ပြုလည်း သက်သေပြ၍ မရ။ သက်သေပြ၍ ရသည်ကား အာဇာနည်ပြုဖြစ်သည့် နိဗ္ဗာန်တွင် ပဝတ္တိမှ လွတ်သော မင်္ဂလမဟိဒ္ဓါဒါအရ မင်္ဂလာဖိုလ်ဉာဏ်ဘုံ၏ အသိဖြင့်သာ သက်သေပြ၍ ရပါသည်။ ယင်းကို မျက်မှောက်ပြုခြင်းဖြင့် သက်သေပြခြင်း (သန္ဒိဋ္ဌိကသိဒ္ဓ) ဟူ၍ ခေါ်ပါသည်။ နိဗ္ဗာန်သိကို ဤသက်သေပြခြင်းတမျိုးဖြင့်သာ မှန်ကန်စွာသက်သေပြနိုင်ပါသည်။

အကြမ်းအားဖြင့် ပစ္စက္ခကိုလည်း မျက်မှောက်ပြုခြင်းဟူ၍ ခေါ်ပါသည်၊ သစ္စိကရဏကိုလည်း မျက်မှောက်ပြုခြင်းဟူ၍ ခေါ်ပါသည်။ သို့နှင့်တွင် ပစ္စက္ခ၌ ကာယကံမျှင်သဖော်ပါဝင်ပါသည်။ သစ္စိကရဏ၌

ကာယကံရှင်သဘော လုံးဝပါဝင်ခြင်းမရှိပါ။ ဤနေရာ၌ ကာယကံရှင်ဆိုသည်မှာ အနုသယကိလေသာကို ဆိုပါသည်။ လောကဝါဟာရဖြင့် ပုဂ္ဂိုလ်သတ္တဝါသဘောကို ဆိုပါသည်။ ထို့ကြောင့် ပစ္စက္ခသိဟူသည် လောကဝေါဟာရဖြင့် ပုဂ္ဂိုလ်သိဖြစ်ပါသည်။ သစ္ဆိကရဏသိဟူသည် ဓမ္မသိဖြစ်ပါသည်။ ပုဂ္ဂိုလ်သိ "ပစ္စက္ခညာဏ်"၌ သိသူ၊ သိစရာအာရုံ၊ သိစိတ်တို့၏ ပေါင်းဆုံခြင်းကို နာနာရသအနေဖြင့် ရအပ်ပါသည်။ ဓမ္မသိ "သစ္ဆိကရဏညာဏ်"၌ သိသူ၊ သိစရာအာရုံ၊ သိစိတ်တို့၏ ပေါင်းဆုံခြင်းသဘောကို ကရသအနေဖြင့် ရအပ်ပါသည်။ ဤသို့လျှင် ကရသခေါ်ဝိမုတ္တိရသဖြင့် နိဗ္ဗာန်၏ ပရမတ္ထအားဖြင့် တင်ရှားရှိမှုကို သိအပ်ပါသည်။

အခန်း (၁)

လောကတရားများ

လူသား

လူသည် ဗြဟ္မာမှ ဆင်းသက်သည်ဟူ၍လည်း ဆိုကြ၏။ နဂျာက်မှ ဆင်းသက်သည်ဟူ၍လည်း ဆို [illegible]၏။ ထိုအဆိုများအရ ဗြဟ္မာမှဆင်းသက်လျှင် မြင့်မြတ်သော စိတ်ရှိသူဖြစ်၏။ နဂျာက်မှဆင်းသက်လျှင် ယုတ်ညံ့သော စိတ်ရှိသူဖြစ်၏။ သို့ရာတွင် လူ၌ မြင့်မြတ်သော နတ်ဗြဟ္မာသဘောကိုလည်း တွေ့ရ၏။ ယုတ်ညံ့သော တိရစ္ဆာန်သဘောကိုလည်း တွေ့ရ၏။

ထို့ကြောင့် လူသည် ဗြဟ္မာပ ပိုင်း တိရစ္ဆာန်တပိုင်းဟူ၍ ဆိုသော် ဆိုနိုင်ပါသည်။ ဤသည်မှာ ပရပ်သုံးပါးအရဖြင့် ဆိုခြင်းဖြစ်ပါသည်။ ပုဒ္ဓဘဝတိဓမ္မာ ဝေဟာရဖြင့်ဆိုရလျှင် လူသည် ကုသိုလ်နှင့် အကုသိုလ်တို့၏ စုပေါင်းရာဌာနဖြစ်ပါသည်။ ကုသိုလ်စိတ်နှင့် အကုသိုလ်စိတ်တို့သည် လူတို့၏ သန္တာန်၌ သင့်သလိုဖြစ်ပေါ်နေ [illegible]ပါသည်။ နှလုံးသွင်းကောင်းလျှင် ကုသိုလ်စိတ်ဖြစ်၏။ နှလုံးသွင်းမကောင်းလျှင် အကုသိုလ်စိတ်များ ဖြစ်ကြပါ [illegible]။ ကုသိုလ်စိတ်ကို အဆုံတရား ဟူ၍ခေါ်ပြီး အကုသိုလ်စိတ်ကို အနုတရား ဟူ၍ ခေါ်ကြပါသည်။ ဗမာနံပါးသည် ခက်ခဲသော သဘောရှိကြသည့် နိမ့်ရာမှ မြင့်ရာသို့တက်ပါသော သဘောရှိပါသည်။ အစုန်တရားသည် ပုယ်ကျသော သဘော ရှိပါသည်။ မြင့်ရာမှ နိမ့်ရာသို့ ဆင်းသက်သော သဘောရှိပါသည်။ ထို့ကြောင့် လူသည် နိမ့်ရာမှ အောက်အဝီစိသို့လည်း ဆင်းနိုင်ပါသည်။ မြင့်ရာ အာလာဝကဘဂဝတီသို့လည်း တက်နိုင်ပါသည်။ အနိမ့်နှင့်ပေါင်းမြင့်ဟိုမလွဟ်ဆုံ နိုင်ဖို့လည်း သွားနိုင်ပါသည်။ ကြိုက်ရာလမ်းအတိုင်း ကြိုက်သလိုသွားနိုင်ပါသည်။ ဤသည်ဇာတ်မှာ လူဘဝဖွဲ့စည်းပုံအရ ဖြစ်ပေါ်လာသည့် စွမ်းဆောင်ချက်များ ဖြစ်ပါသည်။

သိမ့်မှန့် ပတ်သက်၍လည်း လူသားသည် အလွန် အသိရခက်သော ပဟေဠိတပုဒ်ဖြစ်မြဲဖြောင်း ဆိုကြပါသည်။ လူသား၏ အသိနှင့်ပတ်သက်၍ ကေနဥပနိသ္သဒ် (၂၊ ၃)၌—

ယသ္မာဖတံ တသ္မ မတံ၊ မတံ ယသ္မ နဝေဒ သော။
အဝိညာတံ ဝိဇာနတံ၊ ဝိညာတံ အဝိဇာနတံ။

ယသ္မ၊ အကြောင်သူသည်။ အမတံ၊ မသိအပ်။ တသ္မ၊ ထို သူသည်။ မတံ၊ သိအပ်၏။ ယသ္မ၊ အကြောင်သူသည်။ မတံ၊ သိအပ်၏။ သော၊ ထိုသူသည်။ နု ဝေဒ၊ မသိ။ ဝိဇာနတံ၊ သိသူတို့သည်။ အဝိညာတံ၊ မသိအပ်။ အဝိဇာနတံ၊ မသိသူတို့သည်။ ဝိညာတံ၊ သိအပ်၏—

ဟူ၍ ဖော်ပြတော်မူသည်ကို တွေ့ရှုပါသည်။

သုတ်မဟာဝါအဋ္ဌကထာ (၃၄၇)၌—

ယံ ပဿတိ နု တံ နိဋ္ဌံ၊ ယံ ဒိဋ္ဌံ တံ နု ပဿတိ။
အပဿံ ပဿတေ မူဠှော၊ ပဿမာဇနော နု မုဋ္ဌတိ။

ယံ၊ အကြောင်ဝတ္ထုကို။ ပဿတိ၊ မြင်၏။ တံ၊ ထိုဝတ္ထုသည်။ နု ဒိဋ္ဌံ၊ မြင်နိုင်သောဝတ္ထုမဟုတ်။ ယံ၊ အကြောင်ဝတ္ထုသည်။ ဒိဋ္ဌံ၊ မြင်နိုင်သောဝတ္ထုဖြစ်၏။ တံ၊ ထိုဝတ္ထုကို။ နု ပဿတိ၊ မမြင်။ အပဿံ၊ မမြင်သော။ မူဠှော၊ သူမိုက်ကို။ ပဿတေ၊ နှောင်ဖွဲ့ခံရသော်၏၊ ပဿမာဇနော၊ နှောင်ဖွဲ့ခြင်းခံရသော်၊ နု မုဋ္ဌတိ၊ မလွတ်မြောက်—

ဟူ၍ ပေါ်ကြားထားသည်ကို တွေ့ရှုပါသည်။

ဤအဆိုအမိန့်များအရ လူသည် သိလွယ်က မသိသူဖြစ်၏။ မြင်လွယ်က မမြင်သူဖြစ်၏။ တနည်းအားဖြင့်ဆိုရလျှင် လူသည် အသိဆုံးနှင့် မသိဆုံးဖြစ်၏။ ထို့ကြောင့် လူသည် အသိရအခက်ဆုံးနှင့် အသိရလွယ်ကူဆုံး

သော ပဟေဋ္ဌိကပုဒ်ဖြစ်ပါသည်။ ဤသို့ ပဟေဋ္ဌိတပုဒ်ဖြစ်ရခြင်းသည် လောကသိနှင့် လောကုတ္တရာသိတို့ ဆုံနှောနေသောကြောင့်ဖြစ်ပါသည်။ လောကသိကို လောကသိမှန်း သိလျှင်လည်း လွယ်ပါး၏ လောကုတ္တရာသိကို လောကုတ္တရာသိမှန်း သိလျှင်လည်း လွယ်ပါ၏ သို့ရာတွင် လောကသိကို လောကုတ္တရာသိဟူ၍လည်းကောင်း၊ လောကုတ္တရာသိကို လောကသိဟူ၍လည်းကောင်း မှားယွင်းစွာသိလျှင် ခက်ပါသည်။ လောကသိနှင့် လောကုတ္တရာသိတို့သည် အချင်းချင်း ဖြောင့်ဖြေ၍ ဆန့်ကျင်ကြပါသည်။

အရှိတရား (၂)မျိုး

ဤလောကတွင် အရှိတရား (၂)မျိုးရှိပါသည်၊ အရှိတရားဟူသည်မှာ အဖြစ်တရားကဲ့သို့ ကာလသုံးပါးမဟိပဲ ကာလသုံးပါးမှ အလွတ်ဖြစ်၏သည်။ ကာလသုံးပါးမှ လွတ်သဖြင့် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ဖြစ်၊ တည်၊ ပျက် သဘောမရှိပဲ အမြဲစဉ်တည်ရှိနေသည့် ကာဝဒုပစ္စုပ္ပန်ဖြစ်ပါသည်။ ယင်း အရှိတရားသည် လောကအရှိတရားနှင့် လောကုတ္တရာအရှိတရားဟူ၍ (၂)မျိုးဖြစ်ပါသည်၊ လောကအရှိတရားဟူသည်မှာ အဘိဓမ္မာပေါဟာရ အရ "အနုသယ" ဖြစ်ပါသည်။ အရပ်သုံးဒေါ်ပေါဟာရအရ "ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော" ဖြစ်ပါသည်။ လောကုတ္တရာအရှိတရား ဟူသည်မှာ နိဗ္ဗာန်ဖြစ်ပါသည်၊ ထို နိဗ္ဗာန်တရား (၂)မျိုးလုံး ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ဖြစ်၊ တည်၊ ပျက် သဘောမရှိပဲ ကာဝ သုံးပါးမှ အလွတ်ဖြစ်ကြပါ၏ သည်။ ကာလသုံးပါးမှ အလွတ်ဖြစ်သော အမြဲ ပဝတ္ထိ နိုင်နေနိုင်ခြင်းဖြစ်ပါသည်။ ထို အရှိတဆူး (၂)မျိုးသည် ကာလသုံးပါးမှ အလွတ်ချင်းတူသော်လည်း သဘောအားဖြင့် အချင်းချင်း ဆန့်ကျင်ကြပါသည်။ လောကအရှိတရား "အနုသယ" သည် ဘဝမုခေါ် အဖြစ်ကရားများ၏ နှုတ်ခမ်းဝ ဖြစ်ပါသည်၊ လောကုတ္တရာအရှိတရား "နိဗ္ဗာန်" သည် အဘဝမုခေါ် မဖြစ်တရားများ၏ နှုတ်ခမ်းဝဖြစ်ပါသည် ဤနေရာ၌ အဖြစ်တရားများ၏ နှုတ်ခမ်းကို သတ်မှတ်သော လောကအရှိတရား၏ ဟုတ်ပေါ်ရာကို ဆိုခြင်းဖြစ်ပါသည်။ မဖြစ်ကရားများ၏ နှုတ်ခမ်းဆိုသည်မှာ လောကအဖြစ်သရော်၏

ချုပ်ငြိမ်းရာကို ဆိုခြင်းဖြစ်ပါသည်။ အမှန်အားဖြင့် လောကသံသရာသည် ဒုနုသပ မှဖြစ်ပေါ် ပြီး နိဗ္ဗာန်၌ အပြီးတိုင် ချုပ်ငြိမ်းပါသည်။ ဖထရဝါဒ အဆ ဖြစ်ရာသည် ဖြူရာသက်သက်၊ ခုပ်ဆုသည် ချုပ်ရာသတ်သတ် ဖြစ်ပါသည်။ ဖြင်ရာနှင့် ချုပ်ရာသည် တခုတည်းမဟုတ်ပါ။

သို့ရာတွင် ဗဟာယနအဘိဓမ္မာဝတာရ နာဂါဇုဂျုန-ကမ္ဗ သူ၏ မာဓျမိကကာရိကာ (အနုန်-၂၅၊ ဂါထာ-၁၀၊ ၂၀)၌ နိဗ္ဗာန်နှင့် သံသရာသည် တခုတည် ဖြစ်ကြောင်း ဤသို့ဆိုပါသည်—

နာ နိဗ္ဗာနသ သံသာရဿ၊ ကိဉ္စိဒ္ဓေဓိ ဝိသေသဏံ။ (၁၉)
နာ နိဗ္ဗာနသ ယသ ဂေါဒ္ဒီး၊ ဂေါဒ္ဒီး သံသာရသ စ။
နာ ဇသယောရဏုရဏုံ ကိဉ္စိတ်၊ သုသူခုမ မပိ ဝိဇ္ဇတေ။ (၂၀)

နိဗ္ဗာနသ၊ နိဗ္ဗာန်၏၊ သံသာရတ်၊ သံသရာမှ။ ကိဉ္စိတ်၊ တစုံတခုမသာ။ ဝိသေသဏံ၊ ထူးခြားမှုသည်။ နာ အတ္ထိ၊ မရှိ။ နိဗ္ဗာနသ၊ နိဗ္ဗာန်၏။ ယာ ကောဋ္ဌီး၊ အကြင်နယ်နိမိတ်အစွန်းသည်။ သံသာရဿ၊ သံသရာ၏။ ကောဋ္ဌီး စ၊ နယ်နိမိတ်အစွန်းပင်ဟူသည်။ တယေား၊ နိဗ္ဗာန်နှင့်သံသရာ (၂)ခုတို့တွင်။ သုသူခုမံ၊ အလွန်သိမ်းမွေ့သော။ ဝိဇ္ဇတ်၊ တစုံတခုသော။ အန္တရံ အပိ၊ ခြားနားခြင်းသော်မျှပင်။ နာ ပိဇ္ဇတေ၊ မရှိ။

ဤဝါဒအရ နိဗ္ဗာန်နှင့်သံသရာသည် အမှန်စင်စစ်အားဖြင့် တစုံတရာဘာမျှခြားနားခြင်းမရှိ၊ ကြည့်သူ၏အမြင်ဒဿနသာ ခြားနားခြင်းရှိပါသည်။ ကြည့်သူ၏ သန္တာန်၌ ဒေါသမီးတို့ ငြိမ်းလျှင် သံသရာအဖြစ်မြင်ရပါမည်။ သခံါရတရားတို့၏ ဖြစ်ခြင်းသဘာဝဖြစ် မြင်ရပါမည်။ ဇာတိယ်၍ ကြည့်သူ၏ သန္တာန်၌ ဒေါသမီးတောလျှင် နိဗ္ဗာန်အဖြစ်မြင်ရပါမည်၊ သခံါရတရားတို့၏ မဖြစ်ခြင်းသဘောဖြစ် မြင်ရပါမည်။ အမှန်အားဖြင့် နိဗ္ဗာန်နှင့် သံသရာသည် "သူည" သာဖြစ်၏။

ဗြာဟ္မဏဝါဒီတို့ကမူ ဤသဉ္ဇီဝနိသျှဒ်ပဏာမဂါထာ၌ သံသရာသည် ဗြဟ္မာမှ ဖြစ်ပေါ်လာခြင်းဖြစ်သဖြင့် သံသရာနှင့် ဗြဟ္မာသည် အကျိုးနှင့် အကြောင်းသဘောအရ ခြားနားသော်လည်း တရားကိုယ်အရ မခြားနားပဲ တခုတည်းသော ဗြဟ္မာသာဖြစ်ကြောင်း ဤသို့ဆိုကြပါသည်—

ပုဏ်မဒး ပုဏိမိဒံ၊ ပုဏ်ဘာတ် ပုဏ်မုဒဉ္စတေ။
ပုဏ်သျှ ပုဏ်မာဒါယ၊ ပုဏ်မေဝါဝသီသျှတေး

အာဒး၊ ထိုဗြဟ္မာသည်။ ပုဏ်၊ အနန္တတရားတည်း။ ဣဒံ၊ ဤလောက သံသရာသည်။ ပုဏ်၊ အနန္တရာတည်း။ ပုဏ်၊ အနန္တလောကသည်။ ပုဏ်ဘာတ်၊ အနန္တဗြဟ္မာမှ၊ ဥဒစ္ဆတေ၊ ဖြစ်ပေါ်လာ၏။ ပုဏ်သျှ၊ အနန္တသဲမှ။ ပုဏ်၊ အနန္တကို။ အာဒါယ၊ ထုတ်ယူလိုက်စေကာမူ။ ပုဏိမေဝ၊ အနန္တသည်သာလျှင်။ အဝသီသျှတေ၊ ကြွင်းကျန်၏။

ဤပါဒအရ အနန္တသည် မရေမတွက်နိုင် မတိုင်းတာနိုင်သော သဘောဖြစ်၏၊ အန္တသဿ ခရက္ခက်နိုင် တိုင်းကာနိုင်သော သဘောဖြစ်သည်။ အနန္တနှင့် အန္တသည် အချင်းချင်း ဖြောင့်ဖြောင့်ဆန့်ကျင်၏။ အနန္တဟူသည် အနန္တသတ်သက် ဖြစ်၏၊ အန္တသည် အန္တသတ်သတ် ဖြစ်၏။ အန္တမျှားကို စုပေါင်းလိုက်ရုံမျှနှင့် အန္တသည် အနန္တဖြစ်ပေါ်မလာနိုင်ပေ။ ထို့အတူ အနန္တထဲမှ အနန္တကို နုတ်ယူလိုက်ရုံမျှနှင့်လည်း အနန္တသည် အန္တဖြစ်မသွားနိုင်ပေ။ ဤသည်သည်ကြောင့်လို့သော် အနန္တသည် အရေအတွက် သိုမဟုတ် အတိုင်းအဆအားဖြင့်သော သဘောမဟုတ်ပဲ ဒေသရည်အနှံ့ပြဋ္ဌာန်းသော သဘောဖြစ်၏။ အန္တသည် အရာသိအချုပ်းပြဋ္ဌာန်းသော သဘောမဟုတ်ပဲ အဓရမတွေ့နိုင်အောင် အတိုင်းအဆားပြဋ္ဌာန်းသော သဘောဖြစ်၏။ ယို့ဂျြောင့် ဝန်ဆင်းသောအခါ ဗြဟ္မာထဲမှ လောကကိုနုတ်ယူ၍ ဝန်ဆင်းပုံက်လျှင်လည်း ဗြဟ္မာသည် အနန္တကြွက်မသွားပဲ အနန္တအကြွက်သာ ကျန်ရစ်ပါ၏။ လွှတ်မြောက်သောအခါ ဓလောကထဲမှ ဗြဟ္မာကိုနုတ်ယူ၍

လူတ်ရေြက်သွားလျှင်လည်း လောကသည် အနှစ်ဖြစ်မသွားပဲ အနန္တ အပြစ်သာ ကျန်စစ်ပ်၏။ ဝန်ဆောင်းအားဖြင့် ဆိုရလျှင် အနှစ်ဟူသည် တိုးလည်းမလာ၊ လျော့လည်းမသွားကောင်းသော သဘောသာဖြစ်၏။ တို ခြင်းနှင့်လျော့ခြင်းတို့သည် အရေအတွက်၊ သို့မဟုတ် ဆွတ်ခူးတာ ပြန်သော အနှစ်သာ သက်ဆိုင်ပြီး အရေအတွက်၊ သို့မဟုတ် အဝိုင်းအတာ ပြောင်းပဲ အရည်အချင်းပြောင်းသော အနန္တနှင့် မသက်ဆိုင်ပေ။

ဗြာဟ္မဏဝါဒဥာဏ်လည်း လူတ်ရောြကခြင်းကို ဆိုကြပါသည်။ ဗုဒ္ဓဝါဒ ဥာဏ်လည်း လူတ်ရြမြားတ်ခြင်းကို ဆိုကြပါသည်။ အာဆီဆုင်း အာကျင့်ခွင်း ဝခုနှင့်တခု မတူသောကြောင့် "လူတ်ရြမြောက်ခြင်း" ကိုယုံကြည်ရာဥာဏ်မှ အတူတူ ပင်ဖြစ်ပါသည် သတ္တဝါတို့သည် မှုန်ကန်သော ကြောင့်စည်ရြောင့် လောက သံသရာမှ လူတ်ရြောက်သွားကြပါသည်။ လူတ်ရြမြောက်သွားပြီးနောက် လောကသံသရာသို့ ပြန်လာခြင်းမရှိတော့ပါ။ ထိုသို့လူတ်ရြမြောက် သွားပြီးနောက် လောကသံသရာသို့ ပြန်လာခြင်းမရှိတော့သည့်အတွက် လောကသံသရာသည်လည်း တဖြည်းဖြည်း လယ်၍ လပ်၍ သွားခြင်းမရှိပါ။ လူတ်ရြမြောက်မှုနှိုင်းခွာန်၊ သို့မဟုတ် ဗြာဟ္မဏဝါဒအရ ဗြဟ္မာသည်လည်း တဖြည်းဖြည်း ကြီး၍ ကြီး၍ လာခြင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ဇာတ်နှင့် ဗြပ်ကဲ့သို့ ဗြပ်များ ကုန်၍ ကုန်၍သွားသော်လည်း ဇာတ်မှာမူ တိုးခဲ့လျော့ ခြင်းမရှိသကဲ့သို့ ဝဝေနယူသတ္တဝါများ လူ၍ လျော့၍ သွားသော်လည်း လောကသံသရာနှင့်နှိုင်ခွာန်သည် လယ်ခြင်း ကြီးခြင်းမရှိ ကောင်းသောကြောင့် ဖြစ်ပါသည်၊ ဤသည်မှာ "အနန္တ"၏ အဓိပ္ပာယ် စွမ်းဆောင်ဖြင့်ပါသည်။

သက်ရောက်ဒေသ (၂) မျိုး

ရုပ်ပိုင်းဆိုင်ရာမျှားနှင့်ပတ်သက်၍ ချုံးငယ်က "သက်ရောက်မှုတိုင်းတွင် ယင်းနှင့် ပမာဏတူညီပြီး ဦးတည်ဘက်ဆန့်ကျင်သော ထန်ပြန်သက် ရောက်မှု ဝခုရှိသည်" ဟု၍ ဆိုခဲ့ပါသည်။ ဤအဆိုက်မှီ၍ ကုသိုလ်နှင့် အကုသိုလ်တို့၏ဘဂဏားကို ဆုံရလျှင် လူ့ဘ ဘဝေါ၌ သက်ရောက်

အားနှင့် ကန်ပြန်သက်ရောက်အားတို့ အစုံလိုက်ရှိကြပါသည်။ ကုသိုလ်နှင့် အကုသိုလ်တို့သည် ဦးဟည်ဘက်အားဖြင့် အချင်းချင်းဆန့်ကျင်ကြပါသည်။ ကုသိုလ်သည် အဆန်သဘောရှိ၍ အကုသိုလ်သည် အစုံသဘောရှိပါသည်။ ကုသိုလ်၏ အဆန်သဘောဖြင့် လူသည် သံသရာ၌ ကျင်လည်လိုပါက နတ်ဘဝကိုလည်း ရနိုင်ပါသည်။ ဗြဟ္မာဘဝကိုလည်း ရနိုင်ပါသည်။ သံသရာမှ ထွက်မြောက်လိုပါအံ့လည်း မင်္ဂဟာ ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသည်။

လူ့ဘဝသည် မိမိအပေါ် သက်ရောက်သော ကုသိုလ်အားဖြင့် အထက်သို့ဆန်တိုင်း လွတ်လွတ်ဆန်နိုင်သည် မဟုတ်ပါ။ မိမိအပေါ် ဝန်ပြုနိုင်သက်ရောက်သော အကုသိုလ်အားကို ဆန့်ကျင်၍ အထက်သို့ဆန်ပြခြင်းဖြစ်ပါသည်၊ ရုပ်ပိုင်းဆိုင်ရာသဘာဝ၏ အရှေ့တွင်ကြုံခဲ့ရသည် မင်္ဂလာပြင်မှ အထက်သို့ဆန်တိုင်း ကမ္ဘာမြေကြီး၏ ဆွဲငင်အားပို ဆန့်ကျင်၍ ဆန်တက်ရခြင်းဖြစ်ပါသည်။ ကမ္ဘာမြေကြီး၏ ဆွဲငင်အားနှင့်ပင် ဒုနာက်ဆုံးဦး ထိုအရာဝတ္ထုသည် ပြန်လည်ကျရောက်ရခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ ပုထုဇဉ်သော တဏှာရဂဇာဒိ လွှင့်ဟင်းအား ကြောင့် ဂြိုဟ်ပြင်မှ ပေါ်သို့တက်သွားခဲသော ပရာဝတ္ထုဘခုပေါ်တွင် စက်ယန္တရား၏ "လွှင့်တင်" (ပဓာန) ဝေးနှင့် ကမ္ဘာမြေကြီး၏ "ဆွဲငင်" (အဓုန်) အားဟူသည် ဦးတည်ဘက်အားဖြင့် အချင်းချင်းဆန့်ကျင်လျက် အပြိုင်သက်ရောက်နေခြင်းပင်ဖြစ်ပါသည်။ အပြိုင်သက်ရောက်နေသော အား (၂) ရပ်တွင် စက်ယန္တရား၏ "လွှင့်တင်" (အဆန်) အားကို သက်ရောက်အားဟူ၍ ခေါ်ပြီး ကမ္ဘာမြေကြီး၏ "ဆွဲငင်" (အဓုန်) အားကို တန်ပြန်သက်ရောက်အားဟူ၍ ခေါ်ကြပါသည်။ ဤသို့လျှင် ရုပ်ပိုင်းဆိုင်ရာ နိဗ္ဗာန်အကျ ဗာဏဝတ္ထုတခုပေါ်တွင် သက်ရောက်မှုနှင့် တန်ပြန်သက်ရောက်မှုတို့သည် ဦးတည်ဘက်အားဖြင့် အချင်းချင်းဆန့်ကျင်လျက် ဒုတိယတန်ခေါက်နေကြခြင်းပါသည်။ ထိုသို့သော ဝိရောဓိကိုပင် ကျွန်တော်တို့ "အား" ဟုခေါ်ဝေါ်ကြပါသည်။ အားမျိုးပေါင်းသည်သာ့အခါ ရုပ်ဘုန်၏ ငြိမ်သက်ပါသည်။

ရုပ်ပိုင်းဆိုင်ရာ နိယာမနည်းဘူ လူသည် ကုသိုလ်ကံကိုပြုသဖြင့် မိမိဘဝအပေါ်၌ "ကုသိုလ်" အဆန်အားသက်ရောက်တိုင်း "အကုသိုလ်" အစုန်အား သည်လည်း ဆန့်ကျင်ဘက်အနေဖြင့် အပြိုင်သက်ရောက်ပါသည်။ ဤနေရာ၌ "အကုသိုလ်" အစုန်အား အပြိုင်သက်ရောက်ခြင်းဆိုသည်မှာ ကုသိုလ်ကံပြုရာ၌ "ငါလုပ်သည်၊ ငါပြောသည်၊ ငါကြံစည်သည်" ဟူ၍ "ငါ" သဘော ပါဝင်နေခြင်းကို ဆိုခြင်းဖြစ်ပါသည်။ "ငါ" သဘော ဆိုသည်မှာလည်း "ပုဂ္ဂိုလ်" သဘော၊ "သတ္တဝါ" သဘောပင် ဖြစ်ပါသည်။ ယင်းသဘော ပါဝင်နေခြင်းရှိ၊ မရှိလိုက် လူသည် အမြင့်ဆုံး ဗြဟ္မာဘုံအဝါသာ ဆန်းကင်းနိုင်ပြီး နောက်ဆုံးတနေ့တွင် အပါယ်လေးဘုံသို့ ပြန်လည်စုန်ဆင်းလားရမည်သာ ဖြစ်ပါသည်။ ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော မပါဝင်တော့မှသာ လောကသံသရာမှ လွတ်မြောက်ပြီး ကုသိုလ်သည်လည်း ကုသိုလ်မဟုတ်တော့ပဲ ကြီယာအဖြစ်သို့ ရောက်သွားမည် ဖြစ်ပါသည်။ ထို့ကြောင့် "ငါ" ဟူသော ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘော ပါဝင်နေသဖြင့်သာ "ကုသိုလ်" အမည်ရနေခြင်း ဖြစ်ပါသည်။ သို့မဟုတ်ပါက ကုသိုလ်အမည်ရုစရာအကြောင်းမရှိတော့ပါခေါ်။ အကျဉ်းအားဖြင့်ဆိုရလျှင် လောကီကုသိုလ်တို့၌ အကုသိုလ်ဘာည် "ငါ၊ ငါ" ဟူသော အနုသယသဘောဖြင့် မလွဲသာမရှောင်သာ ပါဝင်နေမည်ဖြစ်ပါသည်။ ကုသိုလ်ယည် အကုသိုလ်၏ အနုသယသဘောကို ဆန့်ကျင်နုစဉ်သာ ကုသိုလ်အမည်ရပြီး အကုသိုလ်၏ အနုသယသဘောမှ လုံးဝ လွတ်မြောက်သွားသည်နှင့် တပြိုင်နက် ကုသိုလ်အမည်မရနိုင်တော့ခြင်း ဖြစ်ပါသည်။

ကုသိုလ်နှင့် အကုသိုလ်တို့၏ သဘောကို ခြုံငုံလျှိုဆိုရလျှင် လူ့ဘဝအပေါ်၌ ကုသိုလ်နှင့် အကုသိုလ်တို့သည် အဆန်နှင့် အစုန်အနေဖြင့် အချင်းချင်းဆန့်ကျင်ကာ အပြိုင်သက်ရောက်နေကြသည်။ အဆန်အားက သာလွန်ပါက အဆန်ဘက်သို့ ရွေ့ရှားပြီး လူချမ်းသာ၊ နတ်ချမ်းသာ မျှော်ကို ရရှိသည်။ အစုန်အားက သာလွန်ပါက အစုန်ဘက်သို့ ရွေ့ရှားပြီး အပါယ်ဆင်းရဲကို ရရှိသည်။ အားချင်းတူညီပါက ရုပ်တန့်တည်ငြိမ်ပြီး

"အဟောသိကံ"ဖြစ်ကာ ကမ္မပထ ဓမ္မမြောက်တော့ချေ။ အဆန်အားက အစုန်အားမှ အပြီးတိုင် လွှတ်မြောက်သွားလျှင် ကုသိုလ်သဘောမှ ကြီးသာသဘောသို့ ပြောင်းသွားသည်။

လူ့ဘဝဟူသည်မှာ ကုသိုလ်နှင့် အကုသိုလ်တည်းဟူသော ဆန့်ကျင်ဘက် အားဟစုံတို့၏ အပြိုင်သက်ရောက်ရာဌာနဖြစ်ပါသည်။ ထို့ကြောင့် လူ့ဘဝကို လေ့လာလျှင် ယင်း ဆန့်ကျင်ဘက် အားတစုံကိုလည်း လေ့လာရန် လိုအပ်ပါသည်။ ထိုအားတစုံတွင် ပထမဦးစွာ အကုသိုလ်သဘောကို လေ့လာသင့်ပါသည်။ အာယုဝဍ္ဎနကြောင့်ဆိုသော် သံဃာဆုစကော်ဝန်းသည် အကုသိုလ် "အဝိဇ္ဇာ"ကစပြီး လူ့ဘဝတွင်လည်း၊ ကုသိုလ်နှင့် အကုသိုလ် (၂) မျိုးအနက် ဘာကိုဘယ်ကသည့် ဓလောဘ (ဘဝ-နိကန္တိကလောဘ) အကုသိုလ်က စတင်ဖြစ်သောကြောင့် ဖြစ်ပါသည်။

အကုသိုလ်နှင့် ပတ်သက်၍ ဖွင့်ဆိုသောအခါ ကျမ်းဂန်များတွင် အဆင့်(၃)ဆင့်ထား၍ ဖွင့်ဆိုလေ့ရှိပါသည်။ ယင်းအဆင့်(၃)ဆင့်တို့မှာ-

(၁) အနုသယအဆင့်၊

(၂) ပရိယုဋ္ဌာနအဆင့်၊

(၃) ပီတိက္ကမအဆင့်-

တို့ဖြစ်ပါသည်။ ထိုအဆင့် (၃) ဆင့်တို့တွင် အနုသယအဆင့်မှာ ကာလသုံးပါးမှ အလွှတ်အဆင့်ဖြစ်ပါသည်။ ကာလသုံးပါးမှအလွှတ်ကို ဒဿနကျမ်းများ၌ လောဝရပစ္စုပ္ပန်ဟု၍ ဖော်ပြထားသည်။ ပရိယုဋ္ဌာန အဆင့်မှာ ဘပါဒိ၊ ဌိ၊ တင်း ဆင့်ဖြင့် ဖော်ပြသည်။ ယင်းအဆင့်ညီညွတ်သော အခါ အနုသယအဆင့်၊ ပရိယုဋ္ဌာနအဆင့်သို့ ကူးပြောင်းပါသည်။ ပီတိက္ကမအဆင့်မှာ ပရိယုဋ္ဌာနအဆင့်မှ လေးဆင့်၊ ပစိဘဝပြုသို့ လွန်ကျူးလာသည့်အခါ ဖြစ်ပါသည်။ ထိုအခါ (၃)မျိုးတို့အနက် အနုသယအဆင့် အကုသိုလ်ပင်လျှင် ဓလောဘကိုယ်စားဖြင့် ဓလောဘ ဟုခေါ်ဆိုရခြင်းဖြစ်ပါသည်။ ဓလောဘအမျိုးအမည်ဖြင့် နိဒ္ဒေသခံသော အမျိုးတရား ဖြစ်ပါသည်။ ဓလောဘအမျိုးဖြစ်သည့် "အနုသယ"ကို

ပုဂ္ဂိုလ်သာဟော၊ သတ္တဝါသဘောဟူ၍လည်း အရေပ်သုံးဝေါဟာရဖြင့် ခေါ်ကြပါသေးသည်။ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောသည် လောကသစ္စာအရ ဇာတ်အနေဖြင့် မပြောင်းလဲပဲ လောကတွင် အမြဲထာဝစဉ် ရှိနေပါသည်။ ထို့ကြောင့် အနုသယကို လောကသစ္စာအားဖြင့် "အနန္တ" ဟူ၍လည်းကောင်း၊ နိဗ္ဗာန်ကို လောကုတ္တရာသစ္စာအားဖြင့် "အနန္တ" ဟူ၍လည်းကောင်း ဆိုကြခြင်းဖြစ်ပါသည်။ ဤသို့လျှင် လောကသစ္စာ "အနန္တ" နှင့် လောကုတ္တရာသစ္စာ "အနန္တ" ဟူ၍ မည်သည့်အခါမျှ မပျက်သုဉ်း၊ မကုန်ဆုံးနိုင်သော "အနန္တ" (၂)မျိုးရှိပါသည်။

အာသဝ

အာသဝဟူသည် ယစ်မူးဒေါသဖြစ်ပွါလုပ်ဟုတ်သော သဘောဖြစ်ပါသည်။ ပုထုဇဉ်တို့သည် အရူးနှင့်တူကုန်၏ဟူ၍ ဆိုကြပါသည်။ အရူးတို့သည် ထင်မိထင်ရာ ထင်တတ်ကြကုန်၏။ အကောင်းဟုလည်း ကောင်းဟူ၍ လည်းကောင်း၊ ပကောင်းကိုလည်း အကောင်းဟူ၍လည်းကောင်း ထင်တတ်ကြကုန်၏။ အာသဝပဓာနုးများဝည် ဒေးရူးဆေးသဖွယ်ဖြစ်၍ ပုထုဇဉ်တို့သည် အရူးဆေးကို သောက်သုံးပြီး ရူးနေကြသူများသဖွယ် ဖြစ်ကြပါသည်။ ထို့ကြောင့် ဒုက္ခကို ထူဒေခနေဖြင့် လှုံ့ခုံကြပါသည်။ မဖန်တီးနိုင်သည်ကို ဖန်တီးနိုင်သည့်အနေဖြင့် သုံးပြီကြပါသည်။ အမှားကို အမှန်အနေဖြင့် မြင်ကြပါသည်။ ဤသို့လျှင် ပုထုဇဉ်တို့သည် အာသဝတရားများဖြင့် မလိုချင်ဆင်ပါလျက် လိုချင်ကြ၏။ အဆိုးမရှိနိုင်ပါပဲလျက် အဆိုးရဖအောင် ကြိုးပမ်းကြ၏။ မှားနေမကြောင်း ထောက်ပြခြင်း ခံရပါသူကို အမှန်အနေဖြင့် ဇွတ်ကြမ်းကြ၏။ ဤသဘောများမှာ အာသဝတရားများ၏ စွမ်းဆောင်ချက်များ ဖြစ်ကြပါသည်။

အာသဝတရားများ၏ တရားကိုယ်မှာ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ ဖြစ်ကြပါသည်။ ယင်းအာသဝတရားများသည် ဘုံအားဖြင့် ဘဝဂ်တိုင်အောင်၊ မမှအားဖြင့် ဂေါတြဘူတိုင်အောင် အာရုံနှင့်သန္ဓာန် နှစ်ရပ်အပေါ်၌ ယစ်မူးအောင် ရူးအောင် ပြုလုပ်ကြပါသည်။ အာရုံပိုင်းအနေအားဖြင့်

လောဘကလည်း ထိုထိုမလိုချင်သင့်သော အာရုံတို့ဌ် လိုချင်ဖွယ်အဖြစ် ယစ်မှုးအောင်၊ ရူးအောင်လုပ်ပါသည်။ ဒိဋ္ဌိကသည်း ထိုထိုအနှစ်မဲ့အာရုံတို့ဌ် အမြုတေရတနာအဖြစ် ယစ်မှုးအောင်၊ ရူးအောင် ပြုလုပ်ပါသည်။ မောဟကလည်း ထိုထိုအမှားအာရုံတို့ဌ် အမှန်တရားအဖြစ် ယစ်မှုးအောင် ရူးအောင် ပြုလုပ်ပါသည်။ အာရုံပိုင်းဆိုင်ရာဌ်သားမက သန္တာန်ပိုင်းအနေအားဖြင့်လည်း ထိုထိုပုဂ္ဂိုလ်တို့ဆိုသန္တာန်ဌ် ဗီဇသတ္တိသဘောဓာတ်ရ မလိုချင်သင့်သောအာရုံဌ်ပင် လိုချင်သူဒုဿီ၊ မိမိကိုယ်ကို စိုးပိုင်သူအဖြစ်၊ မိမိကိုယ်ကို သစ္စာရှင်အဖြစ် ယစ်မှုးအောင်၊ ရူးအောင် ပြုလုပ်ကြပါသည်။ ထို့ကြောင့်ယစ်မှုးအောင်၊ ရူးအောင်ပြုလုပ်ရာဌ် လောဘကလည်း လောဘဇဉ်ဟုတ်၊ ဒိဋ္ဌိကလည်း ဒိဋ္ဌိဇဉ်လျှင်၊ မောဟကလည်း မောဟအဇ္ဇသတ်၊ ဆာရုံပိုင်းနှင့် သန္တာန်ပိုင်း နှစ်ရပ်အပေါ်ဌ် လောဘရည်မျှား၊ ဒိဋ္ဌိရည်မျှား၊ မောဟရည်မျှားကို ပက်ဖျန်းကြပါသည်။ သို့ဖြစ်၍သာ မလိုချင်သင့်သောအာရုံဌ် လိုချင်စရာနှင့် လိုချင်သူအဖြစ်၊ အနှစ်သာရမဲ့သော အာရုံဌ် အမြုတေရတနာနှင့် စိုးပိုင်သူအဖြစ်၊ မှား ယွင်းသော အာရုံဌ် အမှန်တရားနှင့်သစ္စာရှင်အဖြစ် လိုက်လျောညီထွေထင်မှတ်နေ[illegible]ဖြစ်ပါသည်။ ဤအာယတနများကိုသည် ဘုံအားဖြင့် ဘဝဂ်တိုင်းဟောင်း ယုထိုအာရုံပိုင်းဌဲ့ ဧမွှအားဖြင့် ဂေါတြဘူဝုပ်ိုင်အောင် ထိုးဆိုသွန်သင်ပုံနှိုင်းဌဲ့ အာသဝေအဆင့်ဆင့်အားဖြင့် ဖြစ်စေ၊ ပဒေယျဌာန အဆင့်အနေဖြင့်ဖြစ်စေ၊ ဝိဘင်္ဂအဆင့်အနေဖြင့်ဖြစ်စေ လောဘရည်၊ ဒိဋ္ဌိရည်၊ မောဟရည်များကို ပက်ဖျန်းလျက် ယစ်မှုးအောင်၊ ရူးအောင် ပြုလုပ်နေကြပါသည်။

သြဃ

သြဃဟူသည် ရေအလုံးဉသဖွယ်ဖြစ်သော သဘောဖြစ်ပါသည်။ သံသရာသည် မဟာသမုဒ္ဒရာ ရေပင်ကျယ်သဖွယ်ဖြစ်လျှင် သြဃအာသဝေများသည် ရဂသော ဇလာဘ၊ ဒိဋ္ဌိ၊ မောဟတို့သည် ရေအလုံးဉသဖွယ်ဖြစ်လာကြပါသည်။ ရေအလုံးဉတို့သဘောသည် ဖောက်သိုသော စုန်ကဝ်ပါသဉ်။ ထို့အပြင် နှစ်လည်းနှစ်မြုပ်တတ်ပါသည်။သို့ဖြစ်၍ ရေအလုံးနှင့်တူသော

သြဃတရားတို့သည် ထိုထိုပုဂ္ဂိုလ်တို့ကို သံသရာ၏ အဆန်ဘက်ဖြစ်သော လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့သို့ မရောက်နိုင်အောင် အောက်ဘက်သို့သာ ဆွဲဆောင်သွားကြပါသည်။ အောက်ဘက်ဆိုသည်မှာ အပါယ်လေးဘုံ ဖြစ်ပါသည်။ ဤသည်မှာ သံသရာရေပြင်ကျယ်၌ ကျင်လည်နေရစဉ် ကာလအတွင်းဖြစ်ပါသည်။ ထိုထိုပုဂ္ဂိုလ်တို့သည် သံသရာရေပြင်ကျယ်၌ ကျင်လည်နေရစဉ်ကာလအတွင်း ဤသြဃတရားများကြောင့် အဆန်ဘက်ဖြစ်သည့် လူဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝတို့၌ ဖြစ်ရန်ခဲယဉ်းပြီး အစုန်ဘက်ဖြစ်သည့် အပါယ်လေးပါးတို့၌ ဖြစ်ရန်လွယ်ကူခြင်း ဖြစ်ပါသည်။ ဤသည်မှာ အောက်ဘက်သို့သာ စုန်တတ်သော သြဃတရားတို့၏ စွမ်းဆောင်မှုကြောင့် ဖြစ်ပါသည်။

ထိုထိုပုဂ္ဂိုလ်ဖို့သည် သံသရာမှလွတ်မြောက်ရန် ကြိုးစားကြပါသည်။ သံသရာရေအလယ်ဗဟိုကြမှ ကြည်းကုန်းတည်းဟူသော နိဗ္ဗာန်သောင်ကမ်းပေါ်သို့ တက်လှမ်းရန် ကြိုးပမ်းကြပါသည်။ ထိုအခါ ဝဲသြဃရေအလျဉ်သည် ထိုပုဂ္ဂိုလ်များကို သံသရာရေပြင်ကျယ်၌ စုပ်စုပ်မြုပ်အောင် နှစ်မြုပ်တတ်ပါသည်။ စုပ်စုပ်မြုပ်အောင် နှစ်မြုပ်တတ်သော ဝဲသြဃရေအလျဉ်မှ နိဗ္ဗာန်သောင်ကမ်းပေါ်သို့ ရောက်အောင် တက်လှမ်းရန် ကြိုးပမ်းရသည်ကား လွယ်ကူသောအလုပ် မဟုတ်ပါခြေ။

သုံးဆယ့်တဘုံတည်းဟူသော မဟာသမုဒ္ဒရာရေပြင်ကျယ်၌ ကျွန်ုပ်တို့သည် မဂ္ဂင်ဖောင်ဖြင့် နိဗ္ဗာန်သောင်ကမ်းပေါ်သို့ တက်လှမ်းနိုင်ရန် လှော်ခတ်နေကြစဉ် ဝဲသြဃများ၏ စုပ်ယူခြင်းကို မလွဲသာ မရှောင်သာ ခံကြရပါသည်။ ဝဲသြဃ၏ စုပ်ယူအားသန်ရာဌာန၌ မဂ္ဂင်ဖောင်သည် ပျက်စီး၍ နစ်မြုပ်သွားတတ်ပါသည်။ ဝဲသြဃ၏ စုပ်ယူအားမသန်ရာဌာန၌သာ မဂ္ဂင်ဖောင်သည် မပျက်စီး မနစ်မြုပ်ပဲ လှော်ခတ်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ဖနရာဌာနသည် ဝဲသြဃ၏ စုပ်ယူအား နည်းပါးရာဖြစ်ဖို့လည်း လိုပါသည်။ မဂ္ဂင်ဖောင် ခိုင်ခံ့ဖို့လည်း လိုပါသည်။ ဝဲသြဃ၏ စုပ်ယူအားနည်းပါးရာဌာနသည် လူ့ဘုံ၊နတ်ဘုံ၊ဗြဟ္မာဘုံဖြစ်ပါ

သည်။ မဂ္ဂင်ဖောင် ခိုင်ခံ့မှုသည် ဝိပဿနာပွားများမှု ဖြစ်ပါသည်။ ဒါန၊ သီလ စသော သာမန် လောကီကုသိုလ်များဖြင့် တည်ဆောက်သော မဂ္ဂင်ဖောင်သည် မခိုင်ခံ့သဖြင့် ဝဲသြဃ ရေအလျဉ်၌ ပျက်စီး၍ နစ်မြုပ် တတ်ပါသည်။ ဌပဿနာ ကုသိုလ်များဖြင့် တည်ဆောက်သော မဂ္ဂင် ဖောင်သည်သာ ခိုင်ခံ့၍ ဝဲသြဃ ရေအလျဉ်၌ မပျက်စီးပဲ နိဗ္ဗာန် သောင်ကမ်းအရောက် လှော်ခတ်နိုင်မည်ဖြစ်ပါသည်။

သုံးဆယ့်ဝဘုံသုံးခဲ့ အပြောကျယ်သည့်မ ာသမုဒ္ဒရာ ဖြစ်ပါသည်။ မဟာသမုဒ္ဒရုန်၌ လောဘ၊ဒိဋ္ဌိ၊ မောဟတို့သည် ပြင်းထန်သော လှိုင်း တံပိုးများ၊ ဝေဖန်းကြောင်းများ၊ ရေစုပ်ဝဲများ၊ ရေအလျဉ်များ ဖြစ်ကြပါ သည်။ ထိုလှိုင်းတံပိုးများ၊ ရေစီးကြောင်းများ၊ရေစုပ်ဝဲများ၊ ရေအလျဉ် များကို ကြံ့ကြံ့ ခံနိုင်ရန် ခိုင်ခံ့သော မဂ္ဂင်ဖောင်ကို တည်ဆောက်ဖို့ လိုအပ်ပါသည်။ ခိုင်ခံ့သော မဂ္ဂင်ဖောင်သာ မရှိပါက လူ့ဘဝသည် ပြင်းထန်သော လှိုင်းတံပိုးတို့၏အကြား ရေစီးကြောင်းအဘိုင်း ရေအလျဉ် ဒီးလိုက် ပေမျောပါ၍ ရေစုပ်ဝဲများ၏ ဖောက်ခွဲခြင်း နစ်မြုပ်သွားခြင်း ပျက်စီး သွားမည်ဖြစ်ပါသည်။ သုတဒါ လူ့ဘဝကို ပြန်လည်တည်ဆောက်ရန် ဒုလ္လဘတရားအနေဖြင့် မှားယွင်း ကင်းဝေးခြင်း ဖြစ်ပါသည်။

လောကုတ္တရာမဂ္ဂင်ဖောင်မှ သံသရာကို သုံးသပ်ပါလျှင် ဤလောကဋ္ဌ သိစရာအာရုံ၊ သိဖွယ်ဝတ္ထု၊ သိစိတ်ဟူ၍ သုံးပါးရှိပါသည်။ ထိုသုံးမျိုးတို့ တွင် သိစဉ်အာရုံများသည် ဘုံသုံးပါးဌာနဖြစ်သော အာရုံငါးဆိုရောတရား များဖြစ်ပါသည်။ သိစိတ်များသည် ဓါတုပြားဝိုးဖောင်သော သန္တာန် ပိုင်းဆိုင်ရာ အာရုံမဂ္ဂင်ကာရများ ဖြစ်ပါသည်။ သိတတ်သူများသည် ပုဂ္ဂိုလ်သဘော၊ သတ္တဝါသဘောအရ အနုသယာဇာဆိုဖွယ် ကြွယ်တရားများ ဖြစ်ကြပါသည်။ ထိုကြွယ်တရားများသည် ဓာ ပိုင်းဆိုင်ရာနှင့် သန္တာန် ပိုင်းဆိုင်ရာ နှစ်မျိုးခွဲခြံ ဖော်ထုတ်သင့်သော၊ ဥပမာပြုပဲတင်ဖော်ပြသင့်များ ဘုန်းအောင်းနေအောင် ပိတ်သပ်ပို၊ ဆောအရ ဝှက်ဖွင်းဟတ်ပါ ည်။ သို့ ဖြစ်၍သာ ဘုံသုံးပါးဝန်ဝင် အမြင့်ဆုံးဘုံဖြစ်သော ဗြဟ္မာဘုံရှိ အာရုံတရား

များသည်လည်း နှစ်မြုပ်တတ်ကြပါသည်။သိစိတ် (ဇော) တရားများတွင် အမြင့်ဆုံးဖြစ်သော ဂေါတြဘူသိစိတ်သည်ပင် ပုထုဇဉ်တို့၏ သန္တာန်၌ ဖြစ်ဆဲဖြစ်၍ အနုသယအာဆင့်သြဃကို သမုစ္ဆေဒပဟာန်ဖြင့် မြစ်ပြတ်ပယ်နိုင်ခြင်းမရှိသောကြောင့် နှစ်မြုပ်တတ်သည့် သဘောရှိသေးသည်ဟူ၍ပင် ဆိုအပ်ပါသည်။ ဤသို့လျှင် သြဃတရားများသည် ဘုံအာဒီးဖြင့် ဘဝင် တိုင်အောင် ဓမ္မအာဒီးဖြင့် ဂေါတြဘူတိုင်အောင် နှစ်မြုပ်တတ်ပါသည်။

ယောဂ

ယောဂဟူသည် ယှဉ်ကပ်ပေးတတ်သော တရားများ ဖြစ်ပါသည်။ ယင်း ယောဂတရားများသည် သတ္တဝါများကို သံသရာဝဋ်ဆင်းရဲ၌ ယှဉ်ကပ်ပေးတတ်ပါသည်။ သတ္တဝါများကို သံသရာဝဋ်ဆင်းရဲ၌ ယှဉ်ကပ်ပေးရာတွင် ကံနှင့် ကံ၏အကျိုးတို့ ပြတ်ထွက်မသွားအောင် ယှဉ်ကပ်ပေးမှု၊ ဘဝတခုနှင့် ဘဝတခု ပြတ်ထွက်မသွားအောင် ယှဉ်ကပ်ပေးမှု၊ အာရုံနှင့်သန္တာန်တို့ ပြတ်ထွက်မသွားအောင် ယှဉ်ကပ်ပေးမှု၊ သတ္တဝါနှင့် သံသရာစက်ဝိဟတ်တို့ ပြတ်ထွက်မသွားအောင် ယှဉ်ကပ်ပေးမှုတို့ ပါဝင်ပါသည်။ ယောဂတရားများက ထိုသို့ယှဉ်ကပ် ပေးထားသဖြင့်သာ သတ္တဝါများသည် သံသရာဝဋ်ဆင်းရဲမှ လွတ်ထွက်သွားခြင်းမရှိပဲ အမြဲတစေ ကျင်လည်နေကြရခြင်း ဖြစ်ပါသည်။

ယောဂတရား၏ တရားကိုယ်မှာ လောဘ၊ ဒိဋ္ဌိ၊ မောဟတို့ပင် ဖြစ်ပါသည်။ ယောဂတရားများသည် လောဘသဘောဖြင့် အာရုံကိုလည်း လိုချင်ဖွယ်ဖြစ်အောင်၊ သန္တာန်ကိုလည်း လိုချင်သူဖြစ်အောင် ပြုလုပ်၍ ယှဉ်ကပ်ပေးပါသည်။ ဒိဋ္ဌိသဘောဖြင့် အာရုံကိုလည်း အမြဲတရတနာ ဖြစ်အောင်၊ သန္တာန်ကိုလည်း စိုးပိုင်သူဖြစ်အောင် ပြုလုပ်၍ ယှဉ်ကပ်ပေးပါသည်။ မောဟသဘောဖြင့် အာရုံကိုလည်း အမှန်တရားသဖွယ် ဖြစ်အောင်၊ သန္တာန်ကိုလည်း သစ္စာရှင်ဖြစ်အောင် ယှဉ်ကပ်ပေးပါသည်။

ယှဉ်ကပ်ပေးခြင်းသည် (၂)မျိုးရှိပါသည်။ ယှဉ်ကပ်ရာအရာဝတ္ထု များကို ယှဉ်ကပ်ပြီးနောက် ပြန်၍ခဲ့မရသော ယှဉ်ကပ်နှင့် ပြန်၍ခဲ့ရသော ယှဉ်ကပ်မှုတို့ ဖြစ်ပါသည်။ ပြန်၍ခဲ့ရသော ယှဉ်ကပ်မှုကို "သမဝါယ" ဟု ခေါ်ပါသည်။ ပြန်၍ခဲ့ရသောယှဉ်ကပ်မှုကို "သယောဂ" ဟု ခေါ်ပါသည်။ သမဝါယယှဉ်ကပ်မှုသည် ဓမ္မသစ်ပေါင်းကို ဖြစ်စေပြီး သံယောဂယှဉ်ကပ်မှုသည် ဓမ္မသစ်တခုကို ဖြစ်စေနိုင်ခြင်းမရှိပါ။ ခန္ဓာငါးပါးကို ဤယောဂဘရားများက ယှဉ်ကပ်ပေးရာတွင် "ငါ" ဟူသော ဓမ္မသစ်တခုထွက်ပေါ်ခဲ့ပါသည်။ ဤ "ငါ" ဟူသော ဓမ္မသစ်တခုသည် မူလခန္ဓာငါးပါးဉ် မပျောင်ပဲ ယှဉ်ကပ်မှုကို အခြေခြင်း၍ နောက်မှထွက်ပေါ်လာသည့် ဓမ္မသင်းဖြစ်ပါသည်။ ယင်းခမ္မသစ်ကို ပဋ္ဌေဝါဟာရဖြင့် "အတ္တ" ဟူ၍ ခေါ်ကြပါသည်။ ဤသည်မှာ ဗုဒ္ဓဝါဒအရ ဖြစ်ပါသည်။

ဗုဒ္ဓဝါဒအရ အတ္တသည် နောက်ကိုးတရားဖြစ်ပါသည်။ လောက၏ အခြေခံအုတ်မြစ်လည်း ဖြစ်ပါသည်။ အခြေခံအုတ်မြစ်ပေါ်၌ ဟည်၍ လောကကို သခါရဘရားများဖြင့် ဟည်ဆောက်ထားခြင်း ဖြစ်ပါသည့် လောကကို ဖျက်ဆီးရန် ဘိုးပမ်းသောအခါ အခြေခံအုတ်မြစ်ဖြစ်သော အတ္တကိုပါ အပြီးတိုင် ဖျက်ဆီးရပါသည်၊ ထိုအခါ လောကသည် ချုပ်ငြိမ်း၍ နိဗ္ဗာန်လား ထင်ရှားလာပါသည်။ အတ္တဖျက်သိမ်းရေးနှင့် ပတ်သက်၍ ပုဗ္ဗဘာဒ်၌ ဤသို့ ဖော်ပြထားပါသည်—

နေတံ မမ	ငါ၏ ဥဒ္ဓာမဟုတ်
နေသောဟံ	ငါမဟုတ်
န မေသော အတ္တာ	ငါ၏ အတ္တာမဟုတ်

ဗုဒ္ဓခေတ် မဝိုင်မိကာလ-ကမ္မ အရာရုပဝိုင်းကို အတ္တာဖြင့် တိုင်းတာခဲ့ပါသည်။ ထိုခေတ်အယူဝါဒအရ အတ္တာသည် နောက်ကိုးတရားသစ်မဟုတ်ပဲ မူလတရား ဖြစ်ပါသည်။ အရုပဝိုင်းကို အတ္တာအဖြစ် အခြေခံ၍ တည်ဆောက်ပါသည်။ လောကရှိ အရာရာတိုင်း ပျက်စီးသွား

သောအခါ အတ္တသည် အမြဲတေအဖြစ် ကျန်ရစ်ပါသည်။ ထိုအခါ အတ္တသည်လည်း တခုတည်းသော အတ္တ (ပြဟ္မာ) ဖြစ်လာခဲ့ပါသည်။ ပြဟ္မာကိုပင် "ပရမ အတ္တ" ဟူ၍လည်း ခေါ်ပါသည်။ ထို့ကြောင့် အတ္တသည်သာ စစ်မှန်သော အမြဲတေရှတနာ၊ စင်မှန်သော သစ္စာတရား၊ စစ်မှန်သော အသိတရား၊ စစ်မှန်သော အလှန့် စစ်မှန်သောအရှိတရား ဖြစ်ပါသည်။ လောကအနေဖြင့်လည်း အမြဲတေရှတနာ ဖြစ်ပါသည်။ သို့ရာတွင် လောက၏ အမြဲတေရှတနာကား လောကပိုင်မဟုတ်၊ အတ္တထံမှ ဧတ္တ ချေးငှားထားသော အမြဲတေရှတနာ ဖြစ်ပါသည်။ လောကအနေဖြင့်လည်း သစ္စာတရား ဖြစ်ပါသည်။ သို့ရာတွင် လောက၏သစ္စာကား လောကပိုင် မဟုတ်။ အတ္တထံမှ ဧတ္တ ချေးငှားထားသော သစ္စာ ဖြစ်ပါသည်။ လောကအနေဖြင့်လည်း သိပါသည်။ သို့ရာတွင် လောက၏ အသိကား လောကပိုင်မဟုတ်။ အတ္တထံမှ ဧတ္တချေးငှား၍သိသော အသိတရား ဖြစ်ပါသည်။ လောကအနေဖြင့်လည်း လှပါသည်။ သို့ရာတွင် လောက၏အလှကား လောကပိုင်မဟုတ်။ အတ္တထံမှ ဧတ္တချေးငှား၍ လှသော အလှဖြစ်ပါသည်။ လောကအနေဖြင့်လည်း ရှိပါသည်။ သို့ရာတွင် လောက၏အရှိကား လောကပိုင်မဟုတ်။ အတ္တထံမှ ဧတ္တချေးငှား၍ ရှိသော အရှိတရား ဖြစ်ပါသည်။ ဤသို့လျှင် လောကနှင့်တကွ လောကရှိ အရာရာတိုင်းကို အတ္တဖြင့် တွက်ချက်၍ တန်ဖိုးဖြတ်ကြပါသည်။ ဥပနိသဒ် ကျမ်းများ၌ အတ္တနှင့်ပတ်သက်၍ ဤသို့ ဖေါ်ပြထားပါသည်—

တေ မမ = ငါ၏ ဥစ္စာ

သောဟံ = ငါ

သေဝံ မေ အတ္တာ = ငါ၏ အတ္တ

ဗုဒ္ဓဓေတ် မင်္ဂုံမိကာလ-က လောက၏ အမြဲတ်ဆုံး "စံ" အဖြစ် သတ်မှတ်ပြီး အမြဲတ်တနိုး တန်ဖိုးထားခြင်းခံရသော အထက်ပါတရား (၃)မျိုးကို ဗုဒ္ဓဓေတ်ဘုံမှ အယုတ်ဆုံး "ယောဂ" အဖြစ် သတ်မှတ်ပြီး ဖျက်သိမ်းရန် အားထုတ်ကြပါသည်။ ဤသည်မှာ ဓေတ် (၂)ဓေတ်၏ အမြင်ရေးရာ ခြားနားမှု ဖြစ်ပါသည်။

၈၆၆

ဂန္ဓ-ဟူသည် ထုံဖွဲ့ပေးတတ်သော တဆားများဖြစ်၏။ အတိတ်နှင့် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်နှင့်အနာဂတ် နာမ်ရုပ်တရားများကို တခုနှင့်တခု သံကွင်းဆက်သကဲ့သို့ မပြတ်အောင်တုံးဖွဲ့ပေးတတ်၏။ ဤဂန္ဓတရားများကြောင့် စုတိနောက် ပဋိသန္ဓေ၊ ပဋိသန္ဓေနောက် စုတ်ဟူ၍ ဘဝချင်း ဆက်ကာ ဆက်ကာ တုံးဖွဲ့ကြရခြင်းဖြစ်၏။ ထို့ကြောင့်လည်း ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် အကန့်လိုက် အကန့်လိုက် ပြတ်ထွက်ခြင်းမဲ့ပဲ အမြဲတစေ လည်ပတ်နေခြင်းဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်တွင် ကွင်းဆက်တခု ပြုတ်ထွက်သွားသည်နှင့် တပြိုင်နက် ယင်း စက်ရဟတ်ရပ်တန့်၍ လောကသည် ချုပ်ငြိမ်းသွားမည် ဖြစ်ပါသည်။ ထို့ကြောင့် လောကမှ ထွက်မြောက်လိုပါလျှင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ ကွင်းဆက်များကို ဖြုတ်ပစ်ရန်လိုအပ်ပါသည်။

ပဋိစ္စသမုပ္ပါဒ်စက်ရဟတ် ဘွင်း ဖြုတ်ပစ်ရန် လွယ်ကူသော အထုံးအဆက် (၃)နေရာ ရှိပါသည်။ ထို (၃)နေရာကဲ့ ကျမ်းနှမျောင်ခဲ့ တိသန္ဓိ (ဒုဆင့်သုံးခု) ဟု ဆိုပါသည်။ ထိုအဆက် (၃)နေရာ ဟူသည်—

(၁) အာကိဉ်ဉာဏ်ကြောင်း တရားစုနှင့် ပစ္စုပ္ပန်အကျိုး တရားစုတို့ ဆက်ရက်ရှာနထုခု၊

(၂) ပစ္စုပ္ပန်အကျိုး တရားစုနှင့် ပဉ္စုပ္ပန်အကြောင်း တရားစုတို့ ဆက်ဆက်ရှာနတခု၊

(၃) ပစ္စုပ္ပန်အကြောင်း တရားငုနှင့် အနာဂတ်အကျိုး တရားစုတို့ ဆက်နွှာရှာနဒုခု–

စုစုပေါင်း ဆက်ရာ (၃)ရှာနှ ရှိပါသည်။ ယင်း ဆက်ရာ ၃ရှုနှမျောင်းကို ကျမ်းဂန်များ၌—

(၁) သခါရ (အတိတ်အကြောင်း) နှင့် ဝိညာဏ် (ပဋိသန္ဓေအကျိုး) တို့၏ ဆက်ရာရှာနှ၊

(၂) ဓဝဒနာ (ပစ္စုပ္ပန်အကျိုး) နှင့် ဝေဒနာ (ပစ္စုပ္ပန်အကြောင်း) တို့၏ ဆက်ရာဌာန၊

(၃) ဘဝ (ပစ္စုပ္ပန်အကြောင်း) နှင့် ဇာတိ (အနာဂတ်အကျိုး) တို့၏ ဆက်ရာဌာနဟူ၍–

ဆိုပါသည်။ ဤဆက်ရာဌာနများသည် ဂန္ထတရားများကြောင့် ထုံးဆက်နေခြင်းဖြစ်ပါသည်။ ယင်း ဩထုံးအဆက်များကို တဒင်္ဂရာဇမဟု ဖြဖြုတ်လိုက်ပါလျှင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သည် ရပ်တန့်သွားမည်ဖြစ်ပါသည်။ လောကသည် ချုပ်ငြိမ်းသွားမည်ဖြစ်ပါသည်။

ဂန္ထဟူသောများ၏ တရားကိုယ်မှာ အဘိဇ္ဈာ (လောဘ)၊ ဗျာပါဒ (ဒေါသ) သီလဗ္ဗတပရာမာသနှင့် ဣဒံသစ္စာဘိနိဝေသ (ဒိဋ္ဌိ)တို့ဖြစ်ပါသည်။ သတ္တဝါတို့ဝင်းတွင် ဗီဇသတ္တိအနေဖြင့် ရှယ်လိုမှုသဘောရှိပါသည်။ ယင်းသဘောကို အဘိဇ္ဈာခေါ်ပါသည်။ ရှယ်လိုမှုသဘောအတိုင်း ရှယ်ရန် အားထုတ်ပါလျက် မရှိခြေအခါ ဧကျွန်ုပ်မှုသဘောရှိပါသည်။ ယင်းသဘောကို ဗျာပါဒခေါ်ပါသည်။ သတ္တဝါတို့ဝင်းတွင် ဗီဇသတ္တိသဘောအရ မိမိနှင့်သူတပါး ခွဲခြားပြီး သုံးသပ်တတ်သော အလေ့နှင့် အကျင့်ရှိပါသည်။ မိမိနှင့် တသားတည်းထပ်တူမပြုနိုင်သော သဘောဖြစ်ပါသည်။ ယင်းသဘောကို "နှားအလေ့၊ နှားအကျင့်၊ ခွေးအလေ့၊ ခွေးအကျင့်" ဟူ၍ ကျမ်းဂန်များ၌ သုံးနှုန်းလိုသည်။ နှားများ၊ ခွေးများသည် သူတားတက်သားကို မိမိနှင့်ထပ်တူ တသားတည်းမပြုနိုင်သဖြင့် သူတပါး ဟူ၍ မြင်တတ်သောသဘောကို "နှားအလေ့၊ နှားအကျင့်၊ ခွေးအလေ့၊ ခွေးအကျင့်" ဟူ၍ ဖေါ်ခြင်းဖြစ်ပါသည်။ ပဋိဝေါဟာရဖြင့် ယင်းသဘောကို သီလဗ္ဗတ ပရာမာသ ဟူ၍ ဖေါ်ပါသည်။ သူတပါးအနေဖြင့် မြင်သောအခါ မိမိဘက်ကို အကောင်း၊ အမှန်၊ သူတပါးဘက်ကို အဆိုး၊ အမှား ဟူ၍ နှုံးသွင်းပါသည်။ အကယ်၍ မိမိဘက်ကမှားပြီး သူတပါးဘက်ကမှန်နေစေကာမူ မိမိဘက်ကိုလျှော့ပေါ်ကျသွားပြီး ဖြည့်စွက်ကာသုံးသပ်၍ သူတပါးဘက်ကိုမူ မပြုံစုံသေးသူအဖြစ် နုတ်ပယ် သုံးသပ်ပါသည်။

ငါ့ဘက်က အမှန်၊ သူဘက်က အမှားဟူသော သဘော ဖြစ်ပါသည်။ ယင်းသဘောကို ပါဠိဝေါဟာရဖြင့် ဣဒမေဝ သစ္စံ(ငါ့ဘက်ကအမှန်)၊ မောဃမညံ(သူဘက်ကအမှား)ဟူသော သက်ဝင်ယုံကြည်မှုကို ခေါ်ပါသည်။ကျွှေသည်မှာ ပုထုဇဉ်တို့၏သဘာဝကိုမှီ၍ ဆိုသောအဆိုဖြစ်ပါသည်။ ကျင့်စဉ်အနှောင့်ယှက်မှု မဂ္ဂင်ရှစ်ပါးမပါဝင်သော အကျင့်ဘွဲ့သမျှကို သီလ-ဗ္ဗတပရာမာသကျင့်စဉ်များဟူ၍ မဟာစည် ဆရာတော်ကြီးက ပဋိစ္စ-သမုပ္ပါဒ်တရားဘော်၌ ဖော်ပြထားပါသည်။

ကိုဂန္ဓာရား လေးမျိုး၊ တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ ဒိဋ္ဌိ တို့သာလျှင် လိုချင်မှုသဘော (လောဘ)၊ မရလျှင် မကျေနပ်သည့်သဘော (ဒေါသ)၊ မိုက်နှင့်ထပ်တူမပြုနိုင်ပဲ သူတစ်ပါးအနေဖြင့် ခွဲခြားသည့် သဘော(ဒိဋ္ဌိ)၊ မိမိဘက်ကိုညွှန်၍ သူ့ဘက်ကိုနှာစေသည့်သဘော(ဒိဋ္ဌိ) တို့ဖြင့် သတ္တဝါတို့၏ သန္တာန်၌ အစဉ်အမြဲကိန်းနေကြပါသည်။ ဤသို့ကိန်းနေကြသဖြင့်လည်း ပဋိသန္ဓေနှင့်စုတိ၊ စုတိနှင့်ပဋိသန္ဓေဟူ၍ သံကွင်းဆက်ပမာ ထုံးဖွဲ့ကာ ဤဘဝမှထိုဘဝသို့ ကျင်လည်ကျက်စားနေပြု သွားနေရခြင်း ဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်သည် ကွင်းဆက်မပြတ်ဝဲတနုစပ်လည်ပတ်နေရခြင်း ဖြစ်ပါသည်။

ဥပါဒါန်

ဖားကို မြွေကဖမ်းသောအခါ မလွတ်ပဲ စွဲစွဲမြဲမြဲ ဖမ်းယူထားသကဲ့သို့ မိမိ၏ဆိုင်ရာ အာရုံဘို့ကို စွဲစွဲမြဲမြဲ ယူဇက်ခေါ်သောတရားသည် ဥပါဒါန်မည်ပါသည်။ ယင်းဥပါဒါန်ကို ဖော်ပြခြင်းဟူ၍လည်း ဆိုကြပါသည်။ ဥပါဒါန်တရားများတွင် ကျန်ပိတ်သိသည် ကာလအားဖြင့် လည်း အပိုင်းပိုင်း၊ ပေသအားဖြင့်လည်း အပိုင်းပိုင်း၊ ကိစ္စအားဖြင့်လည်း အပိုင်းပိုင်း၊ အာရုံအားဖြင့်လည်း အပိုင်းပိုင်းဖြစ်ကြသော ပရမတ္ထတရား များကို တခုတည်းကနေဖြင့် ခြင်္ဂဒေါကြည့်ပါသည်။ ဘုံဘဝအခဲ့ မဟုတ်ပါပဲ ယုတ်လျော့ဘဝအနေဖြင့် မြင်နေကြခြင်း ဖြစ်ပါသည်။ သတ္တဝါမဟုတ်ပါပဲ ယုတ်လျော့အနေဖြင့် ခြင်္ဂဒေါကြခြင်းဖြစ်ပါသည်။

အရှာင်ထွဋ်မဟုတ်ပါပဲလျက် အရှာထွဋ်အနေဖြင့် မြင်နေကြခြင်းဖြစ်ပါသည်။ ထို့ကဲ့သို့မြင်ခြင်းသောအခါ လူ့ဘုံစရာအာရုံတို့၌လည်း စွဲလမ်းတတ်ပါသည်။ ဤသို့စွဲလမ်းခြင်းသည် ကာမုပါဒါန်ဖြစ်ပါသည်။ အယူဝါဒထို့၌လည်း စွဲလမ်းတတ်ပါသည်။ ဤသို့စွဲလမ်းခြင်းသည် ဒိဋ္ဌုပါဒါန်ဖြစ်ပါသည်။ အလေ့အကျင့်တို့၌လည်း စွဲလမ်းတတ်ပါသည်။ ဤသို့ စွဲလမ်းခြင်းသည် သိလဗ္ဗတုပါဒါန်ဖြစ်ပါသည်။ မိုင်တိုက်ဦးဘုရား(ကားရက) ခံစားတတ်သူ (စေဒက)၊ စိုးပိုင်သူ (သာမီ)၊ အမြဲနေသူ (နိစ္စဝါသီ)၊ အလိုအတိုင်းစွမ်းဆောင်နိုင်သူ (သယံဝသီ) အနေဖြင့်လည်း စွဲလမ်းတတ်ပါသည်။ ဤသို့ စွဲလမ်းခြင်းသည် အတ္တပါဒုပါဒါန်ဖြစ်ပါသည်။ စွဲလမ်းမှုနှင့်ပတ်သက်၍ နာဂါရ်ဇုန-က သူ၏ ဝိဂြဟဗျာဝတ္တနီကုမ်း ဂါထာ(၂၉)၌ ဤသို့ဆိုခဲ့ပါသည်—

ယဒိ ကာစန ပြတိညာ၊ သျာန္နေ တတး ဓေ မေ ဘဝေဒ္ဓေါသး။
နာသ္တိ စ မမ ပြတိညာ၊ တသ္မာ နွေဝါသ္တိ မေ ဒေါသး။

မေ၊ ငါ့အား။ ကာစန တစုံတခုသော။ ပြတိညာ၊ ပဋိညာဉ်သည်။ ယဒိ သျာတ်၊ အာကယ်၍ရှိခဲ့ငြားအံ့။ တတး ဓေ၊ ထိုသို့ရှိခြင်းကြောင့်သာလျှင်။ မေ၊ ငါ့အား။ ဒေါသး၊ အပြစ်သာည်။ ဘဝေတ်၊ ဖြစ်ရာ၏။ မေ၊ ငါ့အား။ ပြတိညာ၊ ပဋိညာဉ်သည်။ နာအ္တိ စ၊ ရှိသည်း ရှိ။ တသ္မာတ်၊ ထို့ကြောင့်။ မေ၊ ငါ့အား။ ဒေါသး၊ အပြစ်သည် နဓ ဓေ အတ္တိ၊ မရှိသည်သာတည်း။

ထို့အပြင် အာရ်ယဒေဝ-ကလည်း သူ၏ စတုသတက သောဋ္ဌသမက္ကဏ္ဍကါဆာ(၂၅)၌ ဤသို့ဆိုခဲ့ပါသည်—

သတ် အသတ် သဒသစ္စေတိ၊ ယသျ ပက္ခော နုပဒျတော။
ဥပါလမ္ဘး စိရေဏာပိ၊ တသျ ဝက္ခုံ နသကျတော။

သတ် စ၊ အရှိ ရားဟုတ်ဇဲဟု၍လည်းကောင်း။ အသတ် စ၊ မရှိတရားဟုတ်၏ဟု၍လည်းကောင်း။ သတ် အသတ် စ၊ ရှိသည်

လည်း ဟုတ်၏၊ မရှိသည်လည်း ဟုတ်၏ဟူ၍လည်းကောင်း။ ဤတို၊ ဤသို့။ ယသျ၊ အကြင်သူအား။ ပကွေ၊ ဘက်လိုက်ခြင်းသည်။ နဝိဒျတေ၊ မရှိ။ တသျ၊ ထိုသူ၏။ ဥပါလမ္ဘး၊ အပြစ်ကို။ ဝတ္တုံ၊ ဆိုခြင်းငှာ။ စိဒၶဏာဝိ၊ ကြာမြင့်စွာကြီးပမ်းစေကာမူ။ နသက္ကုဏာတ၊ မစွမ်းနိုင်ပါခြေ။

ထို့အပြင် စွဲလမ်းမှုနှင့် ပတ်သက်၍ ဂေါဒုပါဒကလည်း သူ၏ ကာရိကာ စတုတ္ထကဏ္ဍ ဂါထာ(၈၃)၌ ဤသို့ဆိုခဲ့ပါသည်–

အတ္ထိ နာတ္ထိ အတ္ထိနာတ္ထိတိ၊ နာတ္ထိနာတ္ထိတိ ဝါ ပုန်း။
စလတ္ထိရောဘယာဘာဝံရာဝွဏောမတျဝ ဗာလိသ်း။

အတ္ထိ၊ အရှိတရား၏။ ဤတို ဝါ၊ ဤသို့လည်းကောင်း။ နာတ္ထိ၊ မရှိတရား၏။ ဤတို ဝါ၊ ဤသို့လည်းကောင်း။ အတ္ထိနာတ္ထိ၊ အရှိကိုလည်း ဟုတ်၏၊ မရှိတရားလည်းဟုတ်၏။ ဤတို ဝါ၊ ဤသို့လည်းကောင်း။ ပုန်း၊ တဖန်။ နှ အတ္ထိနာတ္ထိ၊ အရှိတရားလည်းမဟုတ်၊ မရှိဘရားလည်းမဟုတ်။ ဤတိ ဝါ၊ ဤသို့လည်းကောင်း။ စလတ္ထိရ ဥဘယ အဘာဝေ၊ လှုပ်ရှားခြင်းသဘောတရား(စလ)၊ ကြည်ငြိမ်သောသဘော(ထိရ)၊ နှစ်ပါးစုံသောဘော(ဥဘယ)၊ နှစ်ပါးစုံ မဟုတ်သောသဘော(အဘာဝ)တို့ဖြင့်။ ဗာလိသ်း၊ လူမိုက်သည်။ ပရမတ္ထံ၊ ပရမတ္ထ စွာကို။ အာဝဏောတိ ဝေ၊ ဖုံးကွယ်ထားသည်သာတည်း။

စွဲလမ်းမှုနှင့်ပတ်သက်၍ မဟာယာနဝါဒီများနှင့် ထြာဟ္မဏဝါဒီများက တစုံတခုသောဝါဒ၌ သက်ဝင်ယုံကြည်မှုကိုပင် စွဲလမ်းမှုဟုခေါ်ဆိုကြပါသည်၊ တေရဝါဒ၌မူ ထိုကဲ့သို့သော်မှတ်ခြင်းကို မပြုပါခေ။ တရားကိုဖြစ်စေ၊ ဝါဒကိုဖြစ်စေ၊ ကျင့်ကြံအားထုတ်ဖြစ်စေ တခုခုကို ပန်းတိုင်အဖြစ် သိမ်းပိုက်ခြင်း(ဂဟဏ)ဟုဆိုသော်၊ စွဲလမ်းမှုဟုခေါ်ဆိုနိုင်ပါသည်၊ လမ်းစဉ် သို့ဟုတ် အားပုံးခေါ်ဆိုရိယာအကြောက် အသုံးပြု

ခြင်း(နိဿရဏတ္ထ)ကို စဲလမ်းမှုဥပါဒါန်ဟု သဘ်မှတ်ခြင်းမပြုပေ။ ထေရဝါဒ၌ ပန်းတိုင်သည် တဒင်္ဂနိဗ္ဗာန်ရှိသည်။ ယင်းတခုတည်းသော ပန်းတိုင်သည် ဓလောကဝယ်သာမှ လွတ်မြောက်မှု နိဗ္ဗာန်ဖြစ်ပါသည်။ နိဗ္ဗာန်မှာပါဒေသာ တရားဓမ္မများအားလုံးသည် နိဗ္ဗာန်သို့ဆောက်ရွေ့ လမ်းကြောင်းများ၊ ခရီးစဉ်များ၊ အသုံးအဆောင်ပစ္စည်းများသာ ဖြစ်ပါသည်။ ထို့ကြောင့် နိဗ္ဗာန်တည်းဟူသော ပန်းတိုင်သို့ဆောက်ရေးအတွက် မှန်ကန်သောဝါဒ၊ မှန်ကန်သောအမြင်၊ မှန်ကန်သောတရား၊ မှန်ကန်သောဝတ်ဆင်ယင်ကြသ်မှုကို စဲလမ်းမှုဥပါဒါန်ဟု မသတ်မှတ်ခြင်းဖြစ်ပါသည်။

ဗုဒ္ဓဝါဒအရသည်း ပစ္စည်းဥစ္စာများကို ကြီးစားပမ်းစား ရှာဖွေကြပါ၏။ အတတ်ပညာများကိုလည်း ကြိုးစားပမ်းစား သင်ယူကြပါ၏။ အခြားဝါဒများအရသည်း ပစ္စည်းဥစ္စာများကို ကြိုးစားပမ်းစား ရှာဖွေကြပါ၏။ အတတ်ပညာများကိုလည်း ကြိုးစားပမ်းစား သင်ယူကြပါ၏။ သို့ဆိုတွင် ဗုဒ္ဓဝါဒအရ ပစ္စည်းဥစ္စာများကို မနှောမနှန် ကြိုးစားပမ်းစားရှာဖွေခြင်းသည် မိုးဒအင်္ဂါသ် သမ်းပိုက်ခံစားရန်မဟုတ်၊ လောကအတွက် အသုံးပြုရန်၊ သံသရာမှ လွတ်မြောက်ရေးအတွက် စွန့်လွှတ်လျှော့ပါးရန် ဖြစ်ပါသည်။ ဤကဲ့သို့ရှာဖွေခြင်းနှင့် အသုံးပြုခြင်းကို "မှန်ကန်သော ရှာဖွေခြင်းနှင့် မှန်ကန်သောအသုံးပြုခြင်း" ဟု သတ်မှတ်ပါသည်။ အတတ်ပညာသင်ယူရာ၌လည်း ထို့အတူပင် မိမိဘုံယ်ကို ပညာရှိတရားအဖြစ် အသိအမှတ်ပြုခြင်းကို ခံယူရန်မဟုတ်၊ လောကအတွက် ဖြန့်ဖြူးရန်နှင့် သံသရာမှလွတ်မြောက်ရေးအတွက် လိုက်နာကျင့်သုံးရန်ဖြစ်ပါသည်။ ဤကဲ့သို့ သင်ယူခြင်းနှင့် အသုံးပြုခြင်းကို 'မှန်ကန်သော သင်ယူခြင်းနှင့် အသုံးပြုခြင်း" ဟု သတ်မှတ်ပါသည်။

စံလမ်းမှုနှင့်ပတ်သက်၍ မူလပဏ္ဏာသပါဠိတော်၊ အလဂဒ္ဒူပမသုတ် (၂၀၀)၌ ဤသို့ဟောကြားတော်မူခဲ့ပါသည် --

ကုလ္လုပမော ဒါဂါ ဘိက္ခဝေ မယာ ဓမ္မော ဒေသိတော နိတ္ထရဏတ္ထာယ၊ နော ဂဟဏတ္ထာယ။ ကုလ္လုပမံ ဝေါ ဘိက္ခဝေ ဓမ္မံ ဒေသိတံ အာဇာနန္တေဟိ မွောပိ ပဟာတဗ္ဗာ၊ ပဂေဝ အဓမ္မာ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒါဂါ၊ စင်ကြယ်အားဖြင့်။ မယာ၊ ငါသည်။ ကုလ္လုပမော၊ "ဖောင်" ဥပမာရှိသော။ ဓမ္မော၊ တရားကို။ နိတ္ထရဏတ္ထာယ၊ ထင်ထွာယာ၊ ယံဘာဇ္ဈလူးဝတ်ခြောက်ရေးအတွက် "ဖောင်"သဖွယ် အသုံးပြုခြင်းငှာ။ ဒေသိတော၊ ဟောတော်မူအပ်၏။ ဂဟဏတ္ထာယ၊ မြတ်နိုးတွယ်တာစရာပစ္စည်းအားဖြင့် သိမ်းပိုက်ခြင်းငှာ။ နော ဒေသိတော၊ ဟောတော်မူသည်ပေတည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့အား။ ဒေသိတံ၊ ဟောတော်မူအပ်သော။ ကုလ္လုပမံ၊ ဖောင်သဖွယ်အသုံးပြုအပ်သော။ ဓမ္မံ၊ တရားကို။ အာဇာနန္တေဟိ၊ သိကုန်သော၊ ဂုဏ်ရှိသူတို့သည်။ ဧဝမွောပိ၊ ကုသိုလ်တရားတို့ကိုပင်။ ပဟာတဗ္ဗာ၊ သိမ်းပိုက်ဖယ်းပဲ ပယ်စွန့်အပ်ကုန်၏။ အဓမ္မာ၊ အကုသိုလ်တရားတို့ကို။ ကိမ်ပန ကာ၊ အဘယ်ဆိုဖွယ်ရာရှိကုန်အံ့နည်း။ ပဟာတဗ္ဗာ ဧဝ၊ ပယ်စွန့်အပ်ကုန်သာတည်း။

ပဂ္ဂိုလ် (၃)မျိုး

စံလမ်းမှန်ပါဝါနိန္နဉ်ပက်သက်၍ ကျမ်းဂန်များတွင် ပုဂ္ဂိုလ် (၃)မျိုး ရှိကြောင်း ဖော်ပြထားပါသည်။ ထိုပုဂ္ဂိုလ် (၃)မျိုးတို့မှာ—

(၁) သဒ္ဓါဒိ၊

(၂) ပရဒ္ဓါဒိ၊

(၃) ပိဘတ္တာဒိဿိ ကြွင်ကြောဂါသဉ္ဉီ။

ထို (၃)မျိုးတို့တွင် သဒ္ဓါဒိဆိုသည်မှာ ဂိုဏ်းအဆုံးဝင်၌ ဆိုင်မာစွာ ရပ်တည်ခဲသောပုဂ္ဂိုလ် ကြဲကဲ့ပါ။ သူ့ဘဝသည် ဖုန်းတက်ခဲသော "ဂျပ်ဒါ" ဖြစ်ပါသည်။ ပရဒ္ဓါဒိဆိုသည်မှာ သူ၏အယူဂါဒ၌ ခိုင်မာစွာမရပ်တည်သော

ပုဂ္ဂိုလ်ဖြစ်ပါသည်။ သူ၏ဝါဒသည် မှားယွင်းသော "အမြဝါဒ"ဖြစ်ပါသည်။ ဝိတဏ္ဍဝါဒီဆိုသည်မှာ မည်သည့်ဝါဒ၌မျှ ခိုင်မာစွာရပ်တည်သော ပုဂ္ဂိုလ်မဟုတ်။ သင့်သလို ကြုံသလို ရပ်တည်သူဖြစ်ပါသည်။ သူ၏ဝါဒသည်လည်း ရေရေရာရာ ပြောရဲရဲသောဝါဒမဟုတ်။ ထို့ကြောင့် ကျမ်းဂန်များ၌ ဝါဒရေးရာနှင့်ပတ်သက်၍ ဖွင့်ဆိုကြရာတွင် ဃကဝါဒီနှင့်ပရဝါဒီပုဂ္ဂိုလ် (၂)မျိုးကိုသာ အရေးလုပ်၍ ဖွင့်ဆိုကြပြီး ဝိတဏ္ဍဝါဒီပုဂ္ဂိုလ်မျိုးကိုမူ အရေးလုပ်၍ ဖွင့်ဆိုရန်မလိုအပ်ဟု ပုဂ္ဂိုလ်အဖြစ် ဖော်ပြကြပါသည်။ စဲလမ်းမှုဥပါဒါန်နှင့်ပတ်သက်၍ နာဂါရ်ဇုန၊ အာရျဒေဝ၊ ဂေါဒ-ပါဒတို့ကို လေ့ဝါဒအရ ဝိတဏ္ဍဝါဒီများအဖြစ် သတ်မှတ်ကြပါသည်။

ဥပါဒါနပစ္စယာ ဘဝေါ--ဟူသော ပဋိစ္စသမုပ္ပါဒ်အရ **လောကကို** ဖန်ဆင်းသူမှာ ထာဝရဘုရားမဟုတ်ပဲ ဥပါဒါန်သာ ဖြစ်ပါသည်။ ဥပါဒါန်သည် လောကကိုဖန်ဆင်းရာ၌ မိမိသည်ပင် ဖန်ဆင်းသူ(အတ္တဝါဒုပါဒါန်)၊ မိမိသည်ပင် ဖန်ဆင်းစရာပစ္စည်း (ကာမုပါဒါန်)၊ မိမိသည်ပင် ကိစ္စရှိယာတန်ဆာပလာ(သီလဗ္ဗတုပါဒါန်)၊ မိမိသည်ပင် အဘတ်ပညာ(ဒိဋ္ဌုပါဒါန်)အဖြစ် ဆောင်ရွက်ပါသည်။ လောကကိုဖန်ဆင်းရန် ဥပါဒါန်အတွက် အားလုံး ပြီးပြည့်စုံပြီး ဖြစ်ပါသည်။ လက်ဆမာဆရာသည် အိမ်ကို ဆောက်လုပ်ရာ၌ သစ် ဝါး စသော ပြင်ပပစ္စည်းများနှင့် ပြင်ပဖြစ်သော လက်သမားကိရိယာများ၌မှသာ ဆောက်လုပ်နိုင်သော်လည်း ဥပါဒါန်က လောကကို ဖန်ဆင်းရာ၌မူ ပြင်ပဖြစ်သည့်ပစ္စည်းများကို ထည့်သွင်းအသုံးမပြု။ ဥပါဒါန်က ဥပါဒါန်ကိုပင် အသုံးပြုပါသည်။ သို့ဖြစ်၍လည်း ဥပါဒါန်ကို ဖန်ဆင်းရှင်အဖြစ် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်၌ ဖော်ပြထားခြင်းဖြစ်ပါသည်။

လောကဟူသည်မှာ သဒ္ဒါရုတရူးများသာဖြစ်ပါသည်။ သဒ္ဒါရုတရူးများဟူသည်မှာလည်း "ဖြစ်၊ တည်၊ ပျက်"သဘောရှိသည့် ရုပ်ဓာတ်၊ နာမ်ဓာတ်များသာ ဖြစ်ပါသည်၊ ပုဂ္ဂိုလ် သတ္တဝါများ မဟုတ်ပါ။ အာသက်ဇီဝများ မဟုတ်ပါ။ အစိုင်အခဲများ မဟုတ်ပါ။ ထို့ကြောင့်ပင်

သခ်ၤါရတရားမ်ားကို "နိသၠတ္တ၊ နိဇၠီဝ သဘာဝ" သတ္တဝါလည်းမဟုတ်၊ အသက်ဇီဝလည်းမဟုတ်သော သဘာဝတရားများဟူ၍ ကျမ်းဂန်များ၌ ဖော်ပြထားခြင်း ဖြစ်ပါသည်။ သို့ရာတွင် ထိုထိုသခ်ၤါရတရားများသည် ထိုသို့ဒဋ္ဌိရဘို၌ဆင်လာသောအခါ သတ္တဝါလည်းမဟုတ်၊ အသက်ဇီဝလည်းမဟုတ်သော သဘောတရားများအဖြစ်နှင့်သာ ထင်လာကြပါသည်။ ဥပမာအားဖြင့် ရူပါရုံဟူသည် စက္ခုဒွါရ၌ဆင်လာသောအခါ အဆင်းဓာတ်အနေဖြင့်သာ ထင်လာခြင်းဖြစ်ပါသည်။ ထို့အတူပင် သဒ္ဒါရုံ၊ ဂန္ဓာရုံ စသည်တို့သည်လည်း သောတဒွါရ၊ ဃာနဒွါရ စသည်တို့၌ ထင်လာသောအခါ အသံဓာတ်၊ အနံ့ဓာတ် စသည်အနေဖြင့်သာ ထင်လာကြခြင်း ဖြစ်ပါသည်။ သို့ပါ၊လျှက် ဥပါဒါန်တို့သည် ဓာတ်သဘာဝမျှသာဖြစ်သော ထိုထိုသခ်ၤါရတရားများကိုလုံးရပ်သဏ္ဌာန်နှင့်တကွသတ္တဝါများဖြင့်အောင်၊ အသက်ဇီဝများဖြစ်အောင်၊ အတိုင်အခဲများဖြစ်အောင် ဖန်ဆင်းပေးလိုက်ကြပါသည်။ ကာလအားဖြင့်လည်း အပိုင်းပိုင်းအပြတ်ပြတ်၊ ဒေသအားဖြင့်လည်း အပိုင်းပိုင်း အပြတ်ပြတ်၊ ဂုဏ်အားဖြင့်လည်း အပိုင်းပိုင်း အပြတ်ပြတ်၊ အာရုံအားဖြင့်လည်း အပိုင်းပိုင်း အပြတ်ပြတ်အနေဖြင့် ထင်လာကြသော ထိုဘိုသခ်ၤါရာရုံများကို ကာလအားဖြင့်လည်း တခုတည်းဖြစ်အောင်၊ ဒေသအားဖြင့်လည်း တခုတည်းဖြစ်အောင်၊ ဂုဏ်အားဖြင့်လည်း တခုတည်းဖြစ်အောင် ဥပါဒါန်တို့က ဖန်ဆင်းပါသည်။ ဥပါဒါန်တို့၏ ဖန်ဆင်းချက်အဘိုင်းပင် ကျွန်ုပ်တို့ကလည်း သခ်ၤါရာရုံများ စင်စစ်ကိုပင် ပုဂ္ဂိုလ်များ၊ သတ္တဝါများ၊ အသက်ဇီဝများ၊ အတိုင်အခဲများအဖြစ် သိမြင်ကြပါသည်။ ဤသို့ အာရုံအများကို အဂါဓာတ်များဖြင့် သိမြင်းသည်ပင် လောကမည်ပါသည်၊ ထိုလောကကို အနုသယ အဆင့်တွင်ရှိသော ဥပါဒါန်တို့က ဖန်ဆင်းခြင်း ဖြစ်ပါသည်။

အပ်စူးလျှင် အာ်ကြွပ်ပင် ထွင်ရပါသည်။ အပ်ချွင်းဘူသော်လည်း ကိစ္စချင်း ကွဲပါသည်။ ဤသောအပ်က မခွဲသောအပ်၊ ထွင်သောအပ်က ကောင်းသောအပ်။ အဘိဓာပဉ္စယာ သခ်ၤါဒု-ဟူသော ပဋိစ္စသမုပ္ပါဒ်

ဒေသနာတော်အရ လောကီကုသိုလ် မှန်သမျှသည် အဝိဇ္ဇာနုသယကို အခြေခံသည်ချည်း ဖြစ်ပါသည်။ သို့ရာတွင် အဝိဇ္ဇာနုသယကို အခြေခံသော အသိမှားကို အဝိဇ္ဇာနုသယကို အခြေခံသော အသိမှန်ဖြင့်ပင် ပယ်သတ်ရပါသည်။ ထိုသဘောကို ရည်ရွယ်၍ ပညာရှိများက ဤသို့ မိန့်ခဲ့ခြင်း ဖြစ်ပါသည်—

ဇလေန ပကတံ ပဏ်ဍံ၊ ဇလေနေဝ ဝိသုဇ္ဈတိ။
စိတ္တေန ပကတံ ပါပံ၊ စိတ္တေနေဝ ဝိသုဇ္ဈတိ။

ဇလေန၊ ရေသည်။ ပကတံ၊ ပြုအပ်သော။ ပဏ်ဍံ၊ ရွံနှံသည်။ ဇလေနေဝ၊ ရေဖြင့်သာလျှင်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ စိတ္တေန၊ စိတ်သည်။ ပကတံ၊ ပြုအပ်သော။ ပါပံ၊ မကောင်းမှုသည်။ စိတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။

အနုသယကိလေသ

အနုသယကိလေသာနှင့် ပတ်သက်၍ အရှင်ဇနကာဘိဝံသ-က သူ၏ သဒ္ဓိဟ်ဘာသာဋီကာ၌ ဤသို့ဆိုထားသည်ကို တွေ့ရပါသည်—

အနုသယကိလေသာသည် ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် အထင်အရှား မရှိချေ။ ဥပါဒ်၊ ဌီ၊ ဘင်အားဖြင့် ထင်အရှားဖြစ်သော အဓါ အနုသယာမဟုတ်။ ပရိယုဋ္ဌာနကိလေသာ ဖြစ်ပါသည်။ အသိမ်း သိမ်းမည့် သရက်ပင်၌ အသိမ်း သိမ်းစေတတ်သော ဓာတ် သဘော်သည် သရက်စေ့ဝယ် အညွှောက်ထွက်သည်ကစ၍ ပင်လုံး၊ အခက်၊ အရွက်၊ အညွှန့်တို့၌သည်း ပါ၏။ ဤသို့ အသိမ်း သိမ်းစေ တတ်သော ဓာတ်သဘော်သည် သရက်ပင် တပင်လုံး၌ ဒဿအဆုံး ကိန်းဝပ်နေသကဲ့သို့ ထို့အတူ အနုသယဓါဂါသော ကိလေသာ ဓာတ်သည်လည်း ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ်၊ စေတသိက်၊ ရုပ်တို့၌လည်း ပါရှိ၏။ ထို့နောက် ကာဝလုံး ဒဿဆက်ဆက် ရုပ်အစဉ် နာမ်အစဉ်၌လည်း ပါရှိ၏။ ရဟန္တာ မဖြစ်သေးသမျှ

ကုသိုလ်ကောင်းမှုပြုနေစဉ်၊ ဂမ္ဘဋ္ဌာန်းအားထုတ်နေစဉ်တွင်လည်း ပါဒို့၏။ တဘဝကုန်၍ စုတိဓိတ်ဖြစ်ခိုက်၌လည်း ပါဒို့၏။ နောက် ဘဝပဋိသန္ဓေဖြစ်ခိုက်၌လည်း ပါဒို့၏။ ဇရူပဘုံ၌ နာမ်တရားခွေည်း ပဋိသန္ဓေနေသော်လည်း ထိုဇရူပဘုံနာမ်အစဉ်၌လည်း ပါ၍၏။ အသညသတ်ဘုံ၌ ရုပ်ခွေည်း ပဋိသန္ဓေနေသော်လည်း ထို အသညသတ်ဘုံ ရုပ်အစဉ်၌လည်း ပါနှင့်၏။ ထို့ကြောင့် "အနု အနု၊ အစဉ်တစိုက်။ သန္တာန၊ ရုပ်နာမ် ခန္ဓာအစဉ်ဦး။ သေတို့၊ ဂ်ာန်း ဝပ် တည့်နေတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ အနုသယာ၊ အနုသယ မည်ကုန်၏" ဟူ၍ ဆိုအပ်ပါသည်။

အမှန်အားဖြင့် မည်သည့်အခါမျှ ဆိတ်သုဉ်း ပျောက်ကွယ်ခြင်းမရှိပဲ အမြဲရှိနေသော အရှိဘာရား (၂)မျိုး ရှိပါသည်။ တရားမှာ နိဗ္ဗာန်ဖြစ်၍ အခြားတမျိုးမှာ လောကသံသာ ဖြစ်ပါသည်။ ဆိတ်သုဉ်းပျောက်ကွယ်ခြင်းမရှိပဲ အမြဲရှိနေသည်မှာသည်း ဒေတိတ်၊ ပစ္စုပ္ပန်၊ ဒေနောဂတ်ဟူ၍ ကာလခေါင်ဖြင့် ပုံခြားသတ်မှတ်ခဲ့၍ အရှေ့ကာလ (၃)ပါးပု အသွတ် "ကာလဝိမုတ်" ဖြစ်သောကြောင့် ဖြစ်ပါသည်။

နိဗ္ဗာန်အခိုက်ရောက်ရှင်ပြာသက်၍ ပယ်မှားဖျောက်ခြင်းကြောင့် လောက သံသာ အရှိတရားမှန် ပတ်သက်၍ ပယ်ပုံကား ယခုပါဝတ္ထုတွင်။ ခြင်းလည်း ခြင်းခုံကြပါသော်။ သတ္တဝါတို့သည် ဇရာဟတ္ထမာဝါဖြင့် ဖန်ဆုသယကိုလေ-သာကို အကြွင်းမဲ့ပယ်သတ်ပုံးနောက် နိဗ္ဗာန်သို့ ရောက်ရှိကြပါသည်။ လောကသံသာနယ်သို့ ပြန်လာခြင်း မရှိကြတော့ပါ။ ဤသို့ဖြစ်လျှင် ဤလောကသံသရာ၌ သတ္တဝါတို့သည် တခုလောအရှိန်ဝင် ကုန်ဆုံးကြ ဖယ်ရှင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဖန်ဆုသယကိလေသာသည်လည်း ချုပ်ပါသည်။ သတ္တဝါတည်လည်း ချုပ်ပါသည်။ ထို့ကြောင့်လျှင် လောက သံသာကို ဆိတ်သုဉ်းပျောက်ကွယ်ခြင်းမရှိပဲ အမြဲရှိနေသော အရှိတရား ဒေနေဖြင့် လက်ခံရန်ခဲယဉ်းပါသည်။ ဤသို့ခြင်းပါသည်။ ဤသို့ခြင်း ခြင်းသည် လောကသံသာကို "အနန္တ" ဟူသောနာမ်ဖြင့် မမြင်ပဲ

“အန္တ” တရားအနေဖြင့် မြင်သောကြောင့် ငြင်းခြင်း ဖြစ်ပါသည်။ “အနန္တ” တရားဟူသည်မှာ အတိုး အဆုတ် မရှိသော သဘောဖြစ်၍ “အန္တ” တရားဟူသည်မှာ အတိုးအဆုတ်ရှိသော သဘောဖြစ်ပါသည်။ “အနန္တ”တရားကို သဒ္ဒါဆရာတို့က “ဇာတ်” ဟူ၍ ခေါ်ပြီး “အန္တ” တရားကို “ဒြပ်” ဟူ၍ ခေါ်ကြပါသည်။ “ဇာတ်”သည် ပျက်စီးခြင်း မရှိသော နိစ္စတရားဖြစ်၍ “ဒြပ်”သည် ပျက်စီးခြင်းရှိသော အနိစ္စတရား ဖြစ်ပါသည်။ တနည်းအားဖြင့် ဇာတ်ကို သာမညဟုခေါ်ပြီး ဒြပ်ကို ဝိသေသဟု ခေါ်ပါသည်။ သာမညသည် တခုတည်း “ကေတ္တ” ဖြစ်၍ ပျက်စီးခြင်းမရှိပါ။ ဝိသေသသည် အမျိုးမျိုး “နာနတ္တ” ဖြစ်၍ ပျက်စီးခြင်းရှိပါသည်။ ယို့ခကြောင့် သတ္တဝါများသည် တဦးချင်းတဦးချင်း ဒြပ်အနေဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြု၍ လောကသံသရာမှ ချုပ်ငြိမ်း သွားကြသော်လည်း သတ္တဝါသဘော သတ္တဝါဇာတ်အနေဖြင့်မူ မည်သည့်အခါမျှ ချုပ်ငြိမ်းသွားမည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် လောကသံသရာသည် အရေအတွက်အားဖြင့် လည်းကောင်း၊ အတိုင်း အတာပမာဏအားဖြင့် လည်းကောင်း တိုးခြင်း၊ ဆုတ်ခြင်းမရှိကောင်း သော အနန္တ(Infinity)တရားဖြစ်သောကြောင့်ဖြစ်ပါသည်။ထို့ကြောင့် အနုသယကိလေသာတို့သည် ကိလေသာဇာတ် သတ္တဝါသဘောအနေဖြင့် မည်သည့်အခါမျှ မပျက်စီးပဲ အမြဲထာဝရရှိနေသည့် ဤမှာဘက်ကမ်းက ထာဝရပျောက်ပြုန်း၊ ထာဝရအရှိတရားဖြစ်၍ နိဗ္ဗာန်သည် ထိုမှာဘက်ကမ်းက ထာဝရပျောက်ပြုန်း၊ ထာဝရအရှိတရားဖြစ်ပါသည်။ တနည်းအားဖြင့် အနု-သယကိလေသာသည် လောကအရှိဘာရားဖြစ်၍ နိဗ္ဗာန်သည် လောကုတ္တ-ရာအရှိတရား ဖြစ်ပါသည်။ ထာဝရအမှိုတရားတို့နှင့်ပတ်သက်၍ သဘော အားဖြင့် အရေအတွက်နှင့် အတိုင်းအတာ လျော့နည်းသွားမှုကြောင့် “အနန္တ” တရားမှ “အန္တ” တရားဖြစ်မသွားနိုင်ပုံ၊ အရေအတွက်နှင့်အတိုင်း အဝေး တိုးပွားလာမှုကြောင့် “အန္တ” တရားမှ “အနန္တ” တရားဖြစ်မသွား နိုင်ပုံ၊ ဒေနန္တ-အနန္တသတ်သတ်၊ အန္တ-အန္တသတ်သတ်ဖြစ်ပုံ၊ အချင်း ချင်းကူးပြောင်းမသွားနိုင်ပုံတို့ကို ဂဂါဒုပါဒ·က သူ၏ ကာရိကာ စတုဋ္ဌ-ကဏ္ဍ၊ ဂါထာ(၃၀)၌ ဤသို့ဆိုခဲ့ပါသည်—

အနာဒေရန္တဝတ္ထုံစ၊ သံသာရသျှ နသေတ္သျှတိ။
အနန္တတာ စာဒိမတော၊ မောက္ခသျှ နဘဝိသျှတိ။

အနာဒေး၊ အစမရှိသော၊ သံသာရသျှ၊ သံသရာ၏။ အန္တဝတ္ထုံစ၊ အဆုံးရှိသည်၏ အဖြစ်သည်လည်း။ နသေတ္သျှတိ၊ သက်သေပြ၍ ရလိမ့်မည်မဟုတ်။ အာဒိမတော၊ အစရှိသော။ မောက္ခသျှ၊ နိဗ္ဗာန်၏။ အနန္တတာ ၀၊ အဆုံးမရှိသည်၏အဖြစ်သည်လည်း။ နဘဝိသျှကိ၊ ဖြစ်လိမ့်မည်မဟုတ်

သံယောဇဉ်

သံယောဇဉ်ဟူသည်မှာ မိမိက်ိန်းရေးသတ္တဝါကို (၃၁)ဘုံမှ မလွှတ်နိုင်အောင် ချည်နှောင်တတ်သော တရားများဖြစ်၏။ ထို့ကြောင့် သံယောဇဉ်ကို "ကြိုး"နှင့် ဥပမာပြု၍ ဆိုကြပါသည်။ ထိုသံယောဇဉ်ကြိုးများသည် စုစုပေါင်း (၁၀)ချောင်းနှံ့ပါသည်။ ကာမဘုံက ချည်နှောင်သော ကြိုး(၅) ချောင်း၊ ဗြဟ္မာ့ဘုံက ချည်နှောင်သော ကြိုး(၅)ချောင်း အားလုံးပေါင်း (၁၀) ချောင်းဖြစ်ပါသည်။ ကာမဘုံက ချည်နှောင်သော ကြိုးများတွင် ချစ်ခြင်းနှင့် မုန်းခြင်းတို့လည်း ပြားများအဖြစ်ပါဝင်၏။ ထို့သုအရှင်ဒေသဋ္ဌ ဖြစ်လိုခြင်း၊ ထိုထိုပုဂ္ဂိုလ်များနှင့် အပူတွဲနေလိုခြင်းသည် ကြိုးများပင်ဖြစ်၏။ မုန်းတီးခြင်းသည်လည်း ကြိုးပင်ဖြစ်သည်။ "ပေဖြစ်လျှင်ခံ၊ တူဖြစ်လျှင်ထု" ဟူသော ခံယူချက်သည် သံသရာဋ္ဌ အတွံအလှည့်အနေဖြင့် တွေ့ဆုံရန် ကာမဘုံက ချည်နှောင်ထားသည့် ကြိုးဖြစ်ပါသည်။ တူကြိုးကို ဖြတ်တောက်ရန် "အတုံအလှည့်ရှိလျှင် ကျေပါစေ" ဟူ၍ ဆုတောင်းတတ်ကြပါသည်။ ဗြဟ္မာ့ဘုံက ချည်နှောင်သော ကြိုးများတွင်မူ မုန်းတီးခြင်း-ဒေါသကြိုး မရှိချေ။ အဘယ့်ကြောင့်ဆိုသော် ဗြဟ္မာတို့သည် မိမိတို့၏ ဈာန်စံတ်ဖြင့် ဒေါသကြိုးကို ဝိက္ခမ္ဘနပဟာန်ဖြင့် ဖြတ်တောက်ထားခဲ့ရာ ဗြဟ္မာ့ဘုံ၌ ဒေါသမရှိသောကြောင့်ဖြစ်ပါသည်။ ကျွန်ုပ်ကြောင့် ဗြဟ္မာတို့သည် ကာမဘုံ၌ဖြစ်ရစဉ် ကာလ-က တဦးနှင့်တဦး ဒေါသကြိုးဖြင့် ချည်နှောင်ခဲ့ဖူးပါက မိမိတို့

အချင်းချင်း လက်စားမေ့ရန် ငြဟ္မဉ့်ဘုံ၌ တွေ့ဆုံခွင့်မရပဲ ကာမဘုံ၌သာ ပြန်လည် တွေ့ဆုံခွင့်ရမည် ဖြစ်ပါသည်။ ဒေါသကြိုးသည် ငြဟ္မဉ့်ဘုံက ချည်နှောင်သော ကြိုးမဟုတ်ပဲ ကာမဘုံက ချည်နှောင်ထားသောကြိုး ဖြစ်သဖြင့် ကာမဘုံ၌ ပြန်လည်တွေ့ဆုံကြခြင်းဖြစ်ပါသည်။

သံယောဇဉ်ကြိုးမျာသည် အာသုံးအဆိုးချည်းမဟုတ်ချေ။အကျိုးမဲ့ကို ပြုတတ်သော ကြိုးသည် အဆိုးဖြစ်၍ အကျိုးစီးပွားကို ပြုတတ်သော ကြိုးသည် အဓကောင်းဖြစ်ပါသည်။ ပန်းတိုင်သဘောရှိလျှင် အဆိုး၊ လမ်းစဉ်နှင့် လမဲကြောင်းသဘောရှိလျှင် အကောင်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သမုဒ္ဒရာရေပြင်ကျယ်၌ လက်ပစ်ကူးယင်း လက်ပန်းကျနေသူမျာသဖွယ်ဖြစ်ကြပါ၏။ ကျွန်ုပ်တို့ထံ မျောလာသော ခွေးသေကောင်ပုပ်ကို မြတ်နိုးစရာအဖြစ် မတွယ်တာသင့်သော်လည်း ကမ်းသို့ရောက်နိုင်ရန် အမှီသဟဲအဖြစ် တွယ်တာရမည်ဖြစ်ပါသည်။ ခွေးသေကောင်ပုပ်ကို မှီတွယ်ယင်း ကမ်းသို့ ကူးရမည်ဖြစ်ပါသည်။ ကမ်းသို့ကူးစရာ အကူအညီပစ္စည်းအဖြစ် အသုံးပြုရမည် ဖြစ်ပါသည်။ သို့မှသာ ကျွန်ုပ်တို့သည် ကမ်းသို့ ချောမောစွာ ရောက်နိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် လောကသားမျာဖြစ်ကြပါသည်။ လောကသားမျာဖြစ်ကြသည့်အလျောက် တဦးတည်း၊ ဝေယောဂ်တည်းအနေဖြင့် အထီးကျန်နေ၍မရ။ အသင်း၊ အပင်း၊ အဖွဲ့အစည်းဖြင့်သာ နေကြရမည်ဖြစ်ပါသည်။ ယဉ်ကျေးမှုသဘောအရ မြို့ရွာတည်ထောင်၍ နေရမည် ဖြစ်ပါသည်။ ထိုသို့နေသောအခါ ကျွန်ုပ်တို့သည် မိမိတို့၏အပေါင်းအသင်းများ အပေါ်၌လည်း သံယောဇဉ်ထားရပါမည်။ မိမိတို့ မြို့ရွာပေါ်၌လည်း သံယောဇဉ်ထားရပါမည်။ သို့ရာတွင် ထိုသံယောဇဉ်ကို မိမိအတွက်သိမ်းပိုက်ခံစားရန် (ဂဟဏတ္ထ)အလို့ငှာ အသုံးမပြုပဲ လောကအတွက် အကျိုးပြုရန်၊ လောကဥ်ဒ် တရားဓမ္မလွှမ်းမိုးစေရန်၊ သံသရာမှ လွတ်မြောက်ရန် (နိဿရဏတ္ထ)အလို့ငှာ အသုံးပြုရပါမည်။ ထိုသို့ အသုံးပြုမှသာ ထေရဝါဒနှင့်ညီသော အသုံးပြုမှုဖြစ်ပါသည်။ ထိုသို့ အသုံးပြုရန်အတွက်ထားသော

သံယောဇဉ်သည် ကောင်းသောသံယောဇဉ် ဖြစ်ပါသည်။ ထိုသံယောဇဉ်မျိုးကို ထားဆိုက်သောသံယောဇဉ် (သဝိတဇွသံယောဇဉ်)ဟု ကျမ်းဂန်များ၌ ဆိုပါသည်။

၀ နဝရဏ

နိဝရဏဟူသည်မှာ ဖုံးကွယ်တတ်သော တရားများဖြစ်ပါသည်။ ဖုံးကွယ်တတ်သောတရားများသည် သဘောအားဖြင့် (၂)မျိုးရှိပါသည်။ ထို(၂)မျိုးမှာ သိစရာကို ဖုံးကွယ်ခြင်း(ဥယျာဝရဏ)နှင့် သိမှုကို ဖုံးကွယ်ခြင်း (ကိလေသာဝရဏ)တို့ ဖြစ်ပါသည်။ သိစရာကို ဖုံးကွယ်ထားသော အခါ အရာဝတ္ထုကို အမှန်အတိုင်းမမြင်ရတော့ပဲ တမျိုးတဖုံ မြင်ရတတ်ပါသည်။ လောကဥပမာအားဖြင့် မက်မောစရာမကောင်းသော အရာဝတ္ထုကို မက်မောစရာကောင်းအောင် အပြောကဲ အမွမ်းတို့ဖြင့် ခြယ်မှုန်းလိုက်သောအခါ ပင်ကိုမူလက မက်မောစရာမဟုတ်ပါပဲလျက် မက်မောစရာသဖွယ် ဖြစ်လာပါသည်။ ဤသို့သော ဖုံးကွယ်ခြင်းမျိုးကို လောကဒဋ္ဌိ အမြဲတစေတွေ့ရတတ်ပါသည်။ ဓမ္မရေးရာဌာနလည်း ဤသဘောအတိုင်းပင် ဖြစ်ပါသည်။ ပရမတ္ထတရားများကို နိဝရဏတရားများကြောင့် ဖြစ်ပေါ်လာသော ဃနတရားများဖြင့် ဖုံးကွယ်လိုက်သောအခါ ပင်ကိုမူလ-က အစိုင်အခဲ မဟုတ်ပါပဲလျက် အစိုင်အခဲသဖွယ် ဖြစ်လာရပါသည်။ နိစ္စမဟုတ်ပါပဲလျက် နိစ္စသဖွယ် ဖြစ်လာပါသည်။ သုခ မဟုတ်ပါပဲလျက် သုခ သဖွယ် ဖြစ်လာပါသည်။ အတ္တမဟုတ်ပါပဲလျက် အတ္တသဖွယ်ဖြစ်လာပါသည်။ ဤသည်မှာ သိစရာ(ဓာဂုံ)ပိုင်းဆိုင်ရာ ဖုံးကွယ်မှုဖြစ်ပါသည်။

သိမှုကို ဖုံးကွယ်ထားသောအခါ၌လည်း အရာဝတ္ထုကို အမှန်အတိုင်း မမြင်ရတော့ပဲ တမျိုးတဖုံမြင်ရတတ်ပါသည်။ လောကဥပမာအားဖြင့် မျက်စိကိုမျက်မှန်စိမ်းတပ်ဆင်ထားလိုက်ပါက မြင်မြင်သမျှ အရာဝတ္ထုသည် စိမ်းလန်းစိုပြေသောအသွင်ကို ဆောင်လျက်ရှိသည်ချည်း ဖြစ်ပါသည်။ အမှန်အားဖြင့် မြင်မြင်သမျှ အရာဝတ္ထုသည် စိမ်းလန်းစိုပြေသော အသွင်

ကို မဆောင်ကြပါ။ သို့ပါလျက် မျက်စိ၌တပ်ဆင်ထားသော မျက်မှန်စိမ်းကြောင့် စိမ်းလန်းစိုပြေသော အာသင်္ကို ဆောင်နေခြင်း ဖြစ်ပါသည်။ ဤသဘောကို သိမှုကိုဖုံးကွယ်ခြင်းဟုဆိုပါသည်။ ဤသို့သောဖုံးကွယ်ခြင်းမျိုးကို လောကဌ အမြဲတစေတွေ့ရတတ်ပါသည်။ ပညာမျက်စိကို ကာမဆန္ဒဖြင့် ဖုံးကွယ်လိုက်သောအခါ မက်မောစရာမဟုတ်ပါပဲလျက် မက်မောစရာသဖွယ် မြင်လာတတ်ပါသည်။ ဒေါသဖြင့် ဖုံးကွယ်လိုက်ပါက ဒေါသဖြစ်စရာမဟုတ်ပါပဲလျက် ဒေါသဖြစ်စရာသဖွယ် မြင်လာတတ်ပါသည်။ ဤသည်မှာ သိမှု(အာရမ္မဏိက)ပိုင်းဆိုင်ရာ ဖုံးကွယ်မှုဖြစ်ပါသည်။ ယင်းဖုံးကွယ်မှုများသည် တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အဝိဇ္ဇာတို့ဖြစ်ပါသည်။ နိဝရဏတရားများနှင့် ပတ်သက်၍ ကျမ်းဂန်များ၌ ဖော်ပြရာတွင် သိစရာ(အာရုံ)ပိုင်းကို အလေးထား၍ ဖော်ပြသည်လည်းရှိပါသည်။ သိမှု(အာရမ္မဏိက)ပိုင်းကို အလေးထား၍ ဖော်ပြသည်လည်းရှိပါသည်။ သို့ရာတွင် သဘောအားဖြင့် (၂)မျိုးရှိနိုင်သည်သာဖြစ်ပါသည်။ အနုသယသဘောကို နည်းမှီ၍ဆွဲရလျှင် သိစရာပိုင်းဖုံးကွယ်မှုကို အာရမ္မဏနိဝရဏဟူ၍လည်းကောင်း။ သိမှုပိုင်း ဖုံးကွယ်မှုကို သန္တာန်နိဝရဏဟူ၍လည်းကောင်း ဆိုရမည်ဖြစ်ပါသည်။ ဒဿနဝေါဟာရအားဖြင့်မူ သိစရာပိုင်းဖုံးကွယ်မှုကို ဥယျာဝရဏဟူ၍လည်းကောင်း၊ သိမှုပိုင်းဖုံးကွယ်မှုကို ကိလေသာဝရဏဟူ၍လည်းကောင်း ဆိုကြပါသည်။

ဆန့်ကျင်ဘက်တို့၏ ပေါင်းစည်းရာ

လူ၏သန္တာန်၌ အစုန်တရားများနှင့် အဆန်တရားများ ကိန်းအောင်းလျက်ရှိပါသည်။ အစုန်တရားဟူသည်မှာ အကုသိုလ်တရားများဖြစ်ပါသည်။ အဆန်တရားဟူသည်မှာ ကုသိုလ်တရားများဖြစ်ပါသည်။ ယင်းအစုန်နှင့် အဆန်တို့သည် အချင်းချင်း ဆန့်ကျင်လျက် ရှိကြပါသည်။ အချင်းချင်း ဆန့်ကျင်ရာတွင် သူတူရွာအလျောက် အစုန်လည်း အစုန်အလိုက် စုမ်းအင်ရှိပါသည်။ အဆန်လည်း အဆန်အလိုက် ဗဟုမ်းအင်ရှိပါသည်။ သို့ရာတွင် နောက်ဆုံး၌ အဆန်က အစုန်ကို အောင်ပွဲခံပါသည်။ ထို့ကြောင့်

ကျမ်းဂန်များ၌ အစုန်ကို ပယ်အပ်သောတရားဟူ၍ ဆိုပါသည်။ အဆန်ကို ပယ်တတ်သော တရားဟူ၍ ဆိုပါသည်။ အစုန်နှင့်အဆန်တို့သည် အချင်းချင်းဆန့်ကျင်ယင်း ထာဝစဉ်ပေါင်းစည်းလျက်ရှိပါသည်။ ထိုသို့ပေါင်းစည်းထုတွင် အဆန်တရားအနေဖြင့် အသာစီးရအောင် အားထုတ်အပ်ပါသည်။ ဤသို့အသာစီးရအောင် အားထုတ်ယင်း အားထုတ်ယင်း နောက်ဆုံး၌ ပဋိပက္ခသဘောဆိတ်သုဉ်းပြီး ငြိမ်းချမ်းမှုကို ရရှိမည်ဖြစ်ပါသည်။ ပဋိပက္ခသဘောဆိတ်သုဉ်းပြီး ငြိမ်းချမ်းမှုကို ရရှိခြင်းဆိုသည်မှာ ပယ်တတ်နှင့် ပယ်အပ်သ ဘောဖြင့် အချင်းချင်း ပဋိပက္ခပြုနေကြသည့် ကုသိုလ်နှင့် အကုသိုလ်တို့ မဖြစ်ဘဲတွေ့ခြင်းပင် ဖြစ်ပါသည်။

စျာန်

ကောင်းသောအာရုံ၌ဖြစ်စေ၊ မကောင်းသောအာရုံ၌ဖြစ်စေ စိတ်က စူးစိုက်မှုသည် စျာန်မည်ပါသည်။ ကောင်းသောအာရုံ၌ စူးစိုက်ပါက ကုသိုလ်စျာန်မည်ပါသည်။ မကောင်းသောအာရုံ၌ စူးစိုက်ပါက အကုသိုလ် စျာန်မည်ပါသည်။ အမှန်အားဖြင့် မည်သည့်ကိစ္စ မည်သည့်အာရုံ၌ဖြစ်စေ စူးစိုက်မှုရှိရန်လိုအပ်ပါသည်။ စူးစိုက်မှုမရှိပါက ကိစ္စပြီးစီးမှုဖြစ်ပေါ်မလာနိုင်ပါချေ။ ထို့ကြောင့် ကံကုသိုလ်ပြီးစီးမှုတိုင်းတွင် စူးစိုက်မှုသည် သူ့အတိုင်းအတာနှင့်သူ အထိုက်အလျောက်ပါဝင်သည်ချည်းဖြစ်ပါသည်။ များများစူးစိုက်ပါက များများအောင်မြင်၍ နည်းနည်းစူးစိုက်ပါက နည်းနည်းအောင်မြင်ပါသည်။ စူးစိုက်မှု မှန်သမျှသည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ စျာန်ပင် ဖြစ်ပါသည်။ ဤသို့လျှင် လယ်တီဆရာတော်က ပရမတ္ထသံခိပ်ကျမ်း၌ ဆိုခဲ့ပါသည်။ ထိုသို့ဆိုခဲ့သည့် အလျောက် ကောင်းသောစျာန်ဖြစ်စေရန် ကောင်းသောအာရုံ၊ ကောင်းသောကိစ္စတို့ဖြစ်သာ စူးစိုက်အပ်ပါသည်။

ဗိုလ်

ဗိုလ်ဟူသည် ကြံခိုင်သောသဘော၊ မြဲမြံသောသဘော၊ ဆန့်ကျင်ဘက် ဘက်ကို ဖိစီးနိုင်သောသဘော၊ ခုခံနိုင်သောသဘော၊ နှိမ်နင်းနိုင်သော

သဘောပင်ဖြစ်၏။ ယင်းသဘောသည် **ကောင်း**သောဘက်၌လည်း ရှိ၏။ **မ**ကောင်းသောဘက်၌လည်းရှိ၏။ကောင်းသောဘက်၌ရှိလျှင် ကုသိုလ်ဗိုလ်ဟူ၍ ဆိုရ၏။ **မ**ကောင်းသောဘက်၌ရှိလျှင် အကုသိုလ်ဗိုလ်ဟူ၍ ဆိုရ၏။ သို့ရာတွင် အဘိဓမ္မာဒေသနာတော်အရ ကုသိုလ်ဗိုလ်သည် ဆန့်ကျင်ဘက် အကုသိုလ်တရားတို့ကြောင့် မတုန်လှုပ်ပဲ ခိုင်မြဲရုံသာမက ယင်းအကုသိုလ် တရားမျိုးကိုပင် ပယ်ရှားပြုဖျက်နိုင်ပါသည်။ အကုသိုလ်ဗိုလ်မူကား မိမိ၏ အုပ်စု (သဟဇာတဓမ္မ)အတွင်း၌သာ ဗိုလ်ကျနိုင်ပြီး ကုသိုလ်အုပ်စု၌မူ ဗိုလ်မကျနိုင်ပါချေ။ ထို့ကြောင့် ကောင်းသောတရားနှင့် မကောင်းသော တရားတို့တွင် အဆုံးသတ်အောင်ပွဲခံနိုင်သောတရားမှာ ကောင်းသော တရားသာဖြစ်ပါသည်။ မေမှန့်အဓမ္မတို့တွင်အဆုံးသတ်အောင်ပွဲခံနိုင်သော တရားမှာ ဓမ္မသာဖြစ်ပါသည်။ ဤသို့လျှင် ဗုဒ္ဓဒေသနာတော်များ၌ ဖော်ပြထားပါသည်။ ထိုသို့ဖော်ပြထားသည့်အလျောက် အပြီးသတ် အောင်ပွဲခံနိုင်သော ကောင်းသော တရားဓမ္မတို့ကိုသာ မိမိသန္တာန်၌ ကိန်းစေအပ်ပါသည်။

အဓိပတိ

အဓိပတိဟူသည် အကြီးအမှူးသဘောပင် ဖြစ်၏။ ယင်းအကြီးအမှူး သဘောသည် ကောင်းသော ကုသိုလ်ဘက်၌လည်းရှိ၏။ မကောင်းသော အကုသိုလ်ဘက်၌လည်း ရှိ၏။ကောင်းသောဘက်၌ရှိလျှင် ကောင်းသော အဓိပတိ ဖြစ်ပါသည်။ မကောင်းသောဘက်၌ရှိလျှင် မကောင်းသော အဓိပတိဖြစ်ပါသည်။ ယင်းအဓိပတိ၏ တရားကိုယ်မှာ ဆန္ဒ၊ဝီရိယ၊ပညာ၊ စိတ်တို့ ဖြစ်ပါသည်။ ကောင်းသော လုပ်ငန်း၌ဖြစ်စေ၊ မကောင်းသော လုပ်ငန်း၌ ဖြစ်စေ အဓိပတိတရားကိုယ် လေးပါးတို့တွင် တပါးပါးကို အဓိပတိထိုက်အောင် ပြုပြင်ပြီး ဆောင်ရွက်ပါက ယင်းလုပ်ငန်းသည် မလွဲမသွေ ပြီးစီးမည်သာ ဖြစ်ပါသည်။ ပင်ကိုယ်စိတ်ဓာတ် ခိုင်မာသူဖြစ်ပါက ယင်းစိတ်ဓာတ်ဖြင့် မဖြစ်မနေ ဆောင်ရွက်ပါလျှင် မည်သည့်လုပ်ငန်းမဆို အချိန်တန်လျှင် အောင်မြင်မည်၊ ပြည့်စုံမည် ဖြစ်ပါသည်။ ဉာဏ်ပညာကို အားကိုးသူ ဖြစ်ပါကလည်း ယင်းဉာဏ်ပညာဖြင့်ပင် မဖြစ်မနေ၊ မဖြစ်

မချင်း ဆောင်ရွက်ပါလျှင် တနေ့တွင် အောင်မြင်ရမည်သာ ဖြစ်ပါသည်။ ကျွန်ုပ်အားဖြင့် ဝိရိယကိုအားကိုးသူ၊ ဆန္ဒကို အားကိုးသူတို့သည်လည်း မိမိတို့၏ ဝိရိယ၊ မိမိတို့၏ ဆန္ဒဖြင့် မည်သည့်လုပ်ငန်းကိုမဆို အောင်မြင်အောင် ဆောင်ရွက်နိုင်ကြောင်း ဗုဒ္ဓအဘိဓမ္မာဒေသနာတော်၌ လာရှိပါသည်။

ဗေဒဓိပက္ခိယတရားများ

လောကတရားများတွင် ကုသိုလ်လည်း ပါဝင်၏။ အကုသိုလ်လည်း ပါဝင်၏။ ယင်းကုသိုလ်နှင့် အကုသိုလ်တို့ကြောင့် သံသရာ၌ ကျင်လည်ကျက်စား ပြေးသွားနေသရွေ့ ကာလပတ်လုံး သတ္တဝါတို့၏ သန္တာန်၌ ကုသိုလ်နှင့် အကုသိုလ်တို့သည် ဖြစ်ပေါ်နေကြ၏။ ထိုသို့ဖြစ်ပေါ်နေသောကြောင့်လည်း သာတ္တဝါတို့သည် ဘုံသုံးပါးမှ လွတ်မြောက်ခြင်း မရှိပဲ ဘုံသုံးပါး၌ ကျင်လည်နေရခြင်း ဖြစ်ပါသည်။ ကျွဲဘဝမှ ထိုဘဝသို့၊ ထိုဘဝမှ ကျွဲဘဝသို့ ပြေးသွားနေရခြင်း ဖြစ်ပါသည်။ မြတ်စွာဘုရားပွင့်တော်မူသောအခါ၌ကား သံသရာမှလွတ်မြောက်ရာ တရားထူးများကို နာကြားကြရ၏။ ကျင့်သုံးကြရ၏။ ယင်းတရားထူးများကြောင့် ဘုံသုံးပါးမှ လွတ်မြောက်ကြရ၏။ ထို့ကြောင့် ယင်းတရားထူးများသည် မြတ်စွာဘုရား ပွင့်တော်မူသော အခါ၌သာ ဖြစ်ပေါ်လာကြ၏။ မြတ်စွာဘုရား ပွင့်တော်မူသော အခါတွင်လည်း မြတ်စွာဘုရား သာသနာတော်၌သာ ရှိကြ၏။ အခြားသော သာသနာတော်၌ မရှိကြပါခေ။ သို့ဖြစ်၍ ယင်းတရားထူးများကို အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဟူ၍ လည်းကောင်း၊ ဗေဒဓိပက္ခိယဟူ၍ လည်းကောင်း ခေါ်ကြပါသည်။

ရိုးရိုးသီလ၊ သမာဓိ၊ ပညာတို့သည် လောကကို မလွန်နိုင်ပဲ လောကတွင်းကောင်းစားရေး၌သာ အဆုံးသတ်သောသီလ၊ သမာဓိ၊ ပညာတို့သာ ဖြစ်၏။ သို့ဖြစ်၍ ယင်းတို့ကို သာမန်အားဖြင့် သီလ၊ သမာဓိ၊ ပညာဟူ၍သာ ဆိုအပ်ပါသည်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတို့ကား လောကကို လွန်လျက် လောကုတ္တရာကောင်းစားရေး၌ အဆုံးသတ်သော သီလ၊

သမာဓိ၊ ပညာတို့ဖြစ်၏။ သို့ဖြစ်၍ ယင်းတို့ကို "အဓိ"သဒ္ဒါဖြင့် အထူးပြုပြီး အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဟူ၍ ဆိုခြင်းဖြစ်ပါသည်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာတို့ကား မြတ်စွာဘုရား၏ သာသနာတော်၌သာရှိပြီး အခြားသောသာသနာတော်၌ မရှိသည့် တရားထူး၊ တရားမြတ်များဖြစ်ကြပါသည်။ ယင်းတို့ကို အခြားအာမည်ကမျိုးဖြင့် ဗောဓိပက္ခိယဟူ၍လည်း ဆိုကြပါသည်။ ဗောဓိပက္ခိယ ဟူသည်မှာ မဂ်ဉာဏ်၏ အသင်းအပင်းတွင် ပါဝင်သော တရားဖြစ်ပါသည်။ မဂ်ဉာဏ်၏ အသင်းအပင်း ဟူသည်မှာလည်း မဂ်ဉာဏ်ကိုဖြစ်ပေါ်စေနိုင်သော တရားများပင် ဖြစ်ပါသည်။ ဗောဓိပက္ခိယတရားများသည် အောက်ပါအတိုင်း (၃၇)ပါး ဖြစ်ကြပါသည်—

(၁)	သတိပဋ္ဌာန်	၄-ပါး
(၂)	သမ္မပ္ပဓာန်	၄-ပါး
(၃)	ဣဒ္ဓိပါဒ်	၄-ပါး
(၄)	ဣန္ဒြေ	၅-ပါး
(၅)	ဗိုလ်	၅-ပါး
(၆)	ဗောဇ္ဈင်	၇-ပါး
(၇)	မဂ္ဂင်	၈-ပါး
	ပေါင်း=	၃၇-ပါး

သတိပဋ္ဌာန်

ထိုထို**အာ**ရုံတို့၌ တမင်တကာလုပ်ယူရသည့် ပုဂ္ဂလဗျာပါရကိုလွန်ကာ သူ့အလိုအလျောက် ဖြစ်ပေါ်လာသည့် ဓမ္မဗျာပါရဖြင့် စဲ့စဲ့မြဲမြဲ သက်ဝင်တည်နေသော သတိစေတသိက်သည် သတိပဋ္ဌာန်မည်ပါသည်။ သတိပဋ္ဌာန်**အ**ကြောင်းကို ရှေး၌ ဆိုခဲ့ပြီးဖြစ်ပါသည်။ ဤနေရာ၌ အကျဉ်းသဘောမျှကို**သာ** ပြန်လည်၍ဆိုမည် ဖြစ်ပါသည်။ မိမိတို့သည် ပုထုဇဉ် သဘာဝအလျောက် မိမိတို့၏ မျက်စိ၊ **နာ**းစသော ဒွါရတို့၌ ထင်လာသော **အာ**ရုံများကို စုံစုံစေ့စေ့နှင့် ပိုင်းပိုင်းခြားခြား မသိလိုက်သည်က များပါ

သည်။ ဤသည်ကို မေ့လျော့ခြင်း (ပမာဒ)ဟု ဆိုပါသည်။ သတိပဋ္ဌာန် ဘာဝနာပြည့်ဝလာသောအခါ မေ့လျော့ခြင်း (ပမာဒ)ပျောက်၍ မမေ့လျော့ခြင်း (အပ္ပမာဒ)ဖြောက်လာပါသည်။ ထင်လာသမျှအာရုံများကို ဖြေနှောခြင်းမရှိပဲ ထင်လာသည့်အတိုင်း တမျိုးစီ တမျိုးစီ အကန့်လိုက် အကန့်လိုက် ပိုင်းခြား၍ သိလာပါသည်။ မည်သည့်အာရုံကိုမျှ မသိလိုက်ရပဲ လုတ်သွားသည်ဟူ၍ မရှိတော့သော အဆင့်သို့ ရောက်လာပါသည်။ ထို အခါ အာရုံတရားများကို ပုဂ္ဂိုလ်သတ္တဝါအဖြစ် မမြင်တော့ပဲ ဓမ္မအဖြစ်သာ မြင်လာပါသည်။ ပစ္စုပ္ပန်တည့်တည့်မြင်လာပါသည်။ ဤလောက၌ ပုဂ္ဂိုလ်သတ္တဝါဟူ၍မရှိပဲ ပရမတ္ထတရားအစုများသာရှိကြောင်း သိလာပါသည်။ ဤသို့သိမြင်လာအောင် ထင်လာသမျှသောအာရုံဝိုင်း စွဲမြဲစွဲသက်ဝင်၍ တည်နိုင်သော သဘောတသိက်ကို သတိပဋ္ဌာန်ဟူ၍ ဆိုပါသည်။

သတိပဋ္ဌာန်တရားသည် (၄)ပါးရှိပါသည်။ ထိုတွင် ကာယာနုပဿနာ သတိပဋ္ဌာန်ဖြင့် ရုပ်နာမ်တို့၌ သုဘသညာ (လှပတင့်တယ်သည်ဟူသော အမှတ်သညာ)ကို ပယ်ပါသည်။ ကာယာနုပဿနာသတိပဋ္ဌာန် ရင့်သန်လာသောအခါ ဤကိုယ်ကာယသည် စင်စစ်အားဖြင့် လှပတင့်တယ်ခြင်းမရှိပဲ အာသုဘသဘောသာ ရှိပါတကားဟူ၍ သိမြင်ပြီး ဤကိုယ်ကာယ၌ တပ်မက်မှု တဏှာကို ပယ်စွန့်နိုင်ပါသည်။ ဝေဒနာနုပဿနာသတိပဋ္ဌာန် ဖြင့် ရုပ်နာမ်တို့၌ သုခသညာ (ချမ်းသာသည်ဟူသော အမှတ်သညာ)ကို ပယ်ပါသည်။ အမှန်အားဖြင့် ဤလောက၌ ခံစားမှုမှန်သမျှသည် သုခ မဟုတ်ပဲ ဒုက္ခပါတကားဟူ၍ သိမြင်လာပါသည်။ ဤသို့ သိမြင်ခြင်းသည် ဝေဒနာနုပဿနာသတိပဋ္ဌာန် ရင့်သန်ခိုက်၌ ဖြစ်ပေါ်လာပါသည်။ ထိုသို့ ဖြစ်ပေါ်လာပါက ရုပ်နာမ်တို့၌ ကြောက်မက်ဖွယ် ဘေးဒုက္ခအနေဖြင့် သဒ္ဒါပေါက်ကြီး တပ်မက်မှု ဘဏှာကို ပယ်နိုင်ပါသည်။ စိတ္တာနုပဿနာ သတိပဋ္ဌာန်ဖြင့် ရုပ်နာမ်ဘို့၌ နိစ္စသညာ (မြဲသည်ဟူသော အမှတ်သညာ)ကို ပယ်ပါသည်။ အမှန်အားဖြင့် ဤလောကသည် အမြဲတစေ "ဖြစ်၊ ပျက်၊ ပြုပြင်ပြောင်းလဲသွား၏"ရှိနေပါသည်။ ဤသဘောကို စိတ္တာနုပဿနာသတိပဋ္ဌာန် ရင့်သန်ခိုက်၌ သိမြင်လာပါသည်။ သို့ဟုတ်သည်ကား၊

ဝိထိစိတ်တို့တွင်ပါဝင်သော ဇောစိတ်တို့၏ တခုပြီးတခု စဉ်ဆက်မပြတ် ဆက်စပ်ဖြစ်မှုသာဖြစ်၏။ယင်းဇောဝိက်တို့သည်လည်း တခုတည်းအနေဖြင့် အမြဲရှိနေသည် မဟုတ်၊ တခုပြီးတခု ဖြစ်လိုက် ပျက်လိုက်သဘောဖြင့် မမြဲသောသဘောကို ဆောင်နေကြ၏။ ထို့ကြောင့် ရုပ်နာမ်တို့၌ မမြဲသော အနိစ္စသဘောကို သိမြင်ပြီး တပ်မက်မှုတဏှာကို ပယ်စွန့်နိုင်ပါသည်။ ဓမ္မာနုပဿနာသတိပဋ္ဌာန်ဖြင့် ရုပ်နာမ်တို့၌ အတ္တသညာ (ပုဂ္ဂိုလ်သတ္တဝါရှိသည်ဟူသော အမှတ်သညာ)ကို ပယ်ပါသည်။ အမှန်အားဖြင့် ဤလောက၌ ပုဂ္ဂိုလ်၊သတ္တဝါမရှိပဲ ပရမတ္ထဓမ္မများသာရှိ၏။ ထိုထိုအမှုကိစ္စများကို ဆောင်ရွက်နေကြသည်မှာလည်း ပုဂ္ဂိုလ်၊ သတ္တဝါများမဟုတ်။ ပရမတ္ထဓမ္မများကသာ ကြောင်းကျိုးဖြစ်စဉ်အရ ဆောင်ရွက်နေကြခြင်းဖြစ်သည်။ တနည်းအားဖြင့်ဆိုရလျှင် ပုဂ္ဂလဗျာပါရဟူ၍ စိုးစဉ်းမျှမရှိ၊ ဓမ္မဗျာပါရသာရှိပါသည်။ ထို့ကြောင့် ရုပ်နာမ်ဓမ္မသဘါရတို့သည် ပုဂ္ဂိုလ်အနေအားဖြင့်လည်း အတ္တသဘောမရှိ၊ အနတ္တသဘောသာရှိပါသည်။ ဓမ္မအနေအားဖြင့်လည်း အတ္တသဘောမရှိ၊ အနတ္တသဘောသာရှိပါသည်။ ဤသဘောကို ဓမ္မာနုပဿနာသတိပဋ္ဌာန် ရင့်သန်သောအခါ၌ သိမြင်လာပါသည်။ ဤသည်မှာ ဗောဓိပက္ခိယထိုက်သော သတိပဋ္ဌာန်တရားတော်၏ အကျဉ်းသဘောမျှ ဖြစ်ပါသည်။

သမ္မပ္ပဓာန်

သမ္မပ္ပဓာန်ဟူသည်မှာ မိမိ၏ ရည်မှန်းချက်ကို မရ မနေ ကြိုးစားအားထုတ်မှု ဖြစ်ပါသည်။ ဗောဓိပက္ခိယအရာ၌ကား မဂ်ဉာဏ်ကို ဖြစ်ပေါ်စေရန် တွန်းတိုဆုတ်နှစ်ခြင်းကို ပယ်ဖျောက်လျက် မငြိမ့်သော လုံ့လဖြင့် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ဆောင်ရွက် ကြိုးစားခြင်းပင် ဖြစ်ပါသည်။ ယင်း သမ္မပ္ပဓာန်၏ လုပ်ငန်းများမှာ အောက်ပါအတိုင်း (၄)မျိုး ရှိပါသည်—

(၁) ဖြစ်ပြီးသော အကုသိုလ် ဒုစရိုက်တို့ကို ပယ်ရန် အားထုတ်မှု၊

(၂) မဖြစ်ဖူးသေးသော အကုသိုလ်ဒုစရိုက်တို့ကို မဖြစ်ပေါ်စေရန် အားထုတ်မှု၊

(၃) မဖြစ်ဖူးသေးသော ကုသိုလ်တို့ကို ဖြစ်ပေါ်စေရန် အားထုတ်မှ၊

(၄) ဖြစ်ပြီးသော ကုသိုလ်တို့ကို အဆင့်ဆင့်ပွားများစေရန် အားထုတ်မှု။

ဖြစ်ပြီးသော အကုသိုလ်ဒုစရိုက်တို့ကို ပယ်ရန် အားထုတ်မှု

ပုဂ္ဂိုလ်တဦးတယောက်သည် မကောင်းမှု အကုသိုလ်ဒုစရိုက်မှုတခုကို ပြုမိသည်ဖြစ်အံ့။ ထိုအခါ ထိုပြုမိသော အကုသိုလ်ဒုစရိုက်မှုအတွက် နောင်တတဖန် ပူပန်နေလျှင် ပြုမိသော မူလအကုသိုလ် မပျောက်သည့်အပြင် နောက်ထပ် ကုက္ကုစ္စအကုသိုလ်တခု ထပ်ရှိတိုးမည်သာဖြစ်၏။ ထို့ကြောင့် မိမိပြုခဲ့မိသော အကုသိုလ်ဒုစရိုက်တခုကို ပယ်ရန်အားထုတ်ခြင်းဟူသည် မိမိပြုခဲ့မိသော အကုသိုလ်ဒုစရိုက်ကို လုံးလုံးဂရုမပြုပဲ ပယ်စွန့်ကာ နောင်ကာလ၌ အလားတူအကုသိုလ် ဒုစရိုက်မှုမျိုး မဖြစ်ပေါ်စေရန် ရှောင်ကြဉ်ခြင်းပင် ဖြစ်ပါသည်။ ဤကဲ့သို့ ရှောင်ကြဉ်ကာ ပယ်စွန့်ခြင်းဖြင့် ယင်း အကုသိုလ်သည် လုံးလုံးပျောက်ကွယ်မသွားစေကာမူ အကျိုးပေးခွင့် ဝေးကာ ဝေးကာ နောက်ဆုံး၌ အဂဟာသိကံ (အကျိုးပေးခွင့်မကြုံသောကံ)ဖြစ်သွားနိုင်ပါသည်။ ဤနေရာ၌ ရှောင်ကြဉ်ခြင်းသည် ကုသိုလ်သုစရိုက်တမျိုးပင်ဖြစ်ပါသည်။ ယင်းကုသိုလ်သုစရိုက်ဖြင့် မျိုးတူအကုသိုလ်ဒုစရိုက်ကို တဒင်္ဂပဟာန်ဖြင့် ပယ်နိုင်ပါသည်။

ယော ခေါ် ပန မယာ ပါကော အတိပါတိတော ယာဝတကော ဝါ တာဝတဂကာ ဝါ၊ တံ နု သုဋ္ဌု၊ တံ နု သာဓု။ အဟံ ခေါ် ပန တပ္ပဋိယာ ဝိပ္ပဋိသာရီ အဿံ၊ နု မေ တံ ပါပကမ္မံ အကတံ ဘဝိဿတီတိ။ သော ဣတိ ပဋိသဉ်ဃာ တဿေဝ ပါကာတိပါတံ

ပဇဟတိ၊ အာယတိံ စ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ။
ဝေမေတာသာ ပါပဿ ကမ္မဿ ပဟာနံ ဟောတိ။
(သဋ္ဌာယတနဝဂ္ဂသံယုတ်-၅၀၅)

ယာဝတကော ဝါ တာဝတကော ဝါ၊ အချို့သော။ ပါဏော၊ သတ္တဝါကို့။ မယာ၊ ငါသည်။ ယော ခေါ ပန အတိပါတိတော၊ အကြင်သို့သောအားဖြင့် သတ်မိ၏။ တံ၊ ထိုသို့သတ်မိခြင်း သည်။ နံ သုဋ္ဌု၊ မကောင်း။ တံ၊ ထိုသို့သတ်မိခြင်းသည်။ နံ သာဓု၊ မကောင်း။ အဟံ ခေါ ပန၊ ငါသည်ကား။ တပ္ပစ္စယာ၊ ထိုအကြောင်းကြောင့်။ ဝိပ္ပဋိသာရီ၊ နှလုံးမသာယာသည်။ အဿံ၊ ဖြစ်ငြားအံ့။ မေ၊ ငါသည်။ တံ ပါပကံ၊ ထိုအကုသိုလ်ဒုစရိုက်ကို။ အကတံ၊ မပြုရာရောက်သည်။ နံ ဘဝိဿတိ၊ ဖြစ်လိမ့်မည်မဟုတ်။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဣတိ ပဋိသင်္ခါယ၊ ဤသို့ဆင်ခြင်၍။ ဂဠ္ဆေဝ ပါဏာတိပါတံ၊ ထိုပါဏာတိပါတကံကိုလည်း။ ပဇဟတိ၊ စွန့်၏။ အာယတိံ စ၊ နောင်အခါ၌လည်း။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ပဋိဝိရတော၊ ရှောင်ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့ကျင့်သုံးခြင်းသည်။ ပါပဿ၊ အကုသိုလ်ဒုစရိုက်ဖြစ်သော။ ဧတဿ ကမ္မဿ၊ ထိုပါဏာတိပါတကံကို။ ပဟာနံ၊ ပယ်ခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။

အချို့က ဆိုကြပါသည်။ ကြက်ကိုသတ်ခြင်းကြောင့် အကုသိုလ် ဖြစ်သည်မဟုတ်၊ ကြက်ကိုသတ်လျှင် အကုသိုလ်ဖြစ်သည်ဟု စဲ့လမ်းယုံကြည်ခြင်းကြောင့်သာ အကုသိုလ်ဖြစ်ခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်တို့၏ အဆိုမှာ စဲ့လမ်းမှု ဥပါဒါန်ကြောင့်သာ ကုသိုလ် အကုသိုလ်ဖြစ်သည်။ စဲ့လမ်းမှု ဥပါဒါန်မရှိလျှင် ကုသိုလ် အကုသိုလ် မဖြစ်ဟူ၍ ဖြစ်ပါသည်။ ဥပါဒါန-ပစ္စယာ ဘဝေါ-ဟူသော ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုးဆက် ဖြစ်စဉ်အရ စဲ့လမ်းမှုဥပါဒါန်ကြောင့် ကုသိုလ်၊ အကုသိုလ် ဟူသော ကမ္မဘဝဖြစ်ခြင်း

ဖြစ်သည်။ ဤသို့ ဆိုကြပါသည်။ ထိုအဆိုသည် မိစ္ဆာဒိဋ္ဌိတို့၏ အဆို သာ ဖြစ်ပါသည်။ ပရမတ္ထတရားမျှားသည် မည်သို့သော အကြောင်း ကြောင့်မျှ ဖောက်ပြန်ခြင်း မရှိကြပါ။ ထာဝစဉ် မိမိသဘောကို မိမိ ဆောင်လျက်ရှိကြပါသည်။ ကြက်ကိုသတ်၍ ဘုရားကိုပူဇော်လျှင် ကုသိုလ် ရ၏ ဟူ၍ ယုံကြည်ရုံမျှနှင့် ကုသိုလ်မရပါ။ ကြက်ကိုသတ်ခြင်းသည် အကုသိုလ်ဖြစ်ပါသည်။ ဘုရားကို ပူဇော်ခြင်းသည် ကုသိုလ်ဖြစ်ပါသည်။ ဤအဆိုသည်သာ ဝိဘင်္ဂဝါဒီတို့၏ အဆို ဖြစ်ပါသည်။ အမှန်အားဖြင့် စွဲလမ်းမှုဥပါဒါန်သည် အကုသိုလ်ဖြစ်ပါသည်။ အကုသိုလ်ကို ကုသိုလ်ဖြင့် သာ ပယ်သတ်နိုင်ပါသည်။ မေ့ဖျောက်ထားခြင်းဖြင့် မပယ်သတ်နိုင်ပါ။ မေ့ဖျောက် ထားခြင်းသည် အကုသိုလ် ဖြစ်ပါသည်။ အကုသိုလ်ကို အကုသိုလ်ဖြင့် ပယ်သတ်နိုင်သည်ဟူ၍ ဗုဒ္ဓစာပေ၌ မရှိပါချေ။

မဖြစ်ဖူးသေးသော အကုသိုလ်ဒုစရိုက်တို့ကို မဖြစ်ပေါ်စေရန် အားထုတ်မှု

အကုသိုလ်တရားဟူသည် အစုန်တရားမျှားသာ ဖြစ်၏။ ပြုရလွယ် ကူ၏။ မသင့်လျော်သော အချိန်အခါ အခြေအနေနှင့် အကြောင်း အာဃာတ်အပဲ့တို့ကို ရလျှင် အကုသိုလ်ဒုစရိုက်များသည် မိမိသန္တာန်၌ မဖြစ်ဖူးသေးစေကာမူ အစိမ်းသက်သက်ဖြစ်စေကာမူ အတွေ့အကြုံမရှိဖူး သေးစေကာမူ အလွယ်တကူ ဖြစ်ပွားနိုင်ပါသည်။ ထိုကဲ့သို့ မဖြစ်ပွား စေရန် မဂ်လသုတ်ဒေသနာတော်၌ "အာရတိ စ၊ ဝေးစွာရှောင်ကြဉ် ရခြင်းသည်လည်းကောင်း။ ဝိရတိ စ၊ အထူးသာဖြင့်ရှောင်ကြဉ်ရခြင်းသည် လည်းကောင်း" ဟူ၍ ရှောင်ကြဉ်ပုံ နည်း(၂)မျိုးကို ဖော်ပြထားပါသည်။ ပင်ကိုက အရက်မသောက်တတ်သူသည် အရက်ဆိုင်သို့လည်း မသွား၊ အရက်သမားနှင့်လည်း မပေါင်းသင်း၊ အရက်ကောင်းကြောင်းကိုလည်း ကြားနာမဆားရပါလျှင် အရက်သောက်မှု အကုသိုလ်ကံကို ကျူးလွန် မည်မဟုတ်။ ဤသဘောမှာ အဝေးက ရှောင်ကြဉ်ခြင်း ဖြစ်ပါသည်။ အကုသိုလ်ဒုစရိုက်ကို အဝေးက ရှောင်ကြဉ်လျှင် ရှောင်ကြဉ် ရ လွယ်ကူပါသည်။ အဝေးက ရှောင်ကြဉ်ခြင်းဆိုသည်မှာလည်း ယင်း အကုသိုလ်ဒုစရိုက်များ ဖြစ်ပွားစေနိုင်သော အချိန်အခါ အခြေအနေနှင့်

အကြောင်းအထောက်အပံ့တို့ကို ရှောင်ကြဉ်ခြင်းပင်ဖြစ်သည်။ အကယ်၍ မရှောင်ကြဉ်နိုင်ပဲ တိုက်ရိုက်တိုးနေမိလျှင်လည်း အဓိပတိတပ်သော မိမိ၏ ဆန္ဒ၊ ဝီရိယ၊ ပညာ၊ စိတ်အင်အားတို့တွင် တခုခုဖြင့် အားတင်း၍ ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။ ဤရှောင်ကြဉ်နည်းမှာ အထူးသဖြင့် ရှောင်ကြဉ်နည်းဖြစ်၍ ခက်ခဲသော သဘောရှိပါသည်။ ဤသို့ ခက်ခဲသော သဘောရှိသော ရှောင်ကြဉ်နည်းဖြင့် ရှောင်ကြဉ်နိုင်မှသာ သမ္မပ္ပဓာန် စစ်စစ်ဖြစ်ပါသည်။ အမှန်အားဖြင့် မဂ်ဉာဏ်ကိုဖြစ်ပေါ်စေနိုင်သည်အထိ ခိုင်ခံ့သော လုံ့လကိုသာ သမ္မပ္ပဓာန်ဆိုပါသည်။

မဖြစ်ဖူးသေးသော ကုသိုလ်တရားမျှားကို ဖြစ်ပေါ်စေရန် အားထုတ်မှု

အစမထင်သော သံသရာ၌ လူတို့သည် ကျင်လည်ကျက်စား ပြေးသွားနေကြ၏။ အရိယာချည်းသာ ဖြစ်နိုင်သောဘုံမျှားမှတပါး ဘုံဘဝအားလုံးတို့၌ ဖြစ်ဖူး၏။ ပဋိသန္ဓေနေဖူး၏။ ထိုကြောင့် ကုသိုလ်ကောင်းမှုမျှားကို ပြုခဲ့ဖူးသည်သာ ဖြစ်ပါ၏။ သို့ရာတွင် ထိုကုသိုလ်ကောင်းမှုတို့ကား သံသရာ၌ကျင်လည်စေတတ်သော ကောင်းမှုကုသိုလ်မျိုးသာဖြစ်ကြပါ၏။ သံသရာမှ ထွက်မြောက်စေတတ်သော ကုသိုလ်ကောင်းမှုမျိုးကား မဟုတ်ကြပါချေ။ သို့ဖြစ်၍သာ သံသရာမှ မထွက်မြောက်နိုင်ကြခြင်းဖြစ်ပါသည်။ တနည်းအားဖြင့်ဆိုရလျှင် လူတို့သည် သံသရာ၌ ကျင်လည်စေတတ်သော ကုသိုလ်ကောင်းမှုမျိုးစုံကိုကား ပြုခဲ့ဖူးပါ၏။ ဈာန်သမာပတ်မျှားကိုလည်း ရခဲ့ဖူးပါ၏။ ယခုအချိန်အထိ သံသရာမှ မထွက်မြောက်နိုင်သေးသည်ကို ထောက်ဆပါလျှင် သံသရာမှ ထွက်မြောက်နိုင်သော ကုသိုလ်ကောင်းမှုမျိုးကား ပြုခဲ့ဖူးသည်ဟု မဆိုနိုင်ပါချေ။ အကယ်၍ ပြုခဲ့ဖူးသည်ဟု ဆိုပါလျှင်လည်း အလွန်ဆုံး သခ်ါရုပေက္ခာဉာဏ်အဆင့်လောက်သာ ပြုခဲ့ဖူးပေမည်။ ထိုထက်ပို၍ ပြုနိုင်ဖွယ်မရှိချေ။ ထိုထက်ပို၍ ပြုနိုင်ခဲ့ပါလျှင် အရိယာပုဂ္ဂိုလ်အဖြစ်သို့သာ မုချရောက်ပေတော့မည်။ သံသရာမှ လွတ်မြောက်ပေတော့မည်။

ဤနေရာ၌ မဖြစ်ဖူးသေးသော ကုသိုလ်ဆိုသည်မှာ သံသရာမှ ထွက်မြောက်စေတတ်သော ဗောဓိပက္ခိယကုသိုလ်များကို ဆိုပါသည်။ ဗောဓိပက္ခိယကုသိုလ်များဖြစ်စေရန် ဝိပဿနာတရားများကို ပွားဖို့လိုအပ်ပါသည်။ဝိပဿနာတရားကိုပွားလျှင် ဝိပဿနာကုသိုလ်ဖြစ်ပါမည်။ ဝိပဿနာကုသိုလ်နှင့် ပတ်သက်၍ ဓမ္မပဒပါဠိတော် (သဟဿဝဂ်၊ ဂါထာ-၁၁၃)၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်—

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ကောဟံ ဇီဝိတံ သေယ္ယော၊ ပဿတော ဥဒယဗ္ဗယံ။

ယော စ၊ အက္ခြင်သူသည်လည်း။ ဥဒယဗ္ဗယံ၊ ဥဒယဗ္ဗယဉာဏ်ကို။ အပဿံ၊ မမြင်ရပါပဲတွေ့က်။ ဝဿသတံ၊ နှစ်ပေါင်းတရာတိုင်တိုင်။ ဇီဝေ၊ အသက်ရှင်၏။ ဥဒယဗ္ဗယံ၊ ဥဒယဗ္ဗယဉာဏ်ကို။ ပဿတော၊ မြင်သောသူ၏။ ဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ တတော၊ ထိုနှစ်ပေါင်းတရာ အသက်ရှင်ခြင်းထက်။ သေယ္ယော၊ မြတ်၏။

ဆိုလိုရင်းမှာ သံသရာ၌ ကျင်လည်စေတတ်သော ကုသိုလ်မှန်သမျှသည် စျာန်သမာပတ်ကုသိုလ်ပင်ဖြစ်စေကာမူ ဝိပဿနာကုသိုလ်လောက် မမြတ်ကြောင်းကို သိစေလိုရင်းဖြစ်ပါသည်။ မှန်ပါသည်။ ဝိပဿနာကုသိုလ်သည်သာ သံသရာမှ ထွက်ခဲမြောက်စေနိုင်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို မျက်မှောက်ပြုစေနိုင်ပါသည်။ ကုသိုလ်တွေ့ လူ့ဘဝကိုရခဲ့ကဲ့၊ ဆုတဲ့ခိုက် သမ္မပ္ပဓာန်ကုသိုလ်များကို မိမိတို့၏သန္တာန်၌ဖြစ်ပွားအောင် အားထုတ်ရန် ဟောကြားတော်မူခြင်းဖြစ်ပါသည်။ ကျန်ပဓာန်တို့သည် ကုသိုလ်ကောင်းမှုကို ပြုကြပါ၏။ ပဓာနဉာဏ်မရဖို့ ပြုသောကုသိုလ်နှင့် ဝိပဿနာဉာဏ်ရပြီးမှ ပြုသောကုသိုလ်တို့သည် ကုသိုလ်ချင်းတူစေကာမူ အနှစ်သာရချင်း မတူညီကြောင်းကို ကိုယ်တွေ့ကြုံပေလိမ့်မည်။

ဖြစ်ပြီးခဲ့သော ကုသိုလ်တို့ကို အဆင့်ဆင့် ပွားများစေရန် အားထုတ်မှု

သခ်ါရပေက္ခာဉာဏ်တိုင်အောင်သော ဝိပဿနာကုသိုလ်တို့သည်ပင် ပျက်စီးတတ်သော သဘောရှိကြပါသည်။ ပျက်စီးသွားပါကလည်း အပါယ်လေးပါးသို့ ကျရောက်ဘတ်ပါသည်။ ဤသဘောနှင့်ပတ်ဆက်၍ မဟာစည်ဆရာတော်ကြီးက မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ ဃဋီကာရသုတ် အဖွင့်နှင့် ဗုဒ္ဓဝင်ပါဋိတော်ကို ကိုးကား၍ သူ၏ ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ (၉၇)၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်—

> သခ်ါရပေက္ခာဉာဏ်သို့ ရောက်ပြီးသော ဘုရားအလောင်း တော်မြတ်သော်မှ သုဂတိ၌ ထာဝရမမြဲကြောင်း အပါယဂတိမှ မလွတ်သေးကြောင်းကို ထင်ရှားသိရ၏။

သို့ဖြစ်၍ နိယာမမည်သော မဂ်သို့ မရောက်သေးသမျှ ကာလပတ်လုံး ပျက်စီးတတ်သော သဘောရှိသော ကုသိုလ်ဘရားတို့ကို ပျက်စီးဆုတ်ယုတ်ခြင်းသို့ မရောက်စေပဲ အတိုင်းထက်အလွန် ပွားများတိုးတက်အောင် အားထုတ်အပ်ပါသည်။ ထိုကဲ့သို့အားထုတ်ပါမှ စစ်မှန်သော သမ္မပ္ပဓာန် ဖြစ်လာပေလိမ့်မည်။

ဣဒ္ဓိပါဒ်

ဣဒ္ဓိဟူသည် ပြီးစီးမှု၊ ပြည့်စုံမှု ဖြစ်ပါသည်။ ဖခရကောက် တရားကိုယ် အားဖြင့် စျာန်သမာပတ်တရားများနှင့် လောကုတ္တရာ မဂ်ဖိုလ်တရားများ ဖြစ်ပါသည်။ တိုစျာန်သမာပတ်တရားများနှင့် လောကုတ္တရာမဂ်ဖိုလ်တရား များကို ရရာရကြောင်းဖြစ်သော အခြေခံတရားများကို ဣဒ္ဓိပါဒ်ဟု ခေါ်ပါသည်။ ဣဒ္ဓိသည် ပြီးစီးမှု၊ ပြည့်စုံမှုဖြစ်၍ ပါဒသည် ထိုပြီးစီးမှု၊ ပြည့်စုံမှု၏အခြေခံ ဖြစ်ပါသည်။ ဣဒ္ဓိပါဒ်၏တရားကိုယ်မှာ ဆန္ဒ၊ စိတ္တ၊ ဝီရိယနှင့် ပညာတို့ဖြစ်ပါသည်။ ဤနေရာ၌ သာမညဖြစ်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာတို့ မဟုတ်ကြပါ။ အဓိပတိထိုက်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာတို့ ဖြစ်ပါသည်။ အဓိပတိထိုက်သော ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ပညာတို့သည်သာ ဆိုင်ရာ ဆိုင်ရာ အနှောင့်အယှက် အဟန့်အတားတို့ကို ကျော်လွှားပြီး

ပြီးစီးမှု၊ ပြည့်စုံမှုကို ရယူစေနိုင်ပါသည်။ ဤနေထွန်၌ ပြီးစီးမှု၊ ပြည့်စုံမှုကို ရယူစေနိုင်ခြင်း ဆိုသည်မှာ မင်ဉာဏ် ဗိုလ်ဉာဏ်ကို မျက်မှောက်ပြုစေနိုင်ခြင်း ဖြစ်ပါသည်။

ဤန္ဒြေနှင့်ဗိုလ်

ဤန္ဒြေဟူသည် မိမိတို့ဆိုင်ရာကိစ္စ၌ အစိုးတရ ပိုင်နိုင်သော တရားများဖြစ်၏။ဗိုလ်ဟူသည် မိမိတို့၏ဆိုင်ရာကိစ္စ၌ မည်သို့သောအကြောင်းကြောင့်မျှ မယိမ်းမယိုင် ခိုင်မြဲသော တရားများဖြစ်၏။ ဗိုလ်အကြောင်းကို ရှေးဦး ဆိုခဲ့ပြီး ဖြစ်ပါသည်။ ဤဗောဓိပက္ခိယ အရာ၌ ဗိုလ်ဟူသည်မှာ ကုသိုလ်ဗိုလ်များသာ ဖြစ်ပါသည်။ ဗောဓိပက္ခိယအရာ၌ ဤန္ဒြေနှင့် ဗိုလ်တို့သည် တရားကိုယ်အားဖြင့် အတူတူပင် ဖြစ်ကြပါသည်။ တရားကိုယ်များမှာ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာတို့ ဖြစ်ကြပါသည်။ ထိုငါးပါးတို့တွင် သဒ္ဓါသည် သော ဘာပတ္တိမဂ်ကို ရရေးကာစ၌ လွန်စွာ အားကောင်း၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင် အစိုးရ၏။ ဆန္ဒကျင်ဘက်တရားတို့ကြောင့် လှုပ်ရှားယိမ်းယိုင်ခြင်းမရှိ။ ထို့ကြောင့် သဒ္ဓါကို ဤန္ဒြေဟူ၍လည်း ဆိုရ၏။ ဗိုလ်ဟူ၍လည်း ဆိုရ၏။

ထိုနည်းအတူပင် ဝီရိယသည် သမ္မပ္ပဓာန်အရာ၌ လွန်စွာအားကောင်း၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင် အစိုးရ၏။ ဆန္ဒကျင်ဘက် တရားတို့ကြောင့် ယိမ်းယိုင်လှုပ်ရှားခြင်းမရှိ။ သတိသည် သတိပဋ္ဌာန်အရာ၌ လွန်စွာ အားကောင်း၏။ စိတ်ကို ပိုင်ပိုင်နိုင်နိုင် အစိုးရ၏။ ဆန္ဒကျင်ဘက် အကြောင်းတို့ကြောင့် ယိမ်းယိုင်လှုပ်ရှားခြင်း မရှိ၊ သမာဓိသည် စျာန်သမာပတ်အရာ၌ လွန်စွာ အားကောင်း၏။ စိတ်ကို ပို ပိုင်နိုင်နိုင် အစိုးရ၏။ ဆန္ဒကျင်ဘက်အကြောင်းတို့ကြောင့် ယိမ်း ယိုင် လှုပ်ရှားခြင်းမရှိ။ ပညာသည် သစ္စာလေးပါးအရာ၌ လွန်စွာအားရှိ၏။ ဆန္ဒကျင်ဘက် အကြောင်းတို့ကြောင့် ယိမ်းယိုင် လှုပ်ရှားခြင်း မရှိ။ ဤသို့လျှင် ဤန္ဒြေသဓာ ဗိုလ်သဘောတို့ကို သိအပ်ပါသည်။

ဗောဓိပက္ခိယအရာ၌ ဤန္ဒြေနှင့် ဗိုလ်တို့ကို ညီမျှစေအောင် အားထုတ်အပ်ပါသည်။ သဒ္ဓါနှင့်ပညာ၊ ဝီရိယနှင့်သမာဓိ၊ ဤတရား(၂)စုံမှာ ညီမျှ

အောင် အားထုတ်အပ်သော တရားအစုံမျှား ဖြစ်ကြောင်း ဝိသုဒ္ဓိမဂ် ပထမတွဲ(၁၂၆)၌ လာရှိပါသည်။ သဒ္ဓါက အားကောင်းပြီး ပညာက နုံ့နေလျှင် မယုံကြည်ထိုက်သောအရာ၌ ယုံကြည်တတ်သည်၊ လမ်းမှားသို့ ရောက်တတ်ပါသည်။ ပညာက အားကောင်းပြီး သဒ္ဓါက နုံ့နေပြန်လျှင် ကောက်ကျစ်စဉ်းလဲတတ်ပါသည်။ သဒ္ဓါတရားခေါင်းပါးသော ပညာရှိများသည် ဆေးကြောင့်ဖြစ်သော ရောဂါကဲ့သို့ ကုစားမရနိုင်ကြောင်း ဝိသုဒ္ဓိမဂ်ကျမ်း၌ ဆိုပါသည်။ အခြားအကြောင်းများကြောင့် ရောဂါဖြစ်လျှင် ဆေးဖြင့်ကုစား၍ ရပါသည်။ဆေးကြောင့်ရောဂါဖြစ်လျှင်ကား ကုစား၍ မရနိုင်တော့ပါ။ ဆေးထပ်တိုက်လျှင် ရောဂါပို၍သည်းလာမည် ဖြစ်ပါသည်။ ဆေးကြောင့်ဖြစ်လာသောရောဂါကို ဆေးထပ်တိုက်ခြင်းဖြင့် ပျောက်ကင်းအောင်ကုစားရာမရောက်ပဲ ရောဂါပိုပြင်းထန်လာအောင် လုပ်ရာသာရောက်ပါသည်။ ထို့ကြောင့် သဒ္ဓါတရားခေါင်းပါးသောပညာရှိများသည် လောကတွင် ကြောက်စရာ အကောင်းဆုံး ပုဂ္ဂိုလ်မျိုးဖြစ်ပါသည်။ ဝီရိယနှင့် သမာဓိကိုလည်း မျှအောင်လုပ်ရပါမည်။ ဝီရိယက အားကောင်းပြီး သမာဓိက အားနည်းနေလျှင် ပုံ့လွင့်တတ်ပါသည်။ သမာဓိက အားကောင်းပြီး ဝီရိယက အားနည်းနေလျှင်လည်း ပျင်းရိတတ်ပါသည်။ပထမသင်္ဂါယနာတင်ရန် ပြင်ဆင်စဉ်ကာလ-က ရှင်အာနန္ဒာမထေရ် ရဟန္တာ မဖြစ်သည်မှာ ဝီရိယလွန်ကဲပြီး သမာဓိအားနည်းသောကြောင့်ဖြစ်ကြောင်း ဝီရိယနှင့် သမာဓိကိုမျှအောင်ကျင့်လိုက်မှ ရဟန္တာဖြစ်သွားကြောင်း၊ ကျမ်းဂန်များ၌ လာရှိပါသည်။ သတိမူကား ပိုသည်ဟူ၍ မရှိ၊ လိုသည်သာရှိပါသည်။ သတိနှင့်ပတ်သက်၍ ကျမ်းဂန်များ၌ ဤသို့ ဆိုထားသည်ကို တွေ့ရပါသည်—

သတိ လောကဓိပနံ ဝိယ သဗ္ဗဗျဉ္ဇနေသု၊ သဗ္ဗကမ္မိက-အမစ္စော ဝိယ စ သဗ္ဗရာဇကိစ္စေသု သဗ္ဗတ္ထ ဣစ္ဆိတဗ္ဗာ။

သဗ္ဗဗျဉ္ဇနေသု၊ ဟင်းလျာအားလုံးတို့၌။ လောကဓိပနံ၊ဆားခတ်ခြင်းကို။ ဣစ္ဆိတဗ္ဗံ ဝိယ စ၊အလိုရှိအပ်သကဲ့သို့လည်းကောင်း။ သဗ္ဗရာဇကိစ္စေသု၊ မင်းမှုကိစ္စအားလုံးတို့၌။ သဗ္ဗကမ္မိကအမစ္စော၊

မှုခင်းကိစ္စအားလုံးကို ဆောင်ရွက်တတ်သော အမတ်ကို။ ဤစိတ်တင်္ဘော ဝိယ စ၊ အလိုရှိအပ်သကဲ့သို့လည်းကောင်း။ သင့်တွာ၊ အထူအားလုံး၌။ သတိ၊ သတိကို။ ဤဆိုတင့်တာ၊ အလိုရှိအပ်၏။

(ဝိသုဒ္ဓိမဂ်း ပ၊၁၂၆)

ဗောဇ္ဈင်

ဗောဇ္ဈင်သည် "ဗောဓိ+အင်္ဂ" ဟူသော ပါဠိပုဒ်မှ ဆင်းသက်လာသော ဝေါဟာရဖြစ်ပါသည်။ ဤနေရာ၌ ဗောဓိဟူသည်မှာ မဂ်ဉာဏ်လေးပါးဖြစ်ပါသည်။ အင်္ဂဟူသည်မှာ မဂ်ဉာဏ်လေးပါးပြည့်ဝေါရာ ဖြစ်ပေါ်ကြောင်း၊ အင်္ဂါအဓိတ်အပိုင်းများ ဖြစ်ပါသည်။ ယင်းအင်္ဂါအင်္ဂတ်အပိုင်းများသည် သတိ၊ ပညာ၊ ဝီရိယ၊ ပီတိ၊ ပဿဒ္ဓိ၊ သမာဓိ၊ ဥပေက္ခာတို့ ဖြစ်ပါသည်။ ယင်းတို့ကို ဗောဇ္ဈင်တရား (၇) ပါးဟူ၍ ဆိုပါသည်။ ဗောဇ္ဈင်တရားများ၏ သဘောတို့ ထေရဝါဒီ အာရုံခံပိုင်း၊ ကိုယ်ထည်ပိုင်းနှင့် ဦးခေါင်းပိုင်းဟူ၍ သုံးပိုင်းခြားခြင်း ဝတ္ထုရပါသည်။ အရေခြံခံပိုင်းတွင် သတိ၊ ပညာနှင့် ဝီရိယတို့ ကိုယ်ထည်ပိုင်းတွင် ပီတိ၊ ပဿဒ္ဓိနှင့် သမာဓိတို့ ဦးခေါင်းပိုင်းတွင် ဥပေက္ခာပါဝင်ပါသည်။

သတိ ပါဠိပါဝင်ရန်းတွင် သတိ၊ ပညာနှင့် ဝီရိယသုံးခုသည် ရှေးဦးစွာ ပါဝင်သော အခြေခံမှုင်း ဖြစ်ပါသည်။ သတိပဋ္ဌာနတရားကိုမှတ်ဆုတွင် သတိဖြင့်လည်း မှတ်ရန်။ ပညာဖြင့်လည်း ရှုပ်ရန်။ ဤသုံးခုလည်း ဗောဓိပက္ခိယတရား ဖြစ်ပါသည်။ ဤသုံးခုသည် ပါရဖြင့် ခေါ်ဆိုရန်။ ဤသုံးခုသည် ပီတိ သဘောကို ပေါ်ပေါက်စေသည်။ ဤသုံးခုသော သဘော ဝင်လာပါသည့် ဤသုံးခု ပီတိ သဘောကို ဝင်လာစေသည်။ ဤသုံးခုသည် ခံစားတတ်ခြင်း သဘောကို လာပါသည်။ စိတ်ဘက်ကို ကြွမ်းသက်ကာ ဤသုံးခုသည် ကိုယ်ထည်ပိုင်း၏ ခံစားခြင်းဖြစ်ပါသည်။ ဤသုံးခုသည် အစ

ပထမဌ် သတိ၊ ပညာနှင့် ဝီရိယတို့သည် သာမန် သတိ၊ ပညာနှင့် ဝီရိယတို့သာဖြစ်ပါသည်။ သာမန် သတိ၊ ပညာနှင့် ဝီရိယတို့ကို ပုဂ္ဂိုလ်အနေဖြင့် အားထုတ်ရပါသည်။ ဤသို့အားထုတ်ခြင်းကို ပုဂ္ဂလဗျာပါရဖြင့် စေစားခြင်းဟု ဆိုပါသည်။ နောက်ပိုင်းတွင် လုပ်ငန်းသဘောအရ ရှင့်ကျောက်လာသောအခါ ယင်းသတိ၊ ပညာနှင့် ဝီရိယဘို့သည် သူ့အလိုလို ထင်လာပါသည်။ ပုဂ္ဂိုလ်အနေဖြင့် ကြောင့်ကြစိုက်ပြီး အားထုတ်ရခြင်း မရှိပဲ ဓမ္မအနေဖြင့် သူ့အရှိန်နှင့်သူ ထင်လာပါသည်။ ဤသို့ထင်လာခြင်းကို ဓမ္မဗျာပါရဖြင့် ထင်လာခြင်းဟု ဆိုပါသည်။ ဓမ္မဗျာပါရဖြင့်ထင်လာသောအခါ အားထုတ်သူယောဂီပုဂ္ဂိုလ်ကို "သတိမာ (သတိရှိသူ)" ဟူ၍လည်းကောင်း၊ "သမ္ပဇာန (သိသူ)" ဟူ၍လည်းကောင်း၊ "အာတာပီ (လုံ့လရှိသူ)" ဟူ၍လည်းကောင်း ဆိုပါသည်။ ဤသို့ဖြစ်လာသောအခါ အခြေခံပိုင်း၏ ပြည့်စုံခြင်းသဘောကို ဆောင်လာပါသည်။ ဤသို့ ဆောင်လာမှပင် "ဗောဇ္ဈင်" အမည်ကို ရပါသည်။

ဓမ္မဗျာပါရဖြင့် သတိမာ (သတိရှိသူ)၊ သမ္ပဇာန (သိသူ)၊ အာတာပီ (လုံ့လရှိသူ) ဖြစ်လာပါက တရားဓမ္မသည် မွေ့လျော်ဖွယ် ဖြစ်လာပါသည်။ ငြိမ်းအေးဖွယ် ဖြစ်လာပါသည်။ ငြိမ်သက်တည်ကြည်ဖွယ် ဖြစ်လာပါသည်။ မွေ့လျော်ဖွယ်ဖြင့်လာပါက ပီတိသဘော ဝင်လာ၍ ဖြစ်ပါသည်။ ငြိမ်းအေးဖွယ် ဖြစ်လာပါက ပဿဒ္ဓိသဘော ဝင်လာ၍ ဖြစ်ပါသည်။ ငြိမ်သက်တည်ကြည်ဖွယ် ဖြစ်လာပါက သမာဓိသဘော ဝင်လာ၍ ဖြစ်ပါသည်။ ဆိုအခါ တရားဘာဝနာသည် နှစ်သက်စရာ(ရတီ)၊ မြတ်နိုးစရာ(နန္ဒီ)၊ မွေ့လျော်ဆာ (အာရာမ) ဖြစ်လာသဖြင့် ပီတိသည် ဗောဇ္ဈင်ဖြစ်လာပါသည်။ ငြိမ်းအေးစရာ (ဥပသန္တ)၊ အေးမြဂရု (သိတလ) ဖြစ်လာသဖြင့် ပဿဒ္ဓိသည် ဗောဇ္ဈင်ဖြစ်လာပါသည်။ တည်ကြည်ခိုင်မြဲစရာ (ဧကဂ္ဂတာ) ဖြစ်လာသဖြင့် သမာဓိသည် ဗောဇ္ဈင်ဖြစ်လာပါသည်။ ဤအဆင့်သို့ ရောက်လာပါက ကိုယ်ထည်ပိုင်း၏ ပြည့်စုံခြင်းသဘောကို ဆောင်လာပါသည်။

ဗောဇ္ဈင်တရားများမှာသည် အခြေခံပိုင်းဥဿုံဖြစ်၏၊ ကိုယ်ထည်ပိုင်းဥဿုံဖြစ်သော နိုပ်ကွပ်မှု (နိုဂ္ဂဟ)နှင့် ချီးမြှောက်မှု (ပဂ္ဂဟ)တို့ကို ဆောင်ရွက်ကြပါသည်။ သတိသည် မေ့လျော့ခြင်း (ပမာဒ)ကို နှိပ်ကွပ်၍ မမေ့လျော့ခြင်း (အပ္ပမာဒ)ကို ချီးမြှောက်ပါသည်။ ပညာသည် တွေဝေခြင်း (သမ္မောဟ)ကို နှိပ်ကွပ်၍ သိမြင်ခြင်း (အသမ္မောဟ)ကို ချီးမြှောက်ပါသည်။ ဝီရိယသည် ပျင်းရိခြင်း ကောသဇ္ဇကို နှိပ်ကွပ်၍ ရဲဝံ့စွန့်စားခြင်း (ဓုရသမ္ပဂ္ဂါဟ)ကို ချီးမြှောက်ပါသည်။ ပီတိသည် ပျင်းရိခြင်း (အရတိ)ကို နှိပ်ကွပ်၍ မွေ့လျော်ခြင်း (ရတိ)ကို ချီးမြှောက်ပါသည်။ ပဿဒ္ဓိသည် ပူပန်ခြင်း (ဒရထ)ကို နှိပ်ကွပ်၍ ငြိမ်းအေးခြင်း(ဥပသမ)ကို ချီးမြှောက်ပါသည်။ သမာဓိသည် အမြဲမတည် ကိုယ့်ငါ ရှေးရှုးခြင်း (ဝိသာရ)ကိုနှိပ်ကွပ်၍ အစဉ်တစိုက်တည်ကြံခြင်း (သန္နိဝေသကံ)ကို ချီးမြှောက်ပါသည်။ ဤသည်မှာ အခြေခံပိုင်းနှင့် ကိုယ်ထည်ပိုင်းဟု ဗောဇ္ဈင်ဘက်တို့၏ သီးခြားစွမ်းရည်များ ဖြစ်ကြပါသည်။ ဤအဆင့်တွင် ဗောဇ္ဈင်ဘက်တို့သည် မိမိတို့၏ သီးခြားဂုဏ်းရည်များကို ဖော်ထုတ်ကြသဖြင့် "နာနာရသ" ခေါ် ကဒုချင်းစီ၏ကိုယ့်ကို ဦးစားပေးပါသည်။ "ဧကရသ" ခေါ် အဝေါင်းအစု၏ကိစ္စကို ဦးစားမပေးကြပါချေ။ ဤလောကတွင် နိဗ္ဗာန်မှ ကပါး မပြုသည့်ကများမျှ တခုတည်းအနေဖြင့် မတည်ရှိနိုင်ပဲ အစုအဝေါင်း အနေဖြင့်သာ တည်ရှိနိုင်သောကြောင့် "ဧကရသ" ခေါ် အုပ်အစုပါင်း၏ ကိစ္စကို ဦးစားမပေးနိုင်သော်လည်း မနာတ်ဂဟိုးပန်းတိုင်၏ သဘောသည် ပေါ်လွင်လာမည် မဟုတ်ပါချေ။

ဝိပဿနာဉာဏ်စဉ်တရားများတွင်သည်း ဉာဏ်ပဒ္မယဉာဏ်စဉ်ကဲ့ရှေးချိန်၌-

(၁) အဆောင်အယောင်း (သြဘာသ)၊

(၂) နှစ်သက်ခြင်း (ပီတိ)၊

(၃) ကိုယ်စိတ်နှစ်ပါးငြိမ်းအေးခြင်း (ပဿဒ္ဓိ)၊

(၄) ယုံကြည်မှု (သဒ္ဓါ)၊

(၅) နောက်မဆုတ်ပဲ ရဲဝံ့စွာဆောင်ရွက်မှု (ဝီရိယ)၊
(၆) ကိုယ်စိတ်နှစ်ပါး ချမ်းသာမှု (သုခ)၊
(၇) သိမြင်မှု (ပညာ)၊
(၈) မှတ်သားမှု (သတိ)၊
(၉) ဖြောင့်မတ်စွာဆင်ခြင်မှုနှင့် မှတ်သိမှု (ဥပေက္ခာ)၊
(၁၀) နှစ်သက်မှု (နိကန္တိ)–

ဟူသော ထူးခြားသော တရား (၁၀)မျိုးတို့ဖြစ်တတ်ကြောင်း ကျမ်းဂန်များ၌ လာရှိပါသည်။ ထိုအခါ သာမန် လူနတ်တို့၏ ပျော်မွေ့မှုထက် လွန်ကဲသော ပျော်မွေ့မှု (အမာနုသီရတိ)ကို ခံစားရသည်ဟု ဆိုပါသည်။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသိ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

သုညာဂါရံ၊ ဆိတ်ငြိမ်ရာအရပ်သို့။ ပဝိဋ္ဌဿ၊ ဝင်လျက်။ သန္တစိတ္တဿ၊ ပိတိ ပဿဒ္ဓိအစဉ်မပျံ့ကြောင့် ငြိမ်သက်သော စိတ်ရှိသော။ ဓမ္မံ၊ ရုပ် နာမ်တရားကို။ သမ္မာ၊ အမှန်အတိုင်း။ ဝိပဿတော၊ မတ္ထမြင်သော။ ဘိက္ခုနော၊ ရဟန်းအား။ အမာနုသိ၊ သာမန် လူနတ်တို့ မခံစားရသော။ ရတိ၊ ပျော်မွေ့မှုသည်။ ဟောတိ၊ ဖြစ်၏။

(ဓမ္မပဒ–၆၇)

သာမန်လူနတ်တို့ မခံစားဖူးသော ပျော်မွေ့မှုနှင့်ပတ်သက်၍ ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ (၁၉၂)၌ မဟာစည်ဆရာတော်ကြီးက ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်–

အလင်းရောင် (သြဘာသ) စသော တရားထူး (၉)မျိုးကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် စွဲလမ်းလျှင် ညစ်ညူးကြောင်း (ဥပက္ကိလေသ)မည်၏။ မစွဲလမ်းလျှင် ညစ်ညူးကြောင်း မမည်။ ထို့ကြောင့် ဘင်္ဂဉာဏ်၊ သဒ္ဒါရုပေက္ခာဉာဏ်အထူတို့၌ ထင်ရှားစွာဖြစ်သော

သတိစသော ပေါဇဉ်တရားတို့ကိုလည်း၊ ကောင်း၊ထိုပေါဇဉ်တို့နှင့် လျော်စွာဖြစ်သော သုခ၊ သဒ္ဓါတို့ကိုလည်းကောင်း ညွှန်ကြောင်း (ဥပက္ကိလေသ)ဟု မဆိုအပ်ကုန်။

ပေါဇဉ်တရားတို့ဿည် အခြေခံပိုင်းဌိလည်းကောင်း၊ ကိုယ်သည်ပိုင်းဌိလည်းကောင်း မိမိကို၏သိုးခြောက်စေ၊ တခုခုကိစ္စ၊ အစိတ်အစိတ်ကိစ္စများကို ဆောင်ရွက်ခဲ့ပါသည်။ နောက်ဆုံး ဦးဇခါင်းပိုင်းဌိကား မူရင်းဦးတည်ချက်ကိစ္စ၊ အများဆိုင် "ဘုံ" ကိစ္စ၊ ဘစုအပေါင်းကိစ္စကို ဆောင်ရွက်ရန်ရှိပါသည်။ ယင်းကိစ္စသည်သာ "ပန်းတိုင်" ဖြစ်ပါသည်။ ပန်းတိုင်အတွက် အများဆိုင် "ဘုံ" ကိစ္စကို ဥဒေပက္ခာသမ္ဘောဇ္ဈင် (ဝ ကြမဇ္ဈတ္တတာ) က ဆောင်ရွက်ရမည်ဖြစ်ပါသည်။ထိုအခါ ပေါဇဉ်တရားအားလုံးတို့သည် ကရဏီယ "ဝိမုတ္တိရသ" ကို ဖော်ဆောင်ရန် အင်အားစုစည်းမိကြမည် ဖြစ်ပါသည်။ ထိုသို့ အင်အားစုစည်းမိကြခြင်းမှာ ဥပေက္ခာသမ္ဘောဇ္ဈင်၏ နှုန်းဘောင်ကြောင့် ဖြစ်ပါသည်။ ဤနေရာ၌ ဇကြမဇ္ဈတ္တတာ ဆိုသည်မှာ ပေါမိဟက္ခိယ လုပ်ငန်းများဘက် ဖြစ်ပေါ်စေဖက် တရားများကို ဝိမုတ္တိ-ရသခေါ် ကရဏီယတည်းဟူသော အလယ်ဧဟိုဒ္ဒေတစုတည်းတပေါင်းတည်း ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ဤသို့ ဝိမုတ္တိရသဒ္ဓါ နာနာရသအနေဖြင့်မဟုတ်ပဲ ဧးဧသအနေဖြင့် စုပေါင်း ဆောင်ရွက်ခြင်း (သမဝါဟိတ)သည် ပန်းတိုင်ဖြစ်ပါသည်။ ပန်းတိုင်ရောက်သောအခါ မဂ်ဘက်သည့် သစ္စာဆေးပါးကိုသိလျှင် သစ္စာအနက်ဘဆယ်ခုခြောက်ချက်တို့နှင့်တကွ တဝိုင်နက်တည်း ဇကဲ့သို့ကျင်မှ ခြုံငုံ၍ သိမည်ဖြစ်ပါသည်။ ဤသို့ကဲ့ခြင်းကိုပင် ကျင်းဂန်မျာဒ္ဓါ "သမန္နတော ဘုရားကိုကို သဗ္ဗညုတဉာဏ် ကဲ့သို့ခြင်း ဝိတဏ်းသာဒ္ဓါဘဝ်ဖြင့် သမ္ဘောဓိမည်း" ဟူ၍ ပေါဇဉ်တရားတို့၏ ကုသိုလ်အဓိပ္ပာယ်ကို ဖွင့်ဆိုကြခြင်းဖြစ်ပါသည်။ ဇကဲ့သို့ကျင်မှ ဝိဒ္ဒါသည်း ပေါဇဉ်တရားတို့ကိုသည် ဘဝြခံပိုင်း။ ကိုယ်သည်ပိုင်းဌိ ဦးမဂါဒိပိုင်းဟူ၍ အပိုင်း သုံးပိုင်း သိုမဟုတ် ပဌမဇာ၊ ဒုတိယဆင့်၊ တတိယဇာဟူ၍ အခန့်သုံးဆင့်ရှိ၍ ပြည့်စုံစေဘဲ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မဂ္ဂင်

မဂ္ဂင်တရားများသည် ထင်ရှားပါသည်။ သံသရာဝဋ်မှ ထွက်မြောက်ရာ ထွန်းမြောက်ကြောင်း သို့မဟုတ် နိဗ္ဗာန်သို့ ရောက်ရာ ရောက်ကြောင်း တရားတို့ မဂ်ခေါ်၍ ယင်းမဂ်၏ အစိတ်အစိတ်များကို မဂ္ဂင်ခေါ်ပါသည်။ မဂ္ဂင်များသည် (၈)ပါးရှိပါသည်။ မဂ္ဂင် (၈)ပါးသည် မြတ်စွာဘုရား၏ အဆုံးအမသာသနာဖြစ်ပါသည်။ ယင်းသာသနာကို **သီလ၊ သမာဓိ၊ ပညာ** ဟူ၍ သုံးပိုင်းခွဲပြီး ဖော်ပြကြပါသည်။ အမှန်အားဖြင့် အပိုင်းအစိတ်အဖြစ်ဖြင့် ခွဲခြားဖော်ပြခြင်းသည် လောကအမြင်ဖြင့် ခွဲခြားဖော်ပြခြင်းဖြစ်ပါသည်။ လောကအမြင်တွင်သာ အပိုင်းအစိတ်သဘော အသီးသီးသဘော (နာနာရုံ)၊ ဓမ္မဓောက်သဘော (နာနာကွဏ) ရှိပါသည်။ လောကုတ္တရာအမြင်တွင်မူ တပေါင်းတည်းသဘော၊ တခုတည်းသဘော (ဧကရုံ)၊ တပြိုင်နက်သဘော (ဧကက္ခဏ)သာ ရှိပါသည်။အပိုင်းအစိတ် သဘောဟူ၍လည်း မရှိပါ။ ဓမ္မဓောက်သဘောဟူ၍လည်း မရှိပါ။ ထို့ကဲ့သို့ အပိုင်းအစိတ်သဘောနှင့် ဓမ္မဓောက်သဘောတို့မရှိပဲ တပေါင်းတည်းသဘော၊ တခုတည်းသဘောနှင့် တပြိုင်နက်သဘောဟူ၍ ဖြစ်ခြင်းသည် လောကလွန် ကရား၏ ထူးခြားမှုသဘောသက်သာ ဖြစ်ပါသည်။

ဤနေရာ၌ ထူးခြားမှုဆိုသည်မှာ လောကတရားနှင့် လောကလွန်တရားတို့၏ အချင်းချင်းမတူညီသော သဘောရှိနေခြင်းကို ဆိုပါသည်။ အပိုင်းအစိတ်သဘော(နာနာရုံ)တို့ကို ပေါင်းလိုက်ရုံမျှနှင့် တခုတည်းသဘော (ဧကရုံ)ဖြစ်မလာပါ။ ဓမ္မဓောက်သဘော (နာနာကွဏ)တို့ကို ပေါင်းလိုက်ရုံမျှနှင့် တပြိုင်နက်သဘော (ဧကက္ခဏ)ဖြစ်မလာပါ။ အပိုင်းအစိတ်သဘောကား သီးခြား၊ တခုတည်းသဘောကား သီးခြား၊ ဓမ္မဓောက်သဘောကား သီးခြား၊ တပြိုင်နက်သဘောကား သီးခြား၊ အပိုင်းအစိတ်သဘောနှင့် တခုတည်းသဘောတို့ရောနှောခြင်းမရှိပါ။အကယ်၍ရောနှောနေသေးလျှင်လည်း အပိုင်းအစိတ်သဘောသာ ဖြစ်ပါသည်။ တခုတည်းသဘောမဟုတ်သေးပါ။ ဓမ္မဓောက်သဘောနှင့် တပြိုင်နက်သဘောတို့ ရောနှောခြင်းမရှိပါ။ အကယ်၍ ရောနှောနေသေးလျှင်လည်း ဓမ္မ ဓောက်

သဘောသာဖြစ်ပါမည်။ တပြိုင်နက်သဘော မဟုတ်သေးပါ။ အပိုင်း အစိတ်သဘောနှင့် တခုတည်းသဘောတို့တွင် အချင်းချင်း နယ်ခြားမျဉ်း ရှိပါသည်။ ရွေ့နောက်သဘေးနှင့် တပြိုင်နက်သဘောတို့တွင် အချင်းချင်း နယ်ခြားမျဉ်းရှိပါသည်။ ထိုနယ်ခြားမျဉ်းကို ဖြတ်ကျော်၍ မရပါ။ အိန္ဒိယ နယ်ခြားမျဉ်းကို ဖြတ်ကျော်လိုက်ရုံမျှနှင့် အိန္ဒိယလူမျိုး ဖြစ်းသွားနိုင် သကဲ့သို့ ဖြစ်ပါသည်။ ဤသည်မှာ လောကတရားနှင့် လောကလွန်တရား တို့၏ အချင်းချင်း မတူညီသော သဘောများကို ဆိုခြင်းဖြစ်ပါဘုရား။ ကျမ်းစာများတွင်လည်း လောကတရားနှင့် လောကလွန်တရားတို့၏ အချင်းချင်းမတူညီသည့် သဘောကို ဤသို့ဖော်ပြကြပါသည်—

ယသ္မာ နိပ္ပဒေန် သမ္ဘသင်္ခါရဝိဓုရသဘာဝံ၊ တသ္မာ ယထာ သခ်ဓမ္မေသု ကတ္တာစိ နတ္ထိ၊ တထာ တတ္ထပိ သဗ္ဗေ သခ်္ခတဓမ္မာ။ နာ ဟိ သခ်ိတာသခ်္ခတဓမ္မာနံ သဓေးခာနံ သမ္ဘဝတိ။

နိပ္ဖာနံ၊ အသခ်ါရတရး (နိပ္ဖာန်)သည်။ ယသ္မာ၊ အကြင် ကြောင့်၊ သပ္ပသခ်ါခဝိဓုရသဘာဝံ၊ အလုံးစုံသော သခ်ါခတရား ကိုမူ ပြောင်းပြန်ဆန့်ကျင်သော သဘောရှိ၏။ တသ္မာ၊ ယင်ကြောင့်။ သခ်ကဓမ္မေသု၊သခ်ါရတရားတို့တွင်၊ကတ္ထစိ၊ဟုံတခုခုသော သခ်ါရ ကဖုးခြင်းသော်မှ။ နိပ္ဖာနံ၊ အသခ်ါရတဓေး(နိပ္ဖာန်)သည်၊ နတ္ထိ ယထာ၊မရှိသကဲ့သို့။ တတ္ထပိ၊ လိုအသခ်ါရတရား(နိပ္ဖာန်)၌လည်း။ သဗ္ဗေ၊ အလုံးစုံ ကုန်သော။ သခ်ကဓမ္မာ၊ သခ်ါရတရုးတို့သည်။ ကထာ၊ ထို့ အကျယ်မရှိကုန်။ ဟိ၊ မှန်ပေ၏။ သခ်ိတာသခ်ကဓမ္မာနံ၊သခ်ါရကရားနှင့် အသခ်ါရတရား(နိပ္ဖာန်)တို့၏။ သဓေးခာနံ၊ ပေါင်းဆုံခြင်းသည်။ နာ သမ္ဘဝတိ၊ ဖြစ်ထောင်းမရ။

(ဥဒါန၊ ၄၊ ၃၅၄)

ကျွန်ုပ်တို့ ပေါက်သီးရိုက်သူတဦးကို တိုးတက်အောင် ကြိုးစားပေးပါသည်။ ပေါက်သီးရိုက်ရာတွင် ကာကိုက်ပင်လယ်ကမ်းခြေမျဉ်း မှသည်ကုန်းတွင်း တခု တည်းဖြစ်အောင် လေ့ကျင့်ရမည်ကြောင်း ဆိုပါသည်။ သူ့အဆိုသည်

လောကုတ္တရာသဘောကို ဒေဓခြံခံ၍ဆိုခြင်းဖြစ်ပါသည်။ လောကီသဘော တွင် အသိုးအသိုး(နာနာရုဿ)နှင့် ဓွေနောက်(နာနာကွဏ္ဍ) ရှိပါသည်။ လော်ကုတ္တရာသဘောတွင်မူ အသိုးအသိုး(နာနာရုဿ)နှင့် ဓွေနောက်(နာ-နာကွဏ္ဍ)မရှိပါ။ ဝေးခြင်းတည်းတခုတည်း(ကေရုဿ)နှင့် ကပြိုင်နက်တည်း (စကကွဏ္ဍ)ကာ ရှိပါသည်။ ဤနေရာ၌ တဓပါင်းတည်း တခုတည်း (ကေရုဿ)ဆိုသည်မှာ ဝိမုတ္တိရသကိုဆိုခြင်းဖြစ်ပါသည်။ဝိမုတ္တိခုသဟူသည် မှာလည်း သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းဖြစ်ပါသည်။ တပြိုင်နက် တည်း(စကကွဏ္ဍ)ဆိုသည်မှာ လောကုတ္တရာ စိတ်စေတသိက်များဖြစ်ပေါ် လာသောအခါ ယင်းတို့သည် တခုတည်းသာ နိဗ္ဗာန်အာရုံကိုချည်း အာရုံ ပြုသဖြင့် ကာရုံမကွဲပြားသောကြောင့် တပြိုင်နက်တည်းဖြစ်ခြင်းကို ဆိုပါ သည်။ လောကီ စိတ်ဓေကစိတ်များဖြစ်ပေါ်လာသောအခါတွင်မူ အာရုံ အမျိုးမျိုးရှိသဖြင့် အာရုံကဲ့ပြားသောကြောင့် အာရုံချင်းတူရာ အခိုက် အတန့်၌သာ စုပေါင်းဖြစ်နိုင်ပြီး အာရုံမျှင်းမတူရာ အခိုက်အတန့်၌ကား စုပေါင်းမဖြစ်နိုင်ကြပါ။

လောကီသဘောဓရ အာရုံချင်းတူရာအခိုက်အတန့်၌ စိတ်စေတသိက် များ စုပေါင်းဖြစ်ကြစဉ်မှ မိမိတို့ကိုစွဲကိုးသော ဦးစားပေးဆောင်ရွက် ကြသဖြင့် အသိုးအသိုးသဘောသာရှိပါသည်။ တခုတည်းသဘောမရှိကြ ပါ။ ယင်းသဘောကို လေ့ကျင့်ပါဟာရဖြင့် "ရောနှောခြင်း" ဟူ၍ ဆိုကြ ပါသည်။ လောကုတ္တရာသဘောအရမူ စိတ်ဓေတသိတ်တို့သည် တခုတည်း သော နိဗ္ဗာန်အာရုံကိုချည်းရှိ၍ မိမိတို့ကိုစွဲကို ဦးစားမပေးပဲ အများဆိုင် "ဘုံ" ကိုစွဲသောကြောင့်သာ ဦးစားပေး ဆောင်ရွက်ကြသဖြင့် တခုတည်း သဘောရှိကြပါသည်။ အသိုးအသိုးသဘော မရှိကြပါ။ ယင်းသဘောကို လောကဓေပါဟာရဖြင့် "တသားတည်းဖြစ်ခြင်း" ဟူ၍ ဆိုကြပါသည်။ ဤနေရာ၌ အများဆိုင် "ဘုံ" ကိုစွဲဆိုသည်မှာ ဝိမုတ္တိမြေးကို ဆိုခြင်းဖြစ် ပါသည်။

ဟသားတည်းဖြစ်ခြင်းကို နှားလှည့်ဇစရန် ပါဠိချက်နည်း ဥပမာကို ဆိုပါဖည်။ ပါဠိချက်များတွင် ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်စသော ဟင်း

လျာပစ္စည်းများကို အသုံးပြုနေပါသည်။ ဟင်းလျာပစ္စည်းများသည် ဟင်း
အဖြစ်သို့ မရောက်မီ မိမိတို့၏ ကိုယ်ပိုင်အရသာများကိုသာ ဆောင်ကြပါ
သည်။ ကိုယ်ပိုင်အရသာများသည် ဟင်းလျာပစ္စည်း အမျိုးအစားလိုက်
အသီးအသီးဖြစ်ကြပါသည်။ ယင်းဟင်းလျာပစ္စည်းများကို ရောနှောလိုက်
ရုံမျှနှင့် ဟင်းအဖြစ်သို့ မရောက်သေးပါခေ့။ တသားတည်းကြိတ်ဖသွေးကြ
ပါခြေ။ဟင်းအဖြစ်သို့ ရောက်သွားရေရန်၊ တသားတည်း ဖြစ်သွားစေရန်
ကျိုရပါသည်၊ ချက်ရပါသည်။ ထိုအခါ ဟင်းလျာပစ္စည်းများသည် ဟင်း
အဖြစ်သို့ ရောက်သွားပါသည်။ ဟင်းအဖြစ်သို့ရောက်သွားသောအခါ ဆီ
ဘည့်ကလည်း ဆီအရသာကိုဖွဲ့နွှဲပြီး ဟင်းအရသာကိုတိုးပွားစေပါသည်။
ပါသည်။ အလားတူပင် သား၊ ငရုတ် ကြမ်းခွံနှစ်ခုသော ဟင်းလျာပစ္စည်း
များသည်လည်း မိမိ၏ကိုယ်ပိုင် အရသာများကိုဖွဲ့နွှဲပြီး ဟင်းအရသာ
တခုတည်းကိုပင် ဆောင်ကြပါသည်။ ဤသို့ကြောင့် သား၊ ငရုတ်၊
ကြက်သွန် စသော ဟင်းလျာပစ္စည်းများသည် မိမိတို့၏ အသီးအသီး
သအရာကိုဖွဲ့နွှဲပြီး ဟင်းအဖြစ် တသားတည်းသရောကို ခမ်းကြပါ
သည်။တသားတည်းသရောကို ဆေးပေါ့ပါခဲ့လည်း အရသာဟင်း ဟင်း
ကောင်းဖြစ်ပါသည်။ဤမျှစပ်ပဲ့ ဟင်းလျာပစ္စည်းများသည် မိမိတို့၏ကောင်း
အသီးသရောကို ဖော်ထုတ်ပေးခြင်းဖြင့် ဟင်းအရသာကို ပိုမိုကောင်း
ဖြစ်စေလာနိုင်ပါခေ့။ ဤသည်မှာ ကျွန်ုပ်တို့ ဟင်းချက်ပြုတ်ခြင်း
တို့၏ ထူးခြားမှု ဖြစ်ပါသည်။ ဤထူးခြားမှုမှ လေ့လာစရာများစွာကို
လောကတွင်ရသောတရားတို့၏ ခြားနားမှုကို ဖုန်းအုန်ပါသည်။

မဂ္ဂင်(၈)ပါး ဖွဲ့စည်းပုံ ဘီလူမဂ္ဂင်၊ သားမိဖုရားမဂ္ဂင်၊ ဗုဒ္ဓဘုရားမဂ္ဂင်

တည်ဆောက်ရပါသည်။ ထို့ကြောင့် လောကီအဆင့်၌ မဂ္ဂင်တို့သည် အစိတ်အစိတ်သဘောသဘာဝက ကာလအားဖြင့် ရှေးနောက် သဘောလည်း ရှိကြပါသည်။ အစိတ်အဂိတ်သဘောနှင့် ရှေးနောက်သဘောတို့ရှိကြသေးသဖြင့် မဂ္ဂင်တို့သည် လောကီ အဆင့်၌ ကိလေသာတို့ကို မြစ်ပြတ်မပယ်နိုင်ကြခြင်းဖြစ်ပါသည်။

လုပ်ငန်းစဉ်သဘောအရ ရှေးဦးစွာသမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတည်းဟူသော ပညာမဂ္ဂင်ဖြင့် ဆင်ခြင်ပြီးနောက် သီလမဂ္ဂင်ကို ဆောက်တည်ရပါသည်။ သီလမဂ္ဂင်ကို ဆောက်တည်ပြီးနောက် သတိပဋ္ဌာန်တရားကို ပွားများရပါသည်။ သတိပဋ္ဌာန်တရားကို ပွားများသောအခါ သတိ၊ပညာနှင့် ဝီရိယတို့ကို ကောင်းစွာဖြစ်လာအောင် ပွားများရပါသည်။ သတိပညာနှင့် ဝီရိယတို့သည် ကောင်းစွာဖြစ်လာသောအခါ သီလမဂ္ဂင်လည်းပြည့်စုံလာမည် ဖြစ်ပါသည်။ ပီတိ၊ ပဿဒ္ဓိနှင့် သမာဓိတို့သည်လည်း ကောင်းစွာဖြစ်လာပြီး သမာဓိမဂ္ဂင်အဖြစ်သို့ ရောက်လာမည် ဖြစ်ပါသည်။ ထိုအခါ သီလမဂ္ဂင် အပေါ်၌ သမာဓိမဂ္ဂင်ကို တည်ဆောက်ပြီးသားဖြစ်သွားပါသည်။ အစိတ်အစိတ်သဘောမှ တသားတည်းသဘောကို ဆောင်လာကြပါသည်။ကာလအားဖြင့် ရှေးနောက်သဘောမှ တပြိုင်နက်တည်းသဘောကို ဆောင်လာကြပါသည်။ ဤသို့ဆောင်လာစေရန် ဥပေက္ခာ (တတြမဇ္ဈတ္တတာ)စေတသိက်က သီလမဂ္ဂင်နှင့် သမာဓိမဂ္ဂင်တို့ကို တခုတည်းသော ဝိမုတ္တိရသ၌ ဗဟိုချက်ပြု၍ ပညာမဂ္ဂင်နှင့် တသားတည်း၊ တပြိုင်နက်တည်းဖြစ်အောင် စုစေပါင်းလိုက်ပါသည်။ ဤသို့စုစေပါင်းခြင်းကို ပါဠိဝေါဟာရဖြင့် "သမဝါဟိတ" ဟူ၍ ဆိုပါသည်။ ပါဠိပညာရှင်များက "သမဝါဟိတ"ကို အညီအညွတ်ရှက်စေဆောင်မှဟူ၍မြန်မာပြန်ဆိုပါသည်။တတြမဇ္ဈတ္တတာစေတသိက်သည် ဤသို့ အညီအညွတ်ရှက်စေဆောင်ခြင်းဖြင့် ဥပေက္ခာသမ္မောဇ္ဈင်အဖြစ်သို့ ရောက်စေသောအခါ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်နှင့် ပညာမဂ္ဂင်တို့သည် ကသိုးကလိုးဖြစ်သွားပြီး ဗောဇ္ဈင်္ဂနသအရ "သမ္မောဓိ" အမည်ဖြင့် ပေါ်ပေါက် လာပါလည်း ထိုအခါ မဂ္ဂင်တို့သည် ဓလောက္ကာတွန္ရာ အဆင့်သို့ ရောက်၍ ကိလေသာတို့ကို မြစ်ပြတ်ပယ်လိုက်နိုင်

ပါသည်၊ နိဒါနဝဂ္ဂသစ္စာကို မျက်မှောက်ပြုလိုက်နိုင်ပါသ ။ ဤသည်မှာ တသားတည်း ဖြစ်သွားခြင်း၏ စွမ်းဆောင်ချက်ဖြစ်ပါသည်။

မဂ္ဂင်တို့သည် အစိတ်အစိတ်သဘောမှ တသားတည်း သဘောသို့ လည်းကောင်း၊ ရွေ့နောက် သဘောမှ တပြိုင်နက်တည်း သဘောသို့ လည်းကောင်း ပြောင်းသွားပြီး နိဒါနဝဂ္ဂသစ္စာကို မျက်မှောက်ပြုပုံနှင့် ပတ်သက်၍ မဟာစည် ဆရာတော်ကြီးက ဝိဘင်္ဂသုတ္တန်းကျမ်း၊ ဒုတိယတွဲ(၄၁)၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရပါသည်—

အာရုံနှင့် ဘမှာ်တွေ့ အကုန်လုံး တိကနဲပြတ်ပြီး ပျပ်စဲသွားပြီ ဟူ၍လည်းကောင်း၊ ပေးလံတဲ့ ဝန်ထုပ်ကြီးကို ကွန်းချလိုက်ရ သလိုပင် အာရုံနှင့်အမှတ်တွေ့ ဖြုတ်ကျသွားသည်ဟူ၍ လည်းကောင်း၊ ဆွဲကိုင်ထား ုမှု လွှတ်ကျသွားသလိုပင် အာရုံနှင့် အမှာ်တွေ့မှ လွတ်သွားသည် ဟူ၍လည်းကောင်း၊ အကျိုး အကျေပ် အနှောင်အဖွဲ့ဆဲမှ ပွတ်ကျသွားသလိုပင် အာရုံတွေ့ အမှတ်တွေ့မှ ကျွတ်လွတ်သွားသည် ဟူ၍လည်း ကောင်း၊ အာရုံနှင့်အမှတ်တွေ့ ချုပ်ပြတ်သွားပုံက ဲးတောက် ကဲလးငြိမ်းသွားသလိုပင် ဟူ၍လည်းကောင်း သခါရချုပ်ငြိမ်း သော သဘောကို မျက်မှောက်တွေ့ရပေသည်။

အကျိုးတရားများ

သမ္မာကိသတ္တာအရှ ားပါကတော် ပုဂ္ဂိုလ်းတွေ့ပါမျှား မြင်ကြရပေသည် ပရမတ္ထသစ္စာအရှ ပုဂ္ဂိုလ်းတွေ့မျှား မရှိနှာမ်မျှသာရှိကြပါသည် ယင်းခွပ်နှာမ်မျှားသာလျှ ပုဂ္ဂိုလ် သတ္တဝါမျှား အဖြစ်ဖြင့် ထင်ကြ မြင်ကြ အကျိုးအကြောင်းမကျိုးအရနှင့် ရှိကြပါသည်။ ပရမတ္ထအရှ တစ်ဖြစ် (ပုဂ္ဂိုလ်တဖြစ်) သည် အတ္ထပညတ်ဖြစ်၍ ပရမတ္ထသစ္စာ တရားကိုယ်စားဖြင့်မူ ပုဂ္ဂိုလ် သတ္တဝါတို့သည် ရှိခဲ့ဖူးသော်လည်း၊ ယခုအခါ ရှိကြသော်လည်း၊ နောင်အခါ ရှိကြလတ္တံ့သော်လည်း

အကျိုးတရားငါးမျိုးတို့သည် ကုသိုလ်ကံကြောင့် ဖြစ်လျှင် ကောင်းသောအကျိုးတရားများဖြစ်ပြီး အကုသိုလ်ကံကြောင့်ဖြစ်လျှင် မကောင်းသောအကျိုးတရားများ ဖြစ်ပါသည်။ ကုသိုလ်ကံနှင့် အကုသိုလ်ကံကို ကြောင်းကျိုးဆက်(ပဋိစ္စသမုပ္ပါဒ်)ဝေါဟာရဖြင့် "သင်္ခါရ" ဟူ၍ဆိုပါသည်။ သင်္ခါရသည် ကောင်းသော ကုသိုလ်ကံဖြစ်ပါက "ပုညာ" ဟုသောအမည်ကို ရပြီး မကောင်းသော အကုသိုလ်ကံဖြစ်ပါက "အပုညာ" ဟုသော အမည်ကို ရပါသည်။ ဤဒေသနာတော်အရ ကောင်း (ပုညာ)နှင့် မကောင်း (အပုညာ)တို့သည်လည်း ဆက္ခန္ဓာပင် ဖြစ်ကြပါသည်။ ဝိနည်းအားဖြင့် ဆုံရှုံးလျှင် ကောင်းနှင့် မကောင်း (ပုညာနှင့် အပုညာ)၊ အမှားနှင့် အမှန် (အဓိဋ္ဌာန်နှင့် စိတ္ထာ)ဟူသည် အာဘိဓမ္မာသဘောအရ ပြင်ပဗဟိဒ္ဓနယ်ပယ်၌ ရှိကြပါသော်လည်း အတ္တနိယာမတွေ့ နယ်ပယ်၌သာ ရှိကြပါသည်။ အကြောင်းကောင်းလျှင် အကျိုးကောင်းပါသည်။ အကြောင်းမှန်လျှင် အကျိုးမှန်ပါသည်။ အကြောင်းမကောင်းလျှင် အကျိုးမကောင်းပါ။ အကြောင်းမမှန်လျှင် အကျိုးမမှန်ပါ။

လောကမြုတ်ခြင်းအားဖြင့် အကုသိုလ်ဒုစရိုက်မှုများကို အကြောင်းခံ၍ ကြွယ်ဝချမ်းသာခြင်းကို တွေ့ရပါသည်။ ထို့အခါ မကောင်းသော မမှန်သော အကုသိုလ်ကံကြောင့် ကောင်းသောမှန်သော အကျိုးတရားများကို ရရှိခံစားသည်ဟု ယင်မှားဝယ်ရှိပါသည်။ ကြွယ်ဝချမ်းသာမှုသည် ဖြင့်ပဗဟိဒ္ဓ ရုပ်ဝတ္ထုသဘောဖြစ်၍ ကောင်း၊ မကောင်းနှင့်လည်း မဆိုင်၊ အမှား အမှန်နှင့်လည်း မတိုင်ပါဟု၊ လောကမြုတ်မြင်အရ ဆုံဝင်ချက်ပါသည့် ဆိုလျှင်လည်း အကြောင်းအကုသိုလ် ဒုစရိုက်မှုက တခြား၊ အကျိုးကြွယ်ဝချမ်းသာမှုက တခြားဟူ၍ ဆိုရမည် ဖြစ်ပါသည်။ သို့မှသာ အကြောင်းအကျိုးဆက်သွယ်မှု နိယာမနှင့် တိုက်ဆိုင်၍ ရပေမည်၊ အကယ်၍ အကုသိုလ် ဒုစရိုက်မှုများကြောင့် ကြွယ်ဝချမ်းသာရုံးမှုနှင့်လျှင် ယင်းကြွယ်ဝချမ်းသာမှုသည်လည်း အကုသိုလ် ဒုစရိုက်သဘော ရှိရပေမည်။ အဘယ်ကြောင့်ဆိုသော် အကြောင်းအကျိုးနိယာမ(သဒိသံ ပါကံ ဇနယတိ)အရ အကြောင်းနှင့် အကျိုးတို့သည် သဘောချင်း

တူသောကြောင့် ဖြစ်ပါသည်။ ပုနည်းဒေသနာပေါင်းများစွာမှ ဒေသက် မေ့မှုန်ငှဉ် ပတ်သက်၍ မကောင်းသဖြင့် ရအပ်သော ပစ္စည်းဝတ္ထုများကို ရဟန်းတို့ မသုံးဆောင်ကောင်းကြောင်း လာရှိပါသည်။ ထို့ကြောင့် ဗုဒ္ဓဒေသနာတော်အရ ပစ္စည်းဝတ္ထုများ ရရှိမှုနှင့် ပတ်သက်၍ အကြောင်းကောင်းခြင်းနှင့် မကောင်းခြင်းတို့သည် များစွာပြဋ္ဌာန်းပါသည်။ တရားသဖြင့် ရသောပစ္စည်း (ဓမ္မိယလဒ္ဓ)ဟူသော အမည်နှင့် မတရားသဖြင့် ရသောပစ္စည်း (အဓမ္မိယလဒ္ဓ)ဟူသောဒုဿည်တို့သည် အကြောင်းတရားများ၏ ကောင်းခြင်းနှင့် မကောင်းခြင်းကိုကို အခြေးအနက်ပြုသော အမည်များ ဖြစ်ပါသည်။ ဤသဘောများအရ အကြောင်းတရားများသည် ရရှိသော ပစ္စည်းဝတ္ထုများနောက်သို့ အရိပ်သဏ္ဌာယ် အစဉ် တစိုက် လိုက်လျက်ရှိပါသည်။

အရှက်အကြောက် ကင်းသူများ၊ လိုးကဲ့သို့ လူယားတံရှဉ့်များ၊ လုပ် ဖော်ကိုင်ဖက်များအပေါ်၌ ဆုပ်ခဲ့ရှိသူများဆင့် အာဂတ် ဖွေးမြှူမှု လွယ်ကူခြင်း စသောဒါဋ္ဌိကံ ၄ ပါးတို့သည် ဤသည်မှာ အစုန် သဘောရှိသော အကုသိုလ်ဒုစရိုက်များနှင့် ပတ်သက်၍ သံဃာရှသင်္ဂဝတ် အနေဖြင့် ခိုင်မြဲကြောင်း၊ ဤပြဿနာ သံဃာရှင်မှသာလျှင် လွယ်ကူစွာကျော်ရန် ခဲယဉ်းကြောင်းကို ဖော်ပြခြင်း ဖြစ်ပါသည်။ သဒ္ဒါမဟာဋီကာ-ပြည့်စုံမှု (ကုဋိ)နှင့် ပတ်သက်၍ အကြောင်းကို ဆရာတော် ဦးကောဝိဒ ညီထွေရှိမှုကို မှန်ကန်သောအားထုတ်မှု(သမ္မာပယောဂ)ဟု ဆိုပါသည်။ စေါးအထုတ်ကောင်းလိုလျှင် နှုံးတကျ စက်ကို ကျင့်ကြံရမည်။ စစ်ပွဲကို ခိုင်လုံလျှင် စုဆောင်းမှုသည် အဓိကဖြစ်ရမည်။ မှုယူ ကျော်လိုလျှင် ပန်းတကျ ပြုံးစားရမည်။ ပြိုသို့ ကြိုးစားရမည်။ ပြိုသို့ ကြိုးစားရမည်။ (သမ္မာပယောဂ) မှတစ်ပါး ကျန်သော

သာ ဖြစ်ပါသည်။ ဗုဒ္ဓဒေသနာတော်အရ မှန်ကန်သော အားထုတ်မှုသည် သူတော်ကောင်းဘို့ ချီးမွမ်းအပ်သော လုပ်ငန်းဖြစ်၍ ဖောက်ပြန်သောအားထုတ်မှုသည် သူယုတ်မာတို့ ချီးမွမ်းအပ်သော လုပ်ငန်းဖြစ်ပါသည်။ ဤလောကဌ သူတော်ကောင်းမှာ လူနည်းစုဖြစ်၍ သူယုတ်မာမှာ လူများစုဖြစ်ပါသည်။ ထို့ကြောင့် ဖောက်ပြန်သော အားထုတ်မှုကို လူကြိုက်များကြခြင်း ဖြစ်ပါသည်။

"စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏" ဟူသောဒေသနာတော်အတိုင်း ပုထုဇဉ်တို့သည် ဓမ္မတာအားဖြင့် အလွယ်လမ်းကို လိုက်တတ်ကြပါသည်။ ရေသာခိုတတ်ကြပါသည်။ ထိုသို့အလွယ်လမ်းကို လိုက်နေပါလျက် ရေသာခိုနေပါလျက် မိမိကိုယ်ကိုသူတော်စင်အဖြစ်လည်းကောင်း လူတော်လူကောင်းအဖြစ် လည်းကောင်း ယုံကြည်လျက် ရှိကြပါသည်။ ဤသို့ယုံကြည်ခြင်းကို မှားယွင်းမှု(ဝိပလ္လာသ) ဟု ဆိုပါသည်။ ဝိပလ္လာသလွန်းမိုးမှုကြောင့် အမှန်ကို အမှားထင်သောအခါ လုပ်ငန်းများတွင် နာမည်ရနိုင်သော လုပ်ငန်း၊ ကိုယ်ကျိုးရှိသောလုပ်ငန်း၊ သက်သာသော လုပ်ငန်းများ၌သာ စိတ်ဝင်စားတတ်ပါသည်။ ထိုလုပ်ငန်းမျိုးကိုသာ ရွေးချယ်၍ လုပ်ကိုင်တတ်ပါသည်။ မိမိဘာဝန်ကျသောလုပ်ငန်းသည် အဆိုပါ လုပ်ငန်းမျိုးမဟုတ်ခဲ့ပါလျှင် ထိုလုပ်ငန်းမှ ရှောင်ကွင်းနိုင်ရန် တနည်းနည်းဖြင့် ကြိုးစားတတ်ပါသည်။ ထိုကဲ့သို့ ကြိုးစားသောအခါ မိမိ၏ ယုတ်ညံ့မှုကို ဖုံးကွယ်နိုင်ရန် တဘက်သားများအပေါ်၌ အပြစ်ဖို့တတ်ပါသည်။ ဤသည်မှာ အစုန်လမ်းသမား၊ ရေသာခိုသမားများ၏ ပင်ကိုဇာတ်ဖြစ်ပါသည်။

ထိုလူစားမျိုးနှင့် ပတ်သက်၍ ဘဂဝါဂီတ၌ ဤသို့ ဆုံးမထားသည်ကို တွေ့ရပါသည်—

သေ့ သေ့ ကမ်ဏျဘိရတး သံသိဒ္ဓိံ လဘတေ နရး၊
သ့ကမ်နိရတး သိဒ္ဓိံ ယဏာ ဝိန္ဒတိ တံ့ ဂ့ဏု။

(ဂီတာ–၁၈၊ ၄၅)

ဤယောန် သူမမြော ဝံဂုဏး ပရမမ်ာတ် သူနုဠိတာတ်၊
သူဘာဝနိယတံ ကမ် ကုဝ်နွာပေ့ါတိ ၊ကိလ္မိသမ်။
(ဇာတာ-၁၈၊၄၇)

သေ့သေ့၊ မိမ်တာဝန်ကျရောဖြစ်သော။ ၊ကမ်ာ်၊ လုပ်ငန်း တာဝန်ဠွဲ။ အဘိရတး၊ မွေလျှဲသော။ နဂုး၊ လူသည်။ သံသိဒ္ဓံ၊ ပြီးပြည့်စုံခြင်းကို။ လဘတေ၊ ရ၏။ ယထာ၊ အကြင်မျှလောက်။ သူကမ်နိရတး၊ မ်မိ၏ တာဝန်ကျရောလုပ်ငန်းဠွဲ စိတ်ဝင်စား၏။ တံ-တထာ၊ ထိုမျှလောက်။ သိဒ္ဓံ၊ ပြီးပြည့်စုံခြင်းကို။ ဝိန္ဒတိ၊ ရ၏။ ဣတိ၊ ဤသို့။ ဥဏု၊ နာယူပါလေ့။

သူခမော်ာ၊ မိမိတာဝန်ကျလုပ်ငန်းသည်။ ဝံဂုဏး၊ ဂုဏ်သိန် ကင်းစေကာမူ။ သူနုဠိတာတ်၊ ဂုဏ်သိန်နှင့် ပြည့်စုံသော။ ပရမမ်ာတ်၊ သူတပါးလုပ်ငန်းထက်။ ဤယောန်၊ မြင့်မြတ်ပါ၏။ သူဘာဝနိယတံ၊ မိ၀ါအတူက် အပ်ုင်းဆား၊သော။ ကမ်ာ်လုပ်ငန်း ကာဝန်ကို။ ကုဝ်ိန်၊ ပြုရာ၏။ တဒါ၊ ထိုအခါ၌။ ကိလ္မိသံ၊ လူယုတ် မာသဘောသို့။ ဒုံ အာပေ့ါတိ၊ ပေ့ါရောက်။

တန်ဖိုး၏ အကြောင်းတရားမျှား

အရာဝတ္ထုတခု၏ တန်ဖိုးသည် သမ္မုတိသစ္စာအနေဖြင့် အစဉ်တစိုက် ပြောင်းလဲလျက် ရှိပါသည်။ အရာဝတ္ထုတခု၏ တန်ဖိုးကို ပြောင်းလဲစေသော အကြောင်းတရားမျှားကို ပါဠိစာပေမျှားတွင် "သမ္မတ်" ဟု ခေါ်ပါသည်။ သမ္မတ်တို့၏ အနက်မှာ မြန်မာဝေါဟာရဖြင့် ပြည့်စုံခြင်းဖြစ်ပါသည်။ အရေအတွက်အားဖြင့် သမ္မတ်တို့သည် (၄)မျိုးရှိပါသည်။ သမ္မတ်တို့ (၄)မျိုးတို့မှာ—

(၁) ကာလသမ္မတ်၊
(၂) ဂတိသမ္မတ်၊

(၃) ဥပမိသမ္ဗတ္တိ၊
(၄) ပယောဂသမ္ဗတ္တိ–

ဟူ၍ဖြစ်ကြပါသည်။

(၁) ကာလသမ္ဗတ္တိ

ကာလသမ္ဗတ္တိဆိုသည်မှာ အချိန်အခါနှင့်ပြည့်စုံမှုဖြစ်ပါသည်။ အရာဝတ္ထုတစုခု သို့မဟုတ် ဖြစ်ရပ်တခု၏ တဲ့နှိုးသည့် အချိန်အခါကို လိုက်၍ အတက်အကျရှိပါသည်။ အတိုးအဆုတ်ရှိပါသည်။ ယင်းကဲ့သို့ ဖြစ်ရခြင်းမှာ အရာဝတ္ထုတစုခု သို့မဟုတ် ဖြစ်ရပ်တခု၏ အတွင်းသားအနေဖြင့် အချိန်အခါသဘောသည် ပါဝင်လှုပ်ရှားသောကြောင့် ဖြစ်ပါသည်။ အမှန်အားဖြင့် အတွင်းသားသည်သာ အားဖြစ်ပါသည်။ အပြင်သားသည် အားမဟုတ်ပါခေါ်။ သို့ရာတွင် အပြင်သားသည် အတွင်းသားအား ဖိုးတက်မှု၊ ဆုတ်ယုတ်မှုနှင့် ပတ်သက်၍ ကြီးစွာသော အထောက်အပံ့ကို ပြုပါသည်။ ပဋ္ဌာန်း သဘောအရ ဆိုရလျှင် သဘောချင်းတူသော အထောက်အပံ့ကို ရရှိသောအခါ တရားကိုယ်တခုသည် ကြီးစွာသော အားရှိပြီး သဘောချင်းမတူသော အထောက်အပံ့ကို ရရှိသောအခါ တရားကိုယ်တခုသည် ကြီးစွာသောအားမရှိပါခေါ်။ အကယ်၍ သဘောချင်းမဟူရုံသာမက ပဋိပက္ခသဘောကို ဆောင်လိုက်ပါလျှင် ယင်းတရားကိုယ်တခုသည် ပျက်စီး၍ပင် သွားနိုင်ပါသည်။

ဥဒေတကျပ်သည် သတ်မှတ်တန်ဖိုးအားဖြင့် တကျပ်သာ ဖြစ်ပါသည်။ သို့ရာတွင် အလွန်အလွန် လိုအပ်ချိန်၌ ယင်းဥဒေတကျပ်သည် တရာ၊ ဟထောင်မက တန်ဖိုးမျှားစွာ ရှိတတ်ပါသည်။ ဤသဘောမှာ ကာလ၏ အထောက်အပံ့ကို သက်သေပြသည့်သဘော ဖြစ်ပါသည်။ အလားတူပင် ထမင်းတနပ်၊ အဝတ်ဘထည်တို့သည် သတ်မှတ်တန်ဖိုးထက် မျှားစွာ ကြီးမားသော အချိန်အခါကို ဖော်ပြနိုင်သည့်အနေအထားမျှား၌ ရှိနိုင်ပါသည်။ ထို့ကြောင့် ကာလ၏သဘောကို နားလည်အောင် အားထုတ်

အပ်ပါသည်။ နားလည်လျှင်လည်း အသုံးချတတ်အောင် အားထုတ်အပ်ပါသည်။

(၂) ဂတိသမ္မတို

ဂတိသမ္မတိဆိုသည်မှာ ဒေသ၏ ပြည့်စုံမှုဖြစ်ပါသည်။ ဖြစ်ရာဌာန၏ ပြည့်စုံမှုဟူ၍ လည်း ဆိုကြပါသည်။ ကာလနည်းတူ ဂတိသည်လည်း အရာဝတ္ထုတခု သို့မဟုတ် ဖြစ်ရပ်တခု၏ အဘွင်းသား ဖြစ်ပါသည်၊ ထို့ကြောင့် အရာဝတ္ထုတခု သို့မဟုတ် ဖြစ်ရပ်တခုသည် ဒေသ သို့မဟုတ် ဖြစ်ရာဌာနကိုလိုက်၍ တန်ဖိုးအားဖြင့် အဘက်အကျရှိပါသည်။ ဥပမာ အားဖြင့် အုတ်တချပ်သည် သတ်မှတ်ဟန်ဖိုးအားဖြင့် အုတ်တချပ်သာ ဖြစ်ပါသည်။ သို့ရာတွင် ယင်းအုတ်ဘချပ်သည် စေတီတော်တည်ဆောက်ရာ၌ အသုံးပြုခြင်းခံရပါက စေတီအုတ်အနေဖြင့် တန်ဖိုးတမျှီးဖြစ်၍ လမ်းခင်းရာ၌ အသုံးပြုခြင်းခံရပါက လမ်းခင်းအုတ်အနေဖြင့် တန်ဖိုး တမျှီးဖြစ်ပါသည်။ အုတ်ချင်းတူပါလျက် တန်ဖိုးချင်းခြားနားသွားသည်မှာ ဒေသ သို့မဟုတ် ဖြစ်ရာဌာန၏ ခြားနားခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဂတိ၏သဘောကို နားလည်အောင် အားထုတ်အပ်ပါသည်။ နားလည်လျှင်လည်း အသုံးချတတ်အောင် အားထုတ်အပ်ပါသည်။

(၃) ဥပဓိသမ္မတို

ဥပဓိသမ္မတိဆိုသည်မှာ ပင်ကိုယ်အရည်အသွေး၏ ပြည့်စုံမှုဖြစ်ပါသည်။ ရွှေပိုင်းဆိုင်ရာအရည်အသွေးနှင့် စိတ်ပိုင်းဆိုင်ရာအရည်အသွေး နှစ်မျိုးလုံးကိုပင် ဤနေရာ၌ ဥပဓိအဖြစ် ဆိုလိုပါသည်။ ဘန်ဖိုးတွက်ရာ၌ အရည်အသွေးသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ပါသည်။ လူချင်းတူလျက် တယောက်နှင့် တယောက် ခြားနားသည်မှာ အရည်အသွေးခြားနားမှုကြောင့် ဖြစ်ပါသည်။ အရာဝတ္ထုချင်းတူလျက် တခုနှင့် တခု ခြားနားသည်မှာ အရည်အသွေးခြားနားမှုကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ဥပဓိ၏သဘောကို နားလည်အောင် အားထုတ်အပ်ပါသည်။ နားလည်လျှင်လည်း အသုံးချတတ်အောင် အားထုတ်အပ်ပါသည်။

(၄) ပယောဂသမ္ပတ္တိ

ပယောဂသမ္ပတ္တိဆိုသည်မှာ ဆောင်ရွက်ပုံထိုရောက်မှု ဖြစ်ပါသည်။ ပယောဂသမ္ပတ္တိသည်လည်း အရာဝတ္ထုတခု သို့မဟုတ် ဖြစ်ရပ်တခု၏ အတွင်းသားပင် ဖြစ်ပါသည်။ ဤနေရာ၌ ဆောင်ရွက်ပုံထိုရောက်မှုအရ မဟာဗျူဟာနှင့် နည်းဗျူဟာတို့၏ အချင်းချင်းလိုက်လျောညီထွေရှိမှုကို ဆိုပါသည်။ မဟာဗျူဟာသည် ပန်းတိုင်သဘောဖြစ်၍ ပြုပြင်ပြောင်းလဲရန် မတတ်ကောင်းသော အနေအထားတွင်ရှိပါသည်။ နည်းဗျူဟာသည် ပန်းတိုင်သို့သွားရာ ခရီးလမ်းကြောင်း သဘောဖြစ်၍ ပန်းတိုင်သို့ဦးတည်နေသမျှကာလပတ်လုံး ပြုပြင်ပြောင်းလဲရန် တတ်ကောင်းသော အနေအထားတွင် ရှိပါသည်။

ဥပမာအားဖြင့် ကျွန်ုပ်တို့သည် ငွေတကျပ်ကို ရဖူးပါသည်။ ထိုသို့ရဖူးရာတွင် ချစ်သူထံမှရသော ငွေတကျပ်နှင့် လမ်းပေါ်မှကောက်ရသော ငွေတကျပ်တို့သည် သတ်မှတ်ဇာန်ဖိုးအားဖြင့် တကျပ်ချင်းတူသော်လည်း ခံစားမှုတန်ဖိုးအားဖြင့်မူ တခုနှင့်တခု မတူညီပါချေ။ ချစ်သူထံမှရသော ငွေတကျပ်သည် မြတ်နိုးမှု စေတနာအပြည့်အဝဖြင့်ပေးသော ငွေတကျပ်ဖြစ်၍ လမ်းပေါ်မှကောက်ရသော ငွေတကျပ်သည် ထိုကဲ့သို့ စေတနာပါသော ငွေတကျင်မဟုတ်ပါချေ။ ထို့ကြောင့် ရရှိသူအတွက် ခံစားမှုတန်ဖိုးချင်း မတူညီခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ပယောဂ၏ သဘောကို နားလည်အောင် အားထုတ်အပ်ပါသည်။ နားလည်လျှင်လည်း အသုံးချတတ်အောင် အားထုတ်အပ်ပါသည်။

သမ္ပတ္တိဇာရုံး(၄)ပါးတို့သည် သခ်ၤါရတရားများဖြစ်၍ ကြောင်းကျိုးဆက်သွယ်မှု နယ်ပယ်အတွင်း၌ ရှိကြပါသည်။ ထို့ကြောင့် ပြုပြင်၍ရကောင်းသော အနေအထားတွင် ရှိကြပါသည်။ ကောင်းအောင်ပြုပြင်လျှင် ကောင်းလာနိုင်ပြီး မကောင်းအောင် ပြုပြင်လျှင်လည်း မကောင်းပဲဖြစ်သွားနိုင်ပါသည်။ အမှန်အားဖြင့် ဗုဒ္ဓဒေသနာတော်အရကံကြမ္မာကို ဖန်တီးကြသူများမှာ ထာဝရဘုရားမဟုတ်ပဲ မိမိတို့ပင်

ဖြစ်ပါသဖြင့် မိမိတို့၏ သီလ၊ သမာဓိ၊ ပညာအရ မိမိဘို့၏ အဆုံးအဖြတ် အဘိုင်း မိမိတို့၏ကံကြမ္မာကို မိမိဖန်တီးနိုင်ပါသည်၊ အစုန်လမ်းကို လိုက်လျှင်လည်း ရပါသည်။ အဆန်လမ်းကို လိုက်လျှင်လည်း ရပါသည်။

ချမ်းသာသုခရကြောင်း

လူဘို့သည် ကမ္ဘာ့သမိုင်းအဦးမှစ၍ ချမ်းသာသုခကို အစဉ်တစိုက် ရှာဖွေခဲ့ပါသည်။ အစုန်လမ်းကို လိုက်၍လည်းရှာဖွေခဲ့ပါသည်။ အဆန်လမ်းကို လိုက်၍လည်း ရှာဖွေခဲ့ပါသည်။ အစုန်လမ်းကို လိုက်၍ ရှာဖွေ ကြသူများသည် နာထူး၊ ဂုဏ်သိန်၊ စည်းစိမ် ဥစ္စာတို့ဖြင့် ရှာဖွေကြပါသည်။ ရာထူးကြီးလုင် ချမ်းသာလိမ့်မည်ဟု ထင်မှတ်၍ ရှာဖွေခြင်း ဖြစ်ပါသည်။ ဂုဏ်သိန်နှင့် ပြည့်စုံလျှင် ချမ်းသာလိမ့်မည်ဟု ထင်မှတ်၍ ရှာဖွေခြင်း ဖြစ်ပါသည်။ စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်းတို့နှင့် ပြည့်စုံလျှင် ချမ်းသာလိမ့်မည်ဟု ထင်မှတ်၍ ရှာဖွေခြင်း ဖြစ်ပါသည်။ ထိုသို့ရှာဖွေရာတွင် စစ်တိုက်၍လည်း ရှာဖွေကြပါသည်။ ပညာရှိပါမောက္ခ လုပ်၍လည်း ရှာဖွေကြပါသည်။ ကုန်သွယ်လယ်လုပ်၍လည်း ရှာဖွေကြပါသည်။ သူကျွန်ခံ၍လည်း ရှာဖွေကြပါသည်။ ဤရှာဖွေနည်းများမှာ လောကီလူသားတို့၏ သမားရိုးကျ လုပ်ရိုးလုပ်စဉ် ရှာဖွေနည်းများသာ ဖြစ်ပါသည်။ လုပ်ရိုးလုပ်စဉ် ရှာဖွေနည်းများကို ပိဋကတ်တော်၌ "ကာမသုခလ္လိကာနုယောဂ" ဟု ဆိုပါသည်။ ဗြာဟ္မဏစာပေတို့၌မူ စစ်တိုက်၍ ရှာဖွေသူများကို "ရာဇ"၊ ပညာရှိပါမောက္ခလုပ်၍ ရှာဖွေသူ များကို "ဗြာဟ္မဏ"၊ ကုန်သွယ်လယ်လုပ်၍ ရှာဖွေသူများကို "ဝေဿ"၊ သူကျွန်ခံ၍ ရှာဖွေသူများကို "ဒလိဒ္ဒ" ဟု ဆိုပါသည်။

လောကီလူသားတို့၏ သမားရိုးကျ ရှာဖွေနည်းဖြင့် ချမ်းသာသုခကို ရှာဖွေ၍ မရနိုင်ကြောင်း တွေ့မြင်ရသောအခါ လူသားတို့သည် တရား ကျင့်စဉ်ဖြင့် ချမ်းသာသုခကို ရှာဖွေကြပြန်ပါသည်။ တရားကျင့်စဉ်တွင် ဗြာဟ္မဏတို့၏ တရားကျင့်စဉ်နှင့် တိတ္ထိယတို့၏ တရားကျင့်စဉ်များလည်း ပါဝင်သည်။ ဗုဒ္ဓ၏ တရားကျင့်စဉ်လည်း ပါဝင်သည်။ ဗြာဟ္မဏတို့၏

တရားကျင့်စဉ်ကို **သမား**ရိုးကျကျင့်စဉ် "ကာမသုခလ္လိကာနုယောဂ"ဌ် ထည့်သွင်း၍ တိတ္ထိယတို့၏ ကျင့်စဉ်ကို ကိုယ်စိတ်ဆင်းရဲကြောင်းကျင့်စဉ် "**အတ္တကိလမထာနုယောဂ**"ဌ် ထည့်သွင်းပါသည်။ ဗုဒ္ဓ၏**တရား**ကျင့်စဉ်ကို မှန်ကန်**သော**ကျင့်စဉ်"**မဇ္ဈိမပဋိပဒါ**"ဌ် ထည့်သွင်းပါသည်။ **မဇ္ဈိမပဋိပဒါ**သည် မြတ်စွာဘုရား ပဉ္စဝဂ္ဂီသော**အ**ခါမှသာ ပေါ်ထွန်းလာသည့် မှန်ကန်သောကျင့်စဉ် ဖြစ်ပါသည်။

အမှန်**အ**ားဖြင့် ချမ်းသာသုခသည် ရုပ်**တရား**၏ အမည်မဟုတ်ပဲ **နာမ်တရား**၏ အမည်ဖြစ်ပါသည်။နာ်မ်ဘရားဟူသည်မှာလည်း ဇဟိဒ္ဓနယ်ပယ်ဌ် မရှိပဲ **အ**ဇ္ဈတ္တနယ်ပယ်ဌ်သာ ရှိပါသည်။ သတ္တဝါတို့၏ နှလုံး**အ**ိမ်**အ**တွင်းဌ် သာ ရှိပါသည်။ ထို့ကြောင့် ချမ်းသာသုခကို ရှာလို့လျှင် မိမိတို့၏ နှလုံး**အ**ိမ်**အ**တွင်းဌ်သာ ရှာဖွေရမည် ဖြစ်ပါသည်။ နှလုံး**အ**ိမ်**အ**တွင်းဌ် ရှာဖွေ**သော**အခါ သုခဝေဒနာကို တွေ့တတ်ပါသည်။သုခဝေဒနာသည် **အ**ကုသိုလ်စိတ်နှင့်လည်း ယှဉ်တတ်ပါသည်။ ကုသိုလ်စိတ်နှင့်လည်း ယှဉ်တတ်ပါသည်။ သို့ဖြစ်၍ ချမ်းသာသုခဟူသည် **အ**ကုသိုလ် ဒုစရိုက်မှဌ်လည်း ရှိပါသည်၊ ကုသိုလ် သုစရိုက်မှဌ်လည်း ရှိပါသည်။ ထို့ကြောင့် ချမ်းသာသုခတိုင်းကို စစ်မှန်သော ချမ်းသာသုခ**အ**ဖြစ် မသတ်မှတ်ပါ**ချေ**။ **အ**ဘယ့်ကြောင့်**ဆို**သော် ချမ်းသာသုခ**အ**မည်ကို ရယူထား**သော** ဝေဒနာသုခသည် **အ**ကြောင်းတရားဖြစ်**သော** ကုသိုလ်**ဇော**နှင့် **အ**ကုသိုလ်**ဇော**တို့ဌ် ယှဉ်**သော**ကြောင့် ဖြစ်ပါ**သ**ည်။

ဝိထိစိတ်မျာ**း**တွင် ကံ၊ ကြိယာနှင့် ဝိပါက်ဟူ၍ **အ**ုပ်စုသုံးမျိုး ပါဝင်ပါသည်။ ထိုသုံးမျိုးတို့တွင် "ကံ" သည် ကုသိုလ်**ဇော**နှင့် **အ**ကုသိုလ်**ဇော** ဖြစ်ပါသည်။ **ဇော**သည် **အာ**ရုံ၏**အ**ရသာကို ခံစား**တ**တ်ပါသည်။ **အာ**ရုံ၏ **အ**ရသာကို ခံစားခြင်းဖြင့် **အ**ကြောင်း**အ**ရာကိုပါ သိပါသည်။ ထို့ကြောင့် **ဇော**စိတ်ကို "သိစိတ်" ဟူ၍ သတ်မှတ်ပါသည်။ လောကဌ် သုခချမ်းသာဟူ၍ သတ်မှတ်ခြင်းသည် ကုသိုလ် **အ**ကုသိုလ်တို့ဌ် ယှဉ်သော သုခဝေဒနာ၏ **အ**မည်ဖြစ်ပါသည်။ ကုသိုလ် **အ**ကုသိုလ်တို့သည် နှလုံးသွင်းကိုလိုက်၍

ဖြစ်ချင်သလို ဖြစ်တတ်သော သဘောရှိပါသည်။ ကောင်းသောအာရုံဖြစ်ပါလျက် မကောင်းဟု ထင်ပြီး အကုသိုလ်ဇော စောတတ်ပါသည်။ မကောင်းသော အာရုံဖြစ်ပါလျက် အကောင်းဟုထင်ပြီး ကုသိုလ်ဇော စောတတ်ပါသည်။ ထို့ကြောင့် အဘိဓမ္မာဒေသနာတော်၌ "ဇောအပြန်" ဟု ဆိုကြခြင်းဖြစ်ပါသည်။ ဤနေရာ၌ "အပြန်" ဆိုသည်မှာ "ပြောင်းပြန်" ကို ဆိုပါသည်။ အကောင်းအာရုံ၌လည်း မကောင်းဇော စောတတ်ပြီး မကောင်းအာရုံ၌လည်း အကောင်းဇော စောတတ်ခြင်းကို ဆိုလိုပါသည်။ ကာမအာရုံတို့၌ ယောဂုယျအားဖြင့် ဇောစိတ်တို့သည် (၇) ကြိမ် စောရှိးရှိကြပါသည်။

ဗုဒ္ဓအဘိဓမ္မာအရ စိတ်တို့သည် တခုတည်း ဖြစ်နေကြသည် မဟုတ်။ ဖြစ်လိုက်၊ ချုပ်လိုက်သဘောဖြင့် တခုပြီးတခု ဆက်တိုက် ဖြစ်နေကြပါသည်။ ထိုသို့ဖြင့်ကြရာတွင် ဘဝင်စိတ်နှစ်ခုတပါး အခြားသော ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်နှင့် ကြိယာစိတ်များ ဖြစ်ခြင်းကို "ဓိဏိစိတ်" ဟု ခေါ်ပါသည်။ ဝိထိစိတ်တို့တွင် ဇောစိတ်သည် (၇) ကြိမ် ဖြစ်ပြီး အာရုံကို အမျိုးအမည်နှင့်ကက္ခ သိပါသည်။ ထို့ကြောင့် ဇောစိတ်ကို အနောက်တိုင်း စိတ်ပညာအရ "သိစိတ်" ဟု ဆိုနိုင်ပါသည်။ ဇောစိတ်သည် ပုထုဇဉ်တို့အတွက် ကုသိုလ်နှင့် အကုသိုလ် (၂) မျိုးတို့တွင် တမျိုးမျိုးသာ ဖြစ်နိုင်ပါသည်။ ထိုသို့ဖြစ်ရာတွင်လည်း အာရုံအလိုက် ကုသိုလ်နှင့် အကုသိုလ် ဖြစ်ခြင်းမျိုးမဟုတ်ပဲ နှလုံးသွင်းအလိုက်သာ ကုသိုလ်နှင့် အကုသိုလ် သင့်သလိုဖြစ်ပါသည်။ အလွန်ကောင်းသော "ဘုရား" အာရုံ၌ပင် တိတ္ထိယတို့က ကုသိုလ်ဇော မစောပဲ အကုသိုလ်ဇော စောကြပါသည်။ ဤနေရာ၌ "ဇောစောသည်" ဆိုသည်မှာ ဇောစိတ် ဖြစ်ခြင်းပင် ဖြစ်ပါသည်။ ဝိထိစိတ်တို့တွင် အကြိမ်ကြိယာစိတ်နှင့် ဝိပါက်စိတ်များလည်း ပါဝင်၏။ ယင်းတို့သည် အာရုံကို အမျိုးအမည်နှင့်တက္ကမသိ။ ထို့ကြောင့် ယင်းတို့ကို အနောက်တိုင်းစိတ်ပညာအရ "မသိစိတ်" ဟု ခေါ်နိုင်ပါသည်။ အဟိတ်ကြိယာစိတ်နှင့် ဝိပါက်စိတ် (၂) မျိုးတို့တွင် အဟိတ်ကြိယာစိတ်သည် အာရုံကလိုက်ဖြစ်ခြင်း၊ နှလုံးသွင်းအလိုက်ဖြစ်ခြင်း (ကုသိုလ်) နှင့်

မကောင်း (အကုသိုလ်) သဘောမရှိသော်လည်း ဝိပါက်စိတ်ကား **ကောင်း** (ကုသိုလ်) နှင့် မ**ကောင်း** (အကုသိုလ်) သဘောရှိကြပါသည်။ ထို့အပြင် ချမ်းသာသုခနှင့် ဆင်းရဲဒုက္ခ ဟူသော **ခံစား**မှုဝေဒနာ ကွဲပြားခြင်းလည်း ရှိပါသည်။ ကောင်း မကောင်း ကွဲပြားရာ၌ ဖြစ်စေ၊ ချမ်းသာ ဆင်းရဲ ကွဲပြားရာ၌ ဖြစ်စေ ဝိပါက်စိတ်တို့သည် အာရုံအလိုက်သာလျှင် ကွဲပြားကြပါသည်။ ဇောစိတ်ကဲ့သို့ နှလုံးသွင်းအလိုက် ကွဲပြားကြခြင်းမျိုး မဟုတ်ပါ။ ထို့ကြောင့် အဘိဓမ္မာဒဿနာတော်၌ အာရုံ**ကောင်း**၊ မ**ကောင်း**ဆုံးဖြတ်ရာတွင် ဝိပါက်နှင့် ဇောတို့၏ ဆောင်ရွက်ချက်နှင့် ပတ်သက်၍ "**ဝိပါက်**အမှုန်၊ **ဇော**အပြုံ" ဟု ဆိုကြခြင်းဖြစ်ပါသည်။ ဤအဆို အရ အာရုံ**ကောင်း**လျှင် ကုသိုလ်ဝိပါက်ဖြစ်ပါသည်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ချမ်းသာသုခသဘောသာ ရှိပါသည်။ အာရုံ မ**ကောင်း**လျှင် အကုသိုလ်ဝိပါက်ဖြစ်ပါသည်။ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ လျစ်လျူရှုမှု သဘောနှင့် ဆင်းရဲဒုက္ခ သဘောတို့တွင် သင့်သလို တခုခုဖြစ်ပါသည်။

ဤမသိစိတ်များသည် အာရုံကိုအမျိုးအမည်နှင့်တကွ မသိသော်လည်း ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ အတိတ်၏အကျိုးတရားများဖြစ်ပါသည်။ အနာဂတ်၏ အကြောင်းတရားများကို ပေါက်ဖွားပေးရာဌာနများလည်း ဖြစ်ပါသည်။ ထို့ကြောင့် ယင်းမသိစိတ်များသည် အနာဒိ ကပ္ပပြီးရှိနေပါလျက် ကိုယ်ထင်မပြသောနတ်ဒေဝါများသဖွယ် မသိနိုင်သော နေရာမှ အနာဂတ်ကို လှမ်းမိုးလျက်ရှိပါသည်။ အဘိဓမ္မာဒဿနာတော်အရလည်း ဝိပါက်စိတ်များသည်သာ အတိတ်ကုသိုလ်နှင့် အကုသိုလ်တို့၏ မုချအကျိုး များဖြစ်ပါသည်။ ကုသိုလ်ကံကြောင့် ကုသိုလ်ဝိပါက်သာ ဖြစ်နိုင်ပြီး အကုသိုလ်ကံကြောင့် အကုသိုလ်ဝိပါက်သာ ဖြစ်နိုင်ပါသည်။ ကြောင်းကျိုးဆက်နိယာမကို ဤဝိပါက်စိတ်များ၌သာ အမှန်အတိုင်းရနိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဝိပလ္လာသတရားများသည် ဇောစိတ်များဖြစ်ပေါ်ရေး၌သာ တိုက်ရိုက်လှမ်းမိုးနိုင်ပြီး ဝိပါက်စိတ်များဖြစ်ပေါ်ရေး၌ တိုက်ရိုက်မလှမ်းမိုးနိုင်သောကြောင့် ဖြစ်ပါသည်။

သန္ဓေဝသတရားများ

ဗုဒ္ဓဒေသနာတော်အရ တဏှာ၊ မာန၊ ဒိဋ္ဌိတို့သည် ဆင်းရဲခြင်း၏ အကြောင်း ဖြစ်ပါသည်။ ယင်းတို့မျှားလျှင် ဆင်းရဲမျှားသည်။ ယင်းတို့ပါးလျှင် ဆင်းရဲပါးသည်။ နောက်ဆုံး ယင်းတို့ လုံးလုံးမရှိလျှင် ချမ်းသာအတိဖြစ်ပါသည်။ ယင်းကို မဂ်ဖိုလ်တို့ဖြင့် နိဗ္ဗာန်ကိုမျှော်မှောက်ပြုခြင်းဟု ဆိုပါသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ လုံးလုံးမရှိသောအဆင့်သို့ မရောက်နိုင်သေးလျှင် ယင်းသို့ပါးသောအဆင့်သို့မူ ရောက်နိုင်ပါသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ပါးသောအဆင့်သို့ ရောက်နိုင်ရန် သန္ဓေဝသ(နောင့်ရှိခြင်း)တရားကို လိုက်နာ ကျင့်သုံးရပါသည်။ သန္ဓေဝသတရားသည် ချမ်းသာသုခရကြောင်း အမှန်ဖြစ်ပါသည်။ ယင်းသန္ဓေဝသတရားသည် (၃)ပါးရှိပါသည်။ ယင်း(၃)ပါးတို့မှာ —

(၁) ယထာလာဘသန္ဓေဝသ၊

(၂) ယထာဗလသန္ဓေဝသ၊

(၃) ယထာသာရုပ္ပသန္ဓေဝသ-

တို့ဖြစ်ကြပါသည်။ သန္ဓေဝသတရား (၃)ပါးသည် အသင့်လိုက် တဏှာ၊ မာန၊ဒိဋ္ဌိကို ချုံးနှိုင်ပါသည်။ ယင်းတို့ကို ချုံးနှိမ်ရာတွင် နည်းမှန်လမ်းမှန် ဖြစ်ရန် လိုအပ်ပါသည်။ နည်းမှန်လမ်းမှန်ဆိုသည်မှာ ဗုဒ္ဓဒေသနာတော်အရသီလ၊ သမာဓိ၊ ပညာပင်ဖြစ်ပါသည်။ ယင်းကို မဂ္ဂင်(၈)ပါး လမ်းစဉ်များဟူ၍လည်း ဆိုကြပါသည်။ ဤလမ်းစဉ်ဖြင့်သာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို ချုံးနှိမ်နိုင်ပါသည်။ မဂ္ဂင်(၈)ပါး လမ်းစဉ်များဖြင့် ယင်းတို့ကို ချုံးနှိမ်ရာတွင် သကိပဋ္ဌာန်ကျင့်စဉ်အရ ချုံးနှိမ်ရမည်ဖြစ်ပါသည်။ သတိပဋ္ဌာန်ကျင့်စဉ်အရ ချုံးနှိမ်ခံသောအခါ သီလ၊ သမာဓိ၊ ပညာကိုသည် သတိပဋ္ဌာန်၊ သမ္မပ္ပဓာန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်အားဖြင့် လောကီအဆင့်တွင် သီလခြားစီ သီလခြားစီ မိုးကိုကိစ္စကို မိုးတို့ဆောင်ရွက်ပြီး လောကုတ္တရာအဆင့်တွင် အားလုံး တပေါင်းတည်း တပြိုင်နက်ကျင်း ဖြစ်ခဲ့ကြပါသည်။ ထိုအခါ သမုဒယသစ္စာကိုပယ်ခြင်း၊ ဒုက္ခ-

သစ္စာကို ပိုင်းခြားမြင်သိခြင်း၊ မဂ္ဂသစ္စာကိုပွားများခြင်း၊ နိဗ္ဗာန်သစ္စာကို မျက်မှောက်ပြုခြင်းတည်းဟူသော ကိစ္စလေးချက်သည် တပြိုင်နက်တည်း တပေါင်းတည်း ပြီးစီးသွားပါသည်။ ဤသို့အားထုတ်မှသာ ဇာတ်၊ မာန၊ ဒိဋ္ဌိတို့ကို နည်းမှန် လမ်းမှန်ပယ်ခြင်း မည်ပါသည်။

အခြားနည်းဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကိုပယ်လျှင် ယင်းတို့သည် အနာမြုံသကဲ့သို့ မြုံသွားပြီး ဒုက္ခပေးတတ်ပါသည်။ စိတ္တဇဝေဒနာရှင်အဖြစ်သို့ ရောက်သွားစေတတ်ပါသည်။ ထို့ခကြောင့် ယင်းတို့ကိုပယ်ရာ၌ နည်းမှန် လမ်းမှန်ဖြင့် ပယ်ရန် လိုအပ်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ နည်းမှန် လမ်းမှန်သည်လည်း မြတ်စွာဘုရားရှင်တို့ ပုဒ်တော်မူသော အချိန်၌သာ ဗေဒဓိပက္ခိယအမည်ဖြင့် ပေါ်ပေါက်လာသည့် နည်းမှန်လမ်းမှန်များဖြစ်ပါသည်။ ယင်း နည်းမှန်လမ်းမှန်များဖြင့် ပယ်သတ်မှသာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့သည် မမြုံပဲ ပါး၍ ပါး၍လာကာ နောက်ဆုံး၌ အမြစ်ပြတ်ချုပ်ငြိမ်းသွားမည်ဖြစ်ပါသည်။

ရန်ကုန်မြို့ ကံတားလေး စိတ္တဇဆေးရုံ၌ စိတ္တဇဝေဒနာရှင်တဦး၏ အကြောင်းကို ကြားဖူးပါသည်။ ထိုစိတ္တဇဝေဒနာရှင်က အခြားစိတ္တဇဝေဒနာရှင်တဦးအား "ဒီလူက ရူးနေဒါ၊ သူကိုယ်သူ နပိုလီယံလို့ ပြောနေတယ်၊ ဒါရူးဒါပဲ၊ နပိုလီယံအစစ်က ကျုပ်ပဲ" ဟု ပြောလေသည်။ ဤနေရာ၌ ဆိုလိုရင်းမှာ ပထမစိတ္တဇဝေဒနာရှင်က ဒုတိယစိတ္တဇဝေဒနာရှင်ကို နပိုလီယံမဟုတ်ကြောင်းမြင်သော်လည်း သူကိုယ်သူကိုမူ နပိုလီယံမဟုတ်ကြောင်း မမြင်နိုင်ခြင်းပင်ဖြစ်ပါသည်။ အိန္ဒိယဒဿနပညာရှင်များ၏ ဥပမာကိုယူ၍ သုံးရလျှင် မျက်စိသည် အခြားအရာဝတ္ထုများကို မြင်နိုင်သော်လည်း မိမိကိုယ်ကိုပြန်၍မမြင်နိုင်သကဲ့သို့ ပုထုဇဉ်တို့သည် အခြားသူများ၏ အပြစ်အနာအဆာများကို ပကတိမျက်လုံးဖြင့် မြင်နိုင်သော်လည်း မိမိတို့၏ အပြစ်အနာအဆာကိုမူ ပကတိမျက်လုံးဖြင့် မြင်နိုင်သောဘဝ မရှိကြပါချေ။ ဤနေရာ၌ မိမိတို့၏ အပြစ်အနာအဆာဆိုသည်မှာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ပင် ဖြစ်ပါသည်။ ပကတိမျက်လုံးဆိုသည်မှာ တဏှာမျက်လုံး၊

မာနမျက်လုံး၊ ဒိဋ္ဌိမျက်လုံးတို့ ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့၏ အပြင်အနာအဆာကို မြင်နိုင်ရန် "တတိယမျက်လုံး"ကို လိုအပ်ပါသည်။ ဤနေရာ၌ "တတိယမျက်လုံး" ဆိုသည်မှာ ဝိပဿနာဉာဏ်တည်းဟူသော ပညာမျက်လုံးကို ဆိုခြင်းဖြစ်ပါသည်၊ တတိယမျက်လုံးကို ရသောအခါ မှသာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို အမှန်အတိုင်းမြင်ပြီး ယင်းတို့ကို ပါး၍ ပါး၍ သွားအောင် နောက်ဆုံး၌ အမြစ်ပြတ်သွားအောင် စွမ်းဆောင်နိုင်မည် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် တတိယမျက်လုံးသည် ဇဒ္ဓဒေသနာတော်အရ ပြင်ပကိုလည်း မြင်နိုင်သည်။ မိမိကိုယ်ကိုလည်း ပြန်၍ မြင်နိုင်သည်။

(၁) ယထာလာဘသန္တောသ

ယထာလာဘသန္တောသဆိုသည်မှာ ရသမျှနှင့် ရောင့်ရဲခြင်း၊ ကျေနပ်ခြင်း ဖြစ်ပါသည်။ ရတိုင်းရကိုင်းသော ပစ္စည်းဥစ္စာမျှား အပေါ်၌ "ငါ၊ ငါ့ဥစ္စာ" ဟု မစဲလမ်းခြင်း၊ မသိမ်းပိုက်ခြင်း ဖြစ်ပါသည်။ ရသမျှနှင့် ရောင့်ရဲခြင်းသည် သမ္မပ္ပမာန်ခေါ် လုံ့လနှင့် အမြဲယှဉ်ပါသည်၊ ပျင်းရိခြင်း မဟုတ်ပါချေ။ မြက်စုဘုရားသည် ၄၅-နှစ်ပတ်လုံး အရာရာတိုင်း၌ အမြဲတစေ သူမတူအောင် ကိုးစားခဲ့ပါသည်။ နောက်ဆုံး ပရိနိဗ္ဗာန်ပြုခါနီး၌ သုဘဒ်ပရိဗိုဇ်အား ဝမ်းကောင်လား၍ ပင်ပန်းနေသည့် ကြားထဲက ပင်တရားကို ဟောခြစ်ခအောင် ဟောကောင်မူခဲ့ပါသေးသည်။ အလွန်အံ့သြဖွယ်ကောင်းသော လုံ့လပါပေ။

ကျွန်ုပ်တို့သည် ပစ္စည်းဥစ္စာမျှားကို ရှာဖွေရာ၌ ဖြစ်စေ၊ လုပ်ငန်းကို လုပ်ကိုင်ရာ၌ဖြစ်စေ ငါ့အတွက် ခံစားဖို့ ရယူဖို့မဟုတ်ပဲ လောကအတွက် ကူညီပြုဖို့ ပေးစွန့်ဖို့ဟူသော ရည်ရွယ်ချက်ဖြင့် ရှာဖွေခြင်း၊ လုပ်ကိုင်ခြင်းသည် ယထာလာဘသန္တောသ မည်ပါသည်။ ယထာလာဘသန္တောသ ရှိလျှင် ဝန်ထမ်းများကို ရာထူး မတိုးတက်စေကာမူ အားငယ်ခြင်း၊ စိတ်ပျက်ခြင်းမရှိ၊ မကျေနပ်ခြင်းမရှိ။ တိုင်းပြည်အတွက် လုပ်ပိုင်ခွင့်ရခြင်း သည်ပင် ကျေနပ်ဖွယ်ရာ ဖြစ်သည်ဟု ခံယူတတ်ပါသည်။ လုပ်ပိုင်ခွင့်ရ၍

လုပ်ကိုင်ရာ၌လည်း မိမိစေတနာကို မိမိယုံကြည်နိုင်အောင် မိမိကိုယ်ကို မိမိကြည်ညိုနိုင်အောင် ကြိုးစားတတ်ပါသည်။ လုံ့လပြုတတ်ပါသည်။ စေတနာထားတတ်ပါသည်။ ယထာလာဘသန္တောသ ရှိလျှင် ဝန်ထမ်း မဟုတ်သူများအဖို့ ရုပ်ပိုင်းတန်ဖိုးအရ မကြီးပွားစေကာမူ အားငယ်ခြင်း၊ စိတ်ဓာတ်ကျခြင်း မရှိ။ မကျေနပ်ခြင်း မရှိ၊ မိမိ၏သိက္ခာ၊ မိမိ၏စေတနာ၊ မိမိ၏လုံ့လ၌ အမြဲကျေနပ်ခြင်း ရှိတတ်ပါသည်။ ယဏာလာဘသန္တောသ ရှိသူနှင့် မရှိသူတို့၏ ခြားနားမှုသည် အလင်းနှင့် အမှောင် သို့ဟုတ် နေ့နှင့်ည၌ကဲ့သို့ ဖြောင့်ဖြောင့်ဆန့်ကျင်ပါသည်။ သန္တောသသည် မြတ်စွာဘုရား၏ အဆုံးအမ ဖြစ်ပါသည်။ ယင်းအဆုံးအမကို ဗြာဟ္မဏတို့လည်း လိုက်နာကြောင်း တွေ့ရပါသည်။ ဘဂဝါဂီတ၌ ဤသို့ ဖော်ပြထားပါသည်—

ယာ နိသာ သဗ္ဗဘူတာနံ၊ တသျာံ ဇာဂတိ သံယမီ။
ယသျာံ ဇာဂြတိ ဘူတာနိ၊ သာ နိသာ ပသျတော မုနေး။

သဗ္ဗဘူတာနံ၊ အလုံးစုံသော သတ္တဝါတို့၏။ ယာ နိသာ၊ အကြင်ည၌သည်။ အတ္တိ၊ ရှိ၏။ တသျာံ၊ ယုံည၌၌။ သံယမီ၊ သဘောသတရားနှင့် ပြည့်စုံသူသည်။ ဇာဂတိ၊ နိုးကြားနေ၏။ ဘူတာနိ၊ သတ္တဝါတို့သည်။ ယသျာံ၊ အကြင်နေ့ အလင်းရောင်၌။ ဇာဂြတိ၊ နိုးကြားနေကြကုန်၏။ သာ၊ ထိုနေ့အလင်းရောင်သည်။ ပသျတော၊ ပညာမျက်လုံးဖြင့် ကြည့်မြင်တတ်သော။ မုနေး၊ သဘောသတရားနှင့် ပြည့်စုံသူအတွက်။ နိသာ၊ ည၌အမှောင် ပေတည်း။

(ဂီတာ–၂၊၆၉)

(၂) ယထာဗလသန္တောသ

ယထာဗလသန္တောသ ဆိုသည်မှာ လိုသလောက်နှင့် ရောင့်ရဲခြင်း၊ ကျေနပ်ခြင်း ဖြစ်ပါသည်။ ရတိုင်း ရတိုင်းသော ပစ္စည်းဥစ္စာများအနက်မှ မိမိအတွက် လိုသလောက်နှင့်သာ ကျေနပ်ခြင်းကို ယထာဗလသန္တောသ

ဟု ခေါ်ပါသည်။ အဆင့်အားဖြင့် ယထာလာဘသန္တောသ အဆင့်မှာ ပထမအဆင့် ဖြစ်ပါသည်။ လူတို့သည် အလုပ်ကိုလုပ်ကြပါသည်။ ထိုသို့ လုပ်ရာတွင် လုပ်သလောက် ရသည်လည်း ရှိပါသည်။ မရသည်လည်း ရှိပါသည်။ လုပ်သလောက်ရသည့် သဘောမှာ အခါအခွင့်သင့်ခြင်း (ကာလသမ္ပတ္တိ)၊ အမှီသဟဲကောင်းခြင်း (ဂတိသမ္ပတ္တိ)၊လုပ်ရည်ကိုင်ရည် ကောင်းခြင်း (ဥပဓိသမ္ပတ္တိ)၊ လုပ်နည်းကိုင်နည်း မှန်ကန်ခြင်း (ပယောဂသမ္ပတ္တိ) တို့နှင့် ပြည့်စုံသောကြောင့် ဖြစ်ပါသည်။ လုပ်သလောက်မရသည့် သဘောမှာ အဆိပါ သမ္ပတ္တိလေးပါးတို့နှင့် မပြည့်စုံသောကြောင့် ဖြစ်ပါသည်။

လုပ်သလောက်ရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ ရရသမျှနှင့် ကျေနပ်ခြင်းသည် မြင့်မြတ်သူတို့၏ ခံယူချက်ဖြစ်ပါသည်။ သူတော်ကောင်းတို့ မြတ်နိုးအပ်သော ကျင့်သုံးမှု ဖြစ်ပါသည်။ အမှန် ချမ်းသာခြင်း၏ အကြောင်းဖြစ်ပါသည်။ ယထာဗလသန္တောသ အဆင့်မှာ ဒုတိယအဆင့် ဖြစ်ပါသည်။ ဒုတိယအဆင့်တွင် ရသမျှနှင့် ရောင့်ရဲနိုင်မှုကြောင့် ရသမျှထဲမှ လိုသလောက်ကိုသာ ယူငင်သုံးစွဲပြီး လိုသလောက်နှင့်သာ ကျေနပ်ခြင်း ဖြစ်ပါသည်။

(၃) ယထာသာရုပ္ပသန္တောသ

ယထာသာရုပ္ပသန္တောသ ဆိုသည်မှာ မိမိအဆင့်အတန်းနှင့် အခြေအနေတို့အရ လိုက်လျောညီထွေရှိသော ပစ္စည်းဝတ္ထုနှင့်သာ ရောင့်ရဲခြင်း ဖြစ်ပါသည်။ ကျေနပ်ခြင်း ဖြစ်ပါသည်။ ယင်း အဆင့်မှာ တတိယအဆင့် ဖြစ်ပါသည်။ ဝင်ငွေ တရာရှိလျှင် ဝင်ငွေ တရာနှင့် လုံလောက်အောင် ပေါ်ပေါ်ထွေသော ပစ္စည်းဝတ္ထုများကို ဝယ်ယူသုံးစွဲခြင်း ဖြစ်ပါသည်။ လူကယောက်အကုန် လုံခွဲည်နှင့် အင်္ကျီလိုက်ဟာသည်မှာ မှန်ပါသည်။ ဝင်ငွေ မည်းသူအဘွဲ့က ဖော်ပေါသော ဇနီးရည်နှင့် အပျိုကြီးဖြင့်သော ရောင့်ရဲနိုင်မှုအောင် လိုက်နာကျင့်သုံးရမည် ဖြစ်ပါသည်။ ဆိုလိုသည်မှာ လူကယောက်အကုန် လိုအပ်သောလုံခွဲည် အင်္ကျီဟိန်နှင့်

ရောင့်ရဲခြင်းသည် ယထာဗလသန္တောသ မည်ပါသည်။ ရာသီဥတုနှင့် ညီညွတ်ပြီး ပေါပေါဝပ်၍ရသော လုံခြုံအင်္ကျီတို့နှင့် ရောင့်ရဲခြင်းသည် ယထာသုရုပ္ပသန္တောသ မည်ပါသည်။ အစားအသောက် အနေအထိုင်နှင့် ဆေးဝါးတို့ဌာလည်း နည်းတူပင်ဖြစ်ပါသည်။ အခြုံအငြားဖြင့် တကယ်တမ်း ချမ်းသာလိုလျှင် "သန္တောသ" တရားတို့ကို လိုက်နာကျင့်သုံးအပ်ပါသည်။ ထိုကဲ့သို့ ကျင့်သုံးခြင်းသည် နည်းမှန်လမ်းမှန်ဖြင့် ချမ်းသာသုခကို ရှာခြင်းမည်ပါသည်။ ထိုကဲ့သို့ရှာရန်လည်း မြတ်စွာဘုရားက သွန်သင်ခဲ့ပါသည်။ သန္တောသတရားကို ကျင့်သုံးဆဌာလည်း တတိယမျက်လုံးဖြင့် ရှုမြင်သုံးသပ်ရန်လိုပါသည်။ သို့မှသာ အမှန်အတိုင်း မြင်ပါသည်။ ထိုသို့မဟုတ်ပဲ ပကတိမျက်လုံးဖြင့် ရှုမြင်သုံးသပ်နေပါက မိမိကိုယ်ကို မိမိပြန်မမြင်နိုင်၍ မဆင်ခြင်နိုင်သဖြင့် မိမိသည် ကြောက်စရာကောင်းသော အယောင်ဆောင်သတော်ကောင်း၊ အယောင်ဆောင်ချမ်းသာသူသာဖြစ်ပေမည်။ "အယောင်ဆောင်" ဆိုသော်လည်း မိမိကိုယ်ကို ပြန်၍မမြင်နိုင်သည့်အတွက် "အယောင်ဆောင်" မှန်းမသိပဲ "အစစ်"အဖြစ်သာ သိပေလိမ့်မည်။ မိမိကိုယ်ကို နပိုလိယံအဖြစ် သိသောစိတ်ဓာတ်ဝေဒနာရှင်အများအစားနှင့် တသားတည်း ဖြစ်ပေလိမ့်မည်။

❖❖❖❖❖❖❖

အခန်း (၄)

အထွေထွေ

အခန်း (၉)

အမြင်အယူဝါဒနှင့် ပမာဏများ

လူသားတို့၏ကျင့်စဉ်များ

လူသားတို့၏ ကျင့်စဉ်များအနေဖြင့် ဗြဟ္မစိုရ်တရား လေးပါးကို ပိဋကတ်စာပေများ၌ ဖော်ပြထားပါသည်။ ပရမတ္ထအားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမဟူ၍ရှိသော်လည်း လက်တွေ့အားဖြင့်မူ ကျွန်ုပ်တို့သည် ဤလောက၌ မှီတင်းနေထိုင်ကြသော ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ ယောကျ်ား၊မိန်းမများသာ ဖြစ်ပါချေသည်။ ဤအချက်မှာ ကျွန်ုပ်တို့အားနဖြင့် လက်တွေ့ကြုံနေရသော၊ မျက်ကွယ်ပြု၍ မရကောင်း သော လက်တွေ့သစ္စာ(သမ္မုတိသစ္စာ) ဖြစ်ပါသည်။ ထို့ကြောင့် လက်တွေ့ကြုံနေရသည့်အတူတူ၊ မျက်ကွယ်ပြု၍ရကောင်းသည့် အတူတူ လူအသိုင်းအဝန်းနှင့်ကင်းကွာ၍ မရကောင်းတော့သည့်အဆုံး၌ လူသားတို့၏ကျင့်စဉ်များကို လိုက်နာကျင့်ကြံရုံမှတပါး အခြားဘာမျှမရှိတော့ပါချေ။ လူသားတို့၏ ကျင့်စဉ်များဆိုသည်မှာ—

(၁) မေတ္တာ
(၂) ကရုဏာ
(၃) မုဒိတာ
(၄) ဥပေက္ခာ-

တို့ဖြစ်ပါသည်။ ယင်းကျင့်စဉ်လေးပါးသည် လူ့ဟူဆက်ဆံရေးနယ်ပယ်၌ လူသားပီပီ မြင့်မြတ်စွာနေထိုင်လိုပါက မုချမပြေလိုက်နာကျင့်သုံးရမည့် ကျင့်စဉ်များဖြစ်ပါသည်၊ ယင်းကျင့်စဉ်များကို ဗြဟ္မာတို့၏နေခြင်းနှင့်

တူသောနေခြင်း(ဗြဟ္မဝိဟာရ)ဟူ၍သည်းကောင်း၊ဗြဟ္မာတို့၏အကျင့်နှင့် ဟူသောအကျင့် (ဗြဟ္မစရိယ)ဟူ၍လည်းကောင်း ပဋ္ဌကတ်စာပေမျာ်း၌ သုံးနှုန်းပါသည်။

(၁) မေတ္တာ

မေတ္တာဟူသည်မှာ ချစ်ခြင်းဖြစ်ပါသည်။ မိသားစုကိုချစ်ခြင်း၊ ဒေသကို ချစ်ခြင်း၊ လူမျိုးကို ချစ်ခြင်း၊ တိုင်းပြည်ကို ချစ်ခြင်း စသည်ဖြင့် တဆင့်ထက် တဆင့် ကျယ်ပြန့်သွားပါသည်။ ကျွန်ုပ်တို့သည် လူမျိုးကို ချစ်သောစိတ်၊ တိုင်းပြည်ကို ချစ်သောစိတ်ဖင့် တွေးခေါ် လုပ်ကိုင်ကြပါက ကျွန်ုပ်တို့၏ တွေးခေါ်မှု၊ကျွန်ုပ်တို့၏ လုပ်ကိုင်မှုတို့သည် အမှာ၊အယွင်းမျာ်းစွာ နည်းပါးသွားမည် ဖြစ်ပါသည်။ ရဲဘော် ရဲဘက်စိတ်ဆိုသည်မှာလည်း မေတ္တာ၏ ဝေါဟာရတမျိုးပင် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူမှုဆက်ဆံရေးနယ်ပယ်၌ မေတ္တာကို အခြေပြု၍ လုပ်ငန်းမျာ်းကို လုပ်ကိုင် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ မေတ္တာကို အခြေပြုရာ၌ အကျင့်နှင့် အကျယ် အကျိုးစီးပွားချင်း ထိပ်တိုက်တွေ့ဆုံပါက အကျယ်ကို ဦးစားပေးရမည် ဖြစ်ပါသည်။ ဆိုလိုသည်မှာ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ဒေသ၏ အကျိုးစီးပွားတို့ ထိပ်တိုက် တွေ့ဆုံတွင်ဖြစ်စေ၊ ဒေသ၏ အကျိုးစီးပွားနှင့် မိသားစု၏ အကျိုးစီးပွားတို့ ထိပ်တိုက်တွေ့ဆုံတွင် ဖြစ်စေ၊ မိသားစု၏ အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွားတို့ ထိပ်တိုက် တွေ့ဆုံတွင်ဖြစ်စေ အကျင့်ကို ဦးစားပေးရမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် အကျယ်ထဲ၌ အကျင့်သည် အလိုအလျောက် ပါဝင်ပြီးဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ သို့ဆုတွင် ချစ်ခြင်းမေတ္တာသဘောကို မြင်အောင်ကြည့်ဆုံ၌ တဏှာမျိုးလုံး၊ မာနမျက်လုံး၊ ဒိဋ္ဌိမျက်လုံးတို့ဖြင့် မြင်အောင်ကြည့်၍ မတတ်နေကောင်းခေါ်။ ယင်းတို့ဖြင့် ကြည့်လျှင် စိတ္တဇဝေဒနာရှင်သည့် သူမျာ်းနှင့် နပိုလီယံကို ခွဲခြားရ၍ မြင်ပြီး မိမိနှင့် နပိုလီယံကိုမူ တသားတည်းမြင်သကဲ့သို့ ချစ်ခြင်းမေတ္တာသဘောနှင့် သူမျာ်းကို ခွဲခြားရ၍ မြင်ပြီး ချစ်ခြင်းမေတ္တာသဘောနှင့် မိမိကိုမူ တသားတည်း မြင်တတ်ပါသည်။

အရပ်သုံး ဝေါဟာရဖြင့် ပြောရလျှင် အခြားသူများကို မေတ္တာတရား ခေါင်းပါးသူများအဖြစ် ခွဲခြားရှု မြင်တတ်ပြီး မိမိကိုယ်ကိုမူ မေတ္တာရှင် အဖြစ် တသားတည်း မြင်တတ်ပါသည်။ ဤသို့ မြင်ခြင်းသည် စိတ္တဇ ဝေဒနာရှင်၏ အကြည့်မျိုးဖြင့် ကြည့်သောကြောင့် ဖြစ်ပါသည်။ တနည်း အားဖြင့်ဆိုရလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော ပပဉ္စမျက်လုံးဖြင့် ကြည့်သောကြောင့် ဖြစ်ပါသည် ပပဉ္စမျက်လုံးတို့သည် မိမိကိုယ်ကို တဏှာ အဖြစ်လည်းကောင်း၊ မာနအဖြစ်လည်းကောင်း၊ ဒိဋ္ဌိအဖြစ်လည်းကောင်း မမြင်ပဲ မေတ္တာအဖြစ်သာ မြင်နေသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် မေတ္တာကို ကြည့်ရှုခဲ့လည်း တတိယမျက်လုံးကို လိုအပ်သည်ပင် ဖြစ်ပါသည်။ ဤနေရာ၌ တတိယမျက်လုံးဆိုသည်မှာ ပိဋ္ဌကတ်တော်အရ သမာဓိကို အခြေခံသော ပညာမျက်လုံး ဖြစ်ပါသည်။ ပပဉ္စမျက်လုံးဆိုသည်မှာ အရာရာတိုင်းကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် တသားတည်း ထင်ပြူတတ်သည့် ပုထုဇဉ်တို့၏ ပကတိ(အနုသယ)မျက်လုံးဖြစ်ပါသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့သည် မိမိကိုယ်ကို ပြန်မမြင်တတ်ပဲ အခြားကိုသာ မြင်တတ်ပါသည်။ သမာဓိကို အခြေခံသော ပညာသာလျှင် မိမိကိုယ်ရော အခြားကိုပါ မြင်တတ်ပါသည်။

(၂) ကရုဏာ

ကရုဏာဆိုသည်မှာ ကြင်နာခြင်းဖြစ်ပါသည်၊ မိသားစုအပေါ် ကြင်နာခြင်း၊ ဒေသအပေါ် ကြင်နာခြင်း၊ လူမျိုးနှင့် တိုင်းပြည်အပေါ် ကြင်နာခြင်း စသည်ဖြင့် မေတ္တာနည်းတူ တဆင့်ထက် တဆင့် ကျယ်ပြန့်သွားပါသည်။ လူမျိုးကို တိုးတက်စေလိုသောစိတ်၊ တိုင်းပြည်ကို တိုးတက်စေလိုသောစိတ်ဖြင့် တွေးခေါ်ကြ၊ ဆင်မြေခြင်ကြ၊ လုပ်ကိုင်ကြမည်ဆိုလျှင် ကျွန်ုပ်တို့၏ ကွေးခေါ်မှု၊ မြေးမြစ်မှု၊ လုပ်ကိုင်မှုတို့သည်လည်း အမှားအယွင်းနည်း၊ ငါးသွားမည် ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူမှုဆက်ဆံဝေးရး နယ်ပယ်၌ ကရုဏာကိုအခြေပြု၍ အချင်းချင်း ဆက်ဆံသွားကြရမည် ဖြစ်ပါသည်။ ကရုဏာကိုအခြေပြု၍ အကျင့်နှင့်အကျယ် ထိပ်တိုက်တွေ့ရတိုင် မေတ္တာနည်းတူ အကျင့်ဘက် အကျယ်ကို ဦးစားပေးရပါမည်။

ကရုဏာသဘောကို ကြည့်ရှုခဲ့လည်း မေတ္တာနည်းတူ တတိယမျက်လုံးဖြင့် ကြည့်ရန် လိုအပ်သည်ပင် ဖြစ်ပါသည်။

(၃) မုဒိတာ

မုဒိတာဆိုသည်မှာ ဝမ်းမြောက်ခြင်းဖြစ်ပါသည်။ မိမိ မိသားစု၊ မိမိဒေသ၊ မိမိနိုင်ငံနှင့်ပတ်သက်၍ အမြဲတမ်းဂုဏ်ယူနေသည့်သဘော ဖြစ်ပါသည်။ ထို့ကြောင့် မုဒိတာရှိနေလျှင် မည်သည့်အခါမျှ အမျိုးသား သစ္စာဖောက် မဖြစ်နိုင်။ အမေကျော်၏ ဒဲ့ဒေတော်လှမ်းသူ မဖြစ်နိုင်။ အမှန်အားဖြင့် အရာရာတိုင်းတွင် ရှုမြင်စရာ မျက်နှာပြင် နှစ်ဘက်ရှိပါသည်။ တဘက်သည် ဂုဏ်ယူစရာ (ဒေသဝိတဗ္ဗ)မျက်နှာပြင်ဖြစ်၍ အခြားတဘက်သည် စက်ဆုပ်စရာ (အဒေသဝိတဗ္ဗ) မျက်နှာပြင်ဖြစ်ပါသည်။ ဂုဏ်ယူစရာမျက်နှာပြင်ဘက်မှ ကြည့်လျှင် ထိုအရာဝတ္ထုသည် မုဒိတာပွားစရာ ဖြစ်ပါသည်။ စက်ဆုပ်စရာ မျက်နှာပြင်ဘက်မှကြည့်လျှင် ထိုအရာဝတ္ထုသည် ဣဿာ၊ မစ္ဆရိယပွားစာဖြစ်ပါသည်။ မုဒိတာပွားလျှင် "အလှ"ကို မြင်ပါသည်။ ဣဿာ၊ မစ္ဆရိယပွားလျှင် "အကျည်းတန်"ကို မြင်ပါသည်။ ဝိမိ၏အကျိုးစီးပွားကိုကြည့်၍ သာသူများသို့ချဉ်းကပ်တတ်ပြီး နာသူများကို အဝေးမှ ရှောင်ကြဉ်တတ်ကြသောသူများသည် နယ်ပယ်တိုင်း၌ရှိပါသည်။ ပညာရှိအမည်ခံသူတို့၏ နယ်ပယ်၌လည်းရှိပါသည်။ လူမိုက်တို့၏ နယ်ပယ်၌လည်း ရှိပါသည်။ သို့ရာတွင် ထိုသူများသည် မိမိတို့ကိုယ်ကို "ပညာရှိအမည်ခံ"အဖြစ် မမြင်တတ်ကြပဲ "ပညာရှိအစစ်"အဖြစ်သာ မြင်တတ်ကြပါသည်။ လူမိုက်အဖြစ် မမြင်တတ်ကြပဲ လူလိမ္မာအဖြစ်သာ မြင်တတ်ကြပါသည်။ ထိုသို့မြင်တတ်ခြင်းမှာလည်း တဏှာမျက်လုံး၊ မာန မျက်လုံး၊ ဒိဋ္ဌိမျက်လုံးတို့ဖြင့် ကြည့်သောကြောင့်ဖြစ်ပါသည်။ အဆိုပါ မျက်လုံးတို့ဖြင့်ကြည့်ပါသျှင် မျက်စိသည် မိမိ၊ကိုယ်ကိုပြန်၍မမြင်နိုင်သကဲ့သို့ လည်းကောင်း၊ လက်ညှိုးသည် မိမိ၊ကိုယ်ကိုပြန်၍ မထိုးနိုင်သကဲ့သို့ လည်းကောင်း အာရုံနှင့်အသိကို မခွဲခြားနိုင်ပဲ တခုတည်းအဖြစ်၊ တသားတည်းအဖြစ် မြင်တတ်ပါသည်။ ထို့ကြောင့် ဤနေရာ၌လည်း တတိယမျက်လုံးကို လိုအပ်ပါသည်။ တတိယမျက်လုံးဟူသည် "သမာဓိကို အခြေခံသောပညာ"

ဖြစ်ပါသည်။သမာဓိဆိုသော်လည်း မှိုးရိုးသမာဓိမဟုတ်။ ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိဖြစ်ပါသည်။ ဒဿနဝါဟာရဖြင့် ဆိုရလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော ပပဉ္စတရားတို့သည် မိမိကိုယ်ကို မိမိပြန်ရှုမြင်နိုင်ပဲ အခြားကိုသာ မြင်နိုင်သောတရားများ (ပရတောသိဒ္ဓ) ဖြစ်ကြပါသည်။ သမာဓိကိုအခြေခံသော ပညာသာလျှင် မိမိကိုယ်ကို မိမိပြန်၍မြင်နိုင်သော တရားများ(သယံသိဒ္ဓ)ဖြစ်ကြပါသည်။ ထို့ကြောင့် ရခဲသောလူ့အဖြစ်ကို ရပြီးကြသည့် လူသားများအနေဖြင့် မုဒိတာတရားကို ပွားနိုင်အောင် ကြိုးစားအပ်ပါသည်။

(၄) ဥပေက္ခာ

ဥပေက္ခာဆိုသည်မှာ အမှန်တရားအပေါ်၌ ရပ်တည်ခြင်း၊ဘက်မလိုက် ခြင်းပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လူမျိုးနှင့် နိုင်ငံကိုချစ် သောစိတ်ဖြင့် လုပ်ကိုင်ကြပါ၏။ ပြောဆိုကြပါ၏။ မြော်မြင်ကြပါ၏။ထိုသို့ လုပ်ကိုင်၊ ပြောဆို၊ မြော်မြင်ရာတွင် မတရားသော ဘက်လိုက်သော ပပဉ္စဖြင့် လုပ်ကိုင်သင့်ကြသည်မဟုတ်ပါ။မတရားသော ဘက်လိုက်သော ပပဉ္စဖြင့် ပြောဆိုသင့်ကြသည် မဟုတ်ပါ။ မတရားသောဘက်လိုက်သော ပပဉ္စဖြင့် မြော်မြင်သင့်ကြသည် မဟုတ်ပါ။ တရားသောမေတ္တာဖြင့် လုပ်ကိုင်သင့်ကြပါသည်။ တရားသော မေတ္တာဖြင့် ပြောဆိုသင့်ကြပါသည်။ တရားသောမေတ္တာဖြင့် မြော်မြင်သင့်ကြပါသည်။ ကျွန်ုပ်တို့သည် အားလုံးကို ချစ်တတ်ရမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် လူမျိုးနှင့် နိုင်ငံကို ကြင်နာသောစိတ်ဖြင့် လုပ်ကိုင်ကြ ပါ၏။ ပြောဆိုကြပါ၏။ မြော်မြင်ကြပါ၏။ ထိုသို့လုပ်ကိုင်၊ ပြောဆို၊ မြော်မြင်ရာတွင် မတရားသော၊ ဘက်လိုက်သော ပပဉ္စဖြင့် လုပ်ကိုင်သင့် ကြသည်မဟုတ်ပါ။မတရားသော၊ဘက်လိုက်သောပပဉ္စဖြင့် ပြောဆိုသင့်ကြ သည်မဟုတ်ပါ။ မတရားသော၊ ဘက်လိုက်သော ပပဉ္စဖြင့် မြော်မြင်သင့် ကြသည်မဟုတ်ပါ။တရားသောကရုဏာဖြင့်လုပ်ကိုင်သင့်ကြပါသည်၊တရား သော ကရုဏာဖြင့် ပြောဆိုသင့်ကြပါသည်။ တရားသော ကရုဏာဖြင့်

မြော်မြင်သင့်ကြပါသည်။ ကျွန်ုပ်တို့သည် အားလုံးကို ကြင်နာတတ်ရမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် နိုင်ငံနှင့်လူမျိုးကို ဂုဏ်ယူသောစိတ်ဖြင့် ကာယကံမှုအရ လုပ်ကိုင်ကြပါ၏။ဝစီကံမှုအရ ပြောဆိုကြပါ၏။ မနောကံမှုအရ မြော်မြင် ကြပါ၏။ ထိုသို့လုပ်ကိုင်၊ ပြောဆို၊ မြော်မြင်ရာတွင် မတရားသော၊ ဘက် လိုက်သော ဂုဏ်ယူစိတ်ဖြင့် လုပ်ကိုင်သင့်ကြသည်မဟုတ်ပါ။မတရားသော၊ ဘက်လိုက်သော ဂုဏ်ယူစိတ်ဖြင့် ပြောဆိုသင့်ကြသည်မဟုတ်ပါ။ မတရား သော၊ ဘက်လိုက်သော ဂုဏ်ယူစိတ်ဖြင့် မြော်မြင်သင့်ကြသည် မဟုတ်ပါ။ တရားသော မှန်ကန်သော မုဒိတာဖြင့် လုပ်ကိုင်သင့်ကြပါသည်။ တရား သော မှန်ကန်သော မုဒိတာဖြင့် ပြောဆိုသင့်ကြပါသည်။ တရားသော မှန်ကန်သော မုဒိတာဖြင့် မြော်မြင်သင့်ကြပါသည်။ ကျွန်ုပ်တို့သည် အားလုံးကို ဂုဏ်ယူတတ်ရမည်ဖြစ်ပါသည်။အားလုံးကို ကြင်နာတတ်ရမည် ဖြစ်ပါသည်။ အားလုံးကိုမြတ်နိုးတတ်ရမည်ဖြစ်ပါသည်။ မည်သူအပေါ်မှာ မျှ မျက်နှာလိုက်ခြင်းမပြုပဲ တရားနှင့်အညီ ဆက်ဆံတတ်ရမည်ဖြစ်ပါသည်။ သို့မှသာ လူ့ကျင့်ဝတ်နှင့်အညီ ကျင့်ကြံတတ်သော လူကောင်းလူတော် များဖြစ်လာကြမည်ဖြစ်ပါသည်။ ဤသဘောကို ဥပေက္ခာဖြင့် နေခြင်းဟု ဆိုပါသည်။

လောကအမြင်များ

လူသားတို့သည် အဆုဝတ္ထုတခုကို မြင်တိုင်း ထိုအရာဝတ္ထု၏ မူလဘူတ ဖွဲ့စည်းမှုအပေါ် ၌ အပိုဆောင်း၍ မြင်တတ်ကြပါသည်။ ဥပမာအားဖြင့် နှင်းဆီပန်းတပွင့်ကို မြင်သောအခါ နှင်းဆီပန်း၏ လက်ရှိအနေအထား ဖြစ်သည့် အရောင်အသွေး၊ အရွယ်အစား၊ အဆင်းအနံ့ စသည်တို့ပါဝင် သော ပကတိမူလပိုင်းကိုသာမက ယင်းအပေါ်တွင် အပိုဆောင်းထား သည့် သဘောများကိုလည်း ခဲ့ကား၍မြင်တတ်ပါသည်။ အမှန်အားဖြင့် အပိုဆောင်းထားသည့် သဘောများသည် နှင်းဆီပန်း၌မရှိပဲ မြင်သူ၏ စိတ်၌သာရှိပါသည်။ ယင်းသို့ မြင်တတ်သော သဘောကို ဤနေရာ၌ “**လောကအမြင်များ**” ဟူ၍ ဆိုပါသည်။ လောကအမြင်များသည်—

(၁) တတ္ထဒဿန၊
(၂) ပမာဏဒဿန၊
(၃) တက္ကဒဿန၊
(၄) အာစာရဒဿန၊
(၅) ရသဒဿန၊
(၆) စရိတဒဿန-

ဟူ၍ (၆) မျိုးရှိပါသည်။ ယင်း (၆) မျိုးကို ရှုထောင့်မျှား ဟူ၍လည်း ဆိုပါသည်။ အရာဝတ္ထုတခုကိုမြင်တိုင်း သို့မဟုတဲ့ ဖြစ်ရပ်တခုကိုကြုံတိုင်း အဆိုပါရှုထောင့် (၆)မျိုးတို့ဖြင့် ရှုမြင်သုံးသပ်၍ ဆုံးဖြတ်သောကြောင့် ဖြစ်ပါသည်။

(၁) တတ္ထဒဿန

တတ္ထဒဿနဆိုသည်မှာ "ရှိ၊ မရှိ ရှုထောင့်မှ မြင်ခြင်း" ဖြစ်ပါသည်။ ရှိ၊ မရှိ ရှုထောင့်တွင် အမျိုးအစားကို စိစစ်ခြင်းလည်း ပါဝင်ပါသည်။ နှင်းဆီပန်းကို မြင်သောအခါ လူ့သဘာဝအရ "နီသောနှင်းဆီပန်း၊ ကြီးသောနှင်းဆီပန်း" စသည်ဖြင့် အရာဝတ္ထု၏ ကိုယ်ပိုင်အရည်အသွေးများကိုလည်း မြင်ပါသည်။ ယင်းတို့အပေါ် ထပ်ဆောင်း၍ "မျိုးကောင်းသော နှင်းဆီပန်း၊ မျိုးညံ့သောနှင်းဆီပန်း" စသည်ဖြင့် မြင်သူ၏ အပိုဆောင်းချက်များကိုလည်း မြင်ပါသည်။ ဤအပိုဆောင်းချက်များသည် အရာဝတ္ထုတခုကို မြင်တိုင်း မြင်တိုင်း ယင်းအရာဝတ္ထု၏ ပင်ကို အရည်အသွေးပေါ်၌ မလွဲမသွေ အပိုဆောင်းထားသည့် အပိုဆောင်းချက်များဖြစ်ပါသည်။ ထို့ကြောင့် အရာဝတ္ထုတိုင်းတွင် အရာ၏အသွေး (၂)ပိုင်းပါဝင်သည်။ တပိုင်းမှာ အရာဝတ္ထု၏ ပင်ကို အရည်အသွေးပိုင်း ဖြစ်ပါသည်။ ယင်းကို "ဝတ္ထုတန်ခြေ" ဟူ၍ အိန္ဒိယဒဿနပညာရှင်တို့က ဆိုပါသည်။ ဝတ္ထုတန်ခြေ၏ ဘာမိပွဝယ်မှာ "အရာဝတ္ထု၏ အပေါ်၌ရှိသော" ဟူ၍ ဖြစ်ပါသည်။ အခြားတပိုင်းမှာ မြင်သူ၏ အရည်အသွေးပိုင်း ဖြစ်ပါသည်။ ယင်းကို "ပုဂ္ဂိုလတန်ခြေ" ဟူ၍ အိန္ဒိယဒဿန ပညာရှင်

များက ဆိုပါသည်။ ပုရိသတန္တြ၏အဓိပ္ပာယ်မှာ "မြင်သူအဓပါဒ်ရှိသော" ဟူ၍ ဖြစ်ပါသည်။ ပုရိသတန္တြပိုင်းသည် အပိုဆောင်းထားသည့်အပိုင်း ဖြစ်ပါသည်။ ယင်းအပိုင်းကြောင့်ပင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် လည်ပတ်ခြင်း ဖြစ်ပါသည်။

အရာဝတ္ထု တခုဟုဆိုသည်ဖြစ်ပါလျက် ယင်းအပေါ် ဆုံးဖြတ်ချက်များသည် မြင်သူတဦးနှင့်တဦး မတူပါချေ။ ထိုသို့ မတူသည်မှာလည်း ဘဝရှုထောင့်(အာသယ)၊ ဘဝအခြေခံ(အနုသယ)၊ ဓလေ့စရိုက်(စရိုတ)၊ နှလုံးသွင်း(အဓိမုတ္တိ)တို့ တဦးနှင့်တဦး မတူသောကြောင့် ဖြစ်ပါသည်။ ယင်းတို့ မတူသမျှကာလပတ်လုံး တဦးနှင့်တဦး ဆုံးဖြတ်ချက်ချင်းလည်း တူကြမည်မဟုတ်ပါ။ အရာဝတ္ထုတခုကိုမြင်ရာ၌ ဘဝရှုထောင့်(အာသယ)၊ ဘဝအခြေခံ(အနုသယ)၊ ဓလေ့စရိုက်(စရိတ)၊ နှလုံးသွင်း(အဓိမုတ္တိ)တို့အပေါ် အခြေခံ၍ မြင်ခြင်း ဖြစ်ပါသည်။ ယင်းတို့ပေါ် အခြေခံ၍ အပိုဆောင်းခြင်း ဖြစ်ပါသည်။ အပိုဆောင်းချက်များသည် သတ္တဝါတို့၏ ဗီဇအနေဖြင့် မလွဲမသွေ ဖြစ်ပေါ်လာကြမည် ဖြစ်ပါသည်။ မဖြစ်ပေါ်လာစေရန်လည်း မည်သူမျှ မတတ်ကောင်း။ ထိုသို့ ဖြစ်ပေါ်လာသဖြင့်သာ သုံးဆယ့်တဘုံတည်းဟူသော ဘဝသံသရာသည် ရှိနေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အရာဝတ္ထုတခုကို မြင်တိုင်း၊ ဖြစ်ရပ်တခုကို ကြုံတိုင်း "တတ္ထဒဿန" ရှုထောင့်မှ လူသားသည် ရှိ၊ မရှိ၊ စစ်၊ မစစ်တို့ကို သုံးသပ်၍ ဆုံးဖြတ်မည် ဖြစ်ပါသည်။

(၂) ပမာဏဒဿန

ပမာဏဒဿနဆိုသည်မှာ "အမှားနှင့် အမှန် ရှုထောင့်မှ မြင်ခြင်း" ဖြစ်ပါသည်။ အမှားနှင့်အမှန်သည် ပြင်ပဗဟိဒ္ဓသန္တာန်၌မရှိပဲ မြင်သူ၏ အဇ္ဈတ္တသန္တာန်၌သာ ရှိပါသည်။ အမှန်အားဖြင့် နှင်းဆီပန်းသည် နှင်းဆီပန်းသာ ဖြစ်ပါသည်။ နှင်းဆီပန်း၌ အမှားနှင့် အမှန်ဟူ၍ မရှိပါ။ အမှားနှင့်အမှန်သည် အဝိဇ္ဇာနှင့် ဝိဇ္ဇာတို့၏ အမည်တမျိုးဖြစ်၍ စိတ်ပိုင်းဆိုင်ရာ တရား(စေတသိက)များ ဖြစ်ပါသည်။ ထို့ကြောင့် အမှားနှင့်

အမှန်သည် ပြင်ပဗဟိဒ္ဓသန္တာန်၌ မရှိဟူ၍ဆိုခြင်းဖြစ်ပါသည်။ကျွန်ုပ်တို့သည် အရာဝတ္ထု တခုကိုပဲ တွေ့တွေ့၊ ဖြစ်ပေါ်တခုကိုပဲ ကြုံကြုံ ယင်းအရာဝတ္ထု၊ သို့မဟုတ် ယင်းဖြစ်ရပ်ကို မှားသည်ဟူ၍ လည်းကောင်း၊ မှန်သည်ဟူ၍ လည်းကောင်း မလွဲမသွေ ဆုံးဖြတ်မည် ဖြစ်ပါသည်၊ ထိုသို့ဆုံးဖြတ်လိုက်ခြင်းသည်ပင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ထဲသို့ ကိုးရိုးတိုးရှ ဝင်လာခြင်းဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ထဲသို့ တိုးရှတိုးရှ မဝင်လာနိုင်ရေး အတွက် ထိုကဲ့သို့ မဆုံးဖြတ်နိုင်စေရန် ပိဋကတ်တော်များ၌ သင်ကြားချက်များ ရှိပါသည်။

ပိဋကတ်တော်များ၌ မြင်လျှင် "မြင်ကာမျှ, မြင်သည်" ဟူ၍လည်းကောင်း၊ ကြားလျှင် "ကြားကာမျှ, ကြားသည်" ဟူ၍လည်းကောင်း ထိုမျှလောက်သာ ဆုံးဖြတ်ရန်နှင့် အရာဝတ္ထု၊ ပုဂ္ဂိုလ်၊ သတ္တဝါ အဆင့်အထိ မရောက်စေရန် သင်ကြားထားပါသည်။ မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှ အဆင့်သည်သာ ပရမတ္ထအသိဖြစ်ပါသည်။ မြင်ခြင်း ကြားခြင်းဘို့အပေါ် ဒြပ်ဝတ္ထုအနေဖြင့် အပိုဆောင်းပြီး အမှား အမှန် ဆုံးဖြတ်လိုက်သည်နှင့်တပြိုင်နက် ပညတ်အသိဖြစ်သွားပြီး ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်နယ်ပယ်ထဲသို့ တိုးရှတိုးရှ အလိုအလျောက်ရောက်သွားမည်ဖြစ်ပါသည်။ ရောက်ပြီးသား ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်နယ်ပယ်မှ လွတ်မြောက်စေရန် "ပညတ်သိ" ခေါ် အပိုဆောင်းချက်များကို စွန့်ပစ်ရန် ဟောကြားထားပါသည်။ သို့ရာတွင် လူသားသည် ပုထုဇဉ်ဗီဇသတ္တိဖြင့် အပိုဆောင်းခြင်းများကို မစွန့်ပစ်နိုင်ပဲ မလွဲမသွေ လုပ်ဆောင်ခဲ့ပါသည်။ ထို့ကြောင့် လူသားသည် အရာဝတ္ထုတခုကိုမြင်တိုင်း၊ ကြစ်ရပ်တခုကို ကြုံတိုင်း ပမာဏာဒဿနရှုခထောင့်မှ အများနှင့်အမှန်ကို သုံးသပ်၍ ဆုံးဖြတ်ပါလေသည်။

(၃) တက္ကဒဿန

တက္ကဒဿနဆိုသည်မှာ "သင့်၊ မသင့်ရှုထောင့်မှမြင်ခြင်း" ဖြစ်ပါသည်။ ယင်းအမြင်သည်လည်း "ပရမတ်အသိ" နှင့်ပတ်ဝန်းကျင်၌ "ပညတ်အသိ"

နယ်ပယ်သို့ ဝင်ရောက်ခြင်းဖြစ်ပါသည်။ မြင်လျှင် မြင်ကာမျှ၊ ကြားလျှင် ကြားကာမျှအာသိကို ကျော်လွန်လျှင် အရာဝတ္ထုအာသိ၊ ပုဂ္ဂိုလ်အာသိ၊ သတ္တဝါအာသိသို့ ရောက်ပါသည်။ အရာဝတ္ထုအာသိ၊ ပုဂ္ဂိုလ်အာသိ၊ သတ္တဝါအာသိသို့ ရောက်သည်နှင့်တပြိုင်နက် "သင့်၊ မသင့်ရှုထောင့်" သည် ပေါ်လာပါသည်။ ထိုရှုထောင့်မှ အလိုအလျောက်ကြည့်မိရုက်သား ဖြစ်သွားပါသည်။ ကြည့်မိသည်နှင့်တပြိုင်နက် "သင့်၏" ဟူ၍လည်းကောင်း၊ "မသင့်" ဟူ၍တည်းကောင်း သုံးသပ်၍ ဆုံးဖြတ်ခြင်းသည် မလွဲသာ မရှောင်သာ ဖြစ်ပေါ်လာပါသည်။

လောကီရေးရာ၌ဖြစ်စေ၊ လောကုတ္တရာရေးရာ၌ဖြစ်စေ အမြင်သည် အလွန်အရေးကြီးပါသည်။ အမြင်ကိုအကြောင်းခံ၍ ဖြစ်ပေါ်လာသော အတွေးအခေါ် သည်လည်း အလွန်အရေးကြီးပါသည်။ ထို့ကြောင့် မဂ္ဂင် ရှစ်ပါးတွင် သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပတည်းတို့သော ပညာမဂ္ဂင်(၂)ပါးကို ရှေးဦးစွာဟောကြားခြင်း ဖြစ်ပါသည်။ ဒုယင်းပညာမဂ္ဂင် (၂)ပါးသည် ဗောဇ္ဈင်အဆင့်သို့ရောက်လျှင် လောကုတ္တရာသို့ကူးပါသည်။ လောကုတ္တရာသို့ ကူးသည်ဆိုသည်မှာ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်တို့နှင့် တပြိုင်နက်ထည်း၊ တသားတာည်း ပေါင်းစည်းနိုင်သော သစ္စာဉာဏ်ခေါ် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။

ပညာမဂ္ဂင်တို့သည် လောကုတ္တရာသို့ မကူးနိုင်သေးလျှင် အပိုဆောင်းခြင်းမပြုပဲ မြင်လျှင် မြင်သည့်အတိုင်း၊ ကြားလျှင် ကြားသည့်အတိုင်း ပရမတ်သိအဆင့်၌ တည်နိုင်ပါက ပစ္စုပ္ပန်၊ သံသရာ (၂)ဖြာသော အကျိုးစီးပွားကို ဆောင်နိုင်ပါသည်။ ဤနေရာ၌ ပရမတ်သိဆိုသည်မှာ ဝိပဿနာသိဖြစ်ပါသည်။ ဝိပဿနာသိ မပျက်စီးလျှင် သေးတာပန် (စူဠသောတာပန်) စာရင်းဝင် ဖြစ်၍ ဒုတိယဘဝအတွက် အပါယ်လေးပါးမှ လွတ်ကင်းနိုင်ပါသည်။ ထို့သို့မဟုတ်ပဲ ပရမတ်သိကို ကျော်လွန်ကာ ပညတ်သိနယ်ပယ်တွင်းသို့ ချင်းနင်းသုံးလျှင် "သင့်၊ မသင့်" ရှုထောင့်သည် အလိုအလျောက် ပေါ်လာမည်ဖြစ်ပါသည်။ ထို့ရှုထောင့်မှ ကြည့်ပြီး

"ဆင့်၊ မသင့်"ကို အပိုဆောင်းကာ သုံးသပ်၍ ဆုံးဖြတ်မည်ဖြစ်ပါသည်။ ထို့ကြောင့် "တက္ကဒဿန" အမြင်သည် ပုထုဇဉ်တို့၏ ဗီဇသတ္တိအနေဖြင့် လူသားတို့၏ သန္တာန်၌ အစဉ်ဘစိုက် ကိန်းဝပ်နေသည့်အမြင်ဖြစ်ပါသည်။ ထိုအမြင်ဖြင့် ကြည့်တတ်သည့် သတ္တိသည်ဖြစ်သည်။ လူသားတို့၏သန္တာန်၌ အစဉ်ထာဝရကိန်းဝပ်သွက်ရှိပါသည်။

(၄) အာစာရဒဿန

အာစာရဒဿနဆိုသည်မှာ "ကောင်း၊ မကောင်းရှုထောင့်မှ မြင်ခြင်း" ဖြစ်ပါသည်။ အရာဝတ္ထုတခုကို မြင်တိုင်း၊ ဖြစ်ရပ်ကခုကို ကြုံတိုင်း ကောင်း၊ မကောင်း ရှုထောင့်မှလည်း သုံးသပ်၍ ဆုံးဖြတ်တတ်ပါသည်။ ယင်းသို့ ဆုံးဖြတ်ထ၌လည်း ပရမတ်သိနယ်ပယ်ကို ကျော်၍ ပညတ်သိနယ်ပယ်၌သာ ရကောင်းပါသည်၊ အဘယ်ကြောင့်ဆိုသော် ပညတ်သိနယ်ပယ်၌သာ အဓကောင်အထည်၊ ဒြပ်၊ သဏ္ဌာန်ကို ရကောင်းသောကြောင့် ဖြစ်ပါသည်။ ပညတ်သိနယ်ပယ်၌ အဆိုပါ အမြင်ဖြင့် မဆုံးဖြတ်နိုင်စေရေး အတွက် ပို့ကတ်တော်များ၌ အကောင်အထည်၊ ဒြပ်၊ သဏ္ဌာန်ကို မစဲလမ်းရန်(နာ နိမိတ္တဂ္ဂါဟီ)ကိုလည်း ဟောကြားထားပါသည်။ အသေးစိတ် အစိတ်အပိုင်းကိုလည်း မစဲလမ်းရန် (နာ အနုဗျဉ္ဇနဂ္ဂါဟီ) ကိုလည်း ဟောကြားထားပါသည်။ ထိုသို့ ဟောကြားထားခြင်းမှာ ပညတ်သိနယ်ပယ်၌ ပညာဦးမဆောင်နိုင်ပဲ ဒေါလနှင့်သမာဓိသာ ဦးဆောင်နိုင်သောကြောင့် ဖြစ်ပါသည်။ မြတ်စွာဘုရား၏ဟောကြားချက်အရ ပညာဦးဆောင်မှသာ မှန်ကန်သော ချမ်းသာသုခကို ရရှိနိုင်မည်ဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုရလျှင် ပညာဦးဆောင်မှသာ ဝိပဿနာနယ်ပယ်သို့ ရောက်နိုင်ပြီး ပညာဦးမဆောင်လျှင် ဂိပဿနာနယ်ပယ်သို့ ရောက်နိုင်ခြင်းမရှိပါချေ။

ကျွန်ုပ်တို့သည် ပုထုဇဉ်လူသားများသာဖြစ်ကြပါသည်။ပုထုဇဉ်လူသားများဖြစ်ကြသည့်အလျောက် အရာဝတ္ထုကိုလည်း အာရုဝတ္ထုအနေဖြင့် မြင်ကြမည်ဖြစ်ပါသည်။ ထို့ထက်အပိုဆောင်းပြီး "ကောင်း၊ မကောင်း ရှုကောင်း" မှလည်း ကြည့်ကြဦးမည်ဖြစ်ပါသည်။ အလားတူပင် ဖြစ်ရပ်

တခုကိုလည်း ထိုအတိုင်းကြည့်ကြမည်ဖြစ်ပါသည်။ "မီး"ကို မပူနဲ့ဟူ၍ တားဆီးမရသလို ပုထုဇဉ်မျာ်းကိုလည်း ထိုရှုထောင့်မှ မကြည့်နဲ့ဟူ၍ တားဆီးရန် မရကောင်းပါ။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ကြည့်တတ်ခြင်းသည် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ သတ္တိထူးဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ အမှန်အားဖြင့် လူဆိုသည်မှာ ထိုအမြင်ဖြင့် ကြည့်တတ်ကြသူမျာ်းပါတကား ဟူ၍လည်းကောင်း၊ ထိုရှုထောင့်မှ မကြည့်ရန် တားမြစ်၍ မရကောင်းပါတကား ဟူ၍ လည်းကောင်း၊ "ကောင်း၊ မကောင်း" ဆုံးဖြတ်ရာတွင် အမှန်အတိုင်းသာ ဆုံးဖြတ်နိုင်ရေးအတွက် လမ်းညွှန်မှုပေးရန်လိုအပ်ပါတကား ဟူ၍ လည်းကောင်း ကြိုတင်သဘောပေါက်ထားရန်သာ လိုအပ်ပါသည်။ သို့မဟုတ်ပါက လမ်းလွဲသို့ မုချမသွေ ရောက်သွားနိုင်ပေသည်။ လူသားမျာ်းကား "ကောင်း၊ မကောင်း ရှုထောင့်"မှ မလွဲမသွေ ကြည့်မြဲကြည့်နေကြမည် ဖြစ်ပါသည်။ အာရုံ၏ ပင်ကိုမူလအပေါ် အပိုဆောင်းမြဲ ဆောင်းနေကြမည်သာဖြစ်ပါသည်။ အပိုဆောင်းခြင်းမှ ပင်ကိုမူလအပေါ်သို့ ပြန်လည်ရောက်ရှိအောင် ကြိုးစားကြရုံသာ ရှိပါသည်။

(၅) ရသဒဿန

ရသဒဿနဆိုသည်မှာ "အလှနှင့် အကျည်းတန် ရှုထောင့်မှ မြင်ခြင်း" ပင် ဖြစ်ပါသည်။ အလှနှင့် အကျည်းတန်သည်လည်း အရာဝတ္ထု၏ ပင်ကို အရည်အသွေးမဟုတ်။ လူသားတို့၏ သတ်မှတ်ချက်သာ ဖြစ်ပါသည်။ အပိုဆောင်းခြင်းမျှသာ ဖြစ်ပါသည်။ မျက်နှာဝိုင်းဝိုင်းကလေးကို အချို့က လှသည်ဟူ၍ ဆိုကြပါသည်။ အချို့က အကျည်းတန်သည်ဟူ၍ ဆိုကြပါသည်။ ထိုသို့ဆိုခြင်းမှာ အလှနှင့် အကျည်းတန်သည် အရာဝတ္ထုပေါ်၌ရှိသော "ဝတ္ထုတန်ဆာ"အရည်အချင်းမျိုးမဟုတ်ပဲ မြင်သူအပေါ်၌ရှိသော "ပုဂ္ဂိုလတန်ဆာ"အရည်အချင်းမျိုးဖြစ်သောကြောင့် ဖြစ်ပါသည်။ အလှနှင့် အကျည်းတန်ကို တိုင်းတာရာ၌ မိမိကိုယ်ကို "စံ"ပြု၍ တိုင်းတာကြသည့် အစဉ်အလာရှိပါသည်။ ထိုကဲ့သို့ တိုင်းတာခြင်းသည် အမှန်နှင့် အနီးကပ်ဆုံးအဖြစ် အားလုံးက လက်ခံသောကြောင့် ဖြစ်ပါသည်။

အလှကို တိုင်းတာရာ၌ အရာရာတိုင်းတွင်ရှိသော "အလှ"ကို မြင်အောင် ကြည့်သောနည်းလည်း ရှိပါသည်။ ထိုနည်းဖြင့် ကြည့်၍မြင်သောအလှသည် "သဘာဝအလှ"ဖြစ်ပါသည်၊အနိမ့်ဆုံးအလှ ဖြစ်ပါသည်။ သဘာဝ၏ ဖွဲ့စည်းမှုကို ပေါ်လာအောင် ရှုမြင်ခြင်းဖြင့် သဘာဝအလှကို မြင်နိုင်ပါသည်။ ကိုယ်ချင်းစာနာစိတ်ဖြင့် "အလှ"ကို မြင်အောင် ကြည့်သောနည်းလည်း ရှိပါသည်၊ ထိုနည်းဖြင့် ကြည့်၍ မြင်သောအလှသည် "ဥပစာအလှ" ဖြစ်ပါသည်။ သဘာဝအလှထက် ပို၍ အဆင့်မြင့်သဖြင့် အလယ်ဆင့် အလှမည်ပါသည်။ ဤအဆင့်အလှတွင် အရာရာတိုင်းကို မိမိကိုယ်ကဲ့သို့ ခံစားပါသည်။ မိမိကိုယ်ကိုချစ်သလို အရာရာတိုင်းကို ချစ်ပါသည်။ မိမိကိုယ်ကို ကြင်နာသလို အရာရာတိုင်းကို ကြင်နာပါသည်။ မိမိကိုယ်ကို ဂုဏ်ယူမြတ်နိုးသလို အရာရာတိုင်းကို ဂုဏ်ယူမြတ်နိုးပါသည်။ မိမိကိုယ်ကို အမှန်တရား၌ ရပ်တည်သူအဖြစ် မြင်သလို အရာရာတိုင်းကို အမှန်တရား၌ ရပ်ကည်သူအဖြစ် မြင်ပါသည်။ ဗြဟ္မစိုရ်တရားလေးပါးဖြင့် ဤ "ဥပစာအလှ"ကို မြင်နိုင်ပါသည်။ မိမိနှင့် တသားတည်းဖြစ်အောင် ဝင်စားခြင်းဖြင့် "အလှ"ကို မြင်အောင် ကြည့်သောနည်းလည်း ရှိပါသည်။ ထိုနည်းဖြင့် ကြည့်၍မြင်သောအလှသည် "ရသအလှ"ဖြစ်ပါသည်။ ဘာဝနာဂေါဟာရကိုယူ၍သုံးရလျှင် "အပ္ပနာအလှ"ဖြစ်ပါသည်။ ဤအလှသည် အမြင့်ဆုံးအလှဖြစ်ပါသည်။ ဤနေရာ၌ ဆိုလိုသောအလှ (၃)မျိုးတို့၏ သဘောကို နားလည်စေရန် ဘာဝနာသဘောကို အထိုက်အာဇလျောက်နားလည်ရန် လိုအပ်ပါသည်။

ဘာဝနာဂေါဟာရများဖြင့် နှိုင်းယှဉ်၍ဆိုရလျှင် သဘာဝအလှသည် ပရိကမ္မဘာဝနာသဘောမျိုး ဖြစ်ပါသည်။ တင်စားအလှသည် ဥပစာရဘာဝနာသဘောမျိုး ဖြစ်ပါသည်။ ရသအလှသည် အပ္ပနာဘာဝနာသဘောမျိုးဖြစ်ပါသည်။ နိမိတ်များဖြင့် နှိုင်းယှဉ်၍ဆိုရလျှင် သဘာဝအလှသည် ပရိကမ္မနိမိတ် သဘောမျိုး ဖြစ်ပါသည်၊ ဥပစာအလှသည် ဥဂ္ဂဟနိမိတ်သဘောမျိုး ဖြစ်ပါသည်။ ရသအလှသည် ပဋိဘာဂနိမိတ် သဘောမျိုး ဖြစ်ပါသည်။ အပ္ပနာဘာဝနာ သို့မဟုတ် ပဋိဘာဂနိမိတ်နှင့်

အလားတူသော ရသအလှကို စျာန်ဝင်စားခြင်းမျိုးဟူ၍ မနှိုင်းယှဉ်ကောင်း၊ နှိုင်းယှဉ်ကောင်း နှိုင်းယှဉ်၍ ဖော်ပြအပ်ပါသည်။ သိလှယ် စေရန် ရည်ရွယ်ချက်ဖြင့် ဖြစ်ပါသည်။

လူတို့သည် ပုထုဇဉ်တို့၏ဗီဇသတ္တိအနေဖြင့် အရာဝတ္ထုတခုကိုမြင်တိုင်း၊ ဖြစ်ရပ်တခုကိုကြုံတိုင်း အလှနှင့် အကျည်းတန်ရွေးထောင့်မှ သုံးသပ်၍ ဆုံးဖြတ်မြဲဖြစ်ပါသည်။ ထို့ကြောင့် အလှနှင့်အကျည်းတန်ကို ဆုံးဖြတ်ရာ၌ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်ရေးအတွက် မှန်ကန်တိကျသော တိုင်းတာစရာ "စံ" ကို ရရှိထားရန်လိုအပ်ပါသည်။

(၆) စရိတဒဿန

စရိတဒဿနဆိုသည်မှာ "ဝါသနာနှင့်စရိုက်ရွေထောင့်မှမြင်ခြင်း"ဖြစ်ပါသည်။ ဝါသနာနှင့်စရိုက်တွင် ဘဝရွေထောင့် (အာသယ)၊ ဘဝအခြေခံ (အနုသယ)၊ နှလုံးသွင်း (အဓိမုတ္တိ) တို့ပါဝင်ပါသည်။ လူသားတိုင်း၌ အစမထင် သံသရာမှစ၍ ဝါသနာသည် ပါလာပါသည်။ ယင်းဝါသနာသည် ဘုရားရှင်မှတပါး ရဟန္တာပုဂ္ဂိုလ်များပင် မပယ်နိုင်လောက်အောင် မြဲမြံနိုင်မာသော အထုံခာတ်ဖြစ်ပါသည်။ စရိုက်ဟူသည်မှာ ယခုဘဝ၌ အဖြစ်များသောအခါလှ အကျင့်များဖြစ်ပါသည်။ စရိုက်သည်—

(၁) ရာဂ၊
(၂) ဒေါသ၊
(၃) မောဟ၊
(၄) သဒ္ဓါ၊
(၅) ဗုဒ္ဓိ၊
(၆) ဝိတက်အားဖြင့်—

(၆) မျိုး ရှိပါသည်။ အရာဝတ္ထုတခုကို မြင်တိုင်း၊ ဖြစ်ရပ်တခုကို ကြုံတွေ့တိုင်း လူသားသည် ထို (၆)မျိုး အလိုက် မြင်တတ်ပါသည်။ ရာဂမျက်လုံးဖြင့် ကြည့်လျှင် ရာဂဖြစ်စရာ၊ ဒေါသမျက်လုံးဖြင့် ကြည့်လျှင်

ဒေါသဖြစ်စရာ၊ မောဟမျက်လုံးမြင့် ကြည့်လျှင် မောဟဖြစ်စရာ၊ သဒ္ဓါမျက်လုံးဖြင့်ကြည့်လျှင် သဒ္ဓါဖြစ်စရာ၊ ပညာမျက်လုံးဖြင့်ကြည့်လျှင် ပညာဖြစ်စရာ၊ ဝီတက်မျက်လုံးဖြင့်ကြည့်လျှင် ဝီတက်ဖြစ်စရာတို့ကို မြင်မည်ဖြစ်ပါသည်။အမှန်အားဖြင့် မြင်ခြင်းသည် ပထမအဆင့်၌ ပရမတ်သဘောရှိ၍ ဒုတိယအဆင့်၌ ပညတ်သဘာရှိပါသည်။ ပရမတ်အဆင့်တွင် အမျိုးအမည်နှင့်တကွ မသိသည့်အတွက် ဝတ္ထုတန်ဆာသဘောရှိပါသည်။ ပညတ်အဆင့်တွင် အမျိုးအမည်နှင့်တကွ သိသည့်အတွက် ပုရိသတန်ဆာသဘောရှိပါသည်။ ဝတ္ထုတန်ဆာသည် အာရုံတို့၏ပင်ကိုအရည်အသွေးဖြစ်၍ ပုရိသတန်ဆာသည် အာရုံကို၏ပင်ကိုအရည်အသွေးဖြစ်၍ အပိုဆောင်းထားသည့် အပိုအရည်အသွေး သို့မဟုတ် မရှိအရည်အသွေးဖြစ်ပါသည်။ ထို့မရှိ အရည်အသွေးကြောင့် လောကသည် ကမောက်ကမ ဖြစ်နေရခြင်း ဖြစ်ပါသည်။

လူသည် ရာဂမျက်လုံးဖြင့် ကြည့်သည်ဖြစ်စေ၊ ဒေါသမျက်လုံးဖြင့် ကြည့်သည်ဖြစ်စေ၊ မောဟမျက်လုံးဖြင့် ကြည့်သည်ဖြစ်စေ၊ သဒ္ဓါမျက်လုံးဖြင့် ကြည့်သည်ဖြစ်စေ၊ ပညာမျက်လုံးဖြင့် ကြည့်သည်ဖြစ်စေ၊ ဝီတက်မျက်လုံးဖြင့် ကြည့်သည်ဖြစ်စေ မိမိနှင့်ပတ်သက်လာလျှင် မိမိနှင့်နပိုလိယ်ကို ခဲ့ခြားမြင်နိုင်သော စိတ္တဇဝေဒနာရှင်ကဲ့သို့ အာရုံနှင့်အာရမ္မဏိကကို ပေါင်း၍ တခုတည်းအဖြစ်မြင်တတ်ပါသည်။ ကျွန်ုပ်တို့သည် လောဘကြီးသောပညာရှင်ကိုလည်း တွေ့ဖူးပါသည်။ ဒေါသကြီးသော ပညာရှင်ကိုလည်း တွေ့ဖူးပါသည်။ မောဟကြီးသော ပညာရှင်ကိုလည်း တွေ့ဖူးပါသည်။ သဒ္ဓါကြီးသောပညာရှင်ကိုလည်း တွေ့ဖူးပါသည်။ ပညာကြီးသော ပညာရှင်ကိုလည်း တွေ့ဖူးပါသည်။ ဝီတက်ကြီးသောပညာရှင်ကိုလည်း တွေ့ဖူးပါသည်။ ထိုပညာရှင်တို့သည် မိမိနှင့်ပတ်သက်လာလျှင် မိမိနှင့်နပိုလိယ်ကို ခဲ့ခြားမြင်နိုင်သော စိတ္တဇဝေဒနာရှင်ကဲ့သို့ လောဘနှင့်ပညာကိုလည်းကောင်း၊ ဒေါသနှင့်ပညာကိုလည်းကောင်း၊ မောဟနှင့်ပညာကိုလည်းကောင်း၊ သဒ္ဓါနှင့်ပညာကိုလည်းကောင်း၊ ဗုဒ္ဓိနှင့်ပညာကိုလည်းကောင်း၊ ဝီတက်နှင့်ပညာကိုလည်းကောင်း မခဲ့ခြားနိုင်ပဲ တသား

တည်းပြု၍ မြင်တတ်ပါသည်။ သူတော်ကောင်းများလည်း ထိုနည်း အတူပင် မိမိနှင့်ပတ်သက်လာလျှင် ဆိုင်ရာ ဆိုင်ရာစရိုက်နှင့် သူတော် ကောင်းတရားကို မခွဲခြားနိုင်ပဲ တသားတည်းမြင်တတ်ပါသည်။ ထိုကဲ့သို့ မြင်ခြင်းသည် ထိုပညာရှိသူတော်ကောင်းတို့၌ တဏှာ၊ မာန၊ ဒိဋ္ဌိတည်း ဟူသော ပကတိမျက်လုံးသာရှိပြီး သီလ၌ အခြေခံသော သမာဓိ၊ ပညာတည်းဟူသော တတိယမျက်လုံး မရှိသောကြောင့် ဖြစ်ပါသည်။ တတိယမျက်လုံးမရှိလျှင် သူများကိုကြည့်သောအခါသာ ခွဲခြား၍ မြင်နိုင်ပြီး မိမိကိုပြန်၍ကြည့်သောအခါ ထိုကဲ့သို့ခွဲခြား၍မမြင်နိုင်ပဲ ကတ္တားနှင့် ကံကို တသားတည်းပြု၍ မြင်လေသည်။ ထို့ကြောင့် ဤလေးကဒ္ဒ ကြောက်စရာအကောင်းဆုံးသော အယောင်ဆောင်သူတော်ကောင်းများ၊ အယောင်ဆောင်ပညာရှိများက နေရာကောင်းများစွာကို ရယူထားနိုင် ခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အစစ်အမှန်ဖြစ်သော ပညာ ရှိများနှင့် အစစ်အမှန်ဖြစ်သော သူတော်ကောင်းများအတွက် မလုပ် ကောင်းသော၊ မလုပ်ထိုက်သော ဒုစရိုက်မှုများရှိသော်လည်း အယောင် ဆောင်သူတော်ကောင်းများနှင့် အယောင်ဆောင် ပညာရှိများအတွက် ဒုစရိုက်မှုများနှင့် ပတ်သက်၍ မလုပ်ကောင်းသော၊ မလုပ်ထိုက်သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုဟူ၍ ဘာမျှမရှိတော့သောကြောင့် ဖြစ်ပါသည်။

မိမိ၏ကိုယ်ကျိုး ကိုယ့်စီးပွားနှင့် စပ်လာလျှင် မလုပ်ကောင်းသော မလုပ်ထိုက်သောအလုပ်ဟူ၍ ဘာမျှမရှိတော့သဖြင့် မလုပ်ကောင်းသော မလုပ်ထိုက်သော ဒုစရိုက်မှုများကို ကျူးလွန်ဆု၌ အယောင်ဆောင် သူတော်ကောင်းကလည်း မိမိကိုယ်ကို သူတော်ကောင်း အစစ်အဖြစ် မြင်ပါသည်။ အယောင်ဆောင်ပညာရှိကလည်း မိမိကိုယ်ကို ပညာရှိအစစ် အဖြစ်မြင်ပါသည်၊ မိမိနှင့် နပိုလီယံကို ခွဲခြား၍ မမြင်နိုင်ပဲ တသား တည်းအဖြစ်မြင်သော စိတ္တဇဝေဒနာရှင်ကဲ့သို့ ဖြစ်ပါသည်။ အယောင် ဆောင်သူတော်ကောင်းနှင့် အယောင်ဆောင်ပညာရှိများအတွက် မိမိနှင့် သူတပါး (၂)မျိုးလုံးကို မြင်စွမ်းနိုင်သော တတိယမျက်လုံးကို ရရှိထားရန်

အထူးလိုအပ်ပါသည်။ သို့ရာတွင် ထိုလူစားမျိုးသည် တတိယမျက်လုံးကို ရရှိနိုင်သော လုပ်ငန်းများ၌လုံးလုံးစိတ်မဝင်စားပဲ မိမိကိုယ်ကို တတိယမျက်လုံးပိုင်ရှင်အဖြစ် သက်ဝင်ယုံကြည်နေသောကြောင့် ပို၍ ခက်ပါသည်။ ဆေးကြောင့်ဖြစ်ပေါ်လာသော ရောဂါကဲ့သို့ ကုစား၍မရကောင်းလောက်အောင်ပင် ခက်တတ်ပါသည်။

လူတို့သည် အရာဝတ္ထုတခုကို မြင်သောအခါဖြစ်စေ၊ ဖြစ်ရပ်တခုကို ကြုံသောအခါဖြစ်စေ "ဤအရာကား ဤဟာဖြစ်၏၊ဤအရာသည် ဤသို့ဖြစ်၏" ဟူ၍လောက်သာ သုံးသပ်ဆုံးဖြတ်ခြင်းမပြုပဲ ထိုထက်ပိုလွန်၍-

(၁) အစေ့၊ အတု၊

(၂) အမှန်၊ အမှား၊

(၃) ဆင့်၊ မဆင့်၊

(၄) ကောင်း၊ မကောင်း၊

(၅) အလှ၊ အကျည်းတန်၊

(၆) ဝါသနာ၊ စရိုက်တို့ဖြင့်-

သုံးသပ်၍ မလွဲမသွေ ဆုံးဖြတ်ကြမည်ဖြစ်ပါသည်။ ထိုသို့ဆုံးဖြတ်သော အခါ မည်သို့သော တိုင်းတာစမှာ ကိုရိယာဖြင့် အစေ့၊ အတု၊ အမှန်၊ အမှားစသည်တို့ကို တိုင်းတာမည်နည်း။ တိုင်းတာစရာ ကိရိယာကား မုချမသွေ လိုအပ်သည်သာ ဖြစ်ပါသည်။ ဤနေရာ၌ တိုင်းတာစရာကိရိယာကား "ဘာသာရေး" ပင်ဖြစ်ပါသည်။ ဘာသာရေးဖြင့်တိုင်းတာ၍ အစေ့၊ အတု၊ အမှန်၊ အမှား၊ ကောင်း၊ မကောင်း စသည်တို့ကို ဆုံးဖြတ်ကြပါသည်။ ဤနေရာ၌ ဘာသာမဲ့တို့သည်လည်း အစေ့၊ အတု၊ အမှန်၊ အမှား၊ ကောင်း၊ မကောင်းစသည်တို့ကို ဆုံးဖြတ်သည်မဟုတ်ပါလော။ ထိုပုဂ္ဂိုလ်များအတွက် "ဘာသာရေး" ဖြင့် မည်သို့တိုင်းတာနိုင်ပါမည်နည်း-ဟူ၍ မေးရန်ရှိပါသည်။ ဤနေရာ၌ ဘာသာရေးကို (၂)မျိုး ခွဲခြားပါသည်။ ဘာသာရေးအမည်ခံ ဘာသာရေးနှင့် ဘာသာ

ရေးအမည်မခံ ဘာသာရေးတို့ဖြစ်ပါသည်။ ဘာသာမဲ့ဆိုသည်မှာ ဘာသာရေးအမည်မခံ ဘာသာရေးကို ကိုးကွယ်ယုံကြည်သူများ ဖြစ်ပါသည်။ ထို့ကြောင့် အစစ် အတု၊ အမှန် အမှား၊ သင့် မသင့်၊ ကောင်း မကောင်းစသည်တို့ကို ဆုံးဖြတ်ရာ၌ ဘာသာရေးသည် အခြေခံအကျဆုံး သော တိုင်းတာစရာကိရိယာဖြစ်သည်ဟု ဖြေရန်ရှိပါသည်။ ထို့ကြောင့် ဘာသာရေးသည် လူ့လောကလူမှုဆက်ဆံရေးနယ်ပယ်၌ အခြေခံအုတ်မြစ်ဖြစ်သည်ဟု ယုံကြည်အပ်ပါသည်။ ယုံကြည်သည့်အလျောက်လည်း ဘာသာရေးကို ပြုစုပျိုးထောင်အပ်ပါသည်။

လူတို့သည် မိမိတို့၏ ဘဝအမြင် (အာသယ)၊ ဘဝအခြေခံ (အနုသယ)၊ ဓလေ့စရိုက် (စရိတ) နှင့် နှလုံးသွင်း (ဒေါမုတ္တိ) တို့ချင်း မတူကြသဖြင့် အစစ် အတု စသည်ကို ဆုံးဖြတ်ရာ၌ အချင်းချင်း မတူညီကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် တူညီသောအရာကား ရှိပါသည်။ အမြင် (ဒိဋ္ဌိ)အပေါ်၌ ယုံကြည်မှု (သဒ္ဓါ)ကို အသက်သွင်းမှု (စေတနာ) ပင် ဖြစ်ပါသည်။ ဤနေရာ၌ တူညီသည် ဆိုသော်လည်း ချွတ်စွတ် တူညီခြင်းကားမဟုတ်။ သာမညအားဖြင့် "အမြင်"ချင်းတူ၏။ ဝိသေသ အားဖြင့်ကား "မှားသော အမြင်" နှင့် "မှန်သော အမြင်" ဟူ၍ ကွဲပြားသည်။ ထိုနည်းအတူ ယုံကြည်မှုနှင့် အသက်သွင်းမှုတို့သည်လည်း သာမညအားဖြင့်တူ၏။ ဝိသေသအားဖြင့်အား အမှားနှင့် အမှန်ဟူ၍ ကွဲပြားနိုင်ပါသည်။ ဤနေရာ၌ အမြင်(ဒိဋ္ဌိ)ပေါ်၌ ယုံကြည်မှု (သဒ္ဓါ) ကို အသက်သွင်းမှု (စေတနာ)သည် ဘာသာရေး၏ တရားကိုယ် ဖြစ်ပါသည်။ ထို့ကြောင့် လူတိုင်းလူတိုင်းသည် ဘာသာရှိ အမည်ခံခံ၊ ဘာသာမဲ့ အမည်ခံခံ အမြင်၊ ယုံကြည်မှု၊ စေတနာတို့ဖြင့် တိုင်းတာ၍ အကောင်းအဆိုး စသည်တို့ကို ဆုံးဖြတ်သောကြောင့် ကောင်းသော ဘာသာရေး၊ မှန်သော ဘာသာရေး၊ တရားသဖြင့် ဆုံးမတတ်သော ဘာသာရေးဖြစ်စေရန် မျှားစွာ သတိရှိအပ်ပါသည်။ သို့မဟုတ်ပါက သံသရာတလျှောက်လုံး မွှောက်သွားနိုင်ပေသည်။

အယူဝါဒများ

အရာဝတ္ထုတခုကို ကြည့်ရာတွင် လောကအမြင်ဖြင့် ကြည့်သည်လည်း ရှိပါသည်။ လောကုတ္တရာအမြင်ဖြင့် ကြည့်သည်လည်း ရှိပါသည်။ သို့ရာတွင် မည်သည့် အမြင်ဖြင့် ကြည့်စေကာမူ ထိုအရာဝတ္ထုသည် ထို အရာဝတ္ထုသာဖြစ်ပါသည်။ ထိုအရာဝတ္ထုသည် ပြောင်းလဲခြင်း မရှိပါ။ သို့ရာတွင် ပြောင်းလဲခြင်းမရှိသော်လည်း မြင်ထောင့်ကိုလိုက်၍ အမည် အမျိုးမျိုးကို ရပါသည်။ တန်ဖိုးအမျိုးမျိုးကို ရပါသည်။ ဤနေရာ၌ မြင်ထောင့်အမျိုးမျိုးကိုလိုက်၍ ကြည့်မိရာမှ ကွဲပြားသောသော အဆို အမိန့်များကို ဖော်ပြမည် ဖြစ်ပါသည်။ အဆိုအမိန့်များကို ဝါဒဟု ခေါ်ပါသည်။ ထိုဝါဒများသည် သုံးဝါဒတတွဲအားဖြင့် (၆)တွဲရှိပါသည်။ ယင်းတို့မှာ—

(၁) အာဇွေဒဝါဒ၊ ပဋိဗိမ္ဘဝါဒ၊ အာဘာသဝါဒ၊
(၂) ဝိဇ္ဇာတဝါဒ၊ ပရိဏာမဝါဒ၊ အနိဇ္ဇစနိယဝါဒ၊
(၃) အဇာတဝါဒ၊ စိတ္တဝိလာသဝါဒ၊ မာယာဝါဒ၊
(၄) သဿတဝါဒ၊ ဥစ္ဆေဒဝါဒ၊ ဝိဘဇ္ဇဝါဒ၊
(၅) အတ္တကာရဝါဒ၊ အနတ္တကာရဝါဒ၊ သုညဝါဒ၊
(၆) ကာမသုခလ္လိကာနုယောဂဝါဒ၊ အတ္တကိလမထာနုယောဂဝါဒ၊ မဇ္ဈိမပဋိပဒါဝါဒ—

တို့ ဖြစ်ကြပါသည်၊ သုံးဝါဒတတွဲတွင် (၂)ဝါဒမှာ အစွန်းရောက်ဝါဒများ ဖြစ်၍ ကျန်တဝါဒက အစွန်းရောက်ဝါဒ(၂)ခုကို ပေါင်းကူးပေးသော ဝါဒ ဖြစ်ပါသည်။

(၁) အဝေဒဝါဒ

ဤဝါဒသည် ဗြာဟ္မဏဝါဒဖြစ်ပါသည်။ ဗုဒ္ဓဝါဒမဟုတ်ပါ။ ဗြာဟ္မဏတို့ အလိုအရ လောကနှင့် နိဗ္ဗာန်သည် တခုတည်း ဖြစ်ပါသည်။ အစ်တ်နှင့် အပေါင်းအဖြစ်သာ ခြားနားပါသည်။ အဝေဒဓါ အနက်မှာ ပိုင်းခြား

ခြင်း ဖြစ်ပါသည်။ တခုတည်းကို အစိတ်စိတ် ပိုင်းခြားလိုက်သောအခါ တခုတည်းမှ အများဖြစ်လာပါသည်။တခုတည်းသည် နိဗ္ဗာန်ဖြစ်၍ အများသို့မဟုတ် အစိတ်စိတ်သည် လောကဖြစ်ပါသည်။ လောကနှင့် နိဗ္ဗာန်သည် မူလဘူတအနေဖြင့် တခုတည်း ဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုရလျှင် လောကသည်ပင် နိဗ္ဗာန်ဖြစ်သည်။ နိဗ္ဗာန်ဖြစ်သည့်အလျောက် အားလုံး မြတ်နိုးဖွယ် လေးစားဖွယ် ဖြစ်သည်။ လောကကို မထီမဲ့မြင် မပြုအပ်။ လောကကို မထီမဲ့မြင်ပြုလျှင် နိဗ္ဗာန်ကို မထီမဲ့မြင် ပြုရာရောက်၍ အပြစ်ကြီးသည်။

နိဗ္ဗာန်သည် ဒေကြောင်းဖြစ်သည်။ လောကသည် အကျိုးဖြစ်သည်။ အကြောင်းအကျိုး ဆက်သွယ်မှုအရ နိဗ္ဗာန်နှင့် လောကတို့ ဆက်သွယ်သော်လည်း ရှေးနှင့် လက်ကောက်ကဲ့သို့ အမျိုးအစားအားဖြင့် တခုတည်း ဖြစ်ပါသည်။ တခုတည်းအဖြစ် ရှိစဉ်က နိဗ္ဗာန်ဖြစ်သည်။ အမျိုးမျိုးဖြစ်သောအခါ လောကဖြစ်လာသည်။ နိဗ္ဗာန်တွင် အမည်နှင့်အသွင် မရှိသော်လည်း လောကတွင် အမည်နှင့် အသွင် ရှိလာပါသည်။ တခုတည်းရှိစဉ်က ခေါ်မည့်သူနှင့် အခေါ်ခံမည့်သူဟူ၍ မရှိပဲ အားလုံး တခုတည်း ဖြစ်သောကြောင့် အမည်နှင့်အသွင် မရှိခြင်းဖြစ်ပါသည်။ အမျိုးမျိုး ဖြစ်လာသောအခါ ခေါ်မည့်သူနှင့် အခေါ်ခံမည့်သူဟူ၍ အများဖြစ်လာသောကြောင့် အမည်နှင့်အသွင် ရှိလာခြင်း ဖြစ်ပါသည်။

နိဗ္ဗာန်သည် သစ္စာတရားဖြစ်၍ လောကသည် မိစ္ဆာတရား ဖြစ်ပါသည်။ လက်ကောက်နှင့်ရှေသည် ခေတ်သားအရ တမျိုးတည်းဖြစ်သည်။ ရွှေကို ဖယ်လိုက်လျှင် လက်ကောက်ဟူ၍ မရှိ။ ထိုသို့မရှိဲလျက် အရှိအနေဖြင့် လူတို့က သတ်မှတ်သားသည်။ သတ်မှတ်ထားသည်နှင့် တပြိုင်နက် လက်ကောက်က ရိုးရိုးရှေဆက် ပို၍ တန်ဖိုးရှိလာသည်။ ဤသို့ ဖြစ်လာခြင်းသည် အဝိဇ္ဇာက ဖန်တီးလိုက်၍ ဖြစ်ပါသည်။ ထို့ကြောင့် နိဗ္ဗာန်ကို သစ္စာတရား၊ လောကကို မိစ္ဆာတရားဟု ခေါ်ခြင်းဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုရလျှင် နိဗ္ဗာန်ကို လောကအမြင်ဖြင့် တန်ဖိုးသတ်မှတ်ထားခြင်းမရှိသော

ကြောင့် တန်ဖိုးမဲ့"နိဂ္ဂဏ်"ဟူ၍ ခေါ်ပြီး လောကကိုမူ တန်ဖိုး သတ်မှတ်ထားသောကြောင့် တန်ဖိုးရှိ"သဂုဏ်"ဟူ၍ ခေါ်ပါသည်။ သို့ရာတွင် တန်ဖိုးရှိသည်ဖြစ်စေ၊ တန်ဖိုးမဲ့သည်ဖြစ်စေ (၂)မျိုးလုံး နိဗ္ဗာန်သာတည်း။ သို့ဖြစ်၍ မည်သူက မည်သူ့ကိုမျှ မထီမဲ့မြင်ပြုရန် အကြောင်း မရှိပါချေ။ မထီမဲ့မြင် ပြုနေသူများသည် စင်စစ်အားဖြင့် လူမိုက်များသာတည်း။ ဤသည်မှာ အဝန်ဆောင်ဝါဒအရ ဆိုခြင်း ဖြစ်ပါသည်။

ပဋိဗိမ္ဘဝါဒ

ဤဝါဒသည်လည်း ဗြာဟ္မဏဝါဒဖြစ်ပါသည်။ ပဋိဗိမ္ဘဆိုသည်မှာ အရိပ်ဖြစ်သည်။ ဤဝါဒအရ လောကနှင့် နိဗ္ဗာန်သည် အရိပ်နှင့် အရာဝတ္ထုကဲ့သို့ ဖြစ်ပါသည်။ အဝန်ဆောင်ဝါဒအရ လောကနှင့်နိဗ္ဗာန်သည် အတူတူဖြစ်ပါသည်။ ထိုအဆိုအတိုင်း အတူတူဖြစ်ရိုးမှန်လျှင် လောကလူသားများအနေဖြင့် သောက ပရိဒေဝတို့ကို ခံစားနေရသည်မှာ နားမလည်နိုင်ဖွယ်ရာဖြစ်သည်။ ထို့ကြောင့် ပဋိဗိမ္ဘဝါဒအရ လောကနှင့် နိဗ္ဗာန်သည် မည်သည့်နည်းနှင့်မျှ အတူတူမဖြစ်နိုင်ပါချေ။ နိဗ္ဗာန်သည် ကောင်းကင်မှ နေမင်းဖြစ်လျှင် လောကသည် ရေကန်သဖွယ်ထင်ဟပ်သည့် နေမင်း၏အရိပ်သဖွယ် ဖြစ်ရပေမည်။ သို့မှသာ ရေပြင်၌ထင်ဟပ်သည့် နေမင်းရိပ်သည် ရေလှိုင်းဒဏ်ကြောင့် လှုပ်ရှားသော်လည်း ကောင်းကင်ရှိ နေမင်းအစစ်ကား မလှုပ်မယှက်ငြိမ်သက်လျက်ရှိပေမည်။

ပဋိဗိမ္ဘဝါဒအရ ကောင်းကင်၌ နေမင်းသည် တစင်းတည်းဖြစ်ပါသည်။ သို့ရာတွင် ထိုဝါဒစင်းတည်းသော နေမင်းသည် ရေကန်တိုင်း၌ အရိပ်ကျရောက်ပြီး နေမင်းပေါင်းများစွာ ဖြစ်လာပါသည်။ ရေကန်ကြီးလျှင် နေရိပ်ကြီးပါသည်။ ရေကန်ငယ်လျှင် နေရိပ်ငယ်ပါသည်။ ရေလှုပ်လျှင် ကောင်းကင်က နေမလှုပ်သော်လည်း ရေကန်က နေရိပ်လှုပ်ပါသည်။ ရေကန်သည် အနောက်ကိုလိုက်၍ နေအမှိန် အတောက်ဖြစ်လာပါသည်။ သို့ရာတွင် ရေကန်က နေမင်းနှင့် ကောင်းကင်က နေမင်းသည် ခံစားမှုချင်းမတူညီကြပါ။

ဤဝါဒအရ အရေးအကြီးဆုံးမှာ အရိပ်ထင်စရာ နာမ်ရုပ်မျှးရှိဖို့ပင် ဖြစ်ပါသည်။ နာမ်ရုပ်သည် ရေပြင်သဖွယ်ဖြစ်ပါသည်။ ကောင်းကင်က နေမင်းသည် နိဗ္ဗာန်နှင့်အလားတူပါသည်။ ရေကန်ပေါင်း များစွာက နေမင်းပေါင်းများစွာသည် လောကလူသားပေါင်းများစွာနှင့် အလားတူပါသည်။ ဤပါဒအရ နိဗ္ဗာန်နှင့်လောကသည် မည်သို့မျှ တူ၍မရကောင်းပါခြေ။ ဤသို့လည်း အာချိုက ယူဆကြပါသည်။

အာဘာသဝါဒ

ဤဝါဒသည်လည်း ပြာဟ္မဏဝါဒဖြစ်ပါသည်။ ဤနေရာ၌ အာဘာသဆိုသည်မှာ အသွင်သဏ္ဌာန်ဖြစ်ပါသည်။ ဒဿနစာပေတွင် "အရှိ"နှင့် "အသွင်သဏ္ဌာန်" ဟူ၍ ဝေါဟာရ (၂)လုံးရှိပါသည်။ နိဗ္ဗာန်သည် "အရှိ"ဖြစ်၍ လောကသည် "အသွင်သဏ္ဌာန်" ဖြစ်ပါသည်။ 'အရှိ"နှင့် "အသွင်သဏ္ဌာနဲ့"သည် အချင်းချင်း ကျနိုးကိုင်းမှိုးကုံးကျန်းမှိသဘော ဖြစ်ပါသည်။ "အသွင်သဏ္ဌာန်" မရှိပဲ "အရှိ"ကုံသို၍ ရသလို "အရှိ" မရှိပဲ "အသွင်သဏ္ဌာန်" ဟူ၍ မရှိကောင်းပါခြေ။ လောကဥပမာအားဖြင့် အသံလှိုင်းများသည် ပျံ့နှံ့လျက်ရှိပါသည်။ ထိုသို့ပျံ့နှံ့လျက်ရှိသော်လည်း အသံလှိုင်းကိုအသံအဖြစ်မကြားရပါခြေ။ ရေဒီယိုခလုတ်ဖြင့် ဖွင့်လိုက်သော အခါမှသာ အသံလှိုင်းကို အသံအဖြစ်ကြားရပါသည်။ ဤဥပမာ၌ အသံလှိုင်းသည် "အရှိ"ဖြစ်ပါသည်။ ရေဒီယိုမှကြားရသောအသံသည် "အသွင်သဏ္ဌာန်"ဖြစ်ပါသည်။ ထို့ကြောင့် "အရှိ"အဆင့်နှင့် "အသွင်သဏ္ဌာန်" အဆင့်သည် အချင်းချင်း အမှီသဟဲပြုသော်လည်း တခုနှင့်တခု ခြားနားပါသည်။

အဝေစ္ဆဒဝါဒအရ နိဗ္ဗာန်နှင့် လောကသည် အားလုံးအတူတူ ဖြစ်ပါသည်။ လက်တွေ့သဘောအရ နိဗ္ဗာန်သည် အရှိ၊ အသိ၊ အလှတရား ဖြစ်၍ လောကသည် ထိုကဲ့သို့ မဟုတ်ပါခြေ။ သို့ပါလျက် နိဗ္ဗာန်နှင့် လောကကို ထပ်တူပြုထားခြင်းသည် အစွန်းတဘက်သို့ ရောက်လွန်းပါသည်။ ထို့ကြောင့် ထိုအဝေစ္ဆဒဝါဒကို ငြင်းပယ်သည့် အနေဖြင့် ပဋိစ္စသမုပ္ပါဒဝါဒကို ဖော်ပြခြင်းဖြစ်ပါသည်။ ပဋိစ္စသမုပ္ပါဒ အရ ဆိုပြန်လျှင်လည်း

နိဗ္ဗာန်နှင့် လောကသည် အလုံးကွာဝေးလွန်းပါသည်။ နေမင်းနှင့် နေမင်း၏ အရိပ်ကို ရှင်းပြဖို့ရန် ရေကန်ကို လိုလာ ပြန်ပါသည်။ အမှန်အားဖြင့် ဤလောကဌ် တခုတည်းသာအရှိတရားမှာ နိဗ္ဗာန်ဖြစ်ပါသည်။ နိဗ္ဗာန်ကို ရှင်းရန်ခက်ခဲနေစဉ် ဘယ်ကမှန်းမသိ ဝင်လာသော ရေကန်ကို တွေ့ရပြန်ပါသည်။ ဤဝါဒအရ နိဗ္ဗာန်နှင့် လောကသည် ရှင်းလေ ရှုပ်လေ ဖြစ်နေရသည့်အထဲ နာမ်ရုပ်တည်းဟူသော ရေကန်က နောက်ထပ်ဝင်လာသောကြောင့် ပို၍ ခက်ခဲလာပါသည်။ ထို့ကြောင့် ထိုဝါဒသည်လည်း အစွန်းရောက်ဝါဒတခုပင် ဖြစ်ပါသည်။

ဖော်ပြပါ အစွန်းရောက် ၂ဒ ၂) ဝါဒအကြား ပေါင်းကူးရန် "အာဘာသဝါဒ"ကို ဖော် ခြင်းဖြစ်ပါသည်။ ဤအာဘာသဝါဒ အရ နိဗ္ဗာန်မရှိလျှင်လည်း လောကသည် ဖြစ်ပေါ်မလာနိုင် လောကမရှိလျှင်လည်း နိဗ္ဗာန်ကို သိ၍မရ။ ထို့ကြောင့် နိဗ္ဗာန်နှင့် လောကသည် အရှိနှင့် အသွင်သဏ္ဌာန် သို့မဟုတ် သာမညနှင့် ဝိသေသအဖြစ် ဆက်သွယ်နေပါသည်။ အသံလှိုင်းနှင့် ရေဒီယိုသံကဲ့သို့ ဖြစ်ပါသည်။ ရေဒီယိုသံကို လျှပ်စစ်က ဖြာပေါ်စေခြင်း (ဥပဓါဒက)မဟုတ်။ အသံလှိုင်းမှ ယင်ရှိ လာစေခြင်း အဘိဗျူဟကလဲ မဟုတ်ပါသည်။ အာကယ်ကြောင့် ဆိုသော် အသံလှိုင်းသည် ထာဝရတည်နေသည့် အရှိကရုပ်ဖြစ်၍ ရေဒီယိုသံသည် အကြောင်းအားလျော်စွာ ထင်ရှားလာသည့် အသွင်သဏ္ဌာန်တရုပ်ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။ ဤနည်းဖြင့် အာဘာသဝါဒက နိဗ္ဗာန်နှင့် လောကတို့၏ ဆက်သွယ်မှုကို ရှင်းပြပါသည်။ ထို့ကြောင့် ဗြာဟ္မဏတို့၏ ဝါဒ(၄)ချပ်အနက် ဤအာဘာသဝါဒသည် သင့်လျော်လျောက်ပတ်သော အစွန်းလွတ်ဝါဒဖြစ်သည်ဟု ကိန္နရာဒဿနပညာရှင်တို့က သဘောတူကြပါသည်။ သို့ဖြစ်၍ အာဘာသဝါဒသည် အိန္ဒြာဒဿနပညာရှင်တို့၏အမြင်အရ အာယတနသဘောကို ဆောင်သည့် ပါဒဟာမျိုးဖြစ်သည်။

(၂) ဝိဝတ္တဝါဒ

ဤဝါဒသည်လည်း ဗြာဟ္မဏဝါဒဖြစ်ပါသည်။ ဤနေရာ၌ ဝိဝတ္တဆိုသည်မှာ အပေါ်မှလွှမ်းခြုံထားခြင်း ဖြစ်ပါသည်။ နိဗ္ဗာန်သည် တကယ် အရှိတရားဖြစ်၍ လောကသည် တကယ်မရှိတရားဖြစ်ပါသည်။ ကြိုးပေါ်၌ မြွေကိုလွှမ်းခြုံထားသောအခါ ကြိုးကို မြွေဟုထင်မိပါသည်။ တကယ်တမ်း ဆန်းစစ်ကြည့်သောအခါ ကြိုးသာရှိပြီး မြွေမှာမူ လုံးဝမရှိပါချေ။ မရှိပဲလျက် ရှိသည်ဟုထင်မှတ်နေခြင်းဖြစ်ပါသည်။ ထိုသို့ ထင်မှတ်နေခြင်းသည် မှားယွင်းမှုဖြစ်ပါသည်။ ဤဥပမာအတိုင်းပင် တကယ်ရှိသော နိဗ္ဗာန်ပေါ်၌ တကယ်မရှိသောလောကကိုလွှမ်းခြုံပြီး နိဗ္ဗာန်ကိုပင် လောကဟု ထင်မှတ်နေခြင်းဖြစ်ပါသည်။ ကြိုးနှင့်မြွေဥပမာ၌ အသိမှားယွင်းမှု ပျောက်ကွယ်သွားသောအခါ မြွေသဘောချုပ်ငြိမ်းပြီး ကြိုးသဘောသာ ကျန်ရစ်ပါသည်။ ထို့အတူ နိဗ္ဗာန်နှင့် လောကဘဝလည်း အဝိဇ္ဇာပျောက်ကွယ်သွားသောအခါ လောကချုပ်ငြိမ်းပြီး နိဗ္ဗာန်သာကျန်ရစ်ပါသည်။ အမှန်အားဖြင့် ဤတရား (၂)မျိုးတွင် တမျိုးမှာ တကယ်အရှိတရားဖြစ်၍ အခြားတမျိုးမှာ တကယ်မရှိဘရားဖြစ်ပါသည်။ နောက်ဆုံး၌ မရှိတရားချုပ်ငြိမ်းပြီး အရှိတရားသာ ကျန်ရစ်ခဲ့ရမည်မှာ ဓမ္မတာဖြစ်ပါသည်။ ဝိဝတ္တဝါဒအရ လောကနှင့်နိဗ္ဗာန်ကို ဤသို့ဆိုကြပါသည်။

ပရိဏာမဝါဒ

ဤဝါဒသည်ယည်း ဗြာဟ္မဏဝါဒဖြစ်ပါသည်။ ဤနေရာ၌ ပရိဏာမဆိုသည်မှာ အကျိုးတရားဖြစ်ပါသည်။ နိဗ္ဗာန်သည် အကြောင်းတရားဖြစ်၍ လောကသည် အကျိုးတရားဖြစ်ပါသည်။ အကျိုးတရား၌ အကြောင်းတရား၏ သဘောသည် အမြဲပါဝင်ပါသည်။ ထို့ကြောင့် လောကသည် မြတ်နိုးစရာကောင်းနေခြင်း ဖြစ်ပါသည်။ မည်မျှလောက် နုံချာသောဘဝဖြစ်စေကာမူ မြတ်နိုးစရာ ကောင်းနေသည်မှာ နိဗ္ဗာန်သဘာ ပါဝင်နေသောကြောင့် ဖြစ်ပါသည်။

ဝိဝဋ္ဌဝါဒအရ အကြောင်းတရားသည် အမြစ်ဖြစ်ပါသည်။ အမြစ်ဆိုသည်မှာ အကျိုးတရားကို ဖြစ်စေတတ်ခြင်းပင် ဖြစ်ပါသည်။ ကြိုးနှင့်မြည်ပမာ၌ ကြိုးသည် ကြိုးတတ်သော်ဖြစ်၍ မြည်သည် အမြဲသော်သဝ်ဖြစ်ပါသည်။ ကြိုးက မြည်ဖြစ်သို့ ရောက်သွားခြင်းမရှိပါဘဲ၊ ထို့ကြောင့် ကြိုးကို အမြစ်ဟု ဆိုခြင်းဖြစ်ပါသည်။ ဝိဝဋ္ဌဝါဒသည် နိဗ္ဗာန်နှင့်လောက၏ ဆက်သွယ်မှုကို ကျိသဘောအတိုင်းမြင်ပါသည်။ ပရိဏာမဝါဒအရ အကြောင်းတရားသည် အမြစ်မဟုတ်ပါ။ အမြစ်မဟုတ်သဖြင့် အကျိုးတရားကို ဖြစ်စေခြင်းဖြစ်ပါသည်။ နှမ်းမှသာ ဆီဖြစ်နိုင်၏။ နို့မှသာ နို့ခဲမ်းဖြစ်နိုင်၏။ ထို့သို့ဖြစ်နိုင်ခြင်းမှာ အကြောင်းတရားဌ အကျိုးတရားကိန်းပြီး အကျိုးတရားဌ အကြောင်းတရားပါဝင်နေသောကြောင့် ဖြစ်ပါသည်။ ကျိနည်းအားဖြင့် ပရိဏာမဝါဒ-က နိဗ္ဗာန်နှင့် လောက၏ ဆက်သွယ်မှုကို ကျိသဘောအတိုင်းမြင်ပါသည်။

အနိဗ္ဗစနိယဝါဒ

ကုဝါဒသည်လည်း ဗြာဟ္မဏဝါဒ ဖြစ်ပါသည်။ ဤဝါဒသည် ဒွေး(၂)ဝါဒ၏ ပေါင်းကူးတံတား ဖြစ်ပါသည်။ ဝိဇ္ဇာဝါဒအရ နိဗ္ဗာန်နှင့် လောက၏ ဆက်သွယ်မှုသည် အကြောင်းအကျိုးသဘော ဖြစ်သော်လည်း တကယ်ကမ်း အကြောင်းအကျိုးသဘော မရှိပါ။ အကြောင်းက အကြောင်းသတ်သတ်ဖြစ်၍ အကျိုးက အကျိုးသတ်သတ် ဖြစ်ပါသည်။ ထို (၂)ပါးကြောင့် အကြောင်းသာအဓိကတရားဖြစ်၍ အကျိုးသည် မဓိကတရားဖြစ်ပါသည်။ ထို့ကြောင့် ဝိဝဋ္ဌဝါဒသည် မရှိသဘောမှကြည့်လျှင် အကျိုးကတရားကိုပယ်သော်လည်း နတ္ထိကဒိဋ္ဌိဖြစ်၍ အစွန်းရောက်ပါသည်။ အမြစ်ရှိသဘောမှကြည့်လျှင် အကြောင်းကိုပယ်သည့် အကြိယဒိဋ္ဌိဖြစ်၍ အစွန်းရောက်ပါသည်။

ပရိဏာမဝါဒအရ နိဗ္ဗာန်နှင့် လောကသည် အကြောင်းအကျိုးသဘောဖြစ်သော်လည်း ကကယ်ကမ်း အကြောင်းအကျိုး မဟုတ်ပါ။ အကြောင်းနှင့်အကျိုးသည် တခုတည်းဖြစ်နေသဖြင့် အကြောင်းအကျိုး

ဟူ၍ မဆိုနိုင်ပဲ ကခုတည်းဟူ၍သာ ဆိုနိုင်ပါသည်။ ထို့ကြောင့် ပရိဏာမဝါဒသဘ ာ အကြောင်းနှင့်အကျိုးကို ပယ်သော အပေါ်တုက်ဒိဋ္ဌိဖြစ်၍ အစွန်းရောက်ပါသည်။

နိဗ္ဗာန်နှင့်လောကတွင် သူ့အတိုင်းအတာနှင့်သူ နိဗ္ဗာန်သည်လည်း အရှိတရား ဖြစ်ပါသည်။ လောကသည်လည်း အရှိတရား ဖြစ်ပါသည်။ သို့ရာတွင် နိဗ္ဗာန်၌လည်း လောကသဘော မရှိပါ။ လောက၌လည်း နိဗ္ဗာန်သဘောမရှိပါ။ ထို့ကြောင့် အကြောင်းအကျိုးသဘောရှိ၏ဟူ၍လည်း မုခ္ဂုအား ဖြင့် မဆိုသာပါ။ အခွင်းချင်း တခုနှင့်တခု ဆက်သွယ်မှုရှိနေသဖြင့် အကြောင်းအကျိုးဝ ဘော မရှိဟူ၍လည်း မုခ္ဂုအား ဖြင့် မဆိုသာပါ။ ထို့ကြောင့် နိဗ္ဗာန်နှင့် လောက၏ ဆက်သွယ်မှုသည့် အကြောင်းအကျိုးသဘော ရှိ၏ဟူ၍လည်းကောင်း၊ အကြောင်းအကျိုးသဘောမရှိဟူ၍လည်းကောင်း မဆိုသာသောဆက်သွယ်မှုမျိုးဖြစ်ပါသည်။ အနိဗ္ဗစနိယဝါဒကကျိအတိုင်းမြင်ပါသည်။ ကျွဲနေရဲ၌ အနိဗ္ဗစနိယ၏အနက် အဓိပ္ပာယ်မှာ "ဘာရယ်လို့ အတိအကျမဆိုနိုင်သော" ဟူ၍ ဖြစ်ပါသည်။ ဗြာဟ္မဏတို့၏ ဝါဒ (၃) ခါအနက် အနိဗ္ဗစနိယဝါဒသည် သင့်လျော်မလျောက်ပတ်သော အစွန်းလွှဲဝါဒဖြစ်သည်ဟု အိန္ဒိယသုခုမညာရှင်တို့က သဘောတူကြပါသည်။ သို့ဖြစ်၍ အနိဗ္ဗစနိယဝါဒသည် အိန္ဒိယဒဿနပညာရှင်တို့၏ အမြင်အရ အလယ်အလတ်သဘောကိုဆောင်သည့် ဝါဒတမျိုးဖြစ်ပါသည်။

(၃) အဇာတဝါဒ

ကျွဲပါဒသည်လည်း ဗြာဟ္မဏဝါဒဖြစ်ပါသည်။ အဇာတဝါဒ၏ အနက်အဓိပ္ပါယ်မှာ အမှန်အား ဖြင့် မည်သည့်အရာဝတ္ထုမျှ အသစ်အသစ်ဖြစ်ပေါ်လာခြင်းမရှိဟူသော ဝါဒဖြစ်ပါသည်။ ကျွဲဝါဒသည် ဝိဝတ္တဝါဒနှင့်တူပါသည်။ ဝိဝတ္တဝါဒ၌ ဖော်ပြခဲ့သည့်အတိုင်း ကြိုးနှင့်မြွေဥပမာတူပါသည်။ အလင်းရောင် မပြတ်သားမှုကြောင့် ကြိုးကို မြွေဟုထင်မှတ်၍ ကြိုးသည် မြွေဖြစ်သွားခြင်းမရှိပါ။ အထင်အား ဖြစ်သာ ကြိုးက မြွေဖြစ်သွားခြင်း ဖြစ်ပါ

သည်။ ဤသို့ ထင်ခြင်းသည်လည်း အဝိဇ္ဇာကြောင့်ဖြစ်ပါသည်။နိဗ္ဗာန်နှင့် လောကတွင်း နိဗ္ဗာန်သည် ကြီးနှင့်ငယ်ပါသည် လောကသည် မြေနှင့် တူပါသည်။အမှန်အားဖြင့် ကြီးနှင့်မြင့်သို့ပင် နိဗ္ဗာန်သည်သာရှိပါသည်။ လောကသည် မရှိပါ။ ထို့သို့မရှိသော်လည်း ဒေါင်းဖုံးလွှမ်းမှုကြောင့် နိဗ္ဗာန်ကိုပင် လောကထင်နေခြင်းဖြစ်ပါသည်။ ကြီးက မြေဖြစ်သွား သကဲ့သို့ နိဗ္ဗာန်က လောကဖြစ်သွားသည်ဟု ထင်မှတ်နေခြင်းဖြစ်ပါသည်။

အဇာတဝါဒရှေ့ မည်သည့်အဆုတ်ထုမျှ အသစ်အသစ် ဖြစ်ပေါ်ခြင်း မရှိပဲ အဝိဇ္ဇာကြောင့်သာလျှင် အသစ်အသစ် ဖြစ်ပေါ်နေသည်ဟု ထင်ခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် ဘဝကြောင်းဝဋ်ဘောင်သည်း မရှိပါ။ အကျိုးပေးဘာလည်း မရှိပါ။ အဝိဇ္ဇာနှင့်ဒုစရိုးဟူ၍ (၂)မျိုး၊ ရှိပဲ တမျိုးတည်းသာရှိပါသည်။ တမျိုးတည်းရှိသည့်အတွက် ယင်းတမျိုးတည်း ကို အဝေါကာင်းဟူ၍လည်း မဆိုနိုင်ပါ။ အကျိုးဟူ၍လည်း မဆိုနိုင်ပါ ယင်းတမျိုးတည်းသည်ပင် အခြောင်းရှိခဲ့ဘဝ်မှကြည့်လျှင် အကြောင်း ဖြစ်ပါသည်။ အကျိုးရှိခဲ့ကြသဖြင့်လျှင် အကျိုးဖြစ်ပါသည်။ အမှန် အားဖြင့် ဘဝကြောင်းဝဋ်ဘောင်သည်း မရှိပါ။ အကျိုးဟူ၍လည်း မဆိုနိုင်ပါ။ အဇာတဝါဒရှေ့ မည်သည့်အဆုတ်ထုမျှ အသစ်အသစ် ဖြစ်ပေါ်ခြင်း မရှိပဲ အဝိဇ္ဇာကြောင့်သာလျှင် အသစ်အသစ် ဖြစ်ပေါ်နေသည်ဟု ထင်ခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် ဘဝကြောင်းဝဋ်ဘောင်သည်း မရှိပါ။ အကျိုးပေးဘာလည်း မရှိပါ။ အဝိဇ္ဇာနှင့်ဒုစရိုးဟူ၍ (၂)မျိုး၊ ရှိပဲ တမျိုးတည်းသာရှိပါသည်။ တမျိုးတည်းရှိသည့်အတွက် ယင်းတမျိုးတည်း ကို အဝေါကာင်းဟူ၍လည်း မဆိုနိုင်ပါ။ အကျိုးဟူ၍လည်း မဆိုနိုင်ပါ ယင်းတမျိုးတည်းသည်ပင် အခြောင်းရှိခဲ့ဘဝ်မှကြည့်လျှင် အကြောင်း ဖြစ်ပါသည်။ အကျိုးရှိခဲ့ကြသဖြင့်လျှင် အကျိုးဖြစ်ပါသည်။ အမှန် အားဖြင့် ဘဝကြောင်းဝဋ်ဘောင်သည်း မရှိပါ။ အကျိုးဟူ၍လည်း မဆိုနိုင်ပါ။ အဇာတဝါဒရှေ့ မည်သည့်အဆုတ်ထုမျှ အသစ်အသစ် ဖြစ်ပေါ်ခြင်း မရှိပဲ အဝိဇ္ဇာကြောင့်သာလျှင် အသစ်အသစ် ဖြစ်ပေါ်နေသည်ဟု ထင်ခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် ဘဝကြောင်းဝဋ်ဘောင်သည်း မရှိပါ။ အကျိုးပေးဘာလည်း မရှိပါ။ အဝိဇ္ဇာနှင့်ဒုစရိုးဟူ၍ (၂)မျိုး၊ ရှိပဲ တမျိုးတည်းသာရှိပါသည်။ တမျိုးတည်းရှိသည့်အတွက် ယင်းတမျိုးတည်း ကို အဝေါကာင်းဟူ၍လည်း မဆိုနိုင်ပါ။ အကျိုးဟူ၍လည်း မဆိုနိုင်ပါ ယင်းတမျိုးတည်းသည်ပင် အခြောင်းရှိခဲ့ဘဝ်မှကြည့်လျှင် အကြောင်း ဖြစ်ပါသည်။ အကျိုးရှိခဲ့ကြသဖြင့်လျှင် အကျိုးဖြစ်ပါသည်။ အမှန် အားဖြင့် ဘဝကြောင်းဝဋ်ဘောင်သည်း မရှိပါ။ အကျိုးဟူ၍လည်း မဆိုနိုင်ပါ။ အဇာတဝါဒရှေ့ မည်သည့်အဆုတ်ထုမျှ အသစ်အသစ် ဖြစ်ပေါ်ခြင်း မရှိပဲ အဝိဇ္ဇာကြောင့်သာလျှင် အသစ်အသစ် ဖြစ်ပေါ်နေသည်ဟု ထင်ခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် ဘဝကြောင်းဝဋ်ဘောင်သည်း မရှိပါ။ အကျိုးပေးဘာလည်း မရှိပါ။ အဝိဇ္ဇာနှင့်ဒုစရိုးဟူ၍ (၂)မျိုး၊ ရှိပဲ တမျိုးတည်းသာရှိပါသည်။ တမျိုးတည်းရှိသည့်အတွက် ယင်းတမျိုးတည်း ကို အဝေါကာင်းဟူ၍လည်း မဆိုနိုင်ပါ။ အကျိုးဟူ၍လည်း မဆိုနိုင်ပါ ယင်းတမျိုးတည်းသည်ပင် အခြောင်းရှိခဲ့ဘဝ်မှကြည့်လျှင် အကြောင်း ဖြစ်ပါသည်။ အကျိုးရှိခဲ့ကြသဖြင့်လျှင် အကျိုးဖြစ်ပါသည်။ အမှန် အားဖြင့် ဘဝကြောင်းဝဋ်ဘောင်သည်း မရှိပါ။ အကျိုးဟူ၍လည်း မဆိုနိုင်ပါ။ အဇာတဝါဒရှေ့ မည်သည့်အဆုတ်ထုမျှ အသစ်အသစ် ဖြစ်ပေါ်ခြင်း မရှိပဲ အဝိဇ္ဇာကြောင့်သာလျှင် အသစ်အသစ် ဖြစ်ပေါ်နေသည်ဟု ထင်ခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် ဘဝကြောင်းဝဋ်ဘောင်သည်း မရှိပါ။ အကျိုးပေးဘာလည်း မရှိပါ။ အဝိဇ္ဇာနှင့်ဒုစရိုးဟူ၍ (၂)မျိုး၊ ရှိပဲ တမျိုးတည်းသာရှိပါသည်။ တမျိုးတည်းရှိသည့်အတွက် ယင်းတမျိုးတည်း ကို အဝေါကာင်းဟူ၍လည်း မဆိုနိုင်ပါ။ အကျိုးဟူ၍လည်း မဆိုနိုင်ပါ ယင်းတမျိုးတည်းသည်ပင် အခြောင်းရှိခဲ့ဘဝ်မှကြည့်လျှင် အကြောင်း ဖြစ်ပါသည်။ အကျိုးရှိခဲ့ကြသဖြင့်လျှင် အကျိုးဖြစ်ပါသည်။ အမှန် အားဖြင့် ဘဝကြောင်းဝဋ်ဘောင်သည်း မရှိပါ။ အကျိုးဟူ၍လည်း မဆိုနိုင်ပါ။ အဇာတဝါဒရှေ့ မည်သည့်အဆုတ်ထုမျှ အသစ်အသစ် ဖြစ်ပေါ်ခြင်း မရှိပဲ အဝိဇ္ဇာကြောင့်သာလျှင် အသစ်အသစ် ဖြစ်ပေါ်နေသည်ဟု ထင်ခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် ဘဝကြောင်းဝဋ်ဘောင်သည်း မရှိပါ။ အကျိုးပေးဘာလည်း မရှိပါ။ အဝိဇ္ဇာနှင့်ဒုစရိုးဟူ၍ (၂)မျိုး၊ ရှိပဲ တမျိုးတည်းသာရှိပါသည်။ တမျိုးတည်းရှိသည့်အတွက် ယင်းတမျိုးတည်း ကို အဝေါကာင်းဟူ၍လည်း မဆိုနိုင်ပါ။ အကျိုးဟူ၍လည်း မဆိုနိုင်ပါ ယင်းတမျိုးတည်းသည်ပင် အခြောင်းရှိခဲ့ဘဝ်မှကြည့်လျှင် အကြောင်း ဖြစ်ပါသည်။ အကျိုးရှိခဲ့ကြသဖြင့်လျှင် အကျိုးဖြစ်ပါသည်။ အမှန် အားဖြင့် ဘဝကြောင်းဝဋ်ဘောင်သည်း မရှိပါ။ အကျိုးဟူ၍လည်း မဆိုနိုင်ပါ။ အဇာတဝါဒရှေ့ မည်သည့်အဆုတ်ထုမျှ အသစ်အသစ် ဖြစ်ပေါ်ခြင်း မရှိပဲ အဝိဇ္ဇာကြောင့်သာလျှင် အသစ်အသစ် ဖြစ်ပေါ်နေသည်ဟု ထင်ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ မည်သို့ ရှုမြင်ကြည့်ခဲ့ပါသည်လျှင် ရုပ်ရှင်ထဲမှ အရုပ်များသည် အကြုတ်များ ဖြစ်ပါသော်လည်း လူတို့အမျက်ထွက်ပါသည်၊ တခုစီ တခုစီကြုံပါသည်။ ဒေါသများ ဖြစ်ပါသည်။ ထို့အတူ ယင်းအပိုင်းများကို မြန်မြန် လှည့်လိုက်လျှင်အခါ ကခုန်သော ကြောင်းလဲသွားပြီး တခုတည်း ကဲ့သို့ မြင်ရပါသည် လောင်းကစားသမားတို့ ဒေါသများ အကြိမ်ကြိမ် (ကာလ)၊ ဇာတိရာဇာ (ဒေသ)၊ အဆုတ်ထုသဘော (ဥပမာ)၊ အနေအထား (ပရေဟာဂ) တို့နှင့်

ယှဉ်သောကြောင့် ဖြစ်ပါသည်။ လျှပ်စစ်ဆိုင်းဘုတ်များလည်း အလားတူပင်ဖြစ်ပါသည်။မီးလုံး ဝတ်လုံးစီ တန်လုံးစီ လင်းခြင်းဖြစ်ပါလျက် လျှပ်စစ်စီးကြောင်းနှင့် မြန်ဆန်မှုကြောင့် လျှပ်စစ်မီးလုံး ဝတ်လုံးတည်းက ပြေးသွားနေသကဲ့သို့ ထင်မှတ်နေရခြင်း ဖြစ်ပါသည်။ အမှန်အားဖြင့် မလှုပ်မယှက် ငြိမ်သက်နေလျှင် အားလုံးတခုတည်းသာ ဖြစ်ပါသည်၊ လှုပ်ရှားပြေးလွှားနေလျှင် ယင်းတခုတည်းကပင် အများ ဖြစ်သွားပါသည်။ အများကို တခုတည်းအဖြစ် မြင်ခြင်းနှင့် တခုတည်းကို အများအဖြစ် မြင်ခြင်းသည် အထင်မှားခြင်းသက်သက်သာဖြစ်၏။ အမှန်မဟုတ်။ ဘာမျှအသစ်အသစ် ဖြစ်ပေါ်လာခြင်းမရှိဟူ၍ မြင်ခြင်းသည်သာ အမြင်မှန် ဖြစ်ပါသည်။ ဂေါဒုပါဒဆရာ၏ ဝေါဟာရကို ယူ၍ဆိုရလျှင် ယင်းကဲ့သို့ ဖြစ်နေခြင်းကို "အလာတစက္က"ဟု ခေါ်ပါသည်။ အလာတဟူသည် မီးတိုင်ဖြစ်ပါသည်။ စက္ကဟူသည် အဝိုင်းဖြစ်ပါသည်။ တခုတည်းသောမီးတိုင်ကို မြန်မြန်လှည့်လိုက်သောအခါ မီးဝိုင်း၊ မီးစက်ဝိုင်းကဲ့သို့ထင်ရပါသည်။ အဇာတဝါဒ-က နိဗ္ဗာန်နှင့် လောက၏ဆက်သွယ်မှုကို ဤသဘောအတိုင်း မြင်ပါသည်။

စိတ္တဝိလာသဝါဒ

ဤဝါဒသည်လည်း ပြာဟွက်ဝါဒပင်ဖြစ်ပါသည်။ဤနေရာ၌ စိတ္တဝိလာသဝါဒဆိုသည်မှာ စိတ်၏ဖန်ဆင်းမှု၊ စိတ်၏ကွန်မြူးမှုဖြစ်ပါသည်။ လက်တွေ့အားဖြင့်လည်း လောကတွင် အမျိုးမျိုးကိုတွေ့ရသည်။ အမျှားကိုလည်း တွေ့ရသည်။ "အမျိုးမျိုး"အရ အမျိုးအစားမျှားပြားခြင်းကို ဆိုလိုပါသည်။ "အမျှား"အရ အရေအတွက်မျှားပြားခြင်းကို ဆိုလိုပါသည်။ အမျိုးအစားမျှားပြ ားခြင်းနှင့် အရေအတွက်မျှားပြားခြင်းသည် အမှန်တကယ်မျှားပြားခြင်းဖြစ်ပါသည်။ အထင်မျှားပြားခြင်းမဟုတ်။ ဧဟိဒ္ဓလောကဌ် မျှားပြားခြင်း ဖြစ်ပါသည်။ အဇ္ဈတ္တလောကဌ်သာ မျှားပြားခြင်းမဟုတ်။ ထိုသို့မျှားပြားခြင်းသည်လည်း ပရမ်းပတာမျှားပြ ားခြင်းမဟုတ်။ သူနေရာနှင့်သူ စနစ်တကျဖွဲ့စည်းပြီး မျှားပြားခြင်းဖြစ်သည်။ စနစ်ကျခြင်းသည် စိတ်၏ရသဖြစ်သည်။ ရုပ်၏ရသမဟုတ်။

စနစ်ကျအောင်ဖွဲ့စည်းရာ၌ စိတ်သည် ရုပ်ကိုအသုံးပြုသည်။ သို့ဖြစ်၍ ရုပ်သည်လည်း စိတ်၏အကား၊ အခံဖြစ်သည်။ လေယာဉ်ပျံပုံစံထုတ်ရာ၌ ရှေးဦးစွာ စိတ်ထဲ၌ ပုံစံကိုတည်ဆောက်သည်။ စိတ်ထဲ၌တည်ဆောက်ပြီးနောက် အပြင်သို့ ထုတ်လိုက်သည်။ ထိုအခါ စိတ်ကူးလေယာဉ်ပျံသည် တကယ်လေယာဉ်ပျံဖြစ်လာသည်။ စိတ်ကူးလေယာဉ်ပုံဖြစ်ရေး၊ တကယ်လေယာဉ်ပုံဖြစ်ရေး စိတ်ကိုအကြောင်းခံ၍ ဖြစ်သင့်ချည်းဖြစ်သည်။ စိတ်ကူးလေယာဉ်ပျံတွင် စိတ်က ဓမ္မရုံကိုအသုံးပြု၍ တကယ်လေယာဉ်ပျံတွင် စိတ်က ရုပ်ကိုအသုံးပြုသည်။ စိတ်ကူးလေယာဉ်ပျံတွင် ဓမ္မာရုံသည် စိတ်၏ အကာအခံဖြစ်သည်။ တကယ်လေယာဉ်ပျံတွင် ရုပ်သည် စိတ်၏ အကာအခံဖြစ်သည်။ ထိုမျှသာခြားနားသည်။ အကြောင်းတရားချင်းကား အတူတူပင်ဖြစ်သည်။ အကြောင်းတရားသည် စိတ်ဖြစ်သည်။

ပြင်ပရုပ်လောကသည် သဘာဝလောကနှင့် ယဉ်ကျေးမှုလောကဟူ၍ (၂) မျိုးဖြစ်သည်။ ထို (၂) မျိုးတွင် သဘာဝလောကသည် လူတို့၏အသိပညာနှင့် အတတ်ပညာတို့ဖြင့် ပြုပြင်ဖန်တီးထားခြင်းမရှိသော ပြင်ပလောကဖြစ်သည်။ ယဉ်ကျေးမှုလောကသည် လူတို့၏အသိပညာနှင့် အတတ်ပညာတို့ဖြင့် ပြုပြင်ဖန်တီးထားသည့် ပြင်ပလောက ဖြစ်သည်။ ယဉ်ကျေးမှုလောကသည် ရုပ်ပိုင်းလောက၊ဝေဒနာပိုင်းလောက၊ သညာပိုင်းလောက၊ သင်္ခါရပိုင်းလောက၊ ဝိညာဏ်ပိုင်းလောက ဟူ၍ ခန္ဓာငါးပါးအရ (၅) မျိုးရှိသည်။ သဘာဝလောကဖြစ်စေ၊ ယဉ်ကျေးမှုလောကဖြစ်စေ လောက(၂)မျိုးလုံးသည် နှစ်တကျ ဖွဲ့စည်းထားသည့် သဘောရှိသည်ဖြစ်၍ စိတ်ကို အကြောင်းခံ၍ဖြစ်ခဲ့သော စိတ်၏ ဖန်ဆင်းမှု၊ စိတ်၏ကုန်းဖျားခြင်း ဖြစ်သည်။ ယဉ်ကျေးမှုလောကသည် လူသား၏ စိတ်ဖန်ဆင်းမှု၊ လူသား၏ စိတ်ကုန်းဖျားခြင်း ဖြစ်သည် ဆိုလျှင် သဘာဝလောက သည်လည်း စိတ်ဖန်ဆင်းမှု၊ စိတ်ကုန်းဖျားခြင်း ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ဤနေရာ၌ စိတ်ဆိုသူကို အကြုံအစားဆုံးသော စိတ်ကို ဆိုလိုပါသည်။ ကိုယ့်ကြောင့် လူတွေ (အယောက်ကိုယ်) နည်းအရ နိဗ္ဗာန်ကို စိတ်ဟု ဆိုပါသည်။ နိဗ္ဗာန်သည် အကြောင်းတရား ဖြစ်၍

လောကသည် အကျိုးတရားဖြစ်ပါသည်။ လောကသည် နိဗ္ဗာန်မှ ထွက်ပေါ်လာပြီး နိဗ္ဗာန်၌ ပြန်လည် ငုပ်လျိုးဝါးသည်။ ကွဲသို့ ထွက်ပေါ်ခြင်း၊ ငုပ်လျှိုးခြင်းသည် အထင်မဟုတ်။ တဂ္ဂယ်ပင်ဖြစ်ပါသည်။ စိတ္တဝိလာသဝါဒ-က နိဗ္ဗာန်နှင့် လောက၏ ဆက်သွယ်မှုကို ဤသဘောအတိုင်း မြင်ပါသည်။

မာယာဝါဒ

မာယာဝါဒဆိုသည်မှာလည်း ပြာဟ္မဏဝါဒပင်ဖြစ်သည်။ ဤနေရာ၌ မာယာဆိုသည်မှာ စိတ်၏ဇောမ်းအင်သတ္တိ ဖြစ်သည်။ မာယာဝါဒသည် အဇာတဝါဒနှင့် စိတ္တဝိလာသဝါဒတို့၏ ပေါင်းကူးတံတား ဖြစ်သည်။ မာယာဝါဒသည် အလယ် အလတ်သဘောကို ဆောင်သည်ဟူ၍ အိန္ဒိယဒဿနပညာရှင်တို့က ဆိုကြသည်။ အဇာတဝါဒအရ နိဗ္ဗာန်မှတပါး တခြားဘာမျှမရှိ။ ဘာမျှမဖြစ်၊ ဆိုင်ကြောင့် လောကဟူသည် တကယ်မရှိ၊ တကယ်မဖြစ်၊ အတင်၌၊ အထင်ဖြစ်သာတည်း။ အမှန်အားဖြင့် လောကနှင့်နိဗ္ဗာန်သည် အရာမပြား တသားတည်းဟူ၍ ဆိုအပ်ပါသည်။ သို့ဖြစ်၍ ဤအဇာတဝါဒသည် အစွန်းရောက်ဝါဒဖြစ်ပါသည်။စိတ္တဝိလာသဝါဒ အရ လောကနှင့် နိဗ္ဗာန်သည် အကျိုးအကြောင်းသဘောအားဖြင့် သီးခြားစီဖြစ်၏။ တခုတည်းမဟုတ်။ နို့နှင့်နို့ဓမ်းကဲ့သို့ တခုနှင့်တခု ခြားနားပါသည်။ နို့လည်း တကယ်ရှိသည်။ နို့ဓမ်းလည်း တကယ်ရှိသည်။ အထင်ရှိမဟုတ်။ထို့အပြင် နို့နှင့် နို့ဓမ်းသည် ကြိုးနှင့်မြွေ၊ ရွှေနှင့်လက်ကောက်ကဲ့သို့ တသားတည်းမဟုတ်။ သီးခြားစီ သီးခြားစီဖြစ်၏။ အမျိုးမျိုးဖြစ်၏။ အမျှားဖြစ်၏။ စိတ္တဝိလာသဝါဒက လောကနှင့် နိဗ္ဗာန်ကို ဝန်းတူရည်တူ အရှိတရား(၂)ပါးအဖြစ် မြင်ပါသည်။ ထို့ကြောင့် ဤဝါဒသည် လည်း အစွန်းရောက်ဝါဒဖြစ်ပါသည်။

မာယာဝါဒကမူ ထိုသို့မမြင်၊ လောကဥစ္စာအားဖြင့် ဆိုရလျှင် လူနှင့်သစ်ပင်ကို ဆိုရမည်ဖြစ်ပါသည်။ လူတွင် မျက်စိလည်း ရှိ၏။ ဆံငယ်လည်း ရှိ၏။ ၃၂-ကောဋ္ဌာသအားလုံး ရှိ၏။ သစ်ပင်တွင်လည်း အသီး ရှိ၏။

အပ္ပင့်ရှိ၏။ အကိုင်း၊ အခက်၊ ပင်စည်အားလုံးရှိ၏။ သို့ရာတွင် မျက်စိ၊ ဆံပင် စသော ကောင်္ဂဿသည် လူကိုအကြောင်းပြု၍ ရှိခြင်းဖြစ်၏။ မျက်စိကို မျက်စိသတ်သတ်၊ ဆံပင်ကို ဆံပင်သတ်သတ် စသည်ဖြင့် လူမှ ဖယ်ထုတ်လိုက်လျှင် ထင်းမျက်စိ၊ ဆံပင်စသော ကောင်္ဂဿတို့သည် ဘာမျှတန်ဖိုးမရှိပဲ ရှုံရှားဂက်ဆုပ်ဖွယ်ရာအတိသာ ဖြစ်ပါသည်။ ထို့ကြောင့် မျက်စိ၊ ဆံပင်စသော ကောင်္ဂဿတို့အနေဖြင့် သီးခြားစီ သီးခြားစီ တန်ဖိုးရှိစေရန် သူနေရာနှင့်သူ စနစ်တကျဖွဲ့စည်းထားဖို့လည်း လိုအပ်၏။ လူနှင့် မကွေမကွာရှိနေဖို့လည်း လိုအပ်၏။ ထို့နည်းအတူ အသီး၊ အပ္ပင့်၊ အကိုင်း၊ အခက်၊ ပင်စည်အားလုံးတို့ အနေဖြင့်လည်း သီးခြားစီ သီးခြားစီ တန်ဖိုးရှိစေရန် သူနေရာနှင့်သူ စနစ်တကျဖွဲ့စည်းထားဖို့လည်း လိုအပ်၏၊ သစ်ပင်နှင့် မကွေမကွာရှိနေဖို့လည်း လိုအပ်၏။ တနည်းအားဖြင့် ဆိုလျှင် လူမရှိပဲ မျက်စိ ဆံပင်စသော ကောင်္ဂဿသမျှား မရှိနိုင်၊ မျက်စိ ဆံပင်စသော ကောင်္ဂဿသမျှားမရှိပဲ လူရှိနိုင်၏။ ထို့နည်း အတူ သစ်ပင်ရှိပဲ အသီး အပ္ပင့် အကိုင်း အခက် ပင်စည်တို့မရှိနိုင်။ အသီး အပ္ပင့် အကိုင်းအခက် ပင်စည်တို့မှာပဲ သစ်ပင်ရှိနိုင်၏။ လူဟူ၍ ရှိလာပါက ယင်းလူတွင် မျက်စိ ဆံပင်စသော ကောင်္ဂဿသမျှားသည် မဖြစ်မနေ ရှိလာရသော သတ္တိအာသွင်ဖြစ် ဖြစ်စေ၊ ထင်ရှား သာ ဗျတ္တိအာသွင်ဖြင့် ဖြစ်စေ ရှိမြဲသာတည်း။ ထို့နည်းတူ သစ်ပင်ဟူ၍ရှိလာပါက ယင်းသစ်ပင်တွင် အသီး၊ အပ္ပင့်၊ အကိုင်းအခက်၊ ပင်စည်တို့သည် မဖြစ်မနေ ရှိလာရသော သတ္တိအာသွင်ဖြင့်ဖြစ်စေ၊ ထင်ရှားသော ဗျတ္တိအာသွင်ဖြင့်ဖြစ်စေ ရှိမြဲသာတည်း။

ကျွန်တော်အားဖြင့် မဟာဝါဒသည် အင်ဘတဝါဒကိုလည်း အင်ဘတဝါဒအလျောက် "ကခု"တည်းအနေဖြင့် တန်ဖိုးရှိသည့်သဘောကို ဖြင့်ပါသည်။ ဤမဟာဝါဒကိုလည်း ဤဝါဒအလျောက် "အမျိုးနှင့် အမျိုးမျို" အနေဖြင့် တန်ဖိုးရှိသည်ဟုကို မြင်ပါသည်။ "ကခု" တည်းသည်လည်း "ကခု"တို့အပေါ်မှာ တကယ်ရှိပါ၏။ တန်ဖိုးရှိပါသည်။ "အမျိုး"သည်လည်း အမျိုးအလျောက် တကယ်ရှိပါသည်၊

တန်ဖိုးရှိပါသည်။ "ဒ မျိုးမှိုး"သည်လည်း "အမျိုးမှိုး" အလျောက် တကယ်ရှိပါသည်။ တန်ဖိုးရှိပ်သည်။ သို့ရာတွင် ယင်းတို့၏ တကယ်ရှိခြင်း၊ တန်ဖိုးရှိခြင်းသည် တန်းတူညီတူတကယ်ရှိခြင်း၊ တန်းတူညီတူတန်ဖိုးရှိခြင်းကား မဟုတ်။ သူအတ်ိုင်းအတာနှင့်သူ တကယ်ရှိခြင်း၊ သူ့အတိုင်းအတာနှင့်သူ တန်ဖိုးရှိခြင်းဖြစ်ပါ၏။ ဤသို့လျှင် မာယာဝါဒသည် နိဗ္ဗာန်နှင့်တောက်၏ ဆက်သွယ်မှုကို ဤသဘောအတိုင်းမြင်ပါသည်။ ဤနေရာ၌ နိဗ္ဗာန်သည် လူနှင့်လည်းကောင်း၊ သစ်ပင်နှင့်လည်းကောင်း တူပါသည်။ လောကသည် မွဲကစ်၊ ဆံပင်စသည်တို့နှင့်လည်းကောင်း၊ အသီး၊ အပွင့်၊ အက်ိုင်းအခက် စသည်တို့နှင့်လည်းကောင်း တူပါသည်။ သို့ဖြစ်၍ အင်္ဂဒိယဒဿနစာပေသင်ုင်း၌ အဇာတဝါဒ၊ စိတ္တဝိလာသဝါဒနှင့် မာယာဝါဒတ ည်းဟူသော ဝါဒ(၃)ရပ်တို့တွင် မာယာဝါဒသည်သာ သင့်လျော် လျောက်ပတ်သော အစွန်းလွတ်ဝါဒဖြစ်သည်ဟု ဆိုကြခြင်းဖြစ်ပါသည်။

(၄) သဿတဝါဒ

သဿတဝါဒသည် မိစ္ဆာဒိဋ္ဌိဝါဒဖြစ်ပါသည်။ ဤဝါဒအရ သတ္တဝါသည် မြဲပါသည်။ တဘဝမှ တဘဝသို့ ကူးပြောင်းသွားသော်လည်း ရုပ်နာမ်ခန္ဓာအနေဖြင့်သာ ပျက်စီးပြီး သတ္တဝါဒနေဖြင့် ပျက်စီးခြင်း မရှိပါ။ မြဲပါသည်။ ထို့အတူ လောကသည်လည်းမြဲပါသည်။ လောကသည် မည်သည့်အခါမျှ ပျက်စီးခြင်းမရှိပါ။ မြဲပါသည်။ ဤသို့ယုံပါသည်။ လောကသည် အစမထင်၊ အဆုံးလည်းမထင်ပါ။ ထာဝစဉ် ဤသဘောအတိုင်းသာ ဖြစ်နေမည်ဖြစ်ပါသည်။ သို့ရာတွင် မြေခြင်းနှင့်ပတ်သက်၍ (၂)မျိုးရှိပါသည်။ မည်သို့မျှ ပြောင်းလဲခြင်းမရှိသောမြေခြင်း(ကူဋ္ဌဋ္ဌဃယိ) နှင့် ဖာလုံအကာ(ရုပ်၊နာမ်)တို့သာ ပြောင်းလဲခြင်းရှိသော်လည်း အနှစ်သာရ(အတ္တ)အနေဖြင့် ပြောင်းလဲခြင်းမရှိသော မြေခြင်း(ပရိဏာမိ)တို့ဖြစ်ပါသည်။ နောက်ပိုင်းဦး သတ္တဝါနှင့်လောကကို သာဓကအရာဝတ္ထုနှင့် ဓမ္မတို့၏မြေခြင်းကိုလည်း ခံယူလာကြပါသည်။ ဒုရာဝတ္ထုနှင့် ဓမ္မတို့တွင် ဖြစ်၊တည်၊ပျက်အသွင်ရှိသော အပိုင်း (ပရိဏာမိ)နှင့် ဖြစ်၊တည်၊ပျက်

အာသင်္ခမရှိခဿာအပိုင်း(ကုဋ္ဌဋ္ဌာယီ)ဟူ၍ (၂)ပိုင်းခဲ့ခြားပြီး ဖြစ်၊ တည်၊ ပျက်အသွင်ရှိသော အပိုင်း(ပရိဏာမီ)ကို မိစ္ဆာဟူ၍ လည်းကောင်း၊ ဖြစ်၊ တည်၊ ပျက် အသွင်မရှိသော အပိုင်း(ကုဋ္ဌဋ္ဌာယီ)ကို သစ္စာဟူ၍ လည်းကောင်း သတ်မှတ်လာကြပါသည်။

ဗုဒ္ဓဟာသာအယူဝါဒ၌ ပရမတ္ထတရားမှန်ပါက နိဗ္ဗာန်မှတပါး အခြားသော ဖြစ်၊ တည်၊ ပျက်သဘောမရှိသော အပိုင်းဟူ၍ လုံးဝမရှိကောင်းသောကြောင့် သဿတဝါဒကို မိစ္ဆာဒိဋ္ဌိဝါဒအဖြစ် သတ်မှတ်ကြပါသည်။ သဿတဝါဒသည် သဿတဝါကိုလည်းကောင်း၊ လောကကိုလည်းကောင်း၊ အရာဝတ္ထုကိုလည်းကောင်း၊ ဓမ္မကိုလည်းကောင်း မြဲသည့်အနေဖြင့်မြင်ပါသည်။ ထို့ကြောင့် သဿတဝါဒကို အစွန်းရောက်ဝါဒအဖြစ် အိန္ဒိယဒဿနပညာရှင်များက သတ်မှတ်ကြခြင်းဖြစ်ပါသည်။

ဥစ္ဆေဒဝါဒ

ဥစ္ဆေဒဝါဒသည် သဿတဝါဒ၏ ပြောင်းပြန်ဖစ်ပါသည်။ ဥစ္ဆေဒဝါဒရာ သတ္တဝါသည်လည်းကောင်း၊ လောကသည်လည်းကောင်း၊ အရာဝတ္ထုသည်လည်းကောင်း၊ ဓမ္မသည်လည်းကောင်း လုံးဝမြဲခြင်းမရှိပဲ ပြတ်စဲပျက်စီးသည့်သဘော ရှိပါသည်။ ထို့ကြောင့် ဥစ္ဆေဒဝါဒီတို့သည် တမလွန်ကို လုံးဝယုံကြည်ခြင်းမရှိပဲ မျက်မှောက် ကောင်းစားရေးတခု တည်းကိုသာ ယုံကြည်ကြပါသည်။ သို့ဖြစ်၍ ဥစ္ဆေဒဝါဒီတို့က ဤသို့ ပြောကြားကြခြင်းဖြစ်ပါသည်—

ယနေ့ဒီနေ့ သုခံ ဇီဝေယျ၊ ဣဏံ ကတ္ဝါ ဃုတံ ပိဝေတ်။
ဘသ္မီဘူတသ္ဟ ဒေဟသ္ဟ၊ ပုနာဂမနံ ကုတး။

(ပဗန္ဓ-၁၅၊၁၅၇)

အဃံ သံသာရော ဧဝ အာတုမနး ကြီဉာဿွလံ၊ နာဿိ ပရလောကး၊ ဣဒံ သရီရမေဝ အာတုမာ၊ မရဏမေဝ မုက္တိး။ ယာဝဒဿိန် ဒေဟေ သန္နိ ပြာဏား၊ တာဝတ် သုခလာဘာယ ပြယတ္နး ကာယိး။ နာ ဓမိး ပုရိသာထိး၊ မာနဝဇိဝနေ ကာမး ဧဝ ပုရိသာထိး။

(ပဗန္ဓ–၁၅၊ ၁၅၀)

ယာဝဇ္ဇီဝေတ်၊ အသက်ရှင်သမျှကာလပတ်လုံး။ သုခံ၊ ချမ်းသာစွာ။ ဇီဝေဒ်၊ အသက်ကို မွေးမြူရာ၏။ ဣဒံ၊ ကြွေးကို။ ဂဟိတ်ဝါ၊ ပြု၍။ ဃုတံ၊ ထောပတ်ကို။ ပိဝေတ်၊ သောက်ရာ၏။ ဘသ္မီဘူတသျ၊ ပြာဖြစ်သွားလသော။ ဒေဟသျ၊ ခန္ဓာကိုယ်၏။ ပုနရာဂမနံ၊ တဖန်ပြန်လာခြင်းသည်။ ကုတး၊ အဘယ်မှာဖြစ်နိုင်ပါအံ့နည်း။

အယံ သံသာရော၊ ဤပစ္စုပ္ပန်လောကသည်။ အာတ္မနး၊ အတ္တ၏။ ကြီဉာဿွလံ၊ ကစားကွင်းတည်း။ ပရလောကး၊ တမလွန်သည်။ နာဿိ၊ မရှိ။ ဣဒံ သရီရမေဝ၊ ဤလက်ရှိခန္ဓာကိုယ်သည်သာလျှင်။ အာတ္မာ၊ အတ္တတည်း။ မရဏဧဝ၊ သေခြင်းသည်သာလျှင်။ မုက္တိး၊ လွတ်မြောက်မှုတည်း။ အသ္မိန် ဒေဟေ၊ ဤခန္ဓာကိုယ်၌။ ပြာဏား၊ ထွက်သက်ဝင်သက်တို့သည်။ ယာဝတ်၊ အကြင်မျှလောက်သော ကာလပတ်လုံး။ သန္နိ၊ ရှိကြကုန်၏။ တာဝတ်၊ ထိုမျှလောက်သော ကာလပတ်လုံး။ သုခလာဘာယ၊ ချမ်းသာသုခကို ရခြင်းငှာ။ ပြယတ္နး၊ အားထုတ်ခြင်းကို။ ကာယိး၊ ပြုအပ်၏။ ဓမိး၊ တရားဓမ္မသည်။ နာ ပုရိသာထိး၊ လူသားတို့၏ ပန်းတိုင်မဟုတ်။ မာနဝဇိဝနေ၊ လူ့ဘဝ အသက်ရှင်စဉ်ကာလ၌။ ကာမး ဧဝ၊ ကာမသည်သာလျှင်။ ပုရိသာထိး၊ လူသားတို့၏ ပန်းတိုင်တည်း။

ဥစ္ဆေဒဝါဒသည် တဘင၊ တယောက်ပျောက်ရှင်ချမ်းမြေရေးအတွက် သာ ရည်စူးသည့်ဝါဒဖြစ်သဖြင့် ယင်းဝါဒကိုဂ ဦး အစွန်းရောက်ဝါဒ အဖြစ် သတ်မှတ်ကြပါသည်။

ဝိဘဇ္ဇဝါဒ

ဝိဘဇ္ဇဝါဒသည် ဗုဒ္ဓဝါဒဖြစ်၏။ ယခုနောက်၌ ဝိဘဇ္ဇဝါဒဆိုသည်မှာ ကြောင်းကျိုးဆက်သွယ်မှုကို ခွဲခြားပြီး ယူသော ဝါဒဖြစ်၏။ အမှန်အားဖြင့် ဝိဘဇ္ဇဝါဒဟူသည် ပဋိစ္စသမုပ္ပါဒ်ပင် ဖြစ်ပါသည်။ လောကနှင့် တကွ လောကရှိ အရာဝတ္ထု မှန်သမျှသည် သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ အကြောင်းနှင့်အကျိုး ဆက်သွယ်မှုကြောင့် ဖြစ်ပေါ်ကြ၏။ ထိုသို့ ဖြစ်ပေါ်ရာတွင် အကြောင်းနှင့် အကျိုးသည် သဘောအားဖြင့် သီခြားစီဖြင့်၏။ သန္ဓာန် အားဖြင့်မူ ဟခုတည်း ဖြစ်၏။ ဤမည်သော အကျိုးတရားကို မိမိအလို တိုင်း ဖြစ်စေအံ့ဟူသော အစိုးရမှု ပဋိက္ခလဗျာပါရသည် အကြောင်းပြရန်၌ မရှိ။ အကြောင်းတရားတို့၏ ပြည့်စုံ ညီညွတ်မှုကြောင့်သာ ဖြစ်ပေါ်ရသည် ဟူသော အစိုးမရမှု ဓမ္မဗျာပါရ ဝါလျှင် ကကြောင်းတရား၌ ရှိ၏။ တနည်းအားဖြင့် ဆိုရလျှင် အကြောင်းအကျိုးဆက်သွယ်မှု၌ ပဋိုလ်သဘောမပါ။ ပဋိုလ် သဘောဟူ၍ မရှိ ဓမ္မသဘောသာ ပါ၏။ ဓမ္မဗာဟိရသာ ရှိ၏။ ဓမ္မသဘောဆိုရာ၌လည်း အကြောင်းနှင့် အကျိုး လုံးကွယ်လျှောညီထွေ မရှိသည့် သဘောမျိုးမဟုတ်။ လိုက်လျောညီထွေရှိသည့် သဘောမျိုးဖြစ်၏။

အကြောင်းအကျိုး ဆက်သွယ်မှု၌ အချင်းချင်း သန္ဓာန်တူမှုကို "ဒကတ္တ" ဟု ခေါ်၏။ အချင်းချင်း သဘော လက္ခဏာ ခြားနားမှုကို "နာနတ္တ" ဟု ခေါ်၏။ ပုဂ္ဂိုလ်၊ သတ္တဝါတို့၏ ဖန်ဆင်းမှုဟူ၍ မရှိပဲ ဓမ္မတို့၏ သဘောအလျောက် ဖြစ်ပေါ်သွားသာရှိ၏။ ယင်းကို "အဗျာပါရ" ဟု ခေါ်၏။ သဓမ္မ ဆိုထွက်ခြင်းမျိုး ဖြစ်ပြီး နှစ်မျိုး ဆိုင်ထွက်ခြင်းမျိုးဖြင့် အကြောင်းနှင့်အကျိုးတို့ လိုက်လျောညီထွေရှိမှုကို "ဝဝံဓမ္မတာ" ဟု

ခေါ်၏။ ဝိဘဇ္ဇဝါဒသည် "ကောတ္ထ၊ နာနတ္ထ၊ အဗျာပါရ၊ ဝေါဓမ္မတာ" ဟူသော ဤသတ်မှတ်ချက် အင်္ဂါလေးရပ်နှင့်ပြည့်စုံရ၏။

ဝိဘဇ္ဇဝါဒကို သဒ္ဒဗေဒပါက်ပါက လောကနှင့်တကွ လောကရှိ အရာဝတ္ထုတို့သည် "သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ ရုပ်ရှင် ကောင်ပြားရုပ်များကဲ့သို့ တခုနှင့်တခု အခြားအကျိုးဆက်သွယ်မှုမျိုးမရှိပဲ သီးခြားစီသီးခြားစီဖြစ်၏" ဟူ၍ ယူသော အကြောင်းအကျိုးပယ်ဝါဒ (အဟေတုကဒိဋ္ဌိ)၌ သက်ဝင်ယုံကြည်တတ်ပါသည်။ အမှန်အားဖြင့် ရုပ်ရှင်ကောင်ပြားရုပ်များသည် ကောတ္ထ၊ နာနတ္ထ၊ အဗျာပါရနှင့် ဝေါဓမ္မတာဟူသော အင်္ဂါလေးရပ်နှင့်ပြည့်စုံသဖြင့် အကြောင်းအကျိုးဆက်သွယ်မှု ရှိပါသည်။ ဤလောက၌ စောနာကောင်းထားပါလျက် ပြစ်တင် မောင်းမဲခြင်းကို ခံရတတ်၏။ ကောက်ကျစ်လိမ်ညာနေပါလျက် သူကောင်းပြုခြင်းကို ခံရတတ်၏။ ထို့ကြောင့် လောကရှိ ဖြစ်ဖြစ်သမျှ အရာဝတ္ထုတို့သည် သတ်မှတ်အကြောင်းတရားများမရှိပဲ ဖြစ်ချင်သလို ပရမ်းပတာဖြစ်နေကြခြင်းသာဖြစ်၏။ မင်းဖြစ်လို၍ ပုန်ကန်သောအခါ အမှန်တကယ်မင်းဖြစ်ပါက ပုန်ကန်ခြင်းသည် ကောင်း၏၊ မှန်၏။ အကယ်၍မင်းမဖြစ်ပါက ပုန်ကန်ခြင်းသည် မဒကာင်း၊ မှား၏ဟူ၍ လက်တွေ့အကျိုးတရားကို "စံ" ထားပြီး ဆောင်ရွက်တတ်သည့် **အကြောင်းပယ်ဝါဒ** (အကြိယဒိဋ္ဌိ)၌ သက်ဝင်ယုံကြည်တတ်ပါသည်။ ထို့အပြင် လုပ်ငန်းတခုကို ဆောင်ရွက်နေစဉ် အကျိုးတရားကို လောလောဆယ် မတွေ့နိုင်သဖြင့် အစဉ်အလာ လုပ်ထုံးလုပ်နည်း (တရားသေ)များကိုသာ အလေးထားပြီး ဆောင်ရွက်တတ်သည့် **အကျိုးပယ်ဝါဒ** (နတ္ထိကဒိဋ္ဌိ)၌ သက်ဝင်ယုံကြည်တတ်ပါသည်။

အကျဉ်းချုပ်၍ဆိုရလျှင် **လမ်းစဉ်**နှင့်ပန်းတိုင်ဟူ၍ (၂) မျိုးရှိသည့် အနက် လမ်းစဉ်ကိုသာအဓိကထားပြီး ပန်းတိုင်ကို အဓိကမထားသော ဝါဒကို အကျိုးပယ်ဝါဒ (နတ္ထိကဒိဋ္ဌိ)ဟု ခေါ်ပါသည်။ ပန်းတိုင်ကိုသာ အဓိကထားပြီး လမ်းစဉ်ကိုအဓိကမထားသောဝါဒကို **အကြောင်းပယ်ဝါဒ**

(အကြိယဒိဋ္ဌိ)ဟု ခေါ်ပါသည်။ လမ်းစဉ်ကိုရော ပန်းတိုင်ကိုရော (၂) မျိုး လုံးကိုပင် အဓိကမထားပဲ သက်ဦးဆံပိုင်သဘော ဖြင့် ပရမ်းပတာ ဆောင် ရွက်တတ်သော ဝါဒကို အဓိကြောင်းအကျိုးပယ်ဝါဒ (အဟေတုကဒိဋ္ဌိ)ဟု ခေါ်ပါသည်။ ဝိဘင်္ဂဝါဒကား အဓိကြောင်းနှင့်အကျိုး (၂) မျိုးလုံးကိုပင် ရှုဆထောင့်အလိုက် အဓိကထားသည့် ဝါဒ(သမ္မာဒိဋ္ဌိ)ဖြစ်ပါသည်။

အဆိုပါ မိစ္ဆာဒိဋ္ဌိဝါဒ (၃)ရပ်နှင့် ပတ်သက်၍ အဓိကြောင်းအကျိုး ရှုဆထောင့်မှ သုံးသပ်လျှင် ကြိုးနှင့်မြေ၊ ရွှေနှင့် လက်ကောက်ကဲ့သို့ ဒုမည် အားဖြင့်သာ (၂)မျိုးဖြစ်ပြီး အနှစ်အားဖြင့် တမျိုးဘည်းသာဖြစ်သည် ဟု ယူဆသောဝါဒသည် သဿတဝါဒမည်ပါသည်။ သဿတဝါဒသည် အစွန်း တဘက်ဆွဲကဲ့ဝါဒဖြစ်ပါသည်။ ရုပ်ရှင် ကောင်ပြားရုပ်များကဲ့သို့ တခုနှင့် တခု ဘာမျှမဆိုင်၊ သီးခြားစီ သီးခြားစီ ဖြစ်၏ဟု ယူဆသော ဝါဒသည် ဥစ္ဆေဒဝါဒမည်ပါသည်။ ဥစ္ဆေဒဝါဒသည် အစွန်းတဘက်ဆွဲကဲ့ဝါဒ ဖြစ် ပါသည်။ ဝိဘင်္ဂဝါဒကား "တမျိုးတည်း"နှင့် "သီးခြားစီ"ကို သူ့ရွှေထောင့် အလိုက် ရှုမြင်သုံးသပ်သော အစွန်းလွတ်ဝါဒမည်ပါသည်။ ထို့ကြောင့် ဝိဘင်္ဂဝါဒအတိုင်းသာ လိုက်နာကျင့်သုံးအပ်ပါသည်။

(၅) အတ္တဝါဒ

အတ္တဝါဒသည် ပြာဟ္မဏဝါဒဖြစ်ပါသည်။ ပြာဟ္မဏဝါဒအရ အတ္တသည် အရှိတရား(သတ်)လည်းဖြစ်ပါသည်။ အသိတရား (စိတ်)လည်း ဖြစ်ပါ သည်။ အလုတရား (အာနန္ဒ)လည်း ဖြစ်ပါသည်။ လက်တွေ့သဘောအရ လောကဓာတ်လည်း ရှိပါသည်။ သက်ရှိ သက်မဲ့ အရာဝတ္ထုများလည်း ရှိပါ သည်။ လူရာတွင် ယင်းတို့ "ငါ"နေကြခြင်းမှာ မိမိတို့၏ ပင်ကို အရည် အသွေးမဟုတ်။ အတ္တ၏ အရည်အသွေးကို ခေတ္တဝေးရမ်းမှ "ငါ"နေကြ ခြင်းဖြစ်ပါသည်။ ယင်းကို "သို"နေကြခြင်းမှာ မိမိတို့၏ ပင်ကိုအရည် အသွေးမဟုတ်။ အတ္တ၏ အရည်အသွေးကို ခေတ္တဝေးမှမ်းမှ "သို"နေကြ ခြင်းဖြစ်ပါသည်၊ ယင်းကို "လု"နေကြခြင်းမှာ မိမိတို့၏ ပင်ကို အရည် အသွေးမဟုတ်၊ အတ္တ၏ "အလု"ကို ခေတ္တဝေးရမ်းမှ "လု" နေကြခြင်း

ဖြစ်ပါသည်။ ထိုသို့ လောကနှင့်တကွ လောကရှိ သက်ရှိသက်မဲ့ အရာဝတ္ထုများ "ဂို" နေခြင်း၊ "သိ" နေခြင်းနှင့် "လှ" နေခြင်းသည် အတ္တ-ကယင်းတို့အတွင်းသို့ ဝင်ရောက်လှုပ်ရှားခဲ့ ယင်းတို့ကို ပျံ့နှံ့လျက် တည်ရှိနေသောကြောင့်ဖြစ်ပါသည်။

လောကနှင့် တကွ လောကရှိ သက်ရှိ သက်မဲ့ အရာဝတ္ထုများသည် ဖြစ်ပျက်သဘောလည်း ရှိပါသည်။ သို့ရာတွင် ယင်းတို့၏ ဖြစ်ပျက်သဘောသည် မိမိတို့၏ ပင်ကိုဒရယ်အသွေးမဟုတ်။ အတ္တ၏ဆန္ဒအရ အတ္တ၏ "အရှိ" ကို ပေါ်လွင်စေလိုသောကြောင့် နှိုင်းယှဉ်ပြခြင်းသာဖြစ်ပါသည်။ ထိုနည်းအတူ ယင်းတို့တွင် "မသိ" တရားလည်း ရှိပါသည်။ သို့ရာတွင် ယင်းတို့၏ "မသိ" တရားသည် မိမိတို့၏ပင်ကိုအရည်အသွေးမဟုတ်။ အတ္တ၏ ဆန္ဒအရ အတ္တ၏ "အသိ" ကို ပေါ်လွင်စေလိုသောကြောင့် နှိုင်းယှဉ်ပြခြင်းသာ ဖြစ်ပါသည်။ ယင်းတို့တွင် "အကျွည်းတန်" တရားလည်း ရှိပါသည်။ သို့ရာတွင် ယင်းတို့၏ "အကျွည်းတန်" တရားသည် မိမိတို့၏ ပင်ကိုအရည်အသွေးမဟုတ်။ အတ္တ၏ဆန္ဒအရ အတ္တ၏အလှကို ပေါ်လွင်စေလိုသောကြောင့် နှိုင်းယှဉ်ပြခြင်းသာ ဖြစ်ပါသည်။

အတ္တနှင့်လောကသည် ခြားနားရုံပ်ရှိသော်လည်း အမှန်တကယ်တမ်းမခြားနားပါ။ ထို့ကြောင့် ဤသဘောကိုရည်ရွယ် ဒေါက်တာရာဓာခရစ်ရှနန်က သူ၏ ဘဂဝါဂီတ (၁၉) ၌ ဤသို့ ဖော်ပြခဲ့ပါသည်—

မဒီယံ တဒီယံ လှတိဘေဒံ အပဟာယ သဗ်ဳ ဤသူရာဓိနံ လှတဲ့ ဿိတီး၊

မဒီယံ၊ ငါနှင့်ငါ၏ဥစ္စာ။ တဒီယံ၊ သင်နှင့်သင်၏ဥစ္စာ။ လှတိဘေဒံ၊ ဤသို့ အထင်အားဖြင့်ခြားနားမှုကို။ အပဟာယ၊ မငယ်မူ၍။ သဗ်ဳ၊ သက်ရှိသက်မဲ့အားလုံးသည် ဤသူရာဓိနံ၊ အမှန်အားဖြင့် ထာဝရဘုရားသခင်နှင့် ဧပ်သည်ချည်းဖြစ်၏။ လှတိ၊ ဤကား။ ဿိတီး၊ ရပ်တည်ချက်တည်း။

ထို့အပြင် ကုလားဏ်ဝကန္တြဒ္ဒါလည်း ဤသို့ ဖော်ပြထားကြောင်း၊ ဖြင့် ဒေါက်တာရာခာခရစ်ရှနန်က ဆိုပါသည်။ သူ၏အဆိုမှာ ဤသို့ဖြစ်ပါသည်-

အဒိတ္တံ ကေစိ ဂ္ဂစ္ဆန္တိ၊ ဒိတ္တံ ဂ္ဂစ္ဆန္တိ စာပရေ။
မမ တတ္ထံ ဝိဇာနန္တော၊ ဒိတ္တာဒိတ္တဝိဝဇ္ဇိတံ။

အဒိတ္တံ၊ အတ္တာနှင့်လောက (၂)မျိုးမပြား တသားတည်းဖြစ်ခြင်းကို။ ကေစိ၊ အချို့တို့က။ ဂ္ဂစ္ဆန္တိ၊ အလိုရှိကြကုန်၏။ အပရေ စ အခြားသူတို့ကမူ။ ဒိတ္တံ၊ (၂) မျိုးပြားခြင်းကို။ ဂ္ဂစ္ဆန္တိ၊ အလိုရှိကြကုန်၏။ မမ၊ ငါ၏။ တတ္ထံ၊ အရှိတရားကို။ ဝိဇာနန္တော၊ အမှန်တကယ် သိကုန်သော ပညာရှိတို့သည်ကား။ ဒိတ္တာဒိတ္တဝိဝဇ္ဇိတံ၊ အာတ္မာနှင့်လောကသည် (၂)မျိုးပြား၏ဟူ၍လည်းကောင်း၊ (၂) မျိုးမပြား တသားတည်းဟူ၍လည်းကောင်း၊ ယူကြသော အယူ (၂)မျိုးတို့မှ အလွတ်ဖြစ်သော အမှန်တရားကို။ ဂ္ဂစ္ဆန္တိ၊ အလိုရှိကြကုန်၏။

အမြင့်ဆုံးအမှန်တရားသည် တမျိုးတည်းပါ၏။ သို့ရာတွင် ထိုအမှန်တရားကို လူဘို့ဝေါဟာရဖြင့် ဖော်ပြရန် မတတ်နေကာင်း။ လူတို့ဝေါဟာရဆိုသည်မှာလည်း ဆိုင်ရာဆိုင်ရာအစားတွေအကြုံကို မှီငြမ်းမပြုပဲ သူ့ချည်းသက်သက် ဂျန်ပ်ကိုအား ယုံကြည်မှုကိုမပေးနိုင်။ ပရမတ္ထသစ္စာနယ်ပယ်၌ အမြင့်ဆုံးအမှန်တရားကို ကိုယ်တိုင်မျက်မှောက်ပြုခြင်း (သစ္ဆိကရဏ) သည်သာ မဖျက်ပြယ်နိုင်သော ယုံကြည်မှုကို ပေးနိုင်ပါသည်။ ထို့ကြောင့် အမြင့်ဆုံးအမှန်တရားကို ကိုယ်တိုင်မျက်မှောက်ပြုပြီးသော ပညာရှိ ဘိုသည် ထိုအမှန်တရားကို ဝစီကံဖြင့် ထုတ်ဖော်သက်သေပြခြင်းမပြုပဲ ကိုယ်ကိုင်ကျင့် ပုံးပြခြင်းတည်းဟူသော ကာယကံဖြင့်သာ ဆိတ်ဆိတ်နေမျှ သက်သေပြပြုပါသည်။ ဤအခါ ကိုယ်တိုင်ကျင့်သုံးပြခြင်းသည် ကာယကံလည်းမည်ပါသည်။ ဝစီကံလည်း မည်ပါသည်။ မနောကံလည်း မည်ပါသည်။ တနည်းအားဖြင့်ကိုရလျှင် အမြင့်ဆုံးအမှန်တရားကို

ကိုယ်တိုင်ကျင့်သုံးပြခြင်းသည် ကံသုံးပါးတို့ တသားတည်းပေါင်းစပ်ခြင်း ဖြစ်ပါသည်။

အမြင့်ဆုံးအမှန်တရာဆိုးသည်မှာ အတ္တပင်ဖြစ်၏။ အတ္တသည် အရာရာတိုင်း၏ "စံ" ဖြစ်၏။ အရာရာတိုင်း၏ အတွင်းအား(အန္တောယာမီ)ဖြစ်၏။ အရာရာတိုင်းကို မိမိအလိုသို့လိုက်စေနိုင်သူ(သယံဝသီ)ဖြစ်၏။ အရာရာတိုင်း၌ အမြဲရှိနေသူ(နိဝါသီ)ဖြစ်၏။ အရာရာတိုင်း၏ ကေရာဇ် (သာမီ) ဖြစ်၏။ အတ္တရှိသဖြင့်သာ အားလုံးရှိကြခြင်းဖြစ်၏။ အတ္တသိသဖြင့်သာ အားလုံးသိကြခြင်းဖြစ်၏။ အတ္တလှုပ်သဖြင့်သာ အားလုံးလှုပ်ကြခြင်းဖြစ်၏။ ထို့ကြောင့် အတ္တ၏ အရှိ၊ အသိ၊ အလှုပ်သည် ထာဝရဖြစ်၏။ လောက၏ အရှိ၊ အသိ၊ အလှုပ်သည် တခဏဖြစ်၏။ ဒဿနပညာရှင်တို့၏ ဝေါဟာရဖြင့်ဆိုရလျှင် အတ္တသည် အရှိတရား၊ လောကသည် အဖြစ်တရား။ လောကဝေါဟာရဖြင့်ဆိုရလျှင် မရှိသောတရားသည် မဖြစ်တတ်၊ မဖြစ်တတ်သောတရားကိုလည်း ရှိသည်ဟူ၍ ပြောဆိုရန် မဟတ်ကောင်း။ ထို့ကြောင့် အမြင့်ဆုံးအမှန်ဟုဆိုးဖြစ်သည့် "အတ္တ"မှာ "အရှိ"သဘောနှင့် "အဖြစ်"သဘောဟူ၍ သဘော (၂) မျိုးရှိကြောင်းကို ဆိုကြခြင်းဖြစ်ပါသည်။ "အရှိ" သဘောကို မထင်ရှားအဆင့် (အဗျတ္တ)ဟူ၍လည်းကောင်း၊ "အဖြစ်" သဒ္ဒါကို ထင်ရှားအဆင့် (ဗျတ္တ) ဟူ၍လည်းကောင်း ဆိုကြပါသည်။ ထို့အပြင် "အရှိ"သဘောကို "တခုတည်း" ဟူ၍လည်းကောင်း၊ "အဖြစ်" သဘောကို "အမျိုးမျိုး" ဟူ၍ လည်းကောင်း ဆိုကြပါသည်။

အတ္တဝါဒီတို့၏အဆိုအရ အတ္တသည် အရိုးဆုံးလည်းဖြစ်၏။ အဆန်းဆုံးလည်းဖြစ်၏၊ အရိုးဆုံးဖြစ်ပါက အတ္တသည် တခုတည်းသဘောရှိ၏။ အဆန်းဆုံးဖြစ်ပါက အတ္တသည် အမျိုးမျိုးသဘောရှိ၏။ အများသဘောရှိ၏။ တခုတည်း သဘောရှိသောအခါ ပြဟ္မာဟူ၍ ခေါ်၏။ အမျိုးမျိုးသဘောရှိသောအခါ အများသဘောရှိသောအခါ လောကဟူ၍ ခေါ်၏။ တခုတည်းသဘော ရှိသည်ဖြစ်စေ၊ အများသဘော ရှိသည်ဖြစ်စေ

အတ္တသည် မဖြစ်တတ်၊ မပျက်တတ်၊ အမြဲထာဝစဉ် တသမတ်တည်း တည်တတ်သည့် သဘောသာရှိ၏။ ထို့ကြောင့် အတ္တ၏ အသွင် (၂) မျိုးနှင့် ပတ်သက်၍ အတ္တဝါဒီတို့က ဤသို့ဆိုကြပါသည်—

နိဂုံးကော သဂုဏော စေတိ၊
သိဝေါ ဥ ယျော သနာတနော။
နိဂုံးကော ပြက္ခတေး အညော၊
သဂုဏော့ စ သကလော သူတော။

သိဝေါ၊ အတ္တသည်။ နိဂုံးကော စ၊ အရိုးဆုံးဖြစ်သဖြင့် ဂုဏ်ဟူ၍ စိုးစဉ်းမျှမရှိသော အတ္တလည်းကောင်း။ သဂုဏော စ၊ အဆန်းဆုံးဖြစ်သဖြင့် ဂုဏ်တော် အနန္တရှိသော အတ္တလည်းကောင်း။ ဤတိ၊ ဤသို့။ ဒီဘေဒေါ၊ အသွင်အားဖြင့် (၂) မျိုးပြားသော်လည်း။ သနာတနော၊ အမှန်အားဖြင့် မဖြစ်မပျက် အမြဲထာဝစဉ် တသမတ်တည်း တည်ရှိ၏ ဟူ၍။ ဥ ယျော၊ သိအပ်၏။ နိဂုံးကော၊ ဂုဏ်ဟူ၍ စိုးစဉ်းမျှ မရှိသော အတ္တသည်။ ပြက္ခတေး၊ အမျိုးမျိုးဖြစ်သော ပကတိတရားမှ၊ အညော၊ တပါးသော "တခုတည်း" တရားတည်း။ သဂုဏော စ၊ ဂုဏ်တော် အနန္တနှင့် ပြည့်စုံသော အတ္တသည်ကား။ သကလော၊ "အလုံးစုံတည်း"(၀၊)"အများတည်း"။ဤတိ၊ဤသို့။ သူတော၊မှတ်အပ်၏။

အတ္တသည် သက်ရှိ၊ သက်မဲ့ အားလုံးတို့၏ "တခုတည်း" သော အမြဲတောဖြစ်၏။ သက်ရှိများအားလုံးသည်လည်း အတ္တ၏ အဖြစ်တရားများ ဖြစ်ကြ၏။ သက်မဲ့များ အားလုံးသည်လည်း အတ္တ၏အဖြစ်တရားများ ဖြစ်ကြ၏။ အဖြစ်တရားများ အားလုံးသည် ပျက်စီးခြင်းသဘော ရှိသော်လည်း အရှိဘဝ (အတ္တ) သို့ ပျက်စီးခြင်း သဘာဝမရှိ။ ထာဝစဉ် တသမတ်တည်းဖြစ်၏။ အတ္တ၏ အဖြစ်တရားများဖြစ်သော သက်ရှိများကား လုံးတွင် ငါသင်နှင့် သူကို ပါဝင်ကြ၏။ ယင်းသက်ရှိ အားလုံးတို့သည် သဘုကိုသစ္စာကရ ကဆုံးရှိတထွာ (၁၆) များ ဖြစ်ကြ၏၊ ကို့ကြောင့်

ငါသည်လည်း အဆုံးရှိသဘောအရ သေရ၏။ ပဋိသန္ဓေ နေရ၏။ သင်သည်လည်း သေရ၏။ ပဋိသန္ဓေနေရ၏။ သူသည်လည်း သေရ၏၊ ပဋိသန္ဓေနေရ၏။ သေခြင်းနှင့် ပဋိသန္ဓေနေရခြင်းသည် အဆုံးရှိတရား (အန္တ) ၏ ဓမ္မတာပင်ဖြစ်ပါသည်။ အတ္တ၏ အဖြစ်တရားများဖြစ်သော သက်မဲ့များအားလုံးတို့တွင် ရုပ်ဝတ္ထုများ ပါဝင်၏။ ရုပ်ဝတ္ထုများသည် အဆုံးရှိတရား (အန္တ) များ ဖြစ်ကြ၏။ ထို့ကြောင့် ရုပ်ဝတ္ထုများအားလုံးသည် အဆုံးရှိသဘောအရ ဖြစ်ကြ၏။ ပျက်ကြ၏။ ဖြစ်ခြင်းနှင့် ပျက်ခြင်းသည် အဆုံးဋ္ဌိတရား (အန္တ) ၏ ဓမ္မတာပင်ဖြစ်ပါသည်။ သို့ရာတွင် သက်ရှိသက်မဲ့အဖြစ်တရား အားလုံးတို့၏ တူညီသည့် "တခုတည်း" သော အရှိတရားဖြစ်သည့် အတ္တမှာမူ ပရမတ္ထသစ္စာအရ အဆုံးမရှိတရား (အနန္တ) ဖြစ်ပါသည်။ ထို့ကြောင့် အတ္တသည် အဆုံးမရှိသဘောအရ သေလည်း မသေ၊ ပဋိသန္ဓေလည်း မနေ၊ ဖြစ်လည်း မဖြစ်၊ ပျက်လည်း မပျက်။ မသေခြင်း၊ ပဋိသန္ဓေ မနေခြင်း၊ မဖြစ်ခြင်း၊ မပျက်ခြင်းသည် အဆုံးမရှိတရား (အနန္တ)၏ ဓမ္မတာပင်ဖြစ်ပါသည်။ သေခြင်းနှင့် မသေခြင်း၊ ပဋိသန္ဓေနေခြင်းနှင့် မနေခြင်း၊ ဖြစ်ခြင်းနှင့်မဖြစ်ခြင်း၊ပျက်ခြင်းနှင့် မပျက်ခြင်းတို့သည် တခုနှင့်တခု အလှမ်းကွာဝေးကြသည်မဟုတ်၊ထာဝစဉ် တသမတ်တည်း ရှိနေသော အမြင့်ဆုံးအမှန်တရားကို ပေါ်လွင်စေရန် ဒင်္ဂါးတပြား၏ခေါင်းဘက်နှင့်ပန်းဘက်သဖွယ် ဘက်(၂)မျိုးဖြင့် နိုင်းယှဉ်ပြခြင်းမျိုးသာ ဖြစ်ပါသည်။

အမျိုးမျိုးနှင့်အများသည် အနှောင့်အဖွဲ့ဖြစ်၏။ တခုတည်းသည် လွတ်မြောက်ခြင်းဖြစ်၏။ အနှောင့်အဖွဲ့မှလွတ်မြောက်စေရန် အမျိုးမျိုးနှင့် အများမှ တခုတည်းသို့ ကူးပြောင်းရ၏။ ဓမ္မတမျိုးတည်းဖြစ်လျက် လက်ကောက်၊ လက်စွပ် စသည်ဖြင့် အဆင်တန်ဆာ ရတနာအမျိုးမျိုး အနေဖြင့်ရှိရ၏၊ ယင်းသို့ရှိခြင်းသည် လှည့်စားခြင်း၊ နှောင့်ဖွဲ့ခြင်းသာဖြစ်၏။ မြေတမျိုးတည်းဖြစ်လျက် ပန်းကန်ခွက်ယောက် စသည်ဖြင့် အသုံးအဆောင်အမျိုးမျိုးအနေဖြင့်ရှိရ၏။ ယင်းသို့ရှိခြင်းသည် လှည့်စားခြင်း၊ နှောင့်ဖွဲ့ခြင်းသာဖြစ်၏။ လှည့်စားခြင်း၊ နှောင့်ဖွဲ့ခြင်းသည် လောက

အတွက် အသုံးကျခြင်းပင်ဖြစ်၏။ ဒလောကအတွက် အသုံးမကျသောအခါ လောကုတ္တရာသို့ ကူးပြောင်း၏။ လှည့်စားခြင်း၊ နှောင့်ဖွဲ့ခြင်းမရှိသော အခါ လွတ်မြောက်ခြင်းသို့ ကူးဒပြောင်း၏။ အမျိုးမျိုးနှင့် အများပျောက်ကွယ်သောအခါ တခုတည်းအဖြစ်သို့ ကူးပြောင်း၏။ လောကမှ လောကုတ္တရာသို့ ကူးပြောင်းခြင်း၊ လှည့်စားခြင်းနှင့် နှောင့်ဖွဲ့ခြင်းမှ လွတ်မြောက်ခြင်း၊ အမျိုးမျိုးနှင့်အများမှ တခုတည်းသို့ ကူးပြောင်းခြင်းသည် လူသားဘို၏ မျှော်မှန်းချက်လေးရပ်ဖြစ်သည့် ဓမ္မ၊ ကာမ၊ အတ္တ၊ မောက္ခတို့ကဲ့ အမြတ်ဆုံးမောက္ခပေတည်း။ ယင်းမောက္ခကို ရရှိစေရန် ဉာဏ်လမ်းစဉ်(ဉာဏမဂ္ဂ)၊ သဒ္ဓါလမ်းစဉ်(ဘတ္တိမဂ္ဂ)၊ စေတနာလမ်းစဉ်(ကမ္မမဂ္ဂ)တို့ဖြင့် အားထုတ်အပ်ပါသည်။ ထိုအခါမှသာ အတ္တသည် ဥပါဓိခေါ် ကံကိလေသာနှင့် ရုပ်နာမ်ခန္ဓာ တည်းဟူသော အညစ်အကြေးတို့မှ ကင်းလွတ်၍ တိမ်စင်လနှယ် ထာဝစဉ် တင့်တယ်ပေလိမ့်မည်။ ဤသည်မှာ အတ္တနှင့်ပတ်သက်၍ ဗြာဟ္မဏတို့၏ အဆိုဖြစ်သည်။ အတ္တနှင့် လောက၏ ဆက်သွယ်မှုဖြစ်သည်။

အနတ္တဝါဒ

အနတ္တဝါဒဆိုသည်မှာ ဗုဒ္ဓဝါဒစစ်စစ်ဖြစ်၏။ မြတ်စွာဘုရားသခင် ပွင့်တော်မူသောအခါမှသာ အနတ္တဝါဒသည် ပေါ်ထွန်းလာရ၏။ မြတ်စွာဘုရားသခင် မပွင့်ထွန်းမီကာလ၌လည်းကောင်း၊ သာသနာကွယ်ပခသာကာလ၌လည်းကောင်း အနတ္တဝါဒပျောက်ကွယ်၍ အတ္တဝါဒသာရှိလေသည်။ သို့နှင့်တွေ့ ထိုအတ္တဝါဒသည် "သဿတ" သဘောဘာ ရှိချင်ရှိမည်။ "ဥစ္ဆေဒ"သဘောဘာ ရှိချင်ရှိမည်။ ရှိချင်ရာရှိ သဘောအားဖြင့် အတ္တဝါဒသာတည်း။ အကယ်၍ကြောင့်ဆိုခဲ့သော် အရိယာမဖြစ်ခဲ့သူ့ အနတ္တကို ပိုင်ပိုင်မျက်မောက်မပြုနိုင်သေးခဘောကြောင့်ဖြစ်၏။ အနတ္တကို ပိုင်ပိုင်မျက်မောက်မပြုနိုင်သေးသျှင် တနည်းနည်းအားဖြင့် အတ္တဝါဒကို လက်ခံထားရာ ရောက်ပါသည်။

အနတ္တဝါဒသည် အတ္တဝါဒ၏ ဆန့်ကျင်ဘက် ဖြစ်၏။ အနတ္တဝါဒအရ နိဗ္ဗာန်မှတပါး ရှိရှိသမျှ အရာဝတ္ထုမျှားသည် အားလုံး ဖြစ်ပျက်သဘော ရှိသည်ချည်းသာဖြစ်၏။ ခေတ္တခဏမျှသာတည်နိုင်၏။ ယင်းတို့၏ နောက် ကွယ်၌ ထာဝစဉ် တသမတ်တည်း အမြဲတည်ရှိသော အတ္တဟူ၍ လုံးဝ မရှိချေ။ ပရမတ္ထတရားလေးပါး၌ အတ္တဟူ၍ မပါဝင်သဖြင့် မည်သို့လျှင် အတ်သည် ထာဝစဉ် မပျက်မစီးပဲ အမြဲတည်ရှိနိုင်ပါသနည်း။ တရားကိုယ် မရှိသော တရားဓမ္မသည် အစဉ်၌လည်းမရှိ၊ အလယ်၌လည်းမရှိ။ အဆုံး၌ လည်းမရှိပါချေ။ အကယ်၍ ရှိသည်ဟုဆိုလျှင်လည်း အထင်မှားမှုသာဖြစ် ပါ၏။ ထိုအထင်မှားမှုကြောင့် ဒုတ္ထသည် ပေါ်ပေါက်လာခြင်း ဖြစ်ရကား အတ္တကို အထင်မှားမှုက ဖန်ဆင်းထားသည်ဟုသာ ဆိုနိုင်ပါ၏။ ပိဋကတ် စာပေမျှား၌ အတ္တသည် ပရမတ္ထအားဖြင့် တကယ်မရှိပဲ အစိတ်အပိုင်း မျှားကို စနစ်တကျစုစည်းရာမှ ဖြစ်ပေါ်လာသည့် "ရထား" ကဲ့သို့ တရားသစ်တမျိုးသာ ဖြစ်၏ဟူ၍ ဖေါ်ပြထားပါသည်။ ထို့ကြောင့် ကြိုးကိုမြေထင်မှတ်ရာ၌ မြေကို ဒေါးစိုက်၍ ပယ်ဖျက်ရန်မလိုပဲ ကြိုးကို အမှန်အတိုင်း ကြိုးအဖြစ်မြင်လိုက်သည်နှင့်တပြိုင်နက် မြေသည် အလို အလျောက် ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍သာ ဒုက္ခသစ္စာကို အမှန်အတိုင်း ဒုက္ခသစ္စာအဖြစ် ပိုင်းခြား၍ သိလိုက်သည်နှင့်တပြိုင်နက် အတ္တကို အလိုလိုပယ်ပြီးသား ဖြစ်သွားရခြင်းဖြစ်ပါသည်။

အတ္တဝါဒအရ အတ္တသည် အရှိ၊ အသိ၊ အလှူဖြစ်သော်လည်း အနတ္တ ဝါဒအရ အတ္တသည် မရှိ၊ မသိ၊ အကျည်းတန်ဖြစ်၏။ အထွတ်အထိပ် ဖြစ်သော အရဟတ္တဖိုလ်ကိုပင် သခ်ါရဒုက္ခအဖြစ် ရေတွက်ခဲ့သေးရာ အစကတည်းက တရားကိုယ်မရှိသော အတ္တကို အဘယ်သို့လျှင် အရှိ၊ အသိ၊ အလှူဟူ၍လည်းကောင်း၊ ကေန္တသုခဟူ၍လည်းကောင်း သတ်မှတ် နိုင်ပါအံ့နည်း။ အမှန်အားဖြင့် သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ အားလုံး သော အရာဝတ္ထုတို့သည် ထာဝစဉ် ဖြစ်၊ တည်၊ ပျက်သဘောရှိကြသဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတို့သာတည်း။ ယင်းတို့ချုပ်ငြိမ်းမှသာလျှင်

စစ်မှန်သောချမ်းသာ (သန္တိသုခ) ဟူ၍ ထင်ရှားရှိလာမည်ဖြစ်ပါသည်။ ဤသို့ အနတ္တဝါဒက လောကနှင့် နိဗ္ဗာန်ကို မြင်ပါသည်။

သုညဝါဒ

သုညဝါဒသည် မဟာယာနဝါဒဖြစ်ပါသည်။ သုညဝါဒအမြင်ဖြင့် ဆိုရလျှင် အတ္တဝါဒသည် အစွန်းတဘက်ရောက်ဝါဒဖြစ်ပါသည်။ ဤလောကဌ် ခမ်းသာခြင်းနှင့် ဆင်းရဲခြင်း၊ ရင့်ကျက်ခြင်းနှင့် နုခြင်း၊ မြင့်မြတ်ခြင်းနှင့် ယုတ်နိမ့်ခြင်းစသော ဆန့်ကျင်ဘက်အစုံတရားတို့သည် အမှန်တကယ်ရှိကြပါ၏။ ယင်းတို့၏ တည်ရှိရာအတ္တသည် မပြောင်းမလဲတခုတည်းအဖြစ် အမြဲဘည်ရှိနေလျှင် ထိုဂုဏ်များ ခြားနားခြင်းကို လက်တွေ့ကျကျ မည်သို့ဖြစ်ရှင်းနိုင်မည်နည်း။ ထို့အပြင် "က်" သည် လည်းကောင်း၊ "ပါရမီ" သည်လည်းကောင်း လက်မခံပဲနေနိုင်သော သဘောတရားဖြစ်၏။ ကုသိုလ်ကံကို ပြုလုပ်ခြင်းအားဖြင့် လည်းကောင်း၊ ပါရမီကို ဖြည့်ဆည်းသော အားဖြင့်လည်းကောင်း အတ္တကို မြင့်သည်ထက် မြင့်အောင် ပြုပြင်ပြောင်းလဲရန် ကြိုးစားနေကြပါ၏။ ကြိုးစားသည့် အလျောက်လည်း ကာလ၊ ဌာန၊ ဥပမိနှင့် ပယောဂတို့၏ ပြည့်စုံမှုအလိုက် အကုသည် ခြားနားလာပါ၏။ ထို့ကြောင့် အတ္တဝါဒီတို့ပြောသည့်အတိုင်း "အတ္တသည် မပြောင်းမလဲ ထာဝစဉ် တသမတ်တည်းအမြဲကည်၏" ဟူသောအဆိုသည် လုံးဝမှားယွင်းသော အဆိုဖြစ်သည်။ သို့ဖြစ်၍ အတ္တဝါဒကို အစွန်းတဘက်ရောက် ဝါဒဖြစ်သည်ဟု ဆိုသုညဝါဒီတို့က ဆိုခြင်းဖြစ်ပါသည်။ လောကတွင် ကချိန်နှင့်ကချိန်၊ ကဘဝနှင့် ကဘဝ ခြားနားခြင်းရှိသည်မှာ မှန်၏။ သို့ရာတွင် ထိုခြားနားခြင်းသည် ဇီဝ၏ခြားနားခြင်းသာဖြစ်၏။ အတ္တ၏ခြားနားခြင်းမဟုတ်။ ဇီဝသည် ကံ၊ ကိလေသာ၊ ပါရမီတို့ကြောင့် မခြောင်ဖွဲ့နိုင်သော ကတ္တ(အနုပါဒိသတ္တ)သာဖြစ်ပါသည်။ ခြားနားခြင်းသည် ကံ၊ ကိလေသာ၊ ပါရမီတို့ကြောင့် ဖြစ်ပေါ်လာသော ဇီဝ၏ခြားနားခြင်းသာဖြစ်သည်။ ဇီဝသည် ကံ၊ ကိလေသာ၊ ပါရမီတို့ကြောင့် ဖြစ်ပေါ်လာသော အကြောင်းတရားသာဖြစ်သည်။

ဤသည်မှာ သုညဝါဒီတို့အပေါ် အတ္တဝါဒီတို့၏ ပြန်လည်ချေပချက် ဖြစ်ပါသည်။ သို့ရာတွင် မည်သို့ပင် ချေပစေကာမူ သုညဝါဒီတို့က အတ္တဝါဒကို အစွန်းတဘက်ရောက်ဝါဒအဖြစ် သတ်မှတ်ထားပါသည်။

အနတ္တဝါဒကိုလည်း အစွန်းတဘက်ရောက်ဝါဒအဖြစ် သုညဝါဒီတို့က သတ်မှတ်ထားပါသည်။ အကယ်၍သာ ဤလောကဌ အတ္တမရှိဟုဆိုမှန်လျှင် "မုတ်မိခြင်း"သဘောကို မည်သို့ဖြေရှင်းနိုင်မည်နည်း။ ထို့အပြင် "လုတ် မြောက်ခြင်း"သဘောကို မည်သို့ ဖြေရှင်းနိုင်မည်နည်း။ သံသရာဌ ကျင်လည်ခြင်းသဘောကို မည်သို့ ဖြေရှင်းနိုင်မည်နည်း။ ဤသည်မှာ သုညဝါဒီတို့၏ စောဒနာချက်ဖြစ်ပါသည်။ အနတ္တဝါဒအရ အရိယာမဖြစ်မီ အတ္တသည် ရှိ၏။ ယင်း အတ္တကို ပယ်လိုက်ခြင်းဖြင့် သစ္စာဏ်ကိုရကာ အရိယာဖြစ်သွားခြင်းဖြစ်၏။ ဤနေရာ၌ အတ္တဆိုသည်မှာ တဏှာလက်သမား၏ ဆောက်လုပ်မှုကြောင့် နေအိမ်သဖွယ်ဖြစ်ပေါ်လာသော ခန္ဓာငါးပါးမှ ပေါ်ထွက်လာသည့် တရားသစ်ဖြစ်၏။ ယင်းတရားသစ်သည် ပရမတ္ထ အားဖြင့် ထင်ရှားမရှိ။ ထင်ရှားမရှိလျှင် မခိုင်မြဲ။ သို့ဖြစ်ပါလျက် ထင်ရှားရှိ၏၊ ခိုင်မြဲ၏ ဟူ၍ မှားယွင်းသောအယူသည် ဖြစ်ပေါ်လာ၏။ ယင်း မှားယွင်းသောအယူသည် ဒိဋ္ဌိတသိက်ပင်တည်း။ ယင်းကို သောတာပတ္တိမဂ်က ပယ်လေသည်။ လုတ်မြောက်ခြင်းဆိုသည်မှာလည်း ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ်တည်းဟူသော ဝဋ်တရားဘို့၏ ချုပ်ငြိမ်းမှု ဖြစ်ပါသည်။ သို့ဖြစ်၍ မုတ်မိခြင်း၊ လွတ်မြောက်ခြင်း၊ ကျင်လည်ခြင်းတို့ကို ဖြေရှင်းနိုင်ပါသည်။ ဤသည်မှာ သုညဝါဒီတို့အပေါ် အနတ္တဝါဒီတို့၏ ပြန်လည်ချေပချက် ဖြစ်ပါသည်။ သို့ရာတွင် မည်သို့ပင်ချေပစေကာမူ သုညဝါဒီတို့က အနတ္တဝါဒကို အစွန်းတဘက်ရောက်ပါဒအဖြစ် သတ်မှတ်ထားပါသည်။

ဤနေရာ၌ သုညဝါဒဆိုသည်မှာ ပရမတ္ထတရားများအနေဖြင့် မိမိတို့၏ ပင်ကိုသဘောမှ ဆိတ်သုဉ်းခြင်းဖြစ်သည်ဟူ၍ ယူသောဝါဒဖြစ်၏။ ဖြစ်ပေါ်လာသော တရားမှန်သမျှသည် မိမိတို့ဘာသာ မိမိတို့အလို

အလျောက် ဖြစ်ပေါ်လာကြသည်မဟုတ်။အကြောင်းတရားတို့၏ ပေါင်းဆုံမှုကြောင့် ဖြစ်ပေါ်လာကြခြင်းဖြစ်ပါသည်။ အကယ်၍ အကြောင်းတရားမရှိလျှင် အကျိုးတရားအနေဖြင့် မိမိတို့၏ ပင်ကိုသဘောသတ္တိအရ တစုံတခုမျှ ဖြစ်ပေါ်နိုင်ခြင်းမရှိ။ ထို့ကြောင့် ပရမတ္ထတရားမှန်သမျှသည် မိမိတို့ ဖြစ်ပေါ်ရေးအတွက် အခြားတပါး ကို ထောဝစဉ်မှီနေရသဖြင့် မိမိတို့၏ ပင်ကိုသဘောသတ္တိမှ ဆိတ်သုဉ်းကြ၏ဟူ၍ သုညဝါဒ·က ဆိုပါသည်။

သုညဝါဒအရ လောကသည်လည်း မိမိ၏ ကိုယ်ပိုင်သဘောသတ္တိဖြင့် တစုံတခုမျှ ဖြစ်ပေါ်နိုင်ခြင်းမရှိပဲ အခြားတပါးကို မှီနေရသည့်အတွက် "သုည"ဖြစ်ပါသည်။ နိဗ္ဗာန်သည်လည်း မည်သို့ မည်ပုံဟူ၍ လောကဝေါဟာရများဖြင့် ပြောဆို၍ မရကောင်းသော သဘောဖြစ်သောကြောင့် "သုည"ဖြစ်ပါသည်။ ထို့ကြောင့် လောကနှင့် နိဗ္ဗာန်သည် သုညသဘောအရ အာကာတူပင် ဖြစ်ပါသည်။ ဖြစ်တည်ပျက်သဘောရှိသော ရုပ်နာမ်ကို "လောက"ဟုခေါ်၍ ဖြစ်တည်ပျက်သဘောမရှိသော ရုပ်နာမ်ကို "နိဗ္ဗာန်" ဟု ခေါ်ပါသည်။ ဤမျှ သာဏူးပါသည်။ တနည်းအားဖြင့်ဆိုရလျှင် လောကနှင့် နိဗ္ဗာန်သည် သဘောအားဖြင့် ခြားနားခြင်းမရှိ။ ရှုမြင်ပုံအရသာ ခြားနားခြင်းရှိပါသည်။ တရားကိုယ်အားဖြင့်မူ ရုပ်နာမ် (၂)ပါးသာ ဖြစ်၏။ ဝါဒရေးဆွနှင့်ပတ်သက်၍ သုညဝါဒီတို့က သူတို့၏ ဝါဒသည် "အဆို"မဟုတ်။ "အမြင်"ဖြစ်၏ဟူ၍ ဆိုပါသည်။ အဆို-ဟူသမျှသည် စတုကောဋိသဘောတရားအရ အစွန်းလေးဘက်အတွင်း၌ ဝင်ရသည်။ အစွန်းလေးဘက်အတွင်း၌ ဝင်ရာမှင် ဘခုကိုတခု ချေဖျက်သော သဘောရှိသည်သာတည်း။ သုညဝါဒကား အစွန်းလေးဘက်၌ မဝင်၊ အစွန်းလေးဘက်မှ အလွတ်ဖြစ်၏။ ထို့ကြောင့် သုညဝါဒကို ချေဖျက်ရန် မတတ်ကောင်း၊ သို့ဖြစ်၍ သုညဝါဒသည် "အဆို"မဟုတ်၊ "အမြင်"ဖြစ်၏ဟူ၍ ဆိုခြင်းဖြစ်ပါသည်။ ဤနေရာ၌ အမြင်ဟူသည်မှာ အလင်းရောင်သဖွယ် မိမိဖြင့်ကြောင်း မိမိဘာသာ မိုးလင်းပြသည့်သဘော (သယံသိဒ္ဓ) ဖြစ်ပါသည်။ သုညဝါဒနှင့် ပတ်သက်၍ တစုံတခု ချွတ်ယွင်းချက်မရှိနိုင်ပုံကို ကျွန်ုပ် ပေါ်ပြကြပါသည်—

ယဒိ **ကာစန** ပြတိညာ သျာတ် **မေ၊** တတော ဇဝ မေ ဘဝေတ် ဒေါသး၊ နာသ္တိ စ **မမ** ပြတိညာ၊ တသ္မာတ် နေဝ အာသ္တိ မေ **ဒေါသး။**

(ဝိဂြဟဗျာဝတ်နီ–၂၉)

သတ် အသတ် သဒသတ် စေတီ ယသျ ပက္ခော နာ ဝိဒျတေ၊ ဥပါလမ္ဘး စိရေဏာပိ တာသျ ဝတ္တုံ နာ သက္ကတေ။

(စတုသတက–၁၆၊ ၂၅)

ကာစန၊ တစုံတခုသော။ ပြတိညာ၊ အဆိုသည်။ မေ၊ ငါ့အား။ ယဒိ သျာတ်၊ အကယ်၍ ရှိငြားအုံ။ တတော ဇဝ၊ ထို့ကြောင့်သာလျှင်။ မေ၊ ငါ့အား။ ဒေါသး၊ အပြစ်သည်။ ဘဝေတ်၊ ဖြစ်ရာ၏။ မေ၊ ငါ့အား။ ပြတိညာ၊ အဆိုသည်။ နာ အာသ္တိ စ၊ ရှိလည်းမရှိ။ တသ္မာတ်၊ ထို့ကြောင့်။ မေ၊ ငါ့အား။ ဒေါသး၊ အပြစ်သည်။ **နေဝ အာသ္တိ၊ မရှိသည်သာတည်း။**

သတ် **စ၊** အရှိဟူ၍လည်း**ကောင်း**။ အသတ် **စ၊** မရှိဟူ၍လည်း**ကောင်း**။ သတ်-အသတ် စ၊ အခ္ဆိုရှိ၏၊ အခ္ဆိမရှိဟူ၍လည်း**ကောင်း**။ [နာ သတ် **စ၊** နာ **အ**သတ် စ၊ အခ္ဆိုရှိသည်လည်း **မဟုတ်၊** အခ္ဆိမရှိသည်**လ**ည်း မဟုတ်ဟူ၍လည်း**ကောင်း**] **ယ**သျ၊ အကြောင်သူအား။ ပက္ခော၊ ဘက်လိုက်ခြင်း**သ**ည်။ နာ ဇီဒျတေ၊ **မ**ရှိ။ တသျ၊ ထိုသူအား။ စိရေဏာပိ၊ **ကြာ**မြင့်စွာသော **ကာလ** ပတ်လုံး။ ဥပါလမ္ဘး၊ **အ**ပြစ်ကို။ ဝတ္တုံ၊ ဆိုခြင်းငှာ။ နာ သက္ကတေ၊ **မစ္ဆ**မ်းနိုင်ခဲ့။

သုညဝါဒသည် အတ္တဝါဒနှင့် အနတ္တဝါဒတို့၏ ချတ်ယှင်းချက်ကို ဖော်ထုတ်ရန် ကြိုးပမ်းသည့်ဝါဒဖြစ်ပါသည်။ သို့ရာတွင် သုညဝါဒ၌ ကိုယ်ပိုင်အဆိုမရှိသောကြောင့် ယင်း သုညဝါဒကို အခ္ဆိုက ဝိတဏ္ဍဝါဒ ဟူ၍ သတ်မှတ်ကြပါသည်။ ဝိတဏ္ဍဝါဒဆိုသည်မှာ ကိုယ်ပိုင်ရပ်တည်ချက်

မရှိသောကြောင့် အရေးတယူစဉ်းစားထိုက်သည့်ဝါဒမဟုတ်ဟူ၍အဓိပ္ပာယ် ရှိပါသည်။ ဒဿနစာပေလောကဌ ကိုယ်ပိုင်ရပ်တည်ချက်ရှိသော ဝါဒများကို သကဝါဒ(သဏသမယ)ဟူ၍လည်းကောင်း၊ ပရဝါဒ(သမယန္တရ)ဟူ၍ လည်းကောင်း သုံးနှုန်းပြီး ကိုယ်ပိုင်ရပ်တည်ချက်မရှိသော ဝါဒကို ဝိတဏ္ဍ-ဝါဒဟူ၍ သုံးနှုန်းကြပါသည်။ သို့ရာတွင် မည်သို့ဆိုစေ သုညဝါဒီတို့၏ အလိုအရ သုညဝါဒသည် အစွန်းလွတ်ဝါဒဖြစ်သည်ဟု ခံယူကြပါသည်။

(၆) ကာမသုခလ္လိကာနုယောဂဝါဒ

ကာမသုခလ္လိကာနုယောဂဝါဒဆိုသည်မှာ ဗုဒ္ဓမြတ်စွာ၏ ဝိဝဋ္ဋနည်းမှ တပါးသော ဝဋ္ဋနည်းများဖြင့် ချမ်းသာသုခကို ရှာဖွေသည့် ဝါဒဖြစ်ပါ သည်။ ဝိပဋ္ဋနည်းဆိုသည်မှာ မုချအားဖြင့် ဝိပဿနာဖြစ်ပါသည်။ သို့ရာတွင် ဝိပဿနာရှေးရှုသော ဒါန၊ သီလနှင့်သမထတို့ကိုလည်း ဥပစာရ အားဖြင့် ဝိဝဋ္ဋနည်း၌ ထည့်သွင်း ရတွက်ပါသည်။ ကာမသုခလ္လိကာ-နုယောဂဝါဒသည် လောကလူသားတို့၏ သမားရိုးကျ ရှာဖွေနည်းများ ဖြင့် ချမ်းသာစစ်၊ ချမ်းသာမှန်ကို ရရှိရန် အားထုတ်သည့်ဝါဒဖြစ်ပါ သည်။ ထိုဝါဒအရ အားထုတ်သောအခါ ချမ်းသာစစ်၊ ချမ်းသာမှန်များ မရရှိပဲ ချမ်းသာယောင် ချမ်းသာတုများကိုသာ ရရှိပြီး အဘိဇ္ဈာနှင့် ဒေါမန-များသာ ပွားများခဲ့ပါသည်။ အလိုပြည့်လျှင် ပျော်ရွှင်ပြီး အလိုမပြည့်လျှင် နှလုံးမသာမယာ ဖြစ်ကြရပါသည်။

ဤဝါဒဖြင့် ချမ်းသာသုခကို ရှာဖွေသောအခါ အသံဓာတ်များမှားမှုကြောင့် မသိ(အဂိဉ္စ)၊ မသိလျှင် လိုချင်(တဏှာ)၊ လိုချင်လျှင် စွဲလမ်း (ဥပါ ဒါန်)၊ စွဲလမ်းလျှင် အားထုတ် (သင်္ခါရ)၊ အားသွတ်လျှင် ရရှိ (ဘဝ)၊ ဤနည်းအားဖြင့် [illegible] သမုပ္ပါဒ်အဆက်ဆက်ပင်းဝဏ်းများသော ဖြစ်ပေါ်ပြီး သံသရာဏက်ခဟတ်မှ မလွတ်ကင်းကြောက်ခိုင်ပဲ လည်နေမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဤဝါဒကို အယုံးတာဘက်ခရောက် ဝါဒအဖြစ် မြတ်စွာ ဘုရားက ဟောကြားခဲတော်မူခဲ့ခြင်းဖြစ်ပါသည်။ အပုန်အားဖြင့် ကာမ-သုခလ္လိကာနုယောဂဝါဒသည် လောကလူသားတို့၏ သမားရိုးကျ ဝါဒ

နှင့် အရပ်သုံးကျင့်စဉ်ဖြစ်ပါသည်။ မင်္ဂလမပဋိပဒါကို မတွေ့မီ လူ့သမိုင်း တလျှောက်၌ လူသားတို့သည် ဤအစုန်လမ်းကို လိုက်ခဲ့ကြပါသည်။ ဤအစုန်လမ်းကား သက်သာသည့် လမ်းပေဘည်း။ "ရှိရှိရေး" လမ်းပေတည်း။

အတ္တကိလမထာနုယောဂဝါဒ

အတ္တကိလမထာနုယောဂဝါဒသည် ကာမသုခလွှိကာနုယောဂဝါဒ၏ ဆန့်ကျင်ဘက်ဖြစ်ပါသည်။ ဤဝါဒအရ ချမ်းသာသုခကို ရှာဖွေသော အခါ လူသားတို့၏ သမာဒိုးကျသဘာဝရှာဖွေနည်းဖြစ်သည့် "ရှိရှိရေး" လမ်းစဉ်ဖြင့် ရှာဖွေ၍ မရပဲ သူတော်စင်ယောဂီတို့၏ သဘာဝလွန်ရှာဖွေနည်းဖြစ်သည့် "စွန့်လွှတ်ရေး" လမ်းစဉ်ဖြင့်သာ ရှာဖွေရမည်ဟု ယုံကြည်သည့်ဝါဒဖြစ်ပါသည်။ ဤဝါဒ၌ ယုံကြည်သူများကို တိတ္ထိယများအဖြစ် ပိဋကတ်စာပေများ၌ ဖော်ပြထားပါသည်။ သခ်ၤာဝေါဟာရဖြင့် ဆိုရလျှင် ကာမသုခလွှိကာနုယောဂဝါဒကို "အပေါင်း"ဝါဒဟု ခေါ်နိုင်ပြီး အတ္တကိလမထာနုယောဂဝါဒကို "အနုတ်"ဝါဒဟု ခေါ်နိုင်ပါသည်။

အတ္တကိလမထာနုယောဂပါဒအရ ကျင့်သောအခါ ကံ၊ ကိလေသာများ အသစ်တိုးပွားမှုမဖြစ်စေပဲ အဟောင်းများ ဝဖြည်းဖြည်း ကုန်နှေးသွားရေးအတွက် မိမိ၏နွေးကိုယ်ကို ပင်ပန်းနွမ်းနယ်သွားအောင် ညှဉ်းပန်းရပါသည်။ ထိုသို့ညှဉ်းပန်းခြင်းအားဖြင့် အကုသိုလ်အကျိုးများ ဖြစ်ပေါ်ပြီး ဆိုင်ရာဆိုင်ရာ အကုသိုလ်ကံများသည် အကျိုးပေးပြီးသဘောသို့ သက်ရောက်သွားသဖြင့် ကုန်ခန်းသွားမည်ဖြစ်ပါသည်။ အကုသိုလ်ကံများသည် မုချမသေ့ အကျိုးပေးမည်ဖြစ်ရာ ၎င်အကုသိုလ်ကံများကို အကျိုးပေးခွင့်ရအောင် ဖန်တီးပေးလိုက်သဖြင့် အကျိုးပေးမှုကိစ္စပြီးစီး၍ ကုန်ခန်းသွားသည့်သဘောဖြစ်ပါသည်။ ဗေဒင်လောက၌ ယတြာချေသည့် သဘောမျိုးဖြစ်ပါသည်။ မကောင်းကျိုး မဖြစ်ပေါ်မီ အသင့်အတင့် မကောင်းကျိုးကို ကြိုတင်ဖြစ်ပေါ်စေသည့် သဘောမျိုး ဖြစ်ပါသည်။ ယင်းကို ကျိန်းကျေသည်ဟူ၍လည်းကောင်း၊ ကျိန်းချေသည် ဟူ၍လည်း

ကောင်း ဆိုပါသည်။ အတ္တကိလမထာနုယောဂဝါဒအရ ကျင့်လျှင် ခန္ဓာကိုယ်ကို ပင်ပန်းနှိမ်းနယ်အောင် ညှဉ်းပန်းရပါသည်။ ထိုသို့ညှဉ်းပန်းလျှင် ဒုက္ခဝေဒနာများဖြစ်ပေါ်လာပါသည်။ဒုက္ခဝေဒနာများသည် အကုသိုလ်၏ အကျိုးဝိပါက်များဖြစ်ပါသည်။ အကုသိုလ်၏အကျိုးဝိပါက်များဖြစ်သည့် ဒုက္ခဝေဒနာများ ဖြစ်ပေါ်သည်နှင့် တပြိုင်နက် ဆိုင်ထုက်ဟောင်းများ ကုန်ခန်းသွားမည် ဖြစ်ပါသည်။ အကုသိုလ်ကံများ ကုန်ခန်းသွားလျှင် အလိုအလျောက် စင်ကြယ်သွားပြီး တရားထူးများကို သိမြင်ကာ စစ်မှန်သော ချမ်းသာသုခကို ရရှိနိုင်မည်ဖြစ်ပါသည်။ ဤသည်မှာ အတ္တကိလမထာနုယောဂဝါဒ၏ အနှစ်သာရဖြစ်ပါသည်။

အတ္တကိလမထာနုယောဂဝါဒီတို့ဆိုသည့်အတိုင်း ခန္ဓာကိုယ်ကိုညှဉ်းပန်းရုံမျှဖြင့် ကံဟောင်းများလည်း ကုန်မသွားပါ။ ပို၍လည်း စင်ကြယ်မလာပါ။ တရားထူးများကိုလည်း သိမလာပါ။ စစ်မှန်သော ချမ်းသာသုခကို လည်း ရရှိ မလာပါ။ အမှန်အားဖြင့် အတ္တကိလမထာနုယောဂသည် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်၏ အဖြာဖြာဝင်းဘရား ငါးပါးတွင် အသွင်တမျိုးဖြင့် ပါဝင်နေခြင်းမျှသာ ဖြစ်ပါသည်။ အပ်ဇ္ဇာ၊ တဏှာ၊ဥပါဒါန်၊ဘ ခံ်ရ၊ ဘဝတည်းဟူသော အဖြာဖြာဝင်းတရား အုပ်စုများသည် သဘာဝလွန် သဘောဖြင့် ဖြစ်ပေါ်နေခြင်းဖြစ်ပါသည်။ ထို့ကြောင့် အတ္တကိလမထာနုယောဂအကျင့်ဖြင့် သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်သည့်အပြင် ပစ္စုပ္ပန်သံသရာဌ် ဆင်းရဲဒုက္ခကို ခံစားကာ (၂)ဘက်ရှိး ရှိးပြီး ဒုက္ခတိုးဖြစ်နေရခြင်းဖြစ်ပါသည်။ ထို့ကြောင့် အတ္တကိလမထာနုယောဂဝါဒကို အစဉ်နှံးဘဘက်ဆောက်ဝါဒအဖြစ် မြှက်စွာဘုရားသခင်က ဟောကြားတော်မူခြင်းဖြစ်ပါသည်။

မဇ္ဈိမပဋိပဒါဝါဒ

မဇ္ဈိမပဋိပဒါဝါဒသည် ဘုရားဒေသနာဖြစ်သည်။ ထိုဝါဒတွင် စွန်း(၂)ဘက်မှလွတ်ကာ သစ္စာလေးပါးကို သိမြင်ကြောင်း လမ်းညွှန်ချက်ဖြစ်သို့ ဆောက်တော်မူခဲ့ပါသည်။ မဇ္ဈိမပဋိပဒါကျင့်စဉ်တွင် အသွင်သဏ္ဌာန်အာ

ဖြင့် ကာမသုခလွတ်ကာနုယောဂသဘောအရ "ရယူရေး"လည်း ပါဝင်ပါသည်။ အတ္တကိလမထာနုယောဂ သဘောအရ "စွန့်လွှတ်ရေး"လည်း ပါဝင်ပါသည်။ သို့ရာတွင် ထိုသို့ပါဝင်ခြင်းမှာ အနှစ်သာရအားဖြင့် ပါဝင်ခြင်း မဟုတ်ပဲ အာသဒံသဏ္ဌာန်အားဖြင့် ပါဝင်ခြင်းဖြစ်ပါသည်။ ဝိပဿနာတရားအားထုတ်ရာတွင် ချမ်းသာသယောင်ရှိချင်ရှိမည်။ချမ်းသာသယောင်ရှိရုံမျှနှင့် ကာမသုခလွတ်ကာနုယောဂမဟုတ်။ ဆင်းရဲသယောင်ရှိချင်ရှိမည်။ ဆင်းရဲသယောင်ရှိရုံမျှနှင့် အတ္တကိလမထာနုယောဂမဟုတ်။ အမှန်အားဖြင့် အသွင်သဏ္ဌာန်မျှားသည် မပြဋ္ဌာန်း၊ အနှစ်သာရသည်သာ ပြဋ္ဌာန်းပါသည်။ အနှစ်သာရဟူသည်မှာ နာမ်ရုပ်ကို အမှန်အတိုင်း သိရေးပင်ဖြစ်ပါသည်။ နာမ်ရုပ်ကို အမှန်အတိုင်းသိလျှင် ကြောင်းကျိုးဆက်ကို သိမည်။ ကြောင်းကျိုးဆက်ကို သိလျှင် အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောကို သိမည်။ ထို့နောက် အရိယသစ္စာဉာဏ်ကို ရမည်။ ထိုအခါ သံသရာဝဋ်မှလွတ်မည်။ ဤသည်မှာ မဇ္ဈိမပဋိပဒါဝါဒ၏ အနှစ်သာရဖြစ်ပါသည်။

မဇ္ဈိမပဋိပဒါဝါဒသည် ပဋိစ္စသမုပ္ပါဒ်ဝါဒ၊ ဝိဝဋ္ဋဝါဒ၊ ဝိပဿနာဝါဒ ဖြစ်ပါသည်။ ထိုဝါဒဖြင့် ပဋ်စ္စသမုပ္ပါဒ် စက်ရဟတ်ကို ပယ်ဖျက်ခဲ့ပါသည်။ သံသရာဝဋ်မှ လွတ်မြောက်စေခဲ့ပါသည်။ ဒုက္ကြောင်းတရား အုပ်စုများကိုလည်း ချုပ်ငြိမ်းစေခဲ့ပါသည်။ အကြောင်းတရား အုပ်စုများကို ချုပ်ငြိမ်းစေခဲ့သောကြောင့် ယင်းတို့ဆိုင်ရာ အကျိုးဟရားအုပ်စုများလည်း အလိုအလျောက် ချုပ်ငြိမ်းပြီးဖြစ်ပါသည်။ အကြောင်းအကျိုးပြတ်သည်နှင့်တပြိုင်နက် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် ရပ်နားပြီးဖြစ်ပါသည်။ ထိုအခါ ကြောင်းကျိုးဆက်လွန်သဘောဖြင့် နိဂ္ဂောဓသစ္စာဖြစ်ခေါ်လာပြီး အတုခဲ့သော သန္တိသုခသဘောသည် ထင်ရှားလာမည်ဖြစ်ပါသည်။ မဇ္ဈိမပဋိပဒါဝါဒ-က လောကနှင့် နိဗ္ဗာန်တို့၏ ဆက်သွယ်မှုကို ဤအတိုင်းမြင်ပါသည်။

ဝါဒအုပ်စု (၆)မျိုး

လောကနှင့်နိဗ္ဗာန်တို့၏ ဆက်သွယ်မှုနှင့်ပတ်သက်၍ ဝါဒပေါင်းများစွာ ပေါ်ထွက်ခဲ့ပါသည်။ ထိုဝါဒပေါင်းများစွာအနက် အစွန်းရောက်သောဘာနှင့် မဇ္ဈိမပဋိပဒါသဘော သက်ဝင်သော ဝါဒအုပ်စု (၆)မျိုးကိုသာ ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ ထိုဝါဒအုပ်စု (၆)မျိုးအနက် ဝိဘဇ္ဇဝါဒ၊ အနုတ္တဝါဒနှင့် မဇ္ဈိမပဋိပဒါဝါဒသည်သာ စင်ကြယ်သန့်ရှင်းသော ဝါဒကောင်း ဝါဒမှန်ဖြစ်ပါသည်။ အခြားသော အုပ်စုများတွင်လည်း မဇ္ဈိမပဋိပဒါသက်ဝင်သော ဝါဒများရှိပါသည်။ သို့ရာတွင် ထိုဝါဒများသည် စင်ကြယ်သန့်ရှင်းသော ဝါဒများမဟုတ်ကြပါ။ "နတ်သုခဝထဲ မစင်စစ်ပဲ ရောသည့်နှယ်" မစင်ကြယ် မသန့်ရှင်းသော ဝါဒများဖြစ်ပါသည်။ အာဇာယ်ဝါကြောင့်ဆိုသော် ယင်းတို့သည် တနည်းနည်းအားဖြင့် အတ္တကိုအခြေပြုထားသည့် ဝါဒများသာဖြစ်သောကြောင့် အခြေခံမစင်ကြယ်သည့် မဇ္ဈိမပဋိပဒါနှင့် ဝိဘဇ္ဇအာဒုအယောင် ဝါဒများသာ ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းဝါဒများကို ရှောင်ကြဉ်နိုင်ရေးအတွက် သတိပေးသည့် အနေဖြင့် ဖော်ပြထားခြင်းဖြစ်ပါသည်။ အတုနှင့်အစစ်ကို ခွဲခြားသိနိုင်ရန် ဖြစ်ပါသည်။

ပမာဏများ

ပမာဏဆိုသည်မှာ မှန်ကန်သော အသိဉာဏ်ကို ရရာရကြောင်း အထောက်အထားများ ဖြစ်ပါသည်။ ယင်း အထောက်အထားများကို ဘိန္ဒိယဒဿနကျမ်းများ၌ ဖော်ပြကြပါသည်။ ထိုသို့ ဖော်ပြရာတွင် တကျမ်းနှင့်တကျမ်း အယူအဆချင်း မတူညီကြပါ။ သို့ရာတွင် ဖော်ပြထားသည့် ပမာဏများအားလုံးကို ပေါင်းလိုက်လျှင် ပမာဏများစုစုပေါင်း (၉)မျိုးရှိပါသည်။ ယင်း(၉)မျိုးတို့မှာ—

(၁) ပစ္စက္ခပမာဏ (ကိုယ်တွေ့သိနည်း)
(၂) အနုမာနပမာဏ (ဆင်ခြင်သိနည်း)
(၃) ဥပမာနပမာဏ (နှိုင်းယှဉ်သိနည်း)၂

(၄) သဒ္ဒပမာဏ (စာပေသိနည်း)
(၅) အတ္ထာပတ္တိပမာဏ (ချင့်ချိန်သိနည်း)
(၆) အနုပလဒ္ဓိပမာဏ (အာရုံပြုမရသောအား‌ဖြင့် သိနည်း)
(၇) သမ္ဘဝပမာဏ (အလားတူဖြင့်သိနည်း)
(၈) ဧတိဟျပမာဏ (ထုံး၊ ဓလေ့ အစဉ်အလာများ ဖြင့်သိနည်း)
(၉) သစ္ဆိကရဏပမာဏ (မျက်မှောက်ပြုသိနည်း)–

တို့ဖြစ်ကြပါသည်။ အဆိုပါ ပမာဏ (၉) မျိုးအနက် ဝေမျိုးမျိုးသော ပမာဏဖြင့်သိသော အသိကိုသာ မှန်ကန်သော အသိအဖြစ် လက်ခံကြပါသည်။ သို့မဟုတ်ပါက မှန်ကန်သော အသိအဖြစ် လက်မခံကြပေ။ ထို့ကြောင့် အသိဓရေးရာနှင့်ပတ်သက်၍ အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သော ပမာဏများကို အဆိုက်အဓလျောက် သဘောပေါက်နားလည် ရန် လိုအပ်ပါသည်။

(ဃ) ပစ္စက္ခပမာဏ

ပစ္စက္ခပမာဏဆိုသည်မှာ မျက်စိ၊ နား စသော ဒ္ဒါရငါးပါးတို့ဖြစ်ပါသည်။ ယင်းတို့ကို ဣန္ဒြေငါးပါးဟူ၍လည်း ခေါ်ပါသည်။ ကျွန်ုပ်တို့သည် တစုံတခုကိုသိတိုင်း "မည်သို့ သိသနည်း" ဟူ၍ စူးစမ်းလေ့ရှိကြပါသည်။ ထိုအခါ မျက်စိဖြင့် ကိုယ်တိုင်မြင်၍ သိသည်။ နားဖြင့် ကိုယ်တိုင်ကြား၍ သိသည် စသည်ဖြင့် ဆိုကြပါသည်။ ထို့ကြောင့် ထိုအသိမျိုးကို တိုက်ရိုက် သိဟူ၍လည်းကောင်း၊ ကိုယ်တွေ့သိဟူ၍လည်းကောင်း ဆိုကြပါသည်။

ကိုယ်တိုင်မျက်စိဖြင့်မြင်ခြင်း၊ ကိုယ်တိုင်နားဖြင့်ကြားခြင်း စသည်ဖြင့် တစုံတခုကိုသိရသောအခါ ထိုအသိကို မှန်ကန်သောအသိအဖြစ် ယုံကြည်ပါသည်။ အခြားသူများအား ပြောကြားရလျှင်လည်း မှန်ကန်သောအသိအဖြစ် အခိုင်အမာရပ်တည်၍ ပြောကြားပါသည်။ ထို့ကြောင့် မျက်စိ၊

နား စသော ဒွါရငါးပါးတို့သည် ခိုင်မာသော မှန်ကန်သော အသိကို ရရှု ရကြောင်း အထောက်အထားများအဖြစ် အားလုံးက သံသယကင်းစွာနှင့် ယုံကြည်စွာ လက်ခံကြခြင်းဖြစ်ပါသည်။ အမှန်အားဖြင့် ဤလောကတွင် မိမိ၏မျက်စိ၊ မိမိ၏နား စသည်ကို သံသယရှိသော မယုံကြည်သော ပုဂ္ဂိုလ်များဟူ၍ အလွန်နည်းပါးစွာ ရှိပေလိမ့်မည်။ ထို့ကြောင့် ကိုယ်ခန္ဓာသိသည် အသိလောကတွင် ဂုဏ်းအားလုံးက လက်ခံသော အသိအမျိုးအစား ဖြစ်ပါသည်။

(၂) အနုမာနပမာဏ

အနုမာနပမာဏဆိုသည်မှာ ကြောင်းကျိုးဆက်စပ်နိုင်မှု ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အသိအားလုံးကို ကိုယ်ဇာတ်ကြုံခြင်းမှ ရရှိနိုင်သည်မဟုတ်။ လူသားတို့၏ ဘဝသက်တမ်းသည် တိုတောင်းလှပါသည်။ လူသားတို့၏ ပတ်ဝန်းကျင်သည်လည်း ကျဉ်းမြောင်းလှပါသည်။ ထိုမျှ တိုတောင်းသော သက်တမ်းတွင်၊ ထိုမျှကျဉ်းမြောင်းသော ပတ်ဝန်းကျင်အတွင်း လောကီ လောကုတ္တရာနှင့်ဆိုင်သော၊ အကိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်နှင့် ဆိုင်သော အသိများအားလုံးကို ကိုယ်တွေ့သိအနေဖြင့် ရနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် မိမိ၏မျက်စိ၊ နားစသော ဒွါရငါးပါးအပြင် ကြောင်းကျိုး ဆက်စပ်နိုင်မှုကိုလည်း ခိုင်မာသော အထောက်အထား အဖြစ် အလွန်များစွာ ကိုင်စွဲခံရမည်သာဖြစ်ပါသည်။

ကြောင်းကျိုးဆက်စပ်နိုင်မှုဆိုသည်မှာ ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံခဲ့ဖူးခြင်း သာတွေ့အကြုံကို မှီရသော်လည်းဖြစ်ပါသည်။ ထို့ကြောင့် ကောင်းစွာသိမြင်အကြုံကြွယ်ဝပျော်ရွှင်ကြောင်း ကျိုးဆက်စပ်မှုနယ်ပယ်သာလျှင် ဖြစ်ပါသည်။ ခြားနားချက်ကတော့ ကြောင်းကျိုးဆက်စပ်မှုနယ်ပယ်သည်နှင့် အမျှ ကြောင်းကျိုးခက်ခဲသည်လည်း ဖြစ်ပါသည်။ များပြားလာမည်ဖြစ်ပါသည်။ ဥပမာ- လူသားတို့၏ လူမှုဆိုင်ရာ ဘာသာရေးကြွယ်ဝပုံချင်း၊ အသိညာဏ်ခိုင်မာပုံချင်း၊ အသိညာဏ် ကက်ပြောက်ပုံချင်း မတူကြသည်မှာ ကြောင်းကျိုးဆက်စပ်နိုင်မှု အင်အားကိုလိုက်၍ မတူကြခြင်း

ဖြစ်ပါသည်။ ကြောင်းကျိုး ဆက်စပ်မှုနယ်ပယ် အကျယ်အကျဉ်းကို လိုက်၍ မတူကြခြင်းဖြစ်ပါသည်။ အတွေ့အကြုံကြွယ်ဝမှုနှင့် ခေါင်းပါးမှုကို လိုက်၍ မတူကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကြောင်းကျိုးဆင်ခြင်သိသည် အသိလောကတွင် ဂိုဏ်းအများဆုံးက လက်ခံသော ဒုတိယအသိအမျိုးအစားဖြစ်ပါသည်။

(၃) ဥပမာနုပမာဏ

ဥပမာနုပမာဏဆိုသည်မှာ နှိုင်းယှဉ်ခြင်းဖြစ်ပါသည်။ နှိုင်းယှဉ်ခြင်းတွင် ပုံဆဲ့ပြခြင်း၊ အရုပ်ရေးပြခြင်း၊ ပုံစံထုတ်ပြခြင်း စသည်တို့ပါဝင်ပါသည်။ လူသားတို့ဘဝအတွက် အသိဉာဏ်များစုံလိုအပ်ပါသည်။ အသိဉာဏ်များစုံရရှိရေးအတွက် ပစ္စက္ခပမာဏနှင့် အနုမာနပမာဏ (၂) မျိုးဖြင့် လုံလောက်မှုရှိမည်မဟုတ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။ တစုံတခုကို သိရာတွင် အမြင်ကြည်လင်ရေးနှင့် အသိဉာဏ်ရှင်းလင်းရေးအတွက် ဥပမာနုပမာဏကိုလည်း အမှန်ပင်လိုအပ်ကြောင်း ပညာရှင်တို့က ဆိုကြပါသည်။

နှိုင်းယှဉ်ခြင်းသည် အသိပညာအရာ၌ များစွာ အထောက်အကူဖြစ်ပါသည်။ သင်ပြရာ၌ဖြစ်စေ၊ သင်ယူရာ၌ဖြစ်စေ နှိုင်းယှဉ်ပြခြင်း၊ ပုံဆဲ့ပြခြင်း၊ အရုပ်ရေးပြခြင်း၊ ပုံစံထုတ်ပြခြင်းစသည်တို့သည် အားလုံးက လက်ခံသော အသိဉာဏ် ရရာ ရကြောင်း မှန်ကန်သောစနစ်ကောင်းဖြစ်ပါသည်။ ထိုစနစ်ဖြင့် ရရှိသောအသိဉာဏ်ကိုလည်း မှန်ကန်သောအသိဉာဏ်အဖြစ် လက်ခံကြပါသည်။ ထို့ကြောင့်ပင် ဒဿနပညာရှင်များလောက၌ ဥပမာန ပမာဏကို ပမာဏတခုအဖြစ် လက်ခံကြခြင်းဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဥပမာန ပမာဏဖြင့် တိုက်ရိုက်သိ (ပစ္စက္ခဉာဏ်) နှင့် ကြောင်းကျိုးဆင်ခြင်သိ (အနုမာနဉာဏ်) တို့ကို ထက်မြက်စေသော ကြောင့် ဖြစ်ပါသည်။

(၄) သဒ္ဒပမာဏ

သဒ္ဒပမာဏဆိုသည်မှာ စာပေကျမ်းဂန်များနှင့် ပညာရှိတို့၏ အဆိုအမိန့်များဖြစ်ပါသည်။ လူတို့သည် အားလုံး မှန်ကန်စွာ သိနိုင်သော

ပညာရှိချည်းများ မဟုတ်ကြပါချေ။ ထို့ကြောင့် အလွယ်တကူရနိုင်သော စိတ်ချ လက်ချ ယုံကြည်နိုင်သော စာပေကျမ်းဂန်များနှင့် ပညာရှိတို့၏ အဆိုအမိန့်များကို အားကိုးကြခြင်းဖြစ်ပါသည်။ အမှန်အားဖြင့် ယနေ့ခေတ်လူသားတို့၏ အသိဉာဏ်များတွင် စာပေကျမ်းဂန်သိနှင့် ပညာရှိတို့၏ အဆိုအမိန့်သိတို့က အရေအတွက်အားဖြင့် များစွာ ပါဝင်ပါသည်။ ထို့ကြောင့် သဒ္ဒပမာဏသိကို ရရှိနိုင်ရန် တက္ကသိုလ်များ၊ ကျောင်းများ၊ သင်တန်းများကို ဖွင့်လှစ်တည်ထောင်ခြင်း ဖြစ်ပါသည်။ စာပေများကို ရေးသားဖြန့်ချိခြင်းဖြစ်ပါသည်။ စာကြည့်တိုက်များကို ဖွင့်လှစ်ပေးခြင်း ဖြစ်ပါသည်။

စာပေသိ (သဒ္ဒဉာဏ်) သည် တိုက်ရိုက်သိ (ပစ္စက္ခဉာဏ်) နှင့် ဆင်ခြင်သိ (အနုမာနဉာဏ်) တို့အား များစွာ အထောက်အကူ ပြုပါသည်။ ထိုအဆိုမှာ အငြင်းပွားဖွယ် မရှိသော အဆိုဖြစ်ပါသည်။ အမှန်အားဖြင့် အသိလောကဌ် ကိုယ်တွေ့ကြုံနိုင်သော အသိမျိုးလည်းရှိ၏။ ဆင်ခြင်ခြင်းဖြင့်ယူနိုင်သော အသိမျိုးလည်းရှိ၏။ ထို့အပြင် ထိုအသိ (၂) မျိုးမှ တပါး အခြားအရေးကြီးသော အသိတမျိုးလည်းရှိသေး၏။ ယင်းအသိမျိုးကား ဤသဒ္ဒပမာဏဖြင့်ရရှိသော အသိမျိုးသာဖြစ်ပါသည်။ ဥပမာ အားဖြင့် ကျွန်ုပ်တို့သည် "လ" ပေါ် သို့လှန်း ကိုယ်တိုင်ကိုယ်ကျမတက် ရောက်နိုင်သဖြင့် "လ" နှင့် ပတ်သက်၍ ကိုယ်တွေ့သိကိုလည်း ရယူနိုင်စွမ်းမရှိ။ သိပ္ပံပညာရှင်မဟုတ်သဖြင့် "လ" သို့ တက်ရောက်မှုနှင့်ပတ်သက်၍ ကြောင်းကျိုးဆင်ခြင်နိုင်မှုလည်းမရှိ။ ထိုကဲ့သို့သော အခါသမယမျိုးတွင် သိပ္ပံပညာရှင်တို့၏ အဆိုအမိန့်များကို အားကိုးရပါသည်။ "လ" နှင့် ပတ်သက်၍ သိုလှိုလျှင် သိပ္ပံပညာရှင်တို့၏ အဆိုအမိန့်များကို လက်ခံယုံကြည်ရုံမှသာပါး အခြားနည်းမရှိတော့ပါချေ။ ထို့ကြောင့် သဒ္ဒပမာဏသိသည် လူ့ဘဝအတွက် များစွာ အရေးကြီးသဖြင့် စာပေကျမ်းဂန်များနှင့် ပညာရှင်တို့၏ အဆိုအမိန့်များကို သဒ္ဒပမာဏဖြင့် ယုံကြည်လက်ခံထားကြခြင်းဖြစ်ပါသည်။

(၅) အတ္ထာပတ္တိပမာဏ

အတ္ထာပတ္တိပမာဏဆိုသည်မှာ အခြေအနေအရပ်ရပ်ကို ချင့်ချိန်တွက်ဆခြင်းဖြစ်ပါသည်၊ တခါတရံ ပမာဏချင်း ဆန့်ကျင်သယောင်ရှိပါသည်။ ထိုအခါ အတ္ထာပတ္တိပမာဏ၏ အကူအညီကိုယူ၍ ချင့်ချိန်တွက်ဆရပါသည်။ ပမာဏချင်းညီရပါသည်။ ထိုအခါမှသာ မှန်ကန်သောအသိဉာဏ်ကိုရရှိနိုင်ပါသည်။ ဥပမာအားဖြင့် "ဒေဝဒတ်သည် ဇနဋ္ဌ အစာလုံးဝမစား" ဤအဆိုသည် သဒ္ဒပမာဏဖြစ်ပါသည်။ သို့ရာတွင် ဒေဝဒတ်သည် ဝဖြိုးလျက်ရှိသည်။ ဒေဝဒတ် ဝဖြိုးခြင်းသည် ပစ္စက္ခပမာဏဖြစ်သည်။ အစာစားလျှင် ဝဖြိုး၏။ အစာမစားလျှင် ပိန်ကြုံ၏။ ဤသည်မှာ အနုမာနပမာဏဖြစ်သည်။ အနုမာနပမာဏကို ဒေဝဒတ်၌ စဉ်းစားလျှင် နေ့ဥ့ အစာမစားခြင်းနှင့် ဒေဝဒတ်ဝဖြိုးခြင်းသည် အချင်းချင်း ဆန့်ကျင်သယောင်ရှိသော အဆိုများ ဖြစ်ပါသည်။ တနည်းအားဖြင့် ဆိုရလျှင် သဒ္ဒပမာဏနှင့် ပစ္စက္ခပမာဏတို့သည် အချင်းချင်း ဆန့်ကျင်သယောင်ရှိပါသည်။ ထို့ကြောင့် ဆန့်ကျင်သယောင်ရှိသော အဆို (၂) မျိုးနှင့် ပမာဏ(၂)မျိုးကို ညှိလိုက်သောအခါ – "ဒေဝဒတ်သည် ညဉ့်၌ အစာစားသည်၊ သို့ဖြစ်၍ ဒေဝဒတ်သည် ဝဖြိုးလျက်ရှိသည်"၊ ဤသို့ အဖြောင့်အဓိပ္ပာယ်ကိုရပါသည်။ အဖြောင့်အဓိပ္ပာယ်ကိုရအောင် ညှိနှိုင်းခြင်းသည် အတ္ထာပတ္တိပမာဏမည်၏။

ဤလောက၌ အဖြောင့်အဓိပ္ပာယ်ကိုရအောင် ညှိနှိုင်းရသောအဆိုများ (၀၂)ပမာဏများ များစွာရှိပါသည်။ ယင်းတို့ကို အနုမာနပမာဏဖြင့် စိစစ်လျှင် အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်ပါသည်။အတ္ထာပတ္တိပမာဏဖြင့် စိစစ်လျှင် အချင်းချင်း အံဝင်လျော်ဖြစ်ပါသည်။ ထို့ကြောင့် အနုမာနပမာဏနှင့်အတ္ထာပတ္တိပမာဏတို့သည် အမှန်တရားတခု၏ မျက်နှာပြင်(၂)ခုသဖွယ် ဖြစ်ပါသည်။ ဒေဝဒတ်သည် နေ့ဥ့မစားပဲလျက် ဝဖြိုးသည်ဆိုခြင်းမှာလည်း မှန်ပါသည်။ ဒေဝဒတ်သည် ညဉ့်၌စားလျက် ဝဖြိုးသည်ဆိုခြင်းမှာလည်း မှန်ပါသည်။သို့ဖြစ်၍အမှန်တရားတခုကိုရှာဖွေသောအခါ အတ္ထာပတ္တိပမာဏကိုလည်း အသုံးပြုအပ်ပါသည်။ ဆိုင်ရာ ပမာဏများအပေါ်

အခြေတည်၍ အဆိုများ သို့မဟုတ် ပမာဏများကို အနုမာနပမာဏဖြင့် စိစစ်သောအခါ အချင်းချင်းဆန့်ကျင်တိုင်း အတ္ထာပတ္တိပမာဏ၏ အကူအညီဖြင့် ဖြောင့်ယူရပါသည်။ ညှိယူရပါသည်။ မှန်ကန်သောအဆိုဖြစ်လျှင် အတ္ထာပတ္တိပမာဏဖြင့် ဖြောင့်၍ရရိုးဖြစ်ပါသည်။

(၆) အနုပလဒ္ဓိပမာဏ

အနုပလဒ္ဓိပမာဏဆိုသည်မှာ အခြားသောပမာဏများဖြင့် အာရုံပြု၍ မရခြင်း၊ မသိခြင်းဖြစ်ပါသည် ထိုအခါ "မရှိ" ဟူ၍လည်းကောင်း၊ "မသိ" ဟူ၍လည်းကောင်း ဆိုကြပါသည်။ ပမာဏ(၉)မျိုးအနက် (၈)မျိုးသည် "ရှိ၊ ဖြစ်" ဟူသော ဘာဝသဘောကို ဖော်ပြ၍ ကျန်အနုပလဒ္ဓိပမာဏ (၁)မျိုးသည် "မရှိ၊ မဖြစ်" ဟူသော အဘာဝသဘောကို ဖော်ပြပါသည်။ အဘာဝသဘောကို ဖော်ပြသည့်အတိုင်း "မရှိခြင်း" "မဖြစ်ခြင်း"ကို သိရာသို့ကြောင်းဖြစ်သောနည်းသည် အနုပလဒ္ဓိပမာဏ မည်ပါသည်။ ထို့ကြောင့် အနုပလဒ္ဓိပမာဏသည်လည်း ခိုင်မာသောပမာဏတမျိုးဖြစ်ပါသည်။ ထိုပမာဏဖြင့် သိသော အသိသည်လည်း မှန်ကန်သည့် အသိဖြစ်ပါသည်။

ဤလောကတွင် သိခြင်းနှင့် မသိခြင်းဟူ၍ (၂)မျိုးရှိပါသည်။ သိခြင်းသည် အသိနယ်ပယ်၌ တိုက်ရိုက်ဝင်နေသဖြင့် တစုံတရာငြင်းခုံရန်မရှိပါ။ မသိခြင်းကား အမည်ဝါဟာရအရပင် အသိဉာဏ်နယ်ပယ်၌ တိုက်ရိုက်မဝင်သဖြင့် ငြင်းခုံရန်များစွာရှိပါသည်။ သို့ရာတွင် မသိခြင်းသည်လည်း အသိနယ်ပယ်၌ ဆန့်ကျင်ဘက် အသွင်ဖြင့် တိုက်ရိုက်ဝင်ပါသည်။ ထို့ကြောင့် မသိခြင်းဆိုသည်မှာ—

(၁) အမှန်အတိုင်းမသိခြင်း၊

(၂) အမှားကိုသိခြင်း၊

(၃) အသိဉာဏ်လုံးဝမဖြစ်ခြင်း—

ဟူ၍(၃)မျိုးရှိကြောင်း ဆိုကြပါသည်။ ဤနေရာ၌ ဒဿနပညာရှင်တို့၏ ဝေါဟာရကိုယူ၍ သုံးရပါလျှင် အမှန်အတိုင်းမသိခြင်းကို ဝိပဋိပတ္တိဟူ၍ လည်းကောင်း၊ အမှားကိုသိခြင်းကို မိစ္ဆာပဋိပတ္တဟူ၍လည်းကောင်း၊ အသိညာဏ်လုံးဝမဖြစ်ခြင်းကို အပဋိပတ္တိဟူ၍လည်းကောင်း ဆိုကြပါသည်။ သို့ရာတွင် မည်သို့ဆိုစေ မသိခြင်းဆိုသည်မှာ အနုပလဒ္ဓိပမာဏဖြင့် အဘာဝသဘောကို သိခြင်းပင်ဖြစ်၍ အသိနယ်ပယ်၌ တိုက်ရိုက်ပါဝင်ပါသည်။ သို့ပါဝင်နေသဖြင့်သာ အနုပလဒ္ဓိပမာဏကိုလည်း မှန်ကန်သော အသိညာဏ်ဖရေးအတွက် ခိုင်မာသော ပမာဏတမျိုးအဖြစ် လက်ခံသတ်မှတ်ကြခြင်း ဖြစ်ပါသည်။ ဆိုလိုသည်မှာ "မသိခြင်း" ဟူသည် အဘာဝရှာသောင့်မှ "သိခြင်း"တမျိုးပင် ဖြစ်ပါသည်။

(၇) သမ္ဘဝပမာဏ

သမ္ဘဝပမာဏဆိုသည်မှာ အလားတူဖြစ်ရပ်များ ဖြစ်ပါသည်။ ဤလောကတွင် ဖော်ပြပါပမာဏများဖြင့် မသိနိုင်သောဖြစ်ရပ်များ များစွာရှိပါသည်။ ထိုဖြစ်ရပ်များနှင့် ကြုံတွေ့သောအခါ မည်သို့ဆုံးဖြတ်ရမှန်းမသိပဲ ရှိကြပါသည်။ ထိုအခါ ထိုဖြစ်ရပ်များနှင့် အလားတူသောဖြစ်ရပ်များကို ရှာဖွေကြပါသည်။ ထိုသို့ရှာဖွေသည့်အတိုင်း အလားတူဖြစ်ရပ်များကို တွေ့ရှိသောအခါ ထိုအလားတူဖြစ်ရပ်အတိုင်း လက်ရှိကြုံတွေ့နေရသောဖြစ်ရပ်၏ အကျိုးအကြောင်း၊ အဆိုးအကောင်းနှင့် သဘောလက္ခဏာကို ဆုံးဖြတ်ကြပါသည်။ ထို့ကြောင့် အလားတူဖြစ်ရပ်များကို မှန်ကန်သောအသိညာဏ်ရရာရကြောင်းအဖြစ် လက်ခံယုံကြည်ကြခြင်းဖြစ်ပါသည်။

အလားတူဖြစ်ရပ်များကိုကိုးကား၍ လက်ရှိတွေ့ကြုံနေရသော ဖြစ်ရပ်များ၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုဖော်ပြသောအခါ ပရိသတ်က လက်ခံကြပါသည်။ ထိုသို့လက်ခံကြခြင်းသည် အလားတူဖြစ်ရပ်များ၏ ခိုင်မာမှုကို လက်ခံသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အလားတူဖြစ်ရပ်များဖြင့်သိရသော အသိကိုလည်း အသိနယ်ပယ်၌ မှန်ကန်သောအသိအဖြစ်

လက်ခံ၍ အလားတူဖြစ်ခဲ့ပါမျှားကိုလည်း ပမာဏနယ်ပယ်၌ ခိုင်မာသော အထောက်အထားမျှားအဖြစ် လက်ခံကြခြင်းဖြစ်ပါသည်။

(ဂ) တိဟျပမာဏ

တိဟျပမာဏဆိုသည်မှာ လူမျိုးအလိုက် လက်ခံယုံကြည်ထားသော ထုံးစံမျှား၊ ဓလေ့မျှား၊ အစဉ်အလာမျှားဖြစ်ပါသည်။ ဤလောကတွင် အခြားသောပမာဏမျှားဖြင့် စံထိုး၍မရသောဖြစ်ရပ်မျှား မျှားစွာရှိကြပါသည်။ ထိုဖြစ်ရပ်မျိုးနှင့် ကြုံတွေ့သောအခါ မိမိတို့လက်ခံယုံကြည်ထားသော ထုံးစံမျှား၊ ဓလေ့မျှား၊ အစဉ်အလာမျှားရှိပြီးဖြစ်နေပါက လက်ရှိကြုံတွေ့နေရသောဖြစ်ရပ်မျှားကို မိမိတို့လက်ခံယုံကြည်ထားသည့် ထုံးစံမျှား၊ ဓလေ့မျှား၊ အစဉ်အလာမျှားအတိုင်း လက်ခံကြပါသည်။ ယုံကြည်ကြပါသည်။ သိကြပါသည်။ ထို့ကြောင့် လူမျိုးအလိုက် လက်ခံယုံကြည်ထားသော ထုံးစံမျှား၊ ဓလေ့မျှား၊ အစဉ်အလာမျှားကို မှန်ကန်သော အသိဉာဏ်ရရှုရကြောင်း နည်းလမ်းကောင်းမျှားအဖြစ် စာပေတွင် မှတ်တမ်း တင်ကြခြင်းဖြစ်ပါသည်။

လက်ရှိတွေ့ကြုံနေရသော ဖြစ်ရပ်မျှား၏အနက်အဓိပ္ပာယ်ကို မိမိတို့လက်ခံယုံကြည်ထားသော ထုံးစံမျှား၊ ဓလေ့မျှား၊ အစဉ်အလာမျှားဖြင့် ကိုးကား၍တင်ပြသောအခါ ပရိသတ်က လက်ခံကြပါသည်။ ယုံကြည်ကြပါသည်။ ထိုသို့လက်ခံယုံကြည်ခြင်းသည် လူမျိုးအလိုက်လက်ခံယုံကြည်ထားသော ထုံးစံမျှား၊ ဓလေ့မျှား၊ ရိုးရာယဉ်ကျေးမှုမျှား၊ ရိုးရာအစဉ်အလာမျှား၏ ခိုင်မာမှုကို လက်ခံယုံကြည်ပြီးဖြစ်သောကြောင့် ဖြစ်ပါသည်။ သို့ဖြစ်၍ လူမျိုးအလိုက် လက်ခံယုံကြည်ဆားသော ထုံးစံမျှား၊ အစဉ်အလာမျှား၊ ရိုးရာယဉ်ကျေးမှုမျှားကို အဆောက်အထားပြု၍ သိရသော အသိကိုလည်း အသိနယ်ပယ်၌ မှန်ကန်သောအသိအဖြစ် လက်ခံ၍ ယင်းထုံးစံစဉ်မျှားကိုလည်း ပမာဏနယ်ပယ်၌ ခိုင်မာသောပမာဏတမျိုးအဖြစ် လက်ခံယုံကြည်ကြခြင်း ဖြစ်ပါသည်။

(၉) သစ္ဆိကရဏပမာဟေ

သစ္ဆိကရဏပမာဏဆိုသည်မှာ မင်္ဂလာဏ်ဖိုလ်ဉာဏ်ဖြစ်ပါသည်။ ယင်းဖြင့်သာ နိဗ္ဗာန်ကို တိုက်ရိုက်သိနိုင်ပါသည်။ အခြားပမာဏများဖြင့် နိဗ္ဗာန်ကို တိုက်ရိုက်မသိနိုင်ပါ။ ထို့ပြင် ဈာန်အာဘိညာဉ်သမာဓိများကိုလည်း သစ္ဆိကရဏပမာဏ၌ ထည့်သွင်းရေတွက်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ထူးဆန်းသော တန်ခိုးဣဒ္ဓိကို ယင်းသမာဓိများဖြင့် တိုက်ရိုက်တွေ့ကြုံနိုင်သောကြောင့် ဖြစ်ပါသည်။

နိဒါန်း

လူသားသည် အားငယ်တတ်သော၊ ကြောက်လန့်ကတ်သော သတ္တဝါတမျိုးဖြစ်ပါသည်။ အားငယ်ခြင်း၊ ကြောက်လန့်ခြင်းဆိုသည်မှာ ရာဂ မကင်းမှု၊ ဒေါသမကင်းမှု၊ မောဟမကင်းမှုတို့ကြောင့် ဖြစ်ပေါ်ရကား အကုသိုလ်သဘောခံပါသည်။ အကုသိုလ်သဘောသည် အရိယာမဖြစ်သေးသရွေ့ကာလပတ်လုံး လူသားတို့၏နှလုံးအိမ်၌ ကင်းနေကြမည်ဖြစ်ပါသည်။ ထို့အခါ မိမိတို့အားထားကိုးကွယ်ရာကို မိမိတို့ဉာဏ်သက်ဝင်သလို ရှာဖွေခဲ့ကြပါသည်၊ လူသမိုင်းအစအဦး၌ သဘာဝ ရေ၊ မြေ၊ တော၊ တောင်တို့ကို ကိုးကွယ်ခဲ့ကြပါသည်။ ထိုသဘောကို ပဋ္ဌကတ်တော်၌ ဤသို့ ဖော်ပြထားပါသည်—

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ။
အာရာမရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။
(ခုဒ္ဒပဋ-၁၄၊၁၈၈)

ဘယတဇ္ဇိတာ၊ ဘေးဘျမ်းတို့၏ ခြောက်လှန့်ခြင်းကို ခံရကုန်သော။ မနုဿာ၊ လူတို့သည်။ ဝေ၊ စင်စစ်အားဖြင့်။ ဗဟုံ၊ များစွာသော။ သရဏံ၊ ကိုးကွယ်ယုံကြည်မှုသို့။ ယန္တိ၊ ရောက်ကြကုန်၏။ ပဗ္ဗတာနိ စ၊ တောင်တို့ကိုလည်းကောင်း။ ဝနာနိ စ၊ တောတို့ကိုလည်းကောင်း၊ အာရာမရုက္ခစေတျာနိ စ၊ အာရုံမများ- သစ်ပင်များ- စေတီများတို့ကို လည်းကောင်း။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ယန္တိ၊ ဆည်းကပ်ကြကုန်၏။

ဤသည်မှာ သမိုင်းဦးခေတ်၏ ကိုးကွယ်ယုံကြည်မှု ဖြစ်ပါသည်။ ထို့နောက် လူသားတို့သည် မိမိတို့၏အမြင်(ဒိဋ္ဌိ)၊ မိမိတို့၏ ယုံကြည်မှု(သဒ္ဓါ)နှင့် မိမိတို့၏အသက်သွင်းမှု (စေတနာ)အရ ကိုးကွယ်ယုံကြည်မှု

အချို့မျိုးကို ဆည်းကပ်ခဲ့ကြရာ ဝေဒခေတ်သို့ ရောက်ခဲ့ပါသည်။ ဝေဒခေတ်တွင် နတ်အမျိုးမျိုးကို ကိုးကွယ်ဆည်းကပ်ပါသည်။ ဝေဒခေတ်တွင် နတ်အမျိုးမျိုးကို ကိုးကွယ်ဆည်းကပ်ကြရာတွင် ရိုးရိုးပူဇော်မှုကိုသာ အသုံးပြုခဲ့ကြပါသည်။

နတ်အမျိုးမျိုးကို ကိုးကွယ်ဆည်းကပ်ကြရာ၌ ရိုးရိုးပူဇော်မှုဖြင့် မိမိတို့ တောင့်တအပ်သော ချမ်းသာသုခကို မရနိုင်ကြောင်း တွေ့ကြပါသည်။ ထို့အခါ ခမ်းနားကြီးကျယ်သော ပူဇော်မှုသို့ပြောင်း၍ ကိုးကွယ်ဆည်းကပ်ကြပြန်ပါသည်။ ခမ်းနားကြီးကျယ်သော ပူဇော်မှုခေတ်ကို ဗြာဟ္မဏခေတ်ဟု ခေါ်ပါသည်။

ခမ်းနားကြီးကျယ်စွာ ငွေကုန်လူပန်းခံ၍ နတ်များကို ကိုးကွယ်ဆည်းကပ်သော်လည်း မိမိဘို့မျော်လင့်သော ချမ်းသာသုခကို မရနိုင်ကြပါပေ။ ထို့အခါ တောသို့ဝင်၍ တရားများကို ရှာခဲ့ကြပါသည်။ တရားကို ရှာယင်း မိမိတို့၏မိုက်မဲလာကိုးကွယ်မှုကိုလည်း မစွန့်နိုင်ကြသဖြင့် ယင်းပူဇော်မှုနှင့် သမထဘာဝနာပွားများမှုကို ထပ်တူပြု၍ တရားရှာကြပါသည်။ ဥပမာ အသေမခေါ် မြင်းယင်ကို ပူဇော်သည့်အနေဖြင့် အာကာသကို မြင်းခေါင်းအဖြစ်လည်းကောင်း၊ နေမင်းကို မြင်း၏မျက်လုံးအဖြစ်လည်းကောင်း၊ လကို မြင်း၏ အသက်အဖြစ်လည်းကောင်း၊ ပထဝီကို မြင်း၏ကိုယ်ထည်အဖြစ်လည်းကောင်း ကျင့်သုံးစသည်ဖြင့် သမထအာရုံနှင့် ယင်းပူဇော်မှုကို တသားတည်းပြုခဲ့ကြပါသည်။ ကျင့်သုံး တသားတည်းပြုခြင်းမှာ သမာဓိကိုထူထောင်သည့်သဘော ဖြစ်ပါသည်။ သမာဓိအားပြည့်အောင်ထူထောင်၍ "အပ္ပနာ" ခေါ် စျာန်အဆင့်သို့ ရောက်သောအခါ ယင်းပူဇော်မှုနှင့် အာရုံသည် တသားတည်းဖြစ်သွားပါသည်။ ပထဝီ ပထဝီဟူ၍ စိုးဖြန်းပါများသောအခါ မိမိအာရုံပြုရာ အရာအားလုံးသည် ပထဝီခွဲသည်း ဖြစ်သွားပါသည်။ ရေကို ပထဝီအဖြစ် အာရုံပြုလျှင်လည်း ရေသည် ပထဝီဖြစ်သွားပါသည်။ ရေသည် ပထဝီကဲ့သို့မာကြော၍ လမ်းလျောက်သွားနိုင်ပါသည်။ ပထဝီကို ရေအဖြစ် အာရုံပြုလျှင်လည်း ပထဝီသည် ရေဖြစ်သွားပါသည်။ ရေကဲ့သို့

ငုပ်၍ ကူး၍ ရပါသည်။ ဤသည်ကို ဈာန်အဘိညာဉ်ဟု ခေါ်ပါသည်။ ဈာန်အဘိညာဉ်သည် အာရုံကခေတ်၌ ပေါ်ထွန်းခဲ့ပါသည်။ တောင်္ခယင်ပုဇော်မှဖြင့် သမထဘာဝနာစီးဖြန်းခြင်းကို တသားတည်းပြုသောကြောင့် ဤအာရုံကခေတ် ဖြစ်ပါသည်။ ဤအာရုံကခေတ်၌ ဗြဟ္မာကို သိခဲ့ကြပါသည်။

အာရုံကခေတ်၌ သမာဓိစွမ်းဟုန်ကြောင့် အရာရာတိုင်းကို မိမိအလိုရှိရာအာရုံနှင့် တသားတည်းပြုနိုင်သောအခါ ဗြဟ္မာကို တွေ့သည်ဟု ဆိုပါသည်။ ဆိုလိုသည်မှာ အဆုံးရာတိုင်းသည် ဗြဟ္မာဖြစ်ပါသည်။ ဝေဒဓေါ၊ ဗြာဟ္မဏဓေါတို့၌ တွေ့ခဲ့ရသော နတ်အမျိုးမျိုးသည် မိမိတို့ဘာသာ မိမိတို့ရပ်တည်နိုင်သော နတ်များမဟုတ်တော့ပဲ ဗြဟ္မာ၏ အစိတ်အပိုင်းများ ဖြစ်လာပါသည်။ နောက်ဆုံးအရှိတရားမှာ ဗြဟ္မာဖြစ်ပါသည်။ ဤအာရုံကခေတ်၏ တရားအားထုတ်နည်းအရ ဗြဟ္မာကို သိရှိခဲ့ရသော်လည်း မိမိတို့တောင့်တသော ချမ်းသာသုခကို မရနိုင်ခဲ့ပါ။ မိမိတို့တောင့်တသော ချမ်းသာသုခဆိုသည်မှာ မအိုခြင်း၊ မနာခြင်း၊ မသေခြင်းဖြစ်ပါသည်။ မအိုခြင်း၊ မနာခြင်း၊ မသေခြင်းကိုရရှိရန်မှာ မိမိကိုယ်တိုင် ဗာဝစဉ်ဗြဟ္မာဖြစ်နေရန် လိုအပ်ပါသည်။ ထို့ကြောင့် အရာရာတိုင်းကို အာရုံမပြုတော့ပဲ အရာရာတိုင်းကို အရှိတရားအဖြစ် မသတ်မှတ်တော့ပဲ မိမိအစ္ဆတ္တကို အာရုံပြုလာပါသည်။ ထိုအခါ မိမိ၏ အတ္တကို တွေ့လာပါသည်။ မိမိ၏အတ္တသည် ဗြဟ္မာ၊ ဗြဟ္မာသည် မိမိ၏ အတ္တ၊ အတ္တနှင့်ဗြဟ္မာသည် တခုတည်း။ယင်းသည်သာ အရှိတရား၊အခြားသော သက်ရှိသက်မဲ့အားလုံးသည် အထင်တရားများဖြစ်သည်။ ဤသို့သဘောပေါက်ခဲ့ပါသည်။ အတ္တနှင့်ဗြဟ္မာကို တခုတည်းအဖြစ်သိသောခေတ်ကို ဥပနိသျှဒ်ခေတ်ဟု ခေါ်ပါသည်။ ဥပနိသျှဒ်ခေတ်တွင် အတ္တကို တွေ့ခဲ့ပါသည်။

ဥပနိသျှဒ်ခေတ်တွင် အတ္တကိုတွေ့သော်လည်း လူတို့သည် မိမိတို့တောင့်တသော ချမ်းသာသုခကို မရနိုင်ခဲ့။ ထိုအခါ သမထဘာဝနာပွားများမှုကို အလေးမထားတော့ပဲ "တပ"ခေါ်ပြင်းထန်သော အကျင့်

ကို ကျင့်ခဲ့ပါသည်။ ပြင်းထန်သော အကျင့်ကိုကျင့်သော ခေတ်သည် တိတ္ထိယခေတ်ဖြစ်ပါသည်။ တိတ္ထိယခေတ်ကို ကျော်လွန်သောအခါ ဗုဒ္ဓခေတ်သို့ ရောက်လာမည်ဖြစ်ပါသည်။

ပြင်းထန်သော အကျင့်ကို ကျင့်သော်လည်း လူတို့သည် မိမိတို့မျှော်လင့်ထားသော မသေခြင်းတရားကို မတွေ့နိုင်သောအခါ ပြင်းထန်သော "တပ"အကျင့်ကို စွန့်လွှတ်လိုက်ပါသည်။ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ဝေဒခေတ်မှ ဥပနိသျှဒ်ခေတ်အထိကာလအတွင်း ပေါ်ပေါက်ခဲ့သော ကျင့်စဉ်မျှားကို အစွန်းတဘက်ရောက် ကာမသုခလွှဲကာနုယောဂကျင့်စဉ်အဖြစ်လည်းကောင်း၊ တိတ္ထိယခေတ်အတွင်း ပေါ်ပေါက်ခဲ့သော "တပ"ကျင့်စဉ်မျှားကို အစွန်းတဘက်ရောက် အတ္တကိလမထာနုယောဂကျင့်စဉ်အဖြစ်လည်းကောင်း သတ်မှတ်ပြီး ပယ်စွန့်လိုက်ပါသည်။ ကျင့်စဉ်(၂)မျိုးလုံးသည် အသွင်တမျိုးမျိုးဖြင့် အတ္တဝါဒဌ္ဌ အခြေတည်ပါသည်။ ဦးဖြစ်၍သာ ယင်းကျင့်စဉ် (၂)မျိုးဖြင့် မအိုရာ၊ မနာရာ၊ မသေရာဖြစ်သော အမြိုက်နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ခြင်း ဖြင်ပါသည်။

အစွန်းတဘက်ရောက်ကျင့်စဉ်(၂)မျိုးကို ပယ်စွန့်ပြီးနောက် အနတ္တဝါဒဌ္ဌ အခြေတည်၍ မဇ္ဈိမပဋိပဒါခေါ် ဝိပဿနာကျင့်စဉ်ကို ကျင့်သုံးခဲ့ပါသည်။ ဝိပဿနာကျင့်စဉ်ကို ကျင့်သုံးခြင်းအားဖြင့် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် ကိုယ်တော်တိုင် ထိုးထွင်းသိမြင်တော်မူပြီးနောက် သဗ္ဗညုဘုရားရှင်အဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။ အဓိကအားဖြင့် ဝိပဿနာကျင့်စဉ်သည်သာ မအိုရာ၊ မနာရာ၊ မသေရာဖြစ်သော အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်ခဲ့ပါသည်။ ဝိပဿနာကျင့်စဉ်ဟူသည် ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာသော အခါဌဌ်သာ ထင်ရှားလာသည့် ကျင့်စဉ်ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဒေတ်ဌ်သာ ဝိပဿနာကျင့်စဉ်ကို ရှင်းပြသောကြောင့် ဝိပဿနာ ဘာဝနာခေတ်ကို ဗုဒ္ဓခေတ်ဟု ခေါ်ပါသည်။ ဤနေရာ၌ ပစ္စေကဗုဒ္ဓါများသည်လည်း ဝိပဿနာဘာဝနာကိုသာ ကျင့်သုံးရသောကြောင့် ယင်းတို့၏ ခေတ်ကိုလည်း ဗုဒ္ဓခေတ်၌ပင် ထည့်သွင်းရေတွက်နိုင်ပါသည်။

ဗုဒ္ဓခေတ်မတိုင်မီကာလ၌ ကာမဘဝစရ ကုသိုလ်ကျင့်စဉ်များနှင့်သမထ ဘာဝနာကျင့်စဉ်များ ရှိသည်မှာ မှန်ပါ၏။ သို့ရာတွင် ထိုကျင့်စဉ်များသည် သံသရာလည်ရေးသို့ ရွေးရွသည့် အတ္တဝါဒကျင့်စဉ် (ဝဋ္ဋဒဿိမုခ) များသာဖြစ်ပါသည်။ ထို့ကြောင့် ထိုကျင့်စဉ်များကို ဗုဒ္ဓခေတ်၌ ထည့်သွင်းရေတွက်ခြင်းမပြုပဲ သံသရာမှ ထွက်မြောက်ရေးသို့ ရွေးရွသည့် အနတ္တဝါဒကျင့်စဉ်ဖြစ်သော ကာမဘဝစရ ကုသိုလ်ကျင့်စဉ်နှင့် သမထ ဘာဝနာကျင့်စဉ်(ဝိဝဋ္ဋဒဿိမုခ)တို့ကို ဗုဒ္ဓခေတ်၌ ထည့်သွင်းရေတွက်ပါသည်။ ကာမဘဝစရ ကုသိုလ်ကျင့်စဉ်များနှင့် သမထဘာဝနာကျင့်စဉ်များကို ဗုဒ္ဓ၏ အလိုတော်ကျအဘိုင်း ကျင့်သုံးမည်ဆိုလျှင် သံသရာမှ ထွက်မြောက်ရေးသို့ ရွေးရွရန် လုံဒေပါသည်။ သို့မှသာ ဗုဒ္ဓဝေတ် ကျင့်စဉ်များဟူသောအာမည်ကို ခံယူနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် အထွေထွေ ပဟုသုတအနေဖြင့် သိထားရန် လောက အမြင်များ၊ အယူဝါဒများနှင့် ပမာဏများရှိကြပါသည်။ ယင်းတို့သည် ဗုဒ္ဓခေတ်မတိုင်မီကာလအတွက်လည်း အသုံးဝင်ပါသည်။ ဗုဒ္ဓခေတ်အတွက်လည်းအသုံးဝင်ပါသည်။ သို့ရာတွင် ဗုဒ္ဓခေတ်အတွက်သာ ဗုဒ္ဓ၏ သုန်သင်္ချက်အတိုင်း အနတ္တဝါဒရွှေထောင့်မှ အသုံးပြုရန်ဖြစ်ပါသည်။

ဤမျှသော စကားစဉ်များဖြင့် "အတ္တဝါဒမှ အနတ္တဝါဒသို့ ဆိုးစဉ်" စာအုပ်သည် ပြီးဆုံးခြင်းသို့ရောက်ပါသည်။ ဤစာအုပ်၏ အခြေခံအကြဆုံးသော အနက်မှာ "စစ်မှန်သော ချမ်းသာသုခကို ရရှိရေးအတွက် အမြင်များ၊ အယူဒါဒမှားများ၊ ပမာဏမှားနှင့် ကျင့်စဉ်များကို အနတ္တဝါဒရွှေထောင့်မှ သုံးသပ်၍ မှတ်ယူမှ ပဋိပဒါကျင့်စဉ်အရ အသုံးခံသင့်ပါကြောင်းနှင့် ထိုကဲ့သို့ အသုံးချမှသာ စစ်မှန်သော ချမ်းသာသုခကို မလွဲမသွေ ရနိုင်မည်ဖြစ်ကြောင်း" ဟူ၍ ဖြစ်ပါသတည်း။

❖❖❖❖❖❖

ကျမ်းကိုးစာရင်း

(က) ပါဠိစာပေများ

(၁) ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများ

(၂) မြန်မာပြန်ပိဋကတ်တော်များ

(ခ) မြန်မာစာပေများ

(၁) ဝိပဿနာရှုနည်းကျမ်း- မဟာစည်ဆရာတော်ကြီး (အင်္ဂုတ္တရာပဏ္ဏိတ)

(၂) ဝေဒဂုဝတီဝိပဿနာ- မြောင်းမြမြို့၊ ဝေဒဂုဝတီဆရာတော်

(၃) ဘုမ်ကျင်းဝိပဿနာနည်း- ဓမ္မာလမြို့ငှက်မြို့၊ ဇနပရိယတ္တိဆရာတော်

(၄) အမြုတေလုပ်ရပ်ကျမ်း- ဦးဗိုလ်မောင်(ကျမ်းပြုမူး)

(၅) သင်္ဂြိဟ်ဘာသာဋီကာ-အရှင်ဇနကာဘိဝံသ

(၆) မဟာဗုဒ္ဓဝင်- အရှင်ဝိစိတ္တသာရာဘိဝံသ၊ တိပိဋကဓရ၊ မဖ္မဘက္ကာဂဂါရိက

(၇) ရသစာပေ၏ရသ- ဦးလွန်းအောင်၊ မဟာဝိဇ္ဇာ (သက္ကဋ္ဌ) ဝဠုံသကာနှင့် သိရောမဏိ

(၈) ပရမတ္ထသံခိပ်ဋီကာ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး

(၉) ပရမတ္ထသံခိပ်ကျမ်း- လယ်တီဆရာတော်

(ဂ) သင်္ကေတစာပေများ

(၁) ဒွါဒသ ဥပနိသဒ်များ၊ ဆွမိဝိဒျာနန္ဒဂိုရို မဟာမဏ္ဍလေသွရ

(၂) ဆန္ဒောဂျဥပနိသဒ်၊ ဆွမိဆွဟာဒုန္ဒ

(၃) ဗြဟ္မသူတြ သာဂ်ရဘာသျ

(၄) ဂေါဠပါဒီယ ကာရိကာ

(၅) ရိုက်သူတ္တဓဝဇယန္တီ၊ H.D.Velankar

(၆) ပဗန္ဓရတနာကရ Dr. Rameşachandra Sukla M.A.ph.D.

(ဃ) အင်္ဂလိပ်စာပေများ

(1) The philosophy of the Upanishadsby Dr. Rādhākrisnan

(2) The Religion of the Buddha and its Relation to Upanisadic thought by Bahadur Mal, M.A.

(3) Reflections on Hinduism by Swami yatiswarānanda.

(4) The Central Philosophy of Buddhism by T.R.V Murti M.A.D.Litt.

(5) An Introduction to Sankara's theory of Knowledge by N.K. Devaraja, M.A. D.Phil, D.Litt.

မြတ်သာဒီပဲယ် အဘိဓာန်

အကြောင်းအရာ	စာမျက်နှာ
[အ]	
အကုသိုလ်သစ္စာ	၁၉၃
အကျင့်များ	၁၉၃
အကုသိုလ်ဓသ်ပင်	
မှီဝဲအပ်	၂၂၆
အကျင့်	၁၄၂
အကျိုးပယ်ဝါဒ	၄၉၆
အကျိုးပေးစက်ဝိုင်း	၂၁၃
အကျိုးမဲ့	၂၁၅
အကြောင်းအကျိုး	
ပယ်ဝါဒ	၄၉၆
အကြောင်းအကျိုးမဲ့	၂၀၃
အကြောင်းပယ်ဝါဒ	၄၉၆
အချာတိ	၅၆
အခြေခံပိုင်း	၄၃၃
အဂိုသုဒ္ဓိ	၁၅၀
အစုန်အာဒး	၃၉၄
အစုန်ဘရုး	၃၀၇
အစုန်လမ်း	၁၅၉
အစုန်သဘာဝ	၁၅၁
အစွန်းရောက်တရားများ	၁၃၆

အကြောင်းအရာ	စာမျက်နှာ
[အ]	
အစွန်းရောက်နည်း	၂၅၃
အဆင်း	၂၂၀
အဆန်အာဒး	၃၉၄
အဆန်တရား	၃၀၇
အဆန်သဘာဝ	၁၅၁
အဇ	၂၄
အဇာတဝါဒ	၄၀၆
အဇိတကေသကမ္မလ	၁၆၅၊ ၂၁၅
အဇ္ဈတ္တသိဝါဒ	၅၂
အညထာချာတိ	၅၀
အညာဏ	၅၆
အညာဏဝါဒီ	၂၂၉
အဘက်	၂၃၀
အတာက္ကာဂစ္ဆ	၁၆၀-၁၆၉
အတ္တ	၃၂၇၊ ၂၃၀
အတ္တကိလမထ	၁၃၆
အတ္တကိလမထ အကျ ပြိုင်ခြင်း	၁၅၆
အတ္တကိလမထကျင့်စဉ်	၂၄၃
အတ္တကိလမထခေတ်စားလှ	၁၅၆

အကြောင်းအရာ	စာမျက်နှာ
[အ]	
အတ္တကိလမထာနုယောဂ	၄၂
အတ္တကိလမထာနုယောဂ ဝါဒ	၅၁၀
အတ္တာနှင့်ပြဿနာ မူန်ရိပ်ဥပမာ	၁၀၅
အတ္တဝါဒ	၄၉၃
အတ္တဝါဒကျင့်စဉ်	၅၂၃
အတ္တသင်္ဂဟ	၈၃
အတ္တသညာ	၄၂၄
အတ္တသီ	၃၅၁
အတ္တဟူသည်	၁၀၃
အထင်ဝေဒ	၁၂
အတ္ထနှင့်ကာမ	၂၁၈
အတ္ထာပတ္တိပမာဏ	၅၁၈
အထင်ရှိတရား	၄၈
အထွတ်တင်ခြင်း	၃၂၅
အဓမ္မ	၈၆
အဓမ္မယလဒ္ဓ	၄၄၅
အဓိစိတ္တ	၃၂၅၊၄၂၂
အဓိပညာ	၃၂၅၊၄၂၂
အဓိပတိ	၄၂၀
အဓိမုတ္တိ	၄၆၈
အဓိသီလ	၃၂၅၊၄၂၂
အနတ္တဝါဒ	၅၀၃
အနတ္တဝါဒကျင့်စဉ်	၅၂၃

အကြောင်းအရာ	စာမျက်နှာ
[အ]	
အနတ္တာသိ	၃၅၂
အနန္တ	၄၁၄၊၅၀၂
အနန္တ(၂)မျိုး	၃၉၄
အနန္တနှင့် အန္တ	၃၉၁
အနန္တစိုအာသဝေါ	၁၂
အနိန္ဒြိတာသီလ	၃၃၈
အနိဗ္ဗစနိယဓမ္မတိ	၆၄
အနိဗ္ဗစနိယဝါဒ	၄၈၅
အနုတ်ဝါဒ	၅၁၀
အနုပဒ ဒိဗမဿ	၁၁၉
အနုပါဒေအတ္တာ	၅၀၅
အနုဗန္ဓနာ	၃၂၈
အနုဘဝသိဒ္ဓိ	၆၂
အနုမာနညာဏ်	၅၁၄
အနုမာနပမာဏ	၅၁၅
အနုမာနသိဒ္ဓိ	၃၃၉
အနုလောမညာဏ်	၂၉၀
အနုသယ	၄၆၈
အနုသယအဆင့်	၃၉၅
အနုသယအဆင့်ကိလေသာ	၂၇၃
အနုသယကိလေသာ	၃၁၆၊၄၁၂
အနုသယမျက်လုံး	၄၆၃
အနုသောတကိမိ	၃၁၃
အန္တ	၅၀၂

အကြောင်းအရာ	စာမျက်နှာ
[အ]	
အနန္တလိက္ခဋ္ဌာနိက	၁၈
အနန္တာယဃာမိ	၅၀၀
အနုယဉ္ဇာဏ်	၃၀၂
အပဒီပတ္တိ	၅၂၀
အပုနာဂအလ္	၄၇၃
အပုနာဂသမာဓိ	၃၅၆
အပုမာဒ	၄၂၃
အပေါင်းဝါဒ	၅၁၀
အဘာဝ	၄၀၇
အဘိဇ္ဈာ	၄၀၄
အဘေဒဉာဏ်	၈၁၊၂
အမျတ္တ	၅၀၀
အမျာပါရ	၃၇၃၊၃၉၅
အမတ	၉၃၊၉၉၊၂၃၈
အမနုသီရတိ	၄၃၆
အမည်ခံအသိ	၈၁
အမြင်	၄
အမြင့်ဆုံးသစ္စာတရား	၆
အမြတ်ဆုံး	၄၀၂
အမြုတေ တရား(၇)ပါး	၂၂၆
အမြုံမြင်သား	၆၈
အမှောင်	၁၅၂
အမှားသိ	၁၀၈
အမှန်မသိဝါဒ	၅၈
အမှန်ရှိတရား	၄၈

အကြောင်းအရာ	စာမျက်နှာ
[အ]	
အမှန်သိ	၁၀၈
အယူဝါဒ	၄၇၉
အယူဝါဒ (၄)မျိုး	၁၈၈
အယုတ်ဆုံး 'ယောဂ'	၄၀၂
အယောင်ဆောင်သူအတွက် ဒုစရိုက်မရှိ	၄၇၆
အရိပ်ပိုင်း	၆၄
အရိုးဆုံးနှင့် အဆန်းဆုံး တရား	၅၀၀
အရိုး	၂၃
အရိုးကို မရှိက ဖုံးကွယ်	၆၉
အရိုးပရား	၂၂
အရိုးတရား (၂)မျိုး	၄၁၃
အရိုးနှင့် အသွင်	၄၈၂
အလာတစက္က	၄၈၈
အလင်း	၁၅၂
အလင်းတို့၏ အလင်း	၂၁
အလင်းနှင့် အမှောင်	၄၅၈
အလုပ်ကို မစွန့်ရ	၈၈
အဝေစ္ဆဒါဝါဒ	၄၂၉
အဝိဇ္ဇာ ၅၀၊၁၈၇၊၂၃၈	
အဝိဇ္ဇာအနက်	၄၉
အဝိဇ္ဇာထက်မှောင်သော ဝိဇ္ဇာမျိုး	၁၀၉
အဝိဇ္ဇာဝါဒ	၅၂

အကြောင်းအရာ	စာမျက်နှာ
[အ]	
အဝိဇ္ဇာဟူသည်	၆၇
အသမွေဟသမွေညည်	၃၄၇
အသမေမ	၃၀
အသိ	၇၊၁၄၊၂၂၊၃၄
အသိကိုယ်ထည်	၈၁
အသိချင်းမတူ	၁၇
အသိဉာဏ်(၃)ဆင့်	၃၃
အသိတုံး အသိခဲ	၃၂
အသကဲဇီဝ	၁၆၁
အသက်သွင်းမှု	၄
အသတ်ချာတိ	၅၄
အသွင်ပြောင်းဆင်းရဲ	၄၅
အဟောသိကံ	၄၂၅
အပ်စွဲးလျှင် အပ်နှင်ပင် ထုင်	၆၃၊၃၁၂၊၄၁၁
အိမ်ထောင်ပြုခြင်း	၁၄၃
အိမ်ထောင်သည်ဘဝ	၁၄၈
အိပ်မက်အတွေ့အကြုံ	၆၀
အိပ်မက်အသိ	၂၃၁
[အာ]	
အာစာရဒဿန	၄၃၁
အာတာပီ	၃၄၂
အာတုမချာတိ	၅၃
အာတုဉာဏ်	၃၄
အာဒီနဝဉာဏ်	၂၀၁
အာနန္ဒ	၃၊၁၁၁
အာဘာသဝဂ်ဒေ	၄၈၂
အာဘု	၁၅
အာရဏ္ဍကဓောတ်	၃၀၊၅၂၅
အာရမ္မကရဏ	၃၀၅
အာရမ္မကဝိဘူတ	၄၁၈
အာရမ္မကာနုသယ	၂၅၈၊၃၁၄၊ ၃၀၂
အာရုံမ	၄၃၄
အာဝဇ္ဇနသဒ္ဓိ	၁၅၃
အာသယ	၄၆၈
အာသဝ	၃၉၆
အာဟာရသဒ္ဓိ	၁၅၃
[ဣ]	
ဣဒ္ဓိပါဒ်	၄၃၀
ဣဒ္ဓိဟူသည်	၄၃၀
ဣန္ဒြေ	၄၃၁
ဣသိ	၁၃၉၊၁၄၄
ဣသိယည	၁၄၄-၅
ဣဿရနိမ္မာနဒိဋ္ဌိ	၃၂၃

အကြောင်းအရာ	စာမျက်နှာ
[ဥ-ဓ]	
ဥဘယ	၄၀၇
ဦးခေါင်းပိုင်း	၄၃၃
ဦးတည်ချက်	၃၉
ဥုံအကွေ့ရာ	၉၀
ဧက	၁၅
ဧကတ္တ	၄၉၅
တိဟျပမာဏ	၅၂၄
ဧယင်လွဲဥပမာ	၃၂၉
ဧဝံမေ့တာ	၄၉၀
[က]	
ကတ္တား	၂၆၃
ကမ္မ ၂၁၊ ၄၇၊ ၂၂၂	
ကမ္မကတ္တား ၂၂၊ ၃၁	
ကမ္မကတ္တားခေတ်	၁၁၀
ကမ္မနှင့် ဝိပါက	၃၁၄
ကမ္မပဝတ္တနှင့် ဝိပါကပဝတ္တာ	၃၁၉
ကမ္မယောဂ ၇၊ ၁၄-၈	
ကမ္မယောဂကို ပြုပြင် အသုံးပြုခြင်း	၉၅
ကမ္မယောဂခေတ်	၈၅
ကမ္မလက်ခံစဉ်	၂၂
[ခ]	
ခြေရာ	၃၆၄
[ဂ]	
ကတ္တား	၂၆၃
ကမ္မ ၂၁၊ ၄၇၊ ၂၂၂	
ကမ္မကတ္တား ၂၂၊ ၃၁	
ကမ္မကတ္တားခေတ်	၁၁၀
ကမ္မနှင့် ဝိပါက	၃၁၄
ကမ္မပဝတ္တနှင့် ဝိပါကပဝတ္တာ	၃၁၉
ကမ္မယောဂ ၇၊ ၁၄-၈	
ကမ္မယောဂကို ပြုပြင် အသုံးပြုခြင်း	၉၅
ကမ္မယောဂခေတ်	၈၅
ကမ္မလက်ခံစဉ်	၂၂

အကြောင်းအရာ	စာမျက်နှာ
[ဃ]	
ဃဋ္ဋနာ	၂၆၃
ဃဋ္ဋနာဝိညာဏ်	၂၆၃
ဃဋ္ဋနာဝီထိ	၂၆၃
ဃဋ္ဋနာသမ္ပယုတ်	၂၆၃
ဃဋ္ဋနာသမ္ပယုတ်စိတ်	၂၆၃
ဃဋ္ဋနာသမ္ပယုတ်စေတသိက်	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မ	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရား	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်း	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူ	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသော	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်တို့	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်တို့ကို	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်တို့ကို ရည်ညွှန်း	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်တို့ကို ရည်ညွှန်း၍	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်တို့ကို ရည်ညွှန်း၍ ဆိုသော	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်တို့ကို ရည်ညွှန်း၍ ဆိုသော စကား	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်တို့ကို ရည်ညွှန်း၍ ဆိုသော စကား ဟူ	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်တို့ကို ရည်ညွှန်း၍ ဆိုသော စကား ဟူ၏	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်တို့ကို ရည်ညွှန်း၍ ဆိုသော စကား ဟူ၏ ဖြစ်	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်တို့ကို ရည်ညွှန်း၍ ဆိုသော စကား ဟူ၏ ဖြစ်၏	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်တို့ကို ရည်ညွှန်း၍ ဆိုသော စကား ဟူ၏ ဖြစ်၏ ဃဋ္ဋနာ	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်တို့ကို ရည်ညွှန်း၍ ဆိုသော စကား ဟူ၏ ဖြစ်၏ ဃဋ္ဋနာ ဝီထိ	၂၆၃
ဃဋ္ဋနာသမ္ပယုတ်ဓမ္မတရားတို့ကို ဟောကြားခြင်းငှာ ဆောင်ယူသောသူ ဖြစ်သော ဆရာ ကြီး ဘုရား ရှင်တို့ကို ရည်ညွှန်း၍ ဆိုသော စကား ဟူ၏ ဖြစ်၏ ဃဋ္ဋနာ ဝီထိ စိတ်

အကြောင်းအရာ	စာမျက်နှာ
[က]	
ကမ္မဝဒ္ဓနှင့် ဝိပါကဝဒ္ဓ	၃၁၉
ကမ္မသန္တတိနှင့် ဝိပါကသန္တတိ	၃၁၉
ကမ္ဘာဒေလာကဏ် အနှစ်သာရ	၉၀
ကရဏာ	၄၆၃
ကာမ	၄၇
ကာမတဏှာ	၁၂၄
ကာမသုခလ္လိကာ	၁၃၆
ကာမသုခလ္လိကကျင့်စဉ်	၂၄၁
ကာမသုခလ္လိကာနုယောဂ	၄၁၁
ကာမသုခလ္လိကာနုယောဂ ဝါဒ	၅၀၉
ကာယဂတာသတိ	၃၀၀
ကာရဏ	၄၆၂
ကာလ	၂၀၄
ကာလလွန်	၃၂၆
ကာလဝိမုတ္တ	၂၄၃
ကာလသမ္မတ္တိ	၄၄၀
ကိစ္စဃန	၃၀၅
ကိရိယာနှင့် ကိရိယာဖလ	၃၁၉
ကိလေသဝဋ္ဋ	၂၇၃
ကိလေသာဝရဏ	၄၁၇
ကုသိုလ်သုစရိုက်	၄၂၅
ကုသိုလ်သောပင် ယဉ်အပ်	၂၅၅

အကြောင်းအရာ	စာမျက်နှာ
[က]	
ကုဋ္ဌဋ္ဌာယီ	၄၆၂
ကံ ၂၄၃,	၄၅၂
ကံ၏အကျိုးဆက်	၁၉၅
ကံ၏အကျိုးရင်း	၁၉၅
ကံမဲ့	၁၈၃
ကံယာဉ်	၉၆
ကံလမ်းစဉ်	၉၄
ကံလမ်းစဉ်ကိုအသစ်ပြုပြင်	၉၄
ကြတု	၄၇
ကြီးမြတ်သော ပူဇော်ခြင်း	၁၄၃
ကြိုးကို ဖြတ်ထင်	၅၀
ကြိုးနှင့် ဖြဉ်ပမာ	၅၁
ကောင်းမှုပြုဖက်	၁၄၃
ကောင်းသော လုပ်ငန်း	၂၂၂
ကြောင်းကျိုးဆက်	၉၈
ကြောင်းကျိုးဆက်လွန်	၃၄
ကြောက်စရာအကောင်းဆုံး ပုဂ္ဂိုလ်	၄၃၂
ကိုယ်ထည်ပိုင်း	၄၃၃
[ခ]	
ခန္ဓိသံဝရ	၃၄၀
ခြုံးမြွေခြင်း	၃၅
ချမ်းမြေပုံခြင်းမတူ	၃၆
ချမ်းသာခြင်း	၁၁၂

အခြောင်းအရာ	စာမျက်နှာ
[ခ]	
ချမ်းသာသုခ ရခြောင်း	၄၅၁၊၄၅၅
ခံယူချက်သာ အဓိက	၁၈
ခွဲခေခြင်းဆိုသည်မှာ	၁၉
[ဂ]	
ဂဏန	၃၂၃
ဂတိ	၂၀၆
ဂတိသမ္ပတ္တိ	၄၄၉
ဂန္ဓိ	၄၀၃
ဂဟဋ္ဌ	၁၄၃
ဂုရုကုလ	၁၄၉
ဂေါစရသမ္ပဇည	၃၄၃
ဃာတြဘုဉာဏ်	၂၉၃
ကုဏ်ယူစရာမျက်နှာပြင်	၄၆၄
[စ]	
စတုကောဋ္ဌိ	၁၆၉
စရိတ	၄၆၁
စရိတာဒိဿန	၄၂၄
စရိုက်	၄၂၄
စလ	၄၀၃
စာဇေပသိဒ်အာဒီးမကိုးလော	၁၀
စားပွဲဥပမာ	၃၇၃
စိဉ္စာဝိလာသဝါဒ	၄၁၁

အခြောင်းအရာ	စာမျက်နှာ
[စ]	
စိတ္တဝိသုဒ္ဓိ	၃၄၅
စိတ်	၁၁၁
စိတ်အသစ်အခြေး စိတ်ဖြင့်ဆေး	၄၁၂
စိတ် ဉာဏ် ဝိညာဏ်	၃၀
စုဠသောတာပန်	၃၂၆
စေတနာ	၄၃၀
စေတသိက	၄၆၀
စုန်သူ	၁၃၄
စက်ဆုပ်စရာမျက်နှာပြင်	၄၆၄
စစ်မှန်သောအမ်းသာသုခ	၂၃၁
စွန့်လွှတ်ပိုခြင်း	၁၅၁
[ဆ]	
ဆာရဒ္ဒိမှ အသံဉာဏ်ရ	၃၃
ဆင်းရဲခြင်း၏အခြောင်း	၄၅၅
ဆန်သူ	၁၃၄
ဆေးကြောင့်ဖြစ်သော ရောဂါ	၄၃၂
ဆောင်ခြင်း	၃၂၄
ဆဲ့ငင်အာဝ	၃၆၃
ဆဲ့ငင်အာဝကံဝိုင်	၂၁၃
[ဇ၊ ဈ]	
ဇဟာဇဟနည်း	၁၁၀
ဇန	၂၃၂

အကြောင်းအရာ	စာမျက်နှာ
[ဇ-ဈ]	
ဇီဝ	၃၆၁၇
ဇီဝနှင့် အတ္တဒဿထူး	၃၆
ဇောအပြန်	၄၅၃
ဈာန်	၄၁၉
[ဉ]	
ညာဏ	၂၁
ညာဏကထာ	၁၁၃၃
ညာဏကထာခေတ်	၁၂၀
ညာဏယောဂ	၃၆၂၊၃၇
ညာဏဒယာဂခေတ်	၀၅
ညာဏလမ်းစဉ်	၂၂
ညာဏသံဝရ	၃၄၀
ဉေယျာဝဓရဏ	၄၁၇
[ဋ]	
ဋပနာဒုနည်း	၃၅၀
[တ]	
တက္ကဒဿန	၄၆၉
တက္ကာဝစရ	၁၆၁၁၁၆၀
တကယ်ရှိဆဲသာအဆု	၆၅
တဏှာချုပ်လုံး	၄၆၂
တတိယမျက်လုံး	၄၅၃၊၄၆၃
တတ္ထဒဿန	၄၆၇

အကြောင်းအရာ	စာမျက်နှာ
[တ]	
တပ	၁၁၀၊၁၂၄
တပကျင့်စဉ်၏ညွှန်ကြားချက်	၁၃၄
တပကျင့်သူများ	၁၃၉
တပ-ပေါဟာရ	၁၂၄
တရားအားထုတ်သိ	၈၁
တရားကျင့်ဇက်	၁၄၃
တရားထူး ၁၀-မျိုး	၄၃၅
တရားသင်္ဘာမျိုး	၃၀၄
တိတ္ထိယ	၁၁၇
တိတ္ထိယခေတ်	၂၃၁၁၂၄
တိသန္ဓိ	၄၀၃
တောနေသူတောင်စင်	၁၄၀
တံခါးပေါင်းဥပမာ	၃၂၉
တပ်မှူးစေတနာ	၂၂၂
တန်းလန်းကျန်ခြင်း	၂၄၇
[ထ]	
ထာဝရဘုရား	၁၆၇
ထာဝရသဘော	၁၇၈
ထိရ	၄၀၇
ထူလသရီရ	၁၆၅
[ဒ]	
ဒလိဒ္ဒ	၄၅၃
ဒဿန (၄)ကိုယ်	၁၆၁

အကြောင်းအရာ	စာမျက်နှာ
[ဓ]	
ဓမ္မဗျာပါရ	၃၃၄
ဓမ္မသဘော	၂၇၁
ဓမ္မသို	၃၁၄,၃၁၆
ဓမ္မပါလဒ္ဓ	၄၄၅
ဓာတ်ပေါင်း	၂၁၆
[န]	
နတိ	၃၃၇
နန္ဒိ	၄၃၇
နပိုလီယံဖြစ်ကြောင်း ကြံငြာသူ	၄၅၆
နရ	၁၄၆
နရဃာည	၁၄၇
နာနတ္တ	၄၆၅
နိကာမဂမ္မ	၈၅
နိဂဏ္ဌနာဋပုတ္တ	၂၃၂
နိဂဏ္ဌနာဋပုတ္တကိုဏ်း	၁၆၂
နိဂုဏ	၅၀၀
နိဂ္ဂါဏ	၄၈၁
နိစ္စ	၆၈
နိစ္စအသံ	၁၂
နိစ္စတရား	၃၆၂
နိစ္စသညာ	၄၂၃
နိန္ဒိတသီလ	၃၃၈
နိဗ္ဗာန်	၃၂၄

အကြောင်းအရာ	စာမျက်နှာ
[ဒ]	
ဒဿနမေးခွန်းများ	၁၆၀
ဒဿနရေသောက်မြစ်ကြီး	၂၃၃
ဒါနမှု	၂၁၂
ဒိဂမ္ဘရဂိုဏ်း	၂၃၃
ဒိဋ္ဌိ	၄၇၈
ဒိဋ္ဌိစေတ သိက်	၂၁၃
ဒိဋ္ဌိမျက်လုံး	၄၆၂
ဒုက္ကရသုဒ္ဓိ	၁၅၄
ဒုက္ခ	၃၉
ဒုက္ခ၏အကြောင်း	၄၆
ဒုက္ခ၏ချုပ်ငြိမ်းရာ	၆၇
ဒုက္ခနှင့် သုခ	၃၃
ဒုက္ခသစ္စာ	၂၄၀
ဒုဋ္ဌသ	၃၇၅
ဒေဝ	၁၄၄
ဒေဝယည	၁၄၄
ဒေသ	၉၈၊၁၈၅
ဒေသဝိမုတ္တာ	၂၄၃
ဒေသလှန်	၃၃၊၃၇၆
ဒ္ဝေဒါနိုက	၁၀
[ဓ]	
ဓမ္မ	၈၆
ဓမ္မဉီတိဉာဏ်	၃၂၀
ဓမ္မတာ	၃၃၃

အကြောင်းအရာ	စာမျက်နှာ
[ပ]	
ပစ္စယပရိဂ္ဂဟဉာဏ်	၃၂၀
ပစ္စုပ္ပဒ္ဓဝန်	၃၆၅
ပဉ္စမဟာဝတ္ထု	၂၃၃
ပညာအဆင့်	၂၁၂
ပဋိပက္ခအစ္ဆန်း	၂၅၃၊၂၅၈
ပဋိပတ္တိဒေသိ	၃၇၈
ပဋိဗိမ္ဗဝါဒ	၄၈၁
ပဋိဘာဂနိမိတ်	၃၅၅
ပဋိသန္ဓိဉာဏ်	၂၉၀
ပဋိယောတကမိ	၁၁၃
ပထဝီဌာနိက	၉
ပဒဋ္ဌာန်	၃၆၅
ပဓာနလမ်းစဉ်	၉၀
ပပဉ္စမျက်လုံး	၄၆၃
ပမာဏ	၆၀
ပမာဏဒဿန	၄၆၈
ပမာဏများ	၁၆၇၊၁၁၃
ပမာတာ	၆၀
ပမာဒ	၄၂၃
ပမေယျ	၆၀
ပယောဂ	၂၀၆
ပယောဇနာမတ္တံ	၄၅၀
ပရဇောသိဒ္ဓ	၄၆၅
ပရမတ္ထတပါး	၆၈
ပရမတ္ထသစ္စာ	၁၀၊၁၃၃

အကြောင်းအရာ	စာမျက်နှာ
[နှ]	
နိဗ္ဗာန်နှင့်သံသရာ	၁၉၀
နိဗ္ဗိဒဉာဏ်	၂၉၀
နိမိတ်	၂၁၁၊၂၆၄
နိမိတ္တကာရဏာ	၆၇
နိမိတ္တဝဋ္ဋဒုက္ခ	၁၈၁
နိယာတာဂတိ	၃၂၆
နိယတိ	၂၀၅
နိရဝယဝ	၆၈
နိဿရဝသစ္စာ	၀၄၀
နိဗ္ဗါသီ	၄၀၆၊၅၀၀
နိဝရဏာ	၄၁၇
နှေးနှင့်ညှဉ်	၄၅၈
နောက်ဝိုးတရား	၄၀၁
နောက်ပိုင်းမူလ	၂၆၇
[ပ]	
ပကတိ	၁၆၃
ပကတိမျက်လုံး	၄၅၆
ပကုကေစ္စာယန	၂၂၅
ပစ္စက္ခဉာဏ	၃၅၁
ပစ္စက္ခဉာဏ်	၃၀၂၊၅၆၆
ပစ္စက္ခန့်သစ္စိကရဏာ	၃၀၁
ပစ္စက္ခပမာဏ	၅၁၄
ပစ္စက္ခသိ	၅၇
ပစ္စက္ခသိဒ္ဓ	၃၇၀

အကြောင်းအရာ	စာမျက်နှာ
[ပ]	
ပိုက်ကွန်တွင်းမှ ငှက်ငယ်ဥပမာ	၁၃၅
ပြင်ဆင်မှုတရား	၃၄
[ဖ]	
ဖလ	၄၃
ဖုဿနာ	၃၂၀
ဖန်ဆင်းရှင်	၆၅
ဖောင်ဥပမာ	၂၇၅
[ဗ]	
ဗုဒ္ဓ	၃၄
ဗုဒ္ဓဓေတ်	၅၂၆
ဗုဒ္ဓဓေတ်အာနာပါန	၃၅၁
ဗောဇ္ဈင်	၄၃၃
ဗောဓိပက္ခိယ	၄၂၁
ဗျဋ္ဌိ	၂၀၃
ဗျတ္တ	၅၀၀
ဗျာပါဒ	၄၀၄
ဗြဟ္မအာဇာတ္တအကြုံ	၆၂
ဗြဟ္မစရိယ	၁၄၁၊၄၆၂
ဗြဟ္မစိုရ်	၄၆၁
ဗြဟ္မဉာဏ်	၅၂၊၁၀၃
ဗြဟ္မဝိဟာရ	၄၆၂
ဗြဟ္မာ	၆၃-၈၊၂၃၀

အကြောင်းအရာ	စာမျက်နှာ
[ပ]	
ပရဇာဒိ	၄၀၉
ပရိကမ္မနိမိတ်	၃၅၃
ပရိကမ္မသမာဓိ	၃၅၃
ပရိဏာမဝါဒ	၄၀၄
ပရိဏာမိ	၄၉၂
ပရိဒ္ဒဝေဂ	၁၅၁
ပရိပို့ဏ်	၁၃၉၊၁၄၀
ပရိယတ္တိအသိ	၃၇၀
ပရိယုဋ္ဌာနအဆင့်	၃၉၅
ပဝတ္တ	၂၅၀၊၂၆၃
ပဝတ္တဝုဋ္ဌာန	၃၀၃
ပဟေဋိလူသား	၃၀၀
ပိတု	၁၇၅
ပိတုယည	၁၄၆
ပုဂ္ဂလဗျာပါရ	၃၃၄
ပုဂ္ဂိုလ်သဘော	၂၇၁
ပုဂ္ဂိုလ်သတ္တဝါသိ	၃၁၄
ပုဂ္ဂိုလ်သံ	၃၀၆
ပုရိသ	၁၆၄
ပုရိသတန်တြ	၂၀၀၊၄၀၇
ပူရဏကဿပ	၁၀၀
ပြဟ်က	၃၀၊၁၃၇
ပတ်ဝန်းကျင်	၂၆၂
ပန်းတိုင်	၃၃
ပန်းတိုင်နှင့်ခရီးလမ်း	၉၃

အကြောင်းအရာ	စာမျက်နှာ
[ဗ]	
ဗြဟ္မာ၏အနက်	၉၀
ဗြဟ္မာ၏အရိပ်	၈၃
ဗြဟ္မာနှဘဝ	၁၀၃
ဗြဟ္မာနှင့် အတ္တ	၃၀
ဗြဟ္မာနှင့် ကသိုဏ်း	၃၁
ဗြဟ္မာနှင့် စာရေးဆရာ	၁၀၆
ဗြဟ္မာနှင့် မာယာ	၆၉
ဗြဟ္မာနှင့် လောက	၄၃
ဗြဟ္မာပိုင်း	၆၄
ဗြဟ္မာဖြစ်ကြောင်း နည်းလမ်း	၃၃
ဗြဟ္မာဖြစ်နည်း ပန်ဖိုးကြီး	၃၈
ဗြဟ္မာမှန်းသိမှ ဝိဇ္ဇာ	၈၀
ဗြဟ္မာသဘာဝ	၆၈
ဗြာဟ္မဏ	၄၅၁
ဗြာဟ္မဏကျမ်းများ	၁၇
ဗြာဟ္မဏဓမ္မိက	၅၂၄
ဗြာဟ္မဏကိုဏ်း	၂၃၄
ဗိုလ်	၄၁၉
[ဘ]	
ဘဂံဉာဏ်	၂၈၉
ဘတ္တိယောဂ	၃၈၂–၉၁
ဘယဉာဏ်	၂၉၀
ဘုဝ	၃၃၊၂၆၂

အကြောင်းအရာ	စာမျက်နှာ
[ဘ]	
ဘဝအသိ	၁၂၄
ဘာဝ	၂၀၆
ဘာဝနာမှု	၂၁၂
ဘာသာတရား	၄
ဘာသာတရား၏ အသွင် (၂) မျိုး	၃
ဘာသာတရား၏ တရားကိုယ်	၄
ဘာသာရား	၄၃၃
ဘာသာရေးအမြင်	၆
ဘိက္ခု	၁၅၁
ဘူတ	၁၄၃
ဘူတယဉ	၁၄၈
ဘေဒဉာဏ်	၈၁-၂
ဘုံကိုစွ	၄၄၀
[မ]	
မက္ခလိဂေါသာလ	၂၀၃
မဂ္ဂသစ္စာ	၂၄၀
မဂ္ဂင်	၄၃၈
မဇ္ဈိမပဋိပဒါ	၄၅၂
မဇ္ဈိမပဋိပဒါ၏ အရကောက်	၂၅၁
မဇ္ဈိမပဋိပဒ်ကျင့်စဉ်	၂၅၁
မဇ္ဈိမပဋိပဒါဝါဒ	၅၁၁
မန္တန်ထူး (၂) ပုဒ်	၁၃

အကြောင်းအရာ	စာမျက်နှာ
[မ]	
မကြွေးမတင်ရ	၄၆၂
မကြောက်ဖွယ်ရာ	၉၆၂၊ ၂၃၈
မကြောက်ရွံ့ခြင်း	၂၃၈
မကြောက်သောသူ	၂၃၈
မကြောင်းသောလုပ်ငန်း	၂၂၂
မရှိသိဝါဒ	၅၄
မဟိုခြင်းဆိုသည်မှာ	၅၁၉
မသိစိတ်	၄၁၃
မသိဝါဒ	၅၆
မသူတော်ဟူသည်	၁၉၆
မသေမှု	၁၃၆
မသေသောတရား	၁၀၄
မဟာဝဲကျေ	၁၀၀
မာနမျက်လုံး	၄၆၂
မားယာ	၅၆
မာယာပိုင်း	၆၄
မာယာဝတ္ထု	၅၂
မာယာဝါဒ	၄၉၀
မိစ္ဆာဉာဏ	၅၆
မိစ္ဆာဒိဋ္ဌအဆို	၄၂၇
မိစ္ဆာပဋိပတ္တိ	၅၂၀
မိစ္ဆာပယောဂ	၄၄၅
မိမိအလုပ်ကို ဂုဏ်ယူပါ	၈၈
မိမိရိုးရာ မြတ်နိုးပါ	၈၈
မုစ္ဆိတုကာမှုတာဉာဏ်	၂၉၀
မုဒိတာ	၄၆၄
မူလဟိတ္တုန်း	၂၅၃၊ ၂၅၈
မှီဃတရား	၄၀၁
[ယ]	
ယဇုပေဒ	၁၁
ယဉ်ကြည့်မှု	၄
ယဉ်ကျေးမှု	၂၅၈
ယတ္တကာရီ	၂၅၈
ယထာဘူတဉာဏ်	၃၂၀
ယထာလာဘသန္တောသ	၄၅၃
ယထာသာရုပ္ပသန္တောသ	၄၅၉
ယာယီသစ္စာ	၁၇၈
ယုံကြည်မှု	၄၆
ယုတ္တိ	၂၅၈
ယုတ္တိဗုဒ္ဓိ	၂၅၈
ယုတ်ညံ့ခြင်း	၂၅၈
ယုတ်ညံ့သောအသိ	၂၅၈
ယုတ်ညံ့သောအသိ	၁၄၂၊ ၁၄၃
ယုတ်ညံ့သောရှာဖွေခြင်း	၄၀၈
ယုတ်ညံ့သောသင်ယူခြင်း	၄၀၈
ယုတ်မိသော်	၅၇
[ရ]	
ရဂဇာ	၂၂၆
ရဂဇာဘိဘူတ	၂၂၆
ရဂဇာဘိဘူတာ	၂၂၆
ရဂဇာဘိဘူတော	၂၂၆
ရဂဇာဘိဘူတော့	၂၂၆
ရဂဇာဘိဘူတောဟံ	၂၂၆
ရဂဇာဘိဘူတောဟံအသ္မိ

အကြောင်းအမှာ စာမျက်နှာ

[ခ]

ယောဂ ၄၀၀
ယောဂ ၃-မျိုးအထူး ၉၇
ယင်ပူဇော်ရခြင်း
အကြောင်းရင်း ၁၉
ယင်ပူဇော်ပုံချင်းမတူ ၉၄
ယင်ပူဇော်မှမှ လမ်းစဉ်
၃-ခုခွဲထုတ်ခြင်း ၉၆
ယင်ပူဇော်ခြင်းဟူသည် ၉၃
ယဉ်ကျေးမှုလောက ၄၈၉
ယဉ်ကျေးမှုလောက ၅-မျိုး ၄၈၉

[ရ]

ရတီ ၄၃၄
ရယူလိုခြင်း ၁၅၁
ရယူလိုသောသဘော ၁၃၄
ရသ ၃၆၅
ရသအလှ ၄၇၃
ရသဒဿန ၄၇၂
ရသေ့ ၁၃၉
ရာဂ ၉၁
ရာဇ ၄၅၁
ရိုက်ဝေဒ ၁၀
ရိုသိ ၁၃၉
ရေပြင် ၂၂၇
ရေသာခိုသမား၏ကျင့်စဉ် ၄၄၆

အကြောင်းအမှာ စာမျက်နှာ

[ရ]

ရှပ်ဝါဒီကြွေးကြော်သံ ၂၁၉
ရှင်းပြ၍ မရသည့်ဝါဒ ၆၀
ရွှေပိုင်းမူလ ၂၆၇
ရှောင်ကြဉ်ပုံနည်း(၂)မျိုး ၃၂၇
ရှောင်ခြင်း ၃၂၄

[လ]

လက္ခဏာ ၃၆၃
လိင်္ဂဗေဒရိုရှ ၁၆၇
လူကောင်း ၈၇
လူကောင်းလူတော် ၄၆၆
လူညံ့ ၈၇
လူတော်နှင့်လူညံ့သဘော ၈၆
လူသား ၃၈၇
လူသားတို့၏ပန်းတိုင် ၄၉၄
လူဟူသည် ၂၉
လူ့ဘဝ၏အဆင့်များ ၁၄၁
လူ့သဘာဝ ၁၁၈၊၁၂၄
လောက ၁၁၂၊၁၆၁၊၂၂၇
လောကအတွေ့အကြုံ ၆၂
လောကအမြင်များ ၄၆၆
လောကအရိုတရား ၃၈၉၊၄၁၄
လောကကို ဖန်ဆင်းသူ ၄၁၀
လောကနှင့် နိဗ္ဗာန် ၄၃၉
လောကနှင့် ပြဟ္မာ ၄၅

အကြောင်းအရာ	စာမျက်နှာ
[ဝ]	
ဝဋ္ဌနိဿိတသီလ	၃၃၀
ဝဏ္ဏဂန္ဓ	၂၀၀၄
ဝဏ္ဏဘာတ်ခြင်း	၂၀၇၄
ဝဏ္ဏသုတ်	၂၅၅
ဝဏ္ဏာဒိဂုဏ်	၂၀၇၄၆၃
ဝဒ္ဓမာန	၂၀၇၄၆၃
ဝဒ္ဓမာနပြတ်ကုသိုလ်	၂၅၄
ဝဒ္ဓလည်ကုသိုလ်	၂၅၃
ဝါနပဋ္ဌ	၁၄၉
ဝိဇ္ဇာ	၂၃၀
ဝိတက္ကာဒိ	၄၁၀
ဝိနည်းတော် ကြွက်သတ်	၁၀၉
ဝိပဋိပတ္တိ	၅၂၀
ဝိပလ္လာသ	၄၄၆
ဝိပဿနာကုသိုလ်	၄၂၉
ဝိပါက်အမှန် ဟောအပြန်	၁၉၅၊၄၅၄
ဝိဘင်္ဂဝါဒ	၄၉၅
ဝိဘင်္ဂဝါဒီအဆို	၄၂၃
ဝိဘဝတဏှာ	၁၂၄
ဝိရာဂ	၉၂
ဝိဝဋ္ဋနိဿိတသီလ	၃၃၀
ဝိဝတ္တဝါဒ	၄၈၄
ဝိဝေက	၄၃
ဝိဝေကီ	၄၃
ဝိသေသသိ	၁၃
ဝီတိက္ကမအဆင့်	၃၉၅
ဝီထိစိတ်	၄၅၃
ဝီရိယနှင့်သမာဓိ	၄၃၃

အကြောင်းအရာ	စာမျက်နှာ
[လ]	
လောကဖြစ်ပေါ်လာပုံ	၁၅
လောကမျက်စိ	၂၃၁
လောကမှောက်စိ	၂၃၁
လောကလွန်တရား	၄၃
လောကလွန်သဘောတရား	၄၉
လောကဿဒ်ဟ	၈၇
လောကာသစ္စာ	၅၀
လောကာသဘာဝ	၁၅၁
လောကသဘောတရား	၉၇
လောကသိ ၅၈၊၆၅၊၁၇၈၊ ၁၈၃၊၃၄၄	
လောကီစျာန်ပဉ္စဝဉာဏ်	၂၄၅
လောကုတ္တရာ	၂၂၇
လောကုတ္တရာအရိုတရား ၃၈၉၊၄၁၄	
လောကုတ္တရာမျက်စိ	၂၃၁
လောကုတ္တရာသဘာဝ	၁၅၁
လောကုတ္တရာသိ	၃၈၅
လက်တွေ့ဆင်းရဲ	၄၅
လက်တွေ့သစ္စာ	၄၆၁
လမ်းစဉ်(၃)မျိုး	၈၄
လမ်းစဉ်(၃)မျိုးအထူး	၉၆
လမဲ်းစဉ်နှင့် ပန်းတိုင်	၄၉၆
လွတ်မြောက်ခြင်း	၂၄၇
လွတ်ကိုကဲ့ဥပမာ	၃၂၉
လွှင့်တင်အား	၃၉၃

အကြောင်းအရာ	စာမျက်နှာ
[ဝ]	
ဝိနိယသံဝရ	၃၄၀
ဝယသန္ဓ	၄၃၄
ဝေဒ	၃၆
ဝေဒက	၄၀၆
ဝေဒခေတ်	၅၂၇
ဝေဒခေတ်နတ်များ	၂၀
ဝေဒ(၄)ပုံ	၁၀
ဝေဒ(၄)ပုံ ဖြစ်ပေါ်ပုံ	၂၂
ဝေဿ	၄၅၁
[သ]	
သဉ္ဇပါဓိအတ္ထ	၅၀၅
သကဝါဒီ	၄၀၉
သဂုဏ	၄၈၁,၅၀၁
သက်ဆောက်အား	၃၉၂
သခ်ီရဒုက္ခ	၄၅
သခ်ီရုပေက္ခာဉာဏ်	၂၉၀
သခ်္ခဒဿန၏ပရမတ္ထ	၁၉၂
သခ်္ခဒဿနဂိုဏ်း	၁၆၂
သင်္ဂီတိ	၂၀၅
သစ္စဉာဏ်	၆၃,၁၀၇
သစ္စာ(၃)မျိုး	၁၉၂
သစ္စာပိုင်း	၆၄
သစ္စာရှင်တို့သဘော	၂၀၂
သဏ္ဌိကရဏ	၃၅၁

အကြောင်းအရာ	စာမျက်နှာ
[သ]	
သဏ္ဌိကရဏဉာဏ	၃၅၂
သဏ္ဌိကရဏဉာဏ်	၃၀၂
သဏ္ဌိကရဏပမာဏ	၅၂၂
သဏ္ဌိကရဏသိဒ္ဓ	၃၀၅
သဏ္ဌယဗေလင်္ဂပုတ္တ	၂၂၉
သဏ္ဌယဗေလဋ္ဌပုတ္တဂိုဏ်း	၁၆၂
သညာသ	၁၅၀
သညာသီ	၁၄၀,၁၅၁
သတ်	၁၁၁
သတိတရား ပဲခူးဆား	၄၃၂
သတိထူထောင်မှု	၃၃၁
သတိပဋ္ဌာန်	၄၂၂
သတိမာ	၃၄၅
သတိသံဝရ	၃၄၀
သတ္တဘင်္ဂီနယ	၂၃၄
သတ္တဝါ	၁၆၁,၁၆၆
သဒ္ဒဉာဏ်	၅၁၃
သဒ္ဒပမာဏ	၅၁၆
သဒ္ဒဗြဟ္မာ	၁၁
သဒ္ဓါ	၄၃၈
သဒ္ဓါကရားသည် အဓိက	၈၉
သဒ္ဓါန္ဒြေပညာ	၄၃၁
သဒ္ဓေယျသိဒ္ဓ	၃၃၉
သဓမ္မ	၈၈-၉
သန္တတိယန	၃၀၃

အကြောင်းအရာ	စာမျက်နှာ
[သ]	
သမ္ဘဝပမာဏ	၁၂၀
သမ္မဒဿန	၃၂၀
သမ္မပ္ပဓာန်	၄၂၄
သမ္မသနဉ္ဇာဏ်	၂၀၉
သမ္မာပယောဂ	၄၄၅
သမိုင်းဦးခေတ်၏ ကိုးကွယ်မှု	၁၂၃
သယံဝသီ	၄၀၆၊၅၀၀
သယံသိဒ္ဓ	၁၄၅၊၄၆၅
သရဏ	၂၃၀
သဿတဒိဋ္ဌိ	၃၇၂
သဿတဝါဒ	၂၂၅၊၄၉၂
သဿတဝါဒီ	၁၆၃
သာတ္ထကသမ္ဖဿ	၃၄၅
သာဒီသျ	၆၀
သာဓုနာရုး ၆-ပါး	၃၄
သာမညလက္ခဏာ	၃၆၃
သာမညသီ	၅၇
သာမဇဝဒ	၁၁
သာမီ	၄၀၆၊၅၀၀
သိစ်တ်	၄၅၂-၃
သိမ္ဘလွန်	၃၇၆
သိသည်	၃၇၅
သီတလ	၅၃၄
သီလအဆင့်	၂၁၂

အကြောင်းအရာ	စာမျက်နှာ
[သ]	
သန္တာနနိဝရဏ	၄၁၈
သန္တာနာနုသယ	၂၅၉၊၃၁၄၊၃၈၁
သန္တိသုခ	၂၅၄
သန္တီရဏ	၄၅၅
သပ္ပါယသမ္ဖဿ	၃၄၆
သပ္ပဲညာ	၆၈၊၇၄
သပ္ပဗျ ပီ	၆၈
သပ္ပသတ္တိမာ	၆၈
သဘာဝအကျင့်းသား	၁၃၄
သဘာဝအလှ	၄၇၃
သဘာဝလက္ခဏာ	၃၆၃
သဘာဝလောက	၄၈၉
သမင်္ဂီ	၂၁၇
သမဏကိုဏ်း	၂၃၄
သမဝါယ	၄၀၁
သမဝါယသမ္ဗန္ဓ	၁၆၂၊၂၈၈
သမဝါဟိတ	၄၄၂
သမာဓိအဆင့်	၂၁၂
သမာဓိရကြောင်းတရား ၆-ပါး	၃၅၂
သမုဒယသစ္စာ	၂၄၀
သမ္ဘဟဿန	၃၀၄
သမ္မဇည	၃၄၅
သမ္မဇာန	၃၄၂
သမ္မတ္တိ	၄၄၇

အကြောင်းအရာ	စာမျက်နှာ
[သ]	
သံယောဇဉ်	၄၀၁
သံယောဇဉ်ကြိုး	၄၁၅
သံသရာကျေးဇူးရှင်	၁၄၃
သံသရာချမ်းသာ	၈၆
သံသရာသုခ	၂၅၄
သံသာရသုဒ္ဓိ	၁၂၃
[ဟ]	
ဟာနေဝါဒါနုသည်း	၁၁၀
ဟင်းချက်နည်းဥပမာ	၂၀၆

အကြောင်းအရာ	စာမျက်နှာ
[သ]	
သီလမှု	၂၁၂
သီလဗေတပရာမာသ	၄၀၄
သီလဝိဒိ	၃၄၉-၄၁
သုခသညာ	၄၂၃
သုခုမသရီရ	၁၆၆
သုညဝါဒ	၅၁၅
သုတေသနစပါးစိုက်နည်း	၉၄
သုဘဏညာ	၄၂၃
သေတမွရဂိုဏ်း	၂၃၃
သဝိတဗွသံယောဇဉ်	၄၁၇
သဲလွန်စ	၉၆
သောပါနာရောဟနည်း	၈၃

ဒုတိယ (၁၀၀၀) —ရုပ်ထုထင်—မင်္ဂလာ—ဗုဒ္ဓ—

ဗုဒ္ဓဘာသာစစ်

* မကောင်းမှုကို မလုပ်ရုံမျှနှင့် ဗုဒ္ဓဘာသာစစ် မဖြစ်သေး။ မင်္ဂလ
ဟဋ္ဌိပဒါအာရဒအစ္ဆန်းတဘက်မှ လုတ်ရုံသာရှိသေးသည်။ထို့ကြောင့်
ကောင်းမှုကိုလည်း လုပ်ရ၏။ ကောင်းမှုကို လုပ်ရုံမျှနှင့်လည်း
ဗုဒ္ဓဘာသာစစ် မဖြစ်သေး။ ယင်းဌိပါဝင်သော "ငါ" ဟူသော
"အတ္တ" အစ္ဆန်းတဘက်မှ လုတ်အောင်လုပ်နိုင်မှ ဗုဒ္ဓဘာသာစစ်
ဖြစ်၏။

* ခန္ဓာအစဉ်၌ အရိပ်သဖွယ် ပါဝင်နေသော "အာသယ" ခေါ်
လောကအမြင် (၃) မျိုးတို့တွင် တမျိုးမျိုးဖြင့် ကောင်း၊
မကောင်းကို ဆုံးဖြတ်၏။ (၃)မျိုးဟူသည် သဿတဒိဋ္ဌိ၊
ဥစ္ဆေဒဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိတို့ ဖြစ်၏။ ဗုဒ္ဓဘာသာဖြစ်လျှင် သမ္မာဒိဋ္ဌိ
ဖြင့် ဆုံးဖြတ်၏။

ချမ်းသာစစ်

* "ချမ်းသာ" ဟူသည် စေတသိက်၏ အမှည်ဖြစ်၏။ စိတ်ထဲ၌သာ
ရှိ၏။ ပြင်ပရုပ်ဝတ္ထု၌ မရှိ။ ရှိသည်ဟုထင်လျှင် အထင်မှားခြင်း
"အဓိမာန" သာ ဖြစ်၏။ အဓိမာနကြောင့် ယောဂီတို့သည်
မိမိတို့ စျာန် မဂ် ဖိုလ် မရပဲလျက် ရသည်ဟု ထင်မှားတတ်ကြ၏။
လောကီလူသားများကလည်း မိမိတို့ မတော်မတ ရား လုပ်နေ
ပါလျက် တော်သည်၊ တရားသည်ဟု ထင်မှားတတ်ကြ၏။

အသက်မွေးမှု

* အရှက်မရှိလျှင်၊ ကျီးကဲ့သို့ လုရဲလျှင်၊ ခြောက်တွန်းတတ်လျှင်၊
သာယာစီး လုပ်တတ်လျှင်၊ ကြမ်းကြုတ်လျှင်၊ ညစ်ပတ်တတ်
လျှင် အသက်မွေးရ လွယ်၏ (မိစ္ဆာဇီဝ)၊ ထိုမှ ဆန့်ကျင်ဘက်
ကျင့်လျှင် အသက်မွေးရ ခက်၏ (သမ္မာဇီဝ)။

ဓမ္မပဒ။ နှာ-၄၈။ ဂါထာ– ၂၄၄-၅။